www.burmeseclassic.com

အမှတ်(၂၄၁)၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ

ဂန္ဓိဂ

မဂ္ဂငင်း

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

သမ္မုဒ္ဓေဝါထာ ဘုရားရှိခိုး
ပါဠိ-အနက်

သမ္မုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာနုဘာဝေန၊ ဟိတ္ဝာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာ အန္တရာယာဝိ၊ ဝိနသ္သန္တု အသေသတော။

BURMESE CLASSIC .com

အဋ္ဌဝီသံ-သုံးပါးဘဝ သုံးလောကတွင် ဉာဏ်ရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိုးရှစ်ဆူကုန်သော၊ **သမ္မုဒ္ဓေ**-တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဉ္စ သဟဿကေ**-နိဗ္ဗာန်ကိန်းအောင်း စက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္မုဒ္ဓေ**-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဉ္စသတသဟဿာနိ**-သောင်းတို့စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော၊ **သမ္မုဒ္ဓေ**-နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ**-ရိုသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

ဂင်္ဂါ ဂင်္ဂါယ-ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠုကာ**-ရှိကြကုန်သော သဲတို့သည်၊ **အပ္ပကာ**-နည်းကြကုန်သေး၏။ **နိဗ္ဗုတာ**-ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ**-နောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနန္တာ**-သချာဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်း တိုင်မြောက် မရောက်နိုင်ကြကုန်။ **တေ ဇိနေ**-ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ**-ထိုငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိုးရှစ်ဆူကုန်သော ဘုရားရှင်, မရေတွက်နိုင်သော ဘုရားရှင်တို့၏၊ **ဓမ္မဉ္စ**-တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**-တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန**-အာဒရံ-ရိုသေစွာ၊ **နမာမိ**-ရှိခိုးပါ၏။

နမက္ကာရာနုဘာဝေန-ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ် စေတနာကြောင့်၊ **သဗ္ဗေ**-ခပ်သိမ်းကုန်သော၊ **ဥပဒ္ဒဝေ**-ဘေးရန်တို့ကို၊ **ဟိတ္ဝာ**-ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာဝိ**-တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ **အသေသတော**-အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနသ္သန္တု**-ပျောက်ပျက်ပါစေကုန်သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓ-ရဟန် ဩဝါဒလေးခွင် စတင်ထုတ်ဝေသည်မှ
ဒီဒီး(နိုက္ခန်)စိစဉ်တည်းဖြတ်သည့်

အကြံပေး

ဦးစိန်မျိုးမြင့်

ဆရာရန်အောင်ဟိန်း(B.Sc)

အယ်ဒီတာ

မောင်မောင်လတ်

အမှတ်(၂၄၁)၊ ၂၀၁၅ ဩဂုတ်လ

၆။ နန္ဒာမောင်(သံဖြူဧရပ်)
ဘုရားရှင်လက်ထက်တော်က
မြို့တော် ရာဇဂြိုဟ်နှင့်
ယင်း၏ သမိုင်းဝင်ပုံရိပ် တသိမ့်သိမ့်တုန်

၁၂။ တွန်းအားရှင်
ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍိုင်က
ဖူးမြော်ကြည်ညိုစရာများ

၂၀။ တက္ကသိုလ်မျိုး
အယုဒ္ဓယမြို့ဟောင်းရှိ မင်းအဆက်ဆက်
ကိုးကွယ်ရာ ဝပ်မဟာတပ်(ချ်)ကျောင်းတော်ကြီး

၂၄။ ယောနက-ဘိုးထောင်
ဗျာပုံမြို့ ပြည်လုံးချမ်းသာ သာစည်ဘုရားကြီး

၃၈။ ဗိုလ်တထောင်-ကိုဦး
ဒလ ဗျော်ဘွယ်ကြီးရွာက
သူရိယမုနိကြေးသွန်းဘုရားကြီးနှင့်
အနောဂါမ်ဆရာသက်ဘဝ တစေ့တစောင်း

၄၈။ ကျော်ကျော်ဦး(ဒါးဘီး)
ဒွတ္တဘောင်မင်းကြီး၏ သမီးတော်
တည်ထားကိုးကွယ်ခဲ့သော
သမိုင်းဝင်စေတီတော်နှင့်
ရှေးဟောင်းဘုန်းတော်ကြီးကျောင်း

၅၂။ အောင်သာကျော်
နွားဦးတိုက်ဆရာတော်နှင့်
သံသရာခရီးသည် နောင်ဖြူ

၅၆။ ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)
ရှေးဟောင်းနယ်မြေ ကျွန်တော်တို့ရွာ

၇၀။ ညွှန့်တင်(တညောင်၊ ကန်ဆွယ်)
ဘဝတစ်သက်တာ ကျင့်စဉ်တရားများ (၃၅)

၈၀။ နန္ဒာစိုး(ဆင်ဖြူကျွန်း)
လောကပါလ အတောင်ပံတစ်စုံ

၉၄။ ရွှေတလေး(လွယ်လင်)
မြတ်ဗုဒ္ဓ မိန့်ညွှန်ပြခဲ့တော်မူသော တန်ခိုးတော်များ

www.burmeseclassic.com

www.burmeseclassic.com

၉၈။ အာကာသ(သာစည်)
ရဟန်းတော်များ ဝတ်ရုံဆင်မြန်း
တံခွန်သဖွယ်မည်သော သင်္ကန်း

၁၀၄။ မောင်ထည်ဝါ(ဖျော်ဘွယ်)
ပဒုမုတ္တရဘုရားရှင်ထံ ဆုတောင်းဗျာဒိတ်ခံ၍
ဘဝများစွာ သံသရာဝယ် ပါရမီအဆင့်ဆင့်
ဖြည့်ကျင့်ခဲ့သော တန်ခိုးကြွင်္ဒဇာတဂ် ဘွဲ့ထူးရ
ဥပ္ပလဝဏ္ဏာထေရီ





၁၁၆။ ဓမ္မဃောသက-အရှင်ဩဘာသ
ဆွမ်းလှူအကျိုး ထူးတန်ခိုး

၁၂၀။ ဘဏ်အရာရှိဟောင်းတစ်ဦး
ဂန္ဓာရီဝိဇ္ဇာမိုရ် ဖြစ်ခဲ့ဖူးသော ရဟန္တာ

၁၂၃။ မုံရွာ-နေဇာ
လောကသဘာဝနှင့် ကောသလရာဇ

၁၂၈။ ဓမ္မာစရိယ-ဦးစောဝင်း
ကမ္ဘာတည်သရွေ့ တည်စေသော်

၁၃၄။ ဓနု-သျှင်စိုး
ပျားနှင့်တူသော တပည့်

၁၃၈။ ဝင်းလွင်ဦး(ရွှေပြည်သာ)
ကလျာဏမိတ္တ

၁၄၂။ အရှင်သူရိယ(မိုးကောင်းကင်)
ဂိဟိဝိနယနှင့် (၄)ဂဏန်း

၁၄၇။ ကိုရွှေမြသန်း(သမိုင်း)
လူသားကျင့်ဝတ်နှင့် ငြိမ်းချမ်းရေး

၁၅၄။ ရဲနွယ်မောင်(သုံးဆယ်)
အတ္တသမ္မာ ပွင့်လွှာရနဲ့ သင်းထုပ်ပျံသော်

၁၅၉။ ခင်မောင်အေး(မန္တလေး)
မေတ္တာသည်သာ အောင်နိုင်ရာ

၁၆၂။ မင်းမြင့်ဦး
ဝါခေါင်လနှင့် မေတ္တာအခါတော်နေ့

၁၆၆။ ဆရာရန်အောင်ဟိန်း(B.Sc)
ဓနသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လင်္ကနှင့် မွန်းတည့်မျဉ်းဖြတ်ဇယား

၁၆၈။ ဆရာရန်အောင်ဟိန်း(B.Sc)
စင်ကာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယု၏
ဇာတာအား ကေ.ပီစနစ်ဖြင့် လေ့လာသုံးသပ်ခြင်း

၁၇၁။ ဆရာရန်အောင်ဟိန်း(B.Sc)
ဂန္ဓီရပရိသတ်မေး၍ ဖြေသည်

၁၇၆။ ဆရာကံထူး(ဓေဒသုတေသီ)
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာ ကံကြမ္မာ

၁၈၂။ ဆရာကံထူး(ဓေဒသုတေသီ)
ချိုးရေတွက်ရာ ရွှေဖူးစာ

၁၈၆။ တက္ကသိုလ်အယ်ဒီတာ
အခြေချနေထိုင်သင့်သော အရပ်ဒေသ



www.burmeseclassic.com

www.burmeseclassic.com

၁၉၀။ **သာထက်စော်(မကွေး)**
ထီပေါက်မည့်နှစ်

၁၉၂။ **မင်းနေထွန်း(ကန့်ဘလူ)**
ပုံပိုးတဲ့ အကျင့်ပြုပ် ရန်လိုတဲ့ အဖြစ်

၂၀၀။ **ကြည်ဝင်း(ဟသံတ)**
နှလုံးလမ်းကြောင်း ကင်းမဲ့သူ

၂၀၄။ **မင်းမဟော်ညွှန့်**
နက္ခတ်ကောဇာ ရက်မြတ်ကောင်းအချိန်အခါ

၂၁၀။ **ပုရောဟိတ် ဆရာဦးမြတ်စံ**
ရက္ခစိုးနတ်မင်းကြီးများ စောင့်ရှောက်သော အင်းနှင့် ဂါထာ

၂၁၄။ **ပုရောဟိတ် ဆရာဦးမြတ်စံ**
ဗားမဲ့ထွက်ရပ်ပေါက် အင်းတော်ကြီးအစွမ်း

၂၁၇။ **ဘုန်းခေါင်**
သြဇာအာဏာနှင့် စီးပွားဥစ္စာ တိုးတက်လာအောင် ကြီးလေးကြီး နှစ်ထပ်စမဖြင့် စီမံကြ

၂၂၀။ **ဂန္ဓီရ-ဆရာလှမျိုး(B.Sc)**
ဂျိုးဖြူအဖေကြီး ချီးမြှင့်သော ဟန်ကျပန်ကျ (ကျန်းမာ ချမ်းသာ) ဓာတ်ယဉ်ကြာများ(၃)

၂၂၄။ **ရန်နိုင်**
သတိထားဆောင် ရှောင်ကြဉ်ဖွယ်များ

၂၂၈။ **ဟိန်း(ဘူမိ)**
ကိုယ်တွင်းမှ အဆိပ်၊ အပုပ်ဓာတ် ထုတ်ဖို့ ဂျူစ်သောက်ကြစို့

၂၃၂။ **သုခစုစံ(ကျိုက်လတ်)**
လုပ်သမျှ အရာထင်လာခဲ့သူ

၂၃၇။ **မျိုးကြီး(အမရဋ္ဌာနေ)**
တမလွန်ကုသိုလ်

၂၄၀။ **မောင်လှယဉ်(မော်လမြိုင်)**
ဘောဇဘုရင်နဲ့ ပညာရှိ ကာလီဒါသ(၂)

၂၅၀။ **မင်းသန့်ကျော်(စီးကုန်း)**
နားလိပ်ကြီးပုံပြင်

၂၅၆။ **ကောင်းသော်**
ပရလောကမှ အငြိမ့်မင်းသမီးလေး မေသကြိန်

၂၆၅။ **ဒါရိုက်ကာမျိုးစော်အောင်**
ဝမ်းတွင်းစုန်း

၂၇၂။ **ဂါဠီးနွန်းကို**
လွမ်းလိုက်တာ မိညိုရယ်

၂၈၂။ **ချစ်ဆိုင်**
အုန်းပင်ပေါ်က အဘွားကြီး

၂၈၈။ **ကြည်ဝင်း(ဟသံတ)**
သံသပိတ်ကြီးနှင့် ကျတ်လူပျိုများ

၂၉၄။ **အင်ကြင်းမွေး(နေပြည်တော်)**
အမြန်လမ်းပေါ်က ဂန္ဓီရမာယာများ

၃၀၂။ **ရီရီဌေး**
မဲလုံးမြောင် ဘိုးဘိုးကြီးနှင့် ကျောက်ရွှေ

၃၀၈။ **တင့်ထူးရွှေ**
အရိပ်တစ္ဆေ

၃၁၈။ **မောင်မြင့်မား(ဗိုလ်ကလေး)**
ထူးဆန်းသော မျက်နှာဖုံး

ထုတ်ဝေသူ–ဦးသန်းဦး(မြို–၀၀၅၃၆) ၊ **ဂန္ဓီရ Logo**–မောင်မောင်အောင် ၊ **မျက်နှာဖုံးပန်းချီ**–မောင်မောင်သိုက်
အတွင်းသရုပ်ဖော်–ထွန်းအောင်၊ ဝင်းမြင့်အောင်၊ ဟိဏ်းထက်၊ မောင်မြင့်ဌေး၊ မိုးကျော်။
မျက်နှာဖုံးပုံနှိပ်–ဦးတိုးဝင်း(မြို–၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်–ဦးကျော်စိုး(မြို–၀၄၂၅၀)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
အတွင်းသားဖလင်–STARS ။ **စာအုပ်ချုပ်**–အောင်ဝင်း ။
အယ်ဒီတာအဖွဲ့ရုံး ✷ အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၅၅

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်လက်ထက်တော်က မြို့တော်ရာဇဂြိုဟ်နှင့် ယင်း၏ သမိုင်းဝင်မုံရိပ် တသိမ့်သိမ့်တုန်

နန္ဒာမောင်(သံပြူဇရပ်)

ရာဇဂဟ၏ ရာဇဂြိုဟ်

ရာဇဂြိုဟ်သည် မဂဓတိုင်း၏ နဂရဝရ အမြတ်ဆုံးမြို့ဖြစ်၏။ နှစ်ထပ်နန်းတော်၊ အမြင့်ဆုံးနန်းတော်ရှိသော မြို့လည်းဖြစ်၏။ ရှေးဟောင်းခံတပ်မြို့ကြီးဖြစ်၍ သဘာဝတောင်တန်းကြီးငါးလုံး ဝန်းရံထားသဖြင့် ဂိရိဗ္ဗဇ ခေါ်တောင်ခံတပ်မြို့ကြီး ဖြစ်လေ၏။

ရာဇဂြိုဟ်သည် ဝသုမတီ၊ ဂိရိဗ္ဗဇ၊ ရာဇဂဟ၊ ရာဇဂိရိ ထိုမှ ရာဇဂဟနဂရ ရာဇဂြိုဟ်ဟူ၍ ဖြစ်လာ၏။ ရှေးက ဂိရိဗ္ဗဇမြို့ မီးလောင်ပျက်စီးသွားသဖြင့် ဗိမ္ဗိသာရမင်းသည် ဝန်ကြီးများ၏ အကြံပေးချက်အရ မီးလောင်သွားသည့် မြို့ဟောင်းနေရာတွင် ယင်းရာဇဂြိုဟ်မြို့သစ်ကို တည်ဆောက်ခဲ့၏။ ဗိမ္ဗိသာရ၏မြို့သစ်သည် ဝန်းရံထားသည့် တောင်ငါးလုံးအတွင်းတည်ရှိပြီး အဇာတသတ်မင်းတည်ဆောက်သော မြို့သစ်သည် တောင်ငါးလုံးအပြင်ဘက်တွင် ရှိသည်ဟု ဆို၏။ ဝေဠုဝန်ကျောင်းတော်၊ တပေါဒါမြစ်၊ မြို့ပြင်သုသာန်တို့သည် ထိုမြို့သစ်နှစ်မြို့အကြား တောင်ငါးလုံး၏ အတွင်းနှင့် အပြင်ဘက်တို့တွင် ရှိကြလေ၏။

သို့သော် ပါဠိစာပေများ၌ ရာဇဂြိုဟ်ကို ထိုသို့ဗိမ္ဗိသာရမင်း တည်သောမြို့၊ အဇာတသတ်မင်း တည်သောမြို့ဟူ၍ ဖော်ပြထားခြင်း မရှိသော်လည်း အိန္ဒိယနိုင်ငံ ဒေသခံသုတေသီများက မြို့သစ်နှစ်မြို့ရှိကြောင်း အမှတ်အသားပြုထားကြ၏။

ယခုရာဇဂြိုဟ်မြို့သစ်သည် တောင်ငါးလုံးအပြင်ဘက် ဝေဠုဝန်ကျောင်းတော်နှင့် ခေတ်သစ်ရာဇဂြိုဟ်ရွာအနီးတွင် တည်ရှိ၏။ ထိုမြို့သစ်နေရာတွင် အမြင့်(၃)မီတာ၊ ထုထည်အကျယ်(၅×၅)မီတာရှိပြီး မြေစေးတံတိုင်းဖြင့် ကာရံထား၏။ မြို့သစ်၏ အကျယ်အဝန်းသည် (၅)ကီလိုမီတာ ရှိသည်ဟု ဆို၏။

မြို့သစ်၏တောင်ဘက်တွင် ရာဇဂြိုဟ်မြို့ဟောင်း ရှိ၏။ မြို့ဟောင်းသည် တောင်ငါးလုံးအတွင်း တည်ရှိ၍ ဘုရားလက်ထက်တော်က ဗိမ္ဗိသာရမင်း၏ ရာဇဂြိုဟ်မြို့သစ်ဟု ခေါ်ဆိုသဖြင့် မြို့နှစ်မြို့ဟုဆိုခြင်း ဖြစ်လေ၏။ မြို့ဟောင်းကို အိန္ဒိယရှေးဟောင်းသုတေသနဌာနက ခရစ်နှစ်(၁၉၅၇-၅၈) ခုနှစ်တွင် တူးဖော်ကြည့်ရာ ရှေးက ကာရံထားသော မူလတံတိုင်းများကို ရှာဖွေမတွေ့သော်လည်း ပြန်လည်တည်ဆောက်ထားသော တံတိုင်းများ အခိုင်အမာရှိပြီး ရှေးက ရာဇဂြိုဟ်မြို့ဟောင်းသည် ဗိဟာပြည်နယ်မြို့တော် ပတ္တနားမြို့မှ အရှေ့တောင်ဘက် ကီလိုမီတာ(၉၀)ဝေးသော အရပ်တွင် ရာဇဂိရိ(Rajgia) ဟူသော အမည်ဖြင့် ယနေ့တိုင် အထင်အရှား ရှိလေ၏။

သို့ဖြစ်၍ ရာဇဂြိုဟ်ကို မြို့တွင်း(အန္တောနဂရ)ဌာန၊ မြို့ပြင် ဗဟိနဂရဌာနဟူ၍ ခွဲခြားထား၏။ မြို့ကို ဝေဘာရတောင်၊ ဝေပုလ္လတောင်၊ ဂိဇ္ဈကူဋ်တောင်၊ ပဏ္ဍဝတောင်၊ ဣသိဂိလိတောင်ဟူ၍ တောင်ငါးလုံး ဝန်းရံကာဆီးထား၏။ မြို့သည် တံခါးကြီး(၃၂)ပေါက်၊ တံခါးငယ်(၆၂)ပေါက်နှင့် အတွင်းတံတိုင်း၊ အပြင်တံတိုင်းအားဖြင့် တံတိုင်းနှစ်ထပ်ကာရံထားသော မြို့ဖြစ်လေ၏။ အတွင်းတံတိုင်း၌ လူနေအိမ်ခြေများရှိ၍ အပြင်တံတိုင်းသည် တောင်တန်းများတည်ရှိသည့်အတိုင်း တောက်လျှောက်ကာဆီးနေ၏။

မြို့၏ မြောက်တံခါးသည် မြို့အနောက်ဘက်ရှိ ဝေဘာရနှင့် ဝေပုလ္လ တောင်ကြား၌ရှိ၍ ထိုမှ နာလန္ဒာသို့သွားရ၏။ တောင်တံခါးပေါက်သည် မြို့အရှေ့တောင်အရပ်ရှိ ပဏ္ဍဝတောင်၊ ဣသိဂိလိတောင်ကြား၌ရှိ၍ ထိုတံခါးမှ ဗုဒ္ဓဂယာသို့ သွားရ၏။ အရှေ့တံခါးသည် ဂိဇ္ဈကူဋ်တောင်နှင့် ပဏ္ဍဝတောင်ခြေအနီး မြို့အရှေ့တောင်အရပ်တွင် ရှိလေ၏။

ရာဇဂြိုဟ်နန်းတော်သည် သူ့ခေတ်သူ့အခါအလျောက် စုလစ်မွမ်းချွန်သော အဆင့်တန်ဆာတို့ဖြင့် ခမ်းနားကြီးကျယ်

www.burmeseclassic.com

www.burmeseclassic.com

ဘင့်တယ်ဆန်းပြား အံ့ဘနန်းရှိမည် ဖြစ်လေ၏။ နန်းတော်သည် လေးထောင့်လည်း မကျ၊ သုံးထောင့်လည်း မမည်၊ အိုင်းလည်း မဟုတ်ဘဲ မြို့ရိုးသဘာဝအတိုင်း လိုက်လျောညီစွာ တည်ဆောက်ထားသော နန်းမြို့တော်ကြီး ဖြစ်၏။ နန်းမြို့အကျယ်အဝန်းမှာ (၄)ကီလိုမီတာ (၂.၅)မိုင်ခန့် ရှိလေ၏။

ဗိမ္မိသာရ၊ အဇာတသတ်နှင့် မယ်တော်မိဖုရားကြီးများ

ရာဇဂြိုဟ်သည် အဓိကဇာတ်ဆောင်များဖြစ်သော ဗိမ္မိသာရမင်းနှင့် အဇာတသတ်တို့ နန်းစိုက်နေထိုင်သော ရာဇဌာနီမြို့တော်ကြီး ဖြစ်၏။ မဂဓတိုင်းဟူ၍မပေါ်မီ အင်္ဂတိုင်း၏ မြို့တော်ဖြစ်ခဲ့ဖူးသည်ဟု ဆို၏။

သိဒ္ဓတ္ထမင်းသားသည် ကပိလဝတ်နန်းတော်မှ ထွက်ခွာလာပြီး အနော်မာမြစ်မှ ယူဇနာ(၃၀)ဝေးသော ရာဇဂြိုဟ်မြို့သို့ ခြေကျင်လျှောက်လှမ်းလာခဲ့သည်ဟုဆို၏။ ရာဇဂြိုဟ်သည် ဗိဟာရ်(Bihar) ပြည်နယ်၊ ပတ္တနား(Patna) မြို့မှ အရှေ့တောင်ဘက် (၉၀)ကီလိုမီတာနှင့် ဗိဟာရ်ရှရစ် (Bihar-shirif) မြို့မှ အနောက်တောင်ဘက် (၂၀)ကီလိုမီတာ ဝေးသော အရပ်တို့၌ တည်ရှိလေ၏။

သီရိဓမ္မာသောကမင်းသည် ရာဇဂြိုဟ်မြို့ကို ဆင်ဖြူတော်ဟု ကျောက်စာရေးထိုးခဲ့၏။ ဝိနည်းသုတ္တန် ပိဋကတ်တော်များ၌လည်း ရာဇဂြိုဟ်အမည်ကို အကြိမ်ပေါင်း(၆၀၀) ကြိမ်မျှ ဖော်ပြထားသည်ဟု မှတ်သားရ၏။

ပရဒါရက် ကျူးလွန်သော အရှင်အာနန္ဒာအလောင်း ရွှေပန်းထိမ်သည်မှာ အနှီရာဇဂြိုဟ်မြို့၌ မွေးဖွားခဲ့၏။ ထို့အတူ ဘုရားလက်ထက်တော်က ရှေးကုသိုလ်ထူးကြောင့် ပေါထွက်လာသော ကာက၊ ဝိဋ္ဌဳယ၊ ဇဋိလ၊ ဇောတိက၊ ပုဏ္ဏနှင့် မေဏ္ဍက ဆိုသော သူကြွယ်ကြီးများ နေထိုင်ရာ မြို့လည်း ဖြစ်လေ၏။

ရှေးက မဟော်သဓာဇာတ်တော် လာဝိဒေဟတိုင်းမှ မဟာဂေါဝိန္ဒ အမတ်ကြီးသည် ဤမဂဓတိုင်း ရာဇဂြိုဟ်မြို့ကို တည်ထောင်ပေးခဲ့သည်ဟု အဆိုရှိလေ၏။ ဘုရားလက်ထက်က မဟာနဂရမြို့ကြီး(၆)မြို့တွင် ရာဇဂြိုဟ်သည် တစ်မြို့အပါအဝင်ဖြစ်ပြီး ဝေသာလီသို့သွားသော ခရီးဝေးလမ်းမကြီး ရှိလေ၏။ တက္ကသိလာမှ ရာဇဂြိုဟ်သို့လာသော လမ်းသည် သာကေတမြို့ကို ဖြတ်သန်းလာရသည့် အစာရေစာ အလွန်နှံရွားပါးသော ခရီးလမ်းကြမ်းတစ်ခု ဖြစ်သည်ဟု ဆို၏။

ဗိမ္မိသာရမင်းသည် မည်သည့်အမျိုးဟု အတိအကျမသိရသော်လည်း ဝိဋ္ဌကတ်စာပေများ၌ သေနိယ အမည်ရသော ဘုရင်ဟု ဖော်ပြကြ၏။ သေနိယဆိုသည်မှာ ကိုယ်ရံတော်

ဝေဠုဝန်ဓနကျောင်းတော်ရာ

www.burmeseclassic.com

www.burmeseclassic.com

စစ်တပ် ရှိသူဖြစ်ရာ ယင်းကိုယ်ပိုင်တပ်ဖြင့် ရာဇဂြိုဟ်မြို့၏ ရှေးဦးဘုရင် ဖြစ်လာသူတည်း။ ခမည်းတော်မှာ ဘဒ္ဒိယမင်းဖြစ်၍ သိဒ္ဓတ္ထမင်းသား၏ ခမည်းတော်သုဒ္ဓါဓနမင်းနှင့် လွန်စွာချစ်ကြည်ရင်းနှီးကြ၏။ သို့ဖြစ်ရာ နှစ်ဖက်သားတော် မင်းသားငယ်တို့မှာ လူပုဂ္ဂိုလ်ချင်း မမြင်ဖူးသော်လည်း စိတ်တွင်း ရင်းနှီးရင်းရှိပြီး သိဒ္ဓိတ္ထမင်းသားသည် ဗိမ္ဗိသာရမင်းသားလေးထက် ငါးနှစ်ခန့်ကြီးသည်ဟု ဆိုလေ၏။

ရာဇဂြိုဟ်ဘုရင် ဖြစ်လာသောအခါ ဗိမ္ဗိသာရ၌ ဝန္ဒီတိုင်း လစ္ဆဝီမင်းသမီး ဆေလ္လနမိဖုရား မဒ္ဒတိုင်း သာဂလမင်းသမီး၊ ခေမာမိဖုရား၊ ကောသလတိုင်း ပသေနဒီကောသလ၏ နှမဖြစ်သူ ဝေဒေဟီမိဖုရား၊ အဘယမာတာမိဖုရား နှင့် ဥဒုမ္ဗရိကမိဖုရားများဟူ၍ရှိရာ ဆေလ္လနမိဖုရားသည် မိဖုရားများတွင် အသက်ရှည်ဆုံးဖြစ်၍ ဝေဒေဟီမိဖုရား၏ သားတော် အဇာတသတ်မင်းအား ဝေသာလီတိုင်းပြည်ကို မဖျက်ဆီးရန် သုံးကြိမ်တိတိ တားမြစ်ခဲ့သူ ဖြစ်၏။

ခေမာမိဖုရားသည် အလှကြွယ်၍ အလှတွယ်တာသူ ဖြစ်ရာ ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် ဖန်ဆင်းပြသော မိန်းမလှတို့၏ ဘဝနိဂုံးအဆုံးသတ် မသတီစရာဖြစ်ပုံများကို ကိုယ်တိုင် မြင်တွေ့လိုက်ရသည့်အခါ သံဝေဂတရားကြီးစွာဖြစ်၍ အလှကိုစွန့်ကာ ဘိက္ခုနီရဟန်းမ ပြုသွားလေ၏။ ဝေဒေဟီမိဖုရားမှာမူ သားတော်အဇာတသတ်မင်းက ခင်ပွန်းသည် ဗိမ္ဗိသာရဘုရင်အား နန်းချကာ အသက်ပါ သေဆုံးရသည်အထိ ညှဉ်းပန်းနှိပ်စက်ခံ ရက်စက်ခံခဲ့ ရခြင်းကြောင့် နှလုံးကြေကွဲ သေပွဲဝင်ရရှာ၏။ ထို့အတူ အဘယမာတာ မိဖုရားကြီးသည်လည်း ထိုထိုသော အဖြစ်အပျက်များကြောင့် နောင်တ,တရား ကြီးစွာရသဖြင့် ဘိက္ခုနီရဟန်းမအဖြစ် ဂူးပြောင်းသွားလေ၏။



ရက်စက်သော အဇာတသတ်မင်းနှင့် သူ၏ ညီတော်၊ နောင်တော်များ

ဗိမ္ဗိသာရမင်းကြီး၌ သားတော် အဘယ၊ ဥဒယဘဒ္ဒ၊ ဝိမလကောဏ္ဍညဟူ အဇာတသတ်နှင့် သီလဝတို့ ရှိကြလေ၏။ ဝိမလကောဏ္ဍညမင်းသားသည် ခမည်းတော် မင်းကြီး ရှိစဉ်ကပင် ဘုရားရှင်၏ တန်ခိုးတော်ကို ကြည်ညိုပြီး ရဟန်းပြုသွား၏။ ဥဒယဘဒ္ဒမူကား ဖခင်ဗိမ္ဗိသာရမင်းကြီး နတ်ရွာစံပြီးမှသာ ရဟန်းပြုသူ ဖြစ်လေ၏။ အဘယမင်းအား ရဟန်းပြု,မပြုဆိုသည်ကို အတိအကျ မသိရသော်လည်း သီလဝမင်းသားသည် နောင်တော် အဇာတသတ်မင်းက ဆင်ပေါ်တင်ပြီး သတ်ရန် ကြံစည်သောအခါမှ ထွက်ပြေး လွတ်မြောက်ပြီး ရဟန်းပြုလေ၏။ ယင်းတို့သည် ခမည်းတော် နတ်ရွာမလားမီ ဘုရင်တစ်ဆူဖြစ်လာသော အဇာတသတ်မင်း၏ ဆိုးရွားသော ကြံစည်ချက်များပင် ဖြစ်လေ၏။

ခမည်းတော် ဗိမ္ဗိသာရမင်းသည် မာဂဓတိုင်း၊ အင်္ဂါတိုင်းနှင့် ကာသိတိုင်းတို့ကို အစိုးရ၍ မြို့,ရွာပေါင်း (၈)သောင်းကျော်ကို အေးချမ်းတည်ငြိမ်စွာ တရားနှင့်အညီ အုပ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့သူဖြစ်၏။ ဘုရားရှင်နှင့်လည်း ရင်းနှီးကျွမ်းဝင်၍ ဆရာ, ဒကာအဖြစ်လည်း ဆက်ဆံခဲ့သည့် နှလုံးလှသော ဘုရင်တစ်ဆူဖြစ်၏။ သားတော် အဇာတသတ် မမွေးဖွားမီကပင် ဖခင်ဘုရင်ကြီးသည် မိမိအား သတ်မည့်ရန်သူဟု အကြံပေးပုဂ္ဂိုလ်များ လျှောက်ထားချက်အရ တပ်အပ်သိသော်လည်း သားတော်လေးကို အရွယ်ရောက်သည်အထိ မွေးကျွေးစောင့်ရှောက်ခဲ့သော သူတော်ကောင်းမင်းမြတ်တစ်ပါး ဖြစ်လေ၏။

အဇာတသတ် ဘုရင်ဖြစ်လာသည့်အခါ ယခင်က ကြံစည်ရင်းရှိသည့်အတိုင်း သူဌေးတစ်ဦးပိုင်ပစ္စည်းနှင့် ပါဋလိရွာသားများပိုင် ပစ္စည်းများကို မတရား စတင်သိမ်းပိုက်လေ၏။ သူ့အား ယှဉ်ဖက်ဖြစ်လာနိုင်မည့် ညီတော်၊ နောင်တော်များကို သုတ်သင်သတ်ဖြတ်ရန် ဝန်မလေးခဲ့ပေ။ အေးချမ်းနေသည့် ဝေသာလီပြည်ကြီးကို ဖျက်ဆီးရန် စီစဉ်ကြိုးပမ်းနေသဖြင့် ဘုရားရှင်သည် အသက်လည်းငယ်၊ သြဇာအာဏာကလည်း ပြင်းထန်၊ တရားလည်းမရှိ၊ ဘုရားလည်းမသိသော အဇာတသတ်မင်းအား မဆက်ဆံလိုရှိ၍ ရာဇဂြိုဟ်မြို့မှ သာဝတ္ထိမြို့သို့ (၂၁)ဝါမှစတင်ကာ ပြောင်းရွှေ့စံနေတော်မူလေ၏။

မကြာပါ အဇာတသတ်မင်း၌ သားတော်တစ်ပါး ထွန်းကားလာ၏။ ဖခင်တိုင်း ရှိအပ်သော ချစ်ချင်းမေတ္တာကြောင့် ချစ်လွန်းလှသော သားကလေးကို မြတ်ဗုဒ္ဓ၏ တပည့်သားရဟန်းများကဲ့သို့ စိတ်ထားမြင့်မြတ်သူ ဖြစ်စေလိုရှိ၍ သားတော်အား ဥဒယဘဒ္ဒမည်သော စိတ်ထားမြင့်မြတ်သူဟု အမည်ပေးခဲ့၏။ သို့သော် ထိုသားတော်လေးကြီးပြင်းလာသောအခါ ဖခင် အဇာတသတ်ကို တစ်ဖန် သတ်ပြန်လေ၏။

နောင်သိသုနာဂ အမည်ရှိသော အမတ်ကြီးသည် အဖအား သတ်၍ ဘုရင်ဖြစ်လာသူ ပဋ္ဌမမြောက် နာဂဒါသမင်းကို အဆုံးစီရင်လိုက်ရာ ဗိမ္ဗိသာရမင်းမှအစ အဇာတသတ်၊ ဥဒယဘဒ္ဒ၊ အနုရဒ္ဓါ၊ မုဏ္ဍိက နောက်ဆုံး နာဂဒါသမင်းတွင် ရာဇဂြိုဟ်မင်းဆက် ပြတ်လေ၏။

<u>မြတ်စွာဘုရားနှင့် ဗိမ္ဗိသာရတို့ ရင်းနှီးချစ်ကြင် ပုံရိပ်သွင်</u>

ဘုရားရှင်သည် ဘုရားမဖြစ်မီ ရာဇဂြိုဟ်သို့ ခရီးတစ်ခေါက် ရောက်ခဲ့ဖူးရာ ပဏ္ဍဝတောင်ခြေ၌ သီတင်းသုံးနေထိုင်စဉ် ဗိမ္ဗိသာရမင်းနှင့် ချစ်ခင်ရင်းနှီးခဲ့၏။ ဘုရားအဖြစ်သို့ ဆိုက်ရောက်ပြီးနောက် ဗိမ္ဗိသာရမင်း၏ ပင့်ဖိတ်ချက်အရ ရာဇဂြိုဟ်မြို့သို့ ရောက်ရှိသည့်အခါ သူပိုင်သော ဝါးတော(ဝေဠုဝန်)ဥယျာဉ်ကို ဘုရားရှင်အား လှူဒါန်းလေ၏။ ဘုရားရှင်သည် ထိုဝါးတောဥယျာဉ်ရှိ ကဿပသူဌေးဆောက်လုပ်လှူဒါန်းသည့် ဝေဠုဝန်ကျောင်းတော် (ဝေဠုဝန ဝိဟာရ)၌ သီတင်းသုံးလေ၏။

ထိုဝါးတောသည် ရှုခင်းနက်များ အစာကျွေးသောနေရာ ကာလနှကနိဝါပ ဖြစ်လေ၏။ ထို့ပြင် နိဂြောဓရာမ၊ တပေါဒါရာမ၊ ပရိဗ္ဗာဇကာရာမ စသည်ဖြင့် ကျောင်းတော်ပေါင်း (၁၈)ကျောင်းရှိ၍ မနိမာလက၊ သုပတိဋ္ဌ၊ ဗဟုပုတ္တ၊ ပါသာနက စသည့်စေတီများလည်း တည်ထားကိုးကွယ်လေ၏။ အနီးတွင် ဥဒုမ္ဗရိက မိဖုရား၏ ဥယျာဉ်လည်း ရှိသေး၏။

ရာဇဂြိုဟ်အနီး တောင်စောင်းလိုဏ်ဂူများ၌ အရှင် ပိလိန္ဒဝစ္ဆဂေါတ္တ သီတင်းသုံးပြီး အနောက်ဘက်ခြမ်းတွင် ပိလိန္ဒရွာ၊ အရဟိတရွာများ ရှိ၏။ ဗိမ္ဗိသာရမင်းသည် ထိုရွာသားများကို ဘုရားနှင့် သံဃာ အလုပ်အကျွေးများအဖြစ် လှူဒါန်းထား၏။ ထိုအခါက သုံးနှစ်လျှင်တစ်ကြိမ် ကျင်းပသော ရာဇဂြိုဟ်၏ တောင်ထိပ်ပွဲတော်ကား စည်ကားသိုက်မြိုက်လှသည်ဟု ဆို၏။

အရှင်မောဂ္ဂလာန်သည် ရာဇဂြိုဟ်မြို့အနီး ကာဠသိလာဟုဆိုသော အနက်ရောင်ကျောက်တုံး ကျောက်ဖျာပေါ်၌ ပရိနိဗ္ဗာန်ပြခဲ့၏။ အရှင်သာရိပုတ္တရာနှင့် အရှင်ဥပသေနတို့သည်လည်း သပ္ပသောဏ္ဍိကလိုဏ်ဂူ၌ သီတင်းသုံး နေထိုင်ကြသလို အနီးတစ်ဝိုက်တွင် အမွှေလဋ္ဌိကတော့ကျောင်း၊ ဂေါလိယာနိတောကျောင်းနှင့် မိဂဒါယတောတို့လည်း ရှိလေ၏။

ထိုမှတစ်ပါး ရဟန်းတော်များ မိုးတွင်းကာလ ဝါဆိုတော်မူကြသော သဘာဝလိုဏ်ဂူကြီးများ ရှိသေးရာ ဂေါတမ၊ ကန္ဒရာ၊ တိန္ဒုကကန္ဒရာ၊ တပေါဒါကန္ဒရာ၊ ကပေါတကန္ဒရာ ဟူ၍ ဖြစ်လေ၏။ သိဝတ်ခါးမှ ထွက်သည့်အခါ ရာဇဂြိုဟ်မြို့အနီး လူသေကောင်များ ပစ်ထားရာ အေးချမ်းတော(သိတဝန)ရှိ၏။ ထိုတောသည် လူသေကောင်များကို တောခွေးများ စားသောက်နေထိုင်ရာ တောလည်းဖြစ်၏။

ဘုရားရှင်သည် ထိုသိတဝနတော၌ သာဝတ္ထိမှလာသော အနာထပိဏ်သူဌေးနှင့် ရေးဦးစွာ ဆုံတွေ့တော်မူသည့် နေရာဌာနလည်း ဖြစ်လေ၏။

ရာဇဂြိုဟ်မြို့တွင် အလွန်ကြီးသော စုဝေးခန်းမကြီး တစ်ခုရှိရာ မာဂဓတိုင်းဘုရင်များ၊ တိုင်းရေးပြည်ရေး ဆွေး

www.burmeseclassic.com

ရာဇဂြိုဟ်မြို့အရှိ ဗိုင်းလိုဏ်ဂူးတော ဝင်ပေါက်ဧရိယာ

နွေးပွဲများ၊ ပြန်တမ်းများ ထုတ်ပြန်သည့် အခါ၌သော်လည်းကောင်း၊ အများပြည်သူများ စီးပွားရေး၊ ကုန်သွယ်ရေးအလို့ငှာ ညှိနှိုင်းရန် ရှိသည့်အခါတွင်လည်းကောင်း၊ ယင်းအစည်းအဝေး ခန်းမဆောင်ကြီး အာဝသထသို့ ရောက်ရှိစုရုံး ကျင်းပလေ့ရှိလေ၏။ တိုင်းရေးပြည်ရာ အစုစုတို့ကို ယင်းခန်းမဆောင်ကြီး၌ ညှိနှိုင်းအဖြေထုတ်ကြလေ၏။

မြို့တော်တွင် မင်း၊ ပုဏ္ဏား၊ သူဌေးသူကြွယ်၊ လက်လုပ်လက်စား လူသူလေးပါးတို့ နေထိုင်ကြလေ၏။ ဆရာဇီဝကနှင့် အာကာသဂေါတ္တတို့ကဲ့သို့ သမားတော်ကြီးများလည်း နေထိုင်၏။ ဆရာဇီဝကသည် ဦးခေါင်းခွံစိတ်ရာ၌ ကျွမ်းကျင်သူဖြစ်သလို အာကာသဂေါတ္တသည် စအိုနှာ၊ မြင်းသရိုက်နာ ခွဲစိတ်ရာတွင် အထူးထင်ရှားသူ ဖြစ်၏။

ထိုအချိန် ထိုအခါက စီးပွားရေးကောင်းမွန်၍ ချမ်းသာသူများပြီး ကြက်ပျံမကျ စည်ကားလှသည့် ရာဇဂြိုဟ်တွင် သာလာဝတီကဲ့သို့ ရာဇဂြိုဟ်သူ အချောအလှလေးများ ဆွဲဆောင်မှုဖြင့် ကာယကံမြောက် ဧည့်ခံပေးကြသည့် ပြည့်တန်ဆာခန်းများလည်း ဖွင့်လှစ်ထားသည်ဟု ဆို၏။

ရာဇဂြိုဟ်သည် သူ့ခေတ် သူ့အခါအလျောက် သူနှင့်အားပြိုင်ဖက်ဖြစ်ခဲ့ဟန်တူသော သာဝတ္ထိ၊ ဥဇ္ဇေနီတိုင်းပြည်တို့ထက် အဘက်ဘက်ကသာအောင် ကုန်သွယ်စီးပွားရေးသမားတို့အား ဆွဲဆောင်အားအကောင်းဆုံးဖြစ်သော အဆိုပါ ဧည့်ခံဖျော်ဖြေနည်းဖြင့်လည်း တိုင်းပြည်ကြီးပွားအောင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်ဟု ဆိုနိုင်လေ၏။

အဆုံးဘယ်မရှိသော ရာဇဂြိုဟ်၏နိဂုံး

မည်သို့ဆိုစေ ရာဇဂြိုဟ်ကား ပြီးဆုံးခဲ့သည်ကား မှန်၏။ နှစ်ပရိစ္ဆေဒများစွာ ကြာညောင်းခဲ့ပြီးလည်း ဖြစ်၏။ သို့သော် ယနေ့တိုင် ရာဇဂြိုဟ်ကို သိနှင့်နေကြ၏။ ရင်းနှီးနေ၏။ ရာဇဂြိုဟ်နှင့်အတူ ဗိမ္ဗိသာရမင်းကြီးအား ကရုဏာသက်ကြ၏။ သားဆိုး အဇာတသတ်၏ ရက်စက်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် ဖခင်ဘုရင်ကြီးအတွက် ပို၍ဝမ်းနည်းကြွေရ၏။

ဖခမည်းတော်ကြီး သေဆုံးရသည်အထိ ပဋနန္ဒိယကံကြီးထိုက်အောင် ကျူးလွန်ခဲ့သော အဇာတသတ်မင်းကို ရက်စက်လွန်းသူအဖြစ် နောက်နှောင်းလူတို့ ရွံမုန်းကြကုန်၏။ အဆိုးမြင်၍ အပြစ်တင်ရစ်ကြလေ၏။

ဂေါတမဘုရား လက်ထက်တော်က ဗိမ္ဗိသာရမင်းနှင့် အဇာတသတ်တို့သည် ဖခင်နှင့်သား၊ သားနှင့်ဖခင်အဖြစ် ကြုံကြိုက်ဆုံစည်းခဲ့သော်လည်း နောက်နောင်ဘဝများတွင် သူတို့နှစ်ဦးသည် အဘယ်ဘဝရောက်၍ ဘာဖြစ်နေမည်ကို တိတိပပ မသိနိုင်၊ မဆိုနိုင်သော်လည်း ကံ၊ကံ၏အကျိုးကို သက်ဝင်ယုံကြည်သော ကမ္မဝါဒီသားများအဖို့ သူတော်ကောင်းဘုရင်ကြီးသည် ကောင်းရာသုဂတိ ဘုံဌာနတစ်ခုခုသို့ အမှန်တကယ် ရောက်ရှိနေမည်ဖြစ်ပြီး အဖသတ်အဇာတသတ် ဟူမူကား ယခုတိုင် အဝီစိငရဲဆင်းရဲတွင်း၌ ကျရောက်ခံစားနေရဆဲဖြစ်ကြောင်း ဇာတကလာအရ ခန့်မှန်းသိရှိရလေ၏။

ထို့ကြောင့် ဝတ္ထုကြောင်းဟုဆိုသော ရာဇဂြိုဟ်၊ ဇာတ်ဆိုသော လူနေမှုဘဝ တွဲတွဲနဲနဲ ဆွဲဆွဲလွဲလွဲ ရှိနေသမျှ ဘဝဇာတ် မပြတ်မချင်း ကံဇာတ်ဆရာပြုသမျှ အသင်တို့ ကျွန်ုပ်တို့ ဆက်လက်ခံစားကြရဦးမည်သာ ဖြစ်ပါ၍ကြောင်း ဆန္ဒပြုတင်ပြလိုက်ရပေသတည်း။

နန္ဒာမောင်(သံဖြူဧရပ်)

စာကိုးစာရင်း

ဆရာတော်ဦးဩဘာသ သာဝတ္ထိ မြန်မာကျောင်း၏ မဏ္ဍိမဒေသမြို့ရွာများမှ သမိုင်းရုပ်ကြွင်း ပုံရိပ်လွှာများနှင့် စာရေးသူ၏ ဗုဒ္ဓဂယာဘုရားဖူး အတွေ့အကြုံ။

www.burmeseclassic.com

www.burmeseclassic.com

တွန်းအားရှင်

ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍိုင်က ဖူးမြော်ကြည်ညိုစရာများ

ဗုဒ္ဓမြတ်စွာ၏ ဘုရားဖြစ်တော်မူရာ ဗုဒ္ဓဂယာဒေသသည် အိန္ဒိယနိုင်ငံ၊ ဗီဟာပြည်နယ်၊ ဂယာမြို့အနီး၌ တည်ရှိသည်။ ယင်းဂယာမြို့အနီး မဟာဗောဓိပင် တည်ရှိရာနေရာတွင် ဗုဒ္ဓဘုရား ပွင့်ထွန်းပေါ်ပေါက်လာသောကြောင့် ဗုဒ္ဓပွင့်ထွန်းခြင်းနှင့် ဂယာမြို့တို့ကို ဒွန်တွဲကာ ဗုဒ္ဓဂယာဟု ခေါ်တွင်ကြခြင်း ဖြစ်သည်။

မူဆလင်များအဖို့ မက္ကာမြို့၊ ဟိန္ဒူများအဖို့ အယုဒ္ဓယမြို့၊ ခရစ်ယာန်များအဖို့ ဂျေရုဆလင်မြို့တို့သည် အမြတ်ဆုံးဖြစ်ဘိသကဲ့သို့ ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင်များအဖို့ မဟာဗောဓိစေတီတော်နှင့် ဗောဓိပင်ရှိရာ ဗုဒ္ဓဂယာသည် အမြတ်ဆုံးဖြစ်ပေသည်။ ဗုဒ္ဓဘာသာဝင်တိုင်းသည် မြတ်စွာဘုရား ပွင့်တော်မူရာ ဗုဒ္ဓဂယာသို့ တစ်သက်တစ်ခါ ရောက်လိုကြသည်။ သို့ရာတွင် အကြောင်းအကျိုး ညီညွတ်မှသာ ရောက်နိုင်ကြသည်။



ကမာကူရရုပ်ပွားဓာတ်ရှေ့တွင် စာရေးသူနှင့် ဘုရားဖူးအချို့

စာရေးသူမှာ ဌာနဆိုင်ရာတွင် နိုင်ငံတာဝန် ထမ်းဆောင်နေစဉ်ကပင် ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားချင်သော သဒ္ဓါတရား ကိန်းအောင်းနေခဲ့သည်။ သို့ရာတွင် တာဝန်တွေများ၊ အလုပ်က မအား၊ အခြားအကြောင်းအကျိုး မညီညွတ်မှုများကြောင့် မသွားဖြစ်ခဲ့ပါ။ စိတ်ကူးယဉ်အိပ်မက်သာ ဖြစ်ခဲ့ရသည်။

ဌာနဆိုင်ရာမှ သက်ပြည့်ပင်စင်ယူပြီး (၂၀၁၁)ခုနှစ်၊ ဧပြီလတွင် တစ်ကြိမ်သွားရောက်ဖူးမြော်ခွင့်ရခဲ့သည်။ ယခုအကြိမ်သည်ကား ဒုတိယအကြိမ်ဖြစ်သည်။ ယခင် ပထမအကြိမ်ကဆိုလျှင် မိမိဇနီးမှာ ခရီးရှည် ကားမစီးနိုင်၍ မလိုက်ဖြစ်။ တစ်ယောက်တည်း သွားလာခဲ့ရသည်။ ယခုမူ ထိုသို့မဟုတ်၊ စာရေးသူ၏ မိတ်ဆွေများဖြစ်သော ဦးမြသာ၊ ဦးသန်းစိန်နှင့် ဦးစောသာထွန်းတို့ သုံးဦးပါ အဖော်ပါလာသည်။

(၂၀၁၅)ခုနှစ်၊ မတ်လ (၈)ရက်နေ့ ဒါနဘုရားဖူး အကျိုးဆောင်အဖွဲ့၏ အစီအစဉ်ဖြင့် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရွှေမြန်မာလေကြောင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com

နောက်(၁၀)နာရီ (၁၀)မိနစ်တွင် ထွက်ခွာလာခဲ့ရာ အိန္ဒိယနိုင်ငံ ဂယာလေဆိပ်သို့ မွန်းလွဲ(၁၂)နာရီ (၁၀)မိနစ်တွင် ရောက်ရှိခဲ့သည်။ အိန္ဒိယစံတော်ချိန်မှာ (၁၁)နာရီ (၁၀)မိနစ်သာ ရှိသေးသည်။ အိန္ဒိယစံတော်ချိန်သည် မြန်မာစံတော်ချိန်ထက် တစ်နာရီ နောက်ကျသည်။

မိမိတို့ ဘုရားဖူးအဖွဲ့တွင် ဘုရားဖူးမမှမိတ်ဆွေ(၃၂)ဦး လိုက်ပါလာကြသည်။ သံဃာတော်(၂)ပါးနှင့် လူပုဂ္ဂိုလ်အမျိုးသား၊ အမျိုးသမီး စုစုပေါင်း(၃၀)ဦးတို့ ဖြစ်သည်။ ဒါနဘုရားဖူးအကျိုးဆောင်အဖွဲ့မှ ဦးဇာနည်မှာ စာရေးသူတို့နှင့်အတူ လေယာဉ်နှင့် လိုက်ပါလာခဲ့သည်။ စာရေးသူတို့အဖွဲ့အား ကြိုဆိုရန်အတွက် ဂယာလေဆိပ်တွင် ဒါနအကျိုးဆောင်အဖွဲ့မှ ကားကြီးတစ်စီးက အဆင်သင့် ကြိုဆိုနေသည်။ မိမိတို့ ဘုရားဖူးအဖွဲ့မှာ အသင့်ကြိုနေသော ထိုကားပေါ်သို့ တက်ကြသည်။ ဦးဇာနည်(ဒါနအကျိုးဆောင်အဖွဲ့ခေါင်းဆောင်)က ကားပေါ်တွင် ဘုရားဖူးအစီအစဉ်တို့ကို ရှင်းလင်းပြောပြသည်။ မိမိတို့တည်းခိုမည့် ဗုဒ္ဓဂယာ မြန်မာကျောင်းမှာ လေဆိပ်နှင့် သိပ်မဝေး။ နာရီဝက်ခန့်သာ ကြာသည်။ ဘုန်းကြီးကျောင်းသို့ ရောက်ရှိသွားသည်။ အိန္ဒိယစံတော်ချိန်(၁၂း၃၀)နာရီ ရှိနေပြီ။

တည်းခိုမည့်အဆောင်တွင် မိမိတို့ပစ္စည်းများကိုထား ကာ ခဏနားပြီး ဘုန်းကြီးကျောင်းရှိ စားသောက်ခန်းမတွင် နေ့လယ်စာစားကြသည်။ မွန်းလွဲ(၂)နာရီခွဲအချိန်တွင် မိမိတို့ တည်းခိုရာ မြန်မာဗုဒ္ဓဂယာကျောင်းမှ ဆရာတော် ဦးစာရိတ္တအား ပင့်ဆောင်ကာ မဟာဗောဓိမဏ္ဍိုင်သို့ ဘုရားဖူးရန် ခရီးဆက်ကြသည်။ လမ်းခရီးတွင် ဂျပန်နိုင်ငံက သန်းပေါင်းများစွာ အကုန်အကျခံ၍တည်ထားသော ကမာဘူရရုပ်ပွားတော်ကြီးကို ဖူးမြော်ကြသည်။ ငှင်းရုပ်ပွားတော်ကြီးသည် ဂျပန်နိုင်ငံတွင်တည်ထားသော ကမာကူရရုပ်ပွားတော်ကြီးအတိုင်း ပေ(၈၀)မြင့်သည်။ ထို့နောက် ဂျပန်ကျောင်း၊ တိဗက်ကျောင်း၊ ထိုင်းကျောင်းများကိုလည်း ဝင်ရောက်ဖူးမြော်ကြသည်။

ညနေ(၄)နာရီခန့်တွင် ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍိုင်သို့ ရောက်ရှိကြသည်။ မဟာဗောဓိစေတီတော်ဝင်းအတွင်းသို့ ဝင်ရသည်မှာ ယခင်တစ်ခေါက်က ဘုရားဖူးစဉ်ကာလနှင့် ဆတူတော့ပေ။ လွတ်လွတ်လပ်လပ် ဝင်၍မရ။ စစ်ဆေးရေးဒိတ်အတန်တန်ဖြင့် လုံခြုံရေးကို တင်းကျပ်စွာ ဆောင်ရွက်ထားသည်။ မိုဘိုင်းဖုန်း၊ မီးခြစ်၊ ဆေးလိပ်၊ ဗီဒီယိုကင်မရာများ လုံးဝယူဆောင်ခွင့်မရှိ။ ကင်မရာကတော့ ရှုပ်ထွေတစ်ရာ အခွန်ဆောင်လျှင် ယူခွင့်ပြုထားသည်။ တော်ပါသေးသည်။ မှတ်တမ်းဓာတ်ပုံ ရိုက်၍ရသည်။

မဟာဗောဓိစေတီတော်ဝင်း အတွင်းမှာကား အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ ခြေချင်းလိမ်လျက် စည်ကားလှသလို အရောင်အသွေးကလည်း စုံလင်လှသည်။ အချို့ဘုရားဖူးအဖွဲ့မှာ တူညီဝတ်စုံအဖြူရောင်၊ အချို့အဖွဲ့မှာ အပြာနုရောင်၊ အချို့အဖွဲ့မှာ ယောဂီဝတ်စုံ၊ အချို့အဖွဲ့မှာ မြန်မာ့ရိုးရာယဉ်ကျေးမှုဝတ်စုံ၊ အချို့မှာ အနောက်တိုင်းဝတ်စုံ၊ ရဟန်းသံဃာများမှာ သင်္ကန်းအဝါရောင် တပြောင်ပြောင် စသည်ဖြင့် မြင်မြင်သမျှ ကြည့်ရှုရ၍ လှပေသည်။ ပန်းဥယျာဉ်ကြီး တစ်ခုအတွင်းမှာ လှပသော ရောင်စုံပန်းများ ဖူးပွင့်နေသည့်အလား။ အဖွဲ့လိုက် ပရိတ်ရွတ်သံ၊ တရားနာသံ၊ မေတ္တာပို့သံ၊ အမျှဝေသံ၊ သာဓုခေါ်သံ စသော ခမ္မတေးသံများမှာလည်း ဘဝဂ်ညံလျက် ရှိနေသည်။

စာရေးသူတို့ ဘုရားဖူးအဖွဲ့သည် ရန်ကုန်မြို့မှ အသင့်ယူဆောင်လာသော ရွှေကြာသင်္ကန်းကို ဘုရားဖူးများ စုပေါင်းကိုင်ဆောင်ကာ ဗုဒ္ဓဂယာကျောင်းမှ ဆရာတော်

မဟာဗောဓိစေတီရှေ့တွင် စာရေးသူနှင့် မိတ်ဆွေများ အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com

မဟာဗောဓိပင်နှင့် အပရာဇိတပလ္လင်တော်ကို ကြည့်တော်မူရာ အနိမိသစေတီတော်(အနိမိသ သတ္တာဟ)

အရွက်တချို့မှာ အစိမ်းရောင်မှ အဝါရောင်ရွက်ဝါအဖြစ်သို့ ပြောင်းလဲနေကြလေပြီ။ ထိုရော်ရွက်ဝါအချို့တို့မှာ ညနေခင်း လေပြည်လေညင်း တိုက်ခတ်သည့်အခါ ပင်ထက်ယံမှ ဝဲပျံကာ မဟာဗောဓိပင်အောက်တွင် ဘုရားဖူးလာသူတို့၏ အနားမှာ ကြွေကျမြေခရသည့် မြင်ကွင်းမှာလည်း သခါရတရားတို့၏ မမြဲခြင်းအနိစ္စသဘောကို ဖော်ပြနေပါပကောဟု ယူတတ်သူများအဖို့ တရားရစရာတစ်ခုပင်ဟူ၍ စာရေးသူ တွေးတောနေမိပါသည်။

မဟာဗောဓိစေတီတော်ကြီးမှာ ဦးစာရိတ္တ ဦးဆောင်၍ နမောတဿ အစချီကာ ပဋ္ဌာန်း(၂၄)ပစ္စည်းတို့ကို သံမြိုင်ရွတ်ဆိုလျက် မဟာဗောဓိစေတီတော်ကြီးကို လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်သည်။ ထို့နောက် မြတ်စွာဘုရားပွင့်ရာ မဟာဗောဓိပင်နှင့် စေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ မဟာဗောဓိပင်အောက်တွင် ငါးပါးသီလခံယူကာ ဆုတောင်းမေတ္တာပို့သအမျှအတန်းပေးဝေကြသည်။

စာရေးသူတို့ ရောက်ရှိသည့်အချိန်သည် နွေကာလ တပေါင်းလအခါသမယဖြစ်သဖြင့် မဟာဗောဓိပင်ကြီး၏ ဖိနပ်တော်(၄၈)ပေ၊ ဉာဏ်တော်အမြင့်ပေ(၁၇၀) ရှိသည်။ စေတီတော်မှာ လေးထောင့်ပုံဖြစ်၍ အထက်ဘက်သို့ တဖြည်းဖြည်း ရှူးသွားသည်။ စေတီ၏ လည်ပင်းဖောင်းရစ်ကို ပွတ်လုံးပုံဖော်ထားသည်။ ထို့နောက် ဓမ္မစကြာအထိမ်းအမှတ် ဘီးကြီးအထက်၌ ဓာတ်တော်ကြုတ်ပုံ၊ ထိပ်ဆုံးတွင် ကျောက်သားဖြင့် ထုလုပ်ထားသော လင်ပန်းထီးတင်ထားသည်။ စေတီတော်ကြီး၏ ပထမပစ္စယာ ထောင့်လေးထောင့်၌ တည်ထားသော စေတီအရံလေးဆူမှာလည်း စေတီတော်ကြီးနှင့် တစ်ပုံစံတည်း ဖြစ်သည်။ စေတီတော်ကြီးမှာ ထည်ဝါခံ့ညားသည့်အပြင် အနုပညာလက်ရာအလွန်မြောက်လှသည်။ ဘုရားဖူးများမှာ ဤစေတီတော်ကြီးကို တစ်ကြိမ်ဖူးမြင်လိုက်ရပါက စိတ်ထဲ၌ စွဲငြိသွားပြီး အကြိမ်ကြိမ်လာရောက်ဖူးမြော်စိတ် ဖြစ်ပေါ်ကြမည်မှာ အမှန်ပါ။

မဟာဗောဓိစေတီရင်ခွင်တွင် တရေးသူနှင့် ဘုရားဖူးပေမိတ်ဆွေများအဖွဲ့တရ

ဤစေတီတော်ကြီးမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် အနှစ်(၂၀၀)ခန့် အကြာတွင် ပါဋလိပုတ်ပြည့်ရှင် အသောကဘုရင်မင်းမြတ်က တည်ခဲ့သည်။ နောက်မင်းများ လက်ထက်တွင် အဖျက်ဆီးခံခဲ့ရသည်။ ယခုမျက်မြင် ဖူးတွေ့နိုင်

www.burmeseclassic.com

www.burmeseclassic.com

သော စေတီကား ဟိန္နုဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသူ ဒြဟ္မဏအမတ်ကြီး တစ်ပါးက ဘည်ထား ကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။ မူလ အသောကဘုရင် ဘည်ထားသော စေတီငယ်ကို ပြန်လည်၍ ပြင်ဆင်တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။ ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းလာခဲ့ကြသဖြင့် ယခုထက်တိုင် နှစ်ပေါင်းများစွာ တည်တံ့လျက် ရှိသည်။ မဟာဗောဓိစေတီတော်မြတ်ကြီး၏ အရှေ့ဘက်မှ ဂူတိုက်ထဲသို့ ဝင်သည်နှင့် အတွင်းဘက် လိုဏ်ဂူထဲတွင် ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးတွေ့ရသည်။

မြတ်စွာဘုရား ပွင့်တော်မူရာ မဟာဗောဓိပင်နှင့် အပရာဇိတဘုရားလွှင်တော် (ပလ္လင်ကသတ္တာဟ)

မိမိတို့နှင့် အတူလိုက်ပါလာသော ဆရာတော် ဦးစာရိတ္တက ဗုဒ္ဓဂယာရှိ သတ္တသတ္တာဟ ခုနစ်ဌာနများကို လိုက်လံရှင်းပြသည်။

မြတ်စွာဘုရားသည် သက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီး ဗောဓိပင်နှင့် ရွှေပလ္လင်မှစကာ အရပ်ဌာန(၇)ဌာနတို့တွင် တစ်ဌာနတွင် ခုနစ်ရက်စီ (၄၉)ရက်တိုင်တိုင် လှည့်လည်ကာ အစာမစား၊ ရေမသောက်၊ ကျင်ကြီး၊ ကျင်ငယ်ပင် မစွန့်ဘဲ သီတင်းသုံးနေသော နေရာများဖြစ်သည်။

မဟာဗောဓိစေတီတော်ကြီး၏ အနီးအနားတွင် ဘုရားဖြစ်တော်မူပြီးနောက် (၇)ရက်စီ စံနေတော်မူခဲ့သော သတ္တဌာန(၇)ဌာနတို့မှာ-

(၁) ဘုရားဖြစ်ပြီးနောက် ဥဒါန်းကျူး၍ ခုနစ်ရက်တိုင်တိုင် ထိုင်နေတော်မူသော အပရာဇိတပလ္လင်တော် (ပလ္လင်က သတ္တာဟ)၊

(၂) မမှိတ်သော မျက်လုံးဖြင့် ခုနစ်ရက်တိုင်တိုင် မဟာဗောဓိပင်နှင့် အပရာဇိတပလ္လင်တော်ကို ကြည့်တော်မူရာ အနိမိသစေတီတော် (အနိမိသ သတ္တာဟ)၊

(၃) ဖလသမာပတ် ဝင်စား၍ ခုနစ်ရက်တိုင်တိုင် စင်္ကြံလျှောက်၍ နေတော်မူရာ ရတနာစင်္ကြံတော် (စင်္ကမ သတ္တာဟ)၊

(၄) အဘိမန္မာ တရားတော်ကို ခုနစ်ရက်တိုင်တိုင် ဆင်ခြင်တော်မူရာ ရတနာဃရရွှေအိမ်တော် (ရတနာဃရ သတ္တာဟ)၊

(၅) ဆိတ်ကျောင်းညောင်ပင်ရင်း၌ ခုနစ်ရက်တိုင်တိုင် တရားတော်ကို ဆင်ခြင်၍ နေတော်မူရာ အဇပါလ

ရတနာဝင်္ကြံတော် (စင်္ကမသတ္တာဟ)

www.burmeseclassic.com

www.burmeseclassic.com

ရတနာပုံဓရေအိပ်တော် (ရတနာဓရသတ္တာဟ)

နိုကြောခေညောင်ပင် (အဇပါလ သတ္တာဟ)၊

(၆) မုစလိန္ဒာအိုင်အနီး ကျည်းပင်ရင်း၌ ခုနစ်ရက်တိုင်တိုင် အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူရာ မုစလိန္ဒာအိုင် (မုစလိန္ဒသတ္တာဟ)၊

(၇) လင်းလွန်းပင်ရိပ်ရာ ရာဇာယတနဌာန (ရာဇာယတန သတ္တာဟ)။

ပထမသတ္တာဟမှာ ပလ္လင်ကသတ္တာဟဖြစ်သည်။ အပရာဇိတပလ္လင်တော်သည် ဗောဓိပင်နှင့် မဟာဗောဓိစေတီတော်ကြားတွင် တည်ရှိသည်။ ထိုဗောဓိပင်နှင့် ရွှေပလ္လင်သည် ပထမသတ္တာဟဖြစ်သည်။ ဘုရားဖြစ်ပြီး ဥဒါန်းကျူး၍ (၇)ရက်တိုင်တိုင် ထိုင်နေသော အပရာဇိတပလ္လင်ဖြစ်သည်။

ဒုတိယသတ္တာဟမှာ အနိမိသသတ္တာဟ ဖြစ်သည်။ မဟာဗောဓိစေတီတော်မြတ်ကြီး၏ အရှေ့မြောက်ထောင့် ကုန်းပေါ်မှာ တည်ရှိသည်။ မဟာဗောဓိစေတီတော်ကြီးပုံမျိုး ဖြစ်သော်လည်း ငယ်ပါသည်။ (၅၅)ပေရှိသည်။ မြက်ခင်းစိမ်းစိမ်းနှင့် တောင်ကုန်းပေါ်တွင် သပ္ပာယ်သောစေတီဖြစ်သည်။ ဤနေရာဌာနကား "ငါသဗ္ဗညုတဉာဏ် ရရှိရာနေရာ ဖြစ်လေ၏"ဟု ဆင်ခြင်ကာ မျက်စိတော်ကို မမှိတ်ဘဲ ကြည့်ရှုပြီး တရားနှလုံးသွင်းလျက် ခုနစ်ရက်ပတ်လုံး ရပ်နေ၊စံနေတော်မူသော နေရာဖြစ်သည်။

တတိယသတ္တာဟမှာ ရတနာစင်္ကြံသတ္တာဟ ဖြစ်သည်။ အနိမိသသတ္တာဟ စံတော်မူရာမှ ခုနစ်ရက်ပြည့်မြောက်သောနေ့၌ ဘုရားရှင်သည် ကောင်းကင်သို့ ပျံတက်တော်မူကာ တန်ခိုးပြာဋိဟာ ပြတော်မူသည်။ ထို့နောက် ကောင်းကင်မှ ပြန်လည်သက်ဆင်းလျက် အပရာဇိတပလ္လင်တော်နှင့် အနိမိသဌာန စပ်ကြားတွင် အတောင်(၆၀)ရှည်လျားသော ရတနာစင်္ကြံကို ဖန်ဆင်းကာ ထိုစင်္ကြံ၌ ခုနစ်ရက်တိုင်တိုင် စင်္ကြံလျှောက်ပြီး တရားနှလုံးသွင်းလျက် စံနေတော်မူခြင်း ဖြစ်သည်။ အလျား(၆၀)ပေ၊ အနံ(၄)ပေ၊ အမြင့်(၃)ပေရှိ အုတ်ခုံပေါ်တွင် ကြာပွင့်(၁၉)ပွင့် ပြုလုပ်ထားရှိသည်။

လိမ်ခဲနီကျောင်းအောင်စိုရိရာဇနရာ (ဇအပါလသတ္တာဟ)

စတုတ္ထသတ္တာဟမှာ ရတနာဃရသတ္တာဟ ဖြစ်သည်။ ရတနာစင်္ကြံနေတော်မူပြီး၍ ခုနစ်ရက်ပြည့်မြောက်သောအခါ မဟာဗောဓိပင်၏ အနောက်မြောက် မဟာဗောဓိပင်နှင့် အတောင်(၄၀)အကွာဝယ် နတ်တို့ ဖန်ဆင်းလျှုဒါန်းအပ် သည့် ရတနာခုနစ်ပါးဖြင့် မွမ်းမံခြယ်သ ဆင်ယင်ထားသည့် ရတနာရွှေအိ မှာ ခုနစ်ရက်တိုင်တိုင် သီတင်းသုံ စံတော်မူကာ အဘိဓမ္မာ(၇)ကျမ်း ကို ဉာဏ်တော်ဖြင့် သုံးသပ်ထော

www.burmeseclassic.com

www.burmeseclassic.com

မုစလိန္ဒာအိုင် (မုစလိန္ဒသတ္တာဟ)

ရွာခဲ့ရာ နောက်ဆုံး ပဋ္ဌာန်းကျမ်း အရောက်တွင် ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ် ပေါ်ပေါက်ကွန့်မြူးခဲ့သည်။

ပဋ္ဌမသတ္တာဟမှာ အဇပါလသတ္တဟဖြစ်သည်။ စေတီတော်ကြီး၏ အရှေ့မုခ်တည့်တည့် ပေ(၂၀၀) အကွာတွင် တည်ရှိသည်။ အရှေ့ခန်းလှေကားအဆင်း အလယ်တည့်တည့်၌ တည်ရှိသည်။ ဆိတ်ကျောင်းသားများ နားခိုလေ့ရှိသဖြင့် အဇပါလ ဆိတ်ကျောင်းညောင်ပင်ဟု ခေါ်သည်။ ထိုနေရာ၌ အထိမ်းအမှတ်အဖြစ် အသောကမင်းကြီး စိုက်ထူထားခဲ့သည့် ကျောက်တိုင်တစ်ခု ရှိခဲ့သည်။ ကျောက်တိုင်မှာ ကျိုးနေသဖြင့် (၁၂)ပေခန့်သာ မြင့်တော့သည်။ မြတ်စွာဘုရားသည် ထိုညောင်ပင်ရင်းတွင် ခုနစ်ရက်တိတ်လုံး တရားတော်ကို ဆင်ခြင်ကာ စံတော်မူခဲ့သည်။

ထိုနေရာတွင် စံတော်မူစဉ် မာန်နတ်မင်း၏ သမီးတော်များဖြစ်သော တဏှာ၊ အာရတိ၊ ရဂါတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ နည်းအမျိုးမျိုးသော မာယာတို့ဖြင့် ဖြားယောင်းကြသည်။ မြတ်စွာဘုရားရှင်က ကိလေသာရန်ခန်းသမျှ အောင်မြင်တော်မူသော အခြင်းအရာပြုလျက် နတ်သမီးသုံးယောက်တို့ကို သုသာန်၌ စွန့်ပစ်အပ်သော သူကောင်ပုပ်ကဲ့သို့ စက်ဆုပ်တော်မူသည်။ ကဲ့ရဲ့ရွံတ်ချတော်မူသည်။ နတ်သမီးတို့သည် လောကဋ္ဌ မြတ်သောအလှူကို ခံတော်မူထိုက်ပေ၏။ လူအပေါင်းတို့ တတ်အပ်သော အရာဋ္ဌလည်း ဆုံးမတော်မူနိုင်ပေ၏ဟုဆို၍ မာန်နက်ခင်းထဲ ပြန်ကြရလေသည်။

ဆဋ္ဌမသတ္တာဟမှာ မုစလိန္ဒသတ္တာဟဖြစ်သည်။ မဟာဗောဓိပင်၏တောင်ဘက် အတောင်(၂၀)အကွာရှိ မုစလိန္ဒာခေါ် ကျည်းပင်ရင်းဋ္ဌ (၇)ရက်တိုင်တိုင် မိုးကြိုးလေကြိုးထဋ္ဌ သွန်စွာအေးချမ်းစွာ စံတော်မူနေသည်ကို မုစလိန္ဒာ ရေအိုင်ဋ္ဌ အုပ်စိုးသော နဂါးမင်းသည် မြတ်စွာဘုရားအား အအေးဒဏ်ကို မခံရစေရန် မိမိခန္ဓာကိုယ်ကို ခုနစ်ပတ်ပတ်ကာ ဘုရား၏ ဦးခေါင်းထက်ရှိ ပါးပျဉ်းဖြင့်မိုး၍ အကာအကွယ်ပေးတော်မူသည်။

သတ္တသတ္တာဟမှာ ရာဇာယတနသတ္တာဟ ဖြစ်သည်။ မြတ်စွာဘုရားသည် ကျည်းပင်ရင်းတွင် ခုနစ်ရက်စံနေတော်မူပြီး မဟာဗောဓိပင်၏ တောင်ဘက်ရှိ လင်းလွန်းပင်ရင်းသို့ ကြွတော်မူ၍ (၇)ရက်တိတိ ဖလသမာပတ် ဝင်စားတော်မူသည်။ လင်းလွန်းပင်သည် မဟာဗောဓိစေတီတော်ကြီး၏ တောင်ဘက် ပေ(၆၀)ခန့်အကွာတွင်ရှိသည်။ သတ္တဋ္ဌာနတွင် (၄၉)ရက်ပြည့်မြောက်သည့်နေ့၌ မြန်မာနိုင်ငံမှ တဖုသနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ ကုန်သွယ်ခြင်းငှာ လှည်းအစီး ငါးရာဖြင့် မဇ္ဈိမဒေသ ဘုရားပွင့်ရာအရပ်သို့ ရောက်လာခဲ့ကြသည်။

ထိုအခါ အဆွေခင်ပွန်း ဖြစ်ခဲ့ဖူးသောနတ်က ကိုယ်ထင်ပြလျက် လောကသုံးပါးမှာ အတုမရှိသော မြတ်စွာဘုရား ပွင့်တော်မူနေကြောင်း၊ မြတ်စွာဘုရားကို ပူဇော်လှူဒါန်း၍ အကျိုးများစေရန် တိုက်တွန်းနှိုးဆော်သည်။ ထို့ကြောင့် ကုန်သည်ညီနောင်တို့မှာ ဝမ်းသာအားရဖြစ်ကာ မြတ်စွာဘုရားထံသို့ သွားရောက်ကြသည်။ မြတ်စွာဘုရားအား ဟူးမုန့်ဆုပ်(ပေါက်ပေါက်ဆုပ်)နှင့် မုန့်ညက်ဆုပ်(အနုဆုပ်)တို့ကို ဦးဦးဖျားဖျား ဆက်ကပ်လှူဒါန်းကြသည်။

မြတ်စွာဘုရားက တဖုသနှင့် ဘလ္လိက ညီနောင်နှစ်ဦးတို့ကို ဆုံခဲ့ သရဏဂုံဆောင်ခဲ့ ဓမ္မဒေသနာတော်မူပြီး ဆံတော်မြတ်ရှစ်ပြားကို ပေးတော်မူသည်။ ထိုအချိန်က ရဟန်းသံဃာ မပေါ်ပေါက်သေးသဖြင့် သံဃာ သရဏဂုံဆောင်ခွင့် မရသေးပါ။

ထို့နောက် မြတ်စွာဘုရားသည် ဦးခေါင်းတော်ကို သုံးကြိမ်ပွတ်၍ ကိုးကွယ်ရာနှင့်အလျောက် ဆံတော်ရှစ်ပွားကို အဆိုပါ [illegible] ပေးသနားတော်မူလေသည်။ ဘုရား

www.burmeseclassic.com

www.burmeseclassic.com

ရှင် လက်ထက်မှာ ပထမဆုံး သရဏဂုံနှစ်ပါး တည်သည်မှာ မြန်မာကုန်သည်နှစ်ဦးပင် ဖြစ်သည်။ ထိုဆံတော်များကို ဌာပနာပြီး တည်ထားသောစေတီမှာ မြန်မာနိုင်ငံ ရန်ကုန်မြို့မှ ရွှေတိဂုံစေတီတော်မြတ်ကြီးပင် ဖြစ်သည်။

တစ်နည်းအားဖြင့် ဆိုသော် သတ္တသတ္တာဟဖြစ်သော လင်းလွန်းပင်ရှိရာ နေရာသည် မြန်မာလူမျိုးများအနေဖြင့် ဦးငါးဦးရှိသော နေရာပင်ဖြစ်သည်။

လင်းလွန်းပင် (ရာဇယတန သတ္တာဟ)

(၁) မြတ်စွာဘုရားကို ပထမဦးဆုံးဖူးတွေ့ရခြင်း၊
(၂) မြတ်စွာဘုရားကို ပျားမုန့်ဆွမ်း ဆက်ကပ်လှူဒါန်းရခြင်း၊
(၃) မြတ်စွာဘုရားထံမှ ဒွေဝါစိက သရဏဂုံနှစ်ပါးရရှိခြင်း၊
(၄) မြတ်စွာဘုရားထံမှ ဆံတော်(၈)ဆူ ရရှိခြင်း။

[၄င်းဆံတော်များကို (က) ပြည် ရွှေဆံတော်၊ (ခ) ပုသိမ် ရွှေမုဋ္ဌော၊ (ဂ) ဗိုလ်တထောင်၊ (ဃ) တရုတ်ပြည်တွင် တစ်ဆူ၊ (င) ကျန်လေးဆူသည် ရွှေတိဂုံဘုရားတွင် ဌာပနာ၍ ကိုးကွယ်ခွင့်ရသည်။]

(၅) ၄င်းဆံတော်များကို မြန်မာနိုင်ငံတွင် ဦးစွာပူဇော်ခွင့်ရရှိခြင်း။

စာရေးသူတို့ ဘုရားဖူးအဖွဲ့သည် ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်မြတ်ကြီးနှင့် သတ္တသတ္တာဟ(၇)ဌာနတို့ကို ဖူးရသည့်အခါ သက်ရှိထင်ရှား ဘုရားခြေသုတ်စုံဝယ် အမှန်တကယ် နဖူးခိုက်ရသည့်နှယ် ပီတိပန်းများဝေဖြာကာ ဝမ်းသာမဆုံးနိုင်ကြပါ။ သို့ရာတွင် ထိုသတ္တသတ္တာဟ ခုနစ်ဌာနတို့အနက် တချို့သောဌာနများမှာ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ်က အလွန်တင့်တယ်သပ်ယပ် ကြည်ညိုစရာတို့မှာ ယခုအခါ လုံးဝပျောက်ကင်းနေပါပကောလား။ မြတ်စွာဘုရားရှင်သည်ပင်လျှင် မမြဲခြင်းအနိစ္စသဘောကို မလွန်ဆန်နိုင်ပါလား။ သခိါရတရားတို့သည် ဖြစ်လာလျှင် ပျက်ခြင်းသဘော ရှိနေပါလား။ ငါတို့သည်လည်း ဖြစ်လာလျှင် ပျက်ရမှာပါပကော။ မမြဲခြင်းအနိစ္စတရားတို့ပါတကားဟူ၍ သံဝေဂရရှိကြသည်။

မြတ်စွာဘုရားက ရှင်အာနန္ဒအား 'ချစ်သားအာနန္ဒာ.. ရတနာသုံးပါး၌ ကြည်ညိုသော အမျိုးကောင်းသားတစ်ဦး အတွက် သွားရောက်ဖူးမြော် သံဝေဂယူသင့်သော ဌာနလေးခုရှိ၏။ ထိုဌာနလေးခုမှာ-

(၁) မြတ်စွာဘုရားဖွားတော်မူရာ လုမ္ဗနီသာမော အင်ကြင်းတော၊
(၂) မြတ်စွာဘုရား အောတုမဲ့သော မဖောက်မပြန် မှန်ကန်သော ကိုယ်ပိုင်သဗ္ဗညုတဉာဏ်ကို ရတော်မူရာ ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍိုင်၊
(၃) မြတ်စွာဘုရား ဓမ္မစက္ကာတရားဟောကြားခဲ့ရာ မိဂဒါဝုန် အင်ကြင်းရုံ၊
(၄) မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူရာ ကုသိနာရံ အင်ကြင်းရုံ..စသည်တို့ ဖြစ်သည်။

ချစ်သားအာနန္ဒာ..အကြင်လူတို့သည် ဘုရားဖူးလှည့်လည်မူကိုပြု၍ ကြည်ညိုသောစိတ်ဖြင့် သေလွန်ကုန်၏။ ထိုလူအားလုံးတို့သည် သေလွန်ပြီးသည့်နောက် နတ်ရွာသုဂတိသို့ ရောက်ကြကုန်လတ္တံ့'ဟု မဟာပရိနိဗ္ဗာနသုတ်တော်တွင် ဖော်ပြထားပေသည်။

ဗုဒ္ဓဂယာရှိ မဟာဗောဓိမဏ္ဍိုင်မှာ သံဝေဇနီယလေးဌာနတွင် တစ်ခုအပါအဝင်ဖြစ်ပြီး တစ်နေရာတည်းတွင်ပင် ကြည်ညိုစရာ၊ ဖူးမြော်စရာများ တစုတဝေးတည်း တည်ရှိနေသောနေရာဖြစ်ခြင်း၊ သံဝေဇနီယလေးဌာနတွင် အဓိကနေရာဖြစ်ခြင်းတို့ကြောင့် သွားရောက်ဖူးမြော် ကုသိုလ်ပွားများကာ သံဝေဂယူသင့်ကြောင်း ကိုယ်တွေ့ဖူးတွေ့ချက်များအရ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

တွန်းအားရှင်

www.burmeseclassic.com

www.burmeseclassic.com

ORGANIC PRODUCTS
FROM KANDARAWADDY ORGANIC HERB FARM

ဆုတ်လုပ်ခွင့်လိုင်စင်အမှတ် ၂/ ၂၀၁၂တဆထလ/တိုး(၁၀၂၄)

ပင်ရင်း ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီဆေးတိုက် အမှတ်-၇၄၁၊ ဓနသိဒ္ဓိလမ်း၊ (၈)ရပ်ကွက် မရန်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း ၀၉ ၅၁၄၀၃၈၉၊ ၀၉ ၄၂၀၀၇၀၈၅

ကယားပြည်နယ်
လွိုင်ကော်မြို့၊
ကိန္နရီအမှတ်တံဆိပ်
ကြက်လည်ဆံ
ဆီးဆေးပြား
LOIKAW

ကြက်လည်ဆံ ဆီးဆေးပြား

အပြား ၁၀၀ပါ ဘူးကြီး

ဘိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007860 (1114)

ကယားပြည်နယ်
လွိုင်ကော်မြို့၊
ကိန္နရီအမှတ်တံဆိပ်
ကြက်လည်ဆံ
ဆီးဆေးပြား
LOIKAW

ကြက်လည်ဆံ ဆီးဆေးပြား

အပြား ၄၀ပါ ဘူးငယ်

ဘိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007860 (1114)

မင်းမကိုင့်

သွေးချို ဆီးချိုကျဆေး

ဘိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012254(0916)



ရင်ငြိမ်းဆေး

နှလုံးဆေး

ဘိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012014(0516)

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၆၇/ဝဖဒဉ

www.burmeseclassic.com

www.burmeseclassic.com

အယုဒ္ဓယပြို့ဟောင်းရှိ

မင်းအဆက်ဆက် ကိုးကွယ်ရာ

ဝပ်မဟာတပ် (ချီ) (Wat Mahathat) ကျောင်းတော်ကြီး

တက္ကသိုလ်မျိုး

စာရေးသူအနေနှင့် (၁၆-၁-၂၀၁၅)ရက်နေ့၌ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ ဆေးစစ်ရန်နှင့် ဆေးကုသရန် ရောက်ရှိခဲ့သည်။ (၁၂)ရက်ကြာနေထိုင်ပြီး ဆေးစစ်ခြင်း၊ ဆေးကုခြင်းတို့ကို Bumrungrad International ဆေးရုံ၌ ပြုလုပ်ခဲ့ကြောင်းကို မြဘုရားဆောင်းပါး၌ ဖော်ပြခဲ့ပြီးဖြစ်သည်။

ဆေးကုသခြင်း လုပ်ဆောင်နေစဉ် ရက်အား နှစ်ရက်ရ၍ တစ်ရက်ကို မြဘုရားနှင့် အယုဒ္ဓယသို့ သွားရောက်ခဲ့ပုံကို ရန်ကုန်ပြန်ရောက်ပြီးနောက် ဆောင်းပါးနှစ်ပုဒ် ရေးသားကာ ဂမ္ဘီရမဂ္ဂဇင်းတိုက်သို့ ပေးပို့ခဲ့ပြီးဖြစ်သည်။

ရန်ကုန်မြို့သို့ (၂၂-၁-၂၀၁၅)ရက်နေ့၌ ပြန်ရောက်ပြီးနောက် စာရေးသူ၏ ကျန်းမာရေးအခြေအနေကိုသိလိုသူ နေ့စဉ်နှင့်အမျှ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေအပေါင်းအသင်းများနှင့် စာရေးသူ ကိုးကွယ်ခဲ့သည့် ဗြဟ္မဝိဟာ ဘိုးကလေး သက်တော်ရ၊ဆရာတော်ကျောင်းတိုက်မှ ဆရာတော်ဦးတေဇဓဇ၊ ဆရာတော်ဦးအဂ္ဂ၊ သုံးဆူတောင်(ရွှေပြည်ဟိန်းကျောင်း)နှင့် သာယာကုန်း ပြာသာဒ်ကျောင်းတိုက် ဆရာတော် ဦးပညာဓဇ စသည့် ဆရာတော်များ ကြွရောက်ပြီး ကျန်းမာရေးအခြေအနေကို မေးမြန်းစုံစမ်းကြ၍ စာရေးသူအနေနှင့် ကျန်းမာရေးအခြေအနေကို စောင့်ပြည့်စုံစွာ ရှင်းလင်းလျှောက်ထား ဖြေဆိုနေရ၍ တစ်ပတ်ကျော်ကြာသည့်တိုင် မအားမလပ် ရှိခဲ့သည်။

စာရေးသူအနေနှင့် ဆေးကုသမှုခံယူသည့် လည်ပင်းအသံဝင်ရောဂါနှင့် ကပ်ပယ်အိတ်၌ အရည်တည်သည့် ခွဲ



ဗဟာတပ်(ချီ)ကျောင်းဧည်ခန်းမကြီးရှိ ဘုရားတော်မြင့်မားလှသော ပစ္စယာအဆင့်ဆင့်နှင့် ဧစတီတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

မဟာတပ်(၍)ကျောင်းတော်ကြီးရှိ အကြီးဟားဆုံးစေတီတော်နှင့် အထက်မစွယ်သို့တောက်ရန် လှေကားသုံးဆင့်ရှိသော ဇရပ်ဆောင်

ကိုတော်ကုသမှု နှစ်ခုစလုံး အောင်မြင်မှု ကုသနိုင်ခဲ့သော်လည်း ဆေးစစ်ဆေးခဲ့သည့် စာရေးသူ၏ အသည်းတွင် အတော်ကြီးကြီး အကျိတ်တစ်ခုနှင့် အလတ်စားတစ်ခုကို Ultrasound ရိုက်ရာ၌လည်းကောင်း၊ သေချာစေရန် M.R.I ဓာတ်မှန်ရိုက်ကြည့်ရာ၌လည်းကောင်း အထင်အရှား တွေ့ရလေသည်။

ထိုင်း အသည်းအထူးကုဆရာဝန်ကြီး Dr Charka-phan Osang-thumnout က အကျိတ်တို့မှာ ကြီးနိုသာမက အသည်းပါ အားနည်းနေ၍ ခွဲစိတ်ကုသမှု လုပ်ဆောင်၍ ရနိုင်,မရနိုင်ကို သွားရောက်ဆွေးနွေးရန် စေလွှတ်ခဲ့သည်။ အသည်းခွဲစိတ်အထူးကု ဆရာဝန်ကြီးကလည်း စာရေးသူ၏အသည်းမှ အကျိတ်ကို ခွဲထုတ်လျှင် အကျိတ်ကြီး၍ အသည်းအစိတ်အပိုင်းအတော်များများကို ခွဲထုတ်ရမည်ဖြစ်သောကြောင့် စာရေးသူ၌ ကျန်ရစ်မည့်အသည်းသည် စာရေးသူ အသက်ရှင်နေထိုင်ရေးအတွက် မဖြစ်နိုင်။ ဒါကြောင့် အသည်းအားဆေးဖွန်း၍ ကုသနိုင်ရန် အသည်းဘက်ဆိုင်ရာ ဓာတ်မှန်ဆရာဝန်ကြီးထံ ထပ်မံစေလွှတ်ခဲ့ပြန်သည်။ ဓာတ်မှန်ဆရာဝန်ကြီးအနေနှင့် M.R.I ရိုက်ကူးထားသော TV ပုံများကို ကြည့်ပြီး ဆေးဖျန်းကုသရန်လည်း မဖြစ်နိုင်ကြောင်း၊ ဆေးဖျန်းကုသရာတွင် အသည်းအားနည်းနေ၍ ဆေးကြောင့် အသည်းပါဆုံးရှုံးနိုင်ခြေများ၍ အသည်းအားမကောင်းသူ၌ အသည်းပျက်စီးသွားနိုင်ကြောင်း ပြောပြီး မူလအသည်းဆရာဝန်ကြီး ချာကဖန်ထံသို့ သွားရောက်ပြီး ဆွေးနွေးရန် ပြန်၍စေလွှတ်ခဲ့သည်။

စာရေးသူသည် အသည်း၌ အကျိတ်ဖြစ်နေသည်ကို ဆေးစစ်မှန်တွေ့ရသည်။ အကျိတ်ကတည်းကသော်လည်း စာရေးသူ၌ မည်သည့် ဝေဒနာမှ မခံစားရ။ အသည်းရောဂါသည် အများစုသည် ဗိုက်ဖောင်းခြင်း၊ အစားအသောက်ပျက်ခြင်း၊ အောင့်ခြင်း စသည့်ရောဂါလက္ခဏာများ ပြလေ့ရှိသည်။ စာရေးသူ၌ မည်သည့်ခံစားမှုမှ မခံစားရ။

ဒါကြောင့်လည်း အသည်းဆရာဝန်ကြီးအား-

"ကျွန်တော့်မှာ မည်သည့်ခံစားမှုမှ မခံစားရပါ။ ကိုယ်အလေးချိန်လည်း သိသိသာသာ မလျော့သလို မောပန်းခြင်းလည်း မရှိပါ။ အစားအသောက်လည်း မပျက်ပါ။ ညဘက် အိပ်လည်း မပျက်ပါ" ဟု စောဒကတက်မိသည်။

အသည်းအထူးကု ဆရာဝန်ကြီးက-

"ခင်ဗျားပြောတာ မှန်တယ်။ ရောဂါအခြေအနေ သိပ်

တပ်(၍)မဟာကျောင်း မဟာရံတံတိုင်းနှင့် ကျောင်းအတွင်းရှိ ရှေးဟောင်းစေတီတော်များ

www.burmeseclassic.com

ဆိုးမှ လက္ခဏာပြတာ။ ခင်ဗျား အခုဖြစ်နေတဲ့အထိတော့ လက္ခဏာမပြသေးဘူး။ သိပ်ပြီးရောဂါရင့်လာတဲ့အခါ ရောဂါလက္ခဏာပြပြီပေါ့။ အဲဒီအခါမှ ကုသဖို့ အလွန်ခက်သွားပြီး အသက်လုပြီး ကုသရပြီပေါ့။ ကိုယ့်ဘက်က ရာခိုင်နှုန်း နည်းနည်းပဲ မျှော်လင့်စရာရှိတော့တယ်။ အခု ခင်ဗျား အနေနဲ့ အသည်းပြန်အားကောင်းလာအောင် အသည်းအားဆေးကို တစ်လ စားကြည့်ပါ။ တစ်လပြည့်ရင် ပြန်လာပြီး ဆေးစစ်တာပေါ့'

အသည်းအထူးကု ဆရာဝန်ကြီးစကား ကြားမိသော စာရေးသူသည် အနန္တောအနန္တဂုဏ်ကျေးဇူးကြောင့် အသည်းရှင်ဖြစ်နေသောရောဂါကို ရောဂါမကျွမ်းမီ သိလိုက်ရသော ကြောင့် ကံကောင်းပေစွတဲ့ အောက်မေ့မိသော်လည်း အသည်းနှင့်သက်ဆိုင်သော ဆရာဝန်ကြီးသုံးဦးက ပျောက်ကင်းအောင် ကုသပေးမည်ဟု အာမခံစကားတစ်ယောက်မှ မဆိုဘဲ အသည်းအားဆေးစားပြီး တစ်လနားခိုင်းကာ မြန်မာနိုင်ငံသို့ (၂၂-၁-၂၀၁၅)ရက်နေ့၌ ပြန်ခဲ့ရသည်။

စာရေးသူသည် တတိယအရွယ်မရောက်မီ ကာလက သေရမည်ကို အလွန်ကြောက်သည်။ မိမိအနေနှင့် နောက် ဘဝအတွက် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်သုံးမျိုးအနက်



မုခ်ပေါက်လေးပေါက်နှင့် အယုဒ္ဓယခေတ်ဗဟောင်းစေတီတော်

တစ်ခုကိုမှ မှတ်မှတ်ရရ မလုပ်ဖြစ်ခဲ့။ ဥပုသ်လည်း မစောင့်၍ သီလကုသိုလ်က နတ္ထိ၊ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ မိန့်မှာချက်ဖြစ်တော်မူသော ဘာဝနာကမ္မဋ္ဌာန်းတရားကိုလည်း မကျင့်ကြံ၊ အားထုတ်ခြင်း မရှိ။ ဒါနကုသိုလ်အနေနှင့်လည်း ကြုံရာကျပန်း အလှူအတန်းလေးများလောက် ပြုလုပ်ခဲ့ပြီး ပီတိဖြစ်လောက်စရာ ဒါနကုသိုလ် မလုပ်ခဲ့။ ထို့ကြောင့် ရောဂါတစ်ခုခု ခံစားရသည်ရှိသော် စာရေးသူသည် နောင်တမလွန်အရေးတွေးကာ သေရမှာကို ကြောက်ခဲ့မိသည်။ ခလုတ်ထိမှ အမိတ,သည်အလား ဝေဒနာတစ်ခုခု ခံစားရသောအခါ ငါပြန်ပြီး နေကောင်းခဲ့သော် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်မှုတစ်ခုခုကို လုပ်မည်ဟု စိတ်ကူးမိသည်။

ပြန်လည်နေကောင်းပြီးနောက် ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုကုသိုလ်ပြုရန် စိတ်ကူးခဲ့သောအတွေးများပျောက်၍ တော်တော်နဲ့ သေဦးမှာမဟုတ်။ စီးပွားရှာစရာရှိရှာဦးမည်။ နည်းနည်းအသက်ကြီးလာမှ လုပ်တော့မည်ဟု စိတ်အာရုံပြောင်း၍ လောဘ၊ မောဟ၊ ဒေါသတည်းဟူသော အကုသိုလ်နောက်လိုက်ရင်း သားမယားအရေးအတွက် ကြိုးပမ်းအားထုတ်ကာ ဘဝသံသရာအတွင်း လည်ပတ်ရင်း



ရှေးဟောင်းအယုဒ္ဓဧစေတီတော်ရှေ့၌ စာရေးသူတို့အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



ဥာဏ်တော်မြင့်မားပြီး
လေးစားထောင့်ပုံတည်ထားသောစေတီ

ဆုံမွေ့နေခဲ့မိသည်။ မိမိအောက် ညီငယ်,ညီမငယ်များ တဖြုတ်ဖြုတ် သေဆုံးကြသလို အထင်တန်း၊ တက္ကသိုလ် အတန်းများ၌ အတူတက်ရောက် ပညာသင်ကြားခဲ့ဖူးသော သူငယ်ချင်းအပေါင်းအသင်းများအနက် သုံးပုံတစ်ပုံလောက် မှာ ကွယ်လွန်ခဲ့သည့် သတင်းစကား ကြားမိသော စာရေးသူသည် အသက်ခြောက်ဆယ်ကျော်စ အရွယ်မှစ၍ နောင်တမလွန်ဘဝ၌ အပယ်မလားရေးအတွက် ကြိုးပမ်းရန် ပြင်ဆင်လာတော့သည်။ အပယ်မလားဘဲ နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ လူ့ပြည်များကို ပြန်လည်ခံစားစံစားနိုင်ရန် ဒါန၊ သီလကုသိုလ်ကို အားထုတ်လှူဒါန်း ဆောက်တည်ခဲ့သည်။

ဘာဝနာကိုကား ငယ်စဉ် မိဘများနှင့်အတူ လိုက်ပါရှင်း တရားအားထုတ်ဖူးသော ဘောက်ထော် စွန်းလွန်းညီးကို ဆရာမရှိ မိမိဘာသာ အားထုတ်ခဲ့သည်။ အချိန်မှန်မှန်လည်း အားမထုတ်ဖြစ်။ စိတ်ကူးရမှ အားထုတ်ခြင်းဖြစ်၍ ဝိပဿနာ ဉာဏ်အမြင်ရဖို့ မဆိုထားဘိ သမာဓိပင် ဖြောင့်ဖြောင့်တန်းတန်း မထူထောင်နိုင်ခဲ့ပေ။ ထိုစဉ်က စာရေးသူ၏ စိတ်အစဉ်၌ ဒါန၊ သီလ ကုသိုလ်ပြုလုပ်လျှင် နောင်တမလွန်အရေးအတွက် လုံလောက်ပေပြီဟု အထင်မှား၊ အမှတ်မှားနှင့် ဝိပဿနာတရား၊ ကမ္မဋ္ဌာန်းတရား အားထုတ်မှုကို စနစ်တကျ အားမထုတ်ဖြစ်ခဲ့ပေ။ မိုးကုတ် ဆရာတော်ဘုရားကြီး၏ တရားခွေကို လိုက်နာမိသောအခါမှ ဒါန၊ သီလ ကုသိုလ်ပြုလုပ်ခြင်းသည် နတ်ပြည်နတ်ရွာ၌ ခံစား,စံစားနိုင်မည်ဖြစ်သော်လည်း နတ်ပြည်နတ်ရွာမှလွန်သော် အပယ်ဘုံသို့ လားနိုင်ကြောင်းကို နာကြားမိသောအခါ စာရေးသူသည် တစ်ဘဝစံ ကောင်းစားရေးထက် ဘဝချုပ်ငြိမ်းရာအမှန် မြတ်နိုဗ္ဗာန်ကိုရောက်ရန်မှာ ဝိပဿနာအားထုတ်မှ ဖြစ်တော့မည်ကို သိလာရသည်။

ထို့ကြောင့် သာခုကန် (ကျောက်ဆင်တောရ ဆရာတော်ကြီး၏ တရားစခန်း၊ မုံလည်တောရဆရာတော်ကြီး၏ တရားစခန်း၊ ကျောက်တန်း သာမန်ဦးတရားစခန်း စသည့် တရားစခန်းများ၌ ဒုလ္လဘရဟန်းဝတ်၍ ကမ္မဋ္ဌာန်းတရားကျင့်ကြံအားထုတ်ခဲ့လေသည်။ ဝိပဿနာဉာဏ်အမြင်ကိုတော့ မရသေးသော်လည်း သမာဓိကိုထိန်းကာ ဖြစ်ပျက်ရှုသည့် အားထုတ်မှုကိုတော့ အတော်အတာင့် အားထုတ်လာနိုင်ခဲ့သည်။

စာရေးသူ အထက်ပါ ရေးသားချက်များသည် မိမိ



မုခ်ဒေါ်ကံချောင်းလေးဝဲယံ၌ တည်ထားသော
အယုဒ္ဓယခေတ်ဗဟောင်းစေတီ

www.burmeseclassic.com

www.burmeseclassic.com

ရွှေဖဘောင်းလက်ရာစေတီတော်

ဂုဏ်ကို ဖော်လို၍ မဟုတ်ပါ။ အသည်းအကျိတ်၊ အသည်းကျွဲသည့်ဝေဒနာ ခံစားနေရမှန်း သိသောအခါ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှု အစုစုတို့ကို ကျင့်ကြံဆောက်တည် အားထုတ်နေဆဲဖြစ်၍ သေရမည်ကို မကြောက်တော့ဘဲ ရဲရဲရင့်ရင့် ရင်ဆိုင်ရန် စာရေးသူ အပြုံးမပျက် ဆုံးဖြတ်ခဲ့သည်။ ဆေးကုသ၍ ရောဂါပျောက်ကင်း သက်သာခဲ့သော်ဒါန၊ သီလ၊ ဘာဝနာ တရားတို့ကို ဆက်လက် ကျင့်ကြံအားထုတ်နိုင်မည်။ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်အရ ကုသိုလ်ကံကုန်၍ သေခဲ့သော်ဒါန၊ သီလ၊ ဘာဝနာ သုံးပါးသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ဆဲ ပြုလုပ်ပြီး ဖြစ်၍ သေရမည်ကို မကြောက်ဘဲ ရဲရဲရင့်ရင့်ရင်ဆိုင်ရန် အဆင်သင့်ပြင်ဆင်ထားပြီးဖြစ်ကာ မိမိဝါသနာ၊ မိမိအနေဖြင့် သာသနာ ပြုနေသည်ဟု အမှတ်ထားသော ဘုရားသမိုင်းဆောင်းပါးများကို ရောဂါဝေဒနာ ရှိမှန်းသိလျက် ဆက်လက်ရေးသားနေခြင်းဖြစ်ကြောင်း စာရှုသူအပေါင်းတို့အား အသိပေးအပ်ပါသည်။

ရန်ကုန်သို့ (၂၂-၁-၂၀၁၅)ရက်နေ့ ပြန်ရောက်ပြီး ဒုတိယအကြိမ်မြောက် ဆေးကုသရန် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ (၁၆-၂-၂၀၁၅)ရက်နေ့ အရောက်သွားရမည်ဖြစ်သည်။ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ပထမအခေါက် ဘန်ကောက်မြို့၊ အယုဒ္ဓယမြို့သို့ ရောက်စဉ်က ဓာတ်ပုံမှတ်တမ်း ရိုက်ယူခဲ့သော ထိုင်းနိုင်ငံ၏ အထင်ကရ စေတီပုထိုးများအနက် မြဘုရားနှင့် အယုဒ္ဓယမြို့အကြောင်းကိုကား (၁၆-၂-၂၀၁၅)ရက်နေ့မတိုင်မီ အပြီးရေးသားပြီးဂမ္ဘီရမဂ္ဂဇင်းသို့ ပေးပို့ပြီးဖြစ်သည်။ ကျန်အယုဒ္ဓယနှင့် ဘန်ကောက်မြို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ အကြောင်းကို ဆက်လက်ရေးသားရန် စာရေးစက္ကူ အထောက်အထား စာအုပ်စာတမ်းများနှင့် ဓာတ်ပုံမှတ်တမ်းများကို ယူဆောင်လာခဲ့ပြီး ယခုဆောင်းပါးကို စာရေးသူ ဆေးကုသည့် Bumrungrad ဆေးရုံကြီးအနီး၌ရှိသော တည်းခိုရာ Park Ploenchit (၂၁)ထပ်ရှိ တိုက်ကြီး၏ (၁၃)ထပ်၊ အခန်းအမှတ်(၆၁/၉၄)၏ ဝရံတာ၌ ရေးသားခြင်း ဖြစ်သည်။ ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာ၌ သေခြင်းတရားနှင့် ရင်ဆိုင်ရမည်ကို မတွေးတောဘဲ တစ်နည်းအားဖြင့် သေရမည်ကို မကြောက်တော့ဘဲ မိမိလုပ်စရာရှိသည်ကို ဆက်၍လုပ်ရန် ဆုံးဖြတ်ပြီးသားဖြစ်၍ တည်ငြိမ်သောစိတ်ဖြင့်

မုခ်ဒေါ်ခြေလေးဖက်ရှိ စေတီတော်နှင့် (၂၀)ဒီဂရီယိုင်နေသောစေတီ

www.burmeseclassic.com

www.burmeseclassic.com

ဤဆောင်းပါးကို ရေးသားလိုက်ရခြင်းဖြစ်ကြောင်း နိဒါန်းချီးလိုက်ရပေသည်။

♦ ♦ ♦

စာရေးသူတို့သည် Wat Mahathat ဝပ်မဟာတပ်(ချ်) ခေါ် ယိုးဒယား ရှေးဟောင်းကျောင်းတော်ကြီးနှင့် ရှေးဟောင်းစေတီများ၊ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်အပျက်အစီးများ တည်ရှိရာသို့ မွန်းလွဲ(၁၂)နာရီ (၄၅)မိနစ်၌ ရောက်ရှိခဲ့သည်။ အယုဒ္ဓယ နေ့လယ်နေပူရှိန်က ဆောင်းတွင်းကာလဖြစ်သော်လည်း အလွန်ပင်ပူပြင်းလှသည်။ ဝပ်ဟာတပ်(ချ်)ကျောင်းတော်ကြီးအတွင်း ဝင်ရောက်ရန် တစ်ယောက်လျှင် ဘတ်(၅၀)ပေး၍ လက်မှတ်ဝယ်ပြီးမှ ဝင်ရသည်။

ကျောင်းတော်ကြီးဟု သာမန်အားဖြင့် ခေါ်ဆိုရသော်လည်း ပုဂံနယ်မြေကဲ့သို့ စေတီပုထိုး အပျက်အစီးများဖြင့် ပြည့်နေသော ယိုးဒယားတို့၏ ရှေးဟောင်းယဉ်ကျေးမှုထွန်းကားရာ နေရာတစ်ခုပင်ဖြစ်သည်။

မဟာတပ်(ချ်)ကျောင်းတော်ကြီးသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ကုလသမဂ္ဂယူနက်စကိုက အသိအမှတ်ပြုခြင်းခံရသော ရှေးဟောင်းယဉ်ကျေးမှုဗိသုကာလက်ရာများ ထွန်းကားရာဖြစ်သည်။ လုံးဝပြုပြင်ခြင်းမရှိဘဲ မူလရှေးဟောင်းလက်ရာအတိုင်း ထားရှိခြင်းကြောင့် ကမ္ဘာ့ကုလသမဂ္ဂယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုခြင်းခံရခြင်းဖြစ်သည်။ မဟာတပ်(ချ်)ကျောင်းတော်ကြီးသည် ခရစ်နှစ်(၁၃၇၄)ခုနှစ်ကမှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ရာ မြန်မာတို့၏ ပုဂံခေတ်နှင့် နှိုင်းယှဉ်ကြည့်ပါက နှစ်ပေါင်းသုံးရာကျော် လေးရာနီးပါး နောက်ကျသည်ကို တွေ့ရသည်။ တစ်နည်းဆိုရသော် ပုဂံခေတ် အနော်ရထာမင်းစောတို့ ဗိသုကာလက်ရာတို့ထက် နှစ်ပေါင်းသုံးရာငါးဆယ်ကျော် နောက်ကျလေသည်။ မဟာတပ်(ချ်)ကျောင်းတော်ကြီးအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ကုလသမဂ္ဂက အသိအမှတ်ပြုထားသော်လည်း မြန်မာတို့၏ ပုဂံကား အသိအမှတ်ပြုခြင်း မခံရသေးပေ။

ပုဂံ ဗိသုကာများသည် အယုဒ္ဓယရှိ ဗိသုကာတို့ထက် နှစ်သုံးရာကျော် လေးရာ စောပြီး ပန်းချီ၊ ပန်းရန်၊ စဉ်၊ ပန်းပု၊ ကြေးသွန်း



အဝံတော်များကွာဝေးသော်လည်း ရှေးယဉ်ကျေးမှုလက်ရာ ပေါက်စေရန် မူလလက်ရာအတိုင်းထားသည့် စေတီ

အုတ်ဖြင့်တည်ထားသော ရှေးဟောင်းဆင်းတုတော်နှင့် ရှေးဟောင်းစေတီ

www.burmeseclassic.com

www.burmeseclassic.com



ယိုးဒယားပိဆုကာလတော်ရာ စေတီမိုးများနှင့်
တွဲမြောင်၍ ဘည်ဘားဘသာ စေတီဘော်

စေတီတော်ဂရုရှိ ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူ
(ပဗုတ်မစီးကျန်ရှိသည်)

ပညာရပ်တို့၌ လက်ရာမြောက်လှပြီး အဆင့်လည်း မြင့်မားလှသည်။ ထိုကဲ့သို့ အယုဒ္ဓယယဉ်ကျေးမှုထက် နှစ်ပေါင်းများစွာစောပြီး ဗိသုကာလက်ရာ မြင့်မားသော်လည်း ကမ္ဘာ့ကုလသမဂ္ဂယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သွတ်သွင်းမခံရခြင်းမှာ မျက်မှောက်ခေတ်ကာလ ပြုပြင်မှုများကြောင့် ရှေးဟောင်းလက်ရာများ ပျက်ယွင်းမှုများကြောင့်ပင်ဖြစ်သည်။ မဟာတပ်(ချ်)ကျောင်းတော်ကြီးအတွင်းရှိ စေတီပုထိုးများ၊ ရုပ်ပွားဆင်းတုတော်များမှာ ရှေးခေတ်လက်ရာအတိုင်း မပြုပြင်ထားရှိခြင်းကြောင့် ရှေးဟောင်းအမွေအနှစ်အဖြစ် သတ်မှတ်ခံရကာ ကုလသမဂ္ဂယူနက်စကို၏ နှစ်စဉ် အထောက်အပံ့ရရှိရုံသာမက ခေတ်ဟောင်းဗိသုကာလက်ရာများ မပျက်မယွင်းရအောင် ပညာရှင်များ စေလွှတ်ထိန်းသိမ်း စောင့်ရှောက်မှုကိုလည်း ခံရသည်။

အယုဒ္ဓယ မဟာတတ်(ချ်)ကျောင်းတော်ကြီးအတွင်းရှိ ဉာဏ်တော်မြင့်မားလှသည့် စေတီတော်ကြီးတစ်ဆူမှာ (၈၀)ဒီဂရီစောင်းလျက်ရှိပြီး ပျက်စီးယိုယွင်းနေသော်လည်း ရှေးဟောင်းဗိသုကာလက်ရာ မပျက်ယွင်းစေဘဲ ယူနက်စကိုအဖွဲ့ကြီး၏ ထိန်းသိမ်းစောင့်ရှောက်မှုဖြင့် ဆက်လက်တည်ရှိနေသည်ကို တွေ့ရသည်။

စာရေးသူတို့ ပုဂံနယ်မြေရှိ ရှေးဟောင်းအဆောက်အအုံ၊ စေတီပုထိုးများကား ငလျင်ဒဏ်၊ ရာသီဥတုဒဏ်ကြောင့် ပျက်စီးမှုများရှိခဲ့ရာ ရှေးဟောင်းအမွေအနှစ်လက်ရာ၏ တန်ဖိုးကို မသိ၍လော ဂရုမပြုမိ၍လောမသိ၊ ပြန်လည်ပြုပြင်မှုများကို ရှေးဟောင်းမူလက်ရာပျက်ယွင်းအောင် ပြုပြင်ကြခြင်းကြောင့် ကုလသမဂ္ဂယူနက်စကိုမှ ရှေးဟောင်းအမွေအနှစ် စာရင်းဝင်အဖြစ် အသိအမှတ်ပြုခြင်း မခံခဲ့ရတော့ပေ။ ယခုအခါ ယဉ်ကျေးမှုဌာနအနေဖြင့် ပုဂံဒေသအား ရှေးဟောင်းအမွေအနှစ် ထွန်းကားရာ နယ်မြေအဖြစ် အသိအမှတ်ပြုရန် ကြိုးပမ်းနေဆဲဖြစ်သည်။ ပြည်ဗိဿနိုး ပျူယဉ်ကျေးမှုထွန်းကားရာ ဒေသကိုကား ယူနက်စကိုမှ ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ် မကြာမီက အသိအမှတ်ပြုခဲ့၍ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ အမြောက်အမြား သွားရောက်လေ့လာလျက်ရှိသည်ကို တွေ့နေရပေသည်။

စတင်ဝင်ရောက်ပြီးနောက် ပထမဆုံး တွေ့ရသော

www.burmeseclassic.com

www.burmeseclassic.com

ညောင်မြစ်အတွင်းမှ ထွက်ပေါ်ခဲ့သော
ဗုဒ္ဓရုပ်ပွားတော်၏ ဦးခေါင်းတော်

မူလပုံစံမပျက် ကျန်ရှိသော ဗုဒ္ဓရုပ်ပွားတော်ကြီး

ဆေတီပျက်တစ်ဆူကို မှတ်တမ်းတင်ဓာတ်ပုံရိုက်ယူပြီး ဆက်ထက်၍ ကျောင်းတော်ကြီးအတွင်း ဝင်ရောက်ခဲ့သည်။ ရှေးဆောင်းစေတီပျက်များကို တစ်ဆူပြီးတစ်ဆူ ဖူးမြင်ရသည်။ ဆေတီတော်များသည် တစ်ဆူနှင့်တစ်ဆူ တည်ထားပုံအနည်းငယ်ကွဲပြားသော်လည်း အများအားဖြင့် ခပ်ဆင်ဆင်တူကြသည်။ ဥဏ္ဏာတော်တို့မှာလည်း တစ်ဆူနှင့်တစ်ဆူ အမြင့်အနှိမ့် သိပ်မကွာလှပေ။

ကျောင်းတော်အတွင်း ဝင်ရောက်ပြီးနောက် ရေတွင်းတစ်တွင်းကိုလည်း တွေ့ရသည်။ ထိုရေတွင်းသည် ဤကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူသည့် ရဟန်းတော်များ သောက်သုံးရန် တူးဖော်တည်ဆောက်ထားခြင်း ဖြစ်သည်။ စာရေးသူတို့ ကျောင်းတော်အတွင်း ဝင်ရောက်ပြီးနောက် ဦးခေါင်းတော်၊ လက်တော်တို့ ကျိုးပဲ့နေသော၊ ခြေထောက်တော်နေရာ၌လည်း ကွဲအက်နေသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ဖူးမြင်ရသည်။ ကျောက်သားအနက်နှင့် ဆုလုပ်ထားခြင်းဖြစ်သည်။ ထိုရုပ်ပွားတော်ဘေး၌ပင် အုတ်ဖြင့် တည်ထားသော ရုပ်ပွားတော်တစ်ဆူကိုလည်း ခါးအထက်ပိုင်း ပျက်စီးလျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူဟန်တစ်ဆူ၊ ထိုနည်းတူ ဦးခေါင်းတော်၊ လက်တော်၊ ခြေတော် မပါသော ရုပ်ပွားတော်တစ်ဆူနှင့် ကျိုးပဲ့နေသော ဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြင်ရလေသောအခါ စာရေးသူအနေနှင့် စိတ်သောကဖြစ်ဖွယ် ခံစားမိလေသည်။ ရုပ်ပွားတော်အပျက်အစီးများသည် သဘာဝဒဏ်ကြောင့် မဟုတ်နိုင်ဘဲ တစ်စုံတစ်ဦး၏ ရိုက်ချိုးဖျက်ဆီးထားဟန် ပေါ်လွင်နေခြင်းကြောင့် ဖြစ်သည်။ ဤကျောင်းတော်ကြီးအတွင်း ရှိ မြောက်မြားစွာသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များမှာ အကောင်းပကတိ မရှိသလောက်ပင် အပိုင်းပိုင်းအပြတ်ပြတ် ဖြစ်လျက်သာရှိသည်။ စေတီပျက်ရှေ့၌ အကောင်းပကတိ ရုပ်ပွားတော်တစ်ဆူကို ရှားရှားပါးပါး ဖူးမြော်ရသည်။

ရုပ်ပွားဆင်းတုတော်များကို လိုက်လံလေ့လာ ကြည့်ရှုနေစဉ် စေတီပျက်တစ်ဆူကို အမြစ်တွယ်၍ မြေပြင်ထက်၌ ပေါက်နေသော သက်ရင့်ညောင်ပင်တစ်ပင်၏ ကြီးမားလှသော အမြစ်များကြား၌ ဗုဒ္ဓမြတ်စွာဘုရား၏ ဦးခေါင်းမဏိတော်ကို ဖူးတွေ့ရလေသည်။ ညောင်မြစ်များ၏ကြား၌ ဗုဒ္ဓရုပ်ပွားတော် မျက်နှာတော်မှာ ကြည်ညိုဖွယ်ပင် ဖြစ်သည်။ စာရေးသူအနေနှင့် ဓာတ်ပုံမှတ်တမ်း ရိုက်ယူပြီး

www.burmeseclassic.com

www.burmeseclassic.com

အဝိုင်းပိုင်းကျီးပျက်နေသော ဇကျာက်နက်ခြင့် ထွင်းထုထားသော ဗုဒ္ဓရုပ်ပွားတော်များ

သည်။ ထိုသစ်ပင်များပေါက်ရာမှ ဗုဒ္ဓမျက်နှာတော်လည်း သစ်ပင်တို့၏ အမြစ်များကြား ဖုံးလွှမ်းခြင်း ခံရလေသည်။ သာသနာနှစ်(၂၅၀၀) ၌ ယဉ်ကျေးမှုဌာနအနေဖြင့် ထိုဗုဒ္ဓဦးခေါင်းတော်ကို သစ်မြစ်များကြား၌ ရှာဖွေနိုင်ခဲ့ခြင်းဖြစ်သည်။ ဗုဒ္ဓဦးခေါင်းတော် ညောင်မြစ်ကြားသို့ ရောက်ရှိ ကိန်းဝပ်တော်မူခြင်းနှင့် ပတ်သက်၍ ဒုတိယဖြစ်နိုင်သည်မှာ ဗုဒ္ဓဦးခေါင်းတော်အား မသမာ ခိုးယူလိုသူသည် ခိုးယူရန် ကြိုးပမ်းရာတွင် ဦးခေါင်းတော်မှာ လေးလံလှ၍ မဟာရံတံတိုင်းကိုကျော်၍ သယ်ယူရန်ကြိုးပမ်းရာ တစ်စုံတစ်ယောက်က မြင်တွေ့၍ ခိုးယူသူသည် သစ်မြစ်ကြား၌ ဝှက်ထားရာမှ အမြစ်များဖုံးလွှမ်းကာ ယခုမျက်မှောက်ကာလ၌ ညောင်မြစ်များကြားတွင် ဖူးမြင်ရခြင်းဖြစ်ပေသည်'ဟု ရေးသားဖော်ပြမှုကို သတိရမိသည်။

ထိုင်းဘုရားဖူးများသာမက နိုင်ငံခြားသားများအနေနှင့်ပင် ညောင်မြစ်ကြား၌ ကိန်းဝပ်တော်မူသည့် ဗုဒ္ဓရုပ်ပွားတော်၏ ဦးခေါင်းတော်အား စိတ်ဝင်တစား ကြည့်ရှုဖူးမြော်ကြသည်။ ဓာတ်ပုံမှတ်တမ်းလည်း ရိုက်ယူကြသည်။ ညောင်မြစ်ကြား၌ စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်၏ ဦးခေါင်းတော်သည် သပ္ပာယ်လှပြီး မြန်မာနိုင်ငံရှိ ဗုဒ္ဓရုပ်ပွားတော်များ၏ မျက်နှာတော်အသွင်အပြင်နှင့်လည်း ဆင်တူလှသည်။

အယုဒ္ဓတစ်(ခ်)ပဟာကျောင်းတော်ကြီးရှိ ရွှေဟောင်းအဆောက်အအုံများကို ဝိုးမှိုးနေသော ညောင်မြစ်များ

Wat Mahathat Temple ခေါ်ကြီးကျယ်ခမ်းနားလှသော မဟာတပ်(ခ်)ကျောင်းတော်ကြီးသည် အယုဒ္ဓယခေတ်ကောင်းစဉ်က ဗုဒ္ဓဘာသာဝင် ရဟန်းတော်များ ဘုန်းတင်းသုံးတော်မူရာ ကျောင်းထောင်ကြီးတစ်ကျောင်း ဖြစ်ပေမည်။ ပျက်စီးနေသော စေတီ၊ ပုထိုကျောင်းတော်များအား ကြည့်ရှုခြင်းဖြင့် သိသာနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com


အုတ်ဖြင့် တည်ထားခဲ့သော ဗုဒ္ဓရုပ်ပွားတော်ကြီး ပျက်စီးနေစဉ်

ကျောင်းတော်ကြီးအတွင်းရှိ ကျိုးပဲ့ပျက်စီးနေသော ကျောက်နှင်ဖြင့် ထုလုပ်ထားသည့် ဗုဒ္ဓရုပ်ပွားတော်များမှာ လက်ရာမြောက်မြားသည်။ တချို့ရုပ်ပွားတော်များသည် ဦးခေါင်းတော် မရှိသလို တချို့ရုပ်ပွားတော်များသည် နှစ်ပိုင်း သုံးပိုင်း ကျိုးပဲ့လျက်ရှိသည်။ တချို့မှာကား တင်ပျဉ်ဖွဲ့ ထိုင်တော်မူရာ ခြေတော်အပိုင်းသာ ကျန်နေသည်ကို တွေ့မြင်ရသည်။ အကောင်း ပကတိ ဖူးမြော်ရသည့် ရုပ်ပွားတော်ကား မရှိသလောက်ပင် ဖြစ်သည်။ သဲကျောက်အနက်ဖြင့် ထုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်များမှာ ကျောင်းတိုက်အတွင်း၌ ရာဂဏန်းပင် ရှိလေသည်။ အားလုံးနီးပါးပင် အပိုင်းပိုင်းကျိုးပဲ့လျက် ရှိသည်။

မဟာတပ်(ခ)်ကျောင်းတိုက်ကြီးအတွင်းရှိ ကျောက်နှင်ထုလုပ်ထားသည့် ရုပ်ပွားတော်၊ ရုပ်တုတော်တို့ အပိုင်းပိုင်းကျိုးပဲ့နေသော်လည်း ဉာဏ်တော်မြင့်မားသည့် အုတ်နှင့် တည်ထားသော ရုပ်ပွား၊ ရုပ်တုတော်ကြီးများမှာ ပြိုကျက်ခြင်းတချို့ရှိသော်လည်း တချို့မှာ အကောင်းပကတိ အတိုင်း ရှိလေသည်။ နှစ်ကာလကြာရှည်သောကြောင့် အင်္ဂေါဇာမှုမှလွဲ၍ ကျိုးပဲ့ပျက်စီးခြင်း မရှိသည်ကို တွေ့ရှိရသည်။ အုတ်ဖြင့် တည်ထားသော ဗုဒ္ဓရုပ်ပွားတော်တို့သည် ဉာဏ်တော်မြင့်မားရုံသာမက သမ္မာယ်လည်း လက်ရာမြောက်လှသည်။ အင်္ဂါနှံးရုံထားပုံမှာလည်း သဘာဝကျလှသည်။ ပုဂံခေတ်နှောင်းပိုင်းကာလ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝခေတ်နှင့် အပြိုင်တည်ထားသော ဗုဒ္ဓရုပ်ပွားတော်ကြီးများမှာ လက်ရာများပင်ဖြစ်မည်ဟု ခန့်မှန်းရသည်။ မဟာတပ်(ခ)်ကျောင်းတော်ကြီးသည် အယုဒ္ဓယခေတ်၏ အဆင့်မြင့်လှသော ယဉ်ကျေးမှုကောလက်ရာများကို ဖော်ကျူးနေသည့်ပမာပင် ဖြစ်တော့သည်။

ကျောင်းတော်ကြီးအတွင်းသို့ ဝင်ရောက်မိသောအခါ ရှေးခေတ် ယိုးဒယားယဉ်ကျေးမှုအရ တည်ထားသော စေတီတော်အဆူဆူကို ကျောင်းတော်ကြီးအတွင်းနှင့် ကျောင်းတော်ကြီး ပတ်ဝန်းကျင်တို့၌ ဖူးတွေ့ရသည်။ စေတီတော်အများစုမှာ ယိုးဒယားနိုင်ငံအနှံ့၌ တွေ့ရသော ရှေးဟောင်းလက်ရာ မုခ်ပေါက်လေးပေါက်နှင့် တည်ထားသော စေတီတော်များဖြစ်သည်။ ဒေါင်လိုက်ဉာဏ်တော်အမြင့်ထား၍ပြိုအုတ်ဖိနပ်မှာ အဝိုင်းသဏ္ဌာန် တည်ထားသည်။ ထိုစေတီတော်များသည် အထွတ်၌ ပျက်စီးနေ၍ တင်လှူထားသော ထီးတော်၊ သင်္ကန်းကိုကား မဖူးမြင်ရပေ။

ကျောင်းတော်ကြီး၏ အုတ်နံရံကြီးများကို ကြည့်ရှုခြင်းဖြင့်
မဟာ(ခ)ကျောင်းတော်ကြီးသည် မည်မျှကြီးမားမည်ကို ခန့်မှန်းနိုင်သည်

www.burmeseclassic.com

www.burmeseclassic.com

ကျောက်နက်ဖြင့် ထွင်းထုထားသော ချပ်ပွားတော်အပိုင်းပိုင်းပြတ်နေသည်ကို စိတ်မကောင်းစွာ ဖူးမြင်ရစဉ်

နောက်စေတီတစ်မျိုးမှာ မြန်မာနိုင်ငံရှိ စေတီများနည်းတူ တည်ထားသော စေတီမျိုး ဖြစ်သည်။ အောက်ခြေဖိနပ်တော် အဝိုင်းပေါ်၌ ဖောင်းရစ်များဖြင့် ဖွဲ့စည်းတည်ထားသော စေတီဖြစ်သည်။ ဖောင်းရစ်များအပေါ်၌ ခေါင်းလောင်းပုံ တည်ထားသည်။ ထိုခေါင်းလောင်းပုံအထက်၌ ဖောင်းရစ်များဖြင့် မြင့်မြင့်မားမား ဖွဲ့စည်းတည်ထားသည်။ မြင့်မားလှသော ကျောက်ထီးတော်ကိုလည်း ဖူးတွေ့ရသည်။ ကျောက်ထီးတော်အထက်၌ မည်သည့်အရာမှ တင်လှူထားခြင်း မရှိသည်ကို ယိုးဒယားနိုင်ငံရှိ စေတီများနည်းတူ ဖူးတွေ့ရသည်။ ဘန်ကောက်မြို့ရှိ မြဘုရား၌လည်း ထိုပုံသဏ္ဌာန်တည်ထားသော စေတီများကိုလည်း ဖူးတွေ့နိုင်သည်။ မြဘုရားဆောင်းပါး၌ ပါရှိသည့် ဓာတ်ပုံများကို လေ့လာနိုင်သည်။ ယခုဖူးတွေ့ရသော စေတီပုံသဏ္ဌာန်များကို မဟာတပ်(ချ)ကျောင်းတော်ကြီးအတွင်း၌ သုံးလေးငါးဆူမျှသာ ဖူးမြင်ရသည်။

ကျောင်းတော်ကြီးအနီးရှိ စေတီပျက်ကြီးတစ်ဆူကိုလည်း ထူးထူးဆန်းဆန်း ဖူးရသည်။ ထိုစေတီတော်ကြီးမှာ အကောင်းပကတိ တည်ရှိစဉ်က ဉာဏ်တော်အလွန်မြင့်မားမည်ကို ခန့်မှန်း၍ သိရှိနိုင်သည်။ ပစ္စယာအဆင့်ဆင့်ကို တက်ရောက်ရန် လှေကားထစ်များ ထားရှိသည်ကို တွေ့ရသည်။ လှေကားနှစ်စင်းကို အကောင်းပကတိ တွေ့ရပြီး တတိယလှေကားမှာ ပျက်စီးလျက်ရှိသည်။ လှေကားသုံးစင်း အဆုံး၌ စေတီတော်တည်ထားခြင်းဖြစ်ရာ အောက်ခြေမှ တိုင်းတာလျှင် ဉာဏ်တော်အတော်ပင်မြင့်မားမည်ကို မှန်းဆ၍ရသည်။ လှေကားထစ်များ အဆုံး၌ စေတီတော်၏ ကိုယ်လုံးတော်ကို စတင်တည်ထားကြောင်း တွေ့ရသည်။ စေတီတော်လုံးပတ်မှာ ပြိုကျပျက်စီးလျက်ရှိ၍ မူလစေတီတော်၏ ပုံတော်ကိုပင် မှန်းဆရခက်လှသည်။

လှေကားထစ်များဖြင့် ပစ္စယာအဆင့်ဆင့်ကို တက်ရောက်ရသော စေတီတော်များကို ပုဂံခေတ်၌လည်း ဖူးတွေ့နိုင်သည်။ ရွှေစည်းခုံစေတီ၊ ရွှေဆံတော်စေတီတို့အပြင် ပုဂံခေတ် စေတီအတော်များများကို ပြင်ပလှေကားဖြင့် တက်ရောက်ဖူးမြော်နိုင်သည်ကို သတိပြုမိသည်။ အရှေ့တောင်အာရှ ခေတ်ဟောင်းနိုင်ငံများ၏ ယဉ်ကျေးမှုဗိသုကာလက်ရာများသည် ဒေသတစ်ခုမှ ဒေသတစ်ခုသို့ ဆက်နွယ်ပြန့်ပွားခဲ့သည်မှာ အစဉ်အလာပင် ဖြစ်သည်။

မဟာတပ်(ချ)ကျောင်းတော်ကြီးသည် အလွန်ပင်ကျယ်ပြန့်လှသော ကျောင်းတော်ကြီးတစ်ကျောင်းပင် ဖြစ်သည်။ ဘည်ဆောက်ခဲ့သော အဆောက်အအုံများ၏ အုတ်ခဲ့၊ အုတ်ရိုး၊ အုတ်မြစ်တို့မှာ ကြီးမားခိုင်ခံ့လှသည်။ ထုထည်ကြီးမားလှသည်ကို တွေ့ရခြင်းအားဖြင့် အဆောက်အအုံများမှာလည်း ကြီးမားခဲ့ညားမည်ကို မှန်းဆနိုင်သည်။ တံခါးပေါက် ဖောက်လုပ်ထားပုံမှာလည်း ခိုင်ခံ့လှသည်။ တံခါးပေါက်အုတ်တိုင် တည်ဆောက်ပုံ၊ တံခါးပေါက်အထက်အုတ်စီ၍ ထုတ်တန်းပြုလုပ်ထားပုံတို့မှာ ဗိသုကာလက်ရာမြောက်လှသည်။ ကျောင်းတော်ကြီးအတွင်း၌လည်း အုတ်တိုင်လုံးများမှာ ခိုင်ခံ့ကြီးမားလှသည်။ အုတ်တိုင်လုံးများနည်းတူ တစ်ပိုင်းတစ်စ ကျန်ရှိသော ထုထည်ကြီးမားလှသည့် အုတ်နံရံများမှာလည်း ကျောင်းတော်ကြီး ကြီးမားလှကြောင်းကို ဖော်ကျူးလျက်ရှိသည်။

စာရေးသူအနေနှင့် ထုထည်ကြီးမားလှသော အုတ်ခြေအုတ်ခဲများကိုလည်းကောင်း၊ ကြီးမားလှသော အုတ်တိုင်လုံးကြီးများကိုလည်းကောင်း၊ ထုထည်ထူထပ်လှသော အုတ်နံရံကြီးများကိုလည်းကောင်း၊ အုတ်စီတံခါးပေါက်

www.burmeseclassic.com

www.burmeseclassic.com

ကိုးသည်းကောင်း၊ မဟာတပ်(ချ်)ကျောင်းတော်ကြီး၌ မြင်ရသောအခါ အယုဒ္ဓယကောင်းစားစဉ်အခါက ယိုးဒယားမင်းအဆက်ဆက် ကိုးကွယ်ရာ၊ မင်းဆရာတော်ကြီး များ သီတင်းသုံးတော်မူရာ ကျောင်းတော်ကြီးတစ်ခု ဖြစ်ခဲ့မည်ဟု ခန့်မှန်းကြည့်မိသည်။ ထို့ကြောင့်လည်း ကျောင်းတော်ကြီးအတွင်း၌ ဗုဒ္ဓရုပ်ပွားတော်အဆူဆူကို မြောက်များလှစွာ ထုဆစ်တည်ထား ကိုးကွယ်ခဲ့ခြင်း ဖြစ်ပေမည်ဟုလည်း တွေးမိသည်။

ထိုနည်းတူ ကျောင်းတော်ကြီး၏ ပရိဝုဏ်အတွင်း ရှိသည်း စေတီတော်ပေါင်းများစွာကို ခုံညားစွာ ဉာဏ်တော်မြင့်မားစွာတည်ထားရာ ပုဂံဒေသရှိ ရှေးဟောင်းစေတီများအား ဖူးမြင်ရသောကြောင့် အယုဒ္ဓယခေတ်အဆက်ဆက် မင်းအစဉ်အဆက်၏ ကုသိုလ်မှုများပင် ဖြစ်မည်ဟုလည်း ယူဆမိသည်။ မဟာတပ်(ချ်)ကျောင်းတော်ကြီးသည် မင်းအဆက်ဆက်၏ ကိုးကွယ်ရာ ကျောင်းတော်ကြီးတစ်ဆူဖြစ်ကြောင်းကိုကား Ayuthaya အယုဒ္ဓယဟူသော သမိုင်းစာအုပ်ကို ဖတ်ရှုလေ့လာသောအခါ၌ အထင်အရှား သိရှိရသည်။

♦ ♦ ♦

Wat Mahathat ဝပ်မဟာတပ်(ချ်)ကျောင်းတော်ကြီးသည် ခရစ်နှစ်(၁၃၇၄)ခုနှစ်တွင် King Borommar Chathirat I (ပထမ ကိုရွှန်မချာသီရက်ဘုရင်)က စတင်တည်ဆောက်ခဲ့သည်။ King Ramesuan (1388-1395) ဘုရင် ရာမည်ဆွန် လက်ထက်၌ တည်ဆောက်မှု ပြီးစီးခဲ့သည်။ King Song Than (16-10-1628) လက်ထက်၌ ပြီးပျက်ခဲ့သည်။ King Prasattong (1630-1655) လက်ထက်၌ မူလအတိုင်း ပြန်လည်တည်ဆောက်ခဲ့သည်။ King Borommakot (1732-1758) လက်ထက်၌ စေတီတော်လေးဆူတို့ကို အသစ်တည်ထားခဲ့ပြန်သည်။

အယုဒ္ဓယ၌ နန်းစံသော မင်းအဆက်ဆက်၏ ပြုပြင်တည်ဆောက်မှုကြောင့် မဟာတပ်(ချ်)ကျောင်းတော်ကြီးသည် စေတီ၊ ပုထိုး၊ ရုပ်ပွားဆင်းတုတော်များနှင့် လွန်စွာကြီးမားခမ်းနားလှသော ဘုရားကျောင်းတော်ကြီးအဖြစ် ရပ်တည်နိုင်ခဲ့သည်။ မင်းအစဉ်အဆက် ကိုးကွယ်တော်မူရာ မင်းကျောင်း၊ Royal Monastery အဖြစ် အသိအမှတ်ပြုခြင်းခံရသည်။

ထိုကြီးကျယ်ခမ်းနားလှသော ကျောင်းတော်ကြီးသည် ခရစ်နှစ်(၁၇၆၇)ခုနှစ်၌ မီးလောင်ပျက်စီးခဲ့ရသည်။ ကုန်း

တရိုတ်ခါးထုတ်တန်းအား အင်္ဂတေလောင်း၍ တည်ဆောက်ထားပုံမှာလည်း ခေတ်ထက် ရှေ့ရောက်ခဲ့သည်

တံခါးပေါက် ထုတ်တန်းတို့ကို အုတ်စီ၍ အခိုင်အခဲ့ တည်ထားပုံမှာ အတုယူဖွယ်

www.burmeseclassic.com

www.burmeseclassic.com

ဘောင်ခေတ်ဦး ဆင်ဖြူရှင်မင်းလက်ထက် ယိုးဒယားသို့ စစ်ဆင်သိမ်းပိုက်ရာတွင် အယုဒ္ဓယမြို့ကို သိမ်းပိုက်ပြီး နောက် စစ်သုံ့ပန်းများ၊ မင်းဆွေမင်းမျိုးများ၊ အနုပညာရှင်များ၊ အတတ်ပညာရှင်များကို အင်းဝသို့ ခေါ်ဆောင်ခဲ့သည်။

ယိုးဒယားတို့ ရေးသားသည့် Ayutthaya စာအုပ်၌ မဟာတပ်(ချ်)ကျောင်းတော်ကြီးသည် မြန်မာတပ်များ မီးရှို့ဖျက်ဆီး၍ ပျက်စီးရကြောင်း ဖော်ပြထားသည်။ စာရေးသူတို့၏ မြန်မာပညာရှိ ဦးမောင်မောင်တင် ရေးသားသော ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ပထမအကြိမ်ထုတ်၊ ပထမတွဲ၊ စာမျက်နှာ(၄၁၉)၌ အယုဒ္ဓယမြို့ သိမ်းပိုက်ပုံကို ရေးသားဖော်ပြရာတွင်-

"သက္ကရာဇ်တစ်ထောင့်တစ်ရာနှစ်ဆယ့်ကိုး ဦးတန်ရှုးလဆန်း တဆယ့်တစ်ရက် ကြာသပတေးနေ့၊ မြို့လေးမျက်နှာ ရံတပ်တော်များက ဗိုလ်မှူး၊ တပ်မှူးများ၊ ရဲမက်တော်အပေါင်းတို့ မြို့တွင်းသို့ ချဉ်းနင်းဝင်မိလျှင် မြို့တွင်းမှာ ရှိသည့် အိမ်ရာ၊ ကျောင်း၊ ကုန်း၊ ဇရပ်၊ တန်ဆောင်းများကို အနှံ့အစပ် မီးထင်းတိုက်၍ သုံ့ပန်း ဖမ်းယူကြသည်" ဟု အထင်အရှား ရေးသားချက်အရ မြန်မာတပ်သားတို့သည် ကျောင်း၊ ကန်၊ ဇရပ်၊ တန်ဆောင်းများကို ဖျက်ဆီးမီးရှို့ခဲ့သည်မှာ အမှန်ပင်ဖြစ်ကြောင်း တွေ့ရသည်။

စာရေးသူအနေနှင့် အယုဒ္ဓယ အမည်ရှိ စာအုပ်ကို ဖတ်စဉ်က ယိုးဒယားတို့အနေနှင့် မဟုတ်မမှန် ရေးသားခဲ့သလောဟု အထင်ရှိခဲ့သည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကို ဖတ်ပြီးသောအခါ၌ မဟာတပ်(ချ်)ကျောင်းတော်ကြီးကို မြန်မာစစ်သားများ မီးရှို့ဖျက်ဆီးခဲ့သည်မှာ အမှန်ပင်ဖြစ်နိုင်ကြောင်း ကောက်ချက်ချနိုင်ခဲ့သည်။ ထို့ကြောင့် စစ်ပွဲသည် လူသားတို့အတွက် မည်သည့်ကောင်းကျိုးမျှ မပေးနိုင်ရုံသာမက လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်၊ ခေတ်အဆက်ဆက်က တည်ရှိခဲ့သော ယဉ်ကျေးမှုအနုပညာ၊ ဗိသုကာလက်ရာများ ပျက်စီးခဲ့ပုံကို တွေးရင်း ကမ္ဘာပေါ်၌ စစ်ပွဲများ ပျောက်ကွယ်ကာ ငြိမ်းချမ်းရေးရောင်ခြည်များသန်းပြီး လူသားအပေါင်း စိတ်သုခ၊ ကာယသုခအပေါင်းနှင့် ပြည့်ဝစေကြောင်း ဆန္ဒပြုလိုက်ရပေသည်။

♦ ♦ ♦

ဘုရားရုပ်ပွားတော်များ အပိုင်းပိုင်းကျိုးလျက် စေတီ



အပေါ်ပစ္စယာ၌ မှန်ပေါက်ဖြင့် တည်ဆောဖြူး
ခေါင်းလောင်းမှာတ် အထက်၌
ကျောက်ထီးတော် တင်ထားသော စေတီ

တော်များနှင့် အုတ်နံရံများ မီးလောင်ပျက်စီးနေပြီး အုတ်ရိုးအုတ်ခုံမျှသာ ကျန်ရစ်နေသည်။ Wat Mahathat Temple မဟာတပ်(ချ်)ကျောင်းတော်ကြီးအနှံ့ စာရေးသူတို့မိသားစု လေ့လာခဲ့ပြီး အယုဒ္ဓယရှိ တခြားလေ့လာစရာ၊ ဖူးမြော်စရာ စေတီတော်များရှိရာသို့ သွားရောက်ရန် ထွက်ခွာခဲ့ကြသည်။

မဟာတပ်(ချ်)ကျောင်းတော်ကြီးအတွင်းသို့ ဝင်ရောက်ရန် ဘတ်(၅၀)(ကျပ် ၁၆၀၀)ခန့် ဝင်ကြေးပေးရပြီး ကျောင်းတော်ကြီးအတွင်း၌ နိုင်ငံခြားသား ခရီးသည်များဖြင့် စည်ကားလျက်ရှိသည်ကိုလည်း တွေ့ရသည်။ အယုဒ္ဓယသို့ ရောက်ရှိပါက Wat Mahathat Temple သို့ သွားရောက်လေ့လာဖူးမြော်ရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

တက္ကသိုလ်မျိုး

မှီငြမ်း

(၁) Ayutthaya Mr Chaiwat Worachetwarawat.
(၂) ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ ပထမတွဲ (ဦးမောင်မောင်တင်)။
(၃) ကိုယ်တိုင်သွားရောက် ဖူးမြော်လေ့လာခြင်း။

www.burmeseclassic.com

www.burmeseclassic.com

မြိတ်ပန်းပွင့်

ကလေးအာဟာရအားဆေး

ကလေးများ အားအင်ပြည့်ဖြိုးရန် စိတ်ရှည်လန်းစေခြင်း
အစာစားချင်စိတ်ကို ဖြစ်ပေါ်စေ၍ အစာကြေလွယ်ခြင်း
နှစ်ခြိုက်စွာအိပ်ပျော်စေ၍ ပုံ့.ဖြိုးကြီးထွားမှုကိုဖြစ်စေခြင်း
ဗျက်လတ်တက်ကြွ၍ ထူးချွန်ထက်မြက်စေခြင်း

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆YR၀၄၇၂၂

မြိတ်ပန်းပွင့်

သွေတိုး၊ နလုံးသွေးကြောကျဉ်းသောက်ဆေး

သွေတိုး နလုံးသွေးကြောကျဉ်းခြင်း၊ အသဲအဆီဖုံးခြင်း၊
ရင်ဘတ်-ကျောတင်းခြင်း၊ အောင့်ခြင်း၊ အဝလွန်ခြင်း၊
ခေါင်းအုံ/လေးခြင်း၊ ဗျက်နှာအမ်းခြင်း၊ ဆီးချို-သွေးချိုဖြစ်ခြင်း၊
မီးယပ်ထိန်ဂုပ်ခြင်း၊ မူးမော်ခြင်းများအတွက် အထူးကောင်းမွန်သော
ဆေးစွမ်းကောင်းဘစ်လက်ဖြစ်ပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆YR၀၄၇၂၁

ဧော်ဘွား

အကြောပြေလိမ်းဆေး

အဆစ်အမြစ်ရောင်ခြင်း၊ လေးဘက်နာရောဂါ၊ ခါးနာ၊
အကြောတင်၊ အကြောလွဲခြင်း၊ ပခုံးကပ်၊ ဂက်ကြောတက်၊
မူးဝေခြင်း၊ ကြွက်တက်ခြင်း၊ ချောင်းဆိုးရင်ကြပ် သလိပ်ကပ်ခြင်း
စသည့်ဝေဒနာများ ခံစားနေရပါက မိမိလိမ်းလိုသောနေရာတွင်
ဤဆေးကို အသားထဲသို့ စိမ့်ဝင်သွားအောင် နှာနာပွတ်လိမ်းပါက
အချိန်အနည်းငယ်အတွင်း သက်သာပျောက်ကင်းစေပါသည်။

မြို့တွင်းနှင့်ပွဲဆေးတိုက်၊ အမှတ် (၈၃)၊ ဥတ္တရလမ်း၊ အလုံပြည့်နယ်၊ ရန်ကုန်မြို့။ ☎ - (၀၁) ၂၂၇၃၆၈

www.burmeseclassic.com

www.burmeseclassic.com

ဖျာပုံမြို့
ပြည်လုံးချမ်းသာ သာစည်ဘုရားကြီး

ဖျာပုံမြို့ကို ကျွန်တော့်မြို့ဟု ပြောလျှင် အပြစ်တင်ကြမည်။ မည်သို့ပင်ဆိုစေ ကျွန်တော်ကား ဖျာပုံသားစစ်စစ် သာတည်း။ ဖျာပုံသူနှင့် ဖူးစာဆုံကာ (၁၉၈၀)ပြည့်နှစ်မှစ၍ ဖျာပုံသို့ စုန်ဆန်သွားလာရတော့၏။ ဖျာပုံတွင် ထင်ရှားသော ခရေပင်ဈောက်ထိုး၊ လိပ်ဥကုန်းဘုရား၊ ရာမ၊ မင်းကျောင်းတို့မှာ သမိုင်းဝင်လျက်ရှိသည်။ ဟိုတုန်းက သာစည်ဘုရားကြီးမှာ တန်ဆောင်း၊ ပြာသာဒ်ဟောင်းကြီးထဲတွင် မထင်မရှား စံပယ်တော်မူနေရသည်။

ဖျာပုံမြို့သည် ဖျာပုံမြစ်ပေါ်ဝယ် လှပသေသပ်စွာ တည်ရှိနေသည်။ ဖျာပုံမြို့မှာ အနုပညာ၊ စာပေပညာရှင်များ ထွန်းကားရာမြို့ဖြစ်သည်။ ရုပ်ရှင်၊ ဂီတ၊ စာပေများတွင် ထင်ရှားထူးချွန်ထက်မြက်သူများ ပေါ်ထွက်ခဲ့သည်။ ပင်လယ်နှင့် နီးသောကြောင့် ရေလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်။ ဆန်စပါးစိုက်ပျိုးရေးမှာလည်း ပင်မကျသည်။ ဖျာပုံဆန်မှာ ဈေးကွက်ဝင်သည်။ စိုက်ပျိုးမွေးမြူရေးတွင်လည်း ဝင်ငွေကောင်းလျက် ရှိသည်။

ဓရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့ကို မွန်တို့က ထမင်းဈေးဟု ခေါ်ဆိုခဲ့ကြကြောင်း သမိုင်းရာဇဝင်တွင် ရှိခဲ့သည်။ ဖျာပုံခရိုင်၊ ဖျာပုံမြို့အဖြစ် မသတ်မှတ်ခင်အချိန် မအူပင်ခရိုင်က မြို့အုပ်ရုံးဝန်ထောက်များက အုပ်ချုပ်လာခဲ့သည်။ မအူပင်မြို့က တိုက်ရိုက်အုပ်ချုပ်ရသောကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့် အုပ်ချုပ်မှုကိစ္စများ ခက်ခဲမှုရှိလာသည်။ အဆက်အသွယ် ကူးသန်းသွားလာရေးမှာ အဆင်မပြေဖြစ်နေတော့၏။ ထို့ကြောင့် ဒေသန္တရအုပ်ချုပ်ရေး ကောင်းမွန်ဖွံ့ဖြိုးတိုးတက်စေရန် ဖျာပုံမြို့ကို မြို့အဖြစ် တိုးမြှင့်ခဲ့သည်။

အစပထမတွင် ဖျာပုံမြို့ကို ထမင်းဈေးရွာ၊ သာစည်ရွာ၊ ချောင်းတွင်းရွာ သုံးရွာပေါင်းစု၍ ဖျာပုံဟု ခေါ်တွင်ခဲ့သည်။ မြန်မာသက္ကရာဇ်(၁၂၆၄)ခုနှစ်၊ ခရစ်နှစ်(၁၉၀၂)ခုနှစ်တွင် ဖျာပုံမြို့ဟု သတ်မှတ်ခဲ့ရသည်။ နောက်ပိုင်းတွင် စီရင်စုမြို့တော်အဖြစ် တိုးတက်လာခဲ့သည်။ ဖျာပုံခရိုင် အရေးပိုင်မင်း ရုံးစိုက်ခဲ့ရသော မြို့ကြီးဖြစ်လာကြောင်း ဖျာပုံမြို့ ဖြစ်စဉ်မှတ်တမ်းများတွင် တွေ့ရှိရသည်။ ဖျာပုံမြို့သည် မြစ်ကြောင်းအတိုင်း မြို့တည်ထားခဲ့သည်။ မြစ်နှင့် မြို့အလှသည် လိုက်ဖက်နေသည်။ ဖျာပုံမြစ်ကို အခြေပြု၍ ဖျာပုံမြို့သည် သင်္ဘောဆိပ်တစ်ခုအဖြစ် ထင်ရှားလာသည်။ ဟိုယခင်က လှေ၊ သင်္ဘော၊ စက်လှေတို့သာ အဓိကထားသွားလာကြရသည်။ ကုန်းလမ်းထက် ရေလမ်းခရီးကိုသာ ဦးစားပေးထားသည်။

ဖျာပုံမြို့မဖြစ်ခင် ဖျာပုံရွာအဖြစ်ရှိစဉ်က ဖျာပုံရွာနှင့် ကပ်လျက်ရှိနေသော သာစည်ရွာမှာ သာသနာထွန်းကားခဲ့သည်။ သာစည်ရွာကလေးမှာ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များဖြင့် စည်ကားနေသည်။ သာစည်ရွာတွင် ဒါနကုသိုလ်အလှူရှင် ဦးသူငယ်နှင့် ဦးညွှန့်တို့ဦးဆောင် အများကောင်းမှု အကြောင်းပြု၍ ပြည်လုံးချမ်းသာ သာစည်ဘုရားကြီး ထွန်းသစ်ပေါ်ထွက်လာခဲ့သည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ သာသနာအကျိုးဆောင်မှုကြောင့် မြန်မာသက္ကရာဇ်(၁၂၄၉)ခုနှစ်၊ ခရစ်နှစ်(၁၈၈၇)ခုနှစ်တွင် ရှေးဟောင်းသမိုင်းဝင် ပြည်လုံးချမ်းသာ သာစည်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပွင့်ထွန်းလာခဲ့၏။

ရှေးဟောင်းသမိုင်းဝင် ပြည်လုံးချမ်းသာ သာစည်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဘုရားတော်အမြင့်မှာ စမ္မခဏ်မှ ဦးသွေ့ဘုတော်အထိ (၃၀)ပေ (၆)လက်မ ရှိသည်။ စမ္မခဏ်မှ ပလ္လင်ခြေအထိ (၅)ပေ (၆)လက်မ၊ စုစုပေါင်း အမြင့် (၃၆)ပေရှိသည်။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ဖျာပုံမြစ်ဘက်သို့ မျက်နှာမူ၍ သပ္ပာယ်စွာ တည်ရှိနေပါသည်။ သာစည် သမိုင်းဝင်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ချိန်တွင် ဖျာပုံမြို့ မတွင်မီ (၁၅)နှစ်စောနေ၏။ သမိုင်းအထောက်အထားခိုင်လုံလှသော ရှေးဟောင်းသမိုင်းဝင် ကုန်းဝင် ရုပ်ပွားတော်မြတ်ကြီးဖြစ်သည်။ ယခုအခါတွင် နှစ်ပေါင်း(၁၃၀)ပြည့်နှစ်သို့ ရောက်ရှိတော့မည်ဖြစ်၏။

နှစ်ပေါင်းတစ်ရာကျော်အတွင်း နေဒဏ်၊ မိုးဒဏ် လေဒဏ်များကို ကြံ့ကြံ့ခံကာ စံပယ်တော်မူခဲ့ရသည်။ ဗုဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com

မြစ်ကမ်းဘေးတွင် တည်ရှိနေသောကြောင့် ရေတိုက်စားကမ်းပြိုမှု သဘာဝဘေးဒဏ်ကိုလည်း ခံနေရသေးသည်။ ရင်ပြင်တော်များနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရာ တန်ဆောင်း၊ ပြာသာဒ်တော်ကြီးမှာ ဆောင်းနွမ်းယိုယွင်း ပျက်စီးသွားခဲ့သည်။ ပြည်လုံးချမ်းသာသာစည်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှာ ဘုရားဖူးသူများလည်း ရောက်ဘဲ ရှိနေသည်။ ပြန်လည်ပြုပြင်ထိန်းသိမ်းမည့် ဒါန ကုသိုလ်ရှင်များလည်း မပေါ်ပေါက်ဘဲ ရှိနေကြ၏။ တရား ဘာဝနာ စီးဖြန်းအားထုတ်သူများလည်း အလာကြဲ၍ နည်းပါးသွားလေသည်။

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ဝယ် မြက်ပင်ချုံနွယ်များ ထူထပ်စွာပေါက်ရောက်နေသည်။ ဘုရားအနီးဝန်းကျင်တွင်လည်း အရပ်ဆိုးအကျည်းတန်လျက်ရှိနေသည်။ အခြေအနေမဲ့ မသူတော်တို့ကျင့်လည်ကျက်စားရာနယ်မြေ ဖြစ်နေဟော၏။ ဖျာပုံမြို့ကျက်သရေဆောင်ခဲ့သော ပြည်လုံးချမ်းသာ သာစည်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ သာသနာဆောင်ဝါ မှေးမှိန်သွားသည်သို့ ကြုံတွေ့ခဲ့ရသည်။ သာစည်ဘုရားကြီး တည်ရှိရာ အပါအဝင် ဖျာပုံမြို့ ကမ်းနားတစ်လျှောက်တွင် (၁၉၈၇)ခုနှစ်မှ (၂၀၁၀) ပြည့်နှစ်အတွင်း ရေစီးကမ်းပြိုမှု လျော့နည်းသွားခဲ့သည်။ သို့သော် (၂၀၁၁) ခုနှစ်၊ ဇန်နဝါရီလတွင်မူ ကမ်းပြိုမှုများဆက်တိုက်ဖြစ်ပေါ်လာခဲ့သည်။ ယခုအခါတွင်မူ ရေကာတာတမံများ အခိုင်အမာဆောက်လုပ်ထားရှိပြီးဖြစ်သည်။

(၂၀၀၈)ခုနှစ်၊ မေလ (၂)ရက်နေ့ညတွင် ပြင်းထန်စွာ တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းကြီးသည် မြစ်ဝကျွန်းဒေသတစ်ခုလုံးကို စိစိညက်ညက်ကြေအောင် ဝါးမျိုသွားခဲ့သည်။ ဆိုင်ကလုန်းမုန်တိုင်း လေအရှိန်ကြောင့် သာစည်ဘုရားကြီး ကိန်းဝပ်စံပယ်တော်မူခဲ့သော တန်ဆောင်း၊ ပြာသာဒ်တော်ကြီး ပြိုကျမြေခသွားခဲ့သည်။ ဘုရားကြီးရှေ့ ရင်ပြင်တော်များမှာလည်း ပျက်စီးသွားခဲ့လေသည်။ (၂၀၀၈)ခုနှစ် တစ်နှစ်ပတ်လုံး ပြည်လုံးချမ်းသာ သာစည် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် သဘာဝဘေးဒဏ်ကြီးကို ကြုံကြိုခံရင်း ခန္ဓိပါရမီဖြင့် သီတင်းသုံးခဲ့ရသည်။ ဖျာပုံမြို့တွင် နေပူခံကိုယ်တော်ကြီးအဖြစ် ရပ်တည်လျက်ရှိတော့၏။ မိုးရွာရွာ၊ နေပူပူ၊ လေတိုက်တိုက် ဗုဒ္ဓရုပ်ပွားတော်ကြီးသည် လောကခံကို အနှံတုကာ ကျိန်းစက်နေခဲ့ရ၏။ လောကသဘာဝများထဲတွင် ဆန်းကြယ်သော အကြောင်းတရားများ ရှိနေသည်။

ထူးထူးဆန်းဆန်းဖြစ်စဉ် အကျိုးတရားတစ်ခုမှာ နာဂစ်မုန်တိုင်း ညအချိန်ဖြစ်သည်။ ဖျာပုံမြစ်အတွင်း မုန်တိုင်းဒဏ်လွတ်ကင်းရန် ခိုလှုံကြရသည်။ မြစ်အတွင်း ရပ်တန့်နားနေသော ပင်လယ်ငါးဖမ်းရေယာဉ်များ ကျောက်ချရပ်တန့်မရ

www.burmeseclassic.com

www.burmeseclassic.com

အောင် လှိုင်းကြီးလေထန် ဖြစ်ရပ်မှန်တစ်ခုပင်။ ဖျာပုံမြစ်ကို အစုန်အဆန် မောင်းနှင်ပြီး လှိုင်းလေအရှိန်အဟုန် မြင့်မား ပြင်းထန်လှသော နာဂစ်မုန်တိုင်းဒဏ်ကို အလူးအလဲ ခံစား နေကြရရှာတော့၏။

ဖျာပုံမြစ်ကမ်းနဖူးတွင် တည်ရှိတော်မူနေသော ပြည်လုံးချမ်းသာ သာစည်ဘုရားကြီးကို ရေလုပ်သားတို့ မျက်စိထဲတွင် မြင်ယောင်ပေါ်လွင်ထင်ရှားလာတော့သည်။ လှိုင်းကြီး လေထန် မုန်တိုင်းရံနေသော အခါသမယတွင် ရေလုပ်သားအပေါင်းတို့သည် မိမိတွေ့ကြုံရင်ဆိုင်နေရသော မုန်တိုင်းဘေးဒဏ်က လွတ်မြောက်ကာ အန္တရာယ်ရန်စွယ်ရှင်းလင်းပေးပါရန် စိတ်ရောကိုယ်ပါ သစ္စာပြုဆုတောင်းခဲ့ကြသည်။

နာဂစ်မုန်တိုင်းညက တောင်းဆုထူးသည် ရေလုပ်သား အပေါင်းတို့ကို ကယ်တင်ပေးလိုက်လေသည်။ ပြည်လုံးချမ်းသာ သာစည်ဘုရားကြီး တန်ခိုးတော်ကြောင့် သေက်မရောက် သက်မပျောက်သော ရေလုပ်သားတို့ ကိုယ်တွေ့ အကျိုးကျေးဇူးတော်ကား နံနက်မိုးလင်းသောအခါတွင် ဖျာပုံမြို့တွင်းသို့ သတင်းကောင်းစကား ပျံ့နှံ့သွားလေတော့သည်။

(၂၀၀၉)ခုနှစ်တွင် မန္တလေးမဂ္ဂဇင်းရည် မဟာစည်သာသနာ့ရိပ်သာဆရာတော် ဒေါက်တာအရှင်ကောဝိဒသည် နာဂစ်မုန်တိုင်း လေအရိုင်း၏ နှိပ်စက်မှုဒဏ်ကို အဆိုပါ ညက မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ ဓမ္မဒိတ်နိမိတ်ဆောင်ကာ အောင်ကြောင်းမင်္ဂလာ အခါဆိုက်ရောက်လာလေသည်။ ပျက်အစဉ် ပြင်ခဏ ဆိုစကားအတိုင်းပင် ပြိုကျပျက်စီးသွားသော တန်ဆောင်းပြာသာဒ်တော်ကြီးကို ဖြို ဖျက်ပြီး တန်ဆောင်းတော်မြတ်ကြီး အသစ်ဆောက်လုပ် လျှဒါန်းပူဇော်ခဲ့ပါသည်။ ပြည်လုံးချမ်းသာ သာစည်ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး တန်ဆောင်းအသစ်တွင် မိုးလုံလေလုံ နေရောင်ခြည်မခတော့ဘဲ အေးမြရိပ်ငြိမ်တွင် စိတ်ချမ်းမြေ့စွာ သီတင်းသုံးခွင့်ရခဲ့လေသည်။

ဖျာပုံမြစ်ကို မျက်နှာမူ စွာန်ကသိုဏ်းရှုလျက်ရှိသော ပြည်လုံးချမ်းသာ သာစည်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ကြည်ညိုဖွယ်ရာအတိ ရွှမ်းပီတိ ဝွမ်းဆီထိပမာ အောင်မြေဗိမာန်တွင် စံမြန်းလျက်ရှိပါသည်။ ဗုဒ္ဓမြတ်စွာဘုရား တန်ခိုးတော်ကား အနန္တဖြစ်သည်။ ကုသိုလ်ထူးကာ လက်တွေ့ လက်ငင်းအကျိုးထူးပေးပါသည်။

မန္တလေးမဂ္ဂဇင်းရည်ဆရာတော် ဒေါက်တာကောဝိဒသည် ပြည်တွင်း,ပြည်ပ သာသနာ့ပြုလုပ်ငန်းများကို ပြင်းပြင်းထန်ထန် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်။ အအိပ်ပျက် အစားပျက်နှင့် ပင်ပန်းမှုများကြောင့် ဦးနှောက်တွင် သွေးခဲခြင်း၊ သွေးယိုစီးမှုဝေဒနာ ခံစားရလေသည်။ အမေရိကန်နိုင်ငံ ဆေးရုံတွင် ဆေးကုသမှုခံယူရင်း ဝေဒနာကို အနှံတု၍ ပြည်လုံးချမ်းသာ သာစည်ဘုရားကြီးကိုရည်မှန်း၍ သစ္စာပြုခြင်း၊ တရားဓမ္မရွှမှုတ် မေတ္တာပွားရင်းဖြင့် ဆေးကုသမှုများကို လက်လျှော့ထားရသည်။

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတို့၏ ဂုဏ်ရည်ကျေးဇူးတော်မြတ်ကို ဦးထိပ်ပန်ဆင်ထားမှုကြောင့် ဆိုးရွားသောအခြေအနေမှ ဇရာဂါပျောက်ကင်း ချမ်းသာရာရခဲ့သည်။ မန္တလေးမဂ္ဂဇင်းရည်ဆရာတော် ဒေါက်တာအရှင်ကောဝိဒ၏ မှတ်သားလိုက်နာဖွယ်ရာ မိန့်ဆိုသော စကားတစ်ခွန်းမှာ သစ္စာဆိုပြီး ကုသိုလ်တစ်ခုကို တကယ်ရအောင် လုပ်ကြည့်ပါ။ ဝဋ်ကြွေးကျေပြီး ဆုတောင်းပြည့်ပါတယ်ဟု ပြည်လုံးချမ်းသာ သာစည်ဘုရားကြီးကို ရည်ညွှန်းမိန့်ကြားခဲ့ကြောင်း သိရပါသည်။

ဤသို့သော ထူးခြားဆန်းကြယ်သည့် ပြည်လုံးချမ်းသာ သာစည်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အကြောင်းကို တစ်ဆင့်စကား တစ်ဆင့်နားဖြင့် မြန်မာပြည်တစ်ဝန်း ပျံ့နှံ့သွားခဲ့လေသည်။ ဖျာပုံမြို့ ဆုတောင်းပြည့်သာစည်ဘုရားကြီးသို့ လာရောက်လေ့လာသူများ၊ ဘုရားဖူးသူများ၊ သစ္စာအဓိဋ္ဌာန်ပြုသူများ ရည်မှန်းချက်အောင်မြင်၍ ဆောက်ထပ်လာရောက်ဖူးမြော်ကြသူများဖြင့် နာဂစ်မုန်တိုင်း အလွန်ကာလမှသည် ယနေ့ ယခုထက်တိုင် ကြက်ပျံမကျ အထူးစည်ကားလျက်ရှိပါသည်။

ယခုအခါတွင် ဖျာပုံခရိုင်နှင့် မြို့နယ်အုပ်ချုပ် တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ ညှိနှိုင်းပြီး ဂေါပကအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ သာစည်ဘုရားကြီး ဘက်စုံပြင်ဆင်မွမ်းမံခြင်းကို အလေးပေးဆောင်ရွက်လျက်ရှိပါသည်။ ဘုရားကြီးရင်ပြင်တော် တိုးချဲ့၍ ရေတိုက်စားမှုအန္တရာယ်မှ ကြိုတင်ကာကွယ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ပြည်လုံးချမ်းသာ သာစည်ဘုရားကြီး၏ တန်ခိုးတော်ကြောင့် နေ့စဉ်၊ လစဉ် အလှူငွေများ လှုဒါန်းလျက်ရှိကြသည်။ မြန်မာပြည်အရပ်ရပ်မှ ရပ်ဝေးရပ်နီးက သူ့တရားထက်သန်စွာဖြင့် လာရောက်လှူဒါန်းကြသူများ အဆုံး

www.burmeseclassic.com

www.burmeseclassic.com

ရွယ်ရာပင် ဖြစ်သည်။

ပြည်လုံးချမ်းသာ သာစည်ဘုရားရှေ့ မြစ်ကမ်းပြိုမှု ကာကွယ်ရန် Bored Pile အခြေပြု ခြေထိန်းနံရံပေ(၂၀၀)ကို (၁၇-၃-၂၀၁၁)ရက်နေ့မှစ၍ ရေအောင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒီဇိုင်းနည်းပညာပိုင်း ကြီးကြပ်ဆောင်ရွက်ပေးခဲ့ရာ (၅-၆-၂၀၁၁)ရက်နေ့တွင် လုပ်ငန်းများအားလုံး အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့သည်။

သာစည်ဘုရားကြီး ရှေ့မျက်နှာစာအပါအဝင် ဖျာပုံမြို့ ကမ်းနားလမ်း၊ ကမ်းပြိုကာကွယ်ရေးနှင့် သောင်တူးလုပ်ငန်းအတွက် ရန်ပုံငွေ(၂၅၅)ဒသမ (၂)သန်းရရှိရန် တာဝန်ရှိအဖွဲ့အစည်းများမှ သက်ဆိုင်ရာသို့ တင်ပြထားသည်။ ရန်ပုံငွေ ရရှိသည်နှင့် ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်သည်။

ဖျာပုံခရိုင်၊ ဖျာပုံမြို့ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် သာစည်ဘုရားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောက်ဘက်က ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။ ဖျာပုံမြစ်ထဲမှ သဘော်များဖြင့် သာစည်ဘုရားကြီးကို ကြည့်ညို့ယူ ဖူးတွေ့မြင်နိုင်သည်။ ကုန်းလမ်းမော်တော်ကားဖြင့် ဖျာပုံတံတားကြီးပေါ်မှနေ၍ သာစည်ဘုရားကြီးကို ဖူးမြော်နိုင်သည်။

မြတ်ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေး တစ်တပ်တစ်အား ဖြည့်ဆည်းနိုင်ပါသည်။ ဗုဒ္ဓဘာသာဝင်များ နှလုံးစိတ်ဝမ်း ချမ်းမြေ့ဖွယ်ရာ သာစည်ဘုရားကြီး မြင်ကွင်းကား ရှုမငြီးဖွယ် တင့်တယ်လှပေသည်။ မြန်မာနိုင်ငံ အရပ်ရပ်သာမက ကမ္ဘာအရပ်ရပ်ကပင် ဖျာပုံမြို့ ပြည်လုံးချမ်းသာ သာစည်ဘုရားကြီးကို လာရောက်ဖူးမြော် ကြည်ညိုကြသူများအား နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်လိုက်ရပါတော့သည်။

ယောနကာ-ဘိုးထောင်

စာကိုး

၁။ မွန်ပညာရှိဦးဘိုးအိမ်၏ ဖျာပုံဖြစ်စဉ်မှတ်တမ်း၊

၂။ သတင်းထောက်အောင်ဝင်း(ဖျာပုံ)၏ (၂၂) ဒီဇင်ဘာလ (၂၀၁၃) မြန်မာ့အလင်းသတင်းစာ၊ ဖျာပုံ ဆုတောင်းပြည့် ပြည်လုံးချမ်းသာ သာစည်ဘုရားကြီး၊ စာ(၁၆)(သတင်း)။

၃။ ဖျာပုံမြို့ လိပ်ဥကုန်းဘုရားသမိုင်း (ဖျာပုံ-လှမိုးနွယ်)။



မှတ်ပုံတင်ပြီး

၆ အမဲ့ဆေး ၇

အမှတ်တံဆိပ်

ဆီးချို၊ သွေးချို

သောက်ဆေး

သုံးစွဲရန် ဆေးပမာဏ

နံနက် အစာမစားမီ (၃) မြား

နေ့လယ် အစာမစားမီ (၃) မြား

ည အစာမစားမီ (၃) မြား

ဖော်ပြပါ ဖြစ်ရပ်များတွင် ရပ်ရှိနိုင်ပါသည်။

ဆေးပျိုးခံဆိုင်များတွင် ရရှိနိုင်သည်။

www.burmeseclassic.com

ဒလ ပျော်ဘွယ်ကြီးရွာက

ဦးလ်တထောင်-ကိုဦး

သူရိယမုနိကြေးသွန်း ဘုရားကြီးနှင့် အနာဂါမ် ဆရာသက် ဘဝတစ်ဝတ်တောင်း

ပန်းဆိုးတန်းဆိပ်ကမ်းရောက်တော့ ဆယ်နာရီထိုးရန် ငါးမိနစ်လိုသေးသည်။ ပန်းဆိုးတန်း-ဒလ ကူးတို့သင်္ဘော ချယ်ရီသင်္ဘောသစ်ကြီးကိုစီးကာ ရန်ကုန်မြစ်တွင်းမှ မြို့အလှကို ကြည့်ရှုခံစားရင်း ဒလသင်္ဘောဆိပ်သို့ ရောက်ရှိလာခဲ့သည်။

ဆိုင်ကယ်,ကယ်ရီစီးကာ ဒလမြို့အထွက် ကျောက်တိုင်ရောက်တော့ ဘယ်ဘယ်သို့ချိုးကွေ့ကာ ဒလ-ဓနုတ် ဘုရား ကားလမ်းအတိုင်း လာခဲ့သည်။ ဒလမြို့မှ ခြောက်မိုင်ခန့်အကွာတွင် မြန်မာပြည်၌သာမက ကမ္ဘာအဆို ထင်ရှားကျော်ကြားသည့် လယ်တီဆရာတော်ဘုရားကြီး၏ တပည့်ရင်း ဝိပဿနာကမ္မဋ္ဌာန်းဆရာကြီး အနာဂါမ်ဆရာသက်ကြီး မွေးဖွားရာဇာတိရပ်ရွာ ပျော်ဘွယ်ကြီးကျေးရွာသို့ ရောက်ရှိလာခဲ့သည်။

ရွာတွင်းမှ ဆိုင်ကယ်ကို ဖြတ်သန်းစီးဆင်းရင်း ရွာအရှေ့ဘက် ရွာဦးထိပ်ရှိ ရှေးဟောင်းသမိုင်းဝင် သူရိယမုနိ ကြေးသွန်းဘုရားကြီးသို့ ရောက်ရှိလာခဲ့လေသည်။

မုခဦးအဝင်ဝတွင် ခြင်္သေ့ကြီးနှစ်ကောင်က စောင့်ရောက်လျက် စောင်းတန်းအတိုင်း လျှောက်လာခဲ့ရာ ဂန္ဓကုဋိတိုက်အတွင်း သူရိယမုနိ ကြေးသွန်းဘုရားကြီးမှာ တင့်တယ်စွာ စံပယ်လျက်ရှိသည်ကို ဖူးမြင်ရပါသည်။

ဝတ်ပြုဆုတောင်းပြီးနောက် ဂန္ဓကုဋိတိုက်အထွက် လက်ဝဲဘက်တွင် ဂေါပကရုံးခန်းအတွင်း ဂေါပကလူကြီးများကို ဝင်ရောက်တွေ့ဆုံ မိတ်ဆက်ကာ ဘုရားကြီး၏ သမိုင်းကြောင်းကို စုံစမ်းလေ့လာ မေးမြန်းမှတ်သားခဲ့ပါသည်။

ဘုရားကြီးသမိုင်းကြောင်းနှင့် အနာဂါမ်ဆရာသက်ကြီးအကြောင်းအား ရှင်းလင်းပြောကြားပေးသော ဂေါပကအဖွဲ့ ဒု-ဥက္ကဋ္ဌ ဦးဘိုတင်၊ အတွင်းရေးမှူး ဦးအောင်ကြည်၊ အဖွဲ့ဝင် ဦးပွားနှင့် ဦးခင်ဇော်ဝင်းတို့အား ကျေးဇူးတင်ရှိပါကြောင်းနှင့် အထူးသဖြင့် အသေးစိတ် ရှင်းလင်းပြောကြားပေးခဲ့သော အတွင်းရေးမှူး ဦးအောင်ကြည်အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

◆ ◆ ◆

ရှေးအခါက ပျော်ဘွယ်ကြီးကျေးရွာသည် အိမ်ခြေ (၁၃၀၀)ကျော်ရှိသော ရွာကြီးတစ်ရွာ ဖြစ်ခဲ့သည်။ ပျော်ရွှင်ကြည်နူးစရာကောင်းသောရွာ ဖြစ်ထေ သည်။ သို့သော်လည်း ကိုးကွယ်ရာစေတီဘုရားဟူ၍ မရှိခဲ့ချေ။ ထို့ကြောင့် ရွာလူကြီးများသည် ဘုရားကြီးကျောင်းများရှိပင် ရှိငြားသော်လည်း ကိုးကွယ်ရာစေတီဘုရားရှိသင့်လျော်မည်ဟု ဝိုင်းဝန်းတိုင်ပင်ညှိနှိုင်းကြပြီးနောက် ဘုရားတစ်ဆူ တည်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ထို့သို့ဘုရားတည်ရန် တိုင်ပင်ကြသော အခါ ပျော်ဘွယ်ရွာ စာစ်ရွာတည်း မဟုတ်ဘဲ ပတ်ဝန်းကျင် ရွာနီးခ

ခြဓသုံကြီးနှစ်ကောင်နှင့်အတူ သူရိယမုနိ ကြေးသွန်းဘုရားကြီးမုခဦး

www.burmeseclassic.com

www.burmeseclassic.com

ကျေးရွာများကိုပါ ခေါ်ယူတွေ့ဆုံ တိုင်ပင်ခဲ့ကြသည်။

ဆုံးဖြတ်ချက်ချပြီးနောက် (၁၂၈၇)ခုနှစ်တွင် ပျော်ကွယ်ကြီးကျေးရွာ အရှေ့ဘက်ထိပ် လယ်သူကြီး ဦးတက်တူ၏ မြေနေရာတွင် ဘုရားတစ်ဆူတည်ရန်အတွက် ရွှေးချယ်ကြရာ ဦးတက်တူမှ ဝမ်းမြောက်ဝမ်းသာ ယင်းမြေနေရာကို လှူဒါန်းခဲ့ပါသည်။

မင်္ဂလာလေးဖြာကို တစ်ပြိုင်တည်း ကျင်းပခြင်း

လှူဒါန်းခဲ့သော မြေနေရာတွင် မြေသန့်စင်ခြင်း၊ မြေညှိခြင်း၊ ရာဇမတ်ကာရံခြင်း၊ ဗလီနတ်စာများ ကျွေးမွေးခြင်း မင်္ဂလာပရိုကမ္မအခမ်းအနားများကို ပြုလုပ်ခဲ့ကြသည်။ သာသနာတက္ကရာဇ်(၁၂၈၇)ခုနှစ်၊ နတ်တော်လဆုတ် (၁၂) ရက် တနင်္ဂနွေနေ့တွင် ရုပ်ပွားတော်ကြီး သွန်းလောင်းပူဇော်နိုင်ရန် ဂန္ဓကုဋိတိုက်နှင့် တန်ဆောင်းတော်ကြီး တည်ဆောက်ရန် ပန္နက်တော်တင်မင်္ဂလာကို ဆင်ယင်ကျင်းပခဲ့သည်။

တစ်နေ့တည်း၌ ပန္နက်တော်မင်္ဂလာနှင့်အတူ အုတ်မြစ်မင်္ဂလာ၊ ဓမ္မခဏ္ဍတော် စတင်တည်ဆောက်ခြင်း မင်္ဂလာနှင့် ဘုရားတည်မှု လုပ်ငန်းများတွင် ရေသုံးစွဲနိုင်ရန် ရေတွင်းခြင်းမင်္ဂလာ လေးဖြာကို တစ်ပြိုင်နက် ပြုလုပ်ခဲ့ကြလေသည်။

ရွှေယိုကန်တော်မင်္ဂလာ

ဘုရားတည်ရန် မြေနေရာမှ အရှေ့မြောက်ထောင့်တွင် ရေသုံးစွဲရန်အတွက် ရေကန်တူးဖော်ကြရာ အကျယ်(၁၀) ဆောင်ပတ်လည်၊ အနက်(၃)တောင် အရောက်၌ သန့်စင်သော ရေကြည်များသည် အရှိန်ပြင်းစွာ ပန်းထွက်လာခဲ့သည်၊

ထူးခြားသည်မှာ ၄င်းအလျှံပယ်တက်လာသော ရေများသည် ကန်တော်မင်္ဂလာအတွင်း ရေပြည့်ရေမောက်သည်အထိ ပြည့်လာပြီးနောက် ပြင်ပသို့ ဖိတ်စဉ်လျှံကျခြင်း မရှိပေ။ ရေကို သုံးစွဲကြသော်လည်း ရေမှာ လျော့နည်းသွားသည်ဟူ၍ မရှိပေ။ အံ့သြဖွယ်ကောင်းသည်မှာ ကန်တော်မင်္ဂလာအတွင်းရှိ ရေများသည် ဘုရားကြီး စတင်ပန္နက်တင်သည့်နေ့မှ သူရိယမုနိ ကြေးသွန်းရုပ်ပွားတော်မြတ် အောင်မြင်စွာပြီးမြောက်သည့် (၁၂၈၈)ခုနှစ်၊ ကဆုန်လပြည့်နေ့ ရောက်သောအခါ ၄င်းရေများသည် အလိုလိုခန်းခြောက်သွားသည်ကို ထူးခြားစွာတွေ့မြင်ကြရလေသည်။

သို့ပြင် ရေကန်တော်မှ ထွက်ရှိလာသည့် ရေများသည်

ရေရှိသမျှသည် ကြွသွန်းဘုရားဖြစ်

ကြည်လင်သန့်စင်၍ နတ်ရောစင်အလား သောက်သုံးကြသော ခုနစ်ရက်သားသမီးတို့သည် ရောဂါဘယကင်းဝေးကြရခြင်းဖြစ်သည်။ ယနေ့ထိတိုင် ဖြစ်ပါသည်။

ကြေးသွန်းပုံတော် သွန်းလောင်းခြင်း

ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး သွန်းလောင်းပူဇော်နိုင်ရန်အတွက် ဦးစွာ မြတ်ဗုဒ္ဓ၏ လက္ခဏာတော်အသွယ်သွယ် ပုံဟန်ထင်ရှားသည်။ ဖယောင်းရုပ်ဖြင့် သဖွယ်ကြည်ညိုစွာ ပုံဖော်ကြရသည်။ အလွန်အရေးကြီးသော ပုံတော်ပုံဖော်မှုဖြစ်၍ အချိန်ယူကာ စိတ်တိုင်းကျ လုပ်ဆောင်ခဲ့ကြရာ (၁၂၈၇)ခုနှစ်၊ တပေါင်းလဆန်း (၅)ရက်နေ့တွင် ဖယောင်းပုံတော် ရုပ်ပွားတော်မြတ်ကြီးအား အောင်မြင်စွာ ပြီးစီးခဲ့လေသည်။

ရဟန်းရှင်လူ ပြည်သူအပေါင်းအား သွန်းလောင်းပူဇော်မည့် ဖယောင်းပုံရုပ်တုအား ပြသခဲ့ရာ နှစ်လိုဖွယ်အဆင်းရှိ ပုံတော်အား မြင်သည်နှင့် ဝမ်းမြောက်စွာ သာဓုခေါ်ကြလေ၏။

ထို့ကြောင့် ရှင်တော်မြတ်ပုံတော် ကြေးသွန်းလောင်းနိုင်ရန် အလှူရှင်တို့ထံမှ ကြေးနှင့်တကွ ရွှေ၊ ငွေ၊ မိုးကြိုး

www.burmeseclassic.com

www.burmeseclassic.com

တို့အား အလှူခံရန်အတွက် ပုံပြုပူဇော်ပွဲမင်္ဂလာကို (၁၂၈၇) ခုနှစ်၊ တန်ခူးလဆုတ် (၈)ရက်၊ တနင်္ဂနွေနေ့တွင် စတင် အလှူခံခဲ့ရာ အလှူရှင်တို့၏ သဒ္ဓါထက်သန်မှု၊ အနေယနယ အရပ်ရပ်မှ ကြားရသမျှ လူပုဂ္ဂိုလ်တို့၏ စေတနာသဒ္ဓါထက် သန်၍ လှူရန် လာရောက်ကြသည်မှာ ပွဲတော်ကဲ့သို့ စည်ကားလှပေသည်။

များပြားလှသည့် ဘုရားဖူးလာပြည်သူများကို ရွာခံနယ်သားများကလည်း ဝမ်းမြောက်ဝမ်းသာ စားသောက်ဖွယ်ရာ အဖြာဖြာဖြင့် စတုဒိသာ ေ ့ ်ခဲ့ကြ၏။ ဘုရားဖူးပြည်သူများမှာလည်း ဝမ်းသာရွှင်လန်း၍ ကခုန်မြူးထူးပျော်ပါးကြရာ ပထမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ဟုဆိုလျှင်ဖြင့် မှားမည်မထင်ပါ။

သုံးရက်မြောက်နေ့တွင် သတ်မှတ်လျာထားသည့် ကြေးဝိဿာချိန်နှင့်တကွ ရွှေ၊ ငွေ၊ ရတနာ လှူဖွယ်ပစ္စည်းတို့သည် လျင်မြန်စွာ ပြည့်မြောက်ခဲ့ပါသည်။

ဖယောင်းသားနေရာတွင် ကြေးရည်သွန်းလောင်းနိုင်ရန် အတွက် (၁၂၈၇)ခုနှစ်၊ တန်ခူးလဆုတ် (၁၁)ရက် ဗုဒ္ဓဟူးနေ့ ညနေ(၅)နာရီအချိန်တွင် ဖယောင်းများအား မီးအရှိန်ဖြင့် စတင်ထုတ်ပယ်ခဲ့ရာ ကြာသပတေးနေ့ နံနက်(၈)နာရီတွင် ဖယောင်းများထုတ်ပယ်မှုကိစ္စ ပြီးမြောက်ခဲ့ပါသည်။

ကြေးရည်ကျိုရန်အတွက် လက်ငင်းဖို(၁၁)ခု၊ စက်ဖို(၄)ခု စုစုပေါင်းဖို(၁၅)ခု အသုံးပြုခဲ့သည်။ ပူပြင်းလှသော နွေရာသီကြောင့် ကြေးများကို နေ့အခါ ကျိုချက်၍ ညချမ်း အခါမှသာ သွန်းလောင်းမှုပြုခဲ့ကြသည်။ လူအား၊ မီးအား ဖြင့် ကြိုးစားကျိုချက်၍ ပုံတော်အတွင်း ကြေးရည်များ သွန်းလောင်းပူဇော်ကြသည်။ ကျိုသူကျိုး၊ လောင်းသူလောင်း မခိုမကပ် အားအပြည့်ဖြင့် ကြိုးစားခဲ့ကြရာ တန်ခူးလဆုတ် (၁၃)ရက်၊ သောကြာနေ့ နံနက်(၁၀)နာရီခွဲခန့်တွင် ကြေးရည်သွန်းလောင်းမှုလုပ်ငန်းသည် ဦးခေါင်းတော်မှလွဲ၍ ကျန်အပိုင်းအားလုံး ပြီးမြောက်ခဲ့၏။

မျက်နှာတော်အပိုင်းသည် လွန်စွာအရေးကြီးသောလုပ်ငန်းဖြစ်သဖြင့် မန္တလေးမှ ကြေးသွန်းပညာရှင် ဦးစိန်ဘန်း (ခေါ်) ဦးစိန်ဘူးနှင့် ဘုရားတည်မှူ ဦးဆောင်ပြုနေသော ပုဂ္ဂိုလ်တို့ ညှိနှိုင်းတိုင်ပင်၍ ရွှေ၊ ငွေ ရတနာများ ထပ်မံလှူဒါန်းလိုပါက လှူဒါန်းနိုင်ကြောင်း နှိုးဆော်လိုက်သည်တွင် သဒ္ဓါထက်သန်လှသည့် ပါရမီရှင်တို့သည် သူထက်ငါ အပြိုင်လှူဒါန်းကြကာ အချို့မှာ အားမရနိုင်သေးဘဲ မိမိကိုယ်၌ ဝတ်ဆင်မြန်းထားသော လက်ဝတ်ရတနာတို့ကို ချွတ်၍ ထပ်မံလှူဒါန်းကြပြန်၏။

ကြေးသွန်းရုပ်ပွားတော်တိုင်းတွင် ဖူးတွေ့နိုင်ခဲသော ဇမ္ဗူရာဇ်သီဂီ ဝါလွင်ထိန်ဝင်းသည့် ရောင်ခြည်တော်အဆင်းကို သူရိယမုနိကြေးသွန်းရုပ်ပွားတော်မြတ်၏ မျက်နှာတော်တွင် ဖူးတွေ့နိုင်ပါသည်။

လူလော၊ နတ်လား မခွဲခြားနိုင်သည့် ထူးခြားသော မိန်းမပျိုနှစ်ဦးနှင့် ရက်ရောလှသည့် လှူဒါန်းမှုကုသိုလ်

ရုပ်ပွားတော်မြတ်၏ မျက်နှာတော်ကို သွန်းလောင်းပူဇော်ရန်အတွက် ရွှေ၊ ငွေ၊ ရတနာများကို လာရောက်လှူဒါန်းကြသော လူသားများကြားတွင် ထူးခြားသည့် ပုဂ္ဂိုလ်နှစ်ဦးကို ဘုရားဖူးလာတို့ အမှတ်မထင် မြင်တွေ့ကြသည်။

အလွန်ချောမောလှပသည့် မိန်းမပျိုနှစ်ဦးသည် အလှူခံပုဂ္ဂိုလ်များရှေ့တွင် ရောက်ရှိလာကြပြီးနောက် ၄င်းတို့နှစ်ဦးသည် ဝတ်ဆင်မြန်းထားသည့် လက်ဝတ်ရတနာတို့ကို စီ ရှိတိုင်း လှူနေကြသဖြင့် ပတ်ဝန်းကျင်မှ ဂရုပြုမိကြ၏။

ရာရီဿမုနိ ကြေးသွန်းဘုရားကြီး၏ ကိုယ်တော်ရာ စန္ဒကူဠာန်ဆောင်းတော်

၄င်းမိန်းမပျိုနှစ်ဦးမှာ ဤအ

www.burmeseclassic.com

www.burmeseclassic.com

သောတွင် မြင်ဖူးခြင်း လုံးဝမရှိ၍ ပို၍ပင် ဂရုစိုက်မိကြ သည်။ ၄င်းမိန်းမပျိုနှစ်ဦးသည် ကိုယ်လုံးညွတ်မှု ရွေ့ ည်များ ဝတ်ဆင်ကာ လက်နှစ်ဖက်လုံး၌ ရွေထည်များ အပြည့် ဖြစ်သည်။

ပါရှိလာသမျှ ရွေထည်လက်ဝတ်ရတနာများကို ကုန် စင်အောင် စိတ်တိုင်းကျ လှူဒါန်းပြီးနောက် အလှူပွဲပြင်ပသို့ ထွက်ခွာသွားရာ ကာလသားလူပျိုများက နောက်ယောင်ခံ ကိုက်ကြည့်ကြရာတွင် ညနေဆည်းဆာအချိန်ဖြစ်၍ အလင်း ဆောင်မှာ ခပ်မှိန်မှိန်ဖြစ်လာခဲ့သည်။ လူလုံးမကွဲတကွဲအချိန် ၌ ဘုရားပရိဝုဏ်၏ အနောက်မြောက်ထောင့်ရှိ ဆပ်သွားဖူး ရှိများ ထူထပ်စွာပေါက်ရောက်နေသော နေရာအရောက်တွင် ၄င်းမိန်းမပျိုနှစ်ဦးမှာ မြင်ကွင်းမှ အာရုံဝေဝါးသွားလျက် ထူးဆန်းစွာ ပျောက်ကွယ်သွားတော့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ နယ်သူနယ်သားများစိတ် ၌ ဒဿပွားကာ အမျိုးမျိုးဝေဖန်သုံးသပ်ကြလေသည်။

မည်သို့ပင်ဖြစ်စေ ထူးခြားလှသည့် မှန်ကြေးသွန်းတော် မြတ်အား လူသားများသာမက နတ်များပါ ပါဝင်လှူဒါန်းခဲ့ ကြောင်း ရေးထိုးမှတ်တမ်းတင်နိုင်ခဲ့ပေသည်။

သူရိယမုနီ ကြေးသွန်းဘုရားကြီးအား မူလကမ္ဘ ကြေး ဝါသာချိန် ငါးထောင်ခန့် သွန်းလောင်းပူဇော်ရန် လျာထား ခဲ့သော်လည်း အလှူရှင်များ၏ သဒ္ဓါထက်သန် လှူဒါန်းမှု ကြောင့် မူလလျာထားချက်ထက် ကြေးပိသာ(၂၃၃)ပိသာ ပိုမိုရရှိကာ စုစုပေါင်း အလေးချိန်(၅၇၃၃)ပိသာတိတိ ရှိပါ သည်။

သူရိယမုနီ ကြေးသွန်းရပ်ပွားတော်မြတ်သည် ဥဇာတော် တစ် ဆယ့်တစ်တောင်တိတိရှိကာ စမ္မ ဆင်တော်မှာ အမြင့်နှစ်မိုက် ဖြစ် ပါသည်။

ဗုဒ္ဓပုံတော်ဖော်ဆောင်မှု ပြီး ဆုံးသွားသောအခါ ကိုယ်တော်အား အသေးစိတ်ရစေရန် ငွေဖလားခ် အခန်းရေ၊ ရေမွေး၊ နံ့သာများထည့်၍ ပူဇော်လောင်းလှူကြ၏။ နတ်ရေ တစ်မှ ရေစင်ဖြင့် သွန်းလောင်း ရေ သပ္ပာယ်ပြီးသောအခါ ၄င်းမင်္ဂလာ ဆောက်တော်မှ ရေတို့သည် တဖြည်း ဖြည်း ထူးဆန်းစွာ လျော့နည်းလာကာ လုံးဝခန်းခြောက် သွားလေတော့သည်။

ရုပ်ပွားတော်ကြီးအား ပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ပူဇော်ခြင်း

ရုပ်ပွားတော်သွန်းလောင်းပူဇော်သည့်နေရာမှ ပလ္လင် တော်အထိ အကွာအဝေးမှာ ပေအားဖြင့် (၂၄၉)ပေရှိသည်။

ရုပ်ပွားတော်မြတ်ကြီး ပူဇော်ထားရှိရန် ပလ္လင်တော်မှာ အောက်ခင်း(၁၈)ပေ (၆)လက်မ၊ အပေါ်မျက်နှာဝအကျယ် (၁၇)ပေ (၄)လက်မနှင့် အမြင့်ပေ(၇)ပေ (၄)လက်မ ရှိပါ သည်။

ကောဇာသက္ကရာဇ်(၁၂၈၈)ခုနှစ်၊ ကဆုန်လဆန်း (၁၄) ရက် စနေနေ့ နံနက်အချိန်တွင် ရုပ်ပွားတော်မြတ်အား ပူ ဇော်ထားရှိရန် ပလ္လင်ထက်ဆီသို့ မ,ချီရွှေ့ခဲ့ကြ၏။ ထိုသို့ ရွှေ့လာခဲ့ရာ ပလ္လင်တော်သို့ရောက်ရန် ပေတစ်ရာအကွာ အဝေးသို့ရောက်လျှင် မည်သို့မျှရွှေ့၍မရတော့ချေ။ ရုပ်ရွာ လူထုစုရ၍ မည်သို့ပင် မ,ချီရွှေ့သော်လည်း လုံးဝနေရာမှ ရွှေ့လျားခြင်းမရှိတော့သဖြင့် ရုပ်ပွားတော်မြတ်အား ၄င်း နေရာတွင် တစ်ညဉ့်တာ ခေတ္တနားနေ ကိန်းဝပ်တော်မူစေ ၏။

နောက်တစ်နေ့ မိုးသောက်ရောက်သည်နှင့် ကိုယ်တော် မြတ်အား စုပေါင်းရွှေ့ကြသော်လည်း လုံးဝမရွှေ့လျားသေး ဘဲ ညနေ(၃)နာရီခွဲခန့်တွင် ဘုရားကြီးမှာ အနည်းငယ်ရွှေ့ လျားလာလေသည်။ ဘုရားဖူးပြည်သူအပေါင်းမှာ အားရ ဝမ်းသာဖြစ်လျက် ရုပ်ပွားတော်မြတ်အား ဆက်လက်ပင့်

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ကြရာ ညနေ(၅)နာရီ (၃၅)မိနစ်တိတိအချိန်တွင် ယနေ့မြင်တွေ့နေရသော ပလ္လင်တော်ထက်ဆီသို့ ရောက်ရှိကိန်းဝပ်စံမြန်းတော်မူပါတော့သည်။

ထူးဆန်းသည်မှာ ဂေါတမမြတ်စွာသည် မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လပြည့်နေ့၌ ဘုရားစင်စစ်ဖြစ်တော်မူ၏။ ထို့အတူ ကြေးသွန်းရုပ်ပွားတော်မြတ်သည်လည်း ကဆုန်လဆန်း (၁၄)ရက်နေ့တွင် ပလ္လင်ထက်သို့ ရောက်ရှိတော်မမူဘဲ (၁၂၈၈)ခုနှစ်၊ ကဆုန်လပြည့် တနင်္ဂနွေ ညနေ(၅)နာရီ (၃၅)မိနစ်ရောက်မှသာ ပလ္လင်တော်ထက်၌ ရောက်ရှိစံမြန်းခဲ့ရာ တိုက်ဆိုင်မှုလား၊ ဘုရားတန်ခိုးတော်လားဆိုသည်မှာ စဉ်းစားစရာပင် ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏စိတ်၌မူ အတုမရှိ ဂေါတမဘုရားရှင်ကဲ့သို့ပင် သူရိယမုနီ ကြေးသွန်းဘုရားကြီးမှာလည်း တန်ခိုးတော်အနန္တဖြင့် ပြည့်စုံတော်မူသည်ဟု ယုံကြည်ခဲ့ကြသည်။

ရုပ်ပွားတော်မြတ်အား တည်ထားကိုးကွယ်ရန် စတင်သည်မှ ပလ္လင်ထက်သို့ ရောက်ရှိသည်အထိ အံ့ဖွယ်ခုနစ်ရပ်ကို မြင်တွေ့ခဲ့ရသည်။



သာယာလှပသည့် ထန်းပင်တန်းနှင့် ဘုရားကြီးအဝင်လမ်း

၁။ ရေကန်တူးဖော်ရန် အကျယ်ဆယ်တောင်ပတ်လည်၊ အနက်သုံးတောင်အရောက်တွင် ထွက်ရှိလာသောရေမှာ ရေပြည့်ရေလျှံဖြစ်လျက် ကန်အပြင်သို့ ဖိတ်လျှံခြင်းမရှိသည်မှာ ပထမအံ့ဖွယ်ဖြစ်၏။

၂။ ထွက်ရှိလာသော ရေတို့သည် နတ်ရေစင်အလားသောက်သုံးကြသူတို့အား ရောဂါဘယကင်းဝေး၍ ချမ်းသာသုခ ခံစားရသောကြောင့် ဒုတိယအံ့ဖွယ်ဖြစ်၏။

၃။ နတ်မိမယ်အလား မိန်းမပျိုနှစ်ဦး၏ လှုံ့ဒါန်းမှုသည် ထူးခြား၍ ၄င်းတို့နှင့် ကြုံခဲ့ရသူတို့၏ မြင်တွေ့မှုအရ ရုပ်ပွားတော်မြတ်အား လူရော နတ်ပါ အတူတကွ လှုံ့ဒါန်းခဲ့ကြောင်း ထင်ရှားသည့် တတိယအံ့ဖွယ်ဖြစ်၏။

၄။ မင်္ဂလာရေကန်မှ အလျှံပယ်ထွက်ခဲ့သော ရေတို့သည် ကြေးသွန်းရုပ်ပွားတော်မြတ်အား ထုလုပ်ပုံဖော်ခြင်းကိစ္စ ပြီးမြောက်၍ ရေသပွာယ်တော်မူပြီးသည်နှင့် ပိန်းကြာရွက်တွင် ရေမတင်သကဲ့သို့ လုံးဝပျောက်ကွယ်သွားသည်မှာ စတုတ္ထအံ့ဖွယ်ဖြစ်၏။

၅။ ကြေးသွန်းရုပ်ပွားတော်မြတ်သည် ကဆုန်လဆန်း(၁၄)ရက်နေ့၌ ပလ္လင်တော်သို့ မရောက်ရှိမီ လုံးဝကြွချိုခြင်းမရှိဘဲ လမ်းတစ်ဝက်၌ တစ်ညတာကိန်းဝပ်ခြင်းသည် ပဉ္စမအံ့ဖွယ်ဖြစ်၏။

၆။ (၁၂၈၈)ခုနှစ်၊ ကဆုန်လပြည့် တနင်္ဂနွေနေ့ရောက်မှ စံပယ်တော်မူမည့် ပလ္လင်ထက်သို့ ကြွရောက်သီတင်းသုံးတော်မူခြင်းသည် ဆဋ္ဌမအံ့ဖွယ်ဖြစ်၏။

၇။ ကြေးသွန်းဘုရားဖြစ်လာမည့် ဖယောင်းရုပ်ပွားတော်မြတ်အား လူအများ စတင်မြင်တွေ့ ဖူးမြင်ရသောနေ့နှင့် အလှူတော်စတင်ကျင်းပရာနေ့တို့သည် တနင်္ဂနွေနေ့ဖြစ်ခြင်း၊ ရွှေပလ္လင်ထက်၌ စတင်သီတင်းသုံးသောနေ့သည် တနင်္ဂနွေနေ့ ဖြစ်နေခြင်းတို့ကြောင့် မင်္ဂလာဒေါတ်နေ့များသည် တနင်္ဂနွေဖြစ်ကြောင်း သတ္တမအံ့ဖွယ်ဖြစ်၏။

<u>မုနိဘွဲ့တော်ရှိသည့် ဘုရားများနှင့်</u>
<u>တည်ထားပူဇော်ရာ နေရာဒေသများ</u>

(၁) သုဒ္ဓါဝါသအကနိဋ္ဌ ဗြဟ္မာဘုံ၌ တည်ထားသော ဒုဿမုနိ၊

(၂) တာဝတိံသာနတ်ပြည်၌ တည်ထားသော စူဠမုနိ၊

(၃) သာဝတ္ထိပြည် ကောသလမင်း တည်ထားသော စိန္တာမုနိ၊

(၄) ရာဇဂြိုဟ်ပြည် အဇာတသတ်မင်း တည်ထားသည့်

www.burmeseclassic.com

www.burmeseclassic.com

ရာဇာမုနိ။

(၅) ဂိရိမဏ္ဍာကောင်၌ မဟေသရဒေဝ တည်ထားသည့် လောကမုနိ၊

(၆) ကပ္ပိလဝတ်ပြည်သာကီဝင်မင်းများ တည်ထားသည့် သကျမုနိ။

(၇) ဧညဝတီရခိုင်ပြည်၌ စန္ဒသူရိယမင်း တည်ထားသည့် မဟာမုနိ။

(၈) အမရပူရမြို့တွင် ဘိုးတော်ပဒုံမင်း တည်ထားသည့် စန္ဒာမုနိ..ဟူ၍ တန်ခိုးထင်ရှား မုနိဘွဲ့တော် ပါရှိသော ဘုရားစေတီများတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ပျော်ဘွယ်ကြီးကျွန်းရွာရှိ သူရိယမုနိကြွေးသွန်းဘုရားကြီးသည်လည်း တစ်ဆူအပါအဝင် ဖြစ်ပါသည်။

ဘုရားရှင်များအား မုဒြာအမျိုးမျိုးဖြင့် ပုံဖော်ထုဆစ်ကြပါသည်။ သူရိယမုနိ ကြွေးသွန်းဘုရားကြီးသည် ဘူမိဿမုဒြာပုံတော်ဖြစ်၍ ပလ္လင်တော်ထက်၌ စံပယ်နေသည်မှာ ဖူးမြော်မဝ ကြည်နူးမဆုံးနိုင်အောင် ဖြစ်ပါသည်။

(၁၂၉၄)ခုနှစ်သို့ ရောက်သော် မကိုင်္ဍစလွယ်တော် အလှူရှင် ပေါ်လာခဲ့ပါသည်။ ပျော်ဘွယ်ကြီးကျေးရွာ၊ ဈေးပိုင်းရပ်နေ ဝန်ထောက်ကြီး ဦးနီထွန်းဦးနှင့် ဇနီး ဒေါ်ဖွားခင်တို့မှ ဆက်ကပ်လှူဒါန်းခဲ့လေသည်။

သူရိယမုနိ ကြွေးသွန်းဘုရားကြီးသည် ရခိုင်မင်းဆက်ဆက်ကိုးကွယ်ခဲ့သော မဟာမုနိပုံတော်အတိုင်း ဖြစ်ပါသည်။

ဘုရားပွဲတော်ရက်များ

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ပျော်ဘွယ်ကြီးကျေးရွာရှိ သူရိယမုနိ ကြွေးသွန်းရုပ်ပွားတော်မြတ်ကြီးအား ဦးခူးဇနိယပွဲတော်ကို တစ်နှစ်လျှင်နှစ်ကြိမ် ကျင်းပခဲ့သည်။

နှစ်စဉ် တန်ဆောင်မုန်းလဆန်း (၁၄)၊ (၁၅)ရက်နှင့် ဝါဆုတ်(၁)ရက်နေ့တို့တွင် သူရိယမုနိ ကြွေးသွန်းဘုရားကြီးအား အမှူးထား၍ ဘုရားငါးဆူကို ရည်စူးကာ ကျေးရွာအတွင်း ဒေသစာရီအပူဇော်ခံပွဲ ကျင်းပသည်။ လဆုတ်(၂)ရက်နေ့တွင် ဆွမ်းတော်ကြီးတင်လှူ၍ လဆုတ်(၃)ရက်နေ့နံနက်(၅)နာရီ၌ ရွာလယ်လမ်းတစ်လျှောက် ကြွချီလာသည့် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့လေသည်။

တပေါင်းလပြည့်နေ့ ရောက်သောအခါ နံနက်ပိုင်း၌ ဘုရားကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်၍ လဆုတ်(၁)ရက်နေ့တွင် ဆွမ်းတော်ကြီးတင်လှူကြသည်။ လဆုတ်(၂)ရက် နံနက်မှစ၍ ဧည့်ပရိသတ်တို့အား စတုဒိသာကျွေးမွေးလှူဒါန်းကာ မွန်းလွဲပိုင်းအချိန်တွင် သူရိယမုနိ ကြွေးသွန်းရုပ်ပွားတော်မြတ်အား အမှူးထား၍ သံဃာတော်အရှင်မြတ်တို့အား ရင်ပြင်တော်ပတ်လည်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို တပျော်တပါး ကျင်းပကြသည်။

ပျော်ဘွယ်ကြီးကျေးရွာနှင့် အနောဂါမ် ဆရာသက်ဘဝအကြောင်း

ဒလ ပျော်ဘွယ်ကြီးကျေးရွာဟု ဆိုလိုက်လျှင် အနောဂါမ်ဆရာသက်ကြီးကို ဗုဒ္ဓဘာသာဝင်သူတော်စင် အများစုက တွဲလျက်မှတ်မိနေကြသည်။ ပျော်ဘွယ်ရွာနှင့် အနောဂါမ် ဆရာသက်သည် ခွဲခြားမရပေ။

ပြည်တွင်း၌သာမက ပြည်ပဗုဒ္ဓဘာသာဝင်မှန်သမျှ မှတ်မိသိရှိကြသည်။ ယနေ့ ပြည်ပဗုဒ္ဓသာသနာပြုဆရာကြီး ဦးဂိုအင်ကာ၏ ဆရာဖြစ်သော ဆရာဦးဘခင်မှာ အနောဂါမ် ဆရာသက်ကြီး၏ တပည့်ရင်းတစ်ဦး ဖြစ်လေသည်။

ဆရာကြီးမှာ ပျော်ဘွယ်ကြီးကျေးရွာဇာတိဖြစ်သည်။

အနောဂါမ်ဆရာသက်ကြီး ကမ္မဋ္ဌာန်းရိုပ်သာ

www.burmeseclassic.com

www.burmeseclassic.com

အနာဂါမ်ဆရာသက်ကြီး ဆောင်ခြေနေရာ

မိဘများမှာ ဦးကျော်တုတ်၊ ဒေါ်ငွေဥဖြစ်ပြီး မွေးချင်းမောင်နှမလေးယောက်တွင် အကြီးဆုံးသားဖြစ်၏။ (၁၂၃၅)ခုနှစ် ဝါခေါင်လဆန်း (၃)ရက်၊ သောကြာနေ့ (၂၇-၆-၁၈၇၃) ရက်နေ့တွင် မွေးဖွားခဲ့၏။

ငယ်စဉ်က လွန်စွာဆင်းရဲ၏။ အသက်(၁၀)နှစ်အရွယ်တွင် ဖခင်ဆုံးသွားသဖြင့် မိခင်မုဆိုးမကြီးမှာ သားသမီးများအား အကြော်ရောင်းကာ ကျွေးမွေးစောင့်ရှောက်ခဲ့၏။

ကိုယ်ပိုင်လယ်မြေ မရှိသောကြောင့် လယ်ပိုင်ရှင်များ စပါးရိတ်သိမ်းပြီးနောက် လယ်ကွက်အတွင်း ကျန်ရစ်သော စပါးနှံများကို မောင်နှမတစ်စု လိုက်လံကောက်သင်းကောက်ခဲ့ရ၏။ အသက်ဆယ့်လေးနှစ်အရွယ်တွင် လှည်းဦးစီးလုပ်ကာ စပါးများကို ဆန်စက်အရောက် ပို့ပေးရ၏။ ရလာသမျှလုပ်အားခ ငွေတစ်မတ်ကို မိခင်အား ပေးလေ၏။

မိခင်ကြီးမှာ ဆင်းရဲသော်လည်း စိတ်နှလုံးသား ဖြူစင်လှ၏။ သားသမီးအပေါ်တွင်လည်း ငြိုငြင်မှုမရှိဘဲ အပင်ပန်းဆင်းရဲခံကာ လုပ်ကျွေး၏။ အကုသိုလ်အလုပ်ဆိုလျှင်ကား ဘယ်တော့မှ ခွင့်မလွှတ်တတ်ချေ။

တစ်နေ့တွင် မောင်ဖိုးသက်တို့မောင်နှမ ရေခန်းနေသော အိုင်တစ်ခုမှ ငါးကလေးများကိုဖမ်းကာ ရွာထဲရှိ ကန်တွင်လွှတ်ရန် ယူဆောင်လာခဲ့ရာ မိခင်ကြီးမှတွေ့ရှိပြီး ရိုက်မည်ပြုသဖြင့် ၄င်းငါးကလေးများကို သတ်ရန်မဟုတ်ကြောင်း ရေမရှိသောအိုင်မှ ဖမ်းယူ၍ ရွာကန်အတွင်း လွှတ်ပေးရန်ယူခဲ့ကြောင်း ပြောမှ မိခင်ကြီးမှာ ဝမ်းသာအားရ သာဓုခေါ်ရှာ၏။

ခြောက်တန်းအထိသာ ပညာသင်ခဲ့ရသော မောင်ဖိုးသက်မှာ သမ္မန်ဦးစီး ခေါက်စားအလုပ်ဖြင့် (၂၅)နံပါတ် ဒလဆန်စက်တွင် စပါးများကို ပို့ဆောင်ရ၏။ ရိုးသားကြိုးစား၍ ဖျတ်လတ်သွက်လက်သော မောင်ဖိုးသက်ကို စက်သူဌေးက တွေ့မြင်သဘောကျပြီး ၄င်းဆန်စက်တွင် တာလီစာရေးခန့်ကာ တစ်လ ခြောက်ကျပ်ရ၏။

ဘဉပြုတ်တစ်လုံးကို နှစ်ခြမ်း၊ခြမ်းကာ ည၊မနက် လောက်အောင်စား၏။ ပိုလျှံငွေကို မိခင်ထံ ပို့လေသည်။ ရိုးရိုးနေ၍ မြင့်မြင့်ကြဲတတ်သော မောင်ဖိုးသက်အကြောင်းကို စက်သူဌေး သိရှိသောအခါ လစာငွေ တစ်ဆယ်အထိ တိုးပေးရာမှ တစ်နေ့တွင် ရွာစဉ်လှည့်၍ စပါးဝယ်ရန် ကိုယ်စားလှယ်အဖြစ် ခိုင်းရာမှ မောင်ဖိုးသက်မှာ ငွေပိုငွေလျှံများစုမိလာပြီး မိခင်ကို ကောင်းစွာထောက်ပံ့နိုင်ခဲ့လေသည်။

ဦးသိန်း၊ ဒေါ်သူဇာတို့၏ သမီးအငယ်ဆုံးဖြစ်သော မမျှင်နှင့် အိမ်ထောင်ကျကာ သမီး မလှညွှန့်နှင့် သား မောင်ချစ်တီးတို့ကို မွေးဖွားခဲ့လေသည်။ မောင်ချစ်တီးမှာ ငယ်စဉ်ကပင် ဆုံးသွား၏။

စီးပွားဥစ္စာပြည့်စုံသော လယ်သူကြီး ဦးသိန်း၊ ဒေါ်သူဇာတို့သည် သားသမီးများကို ဥစ္စာမခွဲဘဲ တစ်အိမ်တည်းတွင် တစ်အိုးစားစနစ်ကို ကျင့်သုံးခဲ့သည်။ ထို့ကြောင့်လည်း ဥစ္စာစည်းစိမ်ပြည့်စုံကာ ဘုရား၊ ကျောင်းကန်၊ ဓရပ်များကို ဆောက်လုပ်လှူဒါန်းနိုင်ခဲ့သည်။

အနာဂါမ်ဆရာသက်တန်ဆောင်းမှာ ဆရာသက် တရား ထူးမရမီကတည်းက မိသားစုဆောက်လုပ်လှူဒါန်းခဲ့သော တန်ဆောင်းဖြစ်သည်။ ကျောက်ဆင်းတုဘုရားများကိုလည်း တန်ဆောင်းကြီးအတွင်း ကမ္ဘည်းထိုး လှူဒါန်းထားခဲ့သေးသည်။

ငယ်စဉ်က ဆင်းရဲ၍ ကိုရင် မဝတ်ခဲ့ရသော ဆရာသက်မှာ ဦးစံကီး၊ ဒေါ်ခင်တို့၏သား မောင်ညွှန့် အသက် ဆယ့်နှစ်နှစ်အရွယ်တွင် ရှင်ပြုသည့်အခါမှသာ သာသနာတော် ဝင်ရောက်၍ ဒုလ္လဘရဟန်းအဖြစ် သာသနာ့ဝတ်

www.burmeseclassic.com

www.burmeseclassic.com

ရသည်။

မသေတရားရှာပုံတော်

ဒလ ပျော်ဘွယ်ကြီးကျေးရွာတွင် ဦးသိန်း၊ ဒေါ်သူဇာ ခမ်းစုများသည် ဥမကွဲ သိုက်မပျက် နေထိုင်ကာ အလှူ ရေစက် လက်နဲ့မကွာ ဒါန၊ သီလ မြဲခဲ့ကြသော မိသားစုဖြစ်သည်။ အားလုံးသော ကျေးရွာသားတို့၏ စံပြမိသားစုဖြစ်သည်။

တစ်နေ့တွင် ဒလမြို့နယ်၌ ဝမ်းရောဂါကပ်ဘေး ကြုံခဲ့၏။ ဦးသိန်း၊ ဒေါ်သူဇာတို့၏ အိမ်ကြီး၌ ယခင်က တရားသဲ၊ ကြေးစည်သံ တနောင်နောင်အသံတို့သည် ချုပ်ငြိမ်းကာ မင်္ဂလာရှိသည့်အိမ်ကြီးအဖြစ်မှ ရုတ်တရက် အ,မင်္ဂလာအိမ်သို့ ရောက်သွားတော့သည်။

မိသားစုအားလုံးနီးပါး ကပ်ရောဂါဘေးသင့်၍ သေဆုံးခြင်းသို့ ရောက်ကြ၏။ ဦးဖိုးသက်၊ ဒေါ်မျှင်တို့၏ တစ်ဦးတည်း ကျန်ခဲ့သော အပျိုအရွယ်သမီးငယ်မှာလည်း သဘာဝဆားကို မရှောင်နိုင်၊ ကပ်ရောဂါသင့်၍ သေဆုံးရပြန်၏။

ကပ်ရောဂါသည် ဦးဖိုးသက်ဘဝအား တစ်ဆစ်ချိုးခြောင်းလဲစေ၏။ အသက်သုံးဆယ်ကျော်မျှသာ ရှိသေးသော ဦးဖိုးသက်အား မသေတရားရှာဖွေရန် တွန်းအားတစ်ခုဖြစ်ခဲ့သည်။ ကျန်မိသားစုတို့အား အနှီးအညွှတ်တောင်းပန်၍ မသေတရားရှာဖွေရန်အတွက် ဦးဖိုးသက်တစ်ယောက် ရွာကို စွန့်ခွာလေတော့သည်။

လယ်တီဆရာတော်ကြီးအပါအဝင် မြန်မာနိုင်ငံအထက်အောက်အရပ်၌ ထင်ရှားသော ပရိယတ္တိဆရာတော်ကြီးများထံ ခိုဝင်၍ မသေတရားကို ရှာဖွေခဲ့၏။ တောတောင်အနှံ့လှည့်လည်ကာ တရားရှာရင်း ဆယ့်သုံးနှစ်ခန့် အချိန်ကုန်ဆုံးခဲ့စေ၏။

တရားထူး မရရှိသေးသော်လည်း လယ်တီဆရာတော်ကြီး၏ သွန်သင်လမ်းညွှန်မှုကြောင့် ဦးဖိုးသက်တစ်ယောက် အနာပါနကမ္မဋ္ဌာန်းအလုပ်ကို ထိရောက်စွာ ကျင့်နိုင်ခဲ့လေသည်။

ဆယ်ထိပ်မှစ တရားထူးရရှိခဲ့ခြင်း

ဆယ့်သုံးနှစ်ကြာမှ မိမိမွေးရပ်မြေ ဒလ ပျော်ဘွယ်ကြီးသို့ ပြန်ရောက်လာ၏။ မသေတရား မရရှိသေးဘဲ ရွာပြန်ရောက်ခဲ့ခြင်းကို ရှက်လှသဖြင့် ရွာတွင်း မဝင်တော့ဘဲ အိုးကွဲမိသားစု လှူဒါန်းထားသော ရွာထိပ်ရှိ တန်ဆောင်းတွင်းသို့ တပည့်ဖြစ်သူ ဦးညိုနှင့်အတူနေထိုင်ကာ သတ်ပဋ္ဌာန် အနာပါနအလုပ်ကို ဆက်လက်ရှုမှတ် ပွားများနေလေ၏။

တစ်နေ့သော ညနေတွင် ဘုရားဝတ်ပြု မေတ္တာပွားအမျှဝေပြီးနောက် တရားရှုမှတ်နေခိုက် ဓမ္မာရုံ ဂန္ဓကုဋီဘုံအထက်ဆီမှ စည်မြည်သံကို ကြားရလေ၏။ နာရီဝက်ခန့် အကြာ၌ လုံးချောချော အိစက်စက် အရာဝတ္ထုတစ်ခု တင်ပါးကို ပွတ်သပ်နေသကဲ့သို့ ခံစားရ၏။ သို့သော်လည်း တင်ပျဉ်ခွေမဖျက်၊ မျက်စိမဖွင့်ဘဲ တရားကို ဆက်လက်ရှုမှတ်နေ၏။ အတန်ကြာလျှင် မနေနိုင်၍ မျက်စိဖွင့်ကြည့်သောအခါ မြွေတစ်ကောင်ဖြစ်၍နေ၏။ ထူးခြားသည်မှာ မြွေတစ်ကောင်လုံး နီရဲလျက် ဟသံပြဒါးကဲ့သို့ရှိ၏။ မျက်လုံးအစုံမှာ တောက်ပ၍ အမြီးမှာ ဖြားနေ၏။ ဦးခေါင်း၌ ကြက်ကဲ့သို့ အမောက်တစ်ခုကို တွေ့ရလေ၏။ ထိုမြွေကို အထူးမေတ္တာပို့ အမျှဝေလိုက်မှ ဂန္ဓကုဋီထဲသို့ ဝင်သွားတော့သည်။

တစ်ခုသောနံနက် အရောဏ်မတက်မီ လေးနာရီအချိန်ခန့် အနာပါနသမာဓိစခန်း ဝင်လျက်ရှိသော ဦးဖိုးသက်မှာ ရှေးကထက်ပို၍ ခန္ဓာကိုယ်အသိ၊ ဗဟိဒ္ဓအသိများ ပို၍မိလာ

အနာဂါမိဆရာသက်ပုံတော်

www.burmeseclassic.com

www.burmeseclassic.com

ကာ ကြည်လင်ထင်ရှားလာ၏။ ပြတ်သားစွာ မြင်လာရ၏။ ထို့ကြောင့် ခန္ဓာကိုယ်ဖြစ်ပျက်မှုကို သတိ၊ သမာဓိ၊ ပညာ စိုက်ထူ၍ အထူးဝါယမထားကာ ရှုမှတ်ပွားများနေလေ တော့သည်။ ရှုမှတ်မြဲ ဝင်လေ၊ထွက်လေကို သတိမမှတ်နိုင် တော့ဘဲ တစ်ကိုယ်လုံးရှိ မည်သည့်နေရာသို့မဆို သတိကပ် လိုက်ရုံဖြင့် အလုံးစုံသိမြင်နေတော့သည်။

ရှုမှတ်နယ်ကျယ်၍ အသိကျဲနေ၏။ အထူးသတိပြု၍ ရှုမှတ်ကြည့်ရာ ငယ်ထိပ်ဆီမှ သိသာထင်ရှားသော ခံစားမှု တစ်ခုမှာ ရှေ့တန်းသို့ ထွက်ပေါ်လာ၏။ ဝေဒနာသဘော များ ထင်ရှားသည်ထက် ထင်ရှားလာပြီးနောက် သိမှတ်မှုကို ငယ်ထိပ်ရှိ ကျပ်ပြားဝိုင်းတစ်ခုစာခန့် ဖိတင်လိုက်ကြည့်ရာ ဆယ့်သုံးနှစ်လုံးလုံး ရှာဖွေခဲ့ရသော မသေတရားကို ဦးဖိုး သက်တစ်ယောက် မမျှော်လင့်ပါဘဲ တွေ့ရှိသွားတော့သည်။ တရားရှာ ကိုယ်မှာတွေ့လေ၏။

မိမိသန္တာန်၌ ဖြစ်ပျက်တွေ့မြင်မှုများကို လယ်တီဆရာတော်ကြီး ရေးသားတော်မူသော လယ်တီဒီပနီများဖြင့် တိုက်ဆိုင်ကြည့်လိုက်ရာ လုံးဝမှန်ကန်တိကျနေကြောင်း ဝမ်းမြောက်စွာသိရှိရလေတော့သည်။

ထိုမှစ၍ ဦးဖိုးသက်သည် ဒလ ပျော်ဘွယ်ကြီးကျေးရွာရှိ မိမိ၏တန်ဆောင်းအတွင်း၌ တရားပြသလာခဲ့ရာ အနာဂါမ်ဆရာသက် မရှိတော့သည့်နောက်ပိုင်း တပည့်သားသမီး များသည် ယနေ့ထိတိုင်အောင် တရားစခန်းများဖွင့်လှစ်ကာ သမထဝိပဿနာ အလုပ်တရားကို ပြသနေလေ၏။

♦ ♦ ♦

ထေရဝါဒဗုဒ္ဓသာသနာထွန်းလင်းရာ မြန်မာနိုင်ငံတွင် ထူးခြားထင်ရှားသည့် စေတီဘုရားများစွာ ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်တွင် ရှေးဟောင်းသမိုင်းဝင်ဆဲတော်ရှင် ကျိုက်ခနေတ်စေတီတော်မှာ ထင်ရှားသကဲ့သို့ ဒလ ပျော်ဘွယ်ကြီးကျေးရွာမှ သူရိယမုခီကြေးသွန်းဘုရားကြီးမှာလည်း ထူးခြားလှပါသည်။

အနာဂါမ်ဆရာသက်ကြီးကြောင့် ဒလ ပျော်ဘွယ်ကြီးသည် လူသိများ၍ တရားရှာမှီးသူ ပြည်တွင်း၊ပြည်ပပုဂ္ဂိုလ်များ မပြတ်လာ၍ တရားရှုမှတ်ပွားလျက်ရှိပါသည်။

ဘက်စုံပြုပြင်မွမ်းမံမှုများကြောင့် သူရိယမုခီ ကြေးသွန်းဘုရားကြီးမှာ တင့်တယ်သပ္ပာယ်၍ သာယာလှပနေပါသည်။ သို့သော်လည်း နှစ်တစ်ရာနီးပါး ကြာမြင့်ခဲ့ပြီးဖြစ်သော ဂန္ဓကုဋိတန်ဆောင်းကြီးအား မိုးထားသော သွပ်မိုးနှင့်

ဝါဒီဆရာတော်ဘုရားကြီး ဦးကောင်းကြည်မှာရင်းနှီးနေစဉ်

သစ်သားတန်းတို့မှာ နှစ်ပရိစ္ဆေဒကြာလာသည်နှင့်အမျှ ယိုယွင်းပျက်စီးမှုများ ရှိလာခဲ့ပါသည်။

ပြင်ဆင်မှုတန်ဖိုးကြီးမြင့်မှုကြောင့် လက်ရှိဂေါပကအဖွဲ့သည် နိုင်သည့်ဝန်ကို ထမ်းနေရသော်လည်း အကြီးစားပြုပြင်ရမည့် သွပ်မိုးနှင့် သစ်သားတန်းတို့ကို လျှုမည့်အလှူရှင်များကို ဝမ်းမြောက်ဝမ်းသာ ဖိတ်ခေါ်လျက်ရှိပါသည်။

ပါရမီရှင်အပေါင်းတို့သည် ဒလမြို့ဆီသို့ တစ်ခေါက် တစ်ခါ လာရောက်လည်ပတ်ကြရင်း ရန်ကုန်မြို့နှင့် မဝေးလှသည့် ဒလ ပျော်ဘွယ်ကြီးသို့ ဘုရားဖူးရင်း ဝိပဿနာ တရားစခန်းဝင်ရင်း အလှူရေစက်လက်နဲ့မကွာ လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းလိုက်ရပေတော့သည်။

ခုနစ်ရက်သားသမီးအပေါင်း ဘေးဘယာကင်းဝေးကြပါစေ။

ဇိုလ်တဆောင်-ကိုဦး

မှီငြမ်း

* သူရိယမုခီ ကြေးသွန်းဘုရားကြီးသမိုင်း (ဘုန်းကြီးကျောင်းသား လှသောင်း)။

www.burmeseclassic.com

www.burmeseclassic.com

ဆီးချိုဆေးဘုရင်၊ မြင့်မိုရ်ရှင်၊ အောင်မြင်ချမ်းသာရ။

မြင့်မိုရ်ဟိန်း

အမှတ်တံဆိပ်

ဆီးချိုဩွးချိုကုဆေး

ဆီးချိုရောဂါကြောင့် - ဆီးဝေဒနာများ အစာ
သွေးတိုးနှုန်းပုံမှန်မရှိခြင်း၊ အကြောတက်ခြင်း
ကိုယ်အလေးချိန်ကျခြင်း၊ရေငတ်ခြင်း၊ အား
များကိုထိရောက်လျင်မြန်စွာသက်သာစေပါသည်။

သစ်မင်းတစ်ထောင် ခွမ်းအားဆေးဝင်

အကြောဘစ်ထောင်ပွင့်တဲ့ဆေး

သစ်မင်းတစ်ထောင်

အမှတ်တံဆိပ်

အကြောပြေလိမ်းဆေး

ကျဆေးလိမ်းပေးခြင်းဖြင့် အကြောရောဂါအမျိုးမျိုး
လေးဖက်နာရောဂါ၊ ထုံကျင်ကိုက်ခဲခြင်း ဝေဒနာများကို
လျင်မြန်စွာ သက်သာပျောက်ကင်းစေပါသည်

ဝင်ရင်း - မြင့်မိုရ်ဟိန်း တိုင်းရင်းဆေးဝါးထုတ်လုပ်ငန်း၊ (စ
တိုက်ခု / ၁၀၂၊ အငယ္ဒင်အင်ငြိသာစည်ဘီမ်ယား၊ တဖရွတ်မြို့နယ်၊ ရန်ကုန်တိုင်း

သာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y၀၁၀၂၁၀လိုင်စင်အမှတ် - ခ/၂၁၁၀

www.burmeseclassic.com

www.burmeseclassic.com

ဒွတ္တဘောင်မင်းကြီးတော်သမီးတော်
တည်ထားကိုးကွယ်ခဲ့သော
သမိုင်းဝင်ဓမ္မဒီတော်နှင့် ရွှေဟောင်းဘုန်းတော်ကြီးကျောင်း

ဟိုတလောက ညီမငယ်နေထိုင်ရာ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အင်းမမြို့အနောက် နှစ်မိုင်ခွဲခန့် လောက်ဝေးတဲ့ မင်းပုန်းကျေးရွာလေးကို ရောက်ရှိသွားခဲ့ပါတယ်။

ဒီကျေးရွာလေးရဲ့ ချစ်စရာကောင်းတဲ့ ဓလေ့တစ်ခုက သူတို့ ကျေးရွာလေးကို ရပ်ဝေးက ဧည့်သည်တော်များ ရောက်ရှိလာခဲ့ပြီဆိုရင် မိမိနဲ့သိကျွမ်းသည်ဖြစ်စေ၊ မသိကျွမ်းသည်ဖြစ်စေ ကလေး၊ လူကြီး အားလုံးက ဝမ်းပန်းတသာနဲ့ လိုက်လိုက်လဲလဲ ဧည့်ခံကြိုဆို နှုတ်ဆက်ကြပါတယ်။

စာရေးသူ ဒီကျေးရွာလေးကို ရောက်ရှိသွားတဲ့အချိန်က ညနေ နေဝင်ရီတရော မှောင်ရီပျိုး၊ အချိန်အားဖြင့် ခြောက်နာရီခွဲလောက်ဖြစ်မယ်လို့ ထင်ပါတယ်။

ဒါနဲ့ ရောက်ရောက်ချင်းဆိုသလို ညီမငယ်ရဲ့အမျိုးသား

ဒွတ္တဘောင်မင်းကြီးတော်သမီးတော်
တည်ထားကိုးကွယ်ခဲ့သော မင်းပုန်းဓမ္မဒီတော်

ကိုစိုးကြီးက-

"အစ်ကိုကြီး..တစ်ခါတည်း ရေချိုးပြီးရင် ထမင်းစားမယ်"လို့ ဆိုပါတယ်။

ဒီတော့ ညီမဖြစ်သူက အခုလို ဝင်ပြောပါတယ်။

"အစ်ကိုစိုးကြီးရယ်..အစ်ကိုကြီးက အခုမှရောက်ရုံရှိသေး အမောလေးဘာလေး ဖြေပါစေဦး။ ဘယ့်နယ်တော်..ရောက်ရောက်ချင်း ရေချိုးခိုင်းနေရတာတုံး"

"ဟဲ့..ငါ့တို့ရွာရဲ့ အကြောင်းကိုလည်း နင်သိလျက်သားနဲ့။ တော်ကြာ ရွာထဲကလူတွေ ရောက်လာကြရင် အစ်ကိုကြီး ရေချိုးဖြစ်မှာ မဟုတ်တော့ဘူးဟ"

ညီမငယ်တို့ဇနီးမောင်နှံ ပြောကြားနေတဲ့ စကားသံကို စကားအစွန်းအစ မသိရှိရတဲ့ စာရေးသူဟာ အတော့်ကို စိုးရိမ် ထိတ်လန့်သွားခဲ့ပြီး-

"နေကြပါဦး၊ နင်တို့နှစ်ယောက် ငါ့ကို ရှင်းရှင်းလင်းလင်း ပြောကြစမ်း။ နင်တို့ရွာမှာ အခုတလော ဘာပြဿနာများ ရှိနေလို့လဲ။ ရပ်ဝေးက ဧည့်သည်တွေဘာတွေကို ညအိပ်ညဉ့်နေ လက်မခံဘူးလား။ ဘာလဲ၊ ရွာလူကြီးအိမ်သွားအိပ်ရမှာလား"

"မဟုတ်ရပါဘူး အစ်ကိုကြီးရယ်။ ဒီလိုပါ..ကျွန်တော်တို့ရွာရဲ့ဓလေ့က ကျွန်တော်တို့ရွာလေးကို ရပ်ဝေးဧည့်သည်များ ရောက်လာပြီဆိုရင် မိမိနဲ့ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ တစ်ရွာလုံး ကလေး,လူကြီး အားလုံးက လာရောက်နှုတ်ဆက်ကြ၊ ဧည့်ခံစကားပြောကြဆိုကြတာဟာ အစဉ်အလာတစ်ခုပဲ။ အခုလည်း အစ်ကိုကြီးရောက်လာတယ်လို့ သတင်းကြားကတည်းက တစ်ရွာလုံး ရေမိုးချိုးပြီး ထမင်းစားကုန်ကြပြီ။ တော်ကြာ ဒီကိုရောက်လာကြတော့မှာ။

နောက်ပြီး ဒီကနေ ပိုပြီးထူးခြားတာတစ်ခုက တခြားဧည့်သည်တွေရောက်တာနဲ့ အစ်ကိုကြီးရောက်လာတာ မတူဘူး။ အစ်ကိုကြီးရေးတဲ့စာတွေကို အစ်ကိုကြီးက ကျွန်တော့်ဆီ ပို့ပေးနေတော့ ဒီရွာထဲက လူတွေက အစ်ကိုကြီးစာကို ဖတ်ပြီး အစ်ကိုကြီးကို မြင်ဖူးတွေ့ဖူးချင်နေတာ။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဒဂုတ္တရောင်ပဒေသြာန်သပ်းတော်၏ တည်ဆောက်ပုံအလယ်ခံဝင်ဆောင်းပုန်းစေတီတော်

ခုညတော့ အိမ်တွေမှာ လူတစ်ယောက်မှတောင် ကျန်မှာ မဟုတ်ဘူး။ တော်ကြာ သူတို့ ရောက်လာကြရင် ဧည့်ခံစကား ပြောကြဆိုကြရင် စကားမပြတ်ဖြစ်လို့ အစ်ကိုကြီး ရေမချိုးဖြစ်ဘဲ ဖြစ်နေမှာစိုးလို့ ပြောတာပါ'

ဒီတော့မှ စာရေးသူလည်း သူတို့ရွာရဲ့ခလေ့ကို သိရှိရလို့ စိတ်သက်သောင့်သက်သာ ရရှိသွားခဲ့ပါတယ်။ ပြောတဲ့အတိုင်းပါပဲ စာရေးသူ ရေချိုးပြီး ထမင်းစားလို့ ဆောင် မဝသေးဘူး အိမ်ပေါ်မှာ တစ်ရွာလုံး ကလေး၊ လူကြီး ပြည့်ကုတ် ဖြစ်လာပါတယ်။

ဒါနဲ့ ထမင်းစားပြီး ရေနွေးကြမ်းသောက်ရင်း စာရေးသူအား နှုတ်ဆက်ကြကာ ဧည့်ခံစကား ပြောဆိုကြပါတယ်။ စာရေးသူလည်း ကိုယ် တွေ့ကြုံဖြတ်သန်းခဲ့ရတဲ့ ဘဝအတွေ့အကြုံနှင့် ကိုယ်သိထားသမျှ စာအကြောင်းပေအကြောင်းမှအစပေါ့လေ ဘုရားဟော ငါးရာငါးဆယ်ဇာတ်နိပါတ်အဆုံးသူတို့ သိလိုသမျှ၊ မေးသမျှတွေကို ပြောပြဖြစ်ပါတယ်။

အဲသလို စကားဝိုင်းလေး ပြောနေချိန်မှာ တိုင်ကပ်နာရီက ည(၁၂း၀၀)နာရီထိုးပြီဖြစ်ကြောင်းကို အချက်ပေးသံ ကြားလိုက်ရပါတယ်။

ဒီလိုအချိန်မှာ ရပ်မရပ်ဖ လူကြီးတစ်ယောက်ဖြစ်တဲ့ ဦးဘင်ဝင်း က-

'ကဲ..အတော်လည်း ညဉ့်နက်နေပြီ။ (၁၂း၀၀)နာရီတောင် ထိုးနေပြီ။ ဆရာ အနားယူ အိပ်ချင်ရောပေါ့။ တို့အားလုံး ပြန်ကြမယ်၊ ဆရာ..မနက်ကျရင် ရွာအနောက်ထိပ် တစ်မိုင်အကွာ ဆောက်မှာရှိတဲ့ ရွေးဟောင်းဘုန်းကြီးကျောင်းနဲ့ သမိုင်းဝင်ဘုရားစေတီကို ဒေသန္တရဗဟုသုတအဖြစ် ကျွန်တော်တို့အားလုံး လိုက်ပို့ပေးမယ်။ ခုညတော့ ကျွန်တော်တို့ အားလုံးကို ပြန်ခွင့်ပြုပါဦးနော်' လို့ဆိုပြီး နှုတ်ဆက်ကြကာ ကိုယ်စီ,ကိုယ်စီ ပြန်သွားကြပါတော့တယ်။

စာရေးသူဟာ နံနက်မိုးလင်းလို့ အိပ်ရာမှထ၊ မျက်နှာသစ် ဆေးကြောသန့်စင်ပြီး ညီမငယ်မှ တောရွာခလေ့ဖြစ်တဲ့ ငါးခြောက်ဖုတ်ဆီဆိမ်ဆမ်းနဲ့ ထမင်းကြမ်းဖြင့် ဧည့်ခံကျွေးမွေးပါတယ်။ ထမင်းစားအပြီး တစ်အောင့်လောက်အကြာမှာတော့ ရပ်ရွာရဲ့ ရပ်မရပ်ဖလည်းဖြစ်၊ ကျောင်း၊ ကန်၊ ဘုရားရဲ့ ဂေါပကလူကြီးများဖြစ်ကြတဲ့ ဦးသန်းအောင်၊ ဦးတင်ဝင်းတို့နှင့်အတူ ကျေးရွာသူကျေးရွာသားများ ရောက်ရှိလာကြပြီး စာရေးသူကို ရွေးဟောင်းဘုန်းကြီးကျောင်းနှင့် သမိုင်းဝင်ဘုရားစေတီများကို လိုက်လံပို့ဆောင်ပေးကြပါ

ပင်းပုန်းဘုရားတန်ဆောင်းတော်၌ တည်ဆောက်ကိုးကွယ်ထားစေသော ရုပ်ပွားတော်များ

www.burmeseclassic.com

www.burmeseclassic.com

မြန်မာသဘာရာဇဝင်(၁၃၁၂)ရုပ်စံတွင် အသစ်ထပ်ဝဲမြှုပ်တည်ထား ကိုးကွယ်တော်မူသော ရွှေမုခ်မှန်တော်မုဆူရာကြီး

တယ်။

ဘုရားစေတီကို ရောက်တဲ့အခါ ဘုရားဝတ်ပြု ဆုတောင်းပြီး သမိုင်းဝင်ရွေးဟောင်းဘုရား၊ စေတီ၊ ပုထိုးများအား အမှတ်တရမှတ်ပုံများ ရိုက်ယူပြီး စာရေးသူသိလိုသမျှတွေကို မေးမြန်းတဲ့အခါ ဂေါပကလူကြီး ဦးတင်ဝင်းမှ စိတ်ရှည်ရှည်ဖြင့် ဒိုင်ခံရှင်းပြပေးခဲ့ပါတယ်။

'ဒီဘုရားစေတီက နဂိုအတိုင်းပဲလား'

'(၁၉၄၈)ခုနှစ် လွတ်လပ်ရေးရပြီးမှ ပြန်လည်ပြုပြင်ထားတာပါ။ ပထမတော့ ဒီနေရာက ဘုရားစေတီကို ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးနေတာပေါ့ ဆရာ'

'ဩော်..ဒီဘုရားစေတီက ဘယ်တုန်းကတည်းက ဘယ်သူ တည်ထားကိုးကွယ်ခဲ့တယ် ဆိုတာကိုရော သိလား'

'ဟုတ်ကဲ့၊ သိပါတယ် ဆရာ။ ဒီရွာက ဂေါပကလူကြီးများ အစဉ်အဆက် မှတ်တမ်းမှတ်ရာများ ကျွန်တော်တို့ဆီမှာ ရှိပါတယ် ဆရာ'

'ဒါဆို နည်းနည်းလောက် အကျဉ်းလေးပေါ့ ရှင်းပြပေးလို့ ရမလား'

'ဟုတ်ကဲ့၊ ရပါတယ် ဆရာ။ ဒီဘုရားစေတီကို တည်ထားကိုးကွယ်ခဲ့သူက ပြည်သရေခေတ္တရာ ဒွတ္တဘောင် မင်းကြီးရဲ့သမီးတော် လောင်းရှင်မင်းသမီး တည်ထားကိုးကွယ်သွားတာလို့ သိရပါတယ် ဆရာ'

'ဩော်...ဒါဆို တော်တော်ကြာပြီပဲကိုး။ ဒါနဲ့ ဘယ်လိုကြောင့် ဒီနေရာမှာလာပြီး တည်ထားကိုးကွယ်ဖြစ်တယ် ဆိုတာကိုရော သိသေးသလား'

'ဟုတ်ကဲ့၊ မှတ်တမ်းမှတ်ရာများအရ ဒွတ္တဘောင်မင်းကြီးရဲ့သမီးတော် လောင်းရှင်မင်းသမီးဟာ နန်းရေးပြဿနာတစ်ခုကြောင့် ဒီနေရာမှာ လာရောက်ပုန်းခိုရင်း ပုတီးစိပ် အမိဋ္ဌာန်ဝင်ပါတယ်။ အဲဒါ အမှတ်တရအဖြစ် တည်ထားကိုးကွယ်သွားတာလို့ သိရပါတယ် ဆရာ။ ဒါကြောင့် ဒီဘုရားစေတီကို လောင်းရှင်မင်းသမီး ပုန်းခိုခဲ့တဲ့နေရာ ပုန်းခိုရင်း တည်ထားကိုးကွယ်ခဲ့တဲ့ ဘုရားဖြစ်တဲ့အတွက် ဒီဘုရားစေတီကို မင်းပုန်းဘုရားလို့ မှည့်တွင်ထားတာ ဆရာ။ နောက်ပြီး ကျွန်တော်တို့ ဒီရွာလေးကိုလည်း ဒီဘုရားစေတီရဲ့ နာမည်ကို အ ပြုပြီး မင်းပုန်းကျေးရွာလို့ပဲ မှည့် ခေါ်ခဲ့တာလို့ ပြောတယ် ဆရာ'

'ဩော်..ဒါဆို ဒီရွာနဲ့ ဒီဘုရာ က နာမည်အတူတူပဲ ပေါ့'

'ဒါတင်ဘယ်ကမလဲ ဆရာ။ ဘုန်းကြီးကျောင်းကလည်း တခြ နာမည် သီးခြားမရှိဘူး ဆရာ။ ပုန်းကျောင်းလို့ပဲ ခေတ်အဆ ဆက် ခေါ်လာခဲ့တာပဲ ဆရာ'

'ဩော်..ဒါဆို ဒီဘုန်း ကျောင်းကလည်း အလေ့



(၁၉၆၅)ခုနှစ်တွင် တစ်ဖိတ်တာဝိုင်း မြန်လည်ပြုပြင်ထားစဉ် ဝရုဏတောင်းမင်းဖုန်းခုနှစ်တော်ကြီးဆရာဝင်းဝတော်

www.burmeseclassic.com

www.burmeseclassic.com

ဆို့နော်။ ကျောင်းကြည့်ရတာ အတော်ကို ရှေးကျပုံရတယ်'

'ဘုန်းကြီးကျောင်းကတော့ ဒီစေတီလောက်တော့ သက်တမ်းဘယ်ရှိပါ့မလဲ။ သူလည်းပဲ ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်လက်ထက်မတိုင်မီပေါ့။ ဒီရွာလေးကို စတည်ကတည်းက ဆောက်လုပ်ကိုးကွယ်ခဲ့တာဆိုတော့ နှစ်ပေါင်းအားဖြင့် နှစ်ရာကျော် သုံးရာနီးပါးလောက်တော့ ရှိမယ်ထင်တယ်'

'သြော်..အတော်ကြာပြီပဲ။ ဒါနဲ့ ဒီကျောင်းမှာ ဘုန်းကြီး မရှိဘူးလား'

'ပျံလွန်တော်မူသွားတာ သိပ်မကြာသေးဘူး။ အခု ဆိုလောဆယ်တော့ ကျောင်းစောင့်အနေနဲ့ ကိုရင်ကြီးတစ်ပါးတော့ရှိတယ် ဆရာ'

'ဘုန်းကြီးအစဉ်အဆက်ရော မှတ်တမ်းမှတ်ရာများ ရှိသလား'

'အင်း..လေးငါးပါးလောက်တော့ မှတ်တမ်းရှိတယ်။ ဆွေးငင်းပေါ်မှာတော့ ဓာတ်ပုံတွေရှိသေးတယ် ဆရာ။ အခု ပျံလွန်တော်မူသွားတဲ့ဘုန်းကြီးရဲ့ ရှေ့တစ်ပါးကျော်က ဆရာဆောက်ကြီးလက်ထက်ကဆို ဒီကျောင်းတိုက်ကြီးကို စာသင်တိုက်ကြီးအဖြစ်တောင် တည်ထောင်သွားခဲ့သေးတယ် ဆရာ။ အဲဒီတုန်းက ဒီကျောင်းတိုက်ကြီးက မူလတန်း၊ ထပမငယ်တန်း၊ ပထမလတ်၊ ပထမကြီးတန်းနဲ့ ဓမ္မာစရိယတန်းထိ ဖွင့်လှစ်သင်ကြားပေးခဲ့တယ်တဲ့။ ဒီကျောင်းတိုက်ကြီးက ဓမ္မာစရိယ အပါးနှစ်ဆယ်လောက် မွေးထုတ်ပေးနိုင်ခဲ့တယ်လို့လည်း သိရတယ် ဆရာ'

'သြော်..ဒါနဲ့ ဒီဘုန်းကြီးကျောင်းက အခုမြင်တွေ့နေရတာတွေအားလုံးက နဂိုအတိုင်းလက်ရာချည်းပဲလား'

'ဘယ်ဟုတ်ပါ့မလဲ။ တချို့လက်ရာတွေက လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ ယိုယွင်းပျက်စီးနေတာတွေကို ပြန်ပြည်ပြုပြင်ထားတဲ့ လက်ရာတွေပေါ့ ဆရာ'

'အေးပေါ့..တချို့လည်း ဒီလောက်နှစ်သက်ကြာမှာ ယိုယွင်းပျက်စီးရောပေါ့။ ဒီလိုမှ ပြန်လည်မပြုပြင်လို့ ဘယ်ဖြစ်ပါ့မလဲ'

'ဟုတ်ကဲ့ ဆရာ'

'ဒါနဲ့ ဒီမင်းပုန်းဘုရားကို ဘုရားပွဲလေးဘာလေး ကျင်းပကြဘူးလား'

'ကျင်းပတာပေါ့ ဆရာ။ နှစ်စဉ် တပို့တွဲလဆန်း(၈) ရက်နေ့မှ တပို့တွဲလပြည့်ကျော် (၁)ရက်နေ့အထိ (၉)ရက် ကြာအောင် ကျင်းပပြုလုပ်ပါတယ် ဆရာ'



'ပျော်ပွဲရွှင်ပွဲတွေဘာတွေရော ထည့်သေးလား'

'ဟုတ်ကဲ့ ဆရာ၊ ပျော်ပွဲရွှင်ပွဲအနေနဲ့တော့ ဓာတ်ပွဲနဲ့ စတိတ်ရှိုးတို့ဘာတို့ တစ်ခါတလေတော့ ထည့်ဖြစ်ပါတယ် ဆရာ'

'ဘုရားပွဲရက်မှာ ဧည့်ခံကျွေးမွေးရေးအစီအစဉ်နဲ့ ပတ်သက်လို့ရော ဘယ်လိုတွေ ဆောင်ရွက်ကြသလဲ'

'ဧည့်ခံကျွေးမွေးရေးနဲ့ပတ်သက်လို့ ဘုရားပွဲရက်က တပို့တွဲလဖြစ်လို့ ဘုရားပွဲကို ကြွရောက်လာကြတဲ့ ရပ်ဝေးရပ်နီးမှ ဧည့်သည်တော်ပရိသတ်အားလုံးကို ထမနဲထိုးပြီး ဧည့်ခံ ကျွေးမွေးပါတယ် ဆရာ'

'အင်း..ဘုရားပွဲတောင် ပြန်လာချင်စိတ်ပေါက်သွားပြီ'

'လာခဲ့ ဆရာ၊ ကြိုဆိုပါတယ်။ ဆရာသာ ကျွန်တော်တို့ရွာဘုရားပွဲကို လာမယ်ဆိုရင် ကျွန်တော်တို့ဒေသရဲ့ လူနေမှုစရိုက်နဲ့ ဘုရားပွဲအတွေ့အကြုံကို ဆရာ့အနေနဲ့ အမှတ်တရ ဆောင်းပါးတစ်ပုဒ် ရတာပေါ့'

'ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့..ဟုတ်ပါ့။ ကဲ..ဘုရားပွဲရက် ကျမှပဲ ပြန်လာခဲ့တော့မယ်။ အခုလို တကူးတက လိုက်လံရှင်းပြပေးကြတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်ဗျာ'လို့ နှုတ်ဆက်ကာ ရင်ထဲက ပီတိအပြုံးပန်းများ ဝေဆာကာဖြင့် စာရေးသူ ပြန်လာခဲ့ပါတော့တယ်။

ကျော်ကျော်ဦး(ဒိုးဘီး)

www.burmeseclassic.com

နွားဦးတိုက်ဆရာတော်နှင့် သံသရာခရီးသည် ရေနောင်ဖြူ

အောင်သာကျော်

ရွှေပြည်သာမြို့နယ်သည် ဘာသာသာသနာတော် ထွန်းလင်းလှသည့် မြို့နယ်တစ်ခုပင်ဖြစ်သည်။ ရှေးအခါက လွင်တီးခေါင်ဖြစ်နေခဲ့သည့် နေရာတစ်နေရာသာ ဖြစ်နေခဲ့ပြီး လယ်ကွင်းများ၊ ကိုင်းတောများဖြင့် ပြည့်နှက်လျက်ရှိသည့် သံဒင်းကျေးရွာဝန်းကျင်ရှိ သိမ်တော်ဦး မြနန္ဒာစေတီတော်ထီးတင်စဉ်က ကြွရောက်တော်မူလာသည့် အဘရာကျော် ဆရာတော်ဘုရားကြီးက ယခု ရွှေပြည်သာမြို့နယ်အဖြစ် ပေါ်ထွန်းဖြစ်နေသည့် လွင်တီးခေါင်ရပ်ဝန်းအား လက်ညှိုးညွှန်တော်မူလျက် ဓာတ်နိမိတ်စကား မိန့်ကြားတော်မူခဲ့သည်မှာ ဤရပ်ဝန်းသည် ကြက်ပျံမကျ စည်ကားသော မြို့တစ်မြို့ ပေါ်ထွန်းလာပြီး ဘာသာသာသနာ ပွင့်ထွန်းဝေဆာလာလိမ့်မည်ဟူ၍ပင်ဖြစ်သည်။ ထိုဓာတ်နိမိတ်စကားအရ ဖြစ်တည်ပေါ်ထွန်းလာခဲ့သည့် ရွှေပြည်သာမြို့နယ်သည် ယခုအခါ ဘာသာ၊ သာသနာတော်ရေးဆိုင်ရာဘက်တွင် အထူးပွင့်ထွန်းဝေဆာလျက် ရှိနေပြီပင် ဖြစ်သည်။

ဘာသာ၊ သာသနာ ပွင့်ထွန်းဝေစည်နေသည့် ရွှေပြည်သာမြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီးသာမက ရပ်ကွက်အသီးသီးရှိ ပန်းခြံကွက်တို့တွင်ပါ ဓမ္မပူဇော်ပွဲများ၊ အသံမစဲ မဟာပဋ္ဌာန်းတော်မြတ် ရွတ်ဖတ်ပူဇော်ပွဲများ သူထက်ငါ အပြိုင်အဆိုင်ကျင်းပကာ ဘာသာသာသနာတော် ထွန်းကားပြန့်ပွား တည်တံ့နိုင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြသည်ကို တွေ့ရသည်။ ထိုသို့ ဓမ္မပူဇော်ပွဲများ သူထက်ငါ အပြိုင်အဆိုင်ကျင်းပနေကြသည်မှာ ဆယ်စုနှစ်တစ်နှစ်ကိုပင် ဖြတ်သန်းကျော်ဖြတ်နိုင်ခဲ့ကြပြီဖြစ်သည်။

ထိုသို့ ဓမ္မပူဇော်သဘင်များကို စဉ်ဆက်မပြတ် စီစဉ်ကျင်းပနေခဲ့ကြရာက (၂၀၁၄)ခုနှစ်၊ ဖော်ဖော်ဝါရီလအတွင်း ကျင်းပဖြစ်ခဲ့သည့် ဓမ္မပူဇော်သဘင်ပွဲတစ်ပွဲတွင် ထူးခြားဆန်းကြယ်လှစွာသော ဖြစ်ရပ်ဆန်းကြယ်မှုတစ်ခု ဖြစ်ပွားပေါ်ပေါက်ခဲ့ရာ ဓမ္မပူဇော်သဘင်သို့ အရောက်လာကာ တရားတော်နာယူနေကြသော တရားနာပရိသတ်အပေါင်းတို့ တအံ့တသြဖြစ်ပွားခဲ့ကြရသည်။

ထိုဓမ္မပူဇော်သဘင်မှာ ရွှေပြည်သာမြို့နယ်၊ (၅/၁)ရပ်ကွက်တွင် စုစည်းဖွဲ့စည်းထားသည့် အနဂါမိကပုညဆွမ်းလောင်းအသင်း၏ (၂၁)ကြိမ်မြောက် ဆွမ်းအောင်ပွဲအထိမ်းအမှတ်အဖြစ် ကျင်းပသည့် ဓမ္မပူဇော်သဘင်ပင်ဖြစ်သည်။ အဆိုပါဓမ္မသဘင်ကို (၂၀၁၅) ခုနှစ်၊ ဖေဖော်ဝါရီလ (၈)ရက်နေ့မှ (၁၂)ရက်နေ့အထိ ငါးညတိုင်တိုင် ကျင်းပခဲ့သည်။

ဖေဖော်ဝါရီလ (၁၁)ရက်နေ့ညတွင် နွားဦးတိုက်ဆရာတော်ဘုရားကြီး ထင်ရှားကျော်ကြားနေသည့် ဓမ္မကထိက ဆရာတော် အရှင်ဥာဏလင်္ကာရက မြတ်ဗုဒ္ဓ ပေးသနားထားတော်မူသည့် တရားဓမ္မများအပေါ် တည်မှီကာ တရားရေးအမြိုက်ဆေး တိုက်ကျွေးတော်မူသည်။ ဆရာတော် တရားချီးမြှင့်

ဆရာဝတ်အား နွားကဝေးဝန်းဒကာဒကာမတို့က

www.burmeseclassic.com

www.burmeseclassic.com

နွားဦးတိုက် ဆရာခဲ့တော် တရားရှိမြင့်စဉ်

နေစဉ် ပရိသတ်များအလယ်တွင် ဝပ်စင်းကာ နားစွင့်လျက် ရှိနေသော နွားလေးတစ်ကောင်သည် မျက်ဝန်းအစုံမှ မျက်ရည်စက်များ လျှံကျလျက်ရှိနေသည်။

ထိုခဏမှာပင် ဆရာတော်အရှင်ဉာဏလင်္ကာရက ဟဲ့..နောင်ဖြူ၊ လာခဲ့..လာခဲ့'ဟု မိန့်တော်မူလိုက်သည်။

နွားလေးနောင်ဖြူသည် တရားနာပရိသတ်များအလယ်တွင် ဝပ်စင်းကာ တရားနာယူလျက် ရှိနေရာက ဆတ်ခနဲ ထရပ်ကာ ပရိသတ်တို့အလယ်တွင် ဖောက်ခင်းပေးထားသော တရားဟောခမ္မက်ထိုက် ဆရာတော်များ ခမ္မပလ္လင်တက်ရာ လမ်းကြောင်းအတိုင်း မြူးကြွသွက်လက်စွာ လျှောက်သွားတော့သည်။

ဆရာတော်၏ ခမ္မပလ္လင်ခြေတော်ရင်းနှင့် နီးစပ်သော နေရာသို့ ရောက်သည်နှင့် နောင်ဖြူသည် ရှေ့ခြေနှစ်ဖက်ကို ကွေးညွတ်နိမ့်ချလိုက်ပြီး ဆရာတော်အား ခုနစ်ကြိမ်တိုင်တိုင် ဦးတိုက်ရှိခိုးလျက် ရှိနေတော့သည်။ ထိုအခြင်းအရာကို မြင်တွေ့လိုက်ကြရသည့် ခမ္မပူဇာပွဲအရောက်လာကာ တရားဆောနာယူနေကြသူအပေါင်း မှင်တက်အံ့သြနေမိဖြစ်ကြသည်။ နွားဦးတိုက်ဆရာတော်ဟု ထင်ရှားကျော်ကြားလျက် ရှိနေသည့် ခမ္မကထိကဆရာတော် အရှင်ဉာဏလင်္ကာရမှာ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ဖရစ်ရိုးကြီးကျေးရွာရှိ ခမ္မဒူတရွှေညောင်ပင်ရိပ်သာကျောင်းတိုက်၏ ဆရာဆောင်ပင် ဖြစ်သည်။

နွားကလေးနောင်ဖြူသည် ဆရာတော်အရှင်ဉာဏလင်္ကာရအား နေ့စဉ် ဦးတိုက်ရှိခိုးလေ့ရှိသည်ဟု သိရပါသည်။ ထိုသို့ဦးတိုက်ရှိခိုးလေ့ရှိနေခဲ့သည်မှာ နောင်ဖြူတစ်နှစ်သားအရွယ်မှ စတင်ခဲ့ရာ ယခုဆိုလျှင် နောင်ဖြူသည်ပင် (၁၈)နှစ်သားပြည့်ခဲ့ပြီပင် ဖြစ်သည်။ ထိုသို့ရှိနေခဲ့သဖြင့် ဆရာတော်အရှင်ဉာဏလင်္ကာရသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းဝယ် နွားဦးတိုက်ဆရာတော်ဟူ၍ စတင်ထင်ရှားကျော်ကြားလာခဲ့ရခြင်းပင်ဖြစ်သည်။

နွားကလေး နောင်ဖြူ၏ မွေးမြူပေါက်ဖွားလာခဲ့ရသည့် ဇာတိရပ်မြေမှာ တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်၊ သောင်ပင်ကွင်းကျေးရွာအုပ်စု အနောက်ညောင်ပင်ကွင်းကျေးရွာပင် ဖြစ်သည်။ နွားဦးတိုက် ဆရာတော်အဖြစ် ထင်ရှားကျော်ကြားလာမည့် ခမ္မကထိကဆရာတော် အရှင်ဉာဏလင်္ကာရ အနောက်ညောင်ပင်ကွင်းကျေးရွာသို့ တရားဆောမြတ်များ ဟောကြားရန်အတွက် ကြွလာခဲ့စဉ် ဦးကြင်ပို၊ ဒေါ်ကြူတို့ နေအိမ်ခြံဝင်းအတွင်း ရှိနေသည့် နွားကလေး နောင်ဖြူသည် ဆရာတော်အား ဖူးတွေ့လိုက်ရသည်နှင့် တွေ့တွေ့ချင်းပင် ဦးတိုက်ရှိခိုးခဲ့သည်ဟု သိခွင့်ရခဲ့ပါသည်။

ထူးခြားသည်မှာ နွားကလေးနောင်ဖြူသည် ဆရာတော်အား ဦးတိုက်နေစဉ်အတွင်း ဝမ်းနည်းမှု၊ ဝမ်းသာမှု အသွင်များ ထင်ဟပ်ပေါ်ပေါက်နေကာ မျက်ရည်များ တွင်တွင်ကျနေခြင်းပင်ဖြစ်သည်။ နွားကလေးနောင်ဖြူ၏ ထူးဆန်းသော အပြုအမူနှင့် ဖြစ်ရပ်များကို မြင်တွေ့လိုက်ရသည့် ဆရာတော် အရှင်ဉာဏလင်္ကာရမှာ ရုတ်ခြည်းဆိုသလို နွားကလေး နောင်ဖြူအပေါ် ကြင်နာသနားစိတ်များ ပေါ်ပေါက်လာခဲ့သည်။ ဤသို့ဖြင့် ဆရာတော်သည် တနင်္သာရီတိုင်းဧာတိဖွား နွားကလေးနောင်ဖြူအား မိမိကျောင်းထိုင်ရာ ဧရာဝတီတိုင်းဒေသကြီးသို့ ငွေကြေးအမြောက်အမြားအကုန်အကျခံ သယ်ယူလာခဲ့သည်။ နောင်ဖြူအား ငွေကြေးအမြောက်အမြားပေးကာ ဝယ်ယူခဲ့ပြီးမှ သယ်ဆောင်လာခဲ့ခြင်းပင် ဖြစ်သည်။ သယ်ဆောင်လာစဉ်က နောင်ဖြူတစ်နှစ်သားအရွယ်သာ ရှိသေးသည်။

ဆရာတော်သည် နာမည်ကျော် ခမ္မကထိကတစ်ဦးဖြစ်နေလေရာ တရားဟောရန် ပင့်လျှောက်လာကြသော ဒေသများသို့ တရားဟောရန် ကြွတော်မူရလေ့ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

နွားလေးနောင်ဖြူ တရားနာပရိသတ်များအလယ် ပင်းခပ်နှုတ်ဆရာတော်ရှိရာ ပလ္လင်သို့ ကြွခြေချစဉ်

ဆရာတော် အနယ်နယ်အရပ်ရပ်သို့ တရားဟော ကြွနေတော်မူစဉ် ကာလများတွင် ကျောင်း၌ ကျန်ရစ်သော နွားကလေး နောင်ဖြူ အစာရေစာကောင်းစွာမစားသောက်ဘဲ မိုင်တွေနေလေ့ရှိကြောင်း ဆရာတော် သိခွင့်ရပြီးသည့်နောက်ပိုင်းတွင် နွားကလေးနောင်ဖြူအား မိမိတရားဟောရာ နေရာဒေသများသို့ နွားကလေး နောင်ဖြူကိုပါ ခေါ်သွားလေတော့သည်။

ဆရာတော် တရားဟောရာနေရာတို့တွင် နွားကလေး နောင်ဖြူသည် တရားနာပရိသတ်တို့၏ပြင်ပ လွတ်လွတ်ကင်းကင်းနေရာတွင် (နွားကလေး နောင်ဖြူအတွက် သတ်မှတ်ပေးထားသောနေရာ) ငြိမ်သက်စွာနေရင်း ဆရာတော်၏ တရားဟောသံကို စူးစူးစိုက်စိုက် နားထောင်နေလေ့ရှိခဲ့သည်ဟု ဆိုသည်။

ဆရာတော် တရားဟောပြီး၍ ရေစက်ချကာ သာဓုခေါ်ဆိုချိန်ရောက်လေမှ ဆရာတော်တရားဟော ပလ္လင်အထိပရိသတ်တို့အလယ်ကောင် မင်းလမ်းအတိုင်း ပြေးဝင်လာပြီး ဆရာတော်အား ဦးတိုက်ရှိခိုးလေ့ရှိသည်။ မေတ္တာပို့အမျှပေးဝေနေသော အချိန်တို့တွင်ကား နွားကလေး နောင်ဖြူသည် မျက်ရည်တွင်တွင်ကျနေလေ့ရှိသည်။ အတိတ်ဘဝ၏ အကုသိုလ်ကံ အကျိုးပေးကြောင့်သာလျှင် အဟိတ်တိရစ္ဆာန်ဘဝသို့ ကျရောက်နေရရှာသော်လည်း ယခုအခါ နွားကလေးနောင်ဖြူသည် ၄င်း၏အရှင် ဓမ္မကထိကဆရာတော်၏ မေတ္တာဓာတ်ကို ခိုလှုံပျော်ပိုက်ရင်း အေးငြိမ်းချမ်းသာစွာဖြင့် ရှင်သန်ခွင့်ရနေခဲ့ပြီပင် ဖြစ်သည်။

နွားဦးတိုက်ဆရာတော်အား နွားကလေးနောင်ဖြူ ဦးတိုက်ကန်တော့သည်ကို ရှေ့ပြည်သာမြို့နယ်၊ အမှတ်(၅) ရပ်ကွက်ရှိ အနဂါမိကပုညဆွမ်းလောင်းအသင်းက ဦးစီးကျင်းပသော (၂၁)ကြိမ်မြောက် ဆွမ်းအောင်ပွဲအထိမ်းအမှတ် ဓမ္မပူဇာသဘင် ဆင်ယင်ကျင်းပနေသည့် တရားပွဲစဉ် တစ်ခုတွင် ကြုံတွေ့သိရှိခွင့်ရလိုက်ခြင်းပင်ဖြစ်သည်။

အဆိုပါ တရားပွဲသို့ ဓမ္မကထိက ဆရာတော်အား ပင့်လျှောက်ရာတွင် ကျုံပျော်မြို့နယ်၊ ဇရစ်ရိုးကြီးကျေးရွာ ရွှေညောင်ပင်ကျောင်းမှ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်သို့အရောက် နွားကလေးနောင်ဖြူ သယ်ယူသည့် မော်တော်ယာဉ်စရိတ် ကုန်ကျငွေ တစ်သိန်းကို တရားပွဲကျင်းပသည့် အနဂါမိပုညဆွမ်းလောင်းအသင်းက ကုန်ကျခံပေးဆောင်၍ စီစဉ်ကျင်းပခဲ့ခြင်းပင်ဖြစ်သည်။

အနဂါမိကပုညဆွမ်းလောင်းအသင်း၏ (၂၁)ကြိမ်မြောက် ဆွမ်းအောင်ပွဲအထိမ်းအမှတ် ဓမ္မပူဇာသဘင် ငါးညတိုင်တိုင် ကျင်းပခဲ့ရာ အဆိုပါ ဓမ္မပူဇာသဘင်ကို အနဂါမိကပုညဆွမ်းလောင်းအသင်းမှ နာယကများဖြစ်ကြသော ဦးမြကြိုင်၊ ဦးစောထွန်း၊ ဦးထိန်ဝင်း၊ ဦးတင်ကြိုင်၊ ဦးကျော်သိန်း၊ အသင်းဥက္ကဋ္ဌ ဦးထွန်းကျင်၊ ဒုဥက္ကဋ္ဌ ဦးခင်ဝင်း၊ အတွင်းရေးမှူး ဦးစိုးဝင်းနှင့် ဘဏ္ဍာရေးမှူး ဦးတင်ထူးတို့က ဦးစီးဦးဆောင်ပြုကာ ကျင်းပခဲ့ခြင်းပင်ဖြစ်သည်။

နွားကလေးနောင်ဖြူ လျှောက်လှမ်းနေရရှာသည့် သံသရာခရီးလမ်းက ကြမ်းတမ်းလှသည်ဟု ဆိုရပါမည်။ သို့သော် ယခုအခါ ဓမ္မသံတို့တွင် ရောင့်ရဲပိတိဖြစ်နေရလေရာ ရှေ့ဆက်ရမည့် သံသရာလမ်းတစ်ဆစ်ချိုး ပြောင်းလဲမှုကတော့ ကောင်းခြင်းဘက်ကို လားရောက်နိုင်မည်ကတော့ အမှန်ပင် ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ အဟိတ်တိရစ္ဆာန်တစ်ကောင်၏ ဓမ္မအပေါ် လိုက်နာခံစားနိုင်မှု သံဃာအပေါ် ဦးတိုက်ရှိခိုးကန်တော့နေမှုတို့ကတော့ ထူးခြားဆန်းကြယ်သော ဂန္ဓိရဆန်သည့် ဖြစ်စဉ်ဖြစ်ရပ်များဟု ဆိုကြရမည်သာ ဖြစ်ပါသည်။

ဒေါ်သာဒကျော်

www.burmeseclassic.com

www.burmeseclassic.com

ဝိုးတိုးဝါးတား

အမှတ်တံဆိပ် သွေးဆေး

လန်းချင်သလား
လှချင်သလား
နုပျိုချင်သလား
အောင်သင်
သွေးဆေးကိုစား

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012266 (0916)

ထုတ်လုပ်ခွင့်လိုင်စင်အမှတ်
၁/၂၀၁၃/တဆထလ/တိုး(၀၄၁၃)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက စာနယ်ဇင်း - ၀၄၂/၀၉၃

www.burmeseclassic.com

ဆင်ရိုင်းတိုင်းရင်းဆေးလုပ်ငန်းမှ ထုတ်လုပ်သည်။ ဧည့်ခန်း-လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ကိုအောင်မြင့်(မဟာဝိစိတ္တာ၊ ရွှေး-သု)

ရွှေးဟောင်းနယ်မြေ ကျွန်တော်တို့ရွာ

ကျွန်တော့်မွေးရပ်မြေ ဇာတိရွာကို အမေ ဆုံးပြီး ဆယ်နှစ်နီးပါး ရှိတဲ့အခါမှ ကျွန်တော် ပြန်ဖြစ်ခဲ့ပါတယ်။ ရွာထိပ်ကို ဝင်တာနဲ့ အမေ့အုတ်ဂူက ဆေးရောင်ပြာပြာလွင်လွင်နဲ့ ကျွန်တော့်ကို ဆီးကြိုပါတယ်။ ကျွန်တော်တို့ ရွာနာမည်က ထူးထူးဆန်းဆန်း လပွတ်ကုလားရွာပါတဲ့။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်အတွင်း မြောင်းမြမြို့နဲ့ မနီးမဝေးမှာ ရှိပါတယ်။

လပွတ်ကုလားဟာ မြောင်းမြနဲ့ (၁၁)မိုင် (၇)ဖာလုံသာ ဝေးတာမို့ မြို့ကနေ ကျွန်တော်တို့ရွာကို ဟိုးကိုလိုမီခေတ်တည်းက ဆက်သွယ်ထားတဲ့ ကုက္ကိုပင်ကြီးတွေ၊ ထန်းပင်တွေ လမ်းဘေးမှာ တန်းစီပေါက်နေတဲ့ တာရိုးကုန်းတန်းရှိပါတယ်။ ကုန်းလမ်းအတိုင်း မော်တော်ကား(ဟိုတုန်းက တော့ ဂျစ်ကား၊ ခုတော့ ဒိုင်နာကား)၊ စက်ဘီး၊ ဆိုင်ကယ်တွေနဲ့လည်း ကုန်းသာရွာကြီးကိုဖြတ်၊ ကုန်းသာချောင်းကို တော့ လှေနဲ့ကူးပြီး သွားလို့ရတယ်။ ခုတော့ ကုန်းသာမရောက်ခင်မှာ ကုန်းသာကျေးရွာအုပ်စု၊ တောင်သာကျေးရွာရှေ့က မြေလမ်းကျယ်ကျယ် လမ်းခွဲလေးကို ဖဲ့ဆင်းလိုက်ရင် ပြင်ရွာကျေးလက်လမ်း (၆)မိုင် (၈)ဖာလုံကို တွေ့ရပါပြီ။

အဲဒီလမ်းအတိုင်း လျှောက်သွားရင် ရွာကို ရောက်တာပါပဲ။ လမ်းမှာ ချောင်းမကူးရတော့ဘဲ မြို့ဟောင်း ချောင်းလေးကို တိုက်ရိုက်တံတားနဲ့ဖြတ်ပြီး သွားလို့ရနေပါပြီ။ ဆိုင်ကယ် ကယ်ရီတွေလည်းရှိလို့ လမ်းပန်းဆက်သွယ်ရေးက ပွင့်နေရဲ့။ ဒါပေမဲ့ ရှေးတုန်းက ကားလမ်းဟောင်းကြီးကတော့ ပိုလို့ဆိုးနေပြီး လမ်းပြင်ဖို့ ချထားတဲ့ ကျောက်ခဲပုံကြီးတွေကို မနည်းရှောင်ကွင်း သွားနေရပါတယ်။ လမ်းမှာ ချိုင့်တွေ ခွက်တွေကလည်း များလှရဲ့။

လပွတ်ကုလားဆိုတာ မြန်မာလို အနက်အဓိပ္ပါယ် တစ်စုံတစ်ရာ ဖော်လို့မရနိုင်တဲ့ နာမည်မို့ သိပ်မမောင်ဝရဲ့ တပေကုလားထက် ပိုသာပါတယ်။ ဒါပေမဲ့ ရွာနဲ့ အလှမ်းမဝေးတဲ့ နေရာတွေမှာ လပွတ်တလုပ်ရွာ၊ လပွတ်ပြေးရွာဆိုတဲ့ ရွာတွေနဲ့၊ နာဂစ်နဲ့အတူ နာမည်ကျော်ခဲ့တဲ့ လပွတ္တာမြို့စတဲ့ လပွတ်နဲ့ စတဲ့ မြို့ရွာတွေလည်း အဖော်ရှိနေသေးတော့ ပြဿနာသိပ်မရှိလှပါဘူး။


တောင်သာကြီးမှာ ရှေးဟောင်းသတ်မှတ်ထိန်းသိမ်းခံနေရတဲ့ ဆုတော်ဘုရားကြီးဆူကုန်း

ကျွန်တော်တို့ အရွယ်လေး အသင့်အတင့်ရ၊ စာလေးပေလေး သင်ဖူးလာတော့၊ အနက်အဓိပ္ပာယ် ဖွင့်ရခက်တဲ့ ကျွန်တော့်ရွာအမည်ဟာ မွန်အခေါ်အဝေါ် ဖြစ်တယ်လို့ သိလာပါတယ်။ ရွာတောင်ဘက်စွန်းမှာ ကျိုက်မောင်းဘုရားဆိုတဲ့ စေတီတော်အကြီးကြီး တစ်ဆူလည်းရှိပြီး အဲဒီဘုရားကြီးကို အကြောင်းပြုလို့ ရွာနီးချုပ်စပ်တိုင်း ကျော်ကြားတဲ့ ဆွမ်းတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

လောင်းပွဲ၊ တပေါင်းလ ဘုရားပွဲတော်တွေလည်း နှစ်စဉ် ကျင်းပလေ့ရှိတယ်။ မြန်မာ့ဓာတ်သဘင်လောကမှာ ကျိုက်ဆောင်းရဲ့ မကဖူးတဲ့ ဓာတ်သမားရယ်လို့လည်း မရှိသလောက်ရှားရဲ့။ ကျိုက်ထီးရိုးစေတီတော်ကြီးရဲ့ ထင်ရှားကြောင့် ကျိုက်ဆိုတာ မွန်ဘာသာနဲ့ ဘုရားလို့ လူအတော်များများ သိထားကြသလို ကျိုက်မောင်းဟာလည်း မွန်အဆက်အနွယ်တွေ ကိုးကွယ်တဲ့ဘုရားလို့ သိလာပါတယ်။ မြောင်းမြစား လောက်ဖျားဆိုတာကိုလည်း သမိုင်းစာအုပ်တွေမှာ ကြားဖူးလာတော့ ကိုယ့်ရပ်ကိုယ့်ရွာကို မွန်ဘို့ ဌာနေလို့ပဲ စိတ်ထဲ စွဲနေတော့တယ်။

ကားလမ်းတစ်လျှောက်မှာတော့ မြစ်ဝကျွန်းပေါ် ကျေးဘက်တွေပီပီ စိမ်းစိမ်းစိုစိုနဲ့ သာယာလှပပြီး တဲ့တဲ့ကူးရွာ၊ စစ်ကုန်းရွာ၊ ငှက်ပျောတောရွာ၊ လေးအိမ်စုရွာတွေကို ဆက်တိုက်လိုလို ဖြတ်သန်းရလို့ လူတော့ မပြတ်လှပါဘူး။ မြေနီအင်အတိုင်းသွားလို့ ကျိုက်မောင်းဘုရားကြီး လှမ်းမြင်ရရင် ရွာထဲကို ကွေ့ဝင်နိုင်တဲ့ ရွာလမ်းလေး ရှိတယ်။

ကျွန်တော်တို့ ရွာတောင်ပိုင်း ရွာဦးမှာတော့ ဘုရားကြီးဆူလို့ ကျွန်တော်တို့ခေါ်တဲ့ ပုဂံက ဂူဘုရားတွေရဲ့ ပုံစံနဲ့ ဆေတီတော်အပျက်(၉)ဆူ အစုရှိပါတယ်။ အဲဒါကို ခုတော့ ပြုပြင်မွမ်းမံမှုတွေကြောင့် ခေတ်သစ်စေတီဘုရားအဖြစ် မြင်ရတော့တယ်။ ဘုရားကိုးဆူရှေ့ ရွာလမ်းလေးရဲ့ တစ်ဘက်မှာလည်း ရွာချောင်းငယ်ဘက်ကို မျက်နှာပြုထားတဲ့ ဘုရားပျဉ်ခွေဆင်းတုတော်တွေ တစ်တန်းကြီးရှိပါသေးတယ်။ ဒါတွေမဲ့ ခုတော့ အဲဒီဆင်းတုတော်အားလုံးလည်း အ၊ဂါရဝမှ ဂါရဝဖြစ်စေရေး ဘက်စုံပြုပြင်မွမ်းမံမှုတွေကြောင့် အစအနတောင် မကျန်တော့တဲ့ ကိစ္စချောသွားပါပြီ။ တိုးတက်နေသလား၊ ဆုတ်ယုတ်နေသလား မပြောတတ်တော့ပါဘူး။ ရှေးဟောင်းသုတေသနသမား တစ်ယောက်နဲ့တော့ ရင်နာမိပါရဲ့။

ရွာထဲ မဝင်ဘဲ ရွာသန်ရှိုင်းကိုဖြတ်ပြီး သွားရင်တော့ ကျိုက်မောင်းစေတီတော်ကြီးကို တွေ့ရပါတယ်။ ဘုရားကြီးက ရွာဆောင်ဘက်စူးစူးမှာ ရှိနေတာပါ။

မြောင်းမြကနေ ရွာအရောက် သင်္ဘော်၊ စက်တပ်ရေယာဉ်၊ ပဲ့ထောင်၊ လှေတွေနဲ့လည်း သွားနိုင်ပါတယ်။ ရေယာဉ် ငယ်ရင် အတွင်းလမ်းကနေ တူးမြောင်းတွေ၊ ချောင်းငယ်တွေတစ်လျှောက် ရွာအထိ သွားနိုင်ပြီး မြစ်တစ်ကျောသွားတဲ့ ဧရာဝတီသင်္ဘောကြီးနဲ့ဆို ပြင်ရွာမှာဆင်းပြီး ကိုယ့်ရွာကို လှေ၊ ကား၊ ဆိုင်ကယ်၊ စက်ဘီးနဲ့ ခြေကျင် သွားနိုင်ပါတယ်။ ရေကြောင်းအတွင်းလမ်း တူးမြောင်းတွေက ကျဉ်းတော့ ရေတက်ရေကျကြည့်ပြီး သွားရတယ်။ ရေကျချိန်ဆိုရင် လှေလေးတွေလောက်ပဲ သွားလို့ရတာပါ။ အပြင်လမ်းကတော့ မြစ်ပြင်ကျယ်ကြီးမို့ တစ်နေကုန် သွားနိုင်ပေမယ့် မြစ်ကြောင်းတစ်လျှောက် ကွေ့ပတ်သွားရလို့ အချိန်ပိုကြာတယ်။

ကျွန်တော်တို့ရွာဟာ ရှေးရှေးတည်းက တည်ရှိခဲ့တဲ့ ရွာဟောင်းကြီးဖြစ်ပြီး ခုတော့ အိမ်ခြေ(၁၈၆)အိမ်၊ အိမ်ထောင်စု(၃၀၄)စုနဲ့ လူဦးရေ(၁၀၃၁)ဦးသာ နေထိုင်တော့တဲ့ မပျက်တစ်ပျက်ရွာပါ။ သန်ရှိုင်းကုန်းလေးနဲ့ လယ်ကွက်အချို့သာခြားပြီး ညောင်ဝိုင်းရွာနဲ့ ကျွန်တော်တို့ရွာဟာ ဆက်လျက်တည်ရှိနေလို့ လပွတ်ကုလား-ညောင်ဝိုင်းဆိုပြီး တွဲလျက်ခေါ်ဝေါ်ကြပါတယ်။ ကျွန်တော်တို့ရွာက မြန်မာရွာပေမယ့် ရွာမှာ ကျေးရွာခွဲ(၅)ရွာရှိပြီး မြန်မာအပြင် ကရင်လူမျိုးတွေ နေထိုင်တဲ့ ရွာတွေလည်း ရှိရဲ့။ ရွာနီးချုပ်စပ်မှာ လယ်ဧက(၈၀၁)ကလောက်ကို စီးပွားဖြစ် လုပ်ကိုင်စိုက်

ဘုရားကြီးလို့ ဆရာဆောက်ပုတ်ထိန်းဆိုခဲ့ဖူးတဲ့ ဘုရားကိုဆူကန်။

www.burmeseclassic.com

www.burmeseclassic.com

ပျိုးပြီး ကရင်-ဗမာ လူမျိုးတွေ စားသောက်နေထိုင်ကြပါတယ်။ ကရင်လူမျိုး အများစုကလည်း ဗုဒ္ဓဘာသာပဲ ကိုးကွယ်ကြပါတယ်။

ရွာနဲ့ ချောင်းခြားတဲ့ တစ်ဖက်ကမ်း အရှေ့ဘက် ကျွန်တော်တို့ ရွာတောင်ပိုင်းနဲ့တည့်တည့်မှာ သရက်ကုန်းရွာနဲ့ မြောက်ပိုင်းတည့်တည့်မှာ ကျုံကရင်နဲ့ ဒေါင့်ကြီးရွာတွေ ရှိကြပါတယ်။ ရွာအနောက်ဘက် ခပ်လှမ်းလှမ်းမှာတော့ ဌက်ပျောတောဆိတဲ့ ကရင်ရွာကြီး ရှိရဲ့။ မြေနီလမ်း တာရိုးအတိုင်း ဌက်ပျောတောရွာကနေ ဆက်သွားရင် ညောင်တောစုရွာ ရှိပါတယ်။ ကားမောင်းလို့ရတဲ့ အဲဒီမြေနီလမ်းအတိုင်း ရွာတောင်ဘက်ကို ဆက်သွားရင်တော့ တူးကျောင်းရွာနဲ့ ပြင်ရွာတို့ကို ရောက်ပါတယ်။ ပြင်ရွာဟာ အရင်တည်းက အလယ်တန်းကျောင်းရှိခဲ့တဲ့ ရွာကြီးပါ။ လပွတ္တာ၊ မြောင်းမြစတဲ့ မြို့ကြီးတွေကိုသွားတဲ့ အစိုးရပိုင် ဧရာဝတီသင်္ဘောကြီးတွေ၊ ကြားသင်္ဘောလို့ခေါ်တဲ့ သူဌေးပိုင်သင်္ဘောတွေ ဆိုက်ကပ်တဲ့ ဆိပ်ခံဘောတံတားရှိတဲ့ ရွာကြီးပေါ့။ ပြင်ရွာဟာ ကျယ်ပြောတဲ့ မြစ်ဘေးမှာရှိပြီး မကြာခဏလည်း ကမ်းပြိုတတ်လို့ ရွာရဲ့ အသွင်အပြင်ဟာ နှစ်တွေနဲ့အတူ ပြောင်းပြောင်းနေတတ်ရဲ့။

ရွာနီးချုပ်စပ် ရွာတွေအကြောင်း ပြန်စဉ်းစားရင်း ရွာလမ်းတစ်လျှောက် စိတ်မှတ်မဲ့စွာ ဝင်ရောက်ခဲ့ပါတယ်။

ရွာလမ်းလေးဟာ ယခင်ကထက်တောင် ပိုလို့ပေါ်လွင်နေရဲ့။ ရှေးတုန်းက အုတ်ချပ်ပြားပြားကြီးတွေကို ထောင်ပြီး စီထားတဲ့ ရွာလမ်းဟာ သက်တမ်းဘယ်လောက်ကြာခဲ့ပြီလဲ မသိတော့ပါဘူး။ အုတ်ပြားတွေကို တချို့နေရာတွေမှာ အုန်းလက်ပုံ၊ တချို့မှာ ကျူထရံကွက်ပုံ ထောင်စီထားလို့ နှစ်ပေါင်းရာချီပြီး ခိုင်ခံ့နေတာ ထင်ပါရဲ့။ လမ်းဘေးတွေမှာလည်း အုတ်နဲ့ပဲ အနားသတ်ထားလို့ လမ်းဟာ ကျစ်လျစ်သိပ်သည်းပြီး ကြံ့ခိုင်နေတာပါ။ ရွာအုတ်ရိုးလမ်းကြီး ခုလိုပိုမိုပေါ်လွင်နေတာကတော့ ရှေးဟောင်းသုတေသနဌာနကနေ အုတ်ကြားမှာပေါက်တဲ့ မြက်တွေကို ဆေးကျွေးသတ်ကာ ပြန်လည်ဖော်ထုတ်ထားလို့ပါတဲ့။ ကိုယ့်ဘာသာရပ်နဲ့ ကိုယ့်ဌာနအတွက် ကျေနပ်မိပြန်ပါရဲ့။ အုတ်လမ်းတစ်လျှောက် ဝဲယာမှာလည်း ရှေးဟောင်းသုတေသနနယ်မြေဆိုတဲ့ ထိပ်ပိုင်းမှာ ခေါင်းလုံးလုံးနဲ့ တိုင်ငုတ်တွေ စိုက်ထူသတ်မှတ်ပေးထားလို့ပါလား။

ကျွန်တော်ငယ်ငယ်က တက်ခဲ့တဲ့ သစ်သားထည် မူလတန်းကျောင်းလေးကတော့ အုတ်နံရံနဲ့ သွပ်မိုးကျောင်း ဖြစ်နေပါပြီ။ နေဝင်လုပြိုမို့ စာအံသံသဲ့သဲ့ကိုတော့ မကြားနိုင်တော့ပါဘူး။ ကန်ဦးစေတီနားက လမ်းချိုးလေးထိ

ဆုရွားကိုးဆုကုန်းမှ ရရှိတဲ့
တန်ဖိုးမြင့်ရွာဝဟာင်းဆောဘောဆန္ဒဗဟုဇဉ်းများ

ဆုရွားကိုးဆုကုန်းမှ ရရှိတဲ့
တန်ဖိုးမြင့်ရွာဝဟာင်းဆောဘောဆန္ဒဗဟုဇဉ်းများ

www.burmeseclassic.com

www.burmeseclassic.com

ဘုရားအိုးဆုတောင်းအစစ်စတော်သို့ ရောင်းချခြင်းငွေခံစာပို့

အွေ့ဝင်လိုက်တဲ့အခါ ကျွန်တော့် အိမ်ကို ရောက်ပါတော့တယ်။ ကွမ်း သီးပင်တွေကြား ထိုးထွက်နေတဲ့ အိမ်ခေါင်မိုးကို မြင်တော့ အဖေ ကိုယ်တိုင် ဆောက်ခဲ့တဲ့အိမ်ဟာ ခု ဆာ နှစ်(၅၀)တိုင်ပြီပေါ့လို့ သတိ ရမိလိုက်ရဲ့။ အစ်မကို သတိရ ပြီး ရင်ထဲဆို့သွားချိန်မှာ အိမ်ဝင်းဝ ရောက်နေပါပြီ။ စိုက်တာပျိုးတာ သနာကြီးလှတဲ့ အစ်မလက်ရာ ကျက်လှပင်မျိုးစုံက ပန်းပျိုးလက် ရှိတော့ပေမယ့် အုံနဲ့ကျင်းနဲ့ အရောင်စုံစွာ ရှင်သန်လှပနေဆဲ ပါ။

အိမ်ခြေရင်း ချောင်းငယ်လေးကိုဖြတ်ပြီး တည်ဆောက် ထားတဲ့ ကျွန်တော်တို့က ဆောင်ပုံလို့ခေါ်တဲ့ တံတားလေး ဆောင် အတော်အိုလှပေါ့။ တံတားလက်ရန်းကို သစ်သား ကြီးနဲ့ ထိုင်ခုံလို လုပ်ထားတော့ ကျွန်တော်ငယ်ငယ်က ထိုင်ခဲ့တဲ့ နေရာလေးဖြစ်ခဲ့ပါတယ်။ ကျွန်းသားထူထူနဲ့ ဆောင်ပုံကြမ်းပြင်ပေါ်မှာ ကျွန်တော်တို့ ဆူညံစွာ ငြင်းခုံ ဆော့ကစားခဲ့ကြတာပါ။ တံတားအတက်အဆင်း အုတ်လှေ ထားတွေကို ပြေးတက်,ပြေးဆင်းပြီး ရေကျချိန်ဆို ဆောင် အောက် ဆင်းပြီးလည်း တူတူပုန်းခဲ့ကြရဲ့။ အုတ်လှေကား များလည်း ခေတ်အလိုအရ ဆိုင်ကယ်တွေ မောင်းတက်လို့ အောင် မြေဖို့ပစ်လိုက်ကြလို့ မရှိကြတော့ပါဘူး။

ကန်ဦးကျောင်း

ရွာမှာ တစ်ညအိပ်ပြီးတဲ့ နောက်နေ့မနက်မှာတော့ ရွာ လယ်အတိုင်း မုန့်ဟင်းခါးအခေါင်း အခွေကြီးတစ်ခုကို ကြောင်းမြမုန့်ဟင်းခါးလို့ နာမည်ကြီးတဲ့ ငြုတ်ကောင်းနဲ့ သင်းသင်း၊ ငါးဖတ်များများ၊ ဟင်းရည်စိမ်းဖန့်ဖန့်လေးနဲ့ ပြီး အိမ်က ထွက်လာခဲ့ကာ ငယ်ငယ်က ကျွန်တော် ကစားခဲ့တဲ့ ရွာရဲ့ မူလတန်းကျောင်းလေးကို သွားပါတယ်။ ကျွန်တော်တို့တုန်းကတော့ အတန်းအားလုံး စုပေါင်းပြီး ဆောင်ရတဲ့ သစ်သားကျောင်းလေးပါ။ အဲဒီရွာကျောင်းမှာ ကျွန်တော် စတုတ္ထတန်းပညာသင်ဆု(စကောလာရှစ်) ခဲ့ပါတယ်။ အဲဒီပညာသင်ဆု တစ်လ(၂၀)ကျပ်နဲ့ပဲ သတ္တမ တန်းဆီကို မြို့ကျောင်းမှာ သွားတက်နိုင်ခဲ့တာပါ။ ခုတော့ ကျွန်တော်တို့ ကျောင်းလေးဟာ အုတ်တိုက်ကျောင်းလေး ဖြစ်နေပါပြီ။ ဒါပေမဲ့ ကျွန်တော့်နောက်ပိုင်း ဘယ်သူမှ စကောလာရှစ် မရခဲ့ပါဘူးတဲ့။

ရွာကျောင်းလေးနဲ့ ကပ်လျက်က ကန်ဦးဘုန်းတော် ကြီးကျောင်းကို ကျွန်တော် ဆက်လက်ချီတက်သွားပါတယ်။ အုတ်ရေကန်ကြီးရှိလို့ အဲဒါကို အစွဲပြုပြီး ကန်ဦးကျောင်းလို့ ခေါ်ခဲ့တာပါ။ အုတ်ကန်ကြီးဟာ ထူထူထဲထဲ၊ အုတ်ပေါင် အဆင့်ဆင့်တွေနဲ့ အတော်ကောင်းတဲ့ ကန်ကြီးပါ။ ကျွန်တော် တို့ သောက်ရေ၊ သုံးရေ ခပ်ခဲ့ရတဲ့ ကန်ကြီးပေါ့။ ကျွန်တော် တို့ ငယ်ငယ်ကတော့ ကန်ထဲမှာ နွေရာသီ ရေခန်းပြီဆိုရင် ရောမငါးအကြီးကြီးတွေကို ယာယီတဲအိမ်လေးတွေဆောက် ပြီး အမိုးအကာ လုပ်ပေးကြရပါတယ်။ ခုတော့ ငါးကြီး တွေလည်း မရှိတာ ကြာပြီတဲ့။

လက်ရန်းငယ် မပြိုသေးပေမယ့် တိတ်ဆိတ်နေတဲ့ ကျောင်းအိုကြီးကို ကျွန်တော်တက်သွားတော့ ဘုန်းကြီးအို ကြီးတစ်ပါး ကြမ်းပြင်ပေါ်မှာ ခပ်ကုန်းကုန်းထိုင်ကာ ကမ္မ ဋ္ဌာန်းစာတွေ အော်အော်ရွတ်ရင်း ရေးချွတ်နေရဲ့။ ဟိုတုန်း တည်းက ရှိခဲ့တဲ့ ကနုတ်ပန်းနဲ့ ရွှေပိန်းချဉ်နီဂိုရိကြီးတွေ ကလည်း ဘုရားခန်းမှာ ရှိနေရဲ့။ ဂျပန်ကလာတဲ့ သစ်သား အိမ်နဲ့ ကြေးချိန်သီးတပ် နံရံကပ်နာရီ အကြီးကြီးက ကြေး ချိန်သီးတွေ မရှိတော့တာကလွဲလို့ ဒီအတိုင်းပါပဲ။ SEIKOSHA 14 DAY TYOKYO-JAPAN ဆိုတဲ့ စာ တန်းကြီးလည်း မပျက်သေးဘူး။

www.burmeseclassic.com

ဘုန်းတော်ကြီးကို နောက်ကနေ အသာဦးချပြီး ကျောင်းအိုကြီးပေါ်က ပြန်ဆင်းခဲ့ပါတယ်။ သော့ခတ်ထားတဲ့ သိမ်ထဲကို သံတိုင်လုံးတွေကြားကကြည့်တော့ အလွန်လက်ရာကောင်းတဲ့ ကျောက်ဆင်းတုကြီးနဲ့ ပလ္လင်တံကဲတွေကို လှမ်းတွေ့လိုက်ရတယ်။ သိမ်တိုင်လုံးတွေကို ရွှေဝါယွန်းနဲ့ ဖောင်းကြွပန်းတွေဖော်ပြီး ကျောက်တွေစီထားတာမို့ ခုတိုင် လှပထည်ဝါနေဆဲပါ။ ဒီသိမ်ကြီးထဲမှာ ဆွမ်းကြီးလောင်းပွဲတွေ၊ ပဋ္ဌာန်းရွတ်ပွဲတွေနဲ့ စည်ကားခဲ့တာ သတိရမိရဲ့။ ကျောင်းသားနဲ့ ကိုရင်လေးတွေ တစ်ယောက်မှမရှိဘဲ တိတ်ဆိတ်ငြိမ်သက်လှတဲ့ ကျောင်းအိုကြီးကိုကြည့်ရင်း ကျွန်တော် ငယ်ငယ် ကိုရင်နှစ်ကြိမ်ဝတ်ခဲ့ရစဉ်က ဘုရားစာရွတ်သံ တညံညံနဲ့ အလွန်စည်ပင်ခဲ့တဲ့ ကျောင်းပရိဂုဏ်ကို ပြန်လွမ်းနေမိပေါ့။

ငယ်သူငယ်ချင်းတွေလည်း မရှိတော့သလောက်မို့ ရွာလမ်းကို တိတ်ဆိတ်စွာဘဲ ကျွန်တော်ဖြတ်ခဲ့ပါတော့တယ်။ ရွာထဲမှာ အိမ်ကြီးအိမ်ကောင်းတွေလည်း မရှိကြတော့ဘဲ အိမ်ငယ်လေးတွေကနေ လူစိမ်းတစ်ယောက် ဝင်လာသလို ကျွန်တော့်ကို ငေးကြည့်နေကြတဲ့ မျိုးဆက်သစ် ရွာသားတွေသာ ရှိနေရဲ့။ ရွာလမ်းလေးကတော့ ရှေးအုတ်လမ်းကို ရှေးဟောင်းသုတေသနဌာနက ပြန်ဖော်ထုတ် ပြုပြင်ထိန်းသိမ်းထားတဲ့ မြို့တော်သိန်းအောင် ပြဇာတ်ခေတ်က ပြဇာတ်အမည်လို 'မဲဖြာပုဆိုးပေါ်က ချုပ်ရိုးသစ်'ပါ။ ရှေးအုတ်လေးတွေက ရဲနေအောင်ကို ခိုင်ခံ့နေတာတော့ အံ့သြစရာပါပဲ။

လပွတ်တို့ရာ လောရွာသရင်းက ရှေးဟောင်းနယ်ပြမှုတ်တိုင်

ဘုရားကိုးဆူစေတီစု (သို့မဟုတ်) အကြေပုဂံရဲ့ပြယုဂ်

မြို့ပျက်ကြီးတစ်ခုလို မစည်မကားရှိနေတဲ့ ရွာထဲမှာ အိမ်မက်ထဲ လမ်းလျှောက်သလိုလျှောက်ရင်း ရှေးရွာကြီးရဲ့ ရွာလမ်းကို ကျွန်တော်ဖြတ်သန်းကာ ရွာထိပ်ကို ရောက်ထားပါရော။ မနေ့က ဖြတ်ကျော်ခဲ့ရတဲ့ ဘုရားကိုးဆူဝင်းကြီးက ဒီနေ့မှပဲ လွမ်းဆွတ် နမျောတ၊သစ္စာ ငေးကြည့်နေမိပေါ့။ ရှေးဟောင်းသုတေသနပညာတွေ သင်ခဲ့၊ ဆောင်းပါးတွေ ပုဒ်ရေများစွာ ရာနဲ့ချီ ရေးခဲ့ပေမယ့် ကိုယ့်ရပ်ကိုယ့်ရွာထဲ ပုဂံနဲ့ ခေတ်ပြိုင်ဘုရားတွေ ထိန်းသိမ်းမှုမှာတော့ ကျွန်တော့် အနေနဲ့ ဘယ်လိုမှ ပါဝင်ခွင့်မရခဲ့၊ မပါဝင်ခဲ့တာကိုလည်း ဝမ်းနည်းနောင်တ၊ရမိရဲ့။ တာဝန်မကျေသလိုလည်း ခံစားရပါတယ်။

ကျွန်တော့်ကျောင်းသားဘဝတစ်လျှောက် သိပ္ပံဘာသာတွဲတွေသာ သင်ဖူးခဲ့လေတော့ (ဝါသနာအလျောက် စာပေတွေဖတ်ရင်း ရာဇဝင်သမိုင်းတွေထဲ ရောက်ရောက် သွားတာကလွဲလို့) ဝိဇ္ဇာဘာသာရပ်တွေနဲ့ စိမ်းလှပါတယ်။

ဒါပေမဲ့ စိတ်ထဲမှာ အမြဲစွဲထင်နေတဲ့ အရိပ်တစ်ခု ရှိခဲ့တယ်။ အဲဒါကတော့ ကျွန်တော်တို့ရွာထိပ်က ဘုရားကိုးဆူဆိုတဲ့ စေတီစုတွေဟာ ကျွန်တော်တို့အရပ်မှာ မြင်ရသမျှ ဘုရားစေတီတွေနဲ့ မတူဘူး။ မတူတာသိပေမယ့် ဘာမတူတာလဲ မေးလာရင်လည်း ဖြေဖို့ရာ မလွယ်ပြန်ပါဘူး။ အာရုံမှာတော့ စာအုပ်တွေထဲမှာ မြင်ဖူးတဲ့ အညာက ဘုရားတွေနဲ့ တူနေသလိုရှိရဲ့။ ဘုရားကိုးဆူကုန်းဟာ ကျိုက်မောင်းစေတီနဲ့ သုသာန်နဲ့ လယ်ကွက်တွေသာ ခြားထားတဲ့နေရာမှာ ရှိပါတယ်။

ဘုရားပျက်တွေ ပြုပြင်မယ်ရည်ရွယ်လို့ ပျောက်စေဆရာတစ်ဦး ရောက်လာပြီး ကိုးဆူဘုရားဝင်းကို ရှင်းလင်းတယ်။ အဲဒီတုန်းက ချုံတွေထဲမှာ နေ ဘွားခနဲပေါ်လာတဲ့ ဘုရားတွေဟာ ကျွန်တော်တို့နယ်တစ်ဝိုက်က မြေစိုက်ဘုရားတွေနဲ့ မတူတဲ့ စေတီအောက်ခြေဟာ အထဲကို ဝင်လို့ရတဲ့ လေးထောင့်စည်းတွေ ဖြစ်တယ်ဆိုတာ သိလိုက်

www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဘုရားစေတီတွေထဲက ထွက်လာတဲ့ ပေါ်တော်မူ ဘုရားဆင်းတု၊ ရုပ်တုနဲ့ အရုပ်တွေဟာလည်း ကျွန်တော်တို့ မြင်နေကျနဲ့ ကွာခြားနေရဲ့။ ပျောက်စေဆရာလည်း ဌာနာတွေပိုက် (အလှူငွေတွေအပြင် ရွာသူအပျိုချောကိုပါ ဆင့်ပြီး) ပျောက်သွားရော ဘုရားစုဟာ ချုံတွေထဲကိုပဲ ပြန်ရောက်သွားပြန်ပါတယ်။

တက္ကသိုလ်ကျောင်းသားဘဝ ဒါရိုက်တာ ရွှမဝ ဦးကျော်ရဲ့ အပယ်ရတနာရုပ်ရှင် ကြည့်မိတော့ ကိုယ့်ရွာ ကိုယ် ပြန်ရောက်သွားသလို ခံစားမိတယ်။ လူဝင်လို့ရတဲ့ လေးဆောင့်စပ်စပ် ဂူဘုရားတွေကို ပိုသတိထားမိသွားတယ်။ ကျွန်တော်တို့ရွာမှာရှိတဲ့ ဘုရားတွေလိုပါပဲကလား။ ရွာဘုရားတွေ နောက်ခံနဲ့ ဓာတ်ပုံရိုက်ထားတာများ တစ်ဦးတစ်ယောက်ကိုပြမိရင် ပုဂံက ပြန်လာသလားလို့ ပြန်မေးစရာလေ့ရှိပါတယ်။

ကျောင်းပိတ်ရက်ရောက်လို့ ချုံနွယ်ပိတ်ပေါင်းတွေကြားက ကိုယ့်ရွာ ဘုရားစုတွေ ဝင်ကြည့်တော့ မြွေပါးကင်းပါးဆိုပြီး လူကြီးတွေက တားကြလို့ ထဲထဲဝင်ဝင်လည်း မရှိခဲ့ပါဘူး။ ဒီကြားထဲကပဲ ဘုရားဖရိုဝုဏ်ကို ကာရံထားတဲ့ အုတ်တံတိုင်းရဲ့ ကြီးမားလှတဲ့ အုတ်ပြားကြီးတွေကို မှတ်မှတ်ရရရှိသွားတယ်။ ကျွန်တော်တို့ ငယ်ငယ်တည်းက ပြိုကျလုလု အုတ်မြို့ရိုးနဲ့ မုခ်ပေါက်ဝကြီးဟာ ယနေ့ထိ ခပ်ယိုင်ယိုင်မှာပဲ မြဲလို့နေရဲ့။ ဘာအင်္ဂတေနဲ့မှ ဆက်ထားတာလည်း မတွေ့ရဘဲ အုတ်ခဲတွေချည်းသာ တွဲဆက်နေတာကတော့ အံ့သြစရာပါ။

မြစ်ဝကျွန်းပေါ်ဆိုတဲ့အဓိပ္ပာယ်

အဲဒီတုန်းက ရွာက ပြန်လာပြီးတဲ့နောက် တို့ရွာမှာ ပုဂံခေတ် ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းခဲ့သလားလို့ တွေးတွေးနေမိတယ်။ ပုဂံခေတ် ဘာသာရေးအဆောက်အအုံတွေ၊ ဆင်းတု၊ရုပ်တုတွေရဲ့ လက္ခဏာတွေက ဘာတွေလဲ။ မွန်ယဉ်ကျေးမှုနဲ့ ပုဂံခေတ်အတူ ဖြစ်ပေါ်ခဲ့သလား။ တစ်ခုခုက စောသလား။ ပုဂံခေတ်ဆိုတာ ဘယ့်ကလောက်နှစ်တွေက ပေါ်ပေါက်ခဲ့တာလဲ။ ပုဂံမင်းတွေရဲ့ တန်ခိုးအာဏာက မြစ်ဝကျွန်းပေါ်အထိ ရောက်သလား။ မြစ်ဝကျွန်းပေါ် ဆိုတာကရော အဲဒီခေတ်မှာ ရှိနေပြီလား။ ပင်လယ်ရေအောက်မှာလား၊ ပင်လယ်ကမ်းစပ်မှာလား။

မြစ်ဝကျွန်းပေါ်လို့ ခုပြောနေမိတာက ကိုယ့်ဒေသ အကြောင်းကို ပြောချင်တော့ ဧရာဝတီမြစ်ဝကျွန်းပေါ်ကို ဆိုလိုတာပါ။ မြစ်ဝကျွန်းပေါ်ရဲ့ မူလအဓိပ္ပာယ်က 'ဘယ်မြစ်မဆို သူ့ထက် ကြီးတဲ့၊ ကျယ်တဲ့ ပင်လယ်၊ သမုဒ္ဒရာတွေထဲကို စီးဝင်တဲ့အခါ စီးဆင်းတာ နှေးသွားပြီး သယ်ဆောင်လာတဲ့ အနယ်အမှုန်တွေကို အဲဒီနေရာမှာ ပို့ချပါတော့တယ်။ အနည်ကျမှုတွေကြောင့် မြေတွေ စုပုံလာပြီး သောင်တွေ၊ ကျွန်းတွေ ဖြစ်လာတယ်။ မြေဩဇာအဆီအနှစ်တွေ စုနေလို့ စိုက်လို့ပျိုးလို့ ပိုကောင်းတယ်။ အဲဒီလိုပေါ်လာတဲ့ မြေပိုတွေကျွန်းတွေကြောင့် မြစ်ဝကျွန်းပေါ်ရယ်'လို့ ခေါ်တွင်လာတာပါ။

မိုးရေချိန်များတဲ့ အရပ်ဒေသမို့ မြစ်ဝကျွန်းပေါ်မှာ မိုးခေါင်ရေရှား ရပ်ဝန်းဒေသ၊ ပုဂံလိုတော့ ရှေးဟောင်းအဆောက်အအုံတွေ အများအစား တင်မကျွန်ခိုင်ပါဘူးလေ။ ကိုယ့်ရွာမှာ တွေ့ရှိထားတာတွေကရော ပုဂံခေတ်လက်ရာတွေ ဟုတ်ရဲ့လား။ ပုဂံခေတ်လက်ရာတွေကို တုပပြုလုပ်'ထားတာတွေလား။ မွန်အမည်နဲ့ ရွာတစ်ရွာမှာ ပုဂံခေတ်လက်ရာမျိုးတွေ ဘာလို့ရှိနေရတာလဲဆိုတဲ့ အတွေးတွေ မကြာခဏ ဝင်ရောက်လာပါတယ်။

လမ်းတံတားရာသခိုင်းအရပ်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com

ကြယ်ကြွေရာ ခြေရာကောက်သလို အတွေးများရဲ့ နောက်ကို တကောက်ကောက်လိုက်ရင်း စာအုပ်တွေ ရှာဖတ်မိတယ်။ အရင်ဦးဆုံးအနေနဲ့ သမိုင်းကို သိချင်လို့ဆိုတဲ့ အာသီသ မရှိခင်တည်းက ရသစာပေလိုလည်း ဖတ်ကောင်းလို့ ဝယ်ထားမိတဲ့ ဆရာကြီးဒေါက်တာသန်းထွန်းရဲ့ စာအုပ်တွေကို ပြန်ဖတ်မိပါတယ်။ မွန်နာမည်နဲ့ မြို့ရွာတွေ အများကြီး တွေ့လာတယ်။

[ဒေါက်တာသန်းထွန်းရဲ့ မြန်မာသမိုင်းနိဒါန်း(Myanmar Heritage) ၂၀၀၁နဲ့ မြန်မာသမိုင်းရှာပုံတော်၊ ဒေါင်းစာပေ၊ ရန်ကုန်၊ ၂၀၀၃]တွေမှာ (ကျာ်=ကျိုက်=ဘုရား၊ မြတ်သောနေရာ၊ လပွတ္တာ=လပေါတ်-ချောင်းနှစ်ချောင်းကြားက တူးမြောင်း၊ တာ-ထန်းပင်=ချောင်းနှစ်ချောင်းဆက်ပေးတဲ့ တူးမြောင်းဝဲယာ ထန်းပင်တန်း၊ ဝါးခယ်မ=ပျိုးခင်း၊ ဝါးဘလောက်သောက်=ကောက်နယ်၊ ပုသိန်=ပသိန်၊ ပရ်သေ-မုဆလင်မြို့၊ မဒမ=မုဟ်-ကျောက်၊ တွံ-စွန်း၊ ကျောက်စွန်း၊ ပဂိုး(ပဲခူး)=ဗ-လှည့်ဖျား၊ ဂေါ-ရယူသည်၊ လှည့်ဖျားရယူခဲ့တယ်၊ ဖျာပုံ=ဖျာ-ဆိုင်၊ ပုင်-ထမင်း၊ ထမင်းဆိုင်၊ ကျိုက်လတ်=ကျာ်-ဘုရား၊ လာ်-အပြိုအပျက်၊ ဘုရားပျက်၊ ကျုံပျော်=ကြွင်-ချောင်းငယ်၊ ဇော်-မိန်းမ၊ မိန်းမချောင်း၊ ခနောင်တို= မင်းဥတ်ပင်)ဆိုတဲ့ အသံဖလှယ်ယူထားတဲ့ မွန်စကားလုံးတွေကို တွေ့ရတော့ ကိုယ့်ရပ်ကိုယ့်ဒေသဟာ မွန်တွေရဲ့မြေမှန်းတော့ သိလာပါပြီ။ မွန်တွေ ဘယ်ကာလလောက်က စတင်နေထိုင်ခဲ့တာလဲ။ မွန်မင်းတွေဟာ ဘယ်သူတွေလဲ။ မွန်နယ်မြေမှာ ပုဂံသားတွေရဲ့ ခြေရာတွေ ဘာလို့တွေ့လာရတာလဲ။ မွန်နဲ့ ပုဂံ ဘယ်ခေတ်က ပိုစောလဲ၊ ခေတ်ပြိုင်လား။

မြောင်းမြမြို့စား လောက်ဖျား(Prince Laukphya) ရဲ့ မြောင်းမြ

မြောင်းမြမြို့ဟောင်းကို အေဒီ(၁၃၆၄)မှာ လောက်ဖျားက တည်ထောင်ခဲ့ပြီး ကျိုက်ဇလင်တော(Kyaik-zalaih-taw) လို့ အမည်ပေးခဲ့တယ်။ မြောင်းမြစား လောက်ဖျားဟာ ပဲခူးစား ဗညားဦး(အေဒီ ၁၃၅၃-၅၈)ရဲ့ ညီတော်ဖြစ်ပြီး ရာဇဓိရာဇနဲ့ ဘုရင်မင်းခေါင်တို့ တိုက်ခဲ့တဲ့ မွန်-မြန်မာ နှစ်(၄၀)စစ်ပွဲမှာ ထင်ရှားခဲ့သူပါ။ အေဒီ(၁၈၆၁)မှာ မြောင်းမြမြို့ဟောင်း မီးလောင်ပျက်စီးပြီး အေဒီ(၁၈၆၇)မှာ လက်ရှိ မြောင်းမြမြို့သစ်ကို ပြန်လည်တည်ထောင်ခဲ့ကြပါတယ်။ ယခင်မြို့ဟောင်းက ယခုမြို့ရဲ့တောင်ဘက် (၇)မိုင်အကွာမှာပါ။ မြောင်းမြမြို့ဟောင်းမှာ ရှေးဟောင်းစဉ့်ဖို့တွေ ရှိတယ်။ စေတီလေးတစ်ဆူအနီးမှာရှိတဲ့ ရှေးဟောင်းစဉ့်ဖို (ဒေသအခေါ် ဇော်ဂျီဖို)ကို (၁၉၆၈)ခုနှစ်မှာ ဒေါက်တာမျိုးသန့်တင်က စတင်တွေ့ရှိခဲ့တယ်။ (၁၉၉၀)ပြည့်နှစ်၊ ဧပြီလမှာတော့ အဲဒီနေရာကို ဒေါက်တာမျိုးသန့်တင်နဲ့ သြစတြေးလျ ရှေးဟောင်းစဉ့်ပညာရှင် ဒွန်ဟိန်းတို့ စနစ်တကျ လေ့လာခဲ့ပြီး စဉ့်ဖို(၁၁)ဖိုကို ထပ်မံဖော်ထုတ်နိုင်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ရွှေစည်းခုံဘုန်းကြီးကျောင်းအနီးမှာ စဉ့်ဖို(၅)ဖို၊ ကရင်ချောင်းဝမှာ(၃)ဖို တွေ့ခဲ့တယ်။ စဉ့်ကွဲအုပ်ကြီးများကိုလည်း မြို့ဟောင်း ချောင်းကမ်းပါးမှာ တွေ့ခဲ့ကြတယ်လို့လည်း (ရှေးဟောင်းမြန်မာ့အိုးမြို့တော်၊ ထန်လှိုင်၊ စာပေဗိမာန်၊ ၂၀၀၁)မှာ ဖတ်ရှုခဲ့ရပြန်တယ်။

စာရေးသူယေဘုယ်တွက်ခဲ့တဲ့ မုလတန်းကျောင်းဘုရား

(SEAMEO) (Regional Centre for History and Tradition) က ထုတ်တဲ့ (Ceramic Traditions in Myanmar)။ (East and Middle East The Convergence of East and Middle East Glazed Ceramic Traditions in Myanmar, Dr Myo

www.burmeseclassic.com

www.burmeseclassic.com

လပွတ်တုလားကျောက်ရှိ ဓာန်ခိုးခန်းတော်ကြီးတခုလုံး

လပွတ်တုလားရှေ့ သိမ်ဝင်းတော်တခု ကျောက်ဆင်းတု

Thant Tyn, SEAMEO, Yangon,2003) စာအုပ်မှာတော့ မြောင်းမြမြို့ဟောင်းက စဉ့်ဖိုတွေရဲ့ ခုနှစ်သတ်မှတ်ချက် အတွေ့သေးပေမယ့် (၁၄)ရာစုအစောပိုင်းထဲက အသက်ဝင်နေကြပြီလို့ ဆိုပါတယ်။ အဲဒါကို ကျွန်တော်တို့ လပွတ်တုလား(Laputkala) ရွာမှာ တွေ့ခဲ့ရတဲ့ စဉ့်ပါးပါးသုတ်အားတဲ့ အိုးထူထူလေးမှာ ရေးထိုးထားတဲ့ မြန်မာသက္ကရာဇ် (၇၂၄) ဆိုတဲ့စာအရ (၁၃၆၂)ခုနှစ်လို့ တွက်ချက်လိုက်ရပါ။ အဲဒီစဉ့်ဖိုတွေဟာ မြောင်းမြစား လော်ကဖျား မြောင်းမြမြို့ဟောင်း မတည်ထောင်ခင်တည်းက ရှိနေခဲ့တာလို့ တွက်ဆနိုင်ရဲ့။ (၁၇၉၆)ခုနှစ် အင်္ဂလိပ်အစိုးရထုတ် မြေပုံမှာ Cosmin ဆိုတဲ့ အမည်နဲ့ ဆိပ်ကမ်းမြို့ ရှိနေပါပြီ။ ဗမာ့သမိုင်းရဲ့ ရှေးအခါက အမည်ပါ။ ဒီလိုနဲ့ ကိုယ့်ဒေသ အကြောင်းကို အနည်းငယ် ရေးတေးတေး မြင်လာမိပါပြီ။

မြောင်းမြစား လောက်ဖျားခေတ်က သိပ်မကြာသေးပဲ ကြီး သူ့အရင်က ဒီနေရာမှာ ဘယ်သူအုပ်စိုးခဲ့လဲ။ ပျူနိုင်ငံတော် ပျက်စီးသွားပြီးတဲ့ အေဒီ(၁၀)ရာစုနောက်ပိုင်းမှာမှ ထွက်ခေတ် ပေါ်လာတာဆိုတော့ ကြားမှာ ဘယ်သူခေတ်လဲ။

အတွေးများရဲ့ ထိုးနှက်မှုကို မခံမရပ်ရှိလာတဲ့အတွက် အချို့သားပြတိုက်ကို ရောက်ရှိသွားကာ ဘွဲ့လွန်ပြတိုက်မှူး သင်ယူမိပြီး ရှေးဟောင်းသုတေသနက ဆရာများနဲ့ ဆုံတွေ့ခွင့်ရခဲ့တယ်။ စာအုပ်တွေဖတ်ရင်း၊ ပုဂံခေတ်လက်ရာ အမွေအနှစ်တွေ လေ့လာရင်း ကျယ်ဝန်းလှတဲ့ ရှေးဟောင်းသုတေသန နယ်ပယ်ထဲကို တစ်လှမ်းပြီးတစ်လှမ်း တိုးဝင်ရောက်ရှိသွားပေါ့။ ရှေးဟောင်းသုတေသနပညာ ဒီပလိုမာတန်း ထပ်မံတက်ရောက် အောင်မြင်ပြီးချိန်မှာတော့ မှော်ရုံတောမှာ မောခဲ့ပါပြီ။ ကျွဲဝင်သွားမိတဲ့ ခြေလှမ်းများဟာ နောက်ပြန်လှည့်ဖို့ထက် ရှေ့ဆက်တိုးဖို့သာ ဦးတည်နေရဲ့။ ဒီလိုနဲ့ ရှေးဟောင်းသုတေသန မဟာဝိဇ္ဇာတန်း တက်ရောက်ခဲ့မိပြန်ရဲ့။

တစ်ပြိုင်နက်တည်းမှာပဲ လေ့လာလို့ မကုန်နိုင်တဲ့ သမိုင်းဘာသာ၊ ပထဝီဝင်ဘာသာ၊ ဘူမိဗေဒဘာသာတွေကိုပါ လှမ်းမြင်မိပြန်ပါတယ်။ စာအုပ်စာတမ်းတွေသာမက မြေကြီးပေါ်က မြင်လျက်နဲ့ မတွေ့တဟ်ခဲ့တဲ့အရာတွေ၊ မြေကြီးအောက်က ပုန်းလျှိုးစိန်ခေါ်နေတဲ့ အရာတွေကိုပါ လေ့လာလိုမိပြန်ပါတယ်။ မိမိဘာသာစကားနဲ့ ရေးသားချက်များသာမက လက်လှမ်းမှီရာ ကမ္ဘာ့စာပေများကိုပါ လေ့လာဦးမှာကိုလည်း သိလိုက်မိတယ်။ စဉ်းစားတွေးခေါ်ကောက်ချက်ချနိုင်ဖို့က ကိုယ့်မှာ ကိုယ်ခံအား ကောင်းရမည်လေ။ လူ့သက်တမ်း နောက်ဆုံးစာမျက်နှာရောက်မှ ဝိဇ္ဇာ

www.burmeseclassic.com



ဝမြောင်မြို့နယ်၊ လပွတ်အုပ်ချုပ်ရာရှိ
ကျိုက်ပောင်းစေတီတော်ကြီး

ဘာသာရပ်တွေနောက်ကို တကောက်ကောက်လိုက်မိသူ တစ်ဦးရဲ့ အခက်အခဲများကဖြင့် နည်းလှမယ် မဟုတ်ပေဘူး။

ပုဂံခေတ်နဲ့ အောက်မြန်မာနိုင်ငံ

ပုဂံခေတ်ကြီး မည်မျှကြာညောင်းခဲ့သလဲလို့ အတိအကျ မဆိုသာပေမယ့် အနည်းဆုံး နှစ်ပေါင်း(၃၀၀) ကြာခဲ့မယ်လို့ ခန့်မှန်းရတယ်။ ပုဂံ(မြောက်လတ္တီကျူ ၂၀ ၁၀'၊ အရှေ့လောင်ဂျီကျူ ၉၄ ၅၁')ဟာ အရိမဒ္ဒနာပူရ အမည်နဲ့ မင်းနေပြည်တော်ပါ။ ယနေ့ မြန်မာနိုင်ငံအကျယ်အဝန်းလောက်ရှိတဲ့ အရပ်ဒေသများ (မြောက်ဘက် ဗန်းမော်အနီးဂဆောင်ချမ်း၊ အရှေ့ဘက် သံလွင်မြစ်၊ တောင်ဘက် သလင်အင္ဂု၊ အနောက်ဘက် ချင်းတောင်တန်း)ကို အောင်နိုင်ပြီး မြန်မာနိုင်ငံဖြစ်လာပါတယ်။ သလင်အင္ဂုဆိုတာ မလေးကျွန်းဆွယ်က သလင်ကြေ ဆလဲန်အင္ဂု (Cape Salang) ပါ။ ခရစ်(၁၁)ရာစုကို ရောက်တဲ့အခါ မြန်မာတွေဟာ ကဒူး နန်ကျောင်တွေကို တိုက်ခိုက်ပြီး မြောက်ဘက်ကို နယ်ချဲ့၊ မွန်တွေကိုနိုင်ပြီး တောင်ဘက်ကို နယ်ချဲ့ လုပ်ခဲ့တယ်။ ခေါင်းဆောင်ကတော့ အေဒီ(၁၀၄၄)မှာ နန်းတက်တဲ့ အနော်ရထာမင်းစောပါ။

အဲဒီတုန်းက မြန်မာမင်းနိုင်ငံဟာ တောင်-မြောက် မိုင်(၂၀၀)ကျော်ရှည်ပြီး အရှေ့-အနောက် မိုင်(၈၀)လောက် ကျယ်ပြန့်ပါတယ်။ မြောက်ဘက်နယ်နမိတ်က နန်ကျောင်နဲ့ ထိနေပြီး အရှေ့ဘက်မှာကော့ ထိုင်းနယ်ကလေးတွေ အများကြီးရှိနေပါပြီ။ အနောက်ဘက်မှာ ရခိုင်၊ တောင်မှာ ပဲခူးက မွန်တွေ ရှိတယ်။ သူလက်ထက်မှာ ပုဂံတွင် ရှိရင်းစွဲဖြစ်တဲ့ ဗုဒ္ဓဘာသာထက် ပိုလို့သန့်ရှင်းတဲ့ တောင်ပိုင်းဗုဒ္ဓဘာသာ တစ်ရပ် သထုံပြည်မှာ ထွန်းကားနေပြီဆိုတာ အဲဒီက ကြွလာတဲ့ ရှင်အရဟံမထေရ်ကတစ်ဆင့် သိရှိသွားပါတယ်။

သထုံမှာရှိတဲ့ ပိဋကတ်တော်ကို ပင့်ဆောင်လိုတဲ့ အနော်ရထာဟာ သက္ကရာဇ်(၁၀၅၇)ခုနှစ်မှာ ကိုယ်တိုင် ကွပ်ကဲတဲ့ မြန်မာ့တပ်တွေနဲ့ သထုံကို ချီတက်တိုက်ခိုက်ခဲ့တာပါ။ စစ်နိုင်တဲ့ အနော်ရထာမင်းကြီးဟာ ရဟန်းသံဃာတော်များနဲ့ ပိဋကတ်တော်များအပြင် သထုံမင်း မနူဟာကိုပါ ပုဂံကို ဆောင်ကြဉ်းခဲ့ပါတယ်။ (မြန်မာနိုင်ငံတော်သမိုင်း၊ ဗိုလ်မှူးဘရှင်၊ ပြည်သူ့အလင်းစာပေ၊ ရန်ကုန်၊ ၁၉၆၃)

အနော်ရထာမင်းကြီးဟာ သူ သိမ်းသွင်းနိုင်ခဲ့တဲ့ အရပ်တွေမှာ အုတ်ခွက်ဘုရားတွေကို တစ်ဖက်မှာ ဘုရားပုံတော်နှိပ်ပြီး တစ်ဖက်မှာ သူ့ဘွဲ့တော် အနိရုဒ္ဓ ခပ်နှိပ်လို့ လှူဒါန်းထားရစ်ခဲ့တာ တွေ့နိုင်ပါတယ်။ အုတ်ခွက်ဘုရား တွေ့ရှိရာ နယ်ပယ်မှန်သမျှ ခရစ်နှစ်(၁၁)ရာစုက မြန်မာနိုင်ငံတော်လို့ ဆိုနိုင်ပါမယ်။

အနော်ရထာမင်းအား ဥဿာပဲခူးမင်း ဆက်သလိုက်တဲ့ ဆံတော်မာတ်ကို ထည့်သွင်းဌာပနာပြီး တည်ထားတယ်ဆိုတဲ့ မဟာဝိန္ဒဲ(ယခု ရွှေဆံတော်)စေတီတိုက်က အုတ်ခွက်ဘုရားတွေမှာ အနော်ရထာမင်းစောရဲ့ ဆုတောင်းစာ "ဓသော ဘဂဝါ မဟာရာဇ သိရီအနိရုဒ္ဓ ဒေဝေနကတော ဝိမုတ္တတ္ထံ သဟတ္ထေနေဝါတိ" ကို တွေ့ရပါတယ်။ အဓိပ္ပာယ်ကတော့ "ထိုမြတ်စွာဘုရားကို ကျက်သရေအပေါင်းနှင့် ပြည့်စုံ၍ တိုင်းသူပြည်သား လူအများတို့နှင့် မဆန့်ကျင်သော မင်းမြတ်အနော်ရထာက နိဗ္ဗာန်အကျိုးငှာ မိမိလက်တော်ဖြင့်သာလျှင် ပြုလုပ်အပ်သတည်း" ပါ။ (အနော်ရထာ ဟံသာဝတီ ဦးဘရင်၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်၊ ၁၉၉၄)

ပုဂံခေတ် မြန်မာတွေဟာ တောင်ဘက်ကို ဆင်းထွက်တော့ ပင်လယ်ကမ်းပါးနဲ့ ထိတွေ့ပြီး ပင်လယ်ရဲ့ဥစ္စာကုန်သည်တွေနဲ့ ဆက်ဆံခွင့်၊ အိန္ဒိယ၊ သီဟိုဠ် နိုင်ငံတွေ

www.burmeseclassic.com

www.burmeseclassic.com

ကိုက်ရိုက်ဆက်ဆံခွင့် ရတယ်။ မြန်မာ့ပင်လယ်ဆိပ်ကမ်းမြို့တွေကတော့ ကုသုမိ(ပုသိမ်)၊ ဗဂိုး၊ မဒမ၊ ထဝယ်နဲ့ တနင်္သာရီ(တနင်္သာရီ)တို့ ဖြစ်ပါတယ်။ (မြန်မာသမိုင်းပုံ၊ ဆရာကြီးတာသန်းထွန်း၊ မုံရွေး၊ ရန်ကုန်၊ ၂၀၀၄) သထုံခေတ်ပြားပြီးတဲ့နောက်မှာ ထွန်းကားလာတာကတော့ ပဲခူးပါ။

အဲဒီအချိန်က အင်ဒိုချိုင်းနားကျွန်းဆွယ် တောင်ပိုင်းဒေသတွေကို ကမ္ဘောဒီးယားက လွှမ်းမိုးအုပ်ချုပ်ထားပြီး သူတို့နဲ့ မြန်မာနိုင်ငံပြင်ပက မွန်ခမာနွယ်ဝင်တွေကို မြန်မာများက ငှါးလူမျိုးလို့ ခေါ်ရဲ့။ ငှါးတွေ ပဲခူးကို အလုံးအရင်းနဲ့ ဝင်တိုက်တော့ ပဲခူးဘုရင် အကူအညီတောင်းလို့ သားတော်ကျန်စစ်သား အုပ်ချုပ်တဲ့ မြန်မာတပ်တွေ သွားတိုက်ပေးခဲ့ရတယ်။ ငှါးစစ်သည်တွေကို အောင်နိုင်လို့ မြန်မာ့တပ်တွေဟာ မလေးကျွန်းဆွယ်မြောက်ပိုင်းနဲ့ ယိုးဒယားပြည်အထိ သြဇာပျံ့နှံ့ခဲ့ပါတယ်။ တနင်္သာရီနယ်တစ်လျှောက် မြန်မာတို့ အုပ်ချုပ်ခဲ့ရကြောင်း ထားဝယ်၊ မြိတ်ဒေသမှာ ပုဂံခေတ်ကျောက်စာများ ရှိနေရဲ့။

သာသနာလည်း ထွန်းကား၊ နိုင်ငံတော်ရဲ့ အင်အားလည်း ကြီးမားလေတော့ ပတ်ဝန်းကျင်နိုင်ငံများကလည်း မြန်မာနိုင်ငံကို လေးစားလာခဲ့တယ်။ သီဟိုဠ်ကျွန်းက အကူအညီတောင်းခံလို့ အနော်ရထာမင်းက ပိဋကတ်တော်များ ပို့ဆောင်စေပြီး သာသနာပြုစေလွှတ်ပေးခဲ့တယ်။ (မြန်မာနိုင်ငံတော်သမိုင်း၊ ဗိုလ်မှူးဘရှင်၊ ပြည်သူ့အလင်း၊ ရန်ကုန်၊ ၁၉၆၃)

အနော်ရထာ(၁၀၄၄-၇၇)နဲ့ ကျန်စစ်သား(၁၀၈၄-၁၁၂)တို့ကို ဆက်ခံတဲ့ အလောင်းစည်သူမင်းကြီး(၁၁၁၂-၅၇) လက်ထက်မှာတော့ နိုင်ငံခြားဆက်သွယ်ရေးဟာ ပိုမိုတိုးချဲ့လာတယ်။ အလောင်းစည်သူဟာ ကျန်စစ်သားမင်းရဲ့သမီးတော် ရွှေအိမ်သည်နဲ့ မွန်ဘုရင်ဟောင်း မနူဟာရဲ့ မြေးတော် နာဂသမံရဲ့ သားတော် မွန်-မြန်မာ သွေးနှောသူ သီရိဇေယျသူရပါ။ မွန်-မြန်မာ ချစ်ကြည်ရေးကို ရည်ရွယ်ပြီး ကျန်စစ်မင်းကြီးက သားတော်ရင်း ရာဇကုမ္မာကို ဆောင် ကျော်ပြီး ရင်ခွင်ပိုက်ဘဝတည်းက နန်းအပ်ခဲ့ပါတယ်။ အလောင်းစည်သူမင်းလက်ထက်မှာ ကိုယ်တော်တိုင် ဦးဆောင်နားချင်း ဒေသတွေကို လှည့်လည်သွားရောက်ခဲ့တယ်။ မြန်မာနိုင်ငံရဲ့ သင်္ဘောဆိပ် ပုသိမ်ကို အခြေပြုပြီး မင်းကြီးဟာ နောက်လိုက်နောက်ပါ၊ သင်းပင်းခြေရံများနဲ့ မလေးကျွန်းဆွယ်၊ ရခိုင်ကမ်းရိုးတန်းနဲ့ အိန္ဒိယနိုင်ငံအရှေ့ဘက်ကမ်းရိုးတန်းဒေသများကို ရေလမ်းခရီး ဆန့်ခဲ့တယ်။ ဗုဒ္ဓဂယာမှာ သာသနာ့အဆောက်အအုံများ တည်ဆောက်ခဲ့ပါတယ်။ သက္ကရာဇ်(၁၁၁၄)ခုနှစ်မှာ သဗ္ဗညုဂုဟာရား တည်ခဲ့သလို နိုင်ငံအတွင်း အနှံ့အပြားမှာလည်း စေတီပုထိုး၊ ဂူကျောင်းတွေကို အများအပြား တည်ခဲ့ပါတယ်။ နိုင်ငံအတွင်း အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည် ရောက်ရှိရာ နေရာတိုင်းမှာ သာသနာတော်ပြန့်ပွားခဲ့တာပါ။ (ဦးဘဖေ၊ မြန်မာ့သမိုင်းအကျဉ်း၊ စာပေဗိမာန်၊ ၁၉၅၂)

အလောင်းစည်သူမင်းကြီးရဲ့ နောက်မှာတော့ ကုလားကျမင်းလို့ အမည်တွင်ခဲ့တဲ့ နရသူ(အေဒီ ၁၂၁၁ အထိ)၊ နရပတိစည်သူ(အေဒီ ၁၂၃၁ အထိ)၊ နာတောင်မျာမင်း(အေဒီ ၁၂၃၅ အထိ)၊ နရသီခံဥနောမင်း(အေဒီ ၁၂၄၉ အထိ)၊ ကျစွာမင်း(အေဒီ ၁၂၅၆ အထိ)၊ ဥဇနာမင်း မင်းယဉ်(အေဒီ ၁၂၈၇ အထိ)၊ နရသီဟပတေ့မင်းတို့ ဆက်လက်အုပ်ချုပ်သွားကြတာ အေဒီ(၁၃၀၀) မွန်ဂိုတပ်မျာ မြင်စိုင်းကို ဝင်တိုက်တဲ့ ပုဂံခေတ်နှောင်းအထိပါပဲ။

ပုဂံခေတ်မတိုင်မီ မွန်ခေတ်တွေထဲက အောက်မြန်မာနိုင်ငံနဲ့ ဆိပ်ကမ်းမြို့တွေ ရှိနေပြီဆိုတော့ ပုဂံမင်းတွေ လက်ထက်မှာ ပြင်ပရေကြောင်းလိုင်းတွေ ပွင့်နေတာတော့ သေ

ချောင်းဆိုးတောင်ရှိ ဟံသာဝတီခေတ် ရေယာဉ်ကုန်းတင်ဆိပ်ကမ်းပြလက်ရာ

www.burmeseclassic.com

www.burmeseclassic.com

ချာပါပြီ။ ဒါပေမဲ့ မြန်မာ့ပင်လယ်ကမ်းခြေနဲ့ ကမ်းရိုးတန်းပြောင်းလဲမှုကို နှစ်အလိုက် အတိအကျ မှတ်သားထားတဲ့ မြေပုံတွေ မှတ်တမ်းမှတ်ရာပြုတဲ့ ဓလေ့နည်းပါးတဲ့ ကျွန်တော်တို့မှာ မရှိလို့ မြစ်ဝကျွန်းပေါ်ဒေသဟာ ဘယ်ကာလမှာ ဘယ်မျှကြီးထွားနေပြီလဲလို့ မသိနိုင်ခဲ့ပါဘူး။

မြစ်ဝကျွန်းပေါ်မှာ နုန်းမြေကုန်းမြေတွေ၊ လယ်ယာတွေဟာ ပင်လယ်တွင်းကို တဖြည်းဖြည်း တိုးထွက်လာတာတော့ သဲသယဖြစ်စရာ မရှိလှပါဘူး။ ဆာအက်ဒဝပ်ပယ်စကိုက တစ်နှစ်မှာ ပေ(၂၀၀)တိုးတယ်လို့ ဆိုထားပါတယ်။ ချီဗာ(Chibber) ကတော့ ကမ်းခြေတန်းတွေက အနှစ် (၁၀၀)မှာ (၃)မိုင်(တစ်နှစ်မှာ ၁၅၈ ပေ)ထက် ပိုမတိုးနိုင်ဘူးလို့ ဆိုခဲ့ပါတယ်။ မြစ်ဝကျွန်းပေါ်လို့ဆိုနိုင်တဲ့ ဒေသတွေကရော ဘယ်ဒေသတွေပါလဲ။ ဧရာဝတီမြစ်ဝှမ်း၊ ပုသိမ်ငဝဲမြစ်ဝှမ်းနဲ့ တံတားတစ်ဝိုက်လို့ အကြမ်းဖျင်းဆိုကြပါစို့။

ပုသိမ်ခရိုင်၊ ကျုံပျော်မြို့နယ်၊ ကြို့ကုန်းကျေးရွာ ဦးမျှားအိမ်နောက် မန်ကျည်းပင်ကြီးအရင်းမှာ ကြေးလင်ပန်းကြီး၊ သေး(၁၀၀)ခန့်နဲ့ အနီးက လယ်ကွက်ထဲမှာ ကြေးပလွင်တစ်ခုကို (၁၉၆၃-၆၄)ခုနှစ်က မမျှော်လင့်ဘဲ တွေ့ရှိခဲ့တယ်။ ကြေးပလွင်ဟာ အမြင့်(၃)လက်မခွဲရှိတဲ့ ပုဂံခေတ်လက်ရာမို့ အဲဒီနေရာတွေဟာ ပုဂံခေတ်ကတည်းက လူနေတဲ့ဒေသတွေ ဖြစ်တယ်လို့ (၁၉၆၃-၆၄)ခုနှစ် နှစ်ချုပ်အစီရင်ခံစာမှာ ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်ကတင်ပြထားပါတယ်။

ဒေါက်တာသန်းထွန်းရဲ့ 'မြန်မာသမိုင်းလစ်ကွက်များ' စာအုပ်မှာ ရှေးမွန်ကျောက်စာတွေမှာပါတဲ့ ရက်စွဲနဲ့ ဖြစ်စဉ်တွေကို အစီအစဉ်အတိုင်း ပြထားရဲ့။ အဲဒီမှာ ပုဂံခေတ် ပတ်ဝန်းကျင်နဲ့ မြစ်ဝကျွန်းပေါ် ဆက်နွယ်မှုတွေကို ရိုးရိုးရိပ်ရိပ် မြင်ရပြန်တယ်။ မွန်ကျောက်စာတွေကို ဗလက်ဂဒန်၊ ဒူရွိက်ဆယ်၊ ဦးမြတို့က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ကြပြီး ဦးဖေမောင်တင်၊ ဦးလူဖေဝင်း၊ ဦးချစ်သိန်းတို့က မြန်မာဘာသာ ပြန်ဆိုခဲ့ကြတာပါ။

[အေဒီ(၁၀၅၇)မှာ သထုံမင်း မနောဟောရ(မနုဟာ)ကို ပုဂံမင်း အနုရုဒ္ဓက စစ်ပြုပြီး အညာသို့ သာသနာဆောင်ကျဉ်းသွားတယ်။ (၁၀၈၄)မှာ ထိလိုင်မင် ဂြိတ္တိဘုဝနာဒိတျဓမ္မရာဇာဘွဲ့နဲ့ မင်းဖြစ်တယ်။ (၁၁၇၀)မှာ ဥတ္တရာဇီဝမထေရ် သီဟိုဠ်ကျွန်းသို့ ကြွရာမှာ ဆပဋ္ဌသာမဏေးလည်း ပါသွားတယ်။ (၁၄၄၂)ခုနှစ်မှာ ကျိုက်လတ်မြို့ထလုဘုရား ဌာပနာတိုက် ပိတ်တယ်။ (၁၅၄၁) ပုသိမ်ရွှေမုဋ္ဌောဘုရားမှာ ဂုနာမင်းလှူတဲ့ မြေနဲ့ ကျွန်စာရင်းကျောက်စာမှတ်တမ်းတင်တယ်] စသဖြင့် တွေ့ရပါတယ်။

ပုဂံခေတ်မှာ မြစ်ဝကျွန်းပေါ်ဒေသတွေ ရှိနေပြီလို့ ပြောနိုင်ပြီး အဲဒီအထိ ပုဂံမင်းတွေရဲ့ သြဇာအာဏာ သက်ရောက်နေတာလည်း ခန့်မှန်းနိုင်ပါပြီ။ ဘယ်မင်းလက်ထက်တော်မှာ ကျွန်တော်တို့ရွာတွေကို တည်ထောင်ခဲ့၊ ဖွဲ့ဖြိုးခဲ့တာလဲ၊ ပုဂံမင်းတွေရဲ့ အုပ်ချုပ်မှုအောက်မှာ ဘယ်အနေအထားနဲ့ ရှိခဲ့တာပါလဲ ထပ်ဆင့်တွေးရပြန်ပါပြီ။

ကြောင်မြို့နယ်၊ ဒေမွတ်ကုန်းရွာရှိ သိမ်

ပုဂံခေတ်ရဲ့ အံ့ချီးဖွယ်အကောင်းဆုံးပညာဟာ ဗိသုကာပညာပါ။ ဆင်တူအဆောက်အအုံနှစ်ခု ရှာမပြနိုင်အောင် အရွယ်စုံ၊ ပုံစံစုံ တည်ဆောက်ခဲ့တဲ့ မြောက်မြားစွာသော စေတီ၊ ပုထိုးတွေက သက်သေခံနေရဲ့။ သံပေါင်သံကိုင်း၊ အားဖြည့်ကွန်ကရစ်မပါဘဲ အလွန်ခိုင်ခံ့ပြီး ထူထည်ကြီးမားလှတဲ့ အုတ်အဆောက်အအုံတွေကို ဒီနေ့ထိ ထီးထီးမားမား မြင်နေရပေါ့။ အုတ်တွေဟာ ကောင်းမွန်ညီညာရုံမျှမကဘဲ လိုတဲ့ ပုံသဏ္ဌာန်ကိုလည်း ထုတ်လုပ်သုံးစွဲနိုင်ခဲ့ကြတယ်။ အုတ်တွေကို

www.burmeseclassic.com

www.burmeseclassic.com

ခရမ်းပြေပြစ်နယ်၊ လမွတ်ကုလားအုတ်ရှိ ဘုရားကြီး

စပါးခွံရောနယ်ပြီး ဖုတ်တတ်ကြလို့ အုတ်မှာ စပါးခွံရာတွေ တွေ့နိုင်ပြီး အများအားဖြင့် အုတ်အရွယ်အစား ကြီးမားကာ အလျား(၁၅)လက်မ၊ အဖုတ်(၈)လက်မ၊ ထူ(၂)လက်မ (၁)စိတ် ရှိတတ်ကြရဲ့။ အုတ်စီရာ ကာလသည်း မြေနီသရွတ်နဲ့ပဲ စီလေ့ ရှိပြီး တချို့ပေါင်းကူးတွေမှာ မြေနီ သရွတ်ထဲ ကော်တစ်မျိုးမျိုးပါတဲ့ အက်ရောင်အင်္ကတေ ရောစပ်သုံး ထားတတ်သေးတယ်။ (မင်းဘူး-အောင် ကြိုင်၊ လက်ရာစုံစွာ အာနန္ဒာ၊ စာ ပေဗိမာန်၊ ရန်ကုန်၊ ၁၉၉၃)

ပုဂံခေတ် ဗိသုကာပညာအရ သာရေးအဆောက်အအုံတွေ စတင်ဆောက်လုပ်ရင် အခြေခံအုံး အုတ်နဲ့လုပ်တဲ့တံတိုင်း ရှိရပါတယ်။ အတွင်းမှာ ကျောက်ခဲပြီး ဂူဘုရား တည်ကြတယ်။ ဂူဆိုတာ ဂုဟ သဘင်္ဂပါဠိစကားက လာတာပါ။ ကျောက်တောင်များကနေ ထွင်းအလျောက် ဖြစ်ပေါ်လာတဲ့ အခေါင်းပေါ့။ မြန်မာ ဘုရားကျောင်းအဖြစ်သုံးမယ့် အုတ်နဲ့ဖွဲ့တဲ့ စေတီ တည်ဆောက်လည်း ဂူလို့ပဲခေါ်ပြီး အဲဒီလူလုပ်ဂူရဲ့ အမိုးပေါ်မှာ ဘုရားပေါက်ထားပါသေးတယ်။ ဝင်ပေါက် တစ်ပေါက် ထွင်းပေါက်တဲ့ ဂူမျိုးထက် (၄)ပေါက်ပါတဲ့ဂူ (၄)မျက်နှာမျိုး ပိုမြင့်လုပ်လေ့ရှိကြပါတယ်။

အကယ်တော့ (၄-၉)ရာစု အတွင်း မြန်မာနိုင်ငံမှာ ယဉ်ကျေး ထွန်းလုပ် ထူထောင်သွားခဲ့တဲ့ ပျူ အဆောက်အအုံတွေထဲက အမျော်အမှာရှိတဲ့ ဘဲဘဲတဝဂူ၊ ဟင်္သာကန်နှာ လေးဝဂူတွေဟာ ပုဂံ ဗိသုကာရဲ့ အကြိုမူရင်းပုံစံ (Proto-type) ပါ။ သရေခေတ္တရာက အဲဒီ ဂူတွေဟာ ပုဂံခေတ် ဘုရား ဗိသုကာတွေရဲ့ ရှေ့ပြေးတွေ ဖြစ်ပါ တယ်။ ဂူဘုရားပုံစံတွေက ပုဂံ ခေတ်ဦး၊ ပုဂံခေတ်လယ်နဲ့ ပုဂံ နောက်ပိုင်းတွေမှာ တစ်မျိုးစီ ကွဲ ပြားကြပါတယ်။ အဲဒီလို သီးခြားဟန်ပန်နဲ့ ပုဂံတစ်ခေတ် ကလို့ ပြောနိုင်တဲ့ ယဉ်ကျေးမှု အထောက်အထားတွေကို မြစ်ဝကျွန်းပေါ်မှာ ကျွန်တော်တို့ လက်ညှိုးထိုးပြီး သက် သေထူနိုင်ပါပြီလား။

စကြာရှင် ရွှေဂူကြီးစေတီတော်ကြီး

အဲဒီလိုနဲ့ ဆယ်စုနှစ်များစွာ ကျော်လွန်ပြီး ရွာကို ပြန်ရောက်တဲ့တစ်နေ့ (၂၀၀၂-ခုနှစ်၊ ဧပြီလ)မှာ အမေ (ကျွန်တော်တို့အရပ်အခေါ် အစ်မ)က 'အရီးနန်းကူးတို့ ကူရွာမှာ ဘုရားတွေ အများကြီးပေါ်နေတယ်'လို့ ပြော



လေမွတ်ကုလားအုတ်ရှိ ကျိုက်ထီးရိုးဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

တယ်။ ပလိုင်းတစ်လုံးလွယ်ပြီး ပဒဲကော၊ မြို၊ ကြောင်လျှာသီးတွေ လာလာရောင်းတတ်တဲ့ ကရင်မကြီးကို ကျွန်တော် ချက်ချင်းပဲ မှတ်မိလိုက်ရဲ့။

ကျွန်တော်တို့ရွာရဲ့မြောက်ဘက်စွန်း ညောင်ဝိုင်းရွာအဆုံးမှာ သရီဖိုင်းတစ်ခုခြားပြီး ဗုဒ္ဓဘာသာ ကရင်ရွာတစ်ရွာ ရှိတယ်။ ရွာထိပ်မှာ ဂူဘုရားပျက်တွေရှိလို့ 'ဂူရွာ'(အသံထွက်တော့ ကူရွာ)တွင်တာပါ။ အဲဒီကို ကျွန်တော် ရောက်သွားတော့ ဆင်းတုတော်အကျိုးအပဲ့တွေကို တစ်ပုံတစ်ပင် အများကြီးတွေ့လိုက်ရပါတယ်။ အုတ်ခွက်ဘုရားတွေလည်း အများအပြားပါပဲ။ မြင်ဖူးနေကျဖြစ်တဲ့ ဖွားတော်မူခန်းထဲက မယ်တော်မာယာဟာလည်း ဝန်းဝိုင်းတဲ့ရင်သား၊ ပေါ်လွင်တဲ့ နှာတံ၊ ပျောင်းနွဲ့တဲ့ရပ်ဟန်နဲ့ ရုပ်တုမျိုးတွေ ဖြစ်နေလေရဲ့။ ခါးသေးရင်ချီ ပြေပြစ်ကြော့ရှင်းတဲ့ ကိုယ်ဟန်နဲ့ ရုပ်တုအကျိုးအပဲ့တွေလည်း တွေ့ရပါတယ်။ အဆောက်အအုံအသစ် ဆောက်လုပ်ပြီး သံဆန်ကာနောက်မှာ ပြသထားလို့ ဘာမှတော့ မြင်မြင်ထင်ထင် မလေ့လာခဲ့ရပါဘူး။ ကိုယ်ကိုယ်တိုင်ကလည်း အသေအချာပြရင်တောင် ခွဲခြားသိတတ်တဲ့ပညာလည်း မရှိလှသေးဘူးကိုး။ အစ်မက 'ရွှေသားနဲ့သွန်းလုပ်တဲ့ ဆင်းတုလေးတွေ၊ ငွေထည်ဆင်းတုလေးတွေလည်း တွေ့ရသဟဲ့'လို့ ပြောပါတယ်။

အတိအကျကတော့ စကြံာရှင်ရွှေဂူကြီးစေတီတော်ကြီး အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ရန် အုတ်ကျိုးများ ရှင်းလင်းရာတွင် တွေ့ရှိခဲ့ရသော ဌာပနာတော်များ စာရင်း(၁၈-၁-၂၀၀၁ မှ ၁၃-၃-၂၀၀၁)အရ မြတ်စွာဘုရားဓာတ်တော်(၂၆)ဆူ၊ ရွှေဘုရား(၂)ဆူ၊ ငွေဘုရား(၂၈)ဆူ၊ အုတ်ခွက်ဘုရားအကြီး(၅၄)ဆူ၊ အုတ်ခွက်ဘုရားအသေး(၁၆၇)ဆူ၊ ကျောက်ဆင်းတု(၉၃)ဆူ၊ ကြေးဘုရား(၃ လက်မ)(၁)ဆူ၊ ရှင်သီဝလိရဟန္တာ(၂)ဆူ၊ စုစုပေါင်း(၃၇၃)ဆူ ရှိတယ်လို့ မှတ်တမ်းရှိရဲ့။

အဲဒီတုန်းက ကြိတ်ကြိတ်တိုးဖူးမြော်နေကြတဲ့ လူတွေရဲ့ နောက်မှာ 'အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော'ဆိုတဲ့ ဆိုင်းဘုတ်ကို ဂူဘုရားပျက်ရဲ့ အုတ်ပုံစပ်မှာ အသစ်ချပ်ချုတ် တွေ့လိုက်ရတယ်။ နောက် ဆိုင်းဘုတ်တစ်ခုကလည်း 'စကြံာရှင် ဖောင်တော်ဦး၊ ဖောင်တော်ဆိပ် သစ္စာရ ရွှေဂူကြီးစေတီတော်ကြီး၊ အလောင်းစည်သူမင်းကြီး၏ကုသိုလ်တော်'ပါတဲ့။ ဂူဘုရားပျက်နေရာမှာ အစားထိုးတည်ဆောက်မယ့် ရွှေဂူကြီးဘုရားရဲ့ အဆိုပြုပုံကိုလည်း ပန္နက်ပုံနဲ့တကွ တွေ့လိုက်ရပါတယ်။ မူရင်းဂူဘုရားရဲ့ပုံစံ မဟုတ်တာတော့ သေချာပါရဲ့။ ဟောင်းသုတေသနစံနဲ့ ရှေးစေတီတွေကို ပြန်လည်ပြုပြင်ထိန်းသိမ်းတာမဟုတ်ဘဲ ဓာတ်ဆက်၊ နတ်ဆက်ဆိုတာတွေနဲ့ ဘုရားသစ်တွေ တည်နေတာမို့ပါ။

အခုလည်း ဒီဘုရားကိုးဆူဘုရားဝင်းရဲ့အဝင်က အ
မုခ်ခုံးကြီးကိုတော့ ယနေ့တိုင် ဖျက်မချလိုက်သေးလို့ (ဘ
သူကိုမှန်းမသိ ကျေးဇူးတင်လိုက်မိရဲ့) ဒီအတိုင်းပဲ
ပါသေးတယ်။ ရှေးအခါ ဘုရားတည်စဉ်က အင်္ဂတေ
မပါဘဲ အုတ်တွေကို ပေါင်
မုခ်ဦးသဏ္ဌာန် စီထားတာက
ယနေ့အမြင်နဲ့ ကြည့်ရင်တော
အတော်ပညာပါပါတယ်။ ပြီး
တဲတဲ အခြေအနေကို ကျွန်တော
ငယ်ငယ်တည်းက မြင်နေခဲ့
ယနေ့အထိ ပြိုပျက်ကျမလာ
ကိုက မြန်မာ့ဗိသုကာရဲ့ အ
ပါပဲ။ အုတ်စီပုံကို မုခ်ဦးတော
ကနေ မော့ပြီး လေ့လာရင် ရ
စရာပါ။ ဒါပေမဲ့ အဲဒီ ရှေး
အပေါ်မှာတော့ ဒီနေ့ခေတ်လ
စေတီငယ်လေးတစ်ဆူ တ
ထားပြန်ပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဘုရားနဲ့ဘုရားကွယ်၊ သစ်တော်ကုလားဘုရား အောင်ခေတ်

ကြီးရဲ့ရှေ့ ကပ်လျက်မှာလည်း အနေခေတ်လက်ရာ မုခ်ခုံးသစ် တစ်ခုနဲ့အတူ 'သာသနာ့လင်း' ဆောင်ခြည် ဆုတောင်းပြည့်ဘုရား ကြီး'ဆိုတဲ့ ယခင်က မရှိခဲ့ဖူးတဲ့ ဘုရားတစ်ခုကိုလည်း ကမ္ဘည်း ထိုးတော်ဆင်ထားပါသေးရဲ့။ အင်း.. အံ့သောက်တော့ ရှိမှာပေါ့လေ။

ကြီးရဲ့သက်သေ

(၁၁-၅-၂၀၀၆)နေ့ထုတ် New Light of Myanmar သတင်း စာမှာ မြောင်းမြမြို့ဟောင်းမှာ ရှေးဟောင်းသုတေသနဆိုင်ရာ နေရာ ဒေသကို တူးဖော်တွေ့ရှိခဲ့ပါကြောင်း ဖော်ပြထားပါတယ်။

ယဉ်ကျေးမှုဝန်ကြီးဌာနက စီမံကိန်းတွေချပြီး ပုဂံ ယဉ်ကျေးမှု ထွန်းကားရာ ပထမမြန်မာနိုင်ငံရဲ့ အကြေ (အောက်ပိုင်း)ပုဂံ (Akyay (Lower) Bagan') လို့ သိကြတဲ့ မြောင်းမြမှာ ရှေးဟောင်းသုတေသနဆိုင်ရာ အဆောက်အအုံ ကို ရှာဖွေဖော်ထုတ် ထိန်းသိမ်းနေပါကြောင်း၊ တူး ဖော်ရေးအဖွဲ့တစ်ခုဟာ ဒေသခံ အာဏာရှိသူတွေရဲ့ အကူ အညီနဲ့ အုတ်လမ်း (the brick road)၊ ကိုးဆူတန်းဘုရား (Koesudan) နဲ့ အလောင်းစည်သူမင်းကြီး တည်ခဲ့ တဲ့ ရွှေဂူကြီးဘုရား (Shwegugyi Pagoda) ယဉ်ကျေးမှု အဆောက်အအုံတွေကို သူတို့ရဲ့ မူရင်းဟန်မပျက် ထိပါး အောင့်မှုမရှိဘဲ ပြုပြင်ထိန်းသိမ်းမည့်အကြောင်း၊ မြောင်းမြ မြို့ဟောင်းတစ်ဝိုက်က ရှေးဟောင်းကုန်း (Byetaik mound) တွေကိုလည်း ကွင်းဆင်းပြီး နန်းတော်ရာဟောင်းနဲ့ တံတိုင်း ကျိုးတွေကိုလည်း မေလအတွင်းမှာ လေ့လာပြီးပါကြောင်း၊ ရှေးဟောင်းရွှေဒင်္ဂါးတွေနဲ့ ရွှေလက်စွပ်တွေကိုလည်း ယဉ် ကျေးမှုဝန်ကြီးဌာနကို တင်ပြခဲ့ပါကြောင်း ဖော်ပြခဲ့ပါ တယ်။

(၂၀၀၆)ခုနှစ်၊ မတ်လ (၁၃)ရက်နေ့မှာတော့ ဧရာ ဝတီတိုင်း၊ မြောင်းမြမြို့ဟောင်း အကြေပုဂံဒေသရဲ့ ရွှေ လက်စွပ်နဲ့ ရွှေဒင်္ဂါးတွေကို ယဉ်ကျေးမှုဝန်ကြီးဌာနကို ပြောပ်လိုက်ပြီးဖြစ်ပါကြောင်း၊ ရှေးဟောင်းပစ္စည်းတွေမှာ ကြေးပုံတွေနဲ့ ဖောင်းကြွပြီး စာတွေပါတဲ့ ရွှေဒင်္ဂါး(၈)ခု၊ ရွှေလက်စွပ်(၁၀)ကွင်းနဲ့ ရွှေအစအန(၈)ခု ပါပါကြောင်း၊ ဝန်ကြီးကလည်း တစ်ခါက အကြေပုဂံလို့ ထင်ရှားကျော် ကြားတဲ့ ယဉ်ကျေးမှုတစ်ခု မြောင်းမြမြို့ဟောင်းမှာ ဖြစ် ထွန်းခဲ့တယ်လို့ ပြောကြားခဲ့ကြောင်း၊ ရှေးဟောင်းသုတေ သနဌာနမှ အဖွဲ့တစ်ခုလည်း ပုဂံခေတ်ဟန်နဲ့ ဘာသာရေး အဆောက်အအုံများ၊ ပုဂံခေတ် မြေမီးဖုတ်အုတ်ခွက်ဘုရား (Terracotta Buddha images of Bagan era) များနဲ့ ရှေး တုန်းက မြို့များတည်ရှိခဲ့တဲ့ သက်သေအဖြစ် အုတ်လမ်း များ စတဲ့ ခိုင်မာတဲ့သက်သေများ တွေ့ရှိခဲ့ကြရလို့ စနစ် တကျ မှတ်တမ်းတင်ကာ လေ့လာစူးစမ်း ထိန်းသိမ်းစောင့် ရှောက်ဖို့ စီမံကိန်းများ ရှိပါတယ်လို့လည်း ပြောကြားခဲ့ ကြောင်း ဖော်ပြထားပါတယ်။

(၂၀၀၆)ခုနှစ်၊ မေလ (၉)ရက်မှာလည်း ရှေးဟောင်း သုတေသနဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းနဲ့ အဖွဲ့ ဟာ အုတ်လမ်း၊ ကိုးဆူကုန်းနဲ့ ရွှေဂူကြီးဘုရားကို လာ ရောက်ကွင်းဆင်းလေ့လာ ကြည့်ရှုခဲ့တယ်လို့ သိရပါတယ်။

ဒီသတင်းအချက်အလက်တွေ ကြားသိရတဲ့ ခဏမှာ တော့ ကျွန်တော် ပြည်တွင်း၊ ပြည်ပ ဝေးဝေးလံလံမှာ တစ်မျှော်တစ်ခေါ် လိုက်လံရှာဖွေနေတဲ့ ရှေးဟောင်းသုတေ သနဆိုင်ရာ ဖြစ်စဉ်တွေဟာ ကျွန်တော်နဲ့ အနီးကပ်ဆုံး ကျွန်တော့်ရွာ၊ ကျွန်တော့်အိမ်ဘေးမှာပဲ ဖြစ်ပျက်သွားခဲ့ပါ ပေါ့လို့ သိလိုက်ရပါတယ်။ ညည်း နီးရင် မမြင်ဆိုတဲ့ စကားဟာ သိပ်မှန်ပါကလား။

ကိုအေားမြင့်(မဟာဝိဇ္ဇာ၊ ရွှေးသု)

www.burmeseclassic.com

www.burmeseclassic.com

ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ နကမ္မတိ
အသောကံ ဝိရဇံ ခေမံ ဧတံ မင်္ဂလ မုတ္တမံ ဟူသော
ပါဠိတော်၏ အနက်မှာ ဒေဝပုတ္တနတ်သား လောက

ဘဝတစ်သက်တာ ကျင့်စဉ်တရားများ

မင်္ဂလာတရားတော်အမှတ် (၃၈)

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော နတ်သားတစ်ပါး၏ လျှောက်ထားတောင်းပန်မှုကြောင့် (၃၈) ဖြာမင်္ဂလာတရားတော်တို့ကို ဟောကြားတော်မူခဲ့ရာ နိဗ္ဗာန သစ္ဆိကိရိယာစ-နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် ကောင်းမြတ်သောမင်္ဂလာမည်၏ဟု ဟောကြားတော်မူပြီးနောက် အမှတ်စဉ်(၃၅)မြောက်အဖြစ် ဖုဋ္ဌဿလောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္မတိဟူသော မင်္ဂလာတရားတော်ကို ဆက်လက် ဟောကြားတော်မူပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

[illegible]-လောကဓံတရားတို့နှင့်၊ ဖုဋ္ဌဿ-ကြုံတွေ့ရသော၊ [illegible]-အကြင်ပုဂ္ဂိုလ်၏၊ စိတ္တံ-စိတ်သည်၊ နကမ္မတိ-[illegible]လုပ်၊ အသောကံ-စိုးရိမ်ပူဆွေးခြင်းလည်းမရှိ၊ ဝိရဇံ-[illegible]စသော မြူလည်းမရှိ၊ ခေမံ-ဘေးလည်းမရှိ၊ ဧတံ-[illegible]လေးပါးကား၊ မုတ္တမံ-ကောင်းမြတ်သော၊ မင်္ဂလံ-မင်္ဂလာ မည်ပေ၏ဟု ဆိုလိုပေသည်။ ထို့ကြောင့် ထိုဟောကြားချက် အဓိပ္ပာယ်အရ ဖုဋ္ဌဿ ဓမ္မေဟိ ဟူသောပုဒ်၌ (၂)ပါးအပြားရှိကြောင်း ပေါ်လွင်လာပါသည်။

ထိုလေးပါးတို့မှာ-

၁။ လောကဓံတရား(၈)ပါးတို့နှင့် ကြုံရကြားသော်လည်း [illegible]ာန္တာပုဂ္ဂိုလ်တို့၏စိတ်သည် တုန်လှုပ်ခြင်းမရှိ။

၂။ နိုးရိမ်ခြင်းလည်းမရှိ။

၃။ ရမ္မက်ဟူသောမြူတို့လည်း မကပ်ငြိ။

၄။ ဘေးရန်အန္တရာယ်လည်းမရှိ စသည်တို့ ဖြစ်ကြပါသည်။

ဆိုလိုသည်မှာ အာသဝေါတရား(၄)ပါးတို့ ကုန်ခန်းပြီးဖြစ်သော ရဟန္တာအရှင်မြတ်တို့၏ စိတ်တို့သည် လောကဓံတရား(၈)ပါးတို့နှင့် ဘယ်လိုပင် ကြုံတွေ့ကြသော်လည်း မည်သို့မျှ တုန်လှုပ်စိုးရိမ်ခြင်းမရှိဟု အဓိပ္ပာယ်ရပေသည်။

လောကဓံတရား(၈)ပါး

လောကၠ ကျင်လည်နေထိုင်ရသူမှန်သမျှ မည်သူမဆို အမှန်ပင် တွေ့ကြုံရမည့် သဘောများ ဖြစ်သောကြောင့် လောကဓံဟု ဆိုအပ်သော တရား(၈)ပါး ရှိပါသည်။ ယင်းတို့မှာ (၁) လာဘ-လာဘ်ရခြင်း၊ (၂)အလာဘ-

www.burmeseclassic.com

www.burmeseclassic.com

လာဘ်မရခြင်း၊ (၃) ယသ-အခြွေအရံပေါများခြင်း၊ (၄) အယသ-အခြွေအရံမရှိခြင်း၊ (၅) နိန္ဒာ-ကဲ့ရဲ့ခံရခြင်း၊ (၆) ပသံသာ-ချီးမွမ်းခံရခြင်း၊ (၇) သုခ-ချမ်းသာခြင်း၊ (၈) ဒုက္ခ-ဆင်းရဲခြင်း စသည်တို့ ဖြစ်ကြပါသည်။

ထိုလောကဓံတရား(၈)ပါးမှာ တစ်လှည့်စီ,တစ်လှည့်စီ ဖြစ်လေ့ရှိ၏။ ရှေးကပြုခဲ့ဖူးသော မိမိတို့၏ ကုသိုလ်၊ အကုသိုလ် (ကောင်းမှု,မကောင်းမှု)တို့ကိုမှီ၍ အလှည့်ကျ သလို ရင်ဆိုင်ကြုံတွေ့ကြရသည်မှာ သာမန်ပုထုဇဉ်တို့ကို မဆိုထားဘိ၊ ဗုဒ္ဓမြတ်စွာဘုရားရှင်သော်မှ လွတ်ကင်းအောင် ရှောင်လွှဲ၍မရပေ။

ထင်ရှားမြင်သိသာ လွယ်ကူအောင် ထုတ်ဆောင်ဖော်ပြရပါလျှင် ဗုဒ္ဓဘုရားရှင်မှာ တစ်ခါတစ်ရံ မကုန်နိုင် မခန်းနိုင်အောင် ပစ္စည်းလေးပါး ပေါများလှသော်လည်း ရံခါတွင်မူ ရှားရှားပါးပါးအဖြစ်နှင့် ကြုံတော်မူရ၏။ ဆိုရလျှင် ဝေဠုဂ္ဂာပြည်တွင် ဝါကပ်စဉ်အခါက ဝါတွင်း(၃)ပတ်လုံး မုယောဆွမ်းကြမ်းကိုချည်း ဘုဉ်းပေးတော်မူရဖူး၏။

တစ်ကြိမ်တွင်လည်း ဧကနာဠပုဏ္ဏားရွာသို့ ဆွမ်းခံကြွတော်မူပါသော်လည်း ထိုရွာရှိ လူအားလုံးကို မာရ်နတ်လှည့်ဖြားထားမှုကြောင့် ဆွမ်းလောင်းလှူရန် မေ့လျော့နေကြသဖြင့် သပိတ်ချည်းသက်သက်ဖြင့် ထွက်ခွာတော်မူခဲ့ရဖူး၏။ မင်း၊ သူဌေးသူကြွယ်တို့က လှူဒါန်းသော ဓေဠုဝန်၊ ဇေတဝန်၊ နိဂြောဓရုံတို့ကဲ့သို့သော အလွန်ကောင်းမြတ် အဆင့်မြင့်သည့် ကျောင်းတော်ကြီးများကို အလှူခံရရှိခဲ့ဖူးသလို အထက်က ဖော်ပြခဲ့သော ရှားပါးမှုမျိုးတို့ကိုလည်း တစ်ဖန် ကြုံတွေ့ရင်ဆိုင်ခဲ့ရဖူးသည်မှာ လာဘနှင့် အလာဘဟူသော လောကဓံတရား(၂)ပါးတို့အတွက် ထင်ရှားသော ဥဒဟရဏ်များပင်တည်း။

ယသနှင့် အယသ နှစ်မျိုးနှင့် စပ်လျဉ်း၍လည်း ဗုဒ္ဓဘုရားရှင်သည် နောက်တော်ပါး တပည့်သားသံဃာများ အထောင်အသောင်းခွဲရံ၍ နေထိုင်ခဲ့ဖူးသလို သန့်သက်ရေကိစ္စဖြင့် သံဃာများအချင်းချင်း ပြိုကွဲကြစဉ်က ဆိုဆုံးမ၍ မနာခံကြသောကြောင့် တောသို့ တစ်ပါးတည်း ခိုဝင်ခဲ့ရဖူး၏။ ထိုအချိန်ဝယ် အခြွေအရံဆို၍ ပလလဲဆင်မင်း တစ်ကောင်သာ ဘုရားရှင်အနီး၌ အလုပ်အကျွေးရှိလေ၏။

တစ်ဖန် နိန္ဒာပသံသာ တရားနှစ်ပါးအနေဖြင့် တွက်စစ်လျှင် ဘုရားရှင်သည် လူ၊ နတ်၊ ဗြဟ္မာတို့၏ အတုမဲ့ချီးမွမ်းခြင်းကို ခံယူရသည် ဆိုသော်ငြားလည်း စီဠမာနဝိကာ၊ သုန္ဒရီပရိဗိုဇ် အစရှိသူတို့၏ လူပုံအလယ် စွပ်စွဲခြင်းကို အကြောင်းပြု၍ မလိုလားသူများ၊ တိတ္ထိများ၊ ဝါဒပြိုင် ဘက်များ၏ ကဲ့ရဲ့မှုကို ခံယူရဖူးပြန်သည်ကို တွေ့ရမည် ဖြစ်ပါသည်။ ထို့အပြင် ဖလသမာပတ်ချမ်းသာ၊ နိရောဓသမာပတ်ချမ်းသာ အစရှိ ချမ်းသာအတိတို့နှင့် ဝင်စားနေနိုင်တော်မူခဲ့သည့်တိုင် ဘုရားရှင်မှာ ခါးတော်နာခြင်း၊ ဝမ်းတော်လားခြင်း စသောဆင်းရဲဒုက္ခများနှင့်လည်း ကြုံတော်မူခဲ့ရသည်သာ ဖြစ်၏။ ထို့ကြောင့် ဘုရားရှင်သော်မှ ရင်ဆိုင်ရသော ထိုသဘောများမှာ မည်သူမဆို တွေ့ကြုံကြရမည်သာဖြစ်သောကြောင့် လောကဿဓမ္မာ-လောကရှိနေသမျှ ဆုတ်ဖယ်ရှောင်သွားခြင်းမရှိ ဖြစ်တည်နေမည့် လောက၏ တရားများဟု ဆိုရခြင်း ဖြစ်၏။

ထို(၈)ပါးတို့သည် ပုထုဇဉ်ကို ကောင်းတစ်လှည့် ဆိုးတစ်လှည့်ဖြင့် အမြဲတိုက်ခိုက်နေပါသည်။ အကောင်းလောကဓံ(၄)ပါးနှင့်ကြုံလျှင် တပြုံးပြုံး နေနိုင်ကြသမျှ အဆိုးလောကဓံ(၄)ပါးနှင့်ကြုံလျှင် စိုးရိမ်ပူဆွေး ငိုကြွေးကြရသည်မှာလည်း ဓမ္မတာပင်။ ထို့ကြောင့် ရဟန္တာ မဖြစ်သေးသော ပုထုဇဉ်တို့သည် ထိုလောကဓံတရားတို့ကို ကြိုတ်ခံနိုင်ကြသည့်အလျောက် ကောင်းသောအတွေ့တွင် လုံချင်မှုတဏှာလောဘတို့ ဖြစ်လာကြပြီး အဆိုးလောကဓံတို့နှင့် ကြုံလျှင်မူ ကြမ်းတမ်းသော ဒေါသ၊ ပရိဒေဝဖျာပါဒတို့ ဖြစ်လာကြခြင်းကြောင့် အကုသိုလ်တရားတို့က အမြဲမပြတ် ဝင်ရောက်ခြယ်လှယ်ခြင်းကို ခံကြရတော့၏။

သေက္ခပုဂ္ဂိုလ်ဟုခေါ်ဆိုသော တရားကျင့်နေဆဲ ပုဂ္ဂိုလ်တို့သည်လည်း လောဘ၊ ဒေါသ၊ မောဟ စိတ်များကို သူတို့ အောင်မြင်ခဲ့ကြပြီးသော အဆင့်အလိုက် ပယ်သတ်ပြီးသည်မှလွဲ၍ လုံးဝရာနှုန်းပြည့် ရဟန္တာများကဲ့သို့ မစွမ်းဆောင်နိုင်ကြသေးပေ။ အထိုက်အလျောက် အနည်းနှင့် အများ ဆိုသလို ကျန်ရှိနေကြရသေးသည်သာ ဖြစ်ပါသည်။

သေက္ခပုဂ္ဂိုလ်(၇)မျိုး

တရားကျင့်နေဆဲ သေက္ခပုဂ္ဂိုလ် ဆိုသည်မှာ (၇)မျိုးတိတိ ရှိပါသည်။ ၎င်းတို့မှာ (၁) သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊ (၂) သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၊ (၃) သကဒါဂါမိမဂ်ပုဂ္ဂိုလ်၊ (၄) သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်၊ (၅) အနာဂါမိမဂ်ပုဂ္ဂိုလ်၊ (၆) အနာဂါမိဖိုလ်ပုဂ္ဂိုလ်၊ (၇) အရဟတ္တမဂ်ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည်။

ထိုသို့ (၇)မျိုးအပြားရှိသည့်အနက် သေက္ခပုဂ္ဂိုလ်တို့

www.burmeseclassic.com

www.burmeseclassic.com

အရေအတွက်ထဲတွင် အရဟတ္တဖိုလ်ပုဂ္ဂိုလ်အား ထည့်သွင်းထားခြင်း မရှိခြင်းမှာ သေက္ခပုဂ္ဂိုလ်တွေသာ လေးမင်္ဂ၊ လေးဖိုလ်ထိအောင် ကြိုစည်အားထုတ်ကြသည့်နေရာတွင် အရဟတ္တဖိုလ် ရောက်ပြီးသော ရဟန္တာများကဲ့သို့ ကာမသဝ၊ ဘဝသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝဟူသော အာသဝေါတရား(၄)ပါး ကုန်ခန်းပြီး မဟုတ်ကြသေးသောကြောင့် ဖြစ်ပေသည်။ အာသဝေါတရားလေးပါး ကုန်ခန်းပြီးသော ရဟန္တာအရှင်မြတ်များကိုမူ ကျင့်ကြံအားထုတ် ကုန်ဆုံးပြီးဖြစ်၍ အရဟတ္တဖိုလ်တိုင်အောင် ရောက်ပြီးသော ရဟန္တာမြတ်များကို ကျင့်ဆဲမဟုတ်သည့်အတွက် အသေက္ခပုဂ္ဂိုလ်ဟု ခေါ်ရပါသည်။

ရဟန္တာ၏စိတ်

ဤနေရာ၌ လောကခံကြောင့် မတုန်လှုပ်ခြင်းကို ရဟန္တာ၏စိတ်ဟု အဋ္ဌကထာက ဖွင့်ဆို၏။ အကောင်းဆုံး၊ အပြည့်စုံဆုံး မတုန်လှုပ်မှုကို ယူလို၍ ဥက္ကဋ္ဌနိဒ္ဒေသနည်းအရ ဖွင့်ဆိုခြင်းဖြစ်သည်။ ရဟန္တာအရှင်မြတ်တို့မှာ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ ကြုံတွေ့သောအခါ ဣဋ္ဌကို အနိဋ္ဌာအဖြစ်၊ အနိဋ္ဌကို ဣဋ္ဌအဖြစ် မိမိလိုသလို ပြောင်းလဲရှုနိုင်အောင် စိတ်ကို အစိုးရသည့် တာဒိဂုဏ်နှင့် ပြည့်စုံကြသည်ဖြစ်ရာ ကျောက်ဆောင်ကြီးသည် လေတိုး၍ မလှုပ်ရှားသကဲ့သို့ ထို့အတူ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် လှုပ်ရှားခြင်းမရှိသော ဩဇာရှိများအဖြစ် ဗုဒ္ဓဘုရားရှင်၏ ချီးကျူးခြင်း ခံခဲ့ကြရပေသည်။

ဥဒုဇ္ဇဲတို့၏ တုန်လှုပ်ခြင်း

ကိလေသာတို့ကို မိမိတို့အဆင့်အလိုက် ပယ်သတ်ပြီးကြသော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဟူသော နိဗ္ဗာန်ကို မျက်မှောက်ပြုဖူးသူများမှလွဲလျှင် ပုထုဇဉ် လူ၊ ရဟန်းများသည် လောကခံတရားများနှင့် ကြုံတွေ့သောအခါ ရူပကာယ-ရုပ်အားဖြင့်လည်းကောင်း၊ နာမကာယ-စိတ်အားဖြင့်လည်းကောင်း လှုပ်ရှားလာကြသည်ချည်း ဖြစ်ပါသည်။

ထင်ရှားသိသာအောင် ဥပမာပြုရမည်ဆိုလျှင် လယ်သမား၊ ယာသမား၊ ဥယျာဉ်သမားတို့သည် မိုးလေဝသ ညီညွတ်၍ စိုက်ပျိုးသီးနှံတို့ စည်ကားထွက်ရှိပြီး ဝင်ငွေတိုးလာလျှင်လည်းကောင်း၊ အလားတူပင် အမှုထမ်း အရာထမ်းများသည် ရာထူးတိုးတက်ကာ လစာဝင်ငွေတိုးလျက် အခွင့်အရေး၊ လက်အောက်ငယ်သားများ ပေါများလာလျှင်လည်းကောင်း နဝိမူလ ရှိရင်းစွဲစိတ်တို့ ပြောင်းလဲတက်ကြွလာရပြီး တပြုံးပြုံးတရွှင်ရွှင် မော်ချင်ကြွားချင်ဖြင့် တုန်လှုပ်လာကြတတ်ပါသည်။ ဤသို့မဟုတ်ကြဘဲ ၄င်းတို့နှင့် ဆန့်ကျင်ဘက် အဆုံးအရှုံး အကျအပေါက် အဆိုးလောကခံများနှင့် တွေ့ကြုံဆင်းရဲလာကြရပြီဆိုလျှင်မူ တရှူးရှူး တဒိုင်းဒိုင်းနှင့် ဒေါသယမ်းအိုး ပေါက်ကွဲခြင်းဖြင့် တုန်လှုပ်ကြရတတ်ပြန်ပါသည်။ ဤသည်မှာ လောကခံတရားတို့၏ ကောင်းခြင်း၊ ဆိုးခြင်း နှစ်ရပ်လုံးကို ခံနိုင်ရည်မရှိကြသောကြောင့်သာ ဖြစ်ပါတော့သည်။

ပုထုဇဉ်မှန်သမျှတို့သည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့ဖြင့် ထိတွေ့ခံစားလာရသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ အစရှိ အတိုက်ဓာတ်ဟူသမျှတို့ကို ကြုံကြိုမခံနိုင်ကြ။ သာယာနှစ်သက်ဖွယ်တို့နှင့် ဆုံတွေ့လျှင် တဏှာရာဂစိတ်၊ မနှစ်သက်ဖွယ် အနိဋ္ဌာရုံတို့နှင့်ဆုံလျှင် ဒေါသ၊ မောဟ စိတ်တို့ဖြင့် တုံ့ပြန်မိကြမြဲဖြစ်၏။ သို့သော် ဝိပဿနာတရားကို လေ့လာလိုက်စားအားထုတ်နေကြသော ယောဂီတို့အနေဖြင့်မူ အသင့်အတင့် ခံနိုင်ရည်ရှိကြ၏။ သောတာပန်ဖြစ်ပြီးသော ပုဂ္ဂိုလ်များတွင်မူ မင်္ဂလိုက်၊ ဖိုလ်လိုက် သူ့အဆင့်နှင့်သူ လောကခံတရားတို့၏ တိုက်ခိုက်မှုကို ခံနိုင်ရည်ရှိကြလေသည်။

ရဟန္တာတွေ့ မတုန်လှုပ်

မင်္ဂလေးဆင့် ဖိုလ်လေးဆင့်တိုင်အောင် ပေါက်ရောက်ပြီးဖြစ်၍ အာသဝေါတရားတို့ ကုန်ခန်းပြီးဖြစ်ကြသော ရဟန္တာအရိယာမြတ်များကမူ မည်သည့်ကာမဂုဏ်အာရုံများနှင့် တွေ့ဆုံစေကာမူ တုန်လှုပ်ခြင်း မရှိကြတော့ပေ။ ခံနိုင်ရည်ရှိကြပေသည်။

အကြောင်းမူ ဥပမာအားဖြင့် ရဟန္တာပုဂ္ဂိုလ်တစ်ပါးသည် အလွန်အဆင်းရှုပကာ ချောမောလှပသော နတ်သမီးနှင့် ဆုံတွေ့စေကာမူ မျက်စိတွင်ရှိသော အကြည်ဓာတ်နှင့် နတ်သမီး၏ ရူပါရုံဆိုသော အဆင်းရုပ်နှင့် တိုက်လိုက်မိခြင်း ဖြစ်သည်ဟူသော သတိတရား မြဲနေ၏။ ထို့ကြောင့် နတ်သမီးသည် မည်မျှလှပနေစေကာမူ တဏှာရာဂလောဘစိတ်တို့ ပေါ်မလာတော့၍ တုန်လှုပ်ခြင်းလည်း မရှိနိုင်တော့ပေ။ ရဟန္တာတို့သည် ကိလေသာတရားတို့ကို အနုသယအမြစ်ပါမကျန် ပယ်သတ်ပြီးဖြစ်သည့်အတွက် ပုထုဇဉ်တို့ကဲ့သို့ သတိကင်းကွာနေခြင်းမရှိ။ ထို့ကြောင့် မြင်သည်ကြားသည်၊ နံသည်၊ မွေးသည်၊ အရသာရှိသည်၊ မဲ့သည်၊

www.burmeseclassic.com

ထိတွေ့မှု နူးညံ့သည်၊ ကြမ်းတမ်းသည် စသဖြင့် လိုက်လံခံစားမနေတော့ဘဲ ရုပ်တွေ၊ နာမ်တွေသာ တရိပ်ရိပ် ဖြစ်လိုက်,ပျက်လိုက် ဖြစ်နေသည်ဟု သိနေသည့်အတွက် မည်သည့်အကုသိုလ်စိတ်မှ ဝင်ရောက်မလာနိုင်တော့သဖြင့် မတုန်လှုပ်တော့ခြင်း ဖြစ်လေသည်။

ထိုအကြောင်းအရာနှင့်ပတ်သက်၍ ယခုရေးသားနေဆဲ ဖြစ်သည့် အမှတ်စဉ်(၃၅) မင်္ဂလာတရားတော်နှင့် တိုက်ရိုက် အကျုံးဝင်နေသော ဝတ္ထုကလေးကိုလည်း ထည့်သွင်းရေးသားရပါဦးမည်။

သတ္တဝါများ၏ သေဘေးကြောက်ပြဿနာ

ရဟန္တာဖြစ်ပြီးသော အရိယာပုဂ္ဂိုလ်အရှင်မြတ်များသည် သေဘေးကို ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိကြသော်လည်း ပုထုဇဉ်သတ္တဝါများမှာမူ သေဘေးကို ကြောက်ရွံ့တုန်လှုပ်ကြသည်ချည်း ဖြစ်ပါ၏။ ထိုပြဿနာကို မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေန မထေရ်မြတ်တို့ မေး-ဖြေခဲ့ကြဖူးသည်ကို ဗဟုသုတအဖြစ် တင်ပြလိုပါသေးသည်။

မင်းကြီး 'အရှင်ဘုရား..သတ္တဝါတို့သည် သေခြင်းတရားကို ကြောက်လန့်တတ်ကြပါတယ်ဟု ဗုဒ္ဓမြတ်စွာဘုရားရှင်က ဟောကြားတော်မူပါတယ်။ တစ်ဖန် ရဟန္တာပုဂ္ဂိုလ်မြတ်တွေကတော့ အလုံးစုံသော ကြောက်ရွံ့ထိတ်လန့်ခြင်း ဘေးအပေါင်းမှ လွန်မြောက်တော်မူတယ်လို့ ဟောကြားပြန်ပါတယ်။ ထိုစကားတော်သည် အစွန်းနှစ်ဖက် ထွက်နေသည့်အတွက် ဖြေရှင်းပေးတော်မူပါဘုရား'

အရှင်မြတ် 'မင်းကြီး..မင်းကြီးနှင့်တကွ ဘုရင်တိုင်းမှာ အမတ်ကြီး(၄)ယောက်စီ ရှိကြတယ်မဟုတ်လား။ ထိုအမတ်တွေကို တိုင်းသူပြည်သားအားလုံးထံမှ အခွန်အတုပ်တွေ ကောက်ခံကြပေတော့လို့ အမိန့်ပေး ခိုင်းစေလိုက်တယ်ဆိုပါတော့၊ အဲဒီအခါမှာ အမတ်ကြီးတွေဟာ ငါတို့လည်း အခွန်အတုပ်တွေ ပေးဆောင်ရတော့မှာပဲလို့ ထိတ်လန့်စိုးရိမ်နိုင်စရာ ရှိပါသေးသလား'

မင်းကြီး 'မရှိနိုင်ပါဘုရား'

အရှင်မြတ် 'ဒါဖြင့် ထိုအမတ်(၄)ယောက်ကျတော့ ဘာကြောင့် အခွန်အတုပ်ကြောင့် ထိတ်လန့်ခြင်းမဖြစ်ကြရတာလဲ မင်းကြီး'

မင်းကြီး 'အရှင်မြတ်ဘုရား..အမတ်ကြီးတွေအဖို့မှာတော့ သူတို့ဟာ မင်းမှုထမ်းကြတဲ့ အကြီးအကဲရာထူးမှာ ရှိကြတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြတဲ့အတွက် အခွန်အတုပ်ပေးဆောင်ဖို့ မလိုပါဘူးဘုရား။ ဒါကြောင့် သူတို့ဟာ အခွန်အတုပ်အတွက် ထိတ်လန့်ကြောက်ရွံ့ဖို့ မရှိကြတော့တာဖြစ်ပါတယ်'

အရှင်မြတ် 'မင်းမြတ်..အဲဒီဥပမာလိုပါပဲ၊ သတ္တဝါအားလုံးလို့ မြတ်စွာဘုရားဟောတော်မူရာမှာ ရဟန္တာအရှင်မြတ်တွေကို ချန်ထားရမယ်လို့ မှတ်ယူပါ မင်းကြီး'

မင်းကြီး 'ဘဝင်ကျပါပြီအရှင်ဘုရား'

အရှင်မြတ် 'မင်းကြီး..နောက်ထပ်ဥပမာတစ်ခု ထုတ်ဆောင်ပြပါဦးမယ်။ ကျေးရွာတစ်ရွာမှာ ရွာသူကြီးတစ်ဦးရယ်လို့ ရှိပါတယ်။ အဲဒီရွာသူကြီးဟာ ကိစ္စကြီးငယ် ပေါပေါက်လာတဲ့အခါမှာ ရွာသူရွာသားအားလုံး ငါ့အိမ်ကို ဘယ်အချိန်၊ ဘယ်နေ့၊ ဘယ်ရက်မှာ စုဝေးရောက်ရှိစေရမယ်လို့ ဆင့်ဆိုဖို့ရှိလာရင် သူ့ရဲ့လက်အောက်ခံ ရွာဆော်တစ်ဦးတည်းကိုသာ ဆင့်ခေါ်ဖို့ စေခိုင်းလိုက်ပါတယ်။ ရွာဆော်က ရွာအတွင်းကို လှည့်လည်ပြီး ရွာသူကြီးအိမ်ကို ရွာသားတွေလာကြဖို့ အချိန်နဲ့တကွ ဟစ်အော်ကြွေးကြော်ပါတယ်။ ဒီလိုနဲ့ပဲ အချိန်ကျရောက်တဲ့အခါမှာ ရွာသူရွာသား အများစုကြီးဟာ စုဝေးရောက်ရှိလာကြပါတယ်။ တစ်ယောက်ချင်းကို ရွာသူကြီးက လိုက်ပြောနေတာ မဟုတ်ဘဲ ရွာဆော်တစ်ဦးတည်းကို တာဝန်လွှဲပေးလိုက်ရုံနဲ့ပဲ ကိစ္စတွေပြီးမြောက်သွားကြစမြဲမဟုတ်လား'

မင်းကြီး 'မှန်ပါတယ်အရှင်'

အရှင်မြတ် 'မင်းကြီး..ထိုဥပမာလိုပါပဲ၊ သတ္တဝါအားလုံးဟုဆိုရာမှာ ကာမဂုဏ်အာရုံတွေ မကင်းသေးတဲ့ အများစုသော ရွာသူရွာသားများနဲ့တူပြီး နှိုးဆော်တဲ့ ရွာဆော်ပုဂ္ဂိုလ်ကတော့ ရဟန္တာအရှင်မြတ်များနဲ့ အတူတူပဲလို့ မှတ်ယူပါ မင်းကြီး။ ဆင့်ခေါ်ခံရတဲ့ ရွာသူရွာသားများဟာ ကာမဂုဏ်အာရုံတွေကို စွဲလမ်းတတ်တဲ့ သတ္တဝါများရာ ကိုသာ ရည်ရွယ်ပါတယ်။ ရဟန္တာမထေရ်မြတ်များ မဟုတ်ဝင်တော့ပါဘူး'

မင်းကြီး 'ဘဝင်ကျပါပြီအရှင်ဘုရား'

ထို့နောက် အရှင်နာဂသေနမထေရ်မြတ်သည် ဆက်လက်၍ မိလိန္ဒမင်းကြီးကို အောက်ပါငါးမျိုးငါးစားကိုလည်း ဟောကြားတော်မူပါသည်။

အရှင်မြတ် 'မင်းကြီး..သဒ္ဒါနဲ့ အနက်တွေမှာ အကြွင်းမရှိတာလည်း ရှိတယ်။ အကြွင်းရှိတာလည်း ရှိပါတယ်။ အဲဒီ ငါးမျိုးငါးစားကတော့-

www.burmeseclassic.com

www.burmeseclassic.com

(၁) အာဟစ္စပဒဆိုတဲ့ ဘုရားဟောပါဠိတော်၊
(၂) ရသဆိုတဲ့ သုတ္တာနုလောမ၊
(၃) အာစရိယဝံသဆိုတဲ့ အဋ္ဌကထာဆရာတွေရဲ့အယူ၊
(၄) အဓိပ္ပာယဆိုတဲ့ မိမိ၏အယူ၊
(၅) ကာရဏတ္တရိယဆိုတဲ့ အထက်ပါ အကြောင်း(၄)မျိုးနှင့် ညီညွတ်ခြင်း စသည်တို့ ဖြစ်ကြပါတယ်။

ဤအကြောင်းငါးပါးနဲ့ပြည့်စုံရင် အနက်အဓိပ္ပာယ်ကို ထက်ခံအပ်တယ်လို့ မှတ်ယူပါ မင်းကြီး'

မင်းကြီး 'အရှင်ဘုရား ဆိုတော်မူတဲ့ စကားကိုလည်း တော်တော်တော် ဝန်ခံပါတယ်။ သို့သော် ဤဖြေကြားချက်ကို ကျေကျေနပ်နပ် မရှိသေးတဲ့အတွက် ထပ်မံလျှောက်ထားမြန်းလိုပါသေးတယ်ဘုရား'

အရှင်မြတ် 'မေးမြန်းပါ မင်းကြီး'

မင်းကြီး 'အရှင်မြတ်ဘုရား..ရဟန္တာမြတ်တွေကို ထိတ်လန့်ကြောက်ရွံ့ခြင်းမှ ကင်းတဲ့အနေနဲ့ ချန်လှပ်ခဲ့တာတော့ ရှိပါစေတော့ဘုရား။ ထို့အတူ ရဟန္တာမှတစ်ပါး အခြားသတ္တဝါတွေဟာ သေခြင်းကို ထိတ်လန့်ကြောက်ရွံ့တတ်ကြတယ် ဆိုတာကိုလည်း ရှိပါစေတော့ဘုရား။ သို့သော် ဒီနေရာမှာ တစ်ချက်ထောက်၍ မေးလိုလာတာက ဆရာ ထက်ဝန်းကျင် ယူဇနာတစ်ရာအရပ်အထိ ပျံ့နှံ့ပြီး ဖြာထွန်းတဲ့ မီးလွှဲမီးအဟုန်အတွင်းမှာ လွန်စွာပူလောင်လှတဲ့အတွက် ကြောက်မက်ဖွယ် အော်သံတွေနဲ့ အော်ဟစ်ပြီး ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားနေကြရတဲ့ ဒုဂ္ဂတိဘဝ၊ သုဂတိဘဝ သတ္တဝါတွေဟာ ဒီလိုပြင်းစွာပူလောင်နေတဲ့ ငရဲပြည်ကို ဓာတ်ကြရမယ်ဆိုရင်ကော သူတို့ဟာ သေခြင်းမှ ကြောက်ရွံ့ကြပါသေးသလားဘုရား'

အရှင်မြတ် 'မင်းကြီး..ငရဲသားတွေဟာ သေခြင်းကို အမြဲ ကြောက်လန့်ကြသေးတာပါပဲ မင်းကြီး။

မင်းကြီး 'အရှင်ဘုရား..ငရဲသတ္တဝါတွေဟာ ငရဲမှာ ဆင်းရဲခြင်းကြီးစွာ ခံစားနေရပါလျက်နဲ့ ငရဲမှကျွတ်လွတ်ဖို့ သေဘေးကို ကြောက်ရွံ့ထိတ်လန့်နေကြသေးတယ်ဆိုတာကို တပည့်တော် မယုံကြည်နိုင်ပါဘုရား။ သူတို့ဟာ ငရဲမှာ ပျော်မွေ့နေကြသလို ဖြစ်နေတဲ့အတွက် အရှင်ဘုရား ရဲ့ စကားက ရယ်ရွှင်ဖွယ်ရာအနေမျိုး ဖြစ်နေတယ် ထင်ပါတယ်ဘုရား။ ဖြေရှင်းပေးတော်မူပါ'

အရှင်မြတ် 'မင်းကြီး..အရိယာသစ္စာကို မမြင်သေးတဲ့ သတ္တဝါမှန်သမျှတွေဟာ သေခြင်းတရားကို ကြောက်ရွံ့ထိတ်လန့်ကြသူချည်းပါပဲ။ ဆင်၊ ကျား၊ မြွေ၊ နွားနောက်၊ ဝက်ဝံ စတဲ့သတ္တဝါတွေကို ကြောက်သလို မီး၊ ရေ၊ လေ၊ သင်္ဘော်၊ ဆူး၊ လှံ အစရှိ သဘာဝဘေး၊ လက်နက်ဘေးတွေကိုလည်း ကြောက်ကြရသူတွေချည်း ဖြစ်ပါတယ်။

ဥပမာအားဖြင့် မြင်သာအောင် ရှင်းလင်းပါမယ်။ မြင်းဖု၊ ကျပ်ဖု အနာရောဂါဖြစ်နေတဲ့ ယောကျ်ားဟာ အနာဆေးကုဖို့ ဆေးဆရာတစ်ဦးကို ခေါ်လာတယ် ဆိုပါစို့။ ဆေးဆရာဟာ မြင်းဖု၊ ကျပ်ဖု အနာကို ထက်မြက်တဲ့ဓားနဲ့ ခွဲစိတ်ဖြတ်တောက်မယ်လို့ ပြင်ဆင်တဲ့အခါ ရောဂါရှင် ယောကျ်ားဟာ အနာရောဂါပျောက်လိုတဲ့စိတ် အမှန်ရှိနေပေမယ့် ဓားကလေးနဲ့ ခွဲစိတ်ဖြတ်တောက် လိုးထုတ်မှာကိုတော့ ကြောက်တတ်သေးသလိုပါပဲ၊ ထိုအလားတူပဲ အဆိပ်ပြင်းထန်တဲ့မြွေဆိုး အကိုက်ခံရတဲ့ ယောကျ်ားဟာ မြွေဆိပ်တက်ပြီး လူးလိမ့်နေရတဲ့အတွက် လူနာရှင်တွေက ဂါထာမန္တန်ရားနဲ့ မြွေကို ခေါ်ယူနိုင်တဲ့ မြွေဆရာတစ်ဦးကို ပင့်လာခဲ့တယ် ဆိုပါတော့။ မြွေဆရာက ဂါထာမန္တန်ရားတွေ ရွတ်ဆိုပြီး မြွေကို အဆိပ်တွေ ပြန်စုပ်ယူခိုင်းဖို့ ခေါ်လိုက်တဲ့အခါ မြွေက ပြန်ရောက်လာပါပြီ။ အဲဒီမှာ မြွေကိုက်ခံထားရတဲ့လူနာဟာ ဒီမြွေက အဆိပ်တွေ ပြန်စုပ်ယူလိုက်ရင် အသက်ချမ်းသာမှာကိုသိပေမယ့် မြွေကို မြင်လိုက်တာနဲ့ ကြောက်ရွံ့ထိတ်လန့်လာစမြဲပဲ ဖြစ်ပါတယ်။ အဲဒီဥပမာများလိုပဲ ငရဲသတ္တဝါများဟာလည်း သေခြင်းတရားကို ကြောက်ရွံ့ထိတ်လန့်ကြခြင်း ဖြစ်ပါတယ် မင်းကြီး'

မင်းကြီး 'ဒီတစ်ကြိမ်ကျမှပဲ သဘောပေါက်ကျေနပ်ရပါပြီ။ အရှင်မြတ်မိန့်တော်မူတဲ့အတိုင်း ဝန်ခံပါတယ်ဘုရား'

ဤကား မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေနမထေရ်မြတ်တို့၏ ဖြေရှင်းပုံကို တင်ပြခဲ့ခြင်း ဖြစ်ပါသည်။

ယခုရေးသားဆဲရှိသော ဖုဋ္ဌဿလောက ဓမ္မေဟိ စိတ္တံ ယဿ နကမ္မတိ မင်္ဂလာတရားတော်အရ ရဟန္တာအရှင်မြတ်တို့သည် နကမ္မတိ ဆိုသည့်အတိုင်း မည်သည့်လောကဓံနှင့်တွေ့တွေ့ မတုန်လှုပ်ကြတော့ပါ။ အာယ်ကြောင့်ဆိုသော် ကာမရူပ၊ အ,ရူပဆိုသော ဘုံသုံးပါး၌ ဖြစ်ပေါ်နေသောရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဥဒ္ဓစ္စ၊ ထိန၊ မိဒ္ဓ အစရှိကိလေသာတရား၊ အာသဝေါလေးပါး စသော တရာအမြစ်အရင်းကို သမုစ္ဆေဒပဟာန်အနေနှင့် အနုသယအမြစ်ပါမကျန် ဖြတ်တောက်ထားကြပြီး ဖြစ်နေသောကြောင့်ပါပေတည်း။

www.burmeseclassic.com

သေကွပုဂ္ဂိုလ် အစားစားပယ်ပုံ

သေကွပုဂ္ဂိုလ်ဟူသော ကျင့်ကြံအားထုတ်ဆဲ ပုဂ္ဂိုလ် (၇)မျိုး ရှိသည့်အနက် အနာဂါမ်ပုဂ္ဂိုလ်များသည် ကာမဂုဏ် ခံစားမှုများကို ပယ်သတ်ပြီးဖြစ်သော်လည်း ရူပရာဂနှင့် အ,ရူပရာဂတို့ ကျန်နေသေးပေသည်။ သကဒါဂါမ်ပုဂ္ဂိုလ်များကမူ ရုန့်ရင်းကြမ်းတမ်းသော ကာမရာဂနှင့် ပဋိယဆိုသော ဒေါသတို့ကို ပယ်သတ်နိုင်ပြီး အခြားပယ်သတ်ရန် ကိလေသာများ ကျန်ရှိနေသေး၏။ သောတာပန်ပုဂ္ဂိုလ်များကမူ သက္ကာယဒိဋ္ဌ-ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသနှင့် အပါယ်(၄)ပါးကို ရောက်စေနိုင်သော ကာမရာဂပဋိဃတို့ကိုသာ ပယ်သတ်နိုင်သေးပြီး အခြားပယ်သတ်ရန် ကိလေသာများ ကျန်ရှိနေသေး၏။ သို့သော် ထိုသေကွပုဂ္ဂိုလ်တို့သည် သူတို့အဖို့ ကျန်ရှိနေသေးသော ကိလေသာတို့ကို ဆက်လက်ပယ်သတ်နိုင်ကြလျှင် အာသဝေါတရားများ ကုန်ခန်းသည့် ရဟန္တာပုဂ္ဂိုလ်အဆင့်သို့ တက်လှမ်းရန် အလှမ်းမဝေးတော့သော ပုဂ္ဂိုလ်များဟု ဆိုရမည် ဖြစ်ပေသည်။ လောကဓံတရားတို့ကို မတုန်လှုပ်သော ရဟန္တာပုဂ္ဂိုလ်တို့သည် လူ၊ နတ်၊ ဗြဟ္မာတို့၏ ချစ်ခင်ကိုးကွယ်ရာ ဖြစ်ပေတော့၏။

ထိုအကြောင်းနှင့်ပတ်သက်၍ ဤနေရာ၌ သာဓက ဝတ္ထုကလေး တစ်ပုဒ်ကိုလည်း ရေးသားပါဦးမည်။

မြတ်စွာဘုရားရှင်သည် ဇိမ်သက်တည်ကြည်သော၊ ဣန္ဒြေရှိထသော၊ မာနကို ပယ်ပြီးထသော၊ အာသဝေါကုန်ခန်းပြီးသော၊ ဖောက်ပြန်ခြင်းမရှိသော ထိုရဟန်းအား နတ်တို့သည် ချစ်မြတ်နိုးကြကုန်၏။ ယဿိန္ဒြိယနီ အစရှိသော ဒေသနာတော်ကို သာဝတ္ထိပြည် ပုပ္ပာရုံကျောင်းတော်၌ ကစ္စာယနမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသည်။

အခါတစ်ပါး၌ ဘုရားရှင်သည် ပဝါရဏာနေ့ ကြိုသည့်အခါ ဝိသာခါဒါယိကာမ ဆောက်လုပ်လှူဒါန်းသော ပြာသာဒ်အောက်၌ မဟာသာဝကအပေါင်း ခြံရံလျက် သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဓမ္မုရစ်ရွှေစင်ကဲ့သို့ ကိုယ်ရောင်ထွန်းပ အဆင်းလှသော ရှင်ကစ္စာယန မထေရ်သည် ဝေးကွာလှသော အဝန္တိတိုင်း၌ သီတင်းသုံးနေထိုင်တော်မူသော်လည်း ဘုရားရှင်စံတော်မူရာ သာဝတ္ထိသို့ လာရောက်၍ တရားနာလေ့ရှိ၏။ ထို့ကြောင့် သာဝက မထေရ်တို့ အစဉ်အတိုင်း ထိုင်နေကြသည့်ကာလ မဟာကစ္စာယန မထေရ်၏နေရာကို ချန်လှပ်၍ထားကြရကုန်၏။

သီကြားနတ်မင်း ပူဇော်ခြင်း

ထိုအချိန်တွင် သိကြားမင်းသည် စတုမဟာရာဇ် တာဝတိံသာများစွာသော နတ်တို့နှင့်အတူ မြတ်စွာဘုရားကို ပူဇော်ရန် ပန်းနံ့သာများကို ကိုင်ဆောင်ရပ်တည်ရင်းမှ အရှင်မဟာကစ္စည်းကို မဖူးမမြင်ရ၍ တောင့်တမိလေသည်။

ထိုခဏာ၌ပင် အရှင်မဟာကစ္စည်းမထေရ်သည် အဝန်တိုင်းမှ တန်ခိုးတော်ဖြင့် ကြွရောက်လာပြီး မိမိထိုင်နေကျ နေရာ၌ ထိုင်တော်မူသော် သိကြားမင်းသည် မထေရ်ကို ကြည်လင်စွာ ရှိခိုးပြီး ခြေဖမိုးတော်ကို လက်ဖြင့်ကိုင်၍ "တပည့်တော်သည် အရှင်မြတ်ကြွလာတော်မူခြင်းကို အထင်ထပ် မျှော်လင့်နေပါသနည်းဘုရား" ဟု လျှောက်ထား၏။

ပြီးနောက် ပန်းနံ့သာတို့ဖြင့် ပူဇော်ကာ သင့်ရာအရပ်ရပ်တည်ရှိခိုးနေလေသော် ရဟန်းအပေါင်းတို့က သိကြားမင်းသည် မျက်နှာကြီးငယ်လိုက်၏ဟု ကဲ့ရဲ့ရွဲတ်ချပြောကြလေသည်။

ထိုကဲ့ရဲ့စကားတို့ကို ကြားတော်မူသောအခါ မြတ်စွာဘုရားရှင်က-

"ချစ်သားရဟန်းတို့၊ အကြင်ရဟန်း၏ ဣန္ဒြေတို့သည် ရထားထိန်းဖြင့် ကောင်းစွာသွန်သင် ဆုံးမအပ်သော မြင်းတို့ကဲ့သို့ ငြိမ်သက်တည်ကြည်ခြင်းသို့ ရောက်ကုန်၏။ မာနကို ပယ်ဖြတ်အပ်ပြီးသော၊ အာသဝေါကုန်ခန်းပြီးသော၊ ဖောက်ပြန်ခြင်းမရှိသော ထိုရဟန်းအား နတ်တို့ ချစ်မြတ်နိုးကြကုန်၏" ဟု မိန့်တော်မူ၏။

ဒေသနာတော်အဆုံး၌ သောတာပတ္တိဖိုလ် စသည်သို့ ဆိုက်ရောက်ကုန်၏။

[ဓမ္မပဒ အရဟန္တဝဂ် (၅)ခုမြောက်၊ အရှင်ကစ္စာယန မထေရ် ဝတ္ထု]

အခြားပုဂ္ဂိုလ်များ

ရဟန္တာမှတစ်ပါး အခြားသော အရိယာပုထုဇဉ်များလည်း နတ်တို့၏ ချစ်ခင်မှုကို ထိုက်သင့်သလောက် ရသည်သာ ဖြစ်ပါ၏။ ဤအကြောင်းကို အဋ္ဌဂိုတ္တရ ပဏ္ဏာသက ပဌမဝဂ် လောကသုတ်(၇)၌ ပုထုဇဉ်နှင့် သာသာဝကတို့ လောကဓံကြုံကြရာ၌ ကွဲပြားခြားနားပုံ ဟောတော်မူထားပါ၏။

ပုထုဇဉ်ကား ကြုံလာရသော လောကဓံ၏ အကြိုသော၊ ဆင်းရဲသော၊ ဖောက်ပြန်ပျက်စီးတတ်သော သ

www.burmeseclassic.com

www.burmeseclassic.com

တို့ကို မဆင်ခြင်တတ်၍ ထိုလောကဓံတို့၏ လွှမ်းမိုးမှုကို ခံရ၏။ အကောင်းလောကဓံနှင့် ကြုံသော် တပြုံးပြုံးရှိ သလောက် အဆိုးလောကဓံတို့နှင့် ကြုံလျှင် မခံသာအောင် ဆင်းရဲကြရတော့၏။ အရိယာသာဝကတို့ကား လောကဓံ တရားတို့၏ မမြဲမှုကို ဆင်ခြင်တတ်သောကြောင့် လောကဓံ၏ လွှမ်းမိုးဖိစီးမှုမှ လွတ်ကင်းကာ မတုန်လှုပ်ကြခြင်း ဖြစ်ပေသည်။

ထို့ကြောင့် နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ကြသေးသော ဘုန်းပုတို့ ပုထုဇဉ်တို့သည်လည်း ဘုရားရှင်၏ သာသနာ တော်ကြီးနှင့် ကြုံကြိုက်နေသည့် အခါကာလဝယ် ရခဲယော လူဘဝကို တန်ဖိုးရှိရှိ အသုံးပြုသွားနိုင်ကြရန်နှင့် ကြုံတွေ့လာမည့် ကောင်း,ဆိုး လောကဓံတို့ကို တုန်လှုပ်မှု ဆင်းစွာ ရင်ဆိုင်နိုင်ရန်အတွက် အရိယာသူတော်စင်တို့ ချွင်ကြွားထုတ်ကြသော သမထဝိပဿနာတရားများကို အားထုတ်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။

နိဂုံးချုပ်အနေဖြင့် စာရေးသူသည် ဘုရားရှင်၏ (၃၈) ဗြဟ္မဇာလတရားတော်များကို-

(၁) ဘုရားရှင်၏ အဆုံးအမသာသနာတော်ကြီး စည်ပင်ပြန့်ပွားစေလိုခြင်း၊

(၂) သိရှိလိုက်နာ ကျင့်သုံးကြစေလိုခြင်း၊

(၃) မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်ကြစေလိုခြင်း၊

(၄) အခွန့်ရှည်ကြာ တည်တံ့စေလိုခြင်း၊

(၅) ယနေ့မျက်မှောက်လောကရှိ ကမ္ဘာသူကမ္ဘာသားများ မေတ္တာဖြာပွားစိုရိုက်တရားများ ခန်းခြောက်မသွားကြဘဲ ပွားများ အားထုတ်ကြစေလိုခြင်း စသောရည်ရွယ်ချက်များဖြင့် လက်လှမ်းမီသမျှ ကြိုးစားရေးသားရပါကြောင်း တင်ပြလိုက် ရပါသတည်း။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

ညွှန့်တင်(တညောင်-ကန်ဆွယ်)

ကျမ်းကိုး

* (၃၈)ဖြာမဂ်လာ အကျယ်ဟောပြောကျမ်း (ဆရာတော် အဂ္ဂဝံသ)။
* ပရိတ်ကြီးနိဿယသစ် (အရှင်ဝါသေဋ္ဌာဘိဝံသ)။
* သမ္မတဆယ်စောင်တွဲ။
* ဇာတ်၊ နိပါတ် ဝတ္ထုတော်များ။
* မင်္ဂလသုတ် ကိုယ်တိုင်သင်ယူ ဆည်းပူးခဲ့ခြင်း။

ချက်ချင်းသောက်—လက်ငင်းပျောက်

ဒူဒါ

အမှတ်တံဆိပ်

အစာအိမ်လေနိုင်သောက်ဆေး

နှစ်ပေါင်း(၂၀)ကျော် အစာအိမ် လေထိုးလေအောင့် ဝေဒနာရှင်များအတွက် အထူးဖော်စပ် လျှုဒါနိန်းကုသပြီး ဝေဒနာရှင် ရဟန်း၊ ရှင်လူ၊ ပြည်သူများ၏ ပျောက်ကင်း ထောက်ခံတောင်းဆိုမှုကြောင့် စေတနာ၊ ဝါသနာကို အရင်းခံ၍ ထုတ်လုပ်ဖြန့်ချိလိုက်သော **'အစာအိမ်ရောဂါ လေနာ ရောဂါဝေဒနာရှင်များအတွက် အထူးသင့်လျော်သော ဆေးစွမ်းကောင်းတစ်လက်'** ဖြစ်ခြင်းကြောင့် သုံးစွဲသူများအတွက် တန်ဖိုးလုံးဝဆုံးရှုံးခြင်း မရှိစေရ။

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0114 Y 010697

ပျောက်ကင်းနိုင်သော ရောဂါပျား

အစာအိမ်ရောဂါ၊ လေထိုးလေအောင့်၊ အစားများအစားမှား၍ မအိမလည်ဖြစ်ခြင်း၊အစာအိမ်အချဉ်ပေါက်ခြင်း၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဗောဝမ်းပျက်ခြင်း၊ လေနှင့်ဝမ်း မကွဲခြင်း၊ အစာအိမ်နှင့်ပတ်သက်သော ရောဂါများအတွက် ယုံကြည်စိတ်ချစွာဖြင့်သုံးစွဲနိုင်ပါသည်။

ပင်ရင်း - ဦးမြသွေး၊ အမှတ်(၆၈၉)၊ ဘယသကြိန်လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

၀၉ ၃၁ ၃၅ ၁၅ ၉၆ ၊ ၀၉ ၃၁ ၀၅ ၉၉ ၃၂

www.burmeseclassic.com

www.burmeseclassic.com

(၁)

သုံးလူထွတ်ထား ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်သက်တော်ထင်ရှား ရှိနေတော်မူသေးသောကာလ ဖြစ်သည်။ ဘုရားရှင်၏ သာသနာတော်တွင် ဝင်ရောက်ရဟန်းပြုကြသော ရဟန်းတော်များစွာ ရှိကြသည့်အနက် အချို့ကား ဆိုဆုံးမရ လွယ်ကူ၏။ အချို့ကား ဆိုဆုံးမရ ခက်ခဲ၏။

www.burmeseclassic.com

www.burmeseclassic.com

လောကပါလ
အတောင်ပံတစ်ခုံ

မျိုးမျိုး စိတ်အထွေထွေဆိုသကဲ့သို့ ပုထုဇဉ်ရဟန်း တော်များတွင်လည်း စိတ်နေစိတ်ထား အထွေထွေ ကွဲပြားခြားနားကြလျက် ရှိနေသည်မှာ အဆန်းကြယ်တော့ မဟုတ်။

ထိုသို့သော ရဟန်းများစွာထဲတွင် သူဌေးသူကြွယ်ဘဝ မျိုးရိုးမှ ရဟန်းပြုလာခဲ့သူ တစ်ပါးကတော့ တစ်ဘာသာ ဖြစ်သည်။ ထိုရဟန်းသည် သူကြွယ်မျိုးမှ ဆင်းသက်ပေါက် ဖွားလာခဲ့သူပီပီ ဥစ္စာဓနနှင့် ပတ်သက်လာလျှင် နောက်ခံ အင်အား တောင့်တင်းသူဖြစ်သည်။ ထို့ကြောင့် တန်ဖိုးကြီး သော သင်္ကန်းမျိုးစုံကို နောက်မတွန့်စတမ်း ဝယ်ယူဝတ် ဆင်နိုင်သည်။ ကျောင်းတိုက်ကြီး တစ်တိုက်လုံးတွင် သူ လောက် သင်္ကန်းပေါများသော ရဟန်းမျိုး မရှိ။ နေ့ဘက် ဝတ်စရာ သင်္ကန်း၊ ညဘက် ဝတ်စရာ သင်္ကန်းများဟု

www.burmeseclassic.com

ခွဲခြားထား၏။ အဝေးပွဲသို့ ကြွစရာ သင်္ဘော်၊ အနီးပွဲသို့ ကြွစရာ သင်္ဘော်ဟုလည်း ကန့်သတ်လိုက်သေး၏။ နေ့စဉ် ဆွမ်းခံထွက်ရာမှာပင် တစ်နေ့တစ်မျိုး မရိုးရအောင် ရွေးချယ်ဝတ်ရုံပြီးမှ ကျောင်းတော်မှ ထွက်၏။

သူဘာသာသူ တတ်စွမ်းနိုင်သောကြောင့် အမျိုးစုံ အလဲလဲအလှယ်လှယ် ဝတ်ရုံသည်က အကြောင်းမဟုတ်။ အကြောင်းဟုတ်လာသည်က ထိုရဟန်းသည် ဤသို့လျှင် အခြားသူများထက် ပိုမို၍ ဝတ်ရုံနိုင်ခြင်းအတွက် သင်္ဘော်များအပေါ် သာယာကြည်မွေ့သောစိတ်တို့ အချို့ကိုင်း သင်္ဘောင်လာနေခြင်းပင်ဖြစ်သည်။ ရဟန်းပီပီ တရားဓမ္မကို အားထုတ်ရန် ကြိုးစားမှုမပြုဘဲ ဇာတ်သဘင်သည် မင်းသားများ အဝတ်တန်ဆာ ထည်လဲဆင်ယင်ပြသကဲ့သို့ သူ၏ များပြားလှစွာသော သင်္ဘော်များအတွက် ဟန်ရေးတပြပြ ဂုဏ်တယူယူ ဖြစ်လာနေခြင်းက အများပြောစရာ ဖြစ်လာသည်။ ဝေဖန်ထောက်ပြချင်စရာ ဖြစ်လာသည်။

ကျောင်းတိုက်မှ အတူနေ သီတင်းသုံးဖော် ရဟန်းများက သင်္ဘော်ဝတ်ရုံများနှင့်ပတ်သက်၍ လွန်လွန်ကဲကဲ နှစ်သက်တပ်မက် သာယာနေခြင်းဖြင့် အကျိုးမများနိုင်ကြောင်းကို ပြောဆိုသတိပေးကြပါ၏။ သို့ရာတွင် သူက လက်မခံချေ။ သူနှင့်တန်းတူ တန်ဖိုးကြီးသင်္ဘော်များ မဝတ်ရုံနိုင်ကြသောကြောင့် မနာလို၍ ပြောသည်ဟု စိတ်ဆိုးလိုက်သေးသည်။ ပို၍ပင် အရွဲ့တိုက်ကာ အဖိုးတန်သင်္ဘော်မျိုးစုံ ထပ်မံဝယ်ယူဖြည့်တင်းပြီး ဝင့်ဝင့်ကြွားကြွား ဝတ်ရုံပြလိုက်သေးသည်။

"ခက်တော့ ခက်နေပါပကောလား ကိုယ်တော်တို့၊ ရဟန်းဟာ ရဟန်းအလုပ် မလုပ်ဘဲ သင်္ဘော်အလုပ် လုပ်နေတာကို အမြင်မတော်လို့ သတိပေးမိပါတယ်။ ပြောမိကာမှ ပိုဆိုးလာပါပေါ့လား။ ဒီရဟန်းရဲ့ ဝါသနာကလည်း ခက်သားပဲ ဗျာတို့"

"ကိုင်း...ပြောမရလည်း နောက်သာ ဆုတ်လိုက်ပေတော့။ သူ့ကို မနာလိုမဖြစ်ဆိတ်နိုင်လွန်းလို့ ပြောတာပဲလို့ သတ်မှတ်ပုံရတယ်။ ဒီတော့ ကိုယ်တော့်စေတနာက ဝေဒနာဖြစ်ကုန်ရော။ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးခါမှ ဆေးအတွက်နဲ့ ပိုလေး ဆိုသလိုကြီးဘုရား"

ထိုရဟန်းကို ဝေဖန်ထောက်ပြမိသော အခြားသီတင်းသုံးဖော်များမှာ သူ့ကွယ်ရာမှပင် အချင်းချင်းပြောဆိုကြပြီး လက်လျှော့သွားကြကုန်၏။ သို့သော်လည်း ရဟန်းအများအားလုံးက တညီတညွတ်တည်း လက်လျှော့ရပ်ဆိုင်း နှုတ်ပိတ်သွားကြခြင်း မဟုတ်လေရကား ထိုရဟန်း၏အကြောင်းသည် မြတ်စွာဘုရားရှင်ထံတော်သို့ ရောက်ရှိသွားခဲ့လေတော့သည်။

ထိုအခါ မြတ်စွာဘုရားရှင်က ရဟန်းတို့မည်သည် သံသရာမှ လွတ်ကင်းကြောင်း တရားမဓမ္မများကို ကျင့်ကြံအားထုတ်ရန်သာ အဓိကဖြစ်ကြောင်း၊ ထိုသို့အားထုတ်ရာတွင် အခြားသော ဖက်တွယ်တပ်မက်စရာ ပလိဘောဓများကို ခြိုးခြံရမည်။ ပလိဘောဓ များသည်နှင့်အမျှ ထိုဝန်ပိုတို့ကို ဆောင်နေရသဖြင့် တရားအလုပ်တွင် နှောင့်နှေးကြောင်း ဥက်တို့သည် အတောင်ပံတစ်စုံမှလွဲ၍ အခြားဆောင်စရာ ဝန်ပိုများ မရှိကြသဖြင့် အလိုရှိရာသို့ ပေါ့ပါးလျင်မြန်စွာ ဆိုက်ရောက်အောင် ပျံသန်းနိုင်ကြကြောင်း ဥပမာတို့ဖြင့် ထိုရဟန်းအား ဆုံးမတော်မူ၏။

သို့ရာတွင် ထိုရဟန်းသည် ဆုံးမရခက်ခဲသော အခြေအစားတွင် ပါဝင်၏။ ဘုရားရှင်၏ ဆိုဆုံးမမှုကို နာယူလိုက်နာရန်ဝေးစွ လက်ပင်မခံနိုင်ချေ။ ဘုရားရှင်သည် အခြားသော ရဟန်းအများစုကြီး၏အလယ်တွင် သူ့ကို အရှက်ခံသည်ဟုပင် အထင်အမြင် တလွဲယူဆလေသည်။ နဂိုရှေ့ပိုင်းကာလတစ်လျှောက်လုံးတွင်လည်း ထိုကိစ္စနှင့်ပတ်သက်၍ပင် ရဟန်းအများ၏ ပြောဆိုဝေဖန်မှုများစွာကို ခံလာခဲ့ရသဖြင့် သူ့ရင်ထဲတွင် စိတ်အချဉ်အိုးကြီး တည်လာခဲ့သည်မှာကြာခဲ့ပြီ။ ယခု ဘုရားရှင်ကိုယ်တော်တိုင်က မိန့်ကြားလာသောကြောင့်လည်း ထိုမနာလိုတတ်သော ရဟန်းတို့ကပင် [illegible] ကြခြင်းဖြစ်မည်ဟု အတွေးပေါက်သောအခါ သူ့ရင်ထဲ၌ တည်လာခဲ့သော စိတ်အချဉ်အိုးကြီး ပေါက်ကွဲလေတော့သည်။

ထို့ကြောင့် သို့ဖြစ်လျှင် ဤသို့ပင် နေပါတော့မည်ဟု အရွဲ့တိုက်ကာ ပရိသတ်အလယ်တွင် ဇကသီကို ချွတ်ပုံချရပ်ပြလေ၏။ ဘုရားရှင်၏ ဆုံးမမှုကို အဆိုးရွားဆုံး တုံ့ပြန်လိုက်သော ထိုအပြုအမူကြောင့် ရဟန်းအများမှာ ခံအားသင့်စွာ ငြိမ်သက်တိတ်ဆိတ်သွားကြလေတော့၏။

ဤတွင် မြတ်စွာဘုရားရှင်က "ဒကရဟန်း...သင်သည် ရှေးအခါ ရေစောင့်ဘီလူးဖြစ်စဉ်က ဟီရိသြတ္တပ္ပတည်းဟူသော အရှက်အကြောက် တရားတို့ကို တစ်ဆယ့်နှစ်နှစ်တိုင် ရှာဖွေခဲ့သူ ဖြစ်ပါလျက်နှင့် ယခုဘဝ ရဟန်းအဖြစ်ရောက်ပါမှ အဘယ်ကြောင့် ဟီရိသြတ္တပ္ပ ကင်းမဲ့[illegible]

www.burmeseclassic.com

www.burmeseclassic.com

သနည်း' ဟု မိန့်တော်မူကာ ထိုရဟန်းကို အကြောင်းပြု၍ အတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူလေသည်။

♦ ♦ ♦

(၂)

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံနေတော်မူစဉ်အခါကာလဖြစ်သည်။ မင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့တွင် သားတော်နှစ်ပါး ထွန်းကားခဲ့ကြသည်။ သားတော်ကြီး၏အမည်မှာ မဟိသဖြစ်၏။ သားတော်ငယ်၏အမည်မှာ စန္ဒကုမာရဟု တွင်၏။ ထိုသားတော်မင်းသားလေးနှစ်ပါး ဖွားမြင်ပြီးနောက် နှစ်ကာလများစွာ မကြာခြင်းမီမှာပင် မိဖုရားခေါင်ကြီးက နတ်ရွာစံလေသဖြင့် မင်းသားညီနောင်တို့မှာ ကလေးဘဝများဖြင့်ပင် မိတဆိုးကလေးများ ဖြစ်ခဲ့ကြရ၏။ ထို့ကြောင့် မင်းကြီးသည် သားဆောမ်းများကို ပြုစုစောင့်ရှောက်လျက်သာ ကျန်ရစ်ခဲ့ရလေသည်။ သို့ရာတွင် မင်းကြီးမှာ တစ်ကိုယ်တည်း အထီးကျန်ဘဝဖြင့် မင်းသားငယ်နှစ်ဦးကို အရိပ်ကြည့် ပြုစုနေခွင့်သာရှေ့။ အကြောင်းမူ အနီးကပ်အခစားဝင်လျက်ရှိသော ဘုရှိအမတ်ကြီးများက တိုက်တွန်းလျှောက်ကြားလာကြသောကြောင့် ဖြစ်သည်။

'မြတ်သောမင်းကြီး..မိဖုရားခေါင်ကြီး နတ်ရွာစံခဲ့သည်မှာလည်း နှစ်ကာလအားဖြင့် အတန်ခြားခဲ့ပါပြီ။ ပြည်ထိုင်းတို့မည်သည် တိုင်းပြည်ကို အုပ်ချုပ်ရာတွင် မင်းမိဖုရား နှစ်ပါးစုံမှသာလျှင် တင့်တယ်ပါသည်။ ဤသို့ဘဝ်ပါးတည်း ဘက်ပဲဖြင့် စိုးစံအုပ်ချုပ်နေခြင်း မပြုအောင်းပါ။ ဥတုရာသီဖောက်ပြန်၍ လေမိုးမမှန် သီးနှံခြိုးရား ဆုတ်ယုတ်ခြင်း၊ တိုင်းသူပြည်သား လူအများတို့ကြားဝယ် အနာရောဂါကပ်ဘေး ကျရောက်ခြင်း၊ ယခင်က မတ်ဆွေရင်းချာ ပြည်ရွာနိုင်ငံများနှင့် အခန့်မသင့်သောအကြောင်းများ ကြံဖန်ပေါ်ပေါက်လာကာ ချစ်ကြည်ရေးချစ်ပြားလျက် စစ်မက်ဘေးရန် ထူပြောခြင်း စသည့် နိမိတ်ဆိုးများ ဖြစ်ပေါ်လာတတ်ပါသည်။ ထိုအခါ ပြည်သူအများသာ ထိုဆိုးကျိုးများကို ခံစားကြရပါမည်။ သို့ပါ၍ ပြည်ရေးကို တွေးမျှော်စဉ်းစားကာ မိဖုရားခေါင်ကြီးတစ်ပါးကို တင်မြှောက်၍ မင်း၊ မိဖုရား နှစ်ပါးစုံလင်သော ဘုရားဘိသိက်ကို သွန်းတော်မူပါရန် လျှောက်ထားအပ်ပါသည်ဘုရား'

အမတ်ကြီးများမှာ ဗေဒင်သုံးပုံဆေဒကျမ်းများ၏ အလို အရ ရှေးအစဉ်အလာအတိုင်း အတိတ်နိမိတ်များ ကောက်ယူ၍ လျှောက်ကြားကြခြင်းဖြစ်၍ ဗြဟ္မဒတ်မင်းကြီးလည်း မငြင်းပယ်သာပေ။ ဘက်စုံသည်၊ ဘက်ပဲ့သည်ဟူသော နိမိတ်အယူဖြင့် အကောင်း၊အဆိုး သတ်မှတ်ကြသော အစဉ်အလာမှာ ရှေးကပင် ခိုင်မာနေခဲ့ပြီး ဖြစ်သည်။ လုလင်ပျို၊ လုံမပျိုတို့၏ ထိမ်းမြားမင်္ဂလာပွဲ ဆင်နွှဲကြရန်အတွက် နှစ်ဖက်သော မိဘအသိုင်းအဝိုင်းချင်း တွေ့ဆုံကြောင်းလမ်းစေ့စပ်ပြောဆိုကြရာမှာပင် ကိုယ့်အသိုင်းအဝိုင်းထဲတွင် မည်မျှအရေးပါအရာရောက်နေသူ ဖြစ်စေဦးတော့ ထိုသူသည် မောင်နှံ မစုံသော မုဆိုးဖို (သို့မဟုတ်) မုဆိုးမ ဖြစ်နေခဲ့လျှင် ပါဝင်ဆွေးနွေးပြောဆိုခြင်း မပြုရ။ တစ်ဖက်အသိုင်းအဝိုင်းကလည်း ထိုသူမျိုးပါလာလျှင် လက်သင့်မခံ။ ထိမ်းမြားမင်္ဂလာပြုကြမည့် သတို့သား၊ သတို့သမီးတို့အတွက် အထူးဂရုတစိုက် ရှောင်ကြဉ်ရမည့် နိမိတ်ဆိုးဖြစ်သည်။ နှစ်ဖက်စလုံးမှ မောင်နှံစုံရှိကြသူ အကြီးအမှူးချင်းသာကြောင်းလမ်းမင်္ဂလာစကားကို ပြောဆိုစေ့စပ်ကြရမည်။ မုဆိုးဖို၊ မုဆိုးမ၊ အိမ်ထောင်ပျက်၍ ဘက်ပဲ့ကင်းကွာနေသော တစ်ခု လပ်ယောကျ်ား၊ တစ်ခုလပ်မိန်းမတို့သည် ထိုပွဲတွင် ပါဝင်စေ့စပ် ပြောဆိုခွင့်မရှိရဟူသော နိမိတ်ကောက်အယူသည် ဝေဒကျမ်းများ၏ သွန်သင်သတ်မှတ်ချက် ဖြစ်၏။

ထို့ကြောင့်လည်း ဗြဟ္မဒတ်မင်းကြီး၏ တစ်ပါးတည်း စိုးစံအုပ်ချုပ်မှုကို ထိုရှေးအစဉ်အလာအယူနှင့် ညှိနှိုင်းကာ ထောက်ပြလျှောက် ကြားလာကြခြင်း ဖြစ်လေသည်။ ပြည်ပိုင်မင်းပင်ဖြစ်သော်လည်း ဗြဟ္မဒတ်မင်းကြီးအဖို့ ရှေးအစဉ်အလာကို အာဇာနာစက်ဖြင့် ဖျက်သိမ်းတော်လှန်ရန် အလိုမရှိချေ။

'ကောင်းပါပြီလေ။ အမတ်ကြီးများ လျှောက်တင်တဲ့အတိုင်းပဲ ဖြစ်ရစေမှာပေါ့'

'ဝမ်းမြောက်လှကြောင်းပါ အရှင်'

ဗြဟ္မဒတ်မင်းကြီးက မိန့်ကြားလိုက်သောအခါ အမတ်ကြီးများသာမက နန်းတွင်းအမှုထမ်းများပါ အားတက်ဝမ်းမြောက်ကြလေသည်။ ဤသို့ဖြင့် မင်းကြီးသည် ရုပ်ရည်အဆင်း တင့်တယ်ပြေပြစ်၍ မျိုးရိုးအားဖြင့်လည်း မနိမ့်ကျသော အမျိုးသမီးငယ်တစ်ဦးကို တော်ကောက်ကာ မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်လိုက်လေသည်။ ထို့အတွက် ပြည်သူအများကလည်း ကျေနပ်ကြ၏။

နှစ်ကာလများစွာ မကြာမီမှာပင် ထိုဒုတိယမြောက်

www.burmeseclassic.com

မိဖုရားခေါင်ကြီးမှ သားတော်ကလေးတစ်ပါး ဖွားမြင်သန့်စင်ပြန်သည်။ မင်းကြီးသည် ထိုသားတော် အငယ်ဆုံးလေးကို သူရိယမင်းသားဟု အမည်ပေး၏။ မင်းကြီးအတွက်မူ ထိုသားတော်ကလေးမှာ အထွေးဆုံးသားတော် ဖြစ်သောကြောင့် အလွန်ပင် ချစ်မြတ်နိုးတော်မူ၏။ ထို့ကြောင့် ထိုသူရိယမင်းသားလေးကို အကြောင်းပြု၍ မိဖုရားခေါင်ကြီးအား အခွင့်အရေးတစ်ခုကို ပေးလိုက်မိလေသည်။

'မိဖုရားကြီး...ငါသည် သားထွေးသူရိယကို အလွန်ချစ်မြတ်နိုးတော်မူသည်။ ထိုသားတော်နှင့်ပတ်သက်၍ ရယူလိုသောဆုကို ငါပေးမည်။ သင်အလိုရှိရာဆုကို တောင်းလော့'

ထိုအခါ မိဖုရားခေါင်ကြီးက ပြန်လည်လျှောက်တင်၏။

'အရှင်...အရှင်၏စကားကို မှတ်ထားပါ။ ကျွန်တော်မျိုးမအနေဖြင့် ယခုအခါ၌ မည်သည့်ဆုကိုမျှ မတောင်းလိုသေးပါ။ နောင်တစ်ချိန် လိုအပ်လာသော အချိန်အခါ ကျရောက်တော့မှ တောင်းပါမည်ဘုရား'

'ကောင်းပြီ မိဖုရားကြီး၊ သင်အလိုရှိသော အချိန်တွင်မှ တောင်းနိုင်သည်။ ငါ ပေးအံ့'

မင်းကြီးက ကြည်ဖြူစွာ ကတိပေးလိုက်၏။ ထိုကတိသည် နောင်တစ်ချိန်တွင် မိမိကို များစွာအခက်တွေ့စေမည့် ကတိဖြစ်ကြောင်းကိုတော့ မင်းကြီး လုံးဝထည့်မတွေးမိခဲ့ချေ။

♦ ♦ ♦

(၃)

နွေ၊ မိုး၊ ဆောင်းဟူသော ဥတုရာသီစက်ဝန်းသည် အလီလီ လည်ပတ်ခဲ့ကြ၏။ ဤသို့အားဖြင့် သားတော်အထွေး သူရိယမင်းသားလေးပင် အရွယ်ရောက်၍ သက်တော်တစ်ဆယ့်ခြောက်နှစ် ပြည့်ခဲ့လေပြီ။ မယ်တော်ဖြစ်သူ ဒုတိယမြောက် မိဖုရားခေါင်ကြီးသည် ထိုအချိန်ကာလကို စောင့်စားနေခဲ့ခြင်း ဖြစ်သည်။

'အရှင်... သားတော်နှင့် ပတ်သက်၍ လိုရာဆုကို တောင်းပါဟု ပြောခဲ့သည်ကို မှတ်မိပါသလော'

အခွင့်သာသောတစ်နေ့တွင် မိဖုရားကြီးက မေးလာ၏။

မင်းကြီးက မှတ်မိပါသည်ဟု ဝန်ခံသော် 'ယခု ထိုဆုကို တောင်းပါတော့မည်။ အခြားမဟုတ်ပါ၊ ကျွန်တော်မျိုးမ၏သားတော် သူရိယမင်းသားကို ထီးနန်းလွှဲအပ်ပေးရန်ဆု ဖြစ်ပါသည်'ဟု ဆို၏။

မိဖုရားကြီး၏ တောင်းဆိုမှုသည် မင်းကြီးက ထည့်၍ပင် တွေးမထားခဲ့သောဆုမျိုး ဖြစ်နေသဖြင့် မင်းကြီးမှာ အံ့အားသင့်သွား၏။ ထို့ကြောင့် ချက်ချင်းပင် ငြင်းပယ်လိုက်၏။

'မဖြစ်နိုင်တာဘဲ မိဖုရားကြီး၊ အဲဒီဆုကတော့ ပေးလို့မဖြစ်နိုင်တဲ့ဆု ဖြစ်နေပါတယ်'

'ယခုလွှဲအပ်ပေးရပါမည်ဟု တောင်းဆိုခြင်း မဟုတ်ပါ အရှင်။ နောင်တစ်ချိန် အရှင် နတ်ရွာစံပြီးသောအခါတွင်မှ လွှဲအပ်ပေးရန် တောင်းဆိုခြင်း ဖြစ်ပါတယ်။ ယခုအချိန်မှာတော့ ထိုသို့ သားတော်သူရိယမင်းသားကို ထီးနန်းလွှဲအပ်ခဲ့ကြောင်း မျူးမတ်ဗိုလ်ပါအများကို သက်သေထားအသိပေးခဲ့ရုံမျှသာ ဖြစ်ပါတယ်'

မိဖုရားကြီးက ကြိုတင်၍ အသိပေးထားခဲ့ရုံမျှသာ ဖြစ်သည်ဆိုသော်လည်း မင်းကြီးအဖို့မူ ထိုသို့လည်း လိုက်လျောခြင်း မပြုနိုင်ပေ။ အကြောင်းမူ ထီးနန်းအရိုက်အရာဟူသည် သားကြီးဩရသသို့သာ လွှဲအပ်ပေးခဲ့ကြစမြဲ ရှေးထုံးအစဉ်အလာ ရှိခဲ့သောကြောင့် ဖြစ်လေသည်။

'မိဖုရားကြီး...ထိုသို့လည်း အသိပေး ကတိပြုထားခဲ့လို့ မဖြစ်နိုင်တဲ့အတွက် ငါ ကတိမပေးလိုဘူး။ ထီးနန်းအရိုက်အရာဆိုတာ သားကြီးဩရသကိုသာ လွှဲပြောင်းပေးခဲ့ရရိုး ထုံးစံအစဉ်အလာရှိတယ်။ ငါ့တွင် မီးပုံကြီးတွေလို့ ထင်ရှားတဲ့ သားတော်နှစ်ပါး ရှိနေတာကို သင်လည်း အသိပဲ။ အခြားဆုကိုသာ ပြောင်းလဲပြီး တောင်းဆိုမှ ပေးနိုင်လိမ့်မယ် မိဖုရား'

မင်းကြီးက ရှေးအစဉ်အလာနှင့်တကွ ရှင်းပြကာ ငြင်းပယ်၏။ သို့သော် မိဖုရားကြီးဘက်ကလည်း လုံးဝအလျှော့မပေးဘဲ ထိုဆုကိုသာ ထပ်တလဲလဲတောင်းဆို၏။ ထီးနန်းမှလွဲ၍ အခြားဘာမျှအလိုမရှိသော မိဖုရားကြီး၏ သဘောထားက ထင်ရှားသည်ထက် ထင်ရှားလာသောအခါ မင်းကြီးသည် ရှေးက သားတော်ကြီးမဟီသနှင့် သားတော်အလတ် စန္ဒကုမာရတို့အတွက် ဘေးအန္တရာယ် ကျရောက်လာမည်ကို စိုးရိမ်လာမိလေသည်။ မိဖုရားကြီးသည် သူ့မြင်မျက်ကွယ်၌ အတွင်းလူယုံများကို စေခိုင်းတာဝန်ပေးကာ သားတော်နှစ်ပါးကို တိတ်တဆိတ်လုပ်ကြံသော် မခက်ပါလော။ ဤသို့မကြံစည်ပါဘူးဟုလည်း မည်သူမျှ သေချာမခံဝံ့နိုင်ချေ။ ထီးနန်းအာဏာကို လိုချင်စေဖြင့် ကြီးစွာ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပါလျှင် အပြစ်မဲ့သော သားတော်ကြီးနှစ်ပါးမှာ ဘုမသိ ဘာ,မသိဖြင့်သာ အချောင်အသက်ဆုံးရှုံးကြရပေမည်။ ဤသို့လည်း အဖြစ်မခံနိုင်။ ထို့ကြောင့် မင်းကြီးသည် သားတော်အကြီးနှစ်ပါးကို ခေါ်ယူ၍ အန္တရာယ်ကို ကြိုတင်ဆောင်ရှားခိုင်းလိုက်တော့၏။

'သားတော်တို့..သင်တို့နှစ်ဦးဟာ နန်းမြို့ကခွာ၍ ယခုအချိန်ကစပြီး တောထဲမှာ သွားရောက်နေထိုင်ကြရမယ်။ ငါ နတ်ရွာစံလွန်ပြီးတဲ့အချိန်ကျမှ မြို့တော်သို့ ပြန်လာကြပြီး အစဉ်အတိုင်း မင်းပြုကြရမယ်။ တောရိပ်ခိုနေစဉ်အတွင်း သားတော်များရဲ့ စားရေး,နေရေးအတွက် စိတ်မပူကြနဲ့။ ငါ့ရဲ့ လူယုံတော်များ စေလွှတ်ပြီး လိုအပ်သမျှ ပြည့်စုံအောင် ဆောက်ပံ့စေမယ်'

မင်းကြီး၏ အစီအစဉ်နှင့် အမိန့်တော်ဖြစ်၍ သားတော်ကြီး နှစ်ဦးလည်း ရှိသေစွာ လိုက်နာကြရလေသည်။

'ကောင်းပါပြီ ဖခမည်းတော်၊ သားတော်တို့ နာယူဆောင်ရွက်ပါ့မယ်ဘုရား'

သားအကြီးနှစ်ဦး၏ လိုက်နာမှုကြောင့် မင်းကြီး စိတ်ချမ်းမြေ့ရ၏။ ထိုအချိန်တွင် သားတော်ကြီး နှစ်ဦးလုံးမှာ အသက်(၂၀)ကျော် လူရွယ်ပိုင်းသို့ ရောက်ရှိနေကြပြီဖြစ်၍ ဘောရိပ်တွင် နေထိုင်ကြစဉ်အတွင်း ကြုံတွေ့ရနိုင်မှု အခက်အခဲနှင့် အန္တရာယ်တို့ကို ရင်ဆိုင်နိုင်ကြလိမ့်မည်ဟု ထင်သည်း စိတ်ချလက်ချရှိ၏။ အထူးသဖြင့် သားကြီးဩရသဖြစ်သူ မဟိသမင်းသားမှာ ဉာဏ်ပညာကြီးသူ ဖြစ်သောကြောင့် သူကပင် ဦးဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ကိုးစား၏။

သားတော်နှစ်ဦးသည် လိုအပ်သည်များကို ပြင်ဆင်၍ ဖခမည်းတော်မင်းကြီးအား ရှိခိုးကြပြီးနောက် တောသို့ထွက်ခွာ နန်းတော်ဆောင်မှ ဆင်းလာခဲ့ကြ၏။ ဤတွင် နန်းတော်ဆောင်ရှေ့ဘက်၌ ကစားဖော်များနှင့် ကစားနေသော ညီငယ် သူရိယမင်းသားလေးက လှမ်းမြင်သဖြင့် သူတို့နောက်သို့ ပြေးလိုက်လာလေသည်။

'နောင်တော်တို့..နောင်တော်တို့ အခု နောင်တော်တို့ ဘယ်အရပ်သို့ ထွက်ကြတော်မူကြမလို့တုံး'

နောင်တော်နှစ်ပါးက ဖြေ၏။

'ညီထွေး..ငါတို့သည် ဟိမဝန္တတောသို့ သွားရောက်အထိုင်ကြမည် ဖြစ်တယ်'

'ဟာ..ဒါဆိုရင် တောထဲမှာ ပျော်စရာကြီးနေမှာပေါ့။ ညီထွေးလည်း နောင်တော်တို့နဲ့အတူ လိုက်ခဲ့ပါရစေ'

'ဖခမည်းတော်ရဲ့ အမိန့်တော်ထဲမှာ ညီထွေး မပါဘူး။ နောင်တော်တို့နှစ်ဦးတည်းသာ သွားကြဖို့ဖြစ်တယ်။ ဖခမည်းတော်ရဲ့ ခွင့်ပြုချက်မရဘဲ နောင်တော်တို့ ခေါ်သွားလို့မရဘူး ညီထွေးတော်'

နောင်တော်ကြီးမဟိသမက အကျိုးအကြောင်းနှင့် ပြောဆိုရှင်းပြ၏။ သို့သော် အချစ်ဆုံး၊ အငယ်ထွေးဆုံး၊ အလိုလိုက်အခံရဆုံးဖြစ်၍ ခမည်းတော်မင်းကြီးအား နွဲ့ဆိုး,ဆိုးကာ သူဆန္ဒရှိသမျှကို ဖွတ်တရွတ်လုပ်လေ့ရှိသော သူရိယမင်းသားလေးအဖို့ ဤကိစ္စမှာ ခက်ခဲလှသောကိစ္စမဟုတ်။

'သြော်..ဒီလိုလား။ ဒီလိုဖြင့် ခေတ္တဆိုင်းငံ့တော်မူပေးကြပါဦး နောင်တော်တို့။ ခမည်းတော်ထံ အခွင့်ရအောင် ညီထွေး အမြန်သွားလျှောက်တင်ပါ့မယ်။ ဒီကိစ္စက အလွယ်ကလေးပါ နောင်တော်တို့ရဲ့'

သူရိယမင်းသားကလေးသည် ပြောပြောဆိုဆိုနှင့်ပင် နန်းတော်ဆောင်ထဲသို့ လှစ်ခနဲ ဝင်ပြေးလေတော့သည်။ ထို့ကြောင့် တောသို့သွားကြမည့် နောင်တော်နှစ်ပါးလည်း အပြင်ဘက်၌ ရပ်လျက် ကျန်ရစ်ခဲ့ကြတော့သည်။ ညီငယ်စန္ဒကုမာရမင်းသားက မေး၏။

'ကဲ..ဘယ့်နယ်လုပ်ကြမလဲ နောင်တော်၊ ညီထွေးကတော့ ခမည်းတော်ဘုရားဆီ လျှောက်တင်ဖို့ ဝင်ပြေးတာပဲဖြစ်မယ်'

ထိုအခါ မဟိသမင်းသားက ခပ်ပြုံးပြုံးဖြင့် ဖြေကြား၏။

'ဘယ့်နယ်မှ လုပ်မနေနဲ့တော့၊ ခေါ်သွားဖို့သာ ပြင်ထားပေတော့ပဲ။ ညီတော်လည်း သိလျက်သားနဲ့၊ ညီထွေးက သူထုံးစံအတိုင်း ခမည်းတော်ကို နွဲ့ဆိုး,ဆိုးဦးတော့မှာပဲ။ ခမည်းတော်က မလိုက်ရဘူးပြောလည်း ရမှာမှတ်လို့။ ဟင့်အင်း..လိုက်မှာပဲ၊ လိုက်မှာပဲဘုရားလို့ ဖွတ်ခေါင်းငဲ့ပြောပြီး လိုက်လာမှာပဲ။ မယုံရင် စောင့်ကြည့်တော့'

'ဟုတ်ပါပြီလေ။ သူ ဖွတ်လိုက်လာလို့ ခေါ်သွားရတာက ကိစ္စမရှိဘူး နောင်တော်။ ဒါပေမဲ့ တောထဲမှာ ပင်ပန်းဆင်းရဲလို့ ဒဏ်မခံနိုင်ရင် ဘယ်လိုလုပ်မလဲ'

'စိတ်မပူစမ်းပါနဲ့ ညီတော်ရယ်။ တောထဲမှာ ပင်ပန်းဆင်းရဲလို့ ဒဏ်မခံနိုင်တော့ဘူး ဆိုတော့လည်း ဖခမည်းတော်က ငါတို့ဆီ အထောက်အပံ့လွှတ်ပေးမယ့် ရိက္ခာတို့ အထောက်တော်တွေနဲ့ ပြန်ထည့်ပေးလိုက်ကြရုံပေါ့။ သူ

www.burmeseclassic.com

လည်း တောမြို့ငတောရပ်ကို မရောက်ဖူးသေးတော့ ဒီအချိန်မှာ ပြောလို့ရမှာမဟုတ်ဘူး။ အကြီးတွေ သွားတာမြင်ရင် နောက်က အတူလိုက်ချင်တာ ညီငယ်တွေရဲ့ သဘာဝပဲကွယ့်။ မတတ်နိုင်ဘူး၊ စောင့်ခေါ်ကြဖို့ပဲရှိတယ် ညီတော်'

နောင်တော်ကြီးမဟီသဓ၏စကားမှာ အမှန်ပင်ဖြစ်၏။ ဘာမျှမကြာလိုက်ခင်မှာပင် ညီထွေးကလေး သူရိယသည် ပြုံးရွှင်သော မျက်နှာထားနှင့် နန်းတော်ဆောင်ထဲမှ ပြေးထွက်လာလေသည်။

'ကဲ.. နောင်တော်တို့၊ ညီထွေး မပြောဘူးလား။ ဖခမည်းတော်ကို ညီထွေးလျှောက်တင်ခဲ့ပြီးပြီ။ ပြောမရရင်လည်း လိုက်ချင် လိုက်သွားတော့။ မပျော်တော့တဲ့အချိန် အထောက်တော်တွေနဲ့ ပြန်လိုက်ခဲ့လို့ မိန့်တော်မူလိုက်တယ် ဘုရား'

နောင်တော်ကြီးမဟီသက ညီတော် စန္ဒကုမာရကို ကဲ..ငါမပြောဘူးလားဆိုသော မျက်နှာမျိုးဖြင့် ကြည့်လိုက်၏။ စန္ဒကုမာရကလည်း ပခုံးတွန့်ပြကာ ပြုံးပြရုံသာ တတ်နိုင်တော့၏။

ဤသို့ဖြင့် ညီနောင်သုံးဦးတို့သည် မြို့တော်မှ ထွက်ခွာခဲ့ကြ၏။ ဟိမဝန္တာတောသို့ ရောက်ကြသောအခါ အတော်ပင် ခရီးပန်း၍ နွမ်းနယ်ကြလေပြီ။ သယ်ဆောင်လာကြသော ရိက္ခာများ မသုံးစွဲ မလျော့ပါးသေးသော်လည်း သောက်သုံးရေကတော့ ပြတ်လပ်ခဲ့လေပြီ။ မင်းသားတို့၏ ရေဘူးများတွင် သောက်သုံးရေ မရှိတော့ပြီ။ ထို့ကြောင့် အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်တွင် နားခိုအပန်းဖြေ၊ အမောဖြေကြရင်း နောင်တော်ကြီး မဟီသက ညီတော်အငယ်ဆုံး သူရိယမင်းသားလေးကို သောက်သုံးရေ ရှာဖွေရန် ခိုင်းစေလိုက်၏။

♦ ♦ ♦

(၄)

သူရိယမင်းသားသည် ရေရှာဖွေရန်အတွက် ထွက်ခွာခဲ့ရာ များစွာမဝေးကွာလှသော နေရာတစ်ခုမှာပင် ရေကန်ကြီး တစ်ကန်ကို တွေ့ရှိရလေသည်။ ထို့ကြောင့် အထူးတလည် စဉ်းစားမနေတော့ဘဲ ရေကန်ထဲသို့ ဝမ်းသာအားရ ဆင်းလိုက်ရာ ရေကန်စောင့်ဘီလူးတစ်ကောင်သည် ဘွားခနဲ ပေါ်ပေါက်လာခဲ့၏။

'ဟယ်..အသင်လူသား၊ ဤရေကန်သည် ငါစောင့်ရှောက်ပိုင်ဆိုင်သော ရေကန်ဖြစ်သည်။ ပိုင်ရှင်အား ခွင့်မပန်ဘဲ ငါ၏ ရေကန်ပိုင်နက်ကို ကျူးကျော်သောအပြစ်ကြောင့် သင်သည် ငါ့အစာ ဖြစ်ချေပြီ'

ရေကန်စောင့်ဘီလူးသည် ပြောပြောဆိုဆိုနှင့်ပင် သူရိယမင်းသားငယ်ကို ဖမ်းဆီးလိုက်တော့၏။ သို့ရာတွင် ရေကန်စောင့်ဘီလူးသည်လည်း စောင့်ထိန်းလိုက်နာရမည့် စည်းကမ်း ရှိနေ၏။ ထိုစည်းကမ်းမှာ ဝေဿဝဏ်နတ်မင်းကြီးက ချမှတ်ထားသော စည်းကမ်းဖြစ်၏။ ဘီလူးသည် ထိုစည်းကမ်းကို မင်းသားငယ်အား ပြောပြ၏။

'အသင်လူသား..ကျွန်ုပ်အား ဝေဿဝဏ်နတ်မင်းကြီးက ဤရေကန်ကိုစောင့်ရန် တာဝန်ပေးထားခြင်းဖြစ်သည်။ ဤရေကန်ထဲသို့ ခွင့်ပြုချက် မတောင်းခံဘဲ ဆင်းလာသူများအား စားခွင့်ပေးထား၏။ သို့သော် ထိုသို့ဆင်းသက်လာသူသည် ဒေဝဓမ္မကို သိသူဖြစ်ခဲ့လျှင်မူ ကျွန်ုပ် ဖမ်းဆီးစားသောက်ခွင့်မရဘဲ ပြန်လွှတ်ပေးရမည်ဟု အမိန့်တော် ရှိထား၏။ ထို့ကြောင့် သင့်ကို ငါ အခွင့်အရေးပေးအံ့။ သင်သည် ဒေဝဓမ္မကို သိပါ၏လော။ သိလျှင် ဖြေကြားပါ။ မှန်ကန်လျှင် သင့်အား ငါပြန် လွှတ်ပေးပါမည်'

ရေကန်စောင့်ဘီလူးက သူ၏ စည်းကမ်းချက်များကို ပြောပြကာ ဒေဝဓမ္မကို မေးမြန်း၏။ ခက်ချေပြီ။ သူရိယမင်းသားငယ်သည် ဒေဝဓမ္မဆိုသည်ကို သိဖို့ဝေးစွ၊ ကြားပင် မကြားဖူးချေ။ သို့သော် ရလာသော အခွင့်အရေးကို လက် လွှတ်ပေးရ၍မဖြစ်။ ထို့ကြောင့် စိတ်ထဲ ထင်မြင်ရာကို မှန်းဆ၍ ဖြေလေ၏။

'ကျွန်ုပ်သိပါသည်။ ဒေဝဓမ္မဟူသည်မှာ အခြားမဟုတ် နေနှင့်လတို့ ဖြစ်ကြ၏'

ထိုအခါ ဘီလူးက ခေါင်းခါ၏။

'မဟုတ်ပါ မင်းသားငယ်၊ သင့်အဖြေက အမှားကြီးသည်။ သင်ဟာ ဒေဝဓမ္မကို တကယ်သိသူ,မဟုတ်။ ထို့ကြောင့် သင့်ကို ငါပိုင်ပြီ ဖြစ်သည်'

ထို့နောက် ကန်စောင့်ဘီလူးသည် သူရိယမင်းသားငယ်ကို ဖမ်းဆီးကာ ရေအောက်သို့ယူ သွားပြီး သူ၏နေရာတွင် ထားလိုက်၏။ အချိန်အတော်ကြာသည်အထိ သူရိယမင်းသား ပြန်မလာသောကြောင့် မဟီသမင်းသားသည် ကုမာရမင်းသားကို ထပ်မံစေလွှတ်ပြန်၏။ စန္ဒကုမာရ မင်းသားသည်လည်း ရေကန်စောင့်ဘီလူး၏ ဖမ်းဆီးမှုကို ခံရပြန်လေသည်။ ဘီလူးသည် ရှေးနည်းအတိုင်းပင် ထို မင်းသားကိုလည်း ဒေဝဓမ္မကို သိသလောဟု မေးမြန်း၏။

www.burmeseclassic.com

www.burmeseclassic.com

သားသည်လည်း သူစိတ်ထင်ရာကို မျက်မှန်းရမ်းဆ
ကြွေကြား၏။

'သိပါသည်၊ အရပ်လေးမျက်နှာသည် ဒေဝမွန်ဖြစ်၏'

'မဟုတ်ပါ၊ သင့်အဖြေ မှားသည်။ သင်လည်း ဒေဝ
မွန်ကို သိသူ၊မဟုတ်'

စန္ဒကုမာရမင်းသားသည်လည်း ရေအောက်ရှိ ဘီလူး
၏ နေရာသို့ ရောက်သွားရပြန်သည်။

နောင်တော်ကြီး မဟီသသည် အချိန်ကြာသည်အထိ
ညီတော်တို့ ပြန်ရောက်မလာကြသောအခါ ကိုယ်တိုင်ထ၍
ရှာကြံရတော့၏။ ညီတော်များသည် တစ်စုံတစ်ရာသော
အန္တရာယ်ကျရောက်နေကြ၍ ပြန်မလာနိုင်ကြခြင်း ဖြစ်ရ
မည်ဟုလည်း မှန်းဆထားပြီးဖြစ်၏။ ထို့ကြောင့် ကြီးစွာ
သောသတိကို မွေးမြူ၍ လိုက်ခဲ့လေရာ ညီတော်များကို
ဖမ်းဆီးထားသော ရေကန်ကြီးသို့ ရှာဖွေရောက်ရှိလာလေ
သည်။ ကန်စောင့်ဘီလူးသည် လာပြန်ပဟဲ့ နောက်တစ်
ယောက်ဟု ကျေနပ်အားရစွာ စောင့်ဆိုင်းနေ၏။ သို့ရာတွင်
ဤတတိယမြောက် မင်းသားသည် ဘီလူးမျှော်လင့်ထား
သည့်အတိုင်း သူ့ပိုင်နက် ရေကန်ထဲသို့ ကျူးကျော်မလာ
ခဲ့ပေ။

မဟီသမင်းသားသည် ရေကန်ကိုတွေ့သော် ချက်ချင်း
ဆောင်းသေးဘဲ ရေကန်အစပ် ပတ်ချာလည်ကို လှည့်၍ကြည့်
ရှု၏။ ရေကန်စပ် ရွှံညွန်များပေါ်တွင် ထင်ကျန်ရစ်သော
ညီတော်နှစ်ဦး၏ ခြေရာများကို တွေ့မြင်၏။ အဆင်းခြေရာ
သာရှိပြီး ပြန်တက်လာသော ခြေရာများကို မတွေ့သဖြင့်
ညီတော်များသည် ကန်အတွင်း၌ ရေနစ်၍ သေဆုံးကြခြင်း
ဖြစ်မည်။ သို့မဟုတ် ဤရေကန်နှင့်ပတ်သက်သော အစောင့်
အရှောက်တစ်ဦးဦး၏ အရေးယူခြင်းကို ခံကြရ၍သော်
လည်း ဖြစ်မည်ဟု မှန်းဆအဖြေရှာကာ ကန်ထဲသို့ မဆင်း
ဘဲ အကဲခတ်လျက်သာ နေ၏။

ကန်စောင့်ဘီလူးသည် တိတ်တဆိတ်စောင့်ကြည့်ရင်း
မှပင် ဤမင်းသားသည်မှ ငါ၏ ပိုင်နက်ရေကန်အတွင်းသို့
ဆင်းမည့်ပုံမပေါ်။ တစ်နည်းနည်းဖြင့် ကန်ထဲ ဆင်းစေရန်
ဖြားယောင်းမှ ဖြစ်ချေမည်ဟု အကြံပေါ်လာ၍ တောလိုက်
မုဆိုးအသွင်ဖြင့် ဖန်ဆင်းလိုက်ကာ ချဉ်းကပ်လေ၏။

'အသင်သည် မည်သူနည်း၊ ဤရေကန်အနီး၌ အဘယ်
ကြောင့်ဖြင့် ထိုင်နေရသနည်း'

'ကျွန်ုပ်သည် ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီး
၏သားတော်ကြီး မဟီသမင်းသားဖြစ်သည်။ သောက်သုံး
ရေရှာဖွေရန် စေလွှတ်လိုက်သော ကျွန်ုပ်၏ ညီတော်နှစ်ပါး
ပြန်မလာသဖြင့် လိုက်လံရှာဖွေရင်း ဤရေကန်သို့ ရောက်
ရှိလာခဲ့ခြင်းဖြစ်သည် အသင်မုဆိုး'

'ညီတော်များကို တွေ့ရှိပါပြီလား အရှင်မင်းသား'

မုဆိုးကြီးက မေးလိုက်၏။

'ဤရေကန်နံဘေး ရွှံညွန်ရေစပ်တွင် သူတို့၏ ခြေရာ
များကိုတော့ တွေ့ပါပြီ။ သို့သော် လူသားစင်စစ်တို့ကိုမူ
မတွေ့သေးပါ။ ရှာဖွေဆဲဖြစ်ပါတယ် မုဆိုး'

'အိုး..ကန်စပ်မှာ အဆင်းခြေရာတွေ တွေ့နေပြီဆိုမှ
တော့ သူတို့ဟာ ဒီရေကန်ထဲကို ဆင်းခဲ့ကြလို့ပဲပေါ့ မင်း
သား။ ရေကန်ထဲကို ဆင်းရှာရင် သေချာပေါက်တွေ့ရမှာ
ပေါ့။ အသင်မင်းသား အမြန်ဆင်းပြီး ရှာပါတော့လား'

မဟီသမင်းသားသည် ထိုသို့သော တိုက်တွန်းစကား
သံကို ကြားလိုက်ရကံတည်းက သတိကြီးစွာထား၍ နေရုံ
မျှမက ဉာဏ်ပညာလည်း ပြည့်စုံသူဖြစ်သောကြောင့် ဤ
မုဆိုးကား တောလိုက်မုဆိုးအစစ် မဟုတ်နိုင်။ ငါ့အား
ရေကန်ထဲသို့ အမြန်ဆင်းရန် တိုက်တွန်းခြင်းကိုထောက်၍
ထိုသူသည် ဤရေကန်နှင့် ပတ်သက်စပ်ဆိုင်သောသူသာ
ဖြစ်ရမည်ဟု ဆင်ခြင်မိလေသည်။ ထို့ကြောင့် တောလိုက်
မုဆိုး၏ သွင်ပြင်လက္ခဏာတို့ကို ကြည့်ရှုစစ်ဆေးလိုက်၏။

မုဆိုးသည် နဖူးမောက်၏။ နှာရောင်ကောက်၏။ ထူ
ထဲသောနှုတ်ခမ်းတို့ရှိ၏။ နီရဲသောမျက်လုံးများရှိ၏။ ကြမ်း
ခန့်ပုပျပ်ကြဲခိုင်သော ကိုယ်လုံးကိုယ်တည်ရှိ၏။ ဖနောင့်တို
၏။ ၄င်း၏ ကိုယ်နံ့သည် ညှီစို့စို့အနံ့ထွက်၏။ ထို့အပြင်
နေရောင်ကျသောနေရာ၌ ရပ်နေပါလျက်နှင့် သူ၏အရိပ်
မထွက်။ မဟီသမင်းသားသည် စေ့စေ့စပ်စပ် ကြည့်ရှုအကဲ
ဖြတ်ပြီးသည်နှင့် ဤပုဂ္ဂိုလ်သည် လူသားစင်စစ်မဟုတ်၊
တောလိုက်မုဆိုး အယောင်ဆောင်ထားသော ဘီလူးသာ
ဖြစ်ရမည်။ ထို့အပြင် ငါ့အား ရေကန်အတွင်းသို့ဆင်းရန်
အလှိုင်းသား တိုက်တွန်းနေခြင်းကိုထောက်၍ ဤဘီလူး
သည် ဤရေကန်၏ အစောင့်အရှောက်သာ ဖြစ်လိမ့်မည်။
ငါ၏ညီတော်များသည် ဤဘီလူးနှင့် ရင်ဆိုင်တွေ့ခဲ့ကြ၍
အန္တရာယ်တစ်စုံတစ်ရာ ကျရောက်နေပေပြီဟု တွေးခေါ်
သိရှိလိုက်လေသည်။ ထို့ကြောင့် ဆောင်ပါးသန်လျက်ကို
ထုတ်၍ မေးမြန်းလိုက်တော့၏။

'အသင်မုဆိုး..အသင်ဟာ လူသားစင်စစ် တောလိုက်

www.burmeseclassic.com

မုဆိုး မဖြစ်နိုင်။ အသင်ဟာ ဤရေကန်စောင့်ဘီလူးသာ ဖြစ်ရမယ်။ ကျွန်ုပ်၏ ညီတော်မင်းသားနှစ်ပါးကို အသင် နှောင့်ယှက်ဖမ်းယူထားခြင်းသာ ဖြစ်ရမယ်။ ကျွန်ုပ်ကို အမှန်အတိုင်း မပြောဆိုလျှင် သင့်ကို ဆုံးမရပေလိမ့်မယ်'

ကန်စောင့်ဘီလူးသည် များစွာထိတ်လန့်တုန်လှုပ်သွား၏။ ဤမင်းသားသည်ကား ဉာဏ်ပညာကြီးသူသာဖြစ်သည်။ ငါ လိမ်ဆယ်ဖြားယောင်း၍ ရမည့်သူ မဟုတ်ဟု လည်း သိလိုက်၏။ ထို့ကြောင့် မှန်သည့်အတိုင်းသာ ဖွင့်ဟ ပြောပြရလေတော့သည်။

'အရှင်မင်းသား..အရှင်ပြောကြားတာ အမှန်ပါပဲ။ ကျွန်ုပ်ဟာ ဤရေကန်ကို အပိုင်စားရသော ဒကရက္ခိုသ် သာ ဖြစ်ပါတယ်။ ဤရေကန်အတွင်းသို့ ကျွန်ုပ်၏ ခွင့်ပြု ချက်မရဘဲ၊ ကျွန်ုပ်အား ခွင့်မတောင်းဘဲ ဆင်းသက်လာတဲ့ မည်သည့်သတ္တဝါကိုမဆို ဖမ်းယူစားသောက်နိုင်ခွင့်ကို ဝေဿဝဏ်နတ်မင်းကြီးက ပေးအပ်ထားပါတယ်။ ယနေ့အဖို့ လည်း မင်းသားညီနောင်နှစ်ဦးကို ကျွန်ုပ်ပင် ဖမ်းဆီးထား ခြင်း ဖြစ်ပါတယ်။ ကျွန်ုပ်အား ပေးအပ်ထားသော စည်း ကမ်းအရ ကျွန်ုပ်က မင်းသားညီနောင်တို့ကို မေးခွန်းမေး ခဲ့ပါတယ်။ သူတို့ ဖြေကြားနိုင်ခဲ့လျှင် ကျွန်ုပ် စားသောက်ခွင့် မရဘဲ ပြန်လွှတ်ပေးရမှာ ဖြစ်ပါတယ်။ သို့ပေမယ့် မင်းသား ညီနောင်တို့က မှန်ကန်အောင် မဖြေနိုင်ကြတဲ့အတွက် ကျွန်ုပ် ဖမ်းဆီးထားခြင်းဖြစ်ပါတယ် မင်းသား'

ဒကရက္ခိုသ်၏စကားကို ကြားရလျှင် မဟီသမင်းသား က မေး၏။

'အသင်က ဘယ်လိုမေးခွန်းကို မေးတာလဲ၊ အကယ် ၍ သင့်မေးခွန်းကို ကျွန်ုပ် ဖြေဆိုနိုင်ခဲ့ရင်ကော ကျွန်ုပ် ညီတော်များကို ပြန်လွှတ်ပေးနိုင်မလား'

'အရှင်မင်းသား..ကျွန်ုပ်မေးခွန်းကိုပဲ ဖြေနိုင်ဖို့ ကြိုး စားကြည့်ပါဦးလေ။ ဖြေနိုင်ခဲ့ရင်တော့ သင့်ညီတော်များနှင့် ပတ်သက်ပြီး ဖြေလျှော့ပေးရမှာပေါ့'

'သည်လိုဆိုလည်း သင့်မေးခွန်းကို မေးပါလေ။ ကျွန်ုပ် ဖြေဆိုဖို့ အသင့်ပါပဲ'

မဟီသမင်းသားက မေးခွန်းကို တောင်းဆိုလိုက်၏။ ရေကန်စောင့်ဘီလူးလည်း မနေသာတော့ပြီ။

'ကောင်းပါပြီ အရှင်မင်းသား။ ကျွန်ုပ်၏ မေးခွန်း ကား အခြားမဟုတ်ပါ၊ ဒေဝမွေကို မေးမြန်းခြင်း ဖြစ်ပါ တယ်။ ဒေဝမွေကို သိပါသလား အရှင်မင်းသား'

ထိုအခါ မဟီသမင်းသားက ဖြေကြားလေသည်။

'သိပါတယ် ဒကရက္ခိုသ်။ ဒေဝမွေဟူသည်မှာ အဟိ ရိကဆိုတဲ့တရားနဲ့ အနောတ္တပ္ပဆိုတဲ့ တရားတို့ကို ဆိုလို တာ ဖြစ်ပါတယ်။ နှစ်ခုစလုံးဟာ ကြောက်စရာကောင်း လှတဲ့ ကိလေသာတွေချည်းပါပဲ'

ထိုအခါ ဒကရက္ခိုသ်ဘီလူးသည် ဤမင်းသားကား သူ၏ ညီတော်များကဲ့သို့မဟုတ် ပညာရှိသောသူ၊ တရားကို သိသောသူသာ ဖြစ်ရမည်ဟု ဇကနရိပ်စားမိလေ၏။ သို့ ရာတွင် ဤမြွေအကျဉ်းအားဖြင့် ဖြေဆိုရုံမျှနှင့်တော့ မကျေနပ် နိုင်သေးချေ။ ထို့ကြောင့် ဆက်လက်ဖြေကြားရန် တိုက် တွန်း၏။

'အရှင်မင်းသား..သည်လိုအတိုချုပ်မျှ ဖြေလိုက်ရုံနှင့် တော့ သင့်ကို ဒေဝမွေကို သိသူဟု ကျွန်ုပ် မယုံကြည်နိုင်။ စိတ်မချနိုင်သေး။ အကျယ်ကို ဖွင့်ဆိုဖြေကြားပေးပါဦး'

'ကောင်းပါပြီ ဒကရက္ခိုသ်၊ ကျွန်ုပ် ဆက်လက်ရှင်းဆို ပါဦးအံ့။ အဟိရိကနှင့် အနောတ္တပ္ပတရားတို့သည် ကြောက် စရာကောင်းတဲ့ ကိလေသာတွေလို့ ကျွန်ုပ် ပြောခဲ့ပါတယ်။ သည်တော့ ကိလေသာဆိုတာ ဘာကိုပြောတာလဲလို့ မေး စရာ ရှိလာပါတယ်။ ကိလေသာရဲ့ အဓိပ္ပာယ်ကတော့ ပူ လောင်စေတတ်၊ ညစ်နွမ်းစေတတ်၊ နှိပ်စက်စေတတ်တဲ့ တရားတွေလို့ ဆိုလိုတာပါပဲ။ အဲဒီကိလေသာကို အကြမ်း ဖျင်းအားဖြင့် ဆယ်မျိုးခွဲခြားထားပါတယ်။ အဲဒီဆယ်မျိုး က ဘာတွေလဲဆိုတော့ လောဘ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဣဿာမစ္ဆရိယဆိုတဲ့ ဆယ်ပါးပဲ ဖြစ်ကြပါတယ် ဒကရက္ခိုသ်'

'ဟုတ်ပါပြီ အရှင်မင်းသား၊ အဲဒီဆယ်ပါးရဲ့အဓိပ္ပာယ် တွေကကော'

ဒကရက္ခိုသ်က ထပ်မံ၍ အနုစိတ် မေးမြန်းပြန်၏။ ထိုသို့ မေးမြန်းနေရင်းမှပင် သူ၏စိတ်ထဲ၌ ဤမင်းသား သည် ငါမှန်းဆထားမိသည့်အတိုင်း တရားကို အကျယ်သိ သူဖြစ်၏။ ငါကား ကောင်းစွာနာယူရပေချေတော့မည်ဟု လည်း တိတ်တခိုး ဝမ်းမြောက်လာနေလျက်ရှိ၏။ မဟီသ မင်းသားက ဆက်လက်ရှင်းလင်း ဖြေကြားပြန်၏။

'သေချာစွာမှတ်သားပါ ဒကရက္ခိုသ်၊ ထိုဆယ်ပါးကို ကျွန်ုပ် ဖြေရှင်းပါအံ့။ လောဘဆိုတာ လိုချင်တပ်မက် ခြင်း တွယ်တာကို ဆိုလိုပါတယ်။ ဒေါသဆိုရာမှာတော့ တစ် ဒေါသနဲ့ ကျဒေါသလို့ နှစ်မျိုးထပ်ခွဲနိုင်ပါသေးတယ်။ စိတ်

www.burmeseclassic.com

www.burmeseclassic.com

ကြား အမျက်ထွက်တာမျိုးကို တက်ဒေါသလို့ သတ်မှတ်ပြီး စိတ်ပျက်တာ၊ စိတ်မချမ်းသာတာ၊ စိတ်ဓာတ်ကျနေတာမျိုးကို ကျဒေါသလို့ မှတ်ယူပါ။ နှစ်မျိုးလုံး မကောင်းကြူး၊ စိတ်ပူလောင် ညစ်နွမ်းစေတာချည်းပါပဲ။ တတိယအကြောင်းဖြစ်တဲ့ မောဟဆိုတာကို အရှင်းဆုံးပြောရရင်တော့ အနှစ်အတိုင်း မသိမှုပါဘဲ။ တစ်နည်းအားဖြင့် အဝိဇ္ဇာလို့ ခေါ်ဆိုနိုင်တယ်။ ဝိဇ္ဇာဆိုတာက သိတာ၊ အဝိဇ္ဇာဆိုတာက မသိတာ။ အမှုကိစ္စတို့ကို အမှန်အတိုင်း မသိတာ။ ဒါကြောင့် မောဟဆိုတာ အဝိဇ္ဇာနဲ့ အဓိပ္ပာယ်အတူတူပါ။ ဒီကြောင့် မှန်၏၊ မှား၏၊ မဆုံးဖြတ်နိုင်ဘဲ ယောင်ဝါးဝါး ဖြစ်နေတာကို တွေဝေမှုလို့ဆိုတော့ အချို့ကလည်း မောဟတွေဝေမှုလို့ ဖွင့်ဆိုကြပါတယ်'

ရေကန်စောင့် ဒကရက္ခိုဿသည် မဟိသမင်းသား၏ မေးခြေကျမ်းများကို နားထောင်ရင်း မင်းသားကို တဖြည်းဖြည်း နှစ်သက်လေးစားလာလေသည်။ ထို့ကြောင့် ဆက်ဆောင်းဆို၏။

'ကောင်းလိုက်တာ အရှင်မင်းသား၊ ကျန်တဲ့ခုနစ်မျိုး ဆက်ရှင်းပါဦး'

'စတုတ္ထမြောက်ကိလေသာကတော့ မာနပဲ။ မာနဆိုတာ ကြွတက်မြင့်မောက်ခြင်း သဘောကို ဆိုတာဖြစ်ပါတယ်။ အရှင်းဆုံး အလွယ်ဆုံးပြောရင် ဘဝင်မြင့်နေတာ၊ ဆောင်လွှားနေတာကို ပြောတာပဲ။ ကိုယ့်ဝန်းကျင်ကလူတွေ ကိုယ်နဲ့ မတူဘူး၊ မတန်ဘူး၊ သူတို့ဟာ ငါလောက် မတတ်ဘူး၊ မတတ်ဘူး၊ မမြတ်ဘူး ဆိုတာမျိုး ထောင်လွှားကြွနေတာဟာ မာနပါပဲ။ အဲဒီမာနတလူလူ ကြွတက်တဲ့သူဟာ ပညာ၊ ဥစ္စာ၊ ကုသိုလ် ဘာဆိုဘာမျှ မရဘဲနဲ့ကြောင့် အရာရာ ဆုံးရှုံးကြရတယ်။ ကိုယ့်ထက် တတ်သူတွေရဲ့ ဆိုဆုံးမမှုဟူသမျှကို မာနက အကုန် ငြင်းပယ်ချတတ်တဲ့အတွက် ဘယ်သူပြောတာမှ လက်ခံနိုင်ဘူး။ ဒါကြောင့် သူမှာ ဘာအကျိုးဖလမှ မရဘူး။ ဒါဟာ မာနရဲ့ ဆိုးကျိုးပါပဲ။ ဒီဆိုးကျိုးကို ကောင်းကောင်းသိလာလေ မာနဆိုတာ တစ်စက်ကလေးမှ ထားရစ်ရာ မကောင်းလေမှန်း နားလည်လာလေလေ ကိလေသာတစ်မျိုးပဲ ဖြစ်ပါတယ်။ ပဉ္စမမြောက် ကိလေသာက ဒိဋ္ဌိတဲ့'

'အဲဒီဒိဋ္ဌိဆိုတာကိုလည်း ဖြေရှင်းပါဦး အရှင်မင်းသား'

'ဒိဋ္ဌိဆိုတာကတော့ အသိအမြင်မှားနေတာကို ဆိုလိုပါတယ်။ သဘာဝကို အသိအမြင် မှားနေတာမျိုးကို ဒိဋ္ဌိလို့ ဆိုတာပဲ'

'ဒါဆိုရင် တတိယအချက်အဖြစ်ပြောသွားတဲ့ မောဟနဲ့ ဘာထူးသေးသလဲ အရှင်မင်းသား။ မောဟဆိုတုန်းကလည်း မသိမှု၊ အမှန်အတိုင်း မသိမှုလို့ဘဲ ပြောခဲ့တယ် မဟုတ်လား'

ဒကရက္ခိုဿမှာ နာယူမှတ်သားနေလျက်မှ ဘူးလုံးနားမထွင် ဆိုသကဲ့သို့ ရှုပ်ထွေးသွားသဖြင့် ချက်ချင်းပင် အမှားဝင်ထောက်သလို ဖြတ်မေးလိုက်လေသည်။ မဟိသမင်းသားက ထိုကိစ္စကို ဆက်လက်ရှင်းပြ၏။

'မဟုတ်ဘူး ဒကရက္ခိုဿ၊ ဒိဋ္ဌိနဲ့မောဟတို့ဟာ ရုတ်ခြည်းအပေါ်ယံအားဖြင့် အတူတူပဲလို့ ထင်စရာ ဖြစ်သွားလေ့ရှိတယ်။ ဒါပေမဲ့ မတူကြပါဘူး၊ တခြားစီပါ။ မောဟနဲ့ ဒိဋ္ဌိကို ခွဲခြားပြပါမယ်။ မောဟက သဘာဝကို သဘာဝမှန်သာပဲလို့ အမှန်အတိုင်း မသိရုံမျှသက်သက်ဘဲ။ ဒိဋ္ဌိကတော့ ဒီလောက်နဲ့ ရပ်မနေဘူး။ သဘာဝကို သဘာဝအတိုင်း အမှန်အတိုင်းမသိဘဲ အသိမှားနေတဲ့ အဆင့်အထိ ဆက်သွားပါတယ်။ ထင်ရှားအောင် ဥပမာနဲ့ပြောပါမယ်။ သတ္တဝါတို့ရဲ့ ခန္ဓာကိုယ်မှာ ပါဝင်ပေါင်းစပ်နေကြတဲ့ ပူခြင်းသဘော၊ အေးခြင်းသဘော၊ တောင့်တင်းခြင်း၊ တွန်းကန်ခြင်း စတဲ့ သဘာဝတွေကို ဒါဟာ အပူသဘာဝ၊ အအေးသဘာဝ၊ တောင့်တင်းတွန်းကန်မှု သဘာဝမျှပဲလို့ မသိဘဲ ပုဂ္ဂိုလ်အားဖြင့် သူပူနေတယ်၊ ငါပူနေတယ်၊ ငါတောင့်တင်းနေတယ်လို့ အသိမှားပစ်လိုက်တာမျိုးကို အသိမှားတယ်လို့ဆိုတာ ဖြစ်တယ်။ အမှန်စဉ်းစားကြည့်ပြီး ဖြေကြည့်ပါ။ ပူတယ်ဆိုတာ သူလား၊ ငါလား၊ ပူတာကို လူလို့ခေါ်မလား၊ နတ်လို့ခေါ်မလား၊ ပူတာဟာ လူလား၊ နတ်လား'

'ဟင့်အင်း...လူလည်းမဟုတ်၊ နတ်လည်း မဟုတ်ပါ မင်းသား'

'ဒါဖြင့်ရင် ပူတာဟာဘာလဲ'

'ပူတာဟာ ပူတယ်ဆိုတဲ့ သဘာဝတစ်ခုမျှသာပါပဲ မင်းသား'

'ဟုတ်ပြီ၊ ပူတာဟာ ပူခြင်းသက်သက် သဘာဝမျှသာဖြစ်တယ်လို့ သဘာဝအတိုင်း မသိရုံမျှမှာဘဲ မောဟက ရပ်သွားတယ်။ ဒိဋ္ဌိကတော့ ဒီလောက်နဲ့ မရပ်ဘူး။ ပူခြင်းသဘာဝကို သဘာဝအတိုင်း မသိရုံမျှမကဘဲ ငါပူတယ်၊

www.burmeseclassic.com

သူပူတယ်၊ ပုဂ္ဂိုလ်ပဲ၊ လူပဲ၊ နတ်ပဲ၊ လူပူတယ်၊ နတ်ပူတယ် ဆိုတဲ့အထိ ဆက်သွားပစ်လိုက်တယ်။ အဲသလို အသိမှားတဲ့ အထိရောက်သွားတာကို ဒိဋ္ဌိလို့သတ်မှတ်ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် မောဟနဲ့ ဒိဋ္ဌိဟာ တူသယောင်ယောင်နဲ့ မတူကွဲပြားခြားနားကြတယ်လို့ ပြောခြင်းဖြစ်တယ်'

'ရှင်းပါပြီ အရှင်မင်းသား၊ ကျန်တဲ့ကိလေသာငါးမျိုးကို ဖွင့်ဆိုပါဦး'

'ကောင်းပြီ ဒကရက္ခိဉ်၊ နောက်တစ်ပါး ဆဋ္ဌမမြောက်ကံ ဝိစိကိစ္ဆာပါ။ ယုံမှားသံသယ ဖြစ်နေခြင်းကို ဆိုခြင်းဖြစ်ပါတယ်။ ကိစ္စတစ်ခုမှာ တစ်စုံတစ်ရာ မဆုံးဖြတ်နိုင်ဘဲ သံသယဖြစ်နေပြီဆိုရင် အဲဒီစိတ်ဟာ တည်ငြိမ်နေမလား၊ လှုပ်ခတ်နေမလား'

'လှုပ်ခတ်နေမှာပေါ့ မင်းသား'

'အဲဒီတော့ ဆင်းရဲမလား၊ ချမ်းသာမလား'

'ဆင်းရဲနေမှာပါ မင်းသား'

'ဟုတ်တယ်၊ ဝိစိကိစ္ဆာကပေးတဲ့ဒုက္ခဟာ အဲဒါပဲ။ တစ်နေရာတည်းမှာ တည်တည်ငြိမ်ငြိမ် ရပ်တည်ရာမရှိဘဲ ပုခက်လွှဲခံရသလို ဟိုဘက်ယိမ်းလိုက်၊ ဒီဘက်ယိုင်လိုက် လှုပ်ခတ်နေရခြင်းဟာ ဝိစိကိစ္ဆာရဲ့သဘော ဖြစ်ပါတယ်။ သူနောက်က ထိန်မိဒ္ဓနဲ့ ဥဒ္ဓစ္စတို့ကလည်း သူနဲ့ မနီးရီးစွဲပါပဲ။ ထိန်မိဒ္ဓဆိုတာက စိတ်တွေ လေးလံထိုင်းမှိုင်းနေတာ၊ ဘာကိုမှ မလုပ်ချင်မကိုင်ချင်၊ မတွေးချင်ဘဲ အသက်ရှိနေပါလျက်နဲ့ အသက်မဲ့သလို ဖြစ်နေတာကို ဆိုလိုပါတယ်။ ဒီတော့ ကုသိုလ်ရေး၊ ပညာရေး၊ စီးပွားရေး ဘာတစ်ခုမှ မလုပ်မကိုင်နိုင်တော့ဘဲ အချည်းနှီးဖြစ်ရတဲ့ ဆိုးကျိုးကို ရတော့တာပေါ့။ သူနောက်က ဥဒ္ဓစ္စဆိုတာကတော့ စိတ်မတည်ငြိမ်ဘဲ ဟိုရောက်ဒီရောက် ပုံလွှင့်နေတာကို ဆိုလိုပါတယ်။ သူလည်း ဆိုးကျိုးကိုပဲပေးတဲ့ ကိလေသာပါပဲ။ စူးစိုက်မှုမရှိဘဲ ပုံလွှင့်နေတဲ့စိတ်ဟာ စွမ်းအင်သတ္တိကင်းမဲ့နေတဲ့ ဗလာဟင်းလင်းစိတ် ဖြစ်လို့ပါ'

ဒကရက္ခိဉ်သည် မင်းသား၏ ရှင်းလင်းချက်များကို နားထောင်မှတ်သားနေလျက်ရှိ၏။ သူ၏စိတ်တွင် ဖြစ်ပေါ်နေခဲ့သော မင်းသားအား နှစ်သက်လေးစားမှုသည် အရှိန်မြင့်တက်လာကာ တစ်စစဖြင့် ကြည်ညိုခြင်းဘက်ဆီသို့ ကူးပြောင်းလာနေခဲ့ပေပြီ။

'ကောင်းပါပြီ အရှင်မင်းသား၊ နောက်ဆုံးကျန်တဲ့ နှစ်ပါးကိုလည်း မှတ်သားနာယူပါရစေဦး'

'နောက်ဆုံးနှစ်မျိုးကတော့ ကုက္ကုစ္စနဲ့ ဣဿာမစ္ဆရိယတို့ပါ။ ကုက္ကုစ္စဆိုတာက နောင်တတစ်ဖန် ပူပန်မှုကို ခေါ်တာဖြစ်တယ်။ မိမိရဲ့ ပြီးခဲ့တဲ့အတိတ်မှာတုန်းက မလုပ်သင့်ဘဲ လုပ်ခဲ့မိတဲ့ မကောင်းမှုအကုသိုလ်တွေကို ပြန်တွေးပြီး စိတ်ဆင်းရဲတာမျိုး၊ တစ်ခါ မိမိလုပ်သင့်ပါလျက်နဲ့ မလုပ်ခဲ့မိတဲ့ ကောင်းမှုကုသိုလ်တွေအတွက် ပြန်တွေးပြီး ပူပင်နေတာလည်း ကုက္ကုစ္စပါပဲ။ အမှန်တော့ လုပ်ခဲ့မိခြင်းဆိုတာရော မလုပ်ခဲ့မိလေခြင်းဆိုတာရော နှစ်ခုလုံးဟာ လွန်ခဲ့ပြီးသော အတိတ်မှာ ကျန်ရစ်နေခဲ့ပြီးတဲ့ ကုသိုလ်အကုသိုလ်တို့သာ ဖြစ်ပါလျက်နဲ့ အခုလက်ရှိ ပစ္စုပ္ပန်ကာလရပ်ပြီး အကြောင်းမဲ့သက်သက် အဖိစီးခံရတဲ့ ပူပင်မှုမျိုး ဖြစ်လို့ သူလည်း ကြောက်စရာကိလေသာတစ်မျိုးပဲ ခြွင်းပါတယ်။ နောက်ဆုံးကိလေသာကတော့ ဣဿာမစ္ဆရိယ ဖြစ်ပါတယ်။ ဣဿာဆိုတာကတော့ မနာလိုခြင်းတရားပါပဲ။ ကိုယ့်ထက် သာလွန်ပြီး ရပ်ရည်လှပတာ၊ ချမ်းသာကြွယ်ဝတာ၊ ပညာတတ်တာ အစရှိအကြောင်းတွေကို အဆိုခံပြီး မနာလိုမှုနဲ့ စိတ်ဆင်းရဲပူပန်နေတာကို ဆိုလိုပါတယ်။ သေသေချာချာ စဉ်းစားလေလေ အဓိပ္ပာယ်မဲ့မဲ့နဲ့ ဆိုးရွားနေတဲ့ ကိလေသာဖြစ်ပါတယ်။ သွေးအေးအေးနဲ့ တွေးကြည့်ပါ ဒကရက္ခိဉ်သိ။ သူဟာသူ သူအကျိုးပေးနဲ့သူ ကိုယ့်ထက် ရုပ်ရည်ချောမောနေတာ ကိုယ်နဲ့ ဘာဆိုင်လို့လဲ။ ဒါ အလကားသက်သက် သွားပြီး မနှစ်မြို့နိုင် မရှုဆိတ်နိုင် စိတ်ပူပန်ဆင်းရဲ ခံစားနေတာမျိုးဟာ ဣဿာရဲ့ လက်ချာပဲ ဖြစ်ပါတယ်။ သူနောက်က မစ္ဆရိယဆိုတာကတော့ မိမိနဲ့သက်ဆိုင်တဲ့၊ မိမိနဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်သတ္တဝါ၊ ပစ္စည်းဥစ္စာ စသည်တို့ကို သူတစ်ပါးက လာဆက်ဆံတာမကြိုက်နိုင်တာမျိုးကို ဆိုလိုပါတယ်။ အလွယ်ဆုံးမြင်သာအောင် ဥပမာပေးရရင် ကိုယ့်အိမ်မှာ သုံးစွဲနေတဲ့ အဆောင်အသေးအဖွဲပစ္စည်းကလေးတစ်ခုကို သူတစ်ပါးက ခဏလောက်သုံးချင်လို့ ငှားစမ်းပါဆိုလာရင် ချောချော မွေ့မွေ့ ကြည်ကြည်ဖြူဖြူနဲ့ မငှားလိုက်နိုင်ဘူး။ မကောင်းတတ်လို့သာ ငှားလိုက်ရတယ်၊ စိတ်ထဲကတော့ ခုတုန်းအောင့်သက်သက်ပဲ ဆိုတာမျိုးပေါ့။ အဲဒါဟာ မစ္ဆရိယတန်ခိုးပါပဲ။ ကိုယ်ချစ်ခင်ပေါင်းဖော် ဆက်ဆံနေတဲ့ မိတ်ဆွေကို သူတစ်ပါးက လာရောနှောဆက်ဆံတာကို မနာလိုနပ်နိုင် ဖြစ်နေတာမျိုး ပူလောင်မှုကို မစ္ဆရိယကပေးပါတာ။

မဟီသမင်းသား၏ ရှင်းလင်းချက်က အဆုံးသတ်သွား

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။ သို့ရာတွင် မိမိအဓိကထား၍ မေးမြန်းခဲ့သော အဓိပ္ပာယ်မှန့် မချိတ်ဆက်မိသေးဟု ဒကရကို့သြက သိ၏။ ထို့ကြောင့် ဆက်လက်ရှင်းလင်းပြရန် တောင်းပန်လိုက်ရ ကြောင်းလေသည်။

"ဟုတ်ပါပြီ၊ အဲဒီကိုလေသာဆယ်မျိုးနဲ့ ဒေဝဓမ္မနဲ့က ဘယ်လိုဆက်နွယ်နေကြတာတဲ့တုံး။ နှိုင်းယှဉ်ဖြေဆိုပေးပါဦး အရှင်မင်းသား"

"ကောင်းပြီ ဒကရကို့သြ၊ အသင် အဓိကထားပြီး မေးမြန်းခဲ့တဲ့ ဒေဝဓမ္မတရားနှစ်ပါးနဲ့ ချိတ်ဆက်မိအောင် ပြန်ပဲ ဖြေရှင်းပါအုံး။ အခုရှင်းပြခဲ့တဲ့ ကိလေသာဆယ်ပါးဟာ စိတ်ကို ပူလောင်စေတတ်၊ ညစ်နွမ်းစေတတ်တဲ့ တရားတွေ ဖြစ်ကြပါတယ်။ အဲဒီဆယ်ပါးထဲက ဘယ်အမျိုးအစားပဲဝင်လာလာ စိတ်ကိုပူလောင်အောင် နှိပ်စက်ကြောင်းတာပါပဲ။ ဒီတော့ သူတို့ဝင်မလာအောင် ထိန်းချုပ်နိုင်ဖို့ ချမ်းသာရာရပါလိမ့်မယ်။ ဒေဝဓမ္မဆိုတာ အဲဒီကိလေသာဆယ်ပါးကို မိမိစိတ်ထဲ ဝင်မလာအောင် ထိန်းချုပ်ထားနိုင်တဲ့ တရားနှစ်ပါးကို ဆိုလိုခြင်းဖြစ်ပါတယ်။ အသိဉာဏ်နဲ့ အနောတ္တပ္ပတို့ကို တစ်ခုစီ ခွဲခြားပြောရရင် အသိဉာဏ်ဆိုတာက မကောင်းမှုအကုသိုလ် အပြစ်ရှိတာတွေကို လုပ်ရမှာ မရွံ့ကြောက်ခြင်းတရားဖြစ်ပြီး အနောတ္တပ္ပ ဆိုတာကတော့ မကောင်းမှုအကုသိုလ် အပြစ်ရှိတာတွေကို လုပ်ရမှာ မကြောက်လန့်ခြင်းတရားတွေ ဖြစ်ကြပါတယ်။ သူ့နှစ်ခုကိုတွဲပြီး ဟိရိဩတ္တပ္ပလို့လည်း ဆိုလေ့ရှိပါတယ်။ ဒီအကြောက်တရားနှစ်ပါးပေါ့။ မကောင်းမှုပြုရမှာကို ကြောက်တဲ့၊ ကြောက်တဲ့ ဒီတရားနှစ်ပါးနဲ့ ထိန်းချုပ်ထားနိုင်ရင် အကုသိုလ်မဖြစ်တော့တဲ့အတွက် စောစောကပြောခဲ့တဲ့ ကိလေသာဆယ်ပါးကိုလည်း တံခါးပိတ်ထားလိုက်ပြီဖြစ်တာမို့ ချမ်းသာနိုင်တော့တာပေါ့"

"ဒါဆိုရင် ဒီတရားနှစ်ပါးက အတော်အရေးကြီးပါလား အရှင်မင်းသား"

ဒကရကို့သြသည် အလွန်စိတ်ဝင်စား ညွှတ်ပျောင်းနေပြီဖြစ်၍ မဟိသမင်းသား၏ ရှင်းလင်းချက်တို့ကို နာယူရုံမျှမက ဝင်ရောက်ဆွေးနွေးမိသည်အထိ ဖြစ်လာတော့၏။

"မှန်ပါတယ် ဒကရကို့သြ၊ အရေးကြီးတဲ့ ဒီတရားနှစ်ပါးကို သတိသမ္ဗဇ္ဈင်နဲ့ စောင့်ထိန်းရပါတယ်။ ဟိရိဩတ္တပ္ပ တရားနှစ်ပါးဟာ အရေးကြီးတာမို့ လောကပါလတရားနှစ်ပါးလို့လည်း တစ်နည်းခေါ်ဆိုကြပါတယ်။ လောကကို စောင့်ရှောက်သော တရားနှစ်ပါးပေါ့။ ဒါကြောင့် သတိသမ္ဗဇ္ဈင်နဲ့ စောင့်ထိန်းကြသင့်တယ်လို့ ဆိုခဲ့ခြင်းဖြစ်တယ်။ သတိသမ္ဗဇ္ဈင်ကင်းမဲ့လို့ ဒီလောကပါလတရားနှစ်ပါး မရှိခဲ့ရင် ဘယ်လောက်အထိ ဆိုးရွားသွားနိုင်တယ်ဆိုတာ အသင် သိပါသလား"

မဟိသမင်းသားက မေးလိုက်၏။ ဒကရကို့သြလည်း ဝန်ခံချက်ပေးလိုက်ရလေသည်။

"ပြောပြပါ အရှင်မင်းသား။ ကျွန်ုပ် သေသေချာချာ မသိပါဘူး"

"မှတ်သားထားပါတော့ ဒကရကို့သြ။ အောက်မေ့မှု၊ သတိနဲ့ ဆင်ခြင်မှု သမ္မဇ္ဈင်မရှိသူဟာ အရှက်အကြောက် ဆိုတဲ့ ဟီရိသြတ္တပ္ပတရားတွေ မရှိနိုင်ဘူး။ ဒီလို အရှက်အကြောက်ဆိုတဲ့ ဟီရိသြတ္တပ္ပ မရှိတဲ့အတွက် ဣန္ဒြေစောင့်ထိန်းမှုဆိုတဲ့ ဣန္ဒြိယသံဝရသီလ မရှိနိုင်ပြန်ဘူး။ သီလ မရှိတဲ့အတွက် တည်ကြည်မှုဆိုတဲ့ သမာဓိ မရှိပြန်ဘူး။ သမာဓိမရှိတဲ့အတွက် ဟုတ်တိုင်းမှန်စွာ သိမှုဆိုတဲ့ ယထာဘူတဉာဏဒဿနဉာဏ် မရနိုင်ပြန်ဘူး။ ဟုတ်တိုင်းမှန်စွာ မသိတဲ့အတွက် ငြီးငွေ့မှုဆိုတဲ့ နိဗ္ဗိဒါဉာဏ်နဲ့ တပ်မက်ခြင်းကင်းမှု ဝိရာဂ မရှိနိုင်ပြန်ဘူး။ နိဗ္ဗိဒါဉာဏ်နဲ့ ဝိရာဂ မရှိရင် ကိလေသာမှ လွတ်မြောက်မှုနဲ့ လွတ်မြောက်မှုကိုသိတဲ့ ပစ္စဝေက္ခဉာဏ်အမြင်၊ တစ်နည်းအားဖြင့် ဝိမုတ္တိဉာဏဒဿနဉာဏ်ဆိုတာ ရှိမလာနိုင်တော့ဘူး။ အဲဒီတော့ မြင့်မြတ်ငြိမ်းအေးတဲ့ သန္တိသုခကို ကိန်းဝပ်ရာ နိဗ္ဗာန်နဲ့ ဝေးပြေပေါ့ ဒကရကို့သြ"

"အိုး..ဟိရိသြတ္တပ္ပ ကင်းမဲ့ခြင်းဟာ ဒီလောက်ဆိုးကျိုးအထိတောင် ပေးနိုင်တယ်ပေါ့ အရှင်မင်းသား"

"မှန်ပါတယ် ဒကရကို့သြ၊ ဒီလောကပါလတရားနှစ်ပါးဟာ ငှက်တစ်ကောင်ရဲ့ အတောင်ပံတစ်စုံနဲ့ တူပါတယ်။ အတောင်ပံတစ်စုံကို ကောင်းစွာထိန်းသိမ်း ပျံသန်းနိုင်တဲ့ ငှက်ဟာ မြင့်သည်ထက် မြင့်ရာက ပျံသန်းပြီး လိုရာခရီး ပန်းတိုင်ကို ရောက်ရှိနိုင်တယ်မဟုတ်လား။ ထိုလောကပါလတရားနှစ်ပါးသည်ပင်လျှင် အသင်သိလိုသော ဒေဝဓမ္မများ ဖြစ်ပါတယ်"

"သာဓု..သာဓု..သာဓုပါ အရှင်မင်းသား"

ဒကရကို့သြသည် မဟိသမင်းသား၏ ရှင်းလင်းချက်များအဆုံးတွင် ဝမ်းမြောက်စွာ သာဓုခေါ်လိုက်မိလေသည်။ သူသိလိုသော ဒေဝဓမ္မနှင့် ပတ်သက်၍လည်း အဆုံးစွန်တော့

www.burmeseclassic.com

www.burmeseclassic.com

နပ်မှုကို ရရှိလေပြီ။ ထို့တရားနှစ်ပါးကို အခြေပြု၍ ကျယ်ဝန်းစွာ ဟောပြောပေးခဲ့သောကြောင့် ဤမင်းသား၏ကျေးဇူးကား ကြီးပေစွ။ ဤမင်းသား၏ ဉာဏ်ပညာကား ကြည်ညိုဖွယ်ရှိပေစွဟု လက်ခံလိုက်ရပေပြီ။ ထို့ကြောင့် အစောပိုင်းတုန်းက မိမိဘက်မှ ပြောထားခဲ့မိသောစကားကို ပြန်ကောက်ရလေသည်။

'အရှင်မင်းသား..သင်ဟာ ဒေဝမွှကို အမှန်သိသူသာ ဖြစ်တယ်။ သိသလိုလည်း တစ်ပါးသူကို သင့်လိုသိအောင် ရှင်းလင်းဟောကြားပေးနိုင်သူဖြစ်တယ်။ သင်နှင့် ကျွန်ုပ်တွေ့စက ကျွန်ုပ်သိလိုသော ဒေဝမွှကို ဖြေဆိုနိုင်ခဲ့ရင် သင့်ညီတော်များနဲ့ပတ်သက်ပြီး ကျွန်ုပ်ဘက်က ဖြေလျှော်ပေးမယ်လို့ ပြောခဲ့ပါတယ်။ ယခု ကျွန်ုပ်၏စကားအတိုင်း ဖြေလျှော်ပေးပါအုံး။ အရှင်မင်းသားရဲ့ ညီတော်နှစ်ပါးအနက် သင်နှစ်သက်ရာတစ်ပါးကို ယူပါလေ။ ကျွန်ုပ် ပြန်လွှတ်ပေးပါ့မယ်'

'ကျွန်ုပ်ကို ညီငယ်အထွေးဆုံး သူရိယမင်းသားကို ပေးပါ ဒကရက္ခိသ်'

ထိုအခါ ဒကရက္ခိသ်သည် များစွာအံ့သြသွားလေသည်။

'အရှင်မင်းသား ညီတော်နှစ်ပါးရှိလျက်နှင့် အဘယ်ကြောင့် ညီထွေးကိုသာ တောင်းချေသနည်း'

'ဒကရက္ခိသ်..အကြီးဆုံးသောသူတို့မည်သည် အငယ်ဆုံး၊ အထွေးဆုံးသောသူတို့ကို ဦးစားပေး၍ အညာတာရဆုံး ဓမ္မတာဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ အငယ်ဆုံး အထွေးဆုံးတို့သည် အင်အားအသေးဆုံး၊ ထောက်ပင့်ကူညီရာကို အလိုအပ်ဆုံးသူတို့ ဖြစ်လို့ပဲ။ ထို့အပြင် ကျွန်ုပ်တို့ ဤတောထဲသို့ နေထိုင်ရန် လာရောက်ခဲ့ကြတာက ဤညီထွေးကြောင့်ပဲဖြစ်တယ်။ ညီထွေးမပါလျှင် ကျွန်ုပ်တို့ မြို့တော်သို့ ပြန်၍မဖြစ်နိုင်တော့ပါ။ ဒါကြောင့် ညီထွေးကိုသာ ဦးစားပေးတောင်းဆိုရခြင်း ဖြစ်ပါတယ်'

သို့ရာတွင် ရေကန်စောင့် ဒကရက္ခိသ်ဘီလူးသည် မဟီသမင်းသားကို ကြည်ညိုလေးမြတ်မိနေပြီဖြစ်ရကား ညီတော်နှစ်ပါးလုံးကို ပြန်လွှတ်ပေးလိုက်လေသည်။ ထို့ကြောင့် မင်းသားညီနောင်သုံးဦးတို့သည် ထိုတောင်ပင် ချမ်းသာစွာ အတူတကွနေထိုင်ခဲ့ကြပြီးလျှင် ခမည်းတော်မင်းကြီး နတ်ရွာစံသောအခါတွင်မှ မြို့တော်သို့ပြန်ကြ၏။ ခမည်းတော်၏ မှာကြားချက်အတိုင်း မြို့တော်ပြန်ရောက်လျှင် နောင်တော်ကြီးမဟီသက ထီးနန်းကို ဆက်ခံ၏။ ညီတော်အလတ် စန္ဒကုမာရမင်းသားသည် အိမ်ရှေ့စံအဖြစ်ခံယူကာ ညီတော်အထွေး သူရိယမင်းသားသည် စစ်သူကြီးအရာကို ရရှိလေသည်။ တောထဲ၌ မိတ်ဆွေဖြစ်ခဲ့သော ဒကရက္ခိသ်ကိုမူ မွေ့လျော်ရာနေရာတွင် ကွန်းတစ်ဆောင် ဆောက်လုပ်ပေး၍ ကျွေးမွေးပြုစုထားကြလေကုန်၏။

♦ ♦ ♦

(၅)

မြတ်စွာဘုရားရှင်သည် ဤသို့သော ဇာတ်ကြောင်းအတိတ်ကို ဆောင်တော်မူပြီးနောက် 'ရဟန်းတို့..ယခုထုတ်ဖော်ဆောင်ခဲ့သော အတိတ်ဇာတ်တော်ထဲမှ ရောက်စောင့် ဒကရက္ခိသ်ဘီလူးသည် ယခုအခါ ဥစ္စာများသော ဤရဟန်း ဖြစ်လာသည်။ ညီထွေးတော် သူရိယမင်းသားသည် ယခုအခါ အာနန္ဒာမထေရ် ဖြစ်လာသည်။ စန္ဒကုမာရဟူသော ညီတော်အလတ်သည် ယခုအခါ အရှင်သာရိပုတ္တရာမထေရ်ဖြစ်လာပြီး နောင်တော်ကြီး မဟီသကားယခု ငါဗုဒ္ဓဘုရားရှင်ပင် ဖြစ်တော့သည်'ဟု ဇာတ်တော်ပေါင်းတော်မူ၏။

ထို့နောက် 'ရဟန်းတို့..ငှက်သတ္တဝါတို့၏ လိုရာခရီးပန်းတိုင်ကို အမြင့်ဆုံးမှ ပျံသန်းရောက်ရှိစေနိုင်သည် အထောက်အပံ့ အတောင်ပံတစ်စုံကို ကောင်းစွာစောရှောက်ကြသကဲ့သို့ မကောင်းမှုအကုသိုလ်များကို မပြုလုပ်ဖြစ်အောင် ထိန်းချုပ်နိုင်စွမ်းကိုပေးသည့် မကောင်းမှုပြုရှက်ခြင်း၊ ကြောက်ခြင်းတည်းဟူသော ဟီရိဩတ္တပ္ပလောပါလ တရားနှစ်ပါးကို မမေ့မလျော့မပေါ့သော သမ်သမ္ဗဇဉ်တို့ဖြင့် ကောင်းစွာထိန်းသိမ်း စောင့်ရှောက်ကွင်းကြရန် ငါဟောကြားတော်မူ၏'ဟု အဆုံးအမကိုပေးတော်ရာ ရဟန်းတို့လည်း ဝမ်းမြောက်စွာ သာဓုခေါ်ကြလေသည်။

အဝတ်သင်္ကန်းတို့ကို စွဲလမ်းမှု ကြီးမား၍ အရှုံးအကြောက်ကင်းမဲ့သလို ဖြစ်ခဲ့ရသော ဥစ္စာများသည် ရဟန်းသည်လည်း အမှန်ကို သိမြင်ခွင့်ရရှိသောကြောင့် မိမိတို့ကို ပြုပြင်ကာ တရားမမှတို့ကိုသာ အဓိကပြု၍ ဆောတည်အားထုတ်ကုန်လေတော့သတည်း။

နန္ဒာစိုး(ဆင်ပြုကွ

ဝန်ခံချက်

(၅၅၀)၊ ဇာနိပါတ်၊ စဉ်-၆၊ ဒေဝမွှဇာတ်တော်ရေးဖွဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သဘာဝဆေးမြစ်စုံ ဆေးပေါင်းဆီ

စေတနာ ဒေါ်စန်းဓိဃားစုများနှင့်

သဘာဝ ဆေးမြစ်စုံ ဆေးပေါင်းဆီသည် တောင်နီ၊ ဗိဿနိုး၊ ရွှေဘိုတောင်ရိုးများမှ ရှာဖွေကျက် မွေးကြီးသော ဆေးမြစ်စုံများဖြင့်သာ ပြုလုပ်ထားပါသည်။ သဘာဝဆေးမြစ်စုံ ဆေးပေါင်းဆီသည် ဒူးနာ၊ ဒူးကိုက်ခြင်း၊ ခါးနာ၊ ခါးကိုက်ခြင်း၊ ကိုယ်လက် ညောင်းညာကိုက်ခဲခြင်း၊ ခန္ဓာကိုယ် ဖောရောင်ခြင်း၊ ခြေလက် ထုံကျင်ခြင်း၊ အဆစ်အမြစ် ရောင်ခြင်းနှင့် သွေးတိုး၊ ကျောက်ကပ် ရောင်ခြင်း၊ ဇက်ကြောတက်ခြင်း၊ လေးဖက်နာ၊ အရိုးကျိုးပေါင်းတက်၊ မိတ်ယားနာ၊ လေဖျန်းခြင်း ရောဂါများနှင့် ကလေးမွေး မီးဖွားနေသည် များပါမကျန် ယောကျ်ားများ၊ မိန်းမ ရောဂါများကို လိမ်းရုံဖြင့် သက်သာပျောက်ကင်းစေပါသည်။

(ရဟန်းသံဃာများကိုလည်း လှူဒါန်းနိုင်ပါသည်။)

အတူအပ သတိပြုပါ

သတိချက် ကျပ်(၅၀၀၀)အထက် မှာယူသုံးစွဲသူအပေါင်းအား အိမ်တိုင်ရာရောက် ပို့ပေးပါမည်။
ဤဆေးကို လိမ်းခြင်းအားဖြင့် အပူများထွက်၍ ခြောက်သွားလျှင် သနပ်ခါးလိမ်းထားသကဲ့သို့ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်ပါသည်။ နံ့သာဖြူ၊ တောင်နံကတိုး၊ ကရမက် စစ်စစ်များလည်း ရနိုင်ပါသည်။

အတွင်းပါကင်ပိတ်နှင့် ဒေါ်စန်းဆေတံပုံ ပါမှသာ အစစ်ဖြစ်ပါသည်။

ဤဆေးကို သုံးစွဲကြသော (၇)ရက်သားသမီးအပေါင်း
ကျန်းမာချမ်းသာကြပါစေ၊ ကျန်းမာချမ်းသာကြပါစေ။

ဆက်သွယ်ရန်း ရန်ကုန်မြို့၊ ဒဂုံမြောက်ပိုင်း၊ (၄၉)ရပ်ကွက်၊ ပဒုမ္မာ(၂)လမ်း၊ ဒေါ်စန်း အိမ်တွင် ရရှိနိုင်ပါသည်။
မြောက်ဒဂုံ ကြိုးတံတားလမ်းအနီး၊ ဖဝ(နီ)၊ ရွှေရန်ကုန် ကားများ ဂိတ်ဆုံး။
ဖုန်း - ၀၉၄၂၀၁၆၃၇၃၃၈၊ ၀၉၄၂၀ ၇၆၄ ၈၅၄၊ ၀၉၂၆၀၆၆၀၅၂၀၊ ၀၉၂၅၅၀ ၈၃၀ ၁၉၄ သို့
ဆက်သွယ်မှာယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မြတ်ဗုဒ္ဓမိန့်ဟန့်ပြခဲ့တော်မူသော တန်ခိုးတော်များ

ရွှေတလေး (လွယ်လင်)

(၁)

တန်ခိုးဟူသည်မှာ စိတ်ကူးယဉ် သက်သက် မဟုတ်၊ အလွန်တိကျ၍ အကြောင်းတရား ခိုင်လုံသော ဝိဇ္ဇာပညာရပ် ဖြစ်သည်။ သိပ္ပံနည်းဖြင့် အတွင်းပိုင်းကျကျ စူးစမ်း၍ မရနိုင်စေကာမူ စနစ်တကျ လေ့လာနိုင်သူ မရှိ၍သာ ခေတ်အမြင်တွင် တန်ခိုးသည် မှုန်ဝါးဝါး ဖြစ်နေခဲ့ရသည်။

လောကဌ် မည်သည့်အရာမျှ အကြောင်းတရား မရှိဘဲ ဖြစ်ပေါ်လာနိုင်ခြင်း မရှိ။ ထို့အတူ တန်ခိုးသည်လည်း လောကသုံးပါးအတွင်း၌ သခါရတရားမျှသာ ဖြစ်သော ကြောင့် အကြောင်းတရား ကင်း၍ မဖြစ်ပေါ်လာနိုင်။ ထို့ကြောင့် တန်ခိုးဟူသည် အလွန်ခိုင်လုံသော အကြောင်းတရားများအပေါ်၌ အခြေစိုက်၍ ဖြစ်ပေါ်လာရခြင်း ဖြစ်ပေသည်။

တန်ခိုးဟူသည် မိုးပေါ်မှ အလိုလိုကျလာသော အရာ မဟုတ်။ မိုးကျရွေကိုယ် မဟုတ်ကြောင်းကို ကြိုတင်သိထားရန် လိုဏ်။ မိမိကိုယ်တိုင် လက်တွေ့လုပ်ယူမှသာ ရနိုင်သော၊ တတ်မြောက်နိုင်သော ဝိဇ္ဇာပညာရပ်တစ်ခုဟု ဆိုရပေမည်။ တစ်နည်းအားဖြင့် တန်ခိုးကို အလွန်သဘာဝကျ၍ လက်တွေ့ဝိဇ္ဇာပညာရပ်ဟု ခေါ်ဆိုထိုက်၏။

တန်ခိုးဖြစ်ခြင်း အကြောင်းတရားများ

ယနေ့ သိပ္ပံထွန်းကားသော ခေတ်ကာလ၌ တန်ခိုးဟူသည်မှာ မဖြစ်နိုင်သောအရာ၊ အခြေအမြစ်မရှိသော အကြောင်းတရား မခိုင်လုံသောအရာ၊ သဘာဝယုတ္တိမကျသောအရာဟူ၍ တစ်ထစ်ချ ယူဆထားကြသည့်အပြင် စိတ်ကူးယဉ်မှုအတတ်ဟုလည်း အကြွင်းမဲ့ လက်ခံထားသူများလည်း ရှိကြသည်။

ဗုဒ္ဓ၏ အဘိဓမ္မာကို သိပ္ပံရှုထောင့်မှ လေ့လာနေကြသော သုတေသီတို့ကလည်း ဗုဒ္ဓသည် တန်ခိုးရှင်မဟုတ်၊

www.burmeseclassic.com

www.burmeseclassic.com

အနှစ်စစ် လောကုတ္တရာပညာရှင် (သို့မဟုတ်) နိဗ္ဗာန် ဆောက်ကြောင်းတရားကို အကြွင်းမဲ့ပိုင်ဆိုင်သော ပုဂ္ဂိုလ်ထူးကြီးသာ ဖြစ်သည်ဟူ၍လည်း လက်ခံထားကြ၏။

အချို့သောသူတို့သည် ဗုဒ္ဓတန်ခိုးရှင် ဖြစ်သည်ဟူသော အချက်ကို လုံးဝဘဝင်ကျသူများ မဟုတ်။ အမှန်အားဖြင့် သူတို့သည် ဗုဒ္ဓရှင်မြတ် အကြွင်းမဲ့ ပိုင်ဆိုင်ထားသော အဘိညာဉ်ခြောက်ပါး၌ တွေဝေနေကြသူများသာ ဖြစ်သည်။

မြတ်ဗုဒ္ဓ၏ ခမည်းတော်နှင့်တကွ ဆွေတော်မျိုးတော်အပေါင်းတို့၏ မာန်မာနကို နှိမ်နင်းသောအခါ ပြုတော်မူသော ရေ၊ မီးအစုံ ယမိုက်ပြာဋိဟာတန်ခိုးတော်။ တိတ္ထိတို့၏ မာန်ကို နှိမ်နင်းရန် သာဝတ္ထိပြည်၌ပြတော်မူသော ရေ၊ မီးအစုံ ယမိုက်ပြာဋိဟာ တန်ခိုးတော်တို့သည် အလွန်ထူးဆန်း အံ့မခန်းဖြစ်၍ ရှုမြင်ရသူတို့၏ဘဝင်၌ ဝိတိလှိုက်၍ ဘက်ကုန်၏။ ထို့ကြောင့် ပြာဋိဟာခန်းပျို့၌-

နတ်လူများမှောက်၊ ထွန်းတောက်ပြာဋိဟာ၊
ခြောက်ဖြာရောင်လွှတ်၊ ပြမည်ဘက်ဟု၊
မိန့်မြတ်စကား၊ တိတ္ထိများတို့၊
ကြားလေကုန်လျှင်ဟူ၍လည်းကောင်း၊
မာရ်မင်းပြေလေ၊ ထွားထွားကြေက၊
အောင်မြေချက်မ၊ ပလ္လင်ရသည်၊
လောကထွတ်ချာ၊ ဘုန်းမြတ်စွာလျှင်၊
ရတနာရောင်ချက်၊ စကြဝဠာတိုက်လုံး၊ ပိတ်ဖုံးမည်းလျှင်း၊
လင်းစေတုံက၊ တန်ခိုးပြမ‥ဟူ၍လည်းကောင်း ရေးစပ်ထားသည်ကို တွေ့ရှိရ၏။

ထိုယမိုက်ပြာဋိဟာသည် ဗုဒ္ဓမြတ်စွာတို့သာလျှင် ပိုင်ဆိုင်နိုင်ခွင့်ရှိသော တန်ခိုးတော်ဖြစ်သည်။ ယင်းယမိုက်ပြာဋိဟာကို ထောက်ရှု၍ ဗုဒ္ဓဟူသမျှ တန်ခိုးရှင်ချည်းသာဖြစ်ကြောင်းကို သိရှိနိုင်၏။

ဗုဒ္ဓမြတ်စွာဘုရားက ခပ်သိမ်းသော သခါရတရားတို့သည် အလွန်ခိုင်လုံသော အကြောင်းတရားတို့ကြောင့် ဖြစ်ပျက်ရကုန်၏။ လောကသုံးပါး၌ အလွန်ခိုင်လုံသော အကြောင်းတရားတို့ကြောင့် အကျိုးတရားတို့ ဖြစ်ပေါ်လာကြရ၏။ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ရ၏။ အကြောင်းတရား မရှိလျှင် အကျိုးတရားလည်း မရှိ။ အကြောင်းချုပ်လျှင် အကျိုးလည်း ချုပ်ရ၏ဟူ၍ ပြတ်ပြတ်သားသား တိတိကျကျ ညွှန်ပြတော်မူခဲ့လေသည်။

ဗုဒ္ဓမြတ်စွာဘုရားက ခပ်သိမ်းသော အကျိုးတရားတို့သည် အလွန်ခိုင်လုံသော အကြောင်းတရားများကြောင့် ဖြစ်ပေါ်ရကြောင်းကို ခိုင်လုံစွာ ညွှန်ပြထားသောကြောင့် လောကဌ် မည်သည့်အကျိုးတရားမျှ အကြောင်းတရားကင်း၍ မဖြစ်နိုင်ပုံကို သိရှိနိုင်ကြရပေသည်။

ထို့ကြောင့် တန်ခိုးဟူသည်မှာလည်း သူ့အလိုလို ဖြစ်ပေါ်လာရသောအရာမဟုတ်။ အလွန်ခိုင်လုံသော အကြောင်းတရားများကိုမှီ၍ ဖြစ်ပေါ်လာရသော အကျိုးတရားများသာ ဖြစ်သည်။ ထို့ကြောင့် တန်ခိုးဟူသည်မှာ မလုပ်ဘဲ မရနိုင်။ ကြိုးစားအားထုတ်၍ အလုပ်လုပ်ယူမှသာ ရနိုင်သောအရာ ဖြစ်ပေ၏။

တန်ခိုးဟူသည်မှာ အလွန်တိကျပြတ်သား သိပ်ပွန်းကျသော စိတ်အစွမ်းသတ္တိ၏ အမြင့်မားဆုံးသော ပန်းတိုင်သို့ ရောက်ရှိသွားပါက အသမ္ဘိန္နသဘောကိုဆိုက်၍ မိမိကံကုန်၍ သေခြင်းမှတစ်ပါး၊ မည်သူမျှ ဘေးအန္တရာယ် မပြုနိုင်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်အဖြစ်သို့ ရောက်ရှိသွားရသည်။

တန်ခိုးဖြစ်ပေါ်ရန် (သို့မဟုတ်) တန်ခိုးရှင် ဖြစ်လာရန်မှာ အခြေခံအကြောင်းတရားကြီး လေးပါးရှိသည်။ ယင်းအခြေခံအကြောင်းတရားကြီး လေးပါးမှတစ်ပါး တန်ခိုးဖြစ်ပေါ်လာရန် စွမ်းနိုင်သော အခြားအကြောင်းတရား တစ်စုံတစ်ရာဟူ၍မရှိ။ အခြေခံအကြောင်းတရားကြီး လေးပါးဟူသည်မှာ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝိမံသဟူ၍ပင် ဖြစ်လေ၏။

သို့ကြောင့် မြတ်ဗုဒ္ဓက-

စတ္တာရော ဣဒ္ဓိပါဒါ ဆန္ဒ သမာဓိ၊ ပဓာနသင်္ခါရ သမန္နာဂတံ ဣဒ္ဓိပါဒံ ဘာဝေတိ၊ ဝီရိယသမာဓိ၊ ပ စိတ္တ သမာဓိ၊ ပ ဝိမံသာ သမာဓိ ပဓာန သင်္ခါရ သမန္နာဂတံ ဣဒ္ဓိပဒံ ဘာဝေတိ‥ဟူ၍ ဣဒ္ဓိပါဒဝိဘင်းပါဠိတော်၊ ဣဒ္ဓိပါဒသံယုတ် နိကယ်ပါဠိတော်တို့၌ ညွှန်ပြတော်မူထားလေသည်။

<u>မြတ်ဗုဒ္ဓညွှန်ပြတော်မူသော တန်ခိုးဆယ်မျိုး</u>

ဗုဒ္ဓမြတ်စွာဘုရားရှင်က ဣဒ္ဓိ ယောထိ ဒဿဣဒ္ဓိ ယော ဟူ၍ တန်ခိုးဆယ်မျိုးရှိကြောင်း ညွှန်ပြထားတော်မူပြန်သည်။

ထိုဣဒ္ဓိတန်ခိုးဆယ်မျိုးတို့မှာ-

www.burmeseclassic.com

၁။ များသည်၏ အဖြစ်ကို (သို့မဟုတ်) ရုပ်အများဖြစ်အောင် အဓိဋ္ဌာန်ရသော အဓိဋ္ဌာန်ကြွင်းတန်ခိုး၊

၂။ ရုပ်အမျိုးမျိုးတို့ကို ဖန်ဆင်းနိုင်သော ဝိကုဗ္ဗနာ ကြွင်းတန်ခိုး၊

၃။ စျာန်စိတ်ဖြင့် တစ်ပါးသောကိုယ်ကို ဖန်ဆင်းနိုင်သော မနောမယကြွင်းတန်ခိုး၊

၄။ အရဟတ္တမဂ်ဉာဏ်၏ ပျံခြင်းအဟုန်ရှိသော ဉာဏဝိပ္ဖာရာကြွင်းတန်ခိုး၊

၅။ သမာဓိ၏ ပျံခြင်းအဟုန်ရှိသော သမာဓိဝိပ္ဖာရာကြွင်းတန်ခိုး၊

၆။ အရိယာ၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော အရိယာကြွင်းတန်ခိုး၊

၇။ အမှတ်မထင်သောကံ၏ အကြောင်းကြောင့် ဖြစ်ရသော ကမ္မဝိပါကဇကြွင်းတန်ခိုး၊

၈။ လွန်ကဲသော ဘုန်းကံပါရမီရှိသူတို့၏ အဖြစ်ကို ရခြင်းဟူသော ပုညဝတောကြွင်းတန်ခိုး၊

၉။ အာတပ္ပနကျမ်းအတတ်တို့ကြောင့် ဖြစ်ရသော ဝိဇ္ဇာမယိဒ္ဓိတန်ခိုး၊

၁၀။ အမှုကြီးငယ်တို့၌ သင့်လျော်သော ဥပါယ်တံမျဉ်ဖြင့် အားထုတ်ခြင်းကြောင့် ပြီးစီးပြည့်စုံသော သမ္မာပယောဂ ပစ္စယကြွင်းတန်ခိုး စသည်တို့ဖြင့် ဝေဖန်ပိုင်းခြားပြတော်မူထားသည့် တန်ခိုးများပင် ဖြစ်လေသည်။

(၁) အဓိဋ္ဌာန်ကြွင်းတန်ခိုး

မိမိကိုယ်ခန္ဓာမှ ရုပ်တူကိုယ်ပွားများ တစ်ရာ၊ တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်း ဖြစ်စေသတည်းဟု အဓိဋ္ဌာန်၍ နှလုံးသွင်းလိုက်သောအခါ အဓိဋ္ဌာန်အတိုင်း (သို့မဟုတ်) အဓိဋ္ဌာန်၍ ဖန်ဆင်းသည့်အတိုင်း ရုပ်ပွားများဖြစ်ပေါ်လာရသောကြောင့် အဓိဋ္ဌာန်တန်ခိုးဟု ခေါ်သည်။

(၂) ဝိကုဗ္ဗနာတန်ခိုး

အဘိညာဉ်ရပြီးသောသူသည် မိမိ၏ ပြကတ္တေရုပ်အဆင်းသဏ္ဌာန်ကိုစွန့်၍ သူငယ်သဏ္ဌာန်၊ ဆင်သဏ္ဌာန်၊ မြင်းသဏ္ဌာန်၊ စစ်သည်ဗိုလ်ပါ အခင်းအကျင်း စသည်ဖြင့် ရုပ်အဆင်းသဏ္ဌာန် အမျိုးမျိုးတို့ကို ဖန်ဆင်းနိုင်စွမ်းရှိသောကြောင့် ဝိကုဗ္ဗနာတန်ခိုးဟု ခေါ်သည်။

(၃) မနောမယကြွင်းတန်ခိုး

မိမိနှင့်အလားတူ တန်ခိုးရှိသည့် အဘိညာဉ်စိတ်ဖြင့် ပြီးသော နိမ္မိတရုပ်ပွားတစ်ခုကိုသော်လည်းကောင်း၊ အများကိုသော်လည်းကောင်း ဖန်ဆင်းနိုင်စွမ်းရှိသောကြောင့် မနောမယကြွင်းဟု ခေါ်သည်။

အထက်တွင် ရေးသားဖော်ပြထားသော တန်ခိုးသုံးပါးကို ကြွင်းဝိစအဘိညာဉ်ဟုခေါ်ကြောင်း ဝိသုဒ္ဓိမဂ်၌ ဖွင့်ဆိုထားသည်။

ထို့ကြောင့် ပရမတ္ထသရူပဘေဒနီ၌ ထိုတွင်ကားတစ်အများဖြစ်ဟု၊ စလစ်အမှန်၊ အဓိဋ္ဌာန်ပင်၊ ကိုယ့်အသွင်ကို စွန့်လျှင်ဝိကုဗ်၊ အဟုတ်ခေါ်ဆို၊ ဤကိုယ်အတွင်း၊ ဖန်ဆင်းကာယော၊ မနောမယ၊ ဤသုံးဝ၊ ဝိကြွင်းခြင်းဟူ၍ ရေးစပ်ထားလေ၏။

(၄) ဉာဏဝိပ္ဖာရာကြွင်းတန်ခိုး

အရဟတ္တဖိုလ်ဉာဏ် ဖြစ်သည်မှ ရှေးဝိပဿနာဉာဏ်၌လည်းကောင်း၊ အရဟတ္တမဂ် ဖြစ်ဆဲသောခဏ၌လည်းကောင်း၊ အရဟတ္တမဂ်ဉာဏ်၏ အာနုဘော်ကြောင့် ဖြစ်ရသောတန်ခိုးကို ခေါ်သည်။

အနိစ္စနုပဿနာဖြင့် နိစ္စသညာကို ပယ်ခြင်းကြောင့် ပြည့်စုံ၏။ ဤသို့ အရဟတ္တမဂ်ဉာဏ်၏ အဟုန်ရှိသော တန်ခိုး ဖြစ်ရ၏။ အရဟတ္တမဂ်ဉာဏ်ဖြင့် အလုံးစုံသော ကိလေသာတို့ကို ပယ်ခြင်းကြောင့် ဉာဏဝိပ္ဖာရာကြွင်းတန်ခိုး ဖြစ်ရပေသည်။ ဥပမာအားဖြင့် ပြဆိုရသော် အရှင်ဗာကုလ မထေရ်၊ အရှင်သံကိစ္စ မထေရ်တို့နှင့် အရှင်ဘူတပါလ မထေရ်တို့ ရရှိသောတန်ခိုးမှာ ဉာဏဝိပ္ဖာရာကြွင်းတန်ခိုး ဖြစ်၏။

(၅) သမာဓိဝိပ္ဖာရာကြွင်းတန်ခိုး

ပထမစျာန် စသည့်သမာဓိမဖြစ်မီ ဥပစာရခဏ၌လည်းကောင်း၊ နောက်သမာပတ်လေ့ကျက်သည်၏ အဆုံး၌လည်းကောင်း၊ သမာပတ်ဝင်စားနေဆဲ ခဏ၌လည်းကောင်း၊ သမာဓိအစွမ်းကြောင့်ဖြစ်သော ထူးခြားမှုကို ဆို၏။

ပထမစျာန်ဖြင့် နိဝရဏတရားတို့ကို ပယ်နိုင်စွမ်းသောကြောင့် သမာဓိဝိပ္ဖာရာတန်ခိုးမည်၏၊ နေဝသညာနာသညာ ယခုနစျာန်သမာပတ်ဖြင့် အာကိဉ္စာညာယတနသညာကို ပယ်နိုင်စွမ်းရှိသောကြောင့် သမာဓိဝိပ္ဖာရာကြွင်းတန်ခိုးမည်၏။ ဥပမာအားဖြင့် ပြဆိုရသော် အရှင်သာရိပုတ္တရာမထေရ်မြတ်၊ အရှင်သင်္ခဝမထေရ်၊ အရှင်ကောဏ္ဍညမထေရ်၊ ဥတ္တရာပါသိက၊ သမာဓိဥပါသ

www.burmeseclassic.com

www.burmeseclassic.com

ကို ရရှိသော တန်ခိုးမှာ သမာဓိဝိပ္ပဓာရာဏာဇ္ဈဒ္ဓိတန်ခိုးပင် ဖြစ်၏။

(၅) **အရိယာဇ္ဈဒ္ဓိတန်ခိုး**

စက်ဆုပ်ရွံရှာဖွယ် စသည့်အာရုံတို့၌ စက်ဆုပ်ရွံရှာ မဟုတ်ဟု အမှတ်ပြု၍ နေနိုင်ခြင်းကို ခေါ်သည်။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားရှင်က-

အရိယာတို့၏ ကိုယ်ပိုင်တန်ခိုးသည် အဘယ်နည်းဟူ၍ ဤသာသနာတော်၌ ရဟန်းသည် စက်ဆုပ်အပ်သော အာရုံ၌ စက်ဆုပ်စရာမဟုတ်ဟု အမှတ်ပြု၍နေရန် အလိုရှိသော်၊ ထိုအာရုံ၌ စက်ဆုပ်စရာမဟုတ်ဟု အမှတ်ပြု၍နေ၏။ ထိုဣဒ္ဓာရုံ၊ အနိဋ္ဌာရုံတည်းဟူသော အာရုံ၌ အင်္ဂါကြောက်ပါးရှိသော ဥပေက္ခာစိတ်ဖြင့် လျစ်လျူရှု၍ သတိနှင့် ပြည့်စုံကာ အဆင်အခြင်ဉာဏ်ပညာရှိသည် ဖြစ်နေ၏ဟူ၍ ဟောတော်မူသည်။

စိတ်ကို အစိုးရပိုင်သဘောအဖြစ်ကို စိတ်၏ ဝသီဘော ဟု ခေါ်ကုန်သော ဘုရား၊ ရဟန္တာအရှင်မြတ်တို့သာလျှင် ပြီးမြောက်နိုင်သောကြောင့် အရိယာဇ္ဈဒ္ဓိတန်ခိုးဟု ခေါ်သည်။ ဤသဝန္တာ အရိယာအရှင်မြတ်တို့သည် ဣဋ္ဌာရုံကို အနိဋ္ဌာရုံအဖြစ် အနိဋ္ဌာရုံကို ဣဋ္ဌာရုံအဖြစ်နှင့် ရှုမြင်နိုင်စွမ်းရှိ၏။ ထို့ကြောင့် အရိယာဇ္ဈဒ္ဓိတန်ခိုးဟု ခေါ်ခြင်းဖြစ်သည်။

(၆) **ကမ္မဝိပါကဇဇ္ဈဒ္ဓိတန်ခိုး**

ငှက် စသည်တို့ ကောင်းကင်၌ ပျံသန်းသွားနိုင်ခြင်းသည် ကံ၏ အကြောင်းကြောင့် ဖြစ်ရခြင်းဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားရှင်က-

ခပ်သိမ်းသော ငှက်တို့သည်လည်းကောင်း၊ ခပ်သိမ်းသော နတ်တို့သည်လည်းကောင်း၊ အချို့သော နတ်တို့သည်လည်းကောင်း၊ အချို့သော လူသားတို့သည်လည်းကောင်း၊ အချို့သော ဝိနိပါတိက အသူရာတို့သည်လည်းကောင်း ကောင်းကင်၌ ပျံသန်းသွားနိုင်ခြင်းသည် အကြောင်းတရား ရှိသော ကံကြောင့်ဖြစ်ရသည့် ဇဇ္ဈဒ္ဓိတန်ခိုးမည်၏ဟု ဥဒ္ဒေသ ပြုတော်မူသည်။

(၇) **ပုညဝတောဇဇ္ဈဒ္ဓိတန်ခိုး**

စကြဝဠာမင်း စသည့် လူသားတို့၏ ကောင်းကင်၌ သွားလာနိုင်ခြင်းသည် အလွန်ကြီးမားသောကောင်းမှုကြောင့် ဖြစ်၍ ပုညဝတောဇဇ္ဈဒ္ဓိတန်ခိုးဟု ခေါ်သည်။ အကျဉ်းအားဖြင့် ကောင်းမှုဟူသော အကြောင်းတရား ရင့်ကျက်ခြင်းသို့ ရောက်သောအခါ ပြီးစီးပြည့်စုံသော အကျိုးထူးသည် ပုညဝတောဇဇ္ဈဒ္ဓိ မည်၏။

(၉) **ဝိဇ္ဇာမယိဒ္ဓိတန်ခိုး**

ဝိဇ္ဇာဓိရ် စသူတို့ကောင်းကင်၌ ပျံသွားနိုင်ခြင်း စသော တန်ခိုးသည် အတတ်ပညာကြောင့်ဖြစ်ရသော တန်ခိုးဖြစ်၏။

ထို့ကြောင့်-

ဝိဇ္ဇာဓိရ်တို့သည် ဂန္ဓာရီ စသော မန္တရားမန်းမှုတ်ခြင်း အစွမ်းဖြင့် ကောင်းကင်၌ သွားလာကုန်၏။ ကောင်းကင်၌ ဆင်တပ်ကိုလည်း ပြနိုင်၏။ စစ်သည်အခင်းအကျင်း သေနင်္ဂဗျူဟာအတတ်ကိုလည်း ပြနိုင်၏ဟူ၍ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ တိကျစွာ ညွှန်ပြထားတော်မူသည်။ ထို့ကြောင့် ဝိဇ္ဇာဓိရ်တို့၊ ထိုထိုမန္တန်၊ ဆေးစွမ်းအနှံဖြင့်၊ မိုးပျံနိုင်လျှင်၊ ဆင်မြင်းရုပ်ပုံ၊ စစ်တက်ပုံပြ၊ ဝိဇ္ဇာပျံတည်းဟူ၍ ရေးသားစပ်ဆိုထား၏။

(၁၀) **သမ္မာပယောဂပစ္စယာဇ္ဈဒ္ဓိတန်ခိုး**

ထိုထိုသော အခြင်းအရာအားဖြင့် သင့်လျော်သော အားထုတ်ခြင်းကြောင့် အလိုရှိအပ် ပြီးစီးစေအပ်သောအမှု၏ လိုတိုင်းပြည့်စုံခြင်းကို ခေါ်သည်။

ယင်းတန်ခိုးသည် ပထမစျာန်ဖြင့် ကာမစ္ဆန္ဒ စသည့် နိဝရဏတို့ကိုပယ်ခြင်း၊ အရဟတ္တမဂ်ဖြင့် အလုံးစုံသော ကိလေသာတို့ကိုပယ်ခြင်း စသည်တို့ကြောင့် သမ္မာပယောဂပစ္စယာဇ္ဈဒ္ဓိတန်ခိုး မည်၏ဟူ၍ ဟောတော်မူသည်။

ထူးခြားချက်မှာ အဋ္ဌကထာ၌ စစ်သေနင်္ဂဗျူဟာ အတတ်၊ သင်္ခ်ာအတတ်၊ ဗေဒင်ဆေးဝါးမန္တရား၊ စာပေ၊ ဝိဇ္ဇာကတ်၊ ယုတ်စွအဆုံး လယ်ယာထွန်ယက် စိုက်ပျိုးခြင်းအတတ် စသည်တို့ကို ပြီးပြည့်စုံရသော အကျိုးထူးသည် သမ္မာပယောဂပစ္စယာဇ္ဈဒ္ဓိတန်ခိုး မည်၏ဟူ၍လည်း ဖွင့်ဆိုထားပြန်၏။

သို့ကြောင့် အထက်တွင် ရေးသားဖော်ပြခဲ့သော တန်ခိုးဣဒ္ဓိပါဒ်များနှင့်စပ်လျဉ်း၍ ဗုဒ္ဓမြတ်စွာဘုရားရှင်က ဒီဃနိကာယ်၊ သီလက္ခန္ဓပါဠိတော်၊ သံယုတ်ပါဠိတော်များနှင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်တို့တွင် ပိုင်းခြားညွှန်ပြထားခဲ့ခြင်း ဖြစ်ပေတော့သတည်း။

သုခီအတ္တာနံ ပရိဟရန္တု

ရွှေတလေး(လွယ်လင်)

ကျမ်းကိုး * *ဆရာဒဂုန်ထွန်း(ဓမ္မကထိက)၏ ဗုဒ္ဓ၏ သမထတန်ခိုးများစာအုပ် (၁၉၉၅)ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ဒုတိယအကြိမ်။*

www.burmeseclassic.com

အာကာသ(သာစည်)

ရဟန်းတော်များ ဝတ်ရုံဆင်မြန်း တံခွန်သဖွယ်မည်သောသင်္ကန်း

ရဟန်းသံဃာတော်များ ဝတ်ရုံသော သင်္ကန်းသည် သစ်ခေါက်ဆိုးရည် ဆိုးထားသော နီကြန်းကြန်၊ နီညိုညို အရောင်၊ ရွှေဝါရောင် ပိတ်စဖြစ်သည်။ ပိတ်စချင်းတူလျက် သင်္ကန်းကို အဘယ်ကြောင့် ကော်ရော်မြတ်နိုး ရှိခိုးခြင်းအမှု ပြုနေကြသနည်း။

ဤအကြောင်းကို ရှင်ဥပါလိမထေရ်မြတ်က မြတ်စွာဘုရားရှင်အား မေးလျှောက်တော်မူခဲ့သည်။

မြတ်စွာဘုရားရှင်က ရှင်ဥပါလိမထေရ်၏ အမေးကို 'ချစ်သားဥပါလိ..ရှေးလွန်လေပြီးသော ဘုရားတို့ သည်လည်းကောင်း၊ ယခုပွင့်ဆဲ ပွင့်လတ္တံ့သော ဘုရားတို့ သည်လည်းကောင်း ဤဖန်ရည်စွန်းသော သင်္ကန်းဖြင့်သာ ကိလေသာအညစ်အကြေးကို ပယ်သတ်ကြကုန်သည်။ ပိတ်စချင်း တူသော်ငြားလည်း ဖန်ရည်စွန်းသော သင်္ကန်းသည် ကိလေသာတို့ကို သန့်စင်ရာ၊ မင်္ဂိုလ်နိဗ္ဗာန်သို့ မျက်မှောက်ပြုရာအတွက် တံခွန်သဖွယ်ဖြစ်သဖြင့် ရှိခိုးဦးခိုက်ထိုက်ပေသည်'ဟု မိန့်တော်မူ၏။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် တစ်ဆယ့်ခြောက်နှစ်အရွယ်တွင် မင်းဖြစ်၍ မင်း၏စည်းစိမ်ကို တစ်ဆယ့်သုံးနှစ်မျှ စံစားတော်မူ၏။ သင်္ကေတနှစ်ဆယ့်ကိုးနှစ်သို့ ရောက်သောအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်းနိမိတ်ကြီးလေးပါးကို မြင်တော်မူ၍ မဟာသတ္တရာဇ် (၉၇) ခုနှစ်၊ ဝါဆိုလပြည့် သန်းခေါင်ယံတွင် တောထွက်တော်မူလေ၏။

ယူဇနာသုံးဆယ်မျှသော ခရီးကိုလွန်၍ အနောမာမြစ်ကိုတွေ့လျှင် တစ်ဖက်ကမ်းသို့ကူးကာ ဆန္နအမတ်ထံ ဆင်ဝတ်တော်မူသော တန်ဆာနှင့် မြင်းတော်ကိုအပ်ပြီး နေပြည်တော်သို့ ပြန်ခိုင်းစေ၏။ အလောင်းတော်လည်း ဤကောင်းမြတ်သော ကာသိတိုင်းဖြစ် ပုဆိုး၊ အင်္ကျီတို့နှင့် မလျှောက်ပတ်ချေဟု အကြံဖြစ်တော်မူ၏။ ဤတွင် ကဿပဘုရားရှင် လက်ထက်တော်က အဆွေဖြစ်ခဲ့ဖူးသော ဃဋိကာရ ဗြဟ္မာမင်း ရောက်လာ၍ ပရိက္ခရာရှစ်ပါးနှင့်တကွသော ကြာသင်္ကန်းအစုံကို ကပ်လှူတော်မူ၏။

ဘုရားအလောင်းတော်သည် တံခွန်နှင့်တူသောသင်္ကန်းကို ဝတ်ရုံ၍ ကိလေသာအပေါင်းကို ထောင်းထောင်းပိုင်းဖြတ်လျက် မဂ်လေးတန်ကို အစဉ်အတိုင်း ရအပ်တော်မူ၏။ ထိုမဂ်ဖိုလ်ကို ဆင်ခြင်ရာ အလုံးစုံသောတရားတို့ကို သိတော်မူသည့် သဗ္ဗညုတဉာဏ်တော်ကိုရ၍ မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အကုန် နေအရုဏ်တက်ချိန်တွင် ဘုရားစင်စစ် ဖြစ်တော်မူလေ၏။

ဘုရားရှင်သည် ရဟန်းတို့၏ တံခွန်ဖြစ်သော သင်္ကန်းကို အခြားသော ပိတ်စများနှင့် အတူတူပဲဟူ၍ ကမ္ဘာ့ကမည်းပြုမည်ကို ရှုမြင်တော်မူ၏။

ထို့ကြောင့် ဥပါလိမထေရ်မြတ် အား-

'ချစ်သားဥပါလိ..လမ်းဆုံလမ်းခွ အမှိုက်ပုံတို့၌ ထားသည့် အညစ်အကြေးလိမ်းကပ်သော သင်္ကန်းစများကို တွေ့လျှင် မရိုမသေ မအပ်မရာ မပြုလုပ်ရာ။ ရဟန်းတို့၏ တံခွန်ပါကတားဟူ၍ အောက်မေ့လျက် ရှိခိုးထိုက်သည်သာ ဖြစ်သည်'ဟု မိန့်တော်မူလေ၏။

ရှင်ဥပါလိမထေရ်မြတ်သည် ဘဝဟောင်းကို ပြောင်း၍ မြင်သောအခါမှစ၍ များစွာသောလူအပေါင်းအား ငါးဆယ့်လေးဂါထာတို့ဖြင့် သြဝါဒပေးတော်မူ၏။

ထိုသို့ မပြတ် ဆုံးမမိန့်ကြားရာတွင်-

'သည်းညည်းခံခြင်း၊ မည့ဉ်းဆဲခြင်း၊ မေတ္တာထားခြင်းဖြင့် နတ်နှင့်တကွသော လူတို့ကို ဘုရား၊ ပစ္စေကဗုဒ္ဓါ သံဃာတော်မြတ်တို့အား မဆန့်ကျင်ရာ။ ထိုထိုပုဂ္ဂိုလ်များ ဝတ်ရုံတော်မူသည့် လမ်းခရီး၌ စွန့်ပစ်အပ်သော၊ မစင်လိမ်းကပ်သော သင်္ကန်းကို မြင်တွေ့ဘိသည်ရှိသော် ဦးခေါင်းထက် လက်အုပ်ချီခြင်းကိုပြု၍ အရဟာတ္တဖိုလ်၏ ပစ္စည်းဖြစ်ပေသည်ဟု ရှိခိုးအပ်၏'ဟူ၍ ဟောဖော်တော်မူခဲ့သ

www.burmeseclassic.com

www.burmeseclassic.com

ရဟန်းတော်များ ဝတ်ရုံသော သင်္ကန်းနှစ်ပါးရှိရာ လူ့ပြဿာ ဒါယကာတို့ ပေးလှူသော သင်္ကန်းနှင့် ပုံသက္ကတ်၍ရသော သင်္ကန်းဟူ၍ ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ဥရုဝေလ ကဿပ၏အနီးတောင်းကုပ်တစ်ခုဌ သီတင်းသုံးနေတော်မူစဉ်တွင် လူသေကောင်ကို အဝတ်များရစ်ပတ်လျက် စွန့်ပစ်ထားသည်ကို တွေ့တော်မူ၏။ ကိုယ်တော်တိုင် ပုပ်ပွနေသော ရုပ်အလောင်း အဝတ်များကို ပုံသက္ကကောက်ယူတော်မူ၏။ ထိုအဝတ်ကို သစ်ခေါက်ရည်များဆိုး၍ သင်္ကန်းလျာအဖြစ် ချုပ်တိုက်တိုး ဝတ်ရုံတော်မူလေ၏။

ပုံသက္ကကောက်၍ ချုပ်လုပ်ဝတ်ရုံခြင်းကို နောင်တွင် ရဟန်းတော်များ အတုယူကြစေရန်ဖြစ်သည်။ ငါတို့ဆရာဘုရားသည်ပင် လူသေကောင်မှ အဝတ်ကို ယူ၍ သင်္ကန်းပြုကာ ဝတ်ရုံသေးသည်။ ငါတို့လည်း ချုပ်လုပ်နေသော သင်္ကန်းကို မရလျှင်ရှိစေ ဘုရား၏ထုံးတမ်းလျက် ပုံသက္ကကောက်ယူ ဝတ်ရုံလျက် မဂ်တရားကို ဟူ၍ စိတ်အကြံဖြစ်ပြီး မာန်မာနချိုးနှိမ်တတ်ရန် ဖြစ်သည်။

ဤသည်ကို ရည်ရွယ်၍ ရဟန်းတော်များ ရဟန်းသိမ်ဝင်သောအခါ ရဟန်းလောင်းကို သိမ်အတွင်း၌ ခြင်းကြ၏။ မှီဝဲအပ်သော တရားလေးပါးနှင့် မမှီဝဲအပ်သော တရားလေးပါးအား ဖော်ပြရာ သင်သည် သာသနာ့တော်မြတ် ရဟန်းအဖြစ် နေသမျှကာလပတ်လုံး ပုံသက္ကကောက်ကို အမှီပြု၍ ရဟန်းပြုအပ်သည်။ ရှေးဘုန်း ရှေးကံကြောင့်ကား ဒါယကာတို့လှူသော သင်္ကန်းကို ဝတ်ရုံပါလော့ဆုံးမခြင်း ဖြစ်လေ၏။

မြတ်စွာဘုရားရှင်၏ လက်ယာတော်ရံ ရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံ ရှင်မဟာမောဂ္ဂလာန်တို့သည် အဂ္ဂသာဝကကြီးများ ဖြစ်တော်မူကြ၏။ ဘုရားရှင်သည် အနာသဝဉာဏ်တော်ဖြင့် ကြည့်တော်မူရာတွင် ထိုပုဂ္ဂိုလ်သည် မိမိ၏ အရင်အဦး၌ပင် ပရိနိဗ္ဗာန်စံဝင်ကြမည်ကို မြင်တော်မူ၏။

မိမိလွန်သော် ကိုယ်တော့်အရာ ဆက်ခံပြီး အနာဂတ်အနာတော်မြတ်ကြီးအား မယိမ်းမယိုင် ထိန်းသိမ်းနိုင်ကြကိုလည်း ရှုမြင်ဆင်ခြင်တော်မူလေ၏။ ရှင်မဟာမောဂ္ဂလာန်အလောင်းဖြစ်သော ဝိပွလိလုလင်သည် မြတ်စွာဘုရားရှင်၏ သာသနာတော်သို့ဝင်ရန် ရှင်ရဟန်းပြု၍ လာသည်ကို မြင်တော်မူ၏။

ရှင်မဟာကဿပ အလောင်းသည် ဝိပဿီဘုရားရှင် ပွင့်တော်မူစဉ်က ဇောတသာဠကပုဏ္ဏား ဆင်းရဲသားဘဝတွင် ဘုရားရှင်အား ကိုယ်တော်ဝတ်ပုဆိုးကို သင်္ကန်းအမှတ်ဖြင့် လှူခဲ့ဖူး၏။ ထိုကုသိုလ်အရိုန်အဟုန် စွမ်းပကားကြောင့် ပစ္စက္ခဘဝ၌ပင် ဘုရင်၏ ချီးမြှောက်ခြင်းကိုခံရပြီး သေလွန်သောအခါ တာဝတိံသာနတ်ပြည်တွင် နတ်သားဖြစ်၏။

ဤဘဒ္ဒကမ္ပာဝယ် ကောဏာဂုံဘုရားနှင့် ကဿပဘုရားအကြား၌ ဟရာဏသီပြည်တွင် သူကြွယ်မျိုးဖြစ်၏။ အိမ်ရာထောင်ခြင်းဖြင့်နေ၍ တစ်နေ့ တောကစားထွက်လေသော် ရေနှီးသော တောအုပ်တစ်ခုဌ၌ ပစ္စေကဗုဒ္ဓါတို့၏ ကျောင်းကိုမြင်၍ ကျောင်းသို့ ဝင်၏။

ရှင်ပစ္စေကဗုဒ္ဓါတို့လည်း သင်္ကန်းချုပ်လုပ်လျက်ရှိရာ အနားပတ် မလောက်သဖြင့် ခေါက်ထားခြင်းငှာ ရုံးစုသည်ကို မြင်လျှင် အရှင်ဘုရားတို့ သင်္ကန်းမလောက်သလောဟု လျှောက်၏။ အနားပတ်တင်ရန် လိုသေးကြောင်းပြောလျှင် ကိုယ်တွင်ဝတ်သော ပုဆိုးကိုဖြတ်၍ လိုအပ်သမျှ သုံးတော်မူပါဟု လှူ၏။

ဤကောင်းမှုကုသိုလ်အကျိုးသည် လူပြည်နတ်ရွာ စုန်ဆန်ကာ စံစားပြီးနောက် တစ်ခုသောဘဝ၌ ဟရာဏသီပြည်မှ အမတ်ကြီးသားဖြစ်၏။ သန့်စင်လှပပြီး လူအပေါင်းတို့ နှစ်သက်စဖွယ်ရှိလှ၍ နန္ဒိယဟူသော အမည်ကို မှည့်၏။

နန္ဒိယသတို့သား အရွယ်ရောက်ချိန်တွင် ကြီးစွာသော နက္ခတ်သဘင်ပွဲဖြစ်ရာ သွားရောက်ရှုမြူး ပျော်ပါးခြင်းငှာ မိခင်ထံ အဝတ်တန်ဆာကိုတောင်း၏။ မိခင်လည်း အဖိုးထိုက်တန်သော ပုဆိုးအဝတ်တန်ဆာအား ပေး၏။ ပုဆိုးကို မြင်လျှင် ပုဆိုးကား ကြမ်းတမ်းခက်တရော်လှသည်။ မဝတ်လိုဟု ငြင်း၏။

မိခင်ကြားသော် 'အမောင်ငါ့သား နန္ဒိယ...သည်ထက်သာ၍ နူးညံ့ကောင်းမွန်သော ပုဆိုးသည် ငါတို့ အိမ်တွင် မဆိုထားနှင့်၊ ငါတို့နေရာ ဟရာဏသီပြည်တွင်မျှ ရှိမည်မထင်ပေ။ သင့်ဘုန်းနှင့်သင်သာ ရှာကြံလော့'ဟု ဆို၏။

နန္ဒိယသတို့သားလည်း မိဘနှစ်ပါးအား ကန်တော့ပြီး ဟရာဏသီပြည်အတွင်း လှည့်လည်၍ ကောင်းမွန်သော ပုဆိုးကို လိုက်လံကာရှာ၏။ သူ့စိတ်ကြိုက်ပုဆိုးအား ရှာမတွေ့သည့်အဆုံးတွင် ကြံရာမရဖြစ်ကာ မောပန်းလာသဖြင့် မင်းဥယျာဉ်တစ်ခုထဲဝင်ကာ ကျောက်တုံးပေါ်ထက် တက်၍

www.burmeseclassic.com

www.burmeseclassic.com

အိပ်စက်လေ၏။

ထိုဥယျာဉ်ကား ဗာရာဏသီမင်း၏ဥယျာဉ်ဖြစ်၍ မင်းကြီး ကံကုန်ပြီးလွန်သည်မှာလည်း ခုနစ်ရက်ရှိချေ၏။ မှူးမတ်၊ ပုရောဟိတ်များ စုဝေးကြလျက် 'ငါတို့မင်းကြီးကား သမီးနန်းနွယ်သာ ရှိသည်။ ညီတော်၊ သားတော်ဖြစ်သော နန်းမြစ်နန်းဆက် မရှိချေ။ မင်းမဲ့သောပြည် မည်သည်လည်း မတည်မတံ့ ရှိရာသည်။ ရှေးသူဟောင်းများကဲ့သို့ ဖုဿရထားကိုလွှတ်၍ မင်းဖြစ်ထိုက်သောသူကို ရှာကြံအံ့'ဟု ပြောဆိုတိုင်ပင်ကြ၏။

မင်္ဂလာရထား၌ မင်းမြှောက်တန်ဆာငါးပါးကိုတင်၍ စစ်အင်္ဂါလေးပါး ခင်းကျင်းပြီး နတ်တို့ကို ပူဇော်ပ,သကာလွှတ်၏။ ဖုဿရထားသည် မြို့အရှေ့တံခါးမှနေ၍ ဥယျာဉ်ဆီ ရှေးရှုကာသွား၏။ နန္ဒိယသတို့သား အိပ်နေသော ကျောက်ဖျာကို လက်ဃာရစ် သုံးပတ်လည်၍ တည်လေ၏။

ပုရောဟိတ်ပုဏ္ဏားလည်း လူပ်ရှားခြင်းမရှိ၊ ပကတိ ဦးခေါင်းခြုံ၍ အိပ်စက်နေသော သတို့သား၏ ခြေဖဝါးအနုံကို လှစ်၍ရှုကြည့်သော် ဘုန်းကြီးအံ့သောအကြောင်းကို မြင်၏။

ကျောက်ဖျာပြင်မှ ဆင်းပြီးလျှင် 'အချင်းအမတ်တို့... ဤမင်းမြတ်အား ငါတို့ဗာရာဏသီကို မဆိုထားနှင့်၊ ငါးရာစီသော ကျွန်းငယ်တို့ဖြင့် ခြံရံအပ်သော ကျွန်းကြီးလေးရပ်ကို အုပ်ကွယ်စိုးမိုးနိုင်လတ္တံ့'ဟု ဆို၏။

များစွာသော မှူးမတ်ဗိုလ်ပါ အပေါင်းတို့လည်း စည်မောင်းတူရိယာတို့ကို တညီတညာတည်း တီးမှုတ်စေလျက် ဦးတိုက်ကြကုန်၏။

နန္ဒိယလည်း ဗာရာဏသီမင်း၏ သမီးတော်နှင့် ထိမ်းမြားလျက် အဘိသိက်ခံကာ မင်းပြုတော်မူလေ၏။ အဘိတ်မှ သက်နှံးလျာလျာခဲ့သောကောင်းမှုကြောင့် ဝတ်လဲပဒေသာပင် အသီးသီးပေါက်လာ၏။ နန္ဒိယမင်းလည်း အသပြာအတိုင်းမသိထိုက်တန်သော နတ်ဝတ်လဲကိုသာလျှင် ဆွတ်ယူဆင်ယင်တော်မူ၏။ အသက်အတိုင်းနေ၍ စုတေသော် ဗြဟ္မာပြည်၌ ဖြစ်၏။

ဂေါတမဘုရားက ထင်ရှားဖြစ်လတ္တံ့သော အခါ၌ နန္ဒိယသည် ဗြဟ္မာ့ပြည်မှစုတေ၍ မဂဓရစ်တိုင်း ပုဏ္ဏားရွာတွင် ကပိလမည်သော ကာသပအနွယ်ဖြစ်သည့် မင်းပုဏ္ဏား၏ မိဖုရားဝမ်းတွင် ပဋိသန္ဓေနေ၏။ လွန်စွာချစ်စဖွယ်ရှိသောကြောင့် ဝိပွလိဟူသော အမည်ကို မှည့်၏။

ဝိပွလိ အရွယ်ရောက်လေသော် မိဘများက အမျိုးအနွယ်ဆက်သွယ်ပြန့်ပွားစေရန် ဘဒ္ဒဏာဝိလာနီနှင့် ထိမ်းမြားလက်ထပ်ပေး၏။ သို့သော်လည်း နှစ်ဦးစလုံးက လောကာမိသဖြင့် ရောယှက်လျက် နှစ်သက်ခြင်းကို မပြုမူဘဲ မိဘများအား အသက်ထက်ဆုံး ပြုစုစောင့်ရှောက်ကြလေ၏။

မိဘများလွန်သော် ကြီးကျယ်စွာသော စည်းစိမ်ဥစ္စာကို စွန့်၍ ကျေးကျွန်များကို လွှတ်လပ်ခွင့်ပေးကာ နှစ်ဦးသဘောတူ ရဟန်းပြုကြ၏။ တစ်ယောက်၏ဆံကို တစ်ယောက်က ပယ်လျက် ဤလောကမှာတ်၌ ရဟန္တာအရှင်မြတ်တို့သည် အကယ်၍ ရှိကုန်အံ့။ ထိုအရှင်တို့ကို ဆရာဟု ရည်မှန်းပြီး ကျွန်ုပ်တို့ ရဟန်းပြုပါသည်ဟုဆို၍ ဆရာရည်စွန်းသော အဝတ်ကို ဝတ်ကြပြီးသော် နေအိမ်ထက်ဆင်းသက်လာကုန်၏။

တစ်ခုသောတောအုပ်သို့ ရောက်သောအခါ ဝိပွလိရဟန်းသည် နောက်တွင်ပါသော ဘဒ္ဒဏာဝိလာနီအား ရဟန်းပြုလာသော ငါ၏နောက်မှ သင်လိုက်စေ၍ မသင့်ပေချေ။ တစ်စုံတစ်ယောက်သောသူတို့မြင်သော် ဤသူတို့ကား ရဟန်းဖြစ်၍မှု မပစ်ခွာနိုင်ကြသေးဟု ကဲ့ရဲ့ပေရာသည်ဟု ပြောဆိုလျက် လမ်းနှစ်ခုဆုံရာ အတွေ့တွင် တစ်ယောက် တစ်လမ်းစီ ခွဲခဲ့ကြကုန်လေ၏။

မြတ်စွာဘုရားရှင်လည်း ရာဇဂြိုဟ်ပြည်နှင့် နာလန္ဒာမြို့၏အကြားဌိရှိသော ဗဟုပုတ္တကပ ညောင်ပင်အရင်းတွင် တင့်တယ်ဆန်းကြယ်သော ပလ္လင်ထက်၌ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးစေလျက် ထက်ဝယ်ဖွဲ့ခွေ နေတော်မူလင့်၏။ အစဉ်သဖြင့်လာသော ဝိပွလိရဟန်းမြင်လျှင် ဤအရှင်ကား သုံးလောကထွတ်ထား သဗ္ဗညုဘုရားသာလျှင်ဖြစ်လေရာသည်။ ဤဘုရားအား ရည်မှန်းပြီး ငါရဟန်းပြုပေသည်ဟု အောက်မေ့၍ မြင်သောအရပ်မှ တုပ်ကွရိတ်ရှိခိုးပူဇော်ကာ နေချေ၏။

မြတ်စွာဘုရားလည်း ငယ်မည် ဝိပွလိတွင်သည်းသိသော်လည်း မျိုးရိုးဂုဏ်ဖြစ်သောအမည်ဖြင့် 'ချစ်သား ကဿပ...ငါ၏ ရှေ့တော်တွင် နေလော့။ လောကတွင် တရားတည်းဟူသော အမွေကို ပေးအံ့'ဟု မိန့်ကြားလျှင် ဥပသမ္ပဒအဖြစ်သို့ ရောက်စေ၏။

တစ်ဖန် ပခုံးတော်ထက်တွင်တင်သော ဒုကူဋ်သင်္ကန်းကြီးကို ရှင်ကဿပအား ဥပါယ်တံမျဉ်ဖြင့်ပေးရန် ဆင်ခြင်

www.burmeseclassic.com

www.burmeseclassic.com

ဆောင်မှု၏။ ကိုယ်တော်အရာအား ဆက်ခံမည့် ရှင်ကဿပ သည် ဤဒုက္ခသက်နိုးကြီးကို ချပ်ဝတ်တန်ဆာ တံခွန် စသည်အဖြစ် အသုံးချ၍ သာသနာ့တာဝန် ထမ်းဆောင်နိုင် သောမည်။

ရှင်ကဿပ ပဉ္စင်းဖြစ်ပြီးသော် ဘုရားရှင်၏ နောက် ဆက်မှ ပစ္စာသမနုပြု၍ လိုက်ပါပြီး ဗဟုပုတ္တကပ ညောင် ပင်မြစ်မှ ထွက်ကြွတော်မူ၏။ သွားရာခရီးမှ တစ်ခုသော အိမ်မြို့တွင် ဝင်ရောက်နားခိုသောအခါ ရှင်ကဿပလည်း ဆုံဆောက်မှ ဒုက္ခသက်နိုးကို လေးထပ်ပြုကာ ခင်း၏။ ဘုရားရှင်လည်း ခင်းအပ်သော ဒုက္ခသက်နိုးထက် ထိုင် တော်မူကာ သင်၏ ဒုက္ခသည် အလွန်နူးညံ့ပေစွတဲ့ ချိုး လျောက် လက်တော်ဖြင့် သုံးသပ်တော်မူလေ၏။

ရှင်ကဿပလည်း ငါ၏ဒုက္ခကို ဘုရားရှင် လက် တော်တင်၍ ချီးမွမ်းသုံးသပ်တော်မူနေသည်။ ဘုရားရှင် ကိုခံတော်မူလိုသည် ဖြစ်လတ္တံ့ဟု ကြံ၍ 'အရှင်ဘုရား.. အသည်းတော်အား သနားတော်မူပါသဖြင့် ဤသက်နိုးကို ယူဆောင်တော်မူပါ' ဟု လျှောက်ထား၏။

ဘုရားရှင်လည်း 'ချစ်သား ကဿပ..ငါ့အား သင့် ဒုက္ခကိုလှူလျှင် အဘယ်ကို သင် သုံးဆောင်မည်နည်း' ဟု မေးတော်မူ၍ ပခုံးတော်ထက်တွင် ပါသော ပိုက်ဆံလျှော် ဒုက္ခကိုပြကာ 'ချစ်သားကဿပ..ဝတ်ရုံ၍ နွမ်းပြီးသော ဤဒုက္ခကို သင်သုံးဆောင်နိုင်ပါအံ့လော' ဟု မေးတော် မူ၏။

မြတ်စွာဘုရားရှင်က ဤပုံသကူဒုက္ခကို ကောက် ယူအခါ၌ မဟာပထဝီမြေကြီးသည် စက်ရဟတ်ကဲ့သို့ လည်သည်။ နှစ်ဆယ့်ခြောက်ဘုံ ရှိနေကုန်သော နတ်၊ ဗြဟ္မာ တို့ လွန်စွာကောင်းချီးပေးကြသည်။ ရွှေရွေးသော ဘုရား တို့ဘို့ ဓမ္မတာအရိယာဝံသာတရားသို့လိုက်ကာ ငါ သုံး ဆောင်တော်မူသည်ဖြစ်၍ နမျစ်သိမ်ငယ်သော သီလဂုဏ်၊ သမာဓိဂုဏ် ရှိသူတို့နှင့် မထိုက်ချေဟု မိန့်တော်မူပြီးမှ ရှင်ကဿပအား ဒုက္ခသက်နိုးကြီးကို ပေးတော်မူလေ၏။

ဤသို့ ဘုရားရှင်သည် အဂ္ဂသာဝက ဖြစ်လာသော ရှင်မဟာကဿပအား ဒုက္ခသက်နိုးတော်ကြီးကို သာ သနာတွင် တံခွန်သဖွယ်ထားရှိရန် ပေးသနားတော်မူခဲ့၏။ ထို့ကြောင့် သက်နိုးသည် အသွင်သဏ္ဌာန်အားဖြင့် ဆေးဆိုး ချပ်လုပ်ထားသော ပိတ်စဖြစ်သော်လည်း အနှစ်သာရ ရှင်မူ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန်းအဆူဆူတို့ ဝတ်ရုံကြ သော အရာဖြစ်၍ ရှိခိုးပူဇော်ထိုက်ပါပေ၏။

သက်နိုးတော်တွင် ချုပ်ရိုး၊ အနားပတ်အိမ်၊ တလုပ် မြောင်း စသည်တို့ဖြင့် အကွက်အကွက်များ ဖော်ထားသည် ကို တွေ့ရ၏။ စိုက်ပျိုးရန် ထွန်ယက်ပြုပြင်ထားသော လယ် ယာမြေကွက်များသဖွယ် တင့်တယ်လျက်ရှိနေ၏။ သက်နိုး တွင် အကွက်ဖော်၍ချုပ်လုပ်ခြင်းကို ဘုရားရှင်ကိုယ်တော် တိုင် စိတ်ကူးရပြီး ပညတ်တော်မူခဲ့ခြင်း ဖြစ်၏။

အခါတစ်ပါး၌ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာ မထေရ်မြတ်နှင့် ဒေသစာရီလှည့်လည်တော်မူရာ သာကီဝင် တို့၏ လယ်ယာမြေများသို့ ရောက်တော်မူ၏။ အကွက်၊ အကန့်၊ ကန်သင်း၊ ရေမြောင်းများ စနစ်တကျဖွဲ့၍ထားသော လယ်ကွက်များကို မြင်တော်မူသဖြင့် စိတ်တော်တွင် ကြည် နူးတော်မူ၏။

ဝတ်ရုံတော်မူသော သက်နိုးတွင်လည်း ဤသို့အကွက်၊ အကန့် မြောင်းထား၍ပြုပြင်က ကောင်းလေစွဟု အကြံ ဖြစ်တော်မူ၏။ အရှင်အာနန္ဒာအားလည်း ဤလယ်ကွက်များ ကဲ့သို့ ပုံပန်းသဏ္ဌာန်တူသော အကွက်များဖြင့် သက်နိုးချုပ် လုပ်ရန် မိန့်တော်မူလေ၏။

မြတ်စွာဘုရားရှင်သည် လူ၊ သတ္တဝါတို့၏ ကျေးဇူးရှင် ဖြစ်သော လယ်သမားများအား အမှတ်တရဖြစ်စေခြင်းငှာ ရည်ရွယ်တော်မူ၏။ ထို့မှစ၍လည်း ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန်းတော်များ ဝတ်ရုံတော်မူသော သက်နိုးများတွင် အကွက်၊ အကန့်၊ ချုပ်ရိုးမြောင်း အစရှိသည်များသည် ဝိနည်းတော်နှင့်အညီ ပေါ်ပေါက်လာရလေ၏။

မျက်မှောက်ကာလတွင်မူ အရှန်သင့်ဝတ်ရုံရန် ချုပ်လုပ် ရောင်းချလျက်ရှိသော သက်နိုးများကား လွယ်လင့်တကူ ဝယ်ယူရရှိနေချေလေပြီ။ ဝါဆို၊ ကထိန်၊ ရှင်ပြု၊ ရဟန်းခံ အစရှိသည်တို့တွင် စွမ်းနိုင်သမျှ ချင့်ချိန်ဝယ်ယူ လှူဒါန်းနိုင် ကြသဖြင့် အပန်းတကြီး မဖြစ်တော့ပေ။

မြတ်စွာဘုရားရှင်က သက်နိုးလှူဒါန်းခြင်းကို ခွင့်ပြု တော်မူခဲ့ရာတွင် -

(၁) ခရီးသွားခါနီးတွင် လှူဒါန်းသော ဂမိကာစီဝရသက်နိုး၊

(၂) အမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ် လှူဒါန်းသော ဂဗ္ဘိဏီစီဝရသက်နိုး၊

(၃) နာမကျန်းဖြစ်သောအခါတွင် လှူဒါန်းသော ဂိလာန စီဝရသက်နိုး၊

(၄) သဒ္ဓါတရား ဖြစ်ပေါ်သဖြင့် လှူဒါန်းသော သဒ္ဓါရ

www.burmeseclassic.com

www.burmeseclassic.com

စီဝရသင်္ကန်း၊
(၅) စစ်ထွက်ခါနီးတွင် လှူဒါန်းသော ဥယျာဉ်တွင်စီဝရသင်္ကန်း၊
(၆) အဆောတလျင် ရောင်တခင် လှူဒါန်းသော အစွေ့ကစီဝရသင်္ကန်း၊
(၇) ဝါဆိုဝါကပ်ရန် လှူဒါန်းသော ဝဿဝါသိကစီဝရသင်္ကန်း၊
(၈) ကထိန်ခင်း၍ လှူဒါန်းသော ကထိနစီဝရသင်္ကန်းဟူပြီး ရှစ်ပါးရှိလေသည်။

သီလအထူးစင်ကြယ်ခြင်းကို အလိုရှိတော်မူကြကုန်သော သံဃာတော်အရှင်သူမြတ်တို့သည် တောစွန်တောင်ယံတွင်နေ၍ ခုတင်အကျင့် ဆောက်တည်တော်မူကြ၏။ ကုဋ္ဌေကိုးထောင်ကျော်ပြီး အကျဉ်းအားဖြင့် (၂၂၇)သွယ်သော ဝိနည်းသိက္ခာပုဒ်များကို လိုက်နာကျင့်သုံးသည့် ဘုရားရှင်၏ တပည့်သားတော်များ ဖြစ်ကြကုန်၏။

မြတ်စွာဘုရားရှင်သည် အနာဂတ် သာသနာတော် အတွက် ဝိနည်းသိက္ခာ၊ သုတ္တန်၊ ဝိဋ္ဌကတ်တော် အစရှိသည်များကို လက်နက်ကောင်းများသဖွယ် အသုံးချရန် ထားရှိတော်မူခဲ့၏။ သံဃာတော်အရှင်သူမြတ်များကလည်း တံခွန်သင်္ကန်းဝတ်ရုံ ဆင်မြန်း၍ လက်နက်ကောင်းများကို ကိုင်ဆောင်ပြီး သာသနာဝန်တာ ထမ်းဆောင်တော်မူကြလျက် ရှိနေပါသည်။

ရဟန်းသံဃာတော်များ ဝတ်ရုံတော်မူကြကုန်သော တံခွန်သဖွယ် သင်္ကန်းတော်အား မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ပညတ်ပေးတော်မူခဲ့သော အမြတ်တနိုးပြုဖွယ်ရာ အထွတ်အမြတ်တစ်ပါးသာ ဖြစ်ပေသည်။ ဤတံခွန်တော်၏ မြတ်နိုးကော်ရော် ရှိခိုးပူဇော်ခြင်းဖြင့် အမျိုး၊ ဘာသာ သာသနာအား ကာကွယ်စောင့်ရှောက် ထိန်းသိမ်းကြပါဦးမည်ဟု တိုက်တွန်းရပါသတည်း။

လောက၊သာသနာ နှစ်ဖြာအကျိုး သယ်ပိုးနိုင်ကြပါစေ။

အာကာသ(သာစည်)

ကိုးကား

* မောင်ဇနိယ ပြုစုသော မြန်မာ့ရေးရာ သုတပဒေသာ
* ကျိုးသဲလေးထပ်ဆရာတော်ဘုရားကြီး စီရင်သော ဓိနတ္ထပကာသဏီကျမ်း။

တောင်တွင်းကြီးမဟာတံခွန်

နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ ဆိဒ္ဓိ ဂမ္ဘီရ (အကြားအမြင်) ပညာရှင်

အမှတ်-၄၃၇(၇-လွှာ) ကျိုက္ကဆံလမ်း၊ အခွန်လွတ်စျေးခရ့်၊ တာဝေမွေမြို့နယ်၊ ရန်ကုန်မြို့။
☎ ၇၀၈၆၂၁ ၊ ၀၉ ၅၀ ၆၉၇၆၄ ၊ ☎ (၀၁) ၄၀၁၁၆၅

အပိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထိပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစိုးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး)-စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဓာတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြှင့်တင် ပါရမီဖြည့် ကူညီပေးနေသည့် ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တော်ကြီး

ပဒုမုတ္တရဘုရားရင်ထဲ ဆုတောင်းမျှော်ဒိတ်ခံ၍ ဘဝများစွာသံသရာဝယ်
ပါရမီအဆင့်ဆင့် ဖြည့်ကျင့်ခဲ့သော တန်ခိုးကြီးဒဿကဘွဲ့ထူးရ

ဥပ္ပလဝဏ္ဏာထေရီ

ဂေါတမမြတ်စွာဘုရားရှင်၏ သာသနာတော်၌ ဘုရားရှင်၏တပည့် သာဝိကာဘိက္ခုနီမတို့တွင် ဥပ္ပလဝဏ္ဏာ ဘိက္ခုနီမသည် ဘုရားရှင်က ချီးမြှောက်ပေးအပ်ထားသော ဣဒ္ဓိမန္တီတန်ခိုးဣဒ္ဓိနှင့် ပြည့်စုံသောအရာဝယ် အသာ အမြတ်ဆုံး ဧတဒဂ်ရာထူးဌာနန္တရကို ရရှိပိုင်ဆိုင်ထား ရဟန္တာထေရီမတစ်ပါးဖြစ်သည်။ ထိုကဲ့သို့ တန်ခိုးဣဒ္ဓိ

www.burmeseclassic.com

www.burmeseclassic.com

ပြည့်စုံသော ရဟန္တာထေရီမတစ်ပါး ဖြစ်လာစေရန်အတွက် ဘဝပေါင်းများစွာ သံသရာခရီးဌ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့ကို အကြိမ်ကြိမ်အဖန်ဖန်ပြုလုပ်၍ ဆုတောင်းပတ္ထနာပြုခဲ့သော အကျိုးစွမ်းအားကြောင့်ပင်ဖြစ်၏။

ယခုကဲ့သို့ တန်ခိုးကြွွေအရာ၌ ဇောဒဂ်ရ ရဟန္တာထေရီမတစ်ပါးဘဝသို့ ရရှိ, ရောက်ရှိလာစေရန် ဖြတ်သန်းရုန်းကန်ခဲ့ရသော အတိတ်ဇောတ်ကြောင်း ဘဝဟောင်းကို ပြန်ပြောင်းသုံးသပ် တင်ပြရမည်ဆိုပါလျှင်-

ဥပ္ပလဝဏ္ဏာထေရီမ၏ ရှေးဆုတောင်း

ဥပ္ပလဝဏ်ထေရီမအလောင်း အမျိုးကောင်းသမီးသည် ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တော်အခါဝယ် ဟံသာဝတီနေပြည်တော်၌ အမျိုးကောင်းသမီးသူဌေးသမီးတစ်ဦး ဖြစ်ခဲ့၏။ တစ်နေ့သောအခါ၌ တရားချစ်ခင် သူတော်စင်များနှင့် အတူတကွ မြတ်စွာဘုရားအထံတော်သို့ လိုက်ပါသွားခဲ့ပြီး တရားနာယူနေစဉ် မြတ်စွာဘုရားရှင်က ဘိက္ခုနီမတစ်ပါးကို တန်ခိုးကြီးသော ဇောဒဂ်ရာထူးဌာနန္တရကို ရရှိလိုပါကြောင်း ဆုတောင်းပတ္ထနာပြုလေ၏။ ပဒုမုတ္တရဘုရားရှင်ကလည်း ဆုတောင်းသည့်အတိုင်း ပြည့်ဝလိမ့်မည်ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်။

ထိုသူဌေးသမီးသည် အသက်ထက်ဆုံးတိုင် မြတ်စွာဘုရားရှင်နှင့် သံဃာတော်များကို ရိုသေစွာပြုစုလုပ်ကျွေးလျက် ကောင်းမှုကုသိုလ်များဖြင့် ပျော်မွေ့စွာနေထိုင်ခဲ့ရာမှ ထိုဘဝမှ စုတေလတ်သော် တာဝတိံသာနတ်ပြည်သို့ လားရောက်ခဲ့ရလေ၏။ ထိုနတ်ပြည်မှတစ်ဖန် စုတေပြန်သော် လူပြည်၌ လူပြန်ဖြစ်၍ ပစ္စေကဗုဒ္ဓါတစ်ဆူအား ကြာညိုပန်းနှင့်တကွ ဆွမ်းအလှူဒါနကိုပြုခဲ့လေ၏။ ထိုအမျိုးကောင်းသမီးသည် ယခု ဘဒ္ဒကမ္မာမှလွန်ခဲ့သော ကိုးဆယ့်တစ်ကမ္ဘာထက်၌ ဗာရာဏသီပြည်ဝယ် သူဌေးသမီးပြန်ဖြစ်လာ၏။ ထိုအမျိုးသမီးသည် ဝိပဿီမြတ်စွာဘုရားအမှူးရှိသော သံဃာတော်များကို ရိုသေစွာပင့်ဖိတ်ပြီးလျှင် မဟာဒါနအလှူကြီးပေး၍ ဝိပဿီမြတ်စွာဘုရားရှင်အား ကြာပန်းဖြင့် ပူဇော်လျက် ရပ်ရည်အဆင်း တင့်တယ်လှပခြင်း ဖြစ်ရပါစေကြောင်း ဆုတောင်းပတ္ထနာပြုခဲ့ပြန်လေ၏။

ကိကိမင်းကြီးသမီးဘဝ

ထိုအမျိုးသမီးသည်လည်း အသက်ထက်ဆုံး ကောင်းမှုကုသိုလ်များပြုလုပ်လျက် လူပြည်၊ နတ်ပြည် အစုန်အဆန် လှည့်လည်ကျက်စား၍ လာခဲ့ရာ ဤဘဒ္ဒကမ္ဘာဝယ် ကဿပမြတ်စွာဘုရား လက်ထက်တော်အခါ၌ ဗာရာဏသီပြည် ကိကိမင်းကြီး၏သမီးတော် ခုနစ်

www.burmeseclassic.com

www.burmeseclassic.com

ယောက်တို့အနက် နှစ်ယောက်မြောက် သာမဏဂုတ္တာမင်း သမီး ဖြစ်လာ၍ ခေမာထေရီမအလောင်းကဲ့သို့ နှစ်ပေါင်း နှစ်သောင်းကြာ ကောမာရိဗြဟ္မာစရိယအကျင့်ကိုကျင့်၍ ထိုဘဝမှ စုတေလတ်သော် နတ်ပြည်၌ တစ်ဖန်ဖြစ်ပြန်လေ၏။

ထိုနတ်သမီးမှာ နတ်ပြည်မှစုတေပြန်သော် ဗာရာဏသီပြည်၌ သူဆင်းရဲမိသားစု၏သမီး ဖြစ်လာခဲ့ပြန်၏။ ထိုသမီးလေး အရွယ်ရောက်သောအခါ၌ များစွာသောလူအပေါင်းတို့က ကောင်းမြတ်သောပန်းဝတ်တန်ဆာကို ဝတ်ဆင်၍ နက္ခတ်သဘင်ပွဲသို့ ပျော်ရွှင်စွာသွားကြသည်ကို မြင်ရသောအခါ လူငယ်သဘာဝ မိမိလည်း အများနည်းတူ ဝတ်ချင်စိတ်ရှိလှရကား မိဘတို့ထံ တစ်ထည်မျှသော ပန်းဝတ်ကို ဝတ်ပါရစေဟု တောင်းခံလေ၏။

ထိုအခါ မိဘတို့က 'ချစ်သမီး...ငါတို့မှာကား ဆင်းရဲနွမ်းပါးလှ၏။ စားရုံဝတ်ရုံမျှကိုပင် ဆင်းဆင်းရဲရဲလုပ်ကိုင်ရှာဖွေနေကြရ၏။ ပန်းဝတ်တန်ဆာကို အဘယ်မှာပေးနိုင်အံ့နည်း။ သမီးဝတ်ချင်သောဆန္ဒ ပြင်းပြနေပါက သူကြွယ်အိမ်၌ သုံးနှစ်ကျွန်ခံ၍သာ ဝတ်ပါလေ'ဟုဆိုလျှင် ထိုသမီးငယ်လည်း သူကြွယ်တစ်ဦးထံသို့ သွားရောက်ကာ ကျွန်အမှုကို ပြုလေ၏။

ထိုသမီးငယ်လည်း အမှုကိစ္စဟူသမျှကို ဥပါယ်မခိုင်ဖူးသသေ စေတနာထား လုပ်ဆောင်ပေးလေ၏။ ထိုသို့သမီးငယ်က အိမ်မှုကိစ္စများကို တာဝန်ကျေကျေလုပ်ဆောင်ပေးခြင်းကို သူကြွယ်လင်မယားက နှစ်ခြိုက်သဘောကျသနားပြီး သုံးနှစ်မစေ့မီပင် သန့်စင်ကောင်းမွန်သော ပန်းဝတ်တစ်စုံကို ပေးလိုက်လေ၏။ သူငယ်မလည်း ဝမ်းသာစွာဖြင့် မိဘများအိမ်သို့ ပြန်လာခဲ့ရာ လမ်းခရီးအကြား၌ ရေကန်ကြီးတစ်ကန်ကို တွေ့မြင်ရလျှင် ကိုယ်လက်သန့်စင်ပြီးမှ ပန်းဝတ်သစ်ကို ဝတ်ဆင်အံ့ဟု ကြံဆ၍ ရေကန်၌ ရေချိုးလေ၏။

ထိုစဉ်အခါ ကဿပမြတ်စွာဘုရား၏ တပည့်သာဝကဖြစ်သော ရဟန္တာတစ်ပါးသည် သင်္ကန်းကိုခိုးသူတို့ လုယက်ခဲ့သောကြောင့် သစ္စာရှက်သစ်ခက်များကို ဖုံးကာလျက် ကြွတော်မူလာသည်ကို တွေ့ရသဖြင့် ဤအရှင်ကား ခိုးသားတို့က သင်္ကန်းလုယူသည်ဖြစ်လတ္တံ့။ ငါလည်း ရှေးရှေးသောဘဝက ဒါနနည်းခဲ့သောကြောင့် တစ်ဆယ့်ခြောက်နှစ်အရွယ်တိုင်အောင် ပန်းဝတ်တစ်ထည်ကိုမျှ မဝတ်ခဲ့ရပါ။ ယခု ငါလည်း ထိုနည်းအတူ အလျှဒါနမပြုဘဲကာ ဘဝနောင်ခါ ဆင်းရဲစွာပင် ဖြစ်ရချေတော့မည်။ ထို့ကြောင့် သုံးနှစ်ကျွန်ခံပြီးမှရရှိခဲ့သော ဤပန်းဝတ်ကို အရှင်မြတ်အား ငါကပ်လှူအံ့ဟုကြံ၍ ရေကန်မှ တက်လာပြီးလျှင် 'အရှင်ဘုရား...အကျွန်ုပ်ကိုသနားသောအားဖြင့် ဤပန်းဝတ်အရံကို ဝတ်ရုံအမှတ်သုံးဆောင်တော်မူပါ'ဟု ကပ်လှူလေ၏။

ရဟန္တာမထေရ်မြတ်လည်း ပန်းဝတ်ကို ဝတ်ရုံတော်မူလေသော် ထွန်းသစ်စနေလုလင်ကဲ့သို့ ရှုချင်စဖွယ် တင့်တယ်သောအရောင်အဝါကို ဖြစ်စေ၏။ အလှူရှင်ဒကာမလည်း ရဟန္တာမြတ်၏ သပွာယ်ကြည်ညိုဖွယ်အရောင်အဝါကို တွေ့မြင်ရသဖြင့် ကြည်နူးဝမ်းသာ ဆယ်ဖြာလက်ဦးရိခိုးဦးခိုက်ပြီးလျှင် 'အရှင်ဘုရား...ကျွန်ုပ်သည် ဤသင်္ကန်းကို လှူဒါန်းရသော အကျိုးအားကြောင့် ရှည်လျားသော ဘဝနောင်ကာလဝယ် လှပတင့်တယ် ရှုချင်စဖွယ်ကောင်းသော၊ အဆင်းအင်္ဂါနှင့်ပြည့်စုံသော အမျိုးကောင်းသမီးဖြစ်ရပါလို၏။ အကျွန်ုပ်အား တွေ့မြင်ကြသော ယောကျ်ားအပေါင်းတို့ စေတနာပြန့်ပြူး ရွှမ်းမိုးတိမ်းညွတ်သည်ဖြစ်ပါစေ'ဟု ဆုတောင်းပတ္ထနာပြုလေ၏။

ရဟန္တာအရှင်မြတ်လည်း လျှောက်ပတ်သော တရားဒေသနာတော်ဖြင့် အနုမောဒနာပြုပြီးလျှင် ဆက်လက်ကြွတော်မူလေ၏။

ဥမ္မာဒန္တီဘဝ

ထိုသူငယ်မလည်း မိဘတို့ထံပြန်လာ၍ အတူနေထိုင်လျက် မိဘတို့ကို လုပ်ကျွေးပြုစုနေစဉ် အသက်အတိုင်းအ၍ ကွယ်လွန်သောအခါ သိဝိတိုင်း အရိဋ္ဌပူရမြို့ကြီး၌ ကုလရှစ်ဆယ်ကြွယ်ဝသောသူဌေးကြီးတစ်ဦး၏ သမီးချောရတနာတစ်ပါးဖြစ်လာ၏။ ငယ်ရွယ်နုနယ်စဉ်ဘဝကပင် မြင်မြင်သမျှသော မိန်းမ၊ ယောကျ်ားတို့သည် တိမ်းပါးရွှမ်းမတတ် သတိချို့ယွင်းစေအောင် ဆွဲဆောင်ဖမ်းစားနိုင်သော ရုပ်ဆင်အင်္ဂါနှင့် ပြည့်စုံသည်ဟုဆို၏။ ထို့ကြောင့် ထိုသမီးချောလေးအား ဥမ္မာဒန္တီဟူသောအမည်ကို မှည့်ခေါ်ကုန်လေ၏။

သမီးချောလေးဥမ္မာဒန္တီသည်လည်း တစ်ဆယ့်ခြောက်နှစ် အရွယ်ရောက်လတ်သော် ပကတိလူသားတို့၏ ရုပ်ရည်အဆင်းကို ကျော်လွန်၍ နတ်သမီးအလား၊ ဖွံ့ထွားနုထွတ်ချောမွတ်ပြေပြစ်သော အရိုးအဆစ်၊ ခြေလက်အင်္ဂါ၊ မျက်နှာ၊ ရင်ဝ၊ လှပကောင်းမြတ်သော ခန္ဓာကိုယ်ဖွဲ့စည်းခဲ့ကုန်ကား ယောကျ်ားတကာတို့မြင်ရလျှင် ကိလေသာမာန်ဝင်

www.burmeseclassic.com

www.burmeseclassic.com

ခင်မင်နှံးညွတ် သည်းပွက်လှိုက်ဆူ၍ အသူရာယစ်မူးသော ဩကျွံးကဲ့သို့ တိမ်းပါးရူးသွပ်ကြသည်သာဖြစ်၏။

ထိုစဉ်ကာလ၌ ကျွန်ုပ်တို့ မြတ်စွာဘုရားအလောင်းတော်သည်လည်း သိဝိတိုင်း အရိဋ္ဌပူရနေပြည်တော်၌ စိုးမိုးအုပ်ချုပ် မင်းပြုတော်မူနေ၏။ ထို့အတူ ဘထွေးတော်၏သား အဘိပါရကမှာမူ စစ်သူကြီးဖြစ်၏။

တစ်နေ့သောအခါမှာတော့-

ဥမ္မာဒန္တီ၏ဖခင်ဖြစ်သော သီရိတိဝစ္ဆသူဌေးကြီးသည်လည်း သိဝိရာဇ်မင်းထံသို့ ဝင်ရောက်ခစားလျက် 'အရှင်မင်းကြီး...အကျွန်ုပ်အိမ်တွင် အရှင်တို့နဲ့သာထိုက်တန်သော သမီးကောင်းရတနာ ရှိနေပါသည်။ ကြန့်အင်္ဂလက္ခဏာကို လေ့လာစုံစမ်းရန် နန်းတော်သို့ယူဆောင်ပါလော့' ဟု လျှောက်ထား၏။

ထိုသတင်းကို ကြားလိုက်ရသည်နှင့် မင်းကြီးလည်း အလွန်ဝမ်းသာစွာဖြင့် ကြန့်အင်္ဂလက္ခဏာ၌ လိမ္မာကျွမ်းကျင်သော ဆရာပုဏ္ဏားတို့အား သွားရောက်လေ့လာပြီး စုံစမ်းတင်ပြရန် စေလွှတ်လိုက်လေ၏။

လေ့လာစုံစမ်းရန် ရောက်လာကြသော ပုဏ္ဏားတို့အား ခင်သူဌေးကြီးက လှိုက်လှဲစွာဆီးကြိုလျက် စားကောင်းသောက်ဖွယ်တို့ဖြင့် ပြည့်စုံစွာကျွေးမွေးဧည့်ခံပြုစုလေ၏။ ဆရာပုဏ္ဏားကြီးတို့ ထမင်းသုံးဆောင်နေကြစဉ် ဥမ္မာဒန္တီသမီးလည်း ညီးရရီးသောအဝတ်တန်ဆာကို ဝတ်ဆင်ချော် အချိုပွဲ၊ အချဉ်ပွဲများ ဆက်ကပ်အံ့သောငှာ အနီးသို့ချဉ်းကပ်လာသည်။ မင်းဆရာပုဏ္ဏားကြီးတို့ တွေ့မြင်လေရာဘင်လှိုက်ဆူ သည်းအူပြောင်းပြန် မျက်ဆန်ခြာခြာလည်၍ စောသည်မရပ်နိုင်ဘဲ ထမင်းပွဲအပါးတွင် အချို့ပုဏ္ဏားက လဲချသွား၏။ အချို့ပုဏ္ဏားက စားရန်ထမင်းလုတ်ကို ဦးထိပ်ဆက်တင်၏။ အချို့ပုဏ္ဏားက လက္ကတီးကြားသို့ ထမင်းလုတ်ကိုသွင်း၏။ အချို့ပုဏ္ဏားက နှုတ်ခမ်းသားကိုကိုက်၍ ဦးခေါက်ခေါက်ကျနေ၏။

ထိုကဲ့သို့ ပုဏ္ဏားအားလုံး ရုန်းရင်းခတ်မျှ ဖြစ်နေကြသည်ကို ဥမ္မာဒန္တီမြင်ရလေသော် ပြည့်ရှင်မင်းကြီးက ငါ့သမ္ဘောကို ကြည့်ရှုစိမ့်သောငှာ စေလွှတ်လိုက်သော်လည်း ဤပုဏ္ဏားရူးတို့သည် မစူးစမ်း၊ မလေ့လာနိုင်ရာပြီဟုဆို၍ ကြိုးဖြင့်ချည်နှောင်ကာ အိမ်အပြင်သို့ ဆွဲထုတ်စေလေ၏။ ဤဆရာရူးပုဏ္ဏားတို့လည်း သတိပြန်ရသောအခါ ရုက်စနိုးဖြင့် လျင်မြန်စွာပင် အိမ်သို့ပြန်ခဲ့ကြသည်။

ပြီးလျှင် မင်းကြီးထံသို့ ဝင်ရောက်ခစားလျက် 'အရှင်မင်းမြတ်...အဆိုပါမိန်းမသည် အဆင်းရူပါကား လှပတင့်တယ်သည်မှာ မှန်ပါ၏။ သို့သော် မိဖုရားတင်မြှောက်ခြင်းငှာ မလျောက်ပတ်၊ မမြတ်သော မိန်းမတည်း' ဟု ရုန့်ပြုံးဖြင့် လျှောက်တင်လေ၏။

သိဝိမင်းကြီးလည်း ပုဏ္ဏားတို့၏စကားကို ယုံစား၍ ဥမ္မာဒန္တီအား သိမ်းမယူတော့ဘဲ မေ့ထားလိုက်လေ၏။ ထိုသို့ဘုရင်ကြီးက စိတ်မဝင်စားဘဲ မေ့ထားခဲ့သောကြောင့် သူဌေးကြီးလည်း အဘိပါရက စစ်သူကြီးထံသို့ ဆောင်နှင်းရန် ကမ်းလှမ်းလိုက်လေ၏။ အဘိပါရက စစ်သူကြီးကလည်း အလွန်ရခဲလှသော မိန်းမရတနာကို ရလာပေသည်ဟု နှလုံးသွင်းဆင်ခြင်လျက် အခေါင်အဖျားအမြတ်ထားကာ ချီးမြှောက်ထားလေ၏။

တန်ဆောင်မုန်းလပြည့်နေ့ရောက်တိုင်း သိဝိတိုင်း အရိဋ္ဌပူရမြို့ တစ်နံတစ်လျားရှိ ကြတ္တိကာနက္ခတ်ပွဲသဘင်ကို သိုက်သိုက်မြိုက်မြိုက် စည်စည်ကားကား ကျင်းပပြုလုပ်လေ့ရှိသည်။ အဘိပါရကစစ်သူကြီးမှာလည်း မိမိအပိုင်စားရထားသော မြို့၊ ကျေးရွာသို့ သွားရောက်ရန်ကိစ္စ ရှိနေသောကြောင့် ဥမ္မာဒန္တီအား ဤကဲ့သို့ မှာထားခဲ့၏။

'အို...ချစ်နှမဥမ္မာဒန္တီ၊ ဤနက္ခတ်သဘင်ပွဲရက်အတွင်း၌ ငါတို့မင်းကြီး ရထားစီးလျက် မြို့တော်အတွင်းရှိ လမ်းတကာ၊ ရပ်ကွက်တကာသို့ လှည့်လည်ကြည့်ရှုတော်မူလိမ့်မည်။ ထိုအခါ၌ သင်၏အဆင်းရူပါကို ထင်ရှားစွာမပြပါလေနဲ့။ ပြခဲ့လျှင်မူ သင်နဲ့ငါတို့ မပေါင်းရဘဲရှိလတ္တံ့' ဟု မှာထားခဲ့သည်။

ဥမ္မာဒန္တီသတို့သမီးကလည်း 'အရှင်...မစိုးရိမ်ပါလင့်၊ သွားရမည့်ခရီးကိုသာ စိတ်ချမ်းသာစွာနဲ့ သွားပါလော့' ဟု ဆိုလေ၏။

မိမိစိတ်ထဲ၌မူ ပြည့်ရှင်မင်းကြီးသည် ပုဏ္ဏားမိုက်တို့ကုန်းတိုက်စကားကိုယုံမှတ်၍ ငါ့အား မိန်းမယုတ်ဟု ထင်မှတ်နေ၏။ ယုတ်-မြတ်သည့်အဖြစ် ငါ့သနစ်ကို ယနေ့ပင်သိမြင်စေအံ့ဟုကြံဆလျက် ကျေးကျွန်တို့အား အိမ်အပါးသို့ ရထားစီး၍ မင်းကြီးရောက်လာလျှင် ငါ့အား ပြောကြားကြကုန်ဟု မှာထားလေ၏။

တန်ဆောင်မုန်းလပြည့်နေ့ ညချမ်းအခါဝယ် သိဝိမင်းကြီးလည်း မြင်းရထားစီးလျက် အိမ်စဉ်၌ ထွန်းညှိပူဇော်ထားသော ဆီမီးရောင်ကို ကြည့်ရှုခံစားရင်း လှည့်လည်ခဲ့ရာ

www.burmeseclassic.com

ဥမ္မာဒန္တီအိမ်ရှေ့သို့ ရောက်ရှိလာ၏။ ထိုအခါ ဥမ္မာဒန္တီသည်လည်း ကိန္နရာမလေးကဲ့သို့ လှပတင့်တယ် ရွှေချင်ဖွယ်သော အမူအရာဖြင့် မင်းကြီးအပါးချဉ်းကပ်၍ မွေးရန့်များ သင်းထုံစေလျက် ရထားထက်သို့ ရွေခွက်ဖြင့် ပန်းဝတ်များကြဲဖြန့်လိုက်၏။ မင်းကြီးသည် ဥမ္မာဒန္တီကို မြင်လိုက်ရာ နတ်သမီးဟုထင်လျက် ခင်မင်တိမ်းညွတ်ဘိ၍ သတိမလွတ်အောင် ဆင်ခြင်ပြီး ရထားမှူးအား 'ဤအိမ်ကား မည်သူ၏အိမ်နည်း။ ဤအမျိုးသမီးကား မည်သူဇနီးဖြစ်သနည်း' ဟု မေးလေ၏။

ရထားမှူးလည်း 'အရှင်မင်းမြတ်...ဤအိမ်ကြီးကား စစ်သူကြီး အဘိပါရက၏အိမ်တည်း။ ဤမိန်းမငယ်ကား အရှင်ထံ၌ လျှောက်ပန်လာသော ဥမ္မာဒန္တီဟူသော မိန်းမလှလေးဖြစ်ပါသည်။ အရှင်မင်းကြီးက မယူချင်သောကြောင့် အရှင့်ကျွန်သီး စစ်သူကြီးသည်ဇနီးပြုရပါသည်' ဟု လျှောက်တင်လေ၏။

သိဝိမင်းကြီးလည်း ထိုစကားကိုကြားရလျှင် မြင်းမိုရ်ဖျားမှ လျှောကျသော အသူရာ၊ အသပြာတစ်သိန်းမျှရှုံးသော ယောကျ်ားကဲ့သို့ နှလုံးမသာမယာဖြစ်ကာ ထိုနေရာမှပင် ရထားကို ပြန်လှည့်စေကာ နန်းတော်သို့ဝင်လေ၏။

မင်းကြီးလည်း နန်းတော်သို့ ရောက်သောအခါ သိရီသယနပလ္လင်မထက် ပက်လက်တစောင်း ပြန့်ပြောင်းအိပ်ကာ ဥမ္မာဒန္တီနှင့်ဒေဝီကို ယုတ်မာမိုက်မဲ ပုဏ္ဏားမွဲတို့ကြောင့် ငါလွဲခဲ့ရသည်။ ငါ့အား ဆုပေးငြားအံ့၊ တစ်ပါးဆုကို မယူလို၊ ဥမ္မာဒန္တီကိုသာရလိုပါ၏ စသည်ဖြင့် တသရေရွတ်လျက် ရူးသွပ်ပုံလွင့်လျက် ရှိနေလေ၏။

အဘိပါရကစစ်သူကြီးလည်း ခရီးစဉ်မှ ပြန်ရောက်လာ၍ ဖြစ်ကြောင်းကုန်စင်ကြားသိရသော် မင်းကြီးထံ ဝင်ရောက်ခစားလျက် 'အရှင်မင်းကြီး...အဘယ်ရောဂါကပ်ရောက်နေပါသနည်း။ အဘယ်ဆန္ဒမရသနည်း။ စားတော်မခေါ် စက်မပျော်ဘဲ တအော်ဟစ်ဟစ်၊ တဖြစ်ဖြစ်နှင့် နွမ်းညစ်တော်မူသနည်း။ အကျွန်ုပ်အား ပြောကြားပါလော့။ အရှင့်ဆန္ဒ ခဏချက်ချင်း ပြည့်ဝစေရပါမည်' ဟု မေးလျှောက်လေ၏။

မင်းကြီးလည်း မည်သည့်စကားကိုမျှမပြောဘဲ နေမြဲနေတော်မူ၏။

ယင်းသို့အချိန်တွင် စစ်သူကြီးလည်း မင်းကြီးရှေ့မှောက်၌ မင်းကြီး၏အမတ်တစ်ယောက်ကို ဤသို့ပြောဆို၏။

'အို...အမတ်ကြီး၊ ငါတို့မင်းမြတ်ထံ၌ ကပ်ငြိနေသော ရောဂါကို မည်သူမျှမသိနိုင်ကြ။ တန်ခိုးကြီးသောနတ်တို့သာသိနိုင်ရာ၏။ ငါတို့အရှင် နှစ်စဉ်ပူဇော်သော ညောင်ပင်စောင့်နတ်မင်းအား မေးမြန်းခြေ' ဟု စေလွှတ်လိုက်၏။

အမတ်ကြီးက သွားရောက်မေးလေရာ 'သင်တို့မင်းကြီး၌ အခြားရောဂါမရှိ။ အဘိပါရက၏ဇနီး ဥမ္မာဒန္တီကို မြင်၍ ချစ်စိတ်မွန်းပြီး တိမ်းမူးနေခြင်းဖြစ်၏။ ဥမ္မာဒန္တီကို ရမူကား ချမ်းသာအံ့၊ မရလျှင်မူ သေလတ္တံ့' ဟု ဆိုလိုက်၏။

အမတ်ကြီးလည်း လျင်မြန်စွာပြန်လာပြီးလျှင် စစ်သူကြီးထံ အကြောင်းစုံကို ပြန်ကြားလေ၏။

ထိုအခါ စစ်သူကြီးက 'အရှင်မင်းမြတ်...ဖြစ်ရပ်မှန်ကို လျှို့ဝှက်ထားသော်လည်း နတ်မင်းများက သိနေကြပြီး အကျွန်ုပ်၏ဥမ္မာဒန္တီကို အလိုရှိပါမူ သိမ်းယူတော်မူပါ။ ဤမိန်းမအတွက်ကြောင့် ဒုက္ခဆင်းရဲမှု မဖြစ်ပါစေလင့်' ဟု လျှောက်ထားလေ၏။

သိဝိမင်းကြီးလည်း ငါ၏ဖြစ်ရပ်ကို နတ်တို့ကပင် သိနေပြီဟု ရှက်ခြင်း၊ ထိတ်လန့်ခြင်းတို့ ပြင်းထန်စွာခံစားရပြီး ချက်ချင်းထ၍ 'စစ်သူကြီး...ငါသည် ပြည်၏ဦးကင်းမင်းဖြစ်ပါလျက် ရာဂသက်၍ သင်၏ချစ်ဇနီးအား ဖျက်ဆီးခဲ့သော် ပြည်သူပြည်သားလူအများတို့ ငါ့အား ရွံတ်ချကဲ့ရဲ့ကြ၍ မင်းသူခိုးဟု ဆိုကြလိမ့်မည်။ သွေဖည်ဖောက်ပြန်ဤသည့်ကဲ့သို့ကြောင့် သံသရာဝယ် အပါယ်လေးလီမြစ်နှစ်ပလုံစီနစ်ရချေတော့မည်။ သင့်မယားဌ တိမ်းပါးမိသော်လည်း သတိ၊ ပညာထားပါသမှု ဆင်ခြင်ရှုလျက် ငါ မထူယက်၊ ချစ်မဖျက်ပါ။ အသက်ရှည်စွာ သင်နှင့်သာလျှင် ကောင်းစွာပေါင်းဖက်ကြလော့' ဟု ဆို၏။

ထိုသို့ မင်းကြီး၏စကားကိုကြားရလျှင် စစ်သူကြီး အဘိပါရကလည်း မင်းကြီးနှင့်တူသော သူတော်ကောင်းသူတော်မြတ်ကား ဤလောကဌ ရှားပါးပေစွဟု ချီးပင့်ခြင်း၍ ကောင်းချီးစကားပြောပြီးလျှင် မိမိအိမ်သို့ ပြန်လာခဲ့သည်။

လယ်စောင့်အမျိုးသမီးဘဝ

ဥမ္မာဒန္တီသည်လည်း ဤဘဝမှ စုတေလတ်သော် နတ်ပြည်၌ တစ်ကြိမ်စံပြီးမှ တစ်ဖန် လူပြည်သို့ သက်လာ ဗာရာဏသီပြည်အနီးရှိ ကျေးရွာလေးတစ်ရွာ၌ လယ်လုပ်သူ အသက်မွေးရသော သူဆင်းရဲမျိုး၌ ဖြစ်ရလေ၏။ အရွယ်

www.burmeseclassic.com

www.burmeseclassic.com

ဆောက်လတ်သော် မိဘတို့၏လက်ငုတ်လက်ရင်းဖြစ်သော ဆောင်သူအလုပ်ကို လုပ်ရလေ၏။

တစ်နေ့မှာတော့ ဥပုလဝဏ်ထေရီမ အလောင်းဖြစ်သော ဆင်းရဲသူမလေး မိမိ၏လယ်မြေကို စောင့်ထိန်းရန် အပ်ခဲ့ပြီးနောက် အိမ်မှထွက်လာခဲ့ရာ လမ်းခရီးအကြား၌ ကားကား ဝဲနင့်နေသော ပဒုမ္မာကြာအိုင်ကို တွေ့မြင်ရသဖြင့် ထိုအိုင်မှ ကြာရွက်ငါးရာ၊ ကြာပွင့်ငါးရာတို့ကို ဆွတ်ခူးယူဆောင်၍ ယင်းစောင့်တဲသို့ လာခဲ့၏။ တဲသို့ရောက်သော် ကောက်နုံ ကြိုက်ယူ၍ ပေါက်ပေါက်ပွင့်ငါးရာရအောင် ဖောက်လော့ သော နေလေသည်။

ထိုစဉ်ကာလ၌ နိရောဃမာပတ်မှ ထလာစဖြစ်သော ဆွေကဗုဒ္ဓါတစ်ဆူသည် ဂန္ဓမာဒနတောင်မှ ကြွလာတော်မူ၍ လယ်တဲအနီးသို့ ရောက်ရှိလာသည်ကို ဖူးမြင်ရသော အခါ ထက်သန်သောသဒ္ဓါတရားဖြင့် ငါးရာသော ပေါက် ပေါက်တို့ကို အရှင်မြတ်၏သပိတ်အတွင်း လောင်းထည့်ပြီး ပဒုမ္မာကြာပန်းဖြင့် ဖုံးလွှမ်း၍ လှူဒါန်းလိုက်၏။ ပစ္စေက ဗုဒ္ဓါ ကြွချီသွားပြီး အတန်ငယ်ကြာမှ လယ်စောင့်မိန်းမငယ် လည်း ဤသို့အကြံရလေ၏။ ရဟန်းတို့ကား ကြာပန်းကို အလိုမရှိကုန်ရာဟုကြံ၍ လျင်မြန်စွာလိုက်သွားပြီး ပစ္စေက ဗုဒ္ဓါ၏ သပိတ်ပေါ်မှ ကြာပန်းကို လှမ်းယူ၏။ မိမိလက်သို့ ရောက်လျှင် ဆင်ခြင်ပြန်၏။

ဤအရှင်များသည် လိုလားသည်ဖြစ်စေ၊ မလိုလား သည်ဖြစ်စေ ငါလှူလိုက်လျှင် ကြီးမားသော ဒါနတစ်ခုပင် ဖြစ်သည်။ ငါ မှား၍ယူမိပြန်သည်ဟု တစ်ဖန် သပိတ်ပေါ်၌ ပြန်ထားပြီးသော် ဝတ်ပြုရှိခိုးလျက်-

"အရှင်ဘုရား..အကျွန်ုပ်သည် ဤကြာပန်းကို လှူ ခဲ့ရသော ကုသိုလ်ကံစေတနာကြောင့် တမလွန်ဘဝ ဆင်းချုရာမြေမျက်နှာထက် ပဒုမ္မာကြာထွက်ခံလာသည် ဖြစ်စေသော်။ ပေါက်ပေါက်လှူဒါန်းရသော ကုသိုလ်ကံ ကြောင့် အရှင်ကဲ့သို့သော သားကောင်းရတနာငါးရာကို ရရှိပါစေသော်"ဟု ဆုတောင်းလေ၏။

ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်လည်း အနုမောဒနာပြု၍ ကြွတော်မူလေ၏။ အလှူရှင် လယ်စောင့်မိန်းမငယ်လည်း အသက်အတိုင်းနေ၍ ထိုဘဝမှ စုတေလတ်သော် တာ ဝတိံသာနတ်ပြည်၌ ဖြစ်ရပြန်လေ၏။ လူဘဝက ကြာပန်း လှူခဲ့သော အကျိုးဆက်ကြောင့် ဖဝါးလှမ်းတိုင်းသော အဝတ်၌ လှည်းဘီးစက်ပမာဏရှိသော ပဒုမ္မာကြာတို့သည် ပေါက်ကာ,ပေါက်ကာ ခံလာသောကြောင့် ပဒုမဝတီနတ် သမီးဟု ထင်ရှားလေ၏။

လှပစုံညီ ပဒုမဝတီ

ထိုနတ်သမီးဘဝမှ စုတေပြန်သော် ဟိမဝန္တာတော ကြီးအနီးရှိ ကြာအိုင်ကိုအမှီပြု၍ တစ်ခုသောကြာဝုံအတွင်း၌ ပဋိသန္ဓေတည်လာ၏။ ထိုကြာအိုင်ကို မှီခိုရှိနေရသော ရသေ့ကြီးတစ်ပါးသည် နံနက်အခါ၌ မျက်နှာသစ်ရန်အလို့ ငှာ ကြာအိုင်သို့သွားလေသော် တစ်ပါးသောကြာတို့မှာ များစွာပွင့်လန်းနေပါလျက် မပွင့်သေးသော ကြာဝုံကြီးတစ်ဝုံကို မြင်ရသဖြင့် တစ်စုံတစ်ခုသော အကြောင်းဝိသေသ ရှိလေ မည်ဟုဆင်ခြင်လျက် ရသေ့ဆင်း၍ ကြာပွင့်ကို ကိုင်တွယ် ကြည့်၏။ ထိုအချိန်မှာပင် ပွပွကားကားပွင့်လာသဖြင့် ကြာ တိုက်အတွင်း၌ အိပ်လျက်ပါလာသော သူငယ်မကို တွေ့ရှိရ လေ၏။ ရှင်ရသေ့လည်း သမီးဟူသောအမှတ်ဖြင့် ချစ်ခင် ကြင်နာစွာပွေ့ပိုက်လျက် ကျောင်းပြန်လာပြီး ညောင်စောင်း ထက်၌ သိပ်ထား၏။

ရသေ့ကြီးအဓိဋ္ဌာန်ပြုရာ လက်ချောင်းမှ နို့ရည်များ ထွက်လာစေပြီး ကြင်နာစွာဖြင့် ကျွေးမွေးပြုစုထားလေ၏။ သတို့သမီးငယ်သည် ထိုမှ,ဤမှ ပြေးလွှားသွားလာနိုင်သော အခါ ဖဝါးလှမ်းရာလှမ်းရာ၌ ပဒုမ္မာကြာပွင့်တို့သည် မြေမှ ထွက်ပေါ်၍ ခံလာကုန်၏။ ကိုယ်၏ အဆင်းအရောင်မှာ လည်း ပဒုမ္မာကြာဝတ်အလျှဲ ကုက်မံဝတ်မှုန်စုကဲ့သို့ ရှူချင် စဖွယ် တင့်တယ်လျှောက်ပတ်၍ နတ်သမီးအသွင် ထင်မှတ် ရ၏။ ပဒုမ္မဝတီဟူသောအမည်ကို ခေါ်ဝေါ်သမုတ်ခဲ့၏။ အဘရသေ့ကြီးလည်း နေ့စဉ်နေ့တိုင်း သစ်သီး၊ ပန်းသီးများ ရှာဖွေရန် တောထဲသို့ဝင်လေသောအခါ သမီးငယ်ကို တစ် ယောက်တည်းသာ ထားရစ်ခဲ့ရသည်။

မိဖုရားဘဝမြှောက်စားခံရ

တစ်နေ့သောအခါမှာတော့ တောမုဆိုးတစ်ဦးသည် ခရီးလွန်၍ ရသေ့ကျောင်းသို့ ရောက်ရှိလာခဲ့ရာ အရွယ် ရောက်လာပြီဖြစ်သော ပဒုမဝတီကို တွေ့မြင်ရလေ၏။ ငါ တို့ လူခွင်၌ မမြင်စဖူး ထူးခြားတင့်တယ် အံ့သြဖွယ်သော ဤသတို့သမီးကား လူသားစင်စစ်ဖြစ်လေသလော၊ အကယ် ၍ လူဖြစ်ပါက မိဘဆွေဥာဉ်ရှိတန်ရာ၏။ ငါသိအောင်စုံစမ်း ဦးအံ့ဟုကြံ၍ အခြေအနေကို စောင့်ကြည့်အကဲခတ်နေ၏။

အဘရသေ့ကြီး တောမှပြန်လာသည်ကိုမြင်လေသော် သတို့သမီးငယ်သည် ပြေးသွား၍ အဘလက်မှပါလာသော

www.burmeseclassic.com

www.burmeseclassic.com

ရသေ့ပရိက္ခရာ စသည်တို့ကို လှမ်းယူပြီးသကာလ နေရာထိုင်ခင်းပြင်ပေးခြင်း၊ ခြေသုတ်ပေးခြင်း၊ ယပ်ခတ်ပေးခြင်း စသည့် ဝတ်ကြီးဝတ်ငယ်များကို ပြုစုလေ၏။ ထိုသို့ပြုစုသည်ကို မုဆိုးမြင်လေရမှ ဇနကလူဖြစ်ကြောင်း သိရလေ၏။ တောလိုက်မုဆိုးလည်း ရသေ့ကြီးအား ရိုသစ္စာရှိခိုးဦးချကန်တော့လေ၏။

ရသေ့ကြီးလည်း တောမုဆိုးအား စားကောင်းစားဖွယ်များဖြင့် ဧည့်ခံကျွေးမွေးပြီးသော် "အသင်မုဆိုး..လူတို့ရဝ်ရှာပြန်ရောက်သောအခါ ငါ့သမီးရှိကြောင်းကို မပြောဘဲ နေနိုင်ပါအံ့လော" ဟု မေးလေ၏။

မုဆိုးကလည်း "အဘယ်အကျိုးရှိ၍ သူတစ်ပါးအား ပြောကြားပါအံ့နည်း" ဟု ပြောဆို၍ ရသေ့ကြီးအား ရှိခိုးဦးတင်ပြီးလျှင် လမ်းခရီးစဉ်ကိုမှတ်သား၍ ဗာရာဏသီပြန်လာခဲ့သည်။

ထို့နောက် သူတွေ့ကြုံခဲ့ရသော အကြောင်းစုံကို ဗာရာဏသီမင်းကြီးအား လျှောက်ထားလေ၏။

ဗာရာဏသီပြည့်ရှင်မင်းကြီးလည်း အကြောင်းစုံကို သိရှိလေသော် ဝမ်းသာကျေနပ်စွာဖြင့် မှူးမတ်ဗိုလ်ပါခြံရံလျက် မုဆိုးလမ်းညွှန်သည့် လမ်းကြောင်းအတိုင်း နေပြည်တော်မှ ထွက်ခွာလာခဲ့ရာ ရသေ့ကျောင်းအနီးသို့ ရောက်လတ်လျှင် သစ်တပ်မြို့တည် ယာယီတဲနန်းဖြင့် စံနေတော်မူ၏။ ရှင်ရသေ့ကြီးအား ရဟန်းပရိက္ခရာများ လှူဒါန်းဆက်ကပ်၍ ချီသာယဉ်ကျေးစွာ ပြောဆိုဆက်ဆံ၏။

ထိုသို့ပြောဆိုဆက်ဆံ၍ ရင်းနှီးခင်မင်လာသောအခါ မင်းကြီးက "အရှင်ဘုရား..အရှင်ရသေ့ထံ၌ ရဟန်းတို့နဲ့ မလျော်ကန်သော ဝိသဘာဂပုဂ္ဂိုလ်ရှိကြောင်း ကြားသိရပါ၍ အကျွန်ုပ်လာခဲ့ရခြင်း ဖြစ်ပါတယ်။ ထိုမိန်းမငယ်ကို အကျွန်ုပ်အား ဆောင်နှင်းစေလိုပါသည်ဘုရား" ဟု တောင်းခံလေ၏။

ထိုအခါ ရသေ့ကြီးက "အရှင်မင်းကြီး..ငါ့သမီးကား ဆွေမျိုးနည်းပါး အားကိုးစရာတစ်ဦးတစ်ယောက်မျှမရှိပါ။ မင်းကြီးတို့ကား မောင်းမမိသဲ့အခြေအရံ ပေါများလှပါ၏။ မနာလိုငြား ကုန်းချောပါက သနားမကြင် အပြစ်မြင်ကာ မညှာမတာပြုတတ်ပါ၏။ သို့ပါ၍ ငါ့သမီးအား မင်းကြီးထံဆောင်နှင်းဖို့ အခက်အခဲဖြစ်ရပါသည်" ဟု ဆိုလေ၏။

"အရှင်ရသေ့..မစိုးရိမ်ပါလင့်၊ သူတထူး မနှိပ်စက်ရအောင် အင်္ဂမဟေသီပြုပါအံ့" ဟု ဝန်ခံလေ၏။

ထိုသို့ဝန်ခံသောအခါမှ ရှင်ရသေ့ကြီးက ပဒုမဝတီသမီးတို့ ခေါ်ယူ၍ သင့်လျော်သော ဆုံးမသြဝါဒကိုပေးပြီး လျှင် မင်းကြီးအား ဆောင်နှင်းပေးလိုက်လေ၏။ မင်းကြီးလည်း အရှင်ရသေ့ကြီးအား ရိုသေစွာကန်တော့ပြီးနောက် ပဒုမဝတီကိုခေါ်ဆောင်၍ နေပြည်တော်သို့ ပြန်လာခဲ့လေ၏။

မောင်းမတို့ ပဒုမဝတီကိုမနာလိုဖြစ်ကြ

ဗာရာဏသီပြည့်ရှင်မင်းကြီးလည်း ပဒုမဝတီကို ရသည့်နေ့မှစ၍ အခြားသောမိဖုရားများနှင့် ဆက်ဆံမှုမပြုတော့ဘဲ ပဒုမဝတီနှင့်သာ စံပယ်ကာနေတော်မူ၏။ ယင်းသို့သော အခြေအနေများကြောင့် မိဖုရားမောင်းမတို့က ပဒုမဝတီအပေါ် မနာလိုငြူစူလျက် ဖျက်ဆီးရန် ကြံဆတိုင်ပင်ကြပြီးနောက်-

"အရှင်မင်းကြီး..ဤပဒုမဝတီကား လူသားဇာတ်မဟုတ်၊ မနုဿစင်စစ်ဖြစ်သောသူတို့မှာ ဖဝါးချရာချရာ ကြာခံလာခြင်းရှိသည် တစ်ခါမျှမကြားဖူးပါချေ။ နတ်သမီးလူးတို့၏ အမျိုးသားလျှင် ကြာခံလာကြောင်းကြားဖူးပါသည်။ အရှင့်မိဖုရားကား လူသားဇာတိမဟုတ်၊ နာနာရုပ်အတုတ်ပညာဖြင့် စီမံပြုလုပ်ထားသော နတ်ဘီလူးမသာဖြစ်ပါလိမ့်မည်။ အကျွန်ုပ်တို့ သူနှင့်အတူ မနေဝံ့ပါ။ အကျွန်ုပ်တို့အား စွန့်လိုကစွန့်တော်မူပါ။ ပဒုမဝတီကို ထိုပါက ပစ်ခွာတော်မူပါ" ဟု လျှောက်ထားကြကုန်၏။

ယင်းကဲ့သို့ အကြိမ်ကြိမ်လျှောက်ထားကြသော်လည်း မင်းကြီးက တစ်စွန်းမျှသော စကားမဆိုဘဲ ငြိမ်သက်နေလေ၏။

ဤသို့ဖြင့်နေထိုင်လာခဲ့ရာ နှစ်လရာသီတွေ အလိုက်ကူးပြောင်း အဟောင်းတွေချုပ်ငြိမ်း၍ အသစ်တွေဖြစ်ပေါ်လာပြီးသကာလ တစ်နေ့မှာတော့ ပဒုမဝတီ၌ သန္ဓေခေါ်၏။ ထိုစဉ်ကာလအခါသမယတွင် ဗာရာဏသီပြည့်ရှင်နယ်ခြားဒေသ၌ ပုန်ကန်သောင်းကျန်းမှု ဖြစ်ပွားနေသည်အတွက် မင်းကြီးကိုယ်တိုင် သွားရောက်နှိမ်နင်းရလေ၏။ ထိုသို့ မင်းကြီးမရှိခိုက်အချိန်တွင် ငါးရာသောမောင်းမတို့သည် ပဒုမဝတီ၏ အလုပ်အကျွေးမိန်းမအား တံစိုးလက်ဆောင်ပေး၍ "သင်၏အရှင်မ သားဖွားသောအခါ မွေးဖွားလာသောသားကို ငါတို့ကိုပေးပါ။ သစ်တုံးပြတ်တစ်ခုတည်းသာ သားအဖြစ်ပြုထားပါ" ဟု ပြောဆိုမှာကြား၏။

အလုပ်အကျွေးမိန်းမသည်လည်း "ကောင်းပါပြီ" ဝန်ခံ၍ အသင့်ပြုထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

မကြာသောကာလအတွင်းမှာပင် ပဒုမဝတီမိဖုရားသည်း ပဒုမမင်းသားကို ဖွားမြင်သန့်စင်ခဲ့၏။ တစ်ချိန်သည်းမှာပင် ကိုယ်ဝန်အညစ်အကြေး သွေးစက်သွေးပေါက်လျှင် လေးရာကိုးဆယ့်ကိုးယောက်သောသူတို့သည် သံသေတ္တိတွယ်ကြ၍ ငါးရာမျှသောမင်းသားများ ဖြစ်လာကြကုန်၏။ အလုပ်အကျွေးမိန်းမလည်း ထိုငါးရာသမျှသောသားတို့ကို 'မောင်းမငါးရာတို့ထံပေးအပ်ခဲ့ပြီး သစ်တုံးပြတ်သော သွေးများလိမ်းကျံကာ သားအဖြစ်ထားလေ၏။

ပဒုမဝတီမိဖုရားလည်း သားကိုမွေးဖွားပြီးနောက် မောခဲ့၍ မိန်းမောနေရာမှ သတိပြန်ရလာ၏။ အလုပ်အကျွေးကိုခေါ်၍ 'အကျွန်ုပ်မွေးဖွားသောသား ဘယ်မှာလဲ' ဟု မေးမြန်းရာ 'အရှင်မသားက ဤသစ်တုံးပင် ဖြစ်ပါသည်' ဟု ပြဆိုလေ၏။

ပဒုမဝတီလည်း နလုံးမသာ ရက်နီးစွာဖြင့် 'အမြန်ခွဲပစ်ပါလော့။ ဤကိစ္စ မည်သူ့ကိုမျှ မသိပါစေနဲ့' ဟု အကြိမ်ကြိမ်ဆိုနှုတ်ပိတ်လိုက်လေ၏။

မင်းသားငါးရာကို ယူဆောင်လာကြသော မောင်းမတို့သည်း ပန်းထိမ်သည်ထံ သွားရောက်ကြပြီးလျှင် ကြုတ်များကို အမြန်ပြုလုပ်စေ၏။ ထိုရရှိလာသော ကြုတ်များအထဲ၌ မင်းသားငါးရာကို အသီးသီးသိပ်ထားပြီး တံဆိပ်များနှိပ်ကာ ကောင်းစွာပင်သိုဝှက်ထားကြလေ၏။ ထိုသားသုံးငါးရာတို့ကို ကြုတ်ထဲ၌သိပ်သောနေ့မှာပင် မင်းသား၏ ဘုန်းတန်ခိုးကုသိုလ်ကြောင့် လက်မများက နို့ရည်များ ယိုစိမ့်ထွက်လာသည်ဟု ဆိုပါသည်။

ဟုနကန်သူများကို နှိမ်နှင်းအောင်မြင်၍ မင်းကြီးလည်း ပြည်တော်သို့ ပြန်လာခဲ့ရာ မောင်းမငါးရာတို့က ခရီးတွင်းဆိုလျက် ပဒုမဝတီမိဖုရားမှ သစ်တုံးကို မွေးဖွားကြောင်း၊ ဘီလူးမသာဖြစ်ကြောင်း လျှောက်ထားကြလေသော် မင်းကြီးလည်း ရက်စိတ်၍ မောင်းမတို့၏စကားကို ယုံကြည်သဘောတူကာ ပဒုမဝတီအား နန်းတော်မှ ဖယ်ရှားရန် နှင်ထုတ်လိုက်တော့သည်။

ပဒုမဝတီမိဖုရားသည်လည်း ရှေးရှေးဘဝတစ်ခုကပြုခဲ့သော အကုသိုလ်ကံကြောင့်သည် အကျိုးပေးမည့်အချိန် ရောက်လာပြီဖြစ်သဖြင့် နန်းတော်မှ တစ်ယောက်တည်း ထွက်ခွာလာခဲ့ရလေ၏။ ထိုစဉ်အချိန်မှစ၍ ခြေဖဝါးချတိုင်း၊ ချတိုင်း ပေါ်ထွက်လာသော ပဒုမ္မာကြာပန်းတို့လည်း ပျောက်ကွယ်ခဲ့ရသလို နတ်တို့၏ ကိုယ်ရောင်ကဲ့သို့ ထွန်းလင်းတောက်ပသော ကိုယ်ရောင်တို့သည်လည်း ကွယ်ပျောက်ကုန်လေ၏။ ထိုကဲ့သို့ ကြမ္မာလည်းညှဉ်း အဖြစ်ဆိုးကြောင့် အားငယ်နေရာသော ပဒုမဝတီသည် လမ်းကြုံလမ်းကြားမှ ဖြတ်သန်းလာခဲ့ရာ မြို့စွန်အဖျားရှိ အဘွားအိုတစ်ဦး၏အိမ်အနီးသို့ ရောက်ရှိခဲ့လေ၏။ အဘွားအိုသည် ပဒုမဝတီကို မြင်လျှင်မြင်ခြင်း သမီးအရင်းကဲ့သို့ ချစ်ခင်နှစ်သက်ပြီး လာခဲ့ရသောအကြောင်းကို မေးလေ၏။

ပဒုမဝတီက 'အို..မိခင်၊ အကျွန်ုပ်ကား ခရီးသွားအာဂန္တုဖြစ်ပါတယ်။ တည်းခိုရန် အခက်အခဲရှိနေပါသည်' ဟု ပြော၏။

ထိုအခါ အဘွားအိုက 'ချစ်သမီး..မည်သို့မျှစိတ်ဆင်းရဲခြင်း မဖြစ်ပါလေနဲ့။ မိခင်အိမ်ဟု မှတ်ယူ၍ အေးချမ်းစွာနေထိုင်ပါလေ' ဟုဆိုကာ အမိအရင်းကဲ့သို့ စောင့်ရှောက်ထားလေ၏။

မောင်းမတို့၏လုပ်ကြံမှုကြီးပေါ်လာခြင်း

မင်းသားငယ်ငါးရာကို သိဝှက်ထားသော မောင်းမတို့သည် မင်းကြီးအား မင်းကြီးစစ်ထွက်သွားစဉ် စစ်အောင်နိုင်ရေးအတွက် ဂင်္ဂါနတ်တို့ကို ပူဇော်ဆုတောင်းခဲ့ပါကြောင်း၊ ယခုစစ်အောင်တော်မူသဖြင့် ဂင်္ဂါသဘင်ပွဲကျင်းပ၍ ပျော်ရွှင်တော်မူပါဟု လျှောက်ထားကြလေ၏။

မင်းကြီးလည်း ဂင်္ဂါသဘင်ပွဲကို စီစဉ်ပြုလုပ်တော်မူလေသော် ငါးရာသောမောင်းမတို့သည် မိမိတို့ဝှက်ထားသော ကြုတ်တို့ကို ရေထဲသို့ ဆင်းသက်၍ သိုသိပ်စွာမျှောချကြလေ၏။ ထိုကြုတ်များမှာ ရေတွင်မျောပါလျက် မင်းကြီးရေကစားရာအနီးတွင် ကာရံထားသော ပိုက်ကွန်၌ ငြိတွယ်ကုန်သဖြင့် မင်းကြီးသည် ရေမှတက်ပြီး လျှင် ပိုက်ကွန်ဖော်ယူစေရာ ကြုတ်တို့ကို တွေ့ရလေ၏။ မင်းကြီးက ကြုတ်တို့အား ဖွင့်ကြည့်တော်မူရာ ရွှေအဆင်းရှိသော မင်းသားငယ်တို့ကို တွေ့ရ၏။ ကြုတ်၌ပါသော တံဆိပ်ကို ကြည့်ရှုပြန်ရာ ဤမင်းသားတို့ကား မိဖုရားပဒုမဝတီ၏ဝမ်းမှဖွားမြင်သော ဗာရာဏသီမင်းကြီး၏ သားတော်တည်းဟူသောတံဆိပ်ကို တွေ့ရလေ၏။ ဤတံဆိပ်ကား မောင်းမငါးရာတို့ ကြုတ်အတွင်းသို့



www.burmeseclassic.com

သွင်းသည့်နေ့၌ပင် နောင်တွေ့သောအခါ မင်းကြီး သိနိုင်စေရန် သိကြားမင်းက လာ၍ရေးသားခဲ့ခြင်းဖြစ်သတည်း။

ဗာရာဏသီမင်းကြီးသည် မိမိသားအရင်းဖြစ်သည်ကို သိရလေသော် သည်းအူစိမ့်မျှ ချစ်ခင်မြတ်နိုးလျက် ပဒုမမင်းသားကို ပွေ့ယူချီမ၍ မှုးမတ်တို့ကို ကြွင်းသောသားငယ်တို့ကို ထိန်းသိမ်းပြုစုစေလျက် ဗိုလ်ပါများနှင့်တကွ နန်းတော်သို့ ပြန်ဝင်တော်မူလေ၏။ မင်းကြီး နန်းတော်သို့ ပြန်ရောက်သည့်အခါ ဆင်တော်၏လည်တွင် အသပြာထောင်ထုပ်ကိုဆွဲ၍ နေပြည်တော်အတွင်းတွင်လှည့်လည်ကာ ပဒုမဝတီ၏သတင်းကို စုံစမ်းရှာဖွေကြစေ၊ ပဒုမဝတီကို သတင်းပေးပြသနိုင်သူအား အသပြာထောင်ထုပ်ကို ပေးသနားစေဟု အမိန့်တော်မှတ်လေ၏။

မင်းချင်းတို့လည်း ဆင်တော်နှင့် တိုင်းပြည်မြို့ရွာတစ်နံတစ်လျားလှည့်လည်၍ စည်တော်တီးကာ စုံစမ်းရှာဖွေခဲ့ကြရာ မိဖုရားတည်းခိုရာအိမ်ရှေ့သို့ တိုက်တိုက်ဆိုင်ဆိုင်ပင် ရောက်ရှိလာခဲ့လေသည်။

စည်တီးမောင်းခတ်ကြေညာနေသော သတင်းစကားကို ပဒုမဝတီကြားသိလိုက်ရသဖြင့် 'အို..မိခင်၊ ဆင်၏လည်တွင်ဆွဲထားသော အသပြာထောင်ထုပ်ကို ယူချေလော့။ မင်းချင်းတို့က ပဒုမဝတီကို သိပါသလား'ဟု မေးလျှင် 'ငါ့သမီး..သိပါသည်ဟု ဆိုလေလော့'ဟုဆို၍ စေလိုက်လေ၏။

ထိုအခါ အဘွားအိုက 'ငါ့သမီး..မပြနိုင်လျှင် မခက်လော'ဟုဆို၍ မယူဘဲနေလေ၏။

'အို..မိခင်၊ မစိုးရိမ်ပါလင့်။ ဆင်၏လည်ကုပ်မှ အသပြာထုပ်ကို ယူဖြစ်အောင် အမြန်သာယူလိုက်ပါ'ဟု ထပ်မံပြောဆိုပြန်သဖြင့် အဘွားအိုလည်း အသပြာထုပ်ကို ယူလေ၏။

မင်းချင်းတို့လည်း အဘွားအိုနှင့်အတူလိုက်လာကြရာ အိမ်၌ ပဒုမဝတီကို တွေ့မြင်ရသောအခါ ရိုသေစွာဦးညွတ်ကြလေ၏။

မင်းချင်းတို့က အဘွားအိုကြီးတစ်ဦး၏အိမ်တွင် ပဒုမဝတီကို ပြန်လည်တွေ့ရှိရကြောင်း လျှောက်ထားသောအခါ မင်းကြီးက ပဒုမဝတီနေထိုင်ရာ အိမ်တွင်း,အိမ်ပတ်၌ ခမ်းနားကြီးကျယ်စွာတန်ဆာဆင်ပေးပြီး ပဒုမဝတီမိဖုရားကို မင်္ဂလာရထားဖြင့်ဆောင်နှင်း၍ နန်းတော်သို့ဝင်ရန် စီစဉ်ထား၏။ သို့သော် မိဖုရားက ရထားစီး၍ မပြန်လိုဘဲ မိမိဘုန်းတန်ခိုးအာနုဘော်ကို ပြည်သူတို့သိမြင်စေခြင်းငှာ ခြေဖြင့်သာ ကြွလာလတ်သော် ဖဝါးချရာနေရာတိုင်း၌ လှည်းဘီးပမာဏရှိသော ပဒုမ္မာကြာပန်းသည် ထွက်ကာ,ထွက်ကာ ခံလာ၍ ဖဝါးချီသောအခါမှ ထိုကြာပန်းတို့သည်လည်း ကွယ်ပကုန်လေ၏။

မိဖုရားပဒုမဝတီလည်း နန်းတော်သို့ရောက်လျှင် လမ်းတစ်လျှောက်ခင်းကျင်းထားသော အဝတ်တန်ဆာ၊ ရတနာရွှေ,ငွေတို့ကို မိမိအားကျွေးမွေးစောင့်ရောက်ခဲ့သော အဘွားအိုအား ပေးအပ်လိုက်၏။ ဗာရာဏသီမင်းကြီးကလည်း ယခင်က ငါးရာသောမောင်းမတို့ကို ပဒုမဝတီ၏ ကျွန်အဖြစ် ပေးအပ်၏။ ထိုအခါ ပဒုမဝတီက ထိုမောင်းမတို့သည် မကောင်းကြံခဲ့သူများဖြစ်၍ ကျွန်ခံရသောဘဝသို့ ရောက်ခဲ့ရကြောင်း မြို့တော်လေးပြင်လေးရပ်သို့ စည်ထောင်ဖြင့် လှည့်လည်တီးခတ်ကြေညာစေခဲ့သည်။ ထို့နောက်မှ တော့ မင်းကြီးထံ ခွင့်ပြုရန်လျှောက်ထားလျက် သားကြီးစွာဖြင့် သည်းခံခွင့်လွှတ်ပြီး မောင်းမငါးရာတို့အား ကျွန်အဖြစ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်လေ၏။ တစ်ဆက်တည်းပင် ပဒုမဝတီမိဖုရားက မဟာပဒုမသားကိုမွေးမြူ၍ ကြွင်းသောမင်းသားငယ်တို့ကို ထိုမောင်းမတို့အား အသီးသီးမွေးမြူစောင့်ရှောက်စေခဲ့လေ၏။

မင်းသားငယ်များ ပစ္စေကဗုဒ္ဓါဖြစ်ကြခြင်း

အလွယ်ရောက်လာပြီဖြစ်သော မင်းသားတို့သည် လွှားဆော့ကစားကြစဉ် ရေကန်ကြီးတစ်ကန်အနီးသို့ရောက်ရှိခဲ့ရာ ထိုရေကန်ထဲ၌ ကြာပန်းများပွင့်နေကြသည်ကို သတ်ပြုမိကြလေ၏။ ကြာပန်းများသည် နံနက်ပွင့်စအခါတွင် လွန်စွာလှပတင့်တယ်၍ ညချမ်းအခါ၌ ညှိုးနွမ်းလာသည်ကို မြင်တွေ့ရလျှင် ကြာပင်ကြာပွင့်တည်းဟူသော အနိစ္စဒိန္နကရုပ်သည် ဝယပတ္တအနိစ္စသဘောဖြစ်သေးလျှင် ဥစ္စာဒိန္နကဖြစ်သော ငါတို့၏ရုပ်နာမ်ခန္ဓာသည်ကား အဘယ်လွန်ဆန်နိုင်အံ့နည်းဟု ဝိပဿနာရှုဆင်ခြင်ကြလေရာ ခဏမှာပင် ပစ္စေကဗုဒ္ဓါများ ဖြစ်ကြလေကုန်၏။

ထိုသို့ဖြစ်ပြီး ခဏအကြာတွင် ပွင့်ချပ်၌ ထက်ဝန်းဖွဲ့ခွေထိုင်နေကြသည်ကို နောက်ပါအခြံအရံများက တွေ့မြင်ရလေသော် 'အရှင့်သားတို့..နန်းတော်ပြန်ဖို့ရန် အချိန်တန်ပါပြီ။ ရေကန်မှ တက်တော်မူကြပါ'ဟု လျှောက်ထားကြ၏။

ထိုသို့လျှောက်ထားသည်ကို မင်းသားတို့က သိစကားမပြန်ကြသဖြင့် မင်းကြီးထံလျှောက်တင်ပြုရာ

www.burmeseclassic.com

www.burmeseclassic.com

သားတို့ဆန္ဒအရ နေလိုတိုင်းနေစေ၊ သင်တို့သာ စောင့်ရှောက်လေ'ဟု ဆိုလေသဖြင့် ညဉ့်သုံးယံပတ်လုံး စောင့်နေရလေ၏။

နံနက်လင်းသောအခါ 'အရှင်သားတို့..နန်းတော်သို့ ပင်တော်မူပါ' လျှောက်ထားပြန်သော 'အသင်မင်းချင်းတို့..ငါတို့ကား မင်းသားများ မဟုတ်တော့ပါ။ ပစ္စေကဗုဒ္ဓါဖြစ်ကြပြီ'ဟုဆို၏။

မင်းချင်းတို့ကလည်း ပစ္စေကဗုဒ္ဓါမည်သည် ဆံမုတ်ဆိတ်ကိုရိတ်ပယ်၍ သင်္ကန်းပရိက္ခရာအစုံနှင့်ဖြစ်ပါသည်။ နန်းလေးသောစကားကို မဆိုကြလင့်ဟု လျှောက်ထားလျှင် ရဟန်းအသွင်သို့ ညွှတ်သောစိတ်ဖြင့် မိမိ၏ဦးခေါင်းကို ဆတ်ဖြင့် သုံးသပ်လေသော် လူအသွင် ကွယ်ပျောက်၍ ဆင်ကုန်ရာရစ်ပါးနှင့်တကွ ရဟန်းအသွင်ကိုရလေ၏။ ယင်းသို့ ရဟန်းအသွင်ကို ရကြပြီးနောက် ကောင်းကင်ခရီးမှ ကန္ဓမာဒနတောင်သို့ ကြွတော်မူလေကုန်၏။

ဆတ်လုပ်စားအိမ်ရှင်မဘဝ

ပဒုမဝတီမိဖုရားသည် ထိုအကြောင်းကို ကြားသိရလေသော် ငါသည်ကား သားအများကို မွေးဖွားရပါလျက် ငါ၏အဆုံး၌ တစ်ယောက်မျှမရှိ။ နိပုတ္တကဖြစ်ရချေပြီဟု စိုးရိမ်ပူဆွေး ငိုကြွေးခြင်းကြီးစွာဖြစ်လျက် ကြေကွဲဝမ်းနည်းသော အဖြစ်ဖြင့် ကြမ္မာကုန်ခဲ့ရပြီးနောက် ရာဇဂြိုဟ်ပြည်အနီးရှိ ရွာငယ်လေးတစ်ရွာ၌ လယ်သမားကြီးတစ်ဦး၏သမီး ဖြစ်ဖွားခဲ့လေ၏။ ထိုသမီးငယ် အချိန်တန်အရွယ်ရောက်လာသောအခါ အိမ်ထောင်ပြုပြီးသကာလ မိဘတို့၏ အစဉ်အလာဖြစ်သော လယ်ယာလုပ်ငန်းကို လုပ်ဆောင်အသက်မွေးဝမ်းကျောင်းပြုရလေ၏။

တစ်နေ့သ၌ မိမိလင်ယောကျ်ားအတွက် ယာဂုပို့ဆောင်ရန် လယ်တောသို့ ထွက်လာခဲ့၏။ ထိုစဉ်ကာလတွင် ဘဝဆောင်းက မိမိ၏သားဖြစ်ခဲ့ဖူးသော ပစ္စေကဗုဒ္ဓါငါးရာတို့မှ နှစ်ပါးသောပစ္စေကဗုဒ္ဓါတို့သည် ကောင်းကင်ခရီးမှကြွလာသော်သည်ကို မြင်ရသဖြင့် လင်ယောကျ်ားအား 'အရှင်..ဆောင်းကင်မှကြွလာသော ပစ္စေကဗုဒ္ဓါတို့ကို ရှုစမ်းပါဆော့။ ထိုရဟန်းတို့ကိုပင့်ဖိတ်၍ ဆွမ်းလှူဒါန်းကုန်အံ့'ဟုဆို၏။

ထိုအခါ လင်ယောကျ်ားက 'ဤပုဂ္ဂိုလ်တို့ကား ရဟန်းများမည်ကုန်၏။ အဘယ်ဌာနဌ်ဍ ဆင်းသက်ကြမည်ကို မသိနိုင်'ဟုဆို၏။

ထိုသို့ ဇနီးမောင်နှံနှစ်ဦးတို့ စကားပြောဆိုနေကြစဉ် အချိန်မှာပင် ပစ္စေကဗုဒ္ဓါတို့သည် ကောင်းကင်မှ ဆင်းသက်လာ၍ ငှင်းတို့နှစ်ဦးအနီး၌ ရပ်တော်မူကုန်၏။

လယ်ရှင်မိန်းမသည် ပစ္စေကဗုဒ္ဓါတို့အား ပင့်ဖိတ်၍ အသင့်ရှိနေသော ထမင်းစားဖွယ်တို့ကို ဆက်ကပ်ပြီးလျှင်-

'အရှင်မြတ်ရှစ်ပါးတို့..မနက်ဖြန်မှာလည်း တပည့်တော်မ၏ဆွမ်းကို အလှူခံတော်မူပါ'ဟု ဖိတ်ကြား၏။

ပစ္စေကဗုဒ္ဓါတို့ကလည်း 'ဒါယိကာမကြီးလှူဒါန်းအံ့သောဆွမ်းကိုလည်းကောင်း၊ နေရာကိုလည်းကောင်း၊ ရှစ်ပါးစာအတွက်သာရှိပါစေ။ ကုသိုလ်စေတနာပြန့်ပွားရအောင် ငါးရာသောရဟန်းတို့ ကြွလာအံ့'ဟုမိန့်ဆို၍ ပြန်ကြွလေ၏။

နံနက်မိုးသောက် အလင်းရောက်သောအခါ ရှစ်ပါးသောပစ္စေကဗုဒ္ဓါတို့သည် ကြွင်းသောလေးရာကိုးကျိပ်နှစ်ပါးတို့အား 'အသင်တို့မိခင် ဖြစ်ခဲ့ဖူးသော ဒါယိကာမကြီးအား ချီးမြှောက်သောငှာ တစ်ပါးနေရာသို့ ဆွမ်းခံမကြွမူဘဲ ငါတို့နှင့်အတူ လိုက်ခဲ့ပါကုန်'ဟုဆို၍ ထိုရဟန်းငါးရာလုံးပင် ကောင်းကင်ခရီးမှ ကြွလာကြလေ၏။

ဒါယိကာမကြီးလည်း မှာခဲ့သည့်ဆွမ်း၊ နေရာထိုင်ခင်းတို့ကိုသာ စီမံထားသည်ဖြစ်ရာ ငါးရာသောရဟန်းတို့ ရောက်လာသဖြင့် ဝမ်းမြောက်ဝမ်းသာစွာ နေရာပြင်ခြင်းငှာ အားထုတ်လေ၏။ ပစ္စေကဗုဒ္ဓါတို့လည်း မိမိတို့တန်ခိုးအာနုဘော်ဖြင့် အိမ်ကိုလည်းကောင်း၊ နေရာထိုင်ခင်းကိုလည်းကောင်း တိုးပွားစေ၍ ပစ္စေကဗုဒ္ဓါငါးရာလုံးပင် ထေရ်စဉ်အလိုက် နေထိုင်ကြလေ၏။ ဒါယိကာမကြီးလည်း ရှိသမျှသော ဆွမ်း၊ ဘောဇဉ်တို့ကို ပြင်ဆင်ထားရာ ရှစ်ပါးအတွက်သာ ရည်မှန်းပြုလုပ်ထားသော ဘောဇဉ်တို့မှာ တိုး၍၊တိုး၍ များများလာပြီး ရဟန်းငါးရာအတွက် လုံလုံလောက်လောက် ပြည့်စုံစွာဆက်ကပ်လှူဒါန်းနိုင်ခဲ့လေ၏။

ထိုသို့ ရဟန်းတို့အား ဆွမ်းဆက်ကပ်ပြီးနောက် ပစ္စေကဗုဒ္ဓါရှစ်ပါးတို့အား ကြာညှိပန်းများ ဆက်ကပ်လှူဒါန်းပြီးလျှင် ဆွမ်းအနုမောဒနာတရား နာကြားလေ၏။ တရားနာကြား၍အဆုံးမှာတော့ လယ်ရှင်ဒါယိကာမသည် 'တပည့်တော်မသည် ယခုအားထုတ်အပ်သော ကုသိုလ်ကောင်းမှုကြောင့် ဖြစ်ဖြစ်သမျှ နောင်သောဘဝများ၌ ကြာညှိပွင့်ချပ်ကဲ့သို့ လျောက်ပတ်တင့်တယ်သော ကိုယ်၏အဆင်းအရောင်ကိုလည်းကောင်း၊ အရှင်မြတ်တို့ရအပ်သော တရားထူး၊ တရားမြတ်ကိုလည်းကောင်း ရရပါလို၏'ဟု ဆုတောင်း

www.burmeseclassic.com

www.burmeseclassic.com

ပတ္ထနာပြုလေ၏။

တရားဒေသနာတော်ပြီးဆုံးလေသော် ပစ္စေကဗုဒ္ဓါတို့လည်း ဂန္ဓမာဒနတောင်သို့ ပြန်ကြွတော်မူလေ၏။

နောက်ဆုံးဘဝရဟန်းမပြုခြင်း

လယ်ရှင်မိန်းမသည်လည်း အသက်အတိုင်းနေ၍ စုတေသေလွန်သောအခါ ငါတို့ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောကာလ သာဝတ္ထိပြည်ဝယ် ကုဋေတစ်ရာ့ခြောက်ဆယ်ကြွယ်ဝသော သူဌေးကြီးတစ်ဦး၏အိမ်၌ ပဋိသန္ဓေတည်၍ လူဖြစ်ခဲ့ရလေ၏။

ထိုသူဌေးသမီးကို မွေးဖွားသောအခါ ကြာညိုရောင်နှင့် တူသော ကိုယ်အဆင်းရှိသောကြောင့် ဥပွလဝဏ်ဟူသော အမည်ကိုမှည့်လေ၏။ ကိုယ်၏ရနံ့မှာလည်း ကြာညိုနံ့ကဲ့သို့ မွေးပျံ့သင်းထုံနေ၏။ ထိုမိန်းမငယ်သည် အပျိုစင်အရွယ်သို့ ရောက်လျှင် မြင်မြင်သမျှသော ယောကျ်ား,မိန်းမတို့သည် ချီးမွမ်းအံ့သြ၍ မကုန်နိုင်အောင် လှပတင့်တယ် ချစ်ခင်စဖွယ် ကောင်းသတင်းသည် ဇမ္ဗူဒီပ်ကျွန်းတစ်ခုလုံး ပျံ့နှံ့ကျော်စောလေ၏။ ထိုသတင်းကို ကြားသိကြရသော တစ်ရာ့တစ်ပါး ထီးဆောင်းမင်းအပေါင်းတို့သည်လည်းကောင်း၊ စည်းစိမ်ကြီးကျယ် သူဌေးသူကြွယ်တို့သည်လည်းကောင်း၊ အောင်သွယ်တမန်တို့ကိုစေလွှတ်၍ ဖခင်သူဌေးကြီးထံမှ ဥပွလဝဏ်သမီးပျိုကို တောင်းခံကြလေ၏။

ထိုကဲ့သို့ မင်း၊ ပုဏ္ဏား၊ သူဌေးတို့က အပြိုင်အဆိုင် တောင်းခံလာကြသောအခါ ဖခင်သူဌေးကြီးက ဤသို့အကြံဖြစ်လေ၏။

'ငါ၏သမီးတစ်ယောက်တည်းဖြင့် တောင်းခံလာသူအားလုံးတို့၏ စိတ်ဆန္ဒအလိုပြည့်ဝအောင် မဖြည့်ဆည်းနိုင်ပါ။ ငါ၌လည်းကောင်း၊ သမီး၌လည်းကောင်း၊ ဘေးရန်ကင်းကြောင်းဖြစ်သော ဥပါယ်ကိုပြုအံ့'ဟုဆို၍ သမီးကို ခေါ်ယူပြီးသော် 'ချစ်သမီး..သင်သည် ကိစ္စများစွာ လူတို့ဘောင်၌ အိမ်ထောင်သက်မွေးခြင်းမပြုဘဲ ရဟန်းမပြုနိုင်ပါအံ့လော'ဟု မေးလေ၏။

ဥပွလဝဏ်မှာလည်း သံသရာ၏နောက်ဆုံးဖြစ်သော ပစ္ဆိမဘဝ၌ ရောက်ရှိနေသူဖြစ်သောကြောင့် ဖခင်မေးမြန်းပြောဆိုလိုက်သောစကားသည် ဦးခေါင်းထက်၌ လောင်းချလိုက်သည့် အကြိမ်တစ်ရာချက်အပ်ပြီးသော ဆီမွှေးကဲ့သို့ ရှိလေ၏။

'သမီး ရဟန်းမ ပြုနိုင်ပါသည်။ သာသနာတော်သို့ အမြန်သာသွတ်သွင်းပါလော့'ဟု ဆို၏။

မိဘနှစ်ပါးတို့လည်း ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ကြီးကျယ်သောအခမ်းအနားဖြင့် သမီးတော်အား ရတနာထမ်းစင်၌ တင်ဆောင်ပြီးလျှင် ဘိက္ခုနီမကျောင်းသို့ ပို့ဆောင်၍ ရဟန်းပြုစေ၏။

ယင်းသို့ ကေသီပယ်၍ ထေရီမယ်ရဟန်း(ဘိက္ခုနီမ)ပြုပြီး၍ မကြာမီပင် ဥပုသ်နေ့နှင့်ကြုံကြိုက်၍ ဥပုသ်အိမ်၌ ဆီမီးထွန်းညှိပူဇော်ခွင့်ရလေ၏။ ဆီမီးပူဇော်၍ ပြောင်ပြောင်လက်သော ဆီမီးရောင်မီးညွှန့်ကို အာရုံစောလျက် တစေ့တကသိဏ်းကို ရှုပွားအားထုတ်လေရာ မကြာမြင့်မီမှာပင် တစေ့တကသိဏ်းစျာန်ကို ရရှိလေ၏။ ထိုတစေ့တကသိဏ်းစျာန်သမာဓိကို အခြေခံပြု၍ ဝိပဿနာတရား ရှုပွားအားထုတ်လေရာ မကြာမီပင် အရဟတ္တဖိုလ်သို့ဆိုက်ရောက်ကာ ရဟန္တာထေရီမ ဖြစ်သွားခဲ့လေ၏။ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သည်နှင့်တစ်ပြိုင်နက် ရှေးရှေးဘဝများစွာက ဆုတောင်းခဲ့သည့်အတိုင်း တန်ခိုးစီမံဖန်ဆင်းခြင်း၌ ဝသီဘော်ငါးတန်လေ့လာနိုင်နင်း ပြီးမြောက်သူဖြစ်လေ၏။

တေဒဂ်ဘွဲ့ထူးရရှိခြင်း

ရဟန္တာထေရီမ ဥပွလဝဏ္ဏာသည် ကျွန်ုပ်တို့ ဂေါတမမြတ်စွာဘုရား ခုနစ်ဝါမြောက် ရောက်သောအခါဝယ် ယမိုက်ပြာဋိဟာပြတော်မူသောနေ့၌ 'ဘုန်းတော်ကြီးမြတ်လှသော မြတ်စွာဘုရား..တပည့်တော်မ တန်ခိုးပြာဋိဟာရ်ပြပါရစေဘုရား'ဟု မရဏ္ဍမကြောက် ခြင်္သေ့ဟောက်သကဲ့သို့ ရဲရဲတောက်စကား လျှောက်ထားခဲ့သည်။

နောင်အခါ မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစံနေတော်မူစဉ် အဆိုပါအကြောင်းကို အဋ္ဌုပ္ပတ္တိပြု၍ ဘိက္ခုနီမတို့ကို ရာထူးဌာနန္တရ ထားတော်မူရာတွင် 'ချစ်သားရဟန်းတို့ တန်ခိုးဣဒ္ဓိနှင့် ပြည့်စုံကြသည့် ငါ့ဘုရား၏ တပည့်သာဝိကာ ဘိက္ခုနီမများစွာတို့တွင် ဥပွလဝဏ္ဏာဘိက္ခုနီမသည် အသာဆုံး၊ အမြတ်ဆုံး ဖြစ်ပေသည်'ဟု ချီးကျူးတော်မူကာ တန်ခိုးဣဒ္ဓိနှင့်ပြည့်စုံသောအရာတွင် အသာဆုံး၊ အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူခဲ့သတည်း။

မောင်ထည်ဝါ(ပေဂျ်ဘွယ်)

ကျမ်းကိုး

* ဓိနတ္ထပကာသနီကျမ်း (ကျီးသဲလေးထပ်ဆရာတော်)
* မဟာဗုဒ္ဓဝင် (ဆဋ္ဌမတွဲ) (မင်းကွန်းဆရာတော်ကြီး)

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မဇေယျသက

အာရုဏ်ခြည်ဘာသ

ဆွမ်းလှူအကျိုး ထူးတန်ခိုး

ရာဇဂြိုဟ်မြို့ရှိ အိမ်တစ်အိမ်တွင် ထူးဆန်းသော ကပ်ရောဂါတစ်ခု ကျရောက်လာခဲ့၏။ ရောဂါ၏အမည်မှာ အဟိဝါတ ဖြစ်၏။ မြွေဆိပ်နှင့်တူသော ရောဂါဟု အမည်ရ၏။ မြွေဟောက်၊ မြွေပွေး စသောမြွေတို့၏အဆိပ်သည် ပြင်းထန်လွန်း၏။

www.burmeseclassic.com

www.burmeseclassic.com

မြွေဟောက်၊ မြွေပွေး အကိုက်ခံရသောလူတို့သည် အသက်ရှင်သန်ဖို့ရာ ခက်၏။ လူတစ်ရာမှာ ကိုးဆယ်ကော အသက်ကို စတေးခံလိုက်ရသည်ချည်း ဖြစ်၏။ အဟိဝါတ ရောဂါဖြစ်လျှင်လည်း အသက်ရှင်ဖို့ရာ ခက်၏။ အဟိဝါတ ရောဂါဖြစ်သူတိုင်း သေသွားသည်ချည်း ဖြစ်၏။ မြွေဆိပ်ကိုပျောက်အောင် ကုသပေးသော ဆရာ ရှိ၏။ အဟိဝါတရောဂါကို ကုသပေးသော ဆရာသည် မရှိ။ ဆိုးဆဲ့သည်အချက်မှာ အဟိဝါတရောဂါသည် ကူးစက်တတ်သောရောဂါ ဖြစ်နေခြင်းဖြစ်၏။ အိမ်တစ်အိမ်၌ လူတစ်ယောက်တွင် အဟိဝါတရောဂါ ဖြစ်လာပြီဆိုလျှင် အိမ်မှာရှိသမျှ လူများသို့ ကူးစက်သွားတော့၏။ ရောဂါသည် ဘိုးမှ ကြောက်စရာကောင်း၏။

အဟိဝါတရောဂါ ဖြစ်နေသောအိမ်၌ လူတို့သည် တစ်ယောက်ပြီးတစ်ယောက် သေနေကြ၏။ အိမ်ရှိ လူတို့သည် ဆည်သို့မှ လုပ်မပေးနိုင်ကြ။ သေသူတို့ကိုကြည့်လျက် မျက်ဆည်နှင့် နှစ်သိမ့်နေကြရ၏။ အတူထမင်းပွဲ ဆင်နွှဲခဲ့ကြသူတို့သည် မျက်စိအောက်မှာပင် အရုပ်တစ်ရုပ်လို လှုပ်မနိုး၊ ခေါ်မကြား အသက်မဲ့နေကြ၏။ ကျန်ရစ်သူများ နှလုံးသားသည် ကွဲထွက်မတတ်။ ကျန်ရစ်သူများ သောကတို့သည် ဆောင်ကျမ်းမတတ်။ ကျန်ရစ်သူတို့သည်လည်း တစ်ရက် ဆက်တစ်ရက် နည်းပါးလာ၏။ သေဆုံးသူတို့သည် တစ်ယောက်ထက်တစ်ရက် များပြားလာ၏။

စည်စည်ကားကားရှိခဲ့သော အိမ်ကြီးသည် တိတ်ဆိတ်သွက် ရှိသွားခဲ့၏။ ငိုသံများဖြင့် ဆူညံခဲ့သော အိမ်ကြီးတွင် ငိုသံများ ကင်းပျောက်လာနေ၏။ တစ်ယောက်တည်းသော ဦးသိသည်သာ အထီးကျန်လျက် ထွက်ပေါ်နေ၏။ သောကကို ထိန်းချုပ်နိုင်သွား၍ ငိုသံများ ကင်းပျောက်သွားသည်မဟုတ်။ ငိုသူများ သေသွားပြီဖြစ်၍ ငိုသံများ ကင်းပျောက်သွားခြင်း ဖြစ်၏။ အိမ်၌ အသက်ရှင်လျက် ကျန်ရှိသူမှာ တစ်ယောက်တည်း ဖြစ်၏။ တစ်ယောက်တည်း ဦးသိ ထွက်ပေါ်နေခြင်းဖြစ်၏။

တစ်ယောက်တည်း ကျန်ခဲ့သူမှာ မိန်းကလေးဖြစ်၏။ အဟိဝါတရောဂါသည် စိတ်၊ ဥတု၊ အာဟာရကြောင့်ဖြစ်သော ရောဂါမဟုတ်ဘဲ ကံကြောင့်ဖြစ်သော ရောဂါဆိုလျှင် အမျိုးသမီးသည် ကံကောင်းသူဖြစ်၏။ အဟိဝါတရောဂါသည် အမျိုးသမီးဆီသို့ မကူးစက်ခဲ့။ သို့သော် အမျိုးသမီးသည် အဟိဝါတရောဂါ ကူးစက်မှာကို ကြောက်နေ၏။ ကိုယ့်ရှေ့မှာ သေသွားသူတို့ကိုမြင်၍ ဝမ်းလည်းဝမ်းနည်း၏။ ထိတ်လည်း ထိတ်လန့်၏။ ကြောက်လည်း ကြောက်၏။ ကြောက်လန့်သောစိတ်ကြောင့် အမျိုးသမီးသည် အိမ်မှာ မနေလိုတော့။ အိမ်နှင့်ဝေးရာသို့ ထွက်ပြေးချင်လာ၏။ ထွက်ပြေးချင်သောစိတ်ကို သတိနှင့် ထိန်းချုပ်၍ မရတော့ပေ။ ထွက်ပြေးဖို့ကို ဆုံးဖြတ်လေ၏။ အိမ်မှာ ပစ္စည်းဥစ္စာတို့သည် များစွာရှိ၏။ အမျိုးသမီးသည် ဘာပစ္စည်းကိုမှမယူ။ အိမ်၏နောက်ဖေးပေါက်ကိုဖွင့်ပြီး ခြံပြင်သို့ထွက်၏။ ခြံပြင်သို့ရောက်သောအခါ အိမ်ကို လွှမ်းဆွေးစွာ တစ်ချက်ကြည့်ခဲ့၏။

နားခိုရာဆီ မှန်းဆထွက်လာခဲ့ခြင်း မဟုတ်။ ဆွေမရှိ မျိုးမရှိ ခြေဦးတည့်ရာ ထွက်လာခဲ့ခြင်း ဖြစ်၏။ အဓိက အိမ်နှင့်ဝေးဖို့ကို ရည်မှန်းခဲ့ခြင်းဖြစ်၏။ ရည်မှန်းသည့်အတိုင်း အိမ်နှင့် ဝေးခဲ့ပြီဖြစ်၏။ အိမ်နှင့် ဝေးသည်နှင့် အမျိုးသမီးမှာ နားခိုရာ မရှိတော့ပါ။ ခြေသလုံးအိမ်တိုင်ဘဝကို စတင်ပြီးသား ဖြစ်နေ၏။ ဘာအတတ်ပညာမှမရှိဘဲ လောကထဲကို ရောက်လာခဲ့၏။ ရှုပ်ထွေးသော လောကထဲမှာ ခရီးကြမ်းနှင်ရတော့၏။ ထမင်းကို နပ်မှန်အောင် မစားရ၊ စားရသော အခါများလည်း မဝရေစာ။ အသားအရေ ပြည့်ပြည့်ဖြိုးဖြိုးဖောင်းဖောင်းရှိခဲ့သော ခန္ဓာကိုယ်သည် ပိန်ခြောက်လာ၏။ နဂိုရှိခဲ့သော အလှတရားတို့သည် ဆင်းရဲဒုက္ခ၏ နှိပ်စက်မှုအောက်တွင် ပျောက်ကွယ်လုဖြစ်နေ၏။

အမျိုးသမီးသည် တပ်မက်စရာကောင်းသောအဖြစ်မှ သနားစရာကောင်းသောအဖြစ်သို့ ပြောင်းလဲသွား၏။ သနားစရာကောင်းသော အမျိုးသမီးကို လူတစ်ယောက် သနားသွား၏။ ထိုလူသည် အိမ်နောက်ဖေး၌ တဲထိုးပေးကာ အမျိုးသမီးအား နေခိုင်း၏။ ထမင်းကျန် ဟင်းကျန် ဆန်ကွဲထမင်းတို့ကို ပေးကြ၏။ အမျိုးသမီးသည် အိမ်ရှင်များပေးသော ထမင်းကျန်များကို စားသောက်ကာ အသက်ဆက်နေထိုင်၏။

အရှင်မဟာကဿပမထေရ် အိမ်ရှေ့၌ ဆွမ်းခံရပ်နေသည်ကို အိမ်နောက်ဖေး တဲကုပ်ကနေ မြင်တွေ့နေရ၏။ အမျိုးသမီးသည် နေထိုင်မကောင်းဖြစ်နေ၏။ အာဟာရချို့တဲ့မှုကြောင့်လည်းကောင်း၊ စိတ်ဆင်းရဲမှုများကြောင့်လည်းကောင်း ဖြစ်ပေါ်လာသောရောဂါဖြစ်၏။ ရောဂါကို တောင်းခံဖို့ရာ အမျိုးသမီးမှာ အားအင်မရှိတော့ပေ။ ပြင်းထန်သော ရောဂါများကြောင့် အမျိုးသမီး၏ အခြေအနေသည် ရောက်

www.burmeseclassic.com

www.burmeseclassic.com

ဆုံးအချိန်သို့ ရောက်ခါနီးနေပြီဖြစ်၏။

အရှင်မဟာကဿပမထေရ်ကို မြင်သည်နှင့် အမျိုးသမီးသည် ဆွမ်းလောင်းလှူချင်စိတ် ဖြစ်လာ၏။ အမျိုးသမီးသည် ကိုယ့်မှာရှိသော ဆွမ်းများကို ကြည့်လိုက်၏။ ထမင်းခွက်မှာ ဆန်ကွဲထမင်းသာ ရှိ၏။ ပုန်းရည်ဟင်းသာ ရှိ၏။ နေမကောင်း၍ မဆေးဖြစ်သော ထမင်းခွက်မှာလည်း ဖုန်မှုန့်များ၊ မြက်များ ပေကျံနေ၏။ အမျိုးသမီးသည် ထမင်းခွက်ကို ကြည့်၍ စိတ်ဓာတ်ကျသွား၏။

အရှင်မဟာကဿပ ဆိုသည်က ဘုန်းကံကြီးမားသော ပုဂ္ဂိုလ်ဖြစ်၏။ လူတို့သည် အရှင်မဟာကဿပမထေရ်အား မွန်မြတ်သော စားသောက်ဖွယ်ရာတို့ကို လှူဒါန်းလေ့ရှိ၏။ အမျိုးသမီးမှာရှိသော လှူဒါန်းဖွယ်ရာတို့သည် သာမန်လူများ မစားသော ထမင်းဟင်းများ ဖြစ်၏။

အမျိုးသမီးသည် လှူချင်သောသဒ္ဓါစိတ်ရှိသော်လည်း လှူဖွယ်ဝတ္ထုများလှူရန် မသင့်လျော်သောကြောင့် အားတင်းပြီးထကာ အရှင်မဟာကဿပမထေရ်ဆီသို့ သွား၏။ ကန်တော့ဆွမ်းပါဘုရားဟု လျှောက်တင်၏။ အရှင်မဟာကဿပမထေရ်သည် ခြေဖဝါး တစ်လှမ်း၊ နှစ်လှမ်းခန့် သွားပြီး ရပ်တော်မူနေ၏။ အိမ်ရှင်တို့သည် မွန်မြတ်သော ဆွမ်းဟင်းများကို ယူဆောင်၍ အရှင်မဟာကဿပမထေရ်အား ဆွမ်းလောင်းလှူကြ၏။ အရှင်မဟာကဿပမထေရ်သည် အိမ်ရှင်များ လောင်းလှူသောဆွမ်းကို အလှူမခံပေ။

အရှင်မဟာကဿပမထေရ်သည် ထိုနေ့က နိရောဓသမာပတ်မှ ထတော်မူလာခဲ့၏။ ဆွမ်းအလှူခံမည့် ပုဂ္ဂိုလ်ကို ရွေးချယ်ခဲ့၏။ အရှင်မဟာကဿပမထေရ် ရွေးချယ်လိုက်သော အလှူရှင်မှာ ထိုအမျိုးသမီးပင် ဖြစ်၏။ ရွေးချယ်ရခြင်းမှာလည်း အကြောင်းရှိ၏။

အမျိုးသမီးသည် နောက်ဆုံးအချိန်သို့ ရောက်နေပြီဖြစ်၏။ ဤအခြေအနေဖြင့် သေသွားလျှင် အမျိုးသမီးသည် ငရဲသို့ ရောက်ရှိမည်ဖြစ်၏။ အရှင်မဟာကဿပမထေရ်သည် အမျိုးသမီးကို အပါယ်ဘေးမှ ကယ်တင်တော်မူလို၏။ ဤအကြောင်းကြောင့် အရှင်မဟာကဿပမထေရ်သည် အမျိုးသမီးအား အလှူရှင်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်၏။

အရှင်မဟာကဿပမထေရ် ဆွမ်းခံကြွလာတုန်းက သိကြားမင်းသည် ဆွမ်းလာလောင်းသော်၏။ အရှင်မဟာကဿပမထေရ် အလှူမခံခဲ့ပေ။ သိကြားမင်းအား တားမြစ်ကာ ကြွတော်မူလာခြင်း ဖြစ်၏။

အရှင်မဟာကဿပမထေရ် ဆွမ်းအလှူခံသည်ကို အမျိုးသမီးမြင်၏။ အမျိုးသမီးသည် အတွေးပေါက်သွား၏။ ဖုန်မှုန့်၊ မြက်တို့ လိမ်းကျံခံထားရသော ထမင်းခွက်ကိုယူပြီး အရှင်မဟာကဿပမထေရ်ရှိရာသို့ သွား၏။ ဆန်ကွဲထမင်းနှင့် ပုန်းရည်ဟင်းကို လောင်းလှူ၏။ အရှင်မဟာကဿပမထေရ်သည် သပိတ်ကိုဖွင့်ကာ အမျိုးသမီးလှူဒါန်းသော ဆွမ်းကို အလှူခံတော်မူ၏။ အလှူခံတော်မူပြီးသည်နှင့် ဆွမ်းသုံးဆောင်မည့်အမူအရာကို ပြတော်မူ၏။ လူတို့သည် နေရာအခင်း ပြုလုပ်ပေးကြ၏။ လူတို့ပြုလုပ်ပေးသောနေရာ၌ ထိုင်တော်မူ၍ ဆန်ကွဲထမင်း၊ ပုန်းရည်ဟင်းကို မြတ်နိုးစွာ သုံးဆောင်တော်မူ၏။

မထေရ်မြတ်တို့၏ စိတ်နေသဘောထားသည် အံ့ဩလောက်အောင် မွန်မြတ်လှပေ၏။ မထေရ်မြတ်တို့တွင် အလွန်ရောယှက်သောစိတ် နည်းနည်းမျှမရှိ။ ပရဟိတစိတ်ဖြင့် ရူပကွန္ဓာကိုယ်ကို တည်ဆောက်ထားကြ၏။ သူတစ်ပါးဆင်းရဲမှ လွတ်ကင်းမည့်၊ အကျိုးရှိမည့် နေရာဆိုလျှင် အသက်ကိုလည်း စွန့်လှူကြ၏။ ကိုယ်ခန္ဓာကိုလည်း စွန့်လွှတ်ကြ၏။ အမျိုးသမီး၏ ဘဝနောင်ရေး အကျိုးပေးကိုကြည့်၍ အရှင်မဟာကဿပမထေရ်သည် သာမန်လူများ မစားကြသော ဆန်ကွဲထမင်းနှင့် ပုန်းရည်ဟင်းကို မြတ်နိုးစွာ သုံးဆောင်ခဲ့၏။

အလှူရှင်ဖြစ်သော အမျိုးသမီးသည် အဘယ်မျှ ဝမ်းမြောက်ဝီတိ ဖြစ်လိမ့်မည်နည်း။ အဘယ်မျှသဒ္ဓါစိတ်များတိုးပွားလိမ့်မည်နည်း။ အမျိုးသမီးသည် သဒ္ဓါအဟုန် ပြင်းစုံဖြင့် တစ်ရက်သာ ခရီးဖြတ်ကျော်ခွင့်ရခဲ့၏။ နေဝင်မိုးချုပ်ညဦးရောက်သော် အမျိုးသမီးသည် လူဘဝခရီး အဆုံးသတ်သွားခဲ့၏။ ဆင်းရဲသားဘဝထဲက ရုန်းထွက်သွား၏။

သိကြားမင်းသည် အမျိုးသမီး စုတိပျက်ကျေ သေဆုံးသည်နှင့် အရှင်မဟာကဿပမထေရ် လှူဒါန်းခဲ့သော ဆွမ်းလှူအကျိုး ထူးတန်ခိုးဖြင့် နတ်ပြည်သို့ ဧကန်ရောက်မည်ကို သိထား၏။ အမျိုးသမီး လူဘဝကိုစွန့်လွှာ သေသွားသည်နှင့် သိကြားမင်းသည် တာဝတိံသာနတ်ပြည်တွင် လိုက်ရှာမတွေ့၊ စတုမဟာရာဇိနတ်ပြည်တွင် လိုက်ရှာ၏။ မတွေ့

သိကြားမင်း အဆိုးရသော နတ်ပြည်သည် ဤနှစ်ခုဖြစ်၏။ ဤနှတ်ပြည်နှစ်ခု၌ မတွေ့သည့်အခါ သိကြားမင်းသည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း တစ်နေရာ သီတင်းသုံးနေတော်မူသော အရှင်မဟာကဿပမထေ

www.burmeseclassic.com

www.burmeseclassic.com

ဆီသို့ ရောက်လာခဲ့၏။ သိကြားမင်း ရောက်ရှိလာသော အခိုက်သည် ညဉ့်သန်းခေါင်ယံအချိန်ဖြစ်၏။

"အရှင်မဟာကဿပ..အလွန်ဆင်းရဲတဲ့၊ အထီးကျန် ဘယောက်တည်းနေရတဲ့၊ သူတစ်ပါး အိမ်နောက်ဖေးမှာ နေရတဲ့ သူဆင်းရဲမလေးဟာ ဆွမ်းခံကြွတော်မူတဲ့ အရှင် ဘုရားကို ကြည်ညိုစိတ်ရှိကာ မိမိလက်နဲ့ ဆွမ်းလောင်းလှူ ခဲ့တယ်။ အဲဒီသူဆင်းရဲမလေးဟာ ဘယ်ဘုံဌာနဆီ ရောက် သွားပါသလဲဘုရား"

ဤသို့ အရှင်မဟာကဿပမထေရ်အား အမျိုးသမီး ဆောက်ရာဘုံဌာနကို မေး၏။ အရှင်မဟာကဿပမထေရ် ကလည်း အောက်ပါအတိုင်း ဖြေဆိုတော်မူခဲ့၏။

"သိကြားမင်း..အလွန်ဆင်းရဲတဲ့၊ အထီးကျန် တစ် ယောက်တည်း နေရတဲ့၊ သူတစ်ပါး အိမ်နောက်ဖေးမှာ နေ ရတဲ့ သူဆင်းရဲမလေးဟာ ဆွမ်းခံကြွလာတဲ့ ငါမထေရ်ကို ကြည်ညိုစိတ်နဲ့ ဆန်ကွဲထမင်းကို ပေးလှူခဲ့တယ်။ အဲဒီ သူဆင်းရဲမလေးဟာ လူ့ခန္ဓာကို စွန့်သွားပြီး သူဆင်းရဲဘဝ မှ လွတ်ကင်းကာ ကွယ်လွန်သွားလေပြီ။

နတ်ပြည်လောကမှာ နိမ္မာနရတီနတ်ပြည်ဆိုတာ ရှိ တယ်။ နိမ္မာနရတီနတ်တွေ အလွန်တန်ခိုးကြီးကြတယ်။ နိမ္မာနရတီနတ်ပြည်မှာ ချမ်းသာစွာ၊ ဝမ်းမြောက်ပျော် ရွှင်စွာနဲ့ သူဆင်းရဲမလေးဟာ အာစာမဒါယိကာ အမည် ရတဲ့ နတ်သမီးဖြစ်နေလေပြီ"

နတ်ပြည်သည် ခြောက်ထပ်ရှိ၏။ ထိုမှာ စတုမဟာ ရာဇ်နတ်ပြည်၊ တာဝတိံသာနတ်ပြည်၊ ယာမာနတ်ပြည်၊ တုသိတာနတ်ပြည်၊ နိမ္မာနရတီနတ်ပြည်၊ ပရနိမ္မိတဝသဝတ္တီ နတ်ပြည်တို့ ဖြစ်၏။ ဘုန်းကံကြီးမှ အဆင့်မြင့်သော နတ် ပြည်သို့ ရောက်ရ၏။ အမျိုးသမီးလှူဒါန်းခဲ့သောဆွမ်းသည် အနိုးမဲ့သောဆွမ်းဖြစ်၏။ အလှူခံပုဂ္ဂိုလ်၏ နိရောဓသမာ ပတ်ဝင် ထလာခြင်း၊ လှူဒါန်းသော အမျိုးသမီး၏ သဒ္ဓါစိတ် သန်မှုတို့ကြောင့် ဆွမ်းလှူခြင်း အကျိုးသည် ကြီးမား ခြင်းဖြစ်၏။

အိမ်၌ ဆွမ်းခံကြွနေသော ရဟန်း၊ သာမဏေ အားလည်းကောင်း၊ လမ်းရဟန်းတို့အားလည်း ကောင်း ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူသူတို့သည် ကြည်မှု သဒ္ဓါတရားအားလျော်စွာ နတ်ပြည်ရောက်ရခြင်း အကျိုးထူးကို ခံစားရမည်ဖြစ်၏။ ရဟန်းများအား ပင့်ဖိတ်၍ ကပ်လှူခြင်း စသည်ကို ပြုလုပ်သူတို့သည်လည်း ဆွမ်း အကျိုးထူးများကို ခံစားရမည်ဖြစ်၏။

ဆွမ်းအလှူရှင်များ လှူပြည်သို့ ရောက်လာလျှင်လည်း အကျိုးဆယ်မျိုးကို ခံစားရ၏။ ထိုအကျိုးများမှာ အသက် ရှည်ခြင်း၊ ခွန်အားကြီးခြင်း၊ တည်ကြည်ခြင်း၊ အဆင်းလှ ခြင်း၊ အခြံအရံများခြင်း၊ ချမ်းသာကြီးခြင်း၊ ထမင်းကိုရခြင်း၊ ရဲရင့်ခြင်း၊ ပညာကြီးခြင်း၊ အဖျော်ရည်တို့ကို ရရှိခြင်းတို့ဖြစ် ၏။

မေတ္တာဖြင့်

ဓမ္မဃောသက-အရှင်ဩဘာသ

ကျမ်းကိုး

* ဝိမာနဝတ္ထု အဋ္ဌကထာ၊
  စိတ္တလတာဝဂ်၊ အာစာမဒါယိ ကာဝိမာနဝတ္ထု။
* အပါဒါနပါဠိတော်၊ ထေရာပါဒါန်၊
  ဝိလိန္ဒဝဏ္ဏဝဂ်၊ ဝိလိန္ဒဝဏ္ဏတ္ထေရအပါဒါန်။



www.burmeseclassic.com

လောကုတ္တရာရေးဌ် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးကို ယုံကြည်အားထားကြသကဲ့သို့ လောကီရေးဌ် ဝိဇ္ဇာ၊ ဓော်ဂျီကို ယုံကြည်အားထားကြ၏။ ဝိဇ္ဇာဓော်ဂျီအား ဘုရားစင်ပေါ်ဌ်တင်ကာ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းကြကုန်၏။ ဝိဇ္ဇာဓော်ဂျီများ လာရောက်အိပ်စက်ဖို့ရန် အိပ်ရာများကိုပင် အသင့်ခင်းကျင်း ပြင်ဆင်ထားကြကုန်သည်။

ဝိဇ္ဇာဓိရ်သည် မိမိတို့ ကိုယ်ဌ်လည်းကောင်း၊ သူတစ်ပါး၏ ကိုယ်ဌ်လည်းကောင်း ရှိရှိသမျှ ဆနေဝုတိရောဂါတို့ကို ပယ်စေနိုင်ကုန်၏။ ဝိဇ္ဇာဓိရ်သည် ဘုရားတစ်ဆူနှင့် တစ်ဆူ အကြား စံစား၍ ကြာမြင့်စွာ ရှည်ကြာကုန်သည်။ ဤစကား ရပ်သည် စတုဝိဇ္ဇာဓိရ်ကျမ်းလာ စကားရပ် ဖြစ်ပေသည်။ ဤကား ဝိဇ္ဇာဓိရ်နှင့်ပတ်သက်သည့် မြန်မာတို့၏ အယူအဆ၊ အတွေးအခေါ်ပေတည်း။

ဂေါတမဘုရားရှင် လက်ထက်တော်ဌ် ပုဗ္ဗဝိဒေဟ (အရှေ့ကျွန်း)မှ စုတေခဲ့၍ ကာသိကရာဇ်တိုင်းသို့ သုတေဇ္ဇာသရ မည်သော ပုဏ္ဏားမျိုး ဖြစ်သော ပြဒါးဝိဇ္ဇာ ခြောက်ကို လေးယောက်။

www.burmeseclassic.com

www.burmeseclassic.com

စတုမဟာရာဇ်ဘုံမှာ ဝိရူပက္ခနတ်မင်းကြီး၏ သားများ ဖွားခဲ့၍ အင်္ဂပူရတိုင်း(တောင်ကျွန်း)မှ ကိဋ္ဌဘူမန္တ မည်သော ပုဏ္ဏားမျိုးဥစ္ဆဖြစ်သော ပြဒါးဝိဇ္ဇာ တစ်ရာ့ကိုးကျိပ်ငါးယောက်။

အပရဂေါယာန(အနောက်ကျွန်း)မှ စုတေ၍ ကောသလတိုင်း၌ အမြဲတေ့သရ မည်သော ပုဏ္ဏားမျိုးမှဖြစ်သော သံဝိဇ္ဇာပေါင်း လေးရာ့ကိုးကျိပ်သုံးသောင်း။

မြောက်ကျွန်းမှစုတေခဲ့၍ ကုရုတိုင်း ဘေသဒ္ဓကာရ ဗြဟ္မဏ မည်သော ပုဏ္ဏားမျိုးမှဖြစ်သော ဆေးဝိဇ္ဇာပေါင်း ခြောက်ရာ့ကိုးကျိပ်ရှစ်ယောက်တို့ ထင်ထင်ရှားရှား ထွက်ရပ်ပေါက်သွားလေကုန်ပြီ ဖြစ်သည်။

ထိုသို့ပေါက်မြောက်ထွက်လွတ်ပြီး ဝိဇ္ဇာပေါင်းကား တစ်ထောင့်လေးရာငါးဆယ်(၁၄၅၀)ဖြစ်၍ ယခုအခါ ထိုအရေအတွက်ထက် ပို၍လွန်လာပြီဖြစ်ကြောင်း (သတ္တသရီ)ည့်သော ကျမ်းတို့၌ ဖော်ပြသည်ဟု ဆိုလေသည်။

ပိဋကတ်ကျမ်းဂန်များ၌ လာရှိသည့် ဝိဇ္ဇာမိရိုးနှင့်ပတ်သက်သော အကြောင်းခြင်းရာများသည်ကား ဒီဃနိကာယ် သီလက္ခန္ဓဝဂ်၊ ကေဝဋ္ဋသုတ်တွင် မြတ်စွာဘုရားရှင်အား ကေဝဋ္ဋ အမည်ရှိသော သူကြွယ်သားသည်-

"အရှင်ဘုရား.. လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြရန် အလို့ငှာ ရဟန်းတစ်ပါးအား မိန့်တော်မေးထားတော်မူပါ။ ဤသို့ဖြစ်လတ်သော် ဤနာဋဋန္ဒမြို့သည် မြတ်စွာဘုရား၌ အတိုင်းထက်အလွန် ကြည်ညိုပါလိမ့်မည်"ဟု သုံးကြိမ်တိုင်အောင် လျှောက်ထား၏။

မြတ်စွာဘုရားရှင်သည် ကေဝဋ္ဋ အမည်ရှိသော သူကြွယ်အား ဤစကားကို မိန့်တော်မူ၏။

"ကေဝဋ္ဋ..ငါသည် ရဟန်းတို့အား ရဟန်းတို့ လာကြလော့၊ သင်တို့သည် လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို အဝတ်ဖြူဝတ်ကုန်သော လူတို့အား ပြကြလော့ဟု ဤသို့တရားကို မဟော"ဟု မိန့်တော်မူ၏။

"ကေဝဋ္ဋထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ဟောကြားထားသော ဤပြာဋိဟာတို့သည် သုံးပါးရှိကုန်၏။

တန်ခိုးပြာဋိဟာ-ကြွင်းပါဋိဟာရိယ-အတပ်ဟောခြင်းပြာဋိဟာ-အာဒေသနာပါဋိဟာရိယ၊ ဆုံးမခြင်းပြာဋိဟာ-အနုသာသနီပါဋိဟာရိယ..တို့ပေတည်း။

တန်ခိုးပြာဋိဟာဟူသည်ကား သာသနာတော်၌ ရဟန်းသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏။ တစ်ယောက်တည်းဖြစ်လျက် အများဖြစ်သွား၏။ ကိုယ်ထင်ရှားဖြစ်၏။ ကိုယ်ပျောက်၏ နံရံတစ်ဖက်၊ တိုင်တန်းတစ်ဖက်၊ တောင်တစ်ဖက်သို့ မထိမငြိဘဲ ကောင်းကင်၌ကဲ့သို့ သွား၏။ မြေ၌လည်း ငုပ်ခြင်း၊ ပေါ်ခြင်းကို ရေ၌ကဲ့သို့ပြု၏။ ရေ၌လည်း မကျွံကျဘဲ မြေ၌ကဲ့သို့ သွား၏။ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသော ငှက်ကဲ့သို့ သွား၏။ ဤသို့ တန်ခိုးအာနုဘော်ကြီးကုန်သော ဤလ၊ နေတို့ကိုလည်း လက်ဖြင့် သုံးသပ်၏၊ ဆုပ်ကိုင်၏။ ဗြဟ္မာပြည်တိုင်အောင် ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေ၏။

ဤသို့တွေ့မြင်ရသော် သဒ္ဓါတရားရှိသော ကြည်ညိုသောသူတို့သည် သဒ္ဓါတရားမရှိသော၊ မကြည်ညိုသော သူအား ထိုရဟန်းအကြောင်းကို ပြောကြားပါက သဒ္ဓါတရားမရှိသော၊ မကြည်ညိုသောသူက အချင်းဂန္ဓာရီ မည်သော အတတ်သည် ရှိ၏။ ထိုဂန္ဓာရီအတတ်ဖြင့် ထိုရဟန်းသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏ဟု ဆိုမည်မဟုတ်လော။

ကေဝဋ္ဋ..ငါသည် တန်ခိုးပြာဋိဟာ၌ ဤအဖြစ်ကို မြင်သောကြောင့် တန်ခိုးပြာဋိဟာကို ပြရန် ဝန်လေး၏၊ ရှက်၏၊ စက်ဆုပ်၏။

အတပ်ဟောခြင်း ပြာဋိဟာဟူသည်ကား ဤသာသနာတော်၌ ရဟန်းသည် သင်၏စိတ်သည် ဤသို့သဘောရှိ၏။ သင်၏စိတ်သည် ဤအခြင်းအရာရှိ၏။ သင်၏ စိတ်အကြံသည် ဤသို့ဖြစ်၏ဟု တစ်ပါးသောသတ္တဝါ၊ တစ်ပါးသော ပုဂ္ဂိုလ်တို့၏စိတ်ကို အတပ်ဟော၏။

သဒ္ဓါတရားရှိသော ကြည်ညိုသောသူတို့သည် သဒ္ဓါတရား မရှိသော၊ မကြည်ညိုသော သူအား ထိုရဟန်းအကြောင်းကို ပြောကြားပါက သဒ္ဓါတရား မရှိသောသူ၊ မကြည်ညိုသောသူက အချင်း စိန္တာမဏိမည်သော အတတ်သည် ရှိ၏။ ထိုစိန္တာမဏိ အတတ်ဖြင့် ထိုရဟန်းသည် အတပ်ဟောခြင်း ဖြစ်ပေသည်ဟု ဆိုမည်မဟုတ်လော။

ကေဝဋ္ဋ..ငါသည် အတပ်ဟောခြင်းပြာဋိဟာ၌ ဤအပြစ်ကို မြင်သောကြောင့် အတပ်ဟောခြင်း ပြာဋိဟာကို ပြရန် ဝန်လေး၏၊ ရှက်၏၊ စက်ဆုပ်၏။

ဆုံးမခြင်းပြာဋိကာဟူသည်ကား ဤသာသနာတော်၌

www.burmeseclassic.com

www.burmeseclassic.com

ရဟန်းသည် ဤသို့ ဆုံးမ၏။ ဤသို့ ကြံကုန်လော့။ ဤသို့ နှလုံးမသွင်းကုန်လင့်။ ဤတရားကို ပယ်ကုန်လော့။ ဤတရားကိုရောက်၍ နေကုန်လော့ဟု ဆုံးမ၏။ ကေဝဋ္ဋ..ဤဆုံးမခြင်းကို ဆုံးမခြင်းပြာဋိဟာဟု ဆိုအပ်၏။

ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ငါဟောကြားသော ပြာဋိဟာတို့သည် ဤသုံးပါးတို့ပေတည်း'ဟု ဟောကြားခဲ့ပါသည်။

ဤကေဝဋ္ဋသုတ်၌ အတတ်နှစ်မျိုး ရှိပါ၏။ ထိုနှစ်မျိုးတို့တွင် ဂန္ဓာရီမည်သော အတတ်ကိုတတ်သည့် ပုဂ္ဂိုလ်သည် ဂန္ဓာရီဝိဇ္ဇာခိုရ် မည်၏။ စိန္တာမဏိ (ဝါ) မဏိကာမည်သော အတတ်ကိုတတ်သည့်ပုဂ္ဂိုလ်သည် မဏိကာဝိဇ္ဇာခိုရ် မည်၏။

ထိုပုဂ္ဂိုလ်နှစ်မျိုးတွင် နတ်တို့ ကြည်ညိုချစ်ခင်လေးစားသည့်အရာ၌ ဇာတဒဂ်ရတော်မူသော အရှင်ပိလိန္ဒဝစ္ဆမထေရ်သည် ရဟန်းမဖြစ်မီက ဂန္ဓာရီဝိဇ္ဇာခိုရ် ဖြစ်ခဲ့ကြောင်းကို ထေရပဒါနဋ္ဌကထာနှင့် ထေရဂါထာအဋ္ဌကထာတို့၌ ဖော်ပြထားပါသည်။

အရှင်ပိလိန္ဒဝစ္ဆ အလောင်းတော်သည် သာဝတ္ထိပြည် ဗြဟ္မဏအမျိုးအိမ်၌ ဖြစ်လေ၏။ သူ့အမည်မှာ ပိလိန္ဒ၊ သူ၏အနွယ်ကား ဝစ္ဆ၊ ထို့ကြောင့် သူသည် နောင်အခါ၌ ပိလိန္ဒဝစ္ဆဟု ထင်ရှားခဲ့၏။

ပရိဇ္ဇာဇက ရဟန်းပြုလုပ်ကာ စူဠဂန္ဓာရီမည်သည့် အတတ်ကို တတ်မြောက်ကျွမ်းကျင်ခဲ့၏။ ထိုအတတ်ဖြင့်ပင် ကောင်းကင်သို့ သွားနိုင်သည့်ပြင် သူတစ်ပါး၏ စိတ်ကိုလည်း သိနိုင်သည်ဖြစ်၍ ရာဇဂြိုဟ်မြို့၌ လာဘ်သပ်ပကာ အခြေအရံ ပေါများနေလေသည်။

မြတ်စွာဘုရားရှင် ဘုရားဖြစ်ပြီးနောက် ရာဇဂြိုဟ်မြို့သို့ ကြွရောက်လာ၏။ ထိုအခါမှစ၍ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်တော်ကြောင့် ပိလိန္ဒဝစ္ဆ ပရိဇ္ဇာဇက၏ ဂန္ဓာရဝိဇ္ဇာအတတ်သည် ဆိုင်ရာကိစ္စကို မပြီးစေနိုင်တော့ဘဲ တန်ခိုးအာနုဘော် ကင်းမဲ့နေ၏။

ထိုအခါ ပိလိန္ဒဝစ္ဆက၊ မဟာဂန္ဓာရ ဝိဇ္ဇာရှိရာအရပ်၌ စူဠဂန္ဓာရဝိဇ္ဇာသည် တန်ခိုးမရှိနိုင်ဟု ဆရာအဆက်ဆက်တို့ ပြောဆိုခဲ့သည့်စကားကို ငါ ကြားဖူး၏။ ရဟန်းဂေါတမ ကြွရောက်လာသည်မှစ၍ ငါ၏အတတ်သည် တန်ခိုးသတ္တိ ကင်းမဲ့နေ၏။ ရဟန်းဂေါတမသည် ဇောန်မုချ မဟာဂန္ဓာရ အတတ်ကို တတ်မြောက်၏။ ငါသည် ရဟန်းဂေါတမကို ဆည်းကပ်၍ ရဟန်းဂေါတမထံ၌ မဟာဂန္ဓာရအတတ်ကို သင်ကြားရပါမူကား ကောင်းလေစွာဟု ကြံစည်မိလေသည်။

ပိလိန္ဒဝစ္ဆသည် မြတ်စွာဘုရားသို့ ချဉ်းကပ်ပြီးလျှင် 'အရှင်ဘုရား..တပည့်တော်သည် အရှင်ဘုရား၏အထံတော်၌ အတတ်ပညာတစ်ခုကို သင်ကြားလိုပါသည်။ တပည့်တော်အား ခွင့်ပြုတော်မူပါဘုရား'ဟု လျှောက်ထား၏။

မြတ်စွာဘုရားက ရဟန်းပြုလော့ဟု မိန့်တော်မူပါသည်။

ပိလိန္ဒဝစ္ဆသည် ရဟန်းအဖြစ်သည် အတတ်ပညာ၏ အခြေခံဟု မှတ်ထင်ကာ ရဟန်းပြုလေ၏။ မြတ်စွာဘုရားသည် ပိလိန္ဒဝစ္ဆအား တရားဟော၍ စရိုက်အား လျောက်ပတ်သည့် ကမ္မဋ္ဌာန်းကို ပေးတော်မူ၏။ ပိလိန္ဒဝစ္ဆသည် အားကြီးသော အကြောင်းနှင့် ပြည့်စုံသည့် အဖြစ်ကြောင့် မကြာခင်မှာပင် ဝိပဿနာကိုပွား၍ ရဟန္တာအဖြစ်သို့ ရောက်လေသည်။

အဆက်ပါ အဋ္ဌကထာအရ အရှင်ပိလိန္ဒဝစ္ဆမထေရ်သည် ရဟန်းမဖြစ်မီက ဂန္ဓာရီဝိဇ္ဇာခိုရ်ဖြစ်ခဲ့ကြောင်း ထင်ရှားပေ၏။

အရှင်ပိလိန္ဒဝစ္ဆ တတ်ခဲ့ဖူးသည့် ဂန္ဓာရ (ဝါ) ဂန္ဓာရီအတတ်သည် မည်သည့်အတတ်မျိုး ဖြစ်သနည်း။

သုတ်သီလကွန် အဋ္ဌကထာ၌ ဂန္ဓာရီအတတ်ဟူသည် ဂန္ဓာရမည်သော ရသေ့သည် ပြုအပ်သောအတတ်၊ တစ်နည်းအားဖြင့် ဂန္ဓာရတိုင်း၌ ဖြစ်သောအတတ်ဟု အဓိပ္ပာယ် ရရှိသည်။

* လူလောကဌ်ရှိသော လူသားတစ်ယောက်သည် သာမန်ထက်တိုး၍ ကြံဆရာမှ ရရှိလာသော အကျိုးတရားများ ဖြစ်ပါသည်။ ကြံဆမှုမှာ စနစ်ကျမှု ရှိရပါမည်။

အကယ်၍သာ ထိုကြံဆနေကြသော လူသားတို့သည် ဗုဒ္ဓဟောကြားတော်မူခဲ့သော တရားများကို သေချာစွာ လေ့လာဆည်းပူး၍ စနစ်တကျ ကြိုးစားလုပ်ကိုင်ကြမည်ဆိုပါသော် မဟာသမုဒ္ဒရာနှင့် ရေတစ်စက်တစ်ပေါက်ပမာ ကွာခြားမှုကို တွေ့ကြရမှာ မုချမလွဲဖြစ်ပါကြောင်း ဂန္ဓာရီဝိဇ္ဇာခိုရ် အရှင်ပိလိန္ဒဝစ္ဆမထေရ်၏ ဖြစ်စဉ်ကို လေ့လာခြင်းဖြင့် ထင်ထင်ရှားရှား သိရပါသည်။

ဘဏ္ဍာအရာရှိဟောင်းတစ်ဦး

ကျမ်းကိုး

* အိန္ဒိယ-မြန်မာ ဗုဒ္ဓဘာသာ (အရှင်ပညိန္ဒာဘိဝံသ)။

www.burmeseclassic.com

www.burmeseclassic.com

နွတ်ပလေ နွတ်ခြွေဟရမှာဖြင့်၊
ပုဇွေစထင်ရဲ့လေ၊
ကောသလရယ်လို့၊
လောကမှာ အသရေလျှမ်းပါဘိ၊
ရွှေနန်းစံရာ ဇာနရိန်တို့တောင်မှ၊
ခါချိန်တန် ပျက်စင်္ကြေမို့၊
ခွဲမိသံဝေ။
အကုသိုလ် ဃာတကတ်ရယ်က၊
ယခုလိုလာ၍ ဖြတ်သော်ကြောင့်၊
ဇရပ်သို့ ပြေးရပေ၊
ခွေးသေသလို သေရငြား။
သိလျက်နှင့်ပင်၊
ဝိပါက်ကယ် ကြမ္မာငင်တော့၊
ရွှေနန်းရှင် မဝေခွဲနိုင်ဘု၊
မွဲတွေ့အမှား။

(စလေဦးပုည)

ကဗျာဆရာကြီး စလေဦးပုညဟာ ကုန်းဘောင်ခေတ် ဆွန်းပြောင်ခေတ်စားခဲ့သော စာပေပညာရှင်ကြီးပါ။

တေးထပ်ရေးရေး၊ လေးချိုးကဗျာရေးရေး၊ မေတ္တာစာရေးရေး ဘယ်လိုစာပေကဗျာ အမျိုးအစားကိုပဲ ရေးဖွဲ့,ရေးဖွဲ့ အတွေးချဲ့စရာ၊ ထိရှစရာ၊ မိမိရရ တိတိကျကျ ပြောင်မြောက်လှပေတယ်။

ဒါကြောင့်ပင်ထင်ရဲ့၊ ခေတ်ပြိုင်စာဆိုရှင်တွေရဲ့ ငြိုငြင်မှုကိုတောင် ခံရတယ်။ အချုပ်တန်းဆရာဖေက ဒီကိစ္စနဲ့ ပတ်သက်ပြီး စလေဆရာကိုပဲ ကောင်းလှချည်ရဲ့၊ တော်လှချည်ရဲ့၊ ထိလှမိလှချည်ရဲ့လို့ ချီးကျူးထောပနာ သြဘာပေးကြတာကို နားကလောသွားပုံရတယ်။

စာတစ်ပုဒ်မှာ စာကောင်းလျှင် စလေရေးတယ်လို့ မအေပေးတွေက ဆိုကြတယ် ရေးထည့်ကာ အငေါက်ကူးတူး

www.burmeseclassic.com

www.burmeseclassic.com

နဲ့ ကလော်ဖူးခဲ့တယ်။

အချုပ်တန်းဆရာဖေဆိုတဲ့ ပုဂ္ဂိုလ်ကြီးကလည်း ခေသူတော့ မဟုတ်ပါဘူး။ ဗမာတွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ဖြစ်ပြီ အစချီတဲ့ တေးထပ်ကဗျာဟာလည်း လူတိုင်းရဲ့ ပါးစပ်ဖျားမှာ ထင်ဟပ်ခဲ့ပေတယ်။ ထီးသုဉ်းနန်းသုဉ်း ကြင့်နန်းသုဉ်းဖြစ်နေတဲ့ ပါတော်မူပြီးစခေတ်မှာ ပြည်သူတွေရဲ့ရင်ထဲ ခဲမရကြိတ်မနိုင် ဖြေမဆည်နိုင် ဖြစ်နေချိန် ထီးဘန်းနီဆရာတော်ကြီးကလည်း ရင်ထဲက ခံစားချက်ကို-

သိဃ်တန်ဆောင်၊ ဘုန်းတော်မှောင်၍၊
ကုန်းဘောင်နေမီး၊ မထိန်ညီးက၊
တိုင်းကြီးပြည်ကြီး၊ အချည်းနီးလျှင်၊
ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုဉ်း၊
သုဉ်းသုံးဝဖြင့်၊ သုဉ်းရပြန်လစ်၊
သုညခေတ်တွင်၊ လူဖြစ်ရပေ၊
တို့တစ်တွေသည်၊

သေသော်မှတည့် ကြော်..ကောင်း၏..လို့ သံဝေဂဉာဏ် ဆင်ခြင်ကာ ကဗျာဉာဏ် ကွန့်ခဲ့ဖူးပါတယ်။

ဆရာဖေရဲ့ တေးထပ်ဆုံးအောင် ရွတ်ဆိုကြည့်ပါဦးမယ်။ ခေတ်ရဲ့ပုံရိပ်ကို ထင်ဟပ်ပြီး လေးနက်တဲ့အဓိပ္ပာယ်တွေနဲ့ ပြည့်နှက်နေပေတယ်။

ဗမာတွေ စည်းကမ်းဖောက်လို့၊
ထီးနန်းပျောက်ဖြစ်ခဲ့ပြီ၊
မိုးငြိမ်းထောက် ခေတ်မမီသည်၊
ညစ်ပလီလူမျိုး၊
မိပစ်လို့ ဖရောင်သွေသည်၊
ဥကောင်တွေ ခွေးဖြစ်ပေါ့ဗျိုး။
မြန်မာမြန်မာချင်း ချကြချင် (ကြွားကြချင်)၊
ဓားပြသွင်လူဆိုး၊
ကုလားမြင် သူအမေ(ရိုး)တော့မလို၊
ဥမြေလျှိုး ပုန်းအောင်းရှောင်၊
မိုက်မနော် ပြုမဟေးတို့က၊
သူပထွေးတော့ ခွေးသို့မဟောင်၊
ပြောရောပဲ့ ရာဇဝင်ပြောင်အောင်၊
စာစဉ်တောင် ဦးချလို့၊
ပလူးရ ပြေးကြို့ခါခါ၊
ခွေးသို့ပမာ၊
တွေးမိတိုင်း အရိုးနာသည်၊
အမျိုးပါ ဆဲချင်ပေါ့လေး။

ကိုယ့်လူမျိုးတွေ အသုံးမကျတာကို မခံချိမခံသာဖြစ်ကာ အမျိုးပါ ကလော်ပြီးဆဲချင်ခဲ့ကြောင်း ပေါ်လွင်လှပေတယ်။

စည်းကမ်းသည် လူမျိုး၏တန်ဖိုးဖြစ်ရာ ဘယ်အခါဘယ်အချိန်ကာလမဆို စည်းကမ်းဆိုတာ ရှိရမှာပဲဖြစ်တယ်။ ရိုးသားမှုမရှိကြရင် ကြိုးစားမှုတွေ အရာမထင်ဖြစ်မည်။ ပလီပလာ မာယာများကြရင် ဘာသာခြားတွေ ဝင်ရောက်အုပ်စီးသွားနိုင်သေးသည်။ မြန်မာ,မြန်မာချင်းချကာ ငြိမ်းချမ်းရေး မတည်ဆောက်နိုင်ရင် အိတ်ပေါက်နှင့် ဆီးသီးကောက်သလိုသာ ဖြစ်နေပေလိမ့်မည်။ ဒါက အချုပ်တန်းဆရာဖေရဲ့ ကိုလိုနီခေတ်က ရေးဖွဲ့ခဲ့တဲ့ ခေတ်ကြေးမုံပြင်ကဗျာတစ်ပုဒ်ပါ။ စာပေကဗျာတွေဟာ ခေတ်ကို ထင်ဟပ်လျက် ညွှန်ပြနေတတ်ပါတယ်။

စလေဦးပုညရဲ့ ကဗျာကို ပြန်သွားကြည့်ရအောင်။

မြတ်ဗုဒ္ဓလက်ထက်က ထင်ရှားကျော်ကြားခဲ့တဲ့ မင်းတြားကြီးဘုရင် ကောသလအကြောင်းကို သံဝေဂအမြင်နဲ့ ဆင်ခြင်ပြီး ဖွဲ့နွဲ့ရေးထားတာပါ။

ဘုရင်ကောသလ နာမည်ကျော်ကြားတဲ့အထဲမှာ အကြီးတာကို လူသိပိုများပါတယ်။ တစ်ခါစားရင် အဲ-ဂျီတော်တစ်ခါတည်ရင် ဆန်တစ်စိတ် (၄)ပြည်ချက်နဲ့ ဆီတစ်ကောင်စာ ပမာဏရှိတဲ့ ဟင်းလျာကုန်ပါသတဲ့။ ဒါကြောင့် သူရဲ့ နာမည်ရင်းမှာ ပသေနဒီဆိုတဲ့ ဝေါဟာရဝိသေသပြုပြီး ပသေနဒီကောသလမင်းကြီးလို့ ထင်ရှားပေတယ်။

ပသေနဒီဆိုတာ ပသေ-နံပါတ်တစ်ဖက်၌၊ နဒီ-မြစ်ကဲ့သို့ ချွေးများအရစ်အရစ်ထအောင် ဗိုက်ခေါက်ခြင်းတွေ အရစ်ထအောင် စီးနေတတ်တဲ့အတွက် ပသေနဒီကောသလမင်းကြီးရယ်လို့ အထူးအမည်ရခဲ့ပါသတဲ့။ သိစားလွန်းသူများ သတိထားဖို့ပါ။

ပြီးတော့ မင်းကြီးဟာ အစားကြီးသူတို့ရဲ့ သဘော သဘာဝအတိုင်း စားပြီးတာနဲ့ အဲဒီနေရာမှာပဲ ခွေလျောင်အိပ်စက်တတ်ပါသတဲ့။ တစ်ခါတလေ မြတ်ဘုရားက ဆွမ်းအနုမောဒနာတရား ဟောကြားပေးသော်လည်း ဘာတရားဟောမှန်း မသိလိုက်တာက များပါသတဲ့။

ကောသလမင်းကြီးဟာ အစားကြီးရုံမျှမက စော

www.burmeseclassic.com

www.burmeseclassic.com

အေးအမြန်းလည်း အလွန်များတတ်တယ်။ မင်းကြီးဟာ ဗုဒ္ဓကို တိုင်းရေးပြည်ရေး၊ နိုင်ငံရေးရာတွေရော၊ အိမ်ထောင်ရေးတွေရော၊ ကျန်းမာရေးကိစ္စတွေရော စုံစီနဖာကြောင်းအရာမြောက်မြားစွာကို မေးမြန်းလျှောက်ထားလေ့ရှိတယ်။ မြတ်ဗုဒ္ဓဒေသနာတော်မှာ ကောလသမင်းကြီးအား ဟောကြားခဲ့တဲ့ ကောသလသံယုတ်ပင် ရှိရဲ့။

တစ်ခါသော် ကောသလမင်းကြီးဟာ ချစ်ရေးချစ်ရာ ဒုဗ္ဗဇနဲ့ပတ်သက်ပြီး သူ၏ချစ်လှစွာသော မိဖုရားကြီး မလ္လိကာဒေဝီကို မေးခဲ့ဖူးတယ်။ ညချမ်းအခါ ငွေလသာသာ အသာဆောင်မှာပါ။

"မိဖုရားကြီးမလ္လိကာ..လောကမှာ ဘယ်သူ့ကို အချစ်ဆုံးလဲ"

ကောသလမင်းကြီးဟာ "ချစ်မိဖုရားက မောင်တော်ကို အချစ်ဆုံး" ဆိုတဲ့ အဖြေကို ကြားချင်ခဲ့တယ်။ မျှော်လင့်ခဲ့တယ်။ ဒီအဖြေကိုသာ မိဖုရားကြီးက ဖြေကြားလိမ့်မယ်လို့ ယုံကြည်ခဲ့တယ်။

သို့သော်လည်း မလ္လိကာမိဖုရားရဲ့ အဖြေကတော့-

"ဟဲတ္တာသမံ ပေမံ နတ္ထိ-ကိုယ့်ကိုယ်ကိုယ်သာ အချစ်ဆုံးပါ။ ကိုယ့်ထက် ပိုပြီးချစ်ရမယ့်သူ မရှိပါဘူး" တဲ့။

ကောသလမင်းကြီးဟာ ချစ်မိဖုရားထံမှ သူမျှော်လင့်သောအဖြေ၊ သူကြားချင်သောစကားကို မကြားရသဖြင့် စိတ်မောတ်ကျသွားတယ်။ နှလုံးသားမှာ ထိခိုက်သွားခဲ့ဖူးတယ်။

♦ ♦ ♦

သို့သော်လည်း ဘုရင်ကောသလအတွက် မလ္လိကာမိဖုရားထံမှ အကူအညီတွေ ကောင်းစွာရရှိခဲ့တယ်။

မင်းနဲ့ပြည်သူ သူနိုင် ငါနိုင် အပြိုင်ကျဲကာ အသဒိသဒါနအလှူပွဲကြီး ကျင်းပစဉ်က မလ္လိကာရဲ့ အကူအညီကို ရရှိခဲ့တယ်။ မလ္လိကာရဲ့ နှလုံးရည်၊ ဉာဏ်ရည်ကို အသိအမှတ်ပြုလောက်အောင် ကောင်းစွာရရှိခဲ့တယ်။

အဲဒါကတော့ မင်းနဲ့ပြည်သူ အလှူပြိုင်ကြတဲ့ အသဒိသဒါနအလှူပွဲကြီးမှာ ပြည်သူ့ဘက်ကချည်း အနိုင်ရနေလေရဲ့။ ရေမြေပိုင်သ တိုင်းပြည်အုပ်ချုပ် အစိုးရတဲ့ မင်းခြစ်ပါလျက် ပြည်သူတွေကို နိုင်အောင် မလှူနိုင်တဲ့အတွက် ကောသလမင်းကြီး လက်မှိုင်ချနေရတယ်။

ဒီအခါမှာ မလ္လိကာဒေဝီမိဖုရားက မင်းကြီး မှိုင်တွေနေရတဲ့ အကြောင်းစုံကို မေးမြန်းသိရှိရပြီးတဲ့နောက် ပြည်သူကို အနိုင်ရအောင် အလှူပွဲကိစ္စကြီးကို စီမံပါတော့တယ်။

စီမံပုံက-

ပြည်သူတွေမှာ မရှိတဲ့ ဆင်ပေါင်းငါးရာ၊ မောင်းမပေါင်းငါးရာ၊ ထီးဖြူငါးရာတို့ကို စုဆောင်းခိုင်းပြီး ကြီးမားတဲ့အလှူ မဏ္ဍပ်ကြီး ဆောက်လုပ်စေကာ မဏ္ဍပ်အလယ်ကောင်မှာ ရွှေလှေကြီးတွေကို ချထားခိုင်းလိုက်တယ်။

ဘုရားရှင်အမျူးရှိတဲ့ အလှူခံရဟန်းသံဃာငါးရာ ကြွလာတဲ့အခါမှာ ရဟန်းတစ်ပါး၊တစ်ပါးအတွက် ဆင်တစ်စီး၊ ထီးဖြူတစ်လက်။ ဆင်တွေက ထီးဖြူကို နာမောင်းဖြင့် ရစ်ပတ်ကာ ရဟန်းသံဃာများကို ဆောင်းမိုးပေးကြတယ်။ မင်းသမီးမောင်းမငါးရာတို့အနက် (၂၅၀)တို့က ရဟန်းနှစ်ပါးအကြားမှာ နံ့သာတွေ သွေးကြတယ်။ သွေးပြီးသား နံ့သာတွေကို ကျန်မင်းသမီး(၂၅၀)တို့က သယ်ဆောင်ပြီး မဏ္ဍပ်ကြီးအလယ်ကောင်ရှိ ရေတွေထည့်ထားတဲ့ ရွှေလှေကြီးဆီသို့ထည့်ပြီး သပြေခက်တွေနဲ့ မွှေကြတယ်။ မဏ္ဍပ်ကြီးတစ်ခုလုံး နံ့သာဥယျာဉ်ကြီးပမာ မွှေးကြိုင်သင်းပျံ့လွင်သွားအောင် လုပ်ဆောင်ကြတယ်။

ဒီတော့်ကာ အတိုချုပ်ပြောရရင် အသဒိသအလှူဒါနပြိုင်ပွဲကြီးမှာ မလ္လိကာမိဖုရား အစီအမံကောင်းမှုကြောင့် မင်းကြီးက နိုင်သွားခဲ့တယ်လေ။

အသဒိသဒါနအလှူဆိုတာ ဘုရားရှင်တစ်ဆူ၊တစ်ဆူ အပွင့်မှာ တစ်ကြိမ်တစ်ခါသာ လှူဒါန်းလေ့ရှိတဲ့ အလှူပွဲကြီးပါ။ ဘယ်သူလှူလှူ မတူတဲ့ အလှူပွဲကြီးမျိုးပါ။

(ဓမ္မပဒ လောကဝဂ်၊ အသဒိသဒါနဝတ္ထု-ရှု)

♦ ♦ ♦

အစားကြူးပြီး အမေးအမြန်းလည်းထူတဲ့ ကောသလမင်းကြီးဟာ ဉာဏ်လည်း ထူပါတယ်။ ဒါလည်း သဘာဝကျပါတယ်။ အစားကြူးတာနဲ့အမျှ အအိပ်ကြူးသူဟာ မောဟများတယ်။ အသိဉာဏ် ထုံထိုင်းလေ့ရှိတယ်။ အယူဝါဒရေးရာနဲ့ပတ်သက်လည်း မပြတ်သားဘူး။ ယောင်ဝါးဝါးပဲ။

တိတ္ထိဆရာကြီးတွေလည်း ကိုးကွယ်တယ်။ ဗုဒ္ဓဘုရားကိုလည်း ဆည်းကပ်ခဲ့တယ်။ သူဘဝ နောက်ပိုင်းကာလ အချိန်မှာတော့ ဘုရားရှင်နှင့် အထိအတွေ့ များခဲ့ပါတယ်။ ဘုရားကျောင်းမှာ အချိန်ကုန်ဆုံးလေ့ ရှိခဲ့ပေရဲ့။

ဒါပေမဲ့ မင်းကြီးရဲ့ ဉာဏ်နည်းပုံကတော့ မပုံနိုင်

www.burmeseclassic.com

www.burmeseclassic.com

လောက်အောင်ပါဘဲ။ သြချလောက်အောင်ပါပဲ။ စဉ်းစားတွေးခေါ်မှု ကင်းပုံ။

တစ်ခါသော် မလွိကာမိဖုရားကြီးဟာ ရေချိုးအိမ်မှာ ကုန်းပြီး ရေချိုးနေစဉ် မွေးထားတဲ့ နန်းတွင်းခွေးကြီးက နောက်ဘက်မှနေပြီး မသူတော်အကျင့်ကျင့်သတဲ့။ ဒီမြင်ကွင်းကို လေသာပြတင်းက ရှုစားနေတဲ့ ကောသလမင်းကြီး ကလည်း မြင်မိအောင် မြင်သွားလေရဲ့။

အဲဒီမှာ မင်းကြီး ဒေါသပုန်ထကာ မိဖုရားကို ကြိမ်းမောင်းရွတ်ချတော့တာပဲ။

'မလွိကာ..သင်ဟာ မိဖုရားခေါင်ကြီး ဖြစ်ပါလျက်၊ ကာမဂုဏ်စည်းစိမ် နန်းစည်းစိမ်ကို ခံစားနေရသူဖြစ်ပါလျက် ဘယ်အတွက် ခွေးနဲ့ ပျော်ပါးရသလဲ'

ဒီကိစ္စနဲ့ပတ်သက်ပြီး မလွိကာ အရှက်ရခဲ့ပေတယ်။ သို့သော်လည်း ရှေ့မျက်နှာနောက်ထား အရှက်ကို လုံအောင် ဖုံးကာ မိန်းမတို့မာယာ ရုတ်တရက် ထွက်ပေါ်လာသောဉာဏ်ဖြင့် -

'သင်မင်းကြီး.. မဟုတ်မဟတ် လုပ်ဇာတ်ဆင်ပြီး အရှုံးမခွပ်စွဲနဲ့နော်။ ဟောဒီရေချိုးခန်းက တစ်ယောက်တည်း ဝင် သွားပေမယ့် နှစ်ယောက်ထင်တတ်တယ်။ ထင်ယောင်ထင်မှားတွေလည်း မြင်ချင်သလို မြင်တတ်တယ်။ မယုံရင် သင်မင်းကြီးကိုယ်တိုင် လက်တွေ့ဝင်ကြည့်'လို့ တည်ငြိမ်စွာ ပြောလိုက်တော့ မင်းကြီး ဇဝေဇဝါဖြစ်သွားတယ်။ သြော်..ဒီရေချိုးခန်းဟာ ဒီလိုပဲ မြင်တတ်သလားဆိုပြီး ယုံသွားလေရဲ့။

ဒီလိုနဲ့ မင်းကြီးကိုယ်တိုင် ချိုးရတော်အိမ်ထဲသို့ ဝင်လိုက်တဲ့အခါ မိဖုရားက-

'အလို.. မင်းကြီး၊ သင်မင်းကြီးဟာ မိဖုရားတွေ၊ မောင်းမမိသ်တွေများ ရှိပါလျက် ဘယ်အတွက်ကြောင့် ဆိတ်မနဲ့ ပျော်ပါးသနည်း'လို့ စွပ်စွပ်စွဲစွဲ ပြောပါလေရော။

ဒီကိစ္စ ကောသလမင်းကြီး တကယ်ယုံခဲ့တယ်။ အမှန်စင်စစ် မလွိကာမိဖုရားရဲ့ လိမ်ညာချက် လိမ္မာသက်သက်ပဲ။ သူကိုယ်တိုင်ကတော့ ခွေးထီးကြီးရဲ့ မသူတော်အကျင့်ကို သာယာမှုရှိခဲ့တာ အမှန်ပဲ ဖြစ်တယ်။

မလွိကာမိဖုရားဟာ ဒီလို မဟုတ်မဟတ် လုပ်ဇာတ်ဆင်ကာ လင်ကိုလိမ်ညာခဲ့တဲ့အပြစ်ကြောင့် သေတော့ နတ်ရွာမစံဘဲ အဝီစိငရဲမှာ (၇)ရက်ကျခံခဲ့ရဖူးလေတယ်။

♦ ♦ ♦

လူဘဝရဲ့ ကံကြမ္မာဆိုတာ ဘဝတစ်လျှောက်လုံး မကောင်းတတ်ပါဘူး။ အကွေ့အကောက် အရှုပ်အထွေးတွေများပါတယ်။ တချို့မှာ ဘဝအစ လှလှပပ ရွှေထီးဆောင်ခဲ့ရပေမယ့် ဘဝအလယ်မှာ မတင့်တယ်တာတွေ၊ မချောလင့်ဘဲ ကျဆုံးမှုတွေ ဖြစ်တတ်ပေတယ်။ ဘဝနိဂုံးအဆုံးပိုင်းမှာလည်း ဆင်းရဲဒုက္ခမျိုးစုံကြုံတွေ့ပြီး နိဂုံးချုပ်ရတာတွေ ပြန်တယ်။

လူသာမန်တွေရဲ့ ပုထုဇဉ်တွေရဲ့ ဘဝလမ်းကြောင်းဟာ အဆိုးလောကခံလေးပါး၊ အကောင်းလောကခံလေးပါးတို့ကို ဖြတ်သန်းလျှောက်လှမ်းနေရတာပါပါ။ လာဘ်ပေါများတာတွေ၊ အခွေအရံတွေနဲ့ သိုက်သိုက်ဝန်းဝန်း ရှိခဲ့တာတွေ ချီးကျူးဂုဏ်ပြုခံရတာတွေ၊ ချမ်းသာမှုသုခအထွေထွေနဲ့ ကြုံရတဲ့ အကောင်းလောကခံတွေလည်း ဖြတ်သန်းရလေ့ရှိသလို လာဘ်တိတ်လာဘ်မဲ့တာတွေ၊ အထီးကျန်ခဲ့တာတွေ၊ အရှုံးရဲ့ အရှုတ်ချခံရတာတွေ၊ ဆင်းရဲဒုက္ခတွေဆိုတဲ့ အဆိုးလောကခံလေးပါးတို့ကိုလည်း ရောင်လွဲလို့ မရတတ်ခဲ့ကြဘူး။

မင်းကောသလရဲ့ ဘဝဇာတ်ကြောင်းကိုလည်း ကြည့်ပါ။ ရွှေအိမ်နန်းနဲ့ ကြွင်နန်းလည်းခံ မတ်ပေါင်းရံလျက် ထွေးစံခဲ့ရတာတွေရှိသလို ထင်ရှားတဲ့ သမိုင်းဖြစ်ရပ်ဖြစ်စဉ်တွေ ရှိသလို ဘဝနိဂုံးမှာ အညတရ၊ သာမညအဖြစ်နဲ့ မြို့ပြင်ဇရပ်ပေါ်မှာ အဆုံးသတ်ခဲ့ရတယ်။

တူတော်မောင် ဒီဿကာရာယဏက အာဏာသိမ်းသားဖြစ်သူ ဝိဠူဠဘကိုပါ ဖမ်းဆီးသွားလေပြီ။ ဘုရင်ကောသလမှာ နှန်းမဲ့၊ မြို့မဲ့ဖြစ်ရလေပြီ။ ထိုအခါ အားကိုးရာကို ရှာတဲ့အနေနဲ့ ရာဇဂြိုဟ်မှာ အုပ်စိုးနန်းစံနေတဲ့ တူဖြစ်သူ အဇာတသတ်ထံသို့ မြင်းတစ်ကောင်၊ မောင်းမငယ်တယောက်နဲ့အတူ ခရီးပြင်းနှင်ခဲ့တယ်။ စိတ်ကလည်းပင်ပန်းခရီးကလည်း ရှည်လျားကြမ်းတမ်းခဲ့တယ်။ အသက်ကလည်း ရှစ်ဆယ်တန်းဆိုတော့ အလွန်ပင်ပန်းဆင်းရဲရှာတယ်။

ကံဆိုးချင်တော့ ရာဇဂြိုဟ်မြို့တံခါးအနီးကျော ရောက်သွားပါရဲ့။ မြို့တံခါးကြီးက ပိတ်သွားလေပြီ။ ထိုစဉ်က မြို့စောင့်တံခါးမှူးတွေကလည်း စည်းကမ်းကို တိကိုကျကျလိုက်နာကြတယ်။ ဘယ်သူဘယ်ဝါ ဘယ်ပုဂ္ဂိုလ်၊ ဘာဖြစ်ဖြစ် ဘုရင်ကြီးပင်ဖြစ်စေ တံခါးပိတ်ချိန်ကျရင် ပိတ်တာပဲ။ ဖွင့်မပေးတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ ကောသလမင်းကြီးဟာ ကိုယ်ပန်း စိတ်ပန်း ဆင်ကြမ်းဒဏ်ကို မခံနိုင်ရုံမျှမက ကြံရာရေကိုသောက် ဆူရာသီးနှံကို ရိက္ခာအဖြစ် စားသောက်ခဲ့ရလေသောကြောင့် ဝမ်းဖောဝမ်းရောင်ဖြစ်ကာ ဝမ်းတွေ ဒလဟောသွားပြီး အဲဒီညမှာပဲ မြို့အပြင်ဧရပ်ပေါ်မှာ မောင်းမလေးတစ်ယောက်ကိုသာ အဖော်ပြုကာ ဆင်းရဲစွာ သေဆုံးခဲ့ရရှာတယ်။ ဘုရင်တစ်ပါး၏ မလှပတဲ့ ဘဝနိဂုံးပါပဲ။

ဘယ်သူ့အပြစ်မှတော့ မဟုတ်ပါဘူး။

မည်သူ့ကိုမျှ အပြစ်ဆိုဖွယ်ရာ မမြင်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ဘဝကိုယ်စီ ရရှိထားကြတဲ့ ကံကြီးတိုင်းဟာ အတိတ်ဘဝက သူပြုခဲ့တဲ့ကံတွေ ပါလာကြပါတယ်။ ကောင်းတဲ့ကုသိုလ်ကံဖြစ်စေ၊ မကောင်းတဲ့ အကုသိုလ်ကံဖြစ်စေ အတိတ်က အရိပ်ပမာ ပါလာတတ်ကြပါပဲ။

ကုသိုလ်ကံတွေ ပြုခဲ့ရင်တော့ ကောင်းကျိုးစံပေါ့။ အကုသိုလ်ကံတွေ ပါလာခဲ့ရင်တော့ သူ့ရဲ့ အကျိုးဆက်ဖြစ်တဲ့ မကောင်းကျိုးတွေကို ခံပေတော့။ ဒါတွေဟာ ဘယ်သူ့ပြုတဲ့ မိမိပြုခဲ့တဲ့ အမှုတွေပဲလေ။ အဘယ်မည်သော အကြောင်းရှင်၊ တန်ခိုးရှင်ကမျှ ကောင်းစေ၊ ဆိုးစေ ဖန်ဆင်းပေးနိုင်ပါဘူး။ ဒါကို နှုတ်ပလေ နှုတ်ခြွေလို့ဟရမှာဖြင့် ဆွေးဆွေး ထင်ရဲ့လေလို့ စလေဆရာက ကဗျာကို အစချီလိုက်ပါတယ်။

မှန်ပါတယ်။ လူတွေရဲ့ ဘဝအထွေထွေကို လည်ပတ်စေတဲ့ စက်လေးပါး ရှိပါတယ်။

၁) ပုဗ္ဗေစ ကတပုညတာစက် - ရှေးအတိတ်ဘဝက ပြုခဲ့တဲ့ ကောင်းမှုကုသိုလ်ကံရှိခြင်းဆိုတဲ့စက်၊

၂) ဟတိရူပဒေသဝါသစက် - သင့်လျော်ကောင်းမြတ်တဲ့နေရာတွေက်ပတ်ရဲ့ အရပ်ဒေသမှာ အခြေချနေထိုင်ရခြင်းစက်၊

၃) သပ္ပုရိသူပနိဿယစက် - သူတော်ကောင်း ပညာရှိတို့ဆည်းကပ်မှီခို အကူအညီရခြင်းဆိုတဲ့စက်၊

၄) အတ္တသမာပဏိဓိစက် - မိမိကိုယ်တိုင် ကိုယ့်ဘဝကို ကောင်းအောင် တည်ဆောက်ခြင်းစက်တို့ပဲ ဖြစ်တယ်။

ဘုရင်ကောသလကြီးမှာတော့ ဒီအချိန်၊ ဒီအခါ၊ ဒီနေရာမှာ ဒီလိုဖြစ်စေဆိုတဲ့ ပုဗ္ဗေစကတပုညတာစက် ပါလာခဲ့ကြောင်း၏။ လမ်းဘေးဧရပ်ပေါ်မှာ ခွေးတစ်ကောင်လို သေခဲ့ရတာပြီ။

သာဝတ္ထိပြည်ကြီးမှာ ထီးနန်းစိုးစံအုပ်ချုပ်တဲ့ ကောသလဘုရင်ကြီးရယ်လို့ ထီးရိပ်နန်းစံ အမတ်ခြွေရွေ ဝိုင်းရံလျက် ရာဇာမင်းတရားကြီးလို့ ထင်ရှားခဲ့တယ်လေ။ သို့သော်လည်း ကုသိုလ်ကံအရှိန် ပျက်ချိန်တော့လည်း ရာဇာဂြိုဟ်မြို့အပြင်က ဧရပ်ပျက်ကလေးပေါ်မှာ ဘဝနိဂုံးချုပ်ခဲ့ရတယ်။

ဘယ်သူမပြု မိမိမှဆိုတဲ့အတိုင်း မိမိပြုခဲ့တဲ့ အကုသိုလ် ဃာတကကံကြောင့် သာလယ်ဧရပ်ပေါ်မှာ ခွေးတစ်ကောင် သေသလို လူမသိ သူမသိ သေခဲ့ရရှာပြီ။

လောက မကြံစည်နိုင် မကြံစည်အပ်တဲ့ အကြောင်း (၄)ခု ရှိလေရဲ့။ အဲဒါတွေကတော့ (၁) ဘုရားနဲ့ပတ်သက်တာတွေ မကြံစည်လေနဲ့၊ (၂) ဈာန်တရားရဲ့ အကြောင်းအရာတွေကို မကြံစည်လေနဲ့၊ (၃) ကံတရားရဲ့ ဆန်းကြယ်မှုတွေကို မကြံစည်နဲ့၊ (၄) လောကကြီးအကြောင်းကိုလည်း မတွေးခေါ် မကြံစည်လေနဲ့တဲ့ဗျာ။

စိတ်မနိုင်ရင် စိတ်မခိုင်ရင် ရူးသွားနိုင်သတဲ့။

ယခုကြည့်လေ၊ ကောသလမင်းကြီးရဲ့ ဘဝကံကြမ္မာ။

ကံကြမ္မာဖန်လာတဲ့အခါ အကျိုးဆက်ဝိပါက်က မပျက်မကွက် ဖြစ်ပေါ်လာခဲ့လေပြီ။ ဘယ်ရွှေနန်းရှင် အဘယ်ရွှေဘဏ်ရှင်သော်မှ ဝေခွဲမရအောင် ရိက်ချက်ပြင်းတာကို ပွဲတွေ့ ကိုယ်တွေ့ အမှားခံစားသွားရခြင်းပါပဲ အစချီတဲ့ စလေဆရာရဲ့ကဗျာကို ဆုံးအောင်ဖတ်ပြီး ခံစားကြည့်စေချင်ပါတော့တယ်။

ကောသလရယ်လို့၊
လောကမှာ အသရေလျှမ်းပါဘိ၊
ရွှေနန်းစံ ရာဇာနရိန္ဒတို့တောင်မှ၊
ခါကြွိမ်တန် ပျက်စမြဲပေမို့၊
စွဲမိသံဝေ။
အကုသိုလ် ဃာတကတ်ရယ်က၊
ယခုလို လာ၍ဖြတ်သော်ကြောင့်၊
ဧရပ်သို့ ပြေးရပေ၊
ခွေးသေသလို သေရခြား၊
သိလျက်နှင့်ပင်၊
ဝိပါက်ကယ် ကြမ္မာငင်တော့၊
ရွှေဘဏ်ရှင် မဝေခွဲနိုင်ဘု၊
ပွဲတွေ့အမှား။
အလှည့်ကျရင် မနွဲ့စတမ်း ခံနိုင်ရည်ရှိကြပါစေ။

မုံရွာ-ဇနီးဘော

www.burmeseclassic.com

www.burmeseclassic.com

မမ္မာစရိယ ဦးစောဝင်း

ကမ္ဘာတည်သရွေ့ တည်စေသော်

ရုပ်၊ နာမ်၊ ဓမ္မ၊ သင်္ခါရ အားလုံး အနိစ္စ အမြဲမရှိဟု ဗုဒ္ဓဟောပြတော်မူထား၏။ သို့ပါလျက် မဇ္ဈိမပဏ္ဏာသအဋ္ဌာ၊ စာ(၁၂၅)နှင့် ဇာတကအဋ္ဌကထာ၊ ပထမတွဲ၊ စာ (၁၈၈)တို့၌ ကမ္ဘာတည်သရွေ့ တည်နေမည့် အရာလေးမျိုး ရှိကြောင်း ဖွင့်ပြထားသည်ကို တွေ့ရ၏။ စကားနှစ်ရပ်ကို စပ်ပြီး စဉ်းစားလျှင် တစ်ခုခုတော့ မှားနေပြီဟု ထင်မှတ်ရ၏။ ပုဒ်ပါဠိအက္ခရာတို့ကို အသေချာစိစစ်ပြီး ပြန်ဖတ်ကြည့်လျှင် ကမ္ဘာသည်လည်း ကမ္ဘာ့နိယာမအရ တစ်နေ့နေ့ တစ်ချိန် ချိန်တွင် လေကြောင့်၊ မီးကြောင့် (သို့ မဟုတ်) ရေကြောင့် တစ်ခုခုကြောင့် ပျက်စီးရပေမည်။

ထို့ကြောင့် ဗုဒ္ဓဟောတဲ့ အားလုံး ဟာ အနိစ္စတရား ဆိုစကားလည်း မှန်၏။ ယင်းကမ္ဘာမပျက်သေးသရွေ့ တည်နေမည်မို့ အဋ္ဌကထာဆရာ ပြောစကား လည်း မမှားပေ။ ကမ္ဘာပျက်လျှင် အကုန်လုံးပင် ပျက်စီးသွားရမည်မို့ စကားနှစ်ရပ်လုံး အမှန်ချည်းပင် ဖြစ်ပါသည်။ ကမ္ဘာတည်သရွေ့ တည်စေသူနှင့် တည်စေနိုင်စွမ်းသည်သာလျှင် စိတ်ဝင်စားဖွယ် ကောင်းပါပေသည်။

စိတ်ဝင်စားဖွယ်ကောင်းတဲ့ ထို သဘောကိုသာ စာဖတ်သူသို့ တင်ပြပေးချင်ပါသည်။ အတုယူ အတူပြုနိုင်ကြစေရန် စိတ်ကရည်သန်ပြီး အာယ်ကြောင့် ကမ္ဘာဆုံးတိုင် တည်စေနိုင်သနည်းဟု သင်ညွှန်ခြင်း သဘောဆောင်ကာ ခေါင်းစီးပြုလိုပါသည်။ သို့သော် တည်စေပုံကို ကြည့်သောအခါ ပို၍ စိတ်ဝင်စားလာ၏။ သိကြားမင်းက တောင်ကြီးကို တန်ခိုးဖြင့် အဆီညှစ်ယူပြီး တောင်အဆီနှင့် ရေးသားခဲ့သည်ဆို၏။ ထို့ကြောင့် တောင်အဆီနှင့်ရေးတဲ့ ပန်းချီဟု ခေါင်းစီးပြုချင်လာပြန်၏။ ထိုသို့ခေါင်းစီး

www.burmeseclassic.com

www.burmeseclassic.com

ပြုရလျှင် ပရိသတ်စိတ်ထဲ ပို၍စွဲထင်သွားမည်ဟု ယုံကြည်သွား၏။ ထို့ကြောင့် ပထမခေါင်းစီး ပျက်ပြယ်သွား၏။ ဒုတိယ ခေါင်းစီးကို အတည်ပြုလိုက်ပါသည်။ သို့သော် နောက်တစ်ခေါက် ထပ်ဖတ်ကြည့်ရာ သိကြားမင်းဖိုပေးတဲ့ မီးကျီးခဲက ရေခဲတုံးလို အလွန်အေးနေကြောင်း ပြောဆိုတဲ့ စကားတစ်ရပ်ကို သတိပြုမိလာ၏။ မီးသည် ပူလောင်ခြင်းသဘောရှိ၏။ တစေ့ဆောက်အစုအဝေးမို့ လောင်ကျွမ်းစေတတ်၏။ သို့ပါလျက် အလွန်အေးနေသည် ဆိုတဲ့စကားက အထူးအားဖြင့် ပိစိတ်ဝင်စားစရာ ကောင်းလာပြန်၏။

လောကဝိရောဓိဆန်တဲ့ သည်စကားက စာဖတ်ပရိသတ် နှလုံးသားသို့ ပိုပြီးစိမ့်ဝင်သွားလိမ့်မည်ဟု တွေးထင်သာပြန်ပါသည်။ ထို့ကြောင့် ဒုတိယခေါင်းစီးလည်း လျှောခြင်းမှ ပယ်ဖျက်ခံရ၏။ အလွန်အေးတဲ့ မီးကျီးခဲလို့ ခေါင်းစီးပြောင်းကြည့်လိုက်ပြန်၏။ ဤသို့ဖြင့် စာရေးသူ၏ စိတ်သည် အတည်တကျ မဆုံးဖြတ်နိုင်ဘဲ ဖျက်လိုက်၊ ပြုတ်လိုက် ဖြစ်နေခဲ့ပါသည်။ နောက် ပြန်စဉ်းစား၏။

အလွန်အေးတဲ့ မီးကျီးခဲအကြောင်း၊ တောင်ဆီနှင့်ရေးတဲ့ နတ်ပန်းချီအကြောင်း ပြန်ပြောင်းပြောပြရင်း သင်ဉ္ဇန်ပြောင်တဲ့သဘောပဲ မဟုတ်လားလို့ ကိုယ့်ကိုယ်ကိုယ် မေးခဲ့စမိပါသည်။ သို့ဆိုလျှင် အားလုံး သက်ဝင်လာအောင် ကမ္ဘာတည်သရွေ့ တည်စေသော်ဆိုမှ ပိုကောင်းမည်ဟုသည်း ဆုံးဖြတ်မိပါသည်။ တည်စေသော်ဟုဆိုပြီး တည်ခဲ့သူကား သိကြားမင်း၊ ထိုသို့ဆိုလာနိုင်အောင် တည်ဆောင်နိုင်စွမ်းရှိသူကား အလောင်းတော်၊ တည်စေသည့်အရာကား ယုန်ရုပ်၊ တည်နေစေသည့် နေရာကား လကမ္ဘာ။ ဤလူနေကမ္ဘာမှ မော့ကြည့်လျှင် မြင်တွေ့နေရတဲ့ ကြည်ထင်လှပ ဖိုးရွှေလၭ် တောင်အဆီဖြင့် တံဆိပ်ခတ်နိုပ်ကာ ရေးသားထားတဲ့ နတ်ပန်းချီရှိ၏။ ဤဘဒ္ဒကမ္ဘာကြီး တည်တဲ့နေသရွေ့ တည်တဲ့နေပေမည်။ အဘယ်ကြောင့်နည်း။

ဤပန်းချီကားသည် ဒဏ္ဍာရီမဟုတ်၊ တကယ်ရှိသည်။ ထိုပန်းချီရဲ့ အတ္ထုပ္ပတ္တိဖြစ်တဲ့ သသပဏ္ဍိတ ဇာတ်တော်ကို မြတ်ဘုရားကိုယ်တော်တိုင် ဟောကြားထားခဲ့သည်မို့ ယုံမှားစရာမရှိပေ။

ဖြစ်ပုံကို စီကာပတ်ကုံးပြောရလျှင် တစ်ခါက တစ်ဘဝတွင် ဗုဒ္ဓသည် အလောင်းတော်ဖြစ်စဉ်က ယုန်မျိုးဇာတ်၌ ဖြစ်ခဲ့ဖူးပါသည်။ ကာလကို အတိအကျပြောလျှင် ဗာရာဏသီပြည်တွင် ဘုရင်ဗြဟ္မဒတ် တိုင်းပြည်အုပ်ချုပ် မင်းလုပ်စဉ်က ဖြစ်ပါသည်။ ထိုစဉ်က အလောင်းတော်သည် ယုန်ဘဝ၌ဖြစ်ပြီး တောထဲမှာ နေပါသည်။ အလောင်းတော် ယုန်မင်း နေထိုင်ရာ တောရဲ့တစ်ဖက်မှာ တောင်ခြေ၊ တစ်ဖက်မှာ မြစ်၊ တစ်ဖက်မှာတော့ ရွာငယ်လေးတစ်ရွာ ရှိပါသည်။ ထိုတောထဲတွင် ဘုရားလောင်း ယုန်မင်းနှင့် အတူနေ မိတ်ဆွေ(၃)ဦး ရှိ၏။ တစ်ဦးက မျောက်၊ တစ်ဦးက မြေခွေး၊ ကျန်တစ်ဦးက ဖျံဖြစ်ပါသည်။ မျောက်၏ အစာသည် အသီးအရွက်၊ တောတောင်ရိုက လုံလောက်စွာ ရနိုင်၏။ မြေခွေး၏ အစာသည် အသားငါး၊ တောတောင်ရိုက လုံလောက်၏။ ဖျံ၏ အစာက အသားစိမ်းငါးစိမ်း၊ မြစ်ရှိနေက လုံလောက်၏။ ယုန်၏ အစာကား မြက်နု၊ တောကမ္ဘူ၊ လယ်ကွင်းရိုက လုံလောက်၏။

မိတ်ဆွေလေးဦး အတူတကွနေထိုင်ကြပြီး အချိန်တန်က မိမိကျက်စားရာ စားကျက်သို့သွားပြီး အစာရှာစားကြ၏။ ညနေကျလျှင် အတူတကွ တစ်ပေါင်းတည်း နေထိုင်ကြ၏။ မျောက်၊ မြေခွေးနှင့် ဖျံတို့အား ယုန်ကနေ သြဝါဒစကားအနေဖြင့် အလှူဒါနဆိုတာ ပေးလှူအပ်၏။ သီလကို ဆောက်တည်အပ်၏။ ဥပုသ်စောင့်သုံးခြင်းကို ပြုအပ်၏ဟု တရားစကား ဟောကြားပေး၏။

တစ်နေ့သောအခါ အလောင်းတော် ယုန်မင်းဟာကောင်းကင်ကို မော့ကြည့်လိုက်ပါသည်။ လပြည့်ဝန်းကြီးကို မြင်ရတဲ့အတွက် မနက်ဖြန် လပြည့်နေ့ပဲလို့ သညာအားဖြင့် သိ၏။

ထိုအသိကြောင့် ကျန်မိတ်ဆွေသုံးဦးတို့အား-

'မိတ်ဆွေတို့..မနက်ဖြန် ဥပုသ်နေ့ပဲ။ သင်တို့သုံးဦးလည်း သီလဆောက်တည်ပြီး ဥပုသ်စောင့်သုံးကြလော့။ သီလပြည့်စုံပြီး လှူအပ်တဲ့ဒါနသည် အကျိုးကြီးမြတ်၏။ ထို့ကြောင့် အလှူခံပုဂ္ဂိုလ်များ ရောက်လာခဲ့ပါက သင်တို့စားမည့် အာဟာရမှ ဒါနဆိုတဲ့ ကောင်းမှုကိုပြုပြီးမှ စားကြပါလော့' လို့ တိုက်တွန်းစကား သြဝါဒတရား ပြောကြားလိုက်ပါသည်။

မိတ်ဆွေသုံးဦးလုံးက ကောင်းပါပြီလို့ လက်ခံပြီး ကိုယ့်နေရာကိုယ် နေကြ၏။

နောက်တစ်နေ့ မနက်တွင် ဖျံက အစာရှာသွားဦးမှ ဆိုပြီး ခပ်စောစောပင် ဂင်္ဂါမြစ်ဘက် ထွက်သွားပါသည်။ ထိုသို့သွားစဉ်မှာ တံငါသည်တစ်ဦးက ငါးကြင်းခုနစ်ကောင်ကို ရေထဲက ထုတ်ဆောင်ပြီး သဲသောင်ပြင်တွင် သဲတွင်း

www.burmeseclassic.com

လေးတူးလျက် ငါးကိုထည့်ကာ အပေါ်က သဲပြန်ဖုံးထားခဲ့သည်နှင့် ကြိုး၏။ တံငါသည်ကား နောက်ထပ် အခြားငါးတွေကို လိုက်ဖမ်းရင်း ဂင်္ဂါမြစ်အောက်ဘက်သို့ ဆင်းသွား၏။ ငါးစိမ်းကို စားလေ့ရှိတဲ့ ဖျံဆိုတော့ သဲတွင်းထဲက ငါးနဲ့ကို ရသွား၏။ သဲတွင်းကို တူးဖော်လိုက်တော့ ငါးကြင်းခုနစ်ကောင်ကို တွေ့၏။ တိရစ္ဆာန်ပင် ဖြစ်လင့်ကစား စောင့်သုံးထားတဲ့သီလ မပျက်စေလို၍ အထွဋ်နေခေါ် ဧတေသံ သာမိကော်လို့ သုံးကြိမ်တိုင်တိုင်အော်ပြီး ဘေးဘီကို လှမ်းကြည့်နေပါသည်။ ဤငါးကြင်းခုနစ်ကောင်တို့ရဲ့ပိုင်ရှင် ရှိသလားဗျို့လို့ အော်လိုက်ခြင်း ဖြစ်ပါသည်။ ပိုင်ရှင်ကို မတွေ့တော့မှပဲ ချည်ထားတဲ့ နွယ်ကြိုးစကိုကိုက်ပြီး ခြီယူသွား၏။ မိမိနေရာ ချုံပုတ်ထဲရောက်တော့ အချိန်ရောက်တော့မှ နေမလွဲခင် စားမယ်လေလို့ နှလုံးသွင်းပြီး မိမိသီလကို ဆင်ခြင်ရင်း လဲလျောင်းနေပါသည်။

မြေခွေးလည်းပဲ သူ့ကျက်စားရာသို့ အစာရှာထွက်သွားရာ လယ်စောင့်တဲ့အတွင်း၌ အသားစို့တံကျင်က နှစ်ခု၊ ဖွတ်ကင်က တစ်ကောင်၊ နို့ထမ်းအိုးက တစ်လုံး အဆင်သင့် တွေ့၏။ ဖျံလိုပင် အထွဋ်နေခေါ် ဧတေသံ သာမိကော-ဒီအသားစို့၊ ဖွတ်ကင်၊ နို့အိုးတွေရဲ့ပိုင်ရှင် ရှိသလားဗျို့လို့ သုံးကြိမ်အော်ပါသည်။ ဘေးဘီလှည့်ကြည့်သော်လည်း ပိုင်ရှင် မတွေ့တော့မှ နို့အိုးချည်ထားတဲ့ လက်ကိုင်ကွင်းကို လည်ပင်းမှာစွပ် အသားစို့ကင် နှစ်ခုနှင့် ဖွတ်ကင်တစ်ကောင်ကို ပါးစပ်နှင့် ကိုက်ချီပြီး မိမိနေရာ ချုံပုတ်မှာထားလိုက်၏။ အချိန်မလွန်ခင်မှပဲ စားတော့မယ်လို့ နှလုံးသွင်းပြီး သီလကို ဆင်ခြင်ကာ လဲလျောင်းနေလိုက်၏။

မျောက်လည်း ထို့အတူပင် တောထဲဝင်ပြီး သရက်သီးခိုင်ကြီးကို သယ်ဆောင်ကာ အချိန်တန်တော့မှ အချိန်မလွန်ခင် စားမယ်လို့ နှလုံးသွင်းကာ သီလကို ဆင်ခြင်ရင်း လဲလျောင်းနေလိုက်၏။

ထူးထူးခြားခြား အစာရှာနေစရာမလိုတဲ့ ယုန်မင်းကတော့ အချိန်ရောက်တော့မှ ကိုယ့်နေရာကထွက်ပြီး မြက်နုလေးတွေ စားမယ်လေဆိုပြီး နေမြဲ ချုံထဲမှာပင် လဲလျောင်းနေရင်းကပင် ငါထံ ရောက်လာတဲ့ အလှူခံပုဂ္ဂိုလ်တို့အား ငါစားတဲ့ မြက်နုကိုပေးလို့ မကောင်း၊ မသင့်လျော်၊ မဖြစ်နိုင်ဘူး။ နှမ်း၊ ဆန် စတဲ့ အစာအာဟာရကလည်း ငါ့မှာ မရှိ။ တကယ်လို့သာ ငါဆီ အလှူခံရောက်လာရင်တော့ ငါ့ခန္ဓာကိုယ်ရဲ့ အသားကိုပဲ ပေးလှူတော့အံ့လို့ ကြံစည်စဉ်းစား ဆုံးဖြတ်ထားလိုက်ပါသည်။

အလောင်းတော်၏ သီလတန်ခိုးကြောင့် သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာကြီး ပူတက်လာ၏။ ဘာပါလိမ့်လို့ သိကြားမင်းက အကြောင်းထူးဝိသေသကို ဆင်ခြင်ကြည့်တဲ့အခါ စာရေးသူ တင်ပြခဲ့တဲ့ အကြောင်းခြင်းရာကို တွေ့မြင်သွား၏။ ဓာကယ်ပဲလား၊ဆိုတဲ့ အတွေးနှင့် သွား စုံစမ်းကြည့်ဦးမှလို့ ဆုံးဖြတ်ကာ ဦးစွာပထမ ဖျံရဲ့အထံသို့ သွားပါသည်။ အလှူခံပုဏ္ဏားအသွင်နှင့် ရပ်နေခြင်း ဖြစ်ပါသည်။

'ဗြဟ္မဏကိမတ္ထံ ဒ္ဓိတောသိ-အို့..အသင်ပုဏ္ဏား၊ ဘယ်အတွက်ငှာ လာရောက်ရပ်နေပါသနည်း'

ဟု မေးမြန်းလိုက်ရာ သိကြားမင်းက-

'အေး..ပညာရှိဖျံမင်း၊ အကျွန်ုပ်လည်းပဲ အကယ်၍များ စားစရာ အာဟာရတစ်ခုခု ရခဲ့မယ်ဆိုရင်တော့ သင်တို့လိုပဲ ဥပုသ်စောင့်ချင်လို့ပါ'လို့ သူ့ဆန္ဒကို ပြောပြလိုက်၏။

ယုန်မင်းရဲ့ သြဝါဒတရားဒေသနာတော်အတိုင်း ကျင့်ကြံနေတဲ့ ဖျံမင်းက ချက်ချင်းပင် 'ကောင်းပြီ၊ သင့်အား အစာအာဟာရ ပေးလှူပါအံ့'လို့ ဝန်ခံစကားဆိုပြီး သူမှာရှိတဲ့အစာ ငါးကြင်းခုနစ်ကောင်အား ရည်ညွှန်းကာ သတ္တမေ ရောဟိ တာ မစ္ဆာ စတဲ့ဂါထာကို ရွတ်ဆိုလိုက်ပါသည်။

အဓိပ္ပာယ်အပြည့်အစုံကဲတော့-

'အို့..ဆရာပုဏ္ဏား၊ တံငါသည်,သည် ရေထဲမှ ထုတ်ဆောင် သံသောင်ထားအပ်သော ငါသည် ယူဆောင်လာအပ်သော ငါးကြင်းခုနစ်ကောင်သည် ငါ့အား ရှိပါပေ၏။ ဤငါးကြင်းခုနစ်ကောင်ကိုယူပြီး ချက်ပြုတ်စားသောက်ကာ ဤတောထဲ၌ ဥပုသ်သီလ ကျင့်သုံးနေထိုင်လော့'ဟူ၍ ဖြစ်ပါသည်။

သိကြားမင်းက 'ပဂေဝ တာဝ ဟောတု-စောပါသေးပါတယ်။ ထားပါဦး၊ ပစ္ဆာဇနိသာမိ-နောက်တော့မှ စဉ်းစားမယ်'လို့ ပြောပြီး အသာလေးထွက်ခွာကာ မြေခွေးထံသို့ သွားပါသည်။

မြေခွေးကလည်း ဖျံလိုပင် 'အသင်ပုဏ္ဏား..ဘယ်အတွက်ငှာ လာရောက်ရပ်တည်ပါသနည်း'ဟု မေးပါသည်။

သိကြားမင်းက ယခင်အတိုင်းပင် 'အေး..သင့်လျော်တဲ့ အစာအာဟာရတစ်ခုခုများ ရခဲ့မယ်ဆိုရင် သင်တို့လိုပင် ဥပုသ်စောင့်လိုပါ၏'လို့ ပြောလိုက်ပြန်ပါသည်။

မြေခွေးလည်း ဖျံကဲ့သို့ပင် 'ကောင်းပါပြီ၊ သင့်အား

www.burmeseclassic.com

www.burmeseclassic.com

အစောအဟာရကို ပေးလျှပါအုံ့'ဟု ဝန်ခံကာ ဒုဿမေ အတ္ထ ပါလဿ စတဲ့ဂါထာတစ်ဂါထာ ဆိုပါသည်။

အဓိပ္ပာယ်ကတော့ 'လယ်စောင့်သမား ထားခဲ့လို့ အကျွန်ုပ်သယ်ဆောင်လာခဲ့တဲ့ အသားတံစို့(၂)ချောင်း၊ ဖွတ်ဆင်(၁)ကောင်၊ နို့(၁)အိုး ရှိပါတယ်။ အဲဒီအစာအဟာရကို စားသုံးပြီး ဤတောထဲ၌ ဥပုသ်စောင့်သုံးနေပါလော့'ဟူ၍ ဖြစ်ပါသည်။

သိကြားမင်းလည်း ရှေ့နည်းတူစွာ 'စောပါသေးတယ် မိတ်ဆွေ၊ နေစေဦးတော့ပ။ နောက်တော့မှ စားမှာပေါ့'ဟု မြောက်ကာ အသာလေးထွက်ခွာပြီး မျောက်ထံသို့ ဆက်သွားပါသည်။

မျောက်ကလည်း ရှေ့နည်းတူပင်မေး၍ သိကြားမင်းကလည်း ရှေ့နည်းတူပင် ပြောဆိုလိုက်ပါသည်။ မျောက်လည်း ထက်မနေးပေ။ 'သင့်အား အစာရေစာ ပေးပါအုံ့'ဟုဆို ဂါထာတစ်ဂါထာ ရွတ်ဆိုပါသည်။

အဓိပ္ပာယ်က 'အို..ဆရာပုဏ္ဏား၊ သရက်သီးမှည့် တစ်ဆယ်ကျို မြိပါပေ၏။ ဂင်္ဂါရေက အေးပါတယ်။ သစ်ရိပ်အေးလည်း အေးပါဘိ။ ဤအစာရေစာကို စားသောက်ပြီး ဤတောထဲ၌ ဥပုသ်သီလ စောင့်သုံးနေထိုင်ပါလော့' ဟူ၍ ဖြစ်ပါသည်။

သိကြားမင်းကလည်း ယခင်ကဲ့သို့ပင် 'မိတ်ဆွေ မျောက်မင်း..စောပါသေးတယ်။ နေစေဦးတော့။ နောက်မှ စားမှာပေါ့'ဟု ဆိုကာ ထွက်ခွာလာခဲ့ပြီး ယုန်မင်းထံသို့ သွားပြန်၏။

ယုန်မင်းလည်း ဖျ၊ မြေခွေး၊ မျောက်တို့ မေးသကဲ့သို့ပင် မေး၏။ သိကြားမင်းကလည်း ဖျ၊ မြေခွေး၊ မျောက်တို့ကို ပြောသကဲ့သို့ပင် ပြန်ပြောလိုက်၏။

ယုန်မင်းက 'အို..ဆရာပုဏ္ဏား..ငါ့ထံသို့ အစာအဟာရအလို့ငှာ လာသော သင့်အပြုအမူသည် ကောင်းပေ၏။ ကောင်းတဲ့အမူပါ။ ယနေ့ အကျွန်ုပ်သည် ယခင်က အကျွန်ုပ် မလှူဖူးသော အလှူထူးကို လှူရပေတော့မည်။ သင်က သီလရှိတဲ့သူဆိုတော့ သူ့အသက်သတ်မှာ မတူဘူး။ သည်တော့ သင်လည်း ပါဏာတိပါတ သိက္ခာပုဒ်ကို မပျက်ရအောင် ထင်းသစ်ခြောင်းများကို စုရုံးပြီး မီးဖို မီးကျီးကျတဲ့အခါ အကျွန်ုပ်ကို ပြောပါ။ အကျွန်ုပ်သည် မီးတွင်းထဲ ခုန်ချပြီး အသက်ကို စွန့်လှူပါအုံ့။ ကျက် သရေ အကျွန်ုပ်အသားကိုစားပြီး ရဟန်းတရားအားထုတ် ပါလော့'ဟု ရှင်းလင်းပြောဆိုလိုက်ပါသည်။

'နသသဿ တိလာ အတ္ထိ-ယုန်မှာ နှမ်းဆိုတာ မရှိပါ။ နမုဂ္ဂါ နပိတဏ္ဍုလာ-ပဲနောက်လည်း မရှိသလို ဆန်လည်း မရှိပါဘူး။ ဣမိနာ အဂ်ိနာ ပက္ကံ-အသင်ဖိုထားတဲ့ ဤမီးဖြင့် ငါ့ခန္ဓာကိုယ် ကျက်လတ်သော်၊ မမံ-ဘုတ္တာဝ နေဝသာ-ငါ့အသားကိုစားပြီး ဤတောထဲမှာ ရဟန်းတရား အားထုတ်နေပါလော့'

ထိုသို့ပြောဆိုပြီးနောက် သိကြားမင်းက မိမိတန်ခိုးဖြင့် မီးကျီးပုံတစ်ပုံ ဖန်ဆင်းကာ အလောင်းတော်အား ပြောကြား၏။ အလောင်းတော်ယုန်မင်းသည် မြက်ခင်းပြင် အိပ်ရာက ထပြီး သိကြားမင်းဖိုထားတဲ့ မီးကျီးပုံနား သွား၏။ ပြီးတော့ ငါ့အမွေးကြားမှာ ပိုးမွှားလေးများ ရှိနေခဲ့ပါက အဲဒီပိုးမွှားလေးတွေ မသေပါစေနှင့်လို့ နှလုံးသွင်းပြီး သုံးကြိမ်တိတိ ခန္ဓာကိုယ်ကို ခါလိုက်ပါသည်။ ပြီးတော့ တစ်ကိုယ်လုံးကို ဒါနဝတ္ထုအဖြစ် နှလုံးသွင်းလိုက်၏။

ပဒုမ္မာကြာအိုင်ထဲသို့ ခုန်ဆင်းမည့် ဟင်္သာ၊ ဘဲငန်းတို့သည် ပျော်ရွှင်သကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်စွာပင် မီးကျီးတွင်းထဲသို့ ခုန်ချလိုက်ပါသည်။ သိကြားမင်းတန်ခိုးနှင့် ဖိုထားတဲ့ မီးကျီးတွင်းက အလောင်းတော် ယုန်မင်းရဲ့ မွေးညင်းတွင်းတစ်တွင်းမျှကိုပင် မပူစေနိုင်ပါ။ လောင်ကျွမ်းဖို့ရာ ဝေးစွ၊ ပူမျှ မပူပေ။

ထို့ကြောင့် ယုန်မင်းက ပုဏ္ဏားအား 'ဆရာပုဏ္ဏား..သင်ဖိုထားတဲ့ မီးကျီးမီးဖိုက အလွန်အလွန် အေးမြနေပါလား။ ငါ့ခန္ဓာကိုယ်မှာရှိထဲ့ မွေးညင်းတွင်းတစ်တွင်းမျှကိုပင် မပူစေနိုင်ပါ။ ဒါက ဘယ်လိုဖြစ်တာတုံး။ ဘာကြောင့်လဲ'လို့ မေးခွန်းထုတ်လိုက်ပါသည်။

သည်တော့မှ သိကြားမင်းကလည်း 'ယုန်မင်းပညာရှိ..ငါသည် ပုဏ္ဏားမဟုတ်၊ သင့်အား စူးစမ်းရန်အလို့ငှာလာတဲ့ သိကြားမင်းပါ'လို့ ပြောပြလိုက်ပါသည်။

ထိုသို့ အဖြစ်မှန်ကို သိရသောအခါ အလောင်းတော် ယုန်မင်းက 'အို..သိကြားမင်း၊ သင့်တစ်ယောက်တည်းကို အသာထားလို့ တစ်လောကလုံးက လူဟွေလာပြီး ငါ့ကို အလှူဒါနနှင့် စမ်းသပ်မည် ဆိုပါကလည်း မပေးကမ်းလို မစွန့်ကြဲချင်တဲ့ ငါ့ဖြစ်အင်ကို မြင်တွေ့ရမှာမဟုတ်ပါဘူး' လို့ ရဲရင့်ပြတ်သားစွာ ပြောဆိုလိုက်ပါသည်။

ထို့ကြောင့်ပင် သိကြားမင်းကလည်း 'တစ်လောကလုံး စမ်းသပ်ခံနိုင်တဲ့ သင့်ဂုဏ်သတ္တိသည် တစ်ကမ္ဘာပတ်လုံး

www.burmeseclassic.com

www.burmeseclassic.com

တည်အောင် ငါလုပ်ပေးပါ့မည်' ဆိုတဲ့ သဘောဖြင့်-

'ပညာရှိယုန်မင်း...သင့်ရဲ့ ဂုဏ်ကျေးဇူးသည် တစ်ကမ္ဘာပတ်လုံး အထင်အရှားတည်တဲ့ပါစေသတည်း' လို့ အမိဋ္ဌာန်စကား ပြောကြားပြီး တောင်အဆီကို ညှစ်ယူကာ လပြည့်ဝန်းအလယ်၌ ယုန်ရုပ် ရေးသားလိုက်ပါသည်။

ယနေ့တိုင် လပေါ်တွင် ယုန်ရုပ်ထင်နေရ၏။ ထို တောအုပ်ထဲက မြက်နုခင်းလေးပေါ်မှာပင် ယုန်မင်းအား လဲလျောင်းနေစေပြီး မိမိနေရာ တာဝတိံသာသို့ ပြန်လာခဲ့ပါသည်။ ယုန်၊ မြေခွေး၊ မျောက်၊ ဖျံ ဆိုတဲ့ တိရစ္ဆာန်ပညာရှိ လေးဦးတို့လည်း အညီအညွတ် သင့်မြတ်စွာ ဝမ်းမြောက်ဝမ်းသာ သီလကို ဆောက်တည်ဖြည့်ကျင့်၊ ဒါနကို ပေးလှူ၊ ဥပုသ်ကို စောင့်သုံးပြီး ကံအားလျော်စွာ သံသရာကိုသွားကြပါသည်။

ဖျံကတော့ အာနန္ဒာ၊ မြေခွေးက အရှင်မဟာမောဂ္ဂလာန်၊ မျောက်က အရှင်သာရိပုတ္တရာ၊ သိကြားမင်းက အရှင်အနုရုဒ္ဓါ၊ ယုန်မင်းကတော့ ငါဘုရားပဲလို့ ဇာတ်တော်ကို ပေါင်းပြပါသည်။

ဤဇာတ်တော်ကို မြတ်ဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မျှတရွှင်ပြီး သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်က သူဌေးတစ်ဦး ဘုရားအမှုးရှိသော သံဃာတော်အရှင်မြတ်တို့အား ပရိက္ခရာအစုံ လှူဒါန်းတဲ့ သဗ္ဗပရိက္ခာရဒါန အလှူပွဲမှာ ဟောကြားခဲ့ပါသည်။ ထိုတရားပွဲ၌ အလှူရှင် ဒါယကာသူဌေးကြီး သောတာပန်တည်သွားပါသည်။ အမှတ်လက္ခဏာ ထားပေးသည်ကို ပြန်လည်ပြောပြရင်း ယခု သဗ္ဗပရိက္ခာရဒါနအလှူရှင် ဒါယကာသူဌေးကြီးအား နှင့် ထပ်တူပြုပြ၏။

ထို့ကြောင့် လပေါ်တွင် သိကြားမင်းရေးတဲ့ ယုန်မင်း ရှိနေသေးသရွေ့ ဤဒါယကာ သူဌေးကြီးရဲ့ အလှူတန်း တမ်းလည်း အထင်အရှား တည်ရှိနေပေဦးမည်။ အဲသည် ဒါယကာသူဌေးရဲ့ အလှူလည်းပဲ ကမ္ဘာတည်သရွေ့ တည် စေသော်လို့ ဟော်ပြလိုက်ခြင်းပင် မဟုတ်ပေလော။

ကမ္ဘာတည်သရွေ့ တည်စေသော်။

ရွှင်လန်းချမ်းမြေ့ကြပါစေ

ဓမ္မာစရိယ-ဦးစောဝင်း

ကျမ်းကိုး

* သသပဏ္ဍိတဇာတ်။

ဆရာကြီးဦးဇေားထွန်း

[အကြောပြင်ပညာရှင်]

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-

- ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ,လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

ဇတ္တဆွိန် - နေ့စဉ် (၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄၂ ၊ ၀၉ ၂၅၀ ၁၅၄၀၈၈

www.burmeseclassic.com

www.burmeseclassic.com

နလုံးသုခ သွေးသန့်အားတိုးဆေး

နလုံးသုခ(သွေးသန့်)
0601 Y 2128

ဤဆေးသည် နှလုံးတုန်၊ ရင်ခုန်ခြင်း၊ မောပန်း၊ မူးဝေခြင်း၊ နှလုံးစူးအောင့်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ အိပ်မပျော်၊ စားမဝင်သူများ၊ စိတ်နှလုံးနောက်သူများ၊ သွေးဆုံးမီးယပ် ရောဂါသည်များ၊ မီးယပ်သွေးဆင်းလွန်သူများနှင့် အထူးသင့်လျော်ပါသည်။

အမျိုးသား၊ အမျိုးသမီးများ အထွေထွေအားနည်းခြင်းအတွက် အားဆေးဧကောင်းတစ်လက်ဖြစ်သည်။

ကလေးငယ်များအား ရွေးစေ့ခန့် မပြတ်ခွန့်ပေးပါက ကျောက်၊ ဝက်သက် စသောရောဂါများအတွက် ကာကွယ်နိုင်ပါသည်။

လူကြီး – ဆေးတစ်ပဲသားခန့်
တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်သည်။

ဝယ်ယူရန်ရေး

အော်လမြို့ပြန့်ချိရေး - ဖဒ၅၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ ☎ ဝ၅၇-၂၁၈၃၆

အကြောသုခ ဒဏ်ကြွေလိမ်းဆေး

အကြောသုခ(ဒဏ်ကြွေလိမ်းဆေးအဆီ)
0203 Y 4340

0203 Y 4340

အကြောသုခ(ဒဏ်ကြွေလိမ်းဆေးအရည်)
0502 Y 3750

ဤလိမ်းဆေးသည် အရိုးအဆစ် နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲခြင်း၊ အကြောဟင်း၊ အကြောညှပ်အကြောထုံးခြင်း၊ ဒဏ်ကြောတက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လေဇန်ရောဂါတို့ကိုပါ အထူးပျောက်ကင်းစေပါသည်။

ဝယ်ယူရန်ရေး

အော်လမြို့ပြန့်ချိရေး - ဖဒ၅၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ ☎ ဝ၅၇-၂၁၈၃၆

www.burmeseclassic.com

www.burmeseclassic.com

ခန့်သျှင်ခိုး မျာနှင့်တူသော တပည့်

နွေဦး၏ လေရူးက ဝေ့ကာဝိုက်ကာ ဆော့ကစားနေသည်။ ပင်ယံထက်မှ ရော်ရွက်ဝါတို့ကလည်း တဖြုတ်ဖြုတ် ကြွေကျကာ အနီစွဲသဘောကို သရုပ်ပြနေသည်။ အချိန်က နေမွန်းတိမ်း။ ပြင်းစွာပူနေသော နေအရှိန်အောက် တွင် ရဟန်းအိုကြီး မဟာတိပိဋကမထေရ်ကြီးနှင့် တပည့်ရဟန်းပျိုလေး မဟာရက္ခိတတို့ နှစ်ပါး မောပန်းစွာဖြင့် လျှောက်လှမ်းနေသည်။ ဆရာ,တပည့် နှစ်ပါး ချွေးတလုံးလုံး။ သို့သော်လည်း ပရိယတ္တိသာသနာအရေးမို့ မောပန်းမှုကို ဂရုမစိုက်ကြ။

မှန်သည်၊ မဟာရက္ခိတ ရဟန်းပျိုလေးသည် ဆရာတစ်ပါး ထံ၌ မဟာနိဒ္ဒေသပါဠိတော်ကြီးကို နည်းနာနိသယ ခံယူနေသည်။ ဆရာဖြစ်သူ မထေရ်အိုကြီးကလည်း တပည့်ဖြစ်သူ၏ သင်ယူလေ့ကျက်မှုကို နေ့စဉ် လိုက်ပါ၍ ဘုရားရှင် နှုတ်တော်မှ ဟောကြားတော်မူခဲ့သည့် မဟာနိဒ္ဒေသ ပါဠိတော်ကြီးအား

www.burmeseclassic.com

www.burmeseclassic.com

သင်ကြားသူနှင့် သင်ယူသူ အနီးမှနေ၍ ကြည်ညိုသဒ္ဓါ ဖွားသည်။ သင်ကြားသည့် ဆရာမထေရ်ရှိရာ ကျောင်း သခ်ိမ်းသို့သွားသည့် ဤခရီးလမ်းကို ဆရာ,တပည့် နှစ်ပါး အောညီစွာဖြင့် နေ့စဉ် လျှောက်လှမ်းနေသည်မှာ လ, ဆတန်ကြာခဲ့ပြီ ဖြစ်သည်။

သည်ကနေ့ဖြင့် ရဟန်းပျိုလေး၏ သင်ယူမှု ပြီးဆုံး သည့်နေ့ ဖြစ်သလို မထေရ်အိုကြီး၏ စာဝါနာကြားမှုသည် သည်း အဆုံးသတ်မည့်နေ့ဟု ဆိုရမည်ဖြစ်သည်။ နိဒ္ဒေသ ပါဠိတော်ကြီးကို ပို့ချသင်ကြားပေးသည့် ဆရာမထေရ်၏ ကျောင်းသခ်ိမ်းသည် တစ်ခုသော တောအုပ်ငယ်အတွင်း၌ ရှိသည်။ လူသူနှင့် အလှမ်းဝေးသောကြောင့် ဆိတ်ငြိမ်လှ သည်။ ထို့ကြောင့် မဟာရက္ခိတာအဖို့ စာဝါလိုက်ရာတွင် ဆင်ပြေမှုရှိသည့်အတွက် မှန်းထားသော ကာလထက် ကြာ၍ စာဝါများကို အောင်မြင်စွာ သင်ကြားနိုင်ခဲ့၏။

မိမိတို့ ဆရာ,တပည့်နှစ်ပါး သီတင်းသုံးရာ ကျောင်း သခ်ိမ်းမှ ဆွမ်းဘုဉ်းပေးပြီးသည်နှင့် စာဝါသင်ယူရန်အတွက် နေ့စဉ်ဆိုသလို လျှောက်လှမ်းလာရစမြဲ။ အပူဒဏ်ကို အနှံ ကာ ဆရာ,တပည့်နှစ်ပါး တရွေ့ရွေ့ လျှောက်လှမ်းလာ ခြင်းဖြင့် ဆရာမထေရ်၏ ကျောင်းသခ်ိမ်းသို့ ခြေချမိလေပြီ။ ယင်းသည့်အကြောင်းကြောင့်မသိ၊ ကျောင်းသခ်ိမ်းတံခါးက ပွင့်နေစွာ ပိတ်ထားသည်ကို မဟာရက္ခိတ သတိပြုမိလိုက် သည်။ ဆရာ,တပည့်နှစ်ပါး တစ်ပါးမျက်နှာ တစ်ပါး ကြည့်ကြည့်မိလိုက်သည်။ ဆရာမထေရ် ကျိန်းစက်နေသည် သလား။ ထိုအတွေးကြောင့် မဟာရက္ခိတ ခြေဖွနင်း၍ တံခါးအနီးသို့ ချဉ်းကပ်လိုက်သည်။

ထိုအခိုက် အခန်းအတွင်း မာတုဂါမတစ်ဦး၏ ကျို သံသံနှင့်အတူ ရောပြွမ်း၍ ဆရာမထေရ်၏ ရယ်မောသံ ခပ်အုပ်အုပ် ထွက်ပေါ်လာသည်။ ရက္ခိတရဟန်းပျိုလေး နှလုံးတစ်ကိုယ်လုံး ကျဉ်ခနဲဖြစ်သွားသည်။ ကျောင်းသခ်ိမ်း နှင့် မာတုဂါမ၏ ကိလေသာပြွမ်းနေသော မြူဆွယ်နှိုးနော သည် လားလားမှ မအပ်စပ်။ သာသနာတွင် စင်ကြယ်စွာ ကျင့်သုံးခဲ့သော ရက္ခိတရဟန်းပျိုလေးအဖို့ ကြားလိုက်ရသော စကားများက သူ့အတွက် ရွံရှာစက်ဆုပ်ဖွယ်အတိ။ မထေရ် အိုကြီးကတော့ ရင့်ကျက်သူပီပီ နကမ္ပတိ-တုန်လှုပ်မှုမရှိ။ ဘာသေးသော ဒေါသစိတ်နှင့်အတူ ရက္ခိတရဟန်းပျိုလေး ၏ အတွေးအာရုံများသည် အတိတ်ကာလသို့ ပြေးလွှားသွား ကြတော့သည်။

စာစု(၂)

သာသနာရောင်ဝါ ထွန်းလင်းစေခဲ့သော သီဟိုဠ်ကျွန်း ၏ ဗုဒ္ဓသာသနာရေချိန်သည် စဏ္ဍာလတိဿ သူပုန်ဘေး၊ ကျေးကုလား သူပုန်ဘေးနှင့် ဒုစ္ဂိဟ်ကန္တရ ကပ်ဆိုးကြီးများ ပေါင်းစုံနှိပ်စက်မှုကြောင့် လွန်စွာနိမ့်ပါးလာသည်။ ဘေး ဆိုးတို့ကြောင့် သာသနာ့ဝန်ဆောင် သံဃာတော်များစွာ သေ ကျေပျက်စီးခဲ့ကြသည်။ သို့သော် မဖိတ်မစဉ် ကြွင်းကျန်ရစ် ခဲ့သော မထေရ်မြတ်များက ဘေးဆိုးအသွယ်သွယ်ကို အန် တုကာ ငတ်မွတ်ခေါင်းပါးနေသော ကာလမှာပင် ပိဋကတ် သုံးဖြာသော ကျမ်းစာတို့ကို သစ်ဥသစ်ဖုများ ဘုဉ်းပေး၍ မပျောက်မပျက်အောင် နှုတ်ငုံဆောင်ပြီး သာသနာဝန်ကို ထမ်းရွက်ခဲ့ကြလေသည်။

ထိုသာသနာဖျက်၊ တိုင်းဖျက် ပြည်ဖျက် ဘေးဆိုး ကြီးများ လွတ်မြောက်လာသော ကာလတွင်ကား ရွာသိမ် ရွာမွန်များတွင် ပုန်းခိုသီတင်းသုံးနေကြသော မထေရ်ကြီး များသည် မဏ္ဍလာရာမကျောင်းတိုက်ကြီးတွင် ပြန်လည် စုရုံးကြကာ နိကာယ်ငါးရပ်နှင့် ပိဋကသုံးပုံတို့ကို တိုက်ဆိုင် စစ်ဆေးခြင်းဖြင့် စတုတ္ထသင်္ဂါယနာတင်ရန် အခွင့်အလမ်း ကြီး ပေါ်ထွန်းလာလေ၏။ သို့သော် သံဃမဟာထေရ်ကြီး များအချင်းချင်း တစ်ပါးနှင့်တစ်ပါး ညှိနှိုင်းတိုက်ဆိုင် စစ် ဆေးကြည့်ရာတွင် အက္ခရာတစ်လုံးတစ်ပါဒမျှ ကွဲလွဲခြင်း၊ ကျပျောက်ခြင်း၊ မှားယွင်းချွတ်ချော်ခြင်း အလျှင်းမရှိသော် လည်း ပါဠိတော်ကျမ်း လေးဆယ်ကျော်တွင် မဟာနိဒ္ဒေသ ပါဠိတော်ကျမ်းတစ်ကျမ်း ပျောက်ဆုံးနေသည်ကို တွေ့ရှိရ လေသည်။ မဟာထေရ်ကြီးက သံဃာတော်အပေါင်းကို တစ်ပါးစီ စစ်မေးကြည့်ရာ မဟာနိဒ္ဒေသပါဠိတော်ကို အာဂုံ ဆောင်ထားနိုင်သူ တစ်ပါးမှမရှိ ဖြစ်နေ၏။

ထိုအရေးကို နိကာယ်လေးရပ်အား အာဂုံဆောင်ထား နိုင်သော တိဿမထေရ်အား မဟာထေရ်ကြီးများက တာ ဝန်ပေး၍ ဖြေရှင်းစေသည်။ ထို့ကြောင့် တိဿမထေရ်သည် အာဂုံဆောင်ထားနိုင်သူအား ရှာဖွေစုံစမ်းရာ၌ ထိုကျမ်းကို အာဂုံဆောင်ထားသောသူသည် သီဟိုဠ်တစ်ကျွန်းလုံးတွင် တစ်ဦးသာ ကျန်ရှိပြီး ယင်းပုဂ္ဂိုလ်သည် ဒုဿီလရဟန်း ဖြစ်နေကြောင်းကိုပါ သိရှိခဲ့လေ၏။ ထိုအရေးကြောင့် တိဿမထေရ်သည် ဥပဇ္ဈာယ်ဆရာဖြစ်သူ မဟာတိပိဋက မထေရ်ကြီးအား အကျိုးအကြောင်း ရှင်းပြလျှောက်ထား လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

စာစု(၃)

"အင်း..ငါ့ရှင်ရဲ့ လျှောက်ထားမှုအရဆိုရင်တော့ ခက်တော့ ခက်နေပြီကွယ့်။ ဒါပေမဲ့ကွယ်..သာသနာအရေးကပိုအရေးကြီးနေလေတော့ ပုဂ္ဂိုလ်အရေးကို ကြည့်နေလို့တော့ မဖြစ်ချေဘူးကွယ့်။ ဒါကြောင့် တို့များ ဒီလိုစဉ်းစားမိတယ်ကွယ့်"

မဟာထေရ်ကြီးက ဖြစ်ပေါ်နေသော ပြဿနာကို ဖြေရှင်းရန် နည်းအား သို့နှယ် မိန့်လိုက်သည်။

"ဘယ်လိုစဉ်းစားမိတာလဲဘုရား၊ တပည့်တော် သိပါရစေ"

အဖြေရှိသည်ဆိုသော မဟာထေရ်ကြီး၏စကားကြောင့် တိသမထေရ် လှုပ်လှုပ်ရှားရား ဖြစ်သွားသည်။ မှန်သည်။ သည်အရေးက မထေရ်၏ခေါင်းကို ကျောက်စိုင်ခဲများဖြင့် ဖိထားသကဲ့သို့ လေးလံလှသည်။

"ဒီအထုံးကိုဖြေဖို့ တို့များရဲ့တပည့် မဟာရက္ခိတကို တာဝန်ပေးဖို့ စဉ်းစားမိတယ်ကွယ့်"ဟု မိန့်ကာ မဟာထေရ်ကြီးသည် တပည့်ဖြစ်သူအား ဆင့်ခေါ်လိုက်သည်။

မဟာထေရ်ကြီးထံအပါးသို့ ရက္ခိတ ရဟန်းပျိုလေး အားချင်းပင် ရောက်လာသည်။ မဟာရက္ခိတ ရဟန်းပျိုလေး၏ တည်ကြည်ခန့်ညားသော ဥပဓိရုပ်ကို မြင်လိုက်ရသောကြောင့် တိသမထေရ်ကြီး ကျေနပ်အားရသွားသည်။ တကယ်လည်း မဟာရက္ခိတသည် မဟာထေရ်ကြီးအတွက် ဆရာကောင်းတပည့် ပန်းကောင်းပန်မည့်သူ။

"ငါ့ရှင်ရက္ခိတကို တာဝန်တစ်ခု ပေးစရာရှိလို့ကွယ့်။ ငါ့ရှင် ထမ်းဆောင်နိုင်လိမ့်မယ်လို့ တို့များ ယုံကြည်ပါတယ်။ ငါ့ရှင်လည်း ကြားပြီး သိပြီး ဖြစ်ပါလိမ့်မယ်။ တို့များရဲ့ ပရိယတ္တိသာသနာမှာ လစ်ဟာမှုရှိနေတဲ့ မဟာနိဒ္ဒေသ ပါဠိတော်ကြီးကို အာဂုံဆောင်ထားနိုင်တဲ့ မထေရ်ထဲမှာ ပါဠိတော်များကို ကြားနာသင်ယူပြီး နည်းနာနိသယ ခံယူရလိမ့်မယ်ကွယ့်"

ဆရာရှင်၏စကားကြောင့် ရက္ခိတ ရဟန်းပျိုလေးမျက်နှာ ကွက်ခနဲပျက်သွားသည်။ ဒါကို တိသမထေရ်ကြီး သတိပြုမိလိုက်သည်။

"အပြစ်တင်ရင်လည်း ခံတော်မူပါမယ်ဘုရား။ ထိုမထေရ်ဟာ သီလမစင်ကြယ်တဲ့ ဒုဿီလမထေရ်ယုတ် ဖြစ်နေတာကို သံဃာထုအားလုံး သိရှိထားပါတယ်ဘုရား။ ဒါကြောင့် သာသနာရဲ့ အညစ်အကြေးဖြစ်နေတဲ့ ထိုပုဂ္ဂိုလ်ထံမှာ တပည့်မခံပါရစေနဲ့ဘုရား"

ရက္ခိတ ရဟန်းပျိုလေး၏ လျှောက်တင်မှုက တကယ့်ရဲရဲတောက်။ မဟာထေရ်ကြီး မျက်နှာအိုသွားသည်။ တပည့်ဖြစ်သူ၏ စကားက သဘာဝကျလှသည်။ အန္တေဝါသိကတပည့်အရင်းမို့ ရက္ခိတ၏ သီလစင်ကြယ်မှုကို မဟာထေရ်ကြီး ကောင်းကောင်းသိသည်။ တပည့်ဖြစ်သူသည် ဝါတော်ငယ်လင့်စကား ဝိနည်းကျန္ဒြေစောင့်ထိန်းမှုက မထေရ်ကြီးများနှင့်မခြား။ ထို့ကြောင့် သက်ပြင်းအလီလီချ၍ မဟာထေရ်ကြီး အကျပ်ရိုက်နေသည်။

အချိန်အတော်ကြာမှ -

"ငါ့ရှင်ရဲ့ သီလကို တို့များ ကြည်ညိုပါတယ်ကွယ်။ တို့များ အဖဘုရားရဲ့ သာသနာမှာ သီလကလည်း အရေးကြီးသလို ပရိယတ္တိသာသနာအကျိုးအတွက် လိုအပ်နေတာဝန်ကို ထမ်းရွက်ခြင်းဟာလည်း အကျိုးများစေနိုင်ပါတယ်ကွယ်။ ဒါကြောင့် ပုဂ္ဂလိကအကျိုးကို မကြည့်ဘဲ သာသနာရေရှည်တည်တဲ့ခြင်းဆိုတဲ့ အနာဂတ်သာသနာအကျိုးကိုကြည့်ပြီး ဒီတာဝန်ကို မငြင်းပယ်စေချင်ဘူးကွယ်။ နောက်ဆုံးစကားအနေနဲ့ တို့များလည်း ငါ့ရှင်နောက်ထလိုက်ပြီး ဒုဿီလမထေရ်ရဲ့ စာဝါသင်ကြားမှုကို ငါ့ရှင်အတူ နာကြားဖို့ ဆုံးဖြတ်ထားတယ်ကွယ့်"

"မဟာထေရ်ကြီး၏ အက်ကွဲတုန်ယင်နေသော စကားကြောင့် ရက္ခိတရဟန်းပျိုလေး ခေါင်းငိုက်စိုက်ကျသွားသည်။ အချိန်ပိုင်းအတွင်းမှာပင် ဉာဏ်အလင်းလည်း ပျောက်သွားလေသည်။ မှန်သည်။ ပရိယတ္တိသာသနာကြီး ပြည့်စုံမှသာလျှင် သာသနာသုံးရပ် ပွားစည်းပြီး ဘုရားရှင်၏ သာသနာတော်ကြီး အခွန့်ရှည်တည်တဲ့မည် မဟုတ်ပါလား။

"တပည့်တော် သဘောပေါက်ပါပြီဘုရား။ ဆရာရှင်ရဲ့ အဆုံးအမအတိုင်း ပေးအပ်တဲ့တာဝန် ကျေပွန်အောင် တပည့်တော် ထမ်းရွက်ပါ့မယ်ဘုရား"

ရက္ခိတ ရဟန်းပျိုလေး၏ ကတိစကားကြောင့် မဟာထေရ်ကြီးနှစ်ပါး နှစ်ထောင်းအားရ ဖြစ်သွားလေတော့သတည်း။

စာစု(၄)

"ငါ့ရှင်ရက္ခိတ..ဘာတွေတွေးပြီး မျက်နှာမသာမယာဖြစ်နေရတာတုံး"

ဆရာရှင်၏ သတိပေးစကားကြောင့် ရက္ခိတရဟန်းပျိုလေး အတိတ်မှ ပြန်လည်နိုးထလာလေ၏။ မှန်သည်။ မိ

www.burmeseclassic.com

www.burmeseclassic.com

လှမ်းခဲ့ကြသည်။ ပရိယတ္တိသာသနာအတွက် ကွက်လပ် ဖြစ်နေသော မဟာနိဒ္ဒေသပါဠိတော်ကြီးကို ဆရာ,တပည့် နှစ်ပါးစလုံး အာဂုံဆောင်မိရုံသာမက နည်းနီးသယအစုံကို ပါ ဆည်းပူးနိုင်ခဲ့သောကြောင့် သံဃာထုတစ်ရပ်လုံး မျှော်လင့်တောင့်တနေသော စတုတ္ထသင်္ဂါယနာတင်ပွဲကို အောင်မြင်စွာကျင်းပနိုင်ပေတော့မည်။ ထိုအတွေးကြောင့် ဆရာ, တပည့်နှစ်ပါး ခြေလှမ်းများက ပေါ့ပါးသွက်လက်နေရုံသာ မက ပီတိအပြုံးပန်းများလည်း ဝေနေသည်။

'ငါ့ရှင်ရကို်တ..ဟုတ်သတ္တဝါဟာ သူအလိုရှိတဲ့ ဝတ်ရည်ကို ဆူးများပြမ်းလျက်ရှိပြီး စပ်သော၊ ပူသော အရသာ ရှိတဲ့ ရှားစောင်းပင်၊ ခံပင်တို့မှလည်း စုပ်ယူသောက်သုံးရသလို သာသနာတော်ကြီးရဲ့ လိုအပ်နေတဲ့ ကွက်လပ်အတွက် အခုလို တို့များ ဆရာ,တပည့်နှစ်ပါး ဒုဿီလရဟန်းယောင်ကို ဆရာတင်ပြီး ဆည်းပူးသင်ယူပုံတဲ့သတ္တိနဲ့ သဒ္ဓါတရားဟာ နွားချေးထဲက မှိုပေါက်သလို မြင့်မြတ်ဂုဏ်ယူထိုက်ပါတယ် တပည့်ရယ်'

ဆရာရှင်မထေရ်အိုကြီးထံမှ အားအင်အပြည့်နှင့် ထွက်ပေါ်လာသော စကားများက ရကို်တရဟန်းပျိုလေး၏ နား အတွင်းသို့ စိမ်းရေစီးသံအလား ဖြတ်သန်းစီးဆင်းသွားပြီး နှလုံးသားတွင်လည်း သံမှိုရိုက်လိုက်သကဲ့သို့ စွဲထင်သွားလေတော့သတည်း။

ဓနု-ဒဿိုင်စိုး

www.burmeseclassic.com

ကို့ ဆရာ,တပည့်နှစ်ပါး အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး ဟောကြားဖွင့်ဆိုတော်မူခဲ့သော မဟာနိဒ္ဒေသပါဠိတော်ကြီးကို ဒုဿီလမထေရ်ကို ဆရာပြု၍ ကျိုးနွံစွာဖြင့် နေ့, ည၌မပြတ် သည်းခံပြီး သင်ယူဆည်းပူးခဲ့ရသည်။ ထိုနေ့ရက်၊ လများအတွင်း ဒုဿီလဆရာရှင်နှင့် မာတုဂါမတို့ ဆောထွေးခြင်းကို အလျှင်းမတွေ့ခဲ့ရ။ မိမိ၏ဆရာ မဟာထေရ်ကြီး၏ ကျိုးနွံမှုကလည်း စံပြလောက်သည်။ ဆရာရှင်၏ အပြုအမူကြောင့် မိမိသည်ပင် ဒုဿီလဆရာရှင်ပေါ် မာန်စွယ်ကျိုးလုမတတ် ဖြစ်ခဲ့သည်။ အခုတော့ ကျိုးနေသော မာန်စွယ်သည်ပင် အခန်းတွင်းမှ မာတုဂါမအသံကြောင့် မြေပါးပျဉ်းကဲ့သို့ ထိုးထိုးထောင်ထောင် ထွက်ပြေးလာသည်။ တပည့်ဖြစ်သူ၏ အစွန့်တွအတွင်းစိတ်ကို မဟာထေရ်ကြီးက ရိပ်စားမိသည်။

'ဆရာရှင်ဘုရား..ဒီမထေရ်ယုတ်ရဲ့ ဖောက်ပြန်မှုကို အပည့်တော် မြင်ခွင့်ရပြီမို့ ဆက်ပြီးသည်းမခံနိုင်တော့ဘူး ဆုရား'

ရကို်တ ရဟန်းပျိုက ဆရာအရှင်အား ပြန်လည် သွားကတင်နေခိုက် ကျောင်းသခ်ိမ်းတံခါး ပွင့်လာပြီး ဒုဿီလမထေရ်ကို မြင်တွေ့လိုက်ရ၏။ ဒုဿီလမထေရ်မှာ မျက်နှာပင် တစ်ချက်မပျက်။ ကျမ်းစာကို အဆုံးသတ်ရန်အတွက် ကျန်နေတည့်ငြိမ်စွာဖြင့် သင်ကြားမှု စတင်ရန် ပြင်ဆင်မှုလုပ်သည်။ ရကို်တ၏ လျင်လှသော မျက်လုံးအစုံကလည်း ကျောင်းနောက်ပေါက်မှ ဖရိုဖရဲ ပြေးထွက်သွား မာတုဂါမကို မြင်ဖြစ်အောင် မြင်လိုက်သည်။

'ငါ့ရှင်ရကို်တ..ဒီနေ့ဟာ နောက်ဆုံးသင်ယူမှုနေ့ဖြစ်လို့ တို့များထမ်းဆောင်တဲ့ သာသနာ့တာဝန်ကို အောင်မြင်စွာ ပြီးဆုံးမယ့်နေ့ဖြစ်လို့ သင် သည်းခံပါလေ့'

ဆရာရှင်က ရကို်တကို တီးတိုးလေသံဖြင့် သတိပေးစကား ပြောသည်။ သာသနာအကျိုးကြောင့် ဆရာတပည့်နှစ်ပါး ဒုဿီလမထေရ်ထံမှ ကျမ်းစာသင်ယူမှု အောင်မြင်စွာ ပြီးဆုံးသွားလေတော့သည်။

စာစု(၅)

နေလုံးနီနီက တောင်စွယ်တွင် မေးတင်စပြုနေချေပြီ။ ဆောင်ယူလာသော လှုံ့ဖွယ်ပစ္စည်းများဖြင့် ဒုဿီလဆရာထေရ်ကို ရကို်တရဟန်းပျိုလေး ဂါရဝပြု ဦးတင်လိုက်သည်။ သည်နောက် ဆရာ,တပည့်နှစ်ပါး လာလမ်းအတိုင်းတို့ သီတင်းသုံးရာ ကျောင်းသခ်ိမ်းသို့ ပြန်လည်လျှောက်

www.burmeseclassic.com

ဝင်းလွင်ဦး

ကလျာကမိတ္တ

(ရွှေပြည်သာ)

လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့
မမှီဝဲနဲ့ ကင်းအောင်နေ
ပညာရှိကို အရှည်တွဲလို့
မှီဝဲဆည်းကပ် နည်းယူစေ။

ဆရာဒဂုန်ဦးထွန်းမြင့်သည် မင်္ဂလာတရားကို ကလေးများ အလွယ်တကူ ကျက်မှတ်နိုင်အောင် ဤသို့အစချီ ဖွဲ့ဆိုထားခဲ့၏။

အချို့သော ဗုဒ္ဓဘာသာအခြေခံသင်တန်းများတွင် ယခုတိုင် သင်ကြားပေးနေဆဲ ဖြစ်ပါသည်။ လူမိုက်နှင့် မပေါင်း သင်းခြင်းသည် မင်္ဂလာမည်၏။ ပညာရှိ လူလိမ္မာနှင့် ပေါင်းဖော်ဆည်းကပ်ခြင်း သည် မင်္ဂလာမည်၏ဟု ဆိုပါသည်။

လူတစ်ယောက်ဘဝ၌ မိမိ၏ ကိုယ်ပိုင်ဆုံးဖြ
လုပ်ကိုင်မှုသည် အဓိကဖြစ်သော်လည်း ထို
ဖြတ်လုပ်ကိုင်မှု မှန်အောင်၊ မှားအောင် လှုံ
ပေးနိုင်သော တွန်းအားကြီးတစ်ခုမှာ အပေါင်းအသ
ပင် ဖြစ်ပါ၏။

အထူးသဖြင့် လူငယ်၏ သဘာဝမှာ အပေါ
အသင်းကို တွယ်တာပြီး အပေါင်းအသင်း၏ အ
အငြင်းကို မခံနိုင်ကြသူများဖြစ်ခြင်းကြောင့် အပေါ
အသင်း မမှားမိစေရန် အထူးအရေးကြီးလှပေသည်
မိတ်ဆွေဟူသည် တစ်ဦးနှင့်တစ်ဦး အကျိုးလိုလား

www.burmeseclassic.com

www.burmeseclassic.com

ခင်မင်ဆက်ဆံသော အပေါင်းအသင်းဟု မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားသည်။ မိတ်ဆွေကောင်းဆိုရာတွင် တစ်ဦးနှင့်တစ်ဦး အကျိုးလိုလားစွာ ခင်မင်ဆက်ဆံသော အပေါင်းအသင်းကောင်းဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ တစ်ဖန် အပေါ်၌ သစ္စာရှိစွာနှင့် မိမိကောင်းကျိုးကိုသာ သယ်ပိုးဆောင်ရွက်ပေးတတ်သူကို မိတ်ဆွေကောင်းဟု ခေါ်ဆိုကြပြန်သည်။ ပညာရှိတို့ကမူ မိတ်ဆွေကောင်းကား သဒ္ဒါအားနှင့် ပြည့်စုံသည်။ စင်ကြယ်သောသီလ ရှိသည်။ အကြားအမြင်ဗဟုသုတ များသည်။ ဝန်တိုခြင်းမရှိ၊ ပညာနှင့်လည်း ပြည့်စုံသည်ဟု မိန့်ဆိုခဲ့ကြပေသည်။ မိတ်ဆွေကောင်းကား ရှိခဲလှပါတကား။

လောကတွင် လူတိုင်း၊ လူတိုင်း၌ မိတ်ဆွေများရှိသော်လည်း မိတ်ဆွေကောင်းရရန် မလွယ်ကူချေ။ မိတ်ဆွေကောင်းကို ခွဲခြားသိရန်ကား တိမ်သယောင်နှင့်နက် လွယ်သယောင်နှင့် ခက်လှပေသည်။ လောကနီတိမိတ္တဗလကဏ္ဍ ၁၀ထာ(၉၂)တွင်မူ အကြင်အဆွေခင်ပွန်းတို့သည် အနာဆာဂါ နှိပ်စက်သောအခါ၌လည်းကောင်း၊ ဥစ္စာစည်းစိမ်ဥာဏ်သရေ ပျက်စီးခြင်း ဗျာသနတရားငါးပါးနှင့် တွေ့ကြုံရသည့်အခါ၌လည်းကောင်း၊ မိမိကို ဓလိုမုန်းထားသူ ရန်သူအပေါ်မိသောအခါ၌လည်းကောင်း၊ သုသာန်တစ်စ သခြိုင်းဝင်းသို့ ရောက်သည့်အခါ၌လည်းကောင်း၊ မိမိအနီး၌ အားပေးနှိုးမြှောက် ရပ်တည်ကြကုန်၏။ ထိုသို့သော အဆွေခင်ပွန်းတို့သည်သာလျှင် ကောင်းသောမိတ်ဆွေများ၊ မိတ်ဆွေကောင်းများ မည်ကုန်၏ဟု အနက်အဓိပ္ပာယ် ဖွင့်ဆိုလမ်းညွှန်ထားပေသည်။ တစ်ဖန်-

ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊
စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊
သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊

ကျင့်လေမိတ်သဟာ..ဟူသည့် မိတ်ဆွေဝတ္တရားငါးပါးသည်လည်း မိတ်ဆွေကောင်းနှင့် မိတ်ဆွေတု ခွဲခြားနိုင်ရန် အလွန်အသုံးဝင်သော လမ်းညွှန်ချက်ပင်ဖြစ်သည်။

မိတ်ဆွေကောင်းတို့သည် သူ့အကျိုး ကိုယ့်အကျိုးကို အပြန်အလှန် လိုလားတန်ဖိုးထားသူဖြစ်သည်။ သူတစ်ပါးအကျိုးနှင့် မိမိမိတ်ဆွေအကျိုးတို့ ယှဉ်ပြိုင်လာလျှင် မိမိမိတ်ဆွေဘက်က မားမားမတ်မတ် ရင်ကော့ရပ်တည်သည်။ ထို့၏ ပညာရေး၊ လူမှုရေး၊ စီးပွားရေး စသောအရေးအရာအသီးသီးမျှတို့၌ အကျိုးလိုလားသော ဖြူစင်ဖြောင့်မတ်သည့် စိတ်ထားဖြင့် မိမိမှန်ကန်သည့် လမ်းကြောင်းပေါ်ရောက်အောင် ထိန်းကျောင်းတည့်မတ်ပေးသည်။ မိတ်ဆွေကောင်းကား နတ်ရွာ မင်္ဂိုလ်နိဗ္ဗာန်အထိ လမ်းညွှန်ပို့ဆောင်ပေးသူလည်း ဖြစ်သည်။

မိတ်ဆွေကောင်းနှင့် ပေါင်းသင်းရ၍ အကျိုးကျေးဇူးရရှိပုံများကလည်း များပြားလှပေသည်။ လေမှုန်တိုင်းဒဏ်ကြောင့် ကွဲသွားရသော ပုပ္ပကနှင့် သတ္တိဂုမ္ဗ ကျေးငှက်နောင်တွင် ရသေ့ထံသို့ ရောက်သွားသော ကျေးငယ်သည် ယဉ်ကျေးသိမ်မွေ့လာပေသည်။ ဘုရင့်နောင်သည် ဗညားဒလကဲ့သို့သော မိတ်ဆွေကောင်းနှင့် ပေါင်းမိ၍ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့ပေသည်။ ရက္ခမွေဇာတ်၊ မဟာဥက္ကုသဇာတ်၊ ဂုဏဇာတ်တို့သည်လည်း မိတ်ကောင်းကြောင့် အကျိုးထူးရပုံကို သက်သေတည်နေပေသည်။

မိတ်ဆွေကောင်းဖြစ်သည့် ဥပတိဿသည် ရှင်အဿဇိထံမှ တရားနာကြားရသည့်အခါ ပေးသောကတိအတိုင်း ကောလိတကို တစ်ဆင့်ပြန်လည် ဟောကြားခဲ့သည်။ ဥပတိဿကိုယ်တိုင် မြတ်စွာဘုရား၏လက်ယာရံ တပည့်သာဝက ရှင်သာရိပုတ္တရာမထေရ် ဖြစ်သကဲ့သို့ ကောလိတကိုယ်တိုင်လည်း လက်ဝဲရံတပည့်သာဝက ရှင်မဟာမောဂ္ဂလာန်မထေရ် ဖြစ်ခဲ့ရပေသည်။ မိတ်ဆွေကောင်းပီပီ လက်တွဲမှုကြောင့် ဩကာသလောကဓာတ်၏ တိုးတက်မှုတို့ကို ခံစားနိုင်ပေသည်။ လူကောင်းသူကောင်းနှင့် သိကျွမ်းသည်မှာ မွေးရန်ကြွယ်သည့်အခန်းတွင်း ဝင်ရသကဲ့သို့ နှစ်လိုဖွယ်ရာရှိသည်ဟူသော ကွန်ဖြူးရှပ်၏အဆိုကား မှန်ကန်လှပါဘိ။

မိတ်ဆွေစစ်ဟူသည် မိမိတစ်ယောက်တည်းကိုသာ မဟုတ်ဘဲ အခြားသူများအပေါ်၌ပါ ကောင်းရပေမည်။ မိမိအပေါ်၌ မိတ်ဆွေကောင်း ပီသသော်လည်း အများအပေါ် မကောင်းပြုက မိမိပါ အဆိုးမြင်ကဲ့ရဲ့ခြင်းကို ခံရပေမည်။

ပမာဆိုရသော် တောင်ငူဘုရင် နတ်ရှင်နောင်သည် ငဇင်ကာနှင့် ပေါင်းမိ၍ သစ္စာဖောက်ဟု အမည်းစက် စွန်းထင်းခံခဲ့ရပေသည်။ သို့သော် သင်တို့၏ ရန်သူဖြစ်သော်လည်း ငါ၏ မိတ်ဆွေဖြစ်သောကြောင့် မပေးနိုင်ဟုဆိုကာ ငဇင်ကာသည် နတ်ရှင်နောင်အား ကာကွယ်ပေးခဲ့သည်။

ထို့ကြောင့် အားလုံးအပေါ် ကောင်းသောမိတ်ဆွေကို သာလျှင် မိတ်ဆွေကောင်းဟု မှတ်ယူရပေမည်။ သို့သော်

www.burmeseclassic.com

ခြောက်ပြစ်ကင်း သဲလဲစင်သော လူမိတ်ဆွေကား မရှိသလောက်ရှားသည်။ အသိအလိမ္မာ ဘဏ္ဍာတိုက်ဖြစ်သော စာပေသာလျှင် လူတိုင်းအပေါ် ကောင်းကျိုးလိုရာဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်ဝနိုင်စေသည်။ သို့ဖြစ်ရာ လူသားတိုင်း၊ သတ္တလောကသားတိုင်းသည် စာပေကိုသာ ထာဝရ မိတ်ဆွေကောင်းအဖြစ် သေတမန်သက်တဆုံး လက်တွဲဖော်အဖြစ် ထားရှိနိုင်ပါသည်။

မိတ်ဆွေတုကား မကောင်းကျိုးတို့ကိုသာ ပွားများစေပေသည်။ အယူသာရှိ၍ အပေးမရှိသော တစ်ကိုယ်ကောင်းသမား အပေါ်ယံရွှေမှုန်ကြဲ အတွင်းက နွားချေးခံသော စိတ်ယုတ်ရှိသူတို့သည် ပါးစပ်ဖျား မိတ်ဆွေများသာ ဖြစ်ပေသည်။ မိတ်ဆွေဆိုး၊ မိတ်ဆွေယုတ်၊ မိတ်ဆွေတုတို့နှင့် ပေါင်းမိပါက အရက်တက္ခဲ အကျိုးနည်းဖြစ်ကာ မိမိဘဝ အခြေအနေ ဆုတ်ယုတ်ပျက်ပြားတတ်ပေသည်။ နောက်ဆုံးတွင် ဘဝနိဂုံးပါ အဆုံးသတ်ရအောင် အမိုက်မှောင် ကျရောက်နိုင်ပေသည်။

ငါးပုပ်ကို ထုပ်မိသောဖက်၌ ငါး၏အပုပ်နံ့ ကပ်ငြိတွယ်တာသကဲ့သို့ ယုတ်ညံ့ခြင်း၊ မိုက်မဲခြင်းတို့ ကူးစက်၍ တစ်ဖက်ကမ်းခပ်အောင် လမ်းမမြင် ဆိုးမိုက်ကြတတ်ပေသည်။ ခွေးတောက်မြစ်ယှက်၊ စိုက်ရောဖက်က၊ သရက်ပင်မင်း၊ သီးချိုကင်းအောင် ဒုက္ခတိုက်၌ ပိတ်လှောင်နိုင်ပေသည်။ မွေးလျှင်ပန်း၊ နံလျှင်ပစ်သော ကိုးအာသီးပမာ မိတ်ဆွေတုတို့ကား အဝီစိငရဲအထိ အရောက်ပို့နိုင်အောင် စွမ်းရည်ထက်လှပေသည်။

မိတ်ဆွေတုနှင့်ပေါင်းကာ ဘုရားမှတ်လို့ ကိုးကွယ်ပါတယ်၊ ဖွတ်ထွက်မှ တောင်ပို့မှန်းသိရသော သာဓကတို့မှာလည်း များပြားလှပေသည်။ တပင်ရွှေထီးသည် ပေါတူဂီလူမျိုးတစ်ဦးနှင့် ပေါင်းဖက်မိ၍ အရက်သေစာ အလွန်အကြူး သောက်စားမူးယစ်ခဲ့သည့်အတွက် အသေမောကာ အကြွေစောခဲ့ရသည်။ စောလူးမင်းသည် မိတ်ဆွေယုတ် ငရမန်ကန်းနှင့် ပေါင်းမိ၍ အသေဆိုးခဲ့ရလေသည်။ ကျေးဇူးနောင်သင်ခန်းစာတွင် လူဆိုးမားပြတို့လက်ထဲ ကျရောက်၍ ဆိုးသွမ်းယုတ်မာသော ကျေးသား၏အဖြစ်ကား သံဝေဂရစရာပင်။ အဇာတသတ်သည် ဒေဝဒတ်နှင့် ပေါင်းမိ၍ လက်ရှိဘဝတွင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါလျက် မဟာအဝီစိငရဲသို့ ကျခဲ့ရပေသည်။

သို့ဖြစ်၍ မျက်ကွယ်တွင် ကျေးဇူးကို ချေဖျက်တတ်သော၊ မျက်မှောက်၌ ချစ်ဖွယ်သောစကားကို ပြောဆိုတတ်သော မိတ်ဆွေမျိုးကို အဆိပ်အိုး၌ကျရောက်သော ဟူးရည်ကို မသုံးဆောင်ဘဲ ရောင်ကြည်ရသကဲ့သို့ ရောင်ကြည်ပါဟူ၍ လောကနီတိတွင် ဆုံးမထားခြင်း ဖြစ်ပေသည်။

ရှေးလူကြီးများထားရှိခဲ့သော မိတ်ဆွေအပေါင်းအသင်းနှင့် ပတ်သက်သော စကားပုံ အဆိုအမိန့်များကလည်း များပြားလှပေသည်။ မုဆိုးနားနီးမုဆိုး တံငါနားနီးတံငါ၊ မကောင်းမိတ်ဖက်၊ လူသူပျက်နှင့် ပေါက်လျက်ယှဉ်သွားပြုသူများ စီးပွားပျက်မည်သိ၊ သစ်ကောက်ဝါးကောက်ထိသာ မြင်ရသည် လူကောက်စိတ်ကောက်ကို မမြင်ရသေးသာပေါင်းညာစား၊ ကျောချမှ ဓားပြမှန်းသိ ဟူသော စကားပုံများသည် မိတ်ဆွေကောင်းကို ရှာဖွေပေါင်းသင်းကာ မိတ်ဆွေတုကို ရှောင်ရှားသင့်ကြောင်း ဖော်ပြထားပေသည်။

သူတော်ကောင်းတို့နှင့် ပေါင်းဆုံရခြင်းသည် တစ်ကြိမ်သာလျှင် ပေါင်းဆုံရ၊ တွေ့ရသော်လည်း ပေါင်းဆုံထွေရသူကို အကျိုးမပယ်ရှားဘဲ အကျိုးအမြတ် ရွက်ဆောင်စောင့်ရှောက်တတ်၏ဟူသော အဆိုအမိန့်သည်လည်း မိတ်ဆွေကောင်းနှင့်ပေါင်းရန် ညွှန်ကြားထားသော အဆိုအမိန့်ပင် ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် မမ္မမိဋ္ဌာန်ကျကျ လေ့လာသုံးသပ်ကြည့်မည်ဆိုလျှင် မိတ်ဆွေကောင်းသည်သာ လူ့ဘဝကို ခံ့ညားစေ၏။ လူ့ဘုံကို သာယာစေ၏။ လူ့လောကကို အလှဆင်နိုင်၏။ လူ့ကမ္ဘာကို အောင်မြင်စေနိုင်၏။ အသေဝနာစဿလာနံ ပဏ္ဍိတာနဉ္စသေဝနာဟူသော မင်္ဂလာတရားတို့နှင့်လည်း ပြည့်စုံစေ၏။ လောကီ,လောကုတ္တရာ နှစ်ပြားသောအကျိုးကို ဖြစ်ထွန်းစေ၍ နတ်ရွာနိဗ္ဗာန်သို့ ဆိုက်ရောက်စေနိုင်၏။ ဤမှအကျိုးကျေးဇူး များပြားစေနိုင်သော မိတ်ဆွေကောင်းကား လူ့အနုဿရတနာပင်တည်း။

သို့ဖြစ်ရာ မိတ်ဆွေကောင်းနှင့် ပေါင်းဖက်လိုသူတိုင်းသည် မိမိကိုယ်တိုင် မိတ်ဆွေကောင်းတို့၏ ဂုဏ်အင်္ဂါနှင့် ညီညွတ်အောင် ကျင့်ကြံဖြည့်ဆည်း အားထုတ်နိုင်ပါက လူ့ဘုံခန်းဝါသည် မိတ်ဆွေကောင်းတို့၏ စေတနာ၊ မေတ္တာ၊ ကရုဏာတို့ဖြင့် နတ်ရွာအလား ထာဝစဉ်ငြိမ်းချမ်းသာယာတိုးတက်မည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်ပါတော့သည်။

မိတ်ကောင်းဆွေကောင်း သတ်မှတ်ရမည့် အချက်များနှင့်ပတ်သက်၍ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများအရ

www.burmeseclassic.com

www.burmeseclassic.com

အားသာချက်များက လမ်းညွှန်ခဲ့ပြီး ဖြစ်ပါသည်။ ထိုလမ်းညွှန်ချက်များသည် ဗုဒ္ဓမြတ်စွာဘုရားရှင် ဟောကြားခဲ့သောသူတို့ ဆောင်ရွက်ရမည့် ဟောပြောချက်များထဲမှ ကောက်ခြွေထားခြင်းသာ ဖြစ်လေသည်။

မြတ်စွာဘုရားက သိဂ်ါလလူကြွယ်သားအား မိတ်ဆွေဘုန်နှင့် မိတ်ဆွေစစ်လက္ခဏာတို့ကို ခွဲခြားဟောပြခဲ့ပါသည်

မိတ်ဆွေစစ်၏ လက္ခဏာရှိသူ လေးဦးမှာ-

(၁) ချမ်းသာအတူ ဆင်းရဲအမျှ၊
တစ်စိတ်တစ်ဝမ်းတည်း ရှိသူ၊

(၂) မကောင်းသောအမှုကို ရှောင်စေ၍
ကောင်းသောအမှုကိုသာပြုအောင် ညွှန်ပြသူ၊

(၃) မိမိအပေါ် အစဉ်ကြင်နာသနားသူ၊

(၄) မိမိအပေါ် အစဉ်ကျေးဇူးပြုတတ်သူတို့ ဖြစ်ကြပါသည်။

မိတ်ဆွေတု၏ လက္ခဏာရှိသူ လေးဦးမှာ-

(၁) မိမိထံမှ ရယူရန်သက်သက်သာ ဆက်ဆံလာသူ၊

(၂) နှုတ်ဖြင့်သာကောင်းပြီး လက်တွေ့မပါသူ၊

(၃) မိမိရှေ့တွင် အကြိုက်ကိုလိုက်၍ ပြေဆိုတတ်သူ၊

(၄) မကောင်းမှုပြုရာတွင် အဖော်ရသောသူတို့ ဖြစ်ကြပါသည်။

လူတို့ ၏စရိုက်အစုံစုံကို ခွဲခြမ်းလေ့လာကြည့်လျှင် ဤလက္ခဏာများကို တွေ့ရမည် ဖြစ်ပါသည်။

ထိုကဲ့သို့ မိတ်ဆွေကောင်းကို ရွေးချယ်ပေါင်းသင်းတော့မည်ဆိုလျှင် မိမိကိုယ်တိုင်က မိတ်ဆွေစစ်,မိတ်ဆွေကောင်း လက္ခဏာနှင့်ညီရန် လိုသည်ကို မမေ့အပ်ပါ။

ထိုအချက်နှင့်ပတ်သက်၍ မြတ်စွာဘုရားက သိဂ်ါလသူကြွယ်သားအား ဟောပြောခဲ့သော မိတ်ဆွေကျင့်ဝတ်ငါးပါးကို ထောက်ပြလိုပါသည်။

မိတ်ဆွေတို့အား အခါအားလျော်စွာ ကျေးမွေးပေးကမ်းခြင်း၊ ချစ်ခင်ဖွယ် ပြောဆိုဆက်ဆံခြင်း၊ သူ့အကျိုးကို ဖြောင့်မှန်စွာ ဆောင်ကြဉ်းပေးခြင်း၊ ဂုဏ်တုဂုဏ်ပြိုင် မပြုလုပ်ခြင်းနှင့် မိမိကိုယ် ယုံကြည်စိတ်ချမှုကြောင့် မည်သည့်ကိစ္စမှ ချုတ်ယွင်းမှုမရှိစေခြင်းဟူသော မိတ်ဆွေကျင့်ဝတ်ငါးပါးကို မကျိုးပေါက်ရအောင် ဖြည့်ဆည်းဆောင်ရွက်ရန် လိုပါသည်။

ဝင်းလွင်ဦး(ရွှေပြည်သာ)

နှလုံးတုန်၊ ရင်ခုန်၊ မူးဖောသူများအတွက်

နှန်းထိပ်တင်

နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်ခြို့ကိစ္စာ အိပ်မရခြင်း၊ အိပ်ရာမှနိုးစတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်းခြင်း၊ အသားအရေ မွဲခြောက်ပိန်လှီခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမဝှန်ခြင်း၊ နှလုံးနှင့်ပတ်သက်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေ စိုပြေကြည်လင် လှပနုပျို ကျန်းမာသက်ရှည်ပါမည်။

ဆုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆထလ(၂၀၂၆)
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ဝ၂၁၃ Y ဝ၁၀၁၇၈
ကြော်ငြာခွင့်ပြုချက် - ၂၃၁/၁၀၁၃ [တဆထက(စာနယ်ဇင်း)]

နှလုံးအားတိုးဆေး

ပင်ရင်း ဆေးဆေးခြင်းအေးအိုက် - တိုက်(၅)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
☎ ဝ၉၂၀၀၉၉၃၊ ☎ (၀၁)၂၁၀၈၃၃

ရန်ကုန် မြည်းမြန်းဘဆေးရုံဦးစီးဌာန - ဆိုင်အမှတ်(B-50, 51)၊ ရွှေပြည်စုံစင်တာ (ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
☎ ဝ၉၄၂၁၀၀၇၇၀၃၊ ဝ၉၄၂၀၁၀၈၀၂၀

မန္တလေး ဦးအားမြှင့် မြန်မာဆေးရုံဦးစီးဌာန - ရောင်းဝယ်ရေး/E ရုံ(သဇင်ရုံ)၊ အမှတ် - ၉၆(မြေညီထပ်)၊ ဒေးရုံလမ်း မန္တလေးမြို့ ☎ (၀၂)၃၁၀၈၀

www.burmeseclassic.com

www.burmeseclassic.com

အရှင်သူရိယ

(မိုးကောင်းကင်)

ကိဟိဝိနယနှင့် (၄)ဂဏန်း

မြတ်စွာဘုရားရှင်က သင်္ဂါလသုတ္တန်မှာ သင်္ဂါလလုလင်ကို လူ့ဝိနည်းကျင့်ဝတ်တရားများနဲ့ပတ်သက်ပြီး ဟောကြားဆုံးမပေးထားပါတယ်။

မြတ်စွာဘုရားရှင် ဟောကြားဆုံးမပေးထားတဲ့ လူ့ဝိနည်းကျင့်ဝတ်တရားတွေထဲမှာ လေးဂဏန်းနဲ့ ပတ်သက်လို့ ထူးခြားစွာ လေ့လာကြည့်ဖြစ်တာက မပေါင်းသင်းအပ်တဲ့ မိတ်ဆွေတု လေးယောက်နဲ့ ပေါင်းသင်း ဆက်ဆံထိုက်တဲ့ မိတ်ဆွေစစ် လေးယောက်တို့ကိုပါ။



www.burmeseclassic.com

www.burmeseclassic.com

ဆောက်ပြီး အဲဒီမိတ်ဆွေတု လေးယောက်နဲ့ မိတ်ဆွေ လေးယောက်တို့ကိုလည်း ဘုရားရှင်က အင်္ဂါရပ် လေးချက်နဲ့ စိစစ်ဝေဖန် ထောက်ပြထားတာကိုပါ ထပ်မံလေ့ လာ တွေ့ရှိရပြန်ပါတယ်။

ဒီတော့ အရင်ဆုံး မပေါင်းသင်းအပ်တဲ့ မိတ်ဆွေတု လေးယောက်နဲ့ ပတ်သက်ပြီး လေ့လာကြည့်ကြရအောင်ပါ။

မြတ်စွာဘုရားရှင်က သင်္ဂါလလုလင်ကို အသင်သူ ကြီးသား..မိတ်ဆွေစစ် လေးယောက်ကို သိအပ်ပါတဲ့။

မိတ်ဆွေတုလေးယောက် ဆိုတာကတော့-

မိတ်ဆွေတုလေးယောက်

(၁) အညဒတ္ထုဟရ မိတ်ဆွေတု - ယူသာယူတတ်သော မိတ်ဆွေစစ် မဟုတ်သည့် မိတ်ဆွေတု၊

(၂) ဝစီပရမ မိတ်ဆွေတု - နှုတ်ဖြင့်သာလျှင် (လော ကုတ်)ပေးတတ်သော မိတ်ဆွေစစ် မဟုတ်သည့် မိတ်ဆွေ တု

(၃) အနုပ္ပိယဘာဏီ မိတ်ဆွေတု - အကြိုက်ကိုလိုက်၍ ပြောဆိုတတ်သော မိတ်ဆွေစစ် မဟုတ်သည့် မိတ်ဆွေတု၊

(၄) အပါယ သဟာယ မိတ်ဆွေတု - ပျက်စီးရာ ပျက်စီး ကြောင်း၌ အပေါင်းအဖော်ဖြစ်သော မိတ်ဆွေစစ် မဟုတ် သည့် မိတ်ဆွေတုတို့ပဲ ဖြစ်ပါတယ်။

ဒီလိုမိတ်ဆွေတုလေးယောက်ကိုလည်း ခန့်မှန်းသိရှိနိုင် အောင် မြတ်စွာဘုရားရှင်က တစ်ဦးကို အင်္ဂါလေးချက်နဲ့ အလို စိစစ်ဝေဖန် ပြဆိုပေးထားပါတယ်။

(၁) အညဒတ္ထုဟရ မိတ်ဆွေတုအင်္ဂါ လေးချက်

မြတ်စွာဘုရားရှင်က သင်္ဂါလလုလင်ကို အကြင်သူ ကြီးသား ယူသာယူတတ်သော အညဒတ္ထုဟရ မိတ်ဆွေ ကို အလို အင်္ဂါလေးချက်နဲ့ သိအပ်ပါတဲ့။

(၁) ယူသာ ယူတတ်သောသူ၊

(၂) နည်းသောဥစ္စာကို ပေးခြင်းဖြင့် များသောဥစ္စာကို ဆုံးရှုံးသောသူ၊

(၃) မိမိဘေးဖြစ်မှ ထိုသူကိစ္စကို ပြုလုပ်ပေးတတ်သောသူ၊

(၄) အကျိုးစီးပွားရလိုသောကြောင့် ဆည်းကပ်သောသူ။

ထိုအင်္ဂါလေးချက်ဖြင့် ငြိစွန်းနေသူဟာ ယူသာ ယူ တတ်သော မိတ်ဆွေစစ် မဟုတ်သည့် မိတ်ဆွေတုပဲ ဖြစ်ပါ တယ်။

(၂) ဝစီပရမ မိတ်ဆွေတုအင်္ဂါ လေးချက်

မြတ်စွာဘုရားရှင်က နှုတ်ဖြင့်သာ ပေးတတ်သော ဝစီပရမ မိတ်ဆွေတု အင်္ဂါလေးချက်ကိုလည်း သင်္ဂါလ လုလင်အား အခုလို သိအပ်ပါဦးတဲ့။

(၁) လွန်ပြီးသောအကြောင်းအရာဖြင့် ချီးမွှောက်သောသူ၊

(၂) မဖြစ်သေးသော အကြောင်းအရာဖြင့် ချီးမွှောက်သော သူ၊

(၃) အချည်းအနှီး လောကွတ်မျှဖြင့် ချီးမွှောက်သောသူ၊

(၄) ဖြစ်ဆဲကိစ္စတို့၌ ပျက်စီးခြင်းကို ပြသသောသူတို့ပါပဲ။

ဒီလိုအင်္ဂါလေးချက် တစ်ချက်ချက်နဲ့ ငြိစွန်းနေ ဟာ နှုတ်ဖြင့်သာလျှင် ပေးတတ်သော မိတ်ဆွေစစ် မဟုတ်သည့် မိတ်ဆွေတုပဲ ဖြစ်ပါတယ်။

(၃) အနုပ္ပိယဘာဏီ မိတ်ဆွေတုအင်္ဂါ လေးချက်

ဒီတစ်ခါ နံပါတ်သုံးအနေနဲ့ သင်္ဂါလလုလင်ကို မြတ် စွာဘုရားရှင် ဟောကြားဆုံးမပေးထားတဲ့ မပေါင်းသင်းအပ် တဲ့ မိတ်ဆွေတုက အကြိုက်ကိုလိုက်ပြီး ပြောဆိုတတ်သော အနုပ္ပိယဘာဏီ မိတ်ဆွေဟာလည်း မိတ်ဆွေတုပါပဲတဲ့။

ဒီလို မိတ်ဆွေတုနဲ့ပတ်သက်တဲ့ အင်္ဂါလေးချက်က တော့-

(၁) ထိုသူအား မကောင်းမှုကိုလည်း ခွင့်ပြု၏။

(၂) ထိုသူအား ကောင်းမှုကိုလည်း ခွင့်ပြု၏။

(၃) ထိုသူ၏ မျက်မှောက်၌ ချီးမွမ်းစကားကို ဆို၏။

(၄) ထိုသူ၏ မျက်မှောက်၌ ကဲ့ရဲ့စကားကိုလည်း ဆို၏။

ဒီလိုအင်္ဂါလေးချက်နဲ့ ငြိစွန်းနေသောသူဟာ အကြိုက် ကိုလိုက်ပြီး ပြောဆိုတတ်သော မိတ်ဆွေစစ် မဟုတ်သည့် မိတ်ဆွေတုပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ အကြိုက်ကိုလိုက်ပြီး ပြောဆိုတတ်သော မိတ်ဆွေတုဆိုလို့ မိမိနဲ့ ရင်းနှီးခင်မင်တဲ့ စာပေမိတ်ဆွေ လူငယ်လေးနှစ်ဦးအကြောင်းကို သတိရလို့ ပြောဦးမယ်။ စာပေမိတ်ဆွေဆိုပေမယ့် စာရေးသက်တော့ သိပ်မရှိသေး ပါဘူး။ တစ်နှစ်ကျော်ကျော် နှစ်နှစ်လောက်သာ ရှိမယ် ထင်ပါတယ်။

သူတို့နှစ်ယောက်က စာရေးသူကို ဘာပြောဖူးသလဲ ဆိုတော့ "ကျွန်တော်တို့ကတော့ ဘယ်လိုအကြောင်းကိစ္စမျိုး မဆို လူမှုန်းမခံဘူး။ အားလုံးနဲ့ အဆင်ပြေအောင် ကြားနေ ဝါဒပဲ။ သူအကြိုက်လိုက်ပြီး ဟိုဘက်လည်း အဆင်ပြေ၊ ဒီဘက်လည်း အဆင်ပြေအောင်ပေါ့" လို့ ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့ထံက ဒီလိုစကားသံမျိုးကို ကြားသိလိုက်ရတော့ စာရေးသူဟာ သူတို့နဲ့ဆက်ဆံရမှာ သိပ်ကြောက်သွားတယ်။ ဒါနဲ့ သူတို့နှစ်ယောက်ကို ဘုရားဟောဇာတ်တော်လေးတစ်ပုဒ် ပြောပြလိုက်ပါတယ်။ သူတို့ကတော့ သူတို့ကို ပြောလို့ ပြောမှန်း ယနေ့အချိန်ထိ သိပုံမရဘူး။

ဇာတ်တော်လေးက ဒီလိုပါ။

တစ်ခါတုန်းက ဘုရားအလောင်း ရွှေဟင်္သာဘုရင်နဲ့ ညီတော်အာနန္ဒာအလောင်းတော် ရွှေဟင်္သာဘုရင် ညီအစ်ကို နှစ်ကောင်ဟာ အစာရေစာရှာဖွေရင်း ဟိမဝန္တာတောကြီးထဲက တောင်ကြီးတစ်တောင်ဆီကို ရောက်ရှိသွားပါတယ်။ အဲဒီတောင်ကြီးဟာ အစာရေစာကလည်းပေါများ၊ နောက်ပြီး အလွန်သာယာပျော်မွေ့စရာလည်း ကောင်းပါတယ်။ ဒါကြောင့် ရွှေဟင်္သာညီအစ်ကိုနှစ်ကောင်ဟာ အဲဒီတောင်ကြီးမှာပဲ အစဉ်အမြဲနေဖို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။

ဒီတောင်ကြီးမှာနေနေတဲ့ ရွှေဟင်္သာညီနောင်နှစ်ကောင်ဟာ သူတို့ကိုယ်၌က နဂိုကတည်းကမှ ရွှေအဆင်းရှိပြီးသား ဆိုတော့ ထပ်ပြီးထူးခြားမှု မရှိခဲ့ပေမယ့် နောက်များမကြာမီမှာ သူတို့နည်းတူ လင်းတငှက်အုပ်တစ်အုပ် ရောက်လာပါတယ်။ အဲဒီလင်းတငှက်အုပ်ဟာ ဒီတောင်ကြီးကိုလည်း ရောက်ရော ရွှေအဆင်းအတိဖြစ်ပြီး ရွှေလင်းတငှက်တွေ ဖြစ်သွားပါတယ်။

နောက် ဗျိုင်းငှက်အုပ်တစ်အုပ် ရောက်လာပြန်ပါတယ်။ အဲဒီဗျိုင်းငှက်တွေလည်း ဒီတောင်ကြီးကို ရောက်တာနဲ့ တစ်ခါတည်း ရွှေအဆင်းအတိဖြစ်ပြီး ရွှေဗျိုင်းလေးတွေ ဖြစ်ကုန်ကြပြန်ပါတယ်။ တစ်ခါ ကျီးကန်းငှက်အုပ်တစ်အုပ် ရောက်လာပြန်ပါတယ်။ ဒီကျီးကန်းငှက်တွေဟာလည်း ရွှေအဆင်းအတိဖြစ်ပြီး ရွှေကျီးကန်းငှက်လေးတွေ ဖြစ်ကုန်ကြတယ်တဲ့။

ဒီတော့ ရွှေဟင်္သာညီနောင်မှ ဘုရားအလောင်းတော်အစ်ကိုကြီးဖြစ်သူ ရွှေဟင်္သာက ညီတော်အာနန္ဒာအလောင်းတော် ရွှေဟင်္သာလေးကို -

'ညီငယ်..ငါတို့ ဒီတောင်ကြီးကနေ မြန်မြန်ဆုတ်ခွာမှ ဖြစ်တော့မယ်။ ငါတို့ ဒီတောင်ကြီးမှာ ဆက်လက် နေထိုင်ရင် ငါတို့ တစ်နေ့ အန္တရာယ်နဲ့ တွေ့ကြုံရလိမ့်မယ်။ ဒီတောင်ကြီးက ရောက်လာတဲ့ ကျေးငှက်တွေ အားလုံးကို မြွောက်စားချီးမြှင့်နေတယ်။ လင်းတငှက် ရောက်လာလည်း ရွှေလင်းတဖြစ်၊ ဗျိုင်းငှက်လာလည်း ရွှေဗျိုင်းငှက်ဖြစ်၊ ကျီးကန်းငှက်လာလည်း ရွှေကျီးကန်းတွေ ဖြစ်ကုန်ကြတယ်။ ရောက်လာတဲ့ ကျေးငှက်တွေရဲ့ အရည်အချင်းကို ကြည့်ပြီး ချီးမြှောက်တာမှ မဟုတ်ဘဲ။ ဒီတောင်ကြီးက ငါတို့အဖို့ မိတ်ဆွေစစ် မဟုတ်ဘူး။ ဒါကြောင့် ငါတို့ ညီနောင်နှစ်ဦး ဒီတောင်ကြီးကနေ မြန်မြန်ဆုတ်ခွာကြစို့'

ဇာတ်တော်လေးရဲ့ လိုရင်းကတော့ ဒီလောက်ပါပဲ။

ကဲ..ဘယ်လောက်ကြောက်စရာ ကောင်းထားသလဲ အကြိုက်ကိုလိုက်ပြီး ပေါင်းသင်းဆက်ဆံထိုက်တဲ့ အနုပ္ပိယဘာဏီ မိတ်ဆွေတုတွေကို ဘုရားအလောင်း ရွှေဟင်္သာ ညီနောင်နှစ်ကောင်လို ဝေါင်ဝေါင်ရွှေး ဝေးဝေးကသာ ရှောင်ကြနော်။

(၄) အပါယသဟာယ မိတ်ဆွေတုအင်္ဂါ လေးချက်

သင်္ဂါလလုလင်ကို မြတ်စွာဘုရားရှင် နောက်ဆုံးအကြိမ် ကြဉ်ခိုင်းတဲ့ မိတ်ဆွေတုကတော့ ပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်သော အပါယသဟာယ မိတ်ဆွေတွေဟာလည်း မိတ်ဆွေစစ် မဟုတ်ဘူး။ မိတ်ဆွေတုပါပဲလို့ ဆိုလိုက်ပါတယ်။

ဒါကြောင့် အပါယသဟာယ မိတ်ဆွေတုဟာ ဘယ်နေရာမှာ အပေါင်းအဖော်ဖြစ်ခဲ့ပါသလဲဆိုရင် -

(၁) သေရည်သေရက်သောက်စားခြင်း၌ အပေါင်းအဖော်ဖြစ်ခဲ့သော သူ၊

(၂) အခါမဲ့ခရီးသွားခြင်း၌ အပေါင်းအဖော်ဖြစ်ခဲ့သော သူ၊

(၃) ပွဲလမ်းသဘင် ကြည့်ရှုနားထောင်ခြင်း၌ အပေါင်း အဖော်ဖြစ်ခဲ့သော သူ၊

(၄) လောင်းကစားခြင်း၌ အပေါင်းအဖော်ဖြစ်ခဲ့သော သူတို့ပါပဲ။

ဒီလိုအင်္ဂါလေးချက်နဲ့ တစ်ချက်မဟုတ် တစ်ချက်နဲ့ ငြိစွန်းနေသူဟာ မိတ်ဆွေတုဖြစ်လို့ မြတ်စွာဘုရားရှင် သင်္ဂါလလုလင်ကို 'အကြင်သူကြွယ်သား..ပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်သော မိတ်ဆွေစစ် မဟုတ်သော မိတ်ဆွေတုကိုလည်း လေးပါးသောအကြောင်းတို့ဖြင့် သိအပ်၏'လို့ ဆိုတာပါ။

အခုတင်ပြပေးခဲ့သော အညဒတ္ထုဟရ မိတ်ဆွေ ဝဝီပရမ မိတ်ဆွေတု၊ အနုပ္ပိယဘာဏီ မိတ်ဆွေတု၊ အပါယသဟာယ မိတ်ဆွေတု လေးယောက်တို့ကိုတော့ မိမိအကျိုးမပြုတဲ့ မိတ်ဆွေတုများဖြစ်နေလို့ စာဖတ်သူများနဲ့ အထူးဂရုပြုရှောင်ကြဉ်ကြပါနော်။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ခု အကြံပြုချင်တာလေးတစ်ချက်က မိမိ ကိုယ်ပိုင်က ဒီလိုမိတ်ဆွေတုထဲမှာ ပါနေပြီဆိုရင်တော့ ယခု အောက်နေတဲ့အချိန်ကနေပြီး မိတ်ဆွေတုစာရင်းဝင်ကနေ မိတ်ဆွေစစ်စာရင်းဝင်ဖြစ်အောင် ကြိုးစားစေချင်ပါတယ်။

ဒီတော့ စာဖတ်သူအနေနဲ့ မိတ်ဆွေစစ်ဆိုတာ ဘယ်လို လူမျိုးလဲ ဆိုတာကိုပါ သိရှိရလေအောင် သင်္ဂါလလုလင် ကို မြတ်စွာဘုရားရှင် ဟောကြားဆုံးမထားတဲ့ ပေါင်း သင်းဆက်ဆံအပ်တဲ့ မိတ်ဆွေစစ် လေးယောက်ကိုပါ ဆက် လက်လေ့လာကြည့်ကြရအောင်ပါ။

မိတ်ကောင်း နှလုံးကောင်းရှိသော မိတ်ဆွေစစ်(၄)ယောက်

မြတ်စွာဘုရားရှင်က သင်္ဂါလလုလင်ကို အကြင်သူ ကြွယ်သား..ကောင်းသောစိတ်နှလုံးရှိသော ဤမိတ်ဆွေစစ် လေးယောက်တို့ကို သိအပ်ပါကုန်လော့။

(၁) ဥပကာရ မိတ်ဆွေစစ်-ကျေးဇူးပြုတတ်သော ကောင်း သော စိတ်နှလုံးရှိသည့် မိတ်ဆွေစစ်၊

(၂) သမာနသုခ,ဒုက္ခ မိတ်ဆွေစစ်-ချမ်းသာအတူ ဆင်းရဲ သည်း အတူဖြစ်သော ကောင်းသောစိတ်နှလုံးရှိသည့် မိတ် ဆွေစစ်၊

(၃) အတ္ထက္ခာယီ မိတ်ဆွေစစ်-အကျိုးစီးပွားကို ပြောကြား တတ်သော ကောင်းသောစိတ်နှလုံးရှိသည့် မိတ်ဆွေစစ်၊

(၄) အနုကမ္ပက မိတ်ဆွေစစ်-အစဉ်သနားတတ်သော ကောင်းသော စိတ်နှလုံးရှိသည့် မိတ်ဆွေစစ်။

ဒီလိုပေါင်းသင်းအပ်တဲ့ မိတ်ဆွေစစ် လေးယောက်ကို သည်း သင်္ဂါလလုလင်ကို ဂဃနဏာသိရှိစေဖို့ရန် ဘုရားရှင် က တစ်ဦး,တစ်ဦးကို အင်္ဂါလေးချက်နဲ့ပဲ စိစစ်ဝေဖန် သုံး သပ်ကာ ဟောကြားပေးထားပြန်ပါတယ်။

(၁) ဥပကာရ မိတ်ဆွေစစ် အင်္ဂါလေးချက်

အကြင်သူကြွယ်သား..ကျေးဇူးပြုတတ်သော ကောင်း သော စိတ်နှလုံးသားရှိသော ဥပကာရ မိတ်ဆွေစစ်ဆိုတာ-

(၁) မူးယစ်နေသောမိတ်ဆွေကို စောင့်ရှောက်တတ်၏။

(၂) မူးယစ်မေ့လျော့နေသော မိတ်ဆွေ၏ ပစ္စည်းဥစ္စာကို စောင့်ရှောက်တတ်၏။

(၃) ကြောက်ရွံ့နေသော မိတ်ဆွေ၏ အားကိုးရာဖြစ်၏။

(၄) ပြဿဒ်ကိစ္စ ဖြစ်ပေါ်လာပါက အကူအညီတောင်းခံ သည်ထက် နှစ်ဆတက်သော စည်းစိမ်အထောက်အပံ့ကို ပေးတတ်သော မိတ်ဆွေများဟာ သင့်အတွက် မိတ်ဆွေစစ် ဖြစ်ပါတယ်။

(၂) သမာနသုခ,ဒုက္ခ မိတ်ဆွေစစ်အင်္ဂါ လေးချက်

အကြင်သူကြွယ်သား..ချမ်းသာအတူ ဆင်းရဲအတူဖြစ် သော ကောင်းသော စိတ်နှလုံးရှိသည့် သမာနသုခ ဒုက္ခမိတ် ဆွေစစ်ဆိုတာ-

(၁) ထိုမိတ်ဆွေအား လျှို့ဝှက်အပ်သည့် အမှုကိစ္စကို ပြော ကြား၏။

(၂) ထိုမိတ်ဆွေ၏ လျှို့ဝှက်သည့် အမှုကိစ္စကို လျှို့ဝှက် ထားပေး၏။

(၃) ထိုမိတ်ဆွေအား ဘေးရန်ဖြစ်ပေါ်လာလျှင် မစွန့်ပစ်။

(၄) ထိုမိတ်ဆွေအတွက် အသက်ကိုပင်သော်လည်း စွန့် လွှတ်၏။

ဒီလိုလေးပါးသော အကြောင်းတို့ဖြင့် ချမ်းသာအတူ၊ ဆင်းရဲအတူဖြစ်သော ကောင်းသောစိတ်နှလုံးရှိသည့် မိတ် ဆွေဟာ မိမိအတွက် မိတ်ဆွေစစ်ပဲ ဖြစ်ပါတယ်။

(၃) အတ္ထက္ခာယီ မိတ်ဆွေစစ်အင်္ဂါ လေးချက်

အကြင်သူကြွယ်သား..အကျိုးစီးပွားကို ပြောကြား တတ်သော ကောင်းသောစိတ်နှလုံးရှိသည့် မိမိအတွက် အတ္ထက္ခာယီ မိတ်ဆွေစစ်ဆိုတာဟာ-

(၁) မကောင်းမှုဌ် တားမြစ်တတ်၏။

(၂) ကောင်းမှုဌ် သက်ဝင်စေ၏၊ တိုက်တွန်းစေ၏။

(၃) မကြားဖူးသော တရားစကားကို ပြောကြားတတ်၏။

www.burmeseclassic.com

www.burmeseclassic.com

(၄) နတ်ပြည်ရောက်ကြောင်း ခရီးလမ်းကိုလည်း ပြောကြားတတ်၏။

အကြင်သူကြွယ်သား..ဒီလိုအင်္ဂါရုပ် အချက်အလက်လေးပါးရှိသော အကြောင်းတို့ဖြင့် အကျိုးစီးပွားကို ပြောကြားတတ်သည့် ကောင်းသောစိတ်နှလုံးသားရှိသော မိတ်ဆွေများဟာ မိမိအတွက် မိတ်ဆွေစစ်ပါပဲ။

(၄) အနုကမ္မက မိတ်ဆွေစစ်အင်္ဂါ လေးချက်

အကြင်သူကြွယ်သား.. အစဉ်သနားတတ်သော ကောင်းသောစိတ်နှလုံးသားရှိသည့် အနုကမ္မကမိတ်ဆွေဟာလည်း သင့်အတွက် မိတ်ဆွေစစ်ပါပဲ။

ဒီလိုမိတ်ဆွေစစ်ကိုလည်း အခုလို အင်္ဂါလေးချက်နဲ့ပဲ သိရှိလိုက်ပါဦး။

(၁) ထိုမိတ်ဆွေ၏ ဆုတ်ယုတ်ပျက်စီးခြင်းကို မနှစ်သက်။

(၂) ထိုမိတ်ဆွေ၏ ဖြစ်ထွန်းတိုးတက်ခြင်းကို နှစ်သက်၏။

(၃) ထိုမိတ်ဆွေအား ကဲ့ရဲ့စကား ပြောကြားသူကို ကန့်ကွက်တားမြစ်တတ်၏။

(၄) ထိုမိတ်ဆွေအား ချီးမွမ်းစကား ပြောကြားသူကို ထောက်ခံချီးမွမ်းတတ်၏ဆိုတဲ့ အင်္ဂါလေးချက်တို့ပဲ ဖြစ်ပါတယ်။

ယခုတင်ပြပေးခဲ့သော ဥပကာရ မိတ်ဆွေစစ်၊ သမာန သုခဒုက္ခ မိတ်ဆွေစစ်၊ အတ္တက္ခာယီ မိတ်ဆွေစစ်နဲ့ အနုကမ္မက မိတ်ဆွေစစ်တို့ဟာ မြတ်စွာဘုရားရှင်က ပေါင်းသင်းဆက်ဆံရမယ့် မိမိအတွက် မိတ်ဆွေစစ်တွေပဲလို့ သင်္ဂါလလုလင် သူကြွယ်သားအား အလေးအနက် ဟောကြားဆုံးမပေးထားတော်မူလိုက်တာပဲ ဖြစ်ပါတယ်။

ဒါကြောင့် စာဖတ်သူရော ဒီစာရေးသူပါ မိမိအနာဂတ် ပုံရိပ် လှပစေဖို့ရန် မကောင်းသော ပါပမိတ္တ မိတ်ဆွေများကို မပေါင်းသင်းမိဖို့ အထူးဂရုပြု ရှောင်ရှားကြရမှာ ဖြစ်ပြီး အပါပမိတ္တ မိတ်ကောင်းဆွေကောင်း မိတ်ဆွေစစ်တို့ကို ရှာဖွေပေါင်းသင်းကြစေလိုကြောင်း တိုက်တွန်းသားတင်ပြရင်း လေးဂဏန်းသခ်ၤာနဲ့ပတ်သက်တဲ့ ဂိဟိဝိနာလှုဝိနည်းကျင့်ဝတ်တရားများကို ရှာဖွေတင်ပြပေးလိုက်ပါတယ်။

စာဖတ်သူများအားလုံး မသူတော်ဘေးမှ ကင်းဝေးနိုင်ကြပါစေ။

အရှင်သူရိယ(မိုးကောင်းကာ

www.burmeseclassic.com

www.burmeseclassic.com

ကိုရွှေမြသန်း (သမိုင်း)

လူသားကျင့်ဝတ်နှင့် ငြိမ်းချမ်းရေး

ငြိမ်းချမ်းရေးသည် အလှတရားဖြစ်၏။

အလှတရားသည် အလင်း၊ အမှောင်ကိုရွေး၏။

အလင်း၊ အမှောင်ကိုရွေးသည့် အလှတရား၌ အလင်း၊ အမှောင်ကို မရွေးသည့် ကိုယ်ကျင့်တရား (လူသားကျင့်နှင့်စိတ်ထား)ကို ဖြည့်စွက်လိုက်မည်ဆိုပါက ကမ္ဘာကြီး၏ ငြိမ်းချမ်းရေးသည်လည်း...။

♦ ♦ ♦

ယနေ့ကမ္ဘာကြီးတွင် ဖြစ်ပွားသော လူမျိုးစုပြဿနာ၊ ဘာသာပြဿနာ၊ စီးပွားရေးပြဿနာ၊ ဘာသာအယူဝါဒပြဿနာ အစရှိသော ပြဿနာပေါင်း သောင်းခြောက်ထောင်အကြောင်းပြုကာ စစ်ပွဲများဖြစ်နေဆဲပင်ဖြစ်သည်။ ဆင်းဆာခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်း၊ ရာဇဝတ်မှုထူပြောအကြမ်းဖက်မှုများ တိုးပွားလာခြင်း၊ အိုးရဆိုးများ၏ ကျယ်ပြန့်မှု အစရှိသော ဒဏ်ရာဒဏ်ချက်များဖြင့် ကမ္ဘာပြည်သို့သည် ငြိမ်းချမ်းရေးကို ငတ်မွတ်နေကြရရှာသည်။

ဤတွင် လက်တွေ့မဆန်သော စိတ်ကူးယဉ် နည်းများသည် လူသားတို့၏ ငြိမ်းချမ်းရေးကို အမှန်တကယ် မဖော်ဆောင်နိုင်ပါ။ အမိန့်အာဏာဖြင့် ငြိမ်ဝပ်ပိပြားစေခြင်းသည် ယမ်းအိုးကြီးကို ဖိသိပ်နေခြင်းနှင့်တူသည်။ စစ်မက်အင်အားဖြင့် အနိုင်ကျင့်နှိမ်နင်းခြင်းသည်လည်း မနိုင်နိုင်သေးသောကြောင့် သည်းခံမျှသိပ် ငြိမ်သက်နေခြင်းသာဖြစ်သည်။ အချိန်ကျလျှင် အမုန်းတရား၊ အာဃာတများဖြင့် လက်စားချေကြမြဲဖြစ်သည်။

ထို့ပြင် ကမ္ဘာကြီးတွင် အစွန်းရောက်၊ အယူသီး၊ အကြမ်းဖက်၊ အဓမ္မဝါဒီအင်အားစုများ ကြီးထွားလာခြင်းသည်လည်း လူဘောင်လောကကြီး တစ်ခုလုံးအတွက် မဟာအန္တရာယ်ကြီးပင် ဖြစ်ပေသည်။ ဘာသာရေးဖြင့် ကမ္ဘာ့ပြဿနာကိုဖြေရှင်းရန် ငြိမ်းချမ်းရေးကိုဖော်ဆောင်၍ စီစဉ်ကြံဆနေစဉ်တွင်ပင် ဘာသာရေးကြောင့် လူအများသေကျေပျက်စီးကာ ဥစ္စာပစ္စည်းများ ဆုံးရှုံးနေကြရသည်မှာ သံဝေဂရဖွယ်ပင်။

သို့ဖြစ်ပါ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကြွေးကြော်ကောင်းဆိုနေကြခြင်းများအတွက် တစ်ခုတည်းသော နည်းလမ်းမှာ

www.burmeseclassic.com

www.burmeseclassic.com

လူသားတိုင်းကို တန်ဖိုးထားကာ လူသားတစ်ဦးချင်းစီ၏ စိတ်နှလုံးငြိမ်းချမ်းရေး နည်းလမ်းများကို ဖော်ထုတ်မျှဝေရန် အခြေခံကျကျ အရေးကြီးလှကြောင်းအား ဓမ္မစက္ကဦးမောင်မောင်(အပြည်ပြည်ဆိုင်ရာ ဓမ္မစက္ကဖောင်ဒေးရှင်း) IDF မှ ဗုဒ္ဓဝါဒနှင့် ကမ္မာငြိမ်းချမ်းရေးစာအုပ်တွင် နိဒါန်းစကား ဆိုထားပါသည်။

ယခုအခါ ဘာသာတရားအားလုံးတို့မှ ကမ္ဘာငြိမ်းချမ်းရေးဆီသို့ ဦးတည်ရာ၌လည်း မိမိယုံကြည်ရာဘာသာတရားကို ကိုးကွယ်ဆည်းကပ်ကြသည့် လူသားတိုင်း၌ မိမိယုံကြည်ရာဘာသာတရားတွင် လူသားတိုင်းကို တန်ဖိုးထားသော၊ လူသားတစ်ဦးချင်းစီကို စိတ်နှလုံးငြိမ်းချမ်းစေနိုင်သော နည်းလမ်းများရှိ၊ မရှိ၊ လမ်းညွှန်,မညွှန်တို့ကို ဆည်းကပ်ကိုးကွယ်သူတို့ကိုယ်တိုင် စိစစ်ရန် လိုအပ်ပါမည်။

စိတ်နှလုံးငြိမ်းချမ်းစေနိုင်သော နည်းလမ်းများ မရှိခဲ့သော် လမ်းမညွှန်ခဲ့သော် အစွန်းရောက် အကြမ်းဖက်အဓမ္မဝါဒီဟုသာ သတ်မှတ်ရပါလိမ့်မည်။

ဘာသာတရားတို့၏ ယုံကြည်ရာကိုးကွယ်မှုအစကို ပြန်ကြည့်မည်ဆိုပါက ကမ္ဘာကြီးတွင် လူဟူသည့်သတ္တဝါစတင်ပေါက်ဖွား တည်ရှိလာကတည်းက လူသားသည် ကမ္ဘာတန်ဆာဖြစ်သော နေ၊ လ၊ နက္ခတ်တာရာတို့နှင့် စတင်ထိတွေ့လာရသည်။ ဝန်းကျင်ရာသီဥတုဖြစ်သော နေပူခြင်း၊ မိုးရွာခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်းတို့နှင့် ရင်ဆိုင်ကြုံတွေ့လာရသည်။

မိုးဆိုသည်ကို စတင်မတွေ့မီကာလက အလင်းရောင်ကွယ်ပျောက် အမှောင်ရောက်သည့်အချိန်တွင် ကမ္ဘာလူသားတို့ စိုးရွံ့ထိတ်လန့်တကြသည်။ မနက်မိုးလင်း နေမင်းကြီး အရှေ့အရပ်က ထွက်ပေါ်လာလျှင် ကြောက်စိတ်ပြယ်၍ ဘဝင်စိတ်ချမ်းမြေ့ကြရသည်။

ဤသို့ဖြင့် အမှောင်ခွင်း၍ အလင်းကို ပေးနိုင်သော နေမင်းကို အမြဲမျှော်လင့်လာကြသည်။ လေပြင်းတိုက်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်းတို့က နေစရာမရှိအောင် ကြောက်လန့်တုန်လှုပ်စေခဲ့သည်။ ကြောက်လန့်တုန်လှုပ်စေသော ဤအကြောင်းတရားတို့သည် မြင်နိုင်စွမ်းမရှိသော တန်ခိုးရှင်တစ်ဦးဦးက ဖန်တီးခြင်းဖြစ်နိုင်သည်ဟု ယူဆပြီး အကြောက်တရားများ မြစ်ဖျားခံလာသည့် ယုံကြည်ကိုးကွယ်မှုများ စတင်ဖြစ်ပေါ်လာပါတော့၏။

♦ ♦ ♦

ဤလောကတွင် ဘာသာအယူဝါဒများ ပေါ်ပေါက်လာခြင်းနှင့်ပတ်သက်၍ ဗုဒ္ဓမှ-

'အို...ရသေ့အပေါင်းတို့၊ လူတွေဟာ ကြောက်လို့ အား ကိုးရာရှာတတ်ကြတယ်။ ကြောက်လို့ အားကိုးရှာရာမှာ တချို့က ဥယျာဉ်ကြီးတွေကို ကိုးကွယ်ကြတယ်။ တချို့က သစ်ပင်ကို ကိုးကွယ်ရာ၊ အားကိုးရာမဲ့လို့ ယုံကြည်ပြီးတော့ ကိုးကွယ်ဆည်းကပ်ရတဲ့ အကြောင်းရင်းက ဘေးရန်အန္တရာယ်အမျိုးမျိုးတို့ ခြိမ်းခြောက်ခံရခြင်းကြောင့် ကြောက်ပြီး ကိုးကွယ်ရာ၊ အားကိုးရာရှာရာမှ ဘာသာအယူဝါဒတွေ ကိုးကွယ်စရာတွေ ပေါ်လာတယ်' ဟု မိန့်ကြားခဲ့သည်။

ဤသို့ဖြင့် စတင်ခဲ့သော ကမ္ဘာပေါ်ရှိ လူအများ ကိုးကွယ်ယုံကြည်ကြသော ဘာသာတရားတို့မှာ အလွန်များပြား၏။

သို့သော် လူအများစုတို့က လက်ခံကိုးကွယ်ကြသော ဘာသာတရားတို့ကား မများချေ။ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာတို့မှာ လူအများ ဆုံးလက်ခံ၍ ကိုးကွယ်ကြသော ဘာသာတရားတို့ ဖြစ်သည်။ ဗုဒ္ဓဘာသာမှတစ်ပါး အခြားသောဘာသာအားလုံးသည် ထာဝရဘုရားကို လက်ခံသောဘာသာများဖြစ်သည်။

ထာဝရဘုရားဟူသည်ကား ဤကမ္ဘာလောကကြီးတကွ ရှိရှိသမျှ သက်ရှိ,သက်မဲ့ အရာဝတ္ထုအားလုံးတို့ကို ဖန်ဆင်းသော အနန္တတန်ခိုးတော်ရှင်၊ အနန္တမေတ္တာရှင် အလုံးစုံကို သိတော်မူသောဉာဏ်ရှင် ဖြစ်သည်။ ထိုအရှင်သည် စကြဝဠာအနန္တ၌ အနန္တကာလမှစ၍ အနန္တကာလတိုင်အောင် အစဉ်ထာဝရ တည်ရှိနေသည်။ ဖြစ်ပျက်ခြင်းသဘောတို့သည် ထိုအရှင်နှင့် မသက်ဆိုင်ချေ။

မည်သည့်အရာဝတ္ထု၊ လူ၊ တိရစ္ဆာန်မဆို ထိုအရှင်အလိုဆန္ဒကြောင့်သာ ဖြစ်လာရသည်၊ ပျက်သွားရသည်။ ထာဝရအရှင်သည် မည်သည့်အရာဝတ္ထု ပစ္စည်းမျှ၏ လျက် တစ်စုံတစ်ခုကိုရှိလာအောင် ဖန်တီးနိုင်သည်။ ဝဠာလောကကြီး မတည်ရှိမီကပင် ထာဝရအရှင်မှာ ရှိနေဖြစ်သည်။ စကြဝဠာကြီး ပျက်စီးသွားသော်လည်း ထိုအရှင်ကား ဆက်လက်ရှိနေပေဦးမည်။ ဤကား ထာဝရဘုရား သဘောအဓိပ္ပာယ်ပင်ဖြစ်သည်။

ဗုဒ္ဓဘာသာတွင်တော့ ထာဝရဘုရား၏ သဘော အဓိပ္ပာယ်များ မရှိချေ။ ဤအချက်ကြောင့်ပင် အခြား တိုင်းသားအချို့က ဗုဒ္ဓဘာသာကို ဘာသာတရားမဟု

www.burmeseclassic.com

www.burmeseclassic.com

ရှု၍ ယူဆကြသည်။ သို့သော် သံသရာမှလွတ်မြောက်ရေးသည်းဟူသော 'ဘဝလွတ်မြောက်ရေးပါရှိသည့် တွေးခေါ်အကြောင်းရေး သဘောတရားသည် ဘာသာရေးတစ်ခုဖြစ်ကြောင်းကို သတိမပြုမိကြချေ။

ယုံကြည်မှုနှင့်ပတ်သက်လျှင် တစ်ဘာသာနှင့်တစ်ဘာသာ မတူကွဲပြားနိုင်သော်လည်း ဘာသာတိုင်းတွင် ယုံကြည်မှုတစ်မျိုးမျိုးရှိသည်ကို သတိထား၍ လေ့လာကြည့်လျှင် ရွေးနိုင်ပါသည်။ မည်သည့်ဘာသာဝင်မဆို မိမိကိုးကွယ်ယုံကြည်လက်ခံထားသော ဘာသာသည်သာလျှင် အကောင်းဆုံး အမှန်ဆုံးဟု ယူမှတ်မြဲဖြစ်သည်။ ထိုသို့ယူမှတ်ထားခြင်းဖြင့်လည်း အကြောက်တရားမှ ကင်းလွတ်ရာ ငြိမ်းချမ်းရေးကို ပေးစွမ်းနိုင်သည့် မိမိယုံကြည်ရာ ကိုးကွယ်ဆည်းကပ်မှုတို့ဖြင့် စတင်လာခဲ့သော ကမ္ဘာကြီးသည် ယခုအခါတွင်တော့...။

♦ ♦ ♦

ယနေ့ကမ္ဘာကြီးသည် ဂလိုဘယ်လိုက်ဇေးရှင်းသဘောအရ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အားကိုးခိုတ်ဆက်မိပြီး ရွာကြီးတစ်ရွာကဲ့သို့ ဖြစ်နေပြီဖြစ်သည်။ ထိုသဘောပညာများ အံ့မခန်းတိုးတက်လာ၍ ကမ္ဘာကြီး၏ နေရာတိုင်းတွင် ဖြစ်ပျက်နေသမျှကို စက္ကန့်မဆိုင်း သိနိုင်သောအဆင့်အတန်းခေတ်ကြီး ဖြစ်နေလေပြီ။ ဤသို့နည်းပညာများ အံ့မခန်းတိုးတက်၍ ရုပ်ဝတ္ထုများဖြင့် လောကနိဗ္ဗာန်ကို ဆည်ဆောက်နိုင်ကြသော်လည်း ကမ္ဘာတစ်ခုလုံး လွမ်းခြုံနေကြကြည့်ပါက အေးချမ်းငြိမ်သက်ခြင်းတွင်းသောဘုံဗိမာန်များကိုသာ တွေ့မြင်နေရမည်ဖြစ်သည်။

ကမ္ဘာကြီး၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဆေးပြင်လေးရပ် မည်သည့်ထောင့်၊ မည်သည့်နေရာကိုကြည့်ကြည့် သတ်ကြဖြတ်ကြ၊ ကျူးကျော်ရန်စကြ၊ ပုန်းခွဲခိုက်ခိုက်ကြ၊ ပြန်ပေးဆွဲကြ၊ တစ်ဦးနှင့်တစ်ဦး စောင်းကြမြောင်းကြ၊ သူတစ်ပါးပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း ဝင်စွက်ကြနှင့် ဖြစ်ပျက်နေသည်မှာ ယဉ်ကျေးပါသည်ဟုပြောသော လူသားများ နေထိုင်သည့် ကမ္ဘာကြီးမှတော်ပါလေစဟု တွေးစရာဖြစ်နေပါသည်။

တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ လူမျိုးတစ်စုနှင့်တစ်စု မေတ္တာတရားများ၊ ကိုယ်ချင်းစာတရားများ ခေါင်းပါးနေကြသည်။ ဆုံးကွဲပြားသော ဘာသာတရားများအပေါ်မူတည်၍ တစ်ဆင့်ခွန်းရောက် ခံယူချက်များဖြင့် ငြိမ်းချမ်းစွာမဖြေရှင်းဘဲ လက်နက်ကိုင်၍ စစ်တလင်းတွင်ဖြေရှင်းရန် ကြိုးစားလာကြလေသည်။ ဘာသာတရား၏ ကောင်းမြတ်သော ရည်ရွယ်ချက်ကို မျက်ကွယ်ပြု၍ အတ္တစွဲကြီးကြီးဖြင့် သူနိုင်ကိုယ်နိုင် အပြိုင်ကြဲရန် ဘာသာရေးစစ်ပွဲများ ဆင်နွှဲကြသည်။

စီးပွားရေးအရ အသာစီးရနေသည့် နိုင်ငံကြီးတို့က ခေါင်းမော့နေကြပြီး ၄င်းတို့သားကောင် ဖြစ်နေရရှာသည့် နိုင်ငံငယ်လေးများနှင့် ဖွံ့ဖြိုးစနိုင်ငံများမှာ နာလန်မထူနိုင်ဘဲ ဆင်းရဲတွင်းနက်နေကြသည်။ အာဏာကို အကြောင်းပြု၍လည်းကောင်း၊ ပိုင်နက်နယ်မြေကို အကြောင်းပြု၍လည်းကောင်း လူမျိုးစုတစ်မျိုးနှင့်တစ်မျိုး၊ ဒေသတစ်ခုနှင့်တစ်ခု၊ တိုင်းပြည်တစ်ပြည်နှင့်တစ်ပြည် မဆုံးနိုင်သော စစ်ပွဲများကို အပြန်အလှန်ဆင်နွှဲနေကြသည်။

ထို့ပြင် ဒုတိယကမ္ဘာစစ်ကြီးကို အဏုမြူနှင့် အဆုံးသတ်ခဲ့ရ၍ လူသားများ သေကျေပျက်စီးခဲ့ရသည်ကို သင်ခန်းစာမယူနိုင်ဘဲ အဏုမြူလက်နက်များကို ပိုင်ဆိုင်နိုင်ရန် အပြိုင်အဆိုင် ကြိုးပမ်းနေကြသည်မှာ အနာဂတ်ကမ္ဘာအတွက် စိုးရိမ်စရာဖြစ်နေသည်။ အဏုမြူလက်နက် မပိုင်ဆိုင်ကြသေးသည့် နိုင်ငံများကလည်း ပိုင်ဆိုင်ရန် ကြိုးပမ်းနေကြသကဲ့သို့ ပိုင်ဆိုင်ပြီး နိုင်ငံများကလည်း အဏုမြူလက်နက်ဖြင့် ခြိမ်းခြောက်ပြနေပြန်သည်။

အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကလည်း ခေါင်းထောင်ထနေပြီး ယနေ့ကမ္ဘာကြီးကို ခြိမ်းခြောက်လျက်ရှိပြန်သည်။ လူမျိုးရေး၊ ဘာသာရေး အတ္တစွဲများဖြင့် မိမိအသက်ကိုလည်း မငဲ့ကွက် သူတစ်ပါးအသက်ကိုလည်း တန်ဖိုးမထားဘဲ အကြမ်းဖက်တိုက်ခိုက်ခြင်း၊ အသေခံဗုံးခွဲခြင်းများသည် ယနေ့ခေတ်တွင် မကြားချင်မှအဆုံး ဖြစ်နေပါသည်။

ဤကဲ့သို့ ယနေ့ကမ္ဘာတွင် ဖြစ်ပျက်နေသော အမှုအခင်းများကို လေ့လာကြည့်လျှင် ဖြစ်နေသည့်နေရာများမည်သို့ကွဲပြား၊ ကွဲပြား ကျူးလွန်သောသူများ မည်သို့ပင်ခြားနား၊ ခြားနား၊ ဖြစ်ပျက်ခဲ့သော၊ ဖြစ်ပေါ်နေသော အကြောင်းအရင်းများကို ပြန်ဆန်းစစ်လိုက်လျှင်-

(၁) လောဘဟုခေါ်သော လိုချင်တပ်မက်မှု၊

(၂) ဒေါသဆိုသော ခက်ထန်ကြမ်းတမ်းမှု၊

(၃) မောဟဆိုသည့် အမှန်ကို မသိနိုင်မှု စသော အကုသိုလ်တရား(၃)မျိုးကြောင့်သာ ဖြစ်ပွားနေရခြင်းဖြစ်သည်။

ဤအကုသိုလ်တရားဆိုး(၃)ပါးအား လောကကိုမှုတ်

www.burmeseclassic.com

ဆီးသောတရားများဟုလည်း ခေါ်ကြသည်။ ထိုတရားဆိုးများ ကြီးစိုးနေသော လူ့ကမ္ဘာသည်လည်း ငြိမ်းချမ်းမှု လုံးဝ မရှိနိုင်ပေ။ ထိုလောဘ၊ ဒေါသ၊ မောဟတို့သည် ငြိမ်းချမ်းမှုကို ဖျက်ဆီးသောအရာများဟု သတ်မှတ်ရမည်ဖြစ်သည်။

ယနေ့ကမ္ဘာကြီး မငြိမ်းချမ်းခြင်း၏ အဓိကတရားခံမှာ လူသတ်လက်နက်များလည်းမဟုတ်၊ နျူကလီးယားလက်နက်များလည်းမဟုတ်၊ အင်တာနက်ခေတ်မှ တိုးတက်လွန်းသည့် နည်းပညာများလည်း မဟုတ်ပါ။ ထိုလက်နက်ဆန်းများပိုင်ရှင် လူသားတို့၏ အတွင်းသန္တာန်မှ လောဘ၊ ဒေါသ၊ မောဟ စသည့် ကိလေသာတရားဆိုးတို့သာဖြစ်သည်။ လူသားတို့၏ လောဘ၊ ဒေါသ၊ မောဟတို့ကို ယခုထက်လျော့ပါးအောင် ဘာသာတရားတိုင်းက လုပ်ပေးနိုင်လျှင်၊ လမ်းညွှန်ပေးနိုင်လျှင် ကမ္ဘာကြီးသည် ယခုထက်ပို၍ ငြိမ်းချမ်းသာယာမည်ကား အမှန်ပင်ဖြစ်သည်။ ဘာသာတရားအားလုံးတို့မှသည် ကမ္ဘာ့ငြိမ်းချမ်းရေးဆီသို့ ဦးတည်သည့် လမ်းညွှန်ဆောင်ရွက်သည့် ခရီးစဉ်ပင် ဖြစ်ချေမည်။

♦ ♦ ♦

ဘာသာတရား အားလုံးတို့မှသည် ကမ္ဘာ့ငြိမ်းချမ်းရေးဆီသို့ ခရီး၏ အစဟုဆိုက ဆိုနိုင်ပါသည်။

ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ဘာသာတရားများနှင့် စိတ်ဓာတ်တိုးတက်ရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့ကြီး တစ်ရပ်တည်ရှိသည်။ ထိုအဖွဲ့ကြီးသည် ကမ္ဘာ့ဘာသာရေးခေါင်းဆောင်ကိုယ်စားလှယ်(၂၀၀)ကို ဖိတ်ခေါ်၍ အစည်းအဝေးသို့ တက်ရောက်သူများထဲတွင် နိုင်ငံ(၁၀၀)မှ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ၊ ဗုဒ္ဓဘာသာ၊ ဂျူး စသည့်ဘာသာပေါင်းစုံမှ ဦးစီးခေါင်းဆောင်များ ပါဝင်သည်။

ထိုအဖွဲ့ကြီးသည် (၂၀၀၉)ခုနှစ်တွင် ကမ္ဘာ့အကောင်းဆုံးဘာသာဆုဟူ၍ သတ်မှတ်ပြီး ထိုဆုအတွက် ဗုဒ္ဓဘာသာကို နှင်းအပ်ရန် ရွေးချယ်လိုက်ကြသည်။ ဗုဒ္ဓဘာသာကို ကမ္ဘာ့အကောင်းဆုံး ဘာသာတရားအဖြစ် ရွေးချယ်၍ ဆုအပ်နှင်းသည်ကို အခြားဘာသာဝင်များက လုံးဝကန့်ကွက်ခြင်းမရှိ၊ တညီတညွတ်တည်းပင် သဘောတူလက်ခံလိုက်ကြသည်။

ထိုအဖွဲ့မှ သုတေသနညွှန်ကြားရေးမှူး JOHHAN HUIT က ဗုဒ္ဓဘာသာတရားအား ကမ္ဘာ့အကောင်းဆုံး ဘာသာတရားဆု အပ်နှင်းလိုက်ကြသည်ကို ကျွန်ုပ်တို့အဖွဲ့ အံ့သြခြင်း မရှိပါ။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဘာသာတရားသည် အခြားဘာသာများနှင့် မတူ။ မိမိတို့အတွက်သော်လည်းကောင်း၊ မိမိတို့ကိုးကွယ်နေသော အရှင်သခင်တို့အတွက်သော်လည်းကောင်း လုံးဝစစ်တိုက်ခြင်း မရှိ။ ငြိမ်းချမ်းရေးကိုသာ ဟော်ဆောင်သော ထူးခြားသည့် ဘာသာတရား ဖြစ်ပါသည်ဟူ၍ ဖွင့်ဟပြောဆိုခဲ့လေသည်။

ထိုပဂ္ဂိုလ်တို့ သုတေသနပြုထားသည့်အတိုင်းပင် ဗုဒ္ဓဘာသာသည် စစ်ပြု၊ စစ်တိုက်ခြင်းကို လုံးဝမလိုလားသော ဘာသာတရားဖြစ်သည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီနေရူးက ကမ္ဘာသို့ ကြေညာချက်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးဟူသည်မှာ ဗုဒ္ဓမြတ်စွာ၏ သြဝါဒကို လိုက်နာကြလျှင် တစ်ကမ္ဘာလုံး စစ်တိုက်ကြလိမ့်မည်မဟုတ်။ ဗုဒ္ဓမြတ်စွာက သူ့အသက်မသတ်ဖြတ်ဖို့ သြဝါဒပေးထားပါသည်။ သူ့အသတ်မသတ်ဖို့ လိုက်နာနိုင်ရန်၊ စစ်တိုက်ရန်လုပ်ငန်း မရှိသဖြင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုကို အမှန်ရရှိပါသည်။

ဗုဒ္ဓမြတ်စွာ၏ သြဝါဒအတိုင်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်တိုက်ဖို့ မလုပ်ခဲ့လျှင် ယခုကမ္ဘာကြီးမှာ တန်ဖိုးထားသည့် လက်နက်တွေလည်း အသုံးဝင်လာတော့မည်မဟုတ်၊ ရေထဲလွှင့်ပစ်လိုက်ရုံသာရှိသည်။ နောက်ထပ်လက်နက်များလည်း မလုပ်ကိုင်ကြလျှင် ငွေကုန်ရန်အကြောင်း မရှိတော့သဖြင့် နိုင်ငံတော်ဟာ ကြွယ်ဝချမ်းသာလာကြပါကုန်ခဲ့ပေ့။

ဌာန်းအပြင် ဗုဒ္ဓမြတ်စွာက သူဥစ္စာမခိုးရဟု တင်းကျပ်စွာပညတ်ခဲ့ပါသည်။ သူတစ်ပါးဥစ္စာတွေကိုသာ မခိုးကြလျှင် အိမ်တံခါးတွေ ဖွင့်အိပ်နိုင်သည်အထိ လူသားအချင်းချင်း အစည်းကြီးတစ်ရပ်လုံး စိတ်ချလက်ချ အေးဆေးစွာနေထိုင်သွားလာကြကုန်သည်ဖြစ်၍ ကမ္ဘာ့ငြိမ်းချမ်းရေးအစစ်အမှန်တာဟာ ဗုဒ္ဓမြတ်စွာ၏ သြဝါဒအတိုင်း လိုက်နာခြင်းမှလည်း အခြားနည်းလမ်းဖြင့် မိမိမမြင်ကြောင်းကို အသံလွှင့်ကြေညာခဲ့သည်။ (၁၃-၅-၅၇)။

(၁၃၁၉ခုနှစ်၊ ကဆုန်လပြည့်နေ့ထုတ် သာသနာ့ဂေဇက္ခိတ်မဂ္ဂဇင်း)

♦ ♦ ♦

ကမ္ဘာ့အကောင်းဆုံး ဘာသာဆုကို အပ်နှင်းခံရသော ဗုဒ္ဓဘာသာမှ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် မည်ကဲ့သို့ညွှန်ကြားထားပါသနည်းဟု ဆိုရချေမူ-

ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် လူသားတိုင်းဟာ လုပ်ရမည့်တာဝန်တိုင်းကို တာန်ဖိုးထားကာ လူသားတစ်ဦးချင်းစီ၏ စိတ်နှလုံး

www.burmeseclassic.com

www.burmeseclassic.com

ခြင်းချေမ်းရေးနည်းလမ်းများကို အခြေခံကျကျ ဖော်ထုတ်ဆောင်ရွက်ပေးမည့် လူကျင့်ဝတ်ငါးပါးကို မဖြစ်မနေကျင့်သုံးရမည်ဟု ဗုဒ္ဓမှ ညွှန်ပြခဲ့ပါသည်။

ဤကျင့်ဝတ်ငါးပါးမှာ-

(၁) သက်ရှိသတ္တဝါမှန်သမျှတို့၏ အသက်ကို မသတ်ခြင်း၊

(၂) သူများမပေးသည့် ဥစ္စာပစ္စည်းကို မခိုးယူခြင်း၊

(၃) သူတစ်ပါးသားသမီး၊ မယား၊ လင်တို့ကို မဖျက်ဆီးခြင်း၊ မတရားမယူခြင်း၊ ကာမဂုဏ်၌ မှားယွင်းစွာ မကျင့်ခြင်း၊

(၄) လိမ်ညာ၊ ကုန်းတိုက်၊ ကြမ်းတမ်းစွာ မပြောဆိုခြင်း၊

(၅) အရက်၊ မူးယစ်ဆေးဝါးမှန်သမျှ မသုံးစွဲခြင်းတို့ ဖြစ်သည်။

ဖော်ပြပါ လူကျင့်ဝတ်အပေါ်၌ လူသားများ၏ ကျင့်သုံးမှုအလိုက် ကမ္ဘာ့ငြိမ်းချမ်းရေးသည် ဖြစ်တည်နေ၏။ လူကျင့်ဝတ်ကို လိုက်နာကျင့်သုံးသည့် ဒေသ၊ နိုင်ငံ၊ ပတ်ဝန်းကျင်တို့သည် ငြိမ်းချမ်းနေပြီး မလိုက်နာ/ မကျင့်သုံးဘဲ ကျူးလွန်နေသည့် ဒေသပတ်ဝန်းကျင်တို့တွင် ငြိမ်းချမ်းရေး ခိုးနေမည်မှာ ထင်သာမြင်သာ ရှိပါသည်။

ဤတွင် လူကျင့်ဝတ်ငါးပါးကို ကျင့်သုံးနိုင်ရန်အတွက် မူရင်းအခြေခံတရားနှစ်ပါး ရှိပါသေးသည်။ မူရင်းအခြေခံတရားနှစ်ပါး ပြည့်စုံမှသာလျှင် လူကျင့်ဝတ်ငါးပါးကို ကျင့်သုံးနိုင်ပါလိမ့်မည်။ မူရင်းအခြေခံတရား နှစ်ပါးမှာ အရှက်တရား(ဟီရိ)နှင့် အကြောက်တရား(ဩတပ္ပ)တို့ ဖြစ်ပါသည်။ လူတစ်ယောက် အရှက်အကြောက်တရား ကင်းမဲ့သောအခါက လူကျင့်ဝတ်များကို ပြယ်ရယ်ပြု၍ သူလုပ်ချင်ရာ လုပ်တတ်ပါသည်။

ထိုအခါ လောက၏ တည်ငြိမ်မှု ပျက်ပြားတတ်ပါသဖြင့် ဖော်ပြပါ မူရင်းအခြေခံတရားနှစ်ပါးကို လောကဓာတ်တရားဟု ဗုဒ္ဓမှ ညွှန်ပြခဲ့ပါသည်။

အရှက်အကြောက်ကင်းမဲ့သည့် အပြုအမူတစ်ခုသည် ကောင်းမှုကို အားပေးလှုံ့ဆော်တတ်သလို မကောင်းမှုသည် လောကငြိမ်းချမ်းရေး၏ ရန်ဘက်လည်း ဖြစ်နေပါ၏။

တစ်ခါတစ်ရံ၌ မြင့်မြတ်ပါသည်ဆိုသော၊ အသိဉာဏ်ကြီးကျယ်ပါသည်ဆိုသော လူသားများ အရှက်အကြောက်ကင်းမဲ့လာသည့်အခါတွင် တိရစ္ဆာန်ထက် မိုက်မဲသောလုပ်ရပ်များကို လုပ်ဆောင်တတ်ကြပါသည်။ သို့ဖြစ်ပါ၍ လူသားတိုင်းသည် အရှက်နှင့် အကြောက်ကို ရင်မှာ ကိန်းဝပ်စေပြီး လူကျင့်ဝတ်ကို ကျင့်သုံးသင့်ပါသည်။ လူကျင့်ဝတ်ကျင့်သုံးမှု၊ မကျင့်သုံးမှုအလိုက် ကမ္ဘာ့ငြိမ်းချမ်းရေးသည်လည်း အတက်အကျ ဖြစ်နေပါမည်။ ဗုဒ္ဓဝါဒအလိုအရ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် လူသားတိုင်းသည် လူကျင့်ဝတ်ကို လူတာဝန်တစ်ရပ်အနေဖြင့် ကျင့်သုံးကြမှသာ ကမ္ဘာကြီးဟာ ငြိမ်းချမ်းနိုင်ပါမည်။

ဤတွင် ကမ္ဘာ့ငြိမ်းချမ်းရေး၊ လောကငြိမ်းချမ်းရေးကို တည်ဆောက်ဖန်တီးသည့် လူကျင့်ဝတ်ကို ကျင့်သုံးရာ၌ ပြည့်စုံသည့် ကျင့်ဝတ်တစ်ခုအဖြစ် သတ်မှတ်နိုင်ရန်အတွက် ထားရှိရမည့် စိတ်အခြေအနေ၊ အနေအထားများ ရှိပါသေးသည်။ စိတ်အခြေအနေနှင့် ကျင့်ဝတ်သည် တစ်ခုနှင့်တစ်ခု ဆက်နွယ်နေပါသည်။ ထားရှိရမည့် စိတ်အခြေအနေမှာ ဗြဟ္မစိုရိစ်တ်မာတ်ကို မွေးမြူထားရှိခြင်းပင်ဖြစ်သည်။ ဗြဟ္မစိုရိစ်ဆိုသည်မှာ မြတ်သောနေခြင်းဟု အဓိပ္ပာယ်ရပါသည်။ ဗုဒ္ဓဝါဒ၌ ဗြဟ္မစိုရိစ်တ်ထားသည် အနိမ့်ဆုံးအဆင့်ထဲ ၌သာ ပါဝင်ပါသည်။

ထိုသဘောကို ဆရာဦးရွှေအောင်၏ ဗုဒ္ဓ (သို့မဟုတ်) လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင် စာအုပ်၌ အနိမ့်ဆုံးအမြင့်ဆိုသည်မှာ ဗြဟ္မစိုရိမျက်စိဖြင့် ကြည့်၍ မြင်ရသောအမြင်ဖြစ်၏။ ဗြဟ္မစိုရိမျက်စိမရှိလျှင် လူကို လူလိုမြင်အောင် မကြည့်တတ်။ ဤကမ္ဘာမြေပြင်၌ လူတို့သည် ပျော်မွေ့ဖွယ်ကောင်းသော ငြိမ်းချမ်းသောဘဝကို ထူထောင်လိုကြပါလျှင် မိမိပတ်ဝန်းကျင်ရှိလူများကို လူလို မြင်အောင် ကြည့်တတ်ရန်လို၏ဟု ရေးသားထားသည်ကို တွေ့ရပါသည်။

ဗြဟ္မစိုရိစိတ်မာတ်သည် ကမ္ဘာ့ငြိမ်းချမ်းရေးကို ဖော်ကျူးသည့်နေရာ၌ အဓိကကျသည့်နေရာ၌ ရှိနေပါသည်။ ဤသို့ အဓိကကျသည့်နေရာ၌ရှိနေသော ဗြဟ္မစိုရိစိတ်မာတ်တွင် ထားရှိရမည့် ဗြဟ္မစိုရိစိတ်ထား(၄)ပါး၊ ရှိ၏။ မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာတို့ပင် ဖြစ်ပါသည်။

(၁) မေတ္တာဆိုသည်မှာ သတ္တဝါများအပေါ် ကောင်းကျိုးလိုလားသည့်စိတ်နှင့် ချစ်ခင်ခင်ဖြင့် ပြုမူပြောဆိုဆက်ဆံကြရခြင်းဖြစ်သည်။ မိမိနှင့် ပစ္စည်းဥစ္စာ ပညာဂုဏ်ဒြပ်၊ အဆင့်အတန်းချင်း တူနေပါက ပုထုဇဉ်တို့သည် ဂုဏ်တူဂုဏ်ပြိုင် လုပ်တတ်ကြပါသည်။ ထိုသို့ပြိုင်မည့်အစား မေတ္တာပွားများခြင်းဖြင့် ယဉ်ကျေးသိမ်မွေ့စေပြီး ငြိမ်းချမ်း

www.burmeseclassic.com

ရေးကို ဖြစ်ပေါ်စေပါမည်။

(၂) ကရဏာဆိုသည်မှာ သတ္တဝါများအပေါ် သနားကြင်နာ ညှာတာခြင်း၊ အထူးသဖြင့် ဆင်းရဲသည့် သတ္တဝါများအပေါ် သနားကြင်နာညှာတာပြီး အတတ်နိုင်ဆုံး ကူညီစောင့်ရှောက်ပေးခြင်း ဖြစ်ပါသည်။ မိမိထက် ပစ္စည်းဥစ္စာ ပညာဂုဏ်ဒြပ်၊ အဆင့်အတန်းနိမ့်ကျနေသူများကို ပုထုဇဉ်တို့သည် နိုင်လိုမင်းထက် ပြုလုပ်တတ်ကြပါသည်။ ထိုသို့ နိုင်လိုမင်းထက်ပြုမည့်အစား ကရဏာပွားများခြင်းဖြင့် ယဉ်ကျေးသိမ်မွေ့စေပြီး ငြိမ်းချမ်းရေးကို ဖြစ်ပေါ်စေပါသည်။

(၃) မုဒိတာဆိုသည်မှာ သူတစ်ပါးကောင်းစားခြင်း၊ ချမ်းသာခြင်းကို မြင်ရ၊ ကြားရလျှင် မနာလိုမရှုဆိတ် မဖြစ်ဘဲ ဝမ်းမြောက်ဝမ်းသာရှိခြင်း ဖြစ်ပါသည်။ ပုထုဇဉ်တို့သည် မိမိထက် ပစ္စည်းဥစ္စာ၊ ပညာဂုဏ်ဒြပ်၊ အဆင့်အတန်းသာလွန်သူများအပေါ် မနာလိုဝန်တိုကာ ငြူစူစောင်းမြောင်းတတ်ကြပါသည်။ ထိုသို့ငြူစူစောင်းမြောင်းမည့်အစား မုဒိတာပွားခြင်းဖြင့် လောကကြီးတွင် ယဉ်ကျေးသိမ်မွေ့စေပြီး ငြိမ်းချမ်းရေးဖြစ်ပေါ်စေပါမည်။

(၄) ဥပေက္ခာဆိုသည်မှာ ဝမ်းသာသည်းလည်းမဟုတ်၊ ဝမ်းနည်းသည်လည်း မဟုတ်ခြင်း။ တစ်နည်း လောဘ၊ ဒေါသကင်း၍ အညီအမျှသဘောထားနိုင်ခြင်း၊ ချမ်းသာမှု၊ ဆင်းရဲမှုတို့အပေါ် မျှတစွာသည်းခံစောင့်ထိန်းခြင်း ဖြစ်ပါသည်။ သတ္တဝါအားလုံးတို့သည် မိမိပြုသောကံအတိုင်းသာလျှင် ခံစား,စံစားနေရခြင်းဖြစ်သည်ဟု ခံယူကြခြင်းဖြင့် တပ်မက်ခြင်း၊ မုန်းတီးခြင်း ကင်းရှင်းရန် ယဉ်ကျေးသိမ်မွေ့စေပြီး ငြိမ်းချမ်းရေးကို ဖြစ်ပေါ်စေပါမည်။

♦ ♦ ♦

ငြိမ်းချမ်းရေးအတွက် အဓိကကျင့်သုံးရမည့် လူကျင့်ဝတ်နှင့် ထားရှိရမည့် စိတ်အခြေအနေ ဗြဟ္မစိုရိစိတ်ထားများသည် ဗုဒ္ဓဝါဒ၌ အခြေခံအဆင့်မျှသာ ရှိပါသည်။ ထို အခြေခံအဆင့်မျှသာရှိသော ကျင့်ဝတ်နှင့် စိတ်ထားသည် လူသားတစ်ဦးချင်းစီမှသည် တစ်ကမ္ဘာလုံးတိုင်အောင် ငြိမ်းချမ်းသောဘဝကို ပေးစွမ်းနိုင်စွမ်း ရှိပါသည်။ ကျင့်ဖို့နှင့် ထားရှိဖို့ကသာ လူသားတိုင်း၏ တာဝန်တစ်ရပ် ဖြစ်ချေ၏။ ဖော်ပြခဲ့ပြီးပါ ကျင့်ဝတ်နှင့် စိတ်ထားများ ကင်းဝေးစွာဖြင့် ငြိမ်းချမ်းရေးကို တည်ဆောက်၍ ရနိုင်မည်ဟု ယုံကြည်၍ မရနိုင်ပါ။

ကမ္ဘာ့အကောင်းဆုံး ဗုဒ္ဓဝါဒသည် လူကို ဗဟိုပြုဝါဒဖြစ်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးသည်လည်း လူကို ဗဟိုပြုသည့် လူသားနှင့် လူသား၏ လုပ်ရပ်အပေါ်မှာ တည်မှီနေသည်။ ရုပ်ဝတ္ထုပစ္စည်းများ အံ့မခန်းတိုးတက်ပြီး လူ့ကျင့်ဝတ်နှင့် စိတ်ထားများမရှိပါက လူသားသည် စက်ရုပ်လူသားနှင့်မခြား တည်ရှိကာ ပူလောင်မှုများနှင့်သာ ဘဝကို ဖြတ်သန်းနေရပါမည်။ ရုပ်ဝတ္ထုပစ္စည်းများ မတိုးတက်သော်လည်း လူ့ကျင့်ဝတ်နှင့် ဗြဟ္မစိုရိစိတ်ထားများ ရှိနေပါက ငြိမ်းချမ်းသာယာမှုကို ခံစားရပြီး သာယာလှပသော ဘေးချမ်းသော ဘဝများကို ပိုင်ဆိုင်ရမည်မှာ အသေအချာဖြစ်၏

ဗုဒ္ဓက-

"အရပ်ဒေသတစ်ခုသည် ရွာဖြစ်ချင်ဖြစ်မည်။ ဘော
ဖြစ်ချင် ဖြစ်မည်။ ချိုင့်ဝှမ်းဖြစ်ချင် ဖြစ်မည်။ ကြည်းကုန်း
ဖြစ်ချင် ဖြစ်မည်။ မည်သို့သော အရပ်ဒေသပင်ဖြစ်စေ
သူတော်ကောင်းများ နေထိုင်ရာ ဖြစ်ရိုးမှန်ပါက ထိုနေ
ထိုဒေသသည် ငြိမ်းချမ်းပျော်ရွှင်ဖွယ်ရာ အကောင်းဆုံးဖြစ်
၏" ဟု ဟောကြားခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကမ္ဘာ့အကောင်းဆုံး ဗုဒ္ဓဘာသာ ဗုဒ္ဓဝါဒ
အရ လူ့ကျင့်ဝတ်နှင့် ဗြဟ္မစိုရိစိတ်ထားများသည် ဘာသာ
တရား အားလုံးတို့မှသည် ကမ္ဘာ့ငြိမ်းချမ်းရေးဆီသို့ လျှောက်
လှမ်းရာတွင်လည်းကောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်
တည်ဆောက်ရာတွင်လည်းကောင်း မရှိမဖြစ် အဓိကအခေ
ပါသည့် ကျင့်ဝတ်နှင့် စိတ်ထားများဖြစ်ပါသဖြင့် ငြိမ်းချမ်း
ရေးသည် အလှတရားဖြစ်၏။ အလှတရားသည် အလင်း
အမှောင်ကို ရွေး၏။ အလင်းအမှောင်ကိုရွေးသည့် အ
တရား၌ အလင်းအမှောင်ကို မရွေးသည့် ကိုယ်ကျင့်တရား
(လူသားကျင့်ဝတ်နှင့် စိတ်ထား)ကို ဖြည့်စွက်လိုက်မည်
ပါက ကမ္ဘာသူကမ္ဘာသားအားလုံး၏ ငြိမ်းချမ်းရေးသည်
လည်း...။

ကိုရွှေမြသန်း(သမိုင်း

မှီငြမ်း

(၁) ဗုဒ္ဓ (သို့မဟုတ်) လောကသားတို့၏
အနှိုင်းမဲ့ကျေးဇူးရှင် (ဦးရွှေအောင်)။
(၂) အတ္တဝါဒမှ အနတ္တဝါဒသို့ခရီးစဉ် (ဦးရွှေအောင်)
(၃) ဘာသာကြီးလေးခုအနှစ်သာရများ (ညိုသောင်း)
(၄) ဗုဒ္ဓဝါဒနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး
(ခမ္မစက္ကဖောင်ဒေးရှင်း)။

www.burmeseclassic.com

ဆရာကျော် မဟိန္ဒါတိုင်းရင်းကအား (ဟူတိုက်ကုမ္ပဏီ) ပြုစုကုန်သွတ် ချင်သား၊ သားအိမ်၊ ဆီးကျိတ်၊ သည်ပင်း အကျိတ်အဝုပ္ပများအတွက် နာမည်ကျော် တပင်တိုင်ဖြေနှန်းအနှီ၊ နေ့ဆေး ညဆေး သုံးမျိုးတွဲနှင့် ထူးထူးခြားခြား ဆေးစွမ်းကောင်းများ

www.burmeseclassic.com

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၀၁၁ YR ၃၇၀၉

မဟိန္ဒါဆေး

ဆရာကျော် ဆေးသုံးမျိုးဘွဲ့ ကြိုတင်ကာကွယ် သောက်သုံးပါ။

မဟိန္ဒါဆေး ရှူဆေး၊ လိမ်းဆေး အထူးထုတ်

ဆေးဆန့်ကျင်ဖက်ဆုံးဖြတ် အရိုင်တိုက်ဆေးသုံး သင်ယူဆောင်ရွက်ထားသူများဖလယ်

"ဘိုးဘိုးရေ ... ဘိုးဘိုး"

"သဲသဲပါလွှာ။ မတွေ့တာတောင်ကြာပြီနော်"

"မတွေ့ဆို သမီးရဲ့ဗေဖေမှာ အဖုအကိုတ်တွေထွက်နေလို့ ဘိုးဘိုးရဲ့ဆီသားစု စိတ်တွေပူနေကြတယ်"

"အဖုအကိုတ်တွေထွက်တိုင်း စိတ်မပူပါနဲ့ ကွယ်၊ အဖုအကိုတ် မြစ်နှင်တဲ့ဆေး မဟိန္ဒါဆေးတိုက်မှိုတယ်။ ဘိုးဘိုး လိပ်စာပေးလိုက်ပါ့"

ကျွန်မလည်း ဗေဖေ့ကိုခေါ်ပြီး မဟိန္ဒါဆေးတိုက်သို့သွားရာ ထိုဆေးတွင် ဆရာကြီး ဆရာကျော်၊ ဆရာမကြီးဒေါ်ခင်ငွေးကြည်တို့ကို တွေ့ရသည်။ ဆရာကြီး ဆရာကျော်သည် ဗေဖေ့ကို သေချာစွာကြည့်ရှုပြီး ဆေးများပေးကာ အောက်ပါအတိုင်း ရှင်းပြပါသည်။ "ဒီဆေးက အဖုအကိုတ် မြစ်ပွားနှေး၊ သားအိမ်အလုံး ရင်သားအကျိတ်အနာရိုးဆွေး ဝက်ခြံကြီးများ၊ ကိုယ်တွင်းနှာများကို အနှိုင်ဆုံးဖြစ်တဲ့ တပင်တိုင်ဖြေနှန်နဲ့ ဆေးပင်ဆေးဥ စစ်စစ် ၁၀၀ ရာခိုင်နှုန်းပါဝင်တဲ့ ဆေးများဖြစ်ပါသည်။ တပင်တိုင်ဖြေနှန်းဆေးပင်ဟာ အဖြူ။ အနီနှစ်မျိုးရှိတဲ့အနက် အနီရောင်ပိုမိုဆေးစွမ်းထက်ပြီး ကင်ဆာအကျိတ်ဖြစ်ကာစကို ပင်ကောက်ကင်းကြောင်း ကျန်းမာရေးဌာနကထုတ်တဲ့ ''လက်တွေ့အသုံးချဆေးဝင်အပင်များ''မှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ အဖုအကိုတ်အနာများကို သွေးလိမ်းပေးရုံနဲ့ ပျောက်ကင်းကြောင်း ဆိုထားပါတယ်။ အဖုအကိုတ်မြစ်ပွားနှာ ဝေဒနာရှင်တွေဟာ တပင်တိုင်ဖြန်းအနီဆေးနဲ့အတူ ဆရာကြီးတို့ ဆေးတိုက်ကထုတ်လုပ်တဲ့ ရှမ်းလွေးသန့်ဆေးအေး၊ ဝမ်းပျောအကြောပြေ လေဆေးတို့ကိုပါ နေ့ဆေး ညဆေးအဖြစ် တွဲသောက်ရင် ပိုမိုကောင်းမွန်တိုးတက်လာစေကြောင်း ထိထိရောက်ရောက် သက်သာပျောက်ကင်းစေကြောင်း ရှင်းပြပါလိမ့်မယ်''

''ဟုတ်ကဲ့ ဘာကြောင့်ထိရောက်သလဲဆိုတာ ရှင်းပြပေးပါဆရာကြီး''

တပင်တိုင်ဖြန်းက အဖုအကိုတ်အနာကို ချေဖျက်ပေးတယ်၊ အဝိုးကို ဖွင့်ပေးတယ်။ ရှမ်းလွေးသန့်ဆေးအေးက သွေးသားကို သန့်စင်ပြီး ခန္ဓာကိုယ်အပူအအေးကို တိန်းညှိပေးတယ်။ ဝမ်းပျောအကြောပြေဆေးက (ပလ)အညစ်အကြေးတွေဖြစ်တဲ့ ဝမ်းပုပ်၊ ဆီးပုပ်၊ သွေးပုပ်တွေကို ထုတ်ပေးပြီး အကြောပြေ ပေါ့ပါးလန်းဆန်းစေပါတယ်။ ဆေးသုံးမျိုးကို အဖုအကိုတ် မြစ်ပွားနှာ မဖြစ်ရလေအောင် ကာကွယ်ဆေး(အကာရှည်နဖူးဆေး)အဖြစ်နဲ့ နေ့စဉ်မှန်မှန် ပို၀ဲသုံးဆောင်ပေးနိုင်ရန် အကြောင်းဆိုပါပါ။ မြစ်ပွားနှာအဖုအကိုတ်အပြင် နှလုံးလေးဖက်နာရောဂါ၊ ဘိုးရောဂါ၊ နှလုံးရောဂါ၊ ဝမ်းလျှောဝမ်းပျက်၊ လိပ်ခေါင်း၊ အသည်းရောဂါ၊ ဆီးချိုရောဂါ အဖျိုးမျိုးကိုလည်း ကုသပေးနေပါတယ်။

''မဟိန္ဒါဆေးတိုက်ကထုတ်လုပ်တဲ့ ဆေးစွမ်းကောင်းများကိုလည်း သိပါရစေရှင့်''

''ဆေးပင်ပုံပါတဲ့ အစိမ်းရောင်စက္ကူဘူးအထူးထုတ် တပင်တိုင်ဖြန်းအနီစစ်စစ် ဆေးပြား။ လတ်ဆတ်တဲ့ ဆေးနီဥစစ်စစ်၊ သွေးသားကို သန့်ရှင်းစင်ကြယ်စေပြီး အသားအရေလှပနုပျိုစေတဲ့ သိရိဝဟုန္ဒရုပ်လှ သွေးသန့်ဆေးအေး။ ညဟာစ်ကြိမ်သောက်ရုံနဲ့ ဝမ်းပျောအကြောပြေ အဆီကျပြီး လေမဖြတ်အောင် ကာကွယ်ပေးတဲ့ ဝမ်းပျောအကြောပြေလေဆေး။ အဆင့်မြင့်မြင့်နဲ့ အကောင်းဆုံးလိမ်းရှုဆေး (Roll On) သွေးစိုးကိုသာ ကျွေးစေပြီး သွေးပေါင်းထိုးကျစေခြင်းမရှိတဲ့ သွေးတိုးကျဆေး။ အစာအိမ်ရောဂါ ပျောက်ဆေး၊ ဝမ်းလျောဝမ်းပျက်ရောဂါဆေး။ ချောင်းဆိုးပျောက်ဆေး။ အသည်းဆေး။ အဆုတ်ကုဆေး၊ နှလုံးအားတိုးဆေး။ ပျက်စီးကြည်ဆေး။ ရှားပါးသစ်ခေါင်းများရည်၊ ရိုးမများရည်၊ ရခိုင်ပန်းပြောင်ပုံညင်းဆီ စတဲ့ အကောင်းဆုံးဆေးပစ္စည်းများ ရရှိနိုင်ပါတယ်။

''သိပ်ကောင်းတဲ့ဆေးတွေပဲ။ ဒါပေမဲ့ ဆရာကြီးဆီကို မလာနိုင်တဲ့ သူများအတွက် ရနိုင်မယ့်နေရာကိုပါ ညွှန်ပြပါဦး''

ပင်ရင်းဆိုင်ကတော့ ရန်ကုန်ပြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၀၁၊ အခန်း ၃၊ ၁၂ လုံးတန်း ရန်ရှင်းလမ်းမကြီးပေါ်မှာရှိတဲ့ မဟိန္ဒါဆေးဆိုင်းရင်း၊ ဆေးထုတ်လုပ်ရေး။ တစ်ပြည်လုံးဖြန့်ချိရေး ဦးမြင့်ဆွေနှင့်သားများ။ သိပ်ကြီးဈေး။ City Mart ရန်ကုန်–မန္တလေး ဆိုင်ခွဲများအားလုံး၊ စိန်ပြန်မာဆေးဆိုင်၊ လူထုမေတ္တာဆေးဆိုင် ၂၄ လမ်း သိပ်ကြီးဈေး။ ကိုဝင်းမြင့်+မဘော်ဘီ ၁၅ လမ်း။ ရွှေညာသားဆေးဆိုင်တို့မှ အဝိကဖြန့်ချိပေးပါတယ်။

ဆန်းဦးအောင်မြန်မာဆေးဆိုင်၊ လူထုမေတ္တာဆေးဆိုင်၊ ကိုလှစိုးဆေးဆိုင်၊ စိန်စိန်ပြန်မာ ၁၃ လမ်း၊ စေတနာဆေးဆိုင်၊ ရူပါဝမ်းကုန်တိုက်၊ စိန်ဂေ ဟာစူပါစင်တာ၊ ဗစ်တိုးဒီးယားကုန်တိုက်၊ ရွှေဘုံသာလမ်း ကိုမောင်စိန်၊ ဆေးကမ္ဘာ၊ ဆေးရာဇာ(ဦးလှမြင့်)၊ ရွှေမိုးဆေးဆိုင်၊ ကယားဆေးဆိုင်၊ မန္တလေးမှာ စိန်ကြည့်စတိုး။ အောင်ရတနာဆေးဆိုင်၊ ဈေးဦးမှာရှိတဲ့ ပင်မ ဆေးဆိုင်၊ မတူးမရူးဆေးဆိုင်၊ ပြင်ဦးလွင်နာရီဝင်အနီ၊ အောင်မိသားစု ဆေးဆိုင်၊ စစ်တွေမှာ ကေရာဇ်၊ မြစ်ကြီးနားမှာ တစ်ဦးတည်ကိုယ်စားလှယ် ဆရာရန်နိုင်ဘုန်းမြင့်ဆေးကုခန်း၊ မော်လမြိုင်ရွှေအုန်းသီးဆေးဆိုင်၊ ပဲခူး ဦးဘဌေး၊ ဖိုးခွေးလေးဆေးဆိုင်၊ ပုသိမ်မှာ ရွှေစန်ည်၊ ရွှေမိုးကွက်၊ အေး ချမ်းသေးဆိုင်၊ လောကနတ်ဆေးဆိုင်တို့ ဖြစ်ပါတယ်။ အသေးစိတ်သိချင် ရင်တော့ ဖုန်း–၁၅၇၁၃၃၇ ကို ဆက်လိုက်ပါ။ မေတ္တာဖြင့် တိုင်ပင်ဆွေးနွေး ကုသပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

အတ္တသမ္မာ ပွင့်လွှာရနံ့ သင်းထုံပျံ့သော ရဲနွယ်မြေ

(သုံးဆယ်)

'မောင်ဟောသကရေ..မြန်မြန်ထွက်စမ်းကွာ။ မောင်ရင်လေးကို ရွှေနန်းတော်က လာခေါ်နေတယ်'

ကလန်ကြီးအသံက သူနားထဲသို့ ထင်ထင်ရှားရှား ဝင်လာသည်။ ဟောသကတစ်ယောက် ပျာယာခတ်သွားပြီ။ အတွေးပေါင်းစုံတို့က သူ့ဦးနှောက်ထဲ ကြက်ခြေခတ်မျဉ်းများလို ဖြတ်ပြေးနေတော့၏။ ရွှေနန်းတော်ဆိုသည်က ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီး စံရာအိမ်တော်။ သူ နေထိုင်ရာ ဓနပါလရပ်ကွက်လေးနှင့် မဝေးလှပါ။ ရာဇဂြိုဟ်နေပြည်တော် ဖွဲ့စည်းတည်ဆောက်ပုံက စနစ်



'ဟောသကလုလင်ဆိုတာ ရှိသလားဟော့။ ထွက်လာခဲ့စမ်း'

အိမ်အပြင်ဘက်ဆီမှ ဟစ်အော်ခေါ်သံက စူးရှခက် ထန်လှ၏။ အမိန့်သြဇာသံ ပါနေသည်။ သူတစ်ပါးကို ညွှန်ကြားခိုင်းစေတတ်သည့်လေသံမျိုး။ အိမ်ဟုဆိုသော်လည်း လေးဖက်လေးတန် အုတ်စီနောက်ချေးကျဲ ကာရံထားသည့် ဆယ့်ငါးပေပတ်လည် အုတ်တဲတစ်လုံးသာဖြစ်၏။ အဝင်အထွက် ရှေ့တစ်ပေါက် နောက်တစ်ပေါက်သာရှိ၍ အလင်းရောင် လေဝင်လေထွက် မပြည့်စုံရှာသည့် လူဆင်းရဲတို့၏ ဗိမာန်သာဖြစ်သည်။ အတွင်းဘက်တွင် သစ်သားခုတင်လေးတစ်လုံး ချထား၏။ တစ်ဖက်နံရံနားတွင် ကြေးအိုးကြေးခွက် အချို့ မီးဖိုဆောင်သုံး ပစ္စည်းလေးများက ဖိုခုံလောက်သုံးလုံးဆိုင် မီးဖိုနားတွင် ဝိုင်းရံနေကြ၏။

ခုတင်ကြမ်းလေးပေါ်တွင်ထိုင်ရင်း လစာရိက္ခာတော်ဒင်္ဂါးပြားများ ရေတွက်နေသည့် ဟောသက အပြင်ဘက်ဆီမှ ခေါ်သံကြောင့် အုတ်တဲတံခါးပေါက်မှ ခေါင်းပြူကြည့်လိုက်သည်။ ချပ်ဝတ်တန်ဆာအပြည့်အစုံ လက်ကိုင်ကွင်းပါ တိုက်ပွဲဝင်ဓားကိုယ်စီ စလွယ်သိုင်းထားကြသော ဘုရင့်ရဲမက်တော် သုံးဦး၊ သူတို့နှင့်အတူ ဓနပါလရပ်ကွက် ကလန်ကြီး ဦတိသ ပါလာ၏။

www.burmeseclassic.com

www.burmeseclassic.com

ဘာကျရှိသည်။

ဝေသာရ၊ ဝေပုလ္လ၊ ဂိဇ္ဈကူဋ်၊ ပဏ္ဍဝနှင့် ကူသိဂိလိ. ဆောင်ငါးလုံးကာရံ အဝန်းအဝိုင်းကြားတွင် နန်းမြို့ တည်ထား၏။ ဘဲဥပုံသဏ္ဌာန်ရှိသည်။ မြို့တော်ဗဟိုချက်တွင် ဘုရင့်စံနန်းတော်၊ ဘေးပတ်လည်မှ မှူးမတ်သေနာပတိနှင့် နေးမူထမ်းများ အိမ်တော်ရာဝင်း၊ ထိုမှ အပြင်ဘက်စည်းတွင် သူဌေးသူကြွယ်၊ လူကုံထံများ စုဝေးရာ ဓနပါလရပ်ကွက်၊ တစ်ဆင့်စီ စက်ဝိုင်းပုံ ဝန်းရံ၍ မြို့တံခါးဝထိ ဆုံးသည်လယ်လုပ် သူဆင်းရဲတို့နေရာကို တစ်ကန့်စီ ဖွဲ့စည်းထား၏။ မြို့တွင်းလမ်းများကို ကျောက်ကြမ်းခင်းထားသည်။

ဃောသကလုလင်အနေဖြင့် ဓနပါလရပ်ကွက် ကလန်ကြီး ကူညီစောင့်ရှောက်မှုဖြင့် ဆော်သြရေးမှူး အလုပ်ကို ဆုပ်ခွင့်ရနေသူဖြစ်၏။ နိဗ္ဗာန်ဆော်ဟူ၍လည်း သတ်မှတ်ရ၊ သူ တာဝန်ယူရသည်က ဓနပါလရပ်ကွက်နှင့် မင်းမူထမ်းအိမ်တော်ရာဝင်းတို့ဖြစ်သည်။ ဒေသခံတို့ထံမှ အခကြေးငွေ စုဆောင်းပြီး လစာရိက္ခာတော်ပေးသည်။ နေစရာဥစ္စာတဲအိမ်လေး ပေးထား၏။ သူ့ဘဝလေး အေးချမ်းလှပါ၏။ သည့်နေ့ထိ မင်းပြစ်မင်းဒဏ်သင့်စေမည့် ပြစ်မှုတစ်ခုတစ်ရာ မလုပ်ခဲ့။ ဃောသက မတွေးတတ်တော့ပါ။ တုန်ယင်ယင်နှင့် ဘုရင့်ရဲမက်တော်တို့ရှေ့မှောက် ရောက်သွားခဲ့သည်။

"မင်း..ဃောသကလုလင် မဟုတ်လား။ ဘုရင့်အမိန့်အာဏာရ ရွေနန်းတော်ကို လိုက်ခဲ့ရမယ်။ ရဲမက်တို့..သူ့ကို ကြိုးတုပ်လိုက်"

ရဲမက်အကြီးအမှူး ဖြစ်ဟန်တူသူက ဃောသကကို ဆုံးနေကြည့်ပြီး တစ်ဆက်တည်း အမိန့်ပေးလိုက်၏။ ကလန်ကြီးချက်နှာကို အားကိုးတကြီး သူ မော့ကြည့်မိပါ၏။ ကလန်ကြီးမျက်နှာ ပျက်နေပြီ။ ခေါင်းတခါခါနှင့် ဘာမျှ မလုပ်နည်းသလို ဖြစ်နေသည်။

"ဃောသကရေ..ငါလည်း ဘာမှမသိဘူး။ ဘုရင့်အမိန့်ဆိုတော့ လိုက်သွားရမှာပဲ။ မင်းမှာ အပြစ်မရှိရင် မကြာခင် ပြန်လာရမှာပါကွယ်"

စိတ်မကောင်းသည့် လေသံဖြင့် သူ့ကို အားပေးရှာသည်။ အကျိုးအကြောင်းလေးတောင် မသိရသည့်အဖြစ်ကို ဃောသ ရင်ထဲမှာ မကောင်မကျဖြစ်နေသည်။ လက်နောက်ပြန်တွဲ၍ ရဲမက်နှစ်ဦး ကြိုးချည်နေချိန် ကြောက်စိတ်ကို ဖယ်ရှားရင်း မဝံ့မရဲမေးလိုက်မိ၏။

"ကျွန်တော့်မှာ ဘာအပြစ်ရှိလို့ ခေါ်ရတာလဲဗျာ"

သူ့အမေးကို ရဲမက်အကြီးအမှူးက တုံ့ပြန်သည်။

ရာဇဝတ်သားတစ်ဦးကို ဆက်ဆံသည့် မာန်အပြည့်လေသံဖြင့်-

"ဟေ့ကောင်..လျှာရှည်မနေနဲ့။ အမိန့်တော်အတိုင်း လုပ်ရတာ။ တို့လည်း မသိဘူး။ ဟေ့..ရဲမက်တို့၊ ဒီကောင့်ကို ခေါ်လာခဲ့"

ဘုရင့်ရဲမက်တော်တို့ ဆွဲငင်ခေါ်ဆောင်ရာသို့ ခြေတရွတ်ဆွဲ လိုက်ပါရတော့သည်။ နှုမျာဝဲစွဲ လဲရာ သူခိုးတောင်းဆိုသလို သူ့ဘဝကံကြမ္မာကို မကျေမနပ်ဖြင့် အံကြိတ်လိုက်မိပေသည်။

♦ ♦ ♦

"ဤရပ်ကွက်အတွင်း မိုးတင်းနေထိုင်ကြသည့် မိဘအပေါင်းတို့ခင်ဗျား..စိတ်နှလုံးချမ်းမြေ့စွာ အိပ်စက်ရာမှာ နိုးထကြပါကုန်လော့။ ကောင်းစွာနိုးကြား လုံ့လအားဖြင့် လုပ်ငန်းခွင်ဝင်ကြပါကုန်လော့။ ကုသိုလ်ကောင်းမှုပြုကြပါကုန်လော့။ မိဘအပေါင်းတို့အား မင်္ဂလာအကျိုးမျှော်၍ နှိုးဆော်လိုက်ရပါသည်ခင်ဗျား"

"တူ..တူ..တူ"

နံနက်လေးချက်တီးအချိန် ရာဇကြိုးဟစ်မြို့တော် ဓနပါလရပ်ကွက်နှင့် မင်းမူထမ်းအိမ်တော်ရာဝင်းအတွင်း ခရသင်းမူတ်သံနှင့်အတူ အေးချမ်းချိုမြသည့် နှိုးဆော်သံလေးတစ်ခုလေထဲတွင် ပျံ့လွင့်လာသည်။ အသံရှင်ကား ပါရမီထူးသူ ဆိုရပါမည်။ ကြည်လင်ပြတ်သားပြီး သာယာနာဖျော်ဖွယ်ရှိလှ၏။ အသံသြဇာနှင့် ပြည့်စုံလှသည်။ အသံက ကျယ်လွန်းသည်လည်းမဟုတ်၊ တိုးလွန်းသည်လည်းမဟုတ် တက်ကြွနိုးကြားသည့်ဆန္ဒများ လေးစားကြည်ညိုဖွယ် ခံစားမှုရသများ နှလုံးသားတွင် ထင်ကျန်ရစ်အောင် ဆွဲဆောင်ဖွဲ့စည်း အားကောင်းလှပေသည်။ နှိုးဆော်ပန်ကြားသံနှင့်အတူ လုပ်ငန်းခွင်ဝင်ရန် ပြင်ဆင်ကြသူ၊ ဆွမ်းဆက်ကပ်လောင်းလှူရန် ချက်ပြုတ်ကြသူတို့၏အသံများ ဝေစည်လာတော့၏။

နေ့စဉ် ဆောင်ရွက်မြဲ ဃောသက၏ ဆော်သြရေးမှူးတာဝန်က ကြီးမားလှသည်ဟု မဆိုသာ။ လုံ့လ၊ ဝီရိယတော့ ရှိရ၏။ နိုးနိုးကြားကြား အိပ်ရ၏။ နန်းတော်ကြီးဆီက နံနက်လေးချက်တီး ဗဟိုစည်သံမတိုင်မီ အိပ်ရာက ထရ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ကိုယ်လက်သန့်စင်ပြီး ဝေဠုဝန်ကျောင်းတော်ရှိ ဘုရားရှင်အား ရည်မှန်းရှိခိုးပူဇော်၍ သရဏဂုံဆောက်တည်သည်။ သတ္တဝါဝေနေယျအပေါင်းတို့အား မေတ္တာပို့သည်။ မိမိစိတ်ကို ဖြူစင်အောင် ပြုပြင်ပြီးမှသာ ရပ်ကွက်နေ မိဘပြည်သူတို့အား နှိုးဆော်ပန်ကြား ကောင်းမှုပြုသည်။ အတွေ့သမ္မာ၊ကိမိစ မင်္ဂလာနှင့်အညီ သက်မွေးဝမ်းကျောင်းပြုနေခဲ့၏။

တစ်နေ့သော့ည၊နေချမ်း မှောင်စပျိုးသည့်အချိန်-

'အိမ်ရှင်တို့ရှင့်..အိမ်ရှင်တို့၊ မရှိကြဘူးလား၊ရှင်'

ခြံဝင်းအပြင်မှ အမျိုးသမီးတစ်ယောက်အသံ။ ညစာထမင်းစားရန် ပြင်ဆင်နေသော ယောသကနားထဲ ရောက်လာသည်။ ကမန်းကတန်း ကညင်ဆီမီးခွက်ကိုယူပြီး ထွက်လာကြည့်လိုက်တော့ ခြံဝင်းတံခါးအပြင်ဘက်တွင် အမျိုးသမီးနှစ်ယောက်။

'မောင်ရင်လေးရယ်..အဒေါ်တို့သားအိမက သာဝတ္ထိက လာခဲ့တာပါ။ တည်းခိုစရာ အသိအကျွမ်းလည်းမရှိတော့ မောင်ရင်လေးအိမ်မှာ တစ်ညတာ တည်းခိုပါရစေ'

ဒုက္ခရောက်နေသူများမို့ ယောသက မငြင်းပယ်ရက်ပါ။ လိုလိုချင်ချင်ပင် တည်းခိုခွင့်ပြုလိုက်သည်။ သည်လိုနှင့် ဒေါ်စာရှနှင့် သမီး မယ်စန္ဒာတို့ ယောသကအိမ်သို့ ရောက်လာခဲ့ကြ၏။ သူတို့သားအမိက မိသားစုပြဿနာတစ်ခုကြောင့် သာဝတ္ထိမှ ခေတ္တရှောင်ထွက်လာသည်ဟုဆိုသည်။ ယောသကအနေဖြင့် သူတို့နောက်ကြောင်းကို အလေးအနက်မထားပါ။ မိဘမဲ့ ဆွေမျိုးမဲ့ တစ်ကောင်ကြွက်မို့ ဒေါ်စာရတို့ သားအမိကို ဆွေမျိုးရင်းချာလို သဘောထားမိ၏။ ဖြူစင်မေတ္တာဖြင့် အမေသဖွယ်၊ ညီမသဖွယ် စောင့်ရှောက်သည်။ သူတို့သားအမိကလည်း တစ်ညတာမှ နှစ်လတာဖြစ်သည်။ ယောသက မငြိုငြင်ပါ။ တစ်ခါတစ်ရံ သာဝတ္ထိပြန်သွားတတ်၏။ ရစရာကြွေးမြီလေးများ ပြန်ယူသည်ဟု သိရ၏။

တစ်ခါမှာတော့ ဒေါ်စာရဆီက ထူးထူးဆန်းဆန်း စကား ကြားရသည်။ သမီး မယ်စန္ဒာကလည်း အမေလေသံအတိုင်း ပြောပြန်၏။

'မောင်ယောသက အသံလေးက အင်မတန်ချိုမြိန်နေတာပဲ။ ဥပဓိရုပ်ကလည်း ကောင်းတယ်။ မင်းကြည့်ရတာ ဆင်းရဲသားနဲ့ မတူသလိုဘဲ'

'ဟုတ်တယ် မောင်ကြီးရဲ့။ မောင်ကြီး ခုလို အခကြေးငွေယူပြီး ဆော်သြရေးမှူး လုပ်နေရတယ်ဆိုတာ မယုံနိုင်စရာပဲ'

ပြောမည်ဆိုလည်း ပြောစရာဖြစ်နေသည်။ အသက်နှစ်ဆယ့်ငါးနှစ်ခန့်အရွယ် ထူးခြားသည့်ရုပ်ရည်ပိုင်ဆိုင်သူ ဝင်းဝါနေသည့် အသားရောင်၊ မြင့်မားကြွေခိုင်သည့် ခန္ဓာကိုယ်၊ မျက်လုံးမျက်ဖန်၊ နှာတံထင်းထင်း၊ မဟာနဖူးဆံနှင့် တင့်တယ်နေသူ ဖြစ်သည်။

'အဒေါ်တို့ လူကဲခတ်မှားနေပြီ ထင်ပါရဲ့။ ဆင်းရဲချာ ပညာမဲ့သူမို့ ခုလိုနေရတာပေါ့ဗျာ။ ရတဲ့ရိက္ခာတော်တာနည်းတော့ အဒေါ်တို့ကို ဧည့်ခံရတာတောင် အားနာနေရတယ်'

'အားကိုးရာမဲ့နေတဲ့ အဒေါ်တို့ သားအမိကို ကျေးရောက်ထားတာကိုပဲ ကျေးဇူးကြီးလှပါပြီကွယ်'

သာဝတ္ထိနှင့် ရာဇဂြိုဟ် ခေါက်တုံးကူးသန်းရင်း ဒေါ်စာရတို့သားအမိ ယောသကအိမ်တွင် အနေကြာလာသည်။ သူတို့ပါလာသည့် ငွေစလေးများနှင့် စားသောက်ရေး ဖြည့်ဆည်းပေးသည်။ ဧည့်သည်ရယ်လို့မဟုတ်တော့ မိသားစုလို တစ်စိတ်တစ်ဝမ်းတည်း သံယောဇဉ်ဖြစ်ထားကြ၏။ ငယ်ရွယ်နုပျိုကြသည့် လူငယ်ယောသကနှင့် ဒေါ်စန္ဒာတို့လည်း အိုးချင်းထား အိုးချင်းထိလာကြ၏။ နှစ်သားချင်း ပန်းခင်းမိကြပြီး တစ်ဦးနှင့်တစ်ဦး ယုံကြည်ခြင်းနှိုး သဒ္ဒါမိုးတွေ စွေလာချိန်မှာတော့..။

♦ ♦ ♦

'ယောသကလုလင်..ဘုရင့်ရှေ့တော်မှောက် ခစားအမိန့်တော်'

နန်းမဆောင်တံခါးဝဆီမှ သံတော်ဆင့်အသံကို ယောသက ကြားလိုက်ရ၏။ ဘုရင်မင်းမြတ်အမိန့်တော်ဖြင့် ခေါ်ထဲသို့ ခေါ်ဆောင်ခြင်းခံရသော်လည်း ရာဇဝတ်သားသို့ အကျဉ်းချထားသည်မဟုတ်၊ အမတ်ကြီးဝသကာအိမ်တော်ဝင်းအတွင်း အဆောက်အအုံတစ်ခုတွင် အကျဉ်းအကြပ်နှင့် နေခဲ့ရ၏။

သည်နေ့နံနက် ဘုရင်မင်းမြတ်ထံ ခစားဝင်ရန် အကြီး ဦးဆောင်ပြီး ရဲမက်နှစ်ဦး စောင့်ကြပ်ခြံရံလျက် ခေါ်ဆောင်သို့ လိုက်လာခဲ့ရသည်။ သို့လော၊ သို့လော ဦးစိတ်က သူ့ရင်နှင့် အပြည့်။

နန်းမဆောင်အတွင်း မင်းမြတ်စံတော်မူရာ သာ ညောင်စောင်းရှေ့သို့ ရောက်ခဲ့ပါပြီ။ နန်းမဆောင်တံ

www.burmeseclassic.com

www.burmeseclassic.com

[illegible]ကျသဲ မကြားရလောက်အောင် တိတ်ဆိတ်နေ၏။ [illegible]ငင်းငဲ့ခစားရင်း ကြောက်ရွံ့တုန်လှုပ်မှုဖြင့် ချွေးစေးများ [illegible]လာသည်။ မျက်လုံးများကို နန်းကြမ်းပြင်ဆီသာ စူးစိုက် [illegible]လိုက်၏။ ဘုရင်မင်းမြတ်ကို မော်လည်း မကြည့်ရဲ။

သည်အခိုက် သူ့ရှေ့မလှမ်းမကမ်းဆီမှ ပစ္စည်းတစ်ခု [illegible]ချလိုက်သည့်အသံမျိုး ကြားလိုက်ရသည်။

'ဆောသကလှလင်ငယ်..မောင်မင်းရှေ့မှာရှိတဲ့ ပစ္စည်း [illegible]ကို ကြည့်လိုက်စမ်းပါဦး'

မင်းမြတ်အသံတော်က ညင်သာနူးညံ့လှ၏။ ရာဇမာန် [illegible]ထန်ခြင်းမရှိ။ စိုးရွံ့စိတ်ဖြင့် ဘုရင့်မျက်နှာတော်ကို [illegible]မှုးလိုက်မိပါသည်။ သောတာပန်သူတော်ကောင်းကြီး [illegible]ဖြစ်၍ထင့်၊ တည်ငြိမ်အေးချမ်းနေသည့် မျက်လုံးအစုံက [illegible]ကို စူးစိုက်ကြည့်ရှုနေပါပကော။ မျက်လွှာပြန်ချပြီး [illegible]ရှေ့မှာ ချထားသည့်အရာကို လှမ်းကြည့်လိုက်သည်။ [illegible]မြင်ရသည်က သံသေတ္တာကြီးတစ်လုံး။ ရဲမက်နှစ်ဦးက [illegible]ထမ်းပိုးဖွင့်ပြီး အတွင်းမှ ပစ္စည်းများကို နန်းကြမ်းပြင် [illegible]သို့ သွန်ချလိုက်သည်။ စိန်၊ ရွှေ၊ ပုလဲ၊ ကျောက်မျက် [illegible]နာများ၊ ရွှေဒင်္ဂါးပြားများက အထပ်လိုက်။ တင်း [illegible]တင်းတစ်လုံးစာ အမြင့်ရှိသည်။ ရတနာပုံကြီး။ ဟော [illegible]သာ နားမလည်နိုင်တော့ပါ။

'ဒီလိုရတနာပစ္စည်း သေတ္တာပေါင်းများစွာကို နန်း [illegible]တော်ကို သယ်ယူလာခဲ့တယ်။ ကုဋ္ဌေလေးဆယ်မျှ တန်ဖိုး [illegible]ရှိတယ်။ မောင်မင်းမိဘတွေ ထားရစ်ခဲ့တဲ့ အမွေပစ္စည်း [illegible]တွေပဲ။ ဤမျှချမ်းသာကြွယ်ဝနေပါလျက် ဘယ်အတွက် [illegible]သူဆင်းရဲ ဟန်ဆောင်နေရသလဲ။ မှန်ရာကို လျှောက်တင် [illegible]စေ'

ဟောသကနှလုံးသွေးတို့ ရပ်တန့်လုနီးနီး ဖြစ်သွား သည်။ လုံးဝထင်မှတ်မထားသည့်ဖြစ်ရပ်။ ဘုရင်မင်းမြတ် [illegible]မေးစကားနှင့် ရတနာပုံကြီးက သူ့အကြောင်းတွေကို [illegible]မင်းမြတ် အလုံးစုံသိနေကြောင်း ဖော်ပြနေသည်။

'မောင်မင်းရဲ့ နေ့စဉ် အရဏ်တက်ချိန် နှိုးဆော်သံကို [illegible]ကြားနေရတယ်။ အသံပိုင်ရှင်ဟာ သူဌေးသူကြွယ်တစ်ဦး [illegible]ဖြစ်ရမယ်လို့ ကိုယ်တော်မြတ်ဉာဏ်ပါရမီနဲ့ သိတော် [illegible]တဲ့။ ဒါကို မယုံကြည်တဲ့ နန်းတွင်းအထိန်းတော်ကို [illegible]မေးခိုင်းပြီး ခုလိုဖော်ထုတ်ရတာပဲ မောင်မင်း'

အမှန်တော့ ဟောသကသည် ရာဇကြိုဟ်ပြည်သား သူဌေးကြီးတစ်ဦး၏သား ဖြစ်ခဲ့ပါ၏။ သူ့အရွယ်တော်ဝင်စ မိဘနှစ်ပါးနှင့် ကျေးကျွန်တိရစ္ဆာန်ပါမကျန် ယင်းနာရောဂါ ဆိုးကြောင့် ကွယ်လွန်ခဲ့ကြသည်။ သူ့ကို ရောဂါကူးစက် မည် စိုးရိမ်သဖြင့် မိဘနှစ်ပါး တိုက်တွန်းချက်အရ တော အရပ်ဒေသသို့ ရောင်ပြေးနေခဲ့ရသည်။ ကုဋ္ဌေလေးဆယ်မျှ သောပစ္စည်းတို့ မြှုပ်နှံထားရာကိုလည်း မိဘတို့က ပြောပြ ထားခဲ့ပေသည်။

တစ်ဆယ့်နှစ်နှစ်ခန့်အကြာ ရာဇကြိုဟ်မြို့သို့ ဟော သက ပြန်ရောက်လာ၏။ မိဘများ ထားရစ်ခဲ့သည့် အမွေ ပစ္စည်းတို့ကို ချက်ချင်းထုတ်မယူရဲသေးပါ။ သတိဉာဏ် ပညာဖြင့် အချိန်ကောင်းကို စောင့်ရတော့သည်။

'ရာဇကြိုဟ်မှာ ကျွန်တော်မျိုးကို သိရှိသူများ မရှိကြ တော့ပါ။ အကယ်၍ ရတနာပစ္စည်းတို့ကို တူးဖော်ယူမည် ဆိုပါက လူဆိုးသူခိုးအဖြစ်သာ မှတ်ယူနိုင်ပစ်ကြပါလိမ့် မည်။ သည့်အတွက် သူဆင်းရဲအဖြစ် နေထိုင်ခဲ့ရခြင်း ဖြစ် ပါသည် အရှင်မင်းမြတ်။ ကျွန်တော်မျိုးအနေဖြင့် ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏အသံကို ကြားရုံမျှနှင့် ထိုပုဂ္ဂိုလ်၏ ဘဝမှန်ကို သိမြင်နိုင်စွမ်းရှိသည့် အရှင်မင်းမြတ်၏ ဉာဏ် ပညာတော်အား ဦးခိုက်ပူဇော်ပါသည်ဘုရား'

ဟောသကလျှောက်ထားချက်ကို ဘုရင်မင်းမြတ် ယုံ ကြည်လက်ခံတော်မူ၏။ ကုဋ္ဌေလေးဆယ် ကြွယ်ဝပါလျက် သူဆင်းရဲဘဝဖြင့် တည်ငြိမ်စွာ အသက်မွေးဝမ်းကျောင်း ပြုနေထိုင်ခဲ့သည့် ပညာရှိသူတော်ကောင်းအဖြစ် ဟောသက အပေါ် အားရကျေနပ်နေသည်။ မိမိကိုယ်ကို ထိန်းကျောင်း လျက် ကံသုံးပါးလုံခြုံသူဖြစ်ကြောင်းလည်း သုံးသပ်ဆင် ခြင်မိသည်။

'မောင်မင်းဆီက လျှို့ဝှက်ချက်တွေကို ဖော်ထုတ်ခဲ့တဲ့ အထိန်းတော်ကြီး ဒေါစာရုံနဲ့ သမီးတော် မယ်စန္ဒာတို့ကို မှတ်မိပါရဲ့လား ဟောသကလှလင်ငယ်။ မော်ကြည့်လိုက် ပါဦး'

ဟောသက တုန်လှုပ်သွား၏။ ဘုရင်မင်းမြတ် သလွန် တော်ဘယ်ဘက်ထောင့် နိမ့်ရာနေရာတွင် ရွှေရောင်ပြိုးပြက် သလွန်ငယ်ထက်၌ တင့်တယ်စွာ ခစားနေသည့် မင်းသမီး အနီးမှာ ပုဆစ်တုပ်ခြံရံနေသည့် နန်းတွင်းသူတစ်ဦး ဘုရင့် ရှေ့မှောက် ခစားရောက်ချိန်ကပင် မြင်ခဲ့ပါ၏။ လုံးဝမမှတ် တော့ပါ။ သည်နေရာတွင် ရှိလိမ့်မည်ဟူ၍လည်း ထင်မှတ် မထား။ မင်းမြတ်နှုတ်ထွက်စကားကြောင့် လှမ်းမျှော်ကြည့် လိုက်ပါသည်။ ဟောသက နှလုံးသားတို့ တဆတ်ဆတ်ခုန်

www.burmeseclassic.com

www.burmeseclassic.com

နေပါပြီ။

"ကြော်..မယ်စန္ဒာက ဘုရင့်သမီးတော်ကိုး။ သူ့ကို မြတ်နိုးခဲ့မိလို့ မြှုပ်နှံထားရတဲ့ ငါဘဝကို ဖွင့်ဟမိခဲ့တာပါ"

မဝံ့မရဲကြည့်နေမိသည့် သူမျက်ဝန်းထဲတွင် မယ်စန္ဒာ၏ အပြုံးစလေးတစ်ခု လှစ်ခနဲမြင်လိုက်ရသလို ထင်မိသည်။ အားစေထည့်ထားသည့်နယ် နူတ်ဆိတ်ရင်း ဘုရင်မင်းမြတ်ထံ မျက်လုံးအကြည့် လှည့်လိုက်ပါ၏။ သူ့အား စူးစူးရဲရဲ ရှုစားတော်မူနေသည့် မင်းမြတ်။ တစ်ချိန်တည်း မှာပင် မျှော်လင့်မထားသည့် အမိန့်တော်ကြီးကို ကြားလိုက်ရသည်။

"သည်နေ့ကစပြီး ယောသကလုလင်ကို ကုမ္ဘယောသက သူဌေးကြီးအဖြစ် ချီးမြှင့်တော်မူမယ် မင်းကြီးများ။ ဒါ့အပြင် သမီးတော်ရဲ့ ဖွင့်ဟတောင်းပန်ချက်အရ ယောသကနဲ့ သမီးတော် မယ်စန္ဒာတို့ နှစ်ဦးအား စုလွှားရစ်ပတ်လက်ထပ်ခွင့်ပြုတော်မူမယ်ဗျား"

နောက်တစ်နေ့ ဝဠုဝန်ကျောင်းတော်တွင် သီတင်းသုံးနေတော်မူသည့် ဗုဒ္ဓရှင်တော်မြတ်ရှေ့မှောက်သို့ ဗိမ္ဗိသာရ မင်းကြီးနှင့် ယောသကတို့ ဘုရားဖူးရောက်ခဲ့ကြ၏။ မင်းကြီးက ဘုရားရှင်အား ယောသကအကြောင်း အံ့သြစွာ မြောက်ဖွာ လျှောက်ထားသည်။

"ထကြွလှုံ့လှံရှိခြင်း၊ အစဉ်သတိရှိခြင်း၊ ကံသုံးပါး၏ ကြယ်ခြင်း၊ ဉာဏ်ဖြင့် ဆင်ခြင်ပြုလေ့ရှိခြင်း၊ ဣန္ဒြေတို့ကို စောင့်စည်းခြင်း၊ တရားနှင့်အညီ အသက်မွေးခြင်းတို့နှင့် ပြည့်စုံသောသူအား စည်းစိမ်ဥစ္စာ၊ အခြံအရံ၊ ကျော်စော ခြင်းသည် တစ်နေ့တခြား တိုးပွားကုန်၏"

ဘုရားရှင်၏ တရားတော်အဆုံး ဓမ္မဖြင့် ဖုံးလွှမ်းအပ်သော ပီတိနှလုံးဖြင့် ကုမ္ဘယောသက သောတာပန်တည်လေပြီ။ ဘုရားရှင်၏ အဆုံးအမဖြင့် သံသရာဝဋ္ဋဆင်းရဲကို မှ လွတ်မြောက်ရာကမ်းဦးဆီသို့ မျှော်ရည်ဦးခိုက် ဆိုက် ရောက်သွားပေသည်။ သီလ၊ သမာဓိ၊ ပညာ အတ္တသန္တ ဥယျာဉ်နန်း၌ ပွင့်လန်းလာသည့်ပန်းရနံ့များ သင်းပျံ့ဝေစဉ် လျက်သာ။

ရဲနွယ်မောင်(သုံးဆယ်

ဝန်ခံချက်

ဓမ္မပဒ အပ္ပမာဒဝဂ်၊ ကုမ္ဘယောသကဇာတ်ကို မှီငြ၍ ရေးသားပါသည်။

ဆရာဦးသိန်းဝင်း

B.A (Geog:), ဒ.ဘန.ဝ (တ.ဆ - ၁၄၃၂)

ပြည်တော်စံ

တိုင်းရင်းဆေးကုဒိန်း

နှလုံး၊ အသည်း၊ ကျိုးပေါင်း၊ အာရုံကြော အားနည်း၊ ဓလေဇန်း/ဓလေဖြတ်၊ ကိုယ်စံအားကျခြင်း၊ အစကြောနှင့်ပတ်သက်သော ဓရောဂါများ ကုသဓေးပါသည်။

✦ ဓလေဖြတ်ဓရောဂါ ဓဝဒနာရှင်များ အထူးကုသဓေးပါသည် ✦

ဓလေဖြတ်ခြင်းကို ကြိုတင်ကာကွယ်ပါ

ဓလေဖြတ်မည့် လက္ခဏာများ

* ဦးခေါင်းနောက်ဓေ့တွင် ခေါင်းကိုက်ခြင်း
* မျက်ခွံနှင့် မျက်စိကြွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ, လက်များ ထုံကျဉ်ခြင်း
* လမ်းလျှောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း

စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက ဓလေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ရှိရန် - နံနက်(၁၁း၀၀)နာရီမှ ညနေ(၄း၃၀)နာရီထိ (တနင်္လာနေ့ ပိတ်သည်)
အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (ဗိုလ်မင်းရောင်လမ်းမ)၊ မဂ်လာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)။
၀၉ ၇၉၅၁၄၄၅၆၃၃ ၊ ၀၉ ၃၁၆၅၅ ၇၂၄

www.burmeseclassic.com

www.burmeseclassic.com

(တစ်)

ဗုဒ္ဓမြတ်စွာသခင်ဘုရားရှင်သည် ခန္ဓိမေတ္တာတရားနှင့် ပတ်သက်၍ ကိုယ်တော်တိုင် အနှိုင်းမဲ့ပြည့်စုံတော်မူသည် ဖြစ်သောကြောင့် ဒေဝဒတ်က ကုမာရကဿပမထေရ် သားအမိကို ပျက်စီးစေရန် ဖန်တီးခဲ့သည်။ မေတ္တာခန္ဓိတော်ကြောင့် အထောက်အပံ့ဖြစ်ရသည်နှင့် ပတ်သက်၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

ဗာရာဏသီပြည်ကြီးတွင် ဗြဟ္မဒတ်မင်းကြီး နန်းစံလျက် ရှိလေသည်။ ဘုရားအလောင်းသည် ဤအချိန်၌ ရွှေရောင်အဆင်းရှိသည့် သမင်မျိုး၌ ဖြစ်လေသည်။ အမည်ကား နိဂြောဓဖြစ်၏။ အခြေအရံပေါင်းကား ငါးရာရှိ၏။ နိဂြောဓသမင်ကဲ့သို့ပင် အနီးအပါးတွင် သာမဟု အမည်ရှိသည့် သမင်သည်လည်း အခြေအရံ

ခင်မောင်အေး

(မန္တလေး)

မေတ္တာသည်သား

အောင်နိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com

ငါးရာနှင့် အတူရှိလေသည်။ သာမသည်လည်း နိဂြောဓ သမင်နည်းတူ ရွှေအဆင်း ရှိလေသည်။ ထိုကာလမှာ ဗာရာဏသီပြည်ကို စိုးစံတော်မူသည့် မင်းသည် သမင်သားကို အလွန်နှစ်ခြိုက်သည်။ သမင်သား မပါပါက ပွဲတော်သုံး ဆောင်တော်မမူချေ။ ယင်းကြောင့်ပင် မုဆိုးများ ခြံရံလျက် အမဲလိုက် ထွက်လေ့ရှိ၏။ တောခြောက်ဖို့ အနီးအပါးမှ ကျေးရွာသားတွေလည်း လိုက်ပါကြရသည်။ ထိုသို့ နိစ္စဓူဝ တောခြောက်ဖို့ ဆင့်ခေါ်ခြင်းကို ခံရပါများလာပြီး အလုပ်ပျက် အကိုင်ပျက် ဖြစ်ကြရ၏။ လယ်ယာလုပ်ငန်းခွင် မဝင်နိုင်ကြသဖြင့် စိတ်ဓာတ်တွေကျကာ မင်းကြီးအပေါ် တွင် ငြိုငြင်လာမိကြပါသည်။

'တို့တစ်တွေ ဘယ်လိုလုပ်ကြမလဲ။ ဒီအတိုင်းဆို တောချည်း ခြောက်နေရလို့ ကိုယ့်အလုပ်ကိုယ် မလုပ်ရဘဲ ထမင်းငတ်ကုန်ကြလိမ့်မယ်။ ကြံကြဖန်ကြရအောင်'

စုဝေးတိုင်ပင်ကာ တောတွင်းသို့ တစုတဝေးတည်း ဝင်ရောက်ကြလျက် သမင်များကို ခြောက်လှန့်မောင်းထုတ်ကြလေသည်။ ကံအားလျော်စွာ သူတို့ခြောက်သောတောက သမင်အုပ်နှစ်အုပ်လုံး ကျက်စားနေထိုင်ကြသည့်တော ဖြစ်နေသည်။ ထို့ကြောင့် သမင်တစ်ထောင်လုံး ထွက်လာကြသည်ဖြစ်၍ သမင်များကို မင်းကြီး၏ ဥယျာဉ်တော်အတွင်း မောင်းသွင်းလိုက်ကြ၏။ သမင်များအားလုံး ဥယျာဉ်အတွင်း ရောက်ရှိသွားသည်နှင့်တစ်ပြိုင်နက် ဥယျာဉ်တံခါးပေါက်ကို ပိတ်ပစ်လိုက်ကြလေသည်။ သည်နောက် ပြည့်ရှင်မင်းကြီး ထံတော်သို့ ဝင်ရောက်ခစားကြပြီး မင်းကြီးအား လျှောက်ကြားကြလေသည်။

'အရှင်မင်းကြီး..သမင်သားကို အလိုရှိသည့်အတိုင်း ဥယျာဉ်အတွင်း ဝင်ရောက်ကာ ဖမ်းယူနိုင်ပါပြီ။ သမင်များအားလုံး အရှင်မင်းကြီး စိတ်တိုင်းကျ ဖမ်းယူနိုင်ပါသည်ဘုရား'

'မင်းကြီးလည်း ဥယျာဉ်တော်အတွင်းဝင်ပြီး ထိတ်လန့်ချောက်ချားနေကြသော သမင်များကို ရှုစားကာ နိဂြောဓ သမင်နှင့် သာမသမင်ကို သဘောကျပြီး ယင်းသမင် နှစ်ကောင်အား ဘေးမဲ့ပေးထားလိုက်လေသည်။ ယင်းနောက် နေ့စဉ် ဥယျာဉ်အတွင်း ဝင်ရောက်လျက် သမင်တစ်ကောင်ကျ ဖမ်းယူပြီး စားတော်ကဲအား ချက်ပြုတ်စေကာ ပွဲတော်တည်လေသည်။ ဥယျာဉ်တော်အတွင်း ဝင်ရောက်လျက် သမင်ဖမ်းသည့်အခါ လေးနှင့်မြားကို ကိုင်စွဲလာလေ့ရှိသော ကြောင့် ဥယျာဉ်အတွင်း ဝင်လာသူတွေကို မြင်တွေ့ရသည်နှင့် ကြောက်လန့်တကြား ပြေးလွှားကုန်ကြပြီး တစ်ကောင်နှင့်တစ်ကောင် ပွတ်မိတိုက်မိ ဖြစ်တတ်ကြပြီး သမင်ဒဏ်ရာအနာတရ ဖြစ်ကုန်ကြရ၏။ ရံဖန်ရံခါ သမင်တချို့ သေကြရလေသည်။

ထိုဖြစ်အင်ကို တွေ့မြင်ရသော နိဂြောဓသမင်သည် မိတ်ဆွေသာမသမင်အား တွေ့ဆုံကာ-

'အဆွေသာမ..သမင်များ ကြောက်လန့်တကြား ပြေးကြလွှားကြရသဖြင့် သေကျေဒဏ်ရာအနာတရ ဖြစ်ကုန်ကြပါပြီ။ အကျိုးမဲ့ မသေပါစေနဲ့။ မြားနှင့်မပစ်ဘဲ သမင်ရေးဖို့ ဥယျာဉ်အတွင်း စဉ့်တိတုံးတစ်တုံး ချထားစေပြီး အလှည့်ကျ တာဝန်ယူကြရအောင်။ အလှည့်ကျသော သမင်က စဉ့်တိတုံးပေါ် ဦးခေါင်းတင်လျက် သွားအိပ်နေရမှာပါ။ ကနေ့မှစပြီး ဒီအတိုင်းပဲ လုပ်လိုက်ကြရအောင်။ ကောင်းတယ် မဟုတ်လား'

'ဟာ.. အဆွေရဲ့အကြံ သိပ်ကိုကောင်းပါတယ်ကိုင်း..ဆက်လုပ်ကြမယ်လေ'

ထိုနေ့မှစတင်၍ အလှည့်ကျ တာဝန်ယူခဲ့ကြပြီး တစ်နေ့မှာ စဉ့်တိတုံးပေါ် ခေါင်းတင်အိပ်ရမည့် သမင်က နီဂြောဓ နေသည့် သမင်မ ဖြစ်နေလေသည်။

ထိုအခါ သမင်မက သာမသမင်ထံသို့ သွားရောက်လျက်-

'အရှင်..ကျွန်တော်မျိုးမတွင် ကိုယ်ဝန်ရှိနေပါသည်။ ဒါကြောင့် အလှည့်ပြောင်းပေးပါ။ သားမွေးပြီးလျှင် ကျွန်တော်မျိုးမ သားနှင့်အတူ အလှည့်ကျတာဝန်ကို ဆက်လုပ်ပါရစေ'ဟု တောင်းပန်လာလေသည်။

သို့စေကာမူ သာမသမင်သည် သမင်မ၏ တောင်းပန်ခြင်းကို လက်မခံ။

'သင့်ကဲ့စီမံသည့်အတိုင်းသာ ဖြစ်ပါစေတော့။ ကျွန်တော်နိုင်သောကိစ္စ မဟုတ်ပါ'ဟု အဖြေပေးလိုက်သည်။

သမင်မသည် သာမသမင်က သူမ၏ တောင်းခံချက်ကို လက်မခံသဖြင့် နိဂြောဓသမင်ထံသို့ သွားရောက်လျက် အကျိုးအကြောင်းကို တင်ပြပြီး အကူအညီတောင်းခံသည်။

ထိုအခါ နိဂြောဓသမင်က-

'သမင်မ..ဘာမှမပူပါနဲ့။ သင့်ဆန္ဒပြည့်ဝအောင် ကူညီပါ့မယ်။ စိတ်အေးအေးချမ်းချမ်းသာ ပြန်သွားပေတော့'ဟု ပြောဆိုနှစ်သိမ့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

ပြီးနောက် နိဂြောဓသမင်သည် စဉ့်တိတုံးရှိရာသို့ သွားရောက်လျက် စဉ့်တိတုံးထက်တွင် ဦးခေါင်းကိုတင်ကာ အိပ်နေလိုက်သည်။ ဘုရင့်စားတော်ချက်သည် သမင် သတ်ဖို့အလာ နိဂြောဓသမင်ကို တွေ့လိုက်ရ၏။ အံ့အားလည်း သင့်သွားသည်။

ထို့ကြောင့် မင်းကြီးထံ သွားရောက်လျက်-

'အရှင်မင်းကြီး..ဘေးမဲ့ပေးထားသည့် နိဂြောဓသမင်က စဉ့်တိတုံးပေါ် ခေါင်းတင်ပြီး လာအိပ်နေပါတယ်ဘုရား'ဟု လျှောက်ထားလေသည်။

မင်းကြီးလည်း ဥယျာဉ်တော်သို့ လာရောက်ကြည့်ရှုလျက် နိဂြောဓသမင်အား-

'အသင့်အား ငါ ဘေးမဲ့ပေးထားတယ် မဟုတ်လား။ ဘာဖြစ်လို့ စဉ့်တိတုံးပေါ်လာ အိပ်ရတာလဲ'ဟု မေးလေသည်။

ထိုအခါ နိဂြောဓသမင်က ပြန်လည်လျှောက်ထား၏။

သမင်မအလှည့်ကျသဖြင့် ကိုယ်ဝန်ရှိနေပါကြောင်း ရှင်းပြပြီး သားမွေးပြီးက သူမတို့ သားအမိအလှည့် ပြန်ရောက်မည်ဖြစ်ပါကြောင်း၊ ယခု အလှည့်ပြောင်းပေးပါဟု အသနားခံတောင်းခဲ့ကြောင်း၊ ထို့ကြောင့် ကျွန်ုပ်က တာဝန်ယူပေးခဲ့ပါကြောင်း လျှောက်တင်သည်။

ယင်းနောက် ဆက်လက်၍ သတ္တဝါတစ်ဦး အသက်အန္တရာယ် ကြုံတွေ့နေသောအချိန် အခြားတစ်ဦးဦးက တာဝန်ယူဖို့ဆိုသည်မှာ မသင့်လျော်ပါကြောင်း၊ ထို့ကြောင့် သူက ကိုယ်စားဝင်ရောက်လျက် တာဝန်ယူပေးရခြင်း ဖြစ်ပါကြောင်း မင်းကြီးအား လျှောက်ထားလေသည်။

မင်းကြီးလည်း လျှောက်ထားချက်ကို ကြားလိုက်ရသောအခါ အလွန်တရာ အံ့သြထိတ်လန့်သွား၏။

'သင်ကဲ့သို့ သဘောထားကြီးရင့် မြင့်မြတ်ပြီး ခန္တီပါရမီထားရှိ၊ မေတ္တာတရားကြီးမား၊ ကရုဏာတရား ရှိကြသူတွေ လူတွေမှာတောင် မတွေ့ရစဖူးပါ။ ထို့ကြောင့် သင့်အား ကျွန်ုပ် ကြည်ညိုလှပါသည်။ သို့ဖြစ်၍ သင်သမင်မင်းအားလည်းကောင်း၊ သမင်မကိုလည်းကောင်း၊ ဘေးမဲ့ပေးလိုက်ပါသည်'ဟု အမိန့်ရှိလိုက်၏။

နိဂြောဓသမင်မင်းက မိမိ ဘေးမဲ့ရရှိရုံမျှနှင့် မကျေနပ်ချေ။ မိမိတို့ သမင်များ အားလုံးအတွက်ကိုပါ ဘေးမဲ့ပေးသနားပါရန် တောင်းပန်လေသည်။ သည်မျှမက အခြားသော ခြေလေးချောင်းသတ္တဝါများအတွက်လည်းကောင်း၊ ငှက်တိရစ္ဆာန်များအတွက်လည်းကောင်း နောက်ဆုံး ရေနေသတ္တဝါများအတွက်ပါလည်းကောင်း တောင်းဆိုလေသည်။

မင်းကြီးကလည်း တောင်းဆိုသမျှအားလုံး လိုက်လျောပေးသည်ချည်း ဖြစ်၏။

(နှစ်)

မကြာမြင့်လှသည့်အချိန်တွင် ကိုယ်ဝန်ဆောင်ထားသော သမင်မသည် သားငယ်လေးတစ်ကောင်ကို မွေးဖွားလာသည်။ သမင်ကလေး ကြီးထွားအရွယ်ရောက်လာသည့် အချိန်မှာ သာမသမင်ထံသို့ ခစားရန် သွားရောက်ခဲ့ပါသည်။

ဤသို့ မိမိ၏သားငယ် သမင်ပေါက်ကလေး သာမသမင်ထံသို့ ခစားဖို့ သွားရောက်သည်ကို မြင်သဖြင့် မိမိ၏သားငယ်ကို အပါးသို့ခေါ်ကာ ဆုံးမသွန်သင်စကား ဤသို့ပြောကြား၏။

'ငါ့သားရွှေသွေး သမင်ကလေး..မင်း ရှေ့လျှောက်တစ်သက်လုံး ကြီးပွားချင်ရင်ဖြင့် နိဂြောဓသမင်မင်းထံသို့သာ သွားရောက်ချဉ်းကပ်ပြီး ခစားပါ။ လောကမှာ ခန္တီပါရမီထား၊ မေတ္တာတရားကြီးမား၊ ကရုဏာထားရှိတတ်ကြသူတွေဆီမှာ တပည့်ခံပါ။ နိဂြောဓသမင်မင်းလို မေတ္တာရှင်ဆီ ခစားတာ အကောင်းဆုံးပါပဲ။ သာမသမင်မင်းလို အရေးကြုံလို့မှ အားမကိုးရတဲ့ခေါင်းဆောင်၊ ကိုယ်ကျိုးသာကြည့်ပြီး ကိုယ့်အမျိုးအရင်းအချာကိုတောင်မှ ဥပေက္ခာပြုတတ်တဲ့ ကိုယ်ကျိုးရှာ အတ္တသမားတွေဆီများကတော့ သေတမန် သက်တစ်ဆုံး ဝေးဝေးကသာ ရှောင်ပါလေ သားလှရင်သွေး လူကလေး'

ပြီးတော့ ဆက်လက်ပြီး သွန်သင်ပြန်သည်မှာ-

'သားလှလူကလေး အငယ်လေး..မင်း အသက်ရှင်နေသမျှ ကာလပတ်လုံး နိဂြောဓသမင်လို ခေါင်းဆောင်ခြေရင်းမှာ သေရတာဟာ မွန်မြတ်သော သေခြင်းပါ။ သာမသမင်လို ခေါင်းဆောင်ဆီမှာ ဆိုရင်တော့ အသက်ရှင်နေရတာထက် သေရတာကမှ မြတ်ပါသေးတယ်ကွယ်။ မြဲမြံသာ မှတ်သားထားပေတော့'

ခင်ဇော်ဇော်အေး(မန္တလေး)

ကျမ်းကိုး

* နိပါတ်တော်လာ ဇာတ်တော်ငါးရာငါးဆယ်
နိဂြောဓမိဂဇာတ်။

(သူတော်ကောင်းဟုတ်၊မဟုတ်၊ ကိုယ်ကျိုးစွန့်၊မစွန့်ကြည့်၍ သိနိုင်ပါသည်။)

www.burmeseclassic.com

ဝါခေါင်လသည် မြန်မာ့ဆယ့်နှစ်လတွင် ပဉ္စမမြောက်လဖြစ်၍ မိုးဥတု၌ ပါဝင်သည်။ ဤလ၏အမည်ကို ပုဂံခေတ်ထိုး ကျောက်စာများတွင် နံကာလဟု သုံးစွဲခဲ့ကြပြီး အဓိပ္ပာယ်မှာ လယ်လုပ်ချိန်လ ဟူ၍ဖြစ်သည်။ ထိုလကိုပင် ဝါခေါင်လ ခေါ်ဝေါ်သည်မှာ မိုးခေါင်သည်ဟူသော ဝေါဟာရကဲ့သို့ ရဟန်းသံဃာတော်တို့ ဝါမဆို၊ ဝါမကပ်၊ ဝါခေါင် ဝါဝေးသောလ ယူရန်ရှိ၏ဟူ၍ ဝေါဟာရလိုနတ္ထ ဒီပနီကျမ်း၌ ဖော်ပြထားသည်။

ဝါခေါင်လသည် သိဟ်ရာသီဖြစ်၍ သရဝဏ်နက္ခတ်နှင့် လမင်းတို့ ယှဉ်ပြိုင်ထွန်းလင်းကာ ဖုဿနက္ခတ်နှင့် နေမင်းတို့ ယှဉ်ပြိုင်ကြသည်။ ယှဉ်သောတာရာမှာ ဗျိုင်းတာရာဖြစ်သည်။ ရာသီရပ်မှာ ခြင်္သေ့တို့ ကြိုက်နှစ်သက်သော့ရာသီ၊ ခြင်္သေ့နှင့် အရောင်အဆင်းတူသော ရာသီဟု ဆိုသည်။ ရာသီပန်းမှာ ခတ္တာပန်းဖြစ်သည်။ ဤလတွင် နေ့နာရီ (၃၄)နာရီနှင့် ညနာရီ(၂၆)နာရီရှိကြပြီး နေထွက်နာရီ (၅)နာရီ (၄၀)မိနစ်၊ နေဝင်နာရီ (၆)နာရီ

ဝါခေါင်လနှင့် မေတ္တာအဝါတော်ဆန်

www.burmeseclassic.com

www.burmeseclassic.com

မိန့် အသီးသီးရှိကြသည်။ မွန်းတည့်ဖဝါးမှာ (၁)ဖဝါး ဖြစ်သည်။ ရက်မစုံ ကွယ်သောလဖြစ်၍ (၂၉)ရက်သာရှိ၏။

ဝါခေါင်လ၏ ပတ်ဝန်းကျင်ရာသီဥတု အခြေအနေများကို ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ခြင်၊ မိုးမရွာ၊ ရွာပါသော်လည်း၊ မိုးမသည်းဟူ၍ မြန်မာအုပ်ချုပ်ပုံ စာတမ်းတွင် ဖော်ပြထားပြီး ဝါခေါင်လ ထနောင်းပင်၊ ကြောင်ကျစ်ပင်၊ ဆူးရစ်ပင် စသောသစ်ပင်များ ပွင့်သည့်အခါ မိုးအနည်းငယ်သာ ရွာသည်ဆိုလိုသည်ကို ဖွင့်ဆိုထားသည်။

အလားတူ အင်းဝခေတ်ပေါ် ရာပြည့်အိုင်ချင်း တစ်ကြောင်လည်း ဝါဆိုငယ်မှဝါခေါင်၊ ရေဖောင်ဖောင်နှင့်၊ ကောင်ကချောင်း၊ ရွာနောက်ပေါင်းကို၊ ထနောင်းကြောင်ကျစ် ဆူးရစ်ပွင့်ခါ၊ မိုးမရွာသည်၊ ရွာပါသော်လည်း၊ မိုးသည်း စသည်ဖြင့် ဖော်ပြထားသည်။

ဤတွင် စာဆိုမှာ အညာဒေသ၏ ရာသီဥတု အခြေအနေများကို ဖွဲ့ဆိုထားဟန်ရှိသည်။ အကြောင်းမူ စာဆိုဖော်ပြထားသော ထနောင်းပင်၊ ကြောင်ကျစ်ပင်၊ ဆူးရစ်ပင်များမှာ မိုးခေါင်းရေရှား အညာဒေသ၌သာ ပေါက်ရောက်တတ်သော သစ်ပင်များ ဖြစ်သောကြောင့်ပင်။

သို့ရာတွင် အခြားတစ်ဖက်တွင်လည်း စာဆိုတော်အချို့က ဝါခေါင်လတွင် မိုးသည်းထန်တတ်ပုံ၊ မိုးစွေရွာတတ်ပုံတို့ကို တွေ့ရပြန်သည်။ မယ်ခွေဆို စက်ခန်းမှူးလေချီ ဝါခေါင်လဘွဲ့ အဲချင်းတွင် မြစ်လုံးမုဝေဆာ၊ သစ်ကယ်စိမ်းစိမ်း၊ ခက်လက်ကယ်ရိမ်းသည်၊ တစ်ဆော်လိုက်၊ မိုးတစ်ဝိုက်ကို၊ သိုင်းရိုက်တာနှင့် စသည်လည်းကောင်း၊ မဟာအတုလမင်းကြီးဆို မျှော်ယောင်မန်းတော့တယ်ချီ ဝါခေါင်လဘွဲ့ လွမ်းချင်းတွင် လွမ်းခဲ့သည်ချိန်ကို၊ ဒေဝရိန်ပဖုန်မှုံးငယ်က၊ မြူးလှတယ်ဟုလည်းကောင်း၊ ဖိုးဝဇီရဆို လဝါခေါင်ဆီချီ ဝါခေါင်လ ဘွဲ့မှာတမ်းတွင် ဆန်းခေါင်ငယ်မော်၊ မန်းတောင်ဘွေ့၊ တစ်ရိုးဆီက၊ ရွှေမိုးငယ်ဖန်လာ စွေတော့ကို စသည်ဖြင့်လည်းကောင်း အသီးသီး ဖွဲ့ဆိုထားချက်တို့ကို တွေ့ရှိနိုင်သည်။

အချုပ်အားဖြင့် ထိုခေတ် ရာသီဥတု အခြေအနေများက ဝါခေါင်လတွင် အညာဒေသ၌ မိုးနည်းပါးတတ်ကြောင်းကြောင်းနှင့် ရာသီဘွဲ့အချို့တွင် ဖော်ပြထားသော်လည်း စာပေအထောက်အထားများအရ တစ်နိုင်ငံလုံးအနေနှင့် ခြုံ၍ကြည့်ပါမူ မိုးသည်းထန်၍ ရေလျှံသောကာလဟု မှတ်ယူရမည် ဖြစ်ပေသည်။

မိုးစိပ်စိပ်ရွာသည့် ဝါခေါင်လကား တောင်သူလယ်သမားများ တစ်နှစ်တာအတွက် ထွန်ယက်စိုက်ပျိုးသော လုပ်ငန်းများပြီးဆုံး၍ ထွန်တုံးပိတ်ချိန်လည်းဖြစ်ကြောင်း ဝါခေါင်မိုးစိပ် ထွန်တုံးပိတ်ဟူသော ဆိုရိုးစကားဖြင့် သင်္ကေတပြုခဲ့ကြသည်။

ဥတုဘောဇနသင်္ဂဟကျမ်း၌ ဝါခေါင်လ၏သရုပ်ကို ဝါဆိုလနှင့် တွဲဖက်၍ ဝါဆို၊ ဝါခေါင်နှစ်လသည် ဝဿာနဥတုမည်၏။ ဤဝဿာနဥတု၌ စိုစွတ်၏။ ပူတုံအေးတုံရှိ၏။ အိုက်၏။ ကောင်းကင်၌ မိုးတိမ်မပြတ်ရှိ၏။ အနောက်က လေကျတတ်၏။ နတ်သမီးကွမ်းသွေးစသော ပိုး၊ မှက်၊ ခြင်၊ ဖား အစရှိသည်တို့ ပေါများကုန်၏။ ထိမ်၊ မအူ၊ လက်ထုတ်၊ ဆပ်သွား၊ မုလေး၊ ပုန်းညက် စသော ပန်းတို့သည် ပွင့်ကုန်၏။ မြစ်ရေတို့သည် ပြည့်လျှံကုန်၏။ ရေအိုင်၊ ရေကန် စသည်တို့၌ ကြာဖြူ၊ ကြာညိုတို့သည် ပွင့်ကြကုန်၏။ မြေအပြင်၌ မိုးရေဖြင့် မထင်ရှားသော ကုန်ကြည်း ရှိကုန်၏။ စပါးပင်တို့ဖြင့် တင့်တယ်ကုန်၏။ အမြစ်၊ အသီး၊ အပွင့်၊ အရွက်ဆေးမျိုးတို့သည် ပေါက်သစ်စဖြစ်၍ နုသောကြောင့် အစွမ်းသတ္တိ နည်းကုန်၏။ အပလေအား ကြီး၏။ သည်းခြေငုတ်၏။ လေပျက်၏။ ဝမ်းမီးနုန့်၏ စသည်ဖြင့် ဖော်ပြထားသည်။

ဝါခေါင်လ၏ ရာသီပွဲတော်မှာ စာဆိုတော် ဦးအောင်ကြီး ဆိုသာစွေလေ၊ တိမ်ခြေမှိုင်းထန်ချီ ဝါခေါင်လဘွဲ့ လူးတားလာ နံကာဆန်းစ၊ ဝါခေါင်လတား၊ ကျောင်းမှမကွာ၊ ထေရ်သံဃာတို့၊ သဒ္ဓါရွှင်လန်း၊ ဆွမ်းပန်းကျွေးဟန်၊ စာရေးတံဟု၊ ကောင်းမွန်စီရင်၊ သဘင်ဒါန၊ လှူဒါန်းကြလျက်ဟူသော စာဆိုနှင့်အညီ စာရေးတံအလှူပွဲဖြစ်သည်။ မြန်မာအဘိဓာန်တွင် စာရေးတံကို ဆွမ်းစသည်ကို ပေးလှူရာတွင် ကံစမ်းမဲအဖြစ် အသုံးပြုရသော အချောင်း၊ အတံ၊ မဲလိပ် စသည်ဟု ဖွင့်ဆိုထားသည်။

စာရေးတံပွဲ ဖြစ်ပေါ်လာပုံမှာ ရာဇကြိုဟ်ပြည် ဓေဋ္ဌဝန်ကျောင်းတော်တွင် မြတ်စွာဘုရား သီတင်းသုံးနေစဉ် တစ်ပြည်လုံး၌ အစာငတ်မွတ်ခေါင်းပါးသောဘေး ကျရောက်ခဲ့သည်။ ဒါယကာများသည် ကျောင်းတိုက်တစ်ခုလုံးရှိ သံဃာများအား ဆွမ်းလှူဒါန်းရန် မတတ်နိုင်သဖြင့် သံဃာများထဲမှ တစ်ပါး၊ နှစ်ပါး၊ တစ်ကျိပ်၊ နှစ်ကျိပ် စသည့်

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ရည်ညွှန်းရွေးကောက် လှုံ့ဆါန်းလိုကြသဖြင့် ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က စာရေးတံမဲချ၍ လှုံ့ဆါန်းသော သလာကဘတ်အလှူကို ခွင့်ပြုတော်မူခဲ့သည်။

စောလှဝန်းဘုရား ကျောက်စာအရ စာရေးတံဆွမ်းအလှူသည် ပုဂံခေတ်ကပင် ရှိခဲ့သည်ဟု ပညာရှင်အချို့ ယူဆခဲ့ကြသည်။ မဲတုတ်တံကလေးများမှာ ဝါးခြမ်းစိတ်များဖြစ်၍ ထိပ်ပိုင်းတွင် ဘုန်းတော်ကြီးဘွဲ့ ရေးသားရန် အပြားကလေးများ ပြုလုပ်ထားသည်။ ဘုန်းတော်ကြီးကျောင်းများရှိ ဘုန်းကြီးများစာရင်း ကောက်ယူပြီးလျှင် ဆွမ်းအုပ်အရေအတွက် အနည်း, အများအလိုက် မဲဖောက်၍ ဆွမ်းအုပ်များ ပေးပို့လှုံ့ဆါန်းရသော ဓလေ့ဖြစ်သည်။

ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင် ဟူသော ဆိုရိုးစကားနှင့်အညီ အသွားအလာခက်ခဲသော မိုးထန်၍ ရေလျှံသည့် ဝါခေါင်လတွင် တစ်နည်းအားဖြင့် ရဟန်းသံဃာများ ဆွမ်း၊ ကွမ်းကိစ္စ အနှောင့်အယှက်မဖြစ်ကြစေရန် တပည့်ဒါယကာ, ဒါယိကာမများ စုပေါင်း၍ ဆွမ်းကိစ္စပြီးမြောက်အောင် ဆောင်ရွက်ကြခြင်းဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ စာရေးတံပွဲတွင် မူလက ဆွမ်းကိုသာ လှုံ့ဆါန်းခဲ့ကြသော်လည်း နောင်အခါတွင် စေတနာသဒ္ဓါတရားအလျောက် ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းအသုံးအဆောင်များကိုပါ စာရေးတံမဲချ လှုံ့ဆါန်းလာကြပြီး မဲချရာတွင်လည်း မဲတုတ်တံကလေးများအစား စက္ကူမဲလိပ်ဖြင့် အစားထိုးသုံးစွဲလာကြသည်။ ကဝိလက္ခဏာသတ်ပုံ သံပေါက်တွင် မစိမ်းမဆွဲ၊ စာရေးတံ၊ ရေနံမသုတ်ဘဲဟု စပ်ဆိုထားသည်။

စာရေးတံဆွမ်းအလှူကား ထူးခြားမွန်မြတ်သောအလှူဖြစ်သည်။ နိဗ္ဗဒ္ဓ (ခေါ်) မြဲမြံစေသော အလှူဝတ္ထုခြောက်မျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်၍ နောင်ဘဝတွင် လူဖြစ်ရန် သော်လည်းကောင်း၊ နတ်ဖြစ်ရန်သော်လည်းကောင်း သေချာသည်။ အပါယ်လေးပါးသို့ မကျရောက်နိုင်တော့သဖြင့် သောတာပန်နှင့် အလားတူသည်ဟု ကျမ်းဂန်များ၌ ပြဆိုထားသည်။

ဝါခေါင်လပြည့်နေ့ကား မေတ္တာအခါတော်နေ့ ဖြစ်သည်။ ဝါခေါင်လနှင့် မေတ္တာအခါတော်နေ့ ဆက်စပ်ပုံမှာ ဤသို့ဖြစ်၏။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူစဉ် ရဟန်းငါးရာတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားနာယူ၍ ဟိမဝန္တာနှင့် တစ်စပ်တည်းရှိသော တောအုပ်တစ်ခုအတွင်းသို့ ပထမဝါကပ်ရန် ကြွရောက်လာခဲ့ကြသည်။ ထိုရဟန်းတို့သည် သစ်ပင်ရင်းများ၌ သီတင်းသုံး၍ ကမ္မဋ္ဌာန်းအလုပ်ကို ကြိုးစားအားထုတ်တော်မူကြရာ ရဟန်းတို့၏ သီလတန်ခိုးကြောင့် သစ်ပင်စောင့်နတ်တို့သည် မိမိတို့ ဘုံဗိမာန်မှဆင်းကာ နေရာဖယ်ပေးကြရသည်။ သို့ဖြင့် များစွာငြိုငြင် ပင်ပန်းကြသော ရက္ခစိုးနတ်များသည် ရဟန်းများ တစ်နေ့ ပြန်သွားနိုးဖြင့် စောင့်စားနေခဲ့သော်လည်း ရက်အတန်ကြာသည့်တိုင် မပြန်ကြသဖြင့် သည်းမခံနိုင်တော့ဘဲ ညအခါ ရဟန်းများအား ကြောက်မက်ဖွယ် အဆင်းအာရုံ၊ ထိတ်လန့်ဖွယ် အသံအာရုံ၊ ရွံရှာစက်ဆုပ်ဖွယ် အနံ့အာရုံတို့ဖြင့် အမျိုးမျိုးခြောက်လှန့်ကြသည်။ ထိုအခါ ရဟန်းများသည် စိတ်ဓာတ်ချောက်ချားကာ ကမ္မဋ္ဌာန်းအာရုံ၌ သမာဓိမရနိုင်တော့သဖြင့် မြတ်စွာဘုရား သီတင်းသုံးရာ ဇေတဝန်ကျောင်းတော်သို့ ပြန်လည်ကြွမြန်းလာကြသည်။

ထိုရဟန်းများသည် မြတ်စွာဘုရားအား မိမိတို့ အကြုံများနှင့် တရားအားထုတ်ရန် အခြားသင့်လျော်သည့် နေရာကိုလည်း မိန့်ကြားရန် လျှောက်ထားကြသည်။

ထိုအခါ မြတ်စွာဘုရားက ရဟန်းများအား ထိုတော အုပ်မှတစ်ပါး အရဟတ္တဖိုလ်သို့ ဆိုက်ရောက်နိုင်သော အခြားအရပ် မရှိသဖြင့် ထိုတောအုပ်သို့ပင် ဒုတိယဝါတော အမြဲ ပြန်လည်ကြွမြန်းကြရန် မိန့်ကြားပြီး အရံအတော် လည်းဖြစ်၊ ကမ္မဋ္ဌာန်းလည်းဖြစ်သော ကရဏီယမတ္တ ကုသ လေန အစရှိသည့် မေတ္တာသုတ်ဒေသနာတော်ကို ဟော သင်ကြားပေးတော်မူသည်။

ရဟန်းများသည် မူလတောအုပ်သို့ ပြန်လာကြ ဝါခေါင်လအတွင်း ဒုတိယဝါကပ်၍ မေတ္တာသုတ်တော် ရွတ်ဆိုပွားများကြရာ နတ်များက ကြည်ညိုသဒ္ဓါဖြစ် အနှောင့်အယှက် မပေးတော့သည့်အပြင် ဝတ်ကြီး, ဝတ် များကိုပင် ပြုစုစောင့်ရှောက်ပေးကြသည်။ ရဟန်းများ ထိုမေတ္တာသုတ်ကို အခြေခံကာ ဝိပဿနာအလုပ် အား ကြသဖြင့် ဝါတွင်းမှာပင် ရဟန်းငါးရာလုံး အရဟတ္တ သို့ဆိုက်ကာ ရဟန္တာဖြစ်ကြပြီး ဝါကျွတ်သောအခါ မဟာပဝါရဏာ ပြုတော်မူကြသည်။

ယင်းသို့ ရဟန်းငါးရာတို့ကို အကြောင်းပြု၍ သုတ်ကို ဝါတွင်းကာလ၌ ဟောတော်မူခြင်း၊ ထိုရဟန် တောအုပ်သို့ပြန်၍ ဝါခေါင်လ၌ ဒုတိယဝါကပ်ဆောက်

www.burmeseclassic.com

www.burmeseclassic.com

ကို့ကြောင့် ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့ဟု သတ်မှတ်ခြင်း ဖြစ်သည်။

BURMESE CLASSIC

မေတ္တာသည် ပါဠိစကားဖြစ်၍ ချစ်ခြင်းဟု အဓိပ္ပာယ်ရှိသည်။ မေတ္တာသည် ကြည်လင်အေးမြ၍ ငြိမ်းချမ်းသည်။ အထွာကဲ့သို့ နောက်ကျိုပူလောင်မှု မရှိ။ မေတ္တာသည် ဗြဟ္မာဝိဟာရတရားလေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည်။ မေတ္တာ၏ အဝေးရန်သူမှာ ဒေါသဖြစ်၍ အနီးရန်သူမှာ တဏှာလောဘဖြစ်သည်။ မေတ္တာသက်လုံ ပျက်သူသည် ဒေါသထွက်လွယ်ပြီး ခန္တီဝန်ကို မနိုင်ပေ။ လောကတွင် အင်အားအကြီးမားဆုံးတရားမှာ မေတ္တာဖြစ်၍ မေတ္တာရှိခြင်းအား ကြီးမားပုံကို ဘုရားရှင်က ဝေလာမသုတ်တွင် အဆင့်(၁၀)ဆင့် ခွဲခြားခဲ့လည်းကောင်း၊ တစ်နေ့လျှင် အိုးအုံး(၁၀၀)ဖြင့် သုံးကြိမ်ချက်၍ လှူဒါန်းသောဒါနထက် တစ်ဉစ်စာမျှ မေတ္တာဘဝနာပွားများခြင်းက ပိုမိုအကျိုးကြီးမားကြောင်းကိုလည်းကောင်း ဟောကြားတော်မူသည်။

မေတ္တာသုတ်တွင် မိခင်သည် ရင်၌ဖြစ်သော တစ်ဦးတည်းသောသားကို အသက်ရှင်စေရန် အစဉ်စောင့်ရှောက်သကဲ့သို့ သတ္တဝါခပ်သိမ်းတို့၌ အတိုင်းအရှည် မရှိသော မေတ္တာစိတ်ကို ပွားများရာ၏ဟုလည်းကောင်း၊ ထိုမေတ္တာကမ္မဋ္ဌာန်း စီးဖြန်းသူသည် သက္ကာယဒိဋ္ဌိသို့ မကပ်မူ၍ လောကုတ္တရာသီလရှိလျက် သောတာပတ္တိမဂ်ဉာဏ်အမြင်နှင့် ပြည့်စုံ၍ ဝတ္ထုကာမတို့၌ တပ်မက်တွယ်တာမှုကို ပယ်ဖျောက်သည်ရှိသော် အဓိဝမ်း၌တစ်ဖန် ပဋိသန္ဓေနေခြင်းသို့ မရောက်တော့ပေဟုလည်းကောင်း အသီးသီး ဟောကြားထားပေသည်။

မေတ္တာအကျိုး ဆယ့်တစ်ပါးရှိရာ ယင်းတို့မှာ အိပ်သော်ချမ်းသာ၊ နိုးခါသုခ၊ မြတ်လှအိပ်မက်၊ နှစ်သက်လူတို့၊ နတ်တို့ချစ်ခင်၊ နတ်ပင်စောင့်နေ၊ မီးရေမဖျက်၊ ငြိမ်သက်တည်ကြည်၊ ရွှင်ကြည်မျက်နှာ၊ သေခါမမှိုင်၊ ဗြဟ္မာတိုင်သား၊ ဆယ့်တစ်ပါးဟု အကျဉ်းမှတ်အပ်ပေသည်။

သို့ဖြစ်ရာ အကျိုးစီးပွားကို လိုလားကုန်သော ဗုဒ္ဓဘာသာဝင် သူတော်ကောင်းအပေါင်းတို့သည် မေတ္တာသုတ်ပါဠိတော်ကို အခါမလပ် ရွတ်ဆိုပွားများခြင်းဖြင့် မေတ္တာအကျိုးအာနိသင်များ ရရှိခံစားနိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသည်။

မင်းမြင့်ဦး

မန္တလေး-နေပြည်တော် ဆရာလှ၏ မြို့တပည့်

ဆရာမကြီး ဒေါ်စောဦးစိ (ရှမ်းပြည်)

B.A (History)

၎၆၃၄ လက္ခဏာ ဆဝဒပညာရှင်

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှမ်းပညာစစ်စစ်၊ အဲ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယဇ်ဘြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၀၉ ၇၃ ၂၄၀ ၇၉၆ ၊ ၀၉ ၃၂ ၂၂ ၇၇ ၉၇

www.burmeseclassic.com

www.burmeseclassic.com

(၂၀၁၅)ခုနှစ်၊ ဩဂုတ်လအတွင်း ဂနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် လင်္ဂနှင့် မွန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်ဇယားကို အထူးတွက်ချက် ဖော်ပြပေးထားပါသည်။

ယင်းကာလများတွင် လာဘ၊ဓနဆိုင်ရာ ဂါထာ၊မန္တန်များ ရွတ်ဖွားခြင်း၊ ယတြာ၊အစီအရင်များ ဆောင်ရွက်ခြင်းဖြင့် အကျိုးထူးများစွာ ခံစားရပါမည်။

အထူးမှာ (၁-၈-၂၀၁၅) နံနက်(၉း၄၅း၀၁)နာရီမှ (၂-၈-၂၀၁၅) နံနက်(၆း၀၇း၅၇)နာရီ အတွင်းနှင့် (၂၈-၈-၂၀၁၅) ညနေ(၆း၅၃း၅၈)နာရီမှ (၂၉-၈-၂၀၁၅) ညနေ(၄း၁၉း၅၅)နာရီ အတွင်းတို့တွင် စန်း (ခေါ်) တနလ်ာဂြိုဟ်သည် ဓနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် ကောဇာသွားခြင်းဖြင့် ရောက်ရှိဖြတ်ကျော်နေပါလိမ့်မည်။

သို့ဖြစ်ပါ၍ လင်္ဂဖြတ်ကျော်ခြင်းအတွက် (၁-၈-၂၀၁၅) ည(၇း၀၄း၂၅)နာရီမှ (၇း၅၀း၂၆) နာရီအတွင်းတွင်လည်းကောင်း၊ မွန်းတည့်မျဉ်းဖြတ်ကျော်ခြင်းအတွက် (၂-၈-၂၀၁၅) နံနက် (၀း၄၄း၀၅)နာရီမှ (၁း၃၅း၄၄)နာရီအတွင်းနှင့် (၂၈-၈-၂၀၁၅) ည(၁၀း၅၇း၅၆)နာရီမှ (၁၁း၄၉း၃၄) နာရီအတွင်းတို့တွင်လည်းကောင်း လာဘ၊ဓနဆိုင်ရာ ကိစ္စများကို ဆောင်ရွက်ခြင်းဖြင့် အကျိုးထူးများစောနိမုချ ခံစားရပေလိမ့်မည်။

ဆရာရန်အောင်ဟိန်း(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

(၂၀၁၅)ခုနှစ်၊ ဩဂုတ်လအတွင်း

ဧရာဝတီခရိုင်နယ်ပယ်ဆိုင် သက်ကြီးဝန်းကျင်ရောဂါ

ရက်	စုဝင်ငွေကျပ်	ထွက်ခွာငွေကျပ်
၁	၀၀၄၁၀၀	၀၁၉၀၀၀
၂	၀၀၄၀၀၀	၀၁၉၂၀၀
၃	၀၀၃၉၀၀	၀၁၉၂၀၀
၄	၀၀၃၈၀၀	၀၁၉၂၀၀
၅	၀၀၃၇၀၀	၀၁၉၂၀၀
၆	၀၀၃၆၀၀	၀၁၉၂၀၀
၇	၀၀၃၅၀၀	၀၁၉၂၀၀
၈	၀၀၃၄၀၀	၀၁၉၂၀၀
၉	၀၀၃၃၀၀	၀၁၉၂၀၀
၁၀	၀၀၃၂၀၀	၀၁၉၂၀၀
၁၁	၀၀၃၁၀၀	၀၁၉၂၀၀
၁၂	၀၀၃၀၀၀	၀၁၉၂၀၀
၁၃	၀၀၂၉၀၀	၀၁၉၂၀၀
၁၄	၀၀၂၈၀၀	၀၁၉၂၀၀
၁၅	၀၀၂၇၀၀	၀၁၉၂၀၀
၁၆	၀၀၂၆၀၀	၀၁၉၂၀၀
၁၇	၀၀၂၅၀၀	၀၁၉၂၀၀
၁၈	၀၀၂၄၀၀	၀၁၉၂၀၀
၁၉	၀၀၂၃၀၀	၀၁၉၂၀၀
၂၀	၀၀၂၂၀၀	၀၁၉၂၀၀
၂၁	၀၀၂၁၀၀	၀၁၉၂၀၀
၂၂	၀၀၂၀၀၀	၀၁၉၂၀၀
၂၃	၀၀၁၉၀၀	၀၁၉၂၀၀
၂၄	၀၀၁၈၀၀	၀၁၉၂၀၀
၂၅	၀၀၁၇၀၀	၀၁၉၂၀၀
၂၆	၀၀၁၆၀၀	၀၁၉၂၀၀
၂၇	၀၀၁၅၀၀	၀၁၉၂၀၀
၂၈	၀၀၁၄၀၀	၀၁၉၂၀၀
၂၉	၀၀၁၃၀၀	၀၁၉၂၀၀
၃၀	၀၀၁၂၀၀	၀၁၉၂၀၀
၃၁	၀၀၁၁၀၀	၀၁၉၂၀၀

(၂၀၁၅)ခုနှစ်၊ ဩဂုတ်လအတွင်း

ဧရာဝတီခရိုင်နယ်ပယ်ဆိုင် မူနဲ့စာရွက်မှုဝိုင်ဖြစ်ပေးရောဂါ

ရက်	စုဝင်ငွေကျပ်	ထွက်ခွာငွေကျပ်
၁	၀၁၈၄၀၀	၀၁၉၃၀၀
၂	၀၁၈၅၀၀	၀၁၉၃၀၀
၃	၀၁၈၆၀၀	၀၁၉၃၀၀
၄	၀၁၈၇၀၀	၀၁၉၃၀၀
၅	၀၁၈၈၀၀	၀၁၉၃၀၀
၆	၀၁၈၉၀၀	၀၁၉၃၀၀
၇	၀၁၉၀၀၀	၀၁၉၃၀၀
၈	၀၁၉၁၀၀	၀၁၉၃၀၀
၉	၀၁၉၂၀၀	၀၁၉၃၀၀
၁၀	၀၁၉၃၀၀	၀၁၉၃၀၀
၁၁	၀၁၉၄၀၀	၀၁၉၃၀၀
၁၂	၀၁၉၅၀၀	၀၁၉၃၀၀
၁၃	၀၁၉၆၀၀	၀၁၉၃၀၀
၁၄	၀၁၉၇၀၀	၀၁၉၃၀၀
၁၅	၀၁၉၈၀၀	၀၁၉၃၀၀
၁၆	၀၁၉၉၀၀	၀၁၉၃၀၀
၁၇	၀၂၀၀၀၀	၀၁၉၃၀၀
၁၈	၀၂၀၁၀၀	၀၁၉၃၀၀
၁၉	၀၂၀၂၀၀	၀၁၉၃၀၀
၂၀	၀၂၀၃၀၀	၀၁၉၃၀၀
၂၁	၀၂၀၄၀၀	၀၁၉၃၀၀
၂၂	၀၂၀၅၀၀	၀၁၉၃၀၀
၂၃	၀၂၀၆၀၀	၀၁၉၃၀၀
၂၄	၀၂၀၇၀၀	၀၁၉၃၀၀
၂၅	၀၂၀၈၀၀	၀၁၉၃၀၀
၂၆	၀၂၀၉၀၀	၀၁၉၃၀၀
၂၇	၀၂၁၀၀၀	၀၁၉၃၀၀
၂၈	၀၂၁၁၀၀	၀၁၉၃၀၀
၂၉	၀၂၁၂၀၀	၀၁၉၃၀၀
၃၀	၀၂၁၃၀၀	၀၁၉၃၀၀
၃၁	၀၂၁၄၀၀	၀၁၉၃၀၀

www.burmeseclassic.com

www.burmeseclassic.com

စင်ကာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယု၏ ဇာတာဒဿ

ဇော.ပီစနစ်ဖြင့် လေ့လာသုံးသပ်ခြင်း

ဆရာရန်အောင်ဟိန်း(B.Sc)

စင်ကာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယုကို (၁၆-၉-၁၉၂၃)ခုနှစ် စံပြုနှုန်နယ်အချိန် (၇း၀၀)နာရီရှိ ဒေါ်တွင် နံနက်(၉း၀၇)နာရီ၌ ဖွားမြင်ခဲ့သည်။ စင်ကာပူနိုင်ငံ စထရိက်ဆက်တဲလ်မန် (၁ ၂၂')မြောက်၊ (၁၀၃ ၄၈')အရှေ့တွင် ဖြစ်သည်။ ဇာတာမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဇာတာမှ ဖော်ပြသော ထူးခြားချက်များ

လဂ်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ် ၂လုံးနှင့် (၁၀)တန်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ် ရာဟုတို့သည် (၁)တန် (မိမိဘာသာ ကြိုးပမ်းခြင်း)၊ (၁၀)တန်(နိုင်ငံရေးသြဇာ၊ ကျော်ကြားခြင်း၊ သမ္မတမွေးလုပ်ငန်း)တို့နှင့် ဆက်စပ်ပတ်သက်နေသည်။ ဂြိုဟ်(၈)လုံးတို့သည် (၁၁)တန်ဘာဝနှင့် ဆက်နွယ်အကျိုးဆောင်နေခြင်းကလည်း ထူးခြားလှသည်။ ၁နွေ၊ ၃ဂျာ၊ ၆ကြာ၊ စနေ၊ ရာဟု၊ ကိတ် ဂြိုဟ်များသည် (၁၁)တန်ရပ် ဂြိုဟ်များ ပိုင်သည့် နက္ခတ်များကို စီးထားကြပြီး ၂လုံးနှင့် ၄ဟူးဂြိုဟ်တို့သည် (၁၁)တန်ဘာဝ အကျိုးဆောင်ဂြိုဟ်များပိုင်သည့် ဘုတ္တိနက္ခတ်များကို စီးထားကြသည်။

လီကွမ်ယုသည် (၃-၆-၁၉၅၅)(ဗြကော ထူလ၊ ၁နွေ ဘုတ္တိ၊ ၃ဂျာ အန္တရ၊ ၄ဟူး သုခုမဒသာ)မှ (၂၈-၁၁-၁၉၉၀)(၃ဂျာ ထူလ၊ ၆ကြာ ဘုတ္တိ၊ စနေ အန္တရ၊ ကိတ် သုခုမဒသာ) ကာလထိ စင်ကာပူနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဝန်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ချုပ်သက်တမ်း ရှည်လှပေသည်။ ထို့နောက်ပိုင်းတွင် (၂၁-၅-၂၀၁၁) (ရာဟု ထူလ၊ ဖကြာ ဘုတ္တိ၊ ခုဂ်ါ အန္တရ၊ ရာဟု သုခုမဒသာ) အထိ ဝါရင့် ပါလီမန်ဝန်ကြီးအဖြစ် ဆောင်ယူခဲ့ပြန်သည်။ ပီ.အေ.ပီ ပါတီ လူထုနှစ်သက်မှု ကျဆင်းခဲ့ပြီး ပါလီမန်တွင်း အကြပ်ပေးနိုင်မှု အဆင့်မှ လျော့ကျခဲ့ပြီးနောက် မေလ (၁၁)ရက် (၂၀၁၁)ခုနှစ် ပါလီမန် ရွေးကောက်ပွဲတွင် ရွေးကောက်ခံရ၍ ပါလီမန်သို့ ပြန် ဆောက်ခဲ့ရသည်။

လဂ်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ် ၂လံသည် (၁)တန့်ဘာဝတွင်ပင် ရပ်တည်၍ (၁၀)တန့် သခင်ဂြိုဟ်လည်း ဖြစ်သည်။ ၂လံဂြိုဟ်သည် (၄၊ ၅)တန့်သခင်အဖြစ် (၁၂)တန့်ဘာဝတွင် ရပ်တည်ထားသော စနေဂြိုဟ်ပိုင် နက္ခတ်ကို စီးထားသည်။

(၁၀)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ် ရာဟု ဖြစ်ပြီး (၁၁)တန့်ဘာဝတွင် ရပ်တည်နေသည်။ (၁၁)တန့် သခင် ၁နွေဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်ခြင်း ဖြစ်သည်။ ထို့ခြင် (၂၊ ၇)တန့်သခင် ၃ဂါဂြိုဟ်နှင့်လည်း ပူးယှဉ်ရပ် တည်နေသေးသည်။ (၇)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင် ဂြိုဟ်သည်လည်း ရာဟုပင် ဖြစ်နေပေရာ (၇၊ ၈)တန့်ဘာဝ များ (စီးပွားရေး၊ အသက်မွေးလုပ်ငန်း)သည် ရာဟုနှင့် ဆက်စပ်ပတ်သက်နေပေသည်။

စီးပွားရေးတွင် အလွန်သိမြင် လုပ်ဆောင်နိုင်စွမ်း ရှိရခြင်း

(၅)တန့် (အသိဉာဏ်)၊ (၉)တန့် (အဆင့်မြင့်စိတ်ထား၊ ဓနဘီးနိုင်စွမ်း)၊ (၁၁)တန့် (အောင်မြင်ပြီးမြောက်ခြင်း) ဘာဝများ အားလုံး၏ သန္ဓိဘုတ္တိနက္ခတ် သခင်ဂြိုဟ်မှာ ဖကြာဂြိုဟ် ဖြစ်သည်။ ဖကြာဂြိုဟ်သည် (၁၊ ၈) (နိုင်ငံခြားတိုင်းပြည်များနှင့် ငွေကြေးဆက်သွယ် ဖလှယ်ခြင်း) သခင် ဖြစ်ပြီး (၁၁)တန့်ဘာဝတွင် ရပ်တည်နေ၏။ ဖကြာဂြိုဟ် သည် (၁၁)တန့်တွင် ၁နွေ(၁၁-တန့်သခင်)၊ ခုဂ်ါ(၂-တန့် ငွေကြေးသခင်)တို့နှင့် ပူးယှဉ်ရပ်တည်နေပေသည်။ သို့ဖြစ် ၍ (၅၊ ၉၊ ၁၁)တန့်ဘာဝများ၏ သန္ဓိဘုတ္တိနက္ခတ်သခင် ဂြိုဟ် ဖကြာသည် ငွေကြေး(finance)ဆိုင်ရာတွင် ဖန်တီး ထုပ်ဆောင် အောင်မြင်မည်ဖြစ်ကြောင်း ဖော်ပြနေပေသည်။

(၃)တန့် (စွမ်းရည်၊ ရဲရင့်ခြင်း)ဘာဝ သန္ဓိဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် ၁နွေဖြစ်သည်။ ၁နွေဂြိုဟ်သည် (၁၁) တန့်သခင်အဖြစ် (၁၁)တန့်ဘာဝတွင် ခုဂ်ါ(ရဲစွမ်းသတ္တိ) ဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်နေသည်။ ယင်းတို့ကို (၂)တန့်

(စိတ်)ဂြိုဟ်က အမြင်ကြဲထားသည်။ ကံဂြိုဟ်သည်လည်း (၃)တန့်ဘာဝတွင် ရပ်တည်နေသည်။

ထို့ပြင် (၁၀)တန့် (သက်မွေးအလုပ်)ဘာဝ သန္ဓိဘုတ္တိ နက္ခတ် သခင်ဂြိုဟ်သည် ရာဟုဖြစ်သည်။ ရာဟုသည် ဆိုပြီးသည့်အတိုင်း (၁၀၊ ၁၁ ၂၊ ၇)ဘာဝများနှင့် ဆက် စပ်အကျိုးဆောင်နေပေသည်။ သို့ဖြစ်၍ ငွေကြေး၊ စီးပွား ရေး(၇-တန့်)တို့တွင် အောင်မြင်စွာ စီမံလုပ်ဆောင်နိုင်စွမ်း

www.burmeseclassic.com

ရှိပေသည်။ ရဲရဲဝံ့ဝံ့လည်း လုပ်ရဲပေသည်။

ချစ်ကြိုက်၍ လက်ထပ်ရခြင်း

ဇာတာတွင် (၅)တန့် (အချစ်ရေး)ဘာဝ သန္ဓိဘုတ္တိ နက္ခတ် သခင်ဂြိုဟ်သည် ဖကြောဖြစ်ပြီး (၁၁)တန့်ဘာဝတွင် ရပ်တည်နေသည့် (၁၊ ၈)တန့်သခင်ဂြိုဟ် ဖြစ်သည်။ ဖကြောဂြိုဟ်သည် (၁၁)တန့်ဘာဝတွင် ရပ်တည်သော ရာဟုဂြိုဟ်ပိုင် နက္ခတ်ကို စီးထားသည်။ ရာဟုသည် (၁၁)တန့် သခင် ၁နွေ၊ (၂၊ ၇)တန့်သခင် ခုဂ်ါတို့နှင့်လည်း ပူးယှဉ်ရပ်တည်နေသည်။ သို့ဖြစ်၍ ချစ်ခြင်းမေတ္တာဖြင့် လက်ထပ်ခြင်းကို ဖြစ်စေပါသည်။ လီသည် (၂၃-၁၂-၁၉၄၇) တွင် ကွာကျောက်ချို(Kwa Geok Choo) နှင့် အင်္ဂလန်တွင် ဥပဒေပညာ သင်ယူနေစဉ် တိတ်တဆိတ် လျှို့ဝှက်စွာ လက်ထပ်ခဲ့၏။ (၁၉၅၀)ပြည့်နှစ်၊ စက်တင်ဘာလတွင် စင်ကာပူ၌ ထပ်မံလက်ထပ်ခဲ့၏။ ၄ဟူး ထူလ (၂-တန့်)၊ စနေ ဘုတ္တိ (၁၁၊ ၂၊ ၇ တန့်များ)တွင် လက်ထပ်ခဲ့ခြင်း ဖြစ်ပေသည်။ ဤနေရာတွင် ထူလ၊ ဘုတ္တိဒသာ သခင်ဂြိုဟ်များ (၁၊ ၆၊ ၁၀)တန့်ဘာဝများနှင့် (၈)(လျှို့ဝှက်)၊ (၁၂)တန့်ဘာဝများနှင့် ဆက်စပ်နေခြင်းကား လျှို့ဝှက် လက်ထပ်ခြင်းကို ဖော်ပြနေခဲ့ပါသည်။

သေဆုံးခြိမ့်

(၂၃-၃-၂၀၁၅) နံနက်(၃း၁၈)နာရီတွင် လီကွမ်ယု သေဆုံးခဲ့ရသည်။ ရာဟု တူလ၊ ၂လာ် ဘုတ္တိ၊ စနေ အန္တရ၊ ရာဟု သုခုမဒသာ ကာလတွင် ဖြစ်၏။

ရာဟုသည် (၁၁၊ ၂၊ ၇)တန့် ဘာဝများအတွက်

အကျိုးဆောင်ရကား မာရက၊ ဘာဂေ ဘာဝများ အား
နှင့် ဆက်စပ်ပတ်သက်နေ၏။

ဘုတ္တိဒသာသခင် ၂လာ်ဂြိုဟ်သည် ဘာဝတစ်ခု အ
သတ်ခြင်း(မောက္ခ)ကို ဖော်ပြသော (၁၂)တန့် ဘာဝ
ရပ်တည်နေသည့် စနေဂြိုဟ်ပိုင် နက္ခတ်ကို စီးထား
စနေသည် (၁၁)တန့် (ဘာဂေ)ရပ် ဖကြောဂြိုဟ်နှင့်လည်
ပူးယှဉ်ထား၏။

အန္တရဒသာသခင်ဂြိုဟ် စနေသည် (၁၂)တန့် (
တစ်ခု အဆုံးသတ်ခြင်း)တွင် ရပ်တည်၍ ဖကြော(သ
တန့် ဘာဂေ)ရပ်နှင့် ပူးယှဉ်ထား၏။ ထို့ပြင် (၂
(မာရက)သခင်အဖြစ် (၁၁)တန့်(ဘာဂေ)၌ ရပ်တည်
သော ခုဂ်ါဂြိုဟ်ပိုင် နက္ခတ်ကို စီးထားသည်။

ထို့ကြောင့် ထူလ၊ ဘုတ္တိ၊ အန္တရ၊ သုခုမဒသာ သ
ဂြိုဟ်များသည် သေဆုံးခြင်းကို ဖော်ပြနေ၏။

ထင်ပေါ်ကျော်ကြားမှု ထားရစ်ခဲ့နိုင်ခြင်း

လူသေသော်လည်း နာမည်မသေခြင်းအတွက် တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ် သခင်ဂြိုဟ်ဖြင့် ကြည့်ရသည် အထက်ပါ ဇာတာတွင် (၈)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခ သခင်ဂြိုဟ်သည် ၄ဟူးဖြစ်ပြီး (၁)တန့် (မိမိကိုယ်)၊ (
တန့် (ထင်ပေါ်ကျော်ကြားခြင်း၊ နာမည်ကျန်ရစ်ခြင်း)ဘာ
များအတွက် အကျိုးဆောင်ထားသည်။ သို့ဖြစ်၍ လူသေ
တွင် လူသေသော်လည်း နာမည်မသေသူ တစ်ဦးအ
ကမ္ဘည်းတွင် ကျန်ရစ်နေမည်မှာ သေချာပါသည်။

ဆရာရန်ဒေဘောင်ဟိန်း(B.

ကျမ်းကိုး * (၂၀၁၅)ခုနှစ်၊ ဧပြီလ။ K.P. Ezine

www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓိရုပရိသတ်မေး၍

ဆရာရန်အောင်ဟိန်း ပြေသည်

ဂန္ဓိရမဂ္ဂင်း (ပေဒင် အမေး-အဖြေ ကဏ္ဍ)

ဂန္ဓိရမဂ္ဂင်း၏ ပေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ဂန္ဓိ ဝတ္ထုဇင်း

အမှတ်-၁၀၂(တ)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

- မေးသူ၏အမည် ----------
- မွေးနေ့ (နှစ်၊ လ၊ ရက်) ----------
- မွေးဖွားရာ မြို့/ရွာ ----------
- အချိန်နာရီ (နေ့/ည) ----------

မေးခွန်းများ

(၁) ----------

(၂) ----------

(၃) ----------

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့ရုပ်ရှင်သတ်မှတ်မှုမျှ သာယာရှိသောအောင်ပါနိုင်းပြေသည်

မောင်သန်းအောင်

(၁၂-၁၂-၁၉၈၆၊ နံနက် ၁း၅၀ နာရီ၊ မန္တလေးမြို့)



၁။ *မည်သည့်အလုပ်မျိုးနှင့် အကျိုးပေး ချမ်းသာမလဲ။*

ဝန်ထမ်းထက် စီးပွားရေးလောက (၀၀) ကိုယ်ပိုင်လုပ်ငန်းဖြင့် အကျိုးပေးသည်။ (၁၀)တန်သခင် ၂လံာ (၇)တန်ဘာဝတွင် ရပ်တည်ပြီး ငြိုးနှင့် အပြန်အလှန် အမြင်ကျဉ်နေ၏။ ရေ၊ အရည်နှင့်ပင်သက်သောလုပ်ငန်း၊ အထည်လုပ်ငန်း၊ လျှပ်စစ်ပစ္စည်း၊ ကွန်ပျူတာ၊ အလှကုန်ဆိုင်ရာလုပ်ငန်းများနှင့် အကျိုးပေး၏။ ချမ်းသာနိုင်သောကိန်း ရှိသော်လည်း သက်လတ်ပိုင်းရောက်ပြီးမှ ငွေကြေးပြည့်စုံကြွယ်ဝနိုင်မည်။

၂။ *အိမ်ထောင်က ကောင်း/မကောင်း၊ ကာလ၊ နေ့သမီး၊ ပုံသဏ္ဌာန်။*

(၇)တန်သခင် (၅)တန်ဘာဝတွင် ရပ်တည်ပေရာ အိမ်ထောင်ကျက် ကောင်းပါသည်။ အိမ်ထောင်ကျကား နောက်ကျတတ်သည်။ (၄-၄-၂၀၁၆) နောက်ပိုင်း စားဝင်မည့် (၇)တန်ရပ် ၂လံာ ထူလတွင် (၅)တန်ရပ် (၂၊ ၇)တန်သခင် အင်္ဂါ ဘုတ္တိဒသာ စားဝင်မည်။ (၂၀၁၇)ခုနှစ်အတွင်း အိမ်ထောင်ကျရန် ရှိ၏။ တနလံာ၊ တနင်္ဂနွေ၊ စနေ ဆမီးထဲက ဖြစ်တတ်သည်။ အသားညို၊ အရပ်,ကိုယ်ခန္ဓာ အလတ်စား၊ မျက်နှာပိုင်းသယောင်ရှိမည်။

၃။ *ထီပေါက်ကံ ရှိ/မရှိ၊ ကာလ။*

(၁၁)တန်သခင် ၁နွေ (၂)တန်တွင် (၅)တန်သခင် ၄ဟူးနှင့်ပူး၍ ထီပေါက်ကံ ရှိ၏။ (၂၀၁၆)ခုနှစ်အတွင်း ဖြေလ မကျော်မီ ထီကံစမ်းကြည့်ပါလေ။

မကြင်အေး

(၇-၅-၂၀၀၀၊ ၇း၂၀ နာရီ၊ ရန်ကုန်မြို့)



၁။ *ကြီးပွားချမ်းသာမည့်ကံ ပါ/မပါ၊ ကာလ။*

(၂)တန်သခင် ၂လံာ (၂)တန်တွင်ရပ်၍ ကြီးပွားချမ်းသာမည့်ကံ ပါရှိပါသည်။ ထိပ်တန်းတော့မဟုတ်။ အလယ်စား ကြွယ်ဝမည့်ကံ ဖြစ်သည်။ စနေ ထူလဒသာ စားဝင်မည့် (၂၀၃၆)ခုနှစ်မှ (၂၀၅၅)ခုနှစ်အတွင်း ငွေကြေးပြည့်ကြွယ်ဝမှု ရှိလာပေမည်။ စနေသည် (၉၊ ၁၀)တန်သားအဖြစ် (၁၁)တန်ရပ် (၁၊ ၆)တန်သခင် ဖြကြာပိုင်နက်ကို စီးထား၍ ဖြစ်သည်။

၂။ *နိုင်ငံခြားက ပါ/မပါ၊ ကာလ။*

(၁၂)တန်သခင် အင်္ဂါ လင်္ဂနှင့်ပူး၍ (၁၂)တန်ရပ် ၁နွေပိုင် နက္ခတ်အား စီးထား၍ ဘဝတွင် နိုင်ငံရပ်ခြားသွားရမည့်ကိန်း ရှိပါသည်။ ရာဟု ထူလ(၃-တန်)၊ ဘုတ္တိ(၁၂-တန်) ဒသာကာလ စားဝင်မည့် (၂၀၁၇)ခုနှစ် မတ်လ နောက်ပိုင်း (၂၀၁၇-၂၀၁၈)ကာလများတွင် နိုင်ငံခြားကိန်း ရှိနေသည်။

၃။ *ပညာရေး။ ဘွဲ့လွန်အဆင့်ထိ ရောက်မည်လား။*

(၄)တန်သခင် ၁နွေသည် (၁၁)တန်ရပ် (၁၊ ၆)

www.burmeseclassic.com

www.burmeseclassic.com

သခင် ဖြကြာပိုင် နက္ခတ်ကို စီး၍ (၁၂)တန့်တွင် ရပ်၏။ ထိုသာရေးတွင် ဘွဲ့ရမည်။ (၉)တန့်သခင် စနေသည် အလားတူပင် ဖြကြာပိုင် နက္ခတ်ကို စီး၍ အဆင့်မြင့်ပညာများထိ ရရှိမည်။ နိုင်ငံရပ်ခြားသို့ ပညာဆည်းပူး သင်ယူခွင့်လည်း ရှိနေ၏။

မစန္ဒာခင်

(၁၂-၅-၁၉၉၄၊ ၆း၀၀ နာရီ၊ ပခုက္ကူမြို့)



၁။ *ဘဝတွင် အဆင့်မြင့်မြင့် နေရမည်လား။*

လင်္ဂသခင် ဖြကြာ လင်္ဂတွင် (၂၊ ၅)တန့်သခင် ၄ဟူး၊ (၄)တန့်သခင် ၂လ်ာတို့နှင့် ပူး၏။ (၄)တန့်သခင် ၂လ်ာ အထက်ပါအတိုင်း လင်္ဂသခင်၊ (၂၊ ၅)တန့်သခင်တို့နှင့် ပူး၏။ (၁၀)တန့်သခင် စနေ (၁၀)တန့်တွင်ပင် ရပ်၍ (၁၁)တန့်သခင် ၅တေးက (၅)တန့် အထူးမြင်၏။ ဘဝတွင် အဆင့်မြင့်မြင့် နေရမည့်ကံ ပါ၏။

၂။ *ကိုယ်ပိုင် တိုက်၊ ကားနှင့် နေရမည်လား။*

(၄)တန့်သခင် ၂လ်ာ လင်္ဂတွင် လင်္ဂသခင်၊ (၂)တန့်သခင်တို့နှင့် ပူး၏။ သို့ဖြစ်၍ ကိုယ်ပိုင် တိုက်၊ ကားတို့နှင့် နေရဖို့ ရှိ၏။

၃။ *အိမ်ထောင်ကံ၊ ကာလ၊ အသက်၊ ပုံသဏ္ဌာန်၊ နေ့သား။*

(၇)တန့်သခင် ၃ဂိ၊ (၁၁)တန့် ရပ်၍ အိမ်ထောင်ကံ ကောင်းပါသည်။ ပဋိပက္ခသဘောလေးများတော့ ရှိတတ်၏။ အိမ်ထောင်ကျ အနည်းငယ် နောက်ကျတတ်သည်။ အသက်(၃၃၊ ၃၄)နှစ်တစ်ဝိုက် (ရာဟု ထူလ၊ စနေ ဘုတ္တိဒသာတွင်း)တွင် အိမ်ထောင်ကျဖို့ ရှိ၏။ ခင်ပွန်းမှာ ဇာတာရှင်ထက် အသက်ကြီးတတ်၏။ အသားညို၊ မျက်နှာသွယ်၊ ပိန်ပိန်၊ အရပ်ရှည်မည်။ ဗုဒ္ဓဟူး၊ အင်္ဂါ၊ စနေသားထဲက ဖြစ်တတ်သည်။

မောင်အောင်မြင့်ဦး

(၁၉-၁၀-၁၉၈၀၊ ၂း၄၅ နာရီ၊ ရန်ကုန်မြို့)



၁။ *အကျိုးပေးလုပ်ငန်း၊ အောင်မြင်နိုင်မည့်ကာလ။*

(၁၀)တန့်သခင် အင်္ဂါကြိုဟ် (၅)တန့်ဘာဝတွင် ရပ်၏။ ဝန်ထမ်းအကျိုးမပေး။ ပြင်ပစီးပွားရေးနယ်ပယ်တွင် အကျိုးပေး၏။ စက်မှုလုပ်ငန်း၊ စက်ပစ္စည်း၊ ယာဉ်ကား၊ လျှပ်စစ်ပစ္စည်း၊ အလှကုန်၊ စားသောက်ကုန် လုပ်ငန်းများထဲမှ လုပ်ကိုင်ရတတ်၏။ (၁-၈-၂၀၁၅)တွင် စနေ ထူလဒသာ စတင်စားဝင်ပါမည်။ စနေ ထူလဒသာ စားဝင်မည့် အသက်(၃၆)နှစ် နောက်ပိုင်းတွင် စတင်အောင်မြင်ပါမည်။

၂။ *အိုးပိုင်အိမ်ပိုင် နေရကိန်း၊ ကာလ။*

(၄)တန့်သခင် ဖြကြာ (၂)တန့်ဘာဝတွင် ရပ်တည်ပြီး (၂)တန့်သခင် ၂လ်ာနှင့် အပြန်အလှန် အမြင်ကြိုနေ၏။ ဘဝတွင် အိမ်၊ ကား ပိုင်ဆိုင်မှု ရှိပေမည်။ လူလတ်ပိုင်း ဝင်အပြီး (၄၂-၄၃)နှစ်ကျော်တွင် ဖြစ်ပါမည်။

၃။ *အိမ်ထောင်ကံ၊ ကာလ။*

အိမ်ထောင်ကံ သင့်ရုံမျှရှိပြီး အိမ်ထောင်ကျ နောက်ကျတတ်၏။ (၇)တန့်သခင် ၁နွေပိုင် နက္ခတ်ကို စီးသော်လည်း (၆)တန့်သခင် ၅တေး ပူး၍ ဖြစ်၏။ (၂၀၂၂-၂၀၂၃)ခုနှစ်တွင် အိမ်ထောင်ကျဖို့ ရှိ၏။

မလှိုင်ရတနာ

(၅-၆-၁၉၈၅၊ ၆း၀၅ နာရီ၊ ပြည်မြို့)

၁။ *ဘဝတွင် နေထိုင်ရမည့် အဆင့်အတန်း။*

လင်္ဂသခင် ဖြကြာ (၁၂)တန့်တွင် ရပ်သည်ကို (၁၀၊ ၁၁)တန့်သခင် စနေဂြိုဟ် (၆)တန့်မှ အမြင်ကြိုနေ၏။ (၁၀)တန့်သခင် စနေ (၆)တန့်တွင် ရပ်တည်နေ၏။ သို့အတွက် ဘဝက် အလတ်စားထက် သာလွန်သော အဆင့်မျိုးတွင် နေထိုင်သွားရလိမ့်မည်။

www.burmeseclassic.com



၂။ *အိမ်ထောင်ရေးကိန်း၊ ကာလ၊ နေ့နံ။*

(၇)တန်သခင် အင်္ဂါကြိုဟ် (၂)တန်ဘာဝတွင် ရပ်တည်နေ၏။ ဘဝတွင် အိမ်ထောင်ကျဖို့ ရှိသည်။ အိမ်ထောင်ကျ နောက်ကျတတ်၏။ (၂၀၁၈)ခုနှစ်တစ်ဝိုက်တွင် အိမ်ထောင်ကျဖို့ ရှိနေ၏။ တနလ်ာ၊ အင်္ဂါ၊ သောကြာသား ထဲမှ ဖြစ်တတ်၏။

၃။ *ထီပေါက်ကိန်း၊ ကာလ။*

(၁၁)တန်သခင် ၅တေးကြိုဟ် (၉)တန်တွင် ရပ်၍ (၂)တန်ရပ် အင်္ဂါကြိုဟ်ပိုင် နက္ခတ်ကို စီးထား၏။ ဘဝတွင် ထီပေါက်ကိန်းရှိ၏။ (၂၀၁၇)ခုနှစ်အတွင်း ထီကံစမ်းကြည့်ပါ။

ဒေါ်သီတာ

(၂၃-၃-၁၉၃၈၊ နံနက်ပိုင်း၊ တောင်စွန်းမြို့)

(* မေးချိန်မပါ၍ စန်းကို လဂ်ထား၍ ဟောပေးလိုက်၏)

၁။ *အိုဇာတာ ကောင်း/မကောင်း။ သားသမီးကံ။*

စန္ဒြလဂ်မှထောက်သော် (၂၊ ၅)တန်သခင် (၃)တန် ရပ် ၅တေး ထူလဒသာ စားဝင်နေဆဲကာလဖြစ်၍ (၂၀၂၅) ခုနှစ်ထိ စားဝင်ပေမည်။ အိုဇာတာ သင့်ပါသည်။ (၅)တန် သခင်လည်း ၅တေးပင်ဖြစ်၍ သားသမီးကံလည်း သင့်ရုံ ရှိပါသည်။ စန်းရပ်တည်ရာ အိမ်ရှင် အင်္ဂါ (၆)တန်တွင်



ရပ်တည်၍ စန္ဒြလဂ်အား ပြန်မြင်နေ၍ ဇာတာအသုံးကြီး တော့ မဟုတ်ပါ။

၂။ *ထီပေါက်ကံ။*

စန္ဒြလဂ်မှ (၁၁)တန်သခင် ၄ဟူးကြိုဟ် (၅)တန်ဘာဝ တွင် (၃၊ ၄)တန်သခင် စနေ၊ (၇၊ ၁၂)တန်သခင် ၆ကြာ (၁၀)တန်သခင် ၁နွေတို့နှင့် ပူးယှဉ်ရပ်တည်၏။ စပ်တူထီ ပေါက်တတ်သည်။ (၂၀၁၆)ခုနှစ်တွင် ထီကံ စပ်တူထီ ပါလေ။

၃။ *အလှူကြီးလုပ်နိုင်မလား။ ကာလ။*

စန္ဒြလဂ်သခင် အင်္ဂါ (၆)တန်တွင် ရပ်၍ (၁၂)တန် အား မြင်နေခြင်း၊ (၂)တန်သခင် ၅တေး (၃)တန်ရပ်ခြင်း တို့ကြောင့် သင့်တင့်စွာတော့ လှူနိုင်ပါမည်။

ဒေးအိန္ဒြာခင်

(၁၉-၄-၁၉၈၇၊ ၁၂း၀၁ နာရီ၊ မော်လမြိုင်မြို့)



၁။ *လက်ရှိအလုပ်အကိုင် အပြောင်းအလဲရှိနိုင်မည်လား*

လက်ရှိကာလတွင် ၂လ်ာ ထူလ၊ ရာဟု ဘုတ္တိဒသာ ကာလသည် (၁-၁-၂၀၁၆)ထိ စားဝင်ပေမည်။ ၂လ်ာကြိုဟ် သည် ဘာဝစက်တွင် (၅)တန်သို့ ဆင်း၍ ရပ်တည်ပြီး (၁)တန်သခင်လည်း ဖြစ်၏။ ရာဟုသည် (၉)တန် သ နှင့် အလွန်နီးကပ်စွာ ပူးယှဉ်နေ၏။ လဂ်ပေါ်တွင် ကောင် ၅တေး ရောက်ရှိနေပြီး (၅၊ ၉)တန်တို့ကို အမြင်ကြဲနေ သို့အတွက် (၃)တန်ရပ် ကိတ်အန္တရဒသာကာလ (၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ တစ်ဝိုက်တွင် အလုပ်ပြောင်းလဲကိန် ရှိပေမည်။

၂။ *အိမ်ထောင်ကံ၊ ကာလ။*

(၅)တန်သခင် စနေကြိုဟ် (၅)တန်တွင် ရပ်၍ (၉ တန်ဘာဝအား (၃)တန်အထူးမြင့်၊ (၂)တန်ဘာဝအား (၁ တန် အထူးမြင့် ကြိုနေ၏။ အိမ်ထောင်ကျ နောက်ကျတတ်

www.burmeseclassic.com

www.burmeseclassic.com

သော်လည်း အိမ်ထောင်ကျကိန်း အားကောင်း၏။ ၂လ်ာ ထူလ၊ စနေ ဘုတ္တိဒသာကာလ (၂၀၁၇-၂၀၁၈)ခုနှစ်တွင် အိမ်ထောင်ကျဖို့ ရှိ၏။

ဂု။ ဗုဒ္ဓဂယာဘုရားဖူးခွင့် ကြုံ/မကြုံ။

(၉)တန်းသခင် (၉)တန်းရပ်၍ ဘုရားဖူးခွင့် ရှိသည်။ (၁၂)တန်းသခင် ငဟူးနှင့်ပါ ဖူး၍ နိုင်ငံရပ်ခြား ဘုရား အာရီး ရှိသည်။ သို့ဖြစ်၍ ဘဝတွင် ဗုဒ္ဓဂယာဘုရားဖူးခွင့် ကြုံရှိပါသည်။

သက်ထားခင်

(၈-၄-၁၉၈၇၊ ၁၂း၃၅ နာရီ၊ မော်လမြိုင်မြို့)



ဂု။ နိုင်ငံရပ်ခြားတွင် အလုပ် လုပ်လိုပါသည်။ အကျိုးပေး/မပေး။

(၁၀)တန်းသခင် ဒုဂ်ါဂြိုဟ် (၁၁)တန်းဘဝတွင် ရပ်သည်၏။ (၉)တန်းရပ် ၁နွေပိုင် နက္ခတ်ကို စီးထား၏။ (၁၂)တန်းသခင် ငဟူး (၈)တန်းတွင် ရပ်တည်သော်လည်း (၆)တန်းသခင် (၉)တန်းရပ် ၅တေး နက္ခတ်ကို စီးထား၏။ ထို့ကြောင့် နိုင်ငံရပ်ခြားသို့ အလုပ်သွားရောက်လုပ်ကိုင်ရဖို့ ရှိပါသည်။

ဂု။ အစုရှယ်ယာလုပ်ငန်းများနှင့် အကျိုးပေး/မပေး။

(၁၀)တန်းသခင် အင်္ဂါ (၁၁)တန်းရပ်၍ ၅တေးဘဝ၌ (၇၊ ၈)တန်းသခင် စနေဂြိုဟ်နှင့် အပြန်အလှန် အမြင်ကြည့်နေ၏။ သို့ဖြစ်၍ အစုရှယ်ယာ လုပ်ငန်းများ အကျိုးပေးပါသည်။

ဂု။ သာသနာပြုလိုပါသည်။ ပြုခွင့် ကြုံ/မကြုံ။

(၉)တန်းသခင် (၉)တန်းရပ်၍ (၂)တန်းသခင် ၁နွေနှင့် ကြသည်ကို ရာဟု၊ ကိတ်တို့ အကြပ်ခံထားရ၏။ (၁၂)တန်းသခင် ငဟူး (၈)တန်းရပ်၍ အလှူပြုရကိန်းကား ရှိ၏။ သာသနာကို လှူဒါန်းနိုင်မည်။ သာသနာပြုရကိန်းကား အားနည်းလှပေ၏။

SSN

(၃-၃-၁၉၉၀၊ ၁၄း၁၅ နာရီ၊ ရန်ကုန်မြို့)



၁။ *အိမ်ထောင်ရေး အဆင်ပြေ/မပြေ။ သတိထားသင့်သောကာလ။*

(၇)တန်တွင် စနေ (၈၊ ၉ သခင်) ရပ်သည်ကို (၇)တန်သခင် ၅တေး လင်္ဂမှ ပြန်မြင်နေ၏။ အဆင်မပြေမှု အချို့ ရှိတတ်သော်လည်း ထိန်းသိမ်းထားနိုင်ပေမည်။ သတိထားရမည့်ကာလထဲ ရောက်နေသည်။ (၂၀၁၈)ခုနှစ်၊ မတ်လ အထိ ဖြစ်သည်။ (၂၀၁၇)ခုနှစ်တွင် အထူးသတိပြုရန် ဖြစ်သည်။

၂။ *လင်္ဂရှိစီးပွားရေး အဆင်ပြေလာမည့် ကာလ။*

အင်္ဂါ ထူလ၊ စနေ ဘုတ္တိ၊ (၇၊ ၈)တန်ဘဝသည် (၂၅-၈-၂၀၁၅)ထိ ရှိနေဦးမည်။ ယင်းနောက်ပိုင်း (၆၊ ၁၁)တန်သခင် (၇)တန်ရပ် အင်္ဂါပိုင်နက္ခတ်ကို စီးထားသော ငဟူး ဘုတ္တိဒသာကာလမှာ (၁၃-၃-၂၀၁၈)ထိ စားဝင်မည်။ အထိုက်အလျောက် အဆင်ပြေလာလိမ့်မည်။

၃။ *ကျန်းမာရေး၊ သတိထားရမည့်ကာလ။*

ကျန်းမာရေး ကိုယ်ခန္ဓာကြောင့်ထက် စိတ်ဖိစီးမှုကြောင့် ခံစားနေရသော လက္ခဏာမျိုး ဖြစ်နေတတ်၏။ (၂၀၁၅)ခုနှစ် ဩဂုတ်လနောက်ပိုင်း စီးပွား၊ အိမ်တွင်းရေး ပြေလည်လာပါက ယင်းလက္ခဏာများ လျော့ပါးပျောက်ကွယ်သွားလိမ့်မည်။

ဆရာရန်အောင်ဟိန်း(B.Sc)

(ခရစ်ရှနားမူတီးပဒ္ဓတိ ရှေ့ဆောင်နက္ခတ်ပညာရှင်)

အမှတ်-၂၂၁/၂၂၃(ပ-ထပ်)၊ ၃၁-လမ်း(အထက်)၊

(စင်ထရယ်ဟိုတယ်အနီး) ပန်းဘဲတန်းမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၉၅၅ ၄၂၀ ၃၉၄

www.burmeseclassic.com

www.burmeseclassic.com

[၂၀၁၅]ခုနှစ်၊ နက္ခတ်ဗေဒင်ဟောစာတမ်း

နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဝေဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း၊ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လောကခံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင်မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နက်ရှိုင်းတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့် အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချိုကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာချစ်တဲ့ ဂမ္ဘီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင်စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်းပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍာပါ ဇယားများကို ကမ္ဘာ့မဒိရီယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇° ၃၂')၊ မြောက်လတ္တီတွဒ်(၁၆° ၂၁')ကို အခြေခံကာ လ,အလိုက် နေထွက်,နေဝင်ချိန်များဖြင့် တွက်ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလဂ်ကို အလွယ်တကူသိနိုင်ပေသည်။ ဂမ္ဘီရချစ်သူများအနေဖြင့် မိမိရာသီလဂ်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉ ၄၀ ၁၅၃ ၄၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလဂ်သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လဂ်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဓနုဒါရိုလ (၁၄)ရက်မှ မေဖော်ဝါရိုလ (၁၂)ရက်အတွင်း

မွေးချိန်	လဂ်
၆း၄၀ - ၈း၄၀	မကာရ
၈း၄၀ - ၁၀း၄၀	ကုမ်
၁၀း၄၀ - ၁၂း၄၀	မိန်
၁၂း၄၀ - ၁၄း၄၀	မိသ
၁၄း၄၀ - ၁၆း၄၀	ဗြိသ
၁၆း၄၀ - ၁၈း၄၀	မေထုန်
၁၈း၄၀ - ၂၀း၄၀	ကရကဋ်
၂၀း၄၀ - ၂၂း၄၀	သိဟ်
၂၂း၄၀ - ၂၄း၄၀	ကန်
၂၄း၄၀ - ၂း၄၀	တူ
၂း၄၀ - ၄း၄၀	ဗြိစ္ဆာ
၄း၄၀ - ၆း၄၀	ဓနု

မေဖော်ဝါရိုလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အတွင်း

မွေးချိန်	လဂ်
၆း၄၀ - ၈း၄၀	မကာရ
၈း၄၀ - ၁၀း၄၀	ကုမ်
၁၀း၄၀ - ၁၂း၄၀	မိန်
၁၂း၄၀ - ၁၄း၄၀	မိသ
၁၄း၄၀ - ၁၆း၄၀	ဗြိသ
၁၆း၄၀ - ၁၈း၄၀	မေထုန်
၁၈း၄၀ - ၂၀း၄၀	ကရကဋ်
၂၀း၄၀ - ၂၂း၄၀	သိဟ်
၂၂း၄၀ - ၂၄း၄၀	ကန်
၂၄း၄၀ - ၂း၄၀	တူ
၂း၄၀ - ၄း၄၀	ဗြိစ္ဆာ
၄း၄၀ - ၆း၄၀	ဓနု

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း

မွေးချိန်	လဂ်
၆း၁၀ - ၈း၁၀	မိန်
၈း၁၀ - ၁၀း၁၀	မိသ
၁၀း၁၀ - ၁၂း၁၀	ဗြိသ
၁၂း၁၀ - ၁၄း၁၀	မေထုန်
၁၄း၁၀ - ၁၆း၁၀	ကရကဋ်
၁၆း၁၀ - ၁၈း၁၀	သိဟ်
၁၈း၁၀ - ၂၀း၁၀	ကန်
၂၀း၁၀ - ၂၂း၁၀	တူ
၂၂း၁၀ - ၂၄း၁၀	ဗြိစ္ဆာ
၂၄း၁၀ - ၂း၁၀	ဓနု
၂း၁၀ - ၄း၁၀	မကာရ
၄း၁၀ - ၆း၁၀	ကုမ်

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း

မွေးချိန်	လဂ်
၀၅း၄၅ - ၀၇း၄၅	မိသ
၀၇း၄၅ - ၀၉း၄၅	ဗြိသ
၀၉း၄၅ - ၁၁း၄၅	မေထုန်
၁၁း၄၅ - ၁၃း၄၅	ကရကဋ်
၁၃း၄၅ - ၁၅း၄၅	သိဟ်
၁၅း၄၅ - ၁၇း၄၅	ကန်
၁၇း၄၅ - ၁၉း၄၅	တူ
၁၉း၄၅ - ၂၁း၄၅	ဗြိစ္ဆာ
၂၁း၄၅ - ၂၃း၄၅	ဓနု
၂၃း၄၅ - ၀၁း၄၅	မကာရ
၀၁း၄၅ - ၀၃း၄၅	ကုမ်
၀၃း၄၅ - ၀၅း၄၅	မိန်

www.burmeseclassic.com

www.burmeseclassic.com

မေလ (၁၄)ရက်မှ
နွန်လ (၁၄)ရက်အထိ

မွေးချိန်	လင်္ဂ
[illegible] - ၇း၂၅	ပြိဿ
[illegible] - ၉း၂၅	မေထုန်
[illegible] - ၁၁း၂၅	ကရကဋ်
[illegible] - ၁၃း၂၅	သိဟ်
[illegible] - ၁၅း၂၅	ကန်
[illegible] - ၁၇း၂၅	တူ
[illegible] - ၁၉း၂၅	ဗြိစ္ဆာ
[illegible] - ၂၁း၂၅	ဓနု
[illegible] - ၂၃း၂၅	မကာရ
[illegible] - ၂၅း၂၅	ကုမ်
[illegible] - ၂း၂၅	မိန်
[illegible] - ၄း၂၅	မိဿ
[illegible] - ၆း၂၅	ပြိဿ

နွန်လ (၁၅)ရက်မှ
နူလိုင်လ (၁၅)ရက်အထိ

မွေးချိန်	လင်္ဂ
၆း၂၀ - ၇း၂၀	မေထုန်
၇း၂၀ - ၉း၂၀	ကရကဋ်
၉း၂၀ - ၁၁း၂၀	သိဟ်
၁၁း၂၀ - ၁၃း၂၀	ကန်
၁၃း၂၀ - ၁၅း၂၀	တူ
၁၅း၂၀ - ၁၇း၂၀	ဗြိစ္ဆာ
၁၇း၂၀ - ၁၉း၂၀	ဓနု
၁၉း၂၀ - ၂၁း၂၀	မကာရ
၂၁း၂၀ - ၂၃း၂၀	ကုမ်
၂၃း၂၀ - ၂၅း၂၀	မိန်
၂၅း၂၀ - ၁း၂၀	မိဿ
၁း၂၀ - ၃း၂၀	ပြိဿ
၃း၂၀ - ၆း၂၀	မေထုန်

နူလိုင် (၁၆)ရက်မှ
ဩဂုတ်လ (၁၆)ရက်အထိ

မွေးချိန်	လင်္ဂ
၆း၃၀ - ၇း၃၀	ကရကဋ်
၇း၃၀ - ၉း၃၀	သိဟ်
၉း၃၀ - ၁၁း၃၀	ကန်
၁၁း၃၀ - ၁၃း၃၀	တူ
၁၃း၃၀ - ၁၅း၃၀	ဗြိစ္ဆာ
၁၅း၃၀ - ၁၇း၃၀	ဓနု
၁၇း၃၀ - ၁၉း၃၀	မကာရ
၁၉း၃၀ - ၂၁း၃၀	ကုမ်
၂၁း၃၀ - ၂၃း၃၀	မိန်
၂၃း၃၀ - ၂၅း၃၀	မိဿ
၂၅း၃၀ - ၁း၃၀	ပြိဿ
၁း၃၀ - ၃း၃၀	မေထုန်
၃း၃၀ - ၆း၃၀	ကရကဋ်

ဩဂုတ်လ (၁၇)ရက်မှ
စက်တင်ဘာလ (၁၆)ရက်အထိ

မွေးချိန်	လင်္ဂ
၆း၄၀ - ၇း၄၀	သိဟ်
၇း၄၀ - ၉း၄၀	ကန်
၉း၄၀ - ၁၁း၄၀	တူ
၁၁း၄၀ - ၁၃း၄၀	ဗြိစ္ဆာ
၁၃း၄၀ - ၁၅း၄၀	ဓနု
၁၅း၄၀ - ၁၇း၄၀	မကာရ
၁၇း၄၀ - ၁၉း၄၀	ကုမ်
၁၉း၄၀ - ၂၁း၄၀	မိန်
၂၁း၄၀ - ၂၃း၄၀	မိဿ
၂၃း၄၀ - ၁း၄၀	ပြိဿ
၁း၄၀ - ၃း၄၀	မေထုန်
၃း၄၀ - ၆း၄၀	ကရကဋ်

စက်တင်ဘာလ (၁၇)ရက်မှ
အောက်တိုဘာလ (၁၆)ရက်အထိ

မွေးချိန်	လင်္ဂ
၆း၅၀ - ၇း၅၀	ကန်
၇း၅၀ - ၉း၅၀	တူ
၉း၅၀ - ၁၁း၅၀	ဗြိစ္ဆာ
၁၁း၅၀ - ၁၃း၅၀	ဓနု
၁၃း၅၀ - ၁၅း၅၀	မကာရ
၁၅း၅၀ - ၁၇း၅၀	ကုမ်
၁၇း၅၀ - ၁၉း၅၀	မိန်
၁၉း၅၀ - ၂၁း၅၀	မိဿ
၂၁း၅၀ - ၂၃း၅၀	ပြိဿ
၂၃း၅၀ - ၁း၅၀	မေထုန်
၁း၅၀ - ၃း၅၀	ကရကဋ်
၃း၅၀ - ၆း၅၀	သိဟ်

အောက်တိုဘာလ (၁၇)ရက်မှ
နိုဝင်ဘာလ (၁၇)ရက်အထိ

မွေးချိန်	လင်္ဂ
၆း၅၅ - ၇း၅၅	တူ
၇း၅၅ - ၉း၅၅	ဗြိစ္ဆာ
၉း၅၅ - ၁၁း၅၅	ဓနု
၁၁း၅၅ - ၁၃း၅၅	မကာရ
၁၃း၅၅ - ၁၅း၅၅	ကုမ်
၁၅း၅၅ - ၁၇း၅၅	မိန်
၁၇း၅၅ - ၁၉း၅၅	မိဿ
၁၉း၅၅ - ၂၁း၅၅	ပြိဿ
၂၁း၅၅ - ၁း၅၅	မေထုန်
၁း၅၅ - ၃း၅၅	ကရကဋ်
၃း၅၅ - ၆း၅၅	သိဟ်

နိုဝင်ဘာလ (၁၆)ရက်မှ
ဒီဇင်ဘာလ (၁၅)ရက်အထိ

မွေးချိန်	လင်္ဂ
၆း၅၅ - ၈း၅၅	ဗြိစ္ဆာ
၈း၅၅ - ၁၀း၅၅	ဓနု
၁၀း၅၅ - ၁၂း၅၅	မကာရ
၁၂း၅၅ - ၁၄း၅၅	ကုမ်
၁၄း၅၅ - ၁၆း၅၅	မိန်
၁၆း၅၅ - ၁၈း၅၅	မိဿ
၁၈း၅၅ - ၂၀း၅၅	ပြိဿ
၂၀း၅၅ - ၂၂း၅၅	မေထုန်
၂၂း၅၅ - ၂၄း၅၅	ကရကဋ်
၂၄း၅၅ - ၂း၅၅	သိဟ်
၂း၅၅ - ၄း၅၅	ကန်
၄း၅၅ - ၆း၅၅	တူ

ဒီဇင်ဘာလ (၁၆)ရက်မှ
ဇန်နဝါရီလ (၁၃)ရက်အတွင်း

မွေးချိန်	လင်္ဂ
၆း၅၅ - ၈း၅၅	ဓနု
၈း၅၅ - ၁၀း၅၅	မကာရ
၁၀း၅၅ - ၁၂း၅၅	ကုမ်
၁၂း၅၅ - ၁၄း၅၅	မိန်
၁၄း၅၅ - ၁၆း၅၅	မိဿ
၁၆း၅၅ - ၁၈း၅၅	ပြိဿ
၁၈း၅၅ - ၂၀း၅၅	မေထုန်
၂၀း၅၅ - ၂၂း၅၅	ကရကဋ်
၂၂း၅၅ - ၂၄း၅၅	သိဟ်
၂၄း၅၅ - ၂း၅၅	ကန်
၂း၅၅ - ၄း၅၅	တူ
၄း၅၅ - ၆း၅၅	ဗြိစ္ဆာ

(၂၀၁၅)ခုနှစ်၊ ဩဂုတ်လအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

မိဿလဂ် (Aries)

ကျန်းမာရေး ကောင်းမွန်မည်။ ခွဲ၊ လုံ့လ၊ ဝီရိယ ထက်သန်နေမည်။ အကျိုးအမြတ်လည်း ထိုက်ထိုက်တန်တန် ခံစားရပေမည်။ သို့သော် စုဆောင်း၍ မရနိုင်ဘဲ ရှိနေမည်။ ပညာသင်များ အဆင်တပြေ ရှိမည်။ အချစ်ရေးနှီးသူများ ကံကောင်းသော်လည်း အိမ်ထောင်ရှင်များကတော့ သားသမီးပညာရေး၊ နေအိမ် ကိစ္စများကြောင့် ဝိရောဓိအသွင် ဆောင်နေတတ်၏။ အလှကုန်နှင့် အလှဖန်တီးရှင်များ ဝင်ငွေနည်းနေမည်။ အတုထုတ်လုပ်ရောင်းချသူများ ကသိကအောက် ပြဿနာများ ကြုံတွေ့ရမည်။ ရွှေနှင့် ဓာတ်သတ္တုလုပ်ငန်းရှင်များ၊ ရောင်းဝယ်သူများ အားလုံး ကိုယ်ရော စိတ်ပါ လိုက်မမှီနိုင်လောက်အောင် အလျင်အမြန် တိုးတက်အောင်မြင်နေမည်။ သို့သော် (၂၃)

www.burmeseclassic.com

www.burmeseclassic.com

ရက်နေ့ လွန်လျှင် ဆန့်ကျင်ဘက်၊ အတိုက်အခံများ တွေ့လာရတတ်၏။ အရင်းအနှီး တိုးမြှင့်လုပ်ဆောင်ပါ။ အောင်မြင်သွားပါလိမ့်မည်။ (၁၆)ရက်နေ့နောက်ပိုင်း အကြီးအကဲ မ၊စခြင်း၊ ဘွဲ့ထူးဂုဏ်ထူး ရခြင်းများ ကြုံတွေ့ရတတ်၏။ သင် ကောင်းလျှင် ကျွန်ုပ် မဆိုးပါဆိုတဲ့ ဒဿနကို ဖယ်ရှားပြီး ကိုယ်ကောင်း ခေါင်းဘယ်မှမရွေ့ ဆိုတဲ့ မြန်မာစကားပုံကို လက်ကိုင်ပြုထားပါလေ။ (၂၅၊ ၂၆)ရက်များတွင် စိတ်ကျေနပ်ဖွယ်ရာများ ရရှိခံစားရပေမည်။

ယတြာ

ဆန်၊ ဆီ (သို့မဟုတ်) ဆေးဝါး မွေးနေ့တွင် နိုင်သလောက် လှူပေးပါ။ အရာရာ အဆင်ပြေသွားပါလိမ့်မည်။

ဂျီဃလဂ် (Taurus)

ကျန်းမာရေးက မအီမသာ၊ ရည်ရွယ်ချက်က အဆင်မပြေ ဆန့်ကျင်ဘက်တွေ မွေလို့ နေချင်စရာ မရှိလောက်အောင် စိတ်ညစ်နေရတတ်၏။ ပညာရေးဝန်ဆောင်မှု လုပ်ငန်းများ၊ နည်းပညာရှင်များ အလွန်အလွန် အဆင်ပြေနမည်။ အိုးအိမ်နေရာထိုင်ခင်း စီစဉ်သူများ၊ ဆောက်လုပ်သူများ၊ ကျောင်းဝယ်,ငှားရမ်းသူများ အားလုံး အဆင်တပြေရှိမည်။ အလုပ်လျှောက်တဲ့ မိန်းကလေးများ သနပ်ခါး လိမ်းမသွားပါနှင့်။ လိမ်းသွားလျှင် အဆင်မပြေနိုင်ပါ။ မမျှော်လင့်ဘဲ မိမိထက် မြင့်သူနှင့် ချစ်ရတတ်၏။ အိမ်ထောင်ရှင်များ သတိပြုရမှာက နောင်ရေးကို ရှေ့တန်းတင်ကာ မတွေးမိပါစေနှင့်။ တွေးမိပါက မျက်နှာချင်းဆိုင်တာနှင့် စကားများရတတ်ပါသည်။ နိုင်ငံခြား သွားရောက်လိုသူများ အဆင်ပြေသွားပါမည်။ ဝန်ထမ်းဆိုပါက အမှုအခင်းဖြစ်တတ်၍ သတိထားပါ။ အတန်းပညာ၊ အတတ်ပညာ သင်ယူနေသူများ ဥပဒေမကင်းတဲ့ အမှားအယွင်း လုပ်မိတတ်၍ မလုပ်မိအောင် သတိထား၍ ရှောင်ပါလေ။ (၈၊ ၉၊ ၁၀)ရက်များနှင့် (၂၇၊ ၂၈)ရက်များမှာ အခွင့်အလမ်းကောင်းများ ရရှိပိုင်ဆိုင်လိမ့်မည်။

ယတြာ

သီဟိုဠ်(၇)ည့ွန့်ကို သောကြာထောင့် ဂြိုဟ်တိုင်ဘုရားမှာ ဆက်ကပ်လှူဒါန်းပြီး လိုရာဆုကို တောင်းပါလေ။

မေထုန်လဂ် (Gemini)

အတွေးအခေါ် ဉာဏ်အမြော်အမြင် အား ကောင်းနေမည်။ အမြတ်အစွန်းရ ကောင်းမှန်းသိ၊ သာ အိတစိုစိုဖြစ်ထား ဖွဲ့၊ လုံ့လ၊ ဝီရိယ ပိုကောင်းနေမည်။ ပါရမီရှိသလောက် ညီအစ်ကိုမောင်နှမကို ကူညီ၍ အလွန် သင့်ကာ အဆင်ပြေနေမည်။ ငယ်ရွယ်သူများ သံယောဇဉ် ကြီး မခြဲဘဲ ရှိတတ်၏။ မည်သို့ပင်ဖြစ်စေ မည်သည့်လုပ်ငန်းရှင်မဆို ဘဝအနေအထား မြင့်မားနေမှာ သေချာ၏။ အစိုးရဝန်ထမ်းများ၊ အထူးအားဖြင့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များ ဘေးရန်မကင်းနိုင်တဲ့ ကာလပါ။ အိမ်တွင်းစက်မှု လုပ်ငန်းဖြင့် အသက်မွေးသူများ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် အသိအမှတ်ပြု လက်မှတ်များ ရရှိမည်။ (သို့မဟုတ်) လုပ်ငန်း အဆင်ပြေပြီး ဝင်ငွေတိုးမည်။ ရှေ့နေရှေ့ရပ်များ အဖွဲ့ဟောင်းကို အမှုသစ် ပြန်လုပ်ရင်း ဝင်ငွေလည်းတိုး၊ ထင်လည်း ပင်ပန်းနေမည်။ ဓာတ်သဘင်၊ အနုပညာရပ်ဝန်းသရုပ်ဆောင်များ၊ မော်ဒယ်ဂဲလ်များ ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေး အထူးသာယာပေလိမ့်မည်။ အထူးအားဖြင့် (၂၄၊ ၂၅၊ ၂၆)ရက်များတွင် သိသိသာသာ ပျော်ရွှင်ရလိမ့်မည်။ အချစ်ကို လိုက်ရှာနေသူများ နောက်ဆုတ်နေရတတ်၏။

ယတြာ

သောကြာသား ရှင်ရဟန်းတစ်ပါးအား နွားနို့ကပ်လှူပေးလိုက်ပါ။ အဆင်မပြေ ဖြစ်နေသည်များ အဆင်ပြေသွားလိမ့်မည်။

ကရကဋ်လဂ် (Cancer)

ဂုဏ်သိက္ခာနှင့် ရင်းထားရတဲ့ ငွေကြေးလေးတွေ လက်ထဲ စုမိဆောင်းမိ ရှိမည်။ (၁၃၊ ၁၄၊ ၁၅) သုံးရက်အတွင်း စိတ်ပျော်ရွှင်ဖွယ်ရာ ကြုံလိမ့်မည်။ ကူမာရေး သတိပြုရမည်။ အလုပ်ပင်ပန်း၍ သွေးလေကြောင့် ဖြစ်တဲ့ဝေဒနာ ခံစားရတတ်၏။ ယခင်က အဆင်မပြေခဲ့ဖြစ်နေတဲ့ အိမ်ထောင်ရှင်များ အဆင်တပြေ ပျော်ရွှင်ဖွယ် ဖြစ်သွားပေမည်။ အချစ်ဆိုရင် အသစ်ရှာဖို့ မစဉ်းစားပါနှင့်၊ စဉ်းစားလျှင် နှလုံးသားတွင် နာကျင်စေလိမ့်မည်။ အဆင်

www.burmeseclassic.com

www.burmeseclassic.com

ပြေဖို့ရာ မခြင်ပါ။ အလုပ်အကိုင် ရှာဖွေနေသူများ အလုပ်ရလိမ့်မည်။ သို့သော် စိတ်တိုင်းကျတော့ မဖြစ်နိုင်ပါ။ အတိုက်အခံ၊ အနောင့်အယှက်တွေ့က ကျော်လွှားနိုင်မည်။ ကုန်သည်၊ ပွဲစားနှင့် စာပေရေပဝ်ဝန်းက ပုဂ္ဂိုလ်များ ဆိုပါက ဒုတ်မိသဲတိုင် တက်နိုင်ဖွားရောက် လျှောက်လှမ်းရမည့် အလပါ။ ကျွဲ၊ နွား၊ ဆိတ် တိရစ္ဆာန်များနှင့် ဆက်စပ်သုပ်ကိုင်သူများ အဆင်ပြေမည်။ မုန့်မျိုးစုံ ထုတ်လုပ်ဖြန့်ချိရောင်းဝယ်သူများ အလုပ်ပါးသည်ဟု ထင်ရသော်လည်း ထင်ဒွေ စုမိနေမည်။

ယတြာ

အုန်းဆွမ်းချက်ပြီး ဆွမ်းလောင်းပါ။ မတတ်နိုင်သူ၊ ဆင်မပြေသူများ အုန်းဆီ(၃)ပုလင်း ဝယ်ပြီး အင်္ဂါနေ့၊ အင်္ဂါနေ့နေ့တွင် လိုအပ်သူအား လှူပေးပါ။

သိဟ်လဂ် (Leo)

အစပိုင်းတွင် နေထိုင်မကောင်း၊ အလုပ်အကိုင် အဆင်မပြေ၊ ရလုလုအခွင့်အရေးများ ထွက်ပြေးနေတတ်၏။ သို့သော် စိတ်ဓာတ်မကျပါနှင့်။ လုပ်မြဲတိုင်း ဆက်သုပ်ပါ။ ဒုတိယပတ် လွန်တဲ့အခါ ကံကြမ္မာက အမှန်အကန် ဖြစ်လာလိမ့်မည်။ ရေအရင်းအမြစ်၊ မြေအောက်ရေကျိုရေး၊ သောက်ရေသန့် စတဲ့ ရေနှင့်စပ်တဲ့ လုပ်ငန်းရှင်များ ဝန်ထမ်းများအားလုံး အဆင့်မြင့်တက်ခြင်း၊ အဆင့်မြှင့်ခြင်း၊ ဝင်ငွေအမြတ်အစွန်းကောင်းခြင်း စတဲ့ အကျိုးအမြတ်များ သတိထားပြီး ဆင်ခြင်တုံတရားဖြင့် ကူးခြေ့ကူက် လုပ်ဆောင်သင့်၏။ အရင်းအနှီး မတိုးမြှင့်သင့်ပါ။ ဘေးနှင့်မကင်းတဲ့ လုပ်ငန်းရှင်များ အမှားအယွင်း ပြဿနာများကြောင့် စုငွေများပင် ကုန်လုနီးပါး ဖြစ်နေမည်။ ခြံ၊ မြေ ရောင်းဝယ်သူများ၊ ပွဲစားများ အလွန်အဆင်မြမည်။ သတိထားရမှာက ဆေးဘက်၊ စစ်ဘက်ဆိုင်ရာ ဝန်ထမ်းများ၊ လုပ်ငန်းရှင်များပါ။ လက်တစ်ကမ်းအလိုတွင် ညီမှုန်းချက် ပျက်ပြိုသွားရတတ်ပါသည်။

ယတြာ

ခရီးသွားမည့်သူအား တတ်နိုင်သလောက် ဆေးဝါးလိုက်ပါ။ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ထိမ့်မည်။

ကန်လဂ် (Virgo)

အာဘက်ဘက်က အဆင်ပြေပြီး ဘဝမြင့်တက်နေမည်။ သို့သော် အိမ်ထောင်ရှင်များအတွက် အဝေးဆုံးမှာနေမယ် အချစ်ရေ ဆိုတဲ့ သီချင်းကို အားရပါးရ ဆိုညည်းနေရတတ်၏။ အချစ်ရေးကလည်း သိပ်အဆင်မပြေချင်ပါ။ ယခင်ချစ်သူရှိသူများဆိုပါက ပြန်တွေ့ပြီး ဘဝတစ်ခု တည်ထောင်မိတတ်၏။ အဖေကို အားကိုးနေသူများ အားကိုးလို့မရတဲ့ အနေအထား ရောက်သွားတတ်၏။ ကိုယ်လက် မအီမသာ ခဏ၊ခဏ ဖြစ်တတ်၏။ ဖခင်ကျန်းမာရေး သတိထားရမည်။ သစ်စက်ပိုင်ရှင်များ၊ သစ်လုပ်ငန်းရှင်များ၊ သွပ်,သံစတဲ့ ကုန်မာအရောင်းဆိုင်များ အဆင်မပြေနိုင်ပါ။ ရင်းနှီးငွေ လျှောပေါ့လုပ်ကိုင်ပါလေ။ ဝါး၊ ခနီ စတဲ့ ကုန်ကြမ်းရောင်းဝယ်သူများ အမြတ်အစွန်းရမည်။ ယခုလတွင် ယိုလုပ်ငန်းရှင်များ သိသိသာသာ မြတ်စွန်းလိမ့်မည်။ မစုမိတဲ့ ဝင်ငွေကို အာရုံပြုမနေပါနှင့်။ လုပ်သင့်သည်ကိုသာ ဆက်လုပ်ပါ။ စုမိဆောင်းမိလာပေမည်။ အကြွေးရစရာရှိသူများ တစ်ကြိမ်တည်း တောင်းရှိမရ၊ အကြိမ်ကြိမ်တောင်းယူရပေမည်။ ကြဲတောင်သူများဆိုပါက (၁၃၊ ၁၄)ရက်လောက်ကပင် ဝမ်းမြောက်စရာ ကြုံလိမ့်မည်။ (၄၊ ၅)ရက်များနှင့် (၈၊ ၉၊ ၁၀)ရက်များကို ဆောင်ပါလေ။ အောင်မြင်ပါလိမ့်မည်။

ယတြာ

ရွက်လှပန်းကို ဘုရားပန်းအိုးထိုးပြီး ရဲယိုရွက်ကို တိုစားပါ။ ရောဂါလည်းကင်း ဘေးလည်းရှင်းကာ အောင်မြင်ပါလိမ့်မည်။

တူလဂ် (Libra)

နိုင်ငံခြားထွက်ရန် စီစဉ်နေသူများ ထွက်ကို ထွက်ဖြစ်သွားမည်။ ဆေးရုံ၊ ဆေးခန်း ရောက်နေပါက အခြေအနေ ပိုဆိုးတတ်၍ ဂါထာ၊ မန္တန်၊ ပရိတ်၊ ပဋ္ဌာန်းများ တတ်စွမ်းသလောက် ရွတ်ဖတ်ပူဇော်ပေးပါလေ။ အသက်ဆက်ဂါထာသဖွယ် ဖြစ်သွားပေလိမ့်မည်။ ရွှေလုပ်ငန်းရှင်၊ ရွှေကုန်သည်များ ဆိုပါက အရင်းအနှီး တစ်ဝက်လျှော့ပြီး ဟန်မပျက် လုပ်ဆောင်ပါ။ မိမိက ကျန်းမာရေးနှင့် ဝင်ငွေအပေါ် စိတ်တိုင်းမကျ၍ မထူးဇာတ်ခင်းချင်စိတ်

www.burmeseclassic.com

ပေါက်နေတတ်၏။ မထူးဇာတ်ခင်းလျှင် အရပ်က ကိုယ်ကျင့်တရား ပျက်စီးသူဟု မှတ်ထင်ခံရရုံကလွဲလို့ အကျိုး အမြတ် တစ်စုံတစ်ရာ မရှိနိုင်ပါ။ အိမ်၊ ခြံ၊ မြေ အကျိုး ဆောင်လုပ်ငန်းနှင့် မြေကြီးနှင့်ဖက်၍ လုပ်ကိုင်သူများ တစ်မူထူးခြားတဲ့ အကျိုးအမြတ် ခံစားရမည်။ ဘာသာစည်း ခြားတဲ့ အချစ်ရေးဖန်တီးသူများ အချစ်ဟာ မီးလားလို့ ဆိုညည်းနေရမည်။ မည်သို့ပင်ဖြစ်စေ ယခုလတွင် တူလက် ဇာတာရှင်များ ဇွဲ၊ လုံ့လ၊ ဝီရိယအကျိုး ခံစားရမည်ကား မလွဲပေ။ အိမ်ထောင်ရှင်များအနေဖြင့်မူ ချစ်သူဘဝက သာယာမှုမျိုး ပိုင်ဆိုင်နေတတ်၏။ လေနှင့် အစာအိမ် အခံရှိသူများ ရေလျှော့သောက်ပါ။ များများသောက်လျှင် လေအန်တတ်ပါသည်။

ယတြာ

ဝက်သားဟင်း ရှောင်ပါ။ ပြီးတော့ ဝိဇ္ဇာစရဏသမ္ပန္နော ဂုဏ်တော်ကို အာရုံပြုပွားများပေးပါ။ အရာရာ အဆင်တပြေ ဖြစ်သွားပေလိမ့်မည်။

ပြဿာလ် (Scorpio)

ဂုဏ်သိက္ခာ၊ စည်းစိမ်ချမ်းသာများ ယုတ်လျော့သွားတတ်၏။ ကြိုးစားသော်လည်း ကြိုးစားသလောက် အကျိုးမခံစားရတတ်ပါ။ ခေါင်းထဲ မကြည်မလင် ဖြစ်နေတတ်၏။ ဆန့်ကုန်သည်များ အထူးသတိထားသင့်တဲ့ ကာလပါ။ အခန့်မသင့်ပါက အရင်းပြုတ်သွားနိုင်၏။ ဆေးဆိုင်များ အဆင်မပြေနိုင်တဲ့ကြားက အပူနာရောဂါများ ခံစားရတတ်၏။ ရေများများသောက်ပေးပါ။ ရွှေရည်စိမ်၊ ငွေရည်စိမ်တဲ့ လုပ်ငန်းရှင်များ အဆင်မပြေသလိုနှင့် နောက်ဆုံး ပြေလည်သွားမည်။ (၆၊ ၇)ရက်များနှင့် (၂၀၊ ၂၁၊ ၂၂)ရက်များတွင် ဝမ်းမြောက်စရာများ ကြုံတွေ့ရလိမ့်မည်။ ဘာသာရေးနှင့် ဆက်နွယ်တဲ့ လူမှုရေးပြဿနာထဲ မပါဝင်မိအောင် နေပါ။ ပါဝင်မိက ရုန်းထွက်မရနိုင်တော့ဘဲ ဒုက္ခကြီး ဝေနေတတ်ပါသည်။ ရာထူးနှင့်နေရာ အပြောင်းအရွှေ့ တင်ထားသူများ အဆင်ပြေသွားလိမ့်မည်။ စေတနာစကား ဆိုရလျှင် မည်သူမဆို မည်သည့်လုပ်ငန်းမျိုး ဖြစ်ပါစေ စည်းရုံးရေး အလုပ်ကို ဤလအတွင်း မလုပ်စေချင်ပါ။

ယတြာ

ရူးသွပ်နေသူအား တွေ့လျှင် ဖျော်ရည်တိုက်လိုက်ပါ။

(သို့မဟုတ်) စိတ်ကျန်းမာရေးဆေးရုံ သွားပြီး လူနာများ နိုင်သလောက် လှူဒါန်းပါ။ လာဘ်လာဘရွှင်လာလိမ့်မည်။

ဓနလ် (Sagittarius)

မယုံမရှိနှင့်၊ ကြည့်သာထားပါ။ တ
နည်းမဟုတ်တစ်နည်း၊ တစ်ခုမဟ
တစ်ခုကြောင့် ဂုဏ်သိက္ခာ၊ စည်း
ဥစ္စာ တိုးပွားလာလိမ့်မည်။ ပညာ
လူငယ်များ၊ ပညာရေးဝန်ထမ်းများ အရမ်းအဆင်ပြေ
သို့သော် ဆေးဘက်ဆိုင်ရာ၊ စစ်ဘက်ဆိုင်ရာ ပညာသင်
ဆိုပါက ဒူးလောက်တင်မှ ရင်လောက်ကျ ဆိုသ
ပိုမုန်းနိုင်မှ အတော်လောက်ကျမည်။ ပိုကြိုးစား
ဆန့်ကုန်သည်များ ဈေးကောင်းမရနိုင်ပေ။ အဆင်တ
ဖြစ်နေပြီးမှ ဟိုလိုလိုဒီလိုလို ဖြစ်တတ်၍ စာ
ပညာရှင်များ သတိထားသင့်တဲ့ ကာလပါ။ ဂရု
တရား လက်ကိုင်ထားသူများ (၁၇)ရက်နေ့ကစပြီး လူ
သူမ၊ အဖေ၊ အမေနှင့်တူသူတို့ရဲ့ မ၊စမှုကြောင့်
အဆင်ပြေသွားမည်။ ထီး၊ ဖိနပ်နှင့် ပစ္စည်းဟောင်း
ဝယ်သူများ ငုတ်တုတ်မေ့တတ်၏။ ဗုဒ္ဓဟူးနဲ့သင့်ပစ္စည်း
ရောင်းဝယ်ပါက မည်သူမဆို အကျိုးအမြတ် သိသိသာ
ခံစားရမည်။ သေတ္တာ၊ စားပွဲ စတဲ့ ပရိဘောဂလုပ်ငန်း
များ အဆင်ပြေမှု နည်းပါးမည်။ အရင်းအနှီး မတို
သင့်ပါ။

ယတြာ

မွေးနေ့တွင် ဘုရားသွားပြီး ဘက်စုံဖွဲ့ဖြိုးရေးအ
နိုင်သလောက် လှူပေးပါ။ အဘက်ဘက်က အဆင်ပြေ
ပေလိမ့်မည်။

မကာရလ် (Capricon)

သင်ကိုယ်တိုင် စိတ်မဝင်စားသ
ဖြစ်နေတတ်၏။ ကိုယ်ရေးကိုယ်တ
များ အဆင်မပြေတပြေ ဖြစ်နေ
အလှပြင်ဆိုင်၊ အလှကုန်ပစ္စည်း
ဝယ်သူများ ဆုံးရှုံးခြင်း၊ နစ်နာခြင်း၊ ရပ်တန့်သွားခြင်း
ကြုံတွေ့ရတတ်၏။ သစ်တောရေးရာ ဝန်ထမ်းများ
သတိထားရမည့် ကာလပါ။ ကျွန်းမာရေးညံ့နေမည့်
ထောင်ရှင်များ စကားများရတတ်၏။ မပြေးလေ

www.burmeseclassic.com

www.burmeseclassic.com

အကြင်နာသံယောဇဉ်သစ် ရှာဖွေသူများ အကြင်နာထက် ဆဒနာ ပိုများနေမည်။ မှန်သူ မှားသူ မှန်ကာ ကောင်းသူက ကောင်းဂုဏ်တက်နေတဲ့ ဖြစ်စဉ်ကြောင့် ကျေမနပ် ဖြစ်နေရတတ်၏။ စကားများများပြောရသူများ၊ ဆုံးနေရှေ့ရပ်များ၊ ပါးစပ်ကို ရင်းနှီးလုပ်ကိုင်သူများ ဖြစ်စဉ်များက အတိုးအဆုတ်၊ အတက်အကျ၊ အပြောင်းအလဲ ခြေဆန်လွန်းနေ၍ ခန့်မှန်းရခက်နေမည်။ သို့သော် အကျိုးအမြတ်တော့ ရှိမှာပါ။ ကျောင်းသူကျောင်းသား ပညာသင်ဆရာများ ရှေ့လျှောက် နောက်ရောက် ဖြစ်နေတတ်၏။ အမေ့စကားကို နားထောင်ပြီး အမေ့ဆန္ဒအတိုင်း နေပေးမှ တော်ကာကျမည်။ မည်သည့်လုပ်ငန်းရှင်မဆို (၁၃၊ ၁၄) ရက်များနှင့် (၁၈၊ ၁၉)ရက်များကို ကံကောင်းနေများအဖြစ် ဆောင်ပြီး (၂၅၊ ၂၆)ရက်များကို ရှောင်ပါလေ။

ယတြာ

ဘုရားသွားပြီး စနေထောင့် ဂြိုဟ်တိုင်ဘုရား၌ ရေသက်စေ့သပ္ပာယ်ပါ။ ပြီးတော့မှ ရွှေသင်္ကန်းကပ်လှူရန် အလှူခံပုံး၌ မိမိနိုင်သလောက် လှူဒါန်းပါ။ ကျန်းမာရွှင်လန်းပြီး လိုအင်ဆန္ဒများ ပြည့်ဝလာပေလိမ့်မည်။

ကုမ္ဘလဂ် (Aquarius)

ကုမ္ဘဏီ၊ ဖက်စပ်၊ အစုရှယ်ယာ လုပ်ကိုင်သူများ အကျိုးထူးခံစားရမည်။ အလုပ်အကိုင် သိပ်အဆင်မပြေချင်သော်လည်း အိမ်ထောင်ရေး သာယာမည်။ အိမ်ထောင်ရှင်၊ အိမ်ထောင်ဖက်ရဲ့ အကျိုးအမြတ်ကို ခံစားရတတ်၏။ ထိဝါသနာပါသူများ ထီပေါက်နိုင်ပါသည်။ (တ၊ ထ၊ ဒ၊ ဓ၊ န) အက္ခရာများမှ (၅)အစနှင့် (၀)မပါတဲ့ ဂဏန်းများကို ရွေးပါ။ မိမိဂန်းကျင်တွင် မျက်စိဝေအောရှင် ရှိနေပါက တတ်နိုင်သလောက် ဆေးဖိုးဝါးခ ကူညီဒါန်းပေးလိုက်ပါ။ ပေးကမ်းခြင်းသည် ရယူခြင်းပင် ဖြစ်ကြောင်း ကောင်းစွာ နားလည်လာပေမည်။ အကြွေးရောရှိသည်များ ကိုယ်တိုင်သွားပြီး မတောင်းပါနှင့်။ ဘေးများရတတ်၏။ နီးစပ်ရာ ကြာသပတေးသားသမီး တစ်ဦးဦးနှင့် တစ်ဆင့်ခံ တောင်းပါလေ။ နိုင်ငံခြားသွားရန် စီစဉ်နေသူများ အကြောင်းအမျိုးမျိုးကြောင့် မထွက်ဖြစ်သေးဘဲ ရှိနေမည်။ ပညာရေးနှင့် ပတ်သက်ပြီး ရည်ရွယ်ချက် ကြီးမားသူများ ရည်ရွယ်သည့်အရာ လမ်းစပွင့်၍ ပျော်ရွှင်ရပေမည်။ အထူးအားဖြင့် (၁၅၊ ၁၆၊ ၁၇) သုံးရက်တွင် သတင်းကြားရတတ်ပါသည်။

ယတြာ

အိမ်ရှိ ဘုရားတွင် မေမြို့ပန်း(၅)ပွင့် ကပ်လှူပြီး စွန့်တဲ့နေ့မှာ ကြက်ဥပူတင်းဆွမ်းကပ်ပါ။ လိုရာဆန္ဒ ပြည့်ဝပါလိမ့်မည်။

မိန်လဂ် (Pisces)

ယခင်က အတိုက်အခံလုပ်နေတဲ့ ဆန့်ကျင်ဘက်ရန်သူများ သဘောထား ပျော့ပျောင်းစွာ ဆက်ဆံလာလိမ့်မည်။ အစာအိမ်ရောဂါ အခံရှိသူများ ယခုလတွင် ပိန္နဲသီး မစားပါနှင့်။ ချစ်သူရှိသူများ မှားယွင်းစွာ အိမ်ထောင်ကျတတ်၏။ သို့မဟုတ် ချစ်သူနှင့် လွန်ကျူးမိမည်။ အိမ်ထောင်ရှင်များ (၁၈၊ ၁၉)ရက်များနှင့် (၃၀၊ ၃၁)ရက်များတွင် အိမ်ထောင်ဖက်ထံမှ ပျော်ရွှင်မှု ရရှိပေလိမ့်မည်။ တတိယပတ်မှစ၍ ဝန်ထမ်းဆိုလျှင် အကြီးအကဲ၊ မိသားစုဆိုလျှင် အဖေ၊ အိမ်ထောင်ရှင်ဆိုလျှင် နေအိမ်နှင့်ပတ်သက်သည့် အတိုက်အခံစကား ပြောရတတ်၏။ အလုပ်တွင် ဖြစ်ဖို့ များပါသည်။ မိသားစုစည်းလုံးညီညွတ်မှု ပျက်စီးသွားလောက်အောင် ပင့်ကော်မြှောက်ထိုး အမျိုးမျိုးလုပ်တတ်သူတစ်ဦး ရောက်လာတတ်၏။ တနင်္ဂနွေ (သို့မဟုတ်) အင်္ဂါ ဖြစ်ဖို့ များပါသည်။ ရောက်လာခဲ့ပါက သူ ပြန်သွားတဲ့အခါ သူထိုင်ခဲ့တဲ့နေရာကို ဖုန်ခါပြီး သန့်ရှင်းရေးလုပ်ပစ်လိုက်ပါ။ စာအုပ်စာပေ ထုတ်ဝေရန် ကြံစည်နေသူများ အောင်မြင်စွာ ထုတ်ဖြန့်သွားပေလိမ့်မည်။ အလုပ်အကိုင် ရှာဖွေနေသူများ အလုပ်အကိုင် အဆင်တပြေ ရရှိမည်။ ဘဏ်ဝန်ထမ်းများ မနာလိုသူရဲ့ ကြံစည်မှုကို ခံရတတ်၏။

ယတြာ

ဘိုးဘွားရိပ်သာတွင် မိမိသက်စေ့ ကိန်းဂဏန်း (သို့မဟုတ်) နဝင်းပြည့်အောင် လှူပေးပါ။ ဥပမာ-(၂၃)နှစ်၊ (၂၃၀၀)ကျပ် (သို့မဟုတ်) (၂၇၀၀)ကျပ် လှူပေးပါ။ အထူးတလည် အကျိုးပေးပါလိမ့်မည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ

ဆရာကံထူး(ဝေဒသုတောသီ)

၀၉ ၄၀ ၁၅၃ ၄၄ ၀၉

www.burmeseclassic.com

www.burmeseclassic.com

ဆရာကံထူး(ဝေဒသုတေသီ)

ချိုးရောတွက်ကျ ငွေကုံးစာ

မယ်လို့ အဓိပ္ပာယ်သက်ရောက်တဲ့ စကားကို နှစ်ကိုယ်ကြားလေး ပြောကာ မတော်သာလို့ ခပ်ခွာခွာ နေပေးခဲ့ပါသည်။

ထိုကာလ၌ မိနှင်းဝေအတွက်မူ အင်ဂျင်နီယာလေးသည်သာ သူ့ကမ္ဘာဖြစ်နေခဲ့ပေသည်။ မမေ့နိုင်သူအား မွေထားနိုင်လောက်အောင် အင်ဂျင်နီယာရဲ့ ချစ်အာရုံက မိနှင်းဝေအား လှည့်စားနိုင်ခဲ့၏။ မိနှင်းဝေက စစ်ဆရာဝန်ကလေးအား ချစ်လျက် လှည့်စားခဲ့သလို အင်ဂျင်နီယာကလည်း မိနှင်းဝေအား လှည့်စားနိုင်ခဲ့ပေသည်။ သို့သော် ဘဝတစ်ခုရဲ့ ကောက်ကြောင်းပန်းချီသဖွယ်ဖြစ်တဲ့ အတိတ်ကံကို မည်သူမျှ လှည့်စား၍ မရနိုင်ခဲ့ချေ။

ထိုနေ့သည်ကား ဗြိဿာရာသီသို့ ကောဇာစနေ ရောက်လာတဲ့ (၂-၁၁-၂၀၁၄)ရက် တနင်္ဂနွေနေ့ပင် ဖြစ်ပါသည်။ မိနှင်းဝေရဲ့ ရာသီစက်၌ စန်း၏ (၁၂)တန့်သို့ ကောဇာစနေ ရောက်၏။ ယင်းကို ဗေဒင်ကျမ်းဝေါဟာရဖြင့် ဆတ္တိဆတ္တိ မိသည်ဟု ခေါ်ပါသည်။

မိခင်ဖြစ်သူ ဒေါ်မြမြဝေ ဖုန်းဆက်ပြီး ဗေဒင်မေးစဉ်က သည်အကြောင်းကို အေးအေးဆေးဆေး မပြောပြလိုက်ရ၍ အများအတွက်လည်း သတိပြုဖွယ်ဖြစ်အောင် ဤဆောင်းပါးဖြင့် ရှင်းလင်းတင်ပြလိုက်ပါသည်။

(၆-၇-၁၉၉၀)ခုနှစ်မွေးတဲ့ မိနှင်းဝေရဲ့ ဘဝက်ဇာတာကို သူမွေးချိန် ညနေ(၂:၄၀)မိနစ်နှင့် ဟိုပန်မြို့ရဲ့ လောင်ဂျီတွဒ်၊ လတ္တီတွဒ်များ ထည့်သွင်းပြီး ကွန်ပျူတာဖြင့် ဇာတာဖွဲ့လိုက်သောအခါ အောက်ပါအတိုင်း ထွက်ပေါ်လာပါသည်။



ရှေးသရောအခါ ပြည်ဗာရာ မဟုတ်ပါဘူး။ သည်နှစ်ခုခါ ပြည်မြန်မာဝယ်လို့ နိဒါန်းချီလိုက်ချင်ပါရဲ့။ ဘဝင်မကျတဲ့ ခင်နှမလေးအတွက် အထင်ကရ မိခင်တစ်ဦးက စာရေးသူအား ဖုန်းဆက်လာပါသည်။ နံပါတ်အစိမ်းမို့ ဗေဒင်ပရိသတ်ဟုပင် ခန့်မှန်းတွေးထင်လိုက်၏။ အောင်လရဲ့ ငါမှားတာရှိရင် တောင်းပန်ပါတယ်ဆိုတဲ့ Ringtone သံသာလေးကို မညာမတာဖြတ်တောက်ကာ Hello ဆိုပြီး ဖုန်းလက်ခံလိုက်ပါသည်။

'ဆရာ'ဆိုတဲ့ ဝေါဟာရလေးကို 'မင်္ဂလာပါ'ဆိုတဲ့ စကားလုံးလေးတွဲပြီး ကျက်သရေရှိစွာ နှုတ်ဆက်ပါ၏။

'ဟုတ်ကဲ့၊ မင်္ဂလာပါခင်ဗျာ'လို့ နှုတ်ခွန်းဆက်လိုက်သည်နှင့် သမီးအတွက် တစ်ဝက်ကူပြီး ပူပေးနေတဲ့ မိခင်ရဲ့ ရင်တွင်းဖြစ်စကားများကို စီကာပတ်ကုံး အစဉ်အတိုင်း ပြောပြလာ၏။

ဖြစ်ပုံက ဤသို့ပါ။

သမီးလေးမိနှင်းဝေ ကြွေရုပ်ကလေးလို လှပါသတဲ့။ ချစ်သူခင်သူ ကြင်နာသူတွေ မှိုလိုပေါက်နေသည့်ကြားက တစ်ယောက်သောသူကို နှစ်ဦးသဘောတူ ရွေးချယ်လိုက်ပါသည်။ မိနှင်းဝေရော မိခင်ပါ နှစ်ဦးလုံး သဘောတူ သဘောကျတဲ့ ကောင်လေးပါ။ သူက အင်ဂျင်နီယာပါ။

သို့သော် မိနှင်းဝေအပေါ် တကယ်ချစ်မြတ်နိုးနေတဲ့ စစ်ဆရာဝန်လေးတစ်ဦး ရှိသေး၏။ အခါကိုလင့် အခွင့်ကို မျှော်ကာ ချစ်ခွင့်ပန်ခဲ့ရ၏။ မချစ်နိုင်ကြောင်း မိနှင်းဝေက ခေါင်းခါခဲ့ပေသည်။ အချစ်စိတ်ဟူသည် ရိတ်လိုက်တဲ့ မုတ်ဆိတ်မွေးလိုပဲလေ။ ပွတ်သပ်လေတိုင်း ငုတ်တိုတိုကို တွေ့သကဲ့သို့ အခါသင့် အခွင့်သာလို့ စိတ်အာရုံ ညွှတ်လေတိုင်းမှာ ချစ်စိတ်က ပြန်ပြန်ထလာ၏။

ချစ်လို့မရသည်ကိုပင် ချစ်မဝနိုင်သေးတဲ့ စစ်ဆရာဝန်လေးက 'တစ်နေ့ နင် ငါ့ကို ချစ်နိုင်တဲ့အထိ စောင့်နေပါ

www.burmeseclassic.com

www.burmeseclassic.com





စန်း ခေါ် တနလ်ာဂြိုဟ် (၂)ဂဏန်းသည် ဓနုရာသီတွင် စနေ(၀)ဂြိုဟ်နှင့် ပူးလျက်ရှိ၏။ (၂-၁၁-၂၀၁၄)ရက် တနင်္ဂနွေနေ့က စပြီး ကောဇာစနေသည် မိန့်ဝေရဲ့ စန်းရှိရာ ဓနုရာသီမှထောက်လျှင် (၁၂)တန့်မြောက်ဖြစ်တဲ့ ဗြိစ္ဆာရာသီသို့ ဝင်ရောက်လျက်ရှိ၏။ (၂၅-၁၀-၂၀၁၇)ရက်နေ့အထိ လပေါင်း(၃၀)တိုင်တိုင် ထိုရာသီ၌ တည်ရှိနေပေသည်။ (၂-၁၁-၂၀၁၄)ရက်နေ့မှ (၂၅-၁၀-၂၀၁၇)ရက်နေ့အထိ ကာလကို ဆတ္တီဆတ္တိ ပထမပိုင်းကာလဟု ခေါ်ပါသည်။ ကောဇာစနေ ရောက်နေတဲ့နေရာကို ရာသီစက်တွင် စောပြထားပါသည်။ မိန့်ဝေသာမဟုတ်၊ ဓနုစန်းဇာတာရှင်များအားလုံးပင် ထိုကာလ၌ ဆတ္တီဆတ္တိ မိနေပါသည်။

ထိုသို့ ဆတ္တီဆတ္တိမိနေစဉ် စန်း၏(၁၂)တန့်သို့ စနေရောက်သောအခါ ဘဝမှာ ကံဆိုးမိုးမှောင်ကျခြင်းများ လွှမ်းမိုးကြီးစိုးလာတတ်ပါသည်။ စိုးရိမ်ခြင်း၊ ကြေကွဲဝမ်းနည်းခြင်းများ ခဏ,ခဏ ကြုံတွေ့ရတတ်၏။ ပရသနမဂ္ဂကျမ်းတွင် ဤသို့ ပြဆိုထား၏။

ဖလဒီပိကာကျမ်း၌ကား တန့်ဖိုးမရှိတဲ့အကျိုးမဲ့လုပ်ငန်းများကို ဆောင်ရွက်မိခြင်း၊ အတိုက်အခံ ရန်သူများက မိမိပိုင်ဆွေကြေးများကို လုယက်ခြင်း၊ ဇနီး,သားသမီးများ ရောဂါဘယဖြစ်ပွားခြင်း ကြုံတွေ့ရတတ်ကြောင်း ပြဆိုပါသည်။

ထို့အပြင် ဂြိုဟ်တို့၏ သဘာဝအားလျော်စွာ ဘဝအလိုက် ဆန်းစစ်ပါက အလုပ်အကိုင်နှင့် စုဥစ္စေများကို ထိခိုက်လာနိုင်၏။ မှတ်ဉာဏ်များ လျော့နည်းကျဆင်းနေမည်။ အချစ်ရေး၊ စိတ်ဆန္ဒအာရုံများ မိမိစိတ်တိုင်းကျမဖြစ်နိုင်ပေ။ မိန့်ဝေတို့လို အရွယ်ရှိသူများအတွက်မူ ချစ်သူ၏ စွန့်ခွာခြင်းကို ခံရတတ်၏။ အဆိုတော် ဒေါ်ချိုပြုံးရဲ့ တမာလမ်းကို ပြန်ခဲ့ပါ သီချင်းစာသားအတိုင်း ရှိနေတတ်ပေသည်။ အမှန်တကယ်လည်း ရှိနေခဲ့၏။

ပထမရင်ခွင်သို့ ဒုတိယအကြိမ်အနေဖြင့် ခိုဝင်ရန် ဆုံးဖြတ်ပြန်တော့လည်း လှမ်းလက်ကို ကြိုဆိုသည့်တိုင် သက်ဆိုင်သူ မိဘနှစ်ပါးက ဟော်..ငါ့သားဆိုတဲ့ တင်းမာတဲ့ စကားကြောင့် ရင်ခွင်မဲ့ဘဝ ဖြစ်ခဲ့ရပေသည်။

မိခင်ဖြစ်သူ ဒေါ်မြမြဝေ ဖုန်းဆက်ပြီး နှစ်သိမ့်အားပေးစကား ဆိုသည်ကိုပင် တုံ့ပြန်တဲ့သံစဉ်က အားပျော့လွန်းနေ၍ 'သမီးရယ်..သမီး အဲလိုဖြစ်နေတော့ အမေလည်း စိတ်မကောင်းပါဘူး'လို့ ဖွင့်ပြောရသည်ထိ စိတ်အားငယ် နေ၏။ မိန့်ဝေ စိတ်အားငယ်နေခြင်းသည် သူ့ကို မရ၍ မဟုတ်ပေ။

ထို့ကြောင့် သူမိခင်အား 'အမေရယ်..သမီး သူ့ကို မရလို့ ဝမ်းနည်းနေတာ မဟုတ်ပါဘူး။ သမီးဘဝကံကြမ္မာကို တွေးပြီး စိတ်ပျက်နေမိတာပါ'လို့ ရင်ထဲရှိသမျှ ဖွင့်ဆိုလိုက်ပါသည်။

ဤစကားသည်ပင် ဒေါ်မြမြဝေ စာရေးသူထံ ဖုန်းဆက်လာရခြင်းအကြောင်းရင်း ဖြစ်ပါသည်။ ငါ့သမီးလေး လှယဉ်ချောလေးရဲ့ ကံဇာတာက မည်ရွေ့မည်မျှ ဘယ်ကာလထိ ဤသို့ ရှိနေလေမည်နည်း။ ငါ သိချင်ပါပေ့။ အချစ်အတွက် တစ်ဖန်မွေးဖွားနိုင်တဲ့ကာလ ဘယ်တော့ရောက်မှာလဲ။ ဘာတွေ ဘယ်လိုဖြစ်မလဲ။ ငါ သိချင်ပါပေ့။ ဤသို့ သမီးဇောစောပြီးမှ ဖုန်းဆက်ခြင်း ဖြစ်ပါသည်။ သွေးသားလည်း မတော်စပ်။ ဘာမှလည်း မသက်ဆိုင်တဲ့ စာရေးသူပင် မိခင်မေတ္တာကို အံ့သြစွာ ခံစားနားလည်မိပါ၏။

သက်ဆိုင်သူ သမီးလေး မိန့်ဝေသာ အမှေအစီအစဉ်အားလုံးကို ခရေစေ့တွင်းကျ သိခဲ့ပါမူကား အမှေမျက်နှာအား မော်ကြည့်ရင်း အမှေရင်ခွင်သို့ မျက်နှာတိုးဝှေ့ဝင်ကာ ဖက်ထားလိုက်ရုံနှင့်ပင် ရင်ထဲက အပူတွေ ငြိမ်းအေးသွားနိုင်လောက်၏။

www.burmeseclassic.com

'ဆရာ..အဲဒါလေး တစ်ချက်ကြည့်ပေးပါ' ဆိုတဲ့ ဒေါ်မြမြဝေရဲ့ တောင်းဆိုချက်ကို ဗေဒင်ပညာ အကူအညီဖြင့် စာရေးသူ ပြောပြလိုက်ပါသည်။

ဆတ္တိဆတ္တိ စဝင်ကတည်းက အထက်တွင် ပြဆိုခဲ့သည့်အတိုင်း ချစ်သူရဲ့ စွန့်ခွာခြင်းကို ခံခဲ့ရ၏။ ပိယတော ဇာယတေ သောကော-အချစ်ကြောင့် ပူလောင်ခြင်းသဘောကို အထူးပြောစရာ မလိုတော့ပေ။ ပထမရင်ခွင် မအေးမြနိုင်တော့သလို ဒုတိယရင်ခွင်လည်း ခိုဝင်ခွင့်မရတဲ့ သူ့ရဲ့ ရင်ထဲက အပူကား ပမာပြရခက်၏။ အမြဲထာဝရပဲလား ဆိုတဲ့ အဖြေသည်သာ သူ့ရဲ့ကိုးကွယ်ရာ ဖြစ်ပေမည်။

ထို့ကြောင့် စနေဆတ္တိဆတ္တိ ပထမပိုင်း လပေါင်း(၃၀)ကို အင်္ဂစနေဖြင့် ပိုင်းခြားစစ်ဖြာပြလိုက်ပါသည်။

ပထမ(၇)လ (၂-၁၁-၂၀၁၄)ရက်နေ့မှ (၂-၆-၂၀၁၅) ရက်နေ့အတွင်း၌ စနေသည် မိန်းဝေရဲ့ဦးခေါင်းပိုင်း နဖူးဆံစအရပ်ကို ဖြတ်သန်းနေပေသည်။ ဆုံးရှုံးမှုကို ပြ၏။ အချစ်နှင့် မပတ်သက်တဲ့အရွယ် ဆိုပါက ဥစ္စာနေ ဆုံးရှုံးရပေမည်။ နောက်ထပ် ဒုတိယ(၉)လ (၂-၆-၂၀၁၅)ရက်နေ့မှ (၂-၃-၂၀၁၆)ရက်နေ့အတွင်း၌ကား မျက်စိကို ဖြတ်သန်းနေပေမည်။ ထိုကာလ၌လည်း ဆုံးရှုံးမှုကိုပင် ပြသ၏။

နောက်ထပ် တတိယ(၉)လ (၂-၃-၂၀၁၆)ရက်နေ့မှ (၂-၁၂-၂၀၁၆)ရက်နေ့၌ကား မျက်နှာကို ဖြတ်သန်းနေပေလိမ့်မည်။ ဤကာလ၌ မြတ်စွန်းမှု၊ အကျိုးအမြတ်ရှိမှုကို ပြ၏။ နောက်ထပ် စတုတ္ထ(၅)လ (၂-၁၂-၂၀၁၆)ရက်နေ့မှ (၂၅-၁-၂၀၁၇)ရက်နေ့အထိနှင့် (၂၂-၆-၂၀၁၇)ရက်နေ့မှ (၂၄-၁၀-၂၀၁၇)ရက်နေ့ အတွင်း၌ကား စနေဂြိုဟ်သည် မိန်းဝေရဲ့ လည်ပင်းအရပ်ကို ဖြတ်သန်းနေပေလိမ့်မည်။ ဤကာလ၌လည်း အကျိုးအမြတ်ရရှိမှုကိုပင် ပြ၏။

လိုတိုရှင်းပြောပါက လပေါင်း(၃၀)ရှိရာတွင် (၂-၁၁-၂၀၁၄)ရက်နေ့မှ (၂-၃-၂၀၁၆)ရက်နေ့အထိ (၁၆)လ အတွင်း၌ ဆုံးရှုံးနစ်နာမှုကို ပြ၏။ (၂-၃-၂၀၁၆)ရက်နေ့မှ (၂၄-၁၀-၂၀၁၇)ရက်နေ့အထိ (၁၉)လအတွင်း၌ကား အကျိုးအမြတ်ရှိကြောင်း ပြပါသည်။ ကောဇာစနေ ကိုယ်အင်္ဂါအစိတ်အပိုင်းသို့ ဖြတ်သန်းပုံ အင်္ဂစနေအရဆိုလျှင် (၂-၃-၂၀၁၆)ရက်နေ့အထိ အေးဆေးတည်ငြိမ်စွာ ဒီအတိုင်းပဲ နေပါ သမီးရယ်။ အပူမရှာပါနဲ့လို့ ဗေဒင်ဆရာ ပြောရပေမည်။ ပြောပါရစေ။

လူဘဝသည် အကောင်းချည်းလည်း မရှိသလို အဆိုး ချည်းလည်း ရှိမနေပါဘူး။ ဘဝကိုဖြတ်သန်းရာ သံသရာနယ်၌ ကုသိုလ်,အကုသိုလ်ဆိုတဲ့ ကောင်းမှု,မကောင်းမှုများကို ပြုလုပ်လာခဲ့ကြသူများ ဖြစ်သည့်အလျောက် အကုသိုလ်မကောင်းမှုရဲ့ ဆိုးကျိုးဆိုးပြစ်များ ကုန်ဆုံးသွားလျှင် ကုသိုလ်ကောင်းမှုရဲ့ ကောင်းကျိုးချမ်းသာများ ဝင်ရောက်လာသည်ပင်။ မုန်တိုင်းထန်ပြီးလျှင် လေနုအေးအေးလေတွေ တိုက်ခတ်လာသည်ပင် မဟုတ်ပေလော။

(၁၄-၇-၂၀၁၅)ရက်နေ့မှ (၁၂-၈-၂၀၁၆)ရက်နေ့အထိ တစ်နှစ်တာကာလ၌ ကောဇာကြာသပတေးဂြိုဟ်သည် မိန်းဝေရဲ့လင်္ဂမှ ထောက်လျှင် (၁၁)တန့်လာဘာဝဖြစ်တဲ့ သိဟ်ရာသီ၌ ရောက်ရှိရပ်တည်နေပေမည်။ (၅)တန့် ပုတ္တရာဘာဝ(ကုမ်ရာသီ)အား ၇-တန့်အမြင်ဖြင့် အားကောင်းစွာ မြင်နေမည်။ ထို့ကြောင့် ငွေကြေး၊ အချောရေး၊ ပညာရေးကိစ္စများ လုံးဝအဆင်ပြေလာမည်။ ချစ်ရင်ခွင်ကို ခိုဝင်နားခွင့်ရှိလာမည်။ သံသရာဆွဲဆန့်လို့ ဘယ်လောက်ပင်ရှည်ရှည် ချစ်သူရင်ခွင်ကြား နားနားနေနေ ဆိုတဲ့ စာသားလေးကို အားပါးတရ ဆိုညည်းနေမိပေလိမ့်မည်။

သည်သာမကသေး၊ မိန်းဝေရဲ့ လင်္ဂမှထောက်လျှင် (၇)တန့်မြောက် ပထနီဘာဝ(မိဿ)ရာသီအား (၉)တန့်အမြင်ဖြင့် အထူးမြင်နေပေမည်။ ထို့ကြောင့် ဂုဏ်သိက္ခာရှိရှိနှင့် တင့်တင့်တယ်တယ် အိမ်ထောင်ကျပေလိမ့်မည်။ အကျိုးတူ ပူးပေါင်းလုပ်ဆောင်သည့် ဖက်စပ်လုပ်ငန်း အကျိုးအမြတ် ခံစားရခြင်း၊ ရာထူးဌာနန္တရ၊ ဂုဏ်သိက္ခာတိုးတက်မြင့်မားသွားခြင်းများ ရှိမည်။

ထို့အပြင် လင်္ဂက ထောက်လျှင် (၃)တန့်မြောက် သဟဇာဘာဝ ဓနရာသီအား (၅)တန့်အထူးမြင်ထားသေးသဖြင့် ထို့ကြောင့် ညီအစ်ကိုမောင်နှမများနှင့်၊ အလွန်သဟဇာတကျပြီး ခွဲ၊ လုံ့လ၊ ဝီရိယ၊ ပါရမီသမ္ဘာရများ အထူးတက်ကြွကာ Active ဖြစ်နေမည်။ ကြာသပတေးဂြိုဟ် ရပ်တည်နေသော သိဟ်ရာသီသည် (၁၁)တန့်လာဘာဘာဝပင်ဖြစ်၍ ကိုယ်ပိုင်စည်းကမ်း၊ ကိုယ်ကျင့်တရားများ ယခင်ထက် ပိုမိုကောင်းမွန်ကာ လာဘ်လာဘတွေ ကောင်းနေမည်။ ချမ်းသာပြောလျှင် လိုအင်ဆန္ဒ ပြည့်ဝပြီး ရွှင်လန်းတက်ကြွနေမည်။

(၁၄-၇-၂၀၁၅)ရက်နေ့မှ (၂-၃-၂၀၁၆)ရက်နေ့အထိ (၈)လကျော်ကာလသည် စနေဆတ္တိဆတ္တိမိသည့် ဆိုးကျိုး (၁၆)လ၌ အကျိုးဝင်နေသည့်အပြင် ဝါတွင်းကာလလည်း

www.burmeseclassic.com

www.burmeseclassic.com

ပါဝင်နေသောကြောင့် ထိုကာလ၌ အိမ်ထောင်မကျနိုင်ချေ။ ဆင်းကာလကို နှတ်ပယ်ပါက (၂-၃-၂၀၁၆)ရက်နေ့မှ (၁၂-၈-၂၀၁၆)ရက်နေ့အထိ (၅)လအတွင်း အိမ်ထောင်ကျနိုင်၏။ ဖွန်လ၊ ဇူလိုင်လ၊ သြဂုတ်လမှာ ဝါတွင်းကာလဖြစ် ထပ်နှတ်လျှင် (၂-၃-၂၀၁၆)ရက်နေ့မှ (၃၁-၅-၂၀၁၆)ရက်နေ့အထိ (၂)လအတွင်း မိန်းဝေ အိမ်ထောင်ကျပေးနိုင်မှ်မည်။ အထူးအားဖြင့် (၂၆-၄-၂၀၁၆)ရက်နေ့မှ (၂၀-၅-၂၀၁၆)ရက်နေ့အတွင်း ဖြစ်ဖို့မျှော်၏။

ထိုကာလ၌ လင်းသခင် သောကြာဂြိုဟ်သည် ပထနီဘာဝ၌ ရပ်တည်ပြီး ပထနီဘာဝသခင် အင်္ဂါသည် ကုဋ္ဌမ္မဘာဝ၌ ကသစ်မူလျက် ရှိ၏။ လင်းထပ်မင်္ဂလာလည်းပြီး၊ စုမ်ဆောင်းမိလည်း ဖြစ်သွားမည့် ကာလပါ။ ထင်မှတ်ထားတဲ့ ဘဏ်ချက်လက်မှတ်များပင် လက်ဖွဲ့လာတတ်၏။ အကြောင်းမှာ ပထနီဘာဝ အိမ်ထောင်ရေးသခင် အင်္ဂါဂြိုဟ်သည် အပ်နှံခြင်း၊ မြှုပ်နှံခြင်းဆိုင်ရာ ကုဋ္ဌမ္မဘာဝ၌ ကသစ်စံနေသောကြောင့် ဖြစ်ပါသည်။ မိန်းဝေ ဘဏ်မှာ ထုပ်နေ၍ ဟောကိန်းထုတ်ခြင်း မဟုတ်ပေ။

အတိတ်ကံဟူသည် မြင်ရသောအရာမဟုတ်။ အကျိုးအပြစ်အနေဖြင့် သူက အထင်အရှားပြလာတော့မှ ကိုယ်က ခံစားရင်း သိမြင်ရပေသည်။ ထို့ကြောင့် သေချာလှသည် မဟုတ်။ အကယ်၍များ ထိုကာလ၌ အိမ်ထောင်မကျခဲ့လျှင် ဘယ်တော့ဘယ်ခါများ အိမ်ထောင်ကျနိုင်လေမည်နည်း။

(၁၂-၈-၂၀၁၇)ရက်နေ့မှ (၁၀-၁၀-၂၀၁၈)ရက်နေ့အတွင်းမှာ အိမ်ထောင်ကျကိုမှ ကျပေလိမ့်မည်။ အကြောင်းမှာ ထိုကာလ၌ လင်္ဂါကို ကြာသပတေးစီး၍ အိမ်ထောင်ရေးဘာဝအား (၇)တန့်လှမ်းမြင်ထားသောကြောင့်တည်း။ ချီးရေတွက်ကာ ရွှေဖူးစာရှာလျှင် ဗေဒင်ပညာအရ ထိုသို့ပင် တွေ့မြင်ရ၏။ အပူမိမနေပါနှင့်။ ထိုင်စောင့်နေပါ။ အခါရောက်က ဖူးစာရှင် ကိုယ်ထံ ရောက်လာလိမ့်မည်ဟု အကြံပေး စကားဆိုလိုက်ပါရစေ။

မိန်းဝေရော အမေပါ ဆန္ဒပြည့်ဝပါစေ။ မိန်းဝေအလား စနေဆတ္တီဆတ္တိ မိန်းသူများ အားလုံးလည်း ရွှင်လန်းချမ်းမြေ့နိုင်ကြပါစေလို့ စေတနာဆန္ဒထားကာ တင်ပြလိုက်ပါသည်။

ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ

ဆရာကံထူး(ဝေဒသုတေသီ)

ဘုရားသုံးဆူ တည်ဖို့ရန်အတွက် အဘဝိဇ္ဇာတို့ရဲ့ အိပ်မက်ပေးစေခိုင်းချက်အရ

အထူးအဓိဋ္ဌာန်ပြင့် သာသနာပြုလျက်ရှိသော

ဆရာမကြီး ဒေးဒိုးဝိုးဝိုး

စိတ်မနှောအာရုံ အကြားအမြင်လက္ခဏာဖြင့် (၇)ရက်သားသမီးများတို့မှာ ဖြစ်ပေါ်တတ်သည့်

ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ မြို၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်.ဝယ်ရန်နှင့် ရုတ္ထုးတိုးရန်အတွက် အပြောင်းအရွှေ့ပြုလုပ်ခြင်း၊ မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယကြာ၊ ဓာတ်ရိုက်ဓာတ်ဆင်ပညာဖြင့် ဆရာမကြီးက မေတ္တာ၊ စေတနာ ရေထားပြီး

အထူးဆောင်ရွက် ကူညီပေးနေပါသည်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ရှေ့တိုဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊

ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၀ ၂၇၇၃၂ ၊ ၀၉ ၄၂၁၀ ၂၁၁၆၈

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်အပန်ငယ်

အခြေချနေထိုင်သင့်သော အရပ်ဒေသ

စာရေးသူတို့ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ဆဲ ကာလတွင် နိုင်ငံတော်မှပေးသော မြေကွက်တစ်ကွက်စီ ရခဲ့ကြသည်။ စာရေးသူသည် နယ်သို့ ရောက်နေသဖြင့် ပထမအသုတ်နှင့် ဒုတိယအသုတ်တို့တွင် ချပေးသော မြေကွက်ကို မမီလိုက်ပါ။ တတိယအသုတ် မြေနေရာချပေးချိန်တွင် ရန်ကုန်ရုံးချုပ်သို့ ပြန်ရောက်နေပြီဖြစ်သဖြင့် မြောက်ဒဂုံတွင် မြေတစ်ကွက် ရရှိခဲ့သည်။

ဝန်ထမ်းများ ပင်စင်မခံစားမီ ထိုမြေကွက်များပေါ်၌ နေအိမ်များကို အပြေးအလွှား ဆောက်ကြ၏။ အိမ်ဆောက်ဖြစ်ရန် အချို့ဌာနများက အိမ်ဆောက်ပစ္စည်းများကို ပံ့ပိုးပေးကြသည်။ ချေးငွေစနစ်ဖြင့်လည်း အရစ်ကျပေးဆပ်ရန် ဌာနမှ ငွေထုတ်ချေးကြသဖြင့် မြေကွက်များပေါ်တွင် နေအိမ်ကလေးများ အစီအရီသွယ်တန်း၍ ပေါ်လာသည်။ အချို့က အုတ်တိုက်၊ အချို့က ပျဉ်ထောင်အိမ်နှင့် အချို့ကတော့ တဲသာသာလေးပါ။ ငွေမီသလောက် ဆောက်ရခြင်းဖြစ်၏။ ယခုတော့ အားလုံးနီးပါး အိမ်ကြီးအိမ်ကောင်းများ ဖြစ်နေပေပြီ။

လွန်ခဲ့သော ဆယ့်ငါးနှစ်က ဆောက်လုပ်ခဲ့ကြသော အိမ်အချို့တွင် ဝန်ထမ်းများကိုယ်တိုင် နေထိုင်လျက် ရှိနေကြသေးသလို အိမ်နှင့်မြေကို ရောင်းပြီး ပြောင်းသွားသူများလည်း ရှိကြပါသည်။ နေထိုင်လျက်ရှိသော ဝန်ထမ်းအချို့မှာ စီးပွားတက်၍ ပိုမိုကြွယ်ဝချမ်းသာလာကြတာ ရှိသလို ဝန်ထမ်းအချို့မှာ စီးပွားပျက် ပြဿနာတက်ပြီး ပြောင်းရွှေ့သွားကြသည်ကို မြင်တွေ့ခဲ့ရသည်။

စာရေးသူသည် အငြိမ်းစားယူရန် တစ်နှစ်ခန့်သာ ကျ တော့သဖြင့် ရရှိစားသော မြေကွက်တွင် အိမ်ဆောက်ပြင်ဆင်ရတော့သည်။

တစ်နေ့တွင် ဆွမ်းခံကြွလေ့ရှိသော ဘုန်းကြီးအား အိ ဆောက်ရန်အတွက် အိမ်ဆောက်သင့်သောဒေသနှင့် အ တို့ကို လျှောက်ထားမေးမြန်းရာ ဘုန်းကြီးက နောက်နေ့ ရွေးဟောင်းကျမ်းစာအုပ် တစ်အုပ်ကို ယူလာပြီး သည်။ ထိုကျမ်းတွင် နေထိုင်သင့်သော ဒေသနှင့် နေ သင့်သော အရပ်တို့ကို ဖော်ပြထားသည်။

ထိုကျမ်းမှာ နှစ်ပေါင်းတစ်ရာကျော်ကာလမျှ ကြာ လာပြီဖြစ်သဖြင့် ယခုခေတ်နှင့် အံဝင်ခွင်ကျ ရှိချင်မှ လိမ့်မည်။ သို့ရာတွင် ရှေးထုံးလည်းမပယ်နဲ့၊ စွေးသုံးလာ မလွယ်နဲ့ ဆိုစကားအတိုင်း လက်ခံကျင့်သုံးနိုင်ရန် ဆော ခြင်း ဖြစ်ပါသည်။

ကြီးပွားချမ်းသာ၍ စီးပွားတိုးတက် အကျိုးပေးသော ဒေသကို ရှင်းလင်းစွာသိရှိနိုင်ရန်အတွက် ဇယားဖြင့် ဖော် လိုက်ပါသည်။

တနင်္ဂနွေသားဖြစ်ပါက သာစည်နှင့် မုံရွာ စသည် များ၊ တနလ်ာသားဖြစ်ပါက ဒလနှင့် ဟိုပန်မြို့များ၊ အ သားဖြစ်ပါက အုတ်ဖို စသည့်မြို့များ၊ ဗုဒ္ဓဟူးသားဖြစ် ကော့သောင်းနှင့် အုတ်တွင်းမြို့များ၊ ကြာသပတေးသား ပါက စစ်တွေနှင့် ခင်ဦးမြို့များ၊ သောကြာသားဖြစ် ရေဦးနှင့် စစ်ကိုင်း စသည့်မြို့များ၊ စနေသားဖြစ် မင်းကင်းမြို့များသည် နေထိုင်သင့်သောဒေသများ ဖြ

နေ့သား	နေသင့်သောမြို့		နေသင့်သောမြို့	
	အရင်းနံ	အဖျားနံ	အရင်းနံ	အဖျားနံ
တနင်္ဂနွေ	သောကြာ	အင်္ဂါ	ကြာသပတေး	ဗုဒ္ဓဟူး
တနလ်ာ	စနေ	ဗုဒ္ဓဟူး	သောကြာ	ကြာသပတေး
အင်္ဂါ	တနင်္ဂနွေ	ကြာသပတေး	စနေ	သောကြာ
ဗုဒ္ဓဟူး	တနလ်ာ	သောကြာ	တနင်္ဂနွေ	စနေ
ကြာသပတေး	အင်္ဂါ	စနေ	တနလ်ာ	တနင်္ဂနွေ
သောကြာ	ဗုဒ္ဓဟူး	တနင်္ဂနွေ	အင်္ဂါ	တနလ်ာ
စနေ	ကြာသပတေး	တနလ်ာ	ဗုဒ္ဓဟူး	အင်္ဂါ

www.burmeseclassic.com

www.burmeseclassic.com

လုပ်၍ နေထိုင်မည်ဆိုပါက နေထိုင်သင့်သော အရပ်ဒေသ
အခြားအရပ်များသို့ ပြောင်းရွှေ့နေထိုင်ကြသည်ဖြစ်စေ၊ ကို အောက်ပါအတိုင်း စိစစ်ရွေးချယ်၍ နေထိုင်ရပါမည်။
နေထိုင်ရင်း အရပ်ဒေသများ၌ဖြစ်စေ အိမ်ရာဆောက်

နေ့သား	အရပ်	ဂြိုဟ်	အကျိုးအပြစ်
တနင်္ဂနွေ	အရှေ့မြောက်ထောင့်	တနင်္ဂနွေ	သူတကာထက် မြင့်မြတ်သူ ဖြစ်အံ့။
	အရှေ့	တနင်္လာ	အဖျားအနာ များအံ့။
	တောင်	ဗုဒ္ဓဟူး	ဥစ္စာပေါအံ့၊ လာဘ်လာဘ ရအံ့။
	အရှေ့တောင်ထောင့်	အင်္ဂါ	ဘေးသင့်အံ့။
	အနောက်တောင်ထောင့်	စနေ	ကျွဲ၊ နွား၊ လှည်း ရအံ့။
	အနောက်	ကြာသပတေး	မင်းပူဇော်ခြင်းကို ခံရအံ့။
	အနောက်မြောက်ထောင့်	ရာဟု	သူတကာ ပူဇော်ခြင်းကို ခံရအံ့။
	မြောက်	သောကြာ	အမှုခပ်သိမ်း အောင်မြင်အံ့။

တနင်္ဂနွေနေ့ဖွား ဖြစ်ပါက အခြေခံမည့်မြို့၏ အရှေ့အရပ်နှင့် အရှေ့တောင်အရပ်များကို ရှောင်ရမည်။ ဖျားနာ၍ ဘေးသင့်ကိန်းကြုံရတတ်သည်။ ကျန်သောအရပ်များတွင် နေထိုင်ပါက လာဘ်လာဘ ပေါများပြီး အမှုခပ်သိမ်းကို အောင်မြင်၍ သူတကာနှင့် မင်းပူဇော်ခြင်းတို့ ခံစားရမည် ဖြစ်သည်။

နေ့သား	အရပ်	ဂြိုဟ်	အကျိုးအပြစ်
တနင်္လာ	အရှေ့	တနင်္လာ	ကျေးကျွန်၊ ကျွဲ၊ နွား၊ ဆန်ရေစပါး ပေါများအံ့။
	အရှေ့တောင်ထောင့်	အင်္ဂါ	အပူ များအံ့။
	တောင်	ဗုဒ္ဓဟူး	ချမ်းသာကြွယ်ဝအံ့။
	အနောက်တောင်ထောင့်	စနေ	အခြံအရံ ပေါများအံ့။
	အနောက်	ကြာသပတေး	ကြီးပွားချမ်းသာဖြစ်အံ့။
	အနောက်မြောက်ထောင့်	ရာဟု	နှလုံးဝမ်းပန်း သာယာအံ့။
	မြောက်	သောကြာ	အငြင်းအခုံ များအံ့။
	အရှေ့မြောက်ထောင့်	တနင်္ဂနွေ	စည်းစိမ်းချမ်းသာ ပေါများအံ့။

တနင်္လာဖွား ဖြစ်ပါက အရှေ့တောင်ထောင့်အရပ်နှင့် မြောက်အရပ်များကို ရှောင်ရမည်။ အငြင်းအခုံ မကြာခဏဖြစ်၍ ပူပင်သောက ရောက်တတ်သည်။ ကျန်သောအရပ်များတွင် နေထိုင်ပါက လွန်စွာအကျိုးပေးမည်။

နေ့သား	အရပ်	ဂြိုဟ်	အကျိုးအပြစ်
အင်္ဂါ	အရှေ့	တနင်္လာ	ခိုက်ရန်ဖြစ်အံ့၊ စည်းစိမ် ပျက်အံ့။
	အရှေ့တောင်ထောင့်	အင်္ဂါ	စီးပွားချမ်းသာဖြစ်အံ့။
	တောင်	ဗုဒ္ဓဟူး	ငြိမ်းချမ်းစွာ နေရအံ့။
	အနောက်တောင်ထောင့်	စနေ	သားသမီး၊ အခြံအရံ များအံ့။
	အနောက်	ကြာသပတေး	ကောင်းစားကြွယ်ဝအံ့၊ ကြီးသူတို့ ပူဇော်လာအံ့။
	အနောက်မြောက်ထောင့်	ရာဟု	လာဘ်လာဘ များအံ့၊ ချမ်းသာအံ့။
	မြောက်	သောကြာ	ဘေးရောဂါ သင့်အံ့။
	အရှေ့မြောက်ထောင့်	တနင်္ဂနွေ	စည်းစိမ်ချမ်းသာအံ့၊ ဆရာသမားတို့ ကူညီအံ့။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါနေ့ဖွား ဖြစ်ပါက အရှေ့အရပ်နှင့် မြောက်အရပ်များကို ရှောင်ရမည်။ ခိုက်ရန် မကြာခဏဖြစ်၍ ရောဂါများ မကြာခဏ ဖြစ်လာတတ်သည်။ ကျန်သော အရပ်များတွင် နေပါက ကြီးပွားချမ်းသာပြီး မ,စမည့်သူများ ပေါ်လာ၍ အကျိုးပေးမည်။

နေ့သား	အရပ်	ဂြိုဟ်	အကျိုးအပြစ်
ဗုဒ္ဓဟူး	အရှေ့	တနလ်ာ	လာဘ်လာဘရအံ့၊
	အရှေ့တောင်ထောင့်	အင်္ဂါ	ဆင်းရဲအံ့၊
	တောင်	ဗုဒ္ဓဟူး	ချမ်းသာကြီးပွားအံ့၊
	အနောက်တောင်ထောင့်	စနေ	လာဘ်လာဘများရအံ့၊
	အနောက်	ကြာသပတေး	မင်းဘေးသင့်အံ့၊
	အနောက်မြောက်ထောင့်	ရာဟု	ဆင်းရဲအံ့၊ အဖျားအနာများအံ့၊
	မြောက်	သောကြာ	မင်းပူဇော်ခံရအံ့၊
	အရှေ့မြောက်ထောင့်	တနင်္ဂနွေ	ချမ်းသာရအံ့၊

ဗုဒ္ဓဟူးနေ့ဖွား သားသမီးများ ဖြစ်ပါက အရှေ့တောင်ထောင့်၊ အနောက်အရပ်နှင့် အနောက်မြောက်ထောင့် အရပ်များကို ရှောင်ရမည်။ မင်းဘေးသင့်ခြင်း၊ ဆင်းရဲခြင်းနှင့် အဖျားအနာများခြင်းတို့ ကြုံတွေ့ရတတ်သည်။ ကျန်သော အရပ်ဒေသများတွင် နေပါက မင်းပူဇော်ခြင်းကို ခံရပြီး ကြီးပွားချမ်းသာလိမ့်မည်။

နေ့သား	အရပ်	ဂြိုဟ်	အကျိုးအပြစ်
ကြာသပတေး	အရှေ့	တနလ်ာ	စည်းစိမ်းချမ်းသာအံ့၊ ရန်သူ ပျောက်အံ့။
	အရှေ့တောင်ထောင့်	အင်္ဂါ	ဆွေမျိုးများနှင့် ကင်းကွာအံ့၊ ဆင်းရဲအံ့။
	တောင်	ဗုဒ္ဓဟူး	ရန်သူ များအံ့၊ ဘေးသင့်အံ့။
	အနောက်တောင်ထောင့်	စနေ	စိုးရိမ်သောကများ ပျောက်အံ့။
	အနောက်	ကြာသပတေး	အပူမီး များအံ့။
	အနောက်မြောက်ထောင့်	ရာဟု	လာဘ်လာဘ ပေါများအံ့။
	မြောက်	သောကြာ	ဖျားနာအံ့၊ ကျန်းမာရေး ချို့တဲ့အံ့။
	အရှေ့မြောက်ထောင့်	တနင်္ဂနွေ	အဆွေခင်ပွန်းကောင်း ရအံ့၊ အခြေအရံ များ

ကြာသပတေးနေ့ဖွား သားသမီးများ ဖြစ်ပါက အရှေ့တောင်ထောင့်၊ တောင်အရပ်၊ အနောက်အရပ်နှင့် မြောက်အရပ်များကို ရှောင်ရမည်။ ရန်သူများခြင်း၊ ဘေးသင့်ခြင်း၊ ဖျားနာ၍ ကျန်းမာရေးချို့တဲ့ခြင်း၊ ဆွေမျိုးများနှင့် ကင်းကွာခြင်း၊ ဆင်းရဲခြင်းနှင့် အပူမီး အမြဲတောက်လောင်စေခြင်းတို့ ကြုံတွေ့ရတတ်သည်။ ကျန်သော အရပ်ဒေသများတွင် နေပါက ရန်သူများ ပပျောက်ကင်းဝေးပြီး အဆွေခင်ပွန်းကောင်း၊ အခြေအရံများ ရ၍ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

နေ့သား	အရပ်	ဂြိုဟ်	အကျိုးအပြစ်
သောကြာ	အရှေ့	တနင်္လာ	အငြင်းအခုံ များအံ့။
	အရှေ့တောင်ထောင့်	အင်္ဂါ	စိတ်နှလုံး ဆင်းရဲအံ့။
	တောင်	ဗုဒ္ဓဟူး	အလွေအရံ များအံ့၊ ဘေးကင်းရှင်းအံ့။
	အနောက်တောင်ထောင့်	စနေ	ရန်ခပ်သိမ်း ပျောက်အံ့။
	အနောက်	ကြာသပတေး	စိုးရိမ်သောက ရောက်အံ့။
	အနောက်မြောက်ထောင့်	ရာဟု	အဆွေခင်ပွန်း များအံ့။
	မြောက်	သောကြာ	ချစ်သူခင်သူ ပေါများအံ့။
	အရှေ့မြောက်ထောင့်	တနင်္ဂနွေ	ဆင်းရဲကြီးစွာ နေရအံ့၊ ဖျားနာ ရောက်အံ့။

သောကြာနေ့ဖွား သားသမီးများသည် အရှေ့အရပ်၊ အရှေ့တောင်ထောင့်၊ အနောက်အရပ်နှင့် အရှေ့မြောက်ထောင့် အရပ်တို့တွင် မနေသင့်ပေ။ အငြင်းအခုံများခြင်း၊ စိုးရိမ်သောက ရောက်ရခြင်းနှင့် ဆင်းရဲကြီးစွာ နေရတတ်သည်။ ကျန်သော အရပ်ဒေသများတွင် နေ့ပါက ချစ်သူခင်သူ၊ အလွေအရံ၊ အဆွေခင်ပွန်း ပေါများပြီး ရန်အပေါင်း ကင်းငြိမ်းကြရ၍ အကျိုးစီးပွား တိုးတက်ပါလိမ့်မည်။

နေ့သား	အရပ်	ဂြိုဟ်	အကျိုးအပြစ်
စနေ	အရှေ့	တနင်္လာ	ဖျားနာအံ့၊ ရန်သူပျောက်အံ့။
	အရှေ့တောင်ထောင့်	အင်္ဂါ	ကြီးပွားချမ်းသာအံ့။
	တောင်	ဗုဒ္ဓဟူး	အခြံအရံ၊ အလွေအရံ များအံ့။
	အနောက်တောင်ထောင့်	စနေ	လာဘ်လာဘများ ရအံ့။
	အနောက်	ကြာသပတေး	အပူမီး များအံ့။
	အနောက်မြောက်ထောင့်	ရာဟု	လာဘ်ကြီး ရအံ့။
	မြောက်	သောကြာ	လူအများ၏ ပူဇော်အထူးကို ခံရအံ့။
	အရှေ့မြောက်ထောင့်	တနင်္ဂနွေ	ခိုက်ရန်များအံ့၊ ရန်များအံ့။

စနေသားသမီးများသည် အရှေ့အရပ်၊ အနောက်အရပ်နှင့် အရှေ့မြောက်ထောင့် အရပ်တို့တွင် မနေသင့်ပေ။ ဖျားနာခြင်း၊ ခိုက်ရန်ဒေါသများခြင်း၊ အပူမီးများ၍ သောကများစွာဖြင့် နေရတတ်သည်။ ကျန်သော အရပ်ဒေသများတွင် နေထိုင်ပါက လာဘ်လာဘများ ပေါများပြီး လူအများ၏ ပူဇော် ကြည်ညိုခြင်းကို ခံစားရမည် ဖြစ်ပါသည်။

အကယ်၍ ရောင်လွှဲ၍ မရဟော့သဖြင့် မဖြစ်မနေ ကြရတော့မည် ဆိုပါက အောက်ပါအတိုင်း ပြုလုပ်၍ ကြမ္မာကို ပြောင်းလဲပစ်ရမည်။

(၁) ရံဖန်ရံခါ ဘုရားပွဲတစ်ပွဲကို ပြင်ဆင်၍ ဘုရားကို လှူဒါန်းထားရန်၊

(၂) နေ့စဉ် ဆွမ်း၊ သောက်တော်ရေချမ်းများ ကပ်လှူရန်၊

(၃) အလင်းတိုင်နှင့် အမွှေးတိုင်များ ဘုရားရှိခိုးတိုင်း ထွန်းညှိပူဇော်ရန်၊

(၄) မဟာပဋ္ဌာန်း ပစ္စယုဒ္ဒေသပါဠိနှင့် ပစ္စယနိဒ္ဒေသ ပါဠိတို့ကို နေ့စဉ် ရွတ်ဖတ်ပူဇော်ရန်၊

(၅) သတ္တဝါအားလုံးကို မေတ္တာပို့ အမျှပေးဝေရန်။

အထက်ပါအတိုင်း နေ့စဉ်အချိန်မှန် ပြုလုပ်သွားပါက ကျရောက်လတ္တံ့သော ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးသွားပြီး ကြီးပွားချမ်းသာ၍ တိုးတက်အောင်မြင်လာမည် ဖြစ်ပါသည်။

တက္ကသိုလ်အပန်းသဲ

www.burmeseclassic.com

www.burmeseclassic.com

ထီပေါက်မည့်နှစ်

သာထက်ဇော်(မင်းကွေး)

တစ်နေ့သောအခါသမယတွင် ကျွန်တော့် မဟိဒ္ဓိဗေဒင်ဟောခန်းသို့ မင်းကွေးမြို့နယ်၊ မြင်ကွန်းအုပ်စုအတွင်းရှိ သာယာကုန်းရွာကလေးမှ ဒေါ်ထားထားဟူသော အမျိုးသမီးကြီးတစ်ယောက် ရောက်လာလေသည်။

ထိုဒေါ်ထားထားသည် အလွန်ရိုးသားဖြူစင်သည်။ စိတ်သဘောထား ကောင်း၏။ ဘာသာရေး၊ သာသနာရေး အလှူအတန်းကိစ္စများတွင် စွမ်းစွမ်းတမံ လုပ်ကိုင်ပေးလေ့ရှိသည်။ သို့သော် သူမမှာ ငွေကြေးလာဘ်လာဘ ခေါင်းပါးသည်။ ထို့ကြောင့် ကုန်စိမ်းရောင်းချခြင်း၊ ကျောက်စရစ်ခဲကျုံးပြီး ဝင်ငွေရှာဖွေရခြင်း စသည့်အလုပ်များကို ပင်ပန်းဆင်းရဲစွာ နေ့စဉ် လုပ်ကိုင်ရပေသည်။ ရံဖန်ရံခါ သနပ်ခါးတုံး၊ ထန်းလျက်၊ ပဲလှော်၊ ပဲကြော်များကိုလည်း ရောင်းသေး၏။

၄င်းဒေါ်ထားထားသည် ဘာစကားတစ်ခွန်းမျှ မပြောရသေးခင် "တို့ဆရာရေ.." "ဟူသည့် အာလုတ်စကားဖြင့် စတင်နူတ်ဆက်လေ့ရှိသူလည်း ဖြစ်ပေသည်။

"တို့ဆရာရေ..ကျုပ် အခု ထီရောင်းနေတယ်။ အားပေးပါဦး"

"ဘာထီလဲဗျ၊ နိုင်ငံတော်က အောင်ဘာလေထီလား၊ ဒါမှမဟုတ် အခုတလော ပြန်သောင်းကျန်းနေတဲ့ နှစ်လုံး၊ သုံးလုံးထီမျိုးလား။ ဒီလိုဆိုရင်တော့ နီးပါနော်။ ကျွန်တော့် ဆိုင်ခန်းရိပ်တောင် လာမနင်းနဲ့။ တော်ကြာ ထိုးသား(၅)နှစ်၊ ရောင်းသူ(၁၀)နှစ် အစစ်အဆေးအမေးအမြန်းမရှိ မော်စကို ရောက်နေပါဦးမယ်"

"တော်စမ်းပါ။ ကျုပ်က တော့်ထက်တောင် ကြောက်သေးရဲ့။ တို့ဆရာ မပြောခင်ကတည်းက ကျုပ်သိပြီးသားပါ။ ကျုပ်တစ်ယောက် မော်စကိုရောက်သွားရင် ကျုပ်ယောကျ်ားနဲ့ ကျုပ်သားသမီးသုံးယောက် ပါးစပ်ပိတ်သွားမှာပေါ့။ ရိုးရိုးသားသား အောင်ဘာလေပဲ ရောင်းတာပါတော်"

"မသိပါဘူးဗျာ။ တချို့လူတွေက အောင်ဘာလေထီကို ဟန်ပြရောင်းပြီး နောက်ကွယ်ကနေ နှစ်လုံး၊ သုံးလုံး ရောင်းနေတာမျိုးတွေ ကြားကြားနေရလို့"

"တို့ဆရာရေ..တော်ပါတော့။ ကျုပ် တော့်ကို မေးချင်လို့ပါ"

"မေးပါဗျာ၊ မေးပါ"

"တခြားမဟုတ်ပါဘူး။ ကျုပ်လေ သူများတွေအတွက် ထီရောင်းနေရပေမယ့် ကိုယ့်အတွက်တော့ တစ်ခါမျှ ဝယ်မထိုးဖြစ်သေးဘူး။ အခုဆို ထီရောင်းနေတာ (၇)လတောင်ရှိပြီ။ ကိုယ့်ထမင်းစားဖို့ပဲ ထီရောင်းနေမိတယ်။ ထီထိုးမဲ့နေတယ်။ မဲ့တာလည်း မပြောနဲ့။ ကျုပ်ရောင်းသမျှ ကလည်း တစ်ရွက်မကျန် ကုန်ကုန်သွားတာကိုး။ ဆုကြေးသာ မပေါက်ကြသေးတာ။ ကျုပ်ရောင်းတဲ့ ထီထဲက ဆုကလေးတွေကတော့ မကြာခဏပါပါလာတယ်။ ဒီတော့ ကျုပ်လည်း အများတကာလို ထီပေါက်ချင်လာတယ်။ ဒီနိုင်ရင် ထီဆုကြီးကို ပေါက်ချင်တာ။ ဒါမှလည်း ကျုပ်တို့ မိသားစု ဆင်းရဲတွင်းကနေလွတ်မှာ။ နောက်ပြီး လူချမ်းသာ တန်းချင်သေးတယ်တော့။ ဒါကြောင့် ကျုပ် ဒီနှစ်ထဲ ဝယ်ထိုးရင် ပေါက်,မပေါက်၊ ထိုးသင့်,မထိုးသင့် တွက်ပေးစမ်းပါ"

"ဒါက ဒီလိုရှိတယ် ဒေါ်ထားထား။ ထီပေါက်တာဆိုတာ ဟိုအရင်အတိတ်က ဒါနမျိုးစေ့လည်း ပါတယ်၊ ဒါကြောင့် လူတိုင်း ထီမပေါက်တာပေါ့။ ဒါဆို ထီဆိုင်ဘဲ နေရတော့မှာလားလို့ ခင်ဗျားက မေးလိမ့်မယ်။ ဟုတ်တော့ ခင်ဗျားတို့ရဲ့အတိတ်ကံ ပြီးခဲ့သောဘဝ ရှိ,မရှိတော့ ဘုရားမှတစ်ပါး ဘယ်သူမှ မသိနိုင်ကြဘူး။ ဒီတော့ စီးပွားပျက်လောက်အောင် ထီမထိုးတောင်မှ တစ်ခါ(၅၀၊ ၁၀၀၀)ကျပ်ဖိုးလောက်တော့ ကံမစမ်းသင့်ဘူးလေဗျာ။ ကိုယ်ထိုးလို့ မပေါက်တော့ရော ဘာစိတ်ညစ်စရာလဲ။ ပေါက်တဲ့လူနဲ့ နိုင်ငံတော်ကို ကျွန်တော်တို့က ဒါန်းလိုက်တာပဲလေ"

"တို့ဆရာရေ..ကျုပ် သဘောပေါက်ပါပြီ။ ကျုပ်သာ တွက်ပေးပါတော့"

"ကျုပ်အနေနဲ့ တွက်တာလည်း တွက်တာပေါ့။ ဟုတ်တို့ လူဘဝမရောက်ခင်ကတည်းကနေ ရှေးရှေးသောဘဝ ပညာရှင်ကြီးတွေရဲ့ အောင်ပွဲအလီလီရခဲ့တဲ့ နေ့သားသမီး အလိုက် ထီပေါက်စေတဲ့ အသက်အပိုင်းအခြားတွေ ဟုတ်မှာ မိတ္တူကူးထားတာရှိတယ်။ ခင်ဗျားတစ်သက် ထီပေါက်သူတွေ တစ်သက်လေ့လာပြီး ကံစမ်းနိုင်တာပေါ့ဗျာ။ ဒီဟောဒီမှာ ယူသွားပေတော့"

www.burmeseclassic.com

www.burmeseclassic.com

ကံသားသမီးများ ထီပေါက်စေနိုင်သည့်
ဆယ်အိုင်းအခြားများ

၁နှစ်သားသမီး

(၃၊ ၄၊ ၁၀၊ ၁၁၊ ၁၂၊ ၁၈၊ ၁၉၊ ၂၀၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၆၊ ၄၂၊ ၄၄၊ ၅၀၊ ၅၁၊ ၅၂၊ ၅၈၊ ၅၉၊ ၆၆၊ ၆၇၊ ၇၄၊ ၇၅)နှစ်။

၂နှစ်သားသမီး

(၁၊ ၂၊ ၃၊ ၉၊ ၁၀၊ ၁၁၊ ၁၇၊ ၁၈၊ ၁၉၊ ၂၅၊ ၂၆၊ ၃၁၊ ၃၄၊ ၃၅၊ ၄၁၊ ၄၂၊ ၄၉၊ ၅၀၊ ၅၁၊ ၅၇၊ ၅၈၊ ၆၅၊ ၆၆၊ ၆၇၊ ၇၁၊ ၇၂)နှစ်။

၃နှစ်သားသမီး

(၁၊ ၂ ၊ ၈၊ ၉၊ ၁၀၊ ၁၆၊ ၁၇၊ ၁၈၊ ၂၄၊ ၂၅၊ ၂၆၊ ၃၁၊ ၃၄၊ ၃၀၊ ၄၁၊ ၄၂၊ ၄၉၊ ၅၀၊ ၅၆၊ ၆၃၊ ၆၄၊ ၆၅၊ ၇၁၊ ၇၂)နှစ်။

၄နှစ်သားသမီး

(၁၊ ၇၊ ၈၊ ၉၊ ၁၅၊ ၁၆၊ ၁၇၊ ၂၃၊ ၂၄၊ ၂၅၊ ၃၁၊ ၃၂၊ ၃၄၊ ၄၀၊ ၄၁၊ ၄၉၊ ၅၀၊ ၅၆၊ ၆၃၊ ၆၄၊ ၇၁၊ ၇၂)နှစ်။

၅နှစ်သမီးတေးသားသမီး

(၅၊ ၆၊ ၇၊ ၁၃၊ ၁၄၊ ၁၅၊ ၂၁၊ ၂၂၊ ၂၃၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၄၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၆၀၊ ၆၁)နှစ်။

၆ကြာသားသမီး

(၃၊ ၄၊ ၅၊ ၁၁၊ ၁၂၊ ၁၃၊ ၁၉၊ ၂၀၊ ၂၁၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၂၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၈၊ ၄၉၊ ၅၆၊ ၅၇၊ ၆၄၊ ၆၅)နှစ်။

၇သားသမီး

(၆၊ ၇၊ ၈၊ ၁၄၊ ၁၅၊ ၁၆၊ ၂၂၊ ၂၃၊ ၂၄၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၆၀၊ ၆၁)နှစ်။

၈ဆူသားသမီး

(၄၊ ၅၊ ၆၊ ၁၂၊ ၁၃၊ ၁၄၊ ၂၀၊ ၂၁၊ ၂၂၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၃၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၉၊ ၆၀)နှစ်။

"တို့ဆရာရေ..ဒီမယ်,ဒီမယ်တွေ့ပြီ။ ကျုပ်အသက်က ရှိပြီဆိုတော့ ဒီနှစ်ထဲ ထီပေါက်ကိန်း ရှိတယ်ပေါ့နော်"

"ဟုတ်တာပေါ့။ ဒေါ်ထားထားက စနေသမီးဆိုတော့ စနေသားသမီးဇယားထဲမှာ ကြည့်ရမယ်။ ဒါပေမဲ့ တစ်ခု တော့ရှိတယ်။ ထီပေါက်ကိန်းရှိတယ်ဆိုပြီး ထီမထိုးဘဲနဲ့ တော့ ပေါက်လာမှာမဟုတ်ဘူး။ ကျွန်တော့်အဘာဆရာကြီး စကား ငှားပြောရရင် ထီမထိုးသူမှာ ထီပေါက်ကိန်းမရှိတဲ့။ ထိုးဖို့တော့လိုမယ်။ ဖြစ်နိုင်ရင် ထီအဓိဋ္ဌာန်တွေဘာတွေလုပ်နိုင်ရင် ပိုကောင်းတာပေါ့ဗျာ။ ထီထိုးပြီးရင်လည်း မိမိနေအိမ်ဘုရားမှာ ပိတောက်ညွှန့်၊ ပိတောက်ပွင့် လှူတာမျိုး၊ ထောပတ်ဆွမ်းလှူတာမျိုး၊ ပိတောက်သားပုတီးနဲ့ ဗုဒ္ဓေါ ဂုဏ်တော် တတ်အားသမျှ နေ့စဉ် အချိန်မှန်မှန်၊ နေရာမှန်မှန် စိပ်ပေးရင် ပိုလို့ကောင်းတာပေါ့။ ဒါနဲ့ တစ်ဆက်တည်း ပြောလိုက်ဦးမယ်။ ထီပေါက်တယ်ဆိုတာကလည်း လစဉ်လိုလို ဆုကြိုး၊ ဆုလတ်၊ ဆုလေး အများကြီးပေါက်လေ့ရှိတဲ့ ထီဆိုင်မျိုးကို ရွေးထိုးမှ ပေါက်တတ်တာနော်။ ခင်ဗျား စောစောက ပြောခဲ့သလို ထီဆုကြိုး (၁၅၀၀)ဆုကြိုးပေါက်ဖို့ ဆိုတာကလည်း ဒီလိုရှိတယ်ဗျာ။ ဆုကြိုးထီဂဏန်းတွေဟာ ပြန်ထပ်လေးတွေ ဖြစ်နေတတ်တယ်။ အဲဒါမျိုးကိုလည်း ခင်ဗျားအနေနဲ့ ရှာထိုးဖို့လိုလိမ့်မယ်။ ဥပမာဆိုပါတော့ဗျာ၊ (၇၅၄၅၄၊ ၅၆၁၅၃၁)ပုံစံမျိုးတွေပေါ့"

"တို့ဆရာရေ..တို့ဆရာ ရှင်းပြလိုက်တော့မှ ဂဃနဏာသိရတော့တယ်။ ကျေးဇူးတင်ပါတယ်တော်။ ဒီမယ် တို့ဆရာ..ကျုပ်သာ ထီဆုကြိုးပေါက်ကြည့် တို့ဆရာကို ကျုပ် ဒီအတိုင်း ကြည့်မနေပါဘူး"

"ဘာလဲ မျက်နှာလွဲနေမယ်ပေါ့။ ဟုတ်လား"

"မနောက်ပါနဲ့ တို့ဆရာရယ်။ ကျုပ် တကယ်ပြောတာ။ အခုဆို ကျုပ်တစ်ယောက်တည်းတင် ထီပေါက်မယ့်အသက် အိုင်းအခြားသိတာ မဟုတ်တော့ဘူး။ (၇)ရက်သားသမီး အကုန်လုံးအတွက်ပါ။ အလကားသိလိုက်ရတော့ ဘယ်လောက်အကျိုးရှိလဲ။ ဟောဒီစာရွက်လေးကိုပြပြီး နေ့သားသမီးအလိုက် ထီထိုးခိုင်းမယ်တော်။ အရင်ရောင်းကောင်းတာထက် အခု ပိုပြီးရောင်းကောင်းဦးမှာတော့။ စိတ်ကူးနဲ့ မြင်ယောင်ပါသေးရဲ့"

"ဒေါ်ထားထား အခုလိုပျော်နေတာ ကျွန်တော် ဝမ်းသာပါတယ်ဗျာ။ ကဲ..မိုးလည်းချုပ်တော့မယ်။ ကျွန်တော်လည်း ဟောခန်းပိတ်ပြီ။ ခင်ဗျားလည်း ပြန်တော့။ ဟုတ်လား"

"တို့ဆရာရေ..ဟုတ်ကဲ့ပါတော်"

ဓမ္မာ ဟဝ ရက္ခတိ ဓမ္မစာရီ
သာထက်ဇော်(မကွေး)

www.burmeseclassic.com

www.burmeseclassic.com

ပုံပိုးတဲ့အကျင့်ကြီးဟာ ရန်လိုတဲ့အဖြစ်

မင်းနေထွန်း(ကန့်ဘလူ)

မြန်မာမှုနယ်ပယ်မှာ ပုံပိုးဆိုတဲ့ ဝေါဟာရစကားလုံး ရှိသဗျ။ အဲဒီ ပုံပိုးဆိုတဲ့ ဝေါဟာရစကားလုံးကို နည်းမှန် လမ်းမှန် စနစ်တကျ အံဝင်အောင် မသုံးကြတဲ့အတွက် လူရယ်စရာ ဖြစ်နေတာလည်း အမှန်ပဲဗျ။ အထူးသဖြင့် သတင်းစာမှာ အသံလွှင့်ဌာနတွေမှာ ဥက္ကဋ္ဌကြီးက ဒွေ(၁၀) သိန်း ပုံပိုးကူညီလိုက်ပါသည် ဆိုတာမျိုးတွေ၊ ဆရာကြီး ဦးဝဏ္ဏကျော်က တပည့်ဖြစ်သူ နွမ်းပါးကျောင်းသား မောင်တေဇအား လိုအပ်သည့် ကျောင်းစရိတ် ကူညီပုံပိုးလိုက်သည်ဆိုတာမျိုးတွေ၊ အရာရှိကြီး ဦးဘဒင်က အဆင်မပြေသည့် ဝန်ထမ်း ဦးဘအေးအား ဒွေကျပ်(၁၀၀၀၀၀) ကူညီပုံပိုးလိုက်သည် ဆိုတာမျိုးတွေ အများဆို အများကြီး ဖတ်ကြရဖူး၊ ကြားနာရဖူးကြမှာပါပဲ။

အခြားသာမန်စာဖတ်သူတွေတော့ ဘယ်လိုခံစား နားလည်ကြမယ်ဆိုတာ မသိပေမယ့် ကျွန်တော်ကတော့ အဲဒီလို ကူညီပုံပိုးသည်ဆိုတဲ့စာလုံး တွေ့တိုင်း၊ နားနဲ့ ကြားရတိုင်း စိတ်ထဲမှာ ကလိ,ကလိနဲ့ ဖြစ်ဖြစ်လာသဗျ။ ဒီပုံပိုးဆိုတဲ့ ဝေါဟာရစကားလုံးရဲ့ အနက်အဓိပ္ပာယ်ကို လည်လည်ဝယ်ဝယ် မသိကြတဲ့အခါကျတော့ မြိန်ရေရှက်ရေ သုံးသုံးနေကြတာကိုး။ ရှက်စရာကြီးဗျာ။

ကျွန်တော်တို့ မြန်မာစာ၊ မြန်မာစကား၊ မြန်မာဝေါဟာရတွေက သိပ်ကျယ်ပြန့်နက်ရှိုင်းပါသဗျာ။ သူနေရာနဲ့ သူ အံဝင်ခွင်ကျသုံးတတ်ဖို့တော့ လိုအပ်တာပေါ့။ ဥပမာ-လူတစ်ယောက် သေဆုံးတယ်၊ ကွယ်လွန်တယ်။ အနိစ္စရောက်တယ်၊ ဝိညာဉ်ချုပ်တယ်၊ အသက်ထွက်တယ်။ ဘယ်လိုပဲသုံးသုံး သုံးလို့ရပေမယ့် လူတစ်ယောက် ပျံလွန်တော်မူသွားတယ်။ စုတေသွားတယ်လို့တော့ သုံးနှုန်းလို့ မရဘူးခင်ဗျ။ အဲဒီလိုပဲ ဘုန်းတော်ကြီး သေဆုံးတယ်၊ ကွယ်လွန်တယ်၊ အနိစ္စရောက်တယ်၊ ဝိညာဉ်ချုပ်တယ်၊ အသက်ထွက်တယ်လို့လည်း သုံးနှုန်းလို့ မရဘူးခင်ဗျ။ ဒူးနေရာဒူးတော်နေရာတော် သုံးတတ်ဖို့လိုသပေါ့ဗျာ။

အခုပဲ ကြည့်လေ-

သံဃာတော်၊ ဆရာတော်တွေက ဒါယကာ,ဒါယိကာမတွေကို စွန့်ကြဲတဲ့ကိစ္စမှာလည်း ဆရာတော်က ပုံပိုးသတဲ့။ အလှူခံပုဂ္ဂိုလ်ကို အလှူရှင်က သံဃာတော်၊ ဆရာတော်တွေကို ဆက်ကပ်တဲ့ ကိစ္စမှာလည်း ပုံပိုးသတဲ့။ ဆရာတပည့်ဖြစ်သူကို ချီးမြှင့်တဲ့ကိစ္စမှာလည်း ပုံပိုးသတဲ့။ မီးက သားသမီး၊ ဆွေမျိုးသားချင်းတွေကို ပေးကမ်းတဲ့ကိစ္စမှာလည်း ပုံပိုးသတဲ့။ လူမှုကူညီရေးအသင်းတွေက ရေဘေး ဒုက္ခ၊ မီးဘေးဒုက္ခ၊ လေဘေးဒုက္ခသည်တွေကို ကူညီတဲ့ကိစ္စမှာလည်း ပုံပိုးသတဲ့။ အရာရှိက အဆင်မပြေတဲ့ ထိုက်လက်အောက်ဝန်ထမ်းကို ထောက်ပံ့တဲ့ကိစ္စမှာလည်း ပုံပိုးသတဲ့။ ကိုယ့်အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် နှုတ်ဆက်ပေးတဲ့ ကိစ္စမှာလည်း ပုံပိုးသတဲ့။ နိုင်ငံတော်အကြီးအကဲ တစ်ယောက်က နိုင်ငံသူနိုင်ငံသား တစ်ဦးဦးကို ချီးမြှင့်တဲ့ကိစ္စမှာလည်း ပုံပိုးသတဲ့။ သတင်းစာတွေထဲမှာ ရေးကြတဲ့ ရုပ်မြင်သံကြားတွေမှာ ကြေညာကြ သိပ်ကိုရယ်စရာ ကောင်းနေပြီဗျာ။

တကယ်က ပုံပိုးတယ်ဆိုတဲ့ စကားလုံးဝေါဟာရက

'ဒီလူပေါ့..မယားငယ်ကို ပုံပိုးနေရတယ်လေ'

'ဒီလူပေါ့..သူသူဌေးကတော်က သူလင် သူဌေးအောင် ပုံပိုးထားတာလေ'

'ဒီလူပေါ့..အရက်သောက်၊ ဘိန်းရှူနဲ့ ဘာမှကူညီစရာမလိုပါဘူး'

စသဖြင့် သုံးရတာဗျ။

ဆရာမကြီး လူထုဒေါ်အမာက နီးစပ်ရာ စာဆောင်းတွေကို ပြောဖူးသတဲ့။ ဒီပုံပိုးဆိုတဲ့ စကားလုံးဝေါဟာရ အဆိုးဘက်၊ မကောင်းတဲ့ဘက် တစ်ဖက်တည်းအတွင်း ရည်ရွယ်တဲ့အတွက် စာမျက်နှာပေါ်မှာ လွဲမှားမသုံး လိုသလို မပြောမိ မဆိုမိအောင် သတိထားကြပါလို့ သတဲ့။

ကိုင်း..ရေမရှိတဲ့ချောင်း နှာခေါင်းဖော်သေဖို့ အောင် ထောင်းလမောင်းကြေ သုံးနှုန်းနေကြတဲ့ ပုံပိုး ပုံပိုးအကြောင်း နောက်နောင်းလူငယ်တွေ သိစေ လက်တံရှည်သွားတာ ခွင့်လွှတ်ပါ။

နို့..ဒါတွေ သိပါလျက်နဲ့ ကျွန်တော်က ဒီဆောင် ခေါင်းစဉ်ကို ပုံပိုးတဲ့ အကျင့်ကြီးဟာ ရန်လိုတဲ့အဖြစ်လို့ ကြောင့်သုံးလိုက်သလဲဆိုတော့ နောင်လာနောက်သား ပုံပိုးကို အလွယ်တကူ မသုံးမိကြစေဖို့ တင်ပြခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com

ဘနာကြောင့်ပါ။ တကယ်တော့ ကျွန်တော့်ဆောင်းပါးခေါင်းစဉ်ကို အကူကြိုဟ် ရန်လိုတဲ့အဖြစ်ဆိုရင် လုံလောက်ပြည့်စုံပါတယ်။

အကူကြိုဟ် ရန်လိုတဲ့အဖြစ်ဆိုတာက ဒီလိုပါ။ မြန်မာ့နိုးရာဗေဒင်လောကမှာ မိတ်၊ ရန်၊ ဥဒါသိန် ဆိုတာတွေ ရှိသဗျ။ မိတ်မှာ အတွင်းမိတ်၊ အပြင်မိတ်၊ ဓာတ်မိတ်လို့ ရှိသလို မိတ်တုဆိုတာလည်း ရှိပါတယ်။ ရန်မှာလည်း ဒီလိုပဲ။ အတွင်းရန်၊ အပြင်ရန်၊ ဓာတ်ရန်လို့ ရှိသလို ရန်တုဆိုတာလည်း ရှိပါတယ်။ ဥဒါသိန်မှာကျတော့ အညမည ဥဒါသိန်၊ ပဋိပက္ခဥဒါသိန်၊ သောမ ဦးဆောင်သော ဥဒါသိန်၊ ပါပ ဦးဆောင်သော ဥဒါသိန်ရယ်လို့ အမျိုးမျိုးအထွေထွေ ရှိသဗျ။ အဲဒီ မိတ်တွေ၊ ရန်တွေ၊ ဥဒါသိန်တွေကို အကူကြိုဟ်လို့ ခေါ်ကြတာပါပဲ။ ဗေဒင်ပညာမှာပေါ့။

အဲဒီအကူကြိုဟ်ဆိုတာတွေ ရန်လိုတဲ့အခါမှာ ကာယက်ရွင် လူပုဂ္ဂိုလ်ရဲ့ ကံကြမ္မာကို ဆိုးရွားသွားစေတတ်ပါတယ်။ ဒီလိုဆိုးရွားသွားစေတာက အကူကြိုဟ် ရန်လိုတာကို မသိနားမလည်လို့ ယတြာဓာတ်ဆင်ဓာတ်ရိုက် မှားယွင်းတိမ်းချော်သွားတဲ့အခါ ကာယက်ရှင်အဖို့ မြွေပူရာ ကင်းမှောင့်



(မူလမဟာဘုတ်)

(မဟာဘုတ်ခွင်)

ဖြစ်သွားရတဲ့ အဖြစ်တွေပါပဲ။ လဲရာ သူခိုးထောင်းခံသွားရတဲ့ အဖြစ်တွေပါပဲ။ သိပ်နစ်နာပါတယ်။ ဒီအဖြစ် ဒီစနစ်ကို သိသာထင်ရှားစေအောင် နမူနာလူပုဂ္ဂိုလ်တစ်ဦးရဲ့ ကံကြမ္မာစစ်တမ်းကို တင်ပြချင်ပါတယ်။

(မေးချိန်) (မွေးချိန်)

သူက မဟာဘုတ်(၅)ကြွင်းတဲ့ ကြာသပတေးသားတစ်ယောက်ပါ။ ကျွန်တော့်ဆီကို ဗေဒင်လှမ်းပြီး ဖုန်းနဲ့တစ်ဆင့် မေးတဲ့အချိန်က ပညာရပ်အခေါ် သောကြလို့ ခေါ်ဝေါ်တဲ့ သောကြာချိန်ပါ။ စကား၊ ခရီး၊ အသံတွေ အကျယ်အတည်း တွေ့ချိန်ပေါ့။

မဟာဘုတ်(၅)ကြွင်းသမား တစ်ယောက်အဖို့ ဘင်္ဂမှာ ဆိုတာ ဗေဒင်ပညာအနည်းငယ် ဝါသနာပါသူတိုင်း သိနေကြတဲ့ အကြောင်းအရာပါ။ ဒါပေမဲ့ သတိမထားဖြစ်တဲ့ အကြောင်းအရာကတော့ အဲဒီကြာသပတေးသားသမီးတစ်ယောက်အဖို့ ပြင်ပမိတ်အကူကြိုဟ်ဖြစ်တဲ့ တနင်္ဂနွေ (၁+၅) (အောင်+ပ)ကြိုဟ်ဟာ မရဏာအိမ်မှာ မှေးမှေးမှိန်မှိန် ကျရောက်နေခြင်းပါပဲ။

အဲဒါထက် ပိုထူးဆန်းနေတာက မွေးချိန် ကြာသပတေး အင်္ဂါဝန္ဓာကို လေ့လာကြည့်လိုက်တဲ့အခါမှာလည်း ပြင်ပမိတ် အကူကြိုဟ်ဖြစ်တဲ့ တနင်္ဂနွေဟာ စတုရန်းကြိုဟ် အဖြစ် နားခိုနေခြင်းပါပဲ။ စတုရန်းကြိုဟ်၊ စတုရန်းနေရာခွင် ဆိုတာ အင်္ဂါဇာဗေဒင်နည်းပညာအရ မကောင်းတဲ့အနိဋ္ဌနေရာကိုး။ စတုရန်းအောက်ကြိုဟ်၊ နေပျော်ခိုက၊ ကိုယ့်ကို စွပ်စွဲ၊ တစ်နည်းကိုယ့်အောက်၊ မဖောက်ဟုတ်ငြား၊ ထိုသူများနှင့်၊ တရားတဘောင်၊ ဖြစ်မည်ရှောင်လော့၊ ထို့ပြင် တစ်ကြောင်း၊ ခြေနှစ်ချောင်းနှင့်၊ လေးချောင်းပြင်ထွက် သတင်းပျက်အံ့လို့တောင်မှ အဆိုအမိန့်ရှိတဲ့ နေရာကိုး။

ပိုဆိုးတာက ဗေဒင်မေးချိန်ပဲ။ ဗေဒင်မေးချိန်က သောကြာချိန်ဆိုတော့ အကူကြိုဟ်ဖြစ်တဲ့ တနင်္ဂနွေက တြိရန်းခိုနေတဲ့အပြင် မွေးနံကြာသပတေးက အခိုက်မှာ ရောက်နေတဲ့ ဖြစ်အင်ပါပဲ။ တြိရန်းမှာ အနိဋ္ဌနေရာမှာ ရောက်နေတဲ့ အကူကြိုဟ်က ကူညီဖို့၊ အားပေးဖို့ နေနေသာသာ ကာယက်ရှင်မွေးနေ့ ကြာသပတေးကပါ ခိုက်နေတော့ သွားပြီပေါ့။

မွေးနံကြာသပတေးရဲ့အထက် စတုရန်းနေရာက ကြိုဟ်၊ စီးကြိုဟ်နှင့် တနင်္ဂါကိုလည်း အကူကြိုဟ် (၂+၅)(၇+၅)

www.burmeseclassic.com

အဖြစ် အားကိုးရအောင်ကလည်း တနလ်ာကိုယ်တိုင်က စတုရန်းခို ဖြစ်နေပြန်တယ်။ ဒီတော့ ဂဠေဓာတ်မိတ်အကူ ဂြိုဟ် မဟုတ်တော့ပါ။ (၂+၅)(ခေ+မာ) အပြင်ရန် ဖြစ်သွားပြန်ကရော။ ဘယ်မှာလဲ အကူဂြိုဟ်ရဲ့ကောင်းအား။ ကောင်းအား မပြုတော့ဘဲ ဆိုးအားတွေ ပြုသွားတဲ့ အကူဂြိုဟ်တွေ ဖြစ်နေပြီလေ။ ဒါကို သတိမထားမိရင် မှားသွားမှာပေါ့။ ယတြာဓာတ်ဆင်ဓာတ်ရိုက် လုပ်တဲ့အခါ မွေးနံ့ ကြာသပတေး နဝင်း=ပဥ္စပွတ်ရှိချိန်အခါ တနင်္ဂနွေကိုများ ရွေးလိုက်မိ၊ ပြုလိုက်မိရင် ကာယကံရှင် ကြာသပတေးသားတော့ သွားလေရော့ ကျွမ်းထိုးမှောက်ခုံ ပိုးစိုးပက်စက်ပဲ။

အကူဂြိုဟ် ရန်လိုတဲ့အဖြစ်။ မရဏဂြိုဟ်ချိန်မှာ အချိန်အခါယူမိရင် မှားသွားမှာ အသေအချာပါပဲ။ အဲ..ဗေဒင်မေးချိန်မှာ အဲဒီကြာသပတေးသားက အသက်(၆၁)နှစ် (၁၀)လ ကျော်နေပြီ။ အသက်(၆၂)နှစ်ထဲမှာ ဗေဒင်မေးတယ်ပေါ့။ အသက်(၆၂)နှစ်ဆိုတော့ တနလ်ာဂြိုဟ်ခွင်မှာ ဂြိုဟ်အိပ်ဖြစ်ပြီး အင်္ဂါဂြိုဟ်ခွင်မှာ သက်ရောက်ဖြစ်နေပြီလေ။



သက်ရောက်ကာလနဲ့ ပတ်သက်လို့ အောင်စအဝင် တနင်္ဂနွေ အင်္ဂါသက်ရောက်များ အဝင်ကာလမှာ အဆိုး ဒါမှမဟုတ် အကောင်း ခံစားရမယ်လို့ ဝိဂြိုဟ်ပြုထားကြတဲ့အတိုင်း အဲဒီကြာသပတေးသား (၆၂)နှစ်ထဲအဝင် (၆၁)နှစ် (၃)လ (၂၅)ရက်အထိ အင်္ဂါဒသာ မဟာဘုတ် ရာဇ၊ ဗုဒ္ဓဟူး ဒသာမဟာဘုတ် အထွန်း၊ စနေဒသာ မဟာဘုတ်သိုက်တွေရဲ့ ကောင်းကျိုးတွေ ခံစားခဲ့ရတာ အမှန်ပါပဲ။

ဒါပေမဲ့ မဟာဘုတ် ဘင်္ဂီလည်းဖြစ်၊ မွေးနံ့လည်းဖြစ်တဲ့ ကြာသပတေးဒသာ၊ မဟာဘုတ် ပုတီလည်းဖြစ်၊ မွေးနံ့ရဲ့ အညွှန့်ဂြိုဟ်ဖြစ်တဲ့ သောကြာဒသာ၊ မဟာဘုတ် မရဏာလည်းဖြစ်၊ မွေးနံ့ကြာသပတေးရဲ့ အကူဂြိုဟ်ဖြစ်တဲ့ တနင်္ဂနွေဒသာတွေ ကြုံတဲ့အချိန်မှာတော့ အဲဒီကြာသပတေးသား လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး စတာတွေ တစ်မျိုးမဟုတ်တစ်မျိုး ခံစားရမှာ အသေအချာပါပဲ။

ဟုတ်တယ်လေ။ ဖုန်းထဲက ဗေဒင်လှမ်းမေးစဉ်ကာလက အသက်(၆၁)နှစ် (၁၀)လကျော်ဆိုတော့ အသက်(၆၁)နှစ်၊ (၇)လ၊ (၉)ရက်မှ အသက်(၆၁)နှစ် (၁၀)လ (၈)ရက်ထိ ပုတီ သောကြာဒသာစားချိန်နဲ့ မရဏ တနင်္ဂနွေဒသာ စားချိန် ရောက်နေသကိုး။ ကျွန်တော်လည်း ဆေးရုံ၊ ဆေးခန်းနဲ့ သံသရာလည်နေတယ် ဆရာ။ ကျွန်းမာရေးတစ်အားမောက်လာတယ်။ ကြည့်ပေးပါဦးဆိုတဲ့ သူ့စကား ဟုတ်တာပေါ့။ အကူဂြိုဟ် တနင်္ဂနွေက ကောဇာရဲ့ ဗျာယဂြိုဟ်ဖြစ်နေပြီး သက်ရောက်တိုင် နိစ်လေးအင်္ဂါကို သွားရောက်ပူးယှဉ်နေတယ်လေ။



(၃ + ၁ = ဆေးအပ်၊ ဆေးအိတ်၊ ဆေးဦး၊ ဆေးအုံး ဆေးအား) (၅ ÷ ၃ = ပျောက်စေ)

ကြာသပတေးသားအတွက် သက်ရောက်တိုင်မှာ မွေးနံ့ကြာသပတေးက တန်းစီးမှာ ဂုဏ်ဒေရာမှာရှိနေပြီး ကောဇာဇေယျဂြိုဟ် အင်္ဂါက စိန်၊ ပန်းမာတ်အဖြစ် အကူဂြိုဟ်အဖြစ် လာရောက်ပူးယှဉ်နေတဲ့အတွက် အသက်ဇီဝိန် မကြွေနိုင်သေးတာကတော့ အသေအချာပါပဲ။

ပြီးတော့ အသက်(၆၁)နှစ် (၁၀)လ (၉)ရက်ကစပြီး (၆၂)နှစ်ကျော် (၆၃)နှစ်ထဲမှာ ကံကောင်း ကံမြင့်တွေ ကြုံဆုံရတော့မှာမို့ ကျွန်တော် ဖုန်းထဲကနေပြီး သိပ်ပြီးမစိုးရိမ်ပါနဲ့ဗျာ။ ကံဆိုးကံညစ်တွေ ကုန်တော့မှာပါ။ လပိုင်း၊ ရက်ပိုင်းလောက်ပဲ သည်းခံရတော့မှာပါ။ ဒီကရှေ့ ကောင်းသွားမှာပါလို့ ပဏာမဖြေသိမ့်ပေးလိုက်ပါတယ်။ အသေးစိတ် တွက်ချက်လမ်းညွှန်မှုကိုတော့ စာနဲ့ပဲရေးပြီး ပို့လိုက်ပါတယ်။

ဒီမှာ အကူဂြိုဟ် တနင်္ဂနွေရဲ့ ရန်လိုမှုတွေကို သတိမထားမိဘဲ ခင်ဗျား ယတြာလုပ်ရမယ်။ တနင်္ဂနွေနဲ့ နံနက်(၆)နာရီက (၇း၃၀)နာရီအတွင်း တနင်္ဂနွေအခါမှာ ဘာညာဘာညာ ဘယ်လိုလုပ်လိုက်ပါလို့သာ ညွှန်းမိရင်..ညွှန်းမိရင်..ညွှန်းလိုက်မိရင်...။

ပညာရှင်အပေါင်းကို မည်သည်းသောဂါရဝဖြင့်

မင်းဇေယျာဝင်းကျော်

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

တိုင်းရင်းဆေးဝါးကုမ္ပဏီမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/ကတက(တိုး)-၁၃၁၂



အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

မုံရွာ ဆရာမိုး ရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာနှိုးဆွမှုအတွက်အတတ်ဆေးဝါး(စာနယ်ဇင်း)သုဝ/ဝတဝဂ

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီး၀င်းပါးညီညွတ်မှုတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဒီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်းခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော့်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့,ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဒိုက်နာ, ဒိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆဲပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခဲတွင်းနံ့ဆိုးခြင်း၊ ခွေးနဲ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလှဲနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံတာ ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းစွာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့ ဈေးလယ်မြို့ကြီးရှိ မြန်မာ့ဆေးမြီးစုံဖြန့်ချိရေးတိုင်ကြားများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိဈေးပေးနေပါပြီ။

ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုဆန်း

[illegible]-ရွာ/၃၅၆၊ ပေဖာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၁၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်း၃ခွဲ (၃၄၇)၊ ၆၉၀၄၅၅၆ လိုင်း၃ခွဲ (၃၄၇)

www.burmeseclassic.com

www.burmeseclassic.com

"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"

စန်းသော်တာ

ကွမ်းရွက်ဆီလိမ်းဆေး (အအေး)

- အကိုက်အခဲပျောက်လိမ်းဆေး၊
- ရင်လူးဆေး၊
- အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)

- အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျီးပေါင်း၊ အကြောတက်ခေါင်းအုံ၊ ဇက်လေး၊ မျက်ကြောကိုက်တို့ကို အကိုက်အခဲပျောက်ဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- ကလေးချွဲကျပ်၊ ချောင်းဆိုး၊ အစာမကြေ လေထိုးလေအောင့် စသည်တို့ကို ရင်လူးဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- အပူနာ၊ Bed Sores ၊ အပူကျိတ်၊ အပူလောင်၊ နှုတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း၊ စသည်တို့ကို အနာကျက်ဆီ အဖြစ် သုံးစွဲနိုင်ပါသည်။

(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။

ဖြန့်ချိရေး- ကိုဝင်းမြင့်+မဘေဘီ ၁၅လမ်းနှစ်ဆုံးမှန်းလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၃၇၂

မင်ရင်း- စန်းသော်တာဆေးတိုက်၊ R-1 (102) ပန်းလိုင်အိမ်ရာ၊ ရွှေသံလွင်၊ ဟုမ်းလမ်းရပ်ကွက်၊ ဝမ်းချောင်းပြိုနယ်၊ ဖုန်း-၀၉၉၀၆၆၈

မြန်မာ့နည်းပညာ၊ ကမ္ဘာ့နည်းပညာဖြင့် ဟောပြောနေပါပြီ

ဆရာမဒေါ်ဝေဝေမင်း

ချစ်သူ၊ မုန်းသူ၊ အိမ်ထောင်ဖက်၊ စီးပွားဖက်၊ ရန်ဘက်တို့၏ နာမည်၊ ရုပ်ဆင်းသဏ္ဌာန်တို့ကို ဒေဝစက္ခု၊ မနောစက္ခုဖြင့် လက်တွေ့ပုံဖော် ဟောပြောပေးနေပါပြီ။

ထီက၊ ငွေကြေးက၊ အလွမ်းကို

အလုံးစုံကို တိကျပြတ်သားစွာ အမည်နှင့်တကွ ဟောပြောနေပါပြီ။ ယခုပင် ကြွခဲ့ပါ။ လာရကျိုး နပ်စေရမည်။

ထီက၊ အထူးပေးနေပြီ

သင့်မှာ ထီပေါက်ကိန်းရှိပါက မုချလက်ငင်း ထီပေါက်မည်။

တစ်ဘဝစာပေဟောစာတမ်း

အမည်၊ မွေးနေ့သက္ကရာဇ် အတိအကျ၊ မွေးရပ်၊ မွေးချိန်နှင့် နေရပ်လိပ်စာတို့ကို ဖော်ပြပြီး ငွေ(၂၅၀၀)ကျပ် (နှစ်ထောင့်ငါးရာကျပ်)ကို စာတိုက်မှ (M.O) ဖြင့် ပေးပို့ပါက တစ်ဘဝစာဟောစာတမ်းကို စာတိုက်မှ မှတ်ပုံတင်စာဖြင့် အမြန်ဆုံးပြန်လည်ပေးပို့ပေးပါမည်။

(မှတ်ချက်-စာအိတ်အတွင်း ငွေဆည့်ပို့ခြင်း လုံးဝတာဝန်မယူပါ။ မပို့ပါနှင့်)

ဆရာမဒေါ်ဝေဝေမင်း

ဆိုင်အမှတ်-၂၉၊ ကမ္ဘာအေးဘုရားစောင်းတန်း၊ ရန်ကုန်မြို့။

နံနက်(၁၁း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (ပိတ်ရက်-လပြည့်/လကွယ်)

www.burmeseclassic.com

www.burmeseclassic.com

သဒ္ဓမ္မဂရုန္ဒယ်ဝင် မော်ကွန်းတင်နှင့် ပတ္တမြားရတု ဂုဏ်ပူဇော တိုက်တွန်းနှိုးဆော်လွှာ

ရခိုင်ပြည်နယ်၊ စစ်တွေမြို့ သဒ္ဓမ္မဂရု(ပုသိမ်) ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော ဒုတိယမြောက် ပုသိမ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒစရိယ)၏ သက်တော်(၈၀)ပြည့် ပတ္တမြားရတု ဂုဏ်ပူဇော အထိမ်းအမှတ် မဂ္ဂင်းနှင့်

သဒ္ဓမ္မဂရု(ပုသိမ်) ကျောင်းတိုက်ကြီး၏ သဒ္ဓမ္မဂရုန္ဒယ်ဝင် မော်ကွန်းတင် စာအုပ်များကို သမိုင်းမှတ်တိုင် တစ်ခုအဖြစ် ထုတ်ဝေကြမည် ဖြစ်ပါ၍ သဒ္ဓမ္မဂရုန္ဒယ်ဖွား ရဟန်းသံဃာတော်များနှင့် တပည့်ဒကာ,ဒကာမများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်ကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

၁။ ဘဒ္ဒန္တပဏ္ဍိတ
သာသနဟိတပရိယတ္တိစာသင်တိုက်
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၂၅၀၀၅၅၅၈၇

၂။ သုံးဆယ်ဆရာတော်
သုံးဆယ်ကျောင်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၄၄၈၀၂၄၃၃၇

၃။ ဦးဝဏ္ဏိတ
မင်္ဂလာသုခပါဠိတက္ကသိုလ်ကျောင်းတိုက်
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၇၃၀၄၅၁၀၉

မှတ်ချက် - အလှူငွေများကိုလည်း အထက်ပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်း နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကြယ်ပြုံစင်း

အမှတ်တံဆိပ်

ဆီးချို၊ သွေးချို ဆေးကုဆေး

ဆီးချိုသွေးချိုကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအောင့်ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ချွေးထွက်များ၍ ကိုယ်ခန္ဓာအားအင်ကုန်ခမ်း နုံးချိခြင်း၊ ဗဟပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိ ဝဝါးမှုန်ခြင်း၊ ယားနာဖေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှုနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်။

အမြဲမြဲရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ပင်ရင်းဌာန **ကြယ်ပြုံစင်း ဆေးတိုက်**

အမှတ်(၄၅၁)၊ သမိန်ဗရင်းနှင့် အောင်မြေလမ်းထောင့်၊ (၃၆)ရပ်ကွက်၊ မြောက်ဒဂုံ

☎ ဝဒ္ဓ-၇၃၀၁၀၄၄ ၊ ဝဒ္ဓ-၅၅၀၁၄၆ ၊ ဝဒ္ဓ-၅၁၁၉၀၇၂ ၊ ဝဒ္ဓ-၅၁၉၉၀၅

မှတ်ပုံတင် - TMR ၀၀၁၂၉၄(၀၆၁၅)
လိုင်စင် ၂/၂၀၁၃တဆထလ၊(၂၃၀၅)

ပြန်ချိရောင်းသူများ (မြည်ပြို့ - ဆေးနံ့တော်ကြီးဆေးဆိုင်) ၊ (ဒေါက်ပြို့ - ဖွေခမ်းလောင်းဆေးဆိုင်)
(ဂုဝိမ်ပြို့ - မြဂုမ္ဗာဆေးနံ့) ၊ (ပဲခူးပြို့ - ဟသံကုန်းထူးဝန်ဆေးဆိုင် ၊ တသံကုန်းလမင်းဆေး

ရန်ကုန် ဆရာမြင့် (၁) ဆရာသြဘာ

နက္ခတ္တာဇေဒ၊ လက္ခဏာ အထူးကျွမ်းကျင်ပညာရှင်

မေးကြည့်လျှင် ပြေးကြည့်သလို မှန်ရမည်။

အမှတ်(၄၈)၊ ဆူးလေဘုရားအဝိုင်း၊ မြို့တော်ခန်းမအနီး၊ ရန်ကုန်မြို့

Ph : 09 4200 34597

www.burmeseclassic.com

www.burmeseclassic.com

သန့်စင်မဟတ္ထာ

TMR 008702(0615)

ဆီးဆေး * ဆီးပူ၊ ဆီးကျဉ်၊ ဆီးဆောင့်၊ ဆီးနီ၊ ဆီးချုပ်၊ ဆီးလွန်၊ ကျောက်ကပ်၊ ဆီးအိမ်နှင့် ဆီးလမ်းကြောင်းတွင် ကျောက်တည်သူများအတွက် (အထူး)သုံးစွဲနိုင်ပါသည်။

TMR 011103(0615)

အစာကြေဆေး * အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ ပျို့အန်၊ ချောင်းဆိုးရင်ကျပ်၊ သလိပ်ကပ်၊ ချဲကျပ်၊ လေထိုးလေအောင့်၊ ဗိုက်အောင့်ခြင်းများ သုံးစွဲနိုင်ပါသည်။

TMR 011245(0615)

သစ္စာမဟတ္တိုင်ရှူဆေး * ခေါင်းမူး၊ ခေါင်းကိုက်၊ ဇက်ကြောတက်၊ အဆစ်ရောင်ကိုက်၊ ခါးကိုက်၊ ခါးနာ၊ ဒူးနာကိုက်၊ ကျီးပေါင်း၊ လေဖြတ်၊ လေငန်းရောဂါများအတွက် သုံးစွဲနိုင်ပါသည်။

ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(စာနယ်ဇင်း) ၀၃၉/၀၅၁၃

သန့်စင်မဟတ္ထာ ဆေးဝါးထုတ်လုပ်ရေး ပင်ရင်း - အမှတ်(၆)၊ သီရိမာလာလမ်း၊ (ခ)ရပ်ကွက်၊ သဃ်နိုးကျွန်းမြို့နယ်၊
ရန်ကုန်မြို့။ ☎ ၀၉၇၃၀၀၅၄၄၊ ☎ ၀၉၄၂၁၀၆၇၇၅၅၊ ☎ (၀၁)၅၇၂၃၇၇

ခါးဆစ်ကြီး ဦးဘသိန်း

ခါး၊ ပျို့၊ စုတ်

အမှတ်တံဆိပ်

လိမ်းဆေး

ကျီးပေါင်းတက်ခြင်း၊ လေဖြတ်ခြင်း၊ လက်ကပ်ခြင်း၊ ဒူးနာ ခါးနာခြင်း၊
ထုံကျင် ညောင်းညာ ကိုက်ခဲခြင်းများကို သက်သာပျောက်ကင်းစေပါသည်။

ဓနုပလားတိုင်းရင်းဆေးခန်း

အမှတ် - ၂၉၊ မဂ္ဂင်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၅၅၉၈၈၅၅၊ ၀၉ ၅၀ ၆၁၃၇၇
(၄၂×၄၃)လမ်းနှင့် (၆၆×၆၇)လမ်းကြား၊ မဟာမြိုင်ဈေးတောင်ဘက်၊
မန္တလေးမြို့။ ဖုန်း - ၀၉ ၂၀ ၃၈၄၂၁

ဓာတ်ပုံတင်ဆမှတ် TMR - 007113 (1016)

www.burmeseclassic.com

www.burmeseclassic.com

နလုံးလမ်းကြောင်း ကင်းမဲ့သူ

ကြည်ဝင်း(ဟသ်တ)

လပြည့်ဝန်း၏ အေးမြကြည်လင်သော လရောင်ခြည်ကဲ့သို့ မေတ္တာတရား ထားတတ်သည့် မြဲမြံတည်ကြည်သော ချစ်သူနှင့် အတားအဆီးများကို ကျော်လွှားပြီး တစ်ဟုန်ထိုး စီးဆင်းတတ်သည့် တောင်ကျချောင်းရေနှင့်တူသော ကာမဂုဏ်ရမ္မက်ဖြင့် ကမ္ဘာရှူးထိုးပြုမူတတ်သည့် ချစ်သူတို့ အကြားတွင် ကွဲလွဲချက်မြောက်များစွာကို တွေ့ရပေလိမ့်မည်။

စနေဂြိုဟ်ခုံအောက်တည့်တည့်မှ အစပြုပြီး သံကွင်းဆက်များနှင့် ပြည့်နှက်နေသော နှလုံးလမ်းကြောင်းသည် အချစ်နှင့်ပတ်သက်၍ သာမန်ထက်ကျော်လွန်သော သဘောတရားများရှိကြောင်းကို ညွှန်ပြနေပေသည်။ ကံအကြောင်းမလှ၍ ဤလူမျိုးများနှင့် ပေါင်းသင်းဆက်ဆံနေကြရသူများအဖို့ သောကပရိဒေဝမီး တောက်လောင်ခြင်း၊ ဆင်းရဲဒုက္ခတို့နှင့် ရင်ဆိုင်ရတတ်ခြင်း၊ အသက်အန္တရာယ် ထိခိုက်သည်အထိ ဘေးဆိုးရန်ဆိုးတို့နှင့် ကြုံတွေ့ရမည်မှာ မလွဲပါပေ။

နှလုံးလမ်းကြောင်းသည် အရောင်ဖျော့ပြီး လမ်းကြောင်းကျယ်လျက် တိမ်နေပါမူ မေတ္တာတရားနှင့် သံယောဇဉ်နှောင်ကြိုးတို့ နည်းပါးတတ်၏။ ကိလေသာရမ္မက်ဖြင့် မြှုပ်ဆွယ်၍ရသော အမျိုးအစားလည်း ဖြစ်၏။

အကယ်၍ နှလုံးလမ်းကြောင်းသည် ဦးခေါင်းလမ်းကြောင်းနှင့် ထိလုနီးပါး နိမ့်ကျစွာ ဖြတ်သန်းသွားပါမူ ဦးခေါင်းနှင့်ပတ်သက်သော ပြဿနာရပ်များအား နှလုံးက အမြဲတမ်း အနှောင့်အယှက်ပြုနေ၏။

လက်ဝါးပြင်၌ နှလုံးလမ်းကြောင်း အလျှင်းမပါရှိသည့် ပုဂ္ဂိုလ်များကိုလည်း တွေ့ရတတ်၏။ ထိုအမှတ်အသားမှာ မိမိ၏ အလိုဆန္ဒပြည့်ဝစေရန် ဖြစ်သည့်နည်းနှင့် ရယူတတ်သော၊ သွေးအေးအေးဖြင့် ကြံစည်တတ်သော အမှတ်အသားပင် ဖြစ်၏။ ရာဇဝတ်မှုကြီးများကို ကျူးလွန်တတ်သည့် လူဆိုးကြီးများ၏ လက်ဝါးပြင်၌ ဤအမှတ်အသားမျိုးကို တွေ့မြင်ရတတ်သည်။

ကျွန်ုပ်သည် လန်ဒန်မြို့တော်သို့ ပြန်လည်ရောက်ရှိနေချိန်အတွင်း တစ်နေ့တွင် အသက်(၅၀)အရွယ်ခန့်ရှိမည်ဟု ထင်ရသော လူတစ်ယောက်သည် ကျွန်ုပ်၏ လက္ခဏာဟောပြောခန်းအတွင်းသို့ ဝင်ရောက်လာလေ၏။

ထိုသူ၏ရုပ်ရည်မှာ ခဲညားထည်ဝါပြီး နှုတ်ခမ်းမွေးမုတ်ဆိတ်မွေးတို့ကို သပ်ရပ်စွာညှပ်ထားသည့်အပြင် အဝတ်အစားမှာလည်း အချိုးကျစွာ ဝတ်ဆင်ထားသောကြောင့် ကြည့်ရသည်မှာ အပြစ်တင်ဖွယ်ရာ မရှိအောင်ပင် အဆင်ပြေနေလေသည်။ သို့သော်လည်း ထိုသူအား မြင်လိုက်သည်နှင့် လူဆန်းတစ်ယောက်နှင့် ရင်ဆိုင်ရချေပြီဟူ၍ ကျွန်ုပ်စိတ်ထဲတွင် ဖြစ်ပေါ်နေ၏။

သို့နှင့် ကျွန်ုပ်သည် ထိုသူ၏ လက်နှစ်ဖက်အား တစိုက် စစ်ဆေးကြည့်ရှုနေမိတော့၏။

ထိုသူသည် ရှယ်ယာဈေးကွက်၌ လုပ်ကိုင်စားသောက်နေသူတစ်ဦးဖြစ်ပြီး ကျွန်ုပ်ထံသို့ လာရောက်မေးမြန်းခြင်းမှာလည်း နေ့ကောင်းရက်မြတ်များနှင့် ကံမကောင်းဆိုးရက်များကို ရွေးချယ်ပေးစေလိုခြင်းပါသည်။

ကျွန်ုပ်သည် ထိုသူ၏ဆန္ဒအတိုင်း နေ့ကောင်းရက်များကို ရွေးချယ်ပေးပြီးနောက် ၄င်းပုဂ္ဂိုလ်၏ ကိုယ်ကိုယ်တာ အကြောင်းအရာများကို စတင်ပြောရန် အစီအလိုက်သည်နှင့်တစ်ပြိုင်နက် ထိုသူက-

'ကိုင်ရို..ကျွန်ုပ်အဖို့ အိမ်ထောင်ရေးတို့၊ အချစ်ရေးတို့နောက်ပြီး အဝိုစကားတွေကို သိပ်စိတ်မဝင်စားဘူးဆိုတာ ဆရာသိထားစေလိုပါတယ်။ ဆရာ ကျွန်ုပ်ကို ဟောပြောတော့ ကျွန်ုပ် အသက်ဘယ်လောက်ရှည်မယ်၊ စီးပွားဘယ်လောက်အထိ တိုးတက်မယ်၊ ငွေကြေးဘယ်လောက်အထိ ရမယ်၊ ယခုလက်ရှိအလုပ်နဲ့ အောင်မြင်နိုင်ပါ့မလားဆိုတာတွေကိုပဲ ကျွန်ုပ်သိချင်တယ်။ ဒါမှမဟုတ်ရင်လည်း ဆရာရော ကျွန်ုပ်ပါ အချိန်တွေ သက်သက်ဖြုန်းတီးနေသလိုဖြစ်နေပါလိမ့်မယ်'

ထို့ကြောင့် ကျွန်ုပ်သည် ၄င်းပုဂ္ဂိုလ်၏ စီးပွားရေးသက်တမ်းအပိုင်းအခြားကို ဟောပြောလိုက်ရာ ထိုပုဂ္ဂိုလ်မှာ ကျွန်ုပ်၏ ဟောပြောချက်များကို သဘောကျနှစ်သက်သွားလေတော့၏။ ကျွန်ုပ်မှာမူ ထိုပုဂ္ဂိုလ်နှင့် စကားပြော

www.burmeseclassic.com

www.burmeseclassic.com

နေသော်လည်း ကျွန်ုပ်၏ အတွင်းစိတ်သည် ထိုသူ၏ နှလုံးလမ်းကြောင်းကို အကဲခတ်လေ့လာနေမိတော့၏။

ထိုပုဂ္ဂိုလ်၏ နှလုံးလမ်းကြောင်းမှာ အမှန်ပင် ထူးခြားနေ၏။ မကောင်းသည့် အတိတ်နိမိတ်တို့ကိုလည်း ဆောင်နေပေ၏။ ထိုမျှမက ၄င်း၏ စူးရှအေးမြသော မျက်လုံးနှင့် စေ့နေသော နှုတ်ခမ်းတို့က သူတစ်ပါးအပေါ် အပြစ်ရှာလိုသည့်အကျင့်ကို ကူညီဖြည့်တင်းပေးနေလေ၏။

ကျွန်ုပ်၏ အာရုံအတွင်း ဖြစ်ပေါ်လာသော အချက်အလက်များအရ ထိုသူသည် ထုံးတမ်းစဉ်လာများကို ကျော်လွန်နေသူတစ်ဦး ဖြစ်ရမည်ဟု မှတ်ချက်ချလိုက်မိတော့၏။ ထို့အပြင် ထိုပုဂ္ဂိုလ်သည် အချစ်ရေးကိစ္စရပ်များကို စိတ်ဝင်စားမှု မရှိသည်မှာ မှန်သော်လည်း စိတ်အားဖြင့်သော်လည်းကောင်း၊ ထိုထက်ပို၍ဖြစ်နိုင်လျှင် ကိုယ်ထိလက်ရောက်သော်လည်းကောင်း ဆန့်ကျင်ဘက်လိင်များကို နှိပ်စက်လိုသည့်ဆန္ဒဖြင့် လက်ဝယ်သို့ ရောက်ရှိစေရေးအတွက် ကြိုးပမ်းလုပ်ကိုင်တတ်သူဖြစ်ကြောင်းကို ခြွင်းချက်မရှိ ကျွန်ုပ်သည် ယုံကြည်နေမိတော့၏။

ထိုသူသည် ကျွန်ုပ်နှင့် နောက်ထပ်စကားလေး,ငါးခွန်း ပြောဆိုပြီးနောက် ဧည့်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ပြန်လည်ထွက်ခွာသွားလေတော့၏။

ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်၏ အကြောင်းကို မေ့မေ့လျော့လျော့ ဖြစ်နေခဲ့ရာ (၂)နှစ်ခန့်အကြာတွင် မိတ်ဆွေ ဝတ်ဆုံတော်ရ ရှေ့နေကြီး တင်ဦးနှင့်အတူ ထမင်းစားနေစဉ် အမှတ်မထင် ကြားလိုက်ရသော စကားများကြောင့် အံ့အားသင့်သွားရတော့၏။

'ကိုင်ရို..ခင်ဗျားဟာ စိတ်ထားယုတ်ညံ့တဲ့ ယောကျ်ားတွေရဲ့ ထူးခြားတဲ့ လုပ်ရပ်တွေကို မြင်ဖူး၊ ကြားဖူးလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်'

'အင်း..ပြောပါဦး မိတ်ဆွေ'

ကျွန်တော် ဖြေလိုက်၏။

'ကျွန်ုပ်ဆိုလိုတာက ဒီလိုပါ ကိုင်ရို..ခင်ဗျားရဲ့ပညာရှာဖွေကောင်းကွန်ပြီး ဂြိုဟ်တစ်ခုခုရဲ့ စိုးမိုးမှု၊ ခြယ်လှယ်မှုတွေကြောင့် ဒီလိုယုတ်ညံ့တဲ့ အကျင့်စာရိတ္တမျိုးတွေ ဖြစ်ပေါ်လာရတာယ်လို့ ပြောနိုင်ပါသလား'

ဤအချက်နှင့် ပတ်သက်၍ ကျွန်ုပ်တို့ နှစ်ဦးသည် ထမင်းစားနေစဉ်အတွင်းမှာပင် စိတ်ပါလက်ပါ ဆွေးနွေးကြသော် စိတ်ဝင်စားဖွယ်ရာ ကောင်းလွန်းတာကြောင့်လည်း စကားအမျှင် မပြတ်တော့ပေ။

နောက်ဆုံးတွင် ရှေ့နေကြီးက-

'ကိုင်ရို..ခင်ဗျားကို ကျွန်တော် အခုလိုမေးမြန်းရတဲ့ အကြောင်းရင်းရှိတယ်ဗျ။ မနေ့က ဆိုပါတော့ဗျာ၊ ကျွန်တော်လက်ခံလိုက်တဲ့ အမှုတစ်ခုဟာ တော်တော့်ကို ဒုက္ခပေးသလို ဖြစ်နေတယ်။ ဘယ်လိုဆုံးဖြတ်ရမယ်ဆိုတာကို စဉ်းစားလို့မရအောင် ဖြစ်နေတယ်ဗျာ'

'ကဲပါ ရှေ့နေကြီးရယ်၊ အမှုသွားအမှုလာကို ဆိုပါဦး'

'အမှုက ရိုးရိုးလေးနဲ့ ထူးဆန်းတယ်ဗျ။ ပြောရရင် ကျွန်တော်နဲ့ အမှုသည်ဟာ ပညာအရည်အချင်းရော ဂုဏ်ပကာသနတွေပါ ပြည့်စုံတဲ့ လူကြီးလူကောင်းတစ်ယောက် ဆိုပါတော့ဗျာ။ ဒါပေမဲ့ သူကိုတင်တဲ့ စွဲချက်တွေကတော့ မိန်းမနဲ့ပတ်သက်ပြီး ရာဇဝတ်မှုတွေ ကျူးလွန်ထားတယ်ဆိုတဲ့ စွဲချက်တွေပဲ။ အဖြစ်အပျက် အချက်အလက်တွေကလည်း အလွန်ထူးဆန်းနေလေတော့ ဟိုးလေးတကျော့်ဖြစ်မှာတော့ အသေအချာပါပဲ'

နှလုံးလမ်းကြောင်း ကင်းမဲ့နေပါမူ ၄င်းပုဂ္ဂိုလ်သည် မေတ္တာတရား ကင်းမဲ့ခြင်း၊ သွေးအေးအေးဖြင့် ရက်စက်တတ်ခြင်း၊ နိုင်လိုမင်းထက် ပြုမူတတ်ခြင်း၊ သနားကြင်နာမှု ကင်းမဲ့တတ်ခြင်း စသော စိတ်ဓာတ်မျိုးတို့ရှိသူ ဖြစ်ပါသည်။

www.burmeseclassic.com

'ဒါဆို ခင်ဗျားအမှုက စိတ်ဝင်စားစရာကောင်းတာပဲ'
ကျွန်ုပ်က ထောက်ခံပေးလိုက်၏။

'ဒီလူကြီးဟာ အမျိုးသမီးတွေနဲ့ အပေါင်းအသင်းဖြစ်အောင် လုပ်တဲ့နေရာမှာ နာမည်မျိုးစုံ သုံးသတဲ့။ သူ့ကို အထင်ကြီးပြီး အယုံအကြည်ရှိလာအောင် လုပ်သတဲ့။ အင်း..ပြီးတဲ့အခါကျမှ..'

ဝတ်လုံတော်ရကြီးသည် စကားဖြတ်လိုက်သဖြင့် ကျွန်ုပ်ကပင် ဆက်၍ပြောရန် တိုက်တွန်းရ၏။

'ထူးဆန်းတဲ့အချက်ကတော့ အမျိုးသမီးတွေ သူ့ကို စိတ်ချယုံကြည်လာတဲ့အခါမှာ သူအခန်းကို ဖိတ်ခေါ်တော့တာပါပဲ။ သူအခန်းထဲရောက်တာနဲ့ ရုတ်တရက်မမျှော်လင့်ဘဲ ခွေးရိုက်တဲ့တုတ်နဲ့ ရိုက်သတဲ့ဗျာ။ သူဟာက အဆန်းသားကလား။ အဲဒီလို အားရပါးရရိုက်ရတာကိုလည်း ပျော်တယ်နဲ့ တူပါရဲ့။ ရိုက်ရင်း ဝါးလုံးကွဲရယ်တော့တာပဲ ဆရာရေ။ သူဒဏ်ကို ခံလိုက်ရတဲ့ အမျိုးသမီးသုံးယောက်ကတော့ အရှက်ကွဲမှာကြောက်လို့ လေသံတောင် မဟကြဘူး။ အခုစတုတ္ထမြောက် မိန်းကလေးကျ ရုပ်ကလည်းချော၊ အသက်ကလည်း ဆယ့်ရှစ်နှစ်အရွယ်လောက်ပဲရှိသတဲ့။ မိန်းကလေးက မိဘတွေကို ပြန်တိုင်တော့ မိဘတွေက ရဲစခန်းမှာ အမှုဖွင့်တာနဲ့ ရဲဌာနကို ရောက်ရတာပဲ ကိုင်ရှိရေ'

'ဒီလူကြီးက လူသိရော များတဲ့လူလား'
ကျွန်ုပ်က မေးလိုက်ရာ-

'နာရီပိုင်းအတွင်းမှာ ဒီအကြောင်းကို လူအများသိအောင် ထုတ်ပြန်ကြော်ငြာရမယ်ဆိုတော့ ကျွန်တော့်အနေနဲ့ ခင်ဗျားကို သူနှာမည်ပြောပြလည်း ထိခိုက်စရာအကြောင်း မရှိတော့ပါဘူးလေ'

ဝတ်လုံတော်ရကြီးသည် ထိုအမှုသည်လူကြီး၏အမည်ကို ပြောပြလိုက်သည်နှင့် ချက်ချင်းပင် နှလုံးလမ်းကြောင်းမဲ့ကာ အမျိုးသမီးတို့ကို စိတ်မဝင်စားပါဟု ပြောဆိုသွားသော လွန်ခဲ့သည့်(၂)နှစ်ခန့်က ကျွန်ုပ်ကို လာရောက်မေးမြန်းဖူးသူ ရှယ်ယာပွဲစားလူကြီးပင်ဖြစ်ကြောင်းကို ကျွန်ုပ်သတိရမိတော့သည်။

'ဒီလူဟာ မေတ္တာတို့၊ နှလုံးသားတို့ အလျဉ်းကင်းမဲ့သူပဲ။ ဘာဖြစ်လို့ ဒီလိုလုပ်ရတယ်ဆိုတာ ကျွန်ုပ်သိပါတယ်။ ဒီလူဟာ တစ်ခါတုန်းက ကျွန်တော်နဲ့လာပြီး ဆွေးနွေးဖူးတယ်'

ရှေ့နေကြီးသည် ကျွန်တော်အား ငေးမောကြည့်နေရင်း-

'ကိုင်ရှိ..ခင်ဗျားပြောတာတွေကို ကျွန်တော်နားမလည်ဘူး။ ဒီအမှုနဲ့ပတ်သက်လို့ ခင်ဗျားသိသလောက် ကျွန်တော့်ကို ရှင်းပြပါလား။ အမှန်အတိုင်းဝန်ခံရရင် ကျွန်တော်ဟာ ဥပဒေနယ်ပယ်မှာ ဝါရင့်တာ မှန်ပေမယ့် ဒီအမှုမှာတော့ အဖြေမထုတ်တတ် ဖြစ်နေတယ်'

သို့နှင့် ကျွန်ုပ်က-

'ဒီလူရဲ့သဘာဝကိုက ဆန့်ကျင်ဘက်မိန်းမတွေအပေါ်မှာ ထောက်ထားညှာတာတတ်တဲ့စိတ်ဓာတ် ကင်းမဲ့နေတယ်။ မိန်းမတွေကို စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့ သတ္တဝါတွေလို ထင်တဲ့စိတ်နဲ့ အနာတရဖြစ်စေလိုတဲ့ စိတ်ဆန္ဒတွေ ပေါင်းစပ်နေတယ်။ ဒါဟာ စိတ်မူမမှန်တဲ့ လူတန်ယောက်ရဲ့ လိင်ပြဿနာတွေ ဆိုပါတော့။ ကာမဆန္ဒတွေ ထကြွတဲ့အခါမှာ သူဟာ လူသတ်မှုမဖြစ်အောင် သူ့ရဲ့စိတ်ကို တစ်မျိုးတစ်မည် ထိန်းသိမ်းဟန်တူပါရဲ့'

ရှေ့နေကြီးသည် ခေတ္တမျှငြိမ်သက်နေ၏။ ပြီးမှ-

'ကိုင်ရှိ..ခင်ဗျားရှင်းပြတဲ့အချက်တွေဟာ မှန်ကိုင်စရာအကြောင်းရှိပါတယ်။ ဒါပေမဲ့ ကျွန်တော့်အမှုအတွက်တော့ အထောက်အကူ မဖြစ်ပါဘူး။ တရားဥပဒေဆိုတာဟာ လူတွေရဲ့ ရှိသေကိုင်းရှိုင်းရာမဟုတ်လား။ နောက်ပြီး အခုလို စိတ်မူမမှန်ဘူးဆိုတဲ့ အချက်ကိုလည်း အသိအမှတ်ပြု ခွင့်လွှတ်လိမ့်မယ်ကိုတော့ ကျွန်တော် မထင်ဘူး။ ဘာပဲဖြစ်စေခင်ဗျားပြောကြားချက်အရဆိုရင် ကျွန်တော့်အမှုသည်ဟာ စိတ်ဝေဒနာ ဖြစ်နေလေတော့ ဒီလူကို ကျွန်တော် အာဇာနိုင်ဆုံး ကြိုးစားပြီး ကာကွယ်ပေးရမှာပေါ့'

အမှုမှာ တိုင်းသိပြည်သိ ဟိုးလေးတကျော်ဖြစ်ခဲ့ပြီး တရားခံကို အလုပ်ကြမ်းနှင့် ထောင်ဒဏ်(၂)နှစ်ချမှတ်ခဲ့စေထိုသို့အဓိန့်ချမှတ်စဉ် တရားသူကြီးက တရားခံ၏ အကျင့်စာရိတ္တမှာ ခွင့်လွှတ်နိုင်ခြင်း အလျှင်းမရှိဟူ၍ မှတ်ချက်တွင်ရေးသားဖော်ပြခဲ့၏။ တရားဥပဒေတို့မည်သည် သက်ဆိုင်အထောက်အထားများအပေါ် မူတည်၍ ဆုံးဖြတ်ကြရသည်ဖြစ်ရာ ဤအမှုတွင်လည်း တရားခံမှာ အထောက်အထားခိုင်လုံသဖြင့် အပြစ်ပေးခံခဲ့ရခြင်း ဖြစ်ပေသည်။

ကြည်ဝင်း(ဟသ်တ

ကျမ်းကိုး

(၁) သိပ္ပံလက္ခဏာစွယ်စုံကျမ်း။
(၂) Life, Love and Marriage by Cheiro.

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည် ဆရာ ဦးမင်းသန်းထိုက်

တဆ ၃၃၅၈ **အနာပေါက် အထူးကုသမားတော်** အသင်းဝင်ကတ် ၂၅၇

ခန္ဓာကိုယ် အတွင်း, အပြင် အကျိတ်မျိုးစုံ၊ မှိုနာ၊ ကင်ဆာ၊ အမြစ်ပွားနာ ရောဂါအမျိုးမျိုးကို မခွဲမစိတ်၊ မဖြတ်မလိုး၊ စုတ်အပ်မထိုး၊ ဆေးရည်အမျိုးမျိုး ထိုးမသွင်း၊ အနာလုပ်မကု၊ ဆွမကု၊ အမြစ်သတ်၊ ဆေးအုံ၊ ဆေးအုပ်ထားရုံဖြင့် အမြစ်အားလုံး သေကျေပြီး အမြစ် မကျန်ရအောင် ကုသပေးနေတယ်။ အမြစ်တွေ အစုစုအပြုံပြုံ ထွက်လာအောင် ဆေးက ဆွဲစုပ်ပေးနိုင်တဲ့ ဆေးစွမ်းကောင်း ကိုယ့်ပြည်တွင်းမှာ ရှိနေတယ်။ ဂရင်ဂျီနာ၊ လိပ်ခေါင်း အတွင်း, အပြင် မခွဲမဖြတ်၊ မပူမစပ်၊ ရက်ပိုင်းအတွင်း သက်သာရမယ်။ ခရုသင်း၊ သမင်ဖြူ (၁၂)မျိုး၊ ကိုယ်အရေပြား၊ ဆင်နှင်းခွ၊ ဝဲနှင်းခွ (အစို၊ အခြောက်) မည်သည့်ရောဂါမျိုးကိုမဆို ဆေးမမှားစေရ၊ ကုထုံးမမှားစေရ၊ အနာနဲ့ဆေး တည့်အောင်ပေး ပျောက်ရေး မခက်ပါ၊ အနာနဲ့ဆေး ကိုက်အောင်ပေး သောက်ရေး မခက်ပါ။

မကုသခင် လာရောက်ဆွေးနွေးပါ။

အမှတ် - ၄၄၄၊ ရွှေဘုံသာ(အထက်လမ်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၉ ၂၅၂ ၀၆၇ ၇၃၀၊ ၀၉ ၃၁ ၀၇ ၃၆ ၁၉



ရွှေမြင်းစီး®

(အမှတ်တံဆိပ်)

ကျီးပေါင်းလိမ်းဆေး

သုံးစွဲနိုင်သောရောဂါများ

လည်ပင်းကျီးပေါင်း၊ ပခုံးဆစ်ကျီးပေါင်း၊ ခြေဆစ်လက်ဆစ်၊ ဒူးဆစ်ကျီးပေါင်းတက်ခြင်းနှင့် အဆစ်လွဲ၊ အဆစ်အမျက်ကိုက်ခဲခြင်း၊ အုံးလွဲခြင်းဝေဒနာများ၊ အရိုးအက်နာ ရောင်ရမ်းခြင်း၊ ခွေးနာ၊ ခဲနာ၊ ဇက်ကြောထိုးခြင်းနှင့် ထုံကျင်ကိုက်ခဲခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။

(မှတ်ချက်) ။ ။ အညောင်းထိုင်သူများ၊ တရားထိုင်သူများနှင့် အားကစားသမားများအတွက် "အကြောပြေ ဒဏ်ကြေလိမ်းဆေး" အဖြစ်လည်း အသုံးပြုနိုင်ပါသည်။

သုံးစွဲကြည့်ပါ။ ထူးခြားကြောင်း ယက်ဖွဲ့ခံစားရမည်။

"အမှန်ကန်သုံးရွေးချယ်ပါ"

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR 010304 (0216)
ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၁၂/၂၀၁၁၊ တဆထလ/တိုး (၁၁၈၅)
ကြော်ငြာခွင့်ပြုချက်အမှတ် - တဆခက (ဘန်ယင်း) ၀၉၈/၁၀၁၃

တိုးတွန့်အားလိုအရာကိုနှိပ်ခြင်းတို့နှင့်ဆက်စပ်သောပစ္စည်းများ (လုံးဝ)မပါဝင်ကြောင်းအာပခံပါသည်။

ဆေးလက်ကားရရှိနိုင်သည့်ဆေးဆိုင်ကြီးများ

ကိုလုစိုး (သိမ်ကြီးဈေး)၊ အာရောဂျ (၂၄ လမ်းထိပ်၊ သိမ်ကြီးဈေး)၊ ဆန်ဦးအောင်ဆေးဆိုင် (သိမ်ကြီးဈေး)၊ မင်္ဂလာဈေးရှေ့ သုခချမ်းသာဆေးဆိုင်၊ ခင်းသားဆေးဆိုင်၊ အာရောဂျဆေးဆိုင်၊ ကျေးဇူးရှင်ဆေးဆိုင်၊ ကိုသက်နိုင်ဆေးဆိုင် နှင့် ပြည်တော်သာဆေးဆိုင် (ဗိုလ်ချုပ်ဈေးသစ်) တို့တွင် ဝယ်ယူရရှိနိုင်ပါသည်။

ဆက်သွယ်ရန် - **09 49 253192**

www.burmeseclassic.com

www.burmeseclassic.com

မင်းမဟော်ညွှန့်

နက္ခတ်ကောဏ် ဂျာတိုင်ကောင်း အချို့နှင့်အကျိုး

(၂၀၁၅)ခုနှစ်၊ ဩဂုတ်လအတွက် ဈေးကွက်ခန့်မှန်းချက်

ယခုလ ကောဇာစက်ဝိုင်းတွင် ကရကဋ်ရာသီ၌ ၁၄၌၊ ၁၇။ ၄ဟူး၊ ပြာသိုကြိုးဟတ်တို့ စုဝေးစွာ ရှိနေသဖြင့် အစာရေစာ ခေါင်းပါးတတ်သည်။ သိတ်ရာသီ၌ ၄ဟူးရှိခိုက်တွင် ပုန်းရည်ကြီး၊ ထင်းရှူးဆီတုန်များ ရှားပါး၍ ဈေးကောင်းမည်။ ထို သိတ်ရာသီ၌ ၅တေးရှိခိုက်တွင် တောက်ပဝါးတို့ ပွားများတတ်၏။ ကန်ရာသီ၌ ၄ဟူးပြိုဟ်ရှိခိုက်တွင် သကြား၊ ကြံသကာတို့ ရှားပါး၍ ဈေးကစားမည်။ ငြိဆွာရာသီတွင် စနေပြိုဟ် ရှိနေသဖြင့် သတ္တဝါတို့ အဆိုးကို ရှောင်နိုင်ရန်အတွက် သရဏဂုံတရား လက်ကိုင်ထား၍ ယကြာချေ နေထိုင်ရမည့် ကာလဝင် ဖြစ်သည်။

၁-စ-၂၀၁၅ (စနေနေ့)

(၁၃၇၇)ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် (၁)ရက်

အလိုဆန္ဒပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ အနေကဇာတင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ အဆောက်အအုံ အုတ်မြစ်ချမင်္ဂလာ ကျင်းပရန်၊ အိမ်,တိုက် လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ စေ့စပ်ကြောင်းလမ်းရန်၊ အဝတ်အထည် ရက်လုပ်ရန်၊ မော်တော်ယာဉ်ကား ဝယ်ယူရန်၊ ဥယျာဉ်ခြံလုပ်ငန်း စတင်ရန်၊ ဆေးဝါး,အလှကုန်ပစ္စည်း ထုတ်လုပ်ဖြန့်ချိရန်၊ လုပ်ငန်းသစ် စတင်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလို ပါက မောင်နေလင်း၊ မနေခြည်ဝင်း...ဟု ပေးနိုင်သည်။

၂-စ-၂၀၁၅ (တနင်္ဂနွေနေ့)

(၁၃၇၇)ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် (၂)ရက်

မိတ်ဆွေသင်္ဘော ပေါများသောယုဂ် သဖြင့် ယနေ့ ရဟန်းခံရှင်ပြုရန်၊ ဂြာဆိုင်းဘုတ်တင်ရန်၊ သာသနာ့အလံ ထူ၍ ထီးတော်တင်ရန်၊ နတ်ကွန်းတည် အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍပ်၊ ပြာသာဒ် ဆောက်လုပ်ရန်၊ အဆောက်အအုံအတွက် မြစ်ချရန်၊ အိမ်တက်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ လူကြီးထံ အစီရင်ခံစာတင်ရန်၊ လေကြောင်းခရီးသွား တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေး မရဏာဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။

www.burmeseclassic.com

www.burmeseclassic.com

ကလေးကို နာမည်ပေးလိုပါက မောင်အောင်ဇင်ခန့်၊ မအေး ဆုံးမ်း..ဟု ပေးနိုင်သည်။ ငွေပန်းကို ဆောင်နိုင်ပြီး စန်း ဂြိုဟ်ရာအရပ်မှာ အနောက်အရပ် ဖြစ်သည်။ အဖြူရောင်ကို သက်ဆင်ကာ အိမ်ရှိ ဘုရားတွင် ဆွမ်း၊ ဖျော်ရည်တို့ဖြင့် ပူဇော်ပြု၍ လိုရာဆုတောင်းပါ။

၄-စ-၂၀၁၅ (အင်္ဂါနေ့)

(၁၃၇၇)ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် (၄)ရက်

အလုံးစုံထမြောက်သောယုဂ် ရရှိသဖြင့် အထက်ဂိုဏ်းပွဲစဉ်တက်ရန်၊ ဂန္ဓိရုပညာရပ်များ သင်ယူရန်၊ အနုပညာလုပ်ငန်း စတင်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ အလုပ်သစ်လျှောက်ရန်၊ ပန်းချီ၊ပန်းပုနှင့် ပန်း(၁၀)မျိုးလုပ်ငန်းများ စတင်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇေယ်၊ မဆုကလျာ..ဟု ပေးနိုင်သည်။ အဆောင်မှာ ဝမ်းနီဖြစ်ပြီး စန်းပွင့်ရာအရပ်မှာ မြောက်အရပ် ဖြစ်သည်။ အိမ်ရောင်ကို ဝတ်ဆင်ကာ ယကြာမှာ ငါးပါးသီလကို ဆောက်တည်၍ မိမိကိုယ်ခန္ဓာအား ဒါနပြု၍ ဖြစ်ချင်ရာမှန် သမျှ ဆုတောင်းမှုပြုကြပါ။

၅-စ-၂၀၁၅ (ကြာသပတေးနေ့)

(၁၃၇၇)ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် (၅)ရက်

ဘုန်းကံထက်မြက်သောယုဂ် ရရှိသဖြင့် ယနေ့ မော်တော်ယာဉ်ကား ရောင်းဝယ်ရန်၊ လယ်ယာခိုင်းနွားတိရစ္ဆာန် ဝယ်ယူရန်၊ အနုပညာလုပ်ငန်းများ စတင်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ ဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ စေ့စပ်၊ သက်ထပ်ရန်၊ ရဟန်းခံရှင်ပြုရန်၊ နာမည်မှည့်ခေါ်ရန်၊ အလှူဆိုင်ဖွင့်ရန်၊ ဥယျာဉ်လယ်ယာလုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ သူကြွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်သိန်းစိုး၊ မမေသွေး..ဟု ပေးနိုင်သည်။ သရဖီပန်းကို ဆောင်နိုင်ပြီး စန်းပွင့်ရာအရပ်မှာ အရှေ့အရပ် ဖြစ်သည်။ အဖြူရောင်ကို သက်ဆင်ကာ ဘုရားတွင် ဆွမ်း၊ ဖျော်ရည်ဖြင့် ဒါနပြုကာ လိုရာဆုကို တောင်းပါ။

၈-စ-၂၀၁၅ (စနေနေ့)

(၁၃၇၇)ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် (၈)ရက်

ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ၊ ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ အားကစားနှင့် ဂီတအနုပညာလုပ်ငန်းများ ဆောင်ရွက်ရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ စပါးရိတ်သိမ်းရန်၊ ကုန်အရောင်းအဝယ်လုပ်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေထက်လင်း၊ မနွယ်နီလှိုင်..ဟု ပေးနိုင်ပါသည်။ အုန်းညွှန့်ကို ဆောင်နိုင်ပြီး တောင်အရပ်တွင် စန်းပွင့်မည်။ အိမ်ရောင်ကို ဝတ်ဆင်ပြီး ဥပုသ်သီလ ဆောက်တည်၍ ဒါနပြုပါ။

၉-စ-၂၀၁၅ (တနင်္ဂနွေနေ့)

(၁၃၇၇)ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် (၉)ရက်

အထွတ်အမြတ်ဖြစ်သောယုဂ် ရရှိသဖြင့် ယနေ့ စေတီ,ပုထိုး တည်ရန်၊ ထီးတော်နှင့် တံခွန်တိုင် တည်ရန်၊ မြေသန့်မင်္ဂလာနှင့် အိမ်တက်မင်္ဂလာ ပြုလုပ်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍပ်နှင့် မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ မီဒီယာများတွင် လုပ်ငန်းကြော်ငြာထည့်သွင်းရန်၊ မျိုးစေ့ချစိုက်ပျိုးရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ အလုပ်သစ် လျှောက်ရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်,ဝတ်ဆင်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ဇင်ခန့်၊ မအေးဆုံးမ်း..ဟု ပေးနိုင်ပါသည်။ ငွေပန်းကို ဆောင်နိုင်ပြီး တောင်အရပ်တွင် စန်းပွင့်မည်။ အဝါရောင်ကို ဝတ်ဆင်၍ ဂါထာမန္တန်များ ရွတ်ဖတ်ပူဇော်ကာ လိုရာဆုကို တောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

၁၀-၈-၂၀၁၅ (တနလာနေ့)

(၁၃၇၇)ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် (၁၀)ရက်

အလိုဆန္ဒပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံရှင်ပြုရန်၊ ထိမ်းမြားလက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလှပြင်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်, စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံပါတီ ဧည့်ခံပွဲ ကျင်းပရန်၊ အချစ်ရေးရာကိစ္စ ဆောင်ရွက်ရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ စာအုပ်စာပေ ဖြန့်ချိရန်တို့ အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀) နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်ထွဋ်ခေါင်၊ မခိုင်နေခြည်..ဟု ပေးနိုင်သည်။ ဇော်စိမ်းညွှန့်ကို ဆောင်နိုင်ပြီး တောင်အရပ်တွင် စန်းပွင့်မည်။ အပြာရောင်ကို ဝတ်ဆင်ကာ ပန်းနုံသာတို့ဖြင့် ဒါနပြု၍ လိုရာဆုကို တောင်းပါ။

၁၁-၈-၂၀၁၅ (အင်္ဂါနေ့)

(၁၃၇၇)ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် (၁၁)ရက်

ကြွေစည်သမျှ ပြီးမြောက်သောယုဂ် ရရှိသဖြင့် ယနေ့ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ ဂါထာမန္တန် သိဒ္ဓိတင်ရန်၊ သာသနာ့အလံလွှင့်ထူ၍ ထီးတော်တင်ရန်၊ ဆုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အားကစားပြိုင်ပွဲ ပြုလုပ်ရန်၊ ရောဂါကုသမှု ခံယူရန်၊ အစွမ်းထက်ဆေးဝါး ဖော်စပ်ရန်၊ အိမ်တက်မင်္ဂလာ ကျင်းပရန်၊ အလုပ်သစ်လျှောက်ရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၃၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇွဲဝေယံ၊ မဆုကလျာ..ဟု ပေးနိုင်သည်။ ရွှေပန်းပွင့်ကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာအရပ်မှာ အနောက်အရပ်ဖြစ်သည်။ အဖြူရောင်ကို ဝတ်ဆင်ကာ ဆွမ်း၊ ဖျော်ရည်တို့ဖြင့် ဒါနပြု၍ လိုရာဆုတောင်းပါ။

၁၃-၈-၂၀၁၅ (ကြာသပတေးနေ့)

(၁၃၇၇)ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် (၁၃)ရက်

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောယုဂ် ရရှိသဖြင့် ယနေ့

ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ထီးတော်တင်ရန်၊ ရဟန်းခံရှင်ပြုရန်၊ အဆောက်အအုတ်မြစ်ချရန်၊ တိုင်,လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်လူကြီးများထံ အစီရင်ခံစာတင်ရန်၊ လယ်ယာသီးနှံများ ဆွတ်ခူးရိတ်သိမ်းရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြသစ္စာ၊ မမေသူဆွေ..ဟု ပေးနိုင်သည်။ အဆောင်အဖြစ် သရဖီပန်းကို ဆောင်နိုင်ပြီး စန်းပွင့်ရာအရပ်မှာ မြောက်အရပ်ဖြစ်သည်။ အနီရောင်ဝတ်ဆင်ကာ သီလဆောက်တည်၍ အသုံးအဆောင်ကို ဒါနပြုကာ လိုရာဆုကို တောင်းပါ။

၁၅-၈-၂၀၁၅ (စနေနေ့)

(၁၃၇၇)ခုနှစ်၊ ဒုတိယဝါဆိုလကွယ်

ဥစ္စာပေါများသောယုဂ် ရရှိသဖြင့် ကျောက်မျက်ရတနာ တူးဖော်ရန်၊ မြောင်း,တာတမံ ဖော်ထုတ်ရန်၊ ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ ဂီတ,အနုပညာဆိုင်ရာ အဆို,အကနှင့် သရုပ်ဆောင်လုပ်ငန်းများ စတင်ရန်၊ လက်ထပ်ထိမ်းမြားရန်၊ မျိုးစေ့အပင်စိုက်ရန်၊ အားကစားပွဲ စတင်ရန်၊ အောင်ဘာလေထီကံစမ်းရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ ဥယျာဉ်ခြံလုပ်ငန်းစတင်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နိုင်ထက်လင်း၊ မနီဝေလွင်..ဟု ပေးနိုင်ပါသည်။ အဆောင်ကို ဆောင်နိုင်ပြီး စန်းပွင့်ရာအရပ်မှာ အရှေ့အရပ်ဖြစ်သည်။ အပြာရောင်ကို ဝတ်ဆင်ကာ သစ်သီး၊ ပန်း၊ နုံသာတို့ဖြင့် ဒါနပြုကာ ဆုတောင်းပါ။

၁၆-၈-၂၀၁၅ (တနင်္ဂနွေနေ့)

(၁၃၇၇)ခုနှစ်၊ ဝါခေါင်လဆန်း (၁)ရက်

မင်းချီးမြှောက်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ ရှင်ပြုရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေတွင်းကန်,အဝီစိတွင်း တူးဖော်ရန်၊ စာပေကျမ်းဂန် ရေးသား

www.burmeseclassic.com

www.burmeseclassic.com

ရန်၊ ပညာစသင်ရန်၊ ကုန်ရောင်းဝယ်ရန်၊ စပါးရိတ်သိမ်း၍ ကျီသွင်းရန်၊ အလုပ်သစ် လျှောက်ရန်၊ အရောင်းအဝယ် လုပ်ရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ အိမ်၊ခြံ၊မြေ ဆောင်းဝယ်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ မရဏာဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄:၃၀)နာရီမှ (၆:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ဇင်ခန့်၊ မအေးဆုငြိမ်း..ဟု ပေးနိုင်ပါသည်။ အဆောင်အဖြစ် ငွေပန်းကို ဆောင်နိုင်ပြီး စန်းပွင့်ရာအရပ်မှာ အရှေ့အရပ်ဖြစ်သည်။ အဖြူရောင်ကို ဝတ်ဆင်၍ ဆွမ်း၊ ဖျော်ရည်တို့ဖြင့် ဒါနပြုကာ ဆုတောင်းပါ။

၁၇-စ-၂၀၁၅ (တနလ်ာနေ့)

(၁၃၇၇)ခုနှစ်၊ ဝါခေါင်လဆန်း (၂)ရက်

ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ ရှင်ပြုရဟန်းခံရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစု ကုန်ရောင်းဝယ်ရန်၊ ပျိုးနုတ်ကောက်စိုက်ရန်၊ စပါး ကျီသွင်းရန်၊ အားကစားပွဲ စတင်ရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ စာပေလုပ်ငန်း ဆောင်ရွက်ရန်၊ အိမ်၊ခြံ၊မြေ ဆောင်းဝယ်ရန်၊ စေ့စပ်၊လက်ထပ်ရန်၊ အနုပညာလုပ်ငန်း ဆောင်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်စိုးခေါင်၊ မခိုင်နေခြည်..ဟု ပေးနိုင်သည်။ အဆောင်အဖြစ် ဇော်စိမ်းညွှန့်ကို ဆောင်နိုင်ပြီး စန်းပွင့်ရာအရပ်မှာ အရှေ့အရပ်ဖြစ်သည်။ အနက်ရောင်ကို ဝတ်ဆင်၍ ဆီမီး၊ ဖယောင်းတိုင်တို့ ပူဇော်လှူဒါန်း၍ လုပ်ငန်းအတွက် ဆုတောင်းပါ။

၁၈-စ-၂၀၁၅ (ဗုဒ္ဓဟူးနေ့)

(၁၃၇၇)ခုနှစ်၊ ဝါခေါင်လဆန်း (၃)ရက်



ရက်ရာဇာဖြစ်ပြီး အလိုဆန္ဒပြည့်ဝသော ယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံရှင်ပြုရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ အမည်ကင်မွန်းတပ်ရန်၊ ဆံရိတ်၊ဆံသ ပြုလုပ်ရန်၊ လက်ဝတ်ရတနာပစ္စည်းများ ရောင်းဝယ်၊ဝတ်ဆင်ရန်၊ အလှပြင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံဖွဲ့ခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ မေတ္တာရေးရာ စကားပြောရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂:၀၀)နာရီမှ မွန်းလွဲ(၁:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်လင်းဝေလှိုင်၊ မဝင်းဝင်းလှိုင်..ဟု ပေးနိုင်သည်။ အဆောင်ပန်းမှာ ရွှေပန်းပွင့်ဖြစ်ပြီး စန်းပွင့်ရာအရပ်မှာ တောင်အရပ်ဖြစ်သည်။ အဝါရောင်ကို ဝတ်ဆင်ကာ မွေးကြိုင်သော သစ်သီး၊ ပန်း၊ နံ့သာတို့ဖြင့် ဒါနပြု ဆုတောင်းပေးပါ။

၁၀-စ-၂၀၁၅ (ကြာသပတေးနေ့)

(၁၃၇၇)ခုနှစ်၊ ဝါခေါင်လဆန်း (၅)ရက်

ကြီစည်သမျှ ပြီးမြောက်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ရဟန်းခံရှင်ပြုရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ ဆံရိတ်၊ဆံသရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလှပြင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်၊ခြံ၊မြေနှင့် ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွားရန်၊ မိတ်ဆုံဖွဲ့ခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ မေတ္တာရေး စကားပြောရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄:၃၀)နာရီမှ (၆:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်စိုးလှိုင်၊ မမေသူဝင်း..ဟု ပေးနိုင်သည်။ အဆောင်အဖြစ် သရဖီပန်းကို ဆောင်နိုင်ပြီး စန်းပွင့်ရာအရပ်မှာ အနောက်အရပ်ဖြစ်သည်။ အပြာရောင်ကို ဝတ်ဆင်ကာ ဂါထာမန္တန်များ ရွတ်ဆိုဆုတောင်းပါ။

၂၁-စ-၂၀၁၅ (သောကြာနေ့)

(၁၃၇၇)ခုနှစ်၊ ဝါခေါင်လဆန်း (၆)ရက်

တိထီရက်မြတ်ယုဂ် ရရှိသဖြင့် ယနေ့ သိပ္ပံ၊ ဝိဇ္ဇာဆိုင်ရာ ပညာသင်ယူရန်၊ ငွေကြေးကိစ္စ ဆောင်ရွက်ရန်၊ တိရစ္ဆာန် ခိုင်းနွှား၊မြင်းနှင့် မော်တော်ယာဉ်ကား ဝယ်ယူရန်၊ အမှု

www.burmeseclassic.com

www.burmeseclassic.com

ပညာလုပ်ငန်း စတင်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ ဆင်းတုတော် ထုလုပ်ကိုးကွယ်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ကုန်ရောင်းဝယ်ရန်၊ ဆေးဝါးဖော်စပ်ရန်၊ ဆေးခန်းသစ်ဖွင့်ရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ အလှပြင်ဆိုင်ဖွင့်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ပုတီဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်သူရိန်ဝင်း၊ မသဇင်လှိုင်..ဟု ပေးနိုင်သည်။ အဆောင်အဖြစ် နှင်းပန်းကို ဆောင်နိုင်ပြီး စန်းပွင့်ရာ အရပ်မှာ အနောက်အရပ်ဖြစ်သည်။ အပြာရောင်ကို ဝတ်ဆင်ကာ အိမ်ဘုရားတွင် သစ်သီး၊ ပန်း၊ နံ့သာများ ဒါနပြု၍ ဆုတောင်းပေးပါ။

၂၂-စ-၂၀၁၅ (စနေနေ့)

(၁၃၇၇)ခုနှစ်၊ ဝါခေါင်လဆန်း (၇)ရက်



မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရန်၊ စပါးရိတ်သိမ်းရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ဂီတအနုပညာဆိုင်ရာ အဆို၊အက၊သရုပ်ဆောင်၊ဗီဒီယို၊ရုပ်ရှင်လုပ်ငန်း စတင်ရန်၊ အရောင်းအဝယ်လုပ်ရန်၊ ငွေကြေးကိစ္စ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေလှိုင်ဝင်း၊ မနွယ်နီလှိုင်..ဟု ပေးနိုင်ပါသည်။ အုန်းညွှန့်ကို ဆောင်ထားနိုင်ပြီး စန်းပွင့်ရာအရပ်မှာ အနောက်အရပ်ဖြစ်သည်။ ယတြာမှာ အဖြူရောင် ဝတ်ဆင်ကာ မွန်မြတ်သော အာဟာရ၊ ဆွမ်း၊ ဖျော်ရည်မျိုးစုံဖြင့် ဒါနပြု ဆုတောင်းပါ။

၂၄-စ-၂၀၁၅ (တနလာနေ့)

(၁၃၇၇)ခုနှစ်၊ ဝါခေါင်လဆန်း (၉)ရက်

ဥစ္စာပစ္စည်း ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ သိပ္ပံနှင့် ဝိဇ္ဇာဂန္ဓိရ ပညာရပ်များ သင်ယူရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ပန်းချီ၊ပန်းပု ပန်း(၁၀)မျိုးလုပ်ငန်း စတင်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရေး ပြည်တွင်း၊ပြည်ပ ခရီးသွားရန်၊ အချစ်ရေး၊မေတ္တာ ကိစ္စများ ဆောင်ရွက်ရန်၊ စာအုပ်စာပေဖြန့်ချိရန်၊ ဘောလထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုက ဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀) အတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေ နာမည်ပေးလိုပါက မောင်ကျော်စိုးလွင်၊ မခင်ဆွေလွင် ဟု ပေးနိုင်သည်။ အဆောင်အဖြစ် ဇော်စိမ်းညွှန့်ကို ဆော နိုင်ပြီး စန်းပွင့်ရာအရပ်မှာ အရှေ့အရပ်ဖြစ်သည်။ အ ရောင်ကို ဝတ်ဆင်ကာ သီလဆောက်တည် ဘာဝနာတ ပွားများ၍ ဆုတောင်းပါ။

၂၅-စ-၂၀၁၅ (အင်္ဂါနေ့)

(၁၃၇၇)ခုနှစ်၊ ဝါခေါင်လဆန်း (၁၀)ရက်

မင်းချီးမြှောက်ခံရသောယုဂ် ရရှိသ ယနေ့ ကျောက်မျက်ရတနာ တူးဖော ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူ ရှာဖွေရန်၊ ရေတွင်း၊ရေကန်၊အဝီစိ တူးဖော်ရန်၊ ပန်းချီ၊ပန်းပု၊ဂီတအနုပညာဆိုင်ရာ အ အက၊ရုပ်ရှင်သရုပ်ဆောင်လုပ်ငန်း လုပ်ကိုင်ရန်၊ အား ပြိုင်ပွဲ စတင်ရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ စာ စာနယ်ဇင်းလုပ်ငန်း စတင်ရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ် ကျောက်မျက်ရတနာ ရောင်းဝယ်ရန်တို့အတွက် သည်။ ယနေ့မွေးဖွားသော ကလေးမှာ ရာဇဖွား ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀) အတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေ နာမည်ပေးလိုပါက မောင်စိုးဝေလှိုင်၊ မဆွေကလျာ ပေးနိုင်သည်။ အဆောင်မှာ ရွှေပန်းဖြစ်ပြီး စန်းပွင့်ရာ မှာ အရှေ့အရပ်ဖြစ်သည်။ အဝါရောင်ကို ဝတ်ဆင် ယတြာမှာ သီလဆောက်တည်၍ ဒါနပြုလုပ်ပြီး သမျှ ဆုတောင်းပါ။

၂၆-စ-၂၀၁၅ (ဗုဒ္ဓဟူးနေ့)

(၁၃၇၇)ခုနှစ်၊ ဝါခေါင်လဆန်း (၁၁)ရက်

ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် သဖြင့် ယနေ့ အောင်ဘာလေထီ ရန်၊ ကျောက်မျက်ရတနာ တူးဖော် ရန်၊ ဆည်မြောင်း၊တာတမံ

www.burmeseclassic.com

www.burmeseclassic.com

ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ စပါးရိတ်သိမ်းရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ ကုန်ပစ္စည်း ဝယ်ယူသိုလှောင်ရန်၊ ပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်လှမင်းလှိုင်၊ မဝင်းလက်လွင်..ဟု ပေးနိုင်သည်။ အဆောင်ပန်းမှာ ရွှေပန်းဖြစ်ပြီး စန်းပွင့်ရာအရပ်မှာ အရှေ့အရပ်ဖြစ်သည်။ အပြာရောင်ကို ဝတ်ဆင်၍ ဘုရားမှာ ပန်း၊ နံ့သာ၊ အသုံးအဆောင်များ ဒါနပြုလုပ်၍ ဖြစ်ချင်သမျှ ဆုတောင်းပါ။

၂၇-၈-၂၀၁၅ (ကြာသပတေးနေ့)

(၁၃၇၇)ခုနှစ်၊ ဝါခေါင်လဆန်း (၁၂)ရက်

စီးပွားရေးလုပ်ငန်း၊ ငွေကြေးကိစ္စတွင် ရင်းနှီးမြှုပ်နှံရန် မသင့်သော်လည်း အဘိဇိန နက္ခတ် ရရှိသဖြင့် ယနေ့ အဓိဋ္ဌာန်ဝင်ရန်၊ ဂိုဏ်းဆိုင်ရာ ကန်တော့ပွဲတင်ရန်၊ သမထ ဘာဝနာ ပွားများရန်၊ ဂါထာမန္တန် မှုန်းမှတ်ရန်၊ ဆေးဝါးဖော်စပ်ရန်၊ ပီယဆေး ဖော်စပ်ရန်၊ လယ်ယာဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ အလုပ်သစ်လျှောက်ရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွားရန်၊ အဝတ်အစားသစ် ဝတ်ဆင်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်သော်လည်း ဘာသာ၊ သာသနာကို စောင့်ရှောက်သူ (သို့မဟုတ်) ဂဗ္ဘီရအလုပ်တွင် ထူးချွန်သူ ဖြစ်မည်။ ထို့ကြောင့် ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်သိန်းစိုး၊ မမြသက်ဆွေ..ဟု ပေးနိုင်သည်။ သရဖီပန်းကို ဆောင်နိုင်ပြီး စန်းပွင့်ရာအရပ်မှာ တောင်အရပ်ဖြစ်သည်။ အဖြူရောင်ကို ဝတ်ဆင်၍ အာဟာရ၊ ဆွမ်း၊ ဖျော်ရည်တို့ဖြင့် ဒါနပြုလုပ်၍ ဖြစ်ချင်သမျှ ဆုတောင်းပါ။

၂၈-၈-၂၀၁၅ (စနေနေ့)

(၁၃၇၇)ခုနှစ်၊ ဝါခေါင်လဆန်း (၁၄)ရက်

ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ချမ်းခံရှင်ပြုရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်

ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အဆောက်အအုံ အုတ်မြစ်ချရန်၊ အိမ်တက်လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရန်၊ အထက်လူကြီးများထံ အစီရင်ခံစာတင်ရန်၊ မော်တော်ယာဉ်ကားရောင်းဝယ်ရန်၊ ဆေးခန်းဖွင့်ရန်၊ ဆေးစွမ်းကောင်း ဖော်စပ်ရန်၊ ငွေကြေးကိစ္စ ဆောင်ရွက်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေလှိုင်ဝင်း၊ မနေခြည်လင်း..ဟု ပေးနိုင်ပါသည်။ အုန်းညွှန့်ကို ဆောင်နိုင်ပြီး အနောက်အရပ်တွင် စန်းပွင့်မည်။ အဝါရောင်ကို ဝတ်ဆင်၍ ဂါထာမန္တန်များ အသံထွက်ရွတ်ဖတ်ပူဇော်၍ လိုရာဆုကို တောင်းပါ။

၃၁-၈-၂၀၁၅ (တနလာနေ့)

(၁၃၇၇)ခုနှစ်၊ ဝါခေါင်လဆုတ် (၁)ရက်

ဥစ္စာပျက်ယုဂ် ရသော်လည်း ပြဇ္ဇာဘဒြပိုဒ် ရရှိသဖြင့် ယနေ့ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ စာပေလုပ်ငန်း စတင်ရန်၊ အားကစားပြိုင်ပွဲ ကျင်းပရန်၊ ပျိုးနှံတ်ကောက်စိုက်ရန်၊ စပါးရိတ်သိမ်းရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ သစ်ပင်စိုက်ပျိုးရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွက်ရန်၊ ပညာစသင်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်လှိုင်ဝင်း၊ မခိုင်ဇာလင်း..ဟု ပေးနိုင်သည်။ ဇော်စိမ်းညွှန့်ကို ဆောင်နိုင်ပြီး အနောက်အရပ်တွင် စန်းပွင့်မည်။ အဖြူရောင်ကို ဝတ်ဆင်၍ အိမ်ဘုရားတွင် ဆွမ်း၊ ဖျော်ရည်မျိုးစုံဖြင့် ဒါနပြု၍ လိုရာဆုကို တောင်းပါ။

ခုနစ်နေ့သားသမီး စာဖတ်ပရိသတ်များ လိုရာဆန္ဒ ပြည့်ဝကြပါစေ။

ဒေဒ-တပသီ
မင်းမဇော်ညွှန့်
ဖုန်း-၀၉ ၂၅၀ ၁၆၇ ၃၃၄

www.burmeseclassic.com

www.burmeseclassic.com

ရုက္ခဗိုဇနတ်မြင်းကြီးမှာ စောင့်ရှောက်သော ဘဉ်းနှင့်ကဏာ

ပုရောဟိတ် ဆရာဦးမြတ်စံ

လွန်ခဲ့သော အနှစ်ငါးဆယ်ခန့်က ဖြစ်ပါသည်။ စာရေးသူတို့ အိမ်နားတွင် အရပ်လက်သည်ကြီး ဒေါ်စိန်မှုန်နေထိုင်ပါသည်။ တစ်ရပ်ကွက်လုံးနီးပါး အမေကြီး ဒေါ်စိန်မှုန် မွေးပေးရသောကလေး အတော်များပါသည်။

အလားတူ အမေကြီး ဒေါ်စိန်မှုန်နှင့် တန်းလျားတစ်ခုတည်းတွင် ဘကြီး ဦးဘိုးညိန်းနှင့် အမေကြီး ဒေါ်လှဖြူတို့ လင်မယား နေထိုင်ကြပါသည်။ ဘကြီး ဦးဘိုးညိန်းတို့ လင်မယားက မုန့်ကြိတ်ဆုံထောင်ကာ အနီးပတ်ဝန်းကျင်မှ မုန့်သည်များ လာရောက်မုန့်ကြိတ်သဖြင့် စားဝတ်နေရေး အဆင်ပြေကြပါသည်။ ဘကြီး ဦးဘိုးညိန်းက မုန့်ကြိတ်ဆလို ရေလည်း ထမ်းရောင်းပါသည်။ ရေတစ်ထမ်းဆယ်ပြား၊ တစ်မတ်ဖိုး သုံးထမ်း ဖြစ်ပါသည်။ ဘကြီးက သောက်ရေ၊ ဘုရားသောက်တော်ရေအတွက် ပိုက်ဆံမယူပါ။ ကုသိုလ်ယူပါသည်။ ရေအခမဲ့ထည့်၍ ရေလှူပါသည်။ ဘကြီး စိုက်ထားသော အိမ်ရှေ့ရှိ မန်ကျည်းပင်အောက်တွင် သောက်ရေအိုးစင် ရှိပါသည်။ နွေထနောင်း ဆောင်းမန်ကျည်း ဆိုသလို သောက်ရေအိုးစင်က အဘ၏ စေတနာကြောင့်လားမသိ လမ်းသွားလမ်းလာ၊ ဈေးသည်များပါ မကျန် ဝင်ရောက် သောက်သုံးကြပါသည်။ မန်ကျည်းပင်နှင့်အတူ တဖောင်းပင်ကြီးတစ်ပင်လည်း ရှိပါသည်။

အဘိုးအို လင်မယားမှာ အင်မတန်မှ အေးချမ်းသော ဘဝကို ဖြတ်သန်းနေကြပါသည်။ သို့သော် သားထောက် သမီးခံ မရှိသဖြင့် အမေကြီး ဒေါ်လှဖြူ၏ တူမကို သမီးအမှတ်ဖြင့် မွေးစားထားပါသည်။ နာမည်က မခင်တင့် ဖြစ်ပါသည်။ စာရေးသူထက် (၂)နှစ်ကြီးမည် ထင်ပါသည်။

ဘကြီးက ညပိုင်းဆိုလျှင် ကင်းလှည့်ထောင်ပါသည်။ တစ်ရက်လျှင် (တစ်ညကို ဆိုလိုပါသည်) နှစ်ကျပ်ရသည်။ ကင်းမစောင့်နိုင်သောသူများအတွက် လူစားအစားထောင်ခြင်း ဖြစ်ပါသည်။ ညတိုင်း ကင်းစောင့်သံချောင်းခေါက်ရင်း ပရိတ်ကြီးဆယ့်တစ်သုတ် ရွတ်လေ့ရှိပါသည်။ ဘကြီးက ခွေးကိုက်ခံရသူများ ခွေးရူးကာကွယ်ဆေး ထိုးရအောင် ရေမန်း၍ အနာပေါ် လောင်းချပါသည်။ တကယ်ပျောက်ပါသည်။ မှက်ခရု၊ ကလေးများ ညမအိပ်လှူးထ,ထ မငိုရန် ခဲမဲချည်ပေးခြင်း၊ အုန်းလွဲ(ဇက်စောင်းဇက်ခိုင်)လျှင် ဘကြီး ဦးဘိုးညိန်း မန်းလျှင် ပျောက်တတ်ပါသည်။

ရက်ကွက်ကင်းက တစ်ညလျှင် တစ်အိမ် နှစ်ယောက်နှုန်း စောင့်ရပါသည်။ ဘကြီးနှင့် စာရေးသူတို့ တွဲကင်း စောင့်ဖူးပါသည်။ ဘကြီးက ဂမ္ဘီရပညာ ဝါသနာသော ကျွန်ုပ်အား ခွေးကိုက်ပျောက်မန္တန်၊ ခွေးမဟောင်းဆေးဂါထာ၊ သွေးတိတ်မန်း စသည်တို့ သင်ပေးလေ့ရှိပါသည်။

မှတ်မှတ်ရရ ကင်းနာရီသံချောင်းခေါက်လျှင် 'သားဒီကင်းတဲမှာ စောင့်နေ၊ အဘက လူကြီးဆိုတော့ ဟိုဒီနား လျှောက်ကြည့်လိုက်မယ်' ဆိုကာ လက်နှိပ်ဓာတ်မီးတစ်လက်၊ တုတ်တစ်ချောင်းကိုင်ကာ ကင်းလှည့်လေ့ရှိသည်။

ထိုအချိန်က စာရေးသူမှာ (၈)တန်းကျောင်းသားဖြစ်၍ အဘက ညှာပါသည်။ စာကျက်ရင်း ကျွန်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘ နံနက်(၄)နာရီ သံချောင်းခေါက်လျှင် ကင်းလှည့်ရင်း ကွမ်းယာများယာ၍ ယူသွားလေ့ရှိပါသည်။

တစ်နေ့ 'အဘ..ဒီကွမ်းယာတွေက စားဖို့လား။ ဘယ်သူ့ကို ကျွေးမှာလဲ'ဟု မေးသောအခါ 'လူကလေးကို အဘ နောက်မှရှင်းပြမယ်'ဟု ပြောပြောဆိုဆို လက်နှိပ်ဓာတ်မီးနှင့် တုတ်ကိုကိုင်ကာ ကင်းလှည့်ထွက်သွားပါသည်။

နောက်မှ အဘာက ရှင်းပြသည်မှာ မနက် ကျီးမနိုးခင် ကွမ်းယာကို ရက္ခစိုးရှိသော သစ်ပင်တွင် ရက္ခစိုးနတ်မင်းအား သွားရောက်တင်မြှောက်ခြင်းဖြစ်ကြောင်း သိရပါသည်။

အဘာ ပြန်လာတော့ 'လူကလေး တတ်ချင်လို့လား။ တတ်ချင်ရင် အဘာ လူကလေးကို သင်ပေးပါ့မယ်'ဟု ဆိုကာ ရက္ခစိုးနတ်မင်းအား ပူဇော်သောဂါထာအား အောက်ပါအတိုင်း သင်ပေးပါသည်။

တဝရက္ခေ ဇာတံ သဗ်ဘတိ နိဒေဿနတော

'ထူးခြားသော လက္ခဏာဝိသေသနှင့် ပြည့်စုံသည့် ဤသစ်ပင်အား စောင့်ရှောက်သော ရက္ခစိုးနတ်မင်းကို ကျွန်ုပ် ရှိခိုးပါ၏'ဟု အဓိပ္ပာယ်ရပါသည်။

အရိုးကုန်းရပ်ကွက်၊ (၁၄၄)လမ်းထိပ်တွင် ထိုခေတ်က မြို့စီပယ်လူကြီး ဦးတင်၏ အိမ်ရှေ့ထောင့်တွင် ညောင်နှစ်ဆိတ်နှင့် ဗောဓိညောင်ပင် ပေါက်နေပါသည်။ ထို ညောင်ပင်သို့သွားကာ အဘာက ကွမ်းယာတင်မြှောက်၍ ဆောစောက ကျွန်ုပ်အား သင်ပေးသော ဂါထာကို ရွတ်လေ့ရှိကြောင်း နောက်မှ သိရပါသည်။

စာရေးသူလည်း အတန်းကြီးလာသဖြင့် ကျောင်းစာနှင့် ဘဝစားဝတ်နေရေးအတွက် ရုန်းကန်နေရသဖြင့် အဘနှင့် မဆုံဖြစ်တော့ပါ။ ကင်းလှည့်လည်း မကြုံသလို အသက်အရွယ်ကြီးသောအိမ်၊ မုဆိုးမအိမ်များကို ကင်းမချ (စောင့်ခိုင်း)တော့ပါ။ ထိုခေတ်က ရ.လ.က(ရပ်ကွက်ဆိုခြံရေးနှင့် အုပ်ချုပ်မှုကော်မတီ) ဥက္ကဋ္ဌမှာ ဦးဘရင်ထလေး(ကျော်ကီဘရင်ကလေး) ဖြစ်ပါသည်။ အဆိုတော် ကိုနိုးပိုင်၏ဖခင် ဖြစ်ပါသည်။ ဥက္ကဋ္ဌ ဦးဘရင်ကလေး၏ ညွှန်ကြားမှုဖြင့် အဘာ ကင်းစောင့်ခြင်းမှ ကင်းလွတ်ခွင့်ရသွားပါသည်။

တစ်နေ့တော့ ရပ်ကွက်တွင်း သတင်းဆိုးက တစ်ရပ်ကွက်လုံး ယူကြုံးမရဖြစ်ရပါတော့သည်။ အမေကြီး ခေါလှဖြူက ဘိုကလေး၊ မြင်းကုန်းဇာတိဖြစ်၍ ရွာသို့ အပြန် အမေကြီးဒေါ်လှဖြူတို့ စီးလာသော နှစ်ထပ်သင်္ဘော (ဧရာဝတီ)သည် တွံတေးတူးမြောင်းတွင် နစ်မြုပ်သွားရာ အမေကြီးက ညအမှောင်တွင် သမီးဖြစ်သူကို ကျောပိုး၍ ရေကူးရာ သမီးဖြစ်သူက ရေနစ်သေဆုံးပြီး အမေကြီးက ကယ်မည့်သူနှင့်တွေ့၍ အသက်ချမ်းသာရာရပါသည်။ သို့သော် အမေကြီးဒေါ်လှဖြူလည်း သမီးစိတ်ဖြင့် အိပ်ရာထဲလဲကာ ရှေ့ဆင့်နောက်ဆင့် အနိစ္စရောက်သွားပါတော့သည်။ ထိုစဉ်က တွံတေးတူးမြောင်းသည် ရေစီးသန်ခြင်း၊ သင်္ဘော ပျက်များ မဆယ်နိုင်၍ ဝဲကတော့များဖြစ်ကာ အလွန်အန္တရယ်ကြီးပါသည်။

စာရေးသူ ဆယ်တန်းရောက်တော့ ကျောင်းသားပွဲတော် ကျင်းပနေပြီဖြစ်သည်။ အင်္ဂါရုံခန်းမ(Envoy Hall) (ယခု တပ်မတော်ခန်းမ)တွင် ကျောင်းပေါင်းစုံမှ ကျောင်းသားများ၏ လက်ရာများ၊ ရေဒီယိုအသံဖမ်းနည်း၊ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့၊ အောက်စီဂျင်ဓာတ်ငွေ့ ထုတ်နည်းများကို သိပ္ပံပညာ လက်တွေ့လုပ်ပြကြရပါသည်။ စာရေးသူက ညဘက် မိုင်ဒါကွင်း(Minder) တွင် ပြသည့် ဗဟိုရုပ်ရှင်နှင့် တွဲလျက်ပြသော မြန်မာရုပ်ရှင်ကားကြီးများကို သွားကြည့်ကြပါသည်။

အဖော်ကွဲပြီး လိုင်းကားများသိမ်းသော ညတစ်နာရီကျော်မှ ပြန်ရသဖြင့် ဦးဝိစာရလမ်းတစ်လျှောက်၊ ဦးဝိစာရအဝိုင်း၊ ဦးထောင်ဗိုလ်ကုန်းမှ ဗဟန်းအဝိုင်း၊ မြေပဒေသာမှ တစ်ဆင့် ဗိုလ်ချုပ်ကြေးရုပ်နားမှ ဂျမားရပ်ကွက်ကိုကျော်၍ တစ်ယောက်တည်း လမ်းလျှောက်ပြန်လာပါသည်။ ဂျမားရပ်ကွက်သည် ယခုအခါ ရွှေကြက်ယက်ဘုန်းကြီးကျောင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တစ်ဝိုက်ကို ခေါ်ရာ ယခု ဗိုလ်ချုရပ်ကွက် ဖြစ်နေပါသည်။ Pilot ဖောင်တိန်နှင့် မင်စက်ရုံလည်း ရှိပါသည်။

ဗိုလ်ချုပ်ကြေးရုပ်အလွန် ကျားခြံ(ကျားဘမ်းပရုတ်ဆီသူဌေး ပိုင်သောခြံ)နား ရောက်သောအခါ မထင်မှတ်ဘဲ အဘဦးဘိုးညိန်းနှင့် တွေ့ပါသည်။ စာရေးသူ အတော်အားတက်သွားပါသည်။

အဘာက 'လူကလေး လာမယ်မှန်းသိလို့ စောင့်နေတာ။ တို့တူဝရီးနှစ်ယောက် ဥဏှဗလကုန်းက ဖြတ်လျှောက်ကြတာပေါ့'ဟု ပြောပါသည်။

ထိုစဉ်က ဥဏှဗလကုန်းသည် မီးလောင်ပြီးခါစ အလုပ်သမားဆေးရုံကြီး စတင်ဆောက်လုပ်နေသောကာလ

www.burmeseclassic.com

ရုက္ခစိုးနတ်မင်းကြီးများ အထူးချစ်ခင်
စောင့်ရှောက်သော ဘုရားငါးဆူဂါထာနှင့် အင်း

က	တ	သေ	ယ	သ	မု	သေ	ဒေ
သီ	နံ	ကု	မော	မေ	က္ခာ	မ	နီ
ဂေါ	ယာ	တေ	ဝိ	မ	နွော	ဝါ	ဏ္ဍ
ဝေ	ဗ္ဓ	ပေါ	တာ	သ	ဏ္ဍ	မေ	ကော
ဃ	ဒ္ဓါ	ဟ	သ	သု	မိ	သ	မ
သံ	ဘာ	ခိ	ဗ္ဘာ	ဟော	ကာ	ဏာ	ဗ္ဘော
ဗု	က	အာ	ဇ	ပ	မ	ဟိ	ဗ္ဓ
နံ	တေ	ဋ္ဌ	နော	ဒ္ဓိ	ဒါ	ယော	ဂ

ဖြစ်ပါသည်။ ကျားခြံသည် ယခု Chatrium Hotel (နီကိုးဟိုတယ်) ဆောက်လုပ်ထားသောနေရာ ဖြစ်ပါသည်။ အိမ် အနှံတောင်၊ အိမ်ဟုတ်တောင် ကျားပရုတ်ဆီသူဌေး၏ ခြံနေရာ ဖြစ်ပါသည်။

အဘက ဦးဆောင်၍ ခေါ်သွားရာ စာရေးသူက အဘခြေလှမ်းမီအောင် လိုက်ရပါသည်။

'အဘက လူကလေးကို ရုက္ခစိုးနတ်မင်းကြီးတွေ စောင့်ရှောက်စေတဲ့ ဂါထာရယ်၊ အင်းရယ် ပေးချင်လို့ လာစောင့်နေတာ။ အခု လူကလေးလာတဲ့ လမ်းမှာ ရှိတဲ့ရုက္ခစိုးကြီးတွေကိုလည်း အဘကပဲ လှမ်း မေတ္တာရပ်ခံထားလို့ လူကလေး တစ်ယောက်တည်း ဘေးမသီ ရန်မခဲ့ဒီကိုရောက်လာတာ' ဟု ပြောပါသည်။

ပြောပြောဆိုဆို အဘက အောက်ပါ ဂါထာ(၂)ပုဒ်ကို သင်ပေးပါသည်။

ပထမဂါထာမှာ-

'ဥံ..ယေဒေဝတာစ ဗြဟ္မာဏာ
ယက္ခာ နာဂါစ ဂရုဠာ
တေဝိဒိသွာ ဝိယ် မယုံ
ပုတ္တော မမေဝ သံယုတ္တံ'

ဟု ဖြစ်ပါသည်။

နောက်တစ်ပုဒ်မှာ ဘုရားငါးဆူအန္တရာယ်ကင်း ဂါထာ ဖြစ်ပါသည်။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်နှင့် ရုက္ခစိုးနတ်မင်းကြီးများ အထူးချစ်ခင် စောင့်ရှောက်စေသောဂါထာဟု သိရပါသည်။

'ကကုသန္ဓော ကောဏာဂမနော၊
ကဿပေါ ဂေါတမောမုနိ၊
မေတ္တေယျော ပဉ္စဗုဒ္ဓါ တေ၊
သီသေမေ သေန္တု သဗ္ဗဒါ၊
ဧတေသံ အာနုဘာဝေန၊
ယက္ခာဒေဝါ မဟိဒ္ဓိကာ၊
သဗ္ဗဝိ သုခိတာ ဟောန္တု၊
မမ မိတ္တာ သဟယာ'



ရုက္ခစိုးစမ

www.burmeseclassic.com

www.burmeseclassic.com

အထက်ပါ ဂါထာနှင့်အတူ အင်းစမပါသော စာရွက်စာစီခုကို ကျွန်ုပ်၏လက်ထဲသို့ ထည့်ကာ ကျွန်ုပ်၏လက်ကို ကိုင်ဆုပ်ပြီး 'ကံမကုန်ကြသေးရင်တော့ ပြန်ဆုံကြဆားတာပေါ့ ငါ့သားရယ်' ဟု ပြောကာ ပျားရည်ကုန်းအိမ်မှ စေတီငယ်အနီးရှိ ညောင်ပင်ကြီးနားသို့ ဝင်ရောက်ကာ ရက္ခစိုးနတ်မင်းအား မီးပူဇော်ရန် ကျန်နေရစ်ခဲ့ပါသည်။

ထိုစဉ်က အဘ၏လက်မှာ လွန်စွာအေးစက်နေပါသည်။ အဘနှင့် နောက်ဆုံးတွေ့ခြင်း ဖြစ်ပါသည်။

စာရေးသူလည်း အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်းမတစ်ဆင့် မိမိအိမ်သို့ ပြန်လာရာ အဘဦးဘိုးညိုန်း၏ အိမ်ရှေ့တွင် လူများ စုဝေးနေကြပါသည်။ စာရေးသူ၏ဖခင်က အိမ်မှ အောက်လင်းဓာတ်မီးကို လေထိုးပြီး မီးထွန်းရန် ပြင်ဆင်နေပါသည်။ ထိုစဉ်က အိမ်တိုင်းတွင် လျှပ်စစ်ဓာတ်မီး မရှိကြပါ။ ရေဆိုလျှင်လည်း လမ်းဘေးဘုံဘိုင် (ဘုံပိုင်၊ အများပိုင်)မှ ရေခပ်ကြရပါသည်။ အဘကတော့ အိမ်ရှေ့ ဘုရားစင်အောက်တွင် အညာစောင်ခြုံလျက် လဲလျောင်းကာ အသက်မရှိတော့ပါ။ ထို့ကြောင့် အဘက စာရေးသူအား အင်းနှင့် ဂါထာကို ပေးသွားသည်ဟု ထင်ပါသည်။

ကျွန်ုပ်လည်း ဗေဒင်လာမေးသူများ စီးပွားရေး၊ လူမှုရေး၊ ပညာရေး အခက်အခဲများ ရှိပါက ရက္ခစိုးနတ်မင်း ရှိသော ညောင်ပင်တွင် အင်းဖယောင်းတိုင်ထွန်းစေခြင်း၊ အဘဦးဘိုးညိုန်း ပေးသော ဂါထာကို ရွတ်ဆိုဆုတောင်းစေခြင်းပြုရာ အောင်မြင်သူများ တွေ့ရပါသည်။ အထူးသဖြင့် မြို့ပြ၏ လူနေမှုထူထပ်သော နေရာတွင် နေစရာအိမ်၊ တိုက်ခန်း အပိုင်မရှိသူများအတွက် အထူးအဆင်ပြေကြောင်း ဗေဒင်မေးသူများ၏ ပြန်ပြောပြချက်အရ သိရပါသည်။ တစ်ဖန် အိမ်ခန်း၊ ခြံ၊ မြေ၊ တိုက်တာ၊ အဆောက်အအုံ ရောင်းချလိုသူများလည်း အမြန်ဆုံး ရောင်းထွက်သွားကြောင်း သိရပါသည်။ ယုံကြည်စွာဖြင့် ဆောင်ရွက်နိုင်ရန် တင်ပြလိုက်ပါသည်။

အဘဦးဘိုးညိုန်း ကောင်းရာသုဂတိ လားပါစေ။

မေတ္တာရည်၍

ပုရောဟိတ် ဆရာဦးမြတ်စံ

နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ဟာသက်ရှိခဲ့သော

ဆရာကြီးအရဟံဆရာအောင်

အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်

မော်လမြိုင်၊ ခေါင်းဆေးကျွန်း၊ ပဲခူး၊ ဒေးဒုနှစ်ပါ၊ သန်လျင် ကျောက်တန်း ဘုရားတည်နယ်လှည့်သာသနာပြု

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊ နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင့် အာမခံ၍ ဆောင်ရွက်သည်။
ကံစမ်းလုပ်ငန်းများနှင့် ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

ဇနပုဒ် - နံနက်(၇:၀၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီ(တနလာနေ့ပိတ်သည်)

မင်္ဂလာဟောခန်း - အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ (၀၅၆)၂၁၆၀၉ (အိမ်)

အိမ် - ဇနပုဒ် ညနေ(၆:၀၀)နာရီနောက်ပိုင်း၊

အမှတ်(၁၇) အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ နုံသာကုန်းမှတ်တိုင်။ ဖုန်း-၀၉ ၅၁ ၁၂၁၄၆

www.burmeseclassic.com

www.burmeseclassic.com

ပုရောဟိတ် ဆရောဦးမြတ်စံ

ဟန်းမဲ့ထွက်ရပ်ပေါက် အင်းတော်ကြီးအစွမ်း

ယခုလို မတ်လ အတန်းတင်စာမေးပွဲတွေ ပြီးသော အခါ စာရေးသူကို မိဘများက သရက်တောကျောင်း တိုက်ဝင်းအတွင်းရှိ သာသနာ့ဝံသကျောင်းတိုက်သို့ ဘာသာရေးစာပေသင်ရန် ပို့လွှတ်လေ့ရှိပါသည်။

မူလပဓာန ကျောင်းထိုင်ဆရာတော်ကြီးမှာ အင်း၊ အိုင်၊ ခါးလွဲ၊ ဗေဒင်၊ မန္တရားများ အလွန်ဝါသနာထုံပါသည်။ ထို့ကြောင့် တပည့်ဖြစ်သူ တိုက်အုပ်ဆရာတော်အား ကျောင်းထိုင်စေပြီး ကျောင်းနံရံကို အဖီချ၍ ဝါးကပ်တဲ အင်္ဂါရတ် ဖိုရုံတည်ကာ ဖိထိုးနေလေ့ရှိပါသည်။ ဝါးကျောင်းအဖြစ်

အတ္တလောတ်ပိုင် ဘိုးထွန်းလှိုင်

သတ်မှတ်ကာ ဖိုရုံမှာပဲ သီတင်းသုံးပါတော့သည်။

စာသင် ဦးပဉ္စင်းက ပုံမှန် ယဉ်ကျေးလိမ္မာ ဗုဒ္ဓသာ အခြေခံကို သင်ကြားပေးပါသည်။ ရှင်သာမဏေသာ ရောက်တော့လည်း ပရိတ်ကြီးဆယ့်တစ်သုတ်ကို သင်ရသည်။ ညနေ(၃)နာရီရောက်လျှင် မနက် သင်ပေးသော ပရိတ်ကို အလွတ်အံပြရပါသည်။ မထစ်မငေ့မှ အိမ်ပြန်ရပါသည်။ အင်္ဂါရတ်ဝါသနာပါသော မူလပဓာနဆရာတော်ကြီးမှလည်း ဖိုဆွဲခိုင်းပါသေးသည်။ ဖိုဆွဲရင်း ဆရာတော်ကြီး ခဲ့ပေးသော ဗေဒင်ပရိယာယ်များကို အလွတ်ကျက်မှတ်ရပါသည်။ ဆရာတော်ကြီး တိုင်ပေးသော စာတစ်ပိုဒ်ကို နမော ဗုဒ္ဓါယ သိဒ္ဓံ အ၊ အာ၊ ကဲ့၊ ဣ၊ ဦ၊ ဧ၊ ဩ၊ က၊ ခ၊ ဂ၊ ဃ၊ ငဲ့၊ စ၊ ဆ၊ ဇ၊ ဈ၊ ဉ၊ ဋ္ဌ၊ ဍ၊ ဎ၊ တ၊ ထ၊ ဒ၊ ဓ၊ န၊ ပ၊ ဖ၊ ဗ၊ ဘ၊ မ၊ ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ၊ အံ့ ဟူ၍ ဖြစ်ပါသည်။

ဆရာတော်ကြီးမှ ကိုရင်တို့...အခု ဘုန်းကြီးသင်ပေးလိုက်တဲ့စာပုဒ်ကို အရကျက်ပါ။ နောင်တစ်ချိန် ဂန္ဓိရုပညာ ဝါသနာပါလို့ လိုက်စားရင် ဂန္ဓိရုပညာရဲ့ အခြေခံဖြစ်တာဟာ မိန့်မှာခဲ့ပါသည်။

(၁၀)တန်းအောင်၍ သဃ်နိုးကျွန်း၊ ဇဝနရှိ ဦးညီကျောင်းတွင် သီတင်းသုံးနေသော အရှင်သံဝရနှင့် သောအခါ ဆရာတော်အရှင်သံဝရကလည်း အလားတူကြားပြန်ပါသည်။ ထိုမျှမကသေး ဂန္ဓိရုပညာတွင် ထူးပါရမီရှိသော၊ ပဌာန်းဆက်ရှိသော ပုဂ္ဂိုလ်တို့သည် သမဏ္ဍာန်းတို့ကို ဉာဉ်၍ တစ်နေ့ (၇)ခေါက် (၄၉)ရက်ရွတ်ဆိုအကြားအမြင်များရပြီး ပုဂ္ဂိုလ်ထူးများနှင့် တွေ့ခဲ့ပါသည်။

စာရေးသူ၏ ပုတီးစိပ်ဝါသနာထုံမှုကို အကြောင်း၍ ဆရာတော်အရှင်သံဝရ သင်ကြားပြသပေးသော နှင့် သရကို ဉာဉ်၍ ပုတီးစိပ်ခြင်း၊ အင်းချ၍ ဖယောင်

www.burmeseclassic.com

www.burmeseclassic.com

ပတ်ကာ တစ်နေ့တစ်တိုင် (၄၉)ရက်ထိ ထွန်းညှိ၍ အစီဒွန်ဝင်ခဲ့ဖူးပါသည်။ ထူးခြားချက်မှာ ဝတ်ဖြူစင်ကြယ်ထားသော သူတော်စင်ကြီးတစ်ပါးမှလာ၍ အိပ်မက်ဆိုသို့ထင်ရသော ပညာရပ်များကို သင်ကြားပေးခြင်း ခံရပါသည်။ ပညာရပ်များနှင့်ပတ်သက်၍ သူရဿတီမယ်ဟောထံတွင် မေတ္တာပို့၍ တောင်းခံရန်လည်း မိန့်ပါသည်။ သူရဿတီမယ်တော်ထံမှ စာမေးပွဲအောင်စေသော ယတြာအစီအရင် ရခဲ့ဖူးပါသည်။

အခဲထွက်ရပ်ပေါက်အင်းတော်ကြီး

နှ	ဉ	ဇ	ရ	ဗု	ဇ	ည
ဆ	ယ	မော	ဦ	ဈ	န	ဒွေါ
ဤ	အံ့	သ	ဓ	လ	ဋ္ဌ	ဩ
ခ	စ	ထ	(နံ့)	ဟ	ယ	ပ
တ	ဣ	ဋ္ဌ	ဝ	ဒ	က	ဋ္ဌ
ငံ	ဘ	အ	ဗ	ဂ	ဖ	သိ
အာ	ဏ	ဃ	ဗ	ဒ္ဓံ	ဥ	ခ

(နံ့) နေရာတွင် ဆောင်လိုသူ၏ မွေးနံ့ကို ထည့်ပါ။

မိုင်းကိုင်စက္ကူတွင် ဗားမဲ့ထွက်ရပ်ပေါက် အင်းတော်ကြီးကို တစ်နေ့လျှင် တစ်အင်းချပြီး သောက်ပါ။ (၄၉)ရက်သောက်သတ်လွတ်စားပြီး သောက်ပါက ထူးခြားသော သူတော်စင်ပုဂ္ဂိုလ်ကြီးများ၏ စောင့်ရှောက်ခြင်း၊ သိဒ္ဓိ,မဟိဒ္ဓိများ ရစေပါသည်။ (၇)ကြိမ်ဆက်တိုက် သောက်ပါ။ ထွက်ရပ်ပေါက်ပညာကို ရရှိပါလိမ့်မည်။

အထက်ပါအင်းကို ဆရာတော်အရှင်သံဝရမှ စတင်ပြင်ကြားပေးသောအခါ ကျင့်စဉ်အဓိဋ္ဌာန်ပါ တစ်ပါတည်း ပြဆိုဆောင်ရွက်ခဲ့ပါသည်။ အဓိဋ္ဌာန်ရက် စေ့သောအခါ ဆရာတော်မှ 'ဒကာမြတ်စိုက ဘုန်းကြီးထက် ပိုတတ်တဲ့၊ ဆက်တဲ့ ပုဂ္ဂိုလ်ထူးကြီးနဲ့ တစ်နေ့ တွေ့ရပါလိမ့်မယ်။ တွေ့ရင် အခု ဘုန်းကြီးသင်ပေးတဲ့အင်းကို အရင်ပြပါ။ အဲဒါ ဒီရမိတ်ဆက်ပဲ'ဟု မိန့်ပါသည်။

စာရေးသူလည်း ဆရာတော်မိန့်မှာသလို အဓိဋ္ဌာန်ဝင်ပုတီးစိပ်ခြင်း၊ သက်သတ်လွတ်စားခြင်း၊ မိုင်းကိုင်စက္ကူတွင် အင်းချ၍ မီးပူဖော်ခြင်း ပြုခဲ့ပါသည်။

ဟက္ကသိုလ်ကျောင်းပိတ်ရက်များတွင် ဆရာတော်အရှင်သံဝရကျောင်းသို့သွား၍ သင်္ကန်းလျှော်ခြင်း၊ ကုဋီအိမ်သာဆေးခြင်း၊ ကြမ်းတိုက်ခြင်း စသော ဝတ်ကြီး,ဝတ်ငယ်ကို ဖြည့်ပါသည်။

ထို့နေ့က ထူးထူးခြားခြား တပေါင်းလပြည့်နေ့ဖြစ်၍ ဆရာတော်မှ 'ဒကာမြတ်စိုကို ထူးခြားတဲ့ ထွက်ရပ်ပေါက်အင်းတစ်ခု ပေးမယ်။ ဣန္ဒာသယအင်းဖြစ်လို့ လိုရာသုံးနိုင်တယ်။ သိဒ္ဓိဆယ်ပါး ပြီးတယ်လို့ သိရပါတယ်'ဟု မိန့်၍ စာရေးသူအား ချီးမြှင့်ပါသည်။ စာရေးသူလည်း နေ့စဉ် ဂါထာဖြင့် ထုံမွမ်းခြင်း ပြုပါသည်။

နှစ်တွေကြာလို့ ဆယ်စုနှစ်(၂)ခုလောက် ကြာသောအခါ ဆရာကြီးရန်ကုန်ကျောက်ရင်နှင့်တွေ့ပြီး ဆရာကြီးထံမှ ဗေဒင်ပညာ၊ ဆေးပညာ၊ ဂန္ဓိရပညာကို တပည့်ခံ သင်ကြားခဲ့ပါသည်။

တစ်လမ်းတည်းအတူနေ ဥပေဒအကျိုးဆောင် ဆရာဦးမောင်မောင်နှင့် ဇနီးဖြစ်သူ တိုင်းတရားသူကြီး၏ မိတ်ဆက်လမ်းညွှန်ပေးမှုကြောင့် အတူလစာတ်ပိုင် ဘိုးထွန်းလှိုင်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားပါတော့သည်။

ဆရာကြီး အဘာဘိုးထွန်းလှိုင်သည် ဇရာဝတီတိုင်း၊ ညောင်တုန်းတံတားအနီး ဖိုးပိန်ကုန်း(ရန်ကုန်မှ ၃၂ မိုင် ၅ ဖာလုံ)တွင် ရိန်းဂျားဟုခေါ်သော မှန်လုံကား စီးရပါသည်။ ထိုစဉ်က (၂၀၀)ကျပ်သာ ကားခပေးရပါသည်။ အဘာ မှည့်ခေါ်သော ရွာနာမည်မှာ ရွာသာအေးရွာ ဖြစ်ပါသည်။ ထိုစဉ်က ကတ္တရာလမ်း မခင်းရသေးပါ။ မိုးတွင်းဆိုလျှင် ရွံ့ညွန်တောကို ဖိနပ်ချွတ်၍ ဖြတ်သွားရပါသည်။ မိုးဟုတ်မှ လေ့ဖြင့် သွားလျှင်လည်း ရပါသည်။

အဘာဆရာကြီး ဦးဘိုးထွန်းလှိုင်သည် နေရာအနှံ့ ဓာတ်ကျရာ သာသနာပြုခဲ့သူ ဖြစ်ပါသည်။ လာသမျှ ဧည့်သည်ကို သက်သတ်လွတ်ထမင်း ကျွေး၏။ ဆရာကြီး၏နေရာဆရာကတော်ကြီးကလည်း မည်သည်မည်မျှ မရှိ,ရှိတာ မျက်ပြုတ်ဧည့်ခံလေ့ရှိပါသည်။

အထူးလာသော ပရိသတ်များမှာ ပယောဂကြောင့်ဖြစ်သော သွေးလုံး၊ လေလုံး၊ ကင်ဆာ၊ မြစ်ပွားနာ၊ လေးလုံးရောဂါ စသည်တို့ကို ဓာတ်လုံးဖြင့် ကု၏။ ရောဂါရှိလျှင် ဆေးလိပ်မီးနှင့် တို့သကဲ့သို့ စူးစူးဝါးဝါးအော်၏။ ရောဂါ

www.burmeseclassic.com

www.burmeseclassic.com

နှတ်ပြီးလျှင် ဓာတ်လုံးမှာ ရေခဲတမျှ အေးသွားပါတော့သည်။ ဓမ္မမိတ်ဆွေတော်တော်များများကို ဇီဝိတဒါန ပို့လွှတ်ခဲ့ဖူးပါသည်။ အဘဘိုးထွန်းလှိုင်၏ မေတ္တာဓာတ်ကို ခံယူစေခဲ့ပါသည်။

ဆရာကြီးရန်ကုန်ကျော်ရင်နှင့်အတူ မြတ်စွာဘုရားဆွမ်းခံကြွနေသော ရဟန္တာရုပ်ပွားတော်နှင့် မြသပိတ်ကို လှူခဲ့ဖူးပါသည်။ အဘချီးမြှင့်သော ဓာတ်လုံးနှစ်လုံးကို ရရှိခဲ့ပါသည်။ ပြဒါး ရေငုပ်သော ဓာတ်လုံးတစ်လုံးမှာ ပရဆေးလောကတွင် ထိပ်ရောက်နေသော ပုဂ္ဂိုလ်ကြီးထံ၌ တစ်လုံး၊ ဆရာကြီးရန်ကုန်ကျော်ရင်ထံတွင်တစ်လုံး၊ စာရေးသူထံတွင် ရွှေးစေ့(ရွှေသေး)ခန့်တစ်လုံး ရရှိထားပြီး လက်စွပ်ကွင်း၌ ဝတ်ဆင်ထားပါသည်။ အဘထံသို့ နိုင်ငံကျော် အကယ်ဒမီ ရုပ်ရှင်မင်းသားကြီးလည်း လာရောက်ပညာယူခဲ့ပါသည်။ ယခု သာသနာ့ဘောင်တွင် ရှိနေပါသည်။

အဘဘိုးထွန်းလှိုင်ကိုယ်တိုင် နယ်လှည့်သာသနာပြုစဉ်ခဲ့ကပင်၊ သာမည၊ သန်လျင်၊ ပါဒကြီးတို့သို့ လှည့်လည်ရောက်ရှိခဲ့ပါသည်။ စာရေးသူလည်း သန်လျင် ပါဒကြီးရှိ ကျိုက္ကမော့တောင်တွင် ဗားမဲ့ဝိဇ္ဇာဆရာတော် အဓိဋ္ဌာန်ကျင့်စဉ်ဝင်ခဲ့သော ဗားမဲ့ဂူသို့ရောက်ရှိပြီး အဓိဋ္ဌာန်ကျင့်စဉ် ဝင်ခဲ့ဖူးပါသည်။

အဘဘိုးထွန်းလှိုင်အား ဆရာတော်အရှင်သံဝရ ချီးမြှင့်ခဲ့သော သိမ်ဝင်သပိတ်ကွဲပေါ်တွင် စီရင်ထားသော ဗားမဲ့ထွက်ရပ်ပေါက်အင်းအား ပြသောအခါ အဘ စီရင်ပေးထားတာဟု အဓိန္ဓိရှိပါသည်။

အဘက အင်း၏အစွမ်းကို ထိုကဲ့သို့ နောက်ကြောင်းပြန်ပြောပြပါသည်။

တစ်နေ့သောအခါ အဘကို ပညာပြိုင်ရန် ဆရာကြီးတစ်ဦး ရောက်လာပြီး သူ့ကိုယ်သူ အသက်နှစ်ရာကျော်ပြီဖြစ်ကြောင်း ပြောပါသည်။ အဘက ဒါဆို ဆရာကြီးတော်တော်ခရီးရောက်နေပြီလားဟု ပြောကာ အညောင်းပြေ လမ်းလျှောက်ထွက်ရင်း စကားပြောကြပါသည်။

အဘဘိုးထွန်းလှိုင်က အိမ်နောက်ဘက်ရှိ ရေကန်နားရောက်သောအခါ 'ဆရာကြီးနဲ့ ကျွန်တော် ဟောဒီ ရေပြည့်နေတဲ့ကန်ကို ဖြတ်ကူးကြရအောင်'ဟု ပြောပါသည်။

ထိုအခါ ပညာလာပြိုင်သော ဆရာကြီးက 'ကျွန်တော်မှ ရေမကူးတတ်တာ။ လေ့လည်း မရှိဘဲနဲ့ မကူးရဲပါ'ဟု ပြောပါသည်။

အေ့လောခေါ်ပိုင် ဆုံးထွန်းလှိုင်

အဘဘိုးထွန်းလှိုင်က 'ဆရာကြီးရယ်..မကြာ
ပါနဲ့။ ကျွန်တော့်ရဲ့ လက်ကိုသာ တွဲထားပါ'ဟု ပြော
ဆိုဆို ရေကန်ကို ဖြတ်၍လျှောက်လာခဲ့ကြရာ ရေ
ရောက်သောအခါ အဘဘိုးထွန်းလှိုင်မှ လက်တွဲ
လိုက်သဖြင့် ဧည့်သည်ဆရာကြီးမှာ ရေလယ်တွင်
ကန်,ယက်ကန်ဖြင့် ကျွန်ရစ်ခဲ့ပါတော့သည်။

ထိုစဉ်က အဘဘိုးထွန်းလှိုင် အိတ်ထဲတွင်
ထွက်ရပ်ပေါက်အင်း ဆောင်ထားကြောင်း သိရပါသ
ဗားမဲ့အင်းအစွမ်းကြောင့်ဟု ထင်ရပါသည်။

အဘဘိုးမင်းခေါင်၏ ထွက်ရပ်ပေါက်ကျင့်စဉ်နှင့်
သက်၍ ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်ကိုယ်
အဘဆရာကြီး ဘိုးထွန်းလှိုင်အား ပညာအရာ၊ ကု
အရာတွင် နောင်တော်ကြီး ခေါ်ထိုက်ပါသည်ဟု မှတ်
ပြုခဲ့ဖူးကြောင်း သိရပါသည်။ ယခုအခါ အဘဘိုး
လှိုင်သည် အသက်(၁၀၃)နှစ် ရှိပြီဖြစ်ပြီး သာသနာပြု
ငန်းများကို ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။

မေတ္တာ
ပုရောဟိတ် ဆရာဦး
ဖုန်း-၀၉

www.burmeseclassic.com

ဩကာအာဏာနှင့် စီးပွားဥစ္စာ တိုးပွားလာအောင်
ကြီးလေးကြီးနှစ်ထပ်စမဖြင့် စီမံကြ

ဘုန်းခေါင်

"ဆရာ ရှိပါသလား" ဟု မေးသံနှင့်အတူ အရွယ်လတ် ပိုင်း သေသေသပ်သပ် ဝတ်ဆင်ထားသည့် မိန်းကလေးတစ် ယောက် ရောက်ရှိလာလေသည်။

ထိုမိန်းကလေးသည် မိမိလိုင်ဟု အမည်ရှိသော ကျွန်ုပ် တပည့်မတစ်ယောက်၏သမီး ဖြစ်လေသည်။ သူမ၏အမည် မှာ ချောသီရိဟု ခေါ်လေသည်။ နာမည်နှင့် လိုက်ဖက်သော ချောမောလှပပြီး ကျက်သရေရှိသော မြန်မာ့သမီးပျိုတစ် ယောက် ဖြစ်လေသည်။

မြေးတပည့်မ ချောသီရိသည် စီးပွားရေးဘွဲ့ ရရှိပြီး နောက် ခေတ်ကာလပညာများဖြစ်သော ကွန်ပျူတာနှင့် အင်္ဂလိပ်စကားပြော၊ ပြင်သစ် အစရှိသည့် ဘာသာစကား (၃)မျိုးကို ကျွမ်းကျင်ပိုင်နိုင်အောင် ပြောနိုင်သူလည်း ဖြစ် လေသည်။

မြန်မာ့သမီးပျိုတစ်ယောက်အနေဖြင့် စံပြထားထိုက် သော သမီးလည်း ဖြစ်ပါသည်။ ရတနာသုံးပါး၊ အနန္တ ဂါးပါးကို ရိုသေကိုင်းရှိုင်းသူဖြစ်ပြီး နေ့စဉ် (၉)ပါးသော ဂုဏ်တော်ကို ဝတ်မပျက် ပုတီးစိပ်သူလည်း ဖြစ်လေသည်။

ခေတ်၏ သမီးပျိုဖြစ်သော်လည်း အဝတ်အစားတို့ မှာ သရုပ်မပျက်၊ မြန်မာတို့၏ ဆံကေသာအလှကိုလည်း အသွေးအရောင်မပြောင်း၊ နက်မှောင်သောဆံပင်နှင့် ပျော့ ပျောင်းသော ဆံကေသာပိုင်ရှင်လည်း ဖြစ်ပါသည်။

စာချစ်သူမိတ်ဆွေတို့နှင့် မိတ်ဆက်ရေးသားပြီးဖြစ်၍ ကျွန်ုပ်ရေးသားမည့် အကြောင်းကို ဆက်လက်ရေးသားပါ တော့မည်။

"ဘာဘ.. ပြီးခဲ့တဲ့ စနေနေ့ကတည်းက မမေမေကဆို သွေးသေးဘူးလားနဲ့ တဂျီဂျီလုပ်နေတာလေ။ သမီးက အတော်ကို ရှင်းပြရသေးတယ်။ စနေ၊ တနင်္ဂနွေရယ်၊ မတ်လ (၂)ရက်က တနင်္လာနေ့ဖြစ်ပေမယ့်လို့ ရုံးပိတ်ရက်ပါ။ သမီး အနေနဲ့ ဌာနခွဲတစ်ခုရဲ့ မန်နေဂျာဖြစ်နေတာရယ်၊ အရေး ကြီး လုပ်စရာတွေ ရှိနေတာနဲ့ ရုံးပိတ်ရက်မှာကို အပိုချိန် ဆင်းပေးနေရတယ် ဘာဘ။ ဒီနေ့မှ လာနိုင်တော့တာပါ။ သမီးဖြစ်စဉ်က.."

ဆိုပြီး လုပ်ငန်းခွင်အချင်းချင်း အားပြိုင်နေကြတဲ့ကိစ္စ မှ စီးပွားရေးအဆုံး အလုံးစုံပြောပြပြီး ကျွန်ုပ်မှ ကူညီပြီး မျက်မှောက်အကျပ်အတည်းများမှ လွတ်မြောက်ပြီး ထာဝရ အေးချမ်းစွာ နေထိုင်လုပ်ကိုင်ရအောင် စီမံပေးရန် တောင်းခံ ပြောပြလေတော့သည်။

ကျွန်ုပ်မှာ မည်သို့မှ ရှောင်လွှဲ၍ မရတော့ပါ။

အကြောင်း (၂)ချက်က ကျွန်ုပ်ကို ထိန်းထားပြီး ဖြစ် ပါသည်။ ပထမအကြောင်းသည် ဆင်းရဲဒုက္ခရောက်သူ ခုနစ်နေ့သားသမီးများ ချက်ချင်းချမ်းသာရအောင် ကယ်မ, စောင့်ရှောက်လိုခြင်း၊ ဒုတိယအကြောင်းမှာ ယခုလာသည့် မချောသီရိမှာ မိဘများ လက်ထက်က စပြီး အမြဲကူညီ စောင့်ရှောက်ခဲ့ရသော သားသမီးများနှင့် မခြားသည့်တပည့် ဖြစ်နေခြင်းတို့ကြောင့်ပင် ဖြစ်ပါသည်။

"သမီးမသိရ..ဘာဘပြောတဲ့အတိုင်း တိတိကျကျလုပ် ပါ။ သမီးနဲ့ မိသားစု စိတ်ချမ်းသာလာပါလိမ့်မယ်။ သမီး ကို မကောင်းကြံစည်နေကြ၊ အပြိုင်အဆိုင်(ပြိုင်ဘက်) များအနေနဲ့ သူတို့ရဲ့ မကောင်းကြံကြတဲ့ စေတနာအတိုင်း အကျိုးပေးပါလိမ့်" ဟု ပြောပြရတော့သည်။

ကျွန်ုပ်သည် လုပ်ဖော်ကိုင်ဖက်တို့၏ မကောင်းကြံစည် မှုကြောင့် ရာထူးချခံရခြင်း၊ ငွေကြေးကိစ္စ ပြဿနာပေါ်ခြင်း စသည့် ဝန်ထမ်းများ၊ နောက် စီးပွားဘက်အပြိုင်အဆိုင် ရောင်းဝယ်နေကြသူများအနေဖြင့်လည်း ဆောင်ရွက်သင့် သော ကြီးလေးကြီးစမနှစ်ထပ်ဖြင့် မြတ်စွာဘုရားရှင်အား မီး, ရေအစုံ ပူဇော်ကြရန် ဖြစ်ပါသည်။

မြေးတပည့် မချောသီရိကို ချီးမြှင့်ပေးလိုက်ပါသည်။

စာချစ်သူ မိတ်ဆွေများအနေဖြင့် ဝန်ထမ်းဆိုလျှင် ရာထူးဂုဏ်ရှိန် အဆင့်အတန်းတူညီလျက် ဩဇာအာဏာ မရသူများဖြစ်စေ၊ အရောင်းအဝယ်လောကတွင် ငယ်ငယ်

www.burmeseclassic.com

www.burmeseclassic.com

ကြိုးကြိုး မိမိတို့ လုပ်ငန်းကိုင်ငန်းအလိုက် လာဘ်များစွာ ရနေစဉ်နေ့တိုင်း ရောက်ရန်အတွက် ဆောင်ရွက်သင့်သော ကျင့်စဉ်ဖြစ်ပါသည်။

လွန်စွာပေါ့ပါးပြီး အမြန်ဆုံးဆောင်ရွက်နိုင်သော ကျင့်စဉ်လည်း ဖြစ်ပါသည်။

စာချစ်သူမိတ်ဆွေ တကယ်လုပ်ကိုင်လိုပါလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။

<u>ကြိုးလေးကြိုးစမ နှစ်ထပ်စီမံပုံ အပြည့်အစုံ</u>

ဦးစွာပထမအနေဖြင့် အချင်း(၉)လက်မ အရွယ်ရှိသော စတီးပန်းကန် (သို့မဟုတ်) လင်ပန်းငယ်တစ်ခု ရှိရပါမည်။ ထိုပစ္စည်းရသည်နှင့် အတွင်းဝိုင်း အခြေနားတွင် (က၊ ဃ၊ ဏ၊ ဋ)ဟု ထင်ရှားပီသအောင် ရေးသားရပါမည်။ ယခုခေတ်တွင် မာကာပင်များရှိနေ၍ ထင်ရှားအောင် ရေးနိုင်ပါသည်။

ပထမကြိုးလေးကြိုး တစ်လုံးခြားစီ၏ အလယ်တွင် (စ၊ ခ၊ ဗ၊ ဝ) စမလေးလုံးကို ရေးသားရပါမည်။

အလယ်ဗဟိုရှိတွင် စက်ဝိုင်းငယ်အတွင်း (ဗုဒ္ဓ)ဟု ရေးသားရပါမည်။

အောက်တွင်ဖော်ပြထားသော ကြိုးလေးကြိုး နှစ်ထပ်စမပုံကို ကူးယူရေးသားပါရန် သတိပေးဆေးဖြင့်လည်း ရေးသားနိုင်ကြပါသည်။

နေ့ကောင်းရက်မြတ် ရွေးခြင်းနှင့် ကာလသတ်မှတ်ရပါမည်။ အနီးဆုံး ရက်ကောင်းရက်မြတ်တွင် စတင်ပါ။

<u>လာဘ်ခေါ် ကြိုးလေးကြိုးနှစ်ထပ်စမ</u>

၁။ ကာလကို (၉)ရက် (၃)ကြိမ် ဝင်ရပါမည်။

၂။ **နေ့စဉ် ဆောင်ရွက်ရန်များ**

* စတုလောကပါလနတ်မင်းကြီးလေးပါးကို ဖိတ်ပါ။
* သိကြားမင်း၊ ဗြဟ္မာမင်းတို့ကို ဖိတ်ပါ။
* မဟိဒ္ဓိရှင် သိဒ္ဓိရှင် ဆရာတော်ကြီးများကို ပင့်ထားပါ။
* ပါရမီဖြည့်ဖက်များနှင့် အမြဲတမ်း အကူအညီပေးနေကြသော ပုဂ္ဂိုလ်များကို ပင့်ဖိတ်ထားပါ။
* ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ ဆုတောင်းခံခြင်း၊ မေတ္တာပို့သခြင်း ပြုလုပ်ပါ။

အောက်ပါဂါထာတော်နှင့် ဂုဏ်တော်တို့ကို ရွတ်ဖတ်ပူဇော်ခြင်း၊ ပုတီးစိပ်ခြင်းတို့ ပြုလုပ်ကြရန် ဖြစ်ပါသည်။

(က) သမ္မုဒ္ဓေဂါထာတော်ကို မှန်မှန်နှင့် ဖြည်းဖြည်း အသံပီသအောင် ရွတ်ဖတ်ပူဇော်ရန် ဖြစ်ပါသည်။

(နှုတ်တိုက်ဖွဖွ ရွပြီးကြသော်လည်း အသံကူးပြောင်းမှုနီးသဖြင့် ဂါထာတော်ကို စာအုပ်ကြည့်ပြီး ရွတ်ဖတ်သင့်ကြောင်း အကြံပြုပါသည်။ စာရေးသူ)

ကိုးခေါက်တိတိ ရွတ်ရပါမည်။

(ခ) အောက်ပါဂုဏ်တော်ကို ဂုဏ်တော်(၂)ပါးကို ပုတီးစိပ်ရပါမည်။ ပုတီးစိပ်ရာတွင် ဂုဏ်တော်တစ်ပါး ရွတ်ဆို(နှလုံးသွင်းပြီး)ပြီး ပုတီးတစ်လုံးချ၍ (၁၀၈)ဂုဏ်တော်ပုတီး တစ်ပတ်စိပ်ရပါမည်။

ဂုဏ်တော်မှာ (၂)ပါးဖြစ်၍ ပုတီးနှစ်ပတ်စိပ်ရန် ဖြစ်ပါသည်။



လာဘ်ခေါ် ကြိုးလေးကြိုးနှစ်ထပ်စမ

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယပုတီးစိပ်ရန် ဂုဏ်တော်များ

သောဘဂါ ဣတိပိ အရဟံ

မြန်မာပြန် (ရန်အပေါင်းကို အောင်နိုင်တော်မူသော မြတ်စွာဘုရား)

တတိယပုတီးစိပ်ရန် ဂုဏ်တော်များ

သောဘဂဝါဣတိပိ အရဟံသိဒ္ဓိ

မြန်မာပြန် (စိတ်အလျင်မှ လိုလားတောင့်တတိုင်း အလုံးစုံရရှိ ပြည့်စုံတော်မူသော မြတ်စွာဘုရား)

အသိပေးခြင်း

ကနဦးဖော်ပြပေးထားသော ကြီးလေးကြီးစမန္တစ်ထပ်၏ အလယ်တွင် ပါရှိသော ဗုဒ္ဓ၏နေရာတွင် ဖယောင်းတိုင် (အလင်းတိုင်)တစ်တိုင်ကို ခိုင်မြဲအောင် တည်ပါ။ နောက်ထိုမန်းကန် (သို့မဟုတ်) လင်ပန်းငယ်ထဲသို့ ရေအေးရေကြည်ထည့်လိုက်ပါ။ ပြီးပါက ထိုဖယောင်းတိုင်ကို မီးထွန်းပြီးသည်နှင့် စတင်၍ ဆောင်ရွက်နိုင်ကြပြီ ဖြစ်ပါသည်။

မိမိပြုဖွယ် ပုတီးစိပ်ပြီးသည်နှင့် သစ္စာပြုပါ။ ဆုဆောင်းခံပါ။

ဝေနေယျအားလုံးတို့အား ကုသိုလ်အမျှပေးဝေပါ။

ပင့်ထားသူများအားလုံး နေရပ်ဌာန ပြန်လည်ပို့ပါ။

အလင်းတိုင်ထွန်း၍ မြတ်စွာဘုရားရှင်အား ပူဇော်ရာတွင် ရှင်းလင်းစွာသိစေခြင်း၊

မြတ်စွာဘုရားရှင်အား အထွတ်ထားရှိခြင်း၊

ကြီးလေးကြီးစမန္တစ်ထပ် ရှိသည့်အတွက် စုစုပေါင်းကိုးခွင် ဖြစ်ပါသည်။ တစ်ဝါရကို (၉)ရက်သတ်မှတ်ပြီး (၃)ဝါရ ဆောင်ရွက်ရပါမည်။ အစမှ အဆုံးတိုင်အောင် မြတ်စွာဘုရားရှင်ကိုသာ အလင်းတိုင်တည်၍ ပူဇော်ရမည် ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်အား အလင်းတိုင်ပူဇော်စဉ်တွင် မိမိ၏ စိတ်အာရုံတွင် ကိုးဆယ့်ကိုးကွေ့ကုန်သော ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယဓိက မြတ်စွာဘုရားရှင်တို့အား စိတ်အာရုံညွှတ်၍ ပူဇော်ကြရမည် ဖြစ်ပါသည်။

ဆန္ဒတူ၍ ဆောင်ရွက်လိုသော စာချစ်သူမိတ်ဆွေများ အဓက်အခဲများမှ လွတ်မြောက်၍ ချမ်းသာကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

ပညာတိုးပွား၍ အကျိုးများကြပါစေ

ဘုန်းခေါင်

ယတြာဆရာမ ဒေါက်တာခင်မျိုးစိုး

Ph.D (Hon - Doctor of Astrology)

(နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဝင်းစီးပညာ)

အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။

အမျိုးသမီးမျာ်းတ်၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်။

ဘေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်။

အခန်း(၄)၊ အဓနာက်ဆက်မုစ်၊ ရြဝေသုံ့နစ်ကောင်အနီး၊ မဟာဝိဇယစေတီ၊ ရန်ကုန်မြို့၊ ဝင္ဒ ၅၁၀ ၇၅၀၂၇

ဒေါက်တာယတြာလေဒီ

Ph.D (India)., M.Sc (Chemistry)

ရွေဖြစ်ကာ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့

ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ

လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်

ထိထိမိမိ မာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်...

ကြိုတင်ရက်ချိန်းယူပါ

လူမှုရေးပိုင်း၊ ဂုဏ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ ကုန်းဘောင်းတန်းလမ်း၊(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဝင္ဒ ၅၁၀ ၁၁၇၃၅

www.burmeseclassic.com

www.burmeseclassic.com

ခုနစ်နှေ့သားသမီးများအတွက်

ကျိုးဖြူအဖေကြီး ခိုးမြှင့်သော ဟန်ကျပန်ကျ (ကျန်းမာချမ်းသာ) ဓာတ်ယစ်ဂြာများ(၃)

ကျွန်ုပ်စာရေးသူနှင့် ဓမ္မမိတ်ဆွေများ ကျိုးဖြူသာသနာပြု အဖေကြီးထံ ရောက်သွားသောအခါ နံနက်(၁၀)နာရီကျော် ရှိနေပါပြီ။ လှုံစရာရှိတာလှုံကြ၊ ဓာတ်ပုံရိုက် မှတ်တမ်းတင်ပြီးသောအခါ ဆွမ်းစားချိန်နီး၍ မွန်းလွဲပိုင်းမှ သိချင်တာ၊ လျှောက်ချင်တာ လျှောက်ရန် အဖေကြီး၏ တပည့်များမှ ပြောကြားပါသည်။ ကျွန်ုပ်တို့ကိုလည်း နံနက်စာ



စားသွားရန် လမ်းညွှန်ပေးပါသည်။ ကျွန်ုပ်တို့လည်း ဆွမ်းစားဆောင်ကြီးတွင် နံနက်စာ သွားစားကြသည်။ ယခုအခါ ကျိုးဖြူသာသနာပြုနယ်မြေသို့ ရောက်ရှိလာကြကုန်သော ရပ်ဝေးရပ်နီးမှ ဧည့်ပရိသတ်များအား နေ့စဉ် နံနက်စာ ကျွေးမွေးနေပါသည်။

ထမင်းစားပြီးသောအခါ နီးဘုရားကြီး သွားဖူးကြသည်။ ဖြစ်တော်စဉ် အရပ်ကြီးများနှင့် ဘုရားစေတီများ လှည့်ကြည့်ကြသည်။ စောင်းတန်းမှ ပြန်ထွက်လာပြီး သားတော်များစေတီ သွားဖူးသည်။ သားတော်များစေတီသည် အတွင်းတွင် လိုဏ်ဂူပုံသဏ္ဌာန် ပြုလုပ်ထားပြီး ရွှေ၊ ဆွတ်စိန်၊ ပတ္တမြား စသည့် ဘုရားလေးဆူ ပူဇော်ထားသည်။ ဆွမ်းစားပြီး ဆရာတော် နားချိန်ဖြစ်၍ စာရေးသူတို့လည်း သားတော်များစေတီမှာ ပုတီးစိပ်သူစိပ်၊ ပဌာန်းရွတ်သူရွတ်ပြီး အချိန်ကို တန်ဖိုးရှိစွာ အသုံးချနေလိုက်သည်။

သားတော်များစေတီအတွင်းတွင် ကျိုးဖြူအဘိုးဆရာတော်ဘုရားကြီး၊ ကျိုးဖြူသာသနာပြုဆရာတော်၊ ရဟန္တာရုပ်တုများ၊ ဘုရားရုပ်ပွားတော်နှင့် ဓာတ်တော်များ၊ ဝိနည်းရုပ်တုများ၊ လောကီဓာတ်အစီအရင်များ၊ ဝါ၊ စိမ်း၊ နီ၊ ရောင်စုံအလံနှင့် အာဆီယံအလံများ တွေ့မြင်ရပါသည်။ အပေါက်ဝနားတွင် စာအုပ်၊ ဓာတ်ပုံ၊ စီဒီခွေ ရောင်းထားလည်း ရှိပါသည်။

ကျိုးဖြူသာသနာပြုအဖေကြီး လက်ထက်တွင် သားတော်များစေတီ၊ အကျွတ်အလွတ်ကောင်းမှုတော်စေတီ မြတ်စွာဘုရားနှင့် ရဟန္တာများ ကြွတော်မူလာပုံ၊ နဂါးဘုရား၊ ဓမ္မဗိမာန် စသည့် သာသနိကအဆောက်အအုံများ တိုးတက်လာပါသည်။ သားတော်များစေတီအနီးတွင် (၆) ကြိမ်မြောက် အာအောင်မင်းခေါင်ထွက်ပွဲ ပြုလုပ်သော မဏ္ဍပ်ကြီးကို တွေ့ရ၏။ ထိုမဏ္ဍပ်ကြီးတွင် တန်ဆောင်းလပြည့် ဆေးပေါင်းခသောည ပြုလုပ်မည်ဟု ဆိုပါသည်။

ယခုအခါ ခင်ပွန်းကြီးဆယ်ပါးစေတီနှင့် ရုပ်လုံးပေါ်တည်ဆောက်နေပါသည်။ ဓမ္မမိတ်ဆွေ ဒေါ်သင်းသစ်

www.burmeseclassic.com

www.burmeseclassic.com

ဆောင် မိသားစုမှလည်း မ၊တည်ငွေ လှူဒါန်းထားပါသည်။
မွန်းလွဲ(၂)နာရီ ကျိုးဖြူအဖေကြီး ကြွတော်မူလာသော
ခင်ပွန်းကြီးဆယ်ပါးစေတီတော်အတွက် အလှူငွေ
ပေးအပ်လှူဒါန်းကြပါသည်။ ဆရာတော်မှ မေတ္တာပို့
အတန်းပေးဝေပါသည်။ ဘာပဲလုပ်လုပ် ဟန်နဲ့ပန်နဲ့
ပြုကြ ငါသားတို့ဟု မိန့်ဆိုသည်။ ဟန်ဆိုတာ(၆)၊ ပန်
ဆာ(၅) နှစ်ခုပေါင်း(၁၁) တစ်ဆယ့်တစ်မီးငြိမ်းစေတယ်။
ပြည့်ညွှန့်တွေလည်း လှူကြ၊ သပြေကိုးသိန်း ငွေကိုးသိန်း
ဆက်ဆင်ကြဟု မိန့်ဆိုသည်။ ငွေဖလားကြီးတစ်လုံးတွင်
ပြည့်ညွှန့်များ အပြည့်ထိုးထားပါသည်။ သပြေသည်လည်း
၉+၅=၁၁)ဖြစ်၍ (၁၁)မီးငြိမ်းစေပါသည်။
သာသနာပြုဆရာတော်ကြီး အများစုမှာ ဘာပဲလုပ်
ပုပ်၊ ဘယ်လိုဓာတ်ပဲဆင်ဆင် အောင်သပြေညွှန့်ကို အဓိက
ထားကြ၊ သုံးကြသည်။ အဆောင်ပေးလည်း သပြေညွှန့်ပေး
သည်။ ပညတ်သဘောအရ အစစအရာရာ အဆင်ပြေစေ
သောတ်ကို ယူထားပါသည်။ မိမိတို့၏နေအိမ်တွင် သပြေ
အောင်အိုးထိုးကြသည်။
အိမ်ထောင်ဦးစီး တနင်္ဂနွေသားဆိုပါက သပြေ(၆)
ညွှန့် အောင်အိုးထိုးပြီး အိမ်အရှေ့မြောက်မှာ တင်ထားပါ။
အင်္ဂလာသားဆိုပါက (၁၁)ညွှန့်ထိုးပြီး အရှေ့အရပ်မှာ ထား
ပါ။ အင်္ဂါသားသမီး အရှေ့တောင်အရပ်မှာ (၈)ညွှန့်ထိုးလှူ
ထားပါ။ ဗုဒ္ဓဟူး(၁၇)ညွှန့် တောင်အရပ်မှာထား။ ကြာသ
ပတေး (၁၉)ညွှန့် အနောက်အရပ်၊ သောကြာ (၂၁)ညွှန့်
မြောက်အရပ်၊ စနေ(၁၀)ညွှန့် အနောက်တောင်အရပ်၊ ရာဟု
ဘုရားသမီး (၁၂)ညွှန့် အနောက်မြောက်အရပ် စသည်ဖြင့်
လှူထားနိုင်ပါသည်။
ဓမ္မမိတ်ဆွေ ဦးမျိုးချစ်မှ ကြာသပတေးအတွက် အလုပ်
အကိုင်၊ စီးပွားရေးကိစ္စ အဆင်ပြေစေရန် ယတြာတောင်း
သည်။ ဒေါ်ဖြိုးသီတာမှ သူ့သားနှစ်ယောက် စင်ကာပူမှာ
အလုပ်ကိစ္စ အဆင်ပြေစေရန် ယတြာတောင်းသည်။ ကျိုးဖြူ
အဖေကြီးမှ အောက်ပါယတြာကို ပေးလိုက်ပါသည်။
တနင်္ဂနွေသားသမီး ဆိုပါက အထက်ဆေး ၄ပန်း
အသား သီဟိုဠ်သား၊ ကုံကော်သား၊ ပျဉ်းမသား လက်သန်း
တုံးခန့်ဖြတ်၊ တစ်ခုကို (၃)လက်မ တိုင်းဖြတ်ပြီး ညီညာစွာ
ပြုလုပ်ပါ။ ထို့နောက် ထိုအသားသုံးခုကို ရွှေချပါ။ ဖန်
ခွက်တစ်ခုတွင် သဲထည့်ပြီး ထိုသုံးချောင်းကို ဖိုခုံလောက်
အိုင် စိုက်ထားပါ။ အလယ်တွင် သာသနာ့အလံ တစ်ချောင်း
စိုက်ရမည်။ သာသနာ့အလံတွင် လိုရာဆန္ဒ သုံးခုရေးပါ။
(၁) အလုပ်ကိစ္စအဆင်ပြေစေ၊
(၂) လာဘ်လာဘများဝင်စေ၊
(၃) အကြွေးအစည်းအောင်မြင်စေ။
မိမိလိုရာဆန္ဒသုံးမျိုး ရေးနိုင်ပါသည်။ အထွက်ကိစ္စ
ဆိုပါက သာသနာ့အလံနောက်ဘက် အရင်းဘက်မှ အများ
ဘက် ဦးတည်ရေးပါ။ ဥပမာ-အိမ်ခြံမြေရောင်းထွက်စေ။
အဝင်ကိစ္စဆိုပါက အများမှ အရင်းသို့ ရေးပါ။ အရှေ့ဘက်
တွင် ဘောပင်နှင့်ရေး၍ရသည်။ ဤယတြာနည်းမှာ ရေရှည်
လုပ်ငန်း၊ အမြဲတမ်းဖြစ်လိုသောကိစ္စ၊ ခိုင်မာသောကိစ္စတွေ
ပိုကောင်းပါသည်။ သာသနာ့အလံမှာ အရှင်ဖြစ်သည်။
လိုရာဆန္ဒ ပြည့်သွားပါက အသစ်လဲနိုင်သည်။
စာရေးသူလည်း အဖေကြီးမိန့်ဆိုတာကို စာနှင့် သေ
ချာမှတ်လာပါသည်။ ထို့နောက် အိမ်မှာ ကိုယ်တိုင် စတင်
ဆောင်ရွက်ကြည့်သည်။ သားတော်မောင် သန်လျင် နည်း
ပညာတက္ကသိုလ်ရှင့်ရစေ၊ အိမ်ဂရန်ကိစ္စ အဆင်ပြေစေ၊ အိုးအိမ်
အဆောက်အအုံကိစ္စ အမြန်ပြီးစေဟူ၍ ရေးထားလိုက်သည်။
တစ်လအကြာတွင် ဆန္ဒနှစ်ခု အောင်မြင်သွားပါသည်။ တစ်
ခုတော့ ကျန်နေပါသေးသည်။ မကြာမီပြည့်တော့မည်ဟု
ယုံကြည်ပါသည်။
အဖေကြီးမှ သုဂတောဂုဏ်တော် ပုတီးစိပ်ခိုင်းသည်။
ထိုအစီအရင် ဆောင်ရွက်ပြီး သုဂတောဝါးချက် ရွှင်ဆို

www.burmeseclassic.com

ခိုင်းပါသည်။

သုဂတောငါးချက် စီးပွားတက်ဂါထာ

သုဂတော သုဂတဓာန်
သုဂတော သုန္ဒရဂွိစ
နိဗ္ဗာန် သုဂတောယာတိ
သုဂတော တေနမောနမာ။

နေ့စဉ် အနည်းဆုံး(၂၇)ခေါက် ရွတ်ဆိုပါ။ သုဂတော ဂုဏ်တော်လည်း ပုတီး(၉)ပတ်စီပ်ပါ။ ကောင်းကျိုးလိုရာ ဆန္ဒ ပြည့်ဝမည်မှာ အမှန်ဖြစ်ပါသည်။

သားတော်များစေတီတွင် ရေအင်တုံတစ်ခုဌ လှေတစ်စင်း ထည့်ထားပြီး ထိုလှေပေါ်တွင် လှော်တက်နှစ်ချောင်း တင်ထားသည်။

လွန်ခဲ့သော(၆၂)ကြိမ်မြောက် အဘအောင်မင်းခေါင် ထွက်ပွဲသို့ စာရေးသူ ရောက်ရှိစဉ်က တောင်ကလပ်ပေါ်ရှိ ဆုတောင်းပြည့်ဘုရားတစ်ဆူရှေ့တွင် လှော်တက်နှစ်ချောင်း ထောင်ထားတာ တွေ့ခဲ့ရပါသည်။ တစ်ချောင်းတွင် ရွှေတက် စီးပွားတက်ဟု ရေးထားပြီးနောက် တစ်ချောင်းတွင် ငွေတက် စီးပွားတက်ဟု ရေးထားသည်။

လှော်တက်ယကြာနည်း သုံး,လေးမျိုး တွေ့ဖူးပါသည်။ ဖျာပုံမြို့ မင်းကျောင်းသို့ရောက်စဉ် ဘုရားကျောင်းဆော အနီး၌ လှော်တက်အကြီးတစ်ချောင်း ထောင်ထားသည် လှော်တက်အစစ်ဟု ဆိုရမည်။ ထိုလှော်တက်အပြား ကျောင်းဒါယကာကြီး အမည်နှင့် မိသားစုအမည် ရေး သည်။ ထိုမင်းကျောင်းဒါယကာကြီး မိသားစုမှာ စီးပွား လုပ်ငန်း အဆင့်ပြေပြီး သားသမီး၊ မြေး၊ မြစ်အထိ ချမ်း ကြပါသည်။ အချို့လည်း မှန်တစ်ချပ်တွင် လှော်တက် ချောင်း ကပ်ထားသည်။ အဓိပ္ပာယ်မှာ စီးပွားရေး မှန် တက်ရန်ဟု ဆိုပါသည်။

ကျွန်ုပ်မှ အဖေကြီးအား ရွှေတက်,ငွေတက်အကြော် လည်း ပြောပြပါသည်။

[အဖေကြီး စီရင်ပေးသောနည်းဖြင့် စီးပွားတက် မနည်းပေ။ အဖေကြီးထံမှ ပြန်လာပြီး အထက်ဆော် အသား ရွှေချပြုလုပ်ပေးရသည်မှာ အယောက်(၅၀)နီး ရှိသွားပါပြီ။]

စာအုပ်တိုက်ပိုင်ရှင်တစ်ဦးသည် ဝိဇ္ဇာဆရာတော် ပါး ချီးမြှင့်သော လှေနှင့် လှော်တက် စီရင်ဆောင်ထား တစ်နှစ်အတွင်း ကိုယ်ပိုင်အိမ်နှင့် စာအုပ်တိုက်၊ ပုံနှိပ် ဖြန့်ချိရေးပြုလုပ်နိုင်ကြောင်း သူ၏အတွေ့အကြုံကို ပြော ပါသည်။

အဖေကြီးချီးမြှင့်သော လှော်တက်နှင့် လှေမှာ မခက်ခဲပါ။ လှေမှာ (၅)လက်မခန့် ရှိသည်။ မိမိ အထက်ဆောင်ပန်းအသားနှင့် ပြုလုပ်ရသည်။ ပုဗ္ဗ လှော်တက်နှစ်ချောင်းအပြင် ဘုရားရှပ်ပွားတော် ပေါင် ပေါ်၌ သန်လျက်တစ်ချောင်းလည်း တွေ့မြင်ရသည်။ ကြောင့် လှော်တက်နှစ်ချောင်းအပြင် သန်လျက်တစ် ပါ တင်ထားနိုင်ကြောင်း အဖေကြီးမှ မိန့်ဆိုပါသည်

တနင်္ဂနွေသားသမီးမွေးနံတိုင်

၅ သန်လျက်
၂ လှော်တက်
၆ လှေ
၁
၄
၀
၃

တနင်္ဂနွေသားသမီးတစ်ဦးသည် သီဟိုဠ်သား သား၊ သဖြေသား၊ သဲသတ်ပင်အသား သောကြာသ

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးမျိုးဖြင့် လှေပြုလုပ်ပြီး ရွေချပါ။ ထိုလှေပေါ်တွင် ငှက်ကော်သားနှင့် လှော်တက်နှစ်ခု ပြုလုပ်ပြီး ပျဉ်းမသား၊ ပေါက်သား တစ်မျိုးမျိုးဖြင့် သန်လျက်ပြုလုပ်ကာ လှေပေါ်တင်ထားပါ။ ထိုလှေကို ရေအင်တုံ၊ ရေဇလုံတစ်ခုမှာ ရေထည့်ပြီး ဘုရားကျောင်းဆောင်အနီး အရှေ့တစ်နေရာမှာ ဆောင်ပေသလို တင်ထားပါ။

ရေထဲတွင် ကန်စွန်းညွှန့်၊ သပြေညွှန့်၊ ပိန်းပန်း၊ ကုံညွှန့် တစ်မျိုးမျိုးထည့်ထား၍ ရသည်။ သို့သော် အညွှန့်အဓိကမဟုတ်ပါ။ လှော်၊ လှော်တက်၊ သန်လျက်ကသာ အဓိကဖြစ်ပါသည်။ သားတော်များစေတီတွင် တွေ့ခဲ့ရသော ရှေးနှင့် လှော်တက်ပုံ(မူရင်း)ကို ဖော်ပြလိုက်ပါသည်။ ယခုမူ ရွှေငွေလှော်တက်လည်း ဖော်ပြပေးထားပါသည်။

ဘနဲ်သားသမီး ထန်းသား၊ ဒန်းသား၊ ဓနိသား၊ ပိတောက်သား စသည်တို့ဖြင့် လှေပြုလုပ်၊ ဆီးသားနှင့် လှော်တက်ပြုလုပ်ပြီး သီဟိုဠ်သားနှင့် သန်လျက်ပြုလုပ်ပါ။

အင်္ဂါသားသမီး အုန်း၊ အင်၊ အင်ကြင်း တစ်ခုခုဖြင့် ပြုလုပ်၊ ရွက်လှော်၊ ဝါးဖြင့် လှော်တက်ပြုလုပ်။ ထိမ်သား၊ ဓနိသားဖြင့် သန်လျက်ပြုလုပ်ပါ။

ဗုဒ္ဓဟူးသားသမီး ကံ့ကော်၊ ကျွန်း၊ ကုက္ကိုသားဖြင့် လှော်၊ ပျဉ်းမသားဖြင့် လှော်တက်၊ အင်သားဖြင့် သန်လျက်ပြုလုပ်ပါ။

ကြာသပတေးသားသမီး ဆီးသား၊ စိန့်ပန်းသားဖြင့် လှော်၊ သီဟိုဠ်သားဖြင့် လှော်တက်၊ ကံ့ကော်သားဖြင့် သန်လျက်ပြုလုပ်ပါ။

သောကြာသားသမီး ရွက်လှော်၊ ဝါး၊ လင်းလွန်း၊ ခရေသားတစ်ခုခုဖြင့် လှော်၊ ထိမ်၊ ဒန်းဖြင့် လှော်တက်၊ ဆီးသားဖြင့် သန်လျက်ပြုလုပ်ပါ။

စနေသားသမီး ပျဉ်းမသား၊ ပေါက်သား၊ တမာသားဖြင့် လှော်၊ အင်သားဖြင့် လှော်တက်၊ ရွက်လှော်၊ ဝါးဖြင့် သန်လျက်ပြုလုပ်ပါ။

ထိုလှေလှော်တက်ကို လောကဝိဒူဂုဏ်တော် ပုတီးစိပ်၍ သိဒ္ဓိတင်ပါ။ မိမိမွေးနေ့ နံနက်(၉-၁၀)နာရီအတွင်း စတင်ထားပါ။

ဤယဇ်ကြာများသည် ပညတ်နှင့်ဓာတ် ပူးတွဲဆောင်ရွက်ထားပြီး ပညတ်သွားရာ ဓာတ်သက်ပါ။ ဟန်ကျပန်ကျ ကျွန်းမာချမ်းသာ ဓာတ်ယဇ်ကြာများ ဖြစ်ပါသည်။

ဂန္ဓိရ-ဆရာလှမျိုး(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

ရန်နိုင်
သတိထားအောင်
ရှောင်ကြဉ်ပွယ်မျာ

ကိုယ့်နေရပ်၊ ကိုယ့်ဒေသ၊ မိမိအိမ်၊ မိမိလယ်ယာများတွင် သာ
ထား၍ ရှောင်ကြဉ်ဖွယ်များကို လေးလေးနက်နက်ထားကြသည်။ မိ
နည်းတူ ကျင့်သုံးနေထိုင်ရန်ဆန္ဒ၊ ရှောင်ကြဉ်စရာကို လေးစားလိုက်
စေလိုသည့်ဆန္ဒ သို့မှသာ လူမှုစည်းကမ်းနှင့် ညီညွတ်နိုင်သည်။
တစ်နည်းအားဖြင့် မိမိတို့အိမ်ရာနှင့် ပတ်သက်သည့် စည်းက

www.burmeseclassic.com

www.burmeseclassic.com

သိကျွမ်းရသည်၊ လိုက်နာပေးနိုင်ရသည်။ သည်အစဉ်အလာ ဟာ မြန်မာတိုင်းရင်းသားတိုင်း၏ ယဉ်ကျေးမှု။

အချို့တိုင်းရင်းသားတို့၏အိမ်တွင် ရိုးရာနတ်၊ မြေနတ်များကို နေရာသတ်မှတ် ကိုးကွယ်ကြသည်။ ဤနေရာသို့ ချည်သည့်အင်္ကျီသည်ကမျှ မသွားရောက်စေရ။ ပူဇော်သောအစွဲသည်းများကို မြေတွင် မြှုပ်နှံထားကြသည်။ စည်းဝိုင်းကြီးဝိုင်းနေရာသို့ အင်္ကျီသည်တို့က မကျော်ဖြတ်ရ။ ထို့ပြင် ရိုးရာနတ်ကို မည်သူကမျှ မစော်ကားရန် အရေးကြီးသည်။ တစ်ဦး၏ ယုံကြည်မှုကို ကျန်တစ်ဦးက လေးစားလိုက်နာရသည်။

စာရေးသူတို့ ကျောင်းသားဘဝ၌ တောင်ရိုးများ နေထိုင်ရာသို့ အ,သုံးလုံးကျေပညာရေး လုပ်အားပေးခရီးနှင်တွင် တောင်ရိုးလူမျိုးများ၏ ဓလေ့ယဉ်ကျေးမှုကို သီးသီးခြားခြား လေ့လာကြရသည်။ အိမ်ရှင် မကြိုက်သော အမူအကျင့်ကို ရှောင်သည်အနေနှင့် မကျူးလွန်မိစေရန် ကြိုးစားကြရသည်။ ဥပမာ-အခါးရည်ခွဲခံရာ၌ သိမှတ်စရာ၊ အိမ်ရှင်က အခါးရည်ပန်းကန်ထဲသို့ အခါးရည် ထည့်ပေးလိုက်ကြသည်။ ရှောင်သည်က အခါးရည်သောက်သုံးကြပြီးနောက် ပန်းကန်ကို ပြန်ချသည်နှင့် အိမ်ရှင်က အခါးရည် ထပ်ဖြည့်ပေးရန် အဆင်သင့်။ ထည့်ပေးသမျှ သောက်သုံးနေကြသည့် အနေအထားကို အိမ်ရှင်က သဘောကျသည်။ အကယ်၍ ရှောင်သည်က အသုံးမလိုသည့်အခါ ပန်းကန်ကို မှောက်ချထားနိုင်သည့် ဓလေ့က မှတ်သားစရာ။ ဤသို့ နားမလည်ပါသျှင် အဆင်မပြေနိုင်ဖွယ်ရာ။

အချို့တိုင်းရင်းသားများ လယ်ထွန်စိုက်ပျိုးနေချိန်တွင် ရွာတွင် အိမ်တွင်း၌ ဆန်မဖွပ်ရန်၊ မောင်းမထောင်းရန် အထူးရှောင်ကြဉ်ကြသည်။ အိမ်တစ်အိမ်နှင့်တစ်အိမ် မကူးသန်း၊ မလည်ပတ်ကြရန် သတ်မှတ်ကြသည်။ စိုက်ပျိုးပြီးချိန်ကျမှ အိမ်လည်ခြင်းအမှုကို ပြုကြသည်။ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ အိမ်ချင်းကူးသန်းခြင်းဖြင့် မစပ်စုမေးမြန်းစေလိုသည့်သဘောကို ဖော်ပြသည်။ ဤဓလေ့က တိုင်းရင်းသားများ၏ ရှေးဆန်သော ယဉ်ကျေးမှုဖြစ်သည်။ ဆခုအပိုင်းတွင် ဤသို့မဟုတ်တော့။

လယ်ယာစိုက်ပျိုးရေးချိန်တွင် အချို့တိုင်းရင်းသားများက အစားအစာ ရှောင်ရှားကြသည်။ ဥပမာ-ပဲပုပ်ကို စားသောက်ခြင်းမပြုကြ။ အသုဘအိမ်မှ ဧည့်ခံကျွေးမွေးသော အသားငါးကို မစားသောက်ရ။ အတန်းနိမ့်သော အစား အစာ၊ ညစ်ပတ်သော အစားအစာများကို ရှောင်ကြဉ်ကြသည်။ ပဲကို အပုပ်ထား၍ စားသောက်ခြင်းဖြင့် စိုက်ပျိုးသီးနှံကို ထိခိုက်သည်ဟု ယူဆကြသည်။ အသုဘအိမ်ဆိုသည်မှာ နာရေးကိစ္စဖြစ်သည်။ လူသေလျှင် လိပ်ပြာအယူအဆ၊ တစ္ဆေသဘာဝများ၏ လွှမ်းမိုးမှုကြောင့် အသုဘအိမ်မှ သားငါးများ မစားသုံးရန် ရှောင်ရှားကြသည်။ အထူးသဖြင့် ပယောဂအတွေးဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆက်စပ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးကုန်ဆုံးလျှင် ဤဓလေ့မှ ကင်းလွတ်ခွင့်ရသည်ဟု သိရသည်။

စပါးများ ရိတ်သိမ်းသည့်အချိန်တွင် လယ်ကွက်ရှင်က ဧည့်သည်များကို လက်မခံရ။ ဧည့်သည်လာ၍ စကားပြောခြင်းကို ရှောင်ကြဉ်ကြသည်။ အထူးသဖြင့် အိမ်မလည်ရသောကာလဟု သတ်မှတ်သည်။ ဧည့်သည်အား စကားပြောဆိုခြင်းဖြင့် စပါးရိတ်ခြင်းအလုပ် ပျက်ကွက်သည်ဟု ယူဆသည်။ ထို့ပြင် ရိတ်သိမ်းသောစပါးများ ထွက်ရှိမှုကို သူတစ်ပါး မသိစေ၊ မမြင်စေလိုသည့် သဘောဟု ယူဆသည်။

စပါးသီးနှံများနှင့်ပတ်သက်၍ ရှမ်းတိုင်းရင်းသားတို့သည် တော်သလင်းလကျော်လျှင် ကောက်စိုက်သည့်ဓလေ့ကို မလုပ်ကြချေ။ ထိုကာလတွင် ပျိုးပင်တို့ မသန်စွမ်းကြ၊ သီးနှံအဖြစ် သီးနှံညီမှု မဖြစ်ထွန်းနိုင်ကြောင်းကို တွေ့ခဲ့ကြသည့် အတွေ့အကြုံကို အခြေခံသည်။ သက်ကြီးသူတို့သည် နောက်ပေါက်မျိုးဆက်သစ် တောင်သူများအား တော်သလင်းလတွင် သီးနှံကောက်စိုက်ပျိုးခြင်း မလုပ်ရန် သွန်သင်ခဲ့သည်။

တိုင်းရင်းသားတို့သည် ဓလေ့အရ အဓိလိုက်လေ့ရှိကြသည်။ တောလိုက်စဉ် လေ့လာစရာ အချက်များရှိသည်။ ဦးစွာ ကြက်ရိုးထိုးဗေဒင်ဖြင့် မေးမြန်းရသည်။ တောစောင့်၊ တောင်စောင့် နတ်များအား ပ,သကြသည်။ ထို့ပြင် ရွာထဲတွင် တောလိုက်ပွဲ၊ ငှက်ပစ်ပွဲများကို အစုလိုက် ကျင်းပကြသည်။ ထိုအခါ တောလိုက်သူတို့ ရွာသို့ ပြန်မလာမချင်း ကျန်ရွာသူများ မည်သူမျှ ရွာထဲအိမ်သို့ ပြန်မလာရ။ ရွာပြင်တွင် စောင့်ဆိုင်းနေကြသည်။

အဓိလိုက်စဉ် ရွာတွင် အရက်သေစာကို မချက်ရ။ ကစော်မစိမ်ရ။ မူးယစ်ဆေးဝါးမှီဝဲရန် မဆောင်ရွက်ရ။ အဓိလိုက်သူအား ထိခိုက်မိစေသည်ဟု ယုံကြည်ကြသည်။ ဤကာလတွင် ရက်ကန်းမရက်ရ၊ ဗိုင်းမင်ရ၊ ချည်မရှည်ရ

www.burmeseclassic.com

ဟု သတ်မှတ်သည်။ တောထဲတွင် တောလည်မျက်စိမှား တတ်သည်ဟု အယူရှိသည်။ ရှောင်ကြဉ် လိုက်နာကြသည်။

တောလိုက်ရာမှ ရရှိလာသော သားငါးအမဲကို မိမိ၏ ဇနီးမယား အမျိုးသမီးအား မဖျက်စေရ။ မိမိနှင့်မပတ်သက် သော အမျိုးသမီးများ အမဲဖျက်နိုင်သည်။ တောထဲတွင် အမဲလိုက်၍မရဘဲ ကျားကိုက်သည့်သတ္တဝါ၊ ခွေးများကိုက် သည့် သားငါးများကို ရွာသို့ ယူမလာရ။ မည်သူကိုမျှ မစားသုံးရခေ။ တောမုဆိုးဖြစ်သော ကျားနှင့်ခွေးများ၏ ရှာဖွေသော အသားများကို လူသားများက မယူအပ်သည့် သဘော။ သူစည်းနှင့်ကိုယ့်စည်း သတ်မှတ်သည့်ဓလေ့။

တောလိုက်ရင်း တွေ့ရှိသော တောင်ပို့မွှိများကို တွေ့ရှိ ရုပါက ရွာထဲသို့ ပြန်မယူရ။ တောလိုက်ခြင်းသည် သား ငါးသတ္တဝါ ရှာဖွေခြင်းသာ လုပ်စေပြီး အသီးနှံတောင်ပို့မွှိ ရရှိခြင်းဖြင့် လာဘ်တိတ်သည်ဟု ယူဆကြသည်။ ကျား ခေါင်းကို ရွာထဲသို့ ယူမလာရ။

မြန်မာတိုင်းရင်းသားများအနက် ကိုယ်ဝန်ဆောင်အမျိုး သမီးများနှင့်သက်ဆိုင်သော ဓလေ့အယူအဆများရှိသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၏ အနေအထားတွင် မိန်းမ မီးနေဆိုသောဖြစ်ရပ်က စိုးရိမ်ထိတ်လန့်မှုများစွာရှိသည်။ အိမ်တစ်အိမ်တွင် ကိုယ်ဝန်ဆောင်အမျိုးသမီးကို တစ်အိမ် လုံးက ဂရုတစိုက်ပြုစုတတ်ကြသည်။ မိရိုးဖလာ အယူအစွဲ များကို တွေ့ရှိနိုင်သည်။

ကိုယ်ဝန်ဆောင်တို့သည် ကြက်ဥကို မစားရ။ ငှက် ပျောဖူး၊ ငှက်ပျောသီးအမြွာများကိုလည်း မစားရ။ အချို့က အသီးအကင်းများကိုမစားရန် သတိထားကြသည်။ ကြက်ဥ တွင် အခွံအကာများဖြင့် ဖွဲ့စည်းထားသည်။ ကလေးကို မီးဖွားရာတွင် အခွံအကာများ မပါဝင်စေသည့် အကြောင်း ပြချက် ဖြစ်သည်။ ထို့ပြင် ငှက်ပျောသီးအမြွာများကို စား သုံးမိပါက မွေးဖွားသည့်ကလေး အမြွာဖြစ်သွားမည်ကို စိုးရိမ်ခြင်းကြောင့် ရှောင်ရှားခြင်းဖြစ်သည်။ ငှက်ပျောဖူး များမှာ အရင့်မှည့်ခြင်း မရှိသေးသည့်သဘောကိုပြသည်။ အသီးများ မှည့်ပျော်မှ မီးဖွားရန် လွယ်ကူစေနိုင်သည်ဟု ယူဆကြသည်။ အုန်းရည်ကို သောက်သုံးတတ်ကြသည်။

ထို့ပြင် ကျေးရွာအလျောက် အချို့က လျှော်ပင်ကို ကိုယ်ဝန်ဆောင်သည် မခုတ်ဖြတ်ရခေ။ အချို့က သစ်ခွ များကိုပင် ထင်းအဖြစ်ခုတ်ခြင်းလည်း မပြုကြ။ ဇနီးမီးဖွား စဉ်တွင် မြေကူးခြင်း၊ အသုဘအိမ်မှကျွေးသော အစားအစာ ပဲပုပ်များကို ရှောင်ကြဉ်ရသည်။ မိမိတို့မွေးဖွားမည့် ရင်သွေး အတွက် ကလေးများ မျောက်တစ်ကောင်လို မဆော့စေရန် အတွက် မျောက်သားကိုလည်း မစားသုံးကြ။ ကလေး မကြာခဏ လျှာထုတ်မပြစေရန် မြွေသားကိုလည်း ရှောင် ကြဉ်ကြသည်။

ဤသို့ရှောင်ကြဉ်ရန် အရာများကို ကရင်ဘာသာ၊ ဝိုး စကောကရင်ဘာသာ တာရူဟုလည်း ခေါ်ကြသည်။ ကရင်တိုင်းရင်းသားတို့၏ နေအိမ်တွင် မည်သူမျှ ဖိနပ် မစီးရ။ လေမချွန်ရ။ တံပိုးပလွေ မမှုတ်ရ။ လက်ပမ်းပေါက် မခတ်ရ။ ဖိနပ်ကို အိမ်၏ပြင်ပ မြေပေါ်တွင် နင်းခြေ အိမ်ပေါ်သို့ ဖိနပ်မစီးနင်းစေရန် သတ်မှတ်ထားသည်။ ထော ချွန်ခြင်း၊ တံပိုးမှုတ်ခြင်းက အိမ်တွင် လာဘ်ပိတ်စေသည့် အယူအဆ ဖြစ်သည်။ ပေါ့ပေါ့တန်တန် တလေးတစား အလုပ်မလုပ်သည့်သဘောလည်း သက်ရောက်သည်။ လက် ပမ်းပေါက်ခြင်းသည် ရန်လိုခြင်း၊ ရန်စခြင်း အဓိပ္ပာယ် ဆောင်နေတတ်သည်။

သတ်မှတ်သောနေရာမဟုတ်ဘဲ မည်သူမဆို အိမ်တွင် ကျင်ကြီး,ကျင်ငယ် မစွန့်ရ။ ဧည့်သည်ရော အိမ်ရှင်ပါ အိမ်ပေါ်တွင် မငိုရ။ အချင်းချင်း ရန်မဖြစ်ရ။ ဧည့်သည် လာလျှင် အိမ်တိုင်ကို မထိုးကြိတ်ရ။ အချို့တိုင်းရင်းသား များတွင် အိမ်၏ တံစက်မြိတ်၌ သေးမပေါက်ရ။ တံစက် မြိတ်သည် အိမ်၏ဧရိယာကိုဖော်ပြသည့် အမှတ်အသား အိမ်တစ်အိမ်အား ခဲဖြင့် မပစ်ပေါက်ရ။ သူတစ်ပါးအိမ်တွင် အရက်ယူဆောင်မလာရ။ အိမ်ရှိ မိန်းမငယ်သည် မိမိ၏ အိမ်သို့ရောက်မှ ဆံထုံးကို ဖြေရသည်။ လမ်းခရီးတွင် ဆံထုံးပြေ၍ ဆံပင်ဖားလျားချ၍ မနေရ။

အိမ်တစ်အိမ်၏ စည်းကမ်းသည် အရေးပါလှသည်။ အချို့တိုင်းရင်းသားအိမ်များက ခြေတံရှည်၍ အိမ်ခြေခြင် ကြသည်။ အိမ်ပေါ်တက်ရာ၌ တက်သည့်လှေကားမှာ မတ် တတ်မြင့်မားတတ်သည်။ မြင့်သောလှေကားကို ပြေပြေပြစ် ပြစ်အဆင်ပြေအောင် တပ်ဆင်ထားကြသည်။ အိမ်ပေါ်သို့ တက်ရာတွင် လှေကားထစ်ကို မှန်မှန်နင်း၍ တက်ရသည်။ လှေကားထစ်ကျော်ခွ၍တက်ပါက အိမ်ရှင်အား စော်ကား ဘိသကဲ့သို့ ဖြစ်စေသည်။ ပြန်ဆင်းသည့်အခါလည်း လှေ ကားထစ် မှန်မှန်နင်းရသည်။ လှေကားအတက်တွင် လှေ ကားထစ် ပဲ့ကျိုးပါက အိမ်ရှင်၏တာဝန်၊ ပေးလျော်ခြင်း အရှော်(အလျော်)ပေးရသည်။ လှေကားထစ်အတိုင်း ခြေ

www.burmeseclassic.com

www.burmeseclassic.com

ဆင်းလာစဉ် လေ့ကားထစ် ကျိုးပဲ့ပါက ဧည့်သည်၏ တာဝန်၊ ပေးလျော်ရန် အရှော်(အလျော်)ပြန်ပေးရသည်။

အိမ်ပေါ်တွင် ဧည့်သည်သည် အိမ်ကို ကျောခိုင်း၍ ထိုင်ရ။ အိမ်ကြမ်းပြင်ပေါ်တွင် ညှင်ညှင်သာသာ လျှောက်လှမ်းရသည်။ အိမ်ကြမ်းပြင် အသံမြည်အောင် မလျှောက်လှမ်းရ။ အိမ်ပေါ်တွင် မင်္ဂလာမဆောင်ရသေးသော အပျိုလူပျိုတို့ လူမှုရေးစည်းကမ်းပျက်၍ မကျူးလွန်ရ။ သည်စည်းကမ်းကို လိုက်နာကြရသည်။ အိမ်ဦးခန်း သတ်မှတ်ရာတွင် လင်စုံမယားဖက် ညအိပ်နေထိုင်ခြင်း မပြုရ။ ဤသို့ကျူးလွန်ခဲ့ပါက အိမ်ကို ထိခိုက်တတ်သည်။

လူသေအလောင်းကို သယ်ဆောင်ရာ၌ အိမ်တစ်အိမ်ကို သွားရောက်မထိခိုက်စေရန် ဆင်ခြင်ကြသည်။ အိမ်ကို ခဲဖြင့် ပစ်ပေါက်ခြင်းမျိုးကိုလည်း မနှစ်သက်။ နွားလှည်း၊ မြင်းလှည်းများဖြင့် အိမ်နှင့် ခြံစည်းရိုးကို မတော်တဆ အဖြစ်နှင့်ပင် မတိုက်မိစေရ၊ အိမ်ကို ထိခိုက်တတ်သည်ဟု ယုံကြည်ကြသည်။

အချို့တိုင်းရင်းသားအိမ်များတွင် ဧည့်သည်မဝင်ရသည့်နေရာ သတ်မှတ်ထားသည်။ အိမ်ရှင်ယောကျ်ားများ ခွင့်ပြုသည့်အခါတွင် မည်သည့်ယောကျ်ားစည်သည်မျှ အိမ်တွင် မတည်းခိုရ။ အိမ်ပြင်ရိုးရာနတ် ကိုးကွယ်သည့်နေရာတော်ဝန်းကျင်သို့ မည်သည့်စည်သည်မျှ မသွားရောက်ရ။ နွားလိပ်နတ်ကိုးကွယ်သည့် နေရာသို့လည်း ဧည့်သည်မလာရ။ ဧည့်သည်,သည် အိမ်ရှင်ကျေနပ်သည်အထိ ဆင်ခြင်နေထိုင်ရသည်။

တိုင်းရင်းသားအိမ်များ ဆောက်တည်ရာတွင် သစ်များကို ရွေးချယ်ပြရသည်။ အရပ်၏ဧရပ်များကို သုံးထားသည့် တိုင်များကို မသုံးရပါ။ တံတားတိုင်အဖြစ် သုံးထားသည့် တိုင်များကို ပြန်မသုံးရပါ။ ဓလေ့အခေါ် သစ်နွယ်လိပ်၊ နီခဲ့လောက်ပုံစံသစ်၊ သစ်ညှောင်များ မသုံးရ။ ချောင်းတံတားများအဖြစ် ခင်းထားသောသစ်ကို ပြန်မသုံးရ။ အိမ်အတွက် ထိခိုက်မည့်သစ်များ ဆင်ခြင်ရသည်။

အိမ်ဆောက်သစ်များနှင့်ပတ်သက်၍ တိုင်းရင်းသားလူမျိုးမှာလည်း ကျယ်ကျယ်ပြန့်ပြန့် လေ့လာကြသည်။ အိမ်ဆောက်ရာတွင် ရှောင်ရှားရသော သစ်များအကြောင်းကို လက်ဘြင့် ရေးစပ်ထားသည်။

မိချောင်းမအူ၊ သခွတ်ဟူသား၊ ညောင်ရှစ်ရှား(သျှစ်ရွက်)နှင့်၊ ဆီးသားသပြေ၊ သစ်ဆိမ့်ရေလျက်၊ တတွေကလော၊ ကြီးမောကိုင်းလဲ၊ လက်ပံလဲ့ဝါ၊ ဆယ့်တစ်ဖြာကို အိမ်ပါတစ်ရပ် မဆောင်အပ်..ဟူ၍လည်းကောင်း မှတ်သားရရှိသည်။

မသုံးစွဲအပ်သော သစ်ရှစ်မျိုးကိုလည်း ကဗျာစပ်ဆိုထားပြန်သည်။

ခုတ်ကာတွဲလဲ၊ ပေါ်မှာဆွဲ၊ ဆွဲချသစ်ဟုမှတ်။ (လူသေတတ်သည်)

ထက်ကြီးအောင်ရှူး၊ သုံးဆောင်ငြား၊ ဘီလူးသစ်ဟုမှတ်။ (အိမ်ရှင်လင်မယား သေအံ့)

လမ်းကိုလွန်ကျူး ချောင်းကိုကူး၊ လမ်းချောင်းကူးဟုမှတ်။ (ရန်ငါးမျိုး ကြုံတွေ့ရသည်)

ခုတ်ကြီးပေါ်တွင် နေခဲ့လျှင် သူကောင်တင်ဟုမှတ်။ (မသာချတတ်သည်)၊

ကိုင်းခတ်ပေါ်တင်၊ ကြိတ်ခဲ့လျှင်၊ မည်တွင် သစ်မျောက်မှတ်။ (အိမ်ပေါ်မှ လိမ့်ကျတတ်သည်)

အလယ်ကပူ၊ ထိုသစ်မူ၊ ခေါ်ယူနပုံးမှတ်။ (ဘေးကြုံရတတ်သည်)

နွယ်ပတ်တက်သွား၊ ထိုသစ်များ နဂါးဟူ၍မှတ်။ (မီးနှင့် ရန်များ တွေ့ကြုံရသည်)

ရင်းဖျားသွယ်လစ်၊ တံစို့သစ်၊ စွန့်ပစ်ဖယ်ရှားအပ်။ (ဘေးဥပဒ် များပြားလွန်းသည်)

ဤဆောင်းပါးပါ အချက်အလက်များသည် မြန်မာတိုင်းရင်းသားများ၏ ယုံကြည်မှုသက်သက်သာဖြစ်သည်။ ယုံကြည်သည့်အတိုင်း ဖြစ်မလာဘူးဟူ၍လည်း မဆိုနိုင်။ တိုင်းရင်းသားများ၏ ကိုယ်တွေ့များအရ အကျိုးဖြစ်ရခြင်း၊ အကျိုးပျက်ရခြင်းများ ကြုံတွေ့ရသည်။

အချို့အချက်များသည် ယုတ္တိဗေဒ မဆန်သော်လည်း အချို့ ရှောင်ကြဉ်ရန် အချက်များက လူမှုယဉ်ကျေးမှုအရ အထူးလိုအပ်နေသည်။

သို့ဖြစ်၍ တိုင်းရင်းသားများ သတိထား၍ ဆောင်ယူနေကြသော ရှောင်ကြဉ်ဖွယ်အချက်များကို စုစည်းတင်ပြလိုက်ရပါသည်။

ရန်နိုင်

ကျမ်းကိုးစာရင်း

* တိုင်းရင်းသားတို့၏ တူညီသော ရိုးရာဓလေ့ထုံးစံများ၊ ပါတီဌာနချုပ်။
* မြန်မာ့ရိုးရာအိမ် [မောင်ယဉ်လှိုင်း(ပျဉ်းမမြို့)]။

www.burmeseclassic.com

www.burmeseclassic.com

အသည်း၊ သည်းခြေအိတ် အဆီပ်ဓာတ်ထုတ်ခြင်းအတွက် စားသောက်ရန်ပုံစံ

နံနက် အိပ်ရာထ

နံနက်(၇း၀၀)နာရီ ရောသန့်တစ်ခွက် သောက်ပေးပါ။ (ပေါင်းခံရေ သောက်နိုင်လျှင် အကောင်းဆုံးဖြစ်သည်။)

နံနက်(၇း၁၅)နာရီ သံပရာရည်ကဲ့သို့သော အချဉ်သီးတစ်ခုခုမှရသော အရည်တစ်ခွက် သောက်ပေးရန်ဖြစ်သည်။ (ယခုခေတ်တွင် စီးတီးမတ်ကဲ့သို့သော ကုန်တိုက်ကြီးများတွင် ပြုပြင်မထားသော အော်ဂဲနစ်သဘာဝ သံပရာဂရိတ် ဖရုသ်ရည်များ ဝယ်ယူရရှိနိုင်၏။)

အောက်ဖော်ပြပါ နည်းအတိုင်း မိမိကိုယ်တိုင် ပြုလုပ် သောက်သုံးနိုင်လျှင် အသင့်လျော်ဆုံး ဖြစ်၏။

အချဉ်သီးရည် ပြုလုပ်ပုံ

* ရောသန့်သန့် (၁)ခွက်။
* သံပရာသီး (သို့မဟုတ်) သံပရိသီး (၁)လုံး အရည်။
* တစ်လက်မအရွယ်ရှိ ချင်းကို ပါးပါးလွှာ ပေးထားခြင်း။
* ကြက်သွန်ဖြူ(၁)မြွှာမှ (၅)မြွှာထိ။
  [ပထမဆုံးရက်တွင် (၁)မြွှာ၊ ဒုတိယရက်တွင် (၂)မြွှာ၊ တတိယရက်တွင် (၃)မြွှာ၊ စတုတ္ထရက်တွင် (၄)မြွှာ၊ ပဉ္စမရက်တွင် (၅)မြွှာ..စသည်ဖြင့် အသုံးပြုသွားရမည်။]
* အအေးခံနည်းဖြင့် ထုတ်လုပ်ထားသော သံလွင်ဆီ (extra-virgin, cold pressed olive oil) စားပွဲတင်ဇွန်းဖြင့် (၁)ဇွန်းမှ (၅)ဇွန်း။
  [ပထမဆုံးရက်တွင် (၁)ဇွန်း၊ ဒုတိယရက်တွင် (၂)ဇွန်း..စသည်ဖြင့် (၅)ရက်ထိ နေ့စဉ် (၁)ဇွန်းစီ တိုး၍ ထည့်သွားရမည်။]
* အုန်းဆီ(coconut oil) (မသုံးကလည်း ရ၏။)
* ရေခဲတုံးငယ်(ice cube) (၂)တုံးမှ (၄)တုံး။ (မသုံးထားလည်း ရ၏။)

အထက်ပါ ပါဝင်ပစ္စည်းများကို ဖျော်ရည်မွှေစက် (blender) တွင် ထည့်၍ မြန်နှုန်းမြင့်မြင့်ဖြင့် တစ်မိနစ်မှ (သို့မဟုတ်) အားလုံး သမစွာ ရောနှောသွားသည်အထိ မွှေပေးပါ။ ယင်းက သင့်အသည်းအား နှိုးကြားစေပြီး အဆီပ်ဓာတ်များ စတင်ထုတ်ပစ်စေလိမ့်မည်။

နံနက်စာ (Breakfast)

နံနက်(၈း၀၀)နာရီ

* မုန်လာဥနီလုံး(beet) နှင့် သခွားသီး သန့်စင်ထားတေးလ်။
  (က) သခွားသီးတစ်လုံး အခွံခွာထားပါ။
  (ခ) မုန်လာဥဝါ (၃)လုံး ထိပ်ခေါင်းဖြတ်၍ အခွံများ သင်ထားပေးပါ။
  (ဂ) မုန်လာဥနီလုံး(beet) အပေါ်ခွံများ သင်ထားပေးပါ။
  (ဃ) တရုတ်နံနံ ရိုးတံ(၂)ပင်။
  (င) တရုတ်နံနံရွက် လက်တစ်ဆုပ်စာ။
  (စ) ချင်း(၂)လက်မခန့် အပေါ်ခွံများ သင်ပြီး ပါးလှီးထားပေးပါ။
  (ဆ) သံပရာသီး တစ်ခြမ်း။

ယင်းတို့ကို သေးသေးပိုင်းစိတ်ပြီး ဖျော်ရည်မွှေစက်ထဲ ထည့်ကာ သမအောင် မြန်နှုန်းမြင့်မြင့်ဖြင့် ရောပေးပြီး သောက်သုံးပေးရမည်။

* မုန်လာဥနီလုံး(beet) သီးရွက်သုပ် စားပေးပါ။ ထို့မှာ အသည်း၏ အဆီပ်ဓာတ် ပြေစေခြင်းအတွက် အကောင်းမွန်လှ၏။ အသည်းကို ထောက်ပံ့ပေး၏၊ တစ်

www.burmeseclassic.com

www.burmeseclassic.com

ဆုံး စားပေးနိုင်၏။

မုန်လာဥနီ သီးရွက်သုပ်

- သံလွင်ဆီ(extra-virgin cold pressed olive oil) စားပွဲတင်ဇွန်း(၂)ဇွန်း။
- သံပရာသီး တစ်ခြမ်း၏ အရည်။
- မုန်လာဥနီ(beet) မွှေစက်ဖြင့် ရောမွှေထားခြင်း (၁)ခွက်

အထက်ပါတို့ကို ခွက်တွင် ထည့်ကာ မွှေတံဖြင့် သမအောင် ခေါက်ပေး၊ မွှေပေးပါ။

ယင်းသို့ မွှေပေးပြီးနောက် နေ့စဉ် (၂)နာရီ (သို့မဟုတ်) (၃)နာရီ ခြား၍ လက်ဖက်စားဇွန်း(၂)ဇွန်းခန့် စားပေးပါ။ အသည်းအတွက် အကျိုးထူးစေလျှင် ကြိုးစားပြီး စားပေးပါ။ ကျင်ကြီးစွန့်စဉ် (သို့မဟုတ်) ဆီးသွားစဉ် အခါရောင် တွေ့ရပါက မလန့်၊ မကြောက်ပါနှင့်။

- **ဖြည့်စွက်စာ** - ဆူးပန်းလုံးဆေးတောင့်(milkthistle capsule) ကို (၂)တောင့်ထိ သောက်သုံးပေးပါ။

နံနက်(၁၀း၀၀)နာရီ

သည်းခြေအိတ် သန့်စင်စေသောကော့တေးလ် သောက်ပေးပါ။

သည်းခြေအိတ်သန့် ကော့တေးလ်

- တရုတ်နံနံရွက် လက်တစ်ဆုပ်။
- မုန်လာဥဝါ အလတ်စား (၁)လုံး။ (အပေါ်ခွံများ သင်ပေးထားပြီး ထိပ်၊ ဖင် ဖြတ်ပေးထားပါ။)
- တရုတ်နံနံ (၂)ပင် (ရိုးတံပါ) ကောင်းစွာဆေး၍ ဖင်ပိုင်း တိပေးထားပါ။
- အခွံခွာထားသော သံပရာသီး တစ်ခြမ်း။

တရုတ်နံနံ(၂)ပင်ကို ကောင်းစွာချည်ထုံးပေးထား၍ ဆွဲချည်ထုတ်စင်(juicer) ၏ ခေါင်းတံရှည်ထဲသို့ ထည့်ပေးပါ။ ကျန်ပစ္စည်းများ ထည့်၍ အရည်(juice) ထုတ်ယူပါ။ ထို့နောက် ထောပတ်သီး တစ်လုံး၏ အနှစ်ဖြင့် ရောရှေ့ကော်(blender) တွင် ထည့်မွှေပေးပါ။ ယင်းတွင် အာဘာရာတ် ပြည့်ဝလှ၏။ ယင်းဖျော်ရည်ပျစ်ကို ရေခဲဆတ္တာတွင်း အဖုံးအအုပ်ဖြင့် ထား၍ သိမ်းထားကာ သောက်သုံးပေးနိုင်၏။

နေ့လည်(၁၀း၃၀)နာရီ

- ရေ(၈)အောင်စ (တစ်ဖန်ခွက်)တွင် သံပရာသီး တစ်စိတ် ညှစ်ထည့်၍ သောက်သုံးပေးပါ။
- အထက်ဖော်ပြပါ မုန်လာဥနီလုံး ဟင်းသီးဟင်းရွက်သုပ် လက်ဖက်စားဇွန်း(၂)ဇွန်း စားပေးပါ။

နံနက်(၁၁း၃၀)နာရီ

ချင်းတီး(ginger tea) (သို့မဟုတ်) ဈေးကွက်တွင် ဝယ်ယူရရှိနိုင်သော အဆိပ်ထုတ်တီး(detox tea) တစ်ခွက် သောက်သုံးပေးပါ။

နေ့လယ်စာ (Lunch)

(၁၂း၀၀)နာရီ (နေ့လယ်)

- နောက်ပိုင်းတွင် ဖော်ပြမည့် ဖျော်ရည်အုပ်စုမှ အဆင်ပြေရာတစ်ခု သောက်ပေးပါ။
- ဆာလောင်ဆဲဖြစ်ပါက ဟင်းရွက်သုပ် တစ်ခုခု (သို့မဟုတ်) ဟင်းသီးဟင်းရွက် တစ်ခုခု (ဥပမာ-မုန်လာဥ) စားပေးနိုင်သည်။
- **ဖြည့်စွက်စာ** - ဆူးပန်းလုံးဆေးတောင့် (၂)တောင့် သောက်သုံးပေးပါ။

မွန်းလွဲ(၁း၁၅)နာရီ

- မုန်လာဥနီလုံး သီးရွက်သုပ် လက်ဖက်စားဇွန်း(၂)ဇွန်း စားပေးပါ။

မွန်းလွဲ (၃း၀၀)နာရီ

- အစိမ်းရောင် ဟင်းသီးဟင်းရွက်များ (ဥပမာ-သခွားသီး၊ တရုတ်နံနံ၊ ကိုက်လန်း..စသည်တို့ကို) အရည် (juice) ထုတ်၍ သံပရာသီတစ်လုံး အရည်ညှစ်ထည့်ကာ သောက်ပေးနိုင်၏။ ချင်းအနည်းငယ်ကို အနံ့

www.burmeseclassic.com

www.burmeseclassic.com

အတွက် ဖြည့်ပေးနိုင်၏။

* မုန်လာဥနီလုံးသုပ်ကို လက်ဖက်စားဇွန်း(၂)ဇွန်းမျှ စားပေးပါ။

ညနေ (၄း၃၀)နာရီ

* ရေ(၈)အောင်စ (တစ်ဖန်ခွက်) (သို့မဟုတ်) သံပရာသီး တစ်စိတ်ကို ဆေးဖက်ဝင်တီး တစ်ခုခုထဲ ညှစ်ထည့်၍ သောက်ပေးပါ။
* မုန်လာဥနီလုံးသုပ် လက်ဖက်စားဇွန်း(၂)ဇွန်း စားပေးပါ။

ညစာ(Dinner)

ညနေ(၆း၀၀)နာရီ

* မုန်လာဥဝါနှင့် သံပရာ၊ သံလွင်ဆီ ဟင်းရွက်သုပ် (နောက်ပိုင်းတွင် ဖော်ပြပေးပါမည်)။
* ပိုတက်စီယမ် ကြွယ်ဝသော ဟင်းရွက်ပြုတ်တစ်ခွက် (နောက်ပိုင်းတွင် ဖော်ပြပေးပါမည်)။
* ဟင်းရွက်စုံသုပ် (သို့မဟုတ်) ဟင်းရွက်စုံ မွှေထားသော ဖျော်ရည်ပျစ်၊ အသည်းကို အထောက်အပံ့ဖြစ်စေရန် ဆူးလေ(artichoke) ကို သံလွင်ဆီ၊ သံပရာရည်တို့ဖြင့် သုပ်စားနိုင်၏။
* **ဖြည့်စွက်စာ** - ဆူပန်းလုံးဆေးတောင့် (သို့မဟုတ်) အခြား အသည်းသန့်စေသော ဆေးတောင့်(၂)တောင့်

ည(၇း၁၅)နာရီ

* မုန်လာဥနီလုံးသုပ် လက်ဖက်စားဇွန်း(၂)ဇွန်း။

ည (၈း၃၀)နာရီ

* Chamomile Tea (ကုန်တိုက်ကြီးများတွင် ရနိုင်သည့် (သို့မဟုတ်) ပင်စိမ်းရွက် ရေနွေးစိမ်ရည်(peppermint tea)။

စားသောက်ရန် ပုံစံကွဲ(၂)

ရင်းမြစ်လမ်းညွှန်(Resources Guide) တွင် ပါသော အရာများကို အဆင်ပြေသလို အသုံးချရန် ဖြစ်သည်။

နံနက် အိပ်ရာထ

နံနက်(၇း၀၀)နာရီ

ရေသန့်သန့်တစ်ခွက် သောက်ပေးပါ။

နံနက်(၇း၁၅)နာရီ

အချဉ်သီး ရောမွှေရည် သောက်ပေးပါ။ (ရှေ့တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။)

နံနက်(၇း၃၀)နာရီ

အဆိပ်ထုတ်တီး (၂)ခွက်နှင့် အသည်း၊ သည်းခြေ အိတ် ဆေးဖက်ဝင် အပင်များဆိုင်ရာ ဖော်မြူလာတစ်ခု (နောက်ပိုင်းတွင် ဖော်ပြပေးပါမည်) တွဲ၍သုံးဆောင်ပေးပါ

www.burmeseclassic.com

www.burmeseclassic.com

မနက်စာ

မနက်(၈း၃၀)နာရီ

- မုန့်လာဥနီလုံး၊ သခွားသီး သန့်စင်ကော့တေးလ် (ရေတွင် ဖော်ပြခဲ့ပြီး) (သို့မဟုတ်)
- သည်းခြေအိတ် သန့်စင်ကော့တေးလ် (ရေတွင် ဖော်ပြခဲ့ပြီး)။
- သုံးလိုက သုံးရန် - ဟင်းရွက်စိမ်းစုံ အမှုန့်ပြုလုပ်ထည့်သုံးရန် ဖြစ်သည်။
(ရင်းမြစ်လမ်းညွှန်တွင် ဖော်ပြပေးပါမည်။)

မနက်နှောင်းစာ

(မနက်နှင့် နေ့လယ်ကြား)

- အဆိပ်ထုတ်တီး (၂)ခွက် သောက်ရန်။
- အသည်း၊ သည်းခြေအိတ် ဆေးပင်များ ဖော်ဖြူလာတစ်ခုခုကို သုံးရန်။ (နောက်ပိုင်းတွင် ဖော်ပြပေးပါမည်။)

နေ့လယ်စာ (Lunch)

နေ့(၁၂း၀၀)နာရီ

- နေ့(၁)နှင့် နေ့(၅) - ဟင်းရွက်စုံသုပ်၊ ဟင်းရွက်စုံချက် (သို့မဟုတ်) ရေနွေးဖျော်ဟင်းရွက်များ [ဥပမာ-ကော်ဖီပန်းအစိမ်းရောင် (broccoli)]၊ ချက်ထားသောဆူးလေး (သို့မဟုတ်) ဟင်းရွက်စိမ်းပြုတ်ရည်။ ဟင်းရွက်သုပ်ရာတွင် သံလွင်ဆီ၊ သံပရာရည်၊ ထောပတ်သီး၊ ကြက်သွန်ဖြူ၊ အပ်ထဲမှ နှစ်သက်ရာ ဆေးဖက်ဝင်အရွက်များ ထည့်၍ သုံးရမည်။
- နေ့(၂)မှ (၄)ထိ - ဟင်းရွက်စိမ်း၊ ဖျော်ရည်ပျစ်တစ်ခုခု (သို့မဟုတ်) ဟင်းရွက်စိမ်းပြုတ်ရည် တစ်ခုခု။ ဟင်းနေ့များတွင် အစာမာအချို့ (solid foods) တွဲဖက် စားသုံးနိုင်၏။

နေ့နှောင်းစာ

(ညနေ ၃း၀၀-၄း၀၀ နာရီခန့်)

- အဆိပ်ထုတ်တီး (၂)ခွက်။
- အသည်း၊ သည်းခြေအိတ် အဆိပ်ထုတ်နည်း ဖော်မြူလာတစ်ခု ကျင့်သုံးရန်။

ညစာ (Dinner)

ည(၆း၀၀)နာရီ

- နေ့(၁)နှင့် (၅) - ဟင်းရွက်စုံသုပ်၊ ဟင်းရွက်စုံပြုတ်၊ ဂေါ်ဖီပန်းအစိမ်းရောင် ရေနွေးဖျော၊ ဟင်းရွက်စုံရည်များ၊ ဖျော်ရည်ပျစ်များ အဆင်ပြေသလို စားသုံးနိုင်၏။ ဟင်းရွက်သုပ်အတွက် သံပရာရည်၊ သံလွင်ဆီ၊ ထောပတ်သီး၊ ကြက်သွန်ဖြူ။ အစပ်တစ်ခုခု (spices)။ ဆေးဖက်ဝင်အရွက်များ (herbs) အသုံးပြုရမည်။
- * နေ့(၂)မှ (၄)ထိ - ဟင်းရွက်စုံအရည်၊ ဟင်းရွက်စုံဖျော်ရည်ပျစ်၊ ဟင်းရွက်စိမ်း စွပ်ပြုတ် (နောက်ပိုင်းတွင် ဖော်ပြပေးပါမည်)၊ (သို့မဟုတ်) ပိုတက်စီယမ် ကြွယ်ဝသော ဟင်းရွက်ပြုတ်။ ယင်းရက်များတွင် အစာမာ (solid foods) များ လုံးဝရှောင်ရမည်။

အသည်း၊ သည်းခြေအိတ် အဆိပ်ဓာတ်ထုတ်ခြင်း အစီအစဉ် အနှစ်ချုပ်

- * ရေ၊ ဟင်းသီးဟင်းရွက်ရည်၊ ဆေးဖက်ဝင်တီး (herbale tea) များကြောင့် အရည်ဓာတ်များ ပို၍၍ အဆိပ်ဓာတ်များ ခန္ဓာကိုယ်ပြင်ပသို့ ထွက်စေရန် အထောက်အကူဖြစ်စေသည်။
- * အဆိပ်ဓာတ်ထုတ်ခြင်း စားသောက်ပုံစံစနစ် နှစ်ခုမှ တစ်ခုကို အသုံးပြုရမည်။
- * နံနက်တိုင်း အချဉ်သီးရည်၊ ဖျော်ရည်ပျစ်ကို သောက်သုံးပေးရမည်။
- * အသည်း၏ မိတ်ဖက်စားစရာများကိုသာ စားသုံး၍ ရန်ဘက်စားစရာများကို ရှောင်ထားရမည်။ (ရှေ့တွင် ဖော်ပြခဲ့ပြီး ဖြစ်၏။)
- * တိရစ္ဆာန်ထွက် စားစရာများ ရှောင်ထားရမည်။
- * စားသောက်ပုံ(၂)ကို ကျင့်သုံးပါက အသည်းသန့်စေသော ဆေးဖက်ဝင်အပင်များ ဖော်မြူလာတစ်ခုခု တွဲ၍ အသုံးပြုရမည်။
- * အေးရိုးဗစ်လေ့ကျင့်ခန်း တွဲဖက်ကျင့်သုံးပေးပါက ချွေးထွက်ခြင်း၊ နှလုံးခုန်မြန်ခြင်းကို တိုးစေပါမည်။
- * ချွေးထုတ်ခြင်း (saunas) (သို့မဟုတ်) ရေနွေးချိုးခြင်းကို အဆိပ်ဓာတ်ထုတ်စဉ် တွဲဖက်ကျင့်သုံးပေးခြင်းဖြင့် ချွေးထွက်စေပါမည်။

အသည်း၊ သည်းခြေအိတ် အဆိပ်ဓာတ်ထုတ်ခြင်း အစီအစဉ် တစ်ကြိမ်ပြီးပါက ကျောက်ကပ်သန့်စင်ခြင်းကို ဆက်လက်ပြုလုပ်သင့်သည်။

ဟိန်း(ဘွဲ့မဲ)

www.burmeseclassic.com

လုပ်သမျှ အရာထင်လာခဲ့သူ

သုခစုစံ(ကျိုက်လတ်)

အတူဆင်နွှဲ ပင့်ဆောင်ပွဲ

ကျိုက်လတ်မြို့၊ အမှတ်(၅)ရပ်ကွက်ရှိ သိဒ္ဓိအောင် ဆုတောင်းပြည့် မီးကင်းဘုရားကြီးတွင် သီတင်းသုံးနေတော်မူသော ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ ရုပ်တုတော်သည် (၁၃ဖင့်)ခုနှစ်၊ တပို့တွဲလဆန်း (၁၁)ရက် ဗုဒ္ဓဟူးနေ့တွင် ကျိုက်လတ်မြေသို့ စတင်ကြွရောက်လာခဲ့ခြင်း ဖြစ်ပါသည်။

ထိုနေ့ ညနေစောင်းက ဆရာတော်ကြီး၏ရုပ်တုတော် မြို့တွင်းသို့ လှည့်လည်အပူဇော်ခံရာတွင် မြို့သူမြို့သားတို့သည် အုံးအုံးကျက်ကျက် သောင်းသောင်းဖြဖြဖြင့် ကြည်ညိုပူဇော် ကန်တော့ကြကာ ကြိုဆိုကြပါသည်။

ထိုရွှေပေါ်ကျွန်းဆရာတော်ကြီး၏ ရုပ်တုတော်ကို သွားရောက်ပင့်ဆောင်ရာတွင် ကျွန်ုပ်တို့ မြို့မှ ကား(၃)စီးဖြင့် သန်လျင်မြို့ရှိ ရွှေပေါ်ကျွန်းစခန်းခွဲသို့ သွားရောက်ကာ ပင့်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။ ကျိုက်လတ်မြို့မှ ည(၈)နာရီကျော်တွင် ကားများ စတင်ထွက်ပြီး မအူပင်တွင် ခရီးတစ်ထောက် နားပါသည်။ ပြီးမှ ဆက်လက်ထွက်ခွာခဲ့ကြရာ သန်လျင်စခန်းခွဲသို့ ည(၂)ချက်ထိုးတွင် ရောက်ရှိပါသည်။ စခန်းခွဲမှ ဦးပဉ္စင်းလေးက ဆီးကြိုကာ ပင့်ဆောင်ရေးအဖွဲ့ သားများအား နေရာထိုင်ခင်းများ ပေးပါသည်။

နောက်တစ်နေ့ နံနက်(၉)နာရီဝန်းကျင်တွင် သန်လျင် ရွှေပေါ်ကျွန်းစခန်းခွဲမှ ဆရာတော်ကြီး၏ ရုပ်တုတော်ကို စတင်ပင့်ဆောင်လာခဲ့ရာ မအူပင်မြို့တွင် တစ်ထောက်နားပြီး ကျိုက်လတ်သို့ ညနေ(၄)နာရီကျော်တွင် ရောက်ရှိပါသည်။

ထိုပင့်ဆောင်ရေးခရီးစဉ်တွင် ကျွန်ုပ်သည် အစမှအဆုံး ပါဝင်ခဲ့ပါသည်။ ထိုခရီးစဉ်တွင် တစ်ရပ်ကွက်တည်း အတူနေ ကိုသောင်းထွန်းနှင့် ကားတစ်စီးတည်း အတူစီးရ လမ်းတွင် ကျွန်ုပ်တို့နှစ်ဦး ခင်မင်သွားပါသည်။ ကိုသောင်းထွန်းက ကျွန်ုပ်ထက် အသက်အနည်းငယ်ကြီးကာ ရွှေကျွန်းဆရာတော်ကြီးကို အလွန်ကြည်ညိုသူဖြစ်သည်။ သည် အသားဖြူဖြူ ပိန်ပိန်သွယ်သွယ် ရည်ရည်မွန်မွန် ခင်မင်ဖို့ကောင်းကာ အလုပ်အကိုင်မှာ ဆိုက်ကားနင်း သည်။ ပင့်ဆောင်ရေး ခရီးစဉ်တစ်လျှောက်တွင် ကျွန်ုပ် နှစ်ဦးသည် မခိုမကပ် တက်တက်ကြွကြွဖြင့် ကျရာတာ ကို ကြည်ကြည်ဖြူဖြူ အတူတူထမ်းဆောင်ခဲ့ကြပါသည်

အချိန်အားဖြင့် ဆယ်စုနှစ်တစ်စု ကျော်သွားပြီ သည်။ ထိုစဉ်က အသက်(၃၀)ကျော်သာရှိသော ဆိုက် ဆရာလေး ကိုသောင်းထွန်း၏ ဘဝသည်လည်း အ ကာလ ယန္တရားကြီးနှင့်အတူ အံ့ဩဖွယ်ရာကောင်းလော အောင် များစွာပြောင်းလဲသွားခဲ့ပြီဖြစ်၏။ ယခုအချိန် ကိုသောင်းထွန်းတို့ မိသားစုသည် ကိုယ်ပိုင်တိုက်နှင့် နှင့် ခိုင်မာသော စီးပွားရေးများဖြင့် မယုံကြည်နိုင်လော အောင် ပြည့်စုံကြွယ်ဝ ချမ်းသာနေပြီ ဖြစ်၏။

ဆိုက်ကားဆရာ ဖျံလေး

ကိုသောင်းထွန်းက ရိုးသားကြိုးစားပြီး စိတ်ကော သူဖြစ်သည်။ ရပ်ရေးရွာရေး၊ သာရေးနာရေးတို့တွင် တက်ကြွကြွဖြင့် ရှေ့တန်းက ပါဝင်ကူညီဆောင်ရွက် တတ်သူဖြစ်သဖြင့် လူချစ်လူခင်လည်း အလွန်ပေါ သူတွင် ကိုယ်ပိုင်မိသားစုလေး ရှိလင့်ကစား သူ နှစ်ပါးကိုသာမက ယောကျ်ားမများကိုပင် လျစ်လျူရှု

www.burmeseclassic.com

www.burmeseclassic.com

ဘဲ တတ်စွမ်းသမျှ ကြည့်ရှုစောင့်ရှောက် ထောက်ပံ့ပေးနေသူ၊ အလွန်သိတတ်သော ဝတ္တရားကျေပွန်သူတစ်ဦး ဖြစ်သည်။ သူနှင်းနေသော (၈)လမ်းဆိုက်ကားဂိတ်မှ ဂိတ်မှူး အဘဦးကြဲဆက သူ့အား ဖျံလေးဟု စတင်နာမည်ပေးလိုက်ရာမှ ဆိုက်ကားဂိတ် တစ်ဂိတ်လုံးက သူ့ကို ဖျံလေးဟုပင် ခေါ်တွင်ကြလေတော့သည်။ အမှန်တကယ်တွင် သူသည် ဖျံကျသည် မဟုတ်၊ လာဘ်မြင်ခြင်းသာ ဖြစ်၏။

တခြားဆိုက်ကားဆရာတွေက ဆိုက်ကားပေါ်ထိုင်၊ ဝတ္ထုစာအုပ်ဖတ်သူကဖတ်၊ အိပ်သူကအိပ်၊ ငိုက်သူကငိုက်၊ ကျားထိုးသူက ကျားထိုးနေကြချိန်တွင် ကိုသောင်းထွန်း၏ မျက်လုံးများက ကျီးကန်းတောင်မှောက် ဟိုဟိုသည်သည် ခရီးသည်ကို မျှော်ကြည့်နေတတ်သည်။ ဆိုက်ကားငှားမည့် အလားအလာရှိလျှင် ဆိုက်ကားပေါ်မှ အလျင်အမြန် အပြေးတစ်ပိုင်း ဆင်းသွားပြီး သွားရောက်မေးမြန်းကာ ခရီးသည်ရရှိရေးတွင် လက်ဦးမှုကို အရယူတတ်သည်။ ထို့ကြောင့် ဂိတ်တဲတွင် သူ့ဆိုက်ကား အလိုက်ရဆုံး ဖြစ်သည်။ ထိုစဉ်က ကျိုက်လတ်မြို့ပေါ်တွင် ဟိုနေရာ သည်နေရာ သွားလာရာ၌ ဆိုက်ကားကိုသာ အားပြုနေရသော အချိန်အခါဖြစ်၏။ ကိုသောင်းထွန်း၏ လာဘ်မြင်မှု၊ အသောက်အစား၊ အဖျော်အပါး လောင်းကစား ကင်းမှုတို့ကြောင့် ဆိုက်ကားနှင့်၍ ရသော ဝင်ငွေဖြင့်ပင် ဇနီးဖြစ်သူကို ရွေတွဲလဲဖြစ်အောင် ဆင်နွှဲခဲ့သည်။

[ဖျံလေးဟု နာမည်ပေးခဲ့သော ဆိုက်ကားနင်းရာတွင် ထူးထူးခြားခြား သစ်သားခုံဖိနပ်ကြီးဖြင့် တောက်လျှောက် နင်းလာခဲ့သော ဂိတ်မှူးကြီး အဘဦးကြဲဆတစ်ယောက် လွန်ခဲ့သော(၃)နှစ်ကျော်က ကွယ်လွန်သွားခဲ့ပြီ ဖြစ်ပါသည်]

ဖျံလေး ကယ်ရီဆွဲပြီ

နောင်နှစ်အတော်ကြာသောအခါ ကျိုက်လတ်တွင် ဆိုင်ကယ်ကယ်ရီများ စတင်ပေါ်ပေါက်လာခဲ့သည်။ တောသူတောင်သား ရွာသူရွာသားများက မြို့ပေါ်တက် ဈေးဝယ်ခြမ်းအပြီး ကျေးရွာများသို့ ပြန်ကြရာတွင် ရေလမ်းခရီးက တစ်ကွေ့တစ်ပတ် တမေ့တမောကြီးဖြင့် အချိန်ကုန်လွန်းသောကြောင့် အချိန်တိုတိုဖြင့် ခရီးတွင်သော ဆိုင်ကယ်ကယ်ရီများကိုငှားကာ ရွာအပြန်ခရီး ငှားစီးကြလေသည်။ ထိုအချိန်တွင် အခါအခွင့်ကို မျက်ခြည်မပြတ် စောင့်မျှော်နေတတ်သော ကိုသောင်းထွန်းတစ်ယောက် လက်ရှိ ဆိုက်ကားကို အငှားချလိုက်ပြီး စုဆောင်းငွေများနှင့် လက်ဝတ်လက်စားတချို့ကို ထုခွဲ၍ ဆိုင်ကယ်အသစ် တစ်စီးကို မအူပင်မြို့မှ သွားဝယ်ကာ ဆိုင်ကယ်ကယ်ရီ ဆွဲတော့လေသည်။

ထိုအချိန်က ယခုကဲ့သို့ ကယ်ရီသမားများ ပေါချင်းသောချင်း အများအပြားမရှိသေးဘဲ လူအနည်းစုသာ ကယ်ရီဆွဲကြရာ ကယ်ရီသမားတို့သည် ဝင်ငွေမှာ အလွန်အလွန်ကောင်းကြလေသည်။ တစ်နေ့,တစ်နေ့ တစ်သောင်းကျော်ရသော နေ့များကိုပင် အံ့သြဝမ်းမြောက်စွာ မကြာ,မကြာ တွေ့ကြုံနေရတော့သည်။ ဤဆိုင်ကယ်,ကယ်ရီလုပ်ငန်းတွင်လည်း ကိုသောင်းထွန်းတစ်ယောက် အခွင့်ကောင်းအချိန် အခါကောင်းမိသွားပြီး စီးပွားဥစ္စာတို့သည် အံ့သြဖွယ်ရာ ကောင်းလောက်အောင် နေ့ချင်းညချင်း တစ်ရှိန်ထိုးတိုးတက်လာတော့သည်။ ထိုအခါ ဆိုင်ကယ်နောက်တစ်စီး ထပ်ဝယ်ကာ မိတ်ဆွေတစ်ဦးအား အငှားချထားလိုက်ပြန်သည်။ ဆိုင်ကယ်,ကယ်ရီဆွဲသည်မှာ (၃)နှစ်ပင် မပြည့်တတ်သေး ကိုသောင်းထွန်းသည် ဆိုင်ကယ်(၃)စီးတိတိကို ပိုင်ဆိုင်ခဲ့လေသည်။ ဝင်ငွေတို့မှာလည်း တိုးပြီးရင်း တိုးတိုးနေလေတော့သည်။

သုံးဘီးမှ လေးဘီး

နောင်နှစ်အတော်ကြာတွင် ကျိုက်လတ်၌ (၃)ဘီးဆိုင်ကယ်များ တစ်စီးစ၊ နှစ်စီးစ ခေတ်ထပေါပေါက်လာကြပြန်သည်။ ကိုသောင်းထွန်းတို့ကလည်း လာဘ်မြင်ပြီးသားဖြစ်သဖြင့် ဆိုင်ကယ်(၃)စီးကို အငှားချထားလိုက်ကာ (၃)ဘီးဆိုင်ကယ်တစ်စီးကို မအူပင်မြို့ တက်ဝယ်ပြီး ကျိုက်လတ်နှင့် ဖျာပုံကို လိုင်းပြေးလေသည်။ လုပ်ငန်းတို့၏ သဘာဝ စပေါပေါက်ခါစ လုပ်ခါစ (လူတကာ လိုက်မလုပ်သေးချိန်)တွင် အခွင့်ကောင်း အခါကောင်း မိတတ်ပြီး တစ်ဟုန်ထိုး အဆင်ပြေတတ်သည်ဖြစ်ရာ ကိုသောင်းထွန်းတစ်ယောက် ခွင်ကောင်းမိပြီး စီးပွားဥစ္စာတို့သည် ဒီရေအလားပင် တစ်ရှိန်ထိုး တိုးတက်လာပါတော့သည်။

ဤသို့ဖြင့် နှစ်သိပ်မကြာမီတွင် (၃)ဘီးဆိုင်ကယ်တစ်စီးမှ နှစ်စီးဖြစ်လာပြန်သည်။ ဤအခြေအနေသို့ ရောက်သောအခါတွင် ကိုသောင်းထွန်းတစ်ယောက် အိမ်ဟောင်းလေးကို ဖျက်လိုက်ပြီး တစ်ထပ်တိုက်ပုလေး ဆောက်လိုက်သည်။ ဆိုက်ကားနှင့် ဆိုင်ကယ်(၃)စီးကို ရောင်းထုတ်ပစ်လိုက်သည်။ သုံးဘီးဆိုင်ကယ် (၂)စီးကိုလည်း အငှားချထားလိုက်ပြီး လွန်ခဲ့သော(၂)နှစ်ခန့်က စုပါကာစင်္ကာပူကား

www.burmeseclassic.com

တစ်စီးကို ဝယ်လိုက်ကာ ရွှေပြည်တော်လိုင်းထဲ ဝင်ပြီး ကျိုက်လတ်-ရန်ကုန် ပြေးဆွဲနေပါတော့သည်။ ဤတွင် ဝင်ငွေတို့သည် တိုးပြီးရင်း တိုးဖြစ်သဖြင့် တခြားခိုင်မာသော စီးပွားရေးတချို့ကိုလည်း သူသည် အခြေတည် အထိုင်ချပြီးပြီဖြစ်သည်။ မြို့မဈေးကြီးထဲတွင်ပင် သိန်းရာဂဏန်းပေါက်သော ဆိုင်ခန်းတစ်ခန်း ဝယ်ယူလိုက်ပြီဖြစ်ကာ ဇနီးဖြစ်သူက အထည်ဆိုင်ထွက်နေပြီ ဖြစ်၏။

လိမ္မာရေးခြားရှိသော သားသမီးနှစ်ဦးတွင်လည်း သမီးကြီးက ဘွဲ့ရပြီး ပုဂ္ဂလိကဘဏ်တစ်ခုတွင် အလုပ်ဝင်နေပြီဖြစ်ကာ သားကလည်း မနှစ်က ဆယ်တန်းအောင်မြင်ခဲ့ပြီဖြစ်သည်။ သိမ်မွေ့နူးညံ့သော၊ ဖော်ဖော်ရွေရွေရှိသော၊ ဘာသာတရားရှိသော၊ အေးအေးချမ်းချမ်း နေထိုင်တတ်သော သူတို့မိသားစုလေးသည် လူတကာ စံထားထိုက်၊ အားကျထိုက်၊ အတုယူထိုက်သော စံပြမိသားစုလေးတစ်စုပင်ဖြစ်၏။ ထို့ကြောင့် အစစအရာရာ အဆင်ပြေပြည့်စုံနေပြီဖြစ်သော ကိုသောင်းထွန်း၏ ဘဝသည်ကား (၁၂)နှစ်တာ

ကာလအတွင်း အံ့သြဖွယ်ရာကောင်းလောက်အောင် တိုးပိုင်၊ ကားပိုင်၊ ဆိုင်ခန်းအပိုင်ဖြင့် ခိုင်သွားပြီ ဖြစ်ပေသည်။

သူဘဝစာတ်ကြောင်း

တစ်နေ့တွင် စာရေးသူသည် ကိုသောင်းထွန်းနှင့် လက်ဖက်ရည်ဆိုင်တွင် အေးအေးဆေးဆေး ဆုံတွေ့ကြပါသည်။ ကိုသောင်းထွန်း၏ပုံစံက ဟိုးအရင်တုန်းကနှင့် လုံးဝခြားနားသွားပြီဖြစ်သည်။ အသားဖြူဖြူ၊ ပြည့်ပြည့်ဖြိုးဖြိုးဖြင့် တကယ့်သူဌေးကြီးဂိုက်၊ ချမ်းသာကြွယ်ဝသူတို့၏ပုံစံ ပီပြည်ပြည်ဖြင့် အလွန်ကြည့်ကောင်းနေပြီ ဖြစ်သည်။

သူနှင့် သိကျွမ်းခင်မင်ခဲ့သည်မှာ (၁၀)နှစ်ကျော်ကြာ ဖြစ်သော်လည်း သူ့အလုပ်သူလုပ် ကိုယ့်အလုပ်ကိုယ်လုပ်ဖြင့် တစ်ခါမှ အေးအေးဆေးဆေး မတွေ့ရဘဲ ဖြတ်သွားဖြတ်လာ လမ်းတွင်သာ တွေ့ရတတ်သည်။

ဤနေ့တွင် သူက အလှူတစ်ခုရှိသဖြင့် ကားမလိုက်ဘဲ တစ်နေ့လုံး အနားရနေ၍ မြို့လယ်ရှိ ကမ္ဘာသာလက်ဖက်ရည်ဆိုင်တွင် နေ့ခင်းဘက် ကျွန်ုပ်နှင့် နှစ်ဦးသား အေးအေးဆေးဆေး ဆုံတွေ့ကြခြင်း ဖြစ်သည်။

'ကိုသောင်းထွန်း..ဒီနေ့ အေးအေးဆေးဆေးပဲ'

'အေးကွာ..လူကသာ နားတာပါ၊ ကားက မနားဘူး။ ဒရိုင်ဘာတစ်ယောက် အစားထိုး ထည့်လိုက်တယ်'

'သြော်..ဟုတ်ကဲ့၊ အခုလို အေးအေးဆေးဆေး ရေရတုန်း ကျွန်တော် ကိုသောင်းထွန်းကို မေးချင်တာလေးတွေ ရှိတယ်။ ကိုသောင်းထွန်းလို အနေအထားမျိုးက တစ်ယောက်၊ တစ်ထောင် တစ်ယောက် မရှိနိုင်ဘူး။ အဲ့ကြောင့် ကျွန်တော်က အရမ်းစိတ်ဝင်စားတယ်။ အားလည်း အားကျတယ်'

'ဘာလဲ၊ မင်းက ငါ့အကြောင်း စာရေးဦးမလို့လား'

'ဟုတ်ကဲ့၊ ရေးမယ်။ ကိုသောင်းထွန်းရဲ့ မထူးဆန်းမယ့် အံ့သြဖွယ်ရာကောင်းလောက်အောင် ပြောင်းလဲသွားတဲ့ ဘဝအနေအထားတွေကို စာဖတ်ပရိသတ်ကြီးကို သိစေချင်တယ်။ ကြီးပွားချမ်းသာချင်တဲ့သူတွေအတွက်လည်း အားယူ အားကျစေချင်တယ်လေ။ ဒါကြောင့် ရေးမှာ'

'အေး..ရေးချင်ရင်တော့ ရေးကွာ၊ ဒါပေမဲ့ ငါ့နာမည်ကြီးတော့ ထည့်မရေးနဲ့ကွာ။ နာမည်ပြောင်းရေးလေ ဟုတ်လား'

'ဟုတ်ကဲ့ပါ၊ စိတ်ချ။ ကျွန်တော် နာမည်ကို လွဲ

www.burmeseclassic.com

www.burmeseclassic.com

ပေးပါ့မယ်'

ကိုသောင်းထွန်းက ကျွန်ုပ်ငှဲ့ပေးထားသော ရေနွေးကြမ်းခွက်ကို လှမ်းယူပြီး တစ်ကျိုက်သောက်ချလိုက်သည်။ ပြီးနောက် ကျွန်ုပ်အား သူ၏ဘဝဇာတ်ကြောင်းကို သေသေချာချာ ပြောပြပေးနေပါတော့သည်။

ဘဝပြောင်း တစ်ခုကောင်း ကျင့်စဉ်

ကိုသောင်းထွန်းတစ်ယောက် စကားများ အတော်အတန် ရှည်လျားစွာ ပြောလိုက်ရ၍ အာခြောက်သွားသောကြောင့် ရေနွေးခွက်ကို လှမ်းယူကာ ကျန်ရှိနေသော ရေနွေးများကို တစ်ကျိုက်တည်း မော့ချလိုက်၏။

ကျွန်ုပ်က သူ၏ခွက်ထဲ ရေနွေးထပ်ငှဲ့ပေးလိုက်ရင်း-

'ကဲ..ကိုသောင်းထွန်းကို ကျွန်တော် အဓိကမေးခွန်းမေးတော့မယ်။ ဒီမေးခွန်းကိုမေးလို့ စိတ်မဆိုးနဲ့နော်။ စကားထလွှင် ကြိုခံထားတာပါ။ ကိုသောင်းထွန်းရဲ့ ကံ၊ ဥာဏ်၊ ဒီရိယကြောင့် ဒီလိုချမ်းသာကြွယ်ဝလာတာလို့ ကျွန်တော် သက်ခံပါတယ်။ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ ထင်နေတာလေးတစ်ခုရှိတယ်။ အဲဒါကြောင့်မို့ ဒီမေးခွန်းကို မေးတာပါ။ ဒီလိုဒီလို ကိုသောင်းထွန်း အခုလို ချမ်းသာကြွယ်ဝလာအောင် ပတ်သက်ပြီး ကိုသောင်းထွန်းဆီမှာ အဆောင်ကောင်းတစ်ခု၊ ဒါမှမဟုတ် ယတြာကောင်းတစ်ခု၊ ဒါမှမဟုတ် ကျင့်စဉ်ကောင်းတစ်ခု ရှိများရှိနေမလား။ တစ်ခုခုနဲ့များ ဆက်သက်နေမလားလို့ သိချင်တာပါ'

ဟု ကျွန်ုပ်က မေးလိုက်ရာ ကိုသောင်းထွန်းက နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး-

'ဩော်..ဒါလား၊ ငါ ရှင်းပြပေးပါ့မယ်။ အဆောင်အောင်းရှိလားလို့ဆိုတာနဲ့ပတ်သက်ပြီး ဖြေပေးရရင် ငါက ဘာအဆောင်မှ ဝါသနာမပါဘူးကွ။ အဲ..ဆောင်တာတစ်ခုရှိတယ်။ တို့ရွှေပေါ်ကျွန်းဆရာတော်ကြီးရဲ့ ပုံတော်ကို အိတ်ကပ်ထဲမှာ ထည့်ဆောင်ထားတာပဲရှိတယ်။ ကျန်တာတော့ ဘာအဆောင်မှ ဝါသနာမပါဘူး'

ပြောပြောဆိုဆို ကိုသောင်းထွန်းက အင်္ကျီအိတ်ကပ်ထဲမှ ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ ပုံတော်လေးကို ထုတ်ပြသည်။ ပြီးနောက် စကားဆက်ဆိုသည်။

'နောက်တစ်ခုက ဘာယတြာကောင်း ဟုတ်လား၊ အေး..ယတြာနဲ့ ပတ်သက်လို့ကလည်း ငါက ဘာယတြာမှ မသုပ်ဘူးကွ။ ဝါသနာလည်း မပါဘူး။ အဲ..နောက်ဆုံးက ကျင့်စဉ် ဟုတ်လား။ အေး..အဲဒါတော့ ဟုတ်တယ်ကွ။ ငါ အသက်(၂၀)ကျော်က ရွှေပေါ်ကျွန်းကို တို့မြို့က ဆန်ပို့တဲ့အဖွဲ့နဲ့ ပါသွားဖူးတာယ်။ ရွှေပေါ်ကျွန်းမှာက ထုံးစံအတိုင်း ပိုက်ဆံအလှူခံတာက မရှိဘူးလေ။ ကျွဲ၊ နွား၊ ဝက်၊ အရက်၊ မူးယစ်ဆေးဝါး၊ လောင်းကစားတွေပဲ အလှူခံတာဆိုတော့ ငါက ကုန်းသတ္တဝါတွေကို ရာသက်ပန်လှူတယ်။ မူးယစ်ဆေးဝါးနဲ့ လောင်းကစားကိုလည်း ရာသက်ပန်လှူလိုက်တယ်။ အဲဒီမှာ ရှောင်ကြဉ်ရေးဌာနက ဦးအင်စိန်က ငါ့ကို ကျင့်စဉ်တစ်ခု ပေးလိုက်တယ်။ အဲဒီကျင့်စဉ်ကို ဖတ်ကြည့်လိုက်တော့ ရရှိမယ့်အကျိုးတရားတွေမှာ ချမ်းသာမယ်လို့ပါတယ်ကွ။ ငါကလည်း အရမ်းချမ်းသာချင်တဲ့သူလေကွာ'

ကိုသောင်းထွန်းက စကားကို ခဏရပ်လိုက်ပြီး လက်ဖက်ရည်ခွက်ကို လှမ်းယူကာ တစ်ငုံငုံပြီး သောက်ချလိုက်သည်။ ပြီးနောက် ခွက်ကို ခုံပေါ် ပြန်တင်လိုက်ကာ စကားဆက်ဆိုသည်။

'အဲဒီတော့ ကျိုက်လတ်လည်း ပြန်ရောက်ရော ပေးလိုက်တဲ့ကျင့်စဉ်ကို တောက်လျှောက်ကို ကျင့်ခဲ့တာပေ့ါ။ ခုထက်ထိပဲ၊ လုံးဝမပျက်စေရဘူး။ ခရီးတွေဘာတွေသွားလည်း ငါက လုပ်ဖြစ်အောင် လုပ်တယ်။ ရွှတ်တာဖတ်တာကိုပေါ့ကွာ။ နေထိုင်မကောင်း ဖြစ်နေတာတောင် ငါက အပျက်မခံဘူး၊ မဖြစ်မနေ လုပ်ဖြစ်အောင် လုပ်တယ်။ လုပ်နိုင်တာကလည်း ကျင့်စဉ်က သိပ်ခက်တာမှမဟုတ်တာ။ တစ်ခါကျင့်ရင် (၃၁)ရက်ကျင့်ရတယ်။ အေး..အဲဒီကျင့်စဉ်ကိုတော့ တစိုက်မတ်မတ် မပျက်မကွက် ကျင့်လာခဲ့တယ် ဟော်သန့်ရေ။ အရင်တုန်းကတော့ (၃၁)ရက်ပြည့်ရင် ခဏနားပြီးရင် နောက်ထပ်(၃၁)ရက်ဆက်ဝင် အဲဒီပုံစံအတိုင်း ဆက်တိုက်လုပ်လာခဲ့တာ အခုတော့ (၃၁)ရက်တွေဘာတွေလည်း မဟုတ်တော့ပါဘူးကွာ။ နေ့စဉ်ရက်ဆက်ကို မပျက်မကွက် တောက်လျှောက်ကို လုပ်နေတာ။

အဲဒီကျင့်စဉ်ကြောင့် ငါ့ရဲ့ဘဝမှာ အများအပြင်းကင်းပြီး လမ်းမှန်ပေါ် ရောက်လာခဲ့တယ်။ စီးပွားဥစ္စာတွေကလည်း ဒီရေအလား တရိပ်ရိပ်တက်လာခဲ့တယ် ဆိုပါတော့ကွာ။ ငါက တခြားကျင့်စဉ်တွေဘာတွေ ဘာမှမလုပ်ဖူးဘူး။ ဒါ အမှန်အတိုင်းပြောတာ။ ဒီကျင့်စဉ်တစ်ခုတည်းပဲ ဆောက်ချလုပ်လာခဲ့တာ။ ဒါကြောင့် ရွှေပေါ်ကျွန်းဆရာတော်ကြီးရဲ့ ကျင့်စဉ်ကြောင့် ငါ အခုလိုဘဝမျိုး ရောက်လာခဲ့တာပါကွာ။ ငါ လုံးဝမငြင်းပါဘူး။ ကိုယ်ရောင်ကြဉ်ထားလဲ့ ကတိကွေကိုလည်း မကျိုးပေါက်အောင်တော့ စောင့်သိန်း

www.burmeseclassic.com

ထားရတာပေါ့ကွာ' ဟု ဆိုလေရာ ကျွန်ုပ်လည်း အလွန် သိချင်နေသော အဖြေတစ်ခုကို ရရှိလိုက်၍ အလွန်အမင်း ဝမ်းသာပျော်ရွှင်သွား၏။

ထို့နောက် ကျွန်ုပ်က ကျင့်စဉ်ကိုတောင်းရာ ရက် သိပ်မကြာမီတွင် ကိုသောင်းထွန်းသည် သူ၏ကျင့်စဉ်ကို မိတ္တူဆွဲပြီး ကျွန်ုပ်အား ပေးခဲ့ပါသည်။

ဘေးရန်ကင်းကွာ ချမ်းသာစေဖို့

အရှင်ဓေယျသိဒ္ဓိ ဓမ္မဉာဏိကဆရာတော်ဘုရားကြီး စေတော်ဝင်ကျောင်း၊ မလှိုင်မြို့နယ်။

မိမိတို့၏ ဆိုင်ရာမွေးနေ့ကစ၍ ရှေ့သို့ (၃၁)ရက်ပြည့် အောင် ကြေးဖလားနှင့်ဖြစ်စေ၊ ငွေဖလားနှင့်ဖြစ်စေ ရေ ထည့်ပြီး သပြေပန်းစိုက်၍ လှူဒါန်းထားပါ။ ရေကို နေ့စဉ် လှယ်ပါ။ ပန်းညှိုးလျှင် အသစ်လှူပါ။

ရေနှင့်ပန်း လှူဒါန်းပြီးသောအချိန်တိုင်း ဗုဒ္ဓ ပူဇော်မိ၊ ဓမ္မ ပူဇော်မိ၊ သံဃပူဇော်မိဟု (၁၀၈)ခေါက်ရအောင် ရွတ်ဆို ပါ။ ထိုပါဠိ၏ မြန်မာပြန်မှာ မြတ်စွာဘုရားကို ပူဇော်ပါ၏ အရှင်ဘုရား၊ တရားတော်မြတ်ကို ပူဇော်ပါ၏ အရှင်ဘုရား၊ သံဃာတော်မြတ်ကို ပူဇော်ပါ၏ အရှင်ဘုရားဟု ဆိုလိုပါ သည်။

ရွတ်ဆိုသောအခါ ထိုပါဠိကိုသာ ရွတ်ဆိုပါ။ ထိုပါဠိ ကို ရွတ်ဆိုနေခိုက် မြန်မာပြန်ကို စိတ်ထဲက သိရှိထားရန် ဖြစ်ပါသည်။

နေ့စဉ် နံနက်တိုင်း ကုန်းသတ္တဝါအလွတ် ဆွမ်းတော် (၂)ပွဲ၊ ရေတော်(၂)ဖလားတို့နှင့် ဆက်ကပ်လှူဒါန်းပါ။ ည ဦးပိုင်းအချိန်၌ ဖယောင်းတိုင်(၂)တိုင် ထွန်းညှိပူဇော်ပါ။ မိမိတို့ အိမ်ရှိ ဘုရားခန်းကို သန့်သန့်ရှင်းရှင်း ပြုပြင်ထား ပါ။

နံနက် အိပ်ရာထချိန်တိုင်း ဘုရားမျက်နှာသစ်တော်ရေ ဆက်ကပ်ပါ။ ထိုသို့ဆက်ကပ်ရာ၌ မိမိမျက်နှာသစ်မည့်ရေ ကိုပင်လျှင် လက်နှစ်ဖက်ဖြင့်ကိုင်၍ ဘုရားတပည့်တော် သည် ဤရေချမ်းဖြင့် သက်တော်ထင်ရှား မြတ်စွာဘုရား ကြီးအား မျက်နှာသစ်တော်ရေ ဆက်ကပ်ပါ၏ဘုရားဆို၍ အနည်းငယ် အာရုံပြုပါ။ ပြီးလျှင် ထိုရေကို သောက်ပါ။ မျက်နှာသစ်ပါ။

မိမိတို့ ပြုလုပ်သမျှသော ကောင်းမှုကုသိုလ်တို့၏ အဖို့ ဘာဂကို အမိ၊ အဖ၊ ဆရာသမားများကိုလည်းကောင်း၊ မိမိတို့ထက် အသက်ဂုဏ်ဝါ ကြီးရင့်ကြသော ပုဂ္ဂိုလ်တို့

အားလည်းကောင်း၊ မိမိတို့၏ ကိုယ်စောင့်နတ်ကစ၍ အိမ် စောင့်နတ်၊ ရပ်ကွက်စောင့်နတ်၊ မြို့တော်၊ ရွာတော်ဆိုင်ရာ အစောင့်အရှောက်အပေါင်းတို့ကိုလည်းကောင်း၊ ဤလောက ကြီးကို စောင့်ရှောက်တော်မူကြကုန်သော လောကပါလ နတ်မင်းကြီး(၄)ဦးတို့နှင့်တကွ ထိုနတ်မင်းတို့၏ အခွေအရံ အပေါင်းတို့ကိုလည်းကောင်း၊ သာသနာတော်ခြံတ်ကြီးကို စောင့်ရှောက်တော်မူကြကုန်သော သာသနာစောင့်နတ်မင် ကြီးအပေါင်းတို့ကိုလည်းကောင်း ထပ်ကာ,ထပ်ကာ အမှ ပေးဝေပါ။

စိတ်ဓာတ်အစဉ် ကြည်ကြည်လင်လင် ရွှင်ရွှင်လန်း လန်း ချမ်းသာသုခပြည့်ဝကြပါစေဟု တစ်ဆက်တည်း မေတ္တာပို့ပါ။

ဤယခု ညွှန်ပြခဲ့သော စရဏကျင့်စဉ်ကို နေ့စဉ်တ နိဗ္ဗာဒ်မှန်မှန်ထား၍ ကြိုးစားအားထုတ်ကြပါ။ ဤသို့ပြုလုပ် ဆည်းပူးရခြင်းဖြင့် အန္တရာယ်ကင်းခြင်း၊ စီးပွားချမ်းသာ တက် ပြန့်ပွားလာစေနိုင်စေခြင်း၊ ဝိသခ်ါရ၊ အသခ်ါတနိုင် သို့ ရောက်စေနိုင်သော အကျိုးတရားများ ဖြစ်လာပါစေ မည်။

ကျွဲ၊ နွား၊ ဝက်၊ အရက်သေစာများကို မှီဝဲစားသုံးခြင် မှ လွတ်ကင်းအောင် အဓိဋ္ဌာန်ဖြင့် ရှောင်ကြဉ်ပါ။

ဆရာတော်

စေတော်ဝင်ကျောင်း - ရွှေပေါက်

ကောင်းမှုအကြောင်းပြု တောင်းဆုပြည့်ပါစေ

သုခစုစံ(ကျိုက်လတ်)

www.burmeseclassic.com

www.burmeseclassic.com

(တစ်)

ရွှေအိုရောင် ယုက်ဖြာနေသည့် နေမင်းကြီးက တစ်နေ့တာ တာဝန်တွေ ပြီးဆုံးလုနီးပြီမို့ အနောက်ဘက် ကုန်းမြင့်လေးပေါ်မှာ တည်ထားသည့် အောင်စကြာစေတီ၏ ဖောင်းရစ်တော်ပေါ် မေးတင်ပြီး နှုတ်ဆက်ဖို့ ဟန်ပြင်လို့နေသည်။

သည်မြင်ကွင်းက ဦးထွန်းအေးအဖို့ နိစ္စဓူဝမြင်တွေ့နေရငြားမရိုးနိုင်ပါပေ။ အသက်ကခြောက်ဆယ်တွင်း ဝင်လာပြီမို့ လောကနေဝင်ချိန်ကို ငေးမောရင်း ဘဝနေဝင်ချိန်တွေကိုတွေးတောမိတတ်လာခဲ့ပြီ။ မကြာမတင် တစ်လကျော်ကျော်လောက်ကဆိုလျှင် အဖေကြီးကဘေးမှာ ပက်လက်ကုလားထိုင်လေးနဲ့၊ သူက သည်ကွပ်ပျစ်ကလေးပေါ် ထိုင်ရင်း သားအဖနှစ်ယောက် နေ့စဉ်နဲ့အမျှ သည်နေဝင်ချိန်လေးတွေကို ငေးမောလို့ စကားတင်းဆိုခဲ့ကြသည်ကို အမှတ်ရလို့နေမိပြန်၏။

ထိုခဏမှာပင် ရွာအပြင်ကို သွားလှန်သည့် ဒေါ်ပြာကြီးတို့ရဲ့ နွားအုပ် အကောင်သုံး၊ လေးဆယ် ပြန်သွင်းလာသည်မို့ ဦးထွန်းအေးတို့ရဲ့အိမ်နဲ့ ဘုရားကြားက မြေလမ်းမမှာ ဖုန်လုံးတို့ ပိတ်ဆီးကာ ဝန်းကျင်က အမှောင်ဘက်သို့ ပိုကဲလို့သွား၏။

www.burmeseclassic.com

www.burmeseclassic.com

နွားအုပ်လွှဲသွားပြီး ဖုန်လုံးတို့ လွှမ်းပါးသွားချိန်မှာ ဦးထွန်းအေးတို့ရဲ့ ဝါးကပ်ဝင်းထဲ အဝင်ပေါက်ဝမှာ ဘွားခနဲ ရုတ်တရက်ပေါ်လာသည့် ပုံရိပ်တစ်ခု။ ညိုမှောင်မှောင်မှာ အနီပတ်လည်စင်းနှင့် ခပ်နွမ်းနွမ်းလုံခြည်ကို ပုဆိုးခါးပုံချတတ်လို့ အစိမ်းနုရောင် ချည်ထွက်ကွက်စိပ် ရင်စေ့လက်စကနှင့် ဖားလျားချထားသည့် ဆံပင်ခါးလယ်လောက် ကြောင့် မိန်းကလေးတစ်ယောက်ဟု မှတ်ယူလိုက်မိငြားမျက်နှာပုံပန်းကို ဖမ်းလို့မရ။

ခြံဝလက်ယာဘက်ထိပ်မှာ စိုက်ထားသည့် တမာပင်ဆီ တန်းတန်းကြီးသွားသည်။ ဆာတာဆာတာနှင့် လမ်းသွားပုံက အဖေကြီးနဲ့ တူလိုက်တာ။ ငယ်ငယ်က မုန်ယိုနေတဲ့ နွားကို အတင်းဝင်ဆွဲရင်းက အဝေ့ခံရပြီး ဘယ်ဘက်ခြေထောက် ဆာသွားသည့် အဖေကြီးပုံရိပ်ကို ဖျတ်ခနဲ ပြေးမြင်သည်။

အိမ်ရှေ့ တမာ၊ အိမ်နောက် ခံတက် မလုပ်ဘဲနဲ့တောင် စီးပွားတက်သတဲ့ကွဆိုကာ အဖေကြီးကိုယ်တိုင် လွန်ခဲ့တဲ့ တစ်နှစ်ခန့်ကမှယူလာပြီး မြေကျင်းတူးခိုင်းကာ မြေဇာထည့် စိုက်ပေးခဲ့တဲ့ အပင်လေး။ ဦးထွန်းအေး ဖြန်းခနဲ ကြက်သီးမွေးညင်းတို့ ထောင်ထလို့သွား၏။ အဖေကြီးများလား၊ နွှတ်ဖျားက တီးတိုးရေရွတ်လိုက်မိသည်။

အပင်အောက်ခြေလေးကိုဝိုက်ပြီး နေ့တိုင်း ဦးထွန်းအေး ရေလောင်းပေးထားသည်မို့ လမ်းမဆီက ဖုန်မှုန့်တချို့ တင်ကျန်နေငြား စိမ်းစိမ်းစိုစိုနှင့် လန်းဆန်းရွှင်သန်လို့။ ထို တစ်ယောက်ကား တမာပင်လေးကို သေသေချာချာ ငုံ့ငဲ့ကြည့်ပြီး အိမ်နောက်ဖေးဘက်ဆီ တန်းတန်းကြီးလျှောက်လို့ သွားပြန်သည်။ သစ်ခွဲစက်နောက်က ခံတက်ပင်ဆီများလား။ ဦးထွန်းအေး စိတ်မှာ ထင်သည့်အတိုင်းပင်တည်း။ ခံတက်ပင်က ရွက်နုအချို့ပင် အတို့အမြုပ် စားနေရပြီ။

'ကိုထွန်း..ဘယ်သူတုံး'

ရုတ်တရက် နောက်ဘက်က ထွက်လာသည့် ဇနီးသည် ဒေါ်အေးမိ၏ အထိတ်တလန့်အသံကြောင့် ဦးထွန်းအေး ဆတ်ခနဲ တုန်သွားမိ၏။

နောက်ဘက်လှည့်ပြီး 'ရှူး..ဟို..အဖေကြီး၊ ပက်လက်ကုလားထိုင် သွားယူ..သွားယူ'

လက်နဲ့ နှုတ်ခမ်းကိုအုပ်ပြီး ခပ်တိုးတိုးပြန်ပြောလိုက်တဲ့ လင်တော်မောင်ရဲ့ စကားကြောင့် ဒေါ်အေးမိ ကြောင်တောင်တောင်နှင့် အိမ်ထဲ လှည့်ဝင်သွားပြီး အဖေကြီး မရှိကတည်းက ထိုင်မယ့်သူမဲ့ကာ ခေါက်သိမ်းထားသည့် သစ်သားပက်လက်ကုလားထိုင်လေးကို မယူလာကာ ခြံ ကျနေရာလေးမှာ ချထားလိုက်သည်။

'တော်ထိုင်မလို့လား ဟိုဥစ္စာ'

ဦးထွန်းအေး ခေါင်းခါပြီး သူနံဘေးမှာထိုင်ဖို့ လက်ပြလိုက်တဲ့ ခဏမှာပဲ အိမ်နောက်ဘက် ခံတက်ပင်ဆီက ထိုတစ်ယောက် ဦးထွန်းအေးတို့ ထိုင်နေသည့် ကွပ်ပျစ်ဆာတာဆာတာနှင့် တန်းတန်းကြီး လျှောက်လို့လာသည်။ အနားရောက်တော့ ဘေးမှာချထားသည့် ပက်လက်ကုလားထိုင်မှာ ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်ပြီး ဦးထွန်းအေးကို စူးစူးဝါးဝါးကြည့်သည်။ မျက်လုံးမျက်ဆန်တွေက နီကြောင်ကြောင်နှင့်။

'နတ်လမ်း ဘာလို့မလုပ်သေးတာတုံး'

အဖေကြီးအသံပါလား။ သည်တစ်ခါ ဆတ်ခနဲ တုန်သွားသည်က ဒေါ်အေးမိ။

'လုပ်မှာလုပ်မလို့ဟာ ဟိုဒင်း ပိုက်ဆံက..'

ဦးထွန်းအေး အသံက ထစ်နေသည်။

'မွေးရက်ကျိုး မနပ်တဲ့ဟာတွေ။ ငါက ကတိခံထားတာဟာ။ ဒင်းတို့က မလုပ်ကြတော့ ဘယ်မှ သွားလို့မရဘူး ငါ အဲဒီမှာ'

အမှောင်ထုအောက်မှာ ရေးရေးသာ မြင်ရတော့သည့် အောင်စကြာဘုရားဆီ လက်ညှိုးထိုးကာ ပြသည်။

'ဟိုဒင်း..ငွေက..ငွေက မပြည့်သေးလို့ပါ'

'ဖြည့်လုပ်ပေါ့။ ပြန်ရမှာပေါ့။ ကုသိုလ်..ကုသိုလ်ဟာ'

အသံက ခပ်ဝါးဝါးဖြစ်လာသည်။ ဒေါ်အေးမိ ဦးထွန်းအေးလက်မောင်းကို အတင်းဖက်တွယ်လို့ထား၏။ အသက်တွေပင် တဆတ်ဆတ်တုန်လို့။

'လုပ်မယ်၊ လုပ်လိုက်ပါမယ်။ ကွမ်း..ကွမ်း'

ဦးထွန်းအေး ဘေးဘက်ကွမ်းဘူးထဲက ယာပြီးတစ်ယာ ဆွဲထုတ်ပြီး လှမ်းပေးလိုက်သည်။

'မင်းဟာက ရှားတွေနဲ့မို့လား။ တော်ပြီ၊ နတ်လမ်းလုပ်၊ နတ်လမ်း မနက်ဖြန်လုပ်'

ပြောပြောဆိုဆို ပက်လက်ကုလားထိုင်ကနေ ခြေထကာ ဆာတာ၊ဆာတာနှင့် ဝင်းတံခါးပေါက် ရှိရာ ထွက်လို့သွား၏။ အမှောင်ထုက လုံးလုံးလျားလျား ဦးထွန်းအေးပြီမို့ ပုံရိပ်က တဖြည်းဖြည်း ပျောက်ကွယ်လို့သွား

www.burmeseclassic.com

www.burmeseclassic.com

သည်။

'ရှင် သိလား'

ဒေါ်အေးမိ အသံတွေ တုန်နေပြီ။

'တစ်ခါမှ မမြင်ဖူးဘူး'

'ဒီနားတစ်ဝိုက် ရွာတွေမှာတော့ ကျုပ်လည်း မတွေ့ဖူးဘူး'

'အဲဒါ အဖေကြီး သနားပါတယ်ကွာ။ သူခိုင်းခဲ့တဲ့ နတ်လမ်း မလုပ်ရသေးလို့ သူခမျာ..သူခမျာ'

ပြောရင်း ဦးထွန်းအေး ချိုးပွဲချဉ်ရလေပြီတည်း။ အစွဲကြီးလှသည့်အဖေကြီး ကွမ်းယာပင် ရှားတွေပါနေလို့ စားသွားခဲ့။

(နှစ်)

ဦးထွန်းအေး ညတွင်းချင်းပင် အိမ်ထောင်ခွဲများဖြစ်သည့် ညီဖြစ်သူ ဦးသန်းအေးနှင့် ညီမဖြစ်သူ ဒေါ်မြအေးတို့ကိုသာမက ပန်းရန်၊ လက်သမား အဖွဲ့များပါ ခေါ်လိုက်သည်။ ညနေချမ်းက ဖြစ်စဉ်ကိုပြောပြတော့ အားလုံး မျက်ရည်နှင့် မျက်ခွက်ဖြစ်ကြသည်။ အဖေကြီး စုထားခဲ့သည့် ငွေက သိန်းနှစ်ဆယ်သာသာ။ အဖေကြီး လျာထားခဲ့သည့် အမြလမ်းမက ဘုရားကုန်းပေါ်ထိက ဆယ်ပေ ဆယ်ခန်း၊ ချဉ်းမနားလယ်ဝေး ပရိဘောဂ လက်ရင်းတွေမို့ သစ်က များ။ အဖေကြီး စုပေးထားတာပင် သုံးချီး နှစ်ချီး လောက်သုံးလောက်သည်။ အဖိုးသွပ်နဲ့ လှေခါးတက်လမ်းအတွက် အင်္ကျီတေ၊ ဘိလပ်မြေက တွက်ရချက်ရပြီ။ သိန်းလေးဆယ်ခန်းကျင်တော့ ကုန်မည်။

'ကဲ..ညီ၊ သန်းအေးမင်းက တို့ထဲမှာ 'အခိုင်ဆုံးဆိုတော့ အစ်ကိုနဲ့ အတူပေါ့။ ဆယ်ခုစီ ထည့်လှူကြတာပေါ့။ မြအေးကတော့ ရေစက်ချပွဲအလှူ တာဝန်ယူလိုက်နိုင်သလောက်ပေါ့။ ဘုန်းကြီး ငါးပါးလောက်ပင့်ပြီး ရွာကို တဒီသာ ငါးခြောက်ချက်လေးနဲ့ဆို လှန်ရောက္ခံရော ငါးသိန်း၊ ခြောက်သိန်းပေါ့'

'အင်းပါ..လုပ်ပါမယ်။ အဖေကြီး သနားပါတယ်။ မြန်မြန်ပြီးအောင် လုပ်ကြပါတော်'

ညီမငယ်က တရှိုက်ရှိုက်ငိုသည်။ သမီးအငယ်ဆုံးမို့ အိမ်ကို အမွေပေး အတူနေကြပြီး သူလက်ပေါ်မှာ ဆုံးသွားခဲ့သည်ကိုး။ အသက်ရှစ်ဆယ့်ငါးထဲမှာ လူကြီးနာနဲ့ မီးစာကုန်ခဲ့ခြင်းသာ။ ဦးထွန်းအေး ပြက္ခဒိန်ကို တစ်ချက်လှန်ကြည့်လိုက်တော့ ရက်ရာဇာ။

(သုံး)

တကယ့်တကယ် လုပ်ကြကိုင်ကြဆိုတော့လည်း တစ်ရွာလုံး ဝိုင်းကြဝန်းကြနှင့် အလှူထည့်ဝင်ငွေပင် ဆယ်သိန်းနီးပါးရသည်။ သည်နယ် သည်ဒေသက သစ်ပေါပြီး ပရိဘောဂလုပ်ကိုင်ကြသည်မို့ မရှိမရှား အလှူဒါနအားသန်ကြသည်။

လှေကားအတက် အင်္ကျီတေအချောကိုင်ရသည်မို့ (၇) ရက်ပြည့်တဲ့နေ့မှာ ရေစက်ချအလှူ ပြုလုပ်နိုင်ခဲ့၏။ တက်လမ်းအစမှာ အဖေကြီးရဲ့မွေးနံ့ နဂါးရုပ်လေးနှစ်ရုပ်ကို တစ်ဖက်တစ်ချက်စီမှာ ပန်းရန်ဆရာက စေတနာပိုလိုက်သေးသည်။ ဦးထိန်မောင်၊ ဒေါ်လှနီတို့အား ရည်စူး၍ သားသမီးမြေးတစ်စုကောင်းမှုဟု ကျွန်းပြားပေါ်မှာ ရေးသားပြီး နတ်လမ်း၊ တန်ဆောင်းလေးရဲ့ထိပ်မှာ ကပ်ထားလိုက်ပြီး အရင်သွားနှင့်လေသူ အမေကြီးကိုပါ ကုသိုလ်အမျှယူလိုက်ကြ၏။

အလှူငွေက ပိုလျှံသမျှကို ဒေါ်မြအေးအလှူမှာ ပေါင်းပေးလိုက်သည်မို့ ငါးခြောက်ချက်အစား ဝက်သားဟင်းလေးချက်၊ ဘူးခါးမှန်ရောင်ဟင်းချို၊ သရက်သီးပိုးတီသုတ်၊ ပဲကြီးနှပ်နှင့် ငရုတ်သီးလေလွင့်ကြော်တို့ဖြင့် ပဲနင်းရွာတစ်ရွာလုံး မီးခိုးတိတ် အုံးအုံးကျွက်ကျွက်နှင့် ကာလသားအဖွဲ့က ဒိုးပတ်ဝိုင်းနှင့် ဦးရွှေရိုး၊ ဒေါ်မိုးပင် ပါလိုက်သေးသည်။ ပင့်သံဃာ(၅)ပါး၊အစား (၉)ပါးပင့် ကပ်လှူဒါန်းနိုင်ခဲ့ပါလေသည်။

ရေစက်ချအမျှဝေပြီး နောင်..ဒိုင်းဆိုတဲ့ ကြေးစည်ကြီးနဲ့ မောင်းကြီးရဲ့ အောင်ပွဲသံအဆုံးမှာတော့ ဒိုးပတ်ဝိုင်းဆီမှာ ဦးရွှေရိုးနဲ့ ဒေါ်မိုးအပြင် ညှိမှောင်မှောင်မှာ အနီပတ်လည်စင်းနှင့် ပုဆိုးခါးပုံချဝတ်လို့ အစိမ်းနုရောင်ချည်ထည်ကွက်စိပ် ရင်စေ့လက်စက ဖားလျားချထားသောဆံပင်ကို တဖျန်းဖျန်းတွေ့ယမ်းကာ အပျော်မျက်လုံး အပြုံးမျက်နှာနှင့် ကွေးနေအောင် အားရပါးရ က,ကာ ကျွေးရုံထဲက အလှူထမင်းဟင်းတွေ တစ်ဝကြီးစားပြီး လူအုပ်ကြားမှာ ရောနှောပျောက်ကွယ်သွားတဲ့ တစ်ယောက်ကိုတော့ အခြားသူများမည်သူမျှ သတိမမူမိကြငြား သတိထားပြီး ရှာဖွေကြည့်ရှုနေတဲ့ ဦးထွန်းအေးတစ်ယောက်သာ မျက်ရည်တွေ တွေတွေကျလို့ လက်အုပ်ချီမိုးပြီး အဖေကြီး သွားလိုရာ သွားပါတော့၊ ကောင်းရာမွန်ရာ ရောက်ပါတော့လို့ အမျှပေးဝေဆုတောင်းလိုက်ရလေသတည်း။

မျိုးကြီး(အမရပူရခေန)

www.burmeseclassic.com

www.burmeseclassic.com

မောင်လှယဉ် (မော်လမြိုင်)

ဘာဇာရုင်နဲ့ ဝဏ္ဏရိ ကာလီဒါသ (၂)

ကာလီဒါသရဲ့ ငယ်စဉ်ဘဝ

တစ်နေ့ ဝင်္ကိုင်းတွင် ကလေးငယ်နှစ်ဦး ကစားရင်း စကားဆိုနေကြတယ်။ အသက်အရွယ်တွေက ဆယ်နှစ်၊ ကိုးနှစ်လောက် အရွယ်လေးတွေပါ။ တစ်ဦးက မိန်းကလေးနဲ့ တစ်ဦးက ယောကျ်ားလေးတို့ပါ။

"ခမ္မိကကာလိကာရယ်..တို့အရွယ် ရောက်လာရင် နင် ငါ့ဇနီး မဖြစ်ချင်ဘူးလား။ အရွယ်ရောက်လို့ နှင့်မိဘတွေက မေးရင် ငါ့ကိုယူမယ်လို့ ပြောဟာ။ ဒါမှ တို့ မခွဲမခွာ အတူနေကြရမှာ မဟုတ်လား"

"ဟဲ့..နင်က ငါ့ရဲ့အခိုင်းအစေ၊ ငါနဲ့ အရည်အချင်းတူတဲ့သူကိုသာ ငါယူမယ်ဟ။ ငါနဲ့ တန်းတူမရရင် ငါ ဘယ်သူ့ကိုမှ မယူဘဲ အပျိုကြီးပဲ လုပ်တော့မယ် ကောင်စုတ်ပလုတ်ရဲ့"

ကလေးမလေးက နာကြည်းမှုအပြည့်နဲ့ ကောင်လေး နာနာကြည်းကြည်းနဲ့ ရန်တွေ့လိုက်တော့ ကောင်လေး လည်း ဘယ်ခံချင်ပါ့မလဲ။ အံကြိတ်ပြီး ပြန်ပြောလိုက်တယ်။

"ဟေ့..ခမ္မိကကာလိကာ၊ နင့်အဖေက နင့်ရဲ့မူးစား ကို ငါ့အဖေကို ရှာခိုင်းမှာပါဟာ။ ဒီတော့ လူမိုက် ယောက်ကို ရှာပေးရင် နင် ဘာတတ်နိုင်မှာလဲ။ ဟဲ့"

"ဟဲ့..စူဠမဏိကောင်စုတ်ရဲ့၊ နင်နဲ့ နင့်အဖေရဲ့အ မဟုတ်ပါဘူး။ ငါ့ကံအတိုင်းပါပဲ။ နင်လည်း တတ် မဟုတ်ပါဘူးဟာ"

သည်စကားတွေကို ပြောဆိုနေကြသူတွေက က ငယ်လေးတွေ ဖြစ်ကြပါတယ်။ ရုပ်ရည်ချောမောပြီး လက်တဲ့ ခမ္မိကကာလိကာ ဆိုသူလေးက ဝင်္ကိုင်းကို ချုပ်တဲ့ ဆတျဝန် အမည်ရှိတဲ့ ဘုရင်ရဲ့ ပင်တိုင်စ ထားလေး။

ထိုဆတျဝန် မင်းကြီးထံတွင် ခစားနေတဲ့ အမ ရဲ့ သားလေး စူဠမဏိသတို့သားပါ။ သူတို့နှစ်ဦးက

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဖက်တွေ ဖြစ်ကြပါတယ်။

သူတို့နှစ်ဦး ကလေးဘဝ ဆော့ကစားရင်း စကားနိုင်လုခဲ့ကြပေမယ့် မင်းသမီးလေး ခမ္မိကကာလိကာက မေ့မေ့မျောက်မျောက် ဖြစ်သွားခဲ့သော်လည်း စူဠမဏိသတို့သားက မင်းသမီးလေးကို အငြိုးအတေးထားခဲ့တာ လူပျိုဘဝ ရောက်လာတဲ့အထိပါပဲ။

ဝင်္ကတိုင်းကို အုပ်ချုပ်တဲ့ မင်းကြီးဆတျဝန်ဟာ သစ္စာတရားကို လက်ကိုင်ထားပြီး မင်းကျင့်တရားဆယ်ပါးနဲ့အညီ အုပ်ချုပ်တဲ့မင်းဆိုတော့ မင်းကောင်းမင်းမြတ်အဖြစ် ထင်ရှားသူပါ။

သည်မင်းနဲ့ခေတ်ပြိုင် မင်းကြီးကလည်း ဘောဇမင်းသားရဲ့ခမည်းတော် ဓာရာတိုင်းကို အုပ်ချုပ်နေတဲ့ သိန္ဓုမင်းကြီးပဲဆိုတော့ တိုင်းနှစ်တိုင်းမှာ နေထိုင်ကြတဲ့ ပြည်သူတွေ ဘယ်လောက်စိတ်ချမ်းသာကြမလဲ စဉ်းစားကြည့်ပါ။

တိုင်းပြည်တစ်ပြည်ကို အုပ်ချုပ်တဲ့ မင်းကောင်းမှသာ တိုင်းပြည်တိုးတက်မှာပါ။ မင်းက လောဘသမားဆိုရင်တော့ တိုင်းပြည် ဖွတ်တက်တာနဲ့ အတူတူပါပဲ။

နှစ်ကာလတွေ တရွေ့ရွေ့ပြောင်းလာသလို ခမ္မိက ကာလိကာ မင်းသမီးလေးနဲ့ စူဠမဏိသတို့သားတို့လည်း အရွယ်ရောက်လာကြပါပြီ။

တစ်နေ့တော့ ဆတျဝန်မင်းကြီးက သမီးတော်ထိပ်ထား ခမ္မိကကာလိကာကို ပင်တိုင်စံအမျိုစင်အဖြစ် ထားပြီး သင့်လျော်တဲ့သူနဲ့ လက်ထပ်ပေးရန် ဘုန်းသမ္မာနဲ့ ပြည့်စုံတဲ့ သတို့သားလောင်း ရှာဖွေနိုင်ရန် အမတ်ချုပ်ကြီးနဲ့ တိုင်ပင်ပါတယ်။ အမတ်ချုပ်ကလည်း ဟာဝန်ယူပြီး အိမ်ကို ပြန်လာပါတယ်။

အမတ်ချုပ်ကြီး အိမ်ပြန်ရောက်တော့ သားစူဠမဏိကို ခေါ်တိုင်ပင်ပါတယ်။ အငြိုးအတေးထားတဲ့ စူဠမဏိသတို့သားကလည်း မစားရတဲ့အမဲ သဲနဲ့ပက်မယ်ဆိုတဲ့အတွေးရှိသူမို့ သူ့အကွက်ထဲ ဝင်လာပါတော့တယ်။

'ဖခင်ကြီးခင်ဗျာ..ဖခင်ကြီးက အိမ်ဝန်းမစွမ်း ရှိနေပါပြီ။ နိုင်ငံအဝှမ်း သွားလာပြီး သတို့သားရှာရန် မသင့်လျော်ပါ။ ဝေးလံသော ခရီးကိုလည်း ဖခင် တစ်ခါမှမသွားဖူး၍ မသွားသင့်ပါ။ နောက် တိုင်းပြည်အရေးအတွက် ဖခင်မရှိလျှင်လည်း မဖြစ်၍ ဖခင်ကိုယ်စား သားတော်ကို သွားခွင့်ပြုပါ'

သားတော်မောင်ရဲ့ စကားက သင့်နေ၍ မင်းကြီးထံတင်ပြရာ မင်းကြီးက ခွင့်ပြုတော်မူ၍ စူဠမဏိက သတို့သား ရှာဖွေရန် ခရီးထွက်ပါတော့တယ်။ စူဠမဏိသတို့သားလည်း သူ့ရန်ဘက် ဘုရင့်သမီးအတွက် ကြင်ဖက်ရှာရန် တိုင်းပြည်အနှံ့ကို ရောက်ခဲ့ပါတယ်။ တောလမ်းတစ်နေရာ ရောက်တော့ ထူးဆန်းတဲ့ အဖြစ်အပျက်တစ်ခုကို တွေ့လိုက်ရပါတယ်။

ရွာသားသုံး,လေးယောက်က သစ်ပင်ကို လွှဲနဲ့ တိုက်ဖြတ်နေပါတယ်။ သစ်ပင်ပေါ်မှာက လူလင်ငယ်တစ်ယောက် ထိုင်နေတာတွေ့ရလို့ လွှတိုက်တာ ရပ်ခိုင်းပြီး အဖြစ်ကို မေးမြန်းကြည့်ပါတယ်။

'အသင်လူမိုက်၊ သစ်ပင်လှဲနေတာကို သိပါလျက်နဲ့ ဘာကြောင့် သစ်ပင်ပေါ်မှာ တက်နေရတာလဲ။ သေမှာ မကြောက်ဘူးလား'

'ကျွန်တော် သစ်ပင်ပေါ်တက်တုန်းက တက်တတ်ပြီး မဆင်းတတ်တော့လို့ ရွာသားတွေခေါ်ပြီး သစ်ပင်ကို လှဲခိုင်းရတာပါ နောင်ကြီး။ သစ်ပင်လဲသွားရင် ကျွန်ုပ်လည်း မြေပြင်ပေါ်ကို ပြန်ရောက်မှာ မဟုတ်လားဗျ'

သစ်ပင်ပေါ်က လူငယ်ရဲ့ ပေါက်ကရစကားကို ကြားလိုက်ရတဲ့ စူဠမဏိက စဉ်းစားပါတယ်။ ဒီသူငယ်ဟာ ရုပ်ရည်ရှုပကာ ကောင်းပေမယ့် အသိဉာဏ်ကင်းလွတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်၍ မင်းသမီးနဲ့သင့်မည်ဟု စဉ်းစားမိသည်သူငယ်ကို သစ်ပင်ချပေးပြီး မျိုးရိုးကို စုံစမ်းပါတယ်။

ထိုသူငယ်မှာ ပုဏ္ဏားတစ်ဦးရဲ့သားဖြစ်ပြီး ပညာကြားခြင်းလည်း မရှိခဲ့။ မိဘနှစ်ပါးတို့ကလည်း သူ့ကို စဉ်က ကွယ်လွန်ခဲ့၍ ဥတစ်လုံး တစ်ကောင်ကြွက် ဖြစ်နေတယ်။ နီးစပ်ရာရွာတွင် နွားကျောင်းပြီး ဝမ်းရေးကို ဖြေရှင်းနေရသူလို့ သိရတော့ ဒါဆို သင့်ပြီဟု ကွေးလိုက်မိတယ်။

'အသင် ကျွန်ုပ်နဲ့ လိုက်နိုင်မလား။ အဝတ်အစားစရာနဲ့ ချမ်းသာစွာနေရမယ်။ နောက်ပြီး ဘုရင့်သမီးနဲ့လည်း လက်ထပ်ရမယ်။ လိုက်နိုင်မလား'

ထိုသူငယ်လေးလည်း အစားမှန်မှန် စားနေရရင် ကောင်းပြီလို့ တွေးမိပြီး မေးမြန်းခြင်းမပြုတော့ဘဲ စူဠမဏိခေါ်ရာကို လိုက်ခဲ့တော့တယ်။

ထိုသူငယ်အား မြစ်ရေကိုချိုးစေပြီး ဝတ်ကောင်းစားတို့ကို ဝတ်ဆင်ပေး၍ ထမ်းစင်နဲ့တင်ကာ ဘုရင့်သမီးတော်ရဲ့ ကြင်ရာလောင်းအဖြစ် ခမ်းနားစွာနဲ့ ဓာရာနာဂရပြည်ကို ခေါ်လာပြီး လူယုံတစ်ယောက်အိမ်တွင်ထား၍ နန်းတော်

www.burmeseclassic.com

www.burmeseclassic.com

ရေးရာကို သွန်သင်စေပါတယ်။

မကြာမီရက်မှာတော့ စူဠဥာမဏီ နန်းတော်ကိုဝင်ပြီး မင်းကြီးကို ရှိုခိုဖြစ်ကြောင်း လျှောက်ထားပါတယ်။

'အရှင်မင်းမြတ်..အကျွန်ုပ်သည် မာဂဓတိုင်းမှ ဘုရင့်သားတော်တစ်ပါးကို အရှင့်သမီးတော်နဲ့ ထိမ်းမြားရန် ခေါ်ဆောင်ခဲ့ပါပြီ။ ဘုန်းသမ္ဘာနဲ့ ပညာပါ ပြည့်စုံပါ၍ ရှေ့တော်ကို သွင်းခွင့်ပြုပါ'

မင်းကြီးက ခွင့်ပြုတော်မူ၍ ပုဏ္ဏားလူငယ်ကို မင်းကြီးရှေ့ကို ခေါ်ဆောင်သွားပါတယ်။ မင်းသမီး ကြင်ရာတော်ရပြီဟု နန်းတော်တစ်ခုလုံး အုန်းအုန်းကျွက်ကျွက် သတင်းပျံ့သွား၍ ရုပ်လက္ခဏာကိုကြည့်ရန် လူများ လာရောက်ကြတယ်။

လူငယ်ရဲ့ရုပ်လက္ခဏာ ချောမောပုံနဲ့ ပြောဆိုနူးညံ့သည်ကို တွေ့မြင်ကြ၍ နှစ်သက်ကြကုန်တယ်။ ဘုရင်မင်းမြတ်ကလည်း လူငယ်ရဲ့ ရုပ်ရည်၊ ပြောဆိုပုံတွေကို နှစ်သက်လေတော့ ပြောစရာမလိုတော့ဘူးပေါ့။

အမတ်ချုပ်ကြီးလည်း သမီးတော် လက်ထပ်ပွဲအတွက် အထူးထူးအပြားပြားဖြစ်ရန် လေးရက်လုံးလုံး မနားမနေ ပြင်ဆင်နေရတယ်။ တစ်တိုင်းပြည်လုံးရှိ တိုင်းသူပြည်သားတွေကိုလည်း စားကောင်းသောက်ဖွယ်တွေ အလျှံပယ်ကျွေးမွေးတယ်။ နောက် မင်းသမီးတော်ရဲ့ မင်္ဂလာပွဲကြီးကို ကြီးကြီးကျယ်ကျယ် ကျင်းပပါတော့တယ်။

သတို့သားကို ပညာစမ်းပြီ

သတို့သားနဲ့ မင်းသမီးလေးတို့လည်း သူတို့အတွက် သီးသန့်ဆောက်ထားတဲ့ နန်းပြာသာဒ်တွင် စံနေကြတယ်။ ညဘက်ကိုရောက်လျှင် မင်းသမီးလေးက ရဲရွေတော်တစ်ဦးကို ခေါ်ပြီး အိပ်ခန်းဆောင်ကိုသွားစေကာ သတို့သားကို အကဲခတ်စေပါတယ်။

ရဲရွေတော် သွားကြည့်တော့ သတို့သား အိပ်ပျော်နေတာ တွေ့ရလို့ မင်းသမီးကို လာပြောပါတယ်။ မင်းသမီးသည်း ကြင်ရာတော်ထံသွားပြီး နိုးလာအောင် ခြေထောက်ကို ဆုပ်နယ်ပါတယ်။ မနိုးလာတော့ အိပ်မောကျနေတယ်ဆင်ပြီး နာဝမှာ အလွန်မွေးကြိုင်တဲ့ပန်း ထားသော်လည်း နံ့သာချေ။ နောက် စံပယ်ပန်းဆီနှင့် စဒ္ဒကူးအဆီရောပြီး ဦးခေါင်းကို လိမ်းကျံပေးသော်လည်း မနိုး။ သည်တော့ ကြင်ရာတော်ရဲ့ ခြေမကိုချိုးပြီး နှိုးသော်လည်း မနိုးတော့ မင်းသမီးသွားရပါပြီ။

ဤသူသည် မြတ်တဲ့မွေးရာ၊ မွေးပြီး အိစက်ညက်ညော်တဲ့ ဖဲမွေ့ရာပေါ်တို့တွင် အိပ်ဖူးဟန်မတူ။ အအိပ်ကြီးပြီး အနေကြမ်းသူလည်း ဖြစ်တယ်။ သူသည် မင်းသားမဟုတ်တန်ရာ၊ လူမွဲလူအမျိုးသာ ဖြစ်ပေမည်။ စူဠဥာမဏီသည် မိမိကို ငယ်စဉ်ကပြောခဲ့တဲ့ စကားကိုလည်း ကြားယောင်လာပြီး ဒေါသထွက်ကာ လုလင်ငယ်ကို အောင်းလှုပ်နှိုးပါတော့တယ်။

မင်းသမီးရဲ့ကြင်ရာတော် ပုဏ္ဏားလုလင် လန့်နိုးလာပြီး မင်းသမီးကို ကြည့်လိုက်ရာ စန္ဒာလမင်းလို ဝင်းပနေတဲ့ မျက်နှာတော်အလှကို တွေ့လိုက်ရပြီး ကြောက်ရွံ့လာခဲ့ပြီး အိပ်ရာပေါ်က အမြန်ဆင်းပြီး ကြမ်းပြင်မှာဝပ်ပြီး ခစားလိုက်ပါတယ်။

'အို..အရှင့်သမီးတော်၊ ကျွန်တော်မျိုးသည် အရှင့်သမီးတော် သလွန်မှန်း မသိပါ။ အရှင့်ရဲရွေတော်က သည်သလွန်တော်ပေါ်မှာ အိပ်ရန် ပြောချသာ အိပ်မိပါတယ်'

မင်းသမီးက သည်လူ လူယုတ်၊ လူမိုက် ဖြစ်ရမယ်လို့ တွေးပြီး ပိုမိုထင်ရှားရန် ပြည်တန်ပတ္တမြားကိုပြပြီး အကဲဖြတ်စေတယ်။ လုလင်က မဖြတ်နိုင်။ ကျောက်မျက်ရတနာကို ပြသော်လည်း အံ့သြငေးမောလို့သာနေတယ်။ နောက် အဖိုးတန်တဲ့ပန်းချီကားကို ပြပြန်တယ်။ ပုဏ္ဏားလုလင်က အဖိုးတန်မှန်း မသိ။

နောက်ဆုံး လုလင်ကို တောအုပ်ထဲကို ခေါ်သွားပြီး သည်မှာကျက်စားနေတဲ့ နွားတစ်အုပ်ကိုပြပြီး ရွေးချယ်စေပါတယ်။ နွားကျောင်းသားဖြစ်ခဲ့သူမို့ နွားတွေကိုမြင်ရတော့ ဝမ်းသာရွင်မြူးနေပါတော့တယ်။

မင်းသမီးက ထိုသူသည် အမှန်ပင် အမျိုးယုတ်သူဖြစ်ပြီး နွားကျောင်းသားအမှန် ဖြစ်ရပေမည်ဟု ယူကျုံးမရဖြစ်ကာ လုလင်ပုဏ္ဏားကို ခေါင်းတုံးရိတ်ပြီး တိုင်းပြည်က နှင်ထုတ်ရန်ကြံပြီး ကြိမ်းမောင်းပါတော့တယ်။

'အသင်လူမွဲ,လူအ၊ သင်သည် ကျွန်ုပ်နဲ့ ထိုက်တန်သူမဟုတ်ချေ။ အခုပင် သင့်ဦးခေါင်းကိုဖြတ်ပြီး တောစပ်တွင် ပစ်ထားရမယ်'

ပုဏ္ဏားလုလင်လည်း ကြောက်ရွံ့လှ၍ အနူးအညွတ် ရှိခိုးတောင်းပန်ရှာတယ်။

'အသင်မင်းသမီး..ကျွန်တော်မျိုး ဦးခေါင်းကို ဖြတ်ခြင်းဖြင့် ဘာအကျိုးရှိပါမည်နည်း'

'သင်သေခဲ့လျှင် ပိုကောင်းတာပေါ့။ ဒါမှလည်း လူနံ့၊

www.burmeseclassic.com

လူအ ဖြစ်နေတာက လွတ်မြောက်မှာမဟုတ်လား"

လုလင်ကလည်း သည်မင်းသမီးကို ငါ တစ်စုံတစ်ရာ အကျိုးယုတ်အောင် မလုပ်ဘဲ ငါ့ကို ဘာကြောင့်သတ်ချင် နေတာလဲလို့ တွေးနေပါတယ်။

"သင်သည် လူမိုက်တစ်ဦးသာဖြစ်တယ်။ သင်နှင့် သံသရာတွင် နေရခြင်းထက် မုဆိုးမဘဝနဲ့ နေရတာမှ မြတ်ဦးမယ်။ လူမိုက်နဲ့ အဆွေခင်ပွန်း တော်ရခြင်းထက် သင် မရှိတာက ကောင်းသေးတယ် လူမိုက်ရဲ့"

"ကျွန်ုပ်ကို အဘယ်ကြောင့် လူမိုက်ဟု ဆိုပါသလဲ"

"သင်သည် အတိတ်ဘဝက္ခ ကောင်းမှုကုသိုလ် မပြုခဲ့ခြင်းကြောင့် သင့်ကို လူမိုက်လို့ ငါဆိုတယ်"

"ဒါဆို အခု ကျွန်ုပ် ဘာလုပ်ရပါမလဲ"

"ဤမြို့ အပြင်ဘက်၌ အတတ်ပညာကို သင်ပေးတတ်တဲ့ ကာလီစန္ဒရရသေ့မြတ်တစ်ဦးရဲ့ ကျောင်းသခင်မ်းရှိတယ်။ ထိုရသေ့မြတ်ထံကို သွားလေ"

ခမ်မိကကာလိကာ မင်းသမီးက သန်လျက်နဲ့ရှယ်ပြီး သွားခိုင်းပါတယ်။

ညော်..လင်ဖြစ်သူအား သတ်တော့ ဘာအကျိုးရှိမှာလဲ။ ငါ့မှာသာ အပြစ်ကြီးဖြစ်ရပေမယ်။ ခွင့်လွှတ်လိုက်တာမှ သင့်မယ်လို့ တွေးလိုက်မိပါတယ်။

ဆရာအရှင်ထံပါးမှာ

ပုဏ္ဏားလုလင်လည်း မင်းသမီး ညွှန်ကြားလိုက်တဲ့အတိုင်း မြို့ပြင်ကို ထွက်ခွာလာပြီး ဟိုင်းသည်ငေးနဲ့ ရှာဖွေလာရာ ကာလီစန္ဒရရသေ့မြတ်ရဲ့ကျောင်းကို တွေ့ရပါတော့တယ်။

ရသေ့မြတ်ကို မြင်ရတဲ့ ပုဏ္ဏားလုလင်ဟာ ဇနီးသည် မင်းသမီးပြောတဲ့ စကားတို့ကို ကြားယောင်လာတယ်။

ငါ့မိန်းမသည် ငါ့ကို သတ်ရန်လုပ်တယ်။ ငါ့ကိုလည်း လူမိုက်ဖြစ်တယ်လို့ ဆိုတယ်။ တွေးမိပြီး ရသေ့မြတ်ကို ရှိခိုးလိုက်ပါတယ်။ နောက် လျှောက်ထားလိုက်ပါတယ်။

"အို..အရှင်သူမြတ်၊ တပည့်တော်ဟာ အလွန်မိုက်မဲသူပါ။ မိုက်မဲသူမို့လည်း တပည့်တော်မိန်းမက အိမ်မှ နှင်ထုတ်လိုက်လို့ တပည့်တော် ဘာလုပ်ရမည်ကို အမိန့်ရှိတော်မူပါဘုရား"

ရသေ့မြတ်ကလည်း လူငယ်လေးရဲ့ အတိတ်ပါရမီတို့ ရင့်သန်လာခဲ့ပြီကို မြင်မိပါတော့တယ်။

"အို..လုလင်ငယ်၊ သင်သည် ကြီးကျယ်မြင့်မြတ်တဲ့ ပညာရှိကြီးပါတကား။ သည်လောကၦ သင်နှင့်တူတဲ့ ပညာရှိသည် မရှိ။ စိတ်ကိုသက်သာစေပါတော့။ သင် ငါ့ထံ၌ ကောင်းတဲ့အကျင့်ကို ကျင့်၍ ငါပေးတဲ့မန္တန်ကို ရွတ်ဆိုလော့"

ပုဏ္ဏားလုလင်လည်း ရသေ့ကြီးပေးတဲ့ မန္တန်ကို ကြောက်ကြောက်နဲ့ သုံးရက်မျှ အချိန်မပြတ် ရွတ်ဆိုနေပါတယ်။

ခမ်မိကကာလိကာ မင်းသမီးလည်း မိမိလင်ယောကျ်ားလုလင်ကို နန်းတော်မှ နှင်ထုတ်ပြီး တစ်ပတ်မျှအကြာမှာ မြို့ပြင်မှာ သီတင်းသုံးနေတဲ့ ရသေ့မြတ်ကို ဖူးမြော်ရန် ရောက်လာပါတယ်။ ရသေ့မြတ်အနီး၌ ယောကျ်ားတစ်ဦး ထိုင်နေတာကိုတွေ့၍ မည်သူလဲဟု သိနိုင်ရန် အနားသွားပြီး ကြည့်ပါတယ်။

ထိုယောကျ်ားက သမာဓိကို ဖြစ်စေပြီး မန္တန်ကို သရဇ္ဈာယ်နေပြီး လူပ်ရှားခြင်းမရှိပေ။ သည်အခါမှာ မင်းသမီးက ရံရွေတော်မှတစ်ဆင့် ပုဏ္ဏာတစ်ပုဒ်ကို မေးခိုင်းပါတယ်။

အနိလစရံ၊ ဂမိနာဆတိ။ ဒွိပဒိနိုက်ဝဇ္ဇိရှယတော ဂျမလ ဆေဗျဋ္ဌိတံ၊ ပဒုမံ။ ကံပိကံ ကေနဖောတုနာ။ (သက္ကဋ္ဌဂါထာ)

ယခုအခါ လေသည် မတိုက်ခတ်ပါ။ ငှက်ကိုသော်လည်းကောင်း၊ တစ်စုံတစ်ယောက်သောသူကိုသော်လည်းကောင်း မမြင်မိပါ။ သို့ပါလျက် ရေထဲရှိတဲ့ ကြာပန်းသည် အဘယ်ကြောင့်လူပ်လျက်ရှိပါသနည်း။

လုလင်မှာ ရသေ့မြတ်ရဲ့ အမိန့်အတိုင်း မန္တန်ကို ရွတ်ဆိုလာခဲ့သည်မှာ သုံးရက်ရှိပြီဖြစ်၍ ပညာရှိကြီးတစ်ဦး ဖြစ်နေလေပြီ။ ရံရွေတော်မေးသော အမေးကို ကြားလိုက်ရတဲ့ လုလင်မှာ မျက်စိဖွင့်ကြည့်လိုက်တော့ မကြာခင်က လက်ထပ်ခဲ့တဲ့ ဘုရင့်သမီးတော်ကို မြင်လိုက်ရ၍ အမေးပုဏ္ဏာကို ဖြေကြားလိုက်ပါတယ်။

"ပါဝကို ဆရှိယဉ္ဇဝဏ္ဏာခယ၊ ရှရပရယာဗန္ဓနံကြောမောက္ခံ နလဘတေ၊ တံ ပိတံ တေနဟောတူ။ (သကဋ္ဌဂါထာ)

"အို..ကန္တမီးမှထွက်သော အခိုးသည် ညှိသောအရောင်ရှိ၏။ ထိုအခိုးသည် ညှ၏ အမှောင်မိုက်ကြောင့် အပြင်ထွက်သည်ကို မမြင်ရ၍ ဤအကြောင်းကြောင့်သာ ကြာလျက် ရှိသည်ကို မြင်ရသည်"

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်ုပ်အမေးကို ဖြေကြားသောသူသည် မည်သူဖြစ်သနည်း"

မင်းသမီးက မေးလည်းမေး၊ အနားကိုသွားပြီး မျက်နှာကို ကြည့်လိုက်ရာ မကြာမီကမှ မိမိနှင်ထုတ်လိုက်တဲ့ ယောကျ်ားဖြစ်နေတာကို တွေ့ရပါတော့တယ်။ ဘုရင့်သမီးတော်လည်း ကာလီစန္ဒရ ရသေ့မြတ်ကို ဦးစွာရှိခိုးပြီး လုလင်အား တောင်းပန်ပါတယ်။

"အို...အရှင်မြတ်၊ တပည့်တော်မှာ အပြစ်ရှိပါတယ်။ ဤအပြစ်ကို သည်းခံတော်မူပါ။ တပည့်တော်မ မိုက်မဲမိ၍ အရှင့်အား ဒုက္ခပေးမိပါတယ်"

"အို...ဘုရင့်သမီးတော်၊ သင့်အပြစ် မပါပါ။ ကျွန်ုပ်တို့တရားသာဖြစ်တယ်။ သည်လိုအသိဉာဏ်ရှိခြင်းသည် သင့်ကျေးဇူးပင် ဖြစ်ပါတယ်။ သည်လမ်းစဉ်ကို သင်ပင် ညွှန်ကြားခဲ့သည် မဟုတ်လော။ သင်သည် ကျွန်ုပ်ရဲ့ ဆရာသာ ဖြစ်ပါတယ်။ အခုအခါတွင် ကျွန်ုပ်တို့ အချင်းချင်း နီးမောင်နှံအဖြစ် နေရှုမသင့်လျော်ပါ။ ယနေ့မှစ၍ ကျွန်ုပ်သည် ကာလီ ဒါသဖြစ်လေပြီ"

ကာလီဒါသလည်း ဆရာရသေ့မြတ်ကို ရိုသေစွာကန်တော့ပြီး အရပ်တစ်ပါးကို ထွက်သွားပါတော့တယ်။

ရက်မကြာမီ ကာလီဒါသသည် ဘောဇဘုရင်ရဲ့ ကျော်ကြားသတင်းကို ကြားသိရတော့ ဓာရာနာဂရတိုင်းကို လာခဲ့ပါတော့တယ်။ ဘောဇဘုရင်လည်း ကာလီဒါသသည် ပညာတတ်တို့ ကြီးရင့်သည်ကိုသိရတော့ မိမိအနားတွင် နေစေပြီး ညာရှိတို့၏ အကြီးအမှူးအဖြစ် ခန့်အပ်ခြင်းကို ခံရလေတော့တယ်။

ကာလီဒါသဖြေရှင်းရသည့် ပြဿနာများ

တိတ်တိတ်နေ ထောင်တန်သည်။

ကာလီဒါသ ဘောဇဘုရင်ထံကို ရောက်ရှိခစားပြီး ကြာခင်မှာပဲ ပြဿနာတစ်ခုကို ဖြေရှင်းလိုက်ရပါတယ်။ သေး၊ ရဟန်းတို့ ရွေ၊ ငွေ မကိုင်ရဆိုတဲ့ ပြဿနာပါပဲ။

တစ်နေ့ ဟိမဝန္တာတောင်မှ ရသေ့တစ်ပါး ဘောဇဘုရင် နန်းတော်ကို ရောက်လာပါတယ်။ ဘောဇဘုရင်က သူ့ရသေ့ကို နေရာပေးပြီး ပြုစုလုပ်ကျွေးပါတယ်။ သူ့ရသေ့သည် ငြိမ်သက်တည်ကြည် ဣန္ဒြေနဲ့ပြည့်စုံပြီး သေး၊ ရဟန်းတို့ရဲ့ ဂုဏ်သိက္ခာကိုလည်း ဆောင်တယ်။ ဘောဇဘုရင်လည်း ကြည်ညိုလွန်းတော့ သည်ရသေ့ ပြန်သွားခါ ရွေ၊ ငွေ၊ ရတနာများစွာကို လှူဒါန်းလိုက်ပါသေးတယ်။

ရသေ့ ပြန်ကြွသွားပြီးနောက် ဘောဇမင်းကြီးဟာ ရသေ့ရဲ့ သီလ၊ သိက္ခာကို အာရုံပြုပြီး တည်ကြည်တဲ့ ဣန္ဒြေကို ကြည်ညိုလေတယ်။ နောက်တစ်နေ့ ညီလာခံမှာတော့ ဘောဇဘုရင်က ရသေ့ရဲ့အကြောင်းကို ဝမ်းသာအားရ စွာနဲ့ ပြောပြကြည်ညိုလေတယ်။ မင်းကြီး ဦးတည်ပြောချင်တာက ကာလီဒါသကိုဆိုတော့ တဲ့တိုးပဲပြောလာပါတယ်။

"အချင်းကာလီဒါသ...ငါ့ရဲ့ဆရာရသေ့သည် အလွန်ကြည်ညိုစရာကောင်းပြီး သီလ၊ သိက္ခာနဲ့လည်း ပြည့်စုံတော်မူလို့ ရွှေ၊ငွေများကိုပါ ငါလှူလိုက်သေးတယ်။ အသင့်မှာကော သည်လိုကြည်ညိုဖွယ်ကောင်းတဲ့ ရသေ့၊ ရဟန်းများရော ရှိပါသလား"

ကာလီဒါသလည်း ဘောဇမင်းကြီးအား ပညာပေးရန် အကြံဖြစ်လာပါတယ်။

"ရှိပါတယ် မင်းကြီး။ ကျွန်တော်မျိုးဆရာ ရသေ့ဟာ ရွှေ၊ငွေများကို လုံးဝအလှူမခံ၊ မကိုင်ပါ။ လောဘ၊ ဒေါသ၊ မောဟ၊ မာန တရားလေးပါးလည်း မရှိပါ။ သီလ၊ သိက္ခာ၊ သမာဓိနဲ့လည်း အလွန်မှ ပြည့်စုံလှပါတယ်ဘုရား"

"ဒါဆို အသင့်ဆရာ ဘယ်မှာရှိသလဲ။ ကျွန်ုပ် ဖူးမြော်ချင်ပါတယ်။ နန်းတော်ကို ပင့်ချေပါ"

"အခု ကျွန်တော်မျိုးရဲ့ ဆရာရသေ့ကို မဖူးမြော်နိုင်သေးပါ။ တစ်ခါတစ်ရံမှသာ ကြွလာပါတယ်ဘုရား။ ကြွလာတဲ့အခါ မင်းကြီးအား လျှောက်ထားပါမည်"

ကာလီဒါသမှာ ဆရာရှိတယ်လို့ ပြောထားတော့ မင်းကြီး မသိအောင် ဆရာကို ရှာရဖို့တာဝန် ရှိလာပါတယ်။ မင်းကြီးက ငါဆိုတဲ့ ရာဇမာန်နဲ့ ငါ့မှာ ဆရာရှိတယ်လို့ ပြောတာကို မနှစ်သက်။ နောက် ရသေ့၊ ရဟန်းတို့ကို

www.burmeseclassic.com

ရွေ့ငွေလျှုတာလည်း မကြိုက်တော့ သည်အမှားတွေကို ပြုပြင်ရန်နဲ့ ဘုရင်ကို ဆုံးမရန်အတွက် ဆရာမရှိဘဲ ဆရာရှာရန်တွေးပြီး အိမ်ကို ပြန်လာပါတယ်။

ကာလီဒါသလည်း မည်သူ့ကို ဆရာဟူ၍ ပြရမည်နည်းဟုတွေးပြီး မြို့လယ်တစ်လျှောက် လျှောက်လာပါတယ်။ သည်အချိန်မှာ အဘိုးအိုတစ်ဦးဟာ ထင်းစည်းကို ထမ်းပြီး ပင်ပန်းစွာ လိုက်ရောင်းချနေတာကို တွေ့ရတော့ ကာလီဒါသလည်း နောက်က လိုက်ပါတော့တယ်။

အဘိုးအိုလည်း လမ်းတကာလှည့်ပြီး ထင်းရောင်းနေရ၍ မောနေပြီး အမောဖြေရန် သစ်ပင်ရိပ်တွင် ဝင်နားနေတာတွေ့ရ၍ ကာလီဒါသလည်း ဝင်လိုက်သွားပါတယ်။

'အို..အဘိုး၊ သင့်မှာ အရွယ်ကလည်း ကြီးလေပြီ။ ပစ္စည်းဥစ္စာလည်း မွဲဟန်ရှိလေတယ်။ ကျွန်ုပ် စောင့်ရှောက်ပါရစေ။ ကျွန်ုပ်နောက် လိုက်ခဲ့ပါ အဘိုး'

အဘိုးအိုလည်း ကာလီဒါသစကားကို သဘောတူပြီး ကာလီဒါသနောက်ကို လိုက်လာပါတော့တယ်။ ကာလီဒါသ အိမ်ကိုရောက်တော့ အဘိုးအိုအား မုတ်ဆိတ်ကျင်စွယ်တို့ကို သုတ်သင်စေတယ်။ လောဘ၊ ဒေါသ၊ မောဟ ကင်းဟန်ဆောင်စေပြီး ဝတ်ဖြူစင်ကြယ်နဲ့ ဘုရားကျောင်းတွင် သွားနေစေတယ်။

ဘုရားကျောင်းကို ဘုရင်၊ သူဌေး၊ သူကြွယ်၊ မင်းညီမင်းသားတို့ လာရောက်တတ်လို့လည်း ပြောထားပြီး ပုတီးကို မှန်မှန်စိပ်ရန် မှာထားပါတယ်။



'အို..အဘိုး၊ ကျွန်ုပ်သည် အခြားသူ မဟုတ်ပါ။ ဤဓာတုတိုင်းမှာ နာမည်ကြီးတဲ့ ပညာရှိအမတ် ကာလီဒါသ ဖြစ်ပါတယ်။ ကျွန်ုပ်စကားကို လိုက်နာပါက ရွှေ့ငွေဥစ္စာများကို ပေးပါမယ်။ မလိုက်နာပါက သင့်ကို အဆုံးစီရင်ရလိမ့်မယ်'

'အရှင့်ရဲ့ အမိန့်အတိုင်း ကျွန်ုပ်လိုက်နာပါ့မယ်'

အဘိုးအိုက ဆင်းရဲသူဖြစ်၍ ကာလီဒါသရဲ့စကားကို နားထောင်ပါက မုချချမ်းသာမည်ကိုတွေးမိ၍ ကတိခံလိုက်ပါတယ်။

အဘိုးအိုကို ဂုရုဒေဝ အမည်နဲ့ သူတော်စင်အသွင်ဆောင်နေစေပါတယ်။ ကာလီဒါသ မှာထားတဲ့အတိုင်း ဧည့်သူနဲ့မှ စကားမပြောဘဲ ပုတီးကိုသာ မှန်မှန်စိပ်၍နေပါတယ်။ ကာလီဒါသ စိတ်ကျေနပ်မှုရှိသွားမှ နန်းတော်ကိုဝင်ပြီး ဘောဇဘုရင်ကို လျှောက်ထားပါတော့တယ်။

'အရှင်မင်းကြီး..ကျွန်ုပ်ရဲ့ဆရာသခင် သူတော်စင်သည် အခု ဘုရားကျောင်းတွင် သီတင်းသုံးနေပါပြီ။ မကြာမီ ပြန်ကြွမည်ဖြစ်၍ အရှင်မင်းမြတ် ဖူးမြော်နိုင်ရန် တောင်းဆိုထားရပါတယ်။ ကျွန်ုပ်ကတော့ လိုက်ခွင့်မရှိပါ။ အရှင်မင်းကြီးသာ သွားရောက်ဖူးမြော်ခွင့်ရှိပါတယ်'

ဘောဇမင်းကြီးလည်း ဆရာကာလီဒါသရဲ့ ဆရာအဆိုသူကို လွန်စွာမျှဖူးမြော်ချင်နေတော့ ချက်ချင်းပင် ဘုရားကျောင်းကို ကြွသွားပါတယ်။ ဘုရားကျောင်းကိုရောက်တော့ သူတော်စင်ကို ကန်တော့ပြီး မေးလျှောက်ပါတယ်။

'အရှင်မြတ်..ဘယ်အရပ်က ကြွလာပါသလဲ။ ဘုန်းတော် မည်သို့ရှိပါသလဲ'

ဂုရုဒေဝသည် မင်းကြီးအား မည်သို့မျှ ပြန်မပြောပုတီးကိုသာ စိပ်နေပါတယ်။ မင်းကြီးကလည်း မိမိသည် ဓာတုတိုင်းမှ ဘောဇဘုရင်ဖြစ်ပြီး လိုတာကို ရနိုင်ပေတယ်လိုတာကို အလျှုခံပါ။

မင်းကြီး ဘယ်လိုပြောပြော ဂုရုဒေဝသူတော်စင်ကတုံ့ကိုဘာဝေသာနေပြီး သူ့အလုပ်သာ သူလုပ်နေပါတယ်။ မင်းကြီးလည်း ဘာမှဆက်မပေးတော့ဘဲ အဖိုးထိုက်တန်တဲ့ ပုလဲကုံး၊ ရွှေ၊ ငွေရတနာတို့ကို စုပုံပြီး လှူသော်လည်းကြည့်ပင်မကြည့်ဘဲ မျက်စိမှိတ်ကာ စိပ်နေပါတယ်။ ဘောဇမင်းကြီးလည်း လှူဒါန်းပြီးတဲ့ ရတနာတို့ကို မင်းချင်းတင်အား ခေါ်၍ ကာလီဒါသအိမ်ကို ပို့စေပါတယ်။

သူတော်စင်ကို ဦးချပြီး ဘောဇမင်းကြီး နန်းတော်

www.burmeseclassic.com

www.burmeseclassic.com

ပြန်သွားပါတော့တယ်။ နောက်တစ်နေ့မှာတော့ ညီလာခံမှာ ကာလီဒါသရဲ့ သူတော်စင်အကြောင်းကို မိန့်ဆိုပါတယ်။

'အသင် ကာလီဒါသ..သင့်ရဲ့ဆရာသခင်သည် အလွန်နူးညံ့လွန်းပြီး သီလ၊ သမာဓိ၊ ဣန္ဒြေနှင့် ပြည့်စုံလှပါတယ်။ ကျွန်ုပ်လျှဒါန်းတဲ့ ရွှေ၊ ငွေ၊ ရတနာတို့ကိုလည်း အလျှမခံ၊ မေးလည်းမမြေ့ တံဏှိဘာဝေ နေစိမ့်၏'

ဘောဓမင်းကြီးက အပြစ်တင်သလို မိန့်ဆိုလိုက်ပါတယ်။

'အရှင်မင်းမြတ်..ဤလောကၠ အရာဌာနကိုကြည့်ပြီး တိတ်တိတ်မနေတတ်သောသူသာလျှင် လူနံ့၊ လူအ၊ လူညံ့ဖြစ်ပါတယ်။ ဆိတ်ဆိတ်နေခြင်းဟာ အမြတ်ဆုံးဖြစ်၍ သူတော်စင်က စကားမပြောခြင်း ဖြစ်ပါတယ်'

ဆရာကာလီဒါသက မင်းကြီးအား ဆတ်ဆတ်လေးဆုံးမလိုက်တော့ မင်းကြီးလည်း မိမိ ဆိတ်ဆိတ်မနေတတ်၍ သူတော်စင်အား စကားသွားပြောမိ၍ မိမိသာ အရာဌာနကို ဧသေသော လူနံ့၊ လူအ၊ လူညံ့ ဖြစ်နေပါပေါ့လားလို့တွေးမိပြီး ဆိတ်ဆိတ်သာ နေလိုက်ပါတယ်။

'ကျွန်ုပ်ရဲ့ ဆရာသခင်မှာ စကားလည်းမပြော၊ အလှူလည်းမခံ၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန စတဲ့ အညစ်အကြေးလည်း မရှိပေ။ မင်းကြီး ဖူးမြော်ချင်လွန်း၍သာ အဖူးမြော်ခံရပါတယ်လို့ မဖူးခင်ကပင် လျှောက်တင်ထားပြီး ဖြစ်ပါတယ်။ မင်းကြီးသာလျှင် သူတော်စင်မြတ်အား လောဘအာရုံကိုပြ၍ ဖျက်ဆီးခြင်းသာ ဖြစ်ပါတယ်။ ဒါကြောင့်သာလျှင် သူတော်စင်သာသည် မင်းကြီးအား ဓနမာန်၊ ရာဇမာန် တက်သူတစ်ဦးဟုသိ၍ စကားမပြောခြင်း ဖြစ်ပါတယ်။ ကျွန်တော်မျိုးသည် ဤပုဂ္ဂိုလ်မျိုးကိုသာ ဆရာတင်ပါတယ်'

ကာလီဒါသက အချက်ကျကျနဲ့ ဘောဇဘုရင် သံဝေရရှေ့ လျှောက်ထားလိုက်ပါတယ်။

သြော်..ရသေ့၊ ရဟန်းတို့မည်သည် လောဘ အစရှိတဲ့ အရာတို့ ကင်းကြကုန်ပါလားလို့ တွေးမိ၍ နောင်တ၊ ရပါတယ်။

'သင့်ရဲ့ဆရာသာ သူတော်စင် သူတော်မြတ် ဖြစ်ပေတယ် ကာလီဒါသ'

ဘောဓမင်းကြီးလည်း သည်စကားသာဆိုပြီး ညီလာခံသိမ်းလိုက်ပါတယ်။ ကာလီဒါသလည်း အဘိုးအိုကို လျှို့ဝှက်စွာခေါ်ပြီး သည်ကိစ္စ မည်သူမျှမသိစေရန် ကတိခံစေပြီး ရွှေ၊ ငွေ၊ ရတနာများပေးကာ အလိုရှိရာကို သွားခိုင်းလိုက်ပါတယ်။

<u>သရဲတစ်ကောင်ရဲ့ အမေးပုစ္ဆာ</u>

ရာသီဥတုသာယာတဲ့ နေ့တစ်နေ့မှာ ဓာရာနာဂရပြည့်ရှင် ဘောဓမင်းကြီးနဲ့ မိဖုရား၊ မောင်းမမိသည်၊ မျှူးမတ်တွေနဲ့အတူ ကာလီဒါသကိုပါ ခေါ်ဆောင်ပြီး ဥယျာဉ်ကစားထွက်တော်မူတယ်။

ဘောဓမင်းကြီး ဥယျာဉ်တော်ကိုရောက်တော့ ဥယျာဉ်အတွင်းမှာရှိတဲ့ သစ်ပင်ပန်းမန်တို့မှ ပွင့်နေတဲ့ ရောင်စုံပန်းများ၊ စားချင်စရာ အသီးအနှံများနဲ့ ဝေဝေဆာဆာ သီးပွင့်နေတာကို တွေ့ရတော့ သည်ဥယျာဉ်မှာ ယာယီစံနန်းတစ်ဆောင် ဆောက်လုပ်ရန် အကြံဖြစ်တော်မူတယ်။

သည်အကြံကို အကောင်အထည်ဖော်ရန် လက်စွဲဗိသုကာများကိုခေါ်ပြီး စံနန်းပြာသာဒ်နဲ့ ဗိမာန်တော်ကို ဆောက်လုပ်ခိုင်းပါတယ်။ ဗိသုကာအကျော်တို့လည်း နတ်ဘုံနတ်နန်းတမျှ အဆန်းတကြယ် ဆောက်လုပ်ကြပါတော့တယ်။

ဆောက်လုပ်ပြီးသွားတော့ မင်းကြီးနဲ့တကွ ဧည့်သည်တွေလာပြီး မတည်းခိုမီ သရဲတစ်ကောင်က သည်ဗိမာန်ကို အပိုင်စားယူပြီး နေထိုင်ပါတော့တယ်။

သည်သရဲက ဗိမာန်မှာ လာရောက်တည်းခိုသူတိုင်းကို ဖမ်းယူစားသောက်နေရာ ကြားသိရတဲ့ ပြည်သူများ ချောက်ချားစပြုလာပါတယ်။ ထိုသရဲက ပညာရှိက သေလို့ သရဲဖြစ်တာလို့ ဆိုရမယ်။

သရဲက သူ ဖမ်းပြီးစားသောက်မယ့်လူကို ပုစ္ဆာအရင်မေးတယ်။ မဖြေနိုင်ရင် ဖမ်းစားတာကိုး။ သရဲမေးတဲ့ ပုစ္ဆာကလည်း ပါဒအပြည့်အစုံမရှိတော့ မဖြေနိုင်ကြဘူးပေါ့။ ဒါကြောင့်လည်း ဒီဥယျာဉ်ထဲက ဗိမာန်မှာ ဘယ်သံတမန် ဧည့်သည်တွေမှ မတည်းရဲတော့ဘူးတဲ့။

နောက်ဆုံး ဒီသတင်းကို ဘောဓမင်းကြီးကြားတော့ ထိုသရဲကို နှင်ထုတ်နိုင်ဖို့ ပြည်တွင်း၊ပြည်ပမှာ ကျော်ကြားတဲ့ ပဃောဂဆရာတွေကို ပင့်ခေါ်ပြီး ဆေးဝါး၊ မန္တရား၊ မန္တန်တွေနဲ့ နှင်ပေမယ့် သရဲက မဖြဲ့ဘဲ ဆရာအသီးသီးသာ ပြေးကြရတယ်။

သည်အချိန်မှာ ကာလီဒါသလည်း လူတို့ထံမှ အကြောင်းစုံကိုသိပြီး သရဲအား နှင်ထုတ်နိုင်ရန် အမျိုးမျိုး စဉ်းစားပြီး ဘောဓမင်းကြီးထံ ခစားပါတယ်။

'အရှင်မင်းမြတ်..တည်းခိုဗိမာန်တွင် ဆိုးသွမ်းလှုတဲ့

www.burmeseclassic.com

သရဲသည် လူဘဝက ပညာရှိပုဏ္ဏားတစ်ယောက် ဖြစ်နိုင်ပါတယ်။ ထိုပုဏ္ဏားသရဲသည် တစ်စုံတစ်ရာကို စွဲလမ်းစိတ်နဲ့ သေခဲ့ပြီး အယူတိမ်းကာ အစိမ်းသရဲ ဖြစ်ဟန်ရှိပါတယ်။ ဤသရဲအား မန္တန်နဲ့နှင်ထုတ်၍ မအောင်မြင်သော် ကျမ်းဂန်နဲ့ နှင်ထုတ်ပါက အောင်မြင်ပါတယ်။ သို့တွက်ကြောင့် ကျွန်ုပ်အား ထိုဗိမာန်တွင် သွားရောက်နေခွင့်ပြုပါ အရှင်မင်းမြတ်"

ကာလီဒါသ လျှောက်ထားတာကို ဘောဇမင်းကြီး ကြားရတော့ အံ့အားသင့်ပြီး သွားမအိပ်ရန် တားပါတယ်။

"အချင်းကာလီဒါသ...ဤမျှရာန့်ရင်းကြမ်းတမ်းပြီး လူတို့ကိုပင် ဖမ်းပြီးစားသောက်နေတဲ့သရဲနဲ့ အတူသွားရောက် မအိပ်ပါနဲ့ ကာလီဒါသ"

ဘောဇမင်းကြီးက စိုးရိမ်ပြီးတားသော်လည်း ကာလီဒါသ လျှောက်ထားတဲ့စကားမှာ သင့်နေတော့ နောက်ဆုံး အိပ်ခွင့်ပေးရပါတော့တယ်။ ကာလီဒါသလည်း ညဉ့်သို့ ရောက်လျှင် ဗိမာန်မှာသွားပြီး အိပ်စက်ရန်ပြုလေတယ်။ ညဉ့်တစ်ချက်တီးခိုက်ကျတာနဲ့ သရဲရောက်လာပြီး သင်္ကန်းရိုက်ဂါထာနဲ့ ကာလီဒါသကို မေးပါတော့တယ်။

ဆရာဗထယဒွေ-အလုံးစုံသောသူတို့၏ဟူ၍ ဖြစ်ပါတယ်။ သရဲမေးတဲ့ဂါထာကို ကာလီဒါသက ဂါထာဖြင့်သာ ပြန်ဖြေပါတယ်။ ဆမတိကုမတိ ဆမွက္ကိဟောတု-ကောင်းသောဥစ္စာ၊ မကောင်းသောဥစ္စာ နှစ်မျိုးလုံးသည် ပျက်စီးခြင်း ရှိ၏။

ကာလီဒါသရဲ့ အဖြေကို သရဲကြားရတော့ ဆက်မေးခြင်းမပြုတော့ဘဲ ထွက်ခွာသွားပါတော့တယ်။ နောက်နှစ်ချက်တီးအချိန်တွင် ပြန်ရောက်လာပြီး မေးပြန်တယ်။

ဗြဒ္ဓါဃုနာ-အိုမင်းသောအရွယ် ဖြစ်သည်နှင့်တစ်ပြိုင်နက်။ သရဲမေးတဲ့ ဂါထာကို ကာလီဒါသက တစ်မှုတ်ချင်းပင် ဖြေလိုက်ပြန်တယ်။

ဆမာမရိ ကျယတကျယတေ ကာမိနီဘိး-နုနယ်ပျိုမျစ်သူကို ချစ်မိလျှင် ချစ်မိချင်း အဘိုးအိုကို စွန့်လွှတ်၏။

ဤအဖြေကို သရဲကြားရပြန်သော်လည်း တိတ်ဆိတ်စွာ ထွက်ခွာသွားပြန်တယ်။ နောက်တစ်ခါ သုံးချက်တီးအချိန်မှာ သရဲရောက်လာပြန်တယ်။

ဇကိဂေါဠြော-ဒီဂါထာကို သရဲက မေးပြန်ရာ ကာလီဒါသ ဆရာက မဆိုင်းမတွပင် ပြန်ဖြေလိုက်ပါတယ်။

ပြဘဝတိ ပုမာန်ယံး ကုဋ္ဌမ္ဟဲ့ဗိဂျာကေ-အခြံအရံနှင့်

တကွသော အိမ်သားတို့ကို လုပ်ကျွေးမွေးမြူနိုင်သူသည် တစ်ယောက်တည်းသာ ဖြစ်၏။

ဆရာကာလီဒါသရဲ့ အဖြေကိုကြားရပြီး သရဲ ထ
မမေးဘဲ ထွက်သွားပြန်တယ်။ လေးချက်တီး(လေးနာရီ
သရဲ ထပ်ရောက်လာပြီး ဂါထာတစ်ပုဒ် ရွတ်ပြန်တယ်

ဆတျုပုဝကျ-မိန်းမသည် ယောကျ်ားနှင့် တန်းတူ

သရဲအမေးဂါထာကို ဆရာကာလီဒါသက ပြန်
လိုက်ပြန်တယ်။

ပြဘဝတိယဒါတဒ္ဓိဂေတံ- ထိုအိမ်သည် ပျက်စီး

ကာလီဒါသ ဖြေကြားလိုက်တဲ့ ဂါထာအားလုံး
ပေါင်းစုလိုက်တော့ သည်လိုအဓိပ္ပာယ်ထွက်လာပါတယ်

အလုံးစုံသောသူတို့၏ ကောင်းသောဥစ္စာ၊ မကော
သောဥစ္စာတို့သည် ပျက်စီးရခြင်းအကြောင်းရင်း ရှိကုန်
အိုမင်းမစွမ်းသောအရွယ်သို့ ရောက်သောအခါ နုနယ်ပျို
သောသူကို တွေ့ရှိသော မိန်းမသည် အဘိုးအိုအား စွန့်
ခွာသွားတတ်၏။

အမျိုးအနွယ်တစ်ခုၦ အခြံအရံနှင့်တကွ တစ်အိမ်လုံး
လုပ်ကျွေးနိုင်သူသည် တစ်ဦးတည်းသာ ရှိတတ်၏။ မိန်း
ယောကျ်ားနှင့် တန်းတူအခွင့်အရေးပေးခဲ့လျှင် ထိုအိမ်
ပျက်စီးတတ်၏။

ဤကဲ့သို့ သရဲမေးခဲ့သည့် ပြဿနာလေးခုကို
ကာလီဒါသ ဖြေကြားပြီးတဲ့အခါ သရဲလည်း ဆရာ
ဒါသကို လေးစားကြည်ညိုလာသောကြောင့် တစ်စုံတ
အနှောင့်အယှက်မပေးတော့ဘဲ ဗိမာန်အိမ်တော်မှ တ
တာပတ်လုံး ဖယ်ခွာသွားပါတော့တယ်။

ကောင်းကျိုးလိုရာပြည့်

**မောင်လှယဉ်(မော်

www.burmeseclassic.com

www.burmeseclassic.com

(၁)

သူ၏အသက်မှာ (၃၀)ကျော်ပြီး အိမ်ထောင်မပြုဘဲ လူပျိုကြီးဘဝဖြင့် အမေအိုကြီးကို လုပ်ကျွေးနေသူဖြစ်လေသည်။ သူသည် လယ်သူရင်းငှား အလုပ်ဖြင့် အသက်မွေးလေသည်။

သူနှားရွာက်တစ်ဖက်မှာ မွေးစကတည်းက လိပ်နေသဖြင့် တစ်ရွာလုံးက သူ့အား နားလိပ်ကြီး(နလိပ်ကြီး)ဟု ခေါ်ကြလေသည်။ နာမည်အရင်းမှာ စံထွန်းဖြစ်၏။ သူ့ထံသို့ ဘယ်သည်လာသည်ဆိုလျှင် စံထွန်းဟူသော အမည်ရင်းကို မေး၍မရ။ နားလိပ်ကြီးဟု မေးမှ သိကြလေသည်။

လယ်သူရင်းငှား လုပ်ကိုင်ရင်း အားလပ်သော အချိန်များတွင် သူသည် အလုပ်မရှောင်ဘဲ လုပ်ကိုင်၏။ သစ်ခေါင်း ခိုင်၊ ထင်းဖြတ်၊ ရေခပ်၊ ခြံကာသည့်လုပ်ငန်းမှစ၍ ယုက္ကဒအဆုံး အိမ်သာကျင်းတူးသည့် လုပ်ငန်းအထိ မရွှေ့မပြောင်း လုပ်ကိုင်လေသည်။

တစ်နေ့သ၌ သူတို့ရွာတွင် ရွာသူကြီးသမီး၏မင်္ဂလာဆောင် ရှိလေသည်။ သတို့သားမှာ တစ်ဖက်ရွာမှ သူကြီးသား ဖြစ်လေသည်။ မင်္ဂလာဆောင်သို့လာသော ဧည့်သည်များအား ကျွေးမွေးရန်အတွက် သတို့သားဘက်မှ ဝက်နှစ်ကောင်ကို သတို့သမီးသို့ ပေးလေသည်။

သတို့သမီး၏ဖခင် သူကြီးက ဝက်သွားယူရန် တာဝန်ကို နားလိပ်ကြီးအား ပေးလေသည်။

ဟော့ကောင် နားလိပ်ကြီး၊ ဟိုဘက်ရွာက သတို့သားက မင်္ဂလာဆောင်အတွက် ဝက်နှစ်ကောင် ပေးလိမ့်မယ်

www.burmeseclassic.com

www.burmeseclassic.com

ငင်း သွားယူချေကွာ။ ခပ်စောစောကလေးသွား။ ကြားလား'

'ဟုတ်ကဲ့ သူကြီး'

'နေဦး..နေဦး။ ဟိုမှာကတည်းက ကိစ္စပြီးစီးအောင် လုပ်ခဲ့၊ ကြားလား။ ဒီကို အရှင်ကြီး ယူမလာနဲ့'

ဝက်ကိုသတ်သည်ကို သူကြီးက မမြင်လိုသဖြင့် ဝက်အသေကိုသာ ယူလာရန် ကြိုတင်မှာကြားနေခြင်း ဖြစ်လေသည်။

'သာအေး လှည်းနဲ့ နွားကို ယူသွား'

ဤသို့ဖြင့် မင်္ဂလာဆောင်ရက်မတိုင်မီ တစ်ရက်အလို၌ နားလိပ်ကြီးသည် တစ်ဖက်ရွာသို့ ဝက်ယူရန် ဦးသာအေး၏ လှည်းနှင့် နွားကိုယူပြီး လှည်းမောင်း၍ ထွက်လာခဲ့လေသည်။

ဦးသာအေး၏လှည်းမှာ ဟောင်းနွမ်းအိမင်းနေပြီ ဖြစ်လေသည်။ နွားများမှာလည်း နှစ်ကောင်စလုံးသည် နွားအိုကြီးများ ဖြစ်ကြ၏။ ကြိမ်တို့၍ မောင်းသော်လည်း ခပ်ဖြည်းဖြည်းသာ သွားလေသည်။ နားလိပ်ကြီးသည် ရွာမှ ညနေစောင်းတွင် ထွက်လာခြင်း ဖြစ်၏။

သူတို့ရွာမှ သတို့သားရွာသို့အသွား လမ်းတစ်ဝက်လောက်တွင် လက်ပံပင်ကြီး ရှိလေသည်။ လက်ပံပွင့်ခိုနှုန်းဖြစ်သဖြင့် လက်ပံပွင့်များသည် လေတွင် တဖြုတ်ဖြုတ် ကြွေကျနေလေသည်။ လက်ပံပင်ဝန်းကျင် မြေပေါ်တွင် လက်ပံပွင့်များဖြင့် ပြန့်ကျဲနေသောမြေပြင်သည် လက်ပံပွင့်၏ အနီရောင်၊ အဝါရောင်တို့ဖြင့် များစွာလှပနေလေသည်။

အဆိုပါ လက်ပံပင်တွင် သရဲရှိသည်ဟု လူပြောသူပြော များလေသည်။ နေဝင်မိုးချုပ် အချိန်များတွင် တော်ရုံသူနဲရုံကိစ္စဖြင့် ထိုလက်ပံပင်အောက်ကို ဖြတ်မသွားဝံ့ကြချေ။

ထိုလက်ပံပင်မှာ လယ်မြေတို့နှင့်လွတ်သော လမ်းဘေးတွင် ပေါက်နေခြင်း ဖြစ်လေသည်။ သရဲခြောက်သည်ဆို၍ ထိုအပင်ကြီးကို မည်သူမျှ မလှဲဝံ့ကြချေ။ တစ်ခါက သစ်ပင်လှဲသမားတစ်ယောက်သည် သစ်ပင်ကို လှဲမည်ဟု ကြိုးရွယ်၍လာခဲ့ရာ လက်ပံကြီးအနီးသို့ ရောက်သည်တွင် ဆေးမှတ်ဘဲ မြွေကိုက်၍ သေဆုံးသွားလေသည်။

နောက်တစ်ဖန် လက်ပံပင်ကြီးကိုလှဲရန် လူနှစ်ယောက် ရောက်လာ၏။ သူတို့သည် ပုဆိန်ဖြင့် ပင်စည်ခြေရင်းကို ခုတ်ကာ အရာထင်သွားတော့မှ ငမန်းလွှဖြင့် ဖြတ်မည် ပြုစဉ် တစ်ယောက်က ပုဆိန်ဖြင့် တစ်အားလွှဲခုတ်လိုက်ရာ ပုဆိန်အသွားသည် အရိုးမှကျွတ်ထွက်၍ သစ်ပင်ကိုထိမှန်ပြီး ပုဆိန်သမား၏ ခြေဖမိုးပေါ်သို့ အရှိန်ဖြင့် စိုက်ကျလေသည်။

ထိုသူသည် ပုဆိန်အသွားစိုက်ကျသောအရှိန်ဖြင့် ခြေချောင်းကလေးများ တိတိရိရိ ပြတ်ထွက်သွားသည့်ဒဏ်ရာ ရလေသည်။ ထိုအချိန်မှစ၍ လက်ပံပင်ကြီးကိုလှဲရန် မည်သူမျှ မကြိုးစားရဲကြတော့ချေ။

(၂)

နားလိပ်ကြီးသည် ညနေ(၅)နာရီခန့်တွင် လက်ပံပင်ကြီးအောက်သို့ ရောက်လေသည်။ နွားများသည် နွားအိုများဖြစ်ရာ တအိအိဖြင့် သွားနေလေသည်။ သူသည် လက်ပံပင်အောက်ရောက်သော် အပင်ပေါ်သို့ မော့၍ကြည့်လိုက်၏။ လက်ပံပွင့်များ တဖွဖွကြွေကျနေကြသည်မှလွဲ၍ မည်သို့မျှ ထူးခြားခြင်းမရှိချေ။ သရဲခြောက်တယ်ဆိုတာ ကောလာဟလနေမှာပါဟူ၍ စိတ်တွင်းမပြောကာ လှည်းကို ဆက်မောင်းလာခဲ့၏။

သတို့သားရွာသို့ ရောက်ခါနီးတွင် လှည်းတွင်တပ်ဆင်ထားသော ဝင်ရိုးသည် ကျိုးသွားကာ လှည်း၏ညာဘက်မှ လှည်းဘီးသည် ကျွတ်ထွက်ကာ လမ်းဘေးသို့ လိမ့်၍သွားလေသည်။ သူလည်း လှည်းပေါ်မှ လိမ့်ကျလေတော့သည်။

ဤသည်ကို သတို့သား၏ ရွာထိပ်တွင် နေသော ဦးကြယ်ကြီးက မြင်လိုက်သဖြင့် ပြေးထွက်လာပြီး-

'ဘာဖြစ်သွားသေးလဲ'

'လှည်းက ဝင်ရိုးကျိုးပြီး လှည်းဘီးကျွတ်ထွက်သွားတာပါ။ ဝင်ရိုးကို အစားထိုးဖို့ ဒီနားက သစ်ပင်တစ်ပင်တော့ သုံးရမှာပဲ'

သို့နှင့် ဦးကြယ်ကြီးနှင့် နားလိပ်ကြီးတို့သည် လုံးပတ်အနေတော်ရှိသော သရက်ပင်တစ်ပင်ကို ပိုင်ရှင်ဆီမှတောင်းခံကာ ဝင်ရိုးအရွယ်ဖြစ်အောင် ဓားဖြင့်ခုတ်ဖြတ်ကာ ဝင်ရိုးအစား လှည်းတွင် တပ်ဆင်လေသည်။ ကျိုးသွားသော ဝင်ရိုး အဟောင်းကိုမူ လှည်းပေါ်သို့တင်ကာ ယူခဲ့လေသည်။ သတို့သားအိမ်သို့ ရောက်သောအခါ အတန်ငယ် မှောင်နေလေပြီ။

သတို့သား၏ ဖခင်သူကြီးက-

'ဝက်လာတင်တဲ့ လှည်းကလည်းဗျာ မှောင်တောင် မှောင်တော့မယ်။ ကဲ..ကဲ့..မြန်မြန်တင်ကြ။ ဒီမှာ ကိစ္စ ဝိစ္စပြီးစီးအောင် လုပ်ထားတယ်'

www.burmeseclassic.com

နားလိပ်ကြီးသည် ဝက်အသေနှစ်ကောင်ကို ကပျာကသီ လှည်းပေါ်တင်ကာ သူကြီးအားနှုတ်ဆက်ပြီး ခပ်မြန်မြန်ပင် ပြန်လာခဲ့လေသည်။

လှည်းသည် နဂိုက ဟောင်းရာသည့်အထဲတွင် ဝင်ရိုးအသစ်ကို ဖြစ်သလို တပ်ဆင်လာရခြင်း၊ နွားများမှာလည်း နွားအိုများ ဖြစ်နေခြင်းကြောင့် လှည်းပုံတောင်းတို့မှ တကျိကျိအော်မြည်လျက် မောင်းနှင်လာခဲ့ရလေသည်။

(၃)

နားလိပ်ကြီးသည် အပြန်ခရီးတွင် လက်ပံပင်ကြီးကို ကြောက်သဖြင့် ဘေးမှကွင်း၍ မောင်းနှင်ခဲ့လေသည်။

အချိန်ကား မှောင်နေလေပြီ။ သို့သော် ကောင်းကင်မှ လရောင်ကလေးဖြင့် လမ်းကိုလည်းကောင်း၊ မနီးမဝေးတွင် ရှိနေသော သူတို့ရွာကလေးကိုလည်းကောင်း မြင်နေရလေသည်။ အိမ်အချို့မှာ မီးပင်ထွန်းထားလေပြီ။ ထို့ကြောင့် မီးရောင်လက်လက်ကလေးကို မြင်နေရ၏။

ဤအချိန်တွင် ဝက်အော်သံကဲ့သို့ အစ်..အစ်ဆိုသော အသံကို လှည်းပေါ်မှ ကြားရလေသည်။ သူသည် သူ တင်လာသော ဝက်သေနှစ်ကောင်ကို သတိရကာ နောက်သို့ လှည့်ကြည့်လိုက်၏။ ကြည့်မိတော့မှ နားလိပ်ကြီးသည် မျက်လုံးပြူးသွားလေသည်။

ဝက်နှစ်ကောင်စလုံးသည် မျက်လုံးများပွင့်နေကာ ပါးစပ်မှလည်း အစ်..အစ်နှင့် အော်နေ၏။ နားလိပ်ကြီးသည် ခေါင်းနားပန်းကြီးသွားကာ ဘုရားတ,မိလေသည်။

"ဘုရား..ဘုရား..ဘာတွေဖြစ်ကုန်တာလဲ"

သူ ရသမျှ ဘုရားစာတို့ကို ရွတ်၏။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဓမ္မံ သရဏံ ဂစ္ဆာမိ

သံဃံ သရဏံ ဂစ္ဆာမိ။

သူ ထင်လိုက်သည်။ သူကြီးက ဝက်တွေကို ဘာမှ မလုပ်ဘဲ အရှင် တင်ပေးလိုက်တာလား။ မဟုတ်သေးပါဘူး၊ သူတင်ပေးလိုက်တုန်းက အသေတွေပဲဟုလည်း တွေးနေမိလေသည်။ ဒါဆိုရင် သရဲခြောက်တာနေမှာပဲဟု တွေးလိုက်သည်။

သူသည် သရဏဂုံ(၃)ပါးမှလွဲ၍ မည်သည့်ဘုရားစာကိုမျှ မရချေ။ ထို့ကြောင့် သရဏဂုံ(၃)ပါးကိုသာ အပြန်ပြန် အလှန်လှန် အထပ်ထပ်ရွတ်ဆိုနေလေ၏။ တော်တော်ကြာ အောင်ရွတ်ပြီး မျက်စိဖွင့်၍ ဝက်များကို ကြည့်လိုက်သည်။

ဝက်အသေနှစ်ကောင်သည် သူယူလာခဲ့စဉ်ကအတိုင်း လှည်းပေါ်တွင် ငြိမ်သက်နေကြ၏။

နားလိပ်ကြီးသည် ကြောက်လာပြီး နွားများကို ရသလောက် ဒုန်းစိုင်း၍မောင်းလေသည်။ သို့သော် ထင်သလောက် ခရီးမပေါက်ချေ။

သို့နှင့် နားလိပ်ကြီးသည် မင်္ဂလာဆောင်အိမ်သို့ ရောက်သောအခါ ည(၇)နာရီခန့်ရှိလေပြီ။ သတို့သမီးဖခင် သူကြီးက သူ့အား အပြစ်တင်လေသည်။

"နားလိပ်ကြီးရာ၊ စောစောသွားပါဆိုမှ ပြန်လာတာ မှောင်တောင် မှောင်နေပြီ"

"လမ်းမှာ လှည်းက ဝင်ရိုးကျိုးသွားလို့ သူကြီးရဲ့ ဒါကြောင့် နောက်ကျနေတာပါ"

"ကဲ..ကဲ..ဝက်တွေ ချတော့။ ပေါ်ဖို့ လုပ်ကြ"

ပေါ်သည်ဆိုသည်မှာ အသားများကို ဖျက်ယူခြင်း ဖြစ်လေသည်။ လူ(၃)ဦးသည် နားလိပ်ကြီး၏ လှည်းပေါ်မှ ဝက်သေနှစ်ကောင်အား သယ်ချကာ ပေါ်ရန်အတွက် တစ်နေရာသို့ ယူသွားကြ၏။

နားလိပ်ကြီးသည် ယခုမှ လှည်းတွင်တပ်ထားသော နွားများကို ဖြုတ်ရလေသည်။

ပထမတွင် အတိုင်ဘက်မှ နွားကို ဖြုတ်လေသည်။

ဤတွင် မထင်မှတ်သည့်ကိစ္စ ဖြစ်ပေါ်လာလေသည်။

နားလိပ်ကြီးဖြုတ်လိုက်သော အတိုင်ဘက်မှနွားသည် နားလိပ်ကြီးအား ဦးချိုဖြင့် တစ်အားတွေ့လိုက်သည်။ နွားလေလိမ့်မည်ဟု ထင်မထားသော နားလိပ်ကြီးသည် မရှောင်နိုင်တော့ဘဲ နွား၏ဦးချိုဖြင့် ဗိုက်ကိုခတ်မိသွား၏။ ဒဏ်ရာမှ သွေးများယိုစီးကျလာ၏။ နားလိပ်ကြီးသည် ဝမ်းဗိုက်ကို လက်ဖြင့်အုပ်ထားကာ အော်နေလေသည်။

အနီးရှိ လူတစ်ယောက်မှ အလှည့်ဘက်မှနွားကို ဖြုတ်ပေးလေသည်။

အလှည့်ဘက်မှနွားသည် လှည်းမှ ဖြုတ်ပြီးလျှင်ပြီးချင်း နားလိပ်ကြီးအား ခြေထောက်ဖြင့် ကန်လိုက်လေသည်။ နားလိပ်ကြီးသည် လွင့်စဉ်သွားသည်။ ဤတွင် ပထမဖြုတ်ထားသော အတိုင်ဘက်မှနွားသည် နားလိပ်ကြီးအား ဦးချိုဖြင့် အရှိန်ပြင်းစွာ ထပ်မံခတ်လိုက်လေသည်။

နားလိပ်ကြီးသည် နွားကန်သောဒဏ်ရာ၊ နွားတွေ့သော ဒဏ်ရာများကြောင့် သွေးခြင်းခြင်းနီလျက် လူးလိမ့်၍ အော်ဟစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

နားလိပ်ကြီး၏အမေသည် ချက်ချင်း ရောက်ရှိလာပြီး-

'ဆေးရုံပို့ဖို့ လုပ်ကြပါဟယ်။ ဒီနွားတွေ အရင်တုန်းက သူ သုံးဖူးပါတယ်။ အခုလို တစ်ခါမှ ရန်မမူဖူးပါဘူး'

အနီးရှိလူများလည်း အခြားလှည်းတစ်စီးကိုပြင်ကာ နားလိပ်ကြီးကို ဆေးရုံပို့ရန် စီစဉ်ကြ၏။ ဆေးရုံသို့ပို့တွင် နားလိပ်ကြီး၏ အမေလည်း ပါလေသည်။

(၄)

ဆေးရုံရောက်သောအခါ ညဦးပိုင်း ရောက်ရှိနေလေပြီ။ ဘာဝန်ကျဆရာဝန်မှ နားလိပ်ကြီးအား စမ်းသပ်စစ်ဆေးကာ သို့အပ်သည့် ကုသချက်များကို ချက်ချင်းလုပ်ဆောင်ပေးလေ၏။

ဆေးထိုးခြင်း၊ ဆေးသွင်းခြင်းများ ပြုလုပ်ပြီးနောက်-

'လူနာရှင်ပါသလား'

ဆရာဝန်က မေးလိုက်သောအခါ နားလိပ်ကြီးမိခင်က-

'ပါပါတယ်ရှင်။ ကျွန်မ သူအမေပါပဲ'

ဆရာဝန်က နားလိပ်ကြီးမိခင်အား တစ်နေရာသို့ ခေါ်သွားပြီး-

'ဒဏ်ရာတွေက ပြင်းလည်းပြင်းတယ်။ များလည်း များတယ်။ ချက်ကောင်းနေရာတွေကို ထိထားတယ်။ လူနာကတော့ မရနိုင်တော့ဘူး။ သက်သာအောင်တော့ လုပ်ပေးလိုက်တယ်'

ဤအချိန်တွင် နားလိပ်ကြီးမှာ သတိမရတော့ချေ။

လူနာလိုက်ပို့သူတစ်ဦးက-

'ရန်ကုန်ကိုပို့ပြီး ကုချင်သေးတယ်။ ဒါပေမဲ့ ဒီအချိန်ကြီးမှာ ကားငှားဖို့ မလွယ်ဘူး။ ပြီးတော့ ငွေတော်တော်ကုန်လိမ့်မယ်။ ဆေးရုံမှာစောင့်ဖို့လူလည်း လိုတယ်။ ဘယ်လိုလုပ်မလဲ'

နားလိပ်ကြီး အမေက-

'အခုကြည့်ရတာလည်း လွယ်မယ့်ပုံတော့ မပေါ်ဘူး။ ဆေးလိုက်ပါတော့ဟယ်၊ သူ့ကံပေါ့။ ကဲ..ရွာကိုသာ ပြန်သွားကြမယ်'

ဆေးရုံလိုက်ပို့သူများလည်း နားလိပ်ကြီးအား ရွာသို့ ပြန်ခေါ်လာကြလေသည်။ နားလိပ်ကြီးမှာ သတိရမသေးချေ။

အိမ်ရောက်သောအခါ နားလိပ်ကြီးသည် အိပ်ရာပေါ်တွင်သာ ပက်လက်နေရလေသည်။ဒဏ်ရာများကား မသက်သာချေ။ သူသည် သတိရတစ်ချက် မရတစ်ချက် ဖြစ်နေလေသည်။

နားလိပ်ကြီး၏ အမေသည် သူ့သား နေ့သေမလား၊ ည သေမလား ဖြင့် စိုးရိမ်ပူပန်ကာ ငိုယိုပြီး စောင့်ကြည့်နေရလေသည်။ နားလိပ်ကြီးသည် စကားလည်း မပြောချေ။

တစ်မနက် နားလိပ်ကြီး အိပ်ရာမှနိုးချိန်တွင် ထမင်းစားမည်ဟု ခြေဟန်လက်ဟန်ဖြင့်ပြသောကြောင့် သူ့အမေက ထမင်းနူးကျွေးလေသည်။ နားလိပ်ကြီးသည် ည,မနက်စာ ချက်ထားသောထမင်းကို တစ်ထိုင်တည်းဖြင့် ကုန်အောင် စားပစ်လိုက်၏။ စားပြီးသော် အိပ်လေသည်။

အိပ်ရာမှနိုးသော် ထမင်းတစ်ခါစားပြန်၏။ သူ ထမင်းစားလျှင် လွန်ကဲစွာစား၏။ ညအချိန်တွင်လည်း ထိုနည်းအတိုင်း ထမင်းစားပြန်လေသည်။ စားပြီးသော် အိပ်ပြန်၏။ နားလိပ်ကြီး၏ အပြုအမူများကို သူ့အမေသည် ထူးဆန်းအံ့သြ၍နေ၏။ နွားလှေ့ခံရသော ဒဏ်ရာများကား ပုပ်စော်ပင် နံနေလေပြီ။

စားလိုက်၊ အိပ်လိုက်ဖြင့် တစ်ပတ်ခန့်ကြာသောအခါ ရွာထဲမှ အသက်အရွယ်ကြီးရင့်သူ ဦးဖိုးဖြူ ရောက်လာလေသည်။ ဦးဖိုးဖြူသည် တစ်ရွာလုံး၏ ချစ်ခင်လေးစားခြင်းကို ခံရသူဖြစ်လေသည်။ သူသည် ဘာသာရေးကို အလွန်လိုက်စားပြီး လူလူချင်းဆက်ဆံရာတွင် မေတ္တာတရားကို ရှေ့ထား၍ တရားမျှတစွာ ဆက်ဆံတတ်သူ ဖြစ်လေသည်။

'လူနာကို ငါ သိပ်မသက်ာဘူး။ ဖုတ်ဝင်နေတယ်ထင်တယ်။ ငါ ရွာတံဖတ်သရဏ္ဏာယ်ပြီး ဒီဖုတ်ကိုထုတ်မှပဲ'

နားလိပ်ကြီးအမေက-

'ဦးလေး သင့်လျော်သလိုသာ လုပ်ပါရှင်။ ကျွန်မတို့တော့ ဘာမှမပြောတတ်တော့ဘူး'

အခန်းထဲမှ နားလိပ်ကြီးသည် အပြင်မှ ပြောဆိုနေသံကို ကြားသည်တွင်-

'မလာနဲ့၊ သွား..သွား..မလာနဲ့'

စကားမပြောသော လူနာက စကားပြောလာသဖြင့် အနီးရှိလူများ အံ့အားသင့်နေကြလေသည်။

ဦးဖိုးဖြူသည် နားလိပ်ကြီးအနားသို့ ရောက်အောင် သွားပြီး-

'ကျုပ်ဟာ ငယ်စဉ်ကတည်းက ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲအောင် စောင့်ထိန်းခဲ့တယ်။ နေ့စဉ်လည်း ဘုရားနှုတ်ကပါဠိတော်ဖြစ်တဲ့ ပရိတ်တွေရွတ်တယ်။ အမြဲတွာ

www.burmeseclassic.com

www.burmeseclassic.com

ပို့တယ်။ အမျှအတန်းပေးဝေမှုတွေလုပ်တယ်။ ဤမှန်သော သစ္စာစကားကြောင့် လူနာတွင် ဝင်ရောက်ပူးကပ်နေသော မကောင်းဆိုးဝါးသည် ချက်ချင်းထွက်သွားပါစေသတည်း'

ထို့နောက် ဦးဖိုးဖြူသည် ဘုရားရှေ့တွင် ငါးပါးသီလ ခံယူ၏။ မေတ္တာသုတ် အစရှိသော သုတ်တော်များကို ရွတ်ဖတ်၏။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များကို ရွတ်ဖတ်၏။ ပဋ္ဌာန်း(၂၄)ပစ္စည်းကို ရွတ်ဖတ်၏။ နောက်ဆုံးတွင် သမ္မုဒ္ဓေဂါထာတော်ကြီးကို ရွတ်ဖတ်လေသည်။ ထို့နောက် မေတ္တာပို့၍ အမျှအတန်းပေးဝေလေသည်။

ဤတွင် နားလိပ်ကြီးထံမှ အသံနက်ကြီးဖြင့်-

'အား..ပူတယ်..ပူတယ်'

နားလိပ်ကြီးသည် အောက်ပါအတိုင်း အော်ဟစ်ကာ ငြိမ်ကျသွားလေသည်။ ဦးဖိုးဖြူသည် ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ကိစ္စကို ပြီးစီးအောင်ဆောင်ရွက်ပြီး နားလိပ်ကြီးကို အမျိုးမျိုးစမ်းသပ်စစ်ဆေးလေသည်။ နားလိပ်ကြီး ကွယ်လွန်သွားချေပြီ။

ဦးဖိုးဖြူသည် နားလိပ်ကြီးအမေအား ခေါ်ကာ-

'သူတော့် သွားရှာပြီ။ တကယ်တော့ သေဆုံးနေတာ ဆေးရုံက ပြန်လာတဲ့အချိန်လောက်က ဖြစ်လောက်တယ် ထမင်းတွေ စားနေတာက ဖုတ်ဝင်ပြီး စားနေတာပါ။ ကဲကဲ..လူငယ်တွေခေါ်ပြီး သင်္ဂြိုဟ်ဖို့ကိစ္စကို ဆောင်ရွက်တော့'

နားလိပ်ကြီး၏အမေသည် သားကွယ်လွန်သွားပြီ ဖြစ်သည့်အတွက် ယူကျုံးမရဖြစ်ကာ ငိုလေသည်။ ထို့နောက် လူငယ်များအားခေါ်ကာ နားလိပ်ကြီးအား သင်္ဂြိုဟ်ရန် အတွက် လိုအပ်သည်တို့ကို ဆောင်ရွက်လေသည်။

နားလိပ်ကြီးအိမ်တွင် ရောက်ရှိနေသော သူကြီးထံ

'ဖုတ်ဝင်တယ်ဆိုတာ ကြားဖူးပါတယ်။ ဒါပေမဲ့ ဖုတ်ကောင်ကို ဆရာတွေမှ ထုတ်လို့ရတယ် ထင်ထားတာ ဦးဖိုးဖြူလို ဘုရား၊ တရား၊ သံဃာကို ယုံယုံကြည်ကြည် မပြတ်ဆည်းကပ်ကိုးကွယ်နေသူက သက်ဆိုင်တဲ့ပရိတ်တော်တွေ၊ ဂုဏ်တော်တွေကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး ထုတ်လိုက်တော့လည်း ဖုတ်ဆိုတဲ့အကောင် မနေနိုင်တော့ဘဲ ထွက်ပြေးသွားရတော့တာပဲ' ဟု ပြောလိုက်လေတော့သတည်း

မင်းသန့်ကျော်(ဒီးကုန်း)

(ယောမြို့) ဆရာမြောင်၊ ဆရာအောင်၊ ဆရာထွန်းမင်းအောင်တို့၏ သားတပည့်

ရှမ်းဆရာ ဦးစိုင်းလှိုင်

(ဝမ်းတွင်းမှော်စက်ရှင်)

လူအများ၏ ကောင်းကျိုးချမ်းသာအတွက် အံ့ဖွယ်နက်နဲသော ပညာရပ်များဖြင့်သာ ကူညီဆောင်ရွက်မည်

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး(အချစ်ရေး)၊ နိုင်ငံရပ်ခြားကိစ္စများနှင့် ဘာသာ၊ သာသနာရေး ကိစ္စရပ်များ၊ အိမ်မြေ၊ ခြံမြေ၊ တိုက်တာ၊ ကား ရောင်းဝယ်ခြင်းများ၊ အိမ်တွင်း/အိမ်ပြင် မည်သည့်ပယောဂနှင့်ယှဉ်သော အနှောင့်အယှက်၊ အတိုက်အခိုက်များမဆို ရက်ပိုင်းအတွင်း တိကျမှန်ကန် မြန်ဆန်အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ပေးပါသည်။

ဆရာနှင့်တွေ့ချိန် - နေ့စဉ် (တနင်္လာနေ့မှအပ)

နံနက်(၉)နာရီ မှ ညနေ(၄)နာရီ အထိ

အမှတ်-၄၀၀၊ လော်ကားလမ်းမကြီး (ဘုန်းကြီးကျောင်းကွေ့ကားမှတ်တိုင်ရှေ့)၊ (၁၉)ရပ်ကွက်၊
ဒဂုံပြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်။ ☎ ၀၉၇၃၃၀၇၂၉

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးရာဇာဇော်ဝင်း (LL.B)

နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ

ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရွေးမှမဖျက် နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း၊ ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီ ဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာစာတာ၊ အင်္ဂလိပ်စာတာ၊ မြန်မာဟောစာတမ်း၊ အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေး ပါရဂူ ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဉာဏ်ပူဇော်ခ ၇၀၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ် နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ် မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG၊ ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ နှစ် ပိုင်းခြားထားသော ဟောစာတမ်းများ လက်ဆောင်ဖြင့်ဟောခြင်း၊ နိုင်ငံခြားသင်္ဘောသားများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေရန်၊ ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာရေး ထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောမော သော်လည်း အဆင်ပြေဖြစ်နေသည့် လူပျိုကြီး၊အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ အိမ်၊ ခြံ၊ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာထံရောက်လျှင် သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဉာဏ်ပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် မနက်ဖြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ဖုန်းသာ ဆက်လိုက်ပါ။

တိုက်-၃၅(မြေညီထပ်)၊ (၈၇)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ပိတ်ရက်မရှိ)

☎ (01)394727, (01)399426, 09 730 09994, 09 730 78260, 09 51 52521

နယ်လှည့်သာသနာပြု ဖိုးဓမ္မသိဒ္ဓိ၏တပည့်

ဆရာမပွင့်သစ္စာထင် (Eco.)

(မွေးရာပါ အကြွားအမြင်)

သင့်ရဲ့ကံ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင်

ဆရာမပွင့်သစ္စာထင် ရှိတယ်။

ထိပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊ ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး.... စသည်တို့ကို မှန်ကန်တိကျစွာ လမ်းညွှန်ပေးပါသည်။

လိုအပ်ပါက ယတြာကို အခမဲ့ဆောင်ရွက်ပေးပါသည်။

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကလောမြို့။ ☎ ၀၉၄၂၁၀၇၂၉၉

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ကောင်းသော် ပရလောကမှ အငြိမ့်မင်းသမီးဟေး မေသကြိုန်

မီးရထားသည် လယ်ကွင်းကိုကျော် တောင်တန်းများကို ကွေ့ပတ်ကာ ပြေးလျက်ရှိပါသည်။ မီးရထားသည် သူ၏ ပုံမှန်အင်အားအတိုင်း သတ်မှတ်ဘူတာသို့ မရောက်မချင်း အားမာန်အပြည့် ပြေးလျက်ရှိပါသည်။

မောင်မောင်ဦးသည် မီးရထားပေါ်က မြင်ရသည့် လယ်ကွင်းများ၊ တောင်ကုန်းများနှင့် မြစ်ချောင်းများကို ငေးမောရင်း လိုက်ပါလာခဲ့သည်။ ရန်ကုန်မှ နံနက်ငါးနာရီ ခွဲကသော မီးရထားသည် ညနေငါးနာရီမှ မြိုင်ညီသို့ ရောက်မည် ဖြစ်ပါသည်။ မီးရထားသည် တစ်ဘူတာပြီး တစ်ဘူတာ ရပ်နားလေ့ရှိပါသည်။ ဘူတာစဉ်တွင် ရပ်နားသည်မှအပ တစ်နေကုန် ပြေးလွှားနေရသည်။ မြိုင်ညီသည် လမ်းဆုံဘူတာဖြစ်၍ မြိုင်ညီရောက်မှ နားရပေတော့မည်။

မောင်မောင်ဦးမှာလည်း မြိုင်ညီအထိ လိုက်ရမည် ဖြစ်၍ တစ်နေကုန်ခရီးသည် ဖြစ်ပါသည်။ ထိုသို့ခရီးရှည် သွားရသည်ကို အချို့က မနှစ်မြို့ဘဲ ငြီးငွေ့တတ်ကြသော်လည်း မောင်မောင်ဦးက ငြီးငွေ့ခြင်းမရှိပါ။ သူ့ဘေးတွင် အဖော်အဖြစ် စာအုပ်များ ပါသဖြင့် ပျင်းချိန်မရဘဲ စာအုပ်များကို တစ်အုပ်ပြီးတစ်အုပ်ဖတ်ရင်း လိုက်ပါခဲ့ပါသည်။ မျက်စိညောင်းပါက ပြင်ပရှုခင်းများကို ကြည့်လိုက်ပြီး မျက်စိအညောင်းပြေသည်နှင့် စာပြန်ဖတ်ခဲ့သည်။

ရန်ကုန်တွင် ရှိနေစဉ်က လစဉ်မဂ္ဂဇင်းများသို့ ဝတ္ထုနှင့် ဆောင်းပါးများ အဆက်မပြတ် ရေးသားပေးပို့နေရသဖြင့် စာဖတ်ချိန်မရခဲ့သည့်အတွက် ခရီးသွားစဉ် စာဖတ်ရခြင်းဖြစ်သည်။ ဂန္ဓီရဆန်းကြယ်မဂ္ဂဇင်းများကို တစ်အုပ်ပြီးတစ်အုပ် ဖတ်နေခဲ့ပါသည်။ ရန်ကုန်တွင် စာရေးရသည်မှာ အနှောင့်အယှက်များသဖြင့် လွတ်လပ်အေးချမ်းသော နေရာသို့ သွားရောက်စာရေးရန် ဆန္ဒရှိခဲ့ပါသည်။ ထိုအချိန် အစ်ကိုမောင်မောင်ကြီးက သူ့ဆီ အလည်လာရန်နှင့် အလွန်စာရေး၍ကောင်းမည်ဖြစ်ကြောင်းများ စာရေးပြီး ဖိတ်ခေါ်သဖြင့် အစ်ကို့ဆီသို့ အလည်လာခဲ့ခြင်း ဖြစ်သည်။

မောင်မောင်ကြီးမှာ အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး သတ္တုတွင်းဝန်ကြီးဌာနတွင် အလုပ်ဝင်ပြီး သတ္တုရှာဖွေရေးအတွက် ဝေးလံသောမြိုင်ညီတွင် တာဝန်ထမ်းဆောင်နေရခြင်းဖြစ်သည်။ မောင်မောင်ကြီးမှာ အိမ်ထောင်ကျခါစ ဇနီးအသစ်

www.burmeseclassic.com

ကလေးနှင့် ရခိုင်ရိုးမအနီး လွတ်လပ်စွာ နေရသည်ကို ကျေနပ်နေသူ ဖြစ်ပါသည်။ အိမ်ထောင်ကျစ ပျော်ရွှင်မှု ကြောင့် ရောက်စက ပျော်ခဲ့သလောက် နှစ်နှစ်တာကာလ ကြာသည်နှင့် ငြိုးငွေ့မှုရှိလာသဖြင့် ညီငယ်မောင်မောင်ဦးကို အလည်လာရန် ခေါ်လိုက်ခြင်းဖြစ်သည်။

မောင်မောင်ဦးသည် ခရီးသည်များ ထမင်းစားချိန်တွင် ထမင်းစားပြီး စာကို ပြန်ဖတ်နေခဲ့သည်။ မောင်မောင်ဦး သည် မြိုင်ညိုအထိ ခရီးဆက်မည်ဖြစ်၍ မူလနေရာက မပြောင်းခဲ့ရသော်လည်း မောင်မောင်ဦး၏ ဘေးကနေရာမှ တစ်ဦးဆင်း တစ်ဦးတက်ဖြင့် မကြာခဏ ပြောင်းလဲလျက် ရှိပါသည်။ ခရီးရှည်သဖြင့် အိပ်သူ အိပ်နေကြသော်လည်း မောင်မောင်ဦးမှာ အိပ်ချင်စိတ်မရှိ၍ စာကိုပင် တစ်အုပ်ပြီး တစ်အုပ် ဖတ်နေခဲ့သည်။

အချိန်မှာ ညနေစောင်း၍ နေဝင်ချိန်နီးလာသည်နှင့်အမျှ ခရီးဆုံးသို့ရောက်ရန်လည်း တစ်စ,တစ်စ နီးကပ်လာပါ သည်။ ထိုစဉ် ဘူတာတစ်ခုသို့ ရထားရပ်လိုက်စဉ် ရထားမှ ဆင်းသူ၊ တက်သူများနှင့် ရှုပ်ထွေးသွားပါသည်။ မောင် မောင်ဦးက စာတွင် စိတ်ဝင်စားနေသဖြင့် ပတ်ဝန်းကျင်ကို ဂရုမစိုက်နိုင်ခဲ့ပါ။ နားထဲတွင် ခေါ်သံကြားသဖြင့် ကြည့် လိုက်ရာ အလွန်ပြင်ဆင်ထားသော အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရသည်။

'အစ်ကို..ဒီနေရာ လွတ်နေတာလား။ ညီမ ထိုင်ပါရ စေ'

မောင်မောင်ဦးသည် သူ၏ ပြန့်ကျဲနေသော မဂ္ဂဇင်း စာအုပ်များကို အမြန်သိမ်းလိုက်သည်။

'ကြော်..ဟုတ်ကဲ့၊ ထိုင်ပါခင်ဗျ'

'ကျေးဇူးတင်ပါတယ် အစ်ကို။ အစ်ကိုက ဘယ်အထိ သွားရမှာလဲ'

အမျိုးသမီးက နေရာတွင်ဝင်၍ ထိုင်လိုက်ရင်း ပြော ပါသည်။

'ညီမက ရှေ့ဘူတာမှာ ဆင်းရမှာပါ။ ပိတောက်တန်း ဘူတာအထိပါပဲ'

အမျိုးသမီးမှာ အလွန်သွက်လက်ပါသည်။ မျက်နှာ တွင် ခြယ်သထားသည်မှာလည်း ရုပ်ရှင်မင်းသမီး ရှုံး လောက်ပါသည်။ အပြင်လောကတွင် မှောင်စပျိုးလာပြီဖြစ် ၍ နောက်ဆုံးဘူတာသို့ နီးကပ်လာပြီဟု ခန့်မှန်းရသည်။ ဘေးမှ အမျိုးသမီးကို ငဲ့စောင်း၍ ကြည့်လိုက်ရာ အမျိုး သမီးမှာ မနေတတ်အောင် ရှိနေပုံရသည်။

'အစ်ကိုက ညီမကိုကြည့်ပြီး အံ့သြနေပုံရတယ်။ ညီမ က ဒီည ပိတောက်တန်းမှာ ကရမယ့် အငြိမ့်မင်းသမီး ပိတောက်တန်းရောက်ရင် အချိန်မရမှာစိုးလို့ ကြိုး ပြင်ဆင်လာတာပါ။ ရထားက တစ်ခါတစ်ရံ နောက် တတ်တယ်လေ'

'ကြော်..ညီမက အငြိမ့်မင်းသမီးကိုး'

'ဟုတ်ပါတယ် အစ်ကို၊ အငြိမ့်မင်းသမီး မေသြ ဆိုရင် ဒီအနီးတစ်ဝိုက်မှာ မသိသူ မရှိပါဘူး။ ဒီည သြ မဏ္ဍပ်မှာ ကရမှာပါ။ အစ်ကို လာကြည့်ပါလား။ မြို့ က နေ လမ်းလျှောက်လာလို့ရတာပဲ'

'အငြိမ့်ဆိုတော့ ကြည့်ချင်ပါတယ်။ အထူးသြ ညီမမေသကြီန် ကမှာဆိုတော့ ပိုပြီးစိတ်ဝင်စားတာေ ဒါပေမဲ့ အစ်ကိုက ဧည့်သည်လေ။ ဒီကိုလည်း ရောက် တာ မဟုတ်ဘူး။ အိမ်ရှင်က လိုက်ပို့မှ ကြည့်ခွင့်ရ အစ်ကို အငြိမ့်ကြည့်ခွင့်ရအောင် ကြိုးစားပါ့မယ်။ ဒီ တော့ မဟုတ်ဘူး၊ နောက်ည လာဖြစ်အောင် လာခဲ့

'ဝမ်းသာပါတယ် အစ်ကို၊ လာဖြစ်အောင် လာခဲ့ ပိတောက်ပင်အောက်က ညီမစောင့်နေပါမယ်။ အစ်ကို နောက်တွေ့ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။ ကြိုတုံ့ တာ။ ပိတောက်တန်းမှာ သကြိန်မဏ္ဍပ်ရှိလို့ ကခွင့်ရ ကခွင့်ရလို့ အစ်ကိုနဲ့ကြုံရတာ။ ဆက်ဆက်လာခဲ့ပါ အစ် ဒါနဲ့ အစ်ကို့နာမည် ပြောပါဦး'

'မောင်မောင်ဦးပါ'

'အစ်ကိုမောင်မောင်ဦး..လာဖြစ်အောင် လာခဲ့ပါ ရှေ့ဘူတာက မြိုင်ညိုပဲ။ ညီမ ကပြရမယ့် ပိတောက် က ဒီကနေ လမ်းလျှောက်ရဦးမှာ။ အစ်ကို မြိုင်ည လမ်းလျှောက်လာလို့ ပိတောက်တန်းကို ရောက်ပါတ ကဲ..ညီမ သွားပြီနော်'

မီးရထားက ဥသြဆွဲသည်နှင့် အငြိမ့်မင်းသမီး ရထားပေါ်က ဆင်းသွားပါသည်။ ထိုစဉ် မီးရထားထွ သည်။ ခပ်ဝေးဝေးအထိ လက်ပြနှုတ်ဆက်နေသော သကြိန်ကို မြင်ရသဖြင့် လက်ပြနှုတ်ဆက်ခဲ့ရသည်။ ရ ဝေးသွားသည်နှင့် မသကြိန် မြင်ကွင်းမှ ပျောက်ကွယ် ပါတော့သည်။

အဝေးမှ လက်ပြနှုတ်ဆက်နေသော မသြ အသွင်က မောင်မောင်ဦး၏မျက်စိမှ မထွက်နိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com

ပါတော့သည်။ ယခုမှမြင်ဖူးသော မိန်းကလေးကို လာဖြစ်အောင် ကြိုးစားပါမည်ဟု ပြောခဲ့သည်။ သူကိုယ်တိုင်ကလည်း မေသကြိန်ကို တွေ့ချင်နေပါသည်။ တစ်ခဏတွေ့သည့် အငြိမ့်မင်းသမီးကို ဘာကြောင့်မေ့မရအောင် ရှိနေရသည်ကို စဉ်းစားမရအောင် ရှိနေပါတော့သည်။

မကြာမီ မီးရထားသည် ဥသြရှည်ဆွဲကာ လမ်းဆုံးသို့ ရောက်တော့မည်ဖြစ်သည်။ ရထားပေါ်တွင် ခရီးသည်များများစားစား မကျန်တော့သော်လည်း ဤခရီးသည်များက ရထားပေါ်ကဆင်းရန် ပြင်ဆင်နေကြပါသည်။ မြို့ငြိုသို့ ရထားဝင်ချိန် လမ်းမီးများလာနေပြီ ဖြစ်ပါသည်။ အစ်ကို သာကြိုမည်ဖြစ်၍ ရထားပေါ်မှ အစ်ကို့ကို ရှာကြည့်နေခဲ့သည်။ မီးရထားတွဲပေါ်တွင် လူကုန်သည်အထိ အစ်ကို့ကို မမြင်ရသဖြင့် ရထားပေါ်ကဆင်းကာ ဘူတာရုံထဲမှ စောင့်ပြန်သည်။ ဘူတာရုံတွင် လူကုန်သည်အထိ အစ်ကို၏ အရိပ်အယောင်မျှ မမြင်ရသဖြင့် လိပ်စာအတိုင်းသွားရန် ထွက်ခဲ့ပါသည်။

'ဟေ့..မောင်ဦး'

ခေါ်သံကြား၍ မောင်မောင်ဦး ကြည့်လိုက်ရာ အစ်ကို့အနီး မမစိုးကို တွေ့လိုက်ရသည်။

'အိမ်မှာ စည်သည်ရောက်နေလို့ မမစိုး နည်းနည်းအောက်ကျသွားတယ်ကွယ့်။ ဟဲ့..ဖိုးချို၊ မောင်ဦးလက်ထဲက ပစ္စည်းတွေယူပြီး အိမ်ကိုသွားနှင့်။ တို့ ဖြည်းဖြည်းလျှောက်ခဲ့မယ်'

ဖိုးချိုဆိုသူက ပစ္စည်းများကို သယ်ယူပြီး ရှေ့ကသွားပါသည်။ မောင်မောင်ဦးသည် မမစိုးနှင့်ယှဉ်၍ ဘူတာရုံထဲမှ ထွက်ခဲ့သည်။ မမစိုးတို့အိမ်မှာ ဘူတာနှင့်မဝေးသဖြင့် ခဏနှင့် ရောက်ခဲ့ကြသဲ့သည်။ မမစိုးတို့အိမ်မှာ ခြံဝင်းကျယ်ပြီး နှစ်ထပ်တိုက်ကြီး ဖြစ်ပါသည်။ မမစိုးတို့အိမ်မောင်နှံမှာ အပေါ်ထပ်တွင်နေထိုင်ပြီး အောက်ထပ်တွင် ဆိုင်ခန်း၊ ဧည့်သည်အတွက်အခန်း၊ ထမင်းစားခန်းနှင့် ရေချိုးခန်းတို့ ရှိပါသည်။ မောင်မောင်ဦးအတွက် အောက်ထပ်တွင် ပြင်ဆင်ထားကြောင်း တွေ့ရသည်။ အိမ်ရောက်သည်အထိ အစ်ကို့ကို မမြင်ရသဖြင့် မေးလိုက်ရသည်။

'မမစိုး..အစ်ကို့ကို မတွေ့ရပါလား။ အချိန်ပိုဆင်းရဦးမလို့လား'

'မဟုတ်ဘူးကွယ့်။ မင်းအစ်ကို ပိတောက်ပင်တန်းကို သွားနေတယ်'

'ဗျာ..ပိတောက်ပင်တန်း၊ ဟုတ်လား'

'မင်းက ပိတောက်ပင်တန်းကို သိလို့လား'

'လမ်းမှာ ပိတောက်တန်းဘူတာကို တွေ့ခဲ့ရလို့ပါ'

'ဟုတ်တယ်၊ ပိတောက်တန်းဘူတာကနေ အနောက်ကို နာရီဝက်လောက် လမ်းလျှောက်ရင် မဟာမောဓိကျောင်းကို ရောက်တယ်'

'အစ်ကိုက ဘာကိစ္စသွားတာလဲ'

'တို့ကိုးကွယ်တဲ့ ဘုန်းကြီးကျောင်းမှာ သိမ်ဆောက်ဖို့ အတွက် အကူအညီတောင်းလို့ လိုက်သွားတာ။ ဒီနေ့ မရောက်ရင် မနက်ဖြန်တော့ ပြန်ရောက်မှာပါ'

အစ်ကို မရှိသဖြင့် ပျင်းပျင်းနှင့် ထမင်းစားပြီး အိပ်ရာသို့ ဝင်ရောက်ခဲ့သည်။ ခရီးပန်းလာသဖြင့် အိပ်ပျော်သွားပါသည်။ အိပ်မက်တွင် အစ်ကို့ကို တွေ့လိုက်ရသည်။ အစ်ကို၏အေားတွင် မိန်းကလေးချောချောတစ်ယောက် ပါလာသည်ကိုလည်း တွေ့ရပါသည်။ အနီးရောက်မှ ထိုမိန်းမချောလေးမှာ မေသကြိန်ဖြစ်နေကြောင်း အံ့သြဖွယ်ရာ တွေ့လိုက်ရသည်။ သူတို့နှစ်ယောက်ချင်း တွဲ၍လျှောက်လာနေသည်။ အစ်ကို မမြင်အောင် ပိတောက်ဝင်ကိုကွယ်၍ နေလိုက်ရသည်။ မေသကြိန်ကို မြင်ရသည်မှာ ပြုံးရွှင်မြူးကြွလျက်ရှိနေပါသည်။ အစ်ကို့ကို မကျေနပ်သလိုရှိပြီး မေသကြိန်အတွက် စိတ်မကောင်းဖြစ်ရပါသည်။

ရုတ်တရက် အိပ်ရာက နိုးလာမှ အိပ်မက်မှန်းသိရ၍ စိတ်သက်သာရာရခဲ့သည်။ မေသကြိန်နှင့် ပတ်သက်မှုမရှိပါဘဲ စိတ်မကောင်းဖြစ်ပြီး ဝမ်းနည်းနေမိသဖြင့် မေသကြိန်ကို စွဲလမ်းနေပြီလားဟု သံသယရှိရသည်။ အိပ်ရာက နိုးသည့်အခါ နေမြင့်နေပြီဖြစ်၍ မျက်နှာသစ်လိုက်သည်။

'ကဲ..မောင်ဦးရေ၊ မင်း ခရီးပန်းလာလို့ မမ မနှိုးခဲ့ဘူး။ မင်းအစ်ကိုတော့ ပြန်ရောက်မလာသေးဘူး။ တို့ ထမင်းစားရအောင် နွေလယ်စာ ပြင်ထားတယ်'

မောင်မောင်ဦးသည် ထမင်းစားရင်း စဉ်းစားနေသည်။ အစ်ကို မရောက်လာခြင်းသည် သူ့အတွက် ကံကောင်းသည်ဟု ထင်မိသည်။ မမစိုးကိုပြောရန် စဉ်းစားမိသည်။

'မမစိုး..ကျွန်တော် အစ်ကို့နောက်ကို လိုက်သွားချင်တယ်'

'ဘာလို့လိုက်မှာလဲ။ ဒီညနေဆိုရင် ရောက်လာတော့မှာပဲ'

'လမ်းမှားစရာမရှိပါဘူး မမစိုးရယ်။ ကျွန်တော်လိုက်

www.burmeseclassic.com

သွားရင် ပိတောက်ပင်တန်းဘူတာမှာ အစ်ကိုနဲ့ တွေ့မှာပဲ။ အစ်ကိုနဲ့ အတူပြန်လာခဲ့မှာပါ။ ဘူတာမှာမတွေ့ရင် အစ်ကို ရှိတဲ့ မဟာဗောဓိကျောင်းအထိ လိုက်သွားရင် ရတာပဲ'

'အေးလေ.. မင်းတစ်ယောက်တည်း ပျင်းနေတော့ လိုက်ချင်လည်း လိုက်သွားလေ။ ဒါပေမဲ့ ပိတောက်ပင်တန်း ရွာဘက်ကိုတော့ မသွားနဲ့။ အဲဒီရွာက ဘာကျွေးကျွေး မစားမိစေနဲ့။ အဲဒီရွာမှာ နေဝင်အထိ မနေသင့်ဘူး'

'ဘာပြုလို့လဲ မမစိုး'

'အဲဒီရွာက နာမည်ကြီးတယ်။ ပညာသည်တွေ များတယ်လို့ နာမည်ကြီးတယ်'

'ဟုတ်ကဲ့ပါ၊ အဲဒီရွာကို မသွားပါဘူး။ ဘူတာရုံက စောင့်မှာပါ။ ရထားလာတဲ့အထိ အစ်ကိုရောက်မလာမှ မဟာဗောဓိကို လိုက်သွားမှာပါ'

မမစိုး၏ ခွင့်ပြုချက်ရသည်နှင့် မောင်မောင်စိုး ဘူတာရုံသို့ ထွက်ခဲ့သည်။ ဘူတာရုံရောက်ပြီး မကြာမီ ရထားဝင်လာသဖြင့် ထိုရထားဖြင့် ပိတောက်ပင်တန်းသို့ လိုက်ခဲ့သည်။ ပိတောက်ပင်တန်းတွင် အစ်ကိုက

ရှိနေမလား၊ မေသကြိန်က ကြိုနေမလား စဉ်းစားနေမိသည်။ အစ်ကို့ကို မတွေ့ဘဲ မေသကြိန်နှင့် တွေ့ရပါစေဟု ဆုတောင်းနေမိပါသည်။ ပိတောက်တန်းဘူတာသို့ အလာတွင် ရထားခုတ်မောင်းသံနှင့်အညီ နှလုံးခုန်သံက မြန်နေသည်။

ရထားဆိုက်သည်နှင့် ဘူတာရုံနောက်ဘက်ရှိ လက်ဖက်ရည်ဆိုင်တွင်ထိုင်ရင်း အစ်ကိုအလာကို စောင့်ရသည်။ မကြာမီ ရထားလာတော့မည်ဖြစ်၍ အစ်ကိုသာ ပြန်ဖြစ်ပါက ရထားအမီ လာရမည်ဖြစ်သည်။ နေဝင်စတွင် မြူနှင်းများ ဝေလာပါသည်။ ရထားဝင်လာသည်။ အစ်ကိုလာမည့်တာဝန်သို့ မျှော်ကြည့်မိသည်။ အစ်ကို့ကို မတွေ့ရသဖြင့် ယခု အစ်ကို မပြန်ဖြစ်ကြောင်း သိလိုက်ရ၍ ဝမ်းသာမိပါသည်။ အစ်ကို ပြန်မရောက်ပါက မမစိုးက အစ်ကို့ဆီ လိုက်သွားပြီဟု ယူဆပေတော့မည်။

ရထားထွက်သည်နှင့် လက်ဖက်ရည်ဆိုင်က ထွက်ပြီး ပိတောက်ပင်တန်းရွာဆီသို့ ဦးတည်လိုက်သည်။ နေဝင်ခါမို့ ဘူတာရုံက မီးရောင်ဖြင့် မှုန်ပျပျသာ မြင်ရသည်။ ပိတောက်ပင်တန်းရွာဆီသို့ သွားမည့်ခရီးမှာ သူတစ်ယောက်တည်းသာ ရှိသည်။ လမ်းမှာ တစ်လမ်းတည်းသာ ရှိသဖြင့် လမ်းမှားဖွယ် မရှိနိုင်ပါ။ ရှေ့သို့ လျှောက်လှမ်းနေရုံနောက်မှ ခေါ်သံကြားရသည်။

'ဟေး..အစ်ကို၊ အစ်ကို တကယ်လာတယ်နော်'

ရုတ်တရက် မောင်မောင်စိုး လန့်သွားသည်။ အသံရောင်ဝတ်စုံဖြင့် မေသကြိန်ကို တွေ့လိုက်ရ၍ ဝမ်းသာသွားပါသည်။

'အစ်ကိုလာလို့ ဝမ်းသာလိုက်တာ အစ်ကိုရယ်'

'ရွေမင်းသမီးက ဖိတ်ကြားတော့ မလာဘဲ ဘယ်နေနိုင်ပါ့မလဲ'

'လာ..အစ်ကို၊ အစ်ကိုနဲ့ လမ်းလျှောက်ရင်း ပွဲခင်းသွားရအောင်။ ညမွှေးပန်းဆိုတဲ့ဆိုင်မှာ အစ်ကို့ကို ညစာကျွေးပါ့မယ်'

မမစိုး မှာလိုက်သည့် မည်သူကျွေးကျွေး မစားရသော စကားကို သတိရမိသည်။

'အစ်ကိုက အားလုံးစားသောက်ပြီးမှ လာခဲ့တာ၊ ဘာမှမစားတော့ပါဘူး'

'ဘယ်ဟုတ်ပါ့မလဲ အစ်ကိုရယ်၊ အစ်ကိုနဲ့ အတူ ချင်လို့ပါ'

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို မဆာပါဘူးကွယ်။ စားနိုင်မှာ မဟုတ်ပါဘူး"
"ဆာလို့တော့ ဘယ်ဟုတ်မလဲ။ နှစ်ယောက်အတူ
ဆုံစားချင်လို့ပါ"
"ညီမ ဒီည အငြိမ့်မကရဘူးလား။ ဒီည ဝိုလ့နေ
"ကရမှာပါ အစ်ကို။ လာပါ၊ ဟိုရှေ့က ဆိုင်ပါ"
ညမွေးပန်းဆိုင်တွင် ထမင်းစားကြသည်။
မေသကြိန်မှာ ဟုတ်တိပတ်တိ မစားဘဲ မောင်မောင်
သာ ဂရုစိုက်ကျွေးနေခဲ့သည်။ လုံးဝမစားဟု ဆုံးဖြတ်
လည်း မေသကြိန် ပြုစုမှုကြောင့် စားဖြစ်ခဲ့ပါသည်။
စားပြီး အအေးသောက်ကြသည်။ စားသောက်ပြီး
နှင့် အငြိမ့်ကရာ ပွဲခင်းဆီသို့ လျှောက်ခဲ့ကြသည်။
ပင်တန်းဆိုသည့်အတိုင်း ဝဲယာနှစ်ဖက်တွင် ဝိ
ပင်များ အစီအရီရှိနေပါသည်။ မကြာမီ ပွဲခင်းဆီမှ
သံများကို ကြားလာရသဖြင့် ပွဲခင်းနှင့် နီးလာပြီဟု
သည်။ ပွဲခင်းအနီးတောင်ကုန်းပေါ်က စေတီတစ်ဆူကို
ခုံမီးများ ပူဇော်ထားသည်ကို တွေ့လိုက်ရသည်။
"ဒီဘုရားက ရောင်စုံမီးတွေနဲ့ သိပ်သပ္ပာယ်ပါလား"
"ဒါ လွမ်းစေတီလို့ခေါ်တယ် အစ်ကို့ရဲ့။ ဒီစေတီက
တိုင်းပြည့်လို့ ဆုတောင်းပြည့်စေတီလို့လည်း ခေါ်
တယ်။ အစ်ကို ဖူးချင်သလား။ လိုက်ပို့ပေးမယ်လေ"
"ကြုတုန်းဖူးရတာပေါ့"
မောင်မောင်ဦးနှင့် မေသကြိန် တောင်ကုန်းပေါ်သို့
ခဲ့ကြသည်။ တောင်ကုန်းမှာ မတ်စောက်သဖြင့် မေ
ကြိန်၏ လက်ကိုဆွဲ၍ တက်ခဲ့ရသည်။ တောင်ကုန်းပေါ်
ကိုသည်နှင့် တန်ခူးလေက တသုန်သုန်တိုက်နေသဖြင့်
ကို အေးမြစေပါသည်။ နှစ်ယောက်အတူ ဘုရားဖူးရ
မှာ ကြည်နူးစရာ၊ ရင်ခုန်စရာ ကောင်းပါသည်။
မောင်မောင်ဦးက မေသကြိန်ကို ပြောလိုက်သည်
"လွမ်းစေတီကို ဖူးလိုက်ရလို့ လွမ်းသလိုလို ရှိသွားတာ

"အစ်ကိုက ဘာကိုလွမ်းတာလဲ။ ဒီစေတီရဲ့သမိုင်းကို
ရင် ပိုတောင်လွမ်းဦးမှာ"
"သမိုင်းတော့ ကြားချင်ပါတယ်။ လွမ်းတော့မလွမ်း
စေနဲ့"
"ပါးစပ်ရာဇဝင်ဆိုပါတော့ အစ်ကိုရယ်။ ဟိုလွန်လေ
သောအခါကပေါ့။ ရှင်ဘုရင်ကြီးတစ်ပါး စစ်ရှုံးပြီး ထွက်
ပြေးလာတာ ဒီတောင်ကုန်းအနီးကို ရောက်လာတယ်။ သစ်
ခက်တဲနန်းထိုးပြီး မိဖုရားရယ်၊ အလွန်ချောမောလှပတဲ့
သမီးတော်လေးတစ်ပါးရယ် အတူနေခဲ့ကြတယ်။ ဘုရင်
မိသားစုကို စောင့်ရှောက်တဲ့ မြင်းတပ်က ဗိုလ်မှူးကလေးနဲ့
သမီးတော်တို့ အတူနေရာက ရည်ငံမိကြတယ်။ ဒါကို
ဘုရင်ကြီးသိတော့ ဗိုလ်မှူးကလေးကို သေစေလိုတဲ့သဘော
နဲ့ သူတို့ထွက်တော်မူနန်းက ခွာခဲ့ရတဲ့နန်းတော်ကို ပြန်
လည်သိမ်းပိုက်နိုင်ရင် သမီးတော်နဲ့ စုလျားရစ်ပတ် ရွှေလက်
ထပ်ပေးမယ်လို့ ကြေငြာလိုက်တယ်။

ဗိုလ်မှူးကလေးက သူရဿတ္တိနဲ့ ပြည့်စုံတဲ့အပြင်
ဘုရင်၏ အမိန့်တော်ကို ယုံကြည်ပြီး အသက်စွန့်ပြီး တိုက်
ခိုက်ခဲ့တာ နေပြည်တော်ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့တယ်။
နေပြည်တော်ကို ဘုရင်ထံ ပြန်လည်အပ်နှံလိုက်ရာ မင်း
သမီးလေးမှာ အလွန်ပျော်ရွှင်နေတာပေါ့။ ဒါပေမဲ့ ဘုရင်
ကြီးက ဗိုလ်မှူးလေးကို သမီးတော်နဲ့ မပေးစားနိုင်တာ
ကြောင့် ဗိုလ်မှူးလေးကို အကျဉ်းချလိုက်ပြီး နေပြည်တော်
ကိုပြန်ရန် စီစဉ်နေစဉ် မင်းသမီးကလေးဟာ အခု ညီမ
တို့ အငြိမ့်စင်ဘေးက ပိတောက်ပင်ကြီးမှာ သူ့ကိုယ်သူ
ကြိုးကွင်းစွပ်ပြီး အဆုံးစီရင်လိုက်တယ်။

ဘုရင်ကြီးဟာ နန်းတော်ပြန်ရောက်မှ နောင်တ၊ ရပြီး
ဗိုလ်မှူးလေးကို ပြန်လွှတ်ပေးလိုက်တယ်။ ဗိုလ်မှူးလေးဟာ
ဘုရင်အရိပ်အောက်က ထွက်လိုက်ပြီး မင်းသမီးလေးနဲ့ တွေ့
နေကျ ဒီတောင်ကုန်းမှာ ကိုးတောင်ပြည့်စေတီတည်ခဲ့တယ်။
ဒီစေတီကိုလည်း လွမ်းစေတီဟု အမည်ပေးခဲ့တယ်တဲ့။ ပုံ
ပြင်လေးကတော့ ဒါပါပဲ"

ပုံပြင်ဆုံးသည်နှင့် မောင်မောင်ဦး သက်ပြင်းချလိုက်
သည်။

"လွမ်းစေတီတဲ့။ အမည်နဲ့လိုက်အောင် လွမ်းလောက်
ပါရဲ့"

"အစ်ကို တကယ်လွမ်းနေပြီလား"

"လွမ်းရတာပေါ့ ညီမရယ်။ လူသားတစ်ယောက်အနေ
နဲ့ လွမ်းစရာတွေ့ရင် လွမ်းရမှာပေါ့။ ညီမတို့လို မင်းသမီး
တွေကတော့ လွမ်းစရာတွေ့လည်း ပြုံးနိုင်ရယ်နိုင်တာပေါ့
လေ။ တွေ့ရင်လွမ်း ကွယ်ရာမှေ့ဆိုတာ ပညာသည်တွေ
မဟုတ်လား"

"ညီမမှာလည်း နှလုံးသားနဲ့ပါ အစ်ကိုရယ်။ ဒီတစ်ည
အစ်ကိုနဲ့ တွေ့ဆုံခဲ့ရတာကို မမေ့ကြေးနော်။ ကဲ..အစ်ကို

www.burmeseclassic.com

ပွဲခင်းဆီ သွားကြရအောင်'

စေတီတော်ကိုဦးချပြီး အောက်သို့ ဆင်းခဲ့ကြသည်။ တောင်အောက်သို့ရောက်သည်နှင့် ပွဲခင်းဆီသို့ လျှောက်ခဲ့ကြသည်။ ပွဲခင်းမှာ လူများ ပြည့်လျှံနေအောင် များလှပါသည်။ မေသကြိုင်သည် မောင်မောင်ဦးကို ဇာတ်စင်ရှေ့သို့ ခေါ်သွား ပြီး အကောင်းဆုံးနေရာတွင် နေရာချထားပေးပါသည်။

'ကဲ..အစ်ကို၊ ဒီနေရာကကြည့်နော်။ အခု ရှေ့ထွက်မင်းသမီး ကတော့မယ်။ သူပြီးရင် ညီမအလှည့်ဆိုတော့ အဝတ်အစားလဲလိုက်ဦးမယ်။ ကပြီးတာနဲ့ အစ်ကို့ဆီ ပြန်လာခဲ့မယ်။ အစ်ကို စောင့်နေပါနော်'

မေသကြိုင် အငြိမ့်စင်နောက်သို့ ဝင်သွားပါသည်။ မကြာမီ ရှေ့ထွက်မင်းသမီးနှင့် လူပြက်များ ထွက်လာကြသည်။ ရှေ့ထွက်မင်းသမီးမှာ အသံကောင်း၊ အကကောင်း ရုပ်ချောဖြစ်ပါသည်။ လူပြက်များ၏ ပြက်လုံးများကြောင့် ပရိသတ်မှာ တဝါးဝါး တဟားဟား ဖြစ်နေကြပါသည်။ မင်းသမီး မည်မျှပင်ကောင်းသော်လည်း မေသကြိုင် ကတာကိုပင် ကြည့်ချင်နေ၍ မောင်မောင်ဦးမှာ မေသကြိုင်ကိုသာ မျှော်နေခဲ့ပါသည်။ ရှေ့ထွက်မင်းသမီးတာဝန်ပြီး၍ နောက်မေသကြိုင်အလှည့်ဟု ကြေညာလိုက်သည်နှင့် ပရိသတ်များ၏ လက်ခုပ်သံများမှာ တစ်ကွင်းလုံး ဟိန်းသွားပါတော့သည်။ ပရိသတ်များ၏ မေသကြိုင်အပေါ် ချစ်ခင်မြတ်နိုးမှုကို သိရပါသည်။ မေသကြိုင် ထွက်လာသောအခါတွင်လည်း အားပေးသံများ အဆက်မပြတ် ပေါ်ထွက်နေခဲ့ပါသည်။ မေသကြိုင်က လှလည်းလှ၍ အကလည်းကောင်းသည်။ ပီယဝါစာစကားဆိုရာတွင်လည်း ချိုသာလှပါသည်။

မောင်မောင်ဦးမှာ မေသကြိုင်၏အကတွင် နစ်မျောနေပါသည်။ အကတစ်ပိုဒ်ပြီး၍ လူရွှင်တော်များအလှည့်တွင် ဇာတ်စင်ပေါ်မှ မောင်မောင်ဦးကို ပြုံးပြီးကြည့်နေတတ်ပါသည်။ အငြိမ့်ကပွဲမှာ အချိန်ကြာသည်နှင့် မောင်မောင်ဦးသည် အစ်ကိုအကြောင်း စဉ်းစားမိပြန်သည်။

အစ်ကို ဒီည ပြန်လာမည်ဆိုပါက ဘူတာရုံသို့ ရောက်နေပြီလောဟု တွေးမိပြန်သည်။ နောက်ဆုံးရထားက ဝင်ခါနီးပြီဖြစ်၍ အစ်ကို ရောက်နေတော့မည်။ မေသကြိုင်မှာလည်း ပရိသတ်များ၏ ထပ်တလဲလဲ တောင်းဆိုမှုများကြောင့် စင်ပေါ်က ဆင်း၍မရနိုင်အောင် ရှိနေပါသည်။ ညဉ့်နက်ပါက အိပ်မပြန်နိုင်မှာကို စိတ်ပူမိပြန်သည်။ ပွဲသို့ လာစဉ်က ခဏသာဟု စဉ်းစားခဲ့သည်။ မေသကြိုင်နှင့် တွေ့ရလျှင် ကျေနပ်မည်ဟု ထင်ခဲ့သည်။ ယခု မေသကြိုင်က သူ့ကိုစောင့်ပါဟု တားထားသဖြင့် သူ နေခဲ့ရသည်။

နောက်ဆုံးရထားနှင့် ပြန်လိုက်လျှင် ကောင်းမည်ဟု စဉ်းစားမိပြန်သည်။ မေသကြိုင်ကို နှုတ်မဆက်ဘဲပြန်၍ မသင့်လျော်သော်လည်း မေသကြိုင်မှာ ပရိသတ်များ၏ တစ်ခဲနက်အားပေးနေမှုကြောင့် စင်ပေါ်မှ ဆင်းရဖို့ လမ်းမခြင်းကြောင်း သိရပါသည်။ တစ်ပိုဒ်ကအပြီး မေသကြိုင်အဝတ်လဲနေစဉ် ထိုင်ရာက ထလိုက်သည်။

ဘူတာရုံဘက်သို့ လျှောက်ခဲ့သည်။ ဘူတာရုံထဲတွင် မီးရောင်လက်လက်ကို မြင်နေရသည်။ မီးရောင်ဖြင့် အသက်ကြီးကြီး လူကြီးတစ်ယောက် ပလက်ဖောင်းပေါ်တွင် လမ်းလျှောက်နေသည်ကို မြင်လိုက်ရသည်။ မောင်မောင်ဦးသည် အဘိုးကြီးအနီးသို့ ကပ်၍ မေးလိုက်သည်။

'ဘကြီးက ဒီဘူတာက အမှုထမ်းလားခင်ဗျ'

'ဟုတ်ပါတယ်။ ဘကြီးက ဘူတာရုံက ညစောင့်ပါ'

'နောက်ဆုံးမီးရထား ဝင်ဖို့ ဘယ်လောက်လိုသေးသလဲ'

'မီးရထားထွက်သွားတာ ကြာလှပြီ။ နောက်ရထား မရှိတော့ဘူး။ မိုးလင်းမှ လာတော့မှာ။ မောင်ရင်က ဘယ်ကိုသွားချင်လို့လဲ။ မကြာခင် မိုးလင်းတော့မှာပါ'

'ဗျာ..မိုးလင်းတော့မယ်'

မောင်မောင်ဦးမှာ အဘိုးကြီး၏စကားကို မယုံကြည်သဖြင့် လက်မှနာရီကို ကြည့်လိုက်ရာ ကိုးနာရီတိတိတွင် နာရီရပ်နေကြောင်း တွေ့လိုက်ရသည်။ ပိတောက်ပင်တန်းသို့ သူရောက်ခဲ့သည်မှာ နှစ်နာရီခန့်သာရှိမည် ထင်ရသော်လည်း ယခု မိုးလင်းတော့မည့်အချိန်သို့ ရောက်ခဲ့သည်ကို မယုံနိုင်အောင် ရှိနေပါသည်။

'ကျွန်တော်က ဗောဓိကုန်းဘုန်းကြီးကျောင်းကိုသွားလာခဲ့တာပါ။ အငြိမ့်ပွဲတွေ့လို့ ခဏဝင်ကြည့်နေတာ၊ အခုတော်တော်ကုန်သွားတယ်'

'ဘယ်က အငြိမ့်လဲ။ ဒီနေရာမှာ ဘာပွဲမှမရှိပါဘူး'

'ပိတောက်တန်းမှာကတဲ့ အငြိမ့်ပါ။ လူတွေ တော်တော်စည်ပါတယ်။ မေသကြိုင်အငြိမ့်လေ'

'ဟာ..မောင်ရင်တော့ ပိတောက်တန်းက ကျတ်တွေ့တွေ့လာခဲ့ပြီ ထင်တယ်'

'ဗျာ..ကျတ်တွေ့လုပ်တဲ့ပွဲ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်တယ်လေ။ ပိတောက်တန်းတစ်လျှောက်က ကျတ်တွေချည်းပဲ။ တစ်ခါတစ်ရံ ဇာတ်ပွဲတွေ၊ အငြိမ့်ပွဲတွေ လုပ်လေ့ရှိတယ်။ အဲဒီပိတောက်တန်းဘက်ကို မသွားရဘူး။ အထူးသဖြင့် ညဘက် မသွားသင့်ဘူး'

မောင်မောင်ဦး ထိတ်လန့်သွားပါသည်။ သူသည် ကျတ်များပြုလုပ်သည့်ပွဲနှင့် တွေ့ခဲ့ခြင်းလောဟု သံသယ ရှိလာသည်။ အငြိမ့်မင်းသမီး မေသကြိန်ဆိုတာ ကျတ်များ ဖြစ်နေပြီလားဟုတွေးရင်း ကျောထဲစိမ့်လာပါသည်။ ရှေ့ဆက် မတွေးရဲအောင် ရှိနေပါသည်။ ယခု ဘူတာရုံကို ရောက်နေသည်ကိုပင် သူကိုယ်သူ လုံခြုံရေးမရှိဟု ထင် နေပါသည်။ သည်နေရာတွင် ရှိနေပါက မေသကြိန် လိုက် လာနိုင်သည်။ သည်နေရာက အမြန်ခွာမှ ဖြစ်တော့မည်။ ကြာရှည်စဉ်းစားမနေသင့်တော့ဘဲ အမြန်ဆုံးသွားသင့်နေ ပြီဖြစ်ကြောင်း သိလာသည်။

'ဘကြီး..မဟာဗောဓိကျောင်းကို လမ်းလျှောက်သွား ပါမယ်။ လမ်းပြပေးပါ'

'မဟာဗောဓိကျောင်းကို အမြန်ရောက်နိုင်တဲ့ ဖြတ် လမ်းတော့ရှိတယ်။ မင်း သွားမယ်ဆိုရင် ဒီမီးရထားလမ်း အတိုင်း လျှောက်သွားပါ။ တစ်မိုင်လောက်သွားမိရင် မီး ရထားသံလမ်းတံတားကို တွေ့မယ်။ တံတားကို ကျော်လိုက် ဘာနဲ့ ညာဘက်မှာ မြေနီလမ်းတွေ့မယ်။ အဲဒီလမ်းအတိုင်း လျှောက်ရင် တစ်မိုင်လောက် လျှောက်တာနဲ့ မဟာဗောဓိ ကျောင်းကို ရောက်လိမ့်မယ်။ အဲဒီအတိုင်းသာ လျှောက်ပေ တော့'

'ဒါဆို အခုသွားပါမယ်။ ကျေးဇူးပါပဲ ဘကြီး'

မောင်မောင်ဦးသည် ဘကြီးညွှန်ပြသည့်အတိုင်း မီး ရထားလမ်းမှ လျှောက်ခဲ့သည်။ ခြေလှမ်းကို အမြန်နှုန်းဖြင့် သည်နယ်မြေနှင့်ဝေးအောင် ကြိုးစားခဲ့သည်။ မေသကြိန် သည် လူသားစင်စစ် မဟုတ်ပါက သူ့နောက်သို့ လိုက်လာ မည်မှာ ဧကန်ဖြစ်သည်။ အမြန်ဆုံး မဟာဗောဓိကျောင်း သို့ ရောက်မှဖြစ်မည်။ အမြန်လျှောက်နေရသည်ကိုပင် အား မရသဖြင့် ပြေးသည့်အခါ ပြေးလိုက်၊ လျှောက်သည့်အခါ လျှောက်လိုက် လာခဲ့သည်။

ရှေ့တွင် တံတားကို တွေ့ရသဖြင့် တံတားကိုမကျော် ခင် နောက်ဘက်သို့ စောင်းငဲ့ကြည့်လိုက်ရာ မျက်လုံးပြူး သွားပါသည်။ သူ၏နောက်မှ မည်းမည်းသဏ္ဌာန်တစ်ခု လိုက်လာသည်ကို မြင်တွေ့လိုက်ရသည်။ မောင်မောင်ဦး

သည် လမ်းလျှောက်ခြင်းကိုရပ်ပြီး အပြေးစတင်လိုက်ပါ သည်။ လယ်ကန်သင်းလမ်းဖြစ်၍ လမ်းက မချောမွေ့သော် လည်း အားကုန်ပြေးခဲ့သည်။ ပရလောကသားများသည် ဂါထာမန္တန်ကို ကြောက်သည်ဟု သိရသဖြင့် သမ္မုဒ္ဓေါ ဂါထာတော်ကို ပြေးရင်း ရွတ်ခဲ့သည်။ ကြောက်စိတ်ကြောင့် ပင်လား၊ မောနေ၍ပင်လားမသိ သမ္မုဒ္ဓေဂါထာမှာ ဟို ရောက်၊သည်ရောက် မှန်ကန်အောင် ရွတ်နိုင်မှုမရှိပါ။ သမ္မုဒ္ဓေဂါထာကိုရွတ်၍ အဆင်မပြေသောအခါ ရတနာ သုံးပါးကို သတိရ၍ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိကို အဆက်မပြတ် ရွတ်ဆိုမိ ပါသည်။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် မကောင်း ဆိုးဝါးများလက်မှ လွတ်မြောက်ပါစေကြောင်း ဆုတောင်း ရပါသည်။ အတော်အတန် ခရီးပေါက်လာ၍ ဝမ်းသာမည့် ဆဲဆဲ နောက်က ခေါ်သံကြား၍ ရင်ထိတ်ရပြန်သည်။

'အစ်ကို..အစ်ကို၊ ညီမကို စောင့်ပါဦး။ ညီမ ရှင်းပြ ပါရစေ'

မေသကြိန်၏အသံဖြစ်သည်။ ယခင်က အလွန်ချိုသာ ခဲ့သော သူ၏အသံမှာ မိုးကြိုးသံအလား ကြောက်မက်ဖွယ် ကောင်းနေပါသည်။ ပရလောကသားဖြစ်၍ လွတ်အောင် ပြေး၍ မရနိုင်ပါလားဟု စဉ်းစားမိပြန်သည်။ သူမှာ သရဏဂုံရွတ်သည့် အားတစ်ခုသာ အားကိုးရန်ရှိကြောင်း သဘောပေါက်ပါသည်။ သရဏဂုံကို အထပ်ထပ်အပြန်အပြန် ရွတ်ဆိုရင်း နောက်သို့ လုံးဝလှည့်မကြည့်ဘဲ ပြေးခဲ့ပါသည်။

ရှေ့တွင် ချောင်းရိုးတစ်ခုကို တွေ့လိုက်ရသဖြင့် စိတ် ဓာတ်ကျသွားပါသည်။ သို့သော် ချောင်းရေမှာ ခြေခုံကြွပ်ရုံ

www.burmeseclassic.com

သာရှိသဖြင့် ရှိသမျှအားနှင့် ဆက်၍ပြေးခဲ့ပါသည်။ ချောင်းရေထဲတွင် ကျောက်တုံးတစ်ခုကို ခလုတ်တိုက်၍ လဲကျခဲ့ပါသည်။ တစ်ကိုယ်လုံး ရေစိုပြီး ခြေထောက်က နာကျင်သော်လည်း ဂရုမစိုက်နိုင်ဘဲ လဲကျရာမှ အမြန်ထ၍ ပြေးခဲ့ရသည်။ ချောင်းရိုးတစ်ဖက်ကမ်းသို့ ရောက်သည့်အခါ နောက်ကလိုက်လာသည့်အသံ မကြားရသဖြင့် အနည်းငယ် စိတ်အေးရသည်။ အကယ်၍ နောက်မှလိုက်လာပါကလည်း လွတ်အောင်ပြေးနိုင်စွမ်း မရှိတော့ပါ။ ခြေထောက်တွင် ဒဏ်ရာရလိုက်သဖြင့် နာကျင်သည့်အပြင် မောပန်းလွန်းသဖြင့် အားပြတ်နေပါသည်။

အရှေ့ဆီမှ ရောင်နီပေါ်ထွက်လာပြီဖြစ်၍ အမှောင် ပျောက်၍ အလင်းရောက်ပါက ကြောက်စရာမရှိတော့ပါ။ ခဏအမောအပန်းဖြေရင်း တစ်လှမ်းချင်း လျှောက်လာခဲ့ရာ တစ်စ,တစ်စ အလင်းရောင်ထွက်ပေါ်သဖြင့် မြက်ခင်းပေါ်တွင် ထိုင်ချလိုက်ပါသည်။ မောလွန်းသဖြင့် မြက်ခင်းပေါ်တွင် ထိုင်မိသည်မှာ အချိန်မည်မျှကြာသွားသည်ကို မသိရပါ။ သတိပြန်ဝင်လာသောအခါ နှုတ်က သရဏဂုံ ရွတ်နေဆဲဖြစ်ကြောင်း သတိထားမိပါသည်။ အမောပြေမှ မြက်ခင်းမှထ၍ ရပ်လိုက်သည်။

နေရောင်ထွက်ပေါ်လာပြီဖြစ်၍ ပတ်ဝန်းကျင်ကို မြင်နေရပြီဖြစ်သည်။ မဟာဗောဓိကျောင်းကြီးကိုလည်း မြင်နေရသည်။ ကျောင်းနှင့် ကိုက်တစ်ရာခန့်သာ ဝေးတော့သဖြင့် ကျောင်းဆီသို့ရောက်အောင် အားတင်း၍ လျှောက်ခဲ့သည်။ ကျောင်းကြီးကို အုတ်တံတိုင်းပတ်လည် ကာထားသဖြင့် ကျောင်းအဝင်ဝတံခါးဆီသို့ လျှောက်ခဲ့သည်။

ကျောင်းထဲသို့ဝင်ရမည်ဖြစ်၍ ဖိနပ်ချွတ်ရန် သတိရမှ ခြေထောက်တွင် ဖိနပ်ပါ့မလာတော့ကြောင်း သိရသည်။ တစ်လမ်းလုံး မနားမနေ ပြေးခဲ့ရသဖြင့် ဖိနပ်ကျွတ်ကျန်ခဲ့မှန်းပင် မသိခဲ့ရပါ။

'ဟေ့ကောင်..မောင်မောင်ဦး'

သူ၏အမည်ကို ခေါ်သံကြား၍ ရုတ်တရက် လန့်သွားပြီး ခေါ်သူကို သေချာအောင်ကြည့်လိုက်မှ အစ်ကိုမောင်မောင်ကြီးမှန်း သိရသည်။ မောင်မောင်ကြီးက ဖိနပ်မပါဘဲ ဖရိုဖရဲနှင့် ကျောင်းထဲသို့ဝင်လာသော ညီကို နားမလည်နိုင်အောင် ရှိနေပုံရသည်။ ကျောင်းတံခါးဝမှ ဘုန်းကြီးတစ်ပါးနှင့်အတူ ရပ်နေသော အစ်ကိုကို တွေ့လိုက်ရသဖြင့် ဝမ်းသာပြီး ဘုန်းကြီးကို ထိုင်၍ဝတ်ဖြည့်လိုက်သည်။

'ဘုန်းဘုန်း..ဒါ တပည့်တော်ရဲ့ညီပါ။ ရန်ကုန်လိုက်တာတာပါ။ ဒီနေရာကို ဒီအချိန် ဘယ်လိုကဘယ်ရောက်လာတယ်ဆိုတာတောင် မသိရသေးပါဘူးဘုရား'

မောင်မောင်ဦးသည် ကျောင်းရေအိုးစင်မှ ရေတစ်ခွက်သောက်လိုက်ပြီး အမောပြေသွားမှ အစ်ကိုနှင့် ဘုန်းကြီးသူတွေ့ကြုံခဲ့ရသည့် အဖြစ်စုံကို ပြည့်ပြည့်စုံစုံ ပြောပြလိုက်ပါသည်။ ဦးမောင်မောင်ကြီးက ညီဖြစ်သူ၏ စကားလမ်းကို နားထောင်ရင်း ရင်ထိတ်လျက်ရှိပါသည်။ စကားလမ်းအဆုံးအထိ နားထောင်ပြီးမှ ဆရာတော်က အားရှိပါသည်။

'ဒကာလေးက မေသကြီးနဲ့ တွေ့လာတာကိုး'

'အရှင်ဘုရားက မေသကြီးကို သိပါသလားဘုရား'

'ဒီနယ်တစ်ဝိုက်က မေသကြီးကို မသိသူ မရှိသလောက်အားလုံး သိနေကြတာပါ။ ပိတောက်ပင်တန်းမှာ ဘုရားစေတီဆိုတာ ရှိတယ်လေ။ လွမ်းစေတီဇာတ်လမ်းကလေးဒဏ္ဍာရီဆန်ဆန် ပြောနေကြတော့ အချစ်ရေးကိစ္စ အများမပြေတဲ့ မိန်းကလေးတွေက တစ်ယောက်ပြီးတစ်ယောက် အဲဒီပိတောက်ပင်မှာ ကြိုးဆွဲချပြီး ဘဝကို အဆုံးစီရင်ကြတယ်။ မေသကြီ်နဲ့ဆိုတာလည်း အဲဒီရွာမှာ ရုပ်ကလေးချော၊ အာလည်း ဝါသနာပါတော့ အလှူပွဲတိုင်း ကဲတယ်။ တစ်နေ့တော့ ဇာတ်မင်းသားတစ်ဦးနဲ့တွေ့ပြီး သမီးဖြစ်မယ်ဆိုလို့ ဇာတ်ထဲလိုက်သွားတာ ခြောက်လောက်ကြာတော့ မင်းသမီးမဖြစ်ဘဲ ဘဝပျက်ပြန်လာ အဲဒီပိတောက်ပင်မှာပဲ ကြိုးဆွဲချပြီး အဆုံးစီရင်သွားတာ တစ်ခါ,တစ်ခါ ပိတောက်ပင်အောက်မှာ အငိုမ့်ကတာကြားရတယ်။ အဲဒီနေရာကလည်း ကျတ်ကုန်းဆိုတော့ ကျတ်တွေနဲ့ပေါင်းပြီး သကြီ်နရက်တိုင်း အငိုမ့်ပွဲရှိတာကြားဖူးတာပဲ။ သကြီ်နရက်ဆိုရင် ပိတောက်ပင်အောက် ဘယ်သူမှ မဖြတ်ရဲကြဘူး'

ဆရာတော်၏ စကားအဆုံးတွင် ညီအစ်ကိုနှစ်ယောက် အံ့သြမကုန်အောင် ရှိကြပါသည်။ မောင်မောင်ဦးသည်ငယ်အတွက် စိတ်မကောင်းဖြစ်နေသည်။ ကြားဖူးထိတ်လန့်မိသော်လည်း ယခု သူဘဝ ငြိမ်းအေးသွားပြီး တစ်ခုသော သကြီ်နရက်က တွေ့ခဲ့ရသော အငြိမ့်မင်းသမီး မေသကြီ်နအကြောင်း စာရေးရမည်ဖြစ်၍ မောင်မောင်ကျေနပ်လျက် ရှိနေပါတော့သည်။

ကောင်းမော

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ရုပ်ရှင်တစ်ဖွဲ့သားလုံး ပျော်ရွှင်တက်ကြွနေကြ၏။ အဘယ်ကြောင့်ဆိုသော် မကြုံဖူး မဆုံဖူးသော၊ ကြောက်ဖူး မပေါက်ဖူးသော နယ်မြေသစ်တစ်ခုသို့ သွားရောက် ရုပ်ရှင်ရိုက်ကူးရသောကြောင့် ဖြစ်လေသည်။

၄င်းနယ်မြေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခြံ ဖြစ်လေ၏။ ရုပ်ရှင်သမား တော်တော်များများတို့သည် ထားဝယ်သို့ သွားရောက်၍ ရုပ်ရှင်ရိုက်ကူးခြင်း မရှိသလောက် ရှားပါးသောကြောင့် ဖြစ်လေသည်။

ကျွန်တော် ရိုက်ကူးမည့် ဇာတ်ကားထုတ်လုပ်သူမှာ ထားဝယ်သားဖြစ်၍ ထားဝယ်မြို့၏ ရေခံ၊ မြေခံ ရှုခင်း ရှုကွက်များ ကောင်းသည်ဟု ဆို၏။

များသောအားဖြင့် ကျွန်တော်တို့ ရုပ်ရှင်အဖွဲ့သားများသည် မန္တလေး၊ ပြင်ဦးလွင်၊ ကလော၊ လားရှိုး စသည့်မြို့များသို့သာ ရောက်ဖူးပေါက်ဖူး ရုပ်ရှင်ရိုက်ဖူးကြလေ၏။ ယခုကဲ့သို့ ထားဝယ်မြို့၌ ရုပ်ရှင်ထွက်ရိုက်ခြင်းမှာ အလွန်ကြုံခဲ၊ ဖြစ်ခဲသော ကိစ္စတစ်ရပ် ဖြစ်လေသည်။ (အကြောင်းမှာ အချို့,အချို့သော ဇာတ်ကားထုတ်လုပ်သူများက ရန်ကုန်မြို့အနီးပတ်ဝန်းကျင် သန်လျင်လောက်သာ ရိုက်ကူးကြသည်။ ယခုလို ထားဝယ်မြို့တွင် ရိုက်ကူးပါက ခရီးစရိတ်၊ စားစရိတ်ထောင်း၍ တော်ရုံတန်ရုံ မရိုက်ကူးကြချေ။)

ကျွန်တော်တို့ ရုပ်ရှင်အဖွဲ့သားများ ထားဝယ်မြို့သို့ ရောက်လျှင်ရောက်ချင်းပင် ထုတ်လုပ်သူ ကြိုတင်မှာကြားချက်ကြောင့် ဒေသခံတစ်ဦးက ပျူငှာစွာ လာရောက်ကြိုဆိုလေသည်။

'သြော်..ဒါရိုက်တာဆိုလို့ ကျုပ်က အသက်အရွယ်တော်တော်ကြီးမယ်လို့ ထင်နေတာ။ ငယ်ငယ်ပဲ ရှိပါသေးလား။ ကေ့..ကေ့ သားကန်းသား ဝေ့..မိုးဝ' ဟု အားရပါးရကြိုး၍ ၄င်းနှင့်အတူပါလာကြသော ထားဝယ်သူ ထားဝယ်သားများဘက်လှည့်ကာ အားရပါးရ ပြောလေသည်။ အလွန်ဖော်ရွေရိုးသားပုံရပါဘိ။

မှတ်ချက်- 'ကေ့..ကေ့..သားကန်းသားပဲ မိုးဝ' ဟူသော စကားမှာ ထားဝယ်စကားဖြစ်၍ အဓိပ္ပာယ်မှာ 'ကြည့်..ကြည့်..ချာတိတ်အရွယ်လေး အမေရေ' ဟူ၍ ဖြစ်လေသည်။

ထိုပုဂ္ဂိုလ်မှာ ကြိုဆိုရေးအဖွဲ့ ခေါင်းဆောင်ဖြစ်၍ အသက်(၇၀)အရွယ် ဦးဖေသန်းတင် ဆိုသူ ဖြစ်လေ၏။

ကျွန်တော်တို့ ရုပ်ရှင်အဖွဲ့သားများသည် ဦးဖေသန်းတင်ဆိုသည့် ပုဂ္ဂိုလ်နှင့်အတူ ၄င်းဦးဆောင်ခေါ်ဆောင်ရာလိုက်ပါခဲ့ရလေ၏။ ထို့နောက် ၄င်းကပင် ခန်းမကြီးတစ်ခု ငှေရာချပေးလေ၏။ ကျွန်တော်တို့ နေထိုင်ရသော အဆောင်ဒေသမှာ ဂူဖရန်းသံနှင့် ခဲမဖြူထွက်သော ဝပန်ဆိုးသူ မိုင်းလုပ်ငန်းဒေသလေးတစ်ခု ဖြစ်လေသည်။ ထားဝယ်မြို့ပေါ်နှင့်တော့ အတန်လှမ်းလေသည်။

တောင်တွေ ပတ်ပတ်လည်ရံ၍ထားကာ တောင်ပတ်လည်အတွင်း၌ အိမ်များ၊ တန်းလျားများ၊ အစိုးရမိုင်းထမ်းများနှင့် အရပ်သူအရပ်သား ပုဂ္ဂလိက မိုင်းလုပ်သားများ နေထိုင်ကြလေသည်။ ဒေသတည်နေပုံမှာ မိုးခြိုအတွင်း အိမ်ရာများပြု၍ စုပေါင်းနေထိုင်ကြသကဲ့သို့ ခြင်လေသည်။

ကျွန်တော်တို့ ရောက်သွားချိန်မှာ မနက်ခင်းခြင်းအလွန်လှပသော တောင်တန်းကြီးများ၊ မြူခိုးများ၊ စိမ်းလန်းသော သစ်တောကြီးများနှင့် ၄င်းသံ၊ ကြက်သံတို့ကြားနေရလေသည်။

ဤရှုခင်းနှင့် ပကတိတည်ရှိနေပုံမှာ ရုပ်ရှင်သမားအကြိုက် ကျွန်တော်၏ အကြိုက်ပင် ဖြစ်လေတော့၏။

'ဆရာတို့အတွက် ချက်ဖို့ပြုတ်ဖို့ လူတွေ ခေါ်ထားတယ်။ သူတို့ ချက်ကျွေးကြလိမ့်မယ်။ စျေးလည်း နိုင်တယ်'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ။ ကျေးဇူးတင်ပါတယ် ဦး။ မနက် စားစရိတ်၊ ည စားစရိတ်ကို ကြည့်ပြီး အကောင်းဆုံးဖြစ်အောင် ကျွန်တော် စီစဉ်ပေးပါ့မယ်။ လုပ်အားလည်း ပေးပါမယ်'

ဟု ကျွန်တော်က ပြောလိုက်ရာ ဦးဖေသန်းတင်က လက်ကိုခါ၍-

'ရပါတယ် ဆရာလေး။ ဒီကလေးတွေက ဦးရဲ့အဆွေတွေပါ။ လုပ်အားခကို ပိုက်ဆံတို့ ပေးစရာမလိုဘူး။ စေတနာနဲ့ ကိုယ့်နယ်မြေကို လာရိုက်ကြလို့ ကူညီမှာပါ' ဟု ကျွန်တော့်ဘက်လှည့်၍ ပြောလိုက်လေ၏။

ထို့နောက် ၄င်းနှင့်အတူပါလာကြသော လူများဘက်လှည့်၍-

'နန်းလို့ ကပ်ယူနနော်..ရန်အောင်က ဂိုကားပွဲ ရိုက်တာ။ အဲလူက ဒါရိုက်တာကြားဘဲလား မိစု' ဟု ထားဝယ်ဘာသာစကားဖြင့် ပြောလိုက်လျှင် မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com

ဆောက်က 'ဟကဲ့ရှင်' ဟု ခေါင်းညိတ်၍ ဖြေလေ၏။

အဓိပ္ပာယ်မှာ 'နင်တို့ ပိုက်ဆံမယူကြနဲ့။ ရန်ကုန်က ချိန်ရှင်လာရိုက်ကြတာ။ သူက ဒါရိုက်တာ။ ကြားလား' သေးမ' ဟု အဓိပ္ပာယ်ရလေ၏။

မိစ္ဆာဆို၍ ကျွန်တော်က ထိုမိန်းကလေး၏ အမည်မှာ ဟု ထင်လိုက်၏။ အမှန်မှာ မိစ္ဆာသည်မှာ ကလေးမဟုတ် လိုခြင်း ဖြစ်လေသည်။

ထို့နောက် ဦးဖေသန်းတင်က ကျွန်တော့်ဘက် တစ်ဖန် လှည့်သည်ကြည့်ပြီး-

'ဒီကလေးမက ကျုပ်ရဲ့သမီး။ သူနာမည်က မချိုးဥလို့ ခေါ်တယ်' ဟု မိတ်ဆွေဖွဲ့ပေးလေ၏။

'ညီမလေးနာမည်က မချိုးဥတဲ့လား။ ကဗျာဆန်လိုက်တာ။ အစ်ကို့နာမည်က မျိုးဇော်အောင်လို့ ခေါ်တယ်။ မှတ်ထားနော်' ဟု ကျွန်တော်က ပြန်၍မိတ်ဆက်လိုက်၏။

သူမက ဖော်ရွေသော အပြုံးဖြင့်-

'ဟကဲ့ရှင်..နို့နွှန်လို့ လိုတာရှိ ပြောနော်။ ချိုးဥ ဆောင်ကျော်ပေးမယ်' ဟု ထားဝယ်လေသံဝဲဝဲဖြင့် ပြောလေ၏။

'ကျေးဇူးတင်ပါတယ်' ဟု ကျေးဇူးတင်စကားပြောပြီး ကျွန်တော်တို့အဖွဲ့ နေဖို့ထိုင်ဖို့ နေရာယူ ခင်ကျင်းပြင်ဆင်ကြလေ၏။

ထို့နေ့မနက် ကျွန်တော်တို့ ရုပ်ရှင်မရိုက်ဖြစ်ကြပေ။ မိုးပန်းလာကြသောကြောင့် နားနားနေနေ အိပ်ရာနေရာများ ပြင်ဆင်ကြရင်း အချိန်တို့ကို ကုန်လွန်စေခဲ့လေ၏။

♦ ♦ ♦

'ဟောဒီက ဒါရိုက်တာကို တစ်ယောက်ယောက်နဲ့ ဆူတယ်လို့ ဦး စဉ်းစားနေတာ' ဟု နေ့လယ်အချိန်လောက်၌ နေ့လယ်စာစားအပြီး ဦးဖေသန်းတင်ရောက်လာကာ ကျွန်တော့်ကို သေသေချာချာစိုက်ကြည့်လျက် အထက်ပါအတိုင်း မေးလေ၏။

'ကျွန်တော့်ကို ဦးက ဘယ်သူနဲ့ ဘူတယ်လို့ ထင်လို့' ဟု ကျွန်တော်က ပြန်၍မေးလိုက်လေ၏။

'ရန်ကုန်ကပဲကွ၊ ဦးရဲ့ သူငယ်ချင်းတစ်ယောက်ပါ။ သူက အေဝမ်းဖလင်က ငါ့တူလိုပဲ သူလည်း ရုပ်ရှင်ဒါရိုက်တာ တစ်ယောက်ပဲ။ ဂီတာလည်းတီးတယ်၊ သူနာမည်က အေဝမ်းဂီတာကြည်အေးလို့ ခေါ်တယ်'

ဟု ပြောလိုက်ရာ ကျွန်တော်က ပြုံး၍-

'အေဝမ်းဂီတာကြည်အေး ဒါရိုက်တာသန်းကျော်ဌေး ဆိုတာ ကျွန်တော့်ဖေဖေပဲ ဦးရဲ့။ ဦးက ဖေဖေ့ ကို တိုက်တိုက်ဆိုင်ဆိုင်ပဲ ဦးရယ် ရှေးရှေးက ဦးတို့ တော် တို့ ပဋ္ဌာန်းဆက်များ တော်စပ်ခဲ့သလား မပြောတတ်ဘူး နော်'

ဟု ပြောလိုက်လျှင် ဦးဖေသန်းကင်က ခေါင်းညိတ်လျက်-

'လူတိုင်းဟာ ပဋ္ဌာန်းဆက်နဲ့ ကင်းကြပါဘူး ငါ့တူရယ်' ဟု ပြောလိုက်လေ၏။

ထို့နောက် ဦးဖေသန်းတင်က ဖေဖေနှင့်ပတ်သက်၍ အနုပညာလုပ်ငန်းများ လုပ်ခဲ့ကြပုံများကို ဆက်လက်ပြောပြလေ၏။

'ပထမဦးဆုံး မြန်မာနိုင်ငံ လွတ်လပ်ရေးနေ့ အဆို၊ အတီး ပြိုင်ပွဲတစ်ခုမှာ ကိုကြည်အေးက ဂီတာပထမဆုရတယ်။ ဦးက တယော ဒုတိယဆုရတယ်။ မှတ်မိနေတုန်းပဲ'

'ဟုတ်ကဲ့ပါ ဦး၊ ဒါထက် ဦးက ထားဝယ်ကနေ ဘယ်လိုလုပ်ပြီး ရန်ကုန်ရောက်လာတာလဲ။ နောက်ပြီး ဖေဖေနဲ့ ဘယ်လိုရင်းနှီးခဲ့ကြတာလဲ'

ဟု ကျွန်တော်က မေးလိုက်ရာ ဦးဖေသန်းတင်က-

'ဦးက လွတ်လပ်ရေးနေ့မှာ အဆိုအတီးပြိုင်ပွဲ ရှိတယ် ဆိုလို့ ရန်ကုန်ရောက်လာတာ။ အဲဒီမှာ ကိုကြည်အေးနဲ့ ဆုံကြတာ။ မင်းအဖေကပဲ ဂီတာနဲ့ပတ်သက်လို့ အစစအရာရာ အကူအညီပေးခဲ့ရင်း ရင်းနှီးခဲ့ကြတာကွယ်' ဟု ရှင်းပြလေ၏။

'ကောင်းတယ် ငါ့တူရယ်၊ ခုလို ငယ်ငယ်ရွယ်ရွယ်နဲ့ ဖအေ့ခြေရာနင်းပြီး အနုပညာသမားဖြစ်လာတာ ဦး ဂုဏ်ယူပါတယ်ကွယ်' ဟု ဦးဖေသန်းတင်က ဝမ်းပန်းတသာ ဂုဏ်ယူဝင့်ကြွားစွာ ပြောလေ၏။

'ကျွန်တော်လည်း ဖေဖေခြေရာတော့ ကျွန်တော်မမီသေးပါဘူး ဦးရယ်' ဟု ပြန်၍ပြောလိုက်လေတော့၏။

ထိုစဉ် ရုတ်တရက်မန်နေဂျာကိုစိုး ရောက်လာပြီး 'ဆရာ..နေသာတယ်၊ အောက်ဒိုးထွက်လို့ရတယ်' ဟု ပြောလေ၏။

ကျွန်တော် ဇာတ်ညွှန်းကို ယူကြည့်ပြီး-

'အခန်းစဉ်(၁၀) မင်းသား၊ မင်းသမီး Love Scene Play Back အခန်းကို စရိုက်မယ်။ အဝတ်အစား(၄)စုံလောက် ယူခဲ့လို့ ပြောလိုက်' ဟု ကျွန်တော်က ကိုစိုးကို ပြော၍ လွှတ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကိုစိုးထွက်သွားသောအခါ ကျွန်တော်က ဦးဖေသန်းတင်ဘက် လှည့်၍-

'ရိုက်ကွင်းထွက်လိုက်ဦးမယ် ဦး။ အပြန်ကျမှပဲ ဆက်ပြောကြမယ်နော်' ဟု ပြော၍ ကျွန်တော်တို့ အောက်ဒိုးထွက်ခဲ့ကြလေတော့၏။

♦ ♦ ♦

ညနေ(၆)နာရီကျော်ကျော် နေဝင်ချိန်လောက်တွင် ကျွန်တော်တို့ ရုပ်ရှင်အဖွဲ့သားများ ရိုက်ကွင်းရပ်၍ ညစာ စားသောက်ကြသည်။ ဦးဖေသန်းတင် ရောက်လာ၍ ၄င်းကိုပါတစ်ခါတည်း ထမင်းဝင်စားရန် ဖိတ်ခေါ်လေ၏။

'ဦးက အိမ်က စားခဲ့ပြီးပြီ ဒါရိုက်တာကြီးရေ' ဟု ပြော၍ ကျွန်တော် ဆက်မခေါ်တော့ဘဲ အဖွဲ့သားများနှင့် အတူ စားသောက်ရင်း လက်စသတ်လိုက်ကြလေ၏။

ဦးဖေသန်းတင်က ရေနွေးကြမ်းသောက်ရင်း-

'သမီးတို့လက်ရာ အဆင်ပြေရဲ့လား'

ဟု မေးသဖြင့် ကျွန်တော်က-

'ပြေပါတယ် ဦး၊ ထားဝယ်ဟင်းလား ဦး။ နည်းနည်းတော့ စပ်တယ်နော်။ ဒါပေမဲ့ စားလို့ကောင်းပါတယ်' ဟု ပြောလိုက်လေ၏။

'ဒါရိုက်တာကြီးက အစပ်မကြိုက်ဘူးလား'

'ကြိုက်ပါတယ် ဦး'

'အားမနာနဲ့နော်။ အစပ်မကြိုက်ရင် သမီးတို့ကို အစပ်လျှော့ပြီး ချက်ဖို့ ဦးပြောလိုက်မယ်'

'ရတယ်..ရပါတယ် ဦး။ အဲဒီအစပ်နဲ့ ငါးပိန့်ကို ကြိုက်လို့ အဖွဲ့က ပြောကြသလို ကျွန်တော်လည်း ကြိုက်ပါတယ် ဦး။ အဆင်ပြေသလို ချက်ပါ။ ကျွန်တော်တို့အဖွဲ့က နားလည်ပါတယ်' ဟု ပြောလိုက်လေ၏။

'ဩော်..ဒါထက် ဒါရိုက်တာကြီးကို မေးမယ်,မေးမယ်နဲ့ လုပ်နေတာ အခု ဘာကားရိုက်နေတာလဲ။ အရပ်က မေးတာ ဦး မဖြေနိုင်ခဲ့ဘူး'

ဟု ပြော၍ ကျွန်တော်က-

'ဝမ်းတွင်းစုန်းဆိုတဲ့ ဂန္ဓီရဇာတ်ကို ရိုက်နေတာပါ ဦး' ဟု ပြန်၍အဖြေပေးလိုက်လေ၏။

'ဟေ..ဝမ်းတွင်းစုန်း၊ ဟုတ်လား' ဟု ဦးဖေသန်းတင်က အံ့သြဟန်ဖြင့် ရေရွတ်လိုက်လေ၏။

'ဘာဖြစ်လို့လဲ ဦး။ ဦးကို ကြည့်ရတာ ဝမ်းတွင်းစုန်းဆိုတာနဲ့ ထိတ်လန့်သွားသလိုပဲ။ တိုက်ဆိုင်မှုတွေများ ရှိနေလို့လား ဦး' ဟု ကျွန်တော်က ပြန်မေးလိုက်လေ၏။

'တိုက်ဆိုင်တယ်..တိုက်ဆိုင်တယ်။ ရိုးရိုးချစ်ကြိုက်ကွဲ မရိုက်ဘဲ ဒီလိုဇာတ်မျိုးမှ ငါ့တူက ရိုက်ရတယ်လို့ကွာ။ တိုက်ဆိုင်လိုက်တာ ငါ့တူရယ်'

'ဘယ်လိုတိုက်ဆိုင်တာလဲ ဦး'

'အင်မတန်ကြောက်စရာကောင်းတဲ့ တိုက်ဆိုင်မှုတစ်ခုပဲ။ ဝမ်းတွင်းစုန်း မိစုပိုအကြောင်း ငါ့တူသာဆိုရင် ရုပ်ရှင်ရိုက်ဖြစ်မှာ သေချာတယ်။ ငါ့တူ အားလား'

'အားပါတယ် ဦး'

'အေး..ငါ့တူအားရင် ဦး အဲဒီ ဝမ်းတွင်းစုန်း မိစုပို အကြောင်း ပြောပြမယ်' ဟု ဆို၍ ကျွန်တော့်မှာ ရေငတ်တွင်းထဲကျ ဆိုသလို လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရလေတော့၏။

အဘယ်ကြောင့်ဆိုသော် ကျွန်တော့်လိုင်း၊ ကျွန်တော် ဝါသနာပါသော အကြောင်းအရာမျိုး ဖြစ်နေသောကြောင့်တည်း။

'ကျွန်တော် သေသေချာချာ သိချင်တယ် ဦး။ ကျွန်တော့်ကို အဲဒီ ဝမ်းတွင်းစုန်း မိစုပိုအကြောင်း ပြောပြပါ' ဟု ဆို၍ ဦးဖေသန်းတင်က စိတ်ဝင်တစား စိတ်ပါလက်ပါဖြင့် အောက်ပါအတိုင်း ပြောပြလေတော့၏။

♦ ♦ ♦

'ဝိုင်းထားကြဟေ့၊ သားအမိနှစ်ယောက်စလုံး မလွတ်စေနဲ့။ ဝမ်းတွင်းစုန်းမလေး မိစုပိုကို အထူးသတိထားကြဟေ့။ လုံးဝမလွတ်စေနဲ့' ဟူသော အသံများ ဆူညံသွားကြသဖြင့် ရွာလုံးကျွတ်နီးပါးလူတွေ မီးတုတ်ကိုယ်စီ မောကိုယ်စီ ဆွဲကိုင်၍ အလျှိုလျှို အိမ်များက ထွက်လာကြလေ၏။

'ဟေ့..ဟေ့..အရမ်းကာရော မလုပ်ကြနဲ့ဟာ၊ နေကြဦး။ မင်းတို့လက်ထဲက မီးတုတ်တွေ အဲဒီအတိုင်း ကိုင်ထားကြ။ အိမ်မီးရှို့စရာ မလိုဘူး။ အိမ်မီးရှို့ရင် တစ်ရွာလုံး ပြာကျသွားကုန်လိမ့်မယ်' ဟု သြဇာတိက္ကမ ရှိပုံရသော ရွာလူကြီးတစ်ယောက်က ဟန့်တားသဖြင့် သွေးဆူနေကြသော ရွာသားတချို့ ငြိမ်သွားကြလေ၏။ ထိုပုဂ္ဂိုလ်မှာ ရွာလူကြီး ဦးအောင်မောင်း ဖြစ်လေသည်။

'မိစုပိုကို ဒီရွာမှာ ဆက်ပြီး လက်ခံထားမယ်ဆိုရင် ကျုပ်တို့တစ်ရွာလုံး တစ်ယောက်မကျန် သေကုန်ကြလိမ့်မယ်။ ကျုပ်တို့ရွာလည်း သခ်ိုင်းကုန်းကြီး ဖြစ်သွားလိမ့်

www.burmeseclassic.com

www.burmeseclassic.com

ဆင်း ရွာသူကြီး ဦးအောင်မောင်း..အဲဒီကိစ္စကို ခင်ဗျားနဲ့ ဆောင်ရွက်ပေးပါ၊ ရှင်းပေးပါ။ နို့မို့ဆိုရင်တော့ ကျုပ်တို့ ငြိမ်ခံနေမှာ မဟုတ်ဘူး။ အပြတ်ရှင်းပစ်မှာနော်'

ရွာသားတစ်ဦး သူက လူမိုက်လူဆိုးကြီးလည်း ဖြစ်သည်။ ကျစ်ဖကြီးဆိုသူ ဖြစ်လေ၏။ ကျစ်ဖကြီးဆိုသည်မှာ အားဝယ်စကားဖြစ်၍ မြန်မာစကားအရမူ ကြက်ဖကြီး ဟူ၍ ဖြစ်လေ၏။

'မင်းတို့ ဒေါသတကြီးနဲ့ 'လက်လွတ်စပယ် မလုပ်ကြပါနဲ့။ တစ်ရွာတည်းသားချင်းတွေပဲကွာ။ အေး..ဒီကိစ္စ ငါ ရှင်းပေးမယ်။ သေချာနားထောင်။ မိစုပိုတို့ သားအမိကို ဒီရွာထဲမှာ မထားဘဲ ရွာစွန်ကိုပို့လိုက်ရင် မင်းတို့ကျေနပ်ကြပါကွာ။ သူတို့က မိန်းမသားတွေမို့လို့ ခုလို ပြောနေရတာ' ဟု ရွာလူကြီးဦးအောင်မောင်း မေးလိုက်ရာ အားလုံးက ကျေနပ်သည်ဟု ဆိုကြ၍ ထိုညတွင်းချင်းပင် မိစုပိုတို့ သားအမိကို ရွာမှ နှင်ထုတ်၍ ရွာစွန်သို့ ပို့ထားလိုက်လေသတည်း။

♦ ♦ ♦

အလွန်ခေါင်၍ ရွာစွန်လည်း အလွန်ကျသော တောနုပ်တစ်ခုဌ မိစုပိုတို့သားအမိ ဆင်းဆင်းရဲရဲဖြင့် မထင်မှား နေထိုင်ခဲ့ကြရာ မိစုပိုလေး ဆယ့်သုံးလေးငါးနှစ်အရွယ်သို့ပင် တိုင်ခဲ့ချေ၏။

မိစုပို ငယ်စဉ်ကပင် ဖခင်ဖြစ်သူ ဆုံးပါးသွား၍ မအေသမီးလေးကို ထိန်းကျောင်းလာခဲ့ရ၏။ မိစုပိုလေး အပျိုဖော်ဝင်စအရွယ်သို့ ရောက်လာသောအခါ မိခင်လုပ်သူမှာ ကျန်းမာရေးချို့တဲ့စပြုလာ၏။ အနေဆင်းရဲ၊ အစားဆင်းရဲသည့်ကြားထဲ အရပ်ကပါ ဝိုင်း၍ ကြဉ်ထားလိုက်ကြသဖြင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြင့် တပါတည်း ထိခိုက်လာပြီး ကျန်းမာရေးပါ ထိခိုက်သွားခြင်း ဖြစ်လေ၏။

ထိုအခါ မိစုပိုလေးမှာ မိခင်ကို တစ်ဖန် လုပ်ကျွေးရှာရတော့၏။ ရွာစွန်တောစပ်မို့ မှိုတူး မျှစ်ချိုးအလုပ်မျိုး၊ ချောင်းစပ် ငါးဖမ်းခြင်းမျိုး၊ ဆန်၊ ဆီ၊ စား စသည့်ရိက္ခာခြောက်များကိုမူ လှည်းကြဲလာလျှင် ထိုလှည်းဖြင့် တခြားတစ်ရွာသို့ ထွက်ဝယ်ရလေ၏။

တခြားရွာက လူတွေကမူ မိစုပိုလေးကို ချစ်ခင်သနားကြလေ၏။ စေ့းသူစေ့းသားများကလည်း ပိုက်ဆံမယူဘဲ စေတနာဖြင့် အလကားပေးလိုက်ကြသည်က များလေသည်။ နုပ်ရည်ကလေးကလည်း သနရုပ်ပရိုလေ၏။ ချောချော လှလှ သန့်သန့်လေး ဖြစ်လေ၏။

တစ်နေ့သ၌ မိုင်းလုပ်သား ဦးဘညိုဇ၏လှည်းနှင့် လမ်းကြဲ၍ လိုက်ခဲ့ရာ ရွာတစ်ရွာသို့ ရောက်လာလေ၏။

စေ့းဝယ်ပြီးသောအခါ လှည်းကြဲမရသဖြင့် မိစုပို ယောင်လည်လည် ဖြစ်၍နေလေ၏။

လူငယ်တစ်ယောက် ရောက်လာပြီး ယောင်လည်လည် ဖြစ်နေသော မိစုပိုအား-

'ဘယ်သူ့ကို စောင့်နေတာလဲ။ စေ့းကွဲနေပြီ။ တော်ကြာ နေဝင်တော့မယ်'

ဟု သတိပေး မေးမြန်းလိုက်ရာ-

'ကျွန်မ ဝမန်မိုင်းတောစပ်နေရာမှာ နေပါတယ်။ လှည်းကြဲမရှိလို့ မသွားတတ်တော့ဘူးရှင့်' ဟု မိစုပိုက ငိုမဲ့မဲ့ကြောက်ရွံ့ရွံ့ဖြင့် ပြောလေ၏။

ထိုသူငယ်သည် မိစုပိုကို သနားသွားဟန်ဖြင့်-

'ခဏနေဦး၊ ကျွန်တော် လှည်းသွားကောက်ပြီး လိုက်ပို့ပေးမယ်' ဟု ဆို၍ မိစုပိုမှာ အားတက်သွားလေ၏။

ထိုလူငယ်သည် သဘောမနောကောင်း၍ ရိုးသားပုံရသောကြောင့် မိစုပို ယုံကြည်အားကိုးမိရှာလေ၏။ လူငယ်သည် ရုတ်တရက် ထွက်သွားပြီး ရုတ်တရက်ပင် လှည်းဖြင့် ပြန်ပေါက်လာကာ မိစုပိုကို လိုက်ပို့ပေးရှာလေ၏။ လိုက်ပို့ရင်း မိုးက ချုပ်စပြုလာသောကြောင့် မိစုပို ကြောက်လန့်စပြုလာ၏။

'ကျွန်တော့်နာမည် သာဦးလို့ခေါ်တယ်။ ဒီက ငါ့ညီမနာမည်က ဘယ်လိုများခေါ်လဲကွယ့်' ဟု ခရီးသွားရင်း မိတ်ဆက်ကြလေ၏။

'ကျွန်မနာမည်က မိစုပိုပါရှင့်'

ဟု ပြောလိုက်ရာ သာဦးဆိုသော လူငယ်လေးသည် သူမကို ဖျတ်ခနဲ လှည့်ကြည့်၍ မယုံသင်္ကာဖြင့်-

'မိစုပို၊ ဟုတ်လား' ဟု ရေရွတ်လိုက်လေ၏။

အံ့သြသွားသော သာဦးကို ပြန်ကြည့်၍-

'ဘာဖြစ်လို့လဲ အစ်ကို' ဟု ပြန်၍မေးလိုက်လေ၏။

'ဝမန်မိုင်းက မိစုပိုဆိုတာ ဝမ်းတွင်းစုန်းလို့ ပြောကြတယ်။ တိုက်တိုက်ဆိုင်ဆိုင်ဗျာ..ကျုပ်တော့ ခေါ်လာမိတာမှားပြီနဲ့တူတယ်' ဟု သာဦးက ထိတ်လန့်သွားဟန်ဖြင့်ပြော၍ လှည်းကို ရပ်လိုက်လေ၏။

'ဘာလို့ လှည်းကို ရပ်လိုက်တာလဲ အစ်ကို။ တော်နေကြာ မိုးကြီးပိုချုပ်သွားရင် အမေ စိတ်ပူနေလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

အမေက နေလည်းမကောင်းပါဘူး။ လှည်းကို ဆက်မောင်းပါ အစ်ကို'ဟု မိစုဝိုက မေတ္တာရပ်ခံ ပြောဆိုလေ၏။

'ကျုပ် မပို့နိုင်တော့ဘူး။ ဒီကပဲဆင်းပြီး လမ်းလျှောက်သွားတော့။ ကျုပ် ပြန်တော့မယ်။ ဆင်း..ဆင်းပါ'ဟု သာဦးက မိစုဝိုအား လှည်းပေါ်မှ မောင်းချလေ၏။

'တောင်းပန်ပါတယ် အစ်ကို။ မိုးလည်း ချုပ်နေပြီ။ ကျွန်မ ကြောက်လို့ပါရှင်။ ကျေးဇူးပြုပြီး အိမ်ကိုတော့ ရောက်အောင် ပို့ပေးပါနော်။ ကျွန်မ ရှိခိုးတောင်းပန်ပါတယ်။ ပို့ပေးပါနော် အစ်ကို'ဟု လက်အုပ်လေးချီ၍ အသနားခံ ပြောရှာလေ၏။

သာဦးသည် ချက်ချင်းပင် စိတ်ပြောင်းသွားပြီ ဖြစ်လေ၏။ သူ၌ အကြောင်းတစ်ခု ရှိနေသည်ကို မိစုဝို မသိရှာခဲ့ပေ။

'နင့်ကို ဝမ်းတွင်းစုန်းမမှန်း မသိလို့ လိုက်ပို့မိတာ။ အခု နင့်ကို သိသွားပြီ။ နင့်ကို လိုက်မပို့နိုင်တော့ဘူး။ ကိုယ့်ဘာသာပဲ လမ်းလျှောက်ပြန်တော့'

ဟု သာဦးက ပြော၍ တစ်ဆက်တည်းပင်-

'နင်က စုန်းအတတ်ပညာနဲ့ လူတွေကို လိုက်သတ်နေတယ်လို့ ငါကြားတယ်။ ဝပန်မိုင်းအလုပ်သမား ညီအစ်ကို နှစ်ယောက်ကို ဂူပြိုအောင်လုပ်ပြီး ပိတ်သတ်ပစ်ခဲ့တာ နင် ဘာငြင်းချင်သေးလဲ'ဟု ဆက်ပြောလေ၏။

သာဦး၏ အပြောအဆိုတို့မှာလည်း ပြောင်းလဲသွားကာ နင် ငါနှင့် ဖြစ်လာလေတော့၏။

'အစ်ကို အထင်မှားနေပြီ။ သူတို့ညီအစ်ကိုနှစ်ယောက်က ကျွန်မကို စော်ကားအနိုင်အထက်ပြုဖို့ ကြိုးစားလို့ ကျွန်မက ဂူပြိုပြီး ပူပိသေကြပါစေလို့ ဒေါသနဲ့ ပါးစပ်က လွတ်ခနဲ ကျိန်ဆဲခဲ့တာပါ။ သေစေလိုတဲ့ဆန္ဒ မရှိခဲ့ပါဘူး။ အဲဒါကလည်း တိုက်ဆိုင်သွားတာပါ အစ်ကိုရယ်။ သူတို့ကို သေစေလိုတဲ့ဆန္ဒ ကျွန်မမှာ မရှိပါဘူး'ဟု မိစုဝိုက အသံတုန်တုန်ယင်ယင်ဖြင့် ဝမ်းနည်းကြေကွဲစွာ ပြောပြရှာလေ၏။

'အဲဒီလောက် မတိုက်ဆိုင်နိုင်ဘူး။ နင် ကျိန်ဆဲခဲ့လို့ မြွေကိုက်သေခဲ့တာတွေ၊ တောင်ပေါ်က ကျသေတာတွေ၊ မိုင်းကျောက်ပိပြီး သေကြတာတွေ မနည်းတော့ဘူး။ အဲဒါတွေ နင့် ငြင်းဦးမလို့လား။ ဒါကြောင့် နင့်ကို ရွာက နှင်ထုတ်လိုက်တာ ငါကြားတယ်။ လက်စသတ်တော့ ရွာစွန်အပို့ခံရတာ နင်တို့ သားအမိကိုး။ တော်ပြီ..တော်ပြီ၊ ငါတောင် နင့်ကို ကြောက်လာပြီ။ မပို့နိုင်တော့ဘူး။ ဒီကပဲ နင်ပြန်တော့'ဟု ဆိုကာ သာဦးမှ လှည်းပေါ်မှ မိစုဝို အတင်းဆွဲချလေတော့၏။

မိစုဝို မည်သို့မျှ ပြောဆိုတောင်းပန်၍ မရသောအခါ ကြောက်စိတ်နှင့် အားငယ်စိတ် ကင်းသွားသလို မျက်နှာ အသွင်အပြင် အနေအထားပါ ပြောင်းလဲ၍သွားလေ၏။

'ဒီမယ် အစ်ကို..ကျွန်မကို မကူညီတော့ဘူးလား လှည်းနဲ့ အိမ်လိုက်မပို့ပေးရင် ရှင့်ကိုလည်း ကျွန်မ ကိုက်လိုက်မှာနော်'ဟု ပြောလိုက်လေ၏။

သာဦးလည်း ရုတ်တရက် ထိတ်လန့်၍သွားကာ မိစုဝိုကို လည်ပင်းညှစ်သတ်ဖို့ ရှေ့တိုးလာစဉ် မိစုဝို၏ အနားမရောက်ခင်မှာပင် 'အား'ဟူသော အော်သံဖြင့် သာဦး ပစ်လဲကျသွားလေ၏။ အလွန်အဆိပ်ပြင်းသော တောကြီး မြွေဟောက်က ကိုက်ခဲပစ်လိုက်သောကြောင့် ဖြစ်လေ၏။ တောကြီးမြွေဟောက်သည် သာဦးကို ပေါက်သတ်ပြီးနောက် ချူထဲဝင်၍ ပျောက်ကွယ်သွားလေတော့၏။ မိစုဝိုလည်း အံ့သြထိတ်လန့်၍သွားလေတော့၏။ ချက်ချင်းပင် လှည်းပေါ်တက်၍ အိမ်သို့ မောင်းပြေးလေတော့၏။

အိမ်သို့ရောက်တော့ အမေက 'သမီး..ဘာဖြစ်လို့ လောက်ကြာရတာလဲကွယ်။ မိုးတောင်ချုပ်နေပြီ။ အစ်ကို စိတ်ပူလိုက်တာ သမီးရယ်'ဟု ဆိုကာ ငိုရှာလေတော့၏။

မိစုဝိုလည်း မိမိ လမ်းမှာ ဖြစ်ခဲ့ကြုံခဲ့ရသော အကြောင်း သနစ်အမှန်ကို ပြောပြလိုက်ရာ သားမိနှစ်ယောက်လုံး နှောင်ဖြစ်ပေါ်လာမည့် ပြဿနာကြီးကို တွေးကြောက်လန့်ဖျက်၍ ငိုရှာလေတော့၏။

'အမေတို့ ဒီအတိုင်းနေလို့ မဖြစ်တော့ဘူး။ အမေ ပြေးကြစို့ သမီးရယ်။ ဒီတစ်ခါဆိုရင် အမေတို့ကို သတ်ကြလိမ့်မယ်'ဟုပြော၍ ထွက်ပြေးကြဖို့ ကြိုးစားကြတော့၏။

ကံဆိုးချင်တော့ မိစုဝိုတို့သားအမိ ပြေးချိန်မရလိုက်ရှာပေ။ သာဦး၏ ဆွေမျိုးသားချင်းတစ်စုနှင့် ရွာသားအချို့ မီးတုတ်၊ ဓားရှည်များ ကိုင်ဆောင်၍ မိစုဝိုတို့ တဲလေးဆီသို့ ရောက်လာကြတော့၏။

'ဟေ့.. စုန်းမသားအမိ၊ နင်တို့ ထွက်ခဲ့ကြစမ်း။ မထွက်ရင် အိမ်ကို မီးရှို့ပြီး မီးလောင်တိုက်သွင်းပစ်မယ်'ဟု အကြိမ်ကြိမ် အော်ဟစ်ပြောဆိုကြလေ၏။

မိစုဝိုတို့ သားအမိမှာလည်း ကြောက်၍ မထွက်ရဲပေ။ ထွက်လျှောင်လည်း လွတ်မည်မဟုတ်ပေ။ သတ်ခံရ

www.burmeseclassic.com

www.burmeseclassic.com

သေချာ၏။ ထို့ကြောင့် မထွက်ဘဲ သားအမိနှစ်ယောက် ဘုရားတ,၍ နေကြလေ၏။ ရွာသားများကလည်း အမုန်းအငြိုးကြီးစွာဖြင့် မိစုပိုတို့ တဲလေးကို မီးတိုက်ရှို့လိုက်ရာ ခြံအရှိန်ပြင်း၍ မိစုပိုတို့ သားအမိနှစ်ယောက်စလုံး မီးထဲ ပါသွားကြလေတော့သတည်း။

♦ ♦ ♦

'အဲဒါ ဦးတို့ ကျေးလက်က ဖြစ်ရပ်မှန်တစ်ခုပဲ မောင်ရှိုးဇော်အောင်' ဟု ဦးဖေသန်းတင်ကပြောပြီး နိဂုံးချုပ်လေ၏။

ဤသို့ ကျွန်တော် ကြားလိုက်ရသောအခါ၌ စိတ်ထဲ များစွာကြေကွဲ ခံစားမိရလေ၏။

'မိစုပိုက ဦးတို့ပြောသလို တကယ်ပဲ ဝမ်းတွင်းစုန်း ဟုတ်လို့လား ဦးရဲ့'

'ဦးကတော့ ဝမ်းတွင်းစုန်းလို့ မယူဆဘူး၊ ထင်လည်း မထင်ဘူး။ ခက်တာက သူကျိန်ဆဲရင် တကယ်ဖြစ်သွား တတ်တာကတော့ တိုက်ဆိုင်မှုပဲလား ဘာလားတော့ ဦး လည်း မသိဘူး။ ပြောတဲ့အတိုင်း ဖြစ်သွားတာတော့ သေချာ သလောက်ပဲ။ ကျုပ်တို့အသိထဲက ရွှေဝင်းဆိုတဲ့ ကောင် လေးတစ်ယောက်လည်း မူးမူးရွားရွားနဲ့ မိစုပိုကို လိုက်စကား ပြောပြီး လက်ဆွဲလို့ဆိုပြီး ငါ့ကို အရှက်ခွဲတဲ့ကောင် ချောက် ထဲကျပြီး သေပါစေတော်လို့ ကျိန်ဆဲခဲ့တာ နောက်တစ်နေ့ မိစုပိုပြောသလိုပဲ ချောက်ထဲကျပြီး သေဆုံးခဲ့ဖူးတယ်ကွယ်' ဟု ဦးဖေသန်းတင်က ပြောလေ၏။

'ကျုပ်တို့ ရွာကပဲ မသင်းထုံဆိုတဲ့ မိန်းကလေးတစ် ယောက်လည်း မိစုပို ကျိန်ဆဲလို့ အောင့်တယ်,အောင့်တယ် ဆိုပြီး ရက်တရက် ထမင်းစားနေရင်းက သေဆုံးခဲ့ဖူးတယ် မောင်မျိုးဇော်အောင်ရဲ့'

မသင်းထုံဆိုတဲ့ မိန်းကလေးက မိစုပိုနဲ့ ဘယ်လိုပတ် သက်ခဲ့လို့လဲဦးဟု ကျွန်တော်က မေးသည်။

ဦးဖေသန်းတင်က-

'ဖြစ်ပုံက မိစုပိုကို လူကြားထဲ ဝမ်းတွင်းစုန်းမလို့ခေါ် လို့ မိစုပိုက သြော်..နင်က ငါ့ကို လူကြားထဲ အရှက်ခွဲ ဘဲ့အတွက် နင် ဗိုက်အောင့်ပြီး သေစေရမယ်လို့ မိစုပိုက ဒေသင်းထုံကို ကျိန်ဆဲခဲ့လို့ ဗိုက်အောင့်လို့ မသင်းထုံသေတာ လို့ ပြောကြတာပဲ။ ဦးလည်း ဘယ်လိုပြောရမှန်း မသိတော့ ပါဘူးကွာ။ ဒါပေမဲ့ မိစုပိုတို့ သားအမိအဖြစ်ကတော့ တကယ့်ကို သနားစရာကောင်းပါတယ်ကွယ်' ဟု ဦးဖေ သန်းတင်က စိတ်ထိခိုက်စွာဖြင့် ပြောလေ၏။

'တိုက်တိုက်ဆိုင်ဆိုင်ဗျာ.. မိစုပို ပြောတဲ့အတိုင်း တကယ်လည်း ဖြစ်ဖြစ်နေတော့ သေဆုံးခဲ့ကြရတဲ့ မိဘ၊ ဆွေမျိုးတွေ အပိုင်းက ထင်မယ်ဆိုလည်း ထင်စရာပဲပေါ့ ဦးရယ်။ လောကမှာ အဲဒီလောက်ထိတော့ တိုက်ဆိုင်စရာ မရှိနိုင်ဘူးလို့ ထင်တာပဲ' ဟု ကျွန်တော်လည်း ထင်မြင်ချက် ပေးမိလေ၏။

ထိုနေ့ ညအချိန်သို့ ရောက်သောအခါ ဦးဖေသန်းတင် တို့ သားအဖနှင့် အဖော်များ ပြန်သွားကြလေ၏။

ထိုညမှာပင် ထူးဆန်းသော အိပ်မက်တစ်ခုကို ကျွန် တော် မက်ခဲ့လေ၏။

၄င်းအိပ်မက်မှာ မိစုပိုတစ်ယောက် ကျွန်တော့်ဆီ ရောက်ရှိလာပြီး-

'ကျွန်မတို့ သားအမိနှစ်ယောက် ဆင်းရဲဒုက္ခရောက် နေကြရပါတယ်။ နေစရာအိမ်လည်းမရှိ၊ စားစရာအစား အစာလည်း မရှိနဲ့ သိပ်ကို ဒုက္ခရောက်နေရရှာပါတယ် ဆရာ။ ကျွန်မဟာ သူတို့ ပြောကြသလိုပဲ တကယ်လည်း ဝမ်းတွင်းစုန်းပညာတတ်တဲ့ ဝမ်းတွင်းစုန်းမဆိုတာ မှန်ပါ တယ်။ ကျွန်မ ဘယ်သူ့ကိုမှ သေစေလိုတဲ့ဆန္ဒ မရှိပါဘူး။ ဒါပေမဲ့ ဒေါသအလျောက် ပြောမိဆိုမိ ကျိန်ဆဲမိခဲ့တာမျိုး တော့ ရှိခဲ့ပါတယ်။ အဲဒီအတွက် ကျွန်မ စိတ်မကောင်းပါ ဘူး။ နောင်တလည်း အရမ်းရမိပါတယ်။ အခု ကျွန်မတို့ သားအမိ ပြိတ္တာဘဝကို ရောက်နေကြရပါတယ်။ ဆရာက စာပေပညာရှင်၊ ရုပ်ရှင်ဒါရိုက်တာ တစ်ယောက်မို့လို့ အကူ အညီ တောင်းရတာပါ။ အရပ်ထဲမှာ သြဇာရှိတဲ့ အရိုး ဦးဖေသန်းတင်ကို ပြောပေးပါ။ ရွာစွန်က မန်ကျည်းပင်မှာ ဘုံနန်းတစ်ဆောင်နဲ့ စားရေရိက္ခာများ စွန့်ကြဲပေးကမ်းပါ လို့။ ဒါမှ ကျွန်မတို့သားအမိ အဆင်ပြေနိုင်မယ်လို့၊ နော်.. ဆရာ..ပြောပေးပါနော်' ဟု အိပ်မက်ပေးခဲ့သောကြောင့် ကျွန်တော်ကလည်း 'ပြောပေးမယ်' ဟု မိစုပိုကို ကတိပေး ခဲ့လေ၏။

နောက်တစ်နေ့ မနက်ရောက်လျှင် ထိုအိပ်မက်နှင့် ဝမ်း တွင်းစုန်း မိစုပိုကိစ္စကို ဦးဖေသန်းတင်အား ပြောပြလိုက် မည်ဟု ဆုံးဖြတ်ကာ တစ်ညလုံး မအိပ်ဖြစ်ဘဲ ငုတ်တုတ် ထိုင်ရင်း မိုးအလင်းကိုသာ စောင့်ဆိုင်း၍ နေလိုက်လေတော့ သတည်း။

ဒါရိုက်တာမျိုးဇော်အောင်

www.burmeseclassic.com

ကြိုးစင်ကို ရွေးပြောက်တာ မိညိုဂုယ်

duty is duty တာဝန်က တာဝန်ပဲလေ။ မိညိုမှာ တာဝန် ရှိတယ်။ ဒီခြံကြီးထဲကို လူစိမ်းတွေ မရှုပ်စေဖို့ မိညို ထိန်းသိမ်းစောင့်ရှောက်ရမယ်။ တော့ ဒီအမျိုးသမီး ဘာလာချောင်းသလဲ သိရအောင် သွားစောင့်ကြည့်ဦးမှ။

ဒီအတွေးနဲ့ အိမ်ပေါ်က ဆင်းလာတုန်း အဲဒီအမျိုးသမီးရဲ့ အပြုအမူကြောင့် မိညို အံ့သြသွားရတယ်။

အလို..သူက ခြံစည်းရိုးတိုင်ပေါ်ကို စံပယ်ပန်းလေး တင်ပြီး နှုတ်ကလည်း-

"ခြံရှင်တို့..ခြံရှင်တို့နဲ့ မိတ်ဆွေဖြစ်ပါရစေ။ ခြံရှင်အတွက် ကျွန်မကိုယ်တိုင် ခူးပြီးသီလာတဲ့ စံပယ်ပန်းလေးကို လက်ဆောင်ပေးပါတယ်။ ပန်းလိုမွေး စမ်းလို့ပါစေ။ စိတ်ချမ်းသာ ကိုယ်ကျန်းမာပါစေ။ ကျွန်မကို တပဲ အခွင့်ပြုပါ။ ကျွန်မ ဒီခြံစည်းရိုးတစ်လျှောက်မှာရှိသမျှသပြေညွှန့်တွေကို ခူးချင်ပါတယ်။ ကျွန်မက ရွာထဲမှာဆင်းရဲသူတစ်ယောက်ပါ။ စီးပွားမရှာတတ်လို့ ဒီသပြေတွေကိုခူးပြီး မြို့မှာ သွားရောင်းချင်ပါတယ်။ ဒါကိုယ့်သဘောနဲ့ကိုယ် မလုပ်ဝံ့ပါဘူး။ ခြံရှင်တို့ ခွင့်ပြုခူးပါ့မယ်။ အကယ်လို့ ခြံရှင်တို့ ခွင့်ပြုတယ်ဆိုရင် ဒီစံကုံးလေးကို ခြံရှင်တို့ လက်ခံပေးပါ"

ဒီလိုမျိုး တတွတ်တွတ်ရွတ်နေတယ်။

မိညိုရဲ့တစ်သက် ဒီအပြုအမူမျိုးကို မမြင်ခဲ့ဖူးလို့ တော်အံ့သြသွားမိတယ်။ ဘယ်လိုလူပါလိမ့်။ ငေးကြည့်နေတုန်းမှာပဲ သူက ပြုံးရွှင်တဲ့အမူအရာနဲ့ မိညိုရှိရာကို ကြည့်ပြီး လှည့်ထွက်သွားတယ်။ သူမျက်ဝန်းတွေက ရယ်ရယ်နဲ့ ခင်မင်စရာကြီး။ သူထွက်သွားမှ ခြံစည်းရိုး

ခြံရှေ့မှာ လူစိမ်းတစ်ယောက်။

ဟိုကြည့် ဒီချောင်းနဲ့ ရစ်သီ,ရစ်သီ လုပ်နေလေရဲ့။

မိညိုတို့ ခြံဝင်းကြီးအကြောင်း ရွာထဲမှာ ဒီလောက် သတင်းကြီးတဲ့ဟာကို သူ မသိဘူးလား မယ်ဘူးတော်ပေါင်။

အင်း..မိန်းကလေးတစ်ယောက်ဖြစ်နေလို့လည်း မိန်းမချင်းမို့ ချောင်းရဲ့ ချောင်းတာလောက်ကို ခွင့်လွှတ်လိုက်ပါမယ်လေ။ သူက ခြံထဲကို ဂျူးကျော်ဝင်လာတာမှ မဟုတ်ဘဲ။

အဲ..ဒါပေမဲ့ ဒါကလည်း မိညိုမို့လို့ပါနော်။ မိညိုရဲ့ အစ်မတွေဖြစ်တဲ့ မိဝါနဲ့ မိစိမ်းတို့သာဆိုရင် ဘယ်အချောင်းခံလိမ့်မလဲ။ လာချောင်းတာနဲ့ တစ်ခုခုလုပ်ထည့်လိုက်ပြီ။ သူတို့က သိပ်စိတ်ဆတ်တာ။ နည်းနည်းမှ အလွဲခံတာမဟုတ်ဘူး။

မိညိုလား..

မိညိုကတော့လေ စိတ်နုတယ်။ ကံအကြောင်းတရားမလှလို့သာ ဒီဘဝကြီးမှာ နေနေရတာ။ ဖြစ်နိုင်မယ်ဆိုရင် မိညိုက အို..စိတ်ကူးယဉ်စကားတွေ မဆိုတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

နားကို မိညို လျှောက်လာလိုက်တယ်။ အယ်..စည်းရိုးပေါ်မှာ သူထားခဲ့တဲ့ စံပယ်ပန်းကုံးလေးက ဖြူဖြူဖွေးဖွေး မွေးမွေးကြိုင်ကြိုင်နဲ့။ သူက မိညိုတို့ဖို့ အမှန်ပဲ တကူးတက ခူးသီလာပုံရရဲ့။ စံပယ်ပန်းကုံးလေးကို လှမ်းယူရင်း မိညို သူ့ကို ခင်သွားမိပြီ။

♦♦♦

အောင်သပြေရိပ် မဟာစံအိမ်တော်။

နာမည်က ခဲ့ထည်သလောက် ဈေးကလည်း ဆန်းကြယ်လှသည်။ လွန်ခဲ့သောနှစ်(၁၀၀)ကျော်က ထို အောင်သပြေရိပ် မဟာစံအိမ်တော်ကြီးတွင် မင်းမျိုးမင်းနွယ်တစ်စုပုန်းအောင်းကာ လျှို့ဝှက်စွာ နေထိုင်ခဲ့ကြသည်။ အင်္ဂလိပ် အုပ်စိုးသောကာလဖြစ်သည်မို့ မဟာမျိုးမဟာနွယ်တို့အဖို့ အန္တရာယ်က လက်တစ်ကမ်းရယ် မဟုတ်ပါလား။ သို့ဖြစ်၍ အိမ်စေတချို့နှင့် အိမ်တော်ထိန်းကြီးမှလွဲ၍ မဟာနွယ်ဝင်တို့သည် ရွာထဲသို့ မဆိုထားနှင့် အိမ်ထဲက အိမ်ပြင်တောင် ထွက်ဝံ့ကြဘဲ သူတို့ ရှိ၍ရှိမှန်း မသိအောင် ပိရိစွာနေထိုင်ခဲ့ကြ၏။

သို့သော်လည်း-

ဝိသမလောဘသားတို့၏ သဘောကိုက ဆိုးလှပါသည်။ ရွာထဲမှ အင်္ဂလိပ်အလိုတော်ရိတစ်စုက မြို့အုပ်မင်းထံ ချက်နှာလို မျက်နှာရလုပ်ကာ ထိုသတင်းကို သွားပို့ခဲ့သည်။ ဒို့တော့လည်း ရိုးရိုးမပြောဘဲ ပုန်ကန်ရန် လူစုနေသယောင် ထားသည်။ မင်းမျိုးမင်းနွယ်ဆိုကတည်းက ရဲ့ကြောက်လန့် ထိတ်နေကြသော နယ်ခဲ့တို့ကလည်း ထိုခြင်းကို သိမ်းပိုက်ကာ သူပုန်များကို ဖမ်းဆီးမည်ဟု အမိန့်ထုတ်ခဲ့သည်။ ခြံသို့ အားချင်း ချီတက်လာကြသည်။

ထိုသတင်းကို အောင်သပြေရိပ် မဟာစံအိမ်တော်က မည်သို့မည်ပုံ ကြိုတင်ကြားသိသလဲ မပြောတတ်။ ပိုင်ဆိုင်သော ပစ္စည်းဥစ္စာများကို သင့်လျော်ရာတွင် သိုဝှက်သိမ်းဆည်းပြီး သန့်စင်သောအဝတ်အစား၊ မွေးကြိုင်သောနံ့သာရည်တို့ဖြင့် ကိုယ့်ကိုယ်ကိုယ် အလှဆုံး တန်ဆာဆင်ပြီး သကာလ မြတ်ဘုရားရှင်ထံတွင် သစ္စာပြု တိုင်တည်ကြသည်။

အောင်သပြေရိပ်မိသားစုသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အသက်ထက်ဆုံး ကြည်ညိုကိုးကွယ်သူများ ဖြစ်ပါသည်။

ဤမှန်သော သစ္စာစကားကြောင့် နောင်ပွင့်တော်မူမည့် အရိမေတ္တေယျမြတ်စွာဘုရားရှင်အား ဖူးမြော်ခွင့်ရပါစေ။ တရားထူး တရားမြတ်ကို နာကြားကာ ကျွတ်လမ်း

www.burmeseclassic.com

ဝင်ရပါစေသား"

ထိုသို့ သစ္စာပြု ဆုတောင်းပြီးနောက်တွင် တစ်ပါးသူ၏ အနိုင်ကျင့်သတ်ဖြတ်မှုကို မခံလိုသော မာန်ထက်သူများပီပီ အင်္ဂလိပ်တို့ လာရောက်မသိမ်းပိုက်မီ သူတို့ကိုယ်သူတို့ အဆုံးစီရင်လိုက်ကြတော့သည်။

♦ ♦ ♦

ဤရာဇဝင်သည် အဖြစ်မှန်ဟုတ်လေသလား၊ မဟုတ်လေသလားကို မာလာ မသိပါ။ သို့သော် သိတတ်စအရွယ်ကတည်းက ထိုခြင်းနှင့်ပတ်သက်သည့် ရာဇဝင်ကို အိပ်ရာဝင် ပုံပြင်ပမာ မကြာခဏ နားဆင်နေရ၍ အလွတ်ရခဲ့ပြီ။ နောက်ဆက်တွဲအနေဖြင့် သတ်သေသော လူစုသည် မြို့ပဝိန်လျှို့ဝှက်ထားသော ပစ္စည်းဥစ္စာတို့ကို စွဲလမ်းကာ ထိုခြံထဲတွင် မကျွတ်မလွတ်ဘဲ ရှိနေကြသည်။ အင်္ဂလိပ်တို့ လာရောက်သည့်အခါ၌ ခြံဝင်းကို မတွေ့ရဘဲ မြေကွက်လပ်ကြီးကိုသာ တွေ့မြင်ကြ၍ မျက်နှာလုပ်သူတစ်စုမှာ မျက်နှာမရ ခြေထောက်ရကြသည်။ ထိုစဉ်ကတည်းက ဝုန်းခနဲပျောက်ကွယ်သွားသော အောင်သပြေရိပ်စံအိမ်တော်ကြီးသည် နိုင်ငံသားအားလုံးသည့်အခါမှ နေရာ၌ ဘွားခနဲ ပြန်ပေါ်လာသည်ဟု ဆို၏။

ခြံအနီးအပါးသို့ ချဉ်းကပ်လာသူများကို ခြောက်လှန့်ထုတ်သည်။ လူဘဝတုန်းက ကုသိုလ်ကံကြီးများပြီး အကျင့်သီလ စင်ကြယ်ခဲ့သူများဖြစ်၍ တန်ခိုးကြွဒွိပါဒ် မြင့်မားသည်။ ခြံထဲသို့ စော်ကားနောင့်ယှက်ရန် ကျူးကျော်ဝင်လာသူများကို အသက်သေလုသည်အထိ ပြစားပစ်နိုင်စွမ်းရှိသည်ဟု ရွာလူကြီးများက အဆင့်ဆင့် လက်ဆင့်ကမ်းပြောဆိုခဲ့ကြသဖြင့် မာလာတို့လက်ထက်၌ ထိုခြံဝင်းနားသို့ ကပ်ဝံ့သူဟူ၍ မရှိတော့ချေ။

မာလာတစ်ယောက် မနက်ဖြန်ဆိုလျှင် အသက်(၁၆)နှစ် ပြည့်တော့မည်။ အမေက စီးပွားရှာလျှင်ရှာ၊ မရှာလျှင် အိမ်ထောင်ချပေးမည်ဟု တိုက်တွန်းနေသည်။ မာလာတို့ ရွာမှာ သည်လိုပါပဲ။ အသက်(၁၆)နှစ်ပြည့်၍ အပျိုဖော်ဝင်ကာ အလှပြည့်စုံပြီဆိုလျှင် အစွမ်းကုန်ဖူးပွင့်နေသော ပန်းကဲ့ကော်လို ရောင်းတမ်းဝင်သည့် သဘောရှိသည်။ ထိုအချိန်တွင် လာရောက်စပ်ဟပ်သူ အများဆုံးကာလ ဖြစ်သည်။ သို့ကြောင့် မိန်းမသားပီပီ စီးပွားမရှာချင်၊ အလုပ်ကြမ်းကို ပင်ပင်ပန်းပန်း မလုပ်ချင်သူ အများစုသည် အသက်(၁၆)နှစ်ကျော်သည်နှင့် အိမ်ထောင်ပြုလိုက်ကြတော့သည်။

မာလာကတော့ အိမ်ထောင်မပြုချင်ပါ။ ဤအရွယ်ဟာ အိမ်ထောင်ပြုရန် ငယ်လွန်းပါသေးသည်။ ဘဝမှာ လေ့လာမှတ်သားစရာတို့ အများကြီးကျန်ရှိနေလေရာ အိမ်ထောင်ပြုခြင်းဖြင့် ထိုလေ့လာမှတ်သားစရာ ဗဟုသုတများ၏ အဆေးသို့ မာလာ ပြေးမထွက်ချင်။ သို့ဖြစ်၍ အမေ့စကားအတိုင်း စီးပွားရှာရတော့မည်။ စီးပွားရေးတစ်ခုခုလုပ်ကာ ဝင်ငွေရှိနေပါမှ အမေကလည်း မာလာ့ကို ကြည်ဖြူမှာ မဟုတ်လား။

ဟင်..မိဘဖြစ်ပြီး သားသမီးကို မသထာဘူးလားဟု၍ အပြစ်တင်မစောပါနှင့်ဦး။ မာလာတို့ ဘဝအခြေအနေလည်း ဆိုးလွန်းသည်။ မာလာတို့ နေထိုင်သည့်အိမ်ကအိမ်ဟုသာ ခေါ်ရ၏၊ တဲသာသာ။ ဆင်းရဲလှပါသည်။ သည်တော့ သားသမီးများ၏တာဝန်ကို မိဘများက ကြာရှည်စွာ မထမ်းရွက်ထားနိုင်။ သို့ကြောင့်လည်း အရွယ်ရောက်သည်နှင့် သင့်လျော်မည့်သူရှာကာ အိမ်ထောင်ချပေးလိုက်ကြသည်။

မာလာ့တွင် မွေးချင်း(၅)ယောက်ရှိသည်။ အထက်မှာ အစ်ကိုနှစ်ယောက်၊ အစ်မသုံးယောက်ဖြစ်ပြီး မာလာက အငယ်ဆုံးဖြစ်၏။ ယခုတော့ နေအိမ်တွင် မာလာနှင့် မိခင်ကြီးသာ ကျန်ရစ်တော့သည်။ အဖေက မာလာငယ်ငယ်တည်းက ပိုးထိကာ ဆုံးလေပြီ။ အစ်ကိုနှင့် အစ်မအားလုံးကလည်း အိမ်ထောင်ကျကာ အိမ်ခွဲသွားကြပြီ။

မာလာတို့ရွာကလေးက တောစပ်မှာရှိနေသော ရွာလေးဖြစ်သော်လည်း မြို့နှင့် အလှမ်းမဝေးပါ။ ကားနဲ့သာဆို နာရီဝက်စီးရုံမျှဖြင့် ရောက်နိုင်ပါသည်။ သို့သော်လည်း တတ်နိုင်သူ မရှိသဖြင့် ကားလမ်းမပေါက်။ သည်တော့ မြို့နှင့်ရွာက နီးလျက်ဝေးကာ သွားစရာရှိပါလျက် ခြေကျင်ခရီး နှင်ရသည်။ တောစပ်မှာရှိနေသော ရွာကလေးပီပီ စီးပွားရေးကလည်း တောကိုမီသည်။ သစ်ခုတ်၊ ခုတ်ကြသည်။ မျှစ်ချိုး၊ မှိုချိုး၊ အသီးအရွက် ခူးကြသည်။ မုဆိုးများကလည်း သားကောင်ပစ်ခြင်းအမှုကို ပြုသည်။ ရရှိသော ကုန်ကြမ်းများကို မြို့သို့သွားကာ ရောင်းချရှိသည်။

မာလာ စီးပွားရေးလုပ်မှ ဖြစ်တော့မည်။ မဟုတ်လျှင် အမေက မုဆိုးဦးဖိုးတို့၏သားနှင့် အိမ်ထောင်ပြုရန် ချတော့မည်။ အိမ်ထောင်မပြုလိုသေး၍ မာလာလည်း ရာမရသည့်အဆုံး လူတကာ မကြိုက်စည်ဝံ့သော အကြောင်

www.burmeseclassic.com

www.burmeseclassic.com

ကို မျက်ကန်းတန္ဆေမကြောက်သလို အရဲစွန့်ကာ လုပ်တော့သည်။

♦ ♦ ♦

"ဘာ..ဘာရယ်၊ အမယ်လေး..အမယ်လေး..မိမာလာ၊ ညည်း ရူးများနေသလား။ ဘယ့်နယ်အော..အဲဒီခြံကြီးဆီကို ညည်းမို့လို့ သွားဝံ့တယ်။ ဘာအရူးထရတာလဲ။ ဘာသွားလုပ်တုံး"

ဘယ်ကဘယ်သူ ချွန်တွန်းလုပ်လိုက်သည်မသိ အောင်သပြေရိပ်စံအိမ်တော်က ပြန်လာပြီး၍မကြာ အမေ၏ ခုနစ်သံချီသော ဟစ်အော်သံကို ကြားရသည်။ ဘယ်တတ်နိုင်ပါ့လဲ။ မာလာလည်း ရှင်းပြရန်အတွက် စိတ်ကို အသင့်ပြင်ဆင်ထားလိုက်သည်။

"မိတ်ဆွေသွားဖွဲ့တာပါ အမေရာ"

"အောင်မလေးဟဲ့၊ ကြီးကြီးကျယ်ကျယ် ဘာကိစ္စရှိလို့ သွားပတ်သက်နေရတာလဲ။ နင့်ကို ဟိုက ဝိညာဉ်နတ်လိုက်လို့မယ်။ နင် ဒီအိမ်ကြီးရဲ့ ရာဇဝင်ကို မသိတာလည်း မဟုတ်ဘဲနဲ့ဟယ်"

"အမေကလည်း သိလို့ သွားရဲတာပေါ့။ အိမ်ပိုင်ရှင်တွေက သူတို့ကို နှောင့်ယှက်မှု ပြုစားတာလေ။ သူတို့ကို ခိုတ်လာဖွဲ့တဲ့သူကိုတော့ အဲဒီလိုလုပ်မယ် မထင်ပါဘူး။ နောက်ပြီး သမီးက သူတို့ခြံထဲလည်း အတင်းမဝင်ဘူး။ အခုလည်း ခြံထဲတောင် မရောက်ခဲ့ဘူး"

"တော်ပါတော့ မိမာလာရယ်၊ ခြံထဲကိုဝင်ဖို့ စိတ်တောင်မကူးနဲ့။ နောက်ပြီး ခြံနားကိုလည်း မသွားပါနဲ့အေ။ ညည်း ဘာတွေလျှောက်လုပ်နေရတာလဲ"

"အမေပဲ စီးပွားရှာဆို။ သမီးလည်း ကိုယ့်နည်း ကိုယ့်ဟန်နဲ့ စီးပွားရှာမလို့လေ"

"ဟင်.. နင်..နင်.. သိုက်တူးမလို့လား။ ဟဲ့..မလုပ်ကောင်းဘူးနော်။ အဲဒါတွေက ဘုရားရှင်ထံ ရည်စူးပြီး လှူဒါန်းထားတဲ့ ပစ္စည်းတွေဟဲ့။ ဒါကြောင့် သူတို့တွေက အဲဒါတွေကို စောင့်ရှောက်နေကြတာ။ သိုက်တူးရင် တစ်ဘဝပဲ စံမှာဟဲ့"

"အာ..အမေကလည်း ဘာတွေလျှောက်ပြောနေတာလဲ။ သိုက်တူးစရာလား။ အခုက သပြေခူးမလို့။ အောင်သပြေရိပ်က နာမည်နဲ့လိုက်အောင် သပြေတွေ ပေါတယ်လေ။ သမီးတို့ရွာမှာ သပြေရှားတယ်မဟုတ်လား။ ဒီတော့ အဲဒီခြံမှာသာ သပြေခူးလို့ရရင် သမီး မြို့မှာ ဈေးကောင်းရမှာတော့"

"ဟယ်..ဒီကောင်မလေး၊ မကြံကောင်းမစည်ရာတွေ။ သပြေမရောင်းရလည်း နေပါစေအေ။ သွားပါ၊ တောထဲမှာ သူများတွေလိုပဲ မှိုချိုး၊ မျှစ်ချိုးစမ်းပါ။ မငတ်ပါဘူး။ ဒီအသက်ဘေးနဲ့နီးတဲ့ အလုပ်ကိုတော့ မလုပ်စမ်းပါနဲ့။ အေး..နောက်တစ်ခါ အဲဒီခြံဘက်သွားတယ် ကြားလို့ကတော့ ဟွန်း..အတွေ့ပဲနော် မိမာလာ"

မာလာလည်း ရှင်းပြမနေတော့ပေ။ ရှင်းပြလည်း အမေက လက်ခံမည်မှ မဟုတ်ဘဲလေ။ အမေ့စကားကို နာခံသယောင်ဟန်ဆောင်ကာ ခေါင်းကို ခပ်မြန်မြန်ညိတ်လိုက်သည်။

အတွေးထဲမှာတော့ မနက်ဖြန် အောင်သပြေရိပ်ခြံသို့ သွားရောက်ရန် စိတ်ကူးနေမိ၏။ လူမမြင် သူမမြင်အောင် အစောကြီးသွားမှ ဖြစ်မည်။ စံပယ်ပန်းတွေကို ညကတည်းက ခူးပြီး ရေတောက်ထားရမည်။ မာလာ ထားရစ်ခဲ့သည့် ခြံစည်းရိုးတိုင်ပေါ်က စံပယ်ကုံးလေး ပျောက်ဆုံးနေပါစေဟူ၍လည်း ဆုတောင်းနေမိ၏။

♦ ♦ ♦

"ဟယ်"

မာလာ ဝမ်းသာသွားသည်။ ခြံစည်းရိုးပေါ်တွင် စံပယ်ပန်းကုံး မရှိတော့။ မျက်စိများမှားသလား အထင်နှင့် မျက်လုံးများကို ပွတ်သပ်ကာ သေချာပြန်ကြည့်သည်၊ မရှိ။ ဟုတ်ပါပြီ။ ခြံရှင်တွေက မာလာ့မေတ္တာကို ချက်ချင်း တုံ့ပြန်နေပါပြီ။

သို့သော် အတင့်မရဲသေး။ တွက်ထားသည့်အတိုင်း (၃)ရက်တိတိ ခွင့်တောင်းမည်။ (၃)ရက်လုံးလုံး ခွင့်ပြုမှပဲ သပြေညွှန့် ခူးမည်ဟု မာလာ ဆုံးဖြတ်ထား၍ ယနေ့လည်း စံပယ်ပန်းကုံးလေးကို ခြံစည်းရိုးတိုင်ပေါ်တွင်ချိတ်ပြီး မနေ့ကလိုပဲ ရေရွတ်သည်။ အသံက ဝမ်းသာလွန်း၍ တုန်ယင်နေပြီ။

ရွတ်ဆိုသံဆုံးတော့ ခြံထဲမှ အသံတစ်ခု ကြားရသည်။ အချိန်က မနက်(၄)နာရီခွဲခန့်ဖြစ်ရာ ပတ်ဝန်းကျင်ကို ရှင်းလင်းစွာ မမြင်တွေ့ရသေး။ သို့ပေမယ့် မာလာတို့ရွာမှာလည်း လက်နှိပ်မာတ်မီးတော့ ရှိနေပါပြီ။ အသံကြားရာဆီသို့ လက်နှိပ်မာတ်မီးနှင့် ထိုးကြည့်လိုက်၏။

"အမယ်လေး"

ပါးစပ်က လန့်အော်ပြီး လူကလည်း နောက်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com

သို့ တစ်ချိုးတည်း လှည့်ပြေးမိ၏။ တွေ့မြင်လိုက်ရသည်က ဘကြီးမှန်း မာလာ မဆိုတတ်။ လူပံကြီးနှင့်တော့တူသည်။ အိမ်ပေါက်ဝမှာ မည်းမည်းလုံးလုံး အကောင်ကြီးတစ်ကောင်က မာလာ့ဘက် ကျောပေးလျက် ထိုင်နေသည်။ ဒါကြီးကို မြင်ရမှတော့ မာလာလည်း ဘယ်ဆက်နေဝံ့တော့မလဲ။ တစ်ချိုးတည်း လစ်ပြေးခဲ့ပြီပေါ့။

♦ ♦ ♦

မနေ့က ကြောက်မက်ဖွယ်မြင်ကွင်းကို မြင်တွေ့ခဲ့စေကာမူ ဇွဲသန်သော ကလေးမ မာလာက လွယ်လွယ်နှင့် အားမလျှော့ချေ။ နောက်တစ်နေ့ မနက်လည်း ထိုခြဘက်သို့ အမေမသိအောင် တိတ်တိတ်ထွက်ခဲ့ပြန်သည်။ လက်ထဲမှာလည်း စံပယ်ပန်းကုံးလေးက မပါမဖြစ်။ သူက ငြိမ်းချမ်းရေးပဏ္ဍာပဲကိုး။

"ဟင်"

ရောက်ရောက်ချင်း ရင်ဝကို ဖြေးကန်ကြိုလိုက်သလို မာလာ ခံစားလိုက်ရသည်။

စံပယ်ပန်းကုံးလေးက ခြံဝမှာ သည်အတိုင်း၊ မနေ့က မာလာထားခဲ့သည့်အတိုင်း ပုံစံမပျက်။ မာလာ သက်ပြင်း ရှိုက်မိသည်။ ကြည့်ရတာ ခြံရှင်တို့က သူစိမ်းတစ်ရံနှင့် ဆက်ဆံရန် စိတ်ဆန္ဒရှိပုံမရ။ မာလာ့ကို မေတ္တာစိတ်နှင့် လာသူမှန်း သိ၍သာ ယခုကဲ့သို့ စိတ်ပျက်ပြားသည်အထိ ခြောက်လှန့်ခြင်းမရှိဘဲ သည်းခံနေကြပုံရသည်။

တစ်ဖက်လူ မခင်ချင်ဘဲ ဇွတ်အတင်း မိတ်ဆက်နေမိသည့် ကိုယ့်အဖြစ်ကိုယ်လည်း ရှက်ရွံ့မိပါသည်။ သို့သော်လည်း မတတ်နိုင်။ ဆင်းရဲသားတို့၏ဘဝကို ဆင်းရဲဖူးသူသာ သိမည်။ ခြံရှင်တို့ထံမှ ခွင့်ပြုချက်ရသည်အထိ အသနားခံရံသာ ရှိတော့သည်။ နောက်ပြီး တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုသည့်စကားကို မာလာ ယုံကြည်သည်။ တစ်လနှင့်မရသော် နှစ်လတော့ငင်းဆိုမည်။ သုံး၊လေးလတောင်းဆိုပါမူ သေချာပေါက်လက်ခံလိမ့်မည်ဟု မာလာ ယုံကြည်သည်မို့ ယနေ့လည်း ယခင်နေ့များကကဲ့သို့ တောင်းပန်တိုးလျှိုးပြီး အိမ်ပြန်ခဲ့သည်။ မည်းမည်းလုံးလုံး သတ္တဝါကြီးကို အိမ်ပေါက်ဝနံဘေး၌ ယခင်နေ့ကအတိုင်း ထပ်မံတွေ့မြင်ခဲ့ရသော်လည်း ကြောက်ရွံ့စိတ်မရှိတော့။

♦ ♦ ♦

(၇)ရက်မြောက်ခဲ့ပြီ။ မနက်တိုင်း အမေမသိအောင် ခိုးကြောင်ခိုးဝှက် ထွက်လာရသည့် ဒုက္ခမှလွဲ၍ အရာအားလုံး အဆင်ပြေနေသည်။ မိတ်ဖွဲ့ရသည့်အလုပ်က မာလာ အတွက်လည်း နိစ္စဓုဝအလုပ်တစ်ခုလို ဖြစ်နေပြီမို့ မသွားဘဲ နေလျှင်တောင် ရင်ထဲမှာ ဟာတာတာကြီး ဖြစ်နေဦးမည် ထင်သည်။ နေ့စဉ် သီထားသော စံပယ်ကုံးများကို ခြံစည်းရိုးအုတ်တိုင်တွင်တင်ကာ မေတ္တာပို့တောင်းပန်သည်။ ပထမဆုံးရက်မှတစ်ပါး အခြား(၆)ရက်လုံးလုံး စံပယ်ကုံးများ ပျောက်ဆုံးသွားခြင်းမရှိ။ ပထမဆုံးရက်ကိုပင် သံသယဝင်ရမလိုဖြစ်နေပြီ။

"နွားကျောင်းသား တစ်ယောက်ယောက်များ ခြံဆော့ လက်ဆော့နဲ့ လာယူသွားတာလား မသိဘူး"

စိတ်ပျက်အားလျော့မိသော်လည်း လုပ်နေကျအလုပ်ကိုမူ အပျက်မခံ။ မနက်(၄)နာရီတွင် အောင်သပြေရိပ်ခံအရှေ့သို့ မာလာ ရောက်ခဲ့ပြန်ပြီ။

သည်တစ်ခါ မာလာ တော်တော်အံ့သြသွားရသည်။ မြင်နေရသည့် မြင်ကွင်းကလည်း အံ့အားသင့်စရာပဲကိုး။ အောင်သပြေရိပ် ခြံဝင်းထဲမှာ မိန်းကလေးတစ်ယောက် လမ်းလျှောက်နေသည်။ မိန်းကလေးက တော်တော်လှ၏။ အသားအရေက အလင်းရောင်မှန်ပျပျအောက်မှာပင် ထင်းနေအောင် ဝင်းပဖွေးဖြူလှသည်။ မျက်လုံးလေးများလည်း လေးနှစ်သားကလေးပမာ တောက်ပရွှန်းစိုနေသည်။ အသက်ကတော့ မာလာနှင့် မတိမ်းမယိမ်းဘဲ။ ဘယ်သူငယ်မပါလိမ့်။ သူမက မာလာ ရောက်လာသည်ကိုတွေ့တော့ ပြုံးပြ၏။ မာလာကတော့ မပြုံးနိုင်။

"ဟဲ့..ဒီခြံကြီးထဲမှာ နင် ဘာလုပ်နေတာလဲ။ ထွက်မြန်မြန်။ ဒီခြံကြီးအကြောင်း နင် မသိဘူးလား"

"ဟမ်..ဘာ..ဘာကိုဆိုလိုတာလဲ။ ဒီခြံကြီးက ဘာဖြစ်နေလို့လဲ"

"ရော့..ဒီခြံကြီးက ရွာထဲမှာ ဒီလောက်သတင်းကြီးနေတာကို နင်မသိတာ အံ့ပါ့။ ဒီခြံကြီးက မြေကြွမ်းတာဟဲ့။ ခြံထဲကို သူစိမ်းဝင်ရင် အားကြီးစိတ်ဆိုးတာ။ ဒုက္ခရောက်သွားလိမ့်မယ်"

မာလာက ပြောလည်းပြော ခြံထဲက ကောင်မလေးလည်း အပြင်သို့ အတင်းထွက်ခိုင်းသည်။ မဆွဲရုံတစ်မအမူအရာနှင့် စိုးရိမ်ပူပန်နေသော မာလာ့ကိုကြည့်ကာ ကောင်မလေးက အူလှိုက်သည်းလှိုက် ထရယ်သည်။ ထိုခုပ်လက်ဝါးကီးကာ ခန္ဓာကိုယ်လေး လှုပ်ယမ်းသည်အထိ ရယ်မောလျက်ရှိသော ထိုသူငယ်မ၏ အမူအရာကြောင့်

www.burmeseclassic.com

www.burmeseclassic.com

လာ အူကြောင်ကြောင်ဖြစ်သွားရပြီ။ ဘယ်လိုဟာလေး ဖြစ်လိမ့်။

ကောင်မလေးက ရှိလှမှ (၁၆)၊ (၁၇)အရွယ်။ ဤအရွယ်သို့ ဆယ်ကျော်သက်အရွယ်က ထင်ရာစိုင်းတတ်ကြသည်။ လူကြီးသူမတို့၏ စည်းကမ်းဘောင်ကို ချိုးဖောက်ချင်စိတ်အလိုကို လိုက်တတ်ကြသည်ဟု မာလာအမေက ရှင်းပြဖူးသည်။ ကြည့်ရတာ ဒီကောင်မလေး မိသားစုနဲ့ ရန်ဖြစ်ပြီး ဒီခြံထဲမှာ သတ်သေဖို့ စဉ်းစားနေတာများလား ဟု မာလာ တွေးလိုက်မိသည်။

"နင်..နင်.. ဘာဖြစ်လို့ ရယ်နေတာလဲ။ ငါက အကောင်းပြောနေတာကို။ ဘာလဲ၊ နင့်မိဘတွေနဲ့ ရန်ဖြစ်တာလို့လား။ မဟုတ်တာတွေ မလုပ်နဲ့နော်။ အဖန်ငါးရာ ငါးကမ္ဘာတဲ့ဟဲ့။ စိတ်ညစ်စရာရှိရင် ငါ့ကို ရင်ဖွင့်ပါဟယ်"

မာလာက သတိလှမ်းပေးသည်။ ထိုအခါ၌ ကောင်မလေး၏မျက်နှာ တစ်မျိုးတစ်မည် ပြောင်းသွားသည်။ ရယ်နေသည့်မျက်နှာလေး ညှိုးသွားသည်။ သည်လိုကျပြန်တော့လည်း မာလာ့စိတ်ထဲ မကောင်း။

"ဟုတ်တယ်၊ အဲဒီစကားက အမှန်ပဲ။ ဒါနဲ့ ဒီက နာသည်က"

"ငါ့နာမည်လား၊ ငါ့နာမည်က မာလာ။ နင်ကရော"

"မိညိုလို့ ခေါ်ပါတယ်။ မိညိုအတွက် စိုးရိမ်ပေးလို့ ကျေးဇူးတင်ပါတယ်။ ဒါနဲ့ မာလာယူလာပေးတဲ့ စံပယ်ပန်းလေးတွေက သိပ်မွှေးတာပဲနော်။ ဒီခြံထဲမှာ စံပယ်ပင်တော့ ရှိဘူး၊ တစ်ခြံလုံး သပြေချည်းပဲ။ ကျန်တာက သီးပင်အပင်ပဲရှိတယ်။ မိညိုလေ..မွေးကြိုင်တဲ့ ပန်းကလေးတွေ ကိုဆို သိပ်သဘောကျတာ။ ဘုရားကိုလည်း သပြေချည်းပဲ ပူဇော်ရတာ အားနာလှပြီ"

"နေ..နေပါဦး၊ နင် ဘာတွေပြောနေတာလဲ။ ငါတော့ နားမလည်တော့ဘူး။ ဒီခြံထဲမှာ သပြေတွေချည်းရှိတာနဲ့ နင်နဲ့ ဘာဆိုင်လို့လဲ"

"ဟောကော်၊ မိညိုက ဒီခြံထဲမှာပဲ နေရတာလေ။ ဒီသပြေတွေနဲ့မှ မဆိုင်ရင် ဘာနဲ့ဆိုင်ရဦးမှာလဲ"

"ဘာ"

မိညိုဆိုသော မိန်းကလေး၏ စကားကြောင့် မာလာ ဆွံ့သွားသည်။ လက်ထဲမှ စံပယ်ပန်းကုံးကိုတစ်လှည့် မိညိုမျက်နှာကိုတစ်လှည့် အပြန်အပြန်အလှန်လှန်ကြည့်ရင်း ကြောက်ရွံ့သွားမိသည်။

"အို..မကြောက်ပါနဲ့။ မိညိုက တစ်ဖက်သားကို ဒုက္ခမပေးတတ်ပါဘူး။ နောက်ပြီး မိညိုက မာလာ့ကိုခင်လို့ မမကြီးတို့ကိုတောင် မနည်းခွင့်တောင်းပြီး လာတွေ့ရတာ"

"ဒါ..ဒါဆို နင်..နင်က ဒီအိမ်ကပေါ့။ ဥ..ဥစ္စာစောင့်ပေါ့လေ။ ဟုတ်..လား"

"ဟင်း..ဟင်း..ဟုတ်ပါတယ်ဆို။ ကဲ..ပေး၊ လက်ထဲက စံပယ်ကုံး။ နောက်ပြီး ဒီခြံရှေ့က သပြေတွေကို စိတ်ကြိုက်ခူးပေတော့"

မိညိုက မာလာ့လက်ထဲမှ စံပယ်ကုံးကို လှမ်းတောင်းသည်။ မာလာလည်း တုန်ယင်သောလက်ဖြင့် မိညိုထံသို့ ကမ်းပေးလိုက်သည်။ နောက် မိညိုက အပြုံးမျက်နှာဖြင့် နှုတ်ဆက်ကာ အိမ်ပေါ်သို့ တက်သွားလေ၏။

မာလာခမျာ အတန်ကြာသည်အထိ အိပ်မက်,မက်နေသူတစ်ယောက်လို နေရာ၌ မလှုပ်မယှက်ရပ်ရင်း ဖောချွေးပြန်လျက်ရှိသည်။ လာရောက်မိတ်ဆက်စဉ်ကတည်းက တစ်ခုခုတွေ့ကြုံရလိမ့်မည်ဟု ကြိုတင်မှန်းဆထားပြီးသားဖြစ်သော်လည်း ယခုကဲ့သို့ ချစ်စဖွယ်မိန်းမပျိုလေးကိုယ်တိုင် လာရောက်နှုတ်ဆက်လိမ့်မည်၊ စကားပြောလိမ့်မည်ဟု လုံးဝတွေးမထားမိ။ အိပ်မက်များ မက်နေလေသလား။

နောက်မှ ကိုယ့်ကိုယ်ကိုယ် သတိပေးကာ မိညို ခွင့်ပြုခဲ့သည့်အတိုင်း ခြံစည်းရိုးတစ်လျှောက်ရှိ သပြေပန်းများကို ပါလာသောတောင်းနှင့် နှိုင်သလောက်ခူးတော့သည်။ ယနေ့ပဲ မြို့တက်ကာ ရောင်းတော့မည်။ အမြတ်ငွေထဲမှနေ မိညို နှစ်သက်မည့်ပန်းတစ်ခုခု ဝယ်ခဲ့ဦးမှဟု တွေးလိုက်မိသည်။ ဖော်ရွေသော ဥစ္စာစောင့်မလေး မိညိုကိုမြင်မြင်ချင်း ခင်သွားမိပြီ။ မိညိုက မာလာ့လိုပဲ ပန်းချစ်သူ မဟုတ်ပါလား။

♦ ♦ ♦

"ဒီမှာ နင့်အတွက် လက်ဆောင်ထပ်ဝယ်လာတယ်"

နှစ်လကျော်ခဲ့ပြီ။ မိညိုနှင့် မာလာတို့လည်း နွေစဉ်တွေ့ဆုံကြရင်း အလွန်ခင်မင်ရင်းနှီးသော သူငယ်ချင်းများဖြစ်နေကြပြီ။ သူတို့နှစ်ဦး ချစ်ကျွမ်းဝင်နေကြသည်ကို ရွာသူ

www.burmeseclassic.com

www.burmeseclassic.com

ရာသားများ မရိပ်မိအောင် မာလာကလည်း ပိပိရိရိနေထိုင်
ဒဲ့။ ယုတ်စွအဆုံး မိခင်ဖြစ်သူကိုပင် အသိမပေးချေ။

နေ့စဉ် မနက်စောစောလာသည်။ လာတိုင်းလည်း မိညို
နှစ်သက်မည့် ပန်းတစ်မျိုးမဟုတ်တစ်မျိုး ပါစမြဲ။ ယနေ့
လည်း စောနိုင်သမျှစောအောင် ထွက်ခဲ့သည်။ အမေမနိုးခင်
အိမ်ပြန်ရောက်နိုင်ရန် ခပ်စောစောထွက်မှ တော်ကာကျ
မည်လေ။ အောင်သပြေရိပ်ရှေ့သို့ရောက်တော့ မိညိုက
စောင့်တောင်နေပြီ။ မာလာလည်း စျေးမှ ရှားရှားပါးပါး
ရလာသော ယိုးဒယားနှင်းဆီ ခေါ် လိမ္မော်နီမှာ အဖြူ
ဖောက်ထားသည့် နှင်းဆီပန်းတစ်စည်းကို မိညိုထံသို့ ကမ်း
ပေးလိုက်သည်။

ထိုနှင်းဆီမျိုးက မာလာတို့အရပ်မှာ တွေ့ရခဲသည်။
ယခုတောင် စိုက်ခင်းတစ်ခုက စမ်းသပ်စိုက်ရင်း မတော်
တဆ ပွင့်လာခြင်းဖြစ်၏။ နှင်းဆီပန်းကိုမြင်တော့ မိညိုး၏
မျက်နှာ၌ အံ့သြသော အရိပ်အယောင်တို့ ဖြတ်သန်းပြေး
သွားသည်။

'ဟယ်..လှလိုက်တာ။ နှင်းဆီပန်းနဲ့တော့ တူတယ်
နော်။ ဒါပေမဲ့ အရောင်က နှစ်ရောင်စပ်ဆိုတော့ နှင်းဆီ
ဟုတ်ပုံမရဘူး။ ဘာပန်းမန်လဲ မာလာ'

'အဟဲ..အဲဒါ နှင်းဆီပဲ မိညိုရဲ့။ ဒါပေမဲ့ ဒီခေတ်မှာ
ကျ အရောင်တွေ စပ်ကုန်ကြပြီ။ နိုင်ငံခြားမှဆို ရောင်စုံ
နှင်းဆီတောင် ရှိသေးဆိုပဲ'

'ဟင်..ရောင်စုံကြီးကတော့ လှမယ်မထင်ပေါင်။ ဒီ
နှင်းဆီလေးကတော့ သိပ်လှတာပဲ။ ကျေးဇူးတင်ပါတယ်
မာလာ။ ဒီပန်းတွေက လောကီ,လောကုတ္တရာ နှစ်ဖြာလုံး
စင်ကြယ်တယ်မဟုတ်လား'

'ဘာ..ဘာကိုမေးတာလဲ မိညိုရဲ့'

'ဪ..ဘုရားပန်းတင်ချင်လို့ပါ။ လောကီအရ ညစ်
ညစ်ညမ်းညမ်းပစ္စည်းနဲ့ ထုပ်ပိုးလာရင်လည်း ယုတ်ညံ့သလို
လောကုတ္တရာအရ ခိုးဝှက်လာတဲ့ အရာဆိုရင်လည်း ယုတ်
ညံ့တယ်လေ။ ဒါကြောင့် ဒီနှစ်ဖြာလုံးသန့်စင်မှ ဘုရားပန်း
တင်ချင်လို့ မေးကြည့်တာပါ မာလာ'

'ဪ..ဒီလိုလား။ သန့်တယ် မိညိုရဲ့ သန့်တယ်။
စိုက်ခင်းက ချက်ချင်းခူးလာတဲ့ပန်းတဲ့။ ငါကိုယ်တိုင် ဝယ်
လာတာ'

'ဒီလိုဆိုရင် ကျေးဇူးတင်ပါတယ် မာလာရယ်။ မိညို
ပြောဖူးသလိုပေါ့။ မိညိုတို့လည်း မာလာနဲ့ခင်မှပဲ ဘုရား
ဆောင်တစ်ခုလုံး မွှေးကြိုင်သင်းထုံနေတော့တာပဲ။ ဟော
စံပယ်ပန်းတွေလည်း ပါလာတုန်းပဲလား'

'ဪ..ဒါကတော့ ဝတ္တရားလေ မိညိုရယ်။ နော
ပြီး ငါကိုယ်တိုင်က မိညိုအတွက် ခူးပေး၊ သီပေးချင်လို့
နော်'

'ကျေးဇူးတင်လိုက်တာ သူငယ်ချင်းရယ်။ အဲ..ဟုတ်
ပြီ။ နေဦး မာလာ။ သပြေခူးပြီးရင် မိညိုကို လှမ်းအော်
လိုက်ဦးနော်။ မာလာ့ကို မိညို အကူအညီတောင်းစရာရှိ
'ဪ..အင်း..အင်း..ခေါ်လိုက်မယ်'

မိညိုက ထုံးစံအတိုင်း အပြုံးနှင့်နှုတ်ဆက်ကာ
ပေါ်တက်သွားသည်။ ခြံတံခါးကိုတော့ သည်အတိုင်း
ထားခဲ့၏။ မာလာလည်း ခြံထဲသို့ ဝင်လာလိုက်သည်။

လွန်ခဲ့သည့်(၄)ရက်စပြီး မိညိုကိုယ်တိုင် သူခြံထဲ
အလည်လာရန် မာလာ့ကို ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။
တွင် ရှဉ့်သလိုရှိ၍ မဝင်ဝံ့ပေမယ့် မိညိုက လာပါတဲ့
ဖြစ်နေသောကြောင့် မာလာလည်း မျက်စိမှိတ်ကာ
သည်။ အတော်လည်း ရင်းနှီးနေပြီမို့ မိညိုကတော့ မိ
ဒုက္ခပေးမည်မဟုတ်မှန်း မာလာ ယုံသည်။ အမှန်
မိညိုက စေတနာရှေ့ထားကာ ဖိတ်ခေါ်ခဲ့ခြင်းပါ။

နေ့စဉ်မပြတ် နှစ်လကျော်ကျော် ခူးဆွတ်ခဲ့သော
ကြောင့် ခြံစည်းရိုးတစ်လျှောက်ရှိ သပြေပင်အားလုံး
အညွှန့်တုံးလုနီးပြီ။ ရှေ့လျှောက် မာလာ့အဖို့ ခူးစရာ
ညွှန့် နည်းပါးသွားတော့မည်ကို မိညို မြင်၍ ယခု
ခြံထဲသို့ ဖိတ်ခေါ်ခဲ့ခြင်းပါပေ။

'ဟယ်..ဘုရား..ဘုရား..သပြေတန်းကြီးပါလား
ဟုတ်၏။

ခြံစည်းရိုးပတ်ပတ်လည်တွင် သပြေရုံများဖြင့်
နှက်နေ၍ အပြင်မှလှမ်းကြည့်သော် ခြံဝင်းတွင်းသို့
မြင်နိုင်သဖြင့် အထဲ၌ မည်သို့အခြေအနေရှိမှန်း
မသိရှိခဲ့ရ။ ယခုမှသာ ခြံထဲ၌ သပြေတောကြီး ဟီးဟီး
မှန်း သိရတော့သည်။ မာလာတစ်ယောက် ငွေထုပ်
ရသည့်အလား အပျော်ကြီး ပျော်သွားခဲ့ပြီ။

မိညိုက ခြံထဲမှ သပြေများကို စိတ်ကြိုက်ခူး
သည်။ အခြားပစ္စည်းများကို မထိတွေ့ရန်နှင့် အိမ်
ကပ်မလာရန်လည်း အသေအချာမှာသည်။

'မာလာ့ကို ခင်လွန်းလို့သာ ကူညီရတာ၊ မမကြီး
ခြံထဲကို လူစိမ်းပေးဝင်ချင်တာမဟုတ်ဘူး။ ဟိုဟိုဒီဒီ

www.burmeseclassic.com

www.burmeseclassic.com

နဲ့နော်။ မာလာရော မိညိုပါ ဒုက္ခများသွားလိမ့်မယ်'

ထိုသို့ မိညို ပြောသည်။

ရေအောက်က ပုလဲကဲ့သို့ တဝင်းဝင်းတောက်ပသည့် သားအရေရှိပြီး နေအောက်က ပတ္တမြားပမာ ပြိုးလိုက်ဘိုင်း အနီရောင်ယှက်ပြေးသွားတတ်သော နှုတ်ခမ်းဝိုင်ရှင်ဖြစ်သည့် ခန္ဓာလှသလောက် စိတ်လှသူလေးပါပေ။ ကံအကြောင်းမလှသဖြင့် ထိုဘဝသို့ရောက်နေသည့်တိုင် ကြင်နာကူညီတတ်သည့် သူ့နှလုံးသားလေးက ပကတိဖြူစင်ဆဲနှံသည်။ သူ့ကို သနားလည်းသနား၊ ချစ်လည်းချစ်၊ ခင်လည်းခင်၍ သူ့စကားကို မာလာ သေချာနားထောင်သည်။ သတိထားလိုက်နာသည်။ သို့ကြောင့်လည်း ယခုဆက်တိုင် ဘာပြဿနာမှမရှိဘဲ သူငယ်ချင်းနှစ်ယောက် ချော်ပျော်ရွှင်ရွှင် တွေ့ဆုံနေကြရခြင်း ဖြစ်သည်။

စိတ်က အတိတ်သို့ ရောက်ရှိနေပေမယ့် လူကတော့ အဖျင့်ပါနေပြီမို့ အလုပ်ကို ဇယ်ဆက်သလို လုပ်နေလိုက်ဘာဖြင့် ပွေ့ထားသည့်တောင်းကြီး လေးလာမှပဲ သတိဝင်သာသည်။ ခူးရင်း၊ ခူးရင်း တောင်းပြည့်သွားလေပြီ။ အချိန်လည်း ရောင်နီသမ်းလုပြီမို့ မာလာ ပြန်ရတော့မည်။

'မိညိုရေ..မိညို..ငါပြန်တော့မယ်'

မိညိုတစ်ယောက် မည်သည့်နေရာသို့ ရောက်ရှိနေသလဲမသိ၊ တော်တော်နှင့်ပေါ်မလာ။ မာလာလဲညိုး အခါခါ အော်ခေါ်နေလိုက်ရာ နောက်ဆုံးတစ်ခေါက်တွင် မိညို၏ ပြန်ထွက်လာသည် မာလာ၏အနားတွင် ဘွားခနဲလာပေါ်သည်။ ရုတ်တရက်မို့ မာလာလည်း လန့်ဖျပ်ကာ ထအော်မိမတတ် ဖြစ်သွားခဲ့သည်။

'အမယ်လေး မိညိုရယ်..အဲဒီလိုချည်း မလုပ်စမ်းပါနဲ့။ ငါ့နှယ် လန့်လိုက်တာ'

'အေးနော်၊ တောင်း..တောင်းပန်ပါတယ်။ ခွင့်လွှတ်ပါ။ မိညိုက ခြောက်လှန့်ဖို့ မရည်ရွယ်ပါဘူး။ မာလာ့အသံကြားတော့ ရောက်ချင်အောနဲ့ စိတ်အစွမ်းသုံးလိုက်မိတယ်။ တောင်းပန်ပါတယ်နော်။ နောက်တစ်ခါဆို မိညို သတိထားပါ့မယ်'

'ရ..ရပါတယ် မိညိုရယ်။ ဒါနဲ့ နင် အကူအညီတောင်းမယ်ဆိုတာ ဘာလဲ။ ငါ အတတ်နိုင်ဆုံး အစွမ်းကုန် ကူညီမယ်။ ပြော'

'ဒီလိုပါ မာလာ။ ဟိုနားက တောင်ကမူလေးကို မာလာ တွေ့တယ်မဟုတ်လား'

'အင်း..တွေ့တယ်လေ'

'အဲဒီတောင်ကမူပေါ်မှာ စေတီတစ်ဆူ တည်ချင်တယ် မာလာရယ်။ ဉာဏ်တော်က (၉)တောင်ပြည့်လောက်ဆို တော်ပါပြီ။ အဲဒါ မာလာ ကူညီနိုင်မလားဟင်'

မိညိုက သနားစဖွယ် မျက်နှာငယ်လေးနှင့် တောင်းဆိုနေချေပြီ။ မိညို၏စကားကြောင့် မာလာမှာ ထိုင်ငိုချင်လောက်အောင် စိတ်မကောင်းဖြစ်သွားရသည်။ တောင်းပန်သလို ငေးကြည့်နေသော မိညို၏ မျက်ဝန်းဝိုင်းကြီးများကို ရင်မဆိုင်ဝံ့တော့သဖြင့် မာလာ အကြည့်လွှဲလိုက်၏။

'မိညို..ငါ့ဘဝမှာ အချစ်ဆုံးသူနှစ်ယောက်ကို ပြောပါဆိုရင် အမေနဲ့ နင်ပဲ။ နင့်ကို ငါ မတရားခင်တယ်။ နင့်အတွက် ဘာမဆိုလုပ်ပေးချင်တာပါ။ ဒါပေမဲ့ ခက်တာက ငါ့မှာ ပိုက်ဆံအဲဒီလောက်မရှိဘူး။ သပြေရောင်းရတဲ့ ငွေကလည်း ချောင်ချောင်လည်လည်ရှိရုံပါဟယ်။ တကယ်ပါ'

'ဪ..ဟုတ်သားပဲ။ မိညိုကလည်း စကားကို လိုရင်းရောက်အောင် မဆိုတတ်ဘူး။ ဒီလို မာလာရဲ့..မာလာက စေတီတည်ဖို့အတွက် စီမံရုံတင်ပါပဲ။ မိညိုက အစအဆုံး လှူဒါန်းမှာပါ'

မိည်းက ထိုသို့ဆိုမှပဲ မာလာ ပြုံးနိုင်တော့သည်။ ထို အခါမှ ရင်ထဲက အလုံးကြီး ကျသွားသည်။

'မသိပါဘူး မိညိုရယ်၊ ငါကတော့ စိတ်မကောင်းဖြစ်လိုက်ရတာ။ ဒီလိုဆိုရင်တော့ ငါကူညီနိုင်တာပေါ့။ ဒါ..ဒါပေမဲ့ ဒီကိစ္စက ငါတစ်ယောက်တည်း လုပ်လို့ရတဲ့ကိစ္စမဟုတ်ဘူး မိညို။ ရွာလူကြီးဆီမှာ ခွင့်ပြုချက်တောင်းရဦးမှာ'

'အဆင်ပြေအောင် လုပ်ပေးပါ မာလာရယ်။ အရေးကြီးတာတစ်ခုကတော့ အလှူငွေကို မိညိုတို့ဆီကရမှန်းဘယ်သူမှ မသိပါစေနဲ့။ အဲဒါကိုတော့ မာလာ ကတိပေးရမယ်'

'ခက်တော့ခက်တယ် မိညို၊ အင်း..ဘယ်လိုပဲဖြစ်ဖြစ် ငါ ကတိပေးတယ်။ သူတို့ ငါ့ကို ရိုက်စစ်စေဦးတော့ ငါ ဘယ်တော့မှမပြောဘူး သူငယ်ချင်း။ မိညို နင် ငါ့ကို ယုံတယ် မဟုတ်လား'

'အို..မာလာ့ကိုယုံလို့ အကူအညီတောင်းနေတာပေါ့။ ရော့'

မိညိုက မာလာ့လက်ကိုဆွဲယူကာ ပစ္စည်းတစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com

ထည့်လိုက်သည်။ ဘာပစ္စည်းလဲ သိချင်၍ ငုံကြည့်မည်လုပ်တော့ မိညိုက တားသည်။

"မကြည့်နဲ့ဦး၊ အိမ်ရောက်မှကြည့်ပါ။ ကဲ..သွားတော့မလား။ ကောင်းသောမနက်ခင်းပါ သူငယ်ချင်း"

♦ ♦ ♦

ကျိုက်ထိုမြို့နယ် ညောင်ကိုင်းရွာလေးဌ အဲ့ဖွယ်ဘနန်းသတင်းတစ်ခု ပုံနှံ့သင်းလျက်ရှိသည်။ ကြားသည့်လူတိုင်း ပါးစပ်အဟောင်းသားဖြစ်ကာ အားကျသူက ပြုံးကြသည်။ မနာလိုသူက မဲ့ကြသည်။

သပြေသည်မလေး မလာတစ်ယောက် မြဘယက်တစ်ကုံး ကောက်ရလို့တဲ့။

မလာက ကောက်ရလျှင်ရချင်း သူကြီးထံသို့ သွားအပ်ရာ တရားနှင့်အညီ အုပ်ချုပ်နေသော သူကြီးက အပိုင်စီးခြင်းမရှိဘဲ မလာ့ကိုပြန်ပေးသည်။ မလာက ကောက်ရပစ္စည်းဖြစ်နေ၍ လိုချင်တပ်မက်မှုမရှိဘဲ ဘုရားတည်ရန် ဆန္ဒရှိကြောင်း ပြောသဖြင့် တစ်ရွာလုံး ပို၍အံ့သြသွားကြသည်။

(၁၇)နှစ်ပင် မပြည့်သေးသော မြီးကောင်ပေါက်မလေး မလာထံမှ ထိုစကားကြားရသည့်အတွက် မအံ့သြဘဲ ဘယ်နေမလဲ။ အများစုက ဝမ်းသာအားရရှိကြပေမယ့် တချို့တလေကတော့ မဆီမဆိုင် သာသနာဖျက် လုပ်ချင်ကြသည်။ မလာ့အမေဆီသွားကာ ကလေးကို နားချပါဟု ဆိုသူက ဆိုသည်။ လောဘနည်းသူ မိခင်ကြီးက မလာ့သဘောနှင့် တစ်ထပ်တည်းတူနေ၍ စိတ်ချမ်းသာစရာကောင်းလိုက်ပါဘိ။

ကိစ္စအဝဝကို ရွာလူကြီးများကသာ စီမံပေးခဲ့ကြသည်။ ငွေခင်းတော့ လမ်းဖြစ်ဆိုသည့်အတိုင်း မြဘယက်ရောင်းရငွေကြောင့် အစစအရာရာ အဆင်ပြေခဲ့သည်။ မြဘယက်ကလည်း နယ်နယ်ရရမဟုတ်ဘဲ ရွှေဟောင်းပစ္စည်းဖြစ်သောကြောင့် ဈေးမနည်းမနောရလိုက်သည်။ (၉)တောင်ပြည့်စေတီတော်ကို မိညိုညွှန်ရာ နေရာမှာပဲ တည်ဖြစ်ခဲ့သည်။ ငွေအား လူအားရှိသော်ငြား လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ဘုရားတည်ခြင်းသည် နှစ်နှစ်တာမျှ ကြာခဲ့၏။ ထိုနှစ်နှစ်ထဲ၌ မလာက လူရိပ်မိမည်စိုး၍ မိညိုထံသို့ တစ်လတစ်ခေါက်သာ ရောက်ဖြစ်သည်။ ကဒီး,ကဒီး သွားလိုပေမယ့် ထိုသို့သွားမိပါက သိုက်ဆရာများ၏ မသက်ာမှုကို ခံရနိုင်သည် မဟုတ်ပါလား။

ငွေအားကလည်းကောင်း၊ လုပ်အားပေးသည့် ရွာများကလည်း စေတနာကောင်းသဖြင့် စေတီတည်ခြင်းသည် နှစ်နှစ်အတွင်း ပြီးမြောက်ခဲ့ပြီ။ ဘုရားအနေတင်ပွဲ(ဘုရားပွဲ) ပြုလုပ်သည့်အခါ မလာလည်း မိညိုကြားထားသည့်အတိုင်း-

"ကွယ်လွန်သူ မိဝါ၊ မိစိမ်းနှင့် မိညိုတို့ ညီအစ်မတော်နှင့်တကွ အောင်သပြေရိပ် မိသားစုဝင်အားလုံး ကြာကြာသမျှ အမျှ..အမျှ..အမျှ..ယူတော်မူကြပါကုန်လော့"

"သာဓု..သာဓု..သာဓု"

အောင်သပြေရိပ် စံအိမ်တော်မှ ညီအစ်မတော်များ အမည်နာမများကိုခေါ်ယူကာ အမျှအတန်းပေးဝေခဲ့သည်။ သုံးကြိမ်သုံးခါမြောက် သာဓုခေါ်ဆိုပြီးသည့်နောက် မည်သည့်အရပ်က ပျံလွှင့်လာမှန်းမသိသော စံပယ်ရနံ့ကို အလျှံလာသူအားလုံး သင်းထုံစွာရှူရှိုက်မိခဲ့ကြသည်။

♦ ♦ ♦

ဘုရားအနေကာတင်ပွဲအပြီး ထိုနေ့ည၌ မိညိုကို မလာ အိပ်မက်,မက်၏။ အိပ်မက်ထဲ၌ မိညိုက ဝတ်ဆင်အညိုရောင်ဝမ်းဆက်ကို ဝတ်ဆင်ထားခြင်းမဟုတ်ဘဲ ရောင်တလက်လက်တောက်ပနေသော ပိုးသားအညိုဆက်ကို ချပ်ရုပ်စွာဝတ်ဆင်ကာ ပြုံးရွှင်သောအမူအရာဖြင့် မလာ့ကို ငေးကြည့်နေသည်။

"ကျေးဇူးတင်လိုက်တာ မလာရယ်။ မလာ့ကြောင့် မိညိုတို့ ညီအစ်မတစ်တွေ ဒီထက်အဆင့်မြင့်နေရာကို သွားကြရတော့မယ်။ မလာ့ကို ကျေးဇူးဆပ်အနေနဲ့ မိညိုတို့ပိုင်ဆိုင်ခဲ့တဲ့ ခြံကျယ်ကြီးကို မလာ့အား ချန်ထားပေးခဲ့တယ်။ မလာ မငြင်းပါနဲ့ကွယ်"

"ဟင်..နေပါဦး။ ဒါဆို..ဒါဆို နင်နဲ့ငါ မတွေ့တော့ဘူးပေါ့၊ မတွေ့ရတော့ဘူးပေါ့နော်။ ဟုတ်လား မိညိုး"

မလာကမေးတော့ မိညို၏ ရယ်နေသည့်မျက်နှာသည် ညိုးကျသွားသည်။ ဝိုင်းစက်ရွှန်းလဲ့သော မျက်လုံးရွဲ့မျက်ရည်ကြည်လေးများ ရီးလေးခိုလာ၏။

"ဟုတ်..ဟုတ်တယ် မလာ၊ မိညိုတို့နှစ်ယောက်ထပ်တွေ့ခွင့်မရတော့ဘူး။ မိညိုတို့သိုက်က အကြီးကို ပြောင်းသွားရတော့မှာ"

"ဟင့်အင်း၊ မိညို..နင် မသွားရဘူး။ နင်ပေးထားလည်း ငါမလိုချင်ဘူး။ ငါတို့နှစ်ယောက် အခုလုပ်

www.burmeseclassic.com

www.burmeseclassic.com

ယခုအခါတွင်တော့ မာလာဟာ သပြေသည်မလေး မာလာ မဟုတ်တော့။ အောင်သပြေရိပ်စံအိမ်တော်၏အရှင်သခင် ဒေါ်မာလာ ဖြစ်နေပါပြီ။ ကျေးရွာလူကြီးကိုယ်တိုင် မိညိုပေးသည့်အိပ်မက်ကို မလွန်ဆန်ပံ့၍ မာလာ့လက်သို့ အိမ်ကြီးကို လွှဲပြောင်းအပ်နှံခဲ့ခြင်းဖြစ်သည်။ အစပိုင်းတွင် မာလာတစ်ယောက် မည်သို့များ ဒုက္ခရောက်လိမ့်မလဲဟူသောအတွေးဖြင့် ရွာသူရွာသားများက စောင့်ကြည့်နေခဲ့ကြသော်လည်း ဘာတစ်ခုမှ မဖြစ်သည့်အပြင် စိုက်ပျိုးထားသော အသီးအနှံများ၊ သပြေစည်းများကို ရောင်းချရင်း မာလာတစ်ယောက် စီးပွားတက်သထက် တက်လာခဲ့သည်။

ယခုဆို နှစ်တွေလည်းကြာခဲ့ပြီ။ မမာလာဘဝမှ ဒေါ်မာလာဘဝသို့ ပြောင်းရွှေ့ခဲ့ပြီ။ ညောင်ကိုင်းရွာကလေးလည်း ဒေါ်မာလာ၏ ကျေးဇူးဖြင့် ကားလမ်းပေါက်ကာ လိုင်းကား(၃၊ ၄)စီး ဝင်ရောက်ပြေးဆွဲနေပြီ။ အောင်သပြေရိပ်စံအိမ်သည်လည်း သီးပင်စားပင် အလှပင်များဖြင့် ဝေဆာသည်ထက် ဝေဆာနေ၏။ သပြေပန်းတို့မှာလည်း နှတ်ဩဇာစီးမိသည့်အလား မသေဆေး ကျွေးမိသည့်အလား ခြောက်သွေ့ညှိုးရော်ခြင်းမရှိ၊ ဆယ့်နှစ်ရာသီလုံး အုံးအုံးထကာ လန်းချင်တိုင်း လန်းနေကြသည်။

နောက်ပြီး..

ယခုထက်တိုင် မပြောင်းလဲသေးသည်က သပြေတန်းများကြား လမ်းဆင်းလျှောက်သည့်အခါတိုင်း မမာလာတစ်ဖြစ်လဲ ဒေါ်မာလာတစ်ယောက် ရေရွတ်ညည်းတွားတတ်သည့် စကားတစ်ခွန်း။

'လွမ်းလိုက်တာ မိညိုရယ်'

စေတနာရှေ့ထားလျက်

ဂျဉ်းနွန်းကို

သက်လုံး နေကြမယ်လေ။ ငါ သပြေလာခူးတိုင်း နင့်အတွက် ပန်းတွေ ဝယ်လာခဲ့မယ်။ တစ်နေ့ကျ နင့်အစ်မတွေကို ခွင့်တောင်းပြီး နင်တည်ခိုင်းတဲ့ ဘုရားဆီကို တို့နှစ်ယောက် အတူတူသွားဖူးကြတာပေါ့။ မကောင်းဘူးလားဟာ မိညိုး။ ဟင့်..နင်..နင်..မသွားပါနဲ့ဟယ်'

မာလာက ပြောပြောဆိုဆိုနှင့် ငိုလေပြီ။ မျက်ရည်များက ပိုးပိုးပေါက်ပေါက်။ မာလာငိုတော့ နဂိုကတည်းက မျက်ရည်ဝဲနေသော မိညိုလည်း ငိုတော့သည်။

နှစ်နှစ်တာကာလအတွင်း သိကျွမ်းခဲ့ကြခြင်း ဖြစ်ပေမယ့် ရှေးရေစက်ကြောင့် နှစ်ပေါင်းများစွာ ခင်မင်ရင်းနှီးခဲ့သည့်အလား တစ်ယောက်အပေါ်တစ်ယောက် သံယောဇဉ်ကြီးစွာ ဖြစ်နေကြသော သူတို့နှစ်ယောက်၏အဖြစ်ကကရကဏာသက်ဖွယ်ရာ၊ အားကျဖွယ်ရာ၊ စိတ်မကောင်းဖြစ်ဖွယ်ရာ၊ သံဝေဂရဖွယ်ရာပင်။

အတော်ကြာသည်အထိ နှစ်ယောက်သား ငိုနေကြသည်။ တစ်ယောက်ကိုတစ်ယောက် ခင်မင်တွယ်တာစိတ်တို့ဖြင့် ဖက်တွယ်ထားချင်နေကြသည်။ ခွဲခွာဝေးကွာရမည်ကို ကြောက်ရွံ့စိုးရိမ်နေကြသည်။ သို့သော်လည်း ကံကုန်၍ ခွဲခွာရသည်မှာ လောကဓမ္မတာပဲ မဟုတ်ပါလား။

အတန်ကြာငိုကြွေးပြီးနောက် မာလာကပဲ အခြေအနေအပေါ် ဆင်ခြင်မိသည်။ မိညိုဟာ လူသားတစ်ယောက် မဟုတ်သဖြင့် မိမိဖြစ်ချင်သလို တောင်းဆိုရန်မသင့်။ သူ့ခမျာ တာဝန်များရှိသည့်အထဲ မိမိကြောင့် နောက်ဆံတင်းနေရလိမ့်မည်။ သူငယ်ချင်းကောင်းဆိုတာ ကိုယ့်အတွက်ထက် သူ့အတွက်ကို ပိုတွေးပေးသင့်သည်ဟု မာလာစဉ်းစားမိ၍ မျက်ရည်တို့ကို သုတ်လိုက်သည်။

'မိညို..နင်လည်း မငိုနဲ့တော့။ ငါလည်း မငိုတော့တူး။ ငါတို့တွေက ဗုဒ္ဓဘာသာဝင်တွေပဲဟယ်၊ ကံ,ကံရဲ့အကျိုးကို ယုံကြည်ရမှာပေါ့။ နင်နဲ့ငါ ဒီလောက်ပဲ ကံပါလို့ပေါ့ဟာ။ နောက်ဆံမတင်းဘဲ စိတ်ချလက်ချ ခရီးဆက်ပါသူငယ်ချင်းရယ်။ သံသရာတစ်ကွေ့မှာ ငါတို့နှစ်ယောက် ပြန်ဆုံကြဦးမှာပါ'

မာလာ့စကားကြောင့် မိညို အငိုတိတ်သွားပြီ။ ကျေးဇူးတင်သော အကြည့်တို့ဖြင့် မာလာ့မျက်နှာကို စိုက်ကြည့်နေရာမှ မိညို၏ ပုံရိပ်ကလေးသည် တဖြည်းဖြည်း မှေးမှိန်ကွယ်ပျောက်သွားတော့၏။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့သည် မြင်ရသော အရာကိုမှ ရှိသည်၊ မမြင်ရသော အရာများဆိုလျှင် မရှိဟူ၍ ပုံသေကားကျ ပြော၍ မရပါ။ ကျွန်ုပ်တို့ ကိုးကွယ်နေသော မြတ်ဗုဒ္ဓကပင်လျှင် မမြင်ရသော ဘုံသားများရှိကြောင်း ဟောပြောခဲ့ပါသည်။

အမှန်စင်စစ် ကျွန်ုပ်တို့၏ မျက်လုံးများမှာ အမှန်တကယ်ရှိသော အရာများအားလုံးကိုပင် မြင်တွေ့ကြရသည် မဟုတ်ပါ။ ဥပမာ-လွန်စွာမှ သေးငယ်လှသော ရောဂါပိုးမွှားများကို ကျွန်ုပ်တို့၏ သာမန်မျက်လုံးများဖြင့် မြင်တွေ့နိုင်ကြရသည်မဟုတ်။ သိပ္ပံပစ္စည်း အထောက်အကူတို့ဖြင့် ကြည့်လျှင်ကား မြင်ကြရပါသည်။

ထိုနည်းတူ မမြင်ရသော ဘုံဘဝ လောကသားများကို တော့မူ ဝိဇ္ဇာအထောက်အကူဟု ဆိုအပ်သော အကျင့်စရိုက် သမထအားတို့ဖြင့် ကြည့်သော် မြင်ရဖွယ် ရှိ၏။

မည်သို့ဆိုစေ ကျွန်ုပ်သည် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်လောက်က ကရင်ပြည်နယ် သံလွင်မြစ် အနောက် ခြမ်းတစ်ဝိုက်တွင် တိုက်ဖွဲ့ဟု စစ်ဆင်ရေး အမည်ဖြင့် စစ်ဆင်ရေးဝင်ရောက်ခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ တပ်ရင်းမှာ လူပ်ရှားတပ်ရင်း ဖြစ်နေ၍ နေ့စဉ်နှင့်အမျှ နေပူမရှောင် မိုးရွာမရှောင် တောတိုး

ဘုန်းပင်လေါက အဘွားကြီး

www.burmeseclassic.com

www.burmeseclassic.com

တောင်တက် တစ်ရွာဝင် တစ်ရွာထွက်ဖြင့် သွားလာလှုပ်ရှားနေရပါသည်။

တစ်နေ့တွင် နည်းဗျူဟာမှူး အခြေပြုထားရာ ကျသောင်းဆိပ်စခန်းတွင် ကျွန်ုပ်တို့တပ်ရင်းက ရိက္ခာထုတ်ပြီး ပြန်လည်ထွက်ခွာခဲ့ကြပါသည်။ ပြန်လည်ထွက်ခွာခဲ့ကြရပြီး တောတွင်းတစ်နေရာတွင် စခန်းချကြရပါသည်။ စခန်းချကြရသောအခါ တပ်တို့၏ ထုံးစံအတိုင်း ပတ်လည်ခံစစ်ဆင်ပြီး ကင်းတို့၊ ကင်းရှည်များကို ထုတ်ကြရသည်။

ကျွန်ုပ် တို့တပ်စိတ်မှာလည်း ကင်းတစ်ယောက် ချထားရသည်။ ကင်းချထားသော တပ်သားအုန်းမြင့်ဆိုသူမှာ သင်တန်းဆင်းလာခါစ လူသစ်ကလေးပင်ဖြစ်သည်။ ယခုအပတ်မှသာ စစ်ဆင်ရေးလိုက်ပါလာဖူးသူ ဖြစ်သည်။

ကင်းစောင့်ရသော စစ်သည်များအနေဖြင့် မိမိ၏ကင်းချိန်တာဝန် ပြီးဆုံးသောအခါ နောက်ပိုင်းသို့ ပြန်လာပြီး နောက်တစ်ယောက်အား ကင်းလဲကြရသည်မဟုတ်။ နောက်ပိုင်းတွင်ရှိနေသော စစ်သည်ကသာ ကင်းတာဝန်ကိုသွားပြီး လဲလှယ်ပေးရခြင်းသာ ဖြစ်သည်။

အချိန်ပြည့်၍ တပ်သားအုန်းမြင့်အား ကင်းတာဝန် သွားလဲသောအခါ တပ်သားအုန်းမြင့်မှာ ကင်းစောင့်ရသော နေရာတွင် မတွေ့ရတော့ပါ။ သို့ဖြစ်၍ အနီးဝန်းကျင်တစ်ဝိုက်သို့ လိုက်ရှာရာတွင်လည်း မတွေ့ရသောအခါ တပ်စုမှူး၊ တပ်ခွဲမှူး စသည်ဖြင့် အဆင့်ဆင့် သတင်းပို့ကြရတော့သည်။ ထိုကဲ့သို့ သတင်းပို့ပြီး လိုက်ရှာကြရာတွင်လည်း မတွေ့ဘဲ ရှိနေလေရာ နောက်ဆုံး နည်းဗျူဟာမှူးအထိ ဆက်ပြီး သတင်းပို့ရသော အခြေအနေသို့ ရောက်သွားကြရတော့သည်။

နည်းဗျူဟာမှူးသည် ကျွန်ုပ်တို့ တပ်ရင်းအပေါ် သိပ်ပြီး အမြင်ကြည်လင်လှသည်တော့ မဟုတ်ပါ။ ထိုကဲ့သို့ အမြင်မကြည်လင်သည့်အထဲ ဘူးလေးရာ ဖရုံဆင့် ဆိုသလို စစ်သည်ပျောက်ဆုံးမှုက ဝင်လာသည်။ ထိုအခါ တပ်ရင်းဘစ်ရင်းလုံး ပျာပျာသလဲ ဖြစ်ကြရတော့သည်။

နည်းဗျူဟာမှူးက ပျောက်ဆုံးသွားသော စစ်သည်အား အမြန်ဆုံးတွေ့အောင်ရှာရန်၊ ပြန်မတွေ့ပါက တာဝန်ရှိသူ အဆင့်ဆင့်တို့အား ထိရောက်စွာ အရေးယူမည် စသည်ဖြင့် ညွှန်ကြားလာခဲ့ပါလေတော့သည်။

သို့ဖြင့် ကျွန်ုပ်တို့တပ်ရင်းက ထိုစစ်သည် ထွက်သွားမည်ဟု ထင်ရသော နေရာတစ်လျှောက်ဆီသို့ရှာပြီး ထွက်ခဲ့ကြရတော့သည်။ စစ်ကြောင်းနှစ်ကြောင်း ဖြန့်ခွဲပြီး စစ်သည်ပျောက်ရှာပုံတော်ခရီး ထွက်ခဲ့ရာ လမ်းတစ်လျှောက်တွင် တွေ့ရသမျှသော အိမ်း၊ ဖထီးတို့အား စုံစမ်းမေးမြန်းကြရ၏။ တစ်ယောက်မှ တွေ့ခဲ့ရပါသည်ဟူသော အဖြေက ထွက်မလာကြ။ ဒီလိုနဲ့ အချိန်မရှိမှ တောတွင်းတစ်နေရာတွင် စခန်းချပြီး ညအိပ်ကြရတော့သည်။

♦ ♦ ♦

နောက်တစ်နေ့ မိုးလင်းလာသောအခါ မပြီးဆုံးသေးသော စစ်သည်ပျောက်ဆုံးမှု ရှာပုံတော်ခရီးကြီးကို စတင်ခဲ့ရပြန်ပါသည်။ တစ်နာရီလျှင် တစ်ကြိမ်ကျ ဆက်သွယ်ရေးစက်ထောင်ပြီး ဗျူဟာနဲ့ ဆက်သွယ်မှုယူကြရသည်။ ထိုကဲ့သို့ ဆက်သွယ်မှုယူတိုင်း ပျောက်ဆုံးစစ်သည် ပြန်တွေ့နိုင်၊ မတွေ့နိုင် တိုးတက်မှု အခြေအနေများကို တင်ပြနေကြရသည်။ မတွေ့သေးဘူးဟု တင်ပြလိုက်သည်နှင့် အမြန်ရှာပါ။ ပြန်မတွေ့လို့ကတော့ ဖြုတ်မည်၊ သတ်မည် တကဲကဲဖြင့် ပြောဆိုခြင်းကိုပါ ခံနေရလေရာ တာဝန်ရှိသော အရာရှိများက ကျောပူသည့်အပြင် နားပါ အပူခံကြရတော့သည်။

တောထဲတောင်ထဲ လျှိုမြောင်ထဲတွင် ပျောက်ဆုံးသွားသော လူတစ်ယောက်အား ပြန်ရှာတွေ့ဖို့ဆိုသည်မှာ လွယ်ကူလှသည်တော့ မဟုတ်ပါ။ သူအနေဖြင့်လည်း တောကျွမ်းသည်မဟုတ်၊ ခြေဦးတည့်ရာ သွားနေမည်သာ ဖြစ်သည်။ ဒီကြားထဲ သဘောရိုးဖြင့် လျှောက်သွားပြီး မျက်စိလည်လမ်းမှားသွားလျှင် ကိစ္စမရှိ။ ထိုကဲ့သို့မဟုတ်ဘဲ တပ်ကို အပြီးကိုင် စွန့်ခွာလိုသော သဘောမျိုးနဲ့ ထွက်ခွာသွားခဲ့လျှင်ကား ကျွန်ုပ်တို့အဖို့ ပြန်တွေ့ဖို့ဆိုသည်မှာ လုံးဝမလွယ်ပါ။ သူအနေဖြင့် ပုန်းလျှိုးကွယ်လျှိုးဖြင့် လုပ်နေမည်သာ ဖြစ်တော့သည်။ အပ်ချင်ဟန်ဆောင်နေသူကို နှိုးရခက်သလို ပုန်းနေသူကိုလည်း ရှာရခက်နေမည်သာ ဖြစ်သည်။

သို့ပါသော်လည်း ထိုစစ်သည်မှာ ထိုမျှအထိ လုပ်သွားမည်ဟု ကျွန်ုပ်တို့က မထင်ကြပါ။ သူသည် တောခိုပြီး စစ်တပ်ကို ပြန်တိုက်ဖို့ဆိုသည်မှာ မဖြစ်နိုင်ပါ။ သူ ကင်းစောင့်နေရသော နေရာ၏ရှေ့တွင် လယ်ကွင်းပြင်ရှိသည်။ လယ်ကွင်းပြင်၏ ဟိုဘက်အစပ်တွင်မူ ထန်းပင်လေး၊ငါးပင် ရှိသည်။ ထိုထန်းပင်သည် ထန်းရည်ထွက်၏။ အခိုပါထန်းရည်ကို သူ တက်ပြီး သွားသောက်မိရာကနေ မူးမူးရူးရူးဖြင့် မျက်စိလည် လမ်းမှားသွားခြင်းသာ ဖြစ်နိုင်သည်ဟု ကျွန်ုပ်တို့က သုံးသပ်ကြပါသည်။

www.burmeseclassic.com

အကြောင်းမူ ကျွန်ုပ်တို့က သူ့အား ရှာခဲ့ကြစဉ်က တည်းက အဆိုပါ ထန်းပင်အောက်ကိုပါ ရှာခဲ့ကြသည်။ ထန်းပင်အောက်တွင် ထန်းရည်အိုးများကို တွေ့ခဲ့ရ၏။ မကြာသေးခင်ကမှ သောက်ထားဟန်ရှိသော ထန်းရည်အိုးကိုလည်း တွေ့ခဲ့ရ၍ ဖြစ်သည်။

မည်သို့ဆိုစေ ကျွန်ုပ်တို့မှာ တစ်မနက်လုံး ရှာခဲ့ကြရသည်။ နောက်ဆုံး နေ့လယ်စာထမင်းစားခါနီးလောက်တွင် ကိုဖိုးပုလဲဆိုသောရွာကို ဝင်ရောက်ခဲ့ကြသည်။ တပ်ရင်းမှူး ဦးစီးသော စစ်ကြောင်းရုံးနှင့် အခြားသော တပ်ခွဲများမှာ ရွာ၏ အပြင်ဘက် တောတန်းများတွင် ဖြန့်ကြက်နေရာချထားပြီး ကျွန်ုပ်တို့ တပ်ခွဲတစ်ခွဲတည်းသာ ရွာထဲဝင်ခဲ့ကြရခြင်း ဖြစ်သည်။ ရွာသို့ ရောက်သောအခါ ပတ်လည်ခံစစ်နေရာယူပြီး ကင်းများကိုလည်း စနစ်တကျ ချထားကြရသည်။

တပ်ခွဲမှူးကတော့ ရွာလူကြီးများနဲ့ တွေ့ဆုံပြီး သတင်းစုံစမ်းနေချိန်တွင် ကျွန်ုပ်တို့၏ ဆရာ(တပ်စိတ်မှူး)များကတော့ တပ်စိတ် တစ်စိတ်နှင့်တစ်စိတ် ပစ်ပိုင်နယ်များကို သတ်မှတ်ကာ လျှောက်ကြည့်နေကြသည်။ ကျွန်ုပ်တို့ကတော့ နံနက်စာ စားသောက်ရန် စီစဉ်နေကြသည်။

ကျွန်ုပ်တို့တပ်စိတ် နေရာယူရသောနေရာတွင် လူနေအိမ်ရှိသည်။ ထိုအိမ်ဘေးတွင် မောင်းထောင်းရုံရှိပြီး အထဲတွင် အမျိုးသမီးလေး၊ငါးယောက်တို့က မောင်းထောင်းသူကထောင်း၊ မောင်းထောင်းဆုံအတွင်းရှိစပါးများ အပြင်သို့ ထွက်ကျမလာအောင် လက်ဖြင့် ပြန်လည်သပ်ချပေးသူက သပ်ချ၊ စပါးပြာသူကပြာဖြင့် လုပ်နေကြသည်။ မောင်းထောင်းဆုံ၏ ရှေ့တည့်တည့်တွင် အုန်းပင်သုံး၊လေးပင် လောက်ရှိသည်။ အပင်တိုင်းတွင် အုန်းသီးများ ပြွတ်ခဲအောင် သီးနေကြသည်။

ဤသည်ကို မြင်တွေ့နေရသော ကျွန်ုပ်တို့ တပ်စိတ်ထဲက တပ်သားအောင်ဌေး ဆိုသူမှာ ကျွန်ုပ်အား-

'ဒီမှာ ကိုဖေ..မင်း အဲဒီအုန်းသီးကို တောင်းကြည့်ပါလား။ တောင်းလို့သာ ရလို့ကတော့ တက်ခူးဖို့အတွက် ငါ့တာဝန်ထား' ဟု ပြောလာသည်။

ထိုအခါ အပေးအကမ်း နည်းပြီး အတောင်းအရမ်း ထူတတ်သော ကျွန်ုပ်က စပါးထောင်းနေသော အမျိုးသမီး တစ်ဦးအား-

'အနော်(အစ်မ)..ဒေးဖိုး(မောင်လေး)တို့ အုန်းသီးစား ချင်လို့ တစ်လုံး၊နှစ်လုံးလောက် ပေးစားပါလား'

ဟု အာသွက်လျှာသွက်ဖြင့် အသနားခံသည့် မျက်နှာကလေးနဲ့ ပြောလိုက်ရာ-

'ကိုယ့်ဟာကိုယ် တက်ခူးနိုင်လို့ကတော့ တစ်လုံး၊နှစ်လုံး မဟုတ်ဘူး၊ တစ်ခိုင်းလုံး ဖြုတ်ချပြီး စားကြ' ဟု ပြုံးရွှင်သော မျက်နှာထားဖြင့် စေတနာတွေ အိတ်သွန်းဖာမှောက်ကာ ခွင့်ပြုခဲ့လေတော့သည်။

ထိုအခါ ကျွန်ုပ်က တပ်သားအောင်ဌေးအား-

'ကဲ..ကြားပြီမဟုတ်လား။ ကိုဌေး ပေးထားတဲ့ကတိ အတိုင်းသာ တက်ခူးပေတော့' ဟု ပြောလိုက်လျှင် တပ်သားအောင်ဌေးက သူ၏သေနတ်နှင့် အိကျေးမင့်ကို ဖြုတ်ချထားခဲ့ကာ အုန်းပင်ပေါ်သို့တက်ရန် လုပ်ပါတော့သည်။ အုန်းပင်မှာ ဝါးနှစ်ပြန့်ကျော်ကျော်လောက် မြင့်နိုင်ပါသည်။

ကျွန်ုပ်သည် အုန်းပင်၊ ထန်းပင်၊ သစ်ပင် အစရှိသော အပင်များကို တက်ကြသောသူများအား တစ်ခါတစ်ရံ တွေ့ဖူးရတတ်ပါသည်။ ထိုသူတို့သည် အပင်ပေါ်သို့တက်တော့မည် ဆိုသောအခါ မတက်ခင် အပင်အောက်ကနေပြီး မတ်တတ်ရပ်လျက် လက်အုပ်ကလေးချီကာ ပါးစပ်မှ အသံမထွက်အောင် ပြောဆိုနေကြသည်ကို တွေ့ခဲ့ဖူးပါသည်။

အပင်ပေါ်တွင်ရှိနေသော သစ်ပင်စောင့်နတ်အား ဂါရဝပြုခြင်း၊ ခွင့်တောင်းခြင်းများ ပြုလုပ်သည်ဟု ထင်ပါသည်။ ထိုကဲ့သို့ ရှိသေသမှုပြု ပြောဆိုခွင့်တောင်းပြီးသောအခါ အပင်ပေါ်သို့ တက်ကြ၏။

ယခု တပ်သားအောင်ဌေးမှာတော့ ဘာမှပြောဆိုခြင်းမရှိ၊ ဒီအတိုင်း တက်တော့မည့် သဘောကို တွေ့နေရသဖြင့် ကျွန်ုပ်က-

'ကိုဌေး..အပင်တက်တော့မယ်ဆိုတော့ မတက်ခင် အပင်ရဲ့ အစောင့်အရှောက်ကို ခွင့်တောင်းဦး။ ဂါရဝပြုလေ'

ဟု ပြောလိုက်ရာ-

'မောင်ဖေ..အပင်ပေါ်ကို မော့ကြည့်စမ်း။ ဘာတွေလဲ'

'ဘာတွေ့ရမှာလဲ။ အုန်းသီးပဲ တွေ့ရတာပေါ့'

'အေး..အဲဒါပဲ၊ အုန်းသီးပဲ ရှိတယ်။ မင်းပြောသလို အစောင့်အရှောက်ဆိုတာ မရှိဘူး။ လူကစိုက်ပြီး ကြီးလာတဲ့ အုန်းပင်။ အဲဒီအုန်းပင်က ခုတော့သီးလာပြီ။ အဲဒီသီးလာတဲ့ အသီးကို ဘယ်က ကျွဲ၊ နွားမှလည်း လာပြီးမဖျက်ဆီးဘူး

www.burmeseclassic.com

www.burmeseclassic.com

သူခိုးဓားပြတွေလည်း လာမလုဘူး။ ဒီတော့ ဘာအစောင့်အရှောက်မှလဲ မလိုဘူး။ အစောင့်အရှောက်မလိုတဲ့ ဒီအပင်ကို ဘယ်သူကမှလည်း မစောင့်ခိုင်းပါဘဲနဲ့ ဘယ်သူက လာပြီး ကိုယ့်ထမင်း ကိုယ်စားလို့ ကြီးတော်နွား အလကား လာကျောင်းပေးမှာလဲ။ စဉ်းစဉ်းစားစားလည်း ပြောပါ။ နေစမ်းပါဦး၊ မင်းကရော အဲဒီအစောင့်အရှောက်တွေကို မြင်ဖူးလို့လား"

"မြင်တော့ ဘယ်မြင်ဖူးမှာလဲဗျာ"

"အေး..မမြင်ဖူးရင် မမြင်ဖူးသလို အေးအေးဆေးဆေး နေစမ်းပါ။ မမြင်ရပါဘဲနဲ့ ရှိနေသလိုလို ဘာလိုလိုနဲ့ လုပ်မနေစမ်းပါနဲ့ ကိုယ့်လူ။ ရှိမှန်းမသိ၊ မရှိမှန်းမသိရတဲ့ အရာတစ်ခုကို သွားပြီး ဂါရဝပြုတယ်ဆိုတာ လူရယ်စရာပါ။ အမှန်တကယ်ရှိနေလို့ ဂါရဝပြု ခွင့်တောင်းရတယ်ဆိုရင်ဆားတော့၊ မင်း အခုဥစ္စာက လေဖမ်းဒန်းစီး အီးဓားနဲ့ခုတ်ဆိုသလိုဖြစ်နေပြီ။ နေခင်းကြောင်တောင်ကြီးမှာ ပြဿနာကို မီးထွန်းပြီး ရှာနေသလိုပါပဲလားကွာ"

ကျွန်ုပ်သည် လွန်စွာမှလျှာရှည်တတ်သော မိကျောင်းသား တပ်သားအောင်ဌေးနှင့် တုဖက်ပြီး စကားမပြောလိုတော့ပါ။ ဆက်ပြောနေလည်း အရာရောက်မည် မဟုတ်၍ သုပ်ချင်ရာလုပ်ဆိုပြီး ကြည့်နေလိုက်ရပါတော့သည်။ သတ္တဝါတစ်ခု ကံတစ်ခုဟူ၍သာ သဘောထားလိုက်ရတော့သည်။

တပ်သားအောင်ဌေးမှာ သေနတ်နှင့် အိုကွေးမင့်ကိုသာ ဖြုတ်ချထားခဲ့သည်။ ယူနီဖောင်းကိုကား မချွတ်။ စီးထားသောဖိနပ်ပင် မချွတ်ဘဲ ဒီအတိုင်း တက်လေတော့သည်။ တပ်သားအောင်ဌေးမှာ အုန်းပင်တက်ရာတွင် မည်မျှအထိ ကျွမ်းကျင်သည်ကို မမြင်ဖူး၍ မသိပါ။

သူသည် အုန်းပင်ပေါ်သို့ လူတစ်ရပ်နီးပါးခန့် တက်ပြီးသောအခါ သူ၏ တောစီးဖိနပ်အားချွတ်ကာ အောက်သို့ ပစ်ချ၏။ ပြီးသောအခါ ဆက်တက်ပြန်၏။ နောက်ထပ် လူတစ်ရပ်လောက် ရောက်သောအခါ ဆောင်းသွားသောဦးဆုပ်ကို ချွတ်ပြီး အပင်အောက်ကို ပစ်ချပြန်၏။ ပစ်ချပြီးသောအခါ ဆက်တက်ပြန်၏။ ဆက်တက်ပြီး အပင်ထိပ်သို့ ရောက်ခါနီးလောက်တွင် ဝတ်သွားသော သူ၏ စစ်အင်္ကျီကြီးကိုချွတ်ပြီး ပစ်ချပြန်၏။

ထိုအခါ နူတ်သွက်လှသော ကျွန်ုပ်က ရုတ်တရက် ဆိုသလို-

"ကိုဌေးရေ..ဒီတစ်ခါ အောက်ကို ပြန်ပစ်ချစရာဆိုလို့ ကိုဌေးရဲ့ ခန္ဓာကိုယ်ပဲ ရှိတော့တယ်နော်။ သတိလည်းထားဦး ဦး ဟု ပြောလိုက်ရာ သူက ကျွန်ုပ်အား ငုံကြည့်ပြီး သွားများပေါ်အောင် ပါးစပ်ကို ဟပြ၏။ ပြီးသော် လက်ညှိုးဖြင့် သူ၏ သွားများကို ထိုးပြ၏။ လုပ်စားလာတာ အံတိုနေပြီဆိုသည့်သဘော။

ရေကူးကျွမ်းကျင်သူက ရေကြောင့် သေရတတ်ပြီး သစ်ပင်တက် ကျွမ်းကျင်သူကလည်း သစ်ပင်ကြောင့် သေတတ်ကြရသည်ကို တပ်သားအောင်ဌေး သိချင်မှ သိပေမည်။ မည်မျှပင် ကျွမ်းကျင်သည် ဆိုလင့်ကစား တစ်ကွက်မှားသောကျား ဆိုသကဲ့သို့ တစ်ချက်မှားလိုက်သည်နဲ့ ဒုက္ခရောက်တတ်သည်ချည်း ဖြစ်သည်။

မည်သို့ဆိုစေ ကျွန်ုပ်က သူ့အား မော့ပြီးကြည့်နေရသည်ဖြစ်၍ ဇက်တွေညောင်းလာပြီး မော့မကြည့်နိုင်တော့ပါ။ သို့ဖြစ်၍ ဘေးဘီသို့ ဟိုကြည့်ဒီကြည့်ဖြင့် လျှောက်ကာကြည့်နေလိုက်သည်။

အခြားသော စစ်သည်များက နေ့လယ်စာအတွက် စားသောက်ရန် ချက်ပြုတ်နေကြ၏။ ကျွန်ုပ်တို့နှစ်ယောက်မှာတော့ အုန်းသီးစားရန် လုပ်နေကြ၏။

ခဏအကြာတွင် အုန်းပင်ပေါ်မှာ အားဟူသော အော်သံကြီးကို ကြားလိုက်ရပါတော့သည်။ အသံကြားလိုက်ရသည်နဲ့ ကျွန်ုပ်က အုန်းပင်ပေါ်အား မော့ကြည့်လိုက်သော အခါ အုန်းပင်ပေါ်တက်နေသော တပ်သားအောင်ဌေးသည် အပင်ပေါ်မှပြုတ်ကျလာကာ လေထဲတွင် ခြေကားရာလက်ကားရာဖြင့် ဖြစ်နေကြောင်း တုန်လှုပ်ချောက်ချားစွာဖြင့် မြင်တွေ့လိုက်ရပါလေတော့သည်။

ကျွန်ုပ်က ကြောက်လန့်တကြားဖြင့် ကြည့်နေစဉ် တပ်သားအောင်ဌေး၏ ခန္ဓာကိုယ်ကြီးသည် မြေပြင်ပေါ်သို့ ကျရောက်သွားခဲ့တော့သည်။ တပ်သားကိုဌေး မြေပေါ်သို့ ကျရောက်လာသောအခါ ထွက်ပေါ်လာသည့် ဘုန်းဆိုသော အသံသည် ပတ်ဝန်းကျင်သို့ သုံးလေးမိုင်အထိ ပြန့်လွင့်သွားသည်ဟု ထင်လိုက်ရပါသည်။ အမှန်စင်စစ် ထိုအသံသည် ထိုမျှအထိ ပြန့်လွင့်၍ မသွားနိုင်ပါ။ သို့ပါသော်လည်း ထိတ်လန့်စွာဖြင့် မြင်တွေ့လိုက်ရသော ကျွန်ုပ်၏စိတ်က အကြောက်လွန်ပြီး အထင်ရှိလိုက်ခြင်းသာ ဖြစ်တော့သည်။

တပ်သားအောင်ဌေး ပြုတ်ကျလာသောအခါ မောင်းထောင်းနေသော ကရင်မများရော၊ ကျွန်ုပ်တို့ စစ်သည်များ

www.burmeseclassic.com

ကပါ သူ့အား သွားပြီးပြေးထူရန် ကြံစည်ကြသည်။ ထို အခါ တပ်သားအောင်ဌေးက တအီးအီး တအင်းအင်းဖြင့် ညည်းတွားပြီး သူ၏ ခန္ဓာကိုယ်မှာလည်း ပုစွန်ကွေးကလေး ကွေးသွားလေ၏။ ပြီးသော် ကျွန်ုပ်တို့အား သူ၏ လက် တစ်ဖက်ဖြင့် တားပြနေ၏။ သူ့အား မထိရန် မကိုင်ရန် တားနေသည့်သဘော ဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့က သူ့ကို မထိရဲ မကိုင်ရဲကြတော့ပါ။ တသအောင်ဌေးမှာ စပါးခွံပုပေါ်မှာ ကျခဲ့၍သာ တော်တော့သည်။ မြေကြီးပေါ် တည့်တည့်ကျခဲ့လျှင်ကား ချက်ချင်းပင် သေသွားနိုင်ပါ သည်။

ထိုကဲ့သို့ဖြစ်နေစဉ် ကျွန်ုပ်တို့၏ တပ်စိတ်မှူး ဆရာ သန်းကျော်မှလည်း ပစ်ပိုင်နယ်သတ်မှတ်ပြီး လျှောက်ကြည့် နေရာမှ ပြန်ပြေးလာ၏။ ရှေ့ဆင့်နောက်ဆင့်ဆိုသလို တပ်စု မှူး၊ တပ်စုတပ်ကြပ်ကြီးတို့လည်း ရောက်ရှိလာကြ၏။ ပြီး သောအခါ တပ်ခွဲမှူး ဗိုလ်ကြီးတင်ကြိုင်နှင့်အတူ ဆေး တပ်သား ဆရာထွန်းထွန်းဦးတို့လည်း အပြေးတစ်ပိုင်းဖြင့် ရောက်ရှိလာကြသည်။

တပ်သားအောင်ဌေးမှာ ပုစွန်ကွေးအနေအထားဖြင့် ဟို ဘက်ဒီဘက်သို့ အားယူပြီး လှည့်နေသေးသည်ဖြစ်ရာ သတိ တော့ရနေသေးပုံပေါ်သည်။ တပ်ခွဲမှူးကကြည့်ပြီး ဘာတစ် ခုမှ ပြောသံဆိုသံ ထွက်မလာတော့ပါ။ သူသည် အသား ညှိသူ ဖြစ်သည်။ အသားညှိသည်ဟု ဆိုရသော်လည်း အမည်းရောင်ဘက်က ပိုပြီးအားသာသည်။ လွန်စွာမှ စိတ် တိုတတ်သူလည်းဖြစ်သည်။ ရုပ်ရည်မှာ ရုပ်ရှင်မင်းသား သုမောင်နှင့် အတော့်ကို တူသည်။

ကင်းစောင့်စစ်သည် ပျောက်ဆုံးရမှုဖြင့် တစ်လောက လုံး စိတ်ညစ်နေရသည့်အထဲ ယခု စစ်သည်တစ်ယောက် အုန်းပင်ပေါ်တက်ရင်း ပြုတ်ကျခဲ့ပြန်ပြီ။ တစ်ပူပေါ် နှစ်ပူ ဆင့်ပြီး ပြောချင်ဆိုချင် ဆူဆဲချင်သည့် စကားများက များ လွန်းလှပါသဖြင့် ပြော၍ပင် မထွက်နိုင်တော့ပုံပေါ်နေသည်။

ဆေးတပ်သားကတော့ဖြင့် ထိုးဆေးတစ်လုံးထုတ်ပြီး ထိုးပေးလိုက်သည်။ အသက်အန္တရာယ်အထိတော့ စိုးရိမ်ရ စရာမရှိဟု ခန့်မှန်းကြသည်။

ကျွန်ုပ်တို့ စစ်သည်များမှာ တာဝန်ရှိသူများ မဟုတ် ကြပါသဖြင့် ကျောပူရုံလောက်သာ ရှိခဲ့ကြသည်။ သို့သော် လည်း တာဝန်ရှိသော တပ်စိတ်မှူး၊ တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး အစရှိသောသူတို့မှာ ကျောပူရုံသာမကဘဲ နားပါ ပူနေကြရသည်။

စစ်သည် ပျောက်ဆုံးသွားရမှုနဲ့ပတ်သက်ပြီး တောတို့ တောင်တက်ဖြင့် ပင်ပန်းနေကြရသည့်အထဲ တစ်နာရီ တစ် ကြိမ်ကျ နည်းဗျူဟာမှူးသို့ ဆက်သွယ်ရေးစက်ဖြင့် သတင်း ပို့နေကြရသည်။ ပြန်တွေ့နိုင်သော သဲလွန်စများ၊ မတွေ့ရ သေးဟု တင်ပြလိုက်သည်နဲ့ ဗျူဟာမှူးရှိရာ ဆက်သွယ်ရေး စက်ဆီက ပြန်လာသော စကားသံများမှာ နားထဲသို့ သံချည် ပူ လောင်းထည့်ခြင်းခံရသည်သို့နယ် ရှိခဲ့ကြရသည်။ ထို့ ကဲ့သို့ စိတ်မောလူမော ဖြစ်နေရသည့်ကြားထဲ တစ်ယူ မပြီးသေး နောက်တစ်ယူက ဆက်ကာတက်ခဲ့သည်။ သို့ ဖြစ်၍ တပ်ခွဲမှူးက ဘာသံမှ မထွက်နိုင်တော့။ သူ၏ တပ်ခွဲရုံး ရှိရာဆီသို့ ပြန်သွားလေသည်။

ခဏကြာသောအခါ တပ်သားအောင်ဌေးမှ စကား အနည်းငယ် ပြောလာနိုင်သည်။ ထိုင်တော့ မထိုင်နိုင်ဘူး ပါ။ သူ၏ လက်တစ်ဖက်ဖြင့် အုန်းပင်ပေါ်သို့ လက်ညှိုး ထိုးပြီး 'အုန်း..ပင်..ပေါ်မှာ၊ အုန်း..ပင်..ပေါ်မှာ' ဟု ဆို မသဖြင့် တစ်လုံးချင်း ပြောလာနိုင်သည်။ ထို့ထက်ပို၍ ဘာမှ ဆက်မပြောနိုင်ပါ။ ကျွန်ုပ်တို့က အုန်းပင်ပေါ်အား မော့ကြည့်ကြသော်လည်း ဘာမှမတွေ့ကြရပါ။

သူ၏ အရေးကြီးသော ကိုယ်ပိုင်ပစ္စည်းတစ်ခုခု အုန်း ပင်ပေါ်တွင် ကျန်ခဲ့လေသလားဟု မော့ကာကြည့်ကြခြင်း သာဖြစ်သည်။ ဘာမှတော့ မတွေ့ရပါ။ အရေးကြီးသော လက်နက်ခဲယမ်းများမှာလည်း အပြည့်အစုံရှိနေသည်။ ဤ ဖြစ်၍ ကျွန်ုပ်တို့က ဘာလဲညာလဲဟု သူ့အား ထပ်ပြီး မနေဖြစ်ကြတော့ပါ။ မေးနေလည်း သူ့အနေဖြင့် ကောင်း စွာဖြေဆိုနိုင်မည် မဟုတ်ပါ။

မကြာခင် ရွာက နွားလှည်းတစ်စီး ရောက်လာသည်။ နွားလှည်းပေါ်တွင် တပ်သားအောင်ဌေးအား တင်ပြီး ကာ မောင်းရွာရှိရာဘက်ဆီသို့ ထွက်ခဲ့ကြရတော့သည်။ ကျွန် တို့မှာ ထမင်းကိုပင် ဝအောင် မစားခဲ့ကြရပါ။ နွားလှည်း ရောက်လာသည်နှင့် ဖုတ်ပူမီးတိုက်စားပြီး ထွက်ခဲ့ကြရခြင်း သာဖြစ်တော့သည်။ တပ်သားအောင်ဌေးမှာ တစ်လမ်း ဘာမှမပြောနိုင်ပါ။ ညည်းညူရင်းသာ လိုက်ပါလာ သည်။

မှောင်ရီပျိုးစအချိန်တွင် ကမမောင်းသို့ရောက်ပါသည်။ ထိုရွာတွင် စခန်းတစ်ခုရှိပြီး အရေးပေါ်လူနာများအား ကုသနိုင်သော ရှေ့တန်းဆေးရုံလည်း ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တပ်သားအောင်ဌေးအား ဆေးရုံသို့ ပို့ပြီးသောအခါ ထိုရွာမှာပင် ညအိပ် ရပ်နားကြရသည်။

ထိုနေ့ ညနေမှာပင် ပျောက်ဆုံးသွားသော ကင်းစောင့်စစ်သည် တပ်သားအုန်းမြင့်မှာလည်း ကျသောင်းဆိပ်ရှိ နည်းဗျူဟာရှိရာဆီသို့ ရောက်ရှိသွားပြီဖြစ်ကြောင်း သိရလေတော့သည်။

သူအနေဖြင့် ကင်းစောင့်နေသောနေရာ၏ ရှေ့လယ်ကွင်း၏တစ်ဖက်တွင်ရှိနေသော ထန်းပင်မှ ထန်းရည်အား သွားပြီး တက်သောက်ရာမှ အမူးလွန်ကာ ချုံပုတ်တစ်ခုထဲတွင် အိပ်ပျော်သွားခဲ့ခြင်းဖြစ်သည်။ သတိပြန်ရသောအခါ ကင်းချိန်က ကျော်နေပြီဖြစ်သည်။ ထိုအခါ နောက်ပိုင်းမှ ကင်းလာလဲသည့် စစ်သည်က သူ့အား ရှာမတွေ့ဖြစ်ခဲ့တော့မည်။ ထိုကဲ့သို့ ဖြစ်လာပြီးသောအခါ တပ်စိတ်မှူးက သူ့အား ပြန်တွေ့ပါက ထိုးနှက်ရိုက်ပုတ်ပြီး ဆုံးမတော့မည်။ ထိုကဲ့သို့ ဆိုဆုံးမလာတော့မည့်အပေါ် ကြောက်လန့်ပြီး ထွက်ပြေးသွားခြင်းသာဖြစ်သည်။ ထွက်ပြေးသွားခြင်းမှာလည်း တောခိုရန်မဟုတ်၊ ဗျူဟာမှူးရှိရာ ကျသောင်းဆိပ်ရွာသို့ ထွက်ပြေးသွားခြင်းမျှသာ ဖြစ်သည်။

လမ်းမကျွမ်း၍ တောထဲ တောင်ထဲ မျက်စိလည်ကာ လမ်းတွင် တစ်ညအိပ်ရသည်။ နောက်တစ်နေ့ မိုးလင်းလာသောအခါ ဆက်ပြီးသွားပြန်၏။ တစ်နေကုန် ဟိုတိုးဒီတိုးဖြင့် သွားနေခဲ့ရင်းက ညနေလေး၊ ငါးနာရီလောက် ရောက်သောခါမှ လယ်တဲကနေ ပြန်လာသော လူတစ်စုနဲ့ တွေ့ရတော့သည်။ ထိုလူတစ်စုမှာလည်း ကျသောင်းဆိပ်မှ ရွာသူရွာသားများ ဖြစ်နေလေရာ သူတို့နဲ့ အတူလိုက်ပါသွားပြီး ဗျူဟာမှူးရှိရာဆီသို့ ရောက်သွားရခြင်းသာဖြစ်ကြောင်း ဆက်သွယ်ရေးစက်မှတစ်ဆင့် သိရှိကြရတော့သည်။

♦ ♦ ♦

နောက်တစ်နေ့တွင် ကျွန်ုပ်တို့က တပ်သားမောင်ဌေးအားထားခဲ့ကာ မိမိတို့လူပ်ရှားရမည့် စစ်ဆင်ရေးဇရိယာအတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြရပါသည်။ ပျောက်ဆုံးသွားသော ကင်းစောင့်စစ်သည်အား ပြန်ခေါ်ပြီး နောက်ထပ် သုံးလကျော် လေးလနီးပါးမျှ တာဝန်ထမ်းဆောင်ပြီးသောအခါ နောက်တန်းတပ်ရင်းသို့ ပြန်လည်ဝင်ရောက်ခွင့်ရခဲ့ကြပါတော့သည်။

ထိုအခါ မကြာခင်ကမှ ဆေးရုံသို့ တက်ရောက်ကုသခြင်း ခံနေရသော အုန်းပင်ပေါ်မှ ပြုတ်ကျခဲ့သူ တပ်သားအောင်ဌေးနှင့်လည်း ပြန်လည်တွေ့ဆုံခွင့်ရခဲ့ပါသည်။ သူသည် မင်္ဂလာဒုံစစ်ဆေးရုံသို့ သုံးလကျော်မျှ တက်ရောက်ကုသခဲ့ပါသော်လည်း မိမွေးတိုင်း ဖမွေးတိုင်း အကောင်းပကတိ ပြန်ဖြစ်မလာတော့ပါ။ ခါးကုန်းကုန်းကလေးဖြစ်နေပြီး သွားလေရာတွင် တောင်ခွေးတစ်ချောင်းဖြင့် သွားလာနေရသည်။ ဆေးအဆင့်ချပြီး ပြန်လာခဲ့ရခြင်းဖြစ်သည်။

ဆေးနာပြည့်၍ နောက်တစ်ဖန်ပြန်ပြီး တက်ရောက်ကုသရဦးမည်ဖြစ်သည်။ သို့ပါသော်လည်း မည်သည့်နည်းနဲ့မျှ အကောင်းအတိုင်း ဖြစ်လာစရာ အကြောင်းမရှိနိုင်တော့ပါ။ ဒီလိုနည်းနဲ့ပဲ တစ်သက်လုံး နေသွားရတော့မည်သာ ဖြစ်တော့သည်။

တစ်နေ့တွင် သူနဲ့ ကျွန်ုပ်တို့ ပြန်တွေ့သောအခါ ကျွန်ုပ်က-

'ကိုဌေး..အုန်းပင်ပေါ်က ပြုတ်ကျလာပြီးတော့ အုန်းပင်ပေါ်ကို လက်ညှိုးထိုးပြီး အုန်းပင်ပေါ်မှာ,အုန်းပင်ပေါ်လို့ ပြောနေတာ ဘာကိုပြောချင်နေတာလဲဗျ။ အုန်းပင်ပေါ်မှာ အုန်းသီးတွေ ရှိနေတယ်ဆိုပြီး ပြောချင်နေခဲ့တာလား'

ဟု မေးလိုက်ရာ တပ်သားအောင်ဌေးက-

'ဒင်းမေကလွှားတဲ့၊ အုန်းပင်ပေါ်မှာ အုန်းသီးရှိနေတာ လူတိုင်းက မြင်တွေ့နေကြရတာပဲဥစ္စာ။ ဒီအတွက် ငါက စာဖွဲ့ပြီး ပြောပြစရာအကြောင်းရှိလို့လား' ဟု ပြောလာသည်။

ထိုအခါ ကျွန်ုပ်က-

'ဒါဆိုရင် အုန်းပင်ပေါ်မှာ ကိုဌေးရဲ့ ငယ်ရည်းစားကို တွေ့ခဲ့တဲ့အကြောင်း ပြောပြခဲ့ချင်တာလား'

ဟု မခံချင်အောင် ပြောလိုက်သောအခါ-

'ငါ့ရဲ့ ငယ်ရည်းစားမဟုတ်ဘူးကွ၊ ဆံပင်ဖြူစုတ်ဖွားသွားခေါအစွယ်ထွက် အသားမည်းပြီး မျက်လုံးတွေ ပြူးထွက်နေတဲ့ မင်းရဲ့ကြီးတော်လို အကောင်ကြီးက ငါ့ကို ကန်ချခဲ့တဲ့အကြောင်း ပြောပြခဲ့ချင်တာ ငတုံးရဲ့'

ဟု ပြောလည်းပြော သူ၏တောင်ခွေးဖြင့်လည်း ကျွန်ုပ်တို့အား ရိုက်တော့မလို ချိန်ရွယ်ခဲ့လေရာ ကျွန်ုပ်တို့မှာ သူပြောသော အုန်းပင်ပေါ်က အကောင်ကြီးကိုလည်း ကြောက်ရသည့်အပြင် သူ၏ တုတ်ကောက်ကိုပါ ကြောက်ရပါသဖြင့် သူ့အနားကနေ ထွက်ပြေးခဲ့ကြရပါလေတော့သတည်း။

ရွှင်လန်းချမ်းမြေ့ကြပါစေ

ချစ်အိုင်

www.burmeseclassic.com

www.burmeseclassic.com

သံသပိတ်ကြီးနှင့် ကျတ်လူပျိုများ

ကြည်ဝင်းဝေ (ဟာသတ)

အိမ်ပျက်အင်းထဲမှာ ငါးတွေ ဖမ်းမရတာ အတော်ကြာ နေပါပြီ။ ဒါနဲ့ အိမ်ပျက်အင်းသူကြီး ဦးရွှေရက အင်းသားတင်အေးကို လွှတ်ပြီး သံသပိတ်ကြီးကို အပင့်ခိုင်းလိုက်ပါတယ်။ အင်းသားတင်အေး ရောက်လာလို့ ခေါ်တယ်ဆိုရင်ပဲ မြိုးမြိုးမြက်မြက် မစားရတာ ကြာနေပြီဖြစ်တဲ့ သံသပိတ်ကြီးဟာ ငေါက်ခနဲထပြီး လိုက်ခဲ့တော့တာပါပဲ။

အိမ်ပျက်အင်းထဲကို သံသပိတ်ကြီး ရောက်လာတာနဲ့ အင်းသူကြီး ဦးရွှေရ တစ်ယောက် ပြုံးရွှင်သွားပြီး-

'အာ..လုပ်ပါဦး၊ ကျုပ်တို့အင်းထဲ ငါးတွေ ဖမ်းရ တော့ဘူး'

သံသပိတ်ကြီးက ကွမ်းယာတစ်ယာကို သူ့ပါးစပ်ထဲ ထည့်လိုက်ပြီး တစ်ချက်၊ နှစ်ချက် ဝါးလိုက်ပါတယ်။

ပြီးမှ-

'ဒါလေးများ သူကြီးရယ်၊ သံသပိတ်ရောက်ရင် ငါးတွေလည်း ရောက်ရမှာပေါ့။ ကိုင်း..ကိုင်း..ထုံးစံအတိုင်း ပွဲတစ်ပွဲတော့ ပေးရမှာပေါ့လေ၊ ဟုတ်စ။ ဟဲ..ဟဲ..ဟဲ'

အင်းသူကြီး ဦးရွှေရက ပျာပျာသလဲနဲ့-

www.burmeseclassic.com

www.burmeseclassic.com

'အိုး..ငါးရလို့ကတော့ ပွဲတစ်ပွဲမကဘူး နှစ်ပွဲ၊ သုံးပွဲလည်း ပေးရမှာပေါ့။ ငါးသာ ရပါစေ။ အဘကို ပူအော်ဘဲမယ်'

သံသပိတ်ကြီးက သူမေးစေ့ကို လက်နဲ့ အသာပွတ်သိုက်ပြီး-

'စိတ်ချစမ်းပါ သူကြီးရယ်၊ ကဲ..အခိုန်ရှိတုန်း စလိုက်ကြရအောင်လား'

'ဟုတ်ကဲ့..ဟုတ်ကဲ့၊ အဘ စိတ်ဝိုင်းကျသာ လုပ်ပါအဘ'

အင်းသူကြီး ဦးရွှေရခမျာ ခေါင်းတညိတ်ညိတ်နဲ့ သံသပိတ်ကြီးကို အဘချင်း မိုးမွန်နေအောင် ခေါနေရာက သူတပည့်တွေဘက်ကို လှည့်လိုက်ပြီး-

'ဟေ့ကောင်တွေ..ဟောဒီမှာ အဘလိုအပ်သမျှ လုပ်ပေးလိုက်ကြ။ ကြားလား'

'ဟုတ်ကဲ့ပါ အဘ'

'ဟာ..ဒုက္ခပါပဲ။ အဘတွေ ဖောင်းပွနေပြီ'

'ဟေ့ကောင်..ဒါ မင်းအလုပ် မဟုတ်ဘူး။ ကိုယ့်အလုပ် ကိုယ်လုပ်၊ ကြားလား၊ ငါ ပြောတာ'

'ဟုတ်ကဲ့ပါ အဘ'

အင်းသူကြီး ဦးရွှေရက လေသံခပ်မာမာနဲ့ ဟောက်သိုက်တဲ့အခါမှာ အဟောက်ခံလိုက်ရတဲ့အင်းသားက အခြားတစ်ယောက်ဘက်ကို လှည့်ပြီး မျက်စောင်းထိုးလိုက်ပါတယ်။ အဓိပ္ပာယ်ကတော့ မင်းကြောင့် ငါ အဆူခံရတာသတိထားဆိုတဲ့ အဓိပ္ပာယ်ပါ။ ဟိုတစ်ယောက်ကတော့ သူနဲ့ မဆိုင်သလို တရွှီရွှီနဲ့ လေချွန်နေပါတယ်။

ပွဲပြင်ပြီးလို့ အိပ်ပျက်အင်းကြီးကို ကာရံထားတဲ့ တာရိုးပေါင်ပေါ်ကို သံသပိတ်ကြီးက တက်သွားပြီး မြေကြီးကို ညာဖနောင့်နဲ့ဆောင့်၊ နှုတ်ကလည်း ပွစီ၊ပွစီနဲ့ ရွတ်ဖတ်သရဇ္ဈာယ်လိုက်တဲ့အခါမှာတော့ အင်းရေပြင်ပေါ်ကို ငါးတွေမျှးနေအောင် ပေါ်လာတာကို မြင်လိုက်တဲ့ အင်းသားတစ်ယောက်က အလန့်တကြား ထအော်လိုက်ပါတယ်။ နောက်တစ်ခဏမှာတော့ အင်းသူကြီးရော အင်းသားတွေရော ငါးတွေကိုဖမ်းရင်း အလုပ်ရှုပ်နေကြပါပြီ။

အင်းသူကြီး ဦးရွှေရက-

'အဘာ..မပြန်ပါနဲ့ဦး။ ဟေ့ကောင်..အဘဖို့ ဦးရေ(၄)လုံး သွားဆွဲစမ်း။ ပြီးရင် အမြန်ပြန်လာခဲ့'

'ဟုတ်'

ဦးရွှေရက သံသပိတ်ကြီးကို လှမ်းပြောရင်း သူတာဝန်တစ်ယောက်ကိုလည်း လှည့်ပြီး ခိုင်းလိုက်ပါတယ်။ ဦးရေဆိုတာကတော့ တောမှာ ခိုးချက်ကြတဲ့ တောအရက်ကို ပြောတာပါ။ တောအရက်ချက်တဲ့အခါ အငွေ့ပျံသွားတဲ့အခိုးအငွေ့ကို ပေါင်းခံပြီး အရည်အဖြစ် အသေးခံပြန်ယူထားတဲ့ အရက်တွေပါပဲ။ ဦးရေဟာ မီးတောက်လောက်အောင် ပြင်းပါတယ်။ ကြမ်းပြင်ပေါ်မှာ အရက်အနည်းငယ်လောင်းချပြီး မီးခြစ်နဲ့ တစ်တောင်လောက် အကွာကနေခြစ်လိုက်ရင် ဟုတ်ခနဲ မီးထတောက်ပါတယ်။ ဒါကြောင့် မီးတောက်အရက်လို့လည်း ခေါကြပါတယ်။

အရက်သွားဝယ်သူ ပြန်လည်ရောက်ရှိလာတဲ့အခါမှာတော့ အင်းထဲက ဖမ်းရတဲ့ငါးတွေကို ဆီပူထိုးကြော်ထားတဲ့ ငါးကြော်အမြည်း၊ မီးတောက်အရက်(၄)လုံးနဲ့ သံသပိတ်ကြီးတစ်ယောက် ဟန်ကျနေပါတော့တယ်။ လက်ဖက်ရည်ကြမ်း ပန်းကန်ထဲကို မီးတောက်အရက်လောင်းထည့်၊ ငါးကြော်ကလေးစားလိုက်၊ အရက်တစ်ခွက်မော့လိုက်နဲ့ သံသပိတ်ကြီးတစ်ယောက် ဟန်ကျနေသလို အင်းသူကြီး ဦးရွှေရ တစ်ယောက်မှာလည်း ဖမ်းမိရရှိလာတဲ့ ငါးတွေကို ကြည့်ရင်း စိတ်နဲ့ စာရင်းတွက်လို့ ရရှိလာမယ့် အမြတ်ငွေကို မျှော်တွေးရင်း ပျော်တပြုံးပြုံး ဖြစ်နေပါတော့တယ်။

နေမွန်းမတည့်မီ (၁၀)နာရီလောက်ကတည်းက စဖမ်းလိုက်တဲ့ ငါးဖမ်းပွဲကြီးဟာ ညနေ(၆)နာရီကျော်မှပဲ ပြီးဆုံးသွားပါတော့တယ်။ အဲဒီအချိန်မှာပဲ သံသပိတ်ကြီးကလည်း နောက်ဆုံးလက်ကျန် မီးတောက်အရက်တစ်ခွက်ကို မော့ချလိုက်အပြီးမှာ နှုတ်ခမ်းပါးနားကို လျှာနဲ့သပ်၊ ဝမ်းဗိုက်ကို သူလက်ဝါးကြီးနဲ့ အသာပွတ်လိုက်ပြီး လေချဉ်တစ်ချက်ထိုးလိုက်ပါတယ်။

'အေ့'

ပြီးတာနဲ့ ထိုင်ရာက ထပြီး-

'ကဲ..ငါ ပြန်မယ့်'

အင်းသူကြီး ဦးရွှေရက-

'ဟုတ်ကဲ့ပါ အဘ၊ ဟေ့ကောင်တွေ အဘပစ္စည်းတွေကို လိုက်ပို့ပေးလိုက်ကြ'

သံသပိတ်ကြီးက လက်ကာပြလိုက်ပြီး-

'မလိုဘူး သူကြီး၊ ပွဲထဲက ပိုက်ဆံသာ ငါ့ကိုပေး။ အုန်းသီး၊ ငှက်ပျောသီးနဲ့ ကျန်တာတွေအားလုံး မင်းတို့ယူထားလိုက်။ ငါ့ဘာသာ ငါပြန်မယ်'

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်..ဟုတ်..ဟုတ်ကဲ့ပါ အဘ"

သံသပိတ်ကြီးဟာ ဝိုက်ဆံကို သူ့အိတ်ထဲထည့်ပြီးတာနဲ့ သိုင်းကွက်နင်းတဲ့ ခြေလှမ်းအစုံနဲ့ တစ်လှမ်းချင်း၊တစ်လှမ်းချင်း တရွေ့ရွေ့ သူ့အိမ်ရှိရာဆီကို ပြန်လာခဲ့ပါတော့တယ်။ ဒီလိုနဲ့ လာလိုက်တာ အိပ်ပျက်ရွာနဲ့ တာဝတ်ရွာကြားမှာရှိတဲ့ သရီးရိုင်းကုန်းကို ရောက်လာတဲ့အခါမှာတော့ သူ့ခန္ဓာကိုယ်ကို သူ မသယ်နိုင်တော့ပါဘူး။ မီးတောက်အရက်ပြင်း(၄)လုံးတောင် တစ်ယောက်တည်းနဲ့ ကုန်အောင် သောက်ထားတာဆိုတော့ အတော်လေးလည်း မူးနေတာနဲ့ သရီးရိုင်းထဲက ဇရပ်ပေါ်တက်ပြီး လဲချလိုက်တာနဲ့ တခေါခေါ ဟောက်လို့ အိပ်ပျော်သွားပါတော့တယ်။

ည(၁၁)နာရီလောက်မှာတော့ ဂူးဂူးဝါးဝါး ဆွဲငင်အူလိုက်တဲ့ ခွေးအူသံကြောင့် သံသပိတ်ကြီး လန့်ပြီး နိုးလာပါတော့တယ်။

"အူး..ဝူး..ဝု..ဝူ..ဝူ..ဝူး"

အရက်သောက်ထားလို့ ရေငတ်ပြီး ရေဆာနေတာနဲ့ သံသပိတ်ကြီး ဇရပ်ပျက်ထဲမှာ ရေလိုက်ရှာပါတယ်။ ဒီအချိန်မှာ ခွေးတွေက ဆက်မအူကြတော့ဘဲ ကြောက်လန့်စရာတစ်ခုခုကို တွေ့မြင်သွားပုံနဲ့ ခွေးအူသံတွေ တုံ့ခနရပ်သွားပါတယ်။ တစ်လောကလုံးဟာလည်း တိတ်ဆိတ်သွားပြီး ပတ်ဝန်းကျင်တစ်ခုလုံးဟာလည်း မည်းမှောင်လို့နေပါတယ်။ ကောင်းကင်တစ်ခွင်တစ်ပြင်မှာတော့ လင်းလက်နေတဲ့ ကြယ်ကလေးတွေရဲ့ အရောင်ပဲ ရှိပါတယ်။

အဲဒီလို တိတ်ဆိတ်နေရာကနေ ဖြုန်းခနဲ တဒုန်းဒုန်းနဲ့ အသံတွေကြားပြီး ဇရပ်ပျက်ကြမ်းပြင်ကို ကြမ်းကြမ်းတမ်းတမ်းနင်းတက်လာတဲ့ ခြေသံတွေကို သံသပိတ်ကြီး ကြားလိုက်ရပါတော့တယ်။

"ဘာတွေလဲဟ"

တက်လာသူတွေဟာ သံသပိတ်ကြီးအနားကို ရောက်လာပြီး ဝိုင်းထားလိုက်ပါတယ်။ ပြီးတာနဲ့ သံသပိတ်ကြီးကို ခြေဆုံးခေါင်းဆုံး ဝိုင်းပြီးကြည့်ကြပါတယ်။

ခဏကြာတော့မှ သူတို့ထဲက တစ်ယောက်က သံသပိတ်ကြီးကို အသံသြကြီးနဲ့-

"မင်းက ဘယ်သူလဲ"

သံသပိတ်ကြီးက-

"ကျုပ်လား၊ ကျုပ်က မနေ့ကမှ အရက်မူးလွန်ပြီးသေတဲ့ အရက်သမားမသာပါဗျာ"

မေးသူက နှာခေါင်းရှုံ့လိုက်ပြီး-

"ဒါကြောင့် ခုထက်ထိ အရက်စော်နံနေတာကိုး"

သံသပိတ်ကြီးကို မေးလိုက်တဲ့သူက ဝိုင်းပြီး စုပြုံရင်ကြည့်နေတဲ့ သူ့လူတွေဘက်ကို လှည့်လိုက်ပြီး-

"ဒါဆို ဒီကောင်က လူသစ်ပေါ့"

ဝိုင်းထားတဲ့ အုပ်ဂုကလည်း သံပြိုင်နဲ့-

"ဟုတ်"

"ဟုတ်ရင် ငါ့ကို မခန့်လေးစားနဲ့ ဒီလူသစ်ကို ဘယ်လိုအရေးယူမလဲ"

သံသပိတ်ကြီးက ပျာပျာသလဲနဲ့-

"ဟာ..မလုပ်ကြပါနဲ့ဗျာ။ ကျုပ်က လူသစ်ဆိုတော့ ခင်ဗျားတို့ ချမှတ်ထားတဲ့ စည်းကမ်းဥပဒေတွေကို နားမလည်လို့ ပြန်မေးမိတာပါ။ ဒီနေရာက ခင်ဗျားတို့နေရာဆိုတော့ ခင်ဗျားတို့ပြောတဲ့ စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ပါ့မယ်"

သံသပိတ်ကြီးက ကြောက်လန့်တကြား အောက်ကျိုးပြောလိုက်တော့ ခေါင်းဆောင်ဖြစ်သူက ကျေနပ်သွားဟန်ပါတယ်။ စတွေ့ခါစတုန်းကလို တင်းမာဟန် မရှိတော့ဘူး။ ဒါကို ရိပ်မိတဲ့ သံသပိတ်ကြီးက-

"လုပ်ပါ အဘရာ၊ ကျုပ်ကို ခင်ဗျားတို့အဖွဲ့ဝင်အဖြစ် လက်ခံပါ။ အဘခိုင်းတာကို ဘာမဆိုလုပ်ပါ့မယ်"

ခေါင်းဆောင်လုပ်သူက သံသပိတ်ကြီးကို-

"ဘာကွ၊ မင်းက ငါ့ကို ဘယ်လိုခေါ်လိုက်တာလဲ"

သံသပိတ်ကြီးက-

"အဘလို့ ခေါ်တာပါဗျာ။ ကျုပ်တို့ လူပြည်မှာလေ သြဇာတိက္ကမ ရှိတဲ့သူဆိုရင် ကျန်တဲ့သူတွေက လေးစားသမှုနဲ့ ခေါ်ကြတာဗျ။ ဘာလဲ၊ အဘက ဒီလိုခေါ်တာ မကြိုက်လို့လား"

ခေါင်းဆောင်လုပ်သူက သူ့လူတွေဘက်ကို လှည့်လိုက်ပြီး-

"ဟေ့ကောင်တွေ..ငါတော့ ဒီလူသစ်ကို တကယ်ဖြည်း သဘောကျလာပြီ။ မင်းတို့တွေရော"

သူ့လူတွေက-

"ဟာ..ဒါတော့ အဘက လက်နဲ့ရေးတာကို ကျွေးပြီးက ခြေနဲ့ဖျက်လို့ ဘယ်ဖြစ်ပါ့မလဲ။ အဘက သဘောတယ်ဆိုမှတော့ ကျုပ်တို့ကလည်း ကျပါတယ်ဗျာဆိုတာမျိုးတူ ဖြေလိုက်ကြပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့ ခေါင်းဆောင်က-

"ကဲ..ကဲ..ဒါဆို အားလုံးတန်းစီ။ လူစစ်၊ အဲလေ..အားလို့ ကျတ်စစ်"လို့ အမိန့်ပေးလိုက်သံကြားရတဲ့အခါမှာတော့ သူနဲ့ ရင်ဆိုင်တွေ့ရှိသူတွေဟာ သူခိုး၊ ဓားပြ လူတွေမဟုတ်ဘဲ ကျတ်တစ္ဆေတွေ ဆိုတာကို သံသယတ်ကြီး သိရှိသွားပါတော့တယ်။ အားလုံး တန်းစီပြီး တစ်၊ နှစ်၊ သုံး၊ လေး အမှတ်စဉ် ရေတွက်ပြီးတဲ့အခါမှာတော့ "ခေါင်းဆောင်ကြီးအပါအဝင် အားလုံး ဆယ့်တစ်ယောက်ပါ"လို့ တစ်ယောက်က သတင်းပို့ပါတယ်။

ကျတ်ခေါင်းဆောင်ကြီးက-

"ငါတို့ ဒီနေ့ ဘာလုပ်ကြမလဲ"

လို့ မေးလိုက်တဲ့အခါ တန်းစီတဲ့အထဲက တစ်ယောက်က-

"(...)ရွာမှာ ရွှေမန်းတင်မောင် ဇာတ်ကနေတာ လာကြည့်ဖို့ ဖိတ်ထားပါတယ်။ အဲဒီရွာက အပျိုချောတွေ ပေါပါတယ်။ ဒါကြောင့် ပွဲကြည့်ပြီးတာနဲ့"

"လူပျိုလှည့်မယ်၊ လူပျိုလှည့်မယ်"

လို့ ကျန်တဲ့သူတွေက ဝိုင်းအော်ကြတော့ အရက်အမူးလွန်နေလို့ သတိရတစ်ချက် မရတစ်ချက်ဖြစ်နေတဲ့ သံသယတ်ကြီးက လန့်ဖျပ်ပြီး "ဟဲ့..သောက်ခွေး"လို့ အာဆေဠိတ်သံပြုရင်း အရက်မူး ပြေသွားပါတယ်။

ဒါကို ကျန်တဲ့အကောင်တွေက ဝိုင်းဟားပြီး တော်တော်ကြောင်တဲ့ အကောင်ပဲလို့ ချီးမွမ်းထောပနာ ပြုကြပါတယ်။ ခေါင်းဆောင် ကျတ်ကြီးက-

"အေး..အေး..အဲဒီအစီအစဉ် ကောင်းတယ်။ တန်းစီပြီး တစ်ယောက်ခါးကို တစ်ယောက်ကိုင်ထား။ ဟိုလူသစ်ကောင်က ငါ့ခါးကို လာကိုင်"

လို့ အမိန့်ပေးတာတောင် သံသယတ်ကြီးက-

"ဘာအစီအစဉ် ကောင်းတာလဲ။ ပွဲကြည့်တာလား၊ လူပျိုလှည့်တာလား၊ ဒါမှမဟုတ် သောက်ခွေးလို့ ပြောတာလား"လို့ လျှာရှည်နေသေးသတဲ့။

ပြီးတာနဲ့ သံသယတ်ကြီးက ခေါင်းဆောင်ကြတ်ကြီးရဲ့ ခါးကိုကိုင်၊ သံသယတ်ကြီးရဲ့ခါးကို နောက်ကျတ်တစ်ကောင်ကကိုင်။ တစ်ကောင်ရဲ့ခါးကို တစ်ကောင်ကိုင်လို့ ကျတ်အတန်းကြီး ဖြစ်သွားတဲ့အခါမှာတော့ ခေါင်းဆောင်ကျတ်ကြီးက "ကိုင်..အားလုံးချီတက်ကြစို့"လို့ အမိန့်ပေးပြီး လေထဲမှာ ပျံဝဲလို့သွားကြပါတော့တယ်။

သွားနေစဉ်မှာ ခေါင်းဆောင်ကျတ်ကြီးက-

"ဒီကောင် လူသစ်ကိုယ်ကလည်း အလေးသားပဲ"

လို့ ပြောလိုက်တော့ သံသယတ်ကြီးက-

"ကျုပ်က မနေ့ကမှ သေထားတဲ့ မသာဆိုတော့ လေးတာပေါ့ အဘရဲ့"လို့ ပြန်ဖြေလိုက်ပါတယ်။

သူတို့တစ်တွေ လေထဲမှာ ပျံဝဲလို့ သွားလိုက်ကြတာ တော်တော်လေးပျံမိတော့ မီးရောင်တွေ တထိန်ထိန်နဲ့ ဆိုင်းသံ ဗုံသံတွေကို ကြားရပါတယ်။ မကြာခင်မှာပဲ ရွာကြီးတစ်ရွာကို မြင်တွေ့လိုက်ရပြီး တစ်ရွာလုံး ဝတ်ကောင်းစားလှတွေနဲ့ သွားလာနေကြတဲ့ ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမတွေကို အများအပြား တွေ့ရပါတော့တယ်။ ရွာနဲ့ မနီးမဝေး ရွာအပြင်ဘက်မှာတော့ ဇာတ်ရုံကြီးတစ်ရုံရှိနေပြီး ရွှေမန်းတင်မောင်ဇာတ် ကနေပါတယ်။ ပွဲစျေးတန်းမှာလည်း မုန့်အမျိုးမျိုးရောင်းတဲ့ဆိုင်တွေ၊ လောင်းကစားလုပ်နေကြတဲ့ နေရာတွေနဲ့ လူတွေ စည်ကားနေတာကို တွေ့ရပါတယ်။

သံသယတ်ကြီးက-

"ဒီနေရာမှာ ရွာရှိတယ်ဆိုတာ ငါလည်း မသိပါလား။ ဘယ်က ရောက်လာတာပါလိမ့်"လို့ တွေးတောစဉ်းစားနေတုန်းမှာပဲ သူတို့အဖွဲ့ဟာ မြေပြင်ပေါ်ကိုဆင်းပြီး ပွဲစျေးတန်းထဲကို တန်းပြီးသွားကြပါတယ်။

ပွဲစျေးတန်းထဲကိုရောက်တော့ မုန့်ဟင်းခါးရောင်းတဲ့ဆိုင်ရှေ့မှာ ရုပ်လိုက်ကြပြီး ခေါင်းဆောင် ကျတ်ကြီးက "မုန့်ဟင်းခါး မုန့်ပို၊ အကြော်နဲ့(၁၁)ပွဲ"လို့ မှာလိုက်ပါတယ်။

မုန့်ဟင်းခါးပွဲတွေ ရောက်လာတဲ့အခါ ခေါင်းဆောင် ကျတ်ကြီးက-

"အားလုံး အဝသာစားကြဟေ့။ ဟေ့..ဟိုကောင်၊ ဘာလာကြည့်နေတာလဲ။ လက်ဖက်ရည်ချိုပေါ့ရှယ်(၁၁)ခွက်နဲ့ စီးကရက်(၁၁)လိပ် ယူလာခဲ့"လို့ သူလူတွေကို ပြောရင်း သံသယတ်ကြီးကို စောင်းကန်း၊ စောင်းကန်းနဲ့ လာကြည့်နေတဲ့ လက်ဖက်ရည်ဆိုင် ကုလားကိုလည်း လှည့်ကြည့်ပြီး ဟောက်လိုက်ပါတယ်။ လက်ဖက်ရည်ကုလားလည်း တစ်ချိုးတည်း ဒုတ်ခနဲ ပြန်ပြေးသွားပြီး လက်ဖက်ရည်နဲ့ စီးကရက်တွေ ယူလာပေးပါတယ်။

သံသယတ်ကြီးက-

"အင်း..အဘကတော့ ဒီနေရာမှာ အတော်ဩဇာရှိပုံရတယ်။ ဟိုကုလားကတော့ ငါ့ကို မသက်ာနေပုံရတယ်။ အဘကို အသေကပ်ထားမှပဲ"လို့ စဉ်းစားလိုက်မိပါတယ်။

www.burmeseclassic.com

သူတို့အဖွဲ့တွေ စားသောက်ပြီးတဲ့အခါ ပွဲခင်းထဲကို ဝင်သွားပြီး ရွှေမန်းတင်မောင် ဇာတ်ကနေတာကို သွားကြည့်ကြပါတယ်။ ရွှေမန်းတင်မောင်ကြီးက အဆိုကောင်းအကိုကောင်း ပြနေတာကလည်း ရွှဲကုန်သည်ပြဇာတ်၊ လူရွှင်တော်တွေကလည်း ပြက်လုံးတွေကကောင်းတော့ ရုံထဲမှာ တအုံးအုံးနဲ့ ရယ်ကြမောကြ ပျော်မြူးနေကြပါတယ်။ ရယ်မောသံ အကျယ်လောင်ဆုံးကတော့ ခေါင်းဆောင်ကျတ်ကြီးပါပဲ။

ဇာတ်ကတာကို အားလုံး စိတ်ဝင်စားကြပေမယ့် ပွဲကြည့်ပရိသတ် အများစုဟာ တစ်ခါ၊တစ်ခါမှာ သံသပိတ်ကြီးကို မျက်ထောင့်နီကြီးတွေနဲ့ ဝိုင်းပြီး ကြည့်တတ်ကြပါတယ်။ ဒါပေမဲ့ အားလုံးဟာ ခေါင်းဆောင်ကျတ်ကြီးကို ရှိန်နေလေတော့ ရဲရဲလည်း မကြည့်ဝံ့ကြပါဘူး။ သံသပိတ်ကြီးကတော့ ဒီအဖြစ်ဟာ သူနဲ့မဆိုင်သလို ဇာတ်ကနေတာကိုကြည့်ပြီး တဟေးဟေး တဟားဟား လုပ်နေပါတယ်။

ည(၁၂)နာရီအချိန် ရောက်တဲ့အခါမှာတော့ ခေါင်းဆောင် ကျတ်ကြီးက-

'ကဲ..ငါတို့ လူပျိုလှည့်ရဦးမယ်။ မင်းတို့တစ်တွေကိုယ်ကြိုက်တဲ့ အပျိုအိမ်ကိုသွား၊ မနက်(၂)နာရီ ဒီနေရာမှာ ပြန်ဆုံမယ်။ လူသစ်ကတော့ ငါနဲ့လိုက်ခဲ့။ မင်းက မလည် မဝယ်နဲ့။ ဒါပေမဲ့ တစ်ခုတော့ ပြောထားမယ်။ ငါ့မဒီလေးကိုတော့ စိတ်နဲ့တောင် မပြစ်မှားနဲ့ ကြားလား'

သံသပိတ်ကြီးက-

'စိတ်ချပါ အဘရာ။ ကျုပ်က အရက်သောက်တာက လွဲပြီး တခြား ဘာကိုမှ စိတ်ဝင်စားတဲ့ကောင် မဟုတ်ပါဘူး'

ခေါင်းဆောင်ကြီးက-

'အေး..ဒါဆိုလည်းပြီးရော။ ရဲဘော်တို့ ချီတက်ကြ

ကျတ်တွေဟာ သူတို့နဲ့ အလွမ်းသင့်တဲ့ အပျိုတွေရှိရာ အိမ်တွေကိုသွားပြီး လူပျိုလှည့်ကြပါတယ်။ သံသပိတ်ကြီးကတော့ ခေါင်းဆောင်ကျတ်ကြီးနဲ့ပါသွားပြီး ချည်ငင်နေတဲ့ အပျိုအိမ်တစ်အိမ်ကို ရောက်သွားပါတယ်။ ချည်ငင်တယ်ဆိုင်းငင်တယ်၊ ရက်ကန်းရက်တယ် ဆိုတာကတော့ အခေတ်မှာ မြင်တွေ့ရဖို့နေနေသာသာ ကြားတောင်မှ ကြားဖူးကြမှာ မဟုတ်တော့ပါဘူး။ ပုဆိုး၊ အင်္ကျီ ချုပ်ဖို့အတွက် လိုအပ်တဲ့ အဝတ်အထည်ရဖို့ ဝါဂွမ်းကနေ ချည်ထုတ်ချည်ကိုမှ တစ်ခါ ရစ်လုံးတွေနဲ့ ရစ်ပတ်ယူပြီး ရက်ကန်စင်မှာ လိုအပ်တဲ့ ပုဆိုး၊ အင်္ကျီ ဖျင်စရအောင် ရက်ရပါတယ်။ အခု ကျတ်ခေါင်းဆောင်ကြီးကို ချည်ငင်နေတဲ့ မိန်းမပျိုက ဆေးလိပ်၊ လက်ဖက်၊ ကွမ်းယာတွေနဲ့ ဧည့်ခံပါတယ်။

ကျတ်ခေါင်းဆောင်ကြီးနဲ့ ချည်ငင်နေတဲ့ မိန်းမပျိုဟာ တစ်ယောက်နဲ့တစ်ယောက် ရယ်လိုက်မောလိုက် စကားပြောလိုက်၊ စကားထာဝုက်လိုက်နဲ့ အလွမ်းသင့်လိုက်ကြတာ သံသပိတ်ကြီးကိုတောင်မှ ရှိတယ်လို့ ထင်မထားကြပါဘူး။ ကျတ်ခေါင်းဆောင်ကြီးရဲ့ ဥပမိရုပ်လည်း ချောချောခန့်ခန့်ကြီး။ ခေါင်းပေါင်းနဲ့ဘာနဲ့ ခုံခုံညားညားဆိုတော့ မိန်းမပျိုဟာ သံသပိတ်ကြီးကို စိတ်စားတာလည်း ဖြစ်နိုင်ပုံရပါတယ်။

တစ်ချက်၊တစ်ချက်မှာတော့ မိန်းမပျိုဟာ သံသပိတ်ကြီးကို စူးစမ်းဟန်နဲ့ မသိမသာ လှမ်းပြီးကြည့်ပါတယ်။ စကားတော့ မပြောပါဘူး။

ည(၂)ချက်တီး ကြက်တွန်သံကြားရတဲ့ အချိန်မှာတော့ ကြတ်ခေါင်းဆောင်ကြီးက ချည်ငင်နေတဲ့ မိန်းမပျိုကို ခေါ်ဆက်ပြီး ပြန်လာခဲ့ကြပါတော့တယ်။ သူတို့တစ်တွေ ရုံထဲမှာ လူစုံနေပြီဖြစ်လို့ လာတုန်းကလိုပဲ တစ်ယောက်ခါး တစ်ယောက်ကိုင်ပြီး လေထဲမှာ ပျံဝဲလို့ ပြန်လာခဲ့ကြပါတယ်။

သခ္ဓိုင်းထဲက ဇရပ်ပျက်ကိုရောက်တော့ တန်းစီလူပြန်စစ်ပါတယ်။

ပြီးတဲ့အခါ ကျတ်ခေါင်းဆောင်ကြီးက-

'ငါတို့တစ်တွေ ဒီနေရာမှာ လပြည့်၊လကွယ်ဆိုရင် ပြန်ဆုံကြမယ်။ အားလုံး ဘာပြောစရာရှိကြသေးလဲ'

www.burmeseclassic.com

www.burmeseclassic.com

ကျတ်အဖွဲ့သား အားလုံးက-

"မရှိပါဘူး အဘ"

ကျတ်ခေါင်းဆောင်ကြီးက-

"ငါကတော့ ပြောစရာရှိတယ်။ ဒီဇရပ်ရဲ့ ခေါင်တိုင်အောက်မှာ ငါတို့မြှုပ်ထားတဲ့ငွေအိုးကို သူများတွေရဲ့ လက်ထဲကို ပါမသွားအောင် စောင့်ရှောက်ရမှာ မင်းတို့အားလုံးရဲ့ တာဝန်ပဲ။ အားလုံး ကြားကြလား"

"ကြားပါတယ် အဘ"

"တာဝန်က ပျက်ကွက်ရင် ပြင်းပြင်းထန်ထန် အရေးယူခံရမယ်ဆိုတာ အားလုံးမှတ်ထားကြပါ။ ကိုင်း..ရဲဘော်ဘို့ နောက်တစ်ပတ်မှာ ပြန်ဆုံကြတာပေါ့"

"ဟုတ်ကဲ့ပါ အဘ"

သူတို့တစ်တွေ လူစုခွဲပြီး ကိုယ့်နေရာ့ကိုယ့်ဒေသကို ပြန်လာခဲ့ကြပါတယ်။ သံသပိတ်ကြီးလည်း အိမ်ပြန်လာပြီး အောက်တစ်ရက်၊ နှစ်ရက်အကြာမှာ ဇရပ်အလယ်ခေါင်တိုင်အောက်က ငွေအိုးကို သွားရောက်တူးဖော်ယူလာခဲ့ပါတယ်။

နောက်တစ်ပတ်အကြာမှာ ရပ်ဝေးခရီးသွား တစ်ယောက်က မျက်စိလည် လမ်းမှားပြီး အချိန်မတော် လမ်းမှားရောက်လာပါတယ်။ အသိအကျွမ်းကလည်းမရှိ။ နေရာဒေသကလည်း မကျွမ်းကျင်တော့ သခိုးရိုင်းထဲက ဇရပ်ပျက်မှာ ဝင်ရောက်တည်းခိုပါတယ်။

ည(၁၁)နာရီအချိန်လောက်မှာတော့ ငွေအိုးပျောက်လို့ စီတ်ဆိုးနေတဲ့ ကြတ်တွေရဲ့ ဝိုင်းဝန်းခြောက်လှန့်မှုကြောင့် ခရီးသည်ဟာ စိတ်ကယောင်ချောက်ချား ဖြစ်သွားပါတယ်။

သံသပိတ်ကြီးဟာ ဒီသတင်းကို ကြားရတဲ့အခါမှာ ဘုန်းတော်ကြီး(၅)ပါးကို ရွာဦးစေတီတော်မှာ ဆွမ်းပင့်ဖိတ်ကျွေးမွေးလှူဒါန်းပါတယ်။ ပရိတ်ဓရာ(၈)ပါးကိုလည်း လှူဒါန်းပါတယ်။ ပြီးတာနဲ့ စေတီတော်မှာ ထီးတော်ကို အသစ်ပြောင်လှူပူဇော်ရုံမျှမက စေတီတော်တစ်ဆူလုံးကို ရွှေသင်္ကန်းပြည်လှူပူဇော်ပါတယ်။ အဲဒီလှူဒါန်းသမျှ ကုသိုလ်ကောင်းအဖို့ဘဝကို အမျှဝေတဲ့အခါမှာတော့ ငွေအိုးပိုင်ရှင်ကျတ်တွေကို ဖိတ်ခေါ်လိုက်ပါတယ်။

ကျတ်တစ္ဆေတွေ ရောက်လာတဲ့အခါမှာတော့ ဒီကြတ်ဘုရင်ဟာ ရောင်စုံသူပုန် လက်ထက်အခါက ဓားပြအတိုက်ခံရပြီး ပစ္စည်းမပေးလို့ အသက်ခံသွားရတဲ့ သူဌေးကြီးဦးငွေရဲ့ သားသမီးမြေးများ ဖြစ်နေတာကို သိရှိရပါတော့တယ်။ သူဌေးကြီးက သူငွေတွေကို ငွေထည်ပစ္စည်းအဖြစ်ပြောင်းပြီး အိုးထဲထည့် သူလှူထားတဲ့ ဇရပ်အောက်မှာ မြှုပ်နှံထားခဲ့တာ ဖြစ်ပါတယ်။ ဓားပြသတ်လို့သေတော့ အဲဒီမြှုပ်ထားတဲ့ ငွေအိုးကိုစွဲပြီး အစောင့်ဖြစ်နေတာလို့ ဆိုပါတယ်။

ပွဲစျေးတန်းနဲ့ ကျတ်ရွာဟာလည်း သူဌေးကြီးရဲ့ လယ်တွေမှာ သီးစားချထားတဲ့ ရွာသူရွာသားတွေဖြစ်ပြီး သူတို့အားလုံး ရောင်စုံသူပုန်လက်ချက်နဲ့ တစ်ရွာလုံး မီးရှို့၊ လူတွေ ရွာလုံးကျွတ် အသတ်ခံရပြီး မကျွတ်မလွတ် ဖြစ်နေကြတာပါပဲ။

ဘုန်းတော်ကြီးတွေကိုလှူဒါန်းပြီး ကုသိုလ်ကောင်းမှုအဖို့ဘဝ..ကို အမျှဝေတဲ့အခါ ရောက်ရှိလာတဲ့ ကျတ်ခေါင်းဆောင်ကြီးက သံသပိတ်ကြီးကိုမြင်တော့-

"ရဲဘော်တို့..ဒါဟာ ဟိုလူသစ်ကောင် မဟုတ်လား" လို့ မေးပါတယ်။

သူ့အဖွဲ့သားတွေ မဖြေခင် သံသပိတ်ကြီးက-

"ဟုတ်တာပေါ့ အဘရာ။ လူသစ်ဆိုတော့ လစ်သူ၊ လစ်သူဆိုတော့ အလစ်သုတ်တဲ့သူခိုးပေါ့။ အဘတို့ငွေအိုးကို အလစ်သုတ်ပြီး ခိုးလာခဲ့တာ ကျုပ်ပါဗျ။ ဟိုလူ မဟုတ်ပါဘူး။ သူ့ကို ခြောက်လှန့်ထားတာလည်း လွတ်လိုက်ကြပါတော့။ သနားပါတယ်။ အဘတို့လည်း ဒီငွေအိုးကြောင့် ဒုက္ခရောက်နေရတာ။ အခု အလှူကလည်း ဒီငွေအိုးကို ထုခွဲရောင်းချပြီး လှူတဲ့အလှူဆိုတော့ အဘတို့ အလှူပါပဲ။ သာဓုခေါ်ကြပါဗျာ"

လို့ ပြောတော့ ကျတ်ခေါင်းဆောင်ကြီးက-

"အေးပါ မောင်ရာ၊ မင်းကျေးဇူးကြောင့် ငါတို့တစ်တွေ ဒီဘဝကကျွတ်လွတ်ပြီး ကောင်းမြတ်တဲ့ သုဂတိဘုံကို ရောက်ရကြတော့မှာပါ။ မင်းကို ကျေးဇူးတင်ပါတယ်။ ဟိုလူကိုလည်း ကောင်းအောင် လုပ်ပေးပါမယ်" လို့ ပြောပါတယ်။

ကျတ်ခေါင်းဆောင်ကြီးနဲ့ သံသပိတ်ကြီးတို့ဟာ တစ်ယောက်ကိုတစ်ယောက် မြင်တွေ့လို့ စကားပြောနေပေမယ့် ဘုရားထီးတင်ပွဲကို လာရောက်ကြတဲ့ လူအများစုကတော့ သူတို့လို မမြင်ကြလေတော့ သံသပိတ်ကြီးကိုကြည့်ပြီး ဒီလူကြီး ရူးများ ရူးနေသလား မသိဘူး။ လေထဲကိုကြည့်ပြီး တစ်ယောက်တည်း တတွတ်တွတ်နဲ့ စကားတွေပြောနေတယ်လို့ မှတ်ချက်ချကြပါတယ်။

ကြည်ဝင်း(ဟသ်ာဝတီ)

www.burmeseclassic.com

အင်ကြင်းမွှေး

(နေပြည်တော်)

အမြန်လမ်းပေါ်က ဂန္ဓီရမာယာများ

မင်းမဟော်၊ သုတ၊ ကျော်နိုင်၊
ဝင်းမော်နှင့် ကြည်နိုင်တို့
သူငယ်ချင်းငါးဦးသည် ရန်ကုန်
မှ မန္တလေး၊ မန္တလေးမှ
နေပြည်တော်သို့ အပန်းဖြေ
အပျော်ခရီးအဖြစ် ပျော်ပျော်
ပါးပါးနှင့် ခရီးထွက်လာခဲ့ကြ
သူများ ဖြစ်ပါသည်။ ခရီးလမ်း
ကစ်လျှောက်လုံးတွင်လည်း သူငယ်တန်ဆာသိုလ်
ကျောင်းသားများပီပီ သီချင်းတကြော်ကြော်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com

နောက်ပြောင်ကျီစယ်ကာ လူငယ်တို့၏ သဘာဝအတိုင်း စိတ်ပေါ့ပါး လွတ်လပ်စွာနှင့်ပင် တကယ်ကို ပျော်ရွှင်နေခဲ့ကြပါသည်။

"ဂူး..ဂူး..ဂူး..ကျွိ"

"ဟဲ့..ကားဘာဖြစ်သွားတာလဲ"

"ရပ်သွားတာလေ၊ မမြင်ဘူးလား"

"သြော်..ရပ်သွားတာတော့ မြင်တာပေါ့ မင်းမဟော်ရဲ့။ နင်ပြောမှလား။ ဘာလို့ရပ်သွားတာလဲလို့ မေးနေတာ"

"ဟ...ဒါတော့ ငါလည်း ကားဝပ်ရှော့ဆရာမှ မဟုတ်တာ။ ဘယ်လိုလုပ် သိမှာလဲ"

"အေး..အဲဒါပဲ၊ ဒီမလာခင်ကတည်းက ငါ မပြောဘူးလား။ ဒီလို ဟိုင်းဝေးခရီးမျိုး သွားမယ်ဆိုရင် ကားကို သေချာစစ်ပါလို့ပြောတော့ ငါကပဲ ပေါက်ပေါက်ဖောက်သလေး Talking ပွားသလေးနဲ့။ ကဲ..ခုတော့ ကယောက်ကယက်တွေ ထကုန်ပြီမဟုတ်လား"

"ဟ..လာစားနေပြန်ပြီ။ ဘာလဲ ဝင်းမော်၊ နင်က ဆရာကြီးလား"

ဝင်းမော်၏ စူပုပ်ပုပ်နှင့် ပြောလိုက်သော ပုံစံကြောင့် မင်းမဟော်ဘက်မှ သုတကဝင်ကာ စစ်ကူပေးလိုက်ပါသည်။

"အေးလေ..တစ်လမ်းလုံးလည်း ဩဇာသီးတွေ တစ်လုံးပြီးတစ်လုံး ပစ်ပေါက်နေတာ။ ဆရာကြီး ပင့်လာမိတာ ကျနေတာပဲ။ မဟော်မျိုးပေါ့။ ငါသာဆိုလား ဟင်း..ဝုန်း ပစ်လိုက်တာ ကြာပြီ"

"ကဲပါ၊ ခု ငါတို့က ဘာလုပ်ပေးရမှာလဲ။ လက်ခုပ်ဝိုင်းတီးပေးရမှာလား၊ ငိုချင်းဆိုင်းဝိုင်း တီးပေးရမှာလား။ ပြော"

"လာပြန်ပြီ Next one ။ တွေ့လား ကျော်နိုင်၊ ကြည့်ပြောဦး။ ငါ့မှာတော့ ကိုယ့်သူငယ်ချင်းတွေအားလုံး ပျော်ပါစေတော့ဆိုတဲ့ စေတနာနဲ့ ခေါ်လာခဲ့ရတာ။ သွားမယ်ဆိုတုန်းကတော့ နှစ်ယောက်စလုံး ဖလန်း၊ဖလန်းကို ထနေပြီးတော့ ခုကျမှ ပတ်ပြေးဖို့ လုပ်တာတော့ သိပ်ဇယားမကျဘူးနော်"

"သူတို့နှစ်ယောက်က နင့်လို ဗန်းမကိုင်ရလို့ ကြည့်မရ မနာလိုဖြစ်နေတာနေမှာပေါ့ မဟော်ရဲ့။ သူများကားလည်း ကပ်စီးလာသေးတယ်။ ပြောလိုက်တဲ့စကားတွေက ခိုးပေါ်မှာချည်းပဲ။ စားလည်းစားသေး စားခွက်လည်း သေးပန်းသေး ဆိုပုံမျိုးလိုပဲ။ ခေါ်လာချင်စရာကို မကောင်းဘူး"

"အယ်..ငါတို့နှစ်ယောက်ကိုများ ပိုးစိုးပက်စက် ခွေးလို့ ပြောလိုက်တာပေါ့လေ။ ဒီမှာ အောင်နိုင်၊ နင်က ပြောရဲဆိုရဲ ရပ်ကွက်ကမို့လို့လား။ ဒီခရီးကို နင်တို့စလို့ ငါတို့နှစ်ယောက်က လိုက်ဖြစ်တာလေ။ ကားကိစ္စတော့ ဘယ်သိပါ့မလဲ။ ဟင်း..ပြောတော့ဖြင့် ရေ၊မီးအစုံလေး ဘာလေးနဲ့။ ခုမှ လိုက်လာမိတဲ့သူပဲ အပြစ်တင်ရတယ် ရှိသေး။ အံ့ပါ့၊ ဟာသပဲ"

"That right. ကြည့်ခိုင်ပြောတာ မှန်တယ်။ တစ်ခုခုပြန်ပြောဦးလေ မဟော်။ ဘာလုပ်မှာလဲ။ ဆရာဝန်ကြီးလုပ်မှာလား၊ စစ်ဗိုလ်ကြီးလုပ်မှာလား။ ခုတော့ ငါတို့ နှစ်ယောက်ကို ဘာမှပြန်မပြောနိုင်တော့ဘူး မဟုတ်လား။ ဟဲ့..ဟား..ဟား..ဟား"

"အမယ်လေး..ကြည့်ပါဦး၊ ကြည့်ပါဦး။ ကိုယ့်သူငယ်ချင်းကိုများ ပြောနေလိုက်တဲ့ မျက်နှာပုံစံတွေက ဘာရုပ်ပေါက်နေလဲဆိုတာ"

"အမယ်လေး..လာလာချည်သေးတယ်။ ကဲ..ပြောပါဦး။ တို့နှစ်ယောက်က ဘာရုပ်ပေါက်နေလို့လဲ"

"ဂျပန်ကင်ပေတိုင်ရုပ် ပေါက်နေတာပေါ့ဟဲ့။ ရှော့..မှန်၊ ကိုယ့်ရုပ်ကိုယ် မမြင်ဖူးရင် ကြည့်လိုက်"

"သေနာကျ အောင်နိုင်က တစ်မျိုး၊ သူ့အတွက် စပွန်ဆာရတာ ကျနေတာပဲ"

"နင်တို့ကို အောင်နိုင်ပြောလည်း ပြောချင်စရာပဲ။ ဒီကို ထွက်မလာခင်ကတည်းက ငါလည်း ကားကို အကုန်လုံးပြင်ဆင်ခဲ့တာ နင်တို့အမြင်ပဲ။ ခုမှ ငါပဲ အပြစ်ကြီးတစ်ခု ကျူးလွန်မိသလိုမျိုး ဝိုင်းပြီး ဖဲ့ခံနေရတာတော့ အထာမကျဘူး"

"အယ်..မဟော်ရယ်၊ အဲလို..အဲလိုသဘောမျိုးနဲ့တော့ ပြောတာမဟုတ်ပါဘူးဟာ။ ကိုယ်ချင်း၊ကိုယ်ချင်းမို့ အနိုင်လု ပြောမိတာကို စိတ်ဆိုးစရာလားလို့"

"အပြောင်းအလဲကလည်း မြန်လိုက်တာ။ အော်စကာပေးရင်တောင် ရမယ့်ရုပ်မျိုးတွေ"

"အေးလေ..နှစ်ယောက်စလုံး မျက်နှာတွေကိုက ဂျီဘုန်းလိုလို၊ ကန္ဒားစီးလိုလိုနဲ့။ ငါ တော်တော်တင်းနေတာနော်။ ပိတ်ကန်မိတော့မယ်"

"ဒီလိုအပြောင်းအလဲမြန်ပုံမျိုးနဲ့သာဆို ဆီးဂိမ်းတွင်းက သူတို့နှစ်ယောက်သာ ဝင်ပြိုင်ရင် ရွှေရမှာ အသေအချာ

www.burmeseclassic.com

www.burmeseclassic.com

ပဲ သုတနဲ့ မဟော်ရေ"

"ဟုတ်တယ်။ ရမှာ အသေအချာပဲ အောင်နိုင်"

"ဘာလဲ၊ ဆုလား မဟော်"

"နောင်တတွေ၊ နောင်တတွေ တစ်သီကြီးရပြီး ကျန်နေမှာကို ပြောတာ။ အောင်နိုင်ရေ..ပိန်းပါ့ကွာ"

"ဟား..ဟား..ဟား"

"ကဲ..ကဲ..မဟော်ရေ၊ ရစ်လိုက်တော့။ ကားကောင်းသွားရင်သာ သူတို့နှစ်ယောက်ကို ပညာကောင်းကောင်းပေးပစ်လိုက်"

"သူငယ်ချင်းအရင်းကြီးတွေကိုများ သုတရယ်၊ ဒီလိုမျိုး ကြံစရာလားဟဲ့"

"ကဲ..အားလုံး အာနေတာတွေရပ်ရင် ကောင်းမယ်နော်။ ကားက ဘာဖြစ်မှန်းမသိရတဲ့ကြား ဟိုနှစ်ယောက်ဘာလုပ်နေတာလဲ။ အခု ကားပေါ်ကဆင်း"

"မဟော်..သူငယ်ချင်းရယ်၊ အဲလိုကြီးတော့ မလုပ်ကောင်းဘူးလေဟာ"

"ဘာလဲ၊ မဆင်းဘူးလား။ ပြဿနာအကြီးကြီးတက်သွားမယ်နော်။ ဖုန်း(စ်)ဘုတ်ပေါ် ရောက်သွားချင်လို့လား"

"ဝင်းမော်ရေ..ငါတို့ကိုတော့ လွှတ်တော်က အမိန့်ချတဲ့လေသံနဲ့ ပြောနေပြီ။ မဟော်ရယ်..ငါတို့ပြောမိတာ ကျော်ဟိန်းခေတ်ထားလိုပဲ မှတ်ထားလိုက်ပါလားဟယ်။ နောက်မပြောမိအောင် ငါတို့ ဝဇီပိတ်တရားကျင့်နေပါ့မယ်ဟာ..နော်"

"လစ်လိုက်တော့။ ခုမှ ကျော်ဟိန်းဇာတ်ကားလို၊ အကြွေးတွေဘာတွေ လာလုပ်မနေနဲ့။ နောက်ကျသွားပြီ။ တော်၊ တန်၊ တိုတ် အခု ကားပေါ်က ဆင်းဆို ဆင်းလိုက်။ ကားဘာဖြစ်လဲ အတူတူကြည့်မယ်။ ခိုဖို့ကပ်ဖို့ လုံးဝစိတ်မကူးနဲ့နော်။ ကစ်ပစ်လိုက်မယ်"

"ဩော်..ဂလိုလား။ ဒါမျိုးကတော့ ရွှေပြီးသားပဲ"

♦ ♦ ♦

သို့နှင့် သူငယ်ချင်းငါးယောက်သား ကားပေါ်မှ အားလုံး ဆင်းလိုက်ကြပါသည်။ ကားအဖုံး ဖွင့်သူကဖွင့်၊ မီးပြသူကပြ၊ ဟိုနှိုက်သည်နှိုက်လုပ်၍ ကားကို စစ်သူကစစ်၊ တခြားကားအသွားအလာ ကြည့်သူကကြည့်ပေး၊ လိုအပ်တာကို ဟိုဟိုသည်သည် ဝိုင်းကူပေးသူက ကူပေးနှင့် တကယ်ညီလက်ညီ လုပ်ကိုင်နေကြရာမှ အချိန်အတန်ကြာသွားသည့်တိုင် ဘာချွတ်ယွင်းချက်ကိုမျှ ရှာမတွေ့ဖြစ်နေသဖြင့် စီတ်ပျက်စွာပင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိလိုက်စဉ်တွင်-

"ဟီး..ဟီး..ဟီး"

"ဟဲ့..ဘာလဲဟ ကြည်ခိုင်ရယ်။ အလန့်တကြားရှိလိုက်တာဟာ။ ယောကျ်ားကြီးတန်မယ့်နဲ့များ ငိုနေရသေးတယ်"

"အေးလေ..ငိုပုံကြီးကလည်း ကြည့်ဦး၊ ရုပ်ဆိုးလိုက်တာ လွန်ရော"

"ငိုတာပဲ လုအောင် ဘယ်သူက ငိုကြလို့လဲ။ ကျော်နိုးလ ခေစုတ်ပလုတ်ရဲ့"

"သိပ်ရှိတာပေါ့ဟ။ အဲလို လုအောင်ငိုလို့ အကယ်အရသွားတဲ့သူတွေတောင် ရှိသေး။ ဒါပေမဲ့ နင့်ပုံကတော့ အဝေးကြီးပါ"

"ကဲ..နေကြစမ်းပါဟာ။ ဒီအချိန်ကြီးကျမှ ဒီလိုရာမျိုးမှာမှ ကားကလည်း လာပျက်ရတယ်လို့ကွာ။ လူကလည်းပြတ်၊ ကူညီပါရစေတွေနဲ့ကလည်း အဝေးကြီး။ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ဘူး။ ဂူး"

"အမယ်လေး..လေး၊ ကိုယ်တောင် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေတာများ ကူညီပါရစေကို နင်မို့ တနေသေးတယ် မဟော်ရယ်"

"ညော်..အထူအပါးလေးများ ရလိုရငြားပေါ့ ကြည်ခိုင်ရယ်"

"မဟော်..အထူအပါးသိချင်ရင် ငါတို့ပါလာတဲ့ အသံသာ အေးအေးဆေးဆေးလေး စားနေလိုက်ပါဟယ်။ နင့်ကူညီပါရစေတွေလာမှ မီးခြစ်တောင်းဖြီး နင့်ကား မီးရှို့သွားမှ ငါတို့အားလုံး အသိုက်ပျောက် စရိတ်ဦးဖြစ်သွားပါဦးမယ်"

"ဟယ်..ဟိုမှာ..ဟိုမှာ ကြည့်လိုက်ပါဦး။ သစ်ကြီးတွေကလည်း တရှဲရှဲနဲ့ ယိမ်းခါနေလိုက်ကြတာ။ ကြည်ရင်းကတောင် ကျောချမ်းစရာ ကောင်းလိုက်တာဟယ်။ ကြောက်စရာကြီး"

"အရေးထဲ ဘာများလဲလို့ ဝင်းမော်ရယ်။ လေတိုက်တာတော့ သစ်ပင်ယိမ်းတာ အဆန်းလား။ မမြင်ဖူးကာကျွေးတဲ့"

"ကဲ..နင်တို့ပါးစပ်တွေ ခဏလောက်ပိတ်ထားလို့ ရဘူးလား။ ဒီမှာ အားလုံးတိုင့်ပတ်နေရတဲ့ကြားများ ဟောနိုင်သေးတယ်နော်"

"မဟော်..အခုမှ ငါကြည့်မိတယ်။ ငါတို့တွေ ဆပ်ပျက်တဲ့နေရာက ရန်ကုန်-မန္တလေး အမြန်လမ်းကြီးပေ

www.burmeseclassic.com

www.burmeseclassic.com

မှာဟာ။ ဘုရား..ဘုရား..ဒုက္ခတော့ရောက်ပြီ ထင်ပါရဲ့ဟာ။ ဒီနေရာက နာမည်ကြီးနေတာ။ ဘာဖြစ်တယ်ဆိုလား ဘာလားပဲ။ ဂျာနယ်တွေ၊ သတင်းစာတွေမှာတောင် ခဏ၊ခဏ ပါနေတယ်လေဟာ'

'ကြည်ခိုင်၊ နင်ပဲ နှစ်တိုင်း တရားစခန်းဝင်နေကျဆို။ ဒါများ လာပြီး သွေးပျက်ပြန်သေးတယ်နော်။ ခုမှ ဟိုကိစ္စ ဒီကိစ္စတွေ ဘာမဆလာလုပ်နေရတာလဲ။ ဘာလဲ၊ နင်က ဂျာနယ်လစ်လား၊ မီဒီယာလား'

'သုတရေ..ကားက ဆီလည်း မပိတ်ဘူးကွ'

'ဟုတ်လား။ ဒါဆို ဓာတ်ဆီရော စစ်ကြည့်လိုက်ပါလားမဟော်'

'ဓာတ်ဆီလည်း စစ်ပြီးပြီ။ ငါတို့သွားမယ့် နေရာထိ အေးဆေးမောင်းလို့ရတယ်ကွ ကျော်နိုင်ရ'

'ဟေ့..တစ်မျိုးကြီးပါလား။ ဒါဆိုရင်တော့ နင့်ကား မဟုတ်သေးဘူးနော် မဟော်။ တစ်ခုတော့ တစ်ခုပဲနော်'

'ဟုတ်တယ် မဟော်။ အားလုံး ဘာမှမဖြစ်ဘူးဆိုရင်တော့ သိပ်သဘဝမကျဘူးနော်။ ပြီးတော့ လူပြောသူပြောများတဲ့ ဒီလိုနေရာမှာမှ ကားက ထိုးရပ်ပြီး မောင်းမရဖြစ်သွားတာဆိုတော့လေ ငါ့အထင်ပြောရရင် သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား မသိဘူး'

'ဟာကွာ၊ နင်တို့အားလုံး ငါ့ကိုရော စောင့်နေကြတာလား။ ယုံတမ်းစကားတွေ ပုံပြင်တွေ လာပြောမနေကြပါနဲ့ဟာ။ ငါ့မှာတော့ သမ္ပတ်ဖြစ်တော့မယ်။ သူတို့များ အားကိုးရမလား မှတ်ပါတယ်။ ဟင်း..'

'မဟော်..ဒီနေရာမှာက ကဗျာတွေ၊ ဓာတ်လမ်းတွေ အများကြီးရှိတာ ငါ ကြားဖူးထားတယ်။ ဟိုနာမည်ကြီး ဒါရိုက်တာတစ်ယောက်တောင် ဓာတ်ကားရိုက်ထားသေးတယ်လေ။ ဓာတ်ကားနာမည်က ဘာဆိုလားပဲ။ ငါတို့ ကြောက်တတ်လို့ ပြောနေတာ မဟုတ်ဘူးနော်။ ကြားဖူးဘာကို ပြောတာ'

'သုတ..နင်ကပါ မွေနေပြန်ပြီ။ ကားကြိုတွေကလည်း ခုကျမှ ရှားပါ့။ ငါတို့တော့ ရေကြီးပြီ ထင်ပါရဲ့ကွာ'

'အေးကွာ..ကားရှားတဲ့နေရာမှ လာပျက်တော့ ရှားမှရှားတဲ့ ကားတွေထဲ ငါတို့ကားပါပါသွားတာပေါ့ကွာ။ ဒါမျိုးက ဖြစ်တတ်ပါတယ် မဟော်ရယ်'

'ငါလည်း ဒီလိုမျိုးကို လုံးဝမထင်ထားကပါ သူငယ်ချင်းတို့ရာ။ ကဲပါ၊ ဝိုင်းပြီး စဉ်းစားဝေးကြပါဦး။ ဘာလုပ်ရင် ကောင်းမလဲလို့'

'အေးလေ..မင်းတစ်ယောက်တည်း ကြိမရမှတော့ အားလုံးပေါင်းကြိုကြည့်ကြရတာပေါ့ကွာ။ ဒါဆိုရင်တော့ Yes (or) No တစ်ခုခုတော့ Result ထွက်လာကောင်းပါရဲ့ကွာ။ ခုလောလောဆယ်မှာတော့ ကားဘေးနားက သစ်ပင်အောက်လေးမှာပဲ တို့အားလုံး ခဏလောက် ခွေနေကြရတော့မှာပဲ မဟော်'

သူငယ်ချင်းငါးယောက်စလုံးမှာ ကားဘေးရှိ သစ်ပင်အောက်တွင် မောမောပန်းပန်းနှင့် ခြေပစ်လက်ပစ် စုဝေးကာ ဝိုင်းထိုင်လိုက်ကြပါသည်။ သူတို့တွင် ပါလာသော Lantern မီးအိမ်သုံးခု၊ LED မီးအိမ်နှစ်ခုကို သူတို့အားလုံး ဝိုင်းထိုင်နေသည့်ရှေ့၌ ချထားလိုက်ကြပါသော်လည်း အချိန်သည် ည(၁၀)နာရီရှိနေပြီဖြစ်သောကြောင့် သူတို့ ထွန်းထားသော မီးအလင်းရောင်ရှိသော နေရာမှလွဲ၍ ကျန်နေရာအားလုံးမှာမူ မဟူရာရောင် ပိန်းပိတ်အောင် မှောင်သည်မှာ ပကတိအမှောင် ဖြစ်နေတော့၏။

♦ ♦ ♦

'ကျော်နိုင်..ပေါင်မုန့်နဲ့ ငါးသေတ္တာဘူးလေး ပေးစမ်းပါကွာ။ ငါ့ဗိုက်ထဲမှာ တီးလုံးတိုက်နေကြပြီ။ ဆွဲမှဖြစ်တော့မယ်'

'သုတရေ..နံ့ မစားနိုင်မှာဘဲ စိုးရိမ်ရတယ်နော်။ တကဲတည်း ဒီလောက်ဝုန်းဆန်နေတဲ့ကြားတောင် နင်မို့ ဆွဲဖို့ စိတ်ကူးနိုင်သေးတယ်'

'နေဦး သုတ၊ နင် စားမယ်ဆိုရင် ပေါင်မုန့်ကို ကတ္တီပိုနဲ့ပဲစား။ လမ်းခရီးမှာ စားကြရတာဆိုတော့ သားငါးတွေ မစားကြရင် ကောင်းမယ်။ ကဲ..ကျော်နိုင်၊ ပေါင်မုန့်တစ်လုံးစီနဲ့ ကတ္တီပိုတစ်ထုပ်စီ ဝေပေးပါကွာ။ ငါတို့အားလုံး အတူတူဆွဲကြတာပေါ့'

ဗိုက်ဆာနေကြပြီဖြစ်၍ အားလုံးဝိုင်းဖွဲ့ကာ ငြိမ်သက်စွာနှင့် အတူတူစားနေကြချိန်အတွင်းမှာပင် တိတ်ဆိတ်ခြင်းအား ဖြိုခွင်းလျက် စကားစတင်ပြောလိုက်သူကတော့ ဝင်းမော်ပင် ဖြစ်ပါသည်။

'မဟော်..ခုလို ငါတို့အားလုံး ဖြစ်နေကြတဲ့ပုံစံက ဘာနဲ့တူနေမလဲ မသိဘူးနော်'

'ဘာနဲ့တူနေရမလဲ။ လက်ပံတောင်းတောင်စတိုင်ပုံစံ ပေါက်နေတာပေါ့ဟဲ့ ဝင်းမော်ရဲ့'

'ဟယ်..မဟော်ရယ်၊ မပြောကောင်း မဆိုကောင်း

www.burmeseclassic.com

www.burmeseclassic.com

ဟယ်။ ဖွဟဲ့..လွဲပါစေ၊ ချော်ပါစေ'

'သြော်..လူတွေ ပြောပြောနေကြတာ ကောင်းကင်ကြီးက ကျယ်လှဆို။ ခုတော့လည်း ကြည့်ပါဦး။ ရေတွင်းဝလောက်ပဲ ရှိတာပါလား'

ကြည်နိုင်၏ ကိုယ်ပေါ်သို့ လဲမှိနေရင်းမှ မိုးပေါ်သို့ မော့ကြည့်ရင်း သုတက ပြောလိုက်ပြန်ရာ-

'ဟွန်း..အဲဒါကြောင့် ပြောတာပေါ့။ နှင့်နာမည်ကသာ ကံလေးကောင်းသွားလို့ သုတဖြစ်နေတာ။ အကြံဉာဏ်က ဖြင့် သုညပဲ။ ခေတ်ပျက်ထဲ ဆားဝင်ချက်နေလိုက်သေးတယ်။ ဒီမှာ ကောင်းကင်ကြီးက သူ့ဟာသူ နဂိုကတည်းက အကျယ်ကြီးမှ အကျယ်ကြီး။ နှင့်အမြင်ကိုက ကျဉ်းနေတာဟဲ့ သုတရဲ့'

'မဟော်..သူပြောတာ ဟုတ်လား။ ငါက အဲလိုကြီး ဖြစ်နေတာလား'

'ကျောင်းမှာ သူများတွေ ပြောပြောနေတာ မင်း နည်းနည်းလေးမှ မကြားမိဘူးလား သုတရယ်။ ဝင်းမော်စကား ခြောက်နဲ့စား အကြွင်းသုည မယုံရတဲ့။ သိပါလား။ ယုံလိုက်လို့ကတော့လား လုံးဝကို အစပျောက်သွားမယ်သာမှတ်။ မပြောမရှိနဲ့၊ ဘော်ဒါစိတ်ရှိလို့ ပြောတာနော်'

'မဟော် အစုတ်ပလုတ်၊ ငါ့ကို ဂွမ်းအောင် ဒေါက်ဖြုတ်လိုက်တာပေါ့လေ။ အေးပါ၊ ပြောထားဦးပေါ့'

'ဟော..ကားတစ်စီး လာနေတယ်။ လာ..လာ..ထွက်တားကြမယ်'

ကျော်နိုင်၏ အားတက်သရော ပြောသံနှင့်အတူ အားလုံး အလူးအလဲထလိုက်ကြပြီး လာနေသောကားကို ဝိုင်းတားလိုက်ကြပါသည်။ သို့သော်လည်း ကားမှာ လုံးဝရပ်ခြင်း မရှိပါဘဲ သူတို့အုပ်စုနား အရောက်တွင် အရှိန်လျှော့သည်ဆိုရုံလေးသာ လျှော့မောင်းရင်းမှ ကားပေါ်မှ ပါလာသူများအားလုံးသည် သူတို့အုပ်စုကို တအံ့တသြကြည့်ကာ-

'ဟာ..ဟေ့..ချာတိတ်တွေ၊ ဒီနားမှာ ဘာလုပ်နေကြတာလဲ၊ ဟီးရိုးမလုပ်နဲ့နော်။ ပုံပြင်ထဲ မပါချင်ရင် အမြန်လစ်လိုက်ကြတော့'

ကားကို မောင်းရင်းမှပင် ထိုသို့လှမ်းပြောကာ ကားအား ဝူးခနဲ ဆက်လက်မောင်းထွက်သွားကြပါတော့သည်။

'အယ်..သေနာကျတွေ၊ ကားကိုများ မောင်းထွက်သွားလိုက်ကြတာ လေယာဉ်ပျံကျနေတာပဲ။ ဘော်ဒါစိတ်ကို မရှိဘူး'

'အေးလေ..ဘာမှပြောချိန်တောင် မရလိုက်ဘူး။ ငြိ သွားလိုက်တာလည်း နန်းစတော့'

'ဟဲ့..ဟဲ့..ဟိုရှေ့မှာ တွေ့လား မဟော်။ လူတ ယောက် လာနေသလားလို့'

'အေးဟ..လူငယ်ပုံတော့ မဟုတ်ဘူး။ ဘကြီးအရွယ် လောက်ရှိတယ် သုတရဲ့။ နေ..နေ..အနားရောက်မှ အ အနေကြည့် လူပ်ရှားကြတာပေါ့'

'ဟယ်..ငါတို့ဆီ မလာဘူးဟဲ့။ ဟိုမှာ လမ်းဘေး ပင်တွေဘက် ဆင်းသွားပြီ'

'ကြည်နိုင်..နင် အကြည့်မှားတာ ဖြစ်မှာပါဟာ လမ်းဘေးသစ်ပင်တွေဘက် ဆင်းသွားရအောင် လမ်းမှ တာ'

'ဟုတ်တယ်၊ သူဆင်းသွားတဲ့နေရာက လူတွေအ များတဲ့ ချောက်ကြီးရှိတဲ့နေရာ။ ဘုရား..ဘုရား..ဘာ ညာတွေများလားပဲ။ ဒီနေရာမှာ ငါတို့ ကြာကြာ မသင့်လျော်တော့ဘူး ထင်တယ်နော်'

ထိုစဉ်မှာပင် ဝင်းမော်၏ မှုမမှန်သော အသံသြ ကြီးကို ကြားလိုက်ကြရပါတော့သည်။

'နင်တို့ ဘာလုပ်နေကြတာလဲ။ ငါတို့ကို အမျှဝေ လေ။ ငါတို့အားလုံးက အမျှဝေပေးမယ့်သူတွေကို နေကြတာ။ အမျှဝေပေးမှ နင်တို့ကား ထွက်လို့ရမှာ မဟုတ်ရင်တော့ ချောက်ထဲမှာ နေရစ်ခဲ့ကြရလိမ့်မယ်။ ပြောတာ နှင်တို့ မယုံကြဘူးလား။ ကားပေါ်မှာ ငါ့ အားလုံး ရောက်နေကြပြီ။ ဟား..ဟား..ဟား..ဟား'

'ဟဲ့..သုတ၊ အောင်နိုင်၊ ဝင်းမော်ကို ကြည့်ပါဦး ဘာတွေပြောနေတာလဲ မသိဘူး။ မျက်လုံးကြီးက ကြောက စရာကြီး။ ပုံမှန်မဟုတ်ဘူးနော်။ လုပ်ကြဦးလေဟာ မ

'သုတ၊ ကျော်နိုင်၊ ကြည်နိုင့်ကိုကူပြီး ဝင်းမော် ဝိုင်းချုပ်ပေးလိုက်။ ငါ့အိတ်ထဲမှာ သိမ်ဝင်ပုတီး ပါတ အဲဒီသိမ်ဝင်ပုတီးကို ငါ သူ့လည်ပင်းစွပ်လိုက်မယ်။ သုတ နှင် ငါ့ကျောပိုးအိတ်ထဲက ရေမန်းဘူးကို လာထုတ်ပြီး အ ဖွင့်ထား။ ငါ သူ့ကို ပုတီးစွပ်ချလိုက်တာနဲ့ သုတ ရေမ ပက်လိုက်။ ကြည်နိုင်နဲ့ ကျော်နိုင်က (၂၄)ပစ္စည်းနဲ့ ကြီးတစ်ဆယ့်သုံးပါးရွတ်၊ လုံးဝလွဲလို့မရဘူးနော်။ မှား နဲ့ ငါတို့အားလုံး လစ်မှာနော်'

'စိတ်ချ မဟော်၊ လုံးဝမလွဲစေရဘူး။ ဝင်းမော် ဝင်ပူးခံနေရတာ။ မဟော်ပြောသလို နင်တို့အားလုံး

www.burmeseclassic.com

www.burmeseclassic.com

ကြနော်။ သတိထား။ မလွဲစေနဲ့နော်၊ လွဲလို့မဖြစ်ဘူး'

'ဟုတ်တယ်၊ သေချာမှ ဖြစ်မှာနော်။ မှားလို့လုံးဝမရဘူး။ ကဲ..စပြီ'

ပြောပြောဆိုဆို မျက်ထောက်နီကြီးနှင့် မျက်လုံးကြီးပြူးကာ သမားရိုးကျ ပုံမှန်အနေအထားမဟုတ်သော ဝင်းမော်အား ကျော်နိုင်နှင့် ကြည်ခိုင်က ဘေးတစ်ဖက်ဆီမှ ချပ်ကိုင်ထားပြီး မင်းမဟော်က သူ၏ သိမ်ဝင်ပုတီးနှင့် ဝင်းမော်၏ လည်ပင်းသို့ စွပ်ချလိုက်ချိန်မှာပင် သုတမှာလည်း ဖွင့်ထားပြီးသော ရေမန်းဘူးထဲမှရေဖြင့် ဝင်းမော်ကို ဖျန်းလိုက်ပါသည်။ တစ်ပြိုင်တည်းပင် ကျော်နိုင်နှင့် ကြည်ခိုင်တို့ ကလည်း (၂၄)ပစ္စည်းပဋ္ဌာန်းကို ခပ်ကျယ်ကျယ် အသံထွက်၍ ရွတ်လိုက်ကြပါသည်။ ထို့နောက် စက်ကြီးတစ်ဆယ့်သုံးပါးကိုလည်း လေးယောက်သား ဝိုင်း၍ ရွတ်ဆိုလိုက်ကြ၏။

'အင်း..အင်း'

'ဝင်းမော်..ဝင်းမော်၊ သတိပြန်ဝင်လာပြီ။ ငါတို့ဘက် ပြန်ပါလာပြီ'

'ဟဲ့..နင်တို့ ဘာလုပ်နေကြတာလဲ။ ငါ ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ဘူး သူငယ်ချင်း၊ ငါတို့နဲ့အတူ စက်ကြီးဘစ်ဆယ့်သုံးပါး လိုက်ရွတ်လိုက်ပါ သူငယ်ချင်း။ ပြီးရင် ခင်းကို ရေမန်းတိုက်မယ်'

'အေးပါ..ငါ လိုက်ရွတ်ပါ့မယ်။ ပြီးရင်သာ ငါ့ကို ရေမန်းတိုက်နော်။ ရေတော်သလို ဖြစ်နေလို့ပါ'

သူငယ်ချင်းငါးယောက်စလုံး ညီတူညာတူ စက်ကြီးဘစ်ဆယ့်သုံးပါး (၉)ခေါက်ရွတ်ဆိုအပြီးတွင် ဝင်းမော်အား မဟော်က ရေမန်းတိုက်လိုက်ပါသည်။ ထိုစဉ်မှာပင် ရုတ်ဘရုတ် ကားတံခါး ပွင့်လာသောကြောင့် သူတို့အားလုံး ဘာမှဲ့တည့် ဖြစ်သွားကြရတော့၏။

'ကွို'

'ဟယ်..မဟော်၊ ကားတံခါးကြီး ပွင့်လာပါလား။ နင် ရီမုနဲ့ ဖွင့်လိုက်တာလား'

'ကြဲကြီးစည်ရာဟာ'

'ဟော..ရှေမီးနှစ်လုံးပါ ပွင့်လာပြန်ပြီ'

'ပွမ်..ပွမ်..တီ..တီ'

'အယ်..ကားဟွန်းပါ မြည်နေပြီ။ မဟော်..လုပ်ဦး။ ဘာတွေဖြစ်တာလဲ'

'သူငယ်ချင်းတို့.. စိတ်ကို ငြိမ်ငြိမ်ထား။ ဘာမှ မကြောက်ကြနဲ့။ ဒါပေမဲ့ သတိတော့ လက်မလွတ်စေနဲ့။ အားလုံး သတိထားကြ'

'ဘယ်သူမှမရှိဘဲ ကားဟွန်းကြီးက မြည်နေတာ၊ ကားတံခါးတွေလည်းပွင့်၊ မီးတွေလည်း ပွင့်နေတာဆိုတော့ မဟော်..ငါတို့..ငါတို့တော့ အခြောက်ခံနေရပြီ'

'ဟိုသုံးယောက် ဝင်းမော်ကို ဂရုစိုက်'

'ဝင်းမော်..ငါတို့ ဘာမှမဖြစ်ဘူး။ ဘာမှမကြောက်နဲ့။ ကျော်နိုင်..ငါတို့မှာ ပါလာတဲ့ ငါးသေတ္တာဘူးတွေဖောက်၊ ပေါင်မုန့်ကောထုတ်၊ ပြီးရင် စာစောင်တစ်ခုပါ ငါ့အိတ်ထဲက ထုတ်လိုက်'

'မဟော်..ဘာလုပ်မလို့လဲ'

'သူတို့အတွက် အလှူဒါနလုပ်ပေးမယ်။ ပြီးရင် သူတို့အတွက် အမျှဝေပေးမယ်။ ကဲ..အားလုံးထိုင်ပြီး ဘုရားရှိခိုးကြမယ်'

မင်းမဟော် စာစောင်တစ်ခုကို အနီးရှိ သစ်ငုတ်ပေါ် ဖြန့်ခင်းပြီး ဖောက်ပြီးသော ငါးသေတ္တာဘူးသုံးဘူးနှင့် ပေါင်မုန့်သုံးလုံးတို့ကို ခင်းထားသော သစ်ငုတ်ပေါ်ရှိ စာစောင်ပေါ်တွင်တင်ကာ သူငယ်ချင်းငါးယောက်သား မြတ်ဗုဒ္ဓရှင်အား အာရုံပြု၍ တိုင်တည်ကာ ကန်တော့လိုက်ကြပြီး တောစောင့်,တောင်စောင့်မင်းကြီးများနှင့် မြင်အပ်,မမြင်အပ်သူတို့ အားလုံးအား မေတ္တာပို့ပေးလျက် မကျတ်မလွတ်သူများအားလုံးကိုလည်း အမျှသုံးကြိမ်ဝေပေးလိုက်ကြပါသည်။

သူတို့အားလုံး အမျှဝေ၍ သာဓုခေါ်ဆိုအပြီးတွင် ကားတံခါးများလည်း ပွင့်နေရာမှ ပြန်ပိတ်သွားကြ၏။ ကားရှေ့မီးနှစ်လုံးလည်း လင်းနေရာမှ ပြန်ပိတ်သွားသလို မြည်နေသော ကားဟွန်းသံများသည်လည်း တိတ်ဆိတ်ငြိမ်သက်၍ သွားပါသည်။

'ကွို..ကျိုင်း'

'ရှပ်..ရှပ်..ဖလပ်..ဖလပ်'

မည်းမည်းအရိပ်များနှင့် ခြေသံများကို သူတို့အားလုံး ကြားလိုက်ကြရပြီးနောက်တွင်-

'သူတို့ သွားကုန်ကြပြီ။ ကဲ..လာ၊ ငါတို့အားလုံး ကားပေါ် ပြန်တက်ကြမယ်'

'ကားက ဟိုက်နေတာလေ မဟော်ရဲ့'

'လာပါ၊ ကားပေါ်တက်ပြီး စက်နှိုးကြည့်မယ်။ သူတို့လိုချင်တဲ့အမျှကို ငါတို့က ဒါနပြုပြီး ဝေပေးလိုက်ပြီဆိုတော့ သူတို့ ကျေနပ်သွားကြလို့ ငါတို့ကို အနှောင့်အယှက်

www.burmeseclassic.com

www.burmeseclassic.com

ပေးမှာ မဟုတ်တော့ပါဘူး။ ဒါကြောင့် ကားလည်း ကောင်းသွားလောက်ပြီ ထင်ပါတယ်။ ကဲပါ၊ လာ..လာ..ကား ပေါ် တက်ကြ'

ကားပေါ်သို့ သူတို့အားလုံး ရောက်သွားကြပါပြီ။

ထို့နောက် ကားစက်ကို မင်းမဟော်က စမ်း၍ နှိုး လိုက်ရာ-

'ဝူး..ဝူး..ဝူး'

'ဟေး..ကားကောင်းသွားပြီ။ ကားကောင်းသွားပြီကွ'

'အိုကေ၊ ကဲ..ငါတို့အားလုံး ဒီနေရာက အမြန်ဆုံး ရွှေ့လိုက်ကြစို့ သူငယ်ချင်းတို့'

မင်းမဟော်က လက်မလေး ထောင်ပြလိုက်သလို ကျန်သောလေးယောက်ကလည်း လက်မလေးတွေ ပြိုင်တူ ထောင်ပြလိုက်ကြပါသည်။ ထို့နောက်မှာတော့ မင်းမဟော် သည် ကားကို နေပြည်တော်ရှိ သူ၏အဒေါ်အိမ်သို့ ဦးတည် ကာ အသော့နှင့်လျက် မောင်းနှင်လေတော့၏။

'မဟော်..နင် စောစောကပညာတွေ ဘယ်တုန်းက တတ်ထားတာလဲ'

'ငါတို့ မသိအောင် ဘယ်အချိန်က ကြိတ်သင်ထား လည်းမှ မသိတာဟ'

'ဟုတ်ပါ့ မဟော်၊ နင် ငါတို့ကို ကျော်ဝံဘာ ခွဗာတွေ သိပ်များနေပြီနော်။ ဒါမျိုးတွေ ဘယ်တုန်းက လုပ်တတ်နေ တာလဲ။ ပြောစမ်း'

'ဩော်..ဇာ၊ နာမည်ကိုက မင်းမဟော်ပါဆို'

သူတို့အားလုံး အခုမှပင် ပျော်နိုင်ကြရပါသည်။ သူတို့ အားလုံး သေကံမရောက် သက်မပျောက်ပါဘဲ လိုရာခရီး သို့ ချောမောစွာနှင့် ရောက်ရှိသွားကြပါပြီ။ အားလုံး အနား ယူလဲ့နေရင်းမှ ဂန္ဓီရဆန်စွာ တည်ရှိနေကြသည့် လောကၠ မရှိနိုင်၊ မဖြစ်နိုင်ဟူ၍ သူတို့ယူဆထားကြသော တမလွန် ဘဝမှ ဝိညာဉ်ရှင်တို့၏ ဆန်းကြယ်သော ဂန္ဓီရမာယာများ စွာတို့အား သို့လော၊သို့လော တွေးတောစဉ်းစားနေမိရာမှ ကြိုက်မရှက် ငိုက်မရှက်ဆိုသော စကားအတိုင်း ခရီးပန်း လာသော သူတို့အားလုံး ငိုက်မျဉ်းလာကြသဖြင့် နှစ်ခြိုက် စွာပင် အိပ်မောကျသွားကြပါတော့သည်။

စာပေမိတ်ဆွေအပေါင်း ဂန္ဓီရဗဟုသုတများနှင့် ပြည့်စုံ ကြွယ်ဝကြပါစေ။

အင်ကြင်းမွှေး(နေပြည်တော်)

အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လီယိုမက်

နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဟိမဝန္တာသွေးသန့်ဆေး

ခရုသင်း သမင်ဖြူ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 010Y978/ 0102Y3654

ထုတ်လုပ်ခွင့်လိုင်စင်-အမှတ်(၄/၉၇)တာဆထလ(ဝက)

ခရုသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နင်းခူနှင့် အရေပြားရောဂါမျိုးစုံ ကာလသားရောဂါ၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကရွိက်၊ရေယုန်၊ မက်ခရ၊ ကြွက် ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါများကို

အဆင့်မြင့် အိန္ဒိယ ယူနာနီ တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

လီယိုမက် အရေပြားရောဂါအထူးကုဆေးတိုက်

အမှတ် (၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတဆင့်မှာ ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

ပုရောဟိတ်ဆရာ ဦးမြတ်စံ

B.Sc., M.Sc(Q), English Language (UFL), EDS (MOFA)

ဆန်းကျမ်းဗေဒင်၊ ဇာတ္တလကာ၊ ဂဏန်းရပညာ၊ ကောက်ချိုက်ကောက်ဆင်ယဉ်ကြောပညာရှင်

အယ်ဒေတာ်မင်္ဂလာဗေဒင်ဟောခန်း

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီလ၊ သမာဓိ၊ ပညာ၊ စရဏာ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းကိစ္စများအား ကူညီလမ်းညွှန် ဖြေရှင်းပေးနေဝါသည်။

မိဘဂုဏ်ပဝိဆောင်၊ အဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း၊ ဆရာအပေါင်း၊ အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သီဒို့၊ မဟိဒ္ဓိစွမ်းအားဖြင့် ကျွန်ုပ်ထိုယ်စိုင်စီရင်အပ်သော ဘုန်းဇာဒီပံဖြင့်ယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ၊ ယတြာအစီအရင်များ ပီယလာဘ်ဖွင့်

ဂမ္ဘီရအဆောင်များ ပူကော်ခြင်းဖြင့်

ဘဝဘောင်မြင့်မှကို ရယူပါ။

သား, သမီးရတနာများအတွက် မွေးဖွားချိန်မဂိလာအခါဝေးခြင်း၊ ထန်းဖူး၊ ဂုတ်ချူပ်တာဆွဲပေးခြင်း၊ မြန်မာဦးဂု နာမတရားမဂိလာနှင့်အညီ ကလေးနာမည်ပေးခြင်း၊ နိုင်ငံခြားသို့ (ဝယ်ရေး၊ အလုပ်အတိုင်း၊ သင်တန်းတက်ရန်) S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဉ်ပေးခြင်း၊ အိမ်၊ ခြံ၊ မြေ၊ ကား၊ ကျောက်မျက်ရတနာ၊ ကုန်ပစ္စည်းများ အမြန်ရောင်းထွက်ရန် အာမခံဖြင့် အလွယ်တကူ ဆီလျော်ပေးပါသည်။

Prediction in English Language is offered.

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမလွှာ)၊ (၁၄၉)လမ်း၊ တာမွေပြိုင်ကွင်း၊ ရန်ကုန်မြို့။ (သီတာလမ်းမှတ်တိုင်အနီး)၊

ကြွေးကြော်ခန်း ❖ နန်းကြီး(ဒုံးဝဝ)ဘုရင့် ဆွမ်းတော်ကပ်

09 51 76646, 200 298, E-mail Address : myatsan5@gmail.com

Website : https://sayamyatsan.blogspot.com

ကြိုဆိုခြင်းဖြင့်ပါပဲ

www.burmeseclassic.com

www.burmeseclassic.com

မိုင်းပျုပျုတောင်စဉ်တောင်တန်းများပေါ်တွင် စိမ်းညို့ညို့သစ်ပင်အုပ်များ တည်ရှိနေသည်။ ထိုသစ်ပင်အုပ်များ ရှိနေသည့်အတွက် ဆောင်းဟေမန္တရာသီတွင် အသည်းထဲ၌ စိမ့်နေအောင် ချမ်းအေးလှပေသည်။ ထိုတောင်တန်းကြီးများ၏ တောင်ခြေတွင် နော်မူးရာတို့ရွာ ရှိသည်။

နော်မူးရာကား ကရင်မိသားစုမှ ပေါက်ဖွားလာသည့် ကရင်အမျိုးသမီးတစ်ဦးဖြစ်ပြီး ရုပ်ရည်ချောမောလှပသည်။ ထိုရွာသည် မဲစရစ်ရွာ ဖြစ်သည်။ ထိုရွာအနီးတွင် မဲစလေ၊ မဲဝိုင်း၊ မဲဒိုးရွာ စသည်ဖြင့် ရွာအသီးသီး ရှိကြသည်။

ထိုရွာများသည် ရွှေကျင်မြို့နယ်အတွင်း၌ ရှိပြီး ရွှေကျင်မှ ကုန်းလမ်းခရီးဖြင့် မိုင်(၂၀) ကျော်ခန့် ခရီးဆက်ကြရသည်။ ယခင်က ထိုရွာများရှိ ရွာသူရွာသားများသည် စပါးစိုက်ကြသော လယ်သမားအများစု နေထိုင်ကြသည်။ ထိုရွာများ၌ မြစ်၊ ချောင်း၊ အင်း၊ အိုင် ပေါများလှသဖြင့် အချို့ကလည်း ငါးရှာသည့်လုပ်ငန်း၊ ငါးခြောက်လှန်းသည့် လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ထိုရွာများရှိ ရွာသူရွာသားများသည် ချမ်းသာကြွယ်ဝသူ နည်းပါးပြီး လက်လုပ်လက်စားများသာ များပါသည်။

ရွှေကျင်ဆိုသည့်အတိုင်း ထိုနေရာရှိ ချောင်းများတွင် တစ်နှိုင်တစ်ပိုင် ရွှေကျင်ခဲ့ကြသည်။ ယခင်ကဆိုလျှင် ရွှေ

ဂီဂီငွေး

မြစ်ငယ်းတေခြောင် ဘိုးဘိုးကြီးနှင့် ကလေးငါ

www.burmeseclassic.com

www.burmeseclassic.com

ကျင်သူများမှာ တစ်လလျှင် ရွှေကျင်မှ ရွှေတစ်ပဲ၊ တစ်မူး သားလောက်သာ ရသည်။ ထမင်းစားဖို့လောက်သာရပြီး သူဌေးဖြစ်ကိန်း မရှိပေ။ ထို့ကြောင့် ရွှေကျင်သူဦးရေလည်း နည်းပါးသည်။

တချို့ရွာသားများဆိုလျှင်လည်း ကျားသစ်မြောင်၊ ကသစ်မြောင်၊ မုန့်ဟင်းခါးမြောင်၊ သရက်မြောင်ဟု ဆိုသည့် မြောင်များတွင် တောလိုက်ခြင်းလုပ်ငန်းကို လုပ်ဆောင်ကြသည်။ ထိုတောအတွင်း သမင်၊ ချေ၊ ဆတ်၊ တောဝက်နှင့် ယုန်များ နေထိုင်သည့်အတွက် တောလိုက်မှဆိုးများသည် ဟင်းစားအဖြစ် ထိုအကောင်များကို ပစ်ခတ်ဖမ်းဆီးကာ ရွာစဉ်အလိုက် လိုက်ရောင်းခဲ့ကြသည်။

ယခုတော့ ဤသို့မဟုတ်ပြီ။ လွန်ခဲ့သော နှစ်ပေါင်းများစွာက ဆင်းရဲမွဲတေသည့် ရွာကလေးများမှာ ယခုအခါ ရွှေတိုး၊ ရွှေစများ ထွက်သဖြင့် ချမ်းသာသောရွာများအဖြစ် သို့ ပြောင်းလဲသွားခဲ့သည်။ ဤသို့ဖြစ်ခြင်းမှာ မုဆိုးမ နော်မူးရာကြောင့် ဆိုလျှင်လည်း မမှားပေ။

နော်မူးရာသည် ဗုဒ္ဓဘာသာဝင် ကရင်လူမျိုးဖြစ်သည်။ သူမအသက်(၄၅)နှစ်အရွယ်တွင် သူမ၏ခင်ပွန်း ကွယ်လွန်ခဲ့သည်။ သားထောက်သမီးခံ မရှိသော သူမသည် မြတ်စွာဘုရားရှင်ကို နေ့စဉ် ဆွမ်းကပ်၊ ရေချမ်းကပ်၊ ပန်းကပ်သည့် အပြင် ဆီမီး၊ အမွှေးတိုင်များဖြင့် ပူဇော်လေ့ရှိသည်။ သူမခင်ပွန်း ကွယ်လွန်ခဲ့သည်မှာ ငါးနှစ်ကျော်အချိန်သို့ တိုင်ခဲ့ပြီ။ သူမသည် စားဝတ်နေရေးကို ခက်ခဲစွာ ရုန်းကန်ကျော်ဖြတ်ခဲ့ရသည်။

တစ်နေ့တွင် သူမ အိပ်မက်တစ်ခု မက်ခဲ့သည်။

အိပ်မက်ထဲတွင် ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားပြီး တောင်ဝှေးတစ်ချောင်း ကိုင်ဆောင်ထားသည့် အဘိုးအိုနှင့် ရွာလမ်းမတွင် တွေ့ဆုံခဲ့သည်။

'သမီးက နော်မူးရာ မဟုတ်လား'

အဘိုးအိုက ဤသို့ မေးလိုက်သည်။

'ဟုတ်ပါတယ် အဘ'

'အဘက ဟိုဘဝက သမီးရဲ့အဘိုးပေါ့။ အခု အဘက မဲလုံးမြောင် မှာနေတယ်။ အဘစားဖို့ အဲဒီမြောင်မှာ ထမင်းရယ်၊ ငါးကြော်ရယ် လာပို့ပေးပါ။ အဲဒီလိုပို့ပေးတဲ့အတွက် သမီးကို အဘက ရွှေတွေပေးမယ်'

နော်မူးရာလည်း ရွှေတွေရမည်ဟု ဆိုသဖြင့် စိတ်ဝင်စားသွားကာ-

'အဘ..သမီးက ဘယ်လိုလုပ်ပြီး ရွှေတွေရမှာလဲ'

'မဲလုံးချောင်းနဲ့ မဲလဲချောင်းဆုံတဲ့နေရာမှာ ရွှေတွေရှိတယ်။ အဲဒါ ရွှေကျင်ပြီး ယူပေါ့'

'အဘကလည်း အဲဒီနေရာမှာ လူတွေ ရွှေကျင်ဖူးတာပဲ။ တစ်ပဲ၊ တစ်မူးတောင် အနိုင်နိုင်ဗဲ။ ဒီကြားထဲ ငှက်ဖျားက ရှိသေးတယ်'

'အေး..နင် မယုံရင် အဘဆီကို ထမင်းနဲ့ ငါးကြော် လာပို့ပြီး ရွှေကျင်ကြည့်ပေါ့'

ထိုသို့ပြောဆိုပြီး အဘိုးအိုဖျောက်ကွယ်သွားခဲ့သည်

သူမလည်း လန့်နိုးလာပြီး ဆက်အိပ်၍မရတော့ပေ။

'ငါ့အိပ်မက်က တကယ်လား။ ဒါမှမဟုတ် ငါပဲ ဆင်းရဲနေလို့ ချမ်းသာချင်လို့ ဒီလိုအိပ်မက်မျိုး မက်တာလား'

သူမသည် တွေဝေသွားပြီး အမျိုးမျိုး စဉ်းစားနေမိသည်။

'ငါအိပ်မက်ထဲမှာ မဲလုံးချောင်းနဲ့ မဲလဲချောင်းဆုံတဲ့နေရာမှာ ရွှေသွားကျင်ချေလို့ ပြောတာပဲ။ မနက်ကျရင် အဲဒီနေရာမှာ ငါ ရွှေသွားကျင်ကြည့်မယ်'

သူမသည် ဘဝဟောင်းက အဘိုးတော်ခဲ့ဖူးသည်ဟု ဆိုသော အဘိုးအိုကို ဆွမ်းအလှူဒါန မပေးဘဲ ချောင်းနှစ်ခု ဆုံရာနေရာ၌ ရွှေသွားကျင်ခဲ့သည်။

ဘစ်ရက်၊ နှစ်ရက်၊ သုံးရက်။

သုံးရက်တိတိ ရွှေကျင်ကြည့်သော်လည်း မည်သည့် ရွှေမျှ မရခဲ့ပေ။ ထိုညက အိပ်မက်ထပ်မက်ပြန်သည်။

ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုကို ထပ်တွေ့ရပြန်သည်။

အဘိုးအိုက-

'ငါ့သမီး..အဘိုးကို ထမင်းမကျွေးဘဲ ရွှေသွားကျင်တော့ ဘာရသတုံး'

'ဘာမှမရဘူး အဘရယ်။ မောတာသာ အဖတ်တင်တယ်'

'ငါ့သမီးက ငါ့ပြောစကားကိုမှ မယုံတာ။ အဘိုးကို ထမင်းလာကျွေးပါကွယ်။ အဲဒီထမင်းထဲမှာ လက်ဖက်တစ်ပုံနဲ့ ကွမ်းယာ၊ ဆေးလိပ်ပါ ထည့်ပေးပါ'

ထိုသို့ပြောပြီး ပျောက်ကွယ်သွားပြန်သည်။

ထိုအခါ နော်မူးရာ၏စိတ်ထဲတွင် အဘိုးအိုပေါ်၌ မရိုးမသားလုပ်မိလေခြင်းဟူ၍ စိတ်မကောင်းဖြစ်မိသည်။ သူမသည် အိပ်မက်,မက်ပြီး နိုးလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပဲညာတွေခါမှာတော့ မတွေ့ဝေမနေတော့ဘဲ
'အဘုရယ်..အိပ်မက်မို့လို့ သမီး မယုံချင်ပြီးဖြစ်မိ
တာ တောင်းပန်ပါတယ်။ ရွှေရည်သည်ဖြစ်စေ၊ မရသည်ဖြစ်
စေ သမီးဟာ အဘနေတဲ့ မြောင်မာလာပြီး ထမင်းဟင်းတွေ
ကို ဆက်သပါ့မယ်'

ထိုသို့ ကတိပေးလိုက်သည်။ နောက်နေ့ မနက်မိုးလင်း
သည်နှင့် ဖွမ်းဝင်းတစ်အိုးချက်ပြီးနောက် ဈေးသို့သွားကာ
ငါးများ ဝယ်လာခဲ့သည်။

အိမ်ရှေ့ခံတွင်သောအခါ ငါးများကို ကြော်လိုက်သည်။
နံနက်(၁၀)နာရီခန့်တွင် တောင်းထဲတွင် ထမင်းနှင့်ဟင်း၊
လက်ဖက်၊ ဆေးလိပ်၊ ကွမ်းယာ စသည်ဖြင့် ပြည့်စုံစွာ
ထည့်ပြီး မဲလုံးမြောင်ဆီသို့ သွားခဲ့သည်။

မဲလုံးမြောင်ဆိုသည်မှာ မြောင်ဆိုသည့်အတိုင်း လျှို
မြောင်နှင့် ဆန့်ပင့်များ၊ ချိုနွယ်ပိတ်ပေါင်းများ ရှိသည်။
ထိုနေရာ၌ သူမ၏ ဖခင်ကြီးနှင့်အတူ မျှစ်ချိုးခြင်း၊ မှိုတူး
ခြင်းများ လုပ်ခဲ့သည့်နေရာဖြစ်၍ သူမနှင့် မစိမ်းလှပေ။
သူမသည် ပါလာသည့် ဖျာတစ်ချပ်ကို ခင်းလိုက်ပြီး
ထမင်းနှင့်ငါးကြော်ကို ထမင်းစားပန်းကန်ထဲသို့ ထည့်လိုက်
သည်။

ထို့နောက် လက်ဖက်ပွဲ၊ ကွမ်းယာ၊ ဆေးလိပ်အပြင်
သောက်ရေတစ်ဖန်ခွက်ကိုပါ ပြင်ခင်းပြီးနောက်-

'အိပ်မက်ထဲက အဘရေ..သမီးရောက်လာပြီ။ စားပွဲ
များ ဆက်သလှူဒါန်းပါတယ်။ အဘ သုံးဆောင်တော်မူပါ။
သမီးကိုလည်း ကြီးပွားချမ်းသာအောင် ရွှေတွေ အများကြီး
ပေးပါ'

နော်မူးရာလည်း ဤသို့ ပါးစပ်မှ တတွတ်တွတ်ပြော
ဆိုကာ အိပ်မက်ထဲမှ အဘိုးအား ဆွမ်းများကပ်လှူခဲ့သည်။

ထို့နောက် မဲလုံးမြောင်အနီး လျှောက်ပတ်ကြည့်ရှုရာ-

'ဟာ..ဟိုမှာ မှိုတွေ အများကြီးပဲ'

သစ်ရွက်ဆွေးများအောက်မှ ပြူထွက်နေသော မှိုအုပ်
စုများကို တွေ့သဖြင့် မှိုများခူးကာ တောင်းထဲသို့ ထည့်
လိုက်သည်။

'အင်း..အခြိန်အခါမဟုတ် မှိုတွေအများကြီးတွေ့တယ်
ဆိုတော့ ဒါဟာ နိမိတ်ကောင်းပဲ။ ဒီကအပြန်မှာတော့
ချောင်းဆုံမှာ သွားပြီး ရွှေသွားကျင်မယ်'

အရှေ့တစ်ယောက်လို တစ်ကိုယ်တည်းပြောရင်း မဲလုံး
မြောင်မှ ပြန်ထွက်လာခဲ့သည်။

ထိုမှအပြန် မျှစ်စိုများကို တွေ့ရပြန်သည်။
'အင်း..မျှစ်တွေကလည်း အစီအရီပေါက်နေပါလား
တွေ့တုန်းခေါ့ မျှစ်လည်းခူးမှပဲ'

ထိုသို့သောအတွေးဖြင့် မျှစ်များလည်း ခူးခဲ့သည်။
သူမ၏ တောင်းထဲတွင် မှိုများ၊ မျှစ်များဖြင့် ပြည့်နေသည်
သူမ အပြန်လမ်းတွင် ယုန်ကလေးများ ဖြတ်ပြေးနေသည်
ကိုလည်း တွေ့လိုက်ရသည်။

'ငါ့အဖေသာရှိရင်တော့ ဒီယုန်တွေကို မြားနဲ့ပစ်မှာ
နော်မူးရာသည် ဤသို့တွေးရင်း စိတ်ရှာသို့ ပြန်ရောက်
သည်။

ရွာထဲရှိ နော်မူးရာ၏ မိတ်ဆွေများကလည်း
'မူးရာ..နင့်တောင်းထဲမှာ မျှစ်တွေရော မှိုတွေရော
အများကြီးပဲ။ နင် ဘယ်ကရလာတာလဲ'

'ငါ မဲလုံးမြောင်ကရတာပေါ့'

'မနေ့ကပဲ ငါတို့တောင့် မဲလုံးမြောင့်ကို သွားသေး
တယ်၊ ငါတို့တော့ ဘာမှမတွေ့ခဲ့ပါဘူး။ မျှစ်တို့ မှိုတို့
လည်း အခြိန်အခါမဟုတ် တွေ့ရတတ်ပါလို့'

'သူကို မဲလုံးမြောင်က ဘိုးဘိုးကြီး ပေးတာ နေ
ပေါ့'

နော်မူးရာသည် သူတို့ကို မည်သည့်ညွှန်ကြားမှု
မပြောဘဲ သူမရလာသည့် မျှစ်များ၊ မှိုများကို အိမ်ရှိ
မိတ်ဆွေများအား ဖေဖေးလိုက်သည်။

'အင်း..မဲလုံးမြောင်ဘိုးဘိုးကြီးဆိုတာ ငါ့အိပ်မက်
က အဘိုးများလား'

နော်မူးရာလည်း ဤသို့ တွေးမိခဲ့သည်။

နောက်တစ်နေ့ နံနက်စောစော၌ နော်မူးရာသည်
ချောင်းနှစ်ခုပေါင်းဆုံရာနေရာသို့ ရောက်လာခဲ့သည်
များကို တူးယူပြီး ဒယ်အိုးထဲသို့ ထည့်လိုက်သည်
နောက် ရေခပ်များများထည့်ကာ ရွှေကို စတင်တူးခဲ့
သည်။ ရွှေကျင်သည့်ကိစ္စမှာ မိရိုးဖလာလုပ်ငန်းဖြစ်၍
မူးရာလည်း ရွှေကို ကောင်းစွာ ကျင်နိုင်သည်။

ရွှေကျင်ရင်း နောက်ဆုံးအဆင့်သို့ အရောက်တွင်

'ဟာ..ရွှေတုံးရွှေစလေးတွေပါလား'

နော်မူးရာလည်း အရမ်းအံ့သြသွားခဲ့သည်။ သူမ
ကျင်သည့် သက်တမ်းတစ်လျှောက်လုံးတွင် ရွှေမှုန့်ရွှေ
ကလေးများသာ ရခဲ့ဖူးသည်။ ယခုလို ရွှေတုံး၊ ရွှေစ
များ မရခဲ့ဖူးချေ။

www.burmeseclassic.com

www.burmeseclassic.com

'အင်း..ထူးတော့ထူးတာပဲ။ ဒီလိုရွှေတုံးရွှေစတွေ တစ်ခါမှ မရဖူးဘူး။ မဲလုံးမြောင်ဘိုးဘိုးကြီး ပြောတဲ့အတိုင်း ဖြစ်နေပါလား'

ညနေစောင်းပြီဖြစ်၍ ရွှေကျင်ခြင်းလုပ်ငန်းကို ရပ်နားကာ အိမ်သို့ ပြန်လာခဲ့သည်။

အိမ်ရောက်သောအခါ ထိုရွှေတုံးရွှေစကလေးများကို ခို့နှိုက်ကြည့်ရာ-

'ဟာ..တစ်မတ်သားတောင် ရှိတယ်။ ဒါဆိုရင် အဲဒီရွှေတုံးရွှေစကို သွားရောင်းရင် တစ်သိန်းကျော်လောက်ရမယ် ထင်ပါတယ်'

နော်မူးရာလည်း အတွေးနှင့်ပင် အလွန်ပျော်ရွှင်နေမိသည်။

သူမသည် ထိုနေရာတွင် တစ်ပတ်ခန့် ရွှေကျင်ခဲ့ရာ ရွှေတစ်ကျပ်သားကျော်မျှ ရရှိခဲ့သည်။ နော်မူးရာတို့ရရှိသည့် ရွှေတုံးရွှေခဲကလေးများမှာ အခြားသတ္တုကြေး စသည်တို့နှင့် ရောနှောနေသဖြင့် ရွှေစျေးဈေး၏ ထက်ဝက်စျေးမျှသာ ရရှိခဲ့သည်။

တစ်ပတ်ကျော်ခန့်အကြာတွင် သူမ ရွှေကျင်ထားသည့် ရွှေတုံးရွှေခဲကလေးများကို ပြန်ပယ်သည့်ဒိုင်သို့ သွားရောက်ရောင်းချရာတွင် ငွေလေးသိန်းကျော်ခန့် ရရှိခဲ့သည်။ နော်မူးရာတစ်ယောက် ဤမျှငွေများရသွားသည်ကိုသိရှိပြီး သူမ ရွှေကျင်ရာသို့ လိုက်ခြောင်းကြည့်ကြရာ ခြောင်းဆုံအရပ်မှန်း သိရှိခဲ့ကြသည်။

နောက်ရက်များတွင် ရွာသူရွာသားများက ထိုနေရာသို့ လိုက်လာပြီး ရွှေကျင်ကြရာ ထိုသူများလည်း ရွှေတုံးရွှေစကလေးများ များစွာရရှိခဲ့ကြသည်။ ထိုနေရာ၌ ရွှေကျင်ရာ ခြောက်လခန့်ကြာသောအခါ ရွှေတုံးရွှေစများ မရရှိတော့ဘဲ ရွှေဖတ်အနည်းငယ်သာ ရရှိခဲ့ကြသည်။ ရွှေကျင်သူများမှာ ယခင်ကလို ရွှေတုံးရွှေစများ မရသဖြင့် စိတ်ပျက်နေကြသည်။

'မူးရာရေ..လွန်ခဲ့တဲ့ခြောက်လလောက်က ရွှေတွေ ထွက်သမျှ အခုဘာကြောင့် ရွှေထွက်နည်းသွားသလဲ မသိဘူး'

'ဟုတ်တယ်။ အရင်တုန်းက တစ်လကို ရွှေတစ်ကျပ်သားကျော်ကျော်လောက်ရတာ အခု မရတော့ဘူး'

နော်မူးရာကလည်း သူတို့နှင့်အတူ စကားလိုက်ပြောခဲ့သည်။ ထိုအခါ နော်မယ်ဝါးက-

'မူးရာ..နင်က ဘာဖြစ်လို့ ဒီလောင်းဆုံမှာ လာတူးရတာလဲ'

'ငါ အိပ်မက်,မက်တယ်လေ'

ထိုသို့ အစချီကာ မဲလုံးမြောင်ဘိုးဘိုးကြီးအကြောင်းကို ခရေစေ့တွင်းကျပြောပြခဲ့သည်။

သူမ၏ စကားအဆုံးတွင် အမျိုးသမီးအားလုံးက-

'ဒါဆို..ငါတို့လည်း မဲလုံးမြောင်ဘိုးဘိုးကြီးကို ဆွမ်းဒါနပြုကြမယ်'

ထိုသို့သဘောတူညီပြီး မဲလုံးမြောင်ဘိုးဘိုးကြီးအား ထမင်း၊ ငါးကြော်၊ ကွမ်းယာ၊ ဆေးလိပ်၊ အမွေးတိုင်၊ ဖယောင်းတိုင်များပါ ဆက်သခဲ့ကြသည်။

ထိုသို့ဆက်သနေစဉ် နော်သန်းအေးမှာ သမ်းဝေလာပြီး တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်ကာ နတ်ဝင်လာပါတော့သည်။

'အေး..ဒီကနေ့ ငါ့သားငါ့သမီးတွေက အဘိုးကို ဆွမ်းဒါနများ ပေးခဲ့ကြတယ်။ ဒီတော့ အဘိုးကလည်း ရွှေတွေရှိတဲ့ ကျောက်တုံးတွေကိုပေးလိုက်မယ်။ ဒီမြောင်က ကျောက်တုံးတွေ တူးကြည့်ပါ'

ထိုသို့ပြောပြီး နတ်ထွက်သွားပါသည်။

ထိုအခါ အမျိုးသမီးအုပ်စုမှာ ကျောက်ထဲ၌ ရွှေရှိသည်ကို မကြားဖူးသဖြင့် အထူးအဆန်းဖြစ်နေသည်။ သို့သော် ကျောက်တုံးထဲတွင် ရွှေရှိသည်ဟုဆိုသဖြင့် လိုချင်သည့် စိတ်များ ဖြစ်ပေါ်လာခဲ့သည်။

အမျိုးသမီးအုပ်စုနှင့် အတူပါလာသော စောဖိုးသောင်းတို့ ယောကျ်ားလေးအုပ်စုက မယုံကြည်ကြပေ။

ထိုအထဲတွင် စောဖိုးသောင်းမှာ မယုံကြည်ဆုံးဖြစ်ကာ-

'ငါတို့မိဘများ လက်ထက်ကလည်း ကျောက်တုံးထဲမှာ ရွှေရှိတယ်ဆိုတာ တစ်ခါမှ မကြားမိပါဘူး။ နတ်ဝင်တယ်ဆိုပြီး ငါတို့ တင်မြောက်ထားတဲ့ ဆွမ်းကွမ်းတွေစားပြီး မဟုတ်တာ လျှောက်ပြောနေတာ'

ဤသို့ပြောလိုက်ရာ နော်မူးရာက-

'ဟဲ့..စောဖိုးသောင်း၊ နင် ဒီလိုမပြောနဲ့။ နတ်မကြိုက်ရင် နင် ဒုက္ခရောက်မယ်'

'နော်မူးရာ..ငါက ဘာဖြစ်လို့ ဒုက္ခရောက်ရမှာလဲ။ နင်တို့နတ်က မဟုတ်တာတွေ လျှောက်ပြောနေတာ။ ငါက အဲဒီလိုပြောလို့ နတ်မကြိုက်ရင်လည်း မတတ်နိုင်ဘူး။ ငါ

www.burmeseclassic.com

www.burmeseclassic.com

မြင်တာပြောရရင် နံတံက နင်တို့ နက်တင်တာတွေကို ညာစားသွားပြီ"

"ဟောတော့ စောဖိုးသောင်းရယ်၊ နင်တော့ ဒုက္ခလှလှတွေ့တော့မှာပဲ"

"ဒုက္ခလှလှရောက်မယ် ဟုတ်လား။ လုပ်နိုင်ရင် လုပ်လိုက်စမ်းပါ"

"စောဖိုးသောင်း..နင်ဘာပြောပြော ငါတော့ အဲဒီမြောင်နားက ကျောက်တုံးတွေကို တူးကြည့်မယ်"

"ရူးရင် တူးပေါ့ဟာ။ အရူးပြောတာ အရူးယုံပေါ့။ ဟား..ဟား..ဟား"

"နင်တော့ နက်ကိုင်တော့မှာပဲ။ နင်က နတ်ကို မယုံကြည်လည်းနေပေါ့။ အခုလို အရူးတို့ဘာတို့ဆိုတာ စော်ကားတဲ့ စကားပေါ့ပဲ။ မပြောပါနဲ့"

ထိုသို့ပြောပြီး စကားဝိုင်းကို သိမ်းလိုက်ကြသည်။ နေ့မူးရာ ဦးဆောင်သောအဖွဲ့သည် နောက်နေ့မှစပြီး လျှို့မြောင်ထဲရှိ ကျောက်တုံးများကို တူးကြည့်ကြသည်။

ပထမရက် ကျောက်တုံးတူးဖော်ရာတွင် ရိုးရိုးကျောက်တုံးများသာဖြစ်သည်။ ဒုတိယနေ့တွင် သူတို့အုပ်စုမှာ အားမလျှော့ဘဲ ဆက်၍တူးခဲ့ရာ နေ့လယ်ခင်းအချိန်လောက်တွင်-

"ဟာ..ဒီကျောက်တုံးမှာ ရွှေတွေ ကပ်နေတယ်"

ကျောကိတူးသမားတစ်ယောက်က ဝမ်းသာအားရ အော်လိုက်သဖြင့် အားလုံးသောလူများသည် ထိုကျောက်တုံးရှိရာသို့ အပြေးကလေး ရောက်လာခဲ့သည်။

ကျောက်တုံးက သေသေချာချာ ကြည့်လိုက်သော အခါ-

"ဒီကျောက်တုံးရဲ့အထဲမှာ ရွှေတွေ အများကြီးရှိပုံရတယ်။ ကျောက်တုံးရဲ့ အက်ကြောင်းထဲကနေပြီး ရွှေတွေ တောင် အပြင်ဘက်ကို ထွက်နေတယ်"

"ဒါဆို အဲဒီကျောက်တုံးကို စက်နဲ့ အမှုန့်ကြိတ်ပစ်မှ ဖြစ်မယ်"

"အမှုန့်ကြိတ်တာ နောက်ထားဦး။ ရွှေရှိတဲ့ ကျောက်တုံးတွေ နောက်ထပ်ရှိဦးမလားဆိုတာ ရှာကြည့်ပါဦး"

အမျိုးသမီးတစ်ယောက်က ဤသို့ပြောလိုက်သဖြင့် ကျန်ရှိသောကျောက်တုံးများကို တူးဖော်ခဲ့ကြသည်။ တစ်ပတ်အတွင်း ရွှေပါသည့် ကျောက်တုံး(၁၀)လုံးခန့် ရရှိခဲ့သည်။

ထိုအကြောင်းကို ရွာသူရွာသားများ သိသွားပြီး ဝမ်းသာအားရ ရွှေရှာခဲ့ကြသည်။ ထိုနေရာအနီးတစ်ဝိုက်၌သော ကျောက်တုံးများကို တူးဖော်၍ရှာဖွေရာ ရွှေရှိနေသည့် ကျောက်တုံးအများအပြား ရရှိခဲ့သည်။

ထို့နောက် တစ်ဆင့်စကား တစ်ဆင့်နားသို့ ထိုသတင်း ရောက်ရှိသွားပြီး ကျောက်တုံးထဲက ရွှေထွက်သတဲ့ဆိုသည့် စကားမှာ တောမီးသဖွယ် ပျံ့နှံ့သွားခဲ့သည်။

ထိုသတင်းကြောင့် ရွာနီးချုပ်စပ်၌ရှိသော ရွာများလည်း ကျောက်တောင်များကို တူးကြည့်ရာ-

"ဟာ..တကယ်ပဲ ကျောက်တုံးထဲမှာ ရွှေရှိနေပါလား"

ထိုနေရာတွင်ရှိသော ကျောက်တုံးများထဲတွင် တစ်သောကျောက်တုံးများ၌ ရွှေရှိနေသည်ကို တွေ့ရှိရပါသည်။

ထိုအခါ ရှေ့မီနောက်မီ အဆာဦးမောင်ကြီးက-

"ဒီလိုကျောက်တုံးထဲမှာ ရွှေရှိတာ မိုးကုတ်အရပ်ကျောက်တောင်တွေထဲက ကျောက်တုံးတွေထဲမှာလည်း ရှိတယ်။ အင်္ဂလိပ်နယ်ခဲ့တွေ အုပ်စိုးစဉ်တုန်းကပေါ့။ ဒီကြီးထဲက ရွှေရှိတာသာ သူတို့သိသွားတာ ကျောက်တုံးထဲမှာ ရွှေရှိတယ်ဆိုတာ သူတို့ သိမသွားဘူး။ ဒါကြောင့် ကျောက်ရွှေကို သူတို့ ရမသွားရှာဘူး။ သဲရွှေသာ ရသွားတာ"

"အဘာ..သဲရွှေနဲ့ ကျောက်ရွှေအကြောင်း ရှင်းပြပါဦး"

"ဟိုးရှေးနှစ်ပေါင်းများစွာက ကမ္ဘာမြေကြီးဟာ အထူပူပြင်းတဲ့အတွက် ရွှေတွေဟာ အရည်ပျော်ပြီး သဲတွေ့ ရောက်သွားတယ်။ တချို့ရွှေရည်တွေဟာ ကျောက်တုံးကြားအက်ကမှတစ်ဆင့် ကျောက်တုံးထဲသို့ ရောက်ရှိသွားခဲ့တယ်။ ကမ္ဘာမြေကြီးလည်း တဖြည်းဖြည်းအေးလာတော့ နဲ့အမျှ ရွှေတွေလည်း အခဲ၊ အတုံး၊ အဖတ်တွေဖြစ်ပြီး မြေထဲမှာ ရှိနေတယ်။ အဲဒါကို ရေတိုက်စားပြီး ရွှေတုံး၊ ရွှေဖတ်အဖြစ်နဲ့ မြစ်ဆုံတို့၊ ချောင်းဆုံတို့ နေရာကမှတစ်ဆင့် ချောင်းကမ်းနားကို ရောက်လာတယ်။ အဲဒါကို သဲရွှေလို့ခေါ်တယ်။ ကျောက်တုံးထဲရောက်ပြီး သွားတဲ့ရွှေတွေဟာ ကျောက်တုံးထဲက မထွက်နိုင်ဘဲ ကျောက်တုံးထဲမှာပဲ ရှိနေတယ်။ အဲဒီရွှေကို ကျောက်ရွှေလို့ခေါ်တယ်။ ကျောက်ရွှေဟာ သဲရွှေလိုမဟုတ်ဘူး။ အဘတောင်ကိုစောင့်တဲ့ ပိုင်ရာဆိုင်ရာ ဘိုးဘိုးကြီးတွေ ရောရတာ"

"ဩော်..ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

ထိုနေရာရှိ လူတစ်သိုက်က အဘဦးမောင်ကြီး၏ စကားကို အံ့သြစွာ နားထောင်နေခဲ့ကြသည်။

'အဘကြားဖူးတာဆိုလို့ ကျောက်တုံးထဲက ရွှေထွက်တဲ့ နေရာဟာ အခု အဘတို့ မဲလုံးမြောင်နဲ့ မိုးကုတ် အရပ်မှာရှိတဲ့ ကျောက်တောင်တွေပဲ။

ထိုအချိန်မှစ ထိုနယ်တစ်ဝိုက်တွင် ကျောက်တုံးထဲမှ ရွှေများစွာ ထွက်လာပါသည်။ တစ်နိုင်တစ်ပိုင်သမားမှအစ ကျောက်အမှုန့်ကြိတ်စက်များဖြင့်ကြိတ်ကာ ရွှေရှာသည့် လုပ်ငန်းများ လုပ်ဆောင်လာခဲ့သည်။ ထိုနယ်၌ ရွှေများပေါထွက်လာသဖြင့် ထိုနယ်သူနယ်သားများလည်း ချမ်းသာကြွယ်ဝလာခဲ့သည်။

အခြားရွာသူရွာသားများ ကံကောင်းပေမယ့် ကံဆိုးသူကတော့ စောဖိုးသောင်းပဲ ဖြစ်ပါသည်။ သူသည် ငှက်ဖျားရောဂါခံစားရပြီးနောက် ရူးသွပ်သည့်ဝေဒနာ စွဲကပ်သွားခဲ့သည်။

ထိုကျောက်တူးသူများထဲတွင် သီချင်းတကြော်ကြော် အော်ဟစ်ကာ တောင်းစားနေရသည့်ဘဝသို့ ရောက်သွားခဲ့သည်။

'ကျောက်တူးသမားများဟာ လော်ပန်လောင်းတွေပါ။ ငါ့ကို ထမင်းနည်းနည်းလောက်ပေးကြပါ။ ပက်ဇေတိုး... ပတ်'

စောဖိုးသောင်းကို တချို့ကလည်း ဘိုးဘိုးကြီးကို စော်ကားသဖြင့် နတ်ညှိုးသည်ဟု ဆိုကြပါသည်။ တချို့ကမူ ငှက်ဖျားပိုး ဦးနှောက်ထဲရောက်လို့ ရူးသွားတာဟု ဆိုကြပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ရတနာဆိုသည်မှာ တန်ဖိုးကြီးပြီး အရေးနည်းသည့်အရာပင် ဖြစ်ပါသည်။ ထို ကျောက်ရွှေမှာ အရေးနည်းပြီး တန်ဖိုးကြီးသည့်ရတနာ ဖြစ်ပါသည်။

စောဖိုးသောင်းတစ်ယောက် အရူးဘဝသို့ ရောက်သွားသော်လည်း နောင်မူးရာတို့ ရွာသူရွာသားတစ်သိုက်မှာ ဘုရားကျောင်းကန်များတွင် ဗြောစည်တီးအလှူလုပ်ကာ မိုးထက်သို့ပင် ဘဝင်ညံ့စွာ လှူဒါန်းနိုင်ခဲ့ကြပါသည်။

ရိရိဌေး

(ရွာအမည်၊ နေရပ်လိပ်စာတို့ကို အမည်လွှဲထားသည် မှအပ ဖြစ်ရပ်မှန်ဇာတ်လမ်း ဖြစ်ပါသည်။)

စိတ်မနောအာရုံ အကြားအမြင် လက္ခဏာ

ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး

ဆရာမထက်ဦးခိုင်သိပ္ပံလက္ခဏာ ဗေဒပညာ

(၇)နက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွှေ့ဂင်္ဂလာရက် ရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ ဓေတရာ ရှေ့ထားပြီး "အဏူး" စီစဉ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင့်..

အားလုံးသောသူအပေါင်း ကိုယ်ရော စိတ်ပါ ကျန်းမာပြီး ချမ်းသာကြပါစေ...

မဟာဝိဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိုဘုရားလမ်း၊ ရန်ကုန်မြို့။ Ph : 09 253 361 368

www.burmeseclassic.com

ဒါရိုက်တာဦး တင်ထူးဇော

လူသတ္တဝါတို့တွင် သမုဒယသည် အမှန်ရှိ၏။ (ဗုဒ္ဓ)

လေငွေ့စားသောက်ဆိုင်အတွင်းမှ အပြင်ဘက်သို့ ထွက်လိုက်သည်ဆိုလျှင်ပင် တောင်ပေါ်မြို့၏ အအေးဓာတ်က သိသိသာသာ ပိုကဲလာသည်ကို သူ သတိထားမိလိုက်သည်။

စားသောက်ဆိုင်နံဘေးတွင် ရထားလုံးတစ်စီး ရပ်ထားသည်ကို တွေ့ရသည်။ စိတ်ထဲတွင် ရထားလုံးစီးချင်စိတ်ပေါ်လာသည်။ လေလုံမိုးလုံ အခန်းငယ်လေးထဲတွင် ထိုင်လျက် စည်းချက်ကျကျ ကွက်ဖော်နေသော မြင်းခွာသံကို နားထောင်ရင်း တောင်ပေါ်မြို့၏ ညပသာဒကို ငေးမောကြည့်ရှုရလေမလား။

ရထားလုံးမောင်းသူကို မြင်ရသည်မှာ အမေရိကန်ကောင်းဘွိုင်တစ်ယောက်နှင့် တူနေလေသည်။

ချယ်ရီမြိုင်ဧည့်ရိပ်သာဟူ၍ ရထားလုံးမောင်းသူကို လှမ်းပြောပြီး သူ ရထားလုံးပေါ်သို့ တက်လိုက်သည်။ ငြိမ့်ခနဲ တစ်ချက်လှုပ်ခါသွားကာ ရထားဘီးစရှိလှိမ့်သည်။ ရထားလုံးက မန္တလေး-လားရှိုး လမ်းမကြီးအတိုင်း တောင်ဘက်သို့ စုန်လာသည်။ မကြာမီ နာရီစင်လမ်းဆုံသို့ ရောက်သည်။ ထိုမှလွန်သော် ရုပ်ရှင်ရုံ၊ စာတိုက်နှင့် မြို့နယ်ခန်းမတို့ကို တွေ့ရသည်။

လမ်းမကြီး၏လက်ဝဲဘက် ဇီဝကလမ်းထဲသို့ ချိုးလိုက်သောအခါ အလင်းရောင်မှိန်ပျသွားတော့သည်။ ပြည်သူ့ဆေးရုံနှင့် ပြည်သူ့ဆောက်လုပ်ရေး အဆောက်အအုံများကို ဖြတ်သန်းသည်။ အချိန်တိုအတွင်း ဂေါက်ကလပ်မြို့ကန်တော်လေးသို့ ရောက်လာလေသည်။

ချယ်ရီမြိုင်ဧည့်ရိပ်သာသို့ မရောက်မီ လမ်းဆုံတစ်ခု ရှိသည်။ လမ်းဆုံ၏ လက်ဝဲဘက်၌ မေဦးလွင်ဧည့်ရိပ်သာ ရှိသည်။ ရထားလုံးက ချယ်ရီမြိုင်ဧည့်ရိပ်သာ အဝင်ဝတံခါးအနီးတွင် တုံ့ခနဲရပ်သွားသည်။ သူ ရထားပေါ်မှ ဆင်းသည်။ ရထားလုံးမောင်းသူကို ကျသင့်ငွေပေးသည်။ ထို့နောက် ရထားလုံးထွက်ခွာသွားသည်။

ဧည့်ရိပ်သာအဝင်သို့ သူ မျက်နှာမူသည်။ ထိုစဉ် သူ့အနီး၌ ရုတ်ခြည်း လူရိပ်သဏ္ဌာန်တစ်ခု ဘွားခနဲ ပေါ်လာသည်ကို တွေ့လိုက်ရသည်။ ထိုသဏ္ဌာန်ကြောင့် သူ အထိတ်တလန့် ဖြစ်သွားသည်။ ထိုသဏ္ဌာန်ကို သူ ဦး

www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုသဏ္ဌာန်မှာ မိန်းကလေးတစ်ဦး ဖြစ်နေသည်။ မိန်းကလေးက သူ့ကို စူးစူးစိုက်စိုက် ကြည့်နေသည်။

"မင်း ဘယ်သူလဲ၊ ဘာလုပ်နေတာလဲ"

သူ့အမေးကို မိန်းကလေးက မတုံ့ပြန်။ မျက်လုံးအိုင်းသားနှင့် ကြည့်မြဲကြည့်နေလေသည်။ သူတစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထလာပြီး ခေါင်းနားပန်းကြီးသွားမိသည်။

"ဒီလိုအချိန်ကြီး လမ်းပေါ်မှာ ဘာလုပ်နေတာလဲ။ သရဲကျနေတာပဲ"

နှုတ်က တီးတိုးရေရွတ်ပြီး ဧည့်ရိပ်သာဝင်းအတွင်းသို့ သူ လှမ်းဝင်လိုက်သည်။ ခြေလှမ်းသုံး၊လေးလှမ်း လှမ်းပြီး ချိန်လောက်တွင် သူနောက်ဘက်သို့ တစ်ဖန်ပြန်လှည့်ကြည့်သည်။ သူနောက် မလှမ်းမကမ်းဆီမှ မိန်းကလေး လိုက်ပါလာကြောင်း တွေ့လိုက်ရသည်။ သူ ခြေလှမ်းကို ပို၍ သွက်သွက်လျှောက်သည်။ တစ်ခဏနှင့် တည်းခိုရာ အဆောင်အနီးသို့ ရောက်သွားသည်။ အခန်းတံခါး မဖွင့်မီ မိန်းကလေး၏ အခြေအနေကို သိလိုၗ အဝင်ဝသို့ ပြန်ကြည့်သည်။ မိန်းကလေးကို ဧည့်ရိပ်သာအဝင်ဝ၌ ရပ်လျက် တွေ့ရသည်။ ဘောင်းဘီအိတ်အတွင်းမှ အခန်းသော့ကို ကပျာကသီရှိုက်ယူပြီး တံခါးဖွင့်သည်။ တံခါးဖွင့်သည်နှင့် အခန်းတွင်းသို့ လှစ်ခနဲတိုးဝင်သည်။ အခန်းတွင်းသို့ ရောက်လေမှ သူ လုံခြုံသွားသလို ခံစားချက် ဖြစ်လာသည်။

သူ့ရင်တွေက ဒိတ်ဒိတ်ခုန်နေသည်ကို သတိပြုမိသည်။ သူ တစ်စုံတစ်ရာကို ထိတ်လန့်ကြောက်ရွံ့နေလေသည်လား။ သူ ဘာကြောင့်ထိတ်လန့်ကြောက်ရွံ့စိတ် ဝင်ရပါသနည်း။ အသက်(၅၀)နီးပါးအရွယ် လူကြီးတစ်ဦးအနေဖြင့် အစဉ်းစား အဆင်ခြင်မဲ့ တုန်လှုပ်လှုပ်ရှားရပါမည်လား။

အနီမိန်းကလေးသည် သူ့ကို စူးစိုက်ကြည့်နေရုံမျှသာ ပြုမူခဲ့ခြင်းဖြစ်သည်။ စူးစိုက်ကြည့်ရုံဖြစ်သော အကြည့် တစ်ချက်ကြောင့် စိတ်မငြိမ်မသက် ဖြစ်ရခြင်းအပေါ် သူ မကျေမချမ်း ဖြစ်ရလေသည်။

ထိုစိတ်ဖြင့် သူ အဝတ်အစားလဲသည်။ ရေချိုးခန်း

www.burmeseclassic.com

သည်။ ခြေလက်မျက်နှာ သန့်စင်သည်။ ပြီးသော် အိပ်ခန်းထဲသို့ ပြန်လာသည်။

အိပ်ရာအသုံးအဆောင် ပြည့်စုံစွာဖြင့် ပြင်ဆင်ထားသော အိပ်ရာကိုမြင်တော့ သူ အိပ်ချင်စိတ်ဝင်လာသည်။ သည်လို ကောင်းမွန်သန့်ပြန့်သော အိပ်ရာနှင့် ဝေးခဲ့လေသည်မှာ နှစ်(၂၀)နီးပါး ရှိလေပြီထင်သည်။ ထိုကာလအတွင်း သူ အိမ်ခြေယာခြေမရှိ လှည့်လည်သွားလာ နေထိုင်ခဲ့သည်။ ရွှေမှော်သို့ ရောက်ခဲ့သလို ကျောက်မှော်သို့လည်း ရောက်ခဲ့သည်။ ကျောက်တူးသမား၊ ရွှေတူးသမားအဖြစ်ဖြင့် မိုးကုတ်၊ ဖားကန့်နှင့် သပိတ်ကျင်း အစရှိသော ရတနာမြေတို့၌ ကျင်လည်ကျက်စားခဲ့သည်။ နေရာပေါင်းစုံ၌ လူပေါင်းစုံကို တွေ့ခဲ့ရသည်။ ယုတ်စွအဆုံး လမ်းပေါ်၌တွေ့သော ဣတ္ထိယအချို့နှင့်လည်း တွေ့ကြုံဆုံစည်းခဲ့ရသည်။

သို့သော် သူသည် အနောင်အဖွဲ့ကိုရှောင်သည်။ အချုပ်အချယ်ကို လက်မခံခဲ့ချေ။ သူ့မှာ အကြောင်းပြချက် ခိုင်ခိုင်မာမာရှိသည်။

ငယ်နစဉ်ဘဝက မေတ္တာဆိုသော အာဟာရကို မစားမသောက်ခဲ့ရဘဲ ပထွေး၏ ဒေါသ၊ အမျက်၊ အာဃာတနှင့် ရက်စက်မှုများကိုသာ သောက်မျိုခဲ့ရသောကြောင့် မေတ္တာ၏ သဘော၊ အချစ်၏ အတိမ်အနက်ကို လက်မခံနိုင်ခြင်းဖြစ်သည်။

သူ ယုံကြည်လက်ခံသောအရာမှာ အရာရာကို စေစားဖန်ဆင်း လွှမ်းမိုးခြယ်လှယ်နိုင်စွမ်းရှိသော ငွေအသပြာကို သာလျှင် ဖြစ်သည်။

တစ်ခါတစ်ရံမှာတော့ ငွေအသပြာသည် အရာအားလုံး အပေါ်၌ အမှန်တကယ်ပင် လွှမ်းမိုးနိုင်ပါမည်လား။ ခြယ်လှယ်နိုင်ပါမည်လားဟူ၍ စိတ်မှာ အတွေးဝင်မိသည်။ ငွေအသပြာထက် အရေးပါသောအရာများ လောကကြီးထဲတွင် မရှိနိုင်ပေဘူးလားဟူ၍လည်း စောကြောဝေဖန်နေမိသည်။

ဘဝတည်ဆောက်ရာတွင် ငွေအသပြာတစ်ခုတည်းဖြင့် တည်ဆောက်၍ ရနိုင်ပါသလား။

♦ ♦ ♦

'လာ..ဖော်ဦး၊ မင်း လာမယ်ဆိုလို့ မျှော်နေတာ။ ဘယ်လိုလဲ။ မင်းအလုပ်တွေ လက်စသတ်လိုက်ပြီလား'

အနီးစခန်းတွင်ရှိသော အစ်ကိုဝမ်းကွဲတော်စပ်သူ ဦးတင်ဝင်းခြံသို့ အောင်ဇော်ဦး ရောက်သွားသည်။ ဦးတင်ဝင်းသည် သစ်တောဝန်ထမ်းဘဝမှ အငြိမ်းစားယူခဲ့သူဖြစ်ပြီး အိမ်ထောင်မရှိသော လူလွတ်တစ်ဦးဖြစ်သည်။ အနီးစခန်းတွင် ဒေသထွက်သစ်သီးဝလံများကို ပြုပြင်၍ ယိုမျိုးစုံလုပ်ငန်းလုပ်ကိုင်လျက် ရှိသည်။

'အားလုံး လက်စသတ်လိုက်ပါပြီ။ အဲဒါကြောင့် အစ်ကိုကြီးနဲ့ နေတော့မလို့ ရောက်လာတာ'

'ကောင်းတာပေါ့ကွာ၊ ငါလည်း အဖော်ရတာပေါ့။ ငါ့ခြံထဲမှာ မင်းကြိုက်သလို နေနိုင်တယ်'

ဦးတင်ဝင်း၏ ခြံဝင်းသည် (၂)ဧကခန့် ကျယ်ဝန်းသည်။ ခြံဝင်းထဲတွင် ယိုစုံလုပ်ငန်း အဆောက်အအုံတန်းလုံးနှင့် အိမ်တစ်လုံး ဆောက်လုပ်ထားသည်။

'အစ်ကိုကြီးပိုင် မြေထဲက အိမ်တစ်လုံးစာ မြေနေရာကို ကျွန်တော် ဝယ်လို့မရဘူးလား'

'ဘာလဲ၊ မင်းက သီးခြားအိမ်ဆောက်ပြီး နေချင်လို့လား။ ဝယ်ချင်ရင်လည်း ရောင်းပေးမှာပါ။ မဝယ်ဘဲလည်း ဖြစ်ပါတယ်။ မင်း စိတ်ချမ်းသာသလို လုပ်ပါ'

သို့ဖြင့် အောင်ဇော်ဦးသည် ဦးတင်ဝင်းထံမှ မြေအနားအား ဝယ်ယူခဲ့ပြီး နေထိုင်ရန် အိမ်တစ်ဆောင်ကိုလည်း ဆောက်လုပ်နိုင်ခဲ့လေသည်။

'မင်းမှာ ငွေကျန်ရှိသေးရင် စီးပွားရေးအလုပ်လုပ်ဖို့ စဉ်းစားပေါ့'

'ဟုတ်ကဲ့ အစ်ကိုကြီး၊ အချိန်ယူလေ့လာပြီးရင် လုပ်မှာပါ'

တစ်ခုသော နေ့တစ်နေ့တွင် အောင်ဇော်ဦးသည် ဦးတင်ဝင်းအိမ်သို့ သွားရောက်၍ ရောက်မဆိုက်ပင် 'အစ်ကိုကြီး..သရဲကစ္ဆေ တကယ်ရှိလား'ဟု မေးခွန်းထုတ်လိုက်သည်။

ဦးတင်ဝင်းက အောင်ဇော်ဦးကို ဧဝေဝါမျက်ဝန်းဖြင့် လှမ်းကြည့်သည်။

'အတိုဆုံး အရှင်းဆုံး ပြောရရင် တို့တွေ အလွယ်ခြေနေကြတဲ့ တစ္ဆေတို့၊ သရဲတို့ဆိုတာ သုံးဆယ့်တစ်ဘုံလောသားတွေထဲက ပြိတ္တာဘုံသားကို ခေါ်တာပေါ့။ တချို့တွေပေငွေထဲမှာတော့ အသူရကာယ်ကိုပါ ပြိတ္တာဘုံထည့်ဖော်ပြကြတယ်'

'တစ္ဆေသရဲ၊ အဲလေ..ပြိတ္တာကို မျက်စိနဲ့ မြင်နိုင်လား အစ်ကိုကြီး'

'အများအားဖြင့် ပြိတ္တာတွေဟာ တောကြီးတောင်ကြီးတွေမှာပဲ နေကြတယ်လို့ဆိုတယ်။ သာမန်လူတွေရဲ့မျက်စိနဲ့

www.burmeseclassic.com

www.burmeseclassic.com

မခြင်နိုင်ဘူးတဲ့။ ဒါပေမဲ့ ကိုယ်ထင်ပြရင်တော့ မြင်ရသတဲ့'

အောင်ဇော်ဦး စိတ်ဝင်စားစွာ ငြိမ်၍နားထောင်နေသည်။ နှုတ်ကမူ ကိုယ်ထင်ပြရင် မြင်ရတယ်ဆိုပါလားဟူ၍ တိုးတိုးဖွဖွ ရေရွက်နေသည်။

'အစ်ကိုကြီးရော ပြိတ္တာကို မြင်ဖူးသလား'

'အင်း..မြင်ဖူးတယ်လို့ ပြောရမယ်။ ငါ သစ်တောဌာနမှာ အလုပ်လုပ်တုန်းက ကျားကိုက်လို့ သေသွားတဲ့ ဝန်ထမ်းတစ်ယောက် မကျွတ်ဘဲ ဘိုတဲမှာ သွားနေလာနေတာကို မကြာ,မကြာ တွေ့ခဲ့ဖူးတယ်'

'ကျွန်တော်လည်း ပြိတ္တာကို မြင်ဖူးတယ် အစ်ကိုကြီး'

'ဟေ..ဟုတ်လား။ ဘယ်လိုက္ခ ဇော်ဦး၊ မင်းလည်း ပြိတ္တာကို မြင်ဖူးတယ်'

ဦးတင်ဝင်း 'အံ့သြသွားသည်လား၊ မယုံမကြည်ဖြစ်သွားသည်လား သူ မဝေခွဲတတ်။

'ဟုတ်တယ် အစ်ကိုကြီး၊ ကျွန်တော် ပြိတ္တာကို မြင်ဖူးတယ်။ မြင်တာမှ မကြာ,မကြာကို မြင်နေရတာ'

သည်တစ်ကြိမ်မှာတော့ ဦးတင်ဝင်း အမှန်ပင်အံ့သြသွားပုံရသည်။

'ဘယ်မှာ မြင်တာလဲ။ ငါ့ခြံထဲမှာလား။ ဟုတ်ရဲ့လား ဇော်ဦး'

အောင်ဇော်ဦး စကားမပြန်ဘဲ နှုတ်ဆိတ်နေလိုက်သည်။

'ဒီခြံထဲမှာ ငါနေလာတာ (၁၀)နှစ်ကျော်နေပြီ။ ဘာမှ မရှိပါဘူးကွာ။ မင်းက ဘယ်မှာဘယ်လို တွေ့လိုက်တာလဲ'

'ကျွန်တော့်အထင် အဲဒီပြိတ္တာက ကျွန်တော့်နောက်ကို လိုက်လာသလား မသိပါဘူး'

'ဟေ..မင်းနောက်ကို လိုက်လာတယ်။ ဘယ်သူက မင်းနောက်ကို လိုက်လာတာလဲ။ မင်းဥစ္စာက စိတ်ဝင်စားစရာဖြစ်နေပြီ။ လုပ်စမ်းပါဦး။ မင်းနောက်ကို လိုက်နေတဲ့ ပြိတ္တာအကြောင်းကို'

အောင်ဇော်ဦး တွေးတွေးဆဆဟန်ဖြင့်-

'ကလေးမလေးတစ်ယောက်ပဲ အစ်ကိုကြီး။ ကျောင်းဝတ်စုံလေး ဝတ်ထားတယ်။ ထူးခြားတာက ဘယ်ဘက်နှုတ်ခမ်းပေါ်မှာ စံပယ်တင်မဲ့လေး ပါတယ်။ ချယ်ရီဖြူင့ ဧည့်ရိပ်သာရှေ့မှာ စစချင်း တွေ့တုန်းကတော့ ကျောင်းသူအရွယ် ကလေးမလေးမှန်း မသိခဲ့ရဘူး။ အချိန်ကလည်း ညဘက်ဖြစ်နေပြီဆိုတော့ အစ်ကိုကြီးခြံထဲကို ရောက်ခါမှ ကျွန်တော်နေဖို့ အိမ်ဆောက်ပြီးခါမှ နေခင်းဘက်မှာ တွေ့လိုက်ရပြီး သူကို ကျောင်းသူအရွယ်လေးဖြစ်နေမှန်း သိလိုက်ရတာ'

ဦးတင်ဝင်း မျက်မှောင်ကြုတ်သည်။ အောင်ဇော်ဦးကို စိမ်းစိမ်းကြည့်သည်။

'မင်း နောက်နေကာတော့ မဟုတ်ပါဘူးနော် ဇော်ဦး'

'ဪ..အစ်ကိုကြီးရယ်၊ ကျွန်တော် ဘယ်တုန်းကမျှား အစ်ကိုကြီးကို မရိုးမသား မလေးမစား ဆက်ဆံခဲ့ဖူးလို့လဲ။ နောက်နောက်ပြောင်ပြောင် နေခဲ့ဖူးလို့လား'

'မင်းဟာက နေခင်းကြောင်တောင်ကြီး တစ်ယောသရဲကို မြင်လိုက်ရတယ် ဆိုလို့ပါ'

'အဲဒါ အမှန်ပဲ အစ်ကိုကြီး၊ အနီးကပ်ကို မြင်နေရတာ။ ကျွန်တော် ယုံတောင်မယုံနိုင်ဘူး။ တစ်ချိန်လုံး ကျွန်တော့် အနားမှာ ရှိနေတယ်။ ဘယ်ကိုမှမသွားဘဲ သူ အနားမှာ ရှိနေတယ်လို့ ခံစားနေမိတယ်'

♦ ♦ ♦

'သူ ရောက်နေပြီ အစ်ကိုကြီး'

ခြံတွင်းမှ တစ်နေရာကို အောင်ဇော်ဦး စိုက်ကြည့်ယူက် ဦးတင်ဝင်းကို အသိပေးလိုက်သည်။

ဦးတင်ဝင်းက 'ဘယ်မှာလဲ ဇော်ဦး၊ ဘယ်မှာလဲ' ဟုသံလိုစိတ်ဖြင့် ပြန်မေးသည်။

'ဟိုမှာလေ၊ အစ်ကိုကြီးရဲ့ ညာဘက်ဘေးနားလေးမှာ ကြည့်ရပ်နေတာ'

ဦးတင်ဝင်း ဘေးဘယ်ညာကို လှည့်ပတ်ကြည့်ရှုပြီး ရှာဖွေနေပြန်သည်။

'ငါ့ဝေ့ ဘာမှမမြင်ပါဘူးကွာ'

ဦးဇ[illegible] မျက်နှာပေါ်၌ မဝေခွဲနိုင်သော အမူအရာက အထင်အား ပေါ်လွင်နေသည်။ သံသယမျက်စိမ်းကိုလည်း အောင်ဇော်ဦး မြင်ဖြစ်အောင် မြင်လိုက်ရသည်။ ကလေးမလေးက အောင်ဇော်ဦးကို မမှိတ်မသုန် ကြည့်နေသလို ရုံဖန်ရံခါ ဦးတင်ဝင်းဆီသို့လည်း အကြည့်ရောက်တတ်သည်။

'အစ်ကိုကြီး.. ကျွန်တော့်ကို သံသယဝင်နေတယ် မဟုတ်လား'

'သံသယဝင်တယ်ဆိုတာထက် မင်း ခုလိုဖြစ်နေတာကို နားမလည်နိုင် ဖြစ်နေတယ်။ ချက်ချင်းကြီး လက်ခံနိုင်ဖို့ ခက်နေတယ်လို့ ပြောရမယ်။ မင်း ဘာကြောင့် ဒီလိုဖြစ်နေ

www.burmeseclassic.com

ရတာလဲ။ တကယ်ပဲ အဲဒီကလေးမလေးက မင်းအနားမှာ မခွာနိုင် ဖြစ်နေတာလား။ ဒါမှမဟုတ် မင်းကိုယ်တိုင်က စိတ်ချောက်ချားနေပြီး မြင်မိမြင်ရာ ထင်ယောင်ထင်မှား ဖြစ်နေတာလား။ ငါမြင်ဖူးခဲ့တယ်ဆိုတဲ့ ကျားကိုက်လို့ သေပြီး မကျွတ်မလွတ်ဖြစ်နေတဲ့ ဝန်ထမ်းလေးကိုကျတော့ ငါ တစ်ယောက်တည်း မြင်ရတာ မဟုတ်ဘူး။ တခြားလူတွေပါ မြင်ကြရတာ'

'အစ်ကိုကြီးအမြင်မှာ ကျွန်တော့်ပုံက စိတ်ချောက် ချားနေသလို ဖြစ်နေလား'

'မဖြစ်ပါဘူး။ မင်းပုံက တည်တည်ငြိမ်ငြိမ်ပါပဲ။ ဘာ မှထူးခြားတာ မတွေ့ရပါဘူး။ စကားပမာ ဝေဖန်နိုင်အောင် ငါက အချက်တွေ ထုတ်ပြတာပါ။ မင်းအပေါ် သံသယ လည်း မရှိပါဘူး။ ထူးဆန်းနေလို့ ဖြစ်တောင့်ဖြစ်ခဲအဖြစ် မို့လို့ ပြောနေရတာပါ'

တစ်ခဏာမျှ စကားဝိုင်း တိတ်ဆိတ်သွားသည်။

'ဟိုမှာ အစ်ကိုကြီး၊ သူ ဟိုဘက်ကို ထွက်သွားပြီ။ ဟိုမှာ..ဟိုသစ်တုံးလေးပေါ်မှာ သွားထိုင်နေပြီ'

အောင်ဇော်ဦး လက်ညှိုးညွှန်ရာ အရပ်ဆီသို့ ဦးတင်ဝင်း အကြည့်ကိုပို့သည်။ သို့သော် ဦးတင်ဝင်းထံမှ မှတ် ချက်တစ်စုံတစ်ရာ ထွက်ပေါ်မလာချေ။ တစ်ခဏာချင်းမှာပင် အောင်ဇော်ဦးဘက်သို့ မျက်နှာလှည့်လာသည်။

'ဘယ်အရာမှာမဆို ကြောင်းကျိုးဆက်စပ်မှု ရှိတယ် ကွ။ အကြောင်းမရှိဘဲ အကျိုးတရား ဖြစ်မလာဘူး။ ငါ စဉ်းစားမိတာ တစ်ခုရှိတယ်'

ဦးတင်ဝင်း၏အမူအရာ လေးနက်သွားသည်။

'မင်း ရွှေမှော်၊ ကျောက်မှော်တွေမှာနေတုန်းက မင်းနဲ့ ပတ်သက်ဆက်ဆံခဲ့ဖူးတဲ့ မိန်းကလေးတွေရှိတယ် မဟုတ် လား'

ဦးတင်ဝင်းအမေးကို သူ ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံ ရာ ရောက်သွားသည်။

'လူသတ္တဝါတွေဆိုတာ သမုဒယတွေ။ ဥပါဒါန်တွေ နဲ့ သံသရာမှာ ကျင်လည်နေကြရတာ။ မင်းနဲ့ နီးနွယ်ခဲ့ဖူး တဲ့ မိန်းကလေးတစ်ယောက်ယောက်က တမလွန်ရောက် တဲ့အထိ မင်းကို စွဲစွဲလမ်းလမ်းဖြစ်နေပြီး မင်းနောက်ကို တကောက်ကောက် လိုက်နေတာများလား'

အောင်ဇော်ဦးအတွေးက အတိတ်နှင့် ပစ္စုပ္ပန်ခရီးကို လွန်းထိုးမောင်းနှင်နေပြန်သည်။ အတန်ကြာသွားသည်။

'မဖြစ်နိုင်ဘူး အစ်ကိုကြီး၊ ကျွန်တော်တွေ့ခဲ့တဲ့ မိန်းမ တွေထဲမှ ဒီလိုငယ်ငယ်ရွယ်ရွယ်မိန်းကလေး တစ်ယောက်မှ မရှိခဲ့ဖူးဘူး။ ရွှေတော၊ ကျောက်တောတွေမှာ ကျင်လည် နေကြတဲ့ မိန်းမအများစုဟာ နုနုနယ်နယ် မနူးမနပ်အရွယ် တွေ မဟုတ်ကြပါဘူး'

'ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ကွာ။ သေချာတာကတော့ ခု မင်းမြင်နေရတဲ့ မိန်းကလေးဟာ အတိတ်ကာလတုန်းက မင်းနဲ့ မလွဲမသွေ ပတ်သက်ခဲ့ရမယ်။ ပတ်သက်စရာ အကြောင်း ရှိခဲ့ရမယ်။ ပြီးတော့ ခုထိ ပတ်သက်စရာ အကြောင်း မကုန်နိုင်သေးလို့ နောက်က တကောက်ကောက် လိုက်နေတာပဲ ဖြစ်ရမယ်။ ဒါနဲ့နေပါဦး။ မင်း သူ့ကို မကြောက်ဘူးလား။ သရဲတစ္ဆေနဲ့တွေ့တဲ့လူတိုင်း မကြောက် တဲ့လူ မရှိဘူး'

'ချယ်ရီမြိုင်နားမှာ စတွေ့တုန်းက သရဲတစ္ဆေမှန်း မသေချာသေးဘူး။ ဒါပေမဲ့ ကြောက်စိတ်နည်းနည်းဝင် တယ်။ အစ်ကိုကြီးခြံထဲမှာ နောက်တစ်ကြိမ် ပြန်တွေ့တော့ အံ့သြစိတ်ပိုနေလို့ ကြောက်စိတ်သိပ်မရှိခဲ့ဘူး။ နောက် တစ်ကြိမ် တံခါးအလုံပိတ်ထားတဲ့ အခန်းထဲကို ညကြီး သန်းခေါင် ရောက်လည်း ရောက်လာရော ကျွန်တော် ဘာ စရာမရှိတော့လောက်အောင်ကို ကြောက်သွားမိတယ်။ ခု တော့ သူ့ကိုမြင်ရဖန်များလို့လားမသိဘူး လုံးဝကိုမကြောက် တော့ဘူး'

ဦးတင်ဝင်း ခေါင်းတညိတ်ညိတ် လုပ်နေလေသည်။

'အတွေးတစ်ခုရပြီ အော်ဦး။ ဟုတ်၏၊ မဟုတ်၏ ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုတာကိုတော့ ကာယက်ရှင်က ဆုံးဖြတ် ပေါ့ကွာ။ မင်းအကြောင်း မင်းပဲ ပိုသိမှာပေါ့'

မင်းမှာ အရင်းနှီးဆုံးနဲ့ တာရှည်လေးမြင့် နေခဲ့ဖူးတဲ့ မိန်းမ။ အဲဒီမိန်းမမှာ ကိုယ်ဝန်ကျန်ခဲ့၊ ကလေးမွေး၊ အရွယ် ရောက်လာ၊ ကျောင်းသူလေးဖြစ်၊ အဖေဖြစ်သူကိုတွေ့ချင် အဲဒီအတောအတွင်း အကြောင်းတစ်ခုခုနဲ့ သေဆုံး၊ အ ကို တွေ့ချင်မြင်ချင်တဲ့ သမုဒယတဏှာကြောင့် လိုက်ရှာ မကျွတ်မလွတ်ဘဝနဲ့ အဖေ့အနားမှာ တဝဲလည်လည်ဖြစ် နေ၊ အဲဒီလိုရော မဖြစ်နိုင်ဘူးလား'

♦ ♦ ♦

မန္တလေး-မြစ်ကြီးနား အဆန်အထူးအမြန်ရထားသည် နန်းမားဘူတာသို့ နံနက်လင်းအားကြီးအချိန်တွင် ဆိုက် ရောက်လာသည်။ နန်းမားသည် မိုးညှင်းမြို့နှင့် ပုပ်ပြင်

www.burmeseclassic.com

www.burmeseclassic.com

အကြားတည်ရှိသော မြို့ငယ်လေးဖြစ်သည်။

"နန်းမားမှာ မောင်စိန်ဆိုတဲ့ အသိတစ်ယောက်ရှိတယ်။ အရင်ဆုံး သူ့ကို တွေ့ရမယ်။ သူနဲ့တွေ့ပြီးမှ ရွှေမှော်ကို ဆက်သွားကြတာပေါ့"

မန္တလေးမြို့ (၂၉)လမ်းပေါ်တွင်ရှိသော တည်းခိုခန်းတစ်ခုတွင် တည်းခိုရင်း ကြည်ဝင်းဆိုသူ လူငယ်တစ်ဦးနှင့် အောင်ဇော်ဦး ဆုံစည်းခဲ့သည်။ တစ်ဦးနှင့်တစ်ဦး မိတ်ဆွေဖွဲ့ခဲ့ကြသည်။

"ကျွန်တော်လည်း ကိုဇော်လိုပဲ အိမ်က ထွက်ပြေးလာတာ။ စီးပွားရေးအဆင်မပြေတော့ မိသားစုထဲမှာ ခဏ၊ ခဏ ပြဿနာဖြစ်တယ်။ အဲဒါကြောင့် ငွေရှာမယ်ဆိုပြီး ထွက်လာလိုက်တာ"

ရှေ့ခရီးအတွက် သူတို့နှစ်ဦး တိုင်ပင်ကြသည်။ ရွှေမှော်၊ ကျောက်မှော်များသို့ သွားရောက်၍ ငွေရှာကြရန် သဘောတူခဲ့ကြသည်။

"ကံကုန်းကြီးရွာ တောင်ဘက်မှာ ရွှေမှော်တစ်ခု ရှိတယ်။ နန်းမားနဲ့ (၆)မိုင်လောက်ပဲ ဝေးတယ်။ ကျွန်တော့် အသိ ကျင်းထောင်ထားတဲ့လူတွေ အတော်များများရှိတယ်။ အစ်ကိုတို့နှစ်ယောက် အလုပ်ရအောင် ကျွန်တော် ကူညီပေးမယ်"

နန်းမားမြို့၊ ရွှမ်းပိုင်းတွင် နေထိုင်သူ ကြည်ဝင်း၏ မိတ်ဆွေ မောင်စိန်က ပြောပြသည်။ မောင်စိန်၏နေအိမ်တွင် သူတို့နှစ်ဦး တစ်ည၀တာ နားခိုခဲ့ရပြီး နောက်တစ်နေ့တွင် နန်းမားမှ ကံကုန်းကြီးသို့ ခြေကျင်ခရီးနှင်ခဲ့ကြရလေသည်။

ကံကုန်းကြီးရွှေမှော်သို့ ရောက်သွားသောအခါ မောင်စိန်၏ မိတ်ဆွေဖြစ်သူ ကိုရွှေကျော်က သူပိုင်ရွှေကျင်း၌ အောင်ဇော်ဦးတို့ နှစ်ဦးကို ကျင်းသားအဖြစ် အလုပ်ခန့်ခဲ့လေသည်။

နာမကျန်းဖြစ်သောအခါများမှလွဲ၍ နေ့စဉ်ရက်စက် ဆိုသလိုပင် ရွှေမှော်ထဲ၌ တူးလိုက်ဆွလိုက်ဖြင့် အချိန်ကုန်လွန်ခဲ့သည်။

ညနေခင်းအချိန်များမှာတော့ သူတို့ အနားရကြသည်။ ထိုအခါ စျေးတန်းလေးသို့ သွားရောက်အပန်းဖြေကြရသည်။ စျေးတန်းလေး၌ ဗီဒီယိုရုံရှိသည်။ ယမကာဆိုင်ရှိသည်။ ထမင်းဆိုင်ရှိသည်။ လက်ဖက်ရည်ဆိုင်ရှိသည်။ ခေါက်ဆွဲဆိုင်ရှိသည်။ တစ်ခုသော ယမကာနှင့် ထမင်းရောင်းသော ဆိုင်သည် အောင်ဇော်ဦးတို့နှစ်ဦး အမြဲလိုလို စတည်းချရာနေရာဖြစ်သည်။ ထိုဆိုင်လေးရှိ မိသားစု(၃)ဦးရှိပြီး အငယ်တော်ကြီးဒေသရှိ မမုန်ကိုင်ရွာတွင် နေထိုင်သော ရွှမ်းလူမျိုးများ ဖြစ်သည်။

"ကိုဇော်တို့များ နေနိုင်လိုက်တာ၊ အေးလှတို့ဆိုင်ကို စိတ်ကူးပေါက်မှပဲ ရောက်လာတော့တယ်"

တစ်ခါတစ်ရံ အနီဆိုင်လေးသို့ မသွားနိုင်သော အကြောင်းကလည်း ပေါ်လာလေ့ရှိသည်။ ထိုအခါများတွင် အေးလှသီဆိုသော အမျိုးသမီးက စကားနာထိုးသည်။ အေးလှသီသည် အောင်ဇော်ဦးနှင့် သက်တူရွယ်တူ အသက် (၃၀)နီးပါးအရွယ်ဖြစ်ပြီး အိမ်ထောင်ပျက် တစ်ခုလပ်ဖြစ်သည်။

"အေးလှတို့က တောသူမမို့လို့ ကိုဇော်က အထင်မကြီးဘူးပေါ့လေ"

အောင်ဇော်ဦးသည် အချစ်ကို ယုံကြည်သူ မဟုတ်။ သူ ရွှေမှော်သို့ လာရောက်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ရွှေရှာရန်နှင့် ငွေရှာရန်သာ ဖြစ်သည်။ အချစ်သည် ဟန်ပြစကားလုံးသက်သက်သာဖြစ်ပြီး ထင်ကြေသောင်းကျန်းလှသော သွေးသားဆန္ဒကို ဖြေဖျောက်ရန်အတွက် သုံးနှုန်းသော ဟန်ဆောင်စကားလုံးသာဖြစ်သည်။ အချစ်ဆိုသော အသံကို ကြားလိုက်ရသည်နှင့် ကျီးအာသီးကို သူ ပြေးမြင်သည်။ အချစ်သည် အနှစ်မရှိသော အပေါ်ယံ အလှအပသာလျှင် ဖြစ်သည်။

"ခုတစ်လော ကိုဇော် မိနိုင်တို့ဆီ အာရုံကျနေတယ် မဟုတ်လား"

အေးလှသီ နှုတ်ခမ်းစူသည်၊ ခြေဆောင့်သည်။ ထိုအခါများတွင် အောင်ဇော်ဦး တစ်စုံတစ်ရာ မတုံ့ပြန်မိဘဲ ပြုံး၍သာနေလိုက်သည်။ အေးလှသီစကား မှန်သောကြောင့် ဖြစ်သည်။ အေးလှသီပြောသော မိနိုင်၏ အမည်အပြည့်အစုံမှာ နိုင်နိုင်ဆွေဖြစ်သည်။ အေးလှသီနည်းတူ ရွှေမှော်တွင် ယမကာရောင်းသူ စျေးသည်တစ်ဦးဖြစ်သည်။ နိုင်နိုင်ဆွေသည် အရာရာကို အလေးအနက် မထားတတ်ဘဲ အလွယ်သဘောထားတတ်သူဖြစ်သည်။ ငွေသာလျှင် အဓိက၊ ငွေရလျှင်ပြီးရော သဘောထားသူ ဖြစ်သည်။ ရွှေမှော်ထဲတွင် နိုင်နိုင်ဆွေ၏ အချစ်ကို ရရှိထားသူ ပုရိသအများအပြားရှိသည်ဟု သတင်းကြီးလျက်ရှိပြီး ထိုပုရိသများထဲတွင် အောင်ဇော်ဦးသည်လည်း တစ်ယောက်အပါအဝင်ဖြစ်သည်။ သို့သော် သူသည် နိုင်နိုင်ဆွေထံမှ အချစ်ကို ငုံလင့်နေသူ

www.burmeseclassic.com

မဟုတ်။ ဆာလောင်မွတ်သိပ်လာပါက ဝမ်းမီးငြိမ်းရုံ၊ အဆာပြေ စားသောက်ရုံသာဖြစ်သော အချစ်ကိုသာ ရယူလိုသူဖြစ်သည်။

ရွှေမှော်ထဲတွင် လူအမျိုးမျိုး ရှိသည်။ မြန်မာပြည်အရပ်ရပ်မှ လာရောက်ကြသည်ဖြစ်၍ စရိုက်အဖုံဖုံ ရှိသည်ဟုလည်း ဆိုနိုင်သည်။ နေရာကွက်ကွက်လေးတစ်ခုတွင် လောကဓာတ်ခုံ အဖြစ်အပျက်စုံကို အချိန်တိုအတွင်း တွေ့မြင်နေရသည်။ မျက်စိအောက်မှာပင် ရွှေရ၍ အောင်မြင်သွားသူများ တွေ့ရသလို အရက်၊ ဘိန်း၊ မိန်းမ၊ လောင်းကစားစွဲ၍ ဘဝပျက်သွားသူတွေလည်း ဒုနှင့်ဒေးဆိုသလို တွေ့ရတတ်သည်။

ရပ်တွေ ရွာတွေထဲတွင် လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေးစားလိုက်နာသောအားဖြင့် ထိန်းထိန်းသိမ်းသိမ်း ဟန်ဆောင်ပန်ဆောင် နေထိုင်ကြရသော အလေ့ရှိသော်လည်း ရွှေမှော်ထဲတွင်မူ စည်းလွတ်ဘောင်လွတ် နေထိုင်ကြသည်က များလေသည်။ အများအားဖြင့် လူမှုရေးဖောက်ပြားကြခြင်းပင်ဖြစ်သည်။ ထို့ပြင် မူးယစ်ဆေးဝါးနှင့် လောင်းကစားရံများကလည်း မှော်လူထုကို မြှုဆွယ်ဖြားယောင်း ဖျက်ဆီးသမှု ပြုကြလေသေးသည်။

သို့သော် မှော်သည် ထာဝရကောင်းစားနေလေသည်တော့မဟုတ်၊ အချိန်ကာလတစ်ခုအထိသာ သက်တမ်းရှိသည်။ ရွှေအထွက် နည်းလာပြီဆိုသောသတင်း ကျယ်ပြန့်လာသည်ဆိုလျှင်ပင် ရွှေမှော်ကိုမှီ၍ အသက်မွေးမြှုကြရသော လူများသည် အနေးနှင့်အမြန် ဆိုသလို ရွှေမှော်မှ ထွက်ခွာသွားကြပြီး အခြားသော ရေကြည်ရာ မြက်နုရာ ရတနာသိုက်ရှိရာသို့ ပြောင်းရွှေ့သွားကြလေတော့သည်။

"ကိုဇော်..ဘယ်ကိုသွားမှာလဲ။ ဖားကန့်သွားပါလား။ အေးလှတို့ကတော့ လောလောဆယ် မမုန်ကိုင် ပြန်မယ်။ နောက်တော့မှ အခြေအနေကြည့်ပြီး လုပ်စားတော့မယ်။ တနိုင်းဘက်မှာတော့ ပယင်းထွက်နေတယ် ကြားတယ်"

ထိုတစ်ညက အရက်မကြိုက်သော အောင်ဇော်ဦးသည် အေးလှသီ၏ဆိုင်တွင် အရက်မူးသွားခဲ့ပြီး မှော်ထဲသို့ မပြန်နိုင်ဖြစ်ခဲ့ရလေသည်။

ထို့ပြင်..ထို့ပြင် အောင်ဇော်ဦးသည် အေးလှသီ၏ လက်ကိုဆွဲလျက် အမှောင်တကာ့အမှောင်ထဲသို့ နက်နက်ရှိုင်းရှိုင်း တိုးဝင်ရောက်ရှိသွားခဲ့လေသေးသည်။

"မမုန်ကိုင်ကို လိုက်ခဲ့ပါလား ကိုဇော်"

မိနစ်များစွာ ကုန်ဆုံးသွားသည်အထိ တံ့ဏှိဘာဝ ဖြစ်နေသောသူကို အေးလှသီ သဘောပေါက်နားလည်သွားပုံရသည်။

"အေးလှကို မေ့မသွားပါနဲ့ ကိုဇော်ရယ်"

♦♦♦

မမုန်ကိုင်သည် နန်းမားမှ ကျောက်စိမ်းမှော်သို့သွားသည့် ကားလမ်းပေါ်တွင် တည်ရှိသော ရွာလေးတစ်ရွာဖြစ်သည်။ မှော်မြေသို့ ရောက်ရှိရန် ဆယ်စင်းလမ်းနှင့် ဝေခ၊ ၁၀မိုင်ဟူ၍ လမ်းနှစ်သွယ်ရှိသည်။ အင်းတော်ကြီးဒေသကို ဖြတ်သန်းသွားရသော လမ်းများဖြစ်သည်။

ကံကုန်းကြီးရွာကို လွန်လေလျှင် တောင်ပေါ်လမ်းကို အသုံးပြုကြရသည်။ နွေရာသီတွင် ဖုန်ထူပြီး မိုးရာသီတွင် ရွံ့ဗွက်ထူသော လမ်းများဖြစ်သည်။

ဇီးကုန်း၊ နမ့်မွန်း၊ မမုန်ကိုင်နှင့် လုံးတုံရွာများသည် အင်းတော်ကြီးကန်၏ အနောက်တောင်ဘက်တွင် ရွာစုလိုက် တည်ရှိနေသော ရွာများဖြစ်သည်။ ရှမ်းလူမျိုးနှင့် ရှမ်း-ဗမာလူမျိုး အများစုနေထိုင်ကြသည်။ မိရိုးဖလာ လယ်ယာစိုက်ပျိုးရေးသည် အဓိကအသက်မွေးလုပ်ငန်းဖြစ်သည်။

သို့သော် စစ်မက်ဖက်ပြိုင်မှုရှိသော နယ်မြေဖြစ်၍ နယ်မြေလူထုဘဝသည် ကျိုးလန့်စာစားဖြစ်နေကြရသည်။ လက်နက်ကိုင်ဆောင်ထားသူမှန်သမျှကို ကြောက်ရွံ့နေသော မျက်စိသူငယ် နားသူငယ်ဘဝများ ဖြစ်ကြသည်။

ထိုရွာလေးများကို ကျော်လွန်ဖြတ်သန်းကာ ကျောက်စိမ်းမြေ၏ ရွာတစ်ရွာဖြစ်သော ဆိုင်းတောင်ရွာသို့ အောင်ဇော်ဦး ရောက်ရှိသွားသည်။ ဆိုင်းတောင်တစ်ဝိုက်တွင် ကျောက်စိမ်းမှော် အများအပြားရှိသည်။ အနီမှော်များထက် ကျင်းသားအဖြစ်လုပ်ကိုင်ရန် သူရည်ရွယ်ထားသည်။ ဦးဇော်နေထိုင်စရာ နေရာရှာရလေသည်။ မှော်မြေတွင် နေထိုင်သည် အထူးအထွေ ခက်ခဲစွာ ရှာဖွေရသောအရာမဟုတ်ချေ။ ဥရုချောင်းနံဘေးတွင် ပလက်စတစ်ဘဲထိုးပြီး တဲတစ်နေရာစာ ရှာလိုက်ရုံဖြင့် အဆင်ပြေနိုင်သည်။ ဒုတိယစားရေးသောက်ရေးကိစ္စ ဖြစ်သည်။ ဤသည်မှာလည်း ကျောက်တွင်းများ၌ စုပုံနေသော မြေစာများကို ခေါက်ထမ်း အလုပ်ဝင်လုပ်ခြင်းဖြင့် နပ်မှန်အောင် စားသောက်သည်ဖြစ်သည်။ မှော်မြေသည် အသောက်အစား၊ ကစားကင်းပြီး အလုပ်မရွေး လုပ်ကိုင်နိုင်သူများအ

www.burmeseclassic.com

www.burmeseclassic.com

တည်မှုလွယ်ကူသောနေရာ ဖြစ်လေသည်။

(၁၀)ရက်တစ်ပတ် လွန်မြောက်သွားသောအခါ အောင်ဇော်ဦး ကျင်းသားအလုပ်ကို လုပ်ကိုင်ခွင့်ရရှိလေသည်။ သူ အလုပ်လုပ်ရသောကျင်းသည် ဆိုင်းတောင်၏အနောက်ဘက် ဥရချောင်းအနီးတွင် တည်ရှိလေသည်။ ကျင်းသားများအဖို့ မိမိအစီအစဉ်ဖြင့် စီမံချက်ပြုတ်ရလေသည်။ တစ်ပတ်လျှင်တစ်ကြိမ် ဆိုင်းတောင်သို့တက်၍ ရိက္ခာဝယ်ခြင်း စုဆောင်းရလေသည်။ တစ်ရံတစ်ခါ၌ ကျင်းအတွက် လိုအပ်သော လက်သုံးကိရိယာတန်ဆာပလာများ ဝယ်ခြမ်းရသော အခါများလည်း ရှိတတ်သည်။

"ကိုဇော်..ကိုဇော် မဟုတ်လား"

ဆိုင်းတောင်စျေးတွင် မမျော်လင့်ဘဲ အေးလှသီနှင့် ပြန်လည်ဆုံတွေ့ခဲ့ကြခြင်း ဖြစ်သည်။

"ဝမ်းသာလိုက်တာ ကိုဇော်ရယ်၊ ပြန်မတွေ့တော့ဘူး လို့ ထင်နေတာ။ ဝမ်းသာလိုက်တာ၊ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး"

အမှန်ပင် အေးလှသီ ဝမ်းပန်းတသာ ဖြစ်နေသည်။

"အေးလှတို့က ဆိုင်းတောင်မှာ အိမ်ငှားနေတယ်။ အဖေရယ်၊ အမေရယ်နဲ့ မနက်စျေးမှာ ခေါက်ဆွဲရောင်းတယ်။ ညစျေးမှာတော့ ကံကုန်းကြီးမှာလိုပဲ ထမင်းနဲ့ ဘာညာ၊ဘာညာ ရောင်းတယ်"

အေးလှသီနှင့် သူပြန်လည်ဆုံစည်းကြပြီးသည့်နောက် မကြာခဏ တွေ့ဖြစ်ကြလေသည်။ ရံဖန်ရံခါ အေးလှသီသည် သူ အလုပ်လုပ်ကိုင်လျက်ရှိသော ကျောက်စိမ်းမှော်သို့ တိုင် လာရောက်တွေ့ဆုံလေ့ရှိသလို သူသည်လည်း အလုပ်အားလပ်ချိန်များတွင် 'အေးလှသီရှိရာသို့ ဆိုင်းတောင်သို့ သွားရောက်၍ ညအိပ်ညနေ လည်ပတ်လေ့ရှိသည်။

"အဖေကတော့ ဘာမှမပြောပါဘူး။ အမေကတော့ မေးတယ်။ သမီးတို့အခြေအနေ ဘယ်လိုလဲတဲ့"

"အဲဒီတော့ အေးလှက အမေ့ကို ဘယ်လိုပြန်ပြောလိုက်လဲ"

"မသိဘူးလို့။ ကိုဇော်ကို မေးကြည့်ရဦးမယ်လို့ ပြန်ပြောလိုက်တယ်"

အေးလှသီကို သူ ဘယ်လိုပြန်ရင်းပြလေမည် မသိ။ သူ သက်ပြင်းခိုးချမိသည်။ ဘယ်လိုပင်ဖြစ်စေ အေးလှသီကို သူတစ်စုံတစ်ရာ တုံ့ပြန်ပြောပြရပေမည်။ ရေငုံနှုတ်ပိတ်ပြီး လျစ်လျူရှုသောအလုပ်ကို သူ မလုပ်လို။ နှစ်ဦးသား ထဲထဲဝင်ဝင် ပတ်သက်ပြီးကာမှ တာဝန်မဲ့သော လုပ်ရပ်မျိုးကို လုပ်သင့်ပါသလား။

အေးလှသီက သူ့မျက်နှာကို မျှော်လင့်တကြီး မော့ကြည့်နေခဲ့သည်။

"တို့ အဆင်သင့်မဖြစ်သေးဘူး။ တို့ အိမ်ထောင်တစ်ခုကို တာဝန်ယူနိုင်ဖို့ ဘာမှမပြည့်စုံသေးဘူး"

အေးလှသီမျက်ဝန်း၌ မျက်ရည်များဖွဲ့သီလျက် ရှိနေသည်ကို တွေ့ရသည်။

"တို့အမေလေ ပထမအိမ်ထောင် ပျက်သွားတယ်။ လောင်းကစားသမား အဖေ့ကြောင့် နောက်အိမ်ထောင် ထပ်ထူတယ်။ ပထွေးက အစပိုင်းမှာတော့ ကောင်းမည်ကောင်း လျက်ပါပဲ နောက်ပိုင်း ဖွေဖောက်လာတယ်။ အရက်သောက်တယ်။ အရက်မူးတယ်။ အမေ့ကို နှိပ်စက်တယ်။ စီးပွားရေးကလည်း တစ်နေ့တခြား ကျလာတာဆိုတော့ အိမ်မှာ နေ့တိုင်း ပြဿနာဖြစ်တယ်"

သူ စကားကို ခဏရပ်လိုက်သည်။ ပြီးမှ ဆက်ပြောသည်။

"တို့ အိမ်ထောင်ရေးကို ကြောက်တယ်။ သတ္တိမရှိဘူး။ ပြီးတော့ အချစ်ကို မယုံဘူး။ အချစ်ကို ဗန်းပြပြီး ဆန္ဒရမ္မက်ကို ဖြေဖျောက်နေကြတယ်လို့ ထင်တယ်"

"ဒါဆိုရင် ကိုဇော်က အေးလှကို တကယ်မချစ်ဘူးပေါ့"

အေးလှသီက ပါးပြင်ပေါ်သို့ စီးကျလာသော မျက်ရည်များကိုသုတ်ရင်း မေးလိုက်ခြင်း ဖြစ်သည်။

"တို့ အေးလှကို ချစ်တယ်လို့ ဘယ်တုန်းက ပြောဖူးလို့လဲ။ ဒါပေမဲ့ တို့ အေးလှကို ခင်ပါတယ်။ သံယောဇဉ်ရှိပါတယ်။ ခုဟာက တို့တွေ အတူနေဖို့၊ အိမ်ရာထူထောင်ဖို့ ဟုတ်တယ်မဟုတ်လား"

အေးလှသီ ခေါင်းညိတ်ပြသည်။

"အချိန်နည်းနည်းယူကြရအောင်ပါ ညီမရယ်"

♦ ♦ ♦

"ကျွန်တော် မမုန်ကိုင်ကို သွားမှဖြစ်မယ် အစ်ကိုကြီး"

အောင်ဇော်ဦးဆီမှ ရုတ်တရက် ထွက်လာသော စကားသံကြောင့် ဦးတင်ဝင်း၏ဦးခေါင်း ချာခနဲလှည့်လာသည်။ ဖတ်လက်စစာအုပ်ကို စားပွဲပေါ်သို့ တင်ထားလိုက်သည်။

"ကျွန်တော် ဒီအတိုင်း မနေနိုင်တော့ဘူး။ ဘာမှမညာမှန်းမသိ စိတ်ထဲမှာ မသိုးမသန့်ဖြစ်နေတာကို မခံစား

www.burmeseclassic.com

နိုင်တော့ဘူး'

'မမုန်ကိုင်ကို ဟုတ်လား။ ဘာသွားလုပ်မှာလဲ။ သွားလိုက်ရင် ဘာထူးလာမှာလဲ'

ဦးတင်ဝင်း တံ့ပြုန်မေးခွန်းမေးလိုက်သည်ကို အောင်ဇော်ဦး ပြန်မဖြေနိုင်။ ထိုမေးခွန်းကို ဦးတင်ဝင်း မမေးမိကပင် သူကိုယ်သူ အကြိမ်ကြိမ်မေးခဲ့ပြီးဖြစ်သည်။ အဖြေမရ။ သို့သော် မသိစိတ်၌ တစ်စုံတစ်ရာကို မျှော်လင့်နေလေသလားမသိ။ မမုန်ကိုင်ကို သွားလိုစိတ်က ဦးစီးနေသည်။

'မမုန်ကိုင်သွားရင် ဘာထူးလာမှာလဲဆိုတာကို ကျွန်တော်လည်း အသေအချာ မသိပါဘူး။ ဒါပေမဲ့ သွားချင်နေတယ်'

ရက်ပိုင်းအတွင်းမှာပင် အောင်ဇော်ဦးသည် မမုန်ကိုင်ခရီးကို စတင်လိုက်သည်။ အနီးစခန်းမှ မန္တလေး၊ ထိုမှတစ်ဖန် ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်အတွင်းရှိ နန်းမားမြို့သို့ မီးရထားဖြင့် သွားရောက်ခဲ့လေသည်။

နန်းမားမြို့တွင် အင်းတော်ကြီးဒေသနှင့် ကျောက်စိမ်းမှော်သို့ နေ့စဉ် ပြေးဆွဲလျက်ရှိသော မော်တော်ယာဉ်များရှိသည်။ နန်းမားမှ နံနက်အစောပိုင်း ထွက်သွားလေ့ရှိသော ကားတစ်စီးစီးဖြင့် လိုက်ပါသွားလျှင် မမုန်ကိုင်ရွာသို့ နေ့မွန်းတည့်မီ ရောက်ရှိသွားမည် ဖြစ်သည်။

ညော့..မမုန်ကိုင်ရွာသူ အေးလှသီနှင့် သူ တွေ့ရဦးမှာပါလား။

အေးလှသီ၏ အမည်ကို အတွေးရောက်သွားသည် ဆိုလျှင်ပင် အတွေး၏နောက်ကွယ်၌ နောက်ထပ်အတွေးမျှင်လေးများ အမျှင်မပြတ် လိုက်ပါလာသည်။ အေးလှသီနှင့် သူ ကွဲကွာခဲ့လေသည်မှာ ဘယ်မျှကြာညောင်းခဲ့ပါပြီနည်း။ ဆယ်စုနှစ်နှစ်စုနီးပါး တိုင်ခဲ့လေပြီလား။ ထိုကာလအတွင်း အေးလှသီနှင့် သူ စိုးစဉ်းမျှ အဆက်အသွယ်မရှိခဲ့ချေ။

ဤလောကကြီးထဲတွင် အေးလှသီ ရှိပါသေးရဲ့လား။ အိမ်ထောင်ရက်သား ကျသွားလေပြီလား။ မှော်တကာလှည့်လည်၍ ဈေးရောင်းနေဆဲပေလား။

အောင်ဇော်ဦး လိုက်ပါစီးနင်းလာသောကားသည် မမုန်ကိုင်ရွာသို့ နေမွန်းတည့်အချိန်တွင် ရောက်ရှိလာသည်။ ရွာအဝင်၌ ဖုန်မှုန့်အလိမ်းလိမ်းဖြင့် မမုန်ကိုင်ဟူသော ဆိုင်းဘုတ်ကို တွေ့ရသည်။ မလှမ်းမကမ်းတွင် ဇရပ်တစ်ဆောင်ရှိသည်။

အေးလှသီ၏နေအိမ် ဘယ်ဆီမှာပါနည်း။

ရွာသူတစ်ဦးက ရွာအရှေ့ဖျားသို့ လမ်းညွှန်သည်။ သစ်ပင်ကြီးငယ်များ အုံ့ဆိုင်းနေသော လမ်းအတိုင်း သွားရမည် ဖြစ်သည်။ မိနစ်အနည်းငယ်အတွင်း ရွာအရှေ့ဖျားသို့ ရောက်လာသည်။ ဦးစွာတွေ့ရသော အိမ်တစ်အိမ်ကို မေးမြန်းရသည်။ သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်အိမ်ဖြစ်ပြီး အိမ်ရှေ့တွင် ရေတွင်းရှိသည်ဟု ဆိုသည်။

သူ အေးလှသီအိမ်ရှေ့ ရောက်သွားသည်။ အိမ်အတွင်းသို့ လှမ်းမျှော်ကြည့်သည်။ လူသူအရိပ်အယောင် မတွေ့ရ။

'အေးလှ..ဝေ...အေးလှ၊ အိမ်ရှေ့မှာ ဧည့်သည်ရောက်နေတယ်'

နံဘေးအိမ်မှ အမျိုးသမီးတစ်ဦး လှမ်းအော်လိုက်သံကြားရပြီး မရေးမနှောင်းမှာပင် အိမ်အတွင်းမှ အမျိုးသမီးကြီးတစ်ဦး ပေါ်လာသည်။ အိမ်တံခါးဝအထိ ထွက်လာပြီး သူကို အကဲခတ်သည်။ အောင်ဇော်ဦးရင် သိသိသာသာ လှုပ်ရှားလာသည်။ ဘာကြောင့်ရယ် မသိ။

'အဲတော်..ကိုဇော်၊ ကိုဇော်ပါနော်'

သူ အိမ်ထဲသို့ လှမ်းဝင်သည်။ အေးလှသီက ဖျာတစ်ချပ် ယူလာပြီး အိမ်ရှေ့ခန်းတွင် ကဖျာကယာခင်းပေးသည်။ ပါးရေနွားရေများ တွန့်စပြုလျက် ဆံပင်ဖြူများ ဖွေးဖွေးလှုပ်ကာ ဧရာပိုင်းသို့ ချဉ်းနင်းနေပြီဖြစ်သော အေးလှသီကို သူ ငေးကြည့်နေမိသည်။

'နေနိုင်လိုက်တာကို ဇော်ရယ်'

အေးလှသီ မျက်ရည်တွေတွေကျသည်။ ရှိုက်သံတစ်ချက်ကိုလည်း ကြားရသည်။ အိမ်အတွင်း ဝန်းကျင်အနှံ့ သူ စူးစမ်းကြည့်ကြည့်သည်။

တစ်ခဏအကြာတွင် အေးလှသီ အငိုရပ်ပြီး-

'ကိုဇော်.. ထမင်းမစားရသေးဘူး မဟုတ်လား' ဟု ဆိုသည်။

ထိုင်ရာမှ ရုတ်ခြည်းထ၍ မီးဖိုခန်းဘက်သို့သွားသည်။

မီးဖိုခန်းဆီ၌ ရိပ်ခနဲဖြတ်သွားသော အရိပ်တစ်ခုကို သူ တွေ့ရသည်။ အေးလှသီနှင့် အတူနေသူတစ်ဦးဦး ဖြစ်လေမည်။ မီးဖိုခန်းဆီမှ အိုးခွက်ပန်းကန် ထိခတ်သံအချို့ ကြားရသည်။

တစ်ဖန် အေးလှသီ အိမ်ရှေ့ခန်းသို့ ရောက်လာပြန်သည်။

'ဘယ်သူနဲ့ နေနေတာလဲ အေးလှ'

'အဖေနဲ့အမေ ဆုံးသွားတာ (၅)နှစ်ရှိပြီ။ အဖေ့ရောဂါ

www.burmeseclassic.com

www.burmeseclassic.com

ဆုံးတယ်။ တစ်နှစ်လောက်ကြာတော့ အမေ ထပ်ဆုံးတယ်'

'အဖေနဲ့အမေ ဆုံးသွားတော့ အေးလှတစ်ယောက် ဘာညီး နေရတာလား'

'မဟုတ်ဘူး ကိုဇော်၊ အေးလှ တစ်ယောက်တည်း မဟုတ်ပါဘူး။ သမီးလေးနဲ့ နေရတာပါ'

'သမီးလေး ဟုတ်လား၊ ဒါဆို အေးလှ အိမ်ထောင်ကျ လိုက်သေးတာပေါ့။ ဟုတ်လား'

ထိုအခါ အေးလှသီ ရှိုက်ကြီးတငင် ငိုလိုက်ပြန်သည်။ မျက်ရည်လည်ရွဲနှင့် သူ့ကို မော့ကြည့်သည်။ ပြီးလျှင် ထိုင်ရာမှထ၍ အိမ်ရှေ့ခန်းတွင်ရှိသော မှန်ဗီရိုဆီသို့ သွားသည်။ ဒီရိုတံခါးကို ဆွဲဖွင့်ပြီး အပေါ်ဆင့်တွင်ရှိနေသော တစ်စုံ ဘစ်ခုကို ထုတ်ယူသည်။ အောင်ဇော်ဦးဆီ ပြန်လာကာ လက်ထဲ ထည့်ပေးသည်။ ထိုအရာမှာ ဓာတ်ပုံအယ်(လ်) ဘမ်တစ်ခု ဖြစ်သည်။

သူ ဓာတ်ပုံအယ်(လ်)ဘမ်ကို ဖွင့်သည်။ အယ်(လ်) ဘမ်ထဲတွင် မိန်းကလေးငယ်တစ်ဦး၏ဓာတ်ပုံ အများအပြား ကို တွေ့ရသည်။ သူ မျက်မှောင်ကြုတ်သွားပြီး အေးလှသီ ကို လှမ်းကြည့်သည်။

'သူ ဘယ်သူလဲ အေးလှ'

ဓာတ်ပုံတစ်ပုံကို ထောက်ပြလျက် အေးလှသီကို မေးသည်။

'ဒီကောင်မလေးလေ ဘယ်သူလဲ။ စံပယ်တင်မဲ့လေးနဲ့လေ'

'အဲဒါ အေးလှသမီး၊ အေးလှသမီးလေ ကိုဇော်'

'အေးလှသမီး၊ ဟုတ်လား။ ဟုတ်ပြီ၊ အဲဒီကလေးမ လေးကို ကိုဇော်မြင်ဖူးတယ်။ ကိုဇော်နောက်ကို တကောက် ကောက် လိုက်နေတာ'

အောင်ဇော်ဦး အပြောကို အေးလှသီ နားမလည်နိုင် အောင် ဖြစ်သွားရသည်။

'အေးလှသမီးကို ကိုဇော်က မြင်ဖူးတယ်၊ ဟုတ်လား။ ဘယ်မှာ မြင်ဖူးတာလဲ'

'ကိုဇော် ပြင်ဦးလွင်မှာတုန်းက မြင်ဖူးတာ။ မြင်ဖူးတာ မှ ခဏ၊ခဏကို မြင်နေရတာ'

အောင်ဇော်ဦး အာရုံများ နောက်ကျိရှုပ်ထွေးနေလေ သည်။

'အေးလှသမီးက ကိုဇော်အနားမှာရှိနေတယ် အေးလှ ရဲ့။ အဲဒါ ဘာဖြစ်လို့လဲ။ ကိုဇော် အဲဒါကို နားမလည်ဘူး ဖြစ်နေတယ်'

'ဩော်..ကိုဇော်ရယ်၊ အရှင်းကြီးကို နားမလည်ဘူး ဖြစ်နေတယ်လို့။ သမီးက အဖေကို တွေ့ချင်နေလို့ပေါ့'

'ဘယ်လို အေးလှ၊ သမီးက အဖေကို တွေ့ချင်နေလို့ ဟုတ်လား။ ဒါဆို ဒီမိန်းကလေးက ကိုဇော့်သမီးပေါ့။ ကိုဇော့်သမီးလေးပေါ့'

အေးလှသီ ခေါင်းညိတ်သည်။

'သမီး မဆုံးခင်က အဖေ့ကို တွေ့ချင်လိုက်တာဆိုပြီး တဖွဖွ ပြောနေရှာတာ'

ဩော်..သမီးလေး ဆုံးသွားလေပြီကော။

'သမီးက ဘာဖြစ်လို့ ဆုံးသွားရတာလဲ'

'မမုန်ကိုင်ကနေ ဖားကန့်မှော်ထဲကိုအသွား ဇွေခါ တောင်ဆင်းလမ်းမှာ ကားမှောက်ပြီး ဆုံးခဲ့ရတာပါ ကိုဇော်'

♦ ♦ ♦

'အစ်ကိုကြီး..ကျွန်တော် ပြန်ရောက်လာပြီ'

အောင်ဇော်ဦးသည် မမုန်ကိုင်မှ အနီးစခန်းသို့ ပြန် လည်ရောက်ရှိလျှင် ရောက်ရှိချင်း ဦးတင်ဝင်းကို ဦးစွာ သွားရောက်တွေ့ဆုံ နှုတ်ဆက်ရလေသည်။

မမုန်ကိုင်က အေးလှသီတဲ့။ ကျွန်တော့်အနားမှာ တဝဲ လည်လည်ဖြစ်နေတဲ့ ကလေးမလေးရဲ့အမေ။

ဦးတင်ဝင်းက အောင်ဇော်ဦးနှင့် အေးလှသီ သယ်ပိုး လာသော ပစ္စည်းပစ္စယများကိုကြည့်၍-

'ညီမလေးက ဒီမှာ လိုက်နေဖို့ ဆုံးဖြတ်ပြီး လိုက် လာတာလား'

ဟု အေးလှသီကို မေးရာ အေးလှသီက-

'ဟုတ်ပါတယ် အစ်ကိုကြီး။ ကိုဇော်နဲ့ အတူနေဖို့ လိုက်လာတာပါ'ဟု ပြန်ဖြေသည်။

အောင်ဇော်ဦးကလည်း-

'အေးလှက တစ်ယောက်တည်း ဖြစ်နေတာလေ။ အိမ် ထောင်လည်း မပြုဘူး။ သမီးလေးကို စောင့်ရှောက်ပြီး နေလာတာ ခုတော့ သမီးလေးလည်း ဆုံးသွားပြီ'ဟု ရှင်း ပြသည်။

'နေပါဦး ဇော်ဦးရ၊ သမီးလေးဆိုလို့ အဲဒီကလေးမ လေးက မင်းနဲ့ အေးလှရဲ့ သမီးလေးပေါ့။ ဟုတ်လား'

'ဟုတ်ပါတယ် အစ်ကိုကြီး၊ ဟုတ်ပါတယ်။ ကျွန် တော်တို့နှစ်ယောက်ရဲ့ သမီးလေးပါပဲ'

တင့်ထူးဇင်ရွှ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ယခုတော့ မရှိတော့၊ ဆုံးသွားရှာပြီ။ အသက်(၅၉)နှစ်တွင် ဆုံးသွားခြင်း ဖြစ်သည်။ သူနှင့် ကျွန်တော် အဆိုးရွားနှစ်ခု တွင် အတူတာဝန်ထမ်းဆောင်စဉ်က-

"ဦးတင်ဝင်း..ခင်ဗျားက ထူးထူးဆန်းဆန်းအကြောင်း အရာကလေးတွေကို စာတစ်စောင် ပေတစ်တန် ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးပြတတ်တော့ တချို့ဟာကလေးတွေ ကျွန်တော်ဖတ်ရတာ သဘောကျသဗျာ။ အဲဒီတော့ ကျွန်တော့်အတွေ့အကြုံ ကလေးတစ်ခုကို ပြောပြမယ်။ ဦးတင်ဝင်း ရေးလို့ရရင် ရေးကြည့်ပါလား"

"ကောင်းတာပေါ့ဗျာ။ ကျွန်တော်ကလည်း တစ်ခါတလေ ရေးစရာ ဇာတ်လမ်းရှာနေတော့ အခုလို ပြောပြမယ်ဆိုရင် ရေးသင့် ရေးရတာပေါ့ဗျာ။ တစ်ခါတလေ ဇာတ်လမ်းက ကောင်းနေပေမယ့် မရေးသင့်တာတွေ ရှိတယ်မဟုတ်လား"

"ဒါဆိုရင် အကြမ်းဖျင်းလောက် ကျွန်တော် ပြောပြမယ်လေ။ မကောင်းဘူးလား"

"ကောင်းတာပေါ့ဗျာ"

ဤသို့ဖြင့် ကျွန်တော်သည် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းကြီး ဦးတင်ဦး၏ အကြမ်းဖျင်း ပြောပြသော ဇာတ်လမ်းကို နားထောင်လိုက်ရသောအခါ အလွန်စိတ်ဝင်စားသွားသောကြောင့် အလုပ်များသည့်ကြားက တစ်ကြိမ်တွင် သူ့ထံမှ ထိုဇာတ်လမ်းကို အေးအေးဆေးဆေး နားထောင်ပြီး သူပြောပြသည့်အတိုင်း အဆင်ပြေအောင် ရေးသားလိုက်ရပါသည်။

♦ ♦ ♦

BURMESE CLASSIC .com

ကျွန်တော်ကတော့ တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင် ဘောလုံးလက်ရွေးစင် အားကစားသမားတစ်ယောက်ပေါ့။ ငယ်ကလည်းငယ် တက်ကလည်းတက်ကြွ၊ ဝါသနာကလည်း ကြီးဆိုတော့ တစ်နေ့,တစ်နေ့ ဘောလုံးကွင်းထဲမှာချည်းပဲ ပေါ့ဗျာ။ ဘောလုံးကစားရင်း နိုင်ငံခြားတိုင်းပြည် တော်တော်များများလည်း ရောက်ဖူးခဲ့ပါပြီ။ (၁၉၆၈)ခုနှစ်လောက်က အိန္ဒိယနိုင်ငံကို ချစ်ကြည်ရေးပွဲ သွားကစားရတယ်။ သူတို့နိုင်ငံက လက်ရွေးစင်တွေနဲ့ ပြည်နယ်တွေမှာ ကစားရတာပါ။ ငါးပွဲလောက် ကစားရတယ်။ ကျွန်တော်တို့က နိုင်တာ များပါတယ်။

အဲဒီတုန်းက အသင်းအုပ်ချုပ်သူက ဒုတိယဗိုလ်မှူးကြီး လှမိုးပါ။ တစ်သင်းနဲ့ ကစားပြီးတိုင်း အဲဒီအသင်းက ကျွန်တော်တို့အသင်းကို ဧည့်ခံပွဲပြန်လုပ်တယ်။ ဧည့်ခံပွဲလုပ်ပြီးတာနဲ့ အပြန်အလှန် လက်ဆောင်တွေ ပေးကြတယ်။ နယ်တစ်နယ်(ကြာတော့ နာမည်မမှတ်မိတော့ပါဘူး) ကစားပြီးလို့ ညဘက် ဧည့်ခံပွဲလုပ်တော့ အဲဒီအသင်းက ကျွန်တော်တို့ အသင်းကို လက်ဆောင်စက္ကူဘူး တစ်ဘူးစီ ပေးတယ်။ ဧည့်ခံပွဲပြီးလို့ တည်းတဲ့နေရာ ပြန်ရောက်တော့ လက်ဆောင်ဘူးတွေကို ဖွင့်ကြည့်ကြတယ်။ အဲဒီအခါမှာ လက်ဆောင်ဘူးတွေအထဲက မျက်နှာဖုံးတစ်ခုစီ ထွက်လာတယ်။ အဲဒီမျက်နှာဖုံးတွေက ရာမ၊ လက္ခဏာ၊ မယ်သီတာနဲ့ ဒသဂီရိတို့ရဲ့ မျက်နှာဖုံးတွေပဲ။ မျက်နှာဖုံးတစ်ခုစီဟာ တစ်ခုနှင့်တစ်ခု အရောင်မတူကြဘူး။ ကျွန်တော်ရတဲ့ မျက်နှာဖုံးက အစိမ်းရောင်၊ ရာမရဲ့ မျက်နှာဖုံးပဲ။ တချို့လည်း လက္ခဏာ မျက်နှာဖုံး။ တချို့လည်း မယ်သီတာမျက်နှာဖုံး၊ တချို့လည်း ဒသဂီရိမျက်နှာဖုံး စသည်ဖြင့် တစ်ယောက်တစ်မျိုး ရကြတယ်ပေါ့ဗျာ။

ထူးခြားတာက အဲဒီမျက်နှာဖုံးတွေဟာ လုပ်ထားတာတော်တော်အသက်ဝင်တယ်၊ လက်ရာမြောက်တယ်။ ကြွေသားလည်းမဟုတ်၊ ပလာစတာလည်းမဟုတ်၊ စက္ကူလည်းမဟုတ်။ ဘာနဲ့လုပ်ထားတာလဲလို့ အပြောရခက်တယ်။ ကျွန်တော်ရတဲ့ မျက်နှာဖုံးဟာ သူမျက်နှာကို စိုက်ကြည့်နေရင် ပြုံးပြီးတော့ စကားပြောတော့မလိုပဲ။ နောက်ပြီး ကြည့်နေတဲ့လူရဲ့စိတ်ကို ထိုးဖောက်ပြီး မြင်နေရသလို ခံစားရတယ်။

ကျွန်တော်တို့လည်း ဘောလုံးပွဲတွေပြီးတော့ မြန်မာပြည်ကို ပြန်လာကြတယ်။ အဲဒီတုန်းက ကျွန်တော်က လူပျိုပဲ ရှိသေးတယ်။ အိမ်ရောက်တော့ အဲဒီမျက်နှာဖုံးကို ဟိုလူယူကြည့်၊ ဒီလူယူကြည့်နဲ့ ကြည့်တဲ့လူတိုင်းက ကြာကြာမကြည့်ရဲဘူး။ နောက်တော့ ကျွန်တော်လည်း သူ့ဘူးထဲပြန်ထည့်ပြီး ဗီရိထဲမှာ သိမ်းထားလိုက်တယ်။

နောက် ကျွန်တော်အိမ်ထောင်ကျတော့ ကျွန်တော်တို့အတွက် နိုင်ငံတော်က တိုက်ခန်းဘစ်ခန်းစီ ပေးတယ်။ ကျွန်တော်ရတဲ့တိုက်ခန်းက (၃၁)လမ်း အလယ်ဘလောက်က တိုက်ခန်းတစ်ခန်းပဲ။ အဲဒီကို ကျွန်တော်တို့လင်မယားပြောင်းနေပြီး ကလေးတစ်ယောက်ရတော့ ကျွန်တော်က မျက်နှာဖုံးကလေးကို ဗီရိထဲကထုတ်ပြီး ဧည့်ခန်းမှာ ချိတ်ထားလိုက်တယ်။ အမှတ်တရပေါ့။ အိမ်လာတဲ့ လူတွေကတော့ အထူးအဆန်းအဖြစ် ကြည့်ကြတယ်။

တစ်နေ့မှာ မန္တလေးကနေ အလည်ရောက်လာတဲ့ ကျွန်

www.burmeseclassic.com

www.burmeseclassic.com

တော့်ယောကျ်မကြီးဟာ ဧည့်ခန်းထဲမှာ ထိုင်နေပြီးတော့ အဲဒီမျက်နှာဖုံးကို မြင်သွားတယ်။

သူလည်း 'အဲဒီမျက်နှာဖုံးကို သေသေချာချာကြည့်ပြီး-

'ဟေ့...မောင်တင်ဦး၊ မင်း အဲဒီမျက်နှာဖုံးကိုကွာ ဒီနေရာမှာ ချိတ်မထားပါနဲ့။ တစ်နေရာမှာ သွားသိမ်းထားလိုက်စမ်းပါ'

'ဘာဖြစ်လို့လဲ ဦးလေးရဲ့'

'ဟာကွာ၊ မင်းအရပ်ကြီးကြည့်ရတာ ဘယ်လိုကြီးမှန်း မသိပါဘူး'

'ဘယ်လို ဘယ်လိုကြီးမှန်း မသိတာလဲ ဦးလေးရဲ့'

'ငါလည်း အဲဒါတော့ မပြောတတ်ဘူး။ ဒါပေမဲ့ ငါ့စိတ်ထဲမှာ ကြည့်မကောင်းတာတော့ အမှန်ပဲ'

အဲဒါနဲ့ ကျွန်တော်လည်း အဲဒီမျက်နှာဖုံးကြီးကိုဖြုတ်ပြီး ခုတင်ခြေရင်းက အဝတ်ထည့်တဲ့ ခြင်းတောင်းထဲကို ထည့်ထားလိုက်တယ်။ ထည့်ထားပြီး အမှတ်တမဲ့ပါပဲ။ အဲဒါကိုလည်း သတိမရပါဘူး။ ညအိပ်တော့ မီးရောင်မှိန်ပျပျနှင့်အတူ ခုတင်ခြေရင်းက ခြင်းတောင်းထဲက မျက်နှာဖုံးကို လှမ်းမြင်နေရတယ်။ အမှောင်ထဲမှာ အစိမ်းရောင်တောက်နေပြီး ပြုံးနေတဲ့ မျက်နှာကြီးကိုပါပဲ။

ကျွန်တော်တို့ လင်မယားရဲ့အလယ်မှာ သားကို ထားအိပ်ပါတယ်။ ည(၁၁)နာရီလောက်ကျတော့ သားက ထငိုရော။ ချော့လို့လည်း မရ။ ဗိုက်နာသလားလို့ တတ်သရွေ့ မှတ်သရွေ့ ဗိုက်လူးဆေးတွေလူး၊ ဆေးတွေတိုက် ဘယ်လိုမှ လုပ်လို့မရပါဘူး။ ကလေးက ငိုတုန်းပဲ။ အဲဒီတော့ လင်မယားနှစ်ယောက် တိုင်ပင်ပြီး ရွှေဘုံသာလမ်းထဲက မပိတ်သေးတဲ့ ဆေးခန်းတစ်ခုကို ပြေးရတော့တာပေါ့ဗျာ။

ဆေးခန်းရောက်တော့ ကလေးက အငိုတိတ်သွားတယ်။ ဒါပေမဲ့ ဆရာဝန်ကို အကျိုးအကြောင်းပြောပြတော့ ဆရာဝန်က စမ်းသပ်ကြည့်တယ်။ ပြီးတော့ ဆရာဝန်က ကလေး ဘာမှမဖြစ်တဲ့အကြောင်း၊ ဘာရောဂါမှ မရှိတဲ့အကြောင်း၊ ဆေးထိုးစရာ၊ ဆေးတိုက်စရာလည်း မလိုအပ်ကြောင်း ပြောပြတယ်။

အဲဒီတော့ ကျွန်တော်တို့လည်း ဝမ်းသာအားရပြန်လာကြတာပေါ့ဗျာ။ နောက်တစ်နေ့ ည(၁၁)နာရီလောက်ကျတော့ ထုံးစံအတိုင်း ကလေးက တက်မဲတက် ချက်မတတ် ငိုပြန်ပါရောဗျာ။ ထုံးစံအတိုင်း တတ်သရွေ့ မှတ်သရွေ့ လုပ်ကြပေမယ့် ကလေးက အငိုမတိတ်ပါဘူး။ အဲဒါနဲ့ ကျွန်တော်တို့ လင်မယားနှစ်ယောက် ကလေးကိုပိုက်ပြီး ရွှေဘုံသာလမ်းက မနေ့ကဆေးခန်းကို ပြေးကြပြန်ရောပေါ့ဗျာ။ ဆေးခန်းရောက်တော့ ကလေးက မငိုတော့ပြန်ဘူး။ ဆရာဝန်ကလည်း မနေ့ကလိုပဲ စမ်းသပ်ကြည့်ပြီးတော့ ကလေးက ဘာမှမဖြစ်ကြောင်း၊ ဘာရောဂါမှလည်း မရှိကြောင်း၊ ဘာမှလည်း လုပ်ပေးစရာ မလိုကြောင်း ပြောပြတယ်။ ကျွန်တော်တို့ လင်မယားလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဖြစ်လာကြတာပေါ့ဗျာ။ ကျွန်တော့် စိတ်ထဲမှာ မတင်မကျ သံသယတစ်ခုရှိနေတယ်။ အဲဒါက ဘာလဲဆိုတော့ ကျွန်တော်အိပ်နေတဲ့နေရာကကြည့်လိုက်ရင် ခုတင်ခြေရင်းက ခြင်းတောင်းထဲက အစိမ်းရောင်တောက်နေပြီး ပြုံးပြုံးကြီးကြည့်နေတဲ့ မျက်နှာဖုံးကြီးကိုပဲဖြစ်တယ်။

နောက်တစ်နေ့ကျတော့ မိန်းမနဲ့ တိုင်ပင်ပြီး အဲဒီမျက်နှာဖုံးကြီးကို တစ်နေရာ သွားလွှင့်ပစ်ဖို့ စိတ်ကူးကြည့်တယ်။ မိန်းမက နှမြောစရာကောင်းပါတယ်။ လွှင့်မပစ်ပါနဲ့ဆိုလို့ လွှင့်မပစ်ဖြစ်တော့ပါဘူး။

နေ့လယ်လောက်ကျတော့ (၃၁)လမ်းထဲက ဗီးနပ်လောင်ဒရီဆိုတဲ့ ပင်မင်းဆိုင်ကို ပင်မင်းပေးဖို့ အဝတ်တွေယူပြီး ထွက်လာခဲ့တယ်။ အဲဒီဆိုင်က လူမျိုးခြားအဘိုးကြီးက ကျွန်တော်နဲ့ သိပ်ခင်တယ်။ သူနဲ့ စကားစပ်မိကြရင်း အဲဒီမျက်နှာဖုံးအကြောင်း စကားရောက်သွားတယ်။

အဲဒီတော့ အဘိုးကြီးက လွှင့်တော့မပစ်ပါနဲ့။ သူ့ဇယ်ပါ့မယ်။ သူ့ကို ရောင်းပါလို့ အတင်းတိုက်တွန်းတယ်။ ကျွန်တော်ကလည်း အိမ်မှာမရှိရင် ပြီးရောဆိုပြီး သူ့ကို မရောင်းပါဘူး။ အလကားပဲ လာယူပါဆိုပြီး ပြောခဲ့တယ်။

အဘိုးကြီးက အားရဝမ်းသာ ညနေကျတော့ လာယူသွားတယ်။ အရင်အပ်ထားတဲ့ ပင်မင်းဖိုးတွေတောင် မယူလိုက်ဘူး။ သူလည်းဝမ်းသာ ကျွန်တော်လည်း စိတ်ချမ်းသာပေါ့ဗျာ။ ညကျတော့ အမှတ်တမဲ့ ယောင်ပြီးတော့ ခြေရင်းက ခြင်းတောင်းထဲကို ခေါင်းထောင်ကြည့်မိလိုက်သေးတယ်။ ည(၁၁)နာရီထိုးပြီ။ ကျွန်တော့်သားများ ထငိုဦးမလားလို့ပါ။ အဲဒီညကတော့ မိုးထိန်ထိန်လင်းတဲ့အထိ အိပ်ရေးဝဝ အိပ်လိုက်ရပါတယ်။ မထူးဆန်းဘူးလားဗျာ။

မောင်မြင့်မား(ဗိုလ်ကလေး)

ကျွန်တော့်မိတ်ဆွေဦးတင်ဦး (မြန်မာ့ဘောလုံးလက်ရွေးစင် ပြောပြသော တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းကို သူ့ပြောပြသည့်အတိုင်း ဖတ်ကောင်းအောင် ပြန်ရေးပါသည်။

www.burmeseclassic.com